http://www.dhammadownload.com

အရှင်ဇနကာဘိဝံသ

၏

အမှတ် (၁၈) ကျမ်းစာ

အလင်္ကာဘာသာဋီကာ

{"အလင်္ကာ"ဟု ခေါ်ဝေါ်အပ်သော သုဗောဓာလင်္ကာရ
ကျမ်းစာကို နိဿယ အဓိပ္ပာယ်တို့ဖြင့်
စုံလင်စွာတန်ဆာဆင်ထားပါသည်။}



သာသနာ-၂၅၄၇ ဧကာဇာ-၁၃၆၅ ဧရစ်-၂၀၀၃

နှယူးဘားမားအောဒ်ဆက်ဝိဋကပုံနှိပ်တိုက်
အမရပူရမြို့

http://www.dhammadownload.com

အရှင်ဇနကာဘိဝံသ

၏

အမှတ် (၁၈) ကျမ်းစာ

အလင်္ကာဘာသာဋီကာ

{"အလင်္ကာ"ဟု ခေါ်ဝေါ်အပ်သော သုဗောဓာလင်္ကာရ
ကျမ်းစာကို နိဿယ အဓိပ္ပာယ်တို့ဖြင့်
စုံလင်စွာတန်ဆာဆင်ထားပါသည်။}



သာသနာ-၂၅၄၇ ကောဇာ-၁၃၆၅ ခရစ်-၂၀၀၃

နှယူးဘားမားအော့ဖ်ဆက်ပိဋကပုံနှိပ်တိုက်
အမရပူရမြို့

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

ခုနှစ်	၂၀၀၃
အုပ်ရေ	၃၀၀၀
အကြိမ်	ပဉ္စမအကြိမ်
တန်ဖိုး	၂၅၀၀/

ကွန်ပျူတာစာစီ နယူးဘားမား မဟာဂန္ဓာရုံ အမရပူရ

ထုတ်ဝေသူ ဦးမောင်မောင်(မြို ၀၃၂၇၁)
မဟာဂန္ဓာရုံစာပေ ပိန်းတန်းရပ်
အမရပူရမြို့။

ပုံနှိပ်သူ ဦးမောင်မောင်(မြို ၀၃၂၇၁)
နယူးဘားမားအော့ဖ်ဆက်ပိဋ္ဌကပုံနှိပ်တိုက်
မဟာဂန္ဓာရုံကျောင်းတိုက် မြင်းမူကျောင်း
အမရပူရမြို့။

http://www.dhammadownload.com

အလင်္ကာဘာသာဋီကာ

အခြုံနိဒါန်း

အညမညံ စ ဘုဝနံ, ဝတ္ထုတ္တယံ အလံကရေ၊
ဂုရူပိ မံ တံလင်္ကရိယ, ကဿံ လင်္ကာရဘူသနံ။

ဝတ္ထုတ္တယံ-မြတ်ဘုရားနှင့်, တရားသံဃာ, တည်မှီရာဟု, သုံးဖြာအကျော်, ရတနာတော်မြတ်သည်၊ အညမညံ စ-ပုလဲသုံးသွယ်, ချင်းချင်းခြယ်သို့, ရှဖွယ်ပဝင်း, အချင်းချင်းကိုလည်းကောင်း၊ ဘုဝနံစ-ရတနာမြတ်, သုံးရပ်နှင့်ဆုံ, ရံခါကြုံသည့်, သုံးဘုံဌာန, ဤလောကကို လည်းကောင်း၊ အလံကရေ-မင်္ဂလာပွားမှု, တန်ဆာပြုလျက်, ယခု ချိန်တိုင်, ဆင်ပြင်နိုင်ပါပေ၏။ ဂုရူပိ-ကျောက်ထီးတမျှ, လေးစားရသည့်, ငါ့ကျေးဇူးရင်, ဆရာအရှင်တို့သည်လည်း၊ မံ-သာသနာ့ဝန်ကြီး, ခိုမစီးဘဲ, ကိုယ်တည်းထမ်းလို, ဤငါ့ကိုယ်ကို၊ အလင်္ကာရောန္တိ-ကိုယ်ရော စိတ်ပါ, ကျက်သရေဖြာအောင်, ကောင်းစွာပြုပြင်, ဆင်တော်မူလိုက်ကြ ကုန်၏၊ တံလင်္ကာရိယ-ထိုသည့်သုံးဖြာ, ရတနာနှင့်, ဆရာအရှင်, ဦးထိပ်ပြင်ဝယ်, ဆင်ယင်သမှု, တန်ဆာပြုပြီး၍၊ အလင်္ကာရဘူသနံ-ကျမ်းသုဇာဓ, လင်္ကာရ၏, ကျနမှန်စွာ, တန်ဆာဖြစ်သော ဘာသာ ဋီကာကို၊ ကဿံ-ဆရာသီးသီး, နည်းစုံမှီး၍, အပြီးတည်ထွင်, စီရင်ပေအံ့သတည်း။

အညမညာလင်္ကာရ

ဘုရားရတနာ။ ။ဘုရား တရား သံဃာ ရတနာ ၃ ပါးသည် အချင်းချင်း တန်ဆာဖြစ်တော်မူ၏၊ ချဲ့ပါဦးအံ့--ဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်ကို ရပြီးဖြစ်ပါသော်လည်း မဂ်ဖိုလ်နိဗ္ဗာန်နှင့်တကွ ပိဋကတ ၃ ဖြာ တရားရတနာကို ဟောတော်မမူလျှင်လည်းကောင်း, ထိုတရားတော်ကို ကျင့်၍ တရားပေါက်သော အရိယာသံဃာတော်များ ခြံရံလျက်မရှိလျှင်လည်းကောင်း ဤလောက၏အကျိုးကို ဤမျှထမြောက်အောင် ဆောင်တော်မူရာရောက်မည် မဟုတ်ပါ၊ လောကအကျိုးကို ဤမျှလောက် ဆောင်တော်မမူလျှင် လောက၏ ဤမျှလောက် အားကိုးစရာဖြစ်တော်မူမည် မဟုတ်ပါ၊ ယခုသော်ကား တရား,သံဃာရတနာ ၂ပါး၏ တန်ဆာဆင်မှုကြောင့် ဘုရားရတနာသည် လောက၏ အားကိုးရာ

http://www.dhammadownload.com

ဖြစ်လျက် ပရိနိဗ္ဗာန်စံတော်မူ၍ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်သည့် တိုင်အောင် လူအများ၏ နှုတ်ဖျားဌ "**ဘုရား-ဘုရား**"ဟု ကျက်သရေ မင်္ဂလာ အပြည့်ပါသော စကားလုံးကို ရိုသေလေးမြတ်စွာ သုံးစွဲလျက် ရှိပါပေသည်။

တရားရတနာ။ ။တရားရတနာလည်း သဗ္ဗညုတဉာဏ်တော်၏ အရှင် ဘုရားသခင်၏ နှုတ်တော်မှ ထွက်ပေါ်ရသောကြောင့်လည်း ကောင်း, ထိုတရားတော်အတိုင်း လိုက်နာကျင့်ကြံ၍ ချမ်းသာသုခ ရရှိ သော အရိယာသံဃာတော်များက တရားတော်၏ဂုဏ်ရည်သတ္တိကို လက်တွေ့ပြနိုင်သောကြောင့်လည်းကောင်း ဘုရား သံဃာ ရတနာ ၂ ပါး သည် တရားရတနာကို တန်ဆာဆင်ထားသကဲ့သို့ ဖြစ်ပါပေသည်၊ ဤသို့ တန်ဆာဆင်ထားသောကြောင့် ဗုဒ္ဓမြတ်စွာ၏ တရားရတနာသည် ဘာသာခြားတရားတို့ထက် လောကအကျိုးကို (ခုဘဝ နောင်ဘဝ အတွက်) သာလွန်၍ ရွက်ဆောင်နိုင်ပေရကား "**တရား-တရား**"ဟု လောက၌ မရှိလျှင်မဖြစ်သော မင်္ဂလာတစ်ပါးအဖြစ်ဖြင့် ထင်ရှားလျက် ရှိပါပေသည်။

သံဃရတနာ။ ။သံဃာ့ရတနာကို ကြည့်ပါဦးလော့၊ ဘုရား ရှင်၏ သာဝကသံဃာတော်သည် ဘုရားရှင်ပညတ်တော်မူချက်ကို လေးလေး နက်နက် လိုက်နာ၍ တရားတော်အတိုင်း ကျင့်ကြလေရာ ကိလေသာ နည်းပါးသည်မှ စ၍ ကိလေသာကုန်ခန်းသော ရဟန္တာများ ဖြစ်ကြရပေသည်၊ ဘုရားရှင်၏ သာဝကသံဃာများလောက် သီလ စောင့်ထိန်းရသောသာဝက, ဘုရားရှင်၏လမ်းကောင်းနည်းမှန်ကို ကျင့်ကြံ လိုက်နာ၍ ကိလေသာနည်းပါး ကုန်ခန်းသွားသော အရိယာသာဝက-ရဟန္တာသာဝကမျိုးသည် ဤကမ္ဘာလောက၌ မရှိနိုင်ပ်ံ။ [သံဃာ့ရတနာ-ဟူရာ၌ အရိယာသံဃာများကိုသာ ဆိုလိုပါသည်။] ဤသို့လျှင် ပုလဲ ၃ သွယ်သည် အချင်းချင်း ခြယ်လှယ်ကာ လွန်စွာ ကျက်သရေရှိသကဲ့သို့ ရတနာ ၃ ပါးလည်း အချင်းချင်း တန်ဆာဆင်ကာ လောကအလယ်ဝယ် တင့်တယ်လျက် ရှိပါပေသည်။

ဘုဝနာလင်္ကာရ။ ။ဘုရားအလောင်းတော် ပဋိသန္ဓေတည်နေ တော် မူသည်မှ စ၍ နတ် ဗြဟ္မာတို့သည် လွန်စွာဝမ်းမြောက်ကြ၏၊ ဓမ္မစကြာတရား ဟောတော်မူသောအခါလည်း နတ် ဗြဟ္မာတို့သည်

http://www.dhammadownload.com

လွန်စွာဝမ်းမြောက်ကြ၏၊ အရိယာသံဃာတော်များ ပေါ်ထွန်းတော်မူသောအခါလည်း လွန်စွာ ဝမ်းမြောက်ကြ၏၊ ဘာ့ကြောင့် ထိုမျှလောက် ဝမ်းမြောက်ကြသနည်း၊--- တရားအမှန်ကို သိရခြင်း, တရားအတိုင်း စွမ်းနိုင်သမျှကျင့်၍ လူချမ်းသာ, နတ် ဗြဟ္မာချမ်းသာ, နိဗ္ဗာန်ချမ်းသာ ရမည့်အရေးကို တွေးမိကြခြင်းကြောင့် ထိုမျှလောက် ဝမ်းမြောက်ကြပေသည်၊ ထိုသို့ ဝမ်းမြောက်ကြသည်နှင့် လျော်ညီစွာ ဘုရားပွင့်တော်မူချိန်မှ စ၍ လူကောင်း နတ်ကောင်းတွေ များစွာ ပေါ်ပေါက်လာ၏၊ ထိုလူကောင်းများကြောင့် လူ့လောကကြီးသည် နေစချင်ဖွယ်ကြီး ဖြစ်ကာ ပျော်စရာကောင်းလာ၏၊ မတရားမှုတွေ မရှိသလောက် နည်းပါး၏၊ တရားသဖြင့်ဖြစ်သော ကိစ္စတွေချည်း ထွန်းကားလာ၏၊ ဤသို့လျှင် ဘုရား တရား သံဃာ ရတနာမြတ် ၃ ပါးသည် ဤကမ္ဘာလောကကြီးကို ရွှန်းတဝေဝေ ကျက်သရေမင်္ဂလာနှင့်ပြည့်အောင် တန်ဆာဆင်တော်မူနိုင်ကြသော မင်္ဂလာများပါပေတည်း။

ဆက်ပါဦးမည်၊ --- အရိယာသံဃာတော်များ ထွန်းကားခဲ့ရာ ရှေးခေတ်ကို ထားလိုက်ပါဦး၊ ပုထုဇဉ် သူတော်ကောင်းသံဃာများ ထွန်းကားရာ ဤမြန်မာနိုင်ငံ၌ ရှေးခေတ်က သံဃာတော်များသည် ရွာဦးမြို့ထိပ်၌ သီတင်းသုံးတော်မူကာ စာပေသင်ပြ ဩဝါဒပေး၍ မြို့ရွာ၏ ကျက်သရေမင်္ဂလာ အဆင်တန်ဆာများ ဖြစ်ခဲ့ကြပါသည်၊ ယခုအချိန်မှာမူ ထိုကဲ့သို့ ဣန္ဒြေရရှိနှင့် စာပေသင်ပြ၍ ဩဝါဒ မပေးနိုင်သောကြောင့် သံဃာတော်များသည် ထိုထိုမြို့ရွာ၌ ရှေးကကဲ့သို့ အရှိန်အဝါ မရှိနိုင်တော့ပေ၊ ထို့ကြောင့် သံဃာတော်များသည် ကြည်ညိုဖွယ် ဣန္ဒြေဆောင်လျက် ရှေးကထက် သဘာဝကျအောင် ကလေးသူငယ်တို့အား စာပေသင်ပြ ဩဝါဒပေး၍ တိုးတက်လာသော လောကဓာတ်ပညာကို တစ်နည်းတစ်လမ်းအားဖြင့် ဝိနည်းနှင့်မဆန့်ကျင်အောင် ကူညီအားပေးသင့်၏၊ ဤကဲ့သို့မှ မဖြစ်နိုင်လျှင် ဤရတနာ ၃ ဖြာ အဆင်တန်ဆာသည် ဤနိုင်ငံအတွက် ကျက်သရေမင်္ဂလာ မဖြစ်နိုင်တော့ပါ၊ ဘုရား တရား သံဃာတော်များ၏ တင့်တယ်စွာ တည်နေရာမဟုတ်သော နိုင်ငံလည်း စိတ်ချမ်းသာခွင့် မပေးနိုင်ရုံမက, ဘဝအဆက်ဆက် မကောင်းမှုတွေ တိုးတက်စေမည်သာ ဖြစ်သောကြောင့် သူတော်ကောင်း မှန်သမျှ မနေထိုက်ကြတော့ပါ။

http://www.dhammadownload.com

ဝုရ္ဈအလင်္ကာရ။ ။မိမိကို ဘုရား တရား သံဃာ ရတနာ ၃ ဖြာ၏ အရိပ်အာဝါသဝယ် ကျေးဇူးရှင်ဆရာတော်များက တန်ဆာဆင်ပေးတော်မူကြပေသည်၊ ခွဲဦးအံ့--မိမိ၏ ရှေးဘာသာဋီကာများ၌ ညွှန်ပြအပ်ခဲ့သော ဆရာတော်များသည် သာသနာတော်၌ နေ လ အသွင် ထင်ရှားတော်မူကြ၏၊ ထိုဆရာတော်များသည် မိမိကို စာပေ သင်ပြရာ၌ အကျွန်ဆုံး သင်ပြတော် မူခဲ့ကြ၏၊ အနေအထိုင် အပြော အဟော အရေးအသားကိုလည်း သင်ပြတော်မူကြ၏။ [သင်ပြတော်မူကြပုံကို ကစ္စည်း, ရူပသိဒ္ဓိဘာသာဋီကာတို့၌ ပြခဲ့ပြီ။]

စာရေးတတ်အောင် ဆင်လိုက်ပုံ။ ။ဆရာအရှင်တို့၏ မိမိအား တန်ဆာဆင်ပေးပုံ အမျိုးမျိုးတွင် စာအရေးအသား ကျွမ်းကျင်အောင် ဆင်ပြင်လိုက်ပုံမှာ မှတ်သားလောက်ပါပေသည်၊ မိမိသည် **"အစ လေးလုံး, အလယ် သုံး, အဆုံး ငါး-ခုနစ်" "နှစ် သုံး လေးနောက်, ကာရန်ရောက်, သံပေါက်လက်ာဖြစ်"** ဟူသော ထိုထိုလင်္ကာစပ်နည်းအတိုင်း ရေးသားထားသော ဆုံးမစာ, လောကနီတိပျို့တို့ကို အရက္ခကျက်ခဲ့ဖူးရကား ၄ လုံး တစ်ပိုဒ် လင်္ကာစပ်နည်းများကို ကလေးဘဝ၌ပင် အတော်လေ့လာပြီး ဖြစ်နေလေပြီ၊ ၁၃ နှစ်သားအရွယ်၌ကား အစိုးရ ပထမငယ်ကို ဖြေဆိုစေလိုသောကြောင့် ပါဠိစီကုံးနည်းများကို သင်ပြတော်မူကြ၏၊ သာမန် စုဏ္ဏိယဝါကျကလေးများကို ထိုအရွယ်မှာပင် အတော်အတန်နားလည်၍ ၁၄, ၅ နှစ်အရွယ်၌ကား သာမန်ဂါထာများကို စီကုံးတတ်ပါပြီ။

ထို့နောက် ဒွေးချို့, တေးထပ်တို့ကို လေ့လာစေရာ အထိုက်အလိုက် နားလည်သောအခါဝယ် ဤအလင်္ကာကျမ်းကို လေ့လာစေတော်မူကြပါသည်၊ ဤအစဉ်အတိုင်း မိမိကို စာအရေးအသား ကျွမ်းကျင်အောင် ဆရာအရှင်တို့၏ တန်ဆာဆင်ပေးမှုကြောင့် မိမိသည် ပါဠိဂါထာ စီကုံးရာ၌လည်း ဆန်းအလင်္ကာနည်းသာမက, မြန်မာကဗျာစပ်နည်းကိုပါ ထည့်သွင်း ရေးသားလေ့ရှိရပါသည်၊ မြန်မာစကားပြေ ရေးသားရာ၌ပင် ပသာဒဂုဏ် သြဇဂုဏ် စသည်တို့ စုံနိုင်သမျှ စုံအောင် သတိထား၍ ရေးသားခြင်း အလေ့အထကို ရရှိပါသည်။

အလင်္ကာကျေးဇူးရှင်များ။ ။ဤ အလင်္ကာနှင့် စပ်၍ မမေ့အပ်သော ကျေးဇူးရှင်များလည်း ရှိပေသေး၏၊ မိမိအား သက္ကတဘာသာကို

http://www.dhammadownload.com

သင်ပြတော်မူသော အဘယာရာမဆရာတော်သည် သက္ကတဘာသာကို မိမိ အတော်အတန် လေ့လာမိသောအခါ "ကာဗျဒဿ"ဟုလည်းကောင်း, ဒဏ္ဍီဆရာ စီရင်အပ်သောကြောင့် "ဒဏ္ဍီအလင်္ကာ"ဟုလည်းကောင်း နာမည် ထင်ရှားသော သက္ကတအလင်္ကာကျမ်းစာကို ဦးကာနှင့် တကွ မိမိကို ကြည့်ရှုစေတော်မူ၏၊ သို့သော် ရှင်းလင်းစွာ နားမလည်ခဲ့ပါ၊ ဒုတိယကမ္ဘာစစ်အတွင်းကမူ ငံသာနုခေတ်၌ တိုင်းကျိုးပြည်ကျိုး သာသနာတော်၏အကျိုးကို ရိုးဖြောင့်တည်ကြည်စွာ ရွက်ဆောင်တော်မူသောကြောင့် "ရွှေမျက်မှန်ဆရာတော်"ဟု ထင်ရှားခဲ့သော ယခုအခါ စစ်ကိုင်းတောင်ရိုး ကျစွာချောင်၌ သီတင်းသုံးတော်မူ၍ "ကျစွာဆရာတော်"ဟု ထင်ရှားတော်မူသော ဆရာတော်သည် ကာဗျဒဿ အလင်္ကာနိဿယကို စစ်ကိုင်းတောင် ရွေးကျသော ချောင်တစ်ချောင် ဝယ် ရှိသည်ဟု အမိန့်ရှိ၍ ကိုယ်တော်တိုင် တာဝန်ခံလျက် ထုတ်ယူစေတော်မူ၏၊ ထိုကာဗျဒဿနိဿယကို ရရှိသဖြင့် မိမိမှာ ဤ အလင်္ကာဘာသာဋီကာကို မရေးလျှင် တာဝန်မကျေသကဲ့သို့ ဖြစ်ရကား ထိုကျစွာဆရာတော်၏ ကျေးဇူးတော်ကို ဆပ်သောအားဖြင့် သုဗောဓာလင်္ကာရကျမ်း၏အဖွင့် ဤဘာသာဋီကာကို ရေးရပါတော့သည်။

ဤကျမ်း၏ဖွဲ့ရာ။ ။ဤအလင်္ကာဘာသာဋီကာကို ရေးသားရာ၌ ပါဠိဋီကာ ၂ စောင်, ရှေးနိဿယ ၂ စောင်နှင့် ကာဗျဒဿစာကိုယ် ဦးကာနိဿယများကို အမှီပြုပါသည်၊ ပါဠိဋီကာ ၂ စောင်တွင် ဦးကာဟောင်းသည် သုဗောဓာလင်္ကာရကျမ်းဆရာ ဖြစ်သော အရှင်သံဃရက္ခိတ ကိုယ်တိုင် စီရင်အပ်သောကျမ်းဟု အများ အသိအမှတ်ပြုကြ၏၊ ထိုသို့ အသိအမှတ် ပြုခြင်း၏ အကြောင်းမှာလည်း **"ဗန္ဓော စ နာမ သဒ္ဒတ္ထာ"**ဂါထာ၏အဖွင့်၌ ထင်ရှားလျက်ရှိသည်၊ ဦးကာသစ်ကား--ရတနာပုရ (အဝ)နေပြည်တော်ဝယ် နရပတိမင်းလက်ထက်၌ သိရီဓမ္မကိတ္တိထေရ် စီရင်အပ်သောကျမ်းဟု ယူဆကြ၏၊ ထိုထေရ်လည်း သီဟိုဠ်ကျွန်းသို့ ကြွပြီးလျှင် အရှင်သံဃရက္ခိတ ထေရ်သည်ပင် စီရင်အပ်ပြီးဖြစ်သော သီဟိုဠ်ဗျာချာ(နိဿယ)ကို ပါဠိလို ပြန်၍ စီရင် သည်ဟု ယူဆကြ၏၊ ထို့ကြောင့် ထိုပါဠိ ဦးကာ ၂ စောင်လုံးပင် အရှင်သံဃရက္ခိတ ထေရ်၏ အလိုကျချည်း ဖြစ်ရကား ဤဘာသာဋီကာကို ရေးသားရာဝယ် အားကိုးဖွယ်များ ဖြစ်ကြပါပေသည်။

http://www.dhammadownload.com

နိဿယ ၂ စောင်။ ။"နိဿယ ၂ စောင်"ဟူသည် ယောမင်းကြီး စီရင်အပ်သော ယောနိဿယနှင့် ညောင်တုံးမြို့ စံကျောင်းဆရာတော် စီရင်အပ်သော စံကျောင်းနိဿယများတည်း၊ မိမိသည် အစိုးရပထမကြိမ် တန်းကို ဝင်ရောက်ဖို့ရန် လေ့လာရာ ၁၈ နှစ်သား အရွယ်၌ မြောင်းမြ ဆရာတော်မှာ အခြား စာဝါများဖြင့် အားလပ်ခွင့် မရသောကြောင့် တစ်စောင်တည်းသာ စာအုပ်အဖြစ်ဖြင့် တည်ရှိသော ယောနိဿယ ကိုပင် အစအဆုံး ကျပွန်အောင် လေ့လာခဲ့ရပါသည်၊ ထိုနိဿယကို စီရင်သော ယောမင်းကြီး "ဦးလှိုင်"ကား သာမန် ထက်မြက်သော ပညာရှိမဟုတ်ပေ၊ ၂၉ နှစ်အရွယ်ကပင် အတွင်းသေနာပတိအရာဖြင့် မင်းတုန်းမင်းတရားကြီး၏ အခ်ိုးအမြှောက် ခံရလောက်အောင် လောက ဓမ္မ ၂ ဌာန၌လည်းကောင်း, ပါဠို သက္ကတ၌ လည်းကောင်း ကျွမ်းကျင် ထက်မြက်သော ပညာရှိကြီးပေတည်း၊ ထိုသို့ ထက်မြက်သော မြန်မာ ပညာရှိကြီး၏ ကျမ်းစာဖြစ်သောကြောင့်လည်း ထိုယောနိဿယကို မိမိ လေးစားပါသည်၊ "စံကျောင်းဆရာတော်"မှာမူ ရွှေကျင်ဂိုဏ်းကြီး၏ ဥက္ကဋ္ဌ မဟာနာယက (သာသနာပိုင်တစ်ပါး) ဖြစ်သည့်အပြင် ပါဠို သက္ကတ၌ ကျွမ်းကျင်ဘော်မူ၍ ဝိနည်းသိက္ခာ လေးစားတော်မူသော အရာမှာလည်း သာသနာတော်၏ တံခွန်ပမာ ဖြစ်ပါသောကြောင့် ဆရာတော်၏ နိဿယကိုလည်း မိမိ လေးစားပါသည်။

ကာဗျဒဿ။ ။ကာဗျဒဿအလင်္ကာကျမ်းကိုကား "ဤသုတောမာ လင်္ကာရကျမ်း၏ နဂိုမူလ ကူးယူခဲ့ရာ သက္ကတကျမ်းစာ"ဟု အယူရှိကြ၏၊ ထိုသို့ ယူဆလောက်အောင်လည်း ဂန္ဆာရမ္ဘ ပထမဂါထာချင်းပင် အသွား တူလျက်ရှိ၏၊ [အသွားတူပုံကို ဂန္ဆာရမ္ဘဂါထာအဖွင့်၌ ပြထားပါသည်၊] ထို့ကြောင့် ကာဗျဒဿစာကိုယ်ဋီကာနိဿယများကို အထူးအားထား၍ ဤဘာသာဋီကာကို စီစဉ်ရပါသည်။

ရေးသားပုံအစီအစဉ်

နိဿယ။ ။နိဿယရေးရာ၌ "**သဒ္ဒါနက်ထိ, ချော-ကျဉ်းဘိ, ရှင်း၏ အဓိပ္ပာယ်**"ဟူသော မိမိဆောင်ပုဒ်နှင့်အညီ သဒ္ဒါနက် ထိမိ၍ ချောလည်း ချော, ကျဉ်းလည်း ကျဉ်း, အဓိပ္ပာယ်လည်း ပေါ်လွင်အောင်

http://www.dhammadownload.com

ရေးသားလေ့ ရှိပါသည်၊ မိမိသည် ငယ်ရွယ်စဉ်အခါ ဤအလင်္ကာကျမ်းကို လေ့လာရာ၌ အချို့အနက်ပေးပုံကို ပုဒ်အနေနှင့် ကိုက်၍ မရသဖြင့် အားမရ ပါးမရ ဖြစ်ခဲ့၏၊ ထို့ကြောင့် ဤအလင်္ကာနိဿယ၌ သဒ္ဒါနည်း မလွတ်ရအောင် အထူးသတိထား၍ ရေးသားရပါသည်။

အဓိပ္ပာယ်။ ။တချို့ အဓိပ္ပာယ်များလည်း အနက်တခြား အဓိပ္ပာယ်တခြားကဲ့သို့ ဖြစ်နေ၏၊ တော်တော်ကြီး၍ အလင်္ကာကို ပို့ချသောအခါ ဋီကာများကို ကြည့်၍ သဘောမပေါက်နိုင်ဘဲ ရှိရသည့်ပြင် ဋီကာပါဠိပျက် တချို့ကြောင့် အနက်ကိုပင် မထင်နိုင်ဘဲ ရှိခဲ့ရ၏။

ထို့ကြောင့် ဤကျမ်းဝယ် အဓိပ္ပာယ်ရေးရာ၌ (၁) ဂါထာတစ်ခုလုံး၏ ဆိုလိုရင်းအဓိပ္ပာယ်ဟူသော သမုဒါယတ္ထ, (၂) တစ်ပုဒ်စီ တစ်ပုဒ်စီ၏ အနက်ဟူသော အဝယဝတ္ထ, (၃) ဋီကာ, (၄)ဝစနတ္ထတို့ကို များသော အားဖြင့် အစဉ်ကျအောင် ရေးပါသည်။

ထိုတွင် (၁-၂)တို့မှာ ပထမစ၍ သင်ယူသူတိုင်းသိထိုက်သော အချက်များ ဖြစ်ပါသည်၊ (၃)မှာ အထူးစဉ်းစားလေ့ရှိသော စာသင်သားနှင့် စာချုပ်ဂိုလ်များအတွက် ဖြစ်ပါသည်၊ (၄)မှာ ဝိဂြိုဟ် ဝစနတ္ထကို သိရမှ အနက်ပေးပုံ၌ သဒ္ဒါနည်းကျ-မကျနှင့် ပုဒ်ပါဠိ အမှား အမှန်ကို ဝေဖန်နိုင်မည် ဖြစ်၍ ဉာဏ်ထက်သော စာသင်သားတိုင်း သိထိုက် လေ့လာထိုက်သော အချက်ဖြစ်ပါသည်၊ အချုပ်အားဖြင့်ကား မိမိ ငယ်စဉ်က လိုလားအပ်သော မရှင်းလင်းသော အချက်များကို စုပေါင်း၍ ရှင်းလင်းအောင် ရေးသားထားခြင်း ဖြစ်ပါသည်။

လေ့ကျင့်ခန်းမေးခွန်းများ။ ။လေ့ကျင့်ခန်းမေးခွန်းများကား-ဆိုလိုရင်း အဓိပ္ပာယ်ကို ရှင်းလင်းစွာ နားလည်အောင် စီစဉ်ထားသော မေးခွန်းများ ဖြစ်ပါသည်၊ ထိုမေးခွန်းများ၏ အဖြေမှာ ဂါထာတိုင်း၏ အဓိပ္ပာယ်တွင် ပါဝင်ပြီး ဖြစ်ပါသည်၊ သို့သော် ထိုအဓိပ္ပာယ်၌ ကောက်နုတ်ချက် မချတတ်လျှင် ဖြေနိုင်မည် မဟုတ်ပါ၊ ထို့ကြောင့် ဆရာများက သူဘာသာ အဖြေ မပေးနိုင်သော တပည့်များအား ကောက်ချက်ချ၍ အဖြေကို ညွှန်ပြကြပါလေ၊ အဖြေကို တိုက်ရိုက်ပြလျှင် ကြံစည်ချင်စိတ်ပျောက်သွားမည်ဖြစ်၍ အဖြေကို တိုက်ရိုက်မပြလိုက်ပါ၊ ကျမ်းစာကျယ်သွားမည် စိုးသောကြောင့်လည်း မေးခွန်းများကို

http://www.dhammadownload.com

ခေါင်းစဉ်မာတိကာဖြစ်အောင် ရှေ့ပိုင်းက ပြထား၍ အဖြေပေးဖို့ရန် ဆိုင်ရာဂါထာပါရှိသော စာမျက်နှာများကို ညွှန်ပြထားပါသည်။

ပန်ကြားခြင်း။ ။ဤ အလင်္ကာဘာသာဋီကာကို ရေးသားရာ၌ နိဿယကို စာဆိုသော ရှင်ငယ် ရဟန်းငယ်များကို ရေးသားစေ၍ အဓိပ္ပာယ်လည်း အကြမ်းရေးသားပြီးကို အရှင်ဃောသိတ မည်သော စာချဘုန်းကြီးတစ်ပါးကို အချော ရေးသားစေပါသည်၊ ဤအလင်္ကာ ဘာသာဋီကာ ပို့ချ ရေးသားရင်း ကခ်ိဘာသာဋီကာ, ပါရာဇိကဏ် ဘာသာဋီကာတို့ကိုလည်း ပို့ချရင်း ရေးသားလျက်ရှိရကား ဤ ဘာသာဋီကာ၌ချည်း စိတ်လည်း မစိုက်အားပါ။ သို့ရာတွင် ပုံမရိုက်ခင် အထပ်ထပ် သုံးသပ် ပြင်ဆင်ကာ သေသပ်နိုင်သမျှ သေသပ်အောင် ကြိုးစားပါသည်၊ ထိုမျှလောက် ကြိုးစားသော်လည်း အမှားအယွင်းကား ကင်းလိမ့်မည် မဟုတ်ပါ၊ ထိုအမှားအယွင်း တွေ့ပါလျှင် သူတော် ကောင်းတို့ ဓမ္မတာ ပြင်ဆင်ဖေးမ၍ ကူညီတော်မူကြရန် ပန်ကြားအပ်ပါသည်။

ဂစ္ဆတံ ခလနံ ကွာပိ, ဘဝတ္မေဝ ပမာဒတော၊
ဟသန္တိ ဒုဇ္ဇနာ တတ္ထ, သမာဒဟန္တိ သဇ္ဇနာ။

ကွာပိ-တစ်စုံတစ်ရာ, ကုန်းသာမြေပြင်၌သော်မှလည်း၊ ဂစ္ဆတံ-အေးအေး သာသာ, သွားလာရသူတို့၏၊ ပမာဒတော-သတိလွတ်ကင်း, မေ့လျော့ခြင်းကြောင့်၊ ခလနံ-ချွတ်ချော်တိမ်းပါး, လဲသွားခြင်းသည်၊ ဘဝတ္မေဝ-တစ်ရံတစ်ခါ, ဖြစ်တတ်သေးသည်သာ၊ တတ္ထ-ထိုသို့ တိမ်းပါး, လဲသွားရာ၌၊ ဒုဇ္ဇနာ-စိတ်ထားသေးနုပ်, လူယုတ် လူညံ့တို့ သည်၊ ဟသန္တိ-ပြောင်လှောင်အားရ, ရယ်မောကြကုန်၏၊ သဇ္ဇနာ-စိတ်ထားရင့်ပြီး, လူကြီးလူကောင်းတို့သည်ကား၊ သမာဒဟန္တိ-ကိုယ်ချင်း စာနာ, သနားစွာဖြင့်, ညှာတာဖေးမ, ထူပေးကြလေကုန်၏။

[အမရကောသ နိဿယ။]

အရှင်ဇနကာဘိဝံသ
၁၃၂၁-ခု

http://www.dhammadownload.com

မေးခွန်းမာတိကာ

အမှာ။ ။ မာတိကာကို ပုစ္ဆာလုပ်၍ ပြထား၏၊ ဆိုင်ရာစာမျက်နှာနံပါတ်၏ အဓိပ္ပာယ်ကို သေချာစွာ ကြည့်၍ အဖြေရှာကြပါ။

ဂါထာနံပါတ် စာမျက်နှာ

၁။ (က) ပဌမဂါထာကို အဘယ်အလင်္ကာဖြင့် တန်ဆာဆင်ထား သောကြောင့် အနက်၂ထပ် ပေးရပါသနည်း၊ ပဌမအနက်သည် မည်သူတို့၏ အတွက် ဖြစ်၍ ဒုတိယအနက်ကား မည်သူတို့၏ အတွက် ဖြစ်သနည်း။ ... ၂

၁။ (ခ) ဘုရားဟောပရိယာယ်ပုဒ်တွေများစွာရှိပါလျက် အဘယ့်ကြောင့် မုနိန္ဒပုဒ်ကိုသာ သုံးစွဲပါသနည်း။ ... ၃

၁။ (ဂ) "သရဏံ ပါဏိနံ ဓမ္မော"ဟု မဆိုဘဲ အဘယ်အကျိုးငှာဝါဏီ သဒ္ဒါကို သုံးစွဲပါသနည်း။ ... ၅

၁။ (ဃ) ပိဏ္ဍယတဲ့၌ ဏ္ဍယပစ္စည်းအနက်, တံဝိဘတ်၏အနက်ကို ခွဲခြား၍ အနက်ပေးပြပါ။ ... ၅

၁။ (င) ပထမဂါထာ၌ ဓမ္မပသာဒဖြစ်ပုံသာ တိုက်ရိုက်လာသည် မဟုတ်ပါလော၊ အဘယ်နည်းဖြင့် ရတနတ္တယပဏာမဂါထာ ဖြစ်သနည်း။ ... ၆

၂။ (က) ရာမ သမ္မ-စသော ဂါထာဖြင့် အဘယ်ကို ပြသနည်း။... ၇

၂။ (ခ) ရာမ သမ္မ- ဟူသည် ဆရာ ၂ ယောက်၏ အမည်ပါလော၊ သမ္မအတွက် အဘယ်အနက်ကို မှတ်ရမည်နည်း။ ... ၈

၂။ (ဂ) သဒ္ဒ-အတ္ထအလင်္ကာတို့ကိုလည်းကောင်း, အလင်္ကာကျမ်းကို လည်းကောင်း "ရာမ သမ္မ အလင်္ကာရ" ဟု နာမည် ခေါ်ရာ၌ အဘယ်နည်းဖြင့် ခေါ်နိုင်သနည်း၊ သမ္မာဒိ၌ အာဒိ၏ အာဒိဝန္တ ကျမ်းများကို ပြပါ။ ... ၉

၂။ (ဃ) သုဒ္ဓမာဂဓိကာ၌"သုဒ္ဓမာဂဓ"၏အဓိပ္ပာယ်ကိုလည်းကောင်း, နဝလဥန္တိ" အရ မသုံးစွဲနိုင်ခြင်း၏ အဓိပ္ပာယ်ကိုလည်းကောင်း ပြပါ။ ... ၁၀

၃။ (က) တေနာပိ နာမ-စသော ဂါထာဖြင့် ပြအပ်သော"အဘိဓာန" စသည်ကို (မည်သည့်ပါဠိဖြင့် မည်သည့်အနက်ပြသည်ဟု) ခွဲခြား ပြပါ။ ... ၁၂

http://www.dhammadownload.com

ဂါထာနံပါတ် စာမျက်နှာ

၃။ (ခ) "အနုရူပေနာလက််ာရေန"အရ အဘယ် အလက််ာကို ဆိုလို ပါသနည်း၊ အလက််ာရသဒ္ဒါ၏ မူချတ္ထ, ဥပစာရတ္ထကို ခွဲပြပါ။ ၁၄

၄။ (က) ယေသံ နု သဒ္ဓိတာ-စသော ၂ ဂါထာတွင် ရှေ့ဂါထာဖြင့် အဘယ်ကို ပြ၍, နောက်ဂါထာဖြင့် အဘယ်ကို ပြသနည်း။ . . ၁၅,၆

၄။ (ခ) အနေကသတ္ထန္တရ- ဟူသည် အဘယ်ကျမ်းများပါနည်း, အဘယ်ကို ဥစိတာ-ဟု ဆိုသနည်း။ . . . ၁၆

၅။ "တပ္ပာဒရဇောကိဏ္ဏာ"ဖြင့် ကိုယ်မှာဆရာ့ခြေမှုန်တွေ တကယ် ရောပြွမ်းနေသည်ကို ဆိုလိုသလော, ဘာကို ဆိုလိုပါသနည်း။. . ၁၈

၆။ (က) ကဗ္ဗနာဌက- စသော ဂါထာဖြင့် အဘယ်သူတို့ကို အဘယ်သို့ ဖြစ်စေသနည်း။ . . . ၁၉

၆။ (ခ) အဘယ်ကျမ်းမျိုးကို "ကဗ္ဗ" အဘယ်ကျမ်းကို"နာဌက"ဟု ခေါ်သနည်း၊ ထိုကျမ်းတို့၌ "မျက်စေ့ရော စိတ်ပါ ချထား" ဟူရာ၌ ဘာကို ဆိုလိုပါသနည်း။ . . . ၂၀,၁

၇။ အဘယ်သူ့ကို ပဋိဘာန်ရှိသူ- ဟု ခေါ်မည်နည်း၊ အဘယ် သူတို့၏အဖွဲ့သည် အံ့သြချီးမွမ်းဖွယ်ကောင်းသနည်း။ . . . ၂၀,၁

၈။ (က) ဗန္ဓော စ နာမ - စသော ဂါထာ၌ အဘယ်ကို ဗန္ဓ-ဟု ခေါ်သနည်း, ထိုဗန္ဓသည် အဘယ်မျှ ပြားသနည်း။ . . . ၂၅

၈။ (ခ) အဘယ်ကို ပဇ္ဇ, ဂဇ္ဇ-ဟု ခေါ်သနည်း၊ ပဇ္ဇ - ဂဇ္ဇတို့၏ အပြားကို သရုပ်မျှ ထုတ်ပြပါ။ . . . ၂၆,၇

၉။ နိဗန္ဓော စ-စသော ဂါထာ၌ နိဗန္ဓ, အနိဗန္ဓအပြားသည်အဘယ် ၏အပြားပါနည်း၊ အဘယ်ကို နိဗန္ဓ, အနိဗန္ဓဟု ခေါ်သနည်း။ ၃၀,၁

၁၀။ အပြစ်ကင်း၍ သန့်ရှင်းသောမျက်နှာ ကြာပန်းတို့သည် အဘယ် သို့ ပြုမှု တင့်တယ်နိုင်ကြသနည်း။ . . . ၃၂,၃

၁၁။ (က) ဆရာနည်းမရဘဲ တန်ဆာဆင်လျှင် အဘယ်သို့ ဖြစ်တတ် သနည်း။ . . . ၃၄

၁၁။ (ခ) ဝိနာ ဂရူပဒေသံ-ဂါထာကို အဘယ့်ကြောင့် အနက် ၂ ထပ် ပေးရသနည်း။ . . . ၃၄

၁၂။ ဂန္ထောပိ ကဝိဝါစာန-စသောဂါထာ၌ "တတ္ထောဟာရူပစာရ"အရ အဘယ်ဥပစာကို ယူရမည်နည်း, အကြောင်းနှင့်တကွ ပြပါ။. . . ၃၇

http://www.dhammadownload.com

ဂါထာနံပါတ် စာမျက်နှာ

၁၃။ ဒွိပွကာရာ-စသော ဂါထာ၌ အလင်္ကာ ၂ မျိုး ပြားကြောင်း ဖြစ်သော သဒ္ဒ အတ္ထတို့၏ အမည်နှင့် သရုပ်ကို ပြပါ။ ... ၄၀

၁၄။ (က) ဂုဏာလင်္ကာရသံယုတ္တာ-၌ အဘယ်ကို ဂုဏ်,အဘယ်ကို အလင်္ကာဟု ခေါ်သနည်း၊ ထိုဂုဏ်နှင့် တန်ဆာ စုံအောင်ပါသော အဖွဲ့ကို အဘယ့်ကြောင့် မချီးမွမ်းထိုက်ပါသနည်း။ ... ၄၁

၁၄။ (ခ) အဖွဲ့ဗန္ဓကို သတို့သမီးဟု ဥပမာပြုလျှင် ဂုဏ် တန်ဆာ အပြစ် အနည်းငယ် ပါခြင်းတို့သည် သတို့သမီးဝယ် အဘယ် အရာများနှင့် တူကြသနည်း။ ... ၄၂

၁၅။ အပြစ် ဒေါသ ကင်းသော အဖွဲ့ဖြစ်အောင် ကြိုးစားလျှင် ဂုဏ်ရအောင် တမင်ကြိုးစားဖို့ လိုသေးသလော။ ... ၄၃

၁၆။ အပြစ်ကင်း၍ ဂုဏ်ရှိသော အဖွဲ့သည် အတ္ထာလင်္ကာရ မပါလျှင် နှစ်သက်စရာ ကောင်း-မကောင်းကို ဥပမာပြပါ။ ... ၄၄

ဒေါသာဝဟေအခန်းမေးခွန်းများ

၁၈, ၁၉, ၂၀။ ပဒဒေါသ, ဝါကျဒေါသ, ဝါကျတ္ထဒေါသတို့ မည်မျှစီ ရှိကြောင်းကို သရုပ်နှင့်တကွ ပြပါ။ ... ၄၆

၂၁။ (က) အဘယ်ကို "ဝိရုဒ္ဓတ္ထန္တရဒေါသ" ဟု ခေါ်သနည်း၊ ဝိရုဒ္ဓ+အတ္ထန္တရကို ပုဒ်ရအောင် သမာသ်တွဲပြပါ။ ... ၅၀

၂၁။ (ခ) ဝိသဒေါပုဒ်၌ ကဝိစာဆို၏ အလိုရှိအပ်သော အနက်, အလိုမရှိအပ်သော ဆန့်ကျင်ဘက်အနက်ကို ခွဲခြားပြပါ။ ... ၅၀

၂၁။ (ဂ) "စိန်ပေးသောသူဌေးသည် ချမ်းသာစေ၏"၌ စိန်ဟူသော ပုဒ်ဝယ် ဝိရုဒ္ဓတ္ထန္တရဒေါသ သင့်-မသင့်ကို စိစစ်ပါ။ ... ၅၀

၂၂။ (က) အဘယ်ဒေါသကို အမျတ္ထဒေါသ-ဟု ခေါ်သနည်း၊ ထို ဒေါသသည် ဝိသေသျပုဒ်မှာ သင့်သလော, ဝိသေသနပုဒ်မှာ သင့်သလော။ ... ၅၂

၂၂။ (ခ) "ဩဘာသိတာ-သေသဒိသော"ပုဒ်၏ အမျတ္ထဒေါသ သင့်ပုံကို ရှင်းပြပါ။ ... ၅၂

၂၂။ (ဂ) "ဒေါင်းကလေးကဲ့သို့ လှပသောကျီးကန်း"ဟု ချီးမွမ်းရာ၌ အဘယ် စကားဝယ် အဘယ် ဒေါသများ သင့်ကြသနည်း။ ၅၃

http://www.dhammadownload.com

ဂါထာနံပါတ်		စာမျက်နှာ
၂၃။	(က) အဘယ်ပုဒ်ကို ကိလိဋ္ဌပုဒ်ဟု ခေါ်သနည်း၊ ထိုပုဒ်သည် ဘာနှင့် တူသနည်း၊ ကိလိဋ္ဌ၌ အနက်မထင်(မမြင်)နိုင်ခြင်းသည် အဘယ်ဝတ္ထု၌ ဘာကို မထင် မမြင်နိုင်ခြင်းနှင့်တူသနည်း။ . . .	၅၄, ၅
၂၃။	(ခ) "ပိယာပုဒ်၌ ကိလိဋ္ဌဒေါသသင့်ပုံကို ပြပါ။ . . .	၅၅
၂၄။	အဘယ်ယမကပုဒ်မျိုးကို ကိလိဋ္ဌဒေါသ၌ သွင်းရသနည်း။ . . .	၅၇
၂၅။	အဘယ် ယမကမျိုးကို ကိလိဋ္ဌဒေါသ၌ မသွင်းဘဲ ပညာရှိတို့ သုံးစွဲကြသနည်း။ . . .	၅၈
၂၆။	(က) အဘယ်ကို ယမကဟု ခေါ်သနည်း၊ ထိုယမကသည် အကျဉ်းချုပ် အဘယ်မျှ ပြား၍, နောက်ထပ် အဘယ်မျှ ပြားသနည်း။ . . .	၅၉,၆၀
၂၆။	(ခ) အဗျပေတ, ဗျပေတတို့၏ အဓိပ္ပာယ်ကို ပြ၍, သဗ္ဗပါဒါဒိ (စတုတ္ထပါဒါဒိ)ယမကပုံစံကို ပြပါ။ . . .	၆၀, ၅
၃၄။	ဒေသ, ကာလ, ကလာ, လောက, ဉာယ, အာဂမတို့၏သရုပ်ကို ပြ၍, အဘယ်သို့ စီကုံးလျှင် ဒေသဝိရောဓိဖြစ်ကြောင်း ပြပါ။	၇၁, ၂
၃၅။	အဘယ်ပုဒ်မျိုးသည် နေယျဒေါသသင့်သနည်း၊ ပုံစံ၌ နေယျဒေါသသင့်သောပုဒ်ကား အဘယ်ပုဒ်နည်း၊ ထိုပုဒ်သည် အဘယ့်ကြောင့် နေယျဒေါသသင့်သနည်း။ . . .	၇၃, ၄
၃၆။	သဒ္ဒသာမတ္ထိယဝိလယီနီပုဒ်၌ အဘယ်ကို သဒ္ဒ, အဘယ်ကို သာမတ္ထိယဟု ခေါ်သနည်း၊ "ခုန်ကျော်" ဟူရာ၌ ဘာကို ဆိုလို သနည်း။ . . .	၇၅
၃၇။	အဘယ်ကို ဝိသေသနာပေက္ခဒေါသခေါ်သနည်း၊ ပုံစံ၌ အဘယ်ပုဒ်သည် အဘယ့်ကြောင့် ထိုဒေါသသင့်သနည်း။ . . .	၇၆
၃၈။	အဘယ်ကို ဟီနတ္ထဒေါသခေါ်သနည်း၊ ပုံစံ၌ အဘယ်ပုဒ်သည် အဘယ့်ကြောင့် ထိုဒေါသသင့်သနည်း။ . . .	၇၇, ၈
၃၉။	အဘယ်ကို အနတ္ထဒေါသ ခေါ်သနည်း၊ ပုံစံ၌ အဘယ်ပုဒ်များသည် အဘယ့်ကြောင့် ထိုဒေါသသင့်ကြရသနည်း။ . . .	၇၉
၄၀။	အဘယ်ကို ဧကတ္ထဒေါသခေါ်သနည်း၊ ထိုဒေါသသည် အဘယ်နှစ်မျိုး ပြားသနည်း၊ ဝါရိဒေါ ၂ ပုဒ်သည် အဘယ် ဧကတ္ထ၏ ပုံစံနည်း၊ ထို ၂ ပုဒ်တို့ ဧကတ္ထဖြစ်ပုံကို ပြပါ။ . . .	၈၀

http://www.dhammadownload.com

ဂါထာနံပါတ် စာမျက်နှာ

၄၁။ အတ္ထဇကေတ္ထဒေါသ၏ ပုံစံ၌ အဘယ်ပုဒ်များဝယ် အဘယ် အနက်သည် ဇကေတ္ထဖြစ်သနည်း။ ... ၈၂

၄၂။ (က) အဘယ်ကို "ဘဂ္ဂရီတိ" ဟု ခေါ်သနည်း၊ ရီတိ သဒ္ဒါ၏ အနက်ကို ဖော်ပြပါ။ ... ၈၃

၄၂။ (ခ) ပုံစံ၌ မည်သည့်ဝါကျသည် မည်သည့်အကြောင်းကြောင့် ဘဂ္ဂရီတိဒေါသ သင့်သည်- ဟု ဖော်ပြ၍, ရီတိ ပျက်နိုင်သော ပုဒ်များကိုလည်း ပြပါ။ ... ၈၃, ၄

၄၃။ အဘယ်ကို ဗျာကိဏ္ဏဒေါသခေါ်သနည်း၊ (၄၄)ပုံစံ၌ ဗျာကိဏ္ဏ ဖြစ်ပုံကို ပြပါ။ ... ၈၅, ၆

၄၅။ အဘယ်ကို ဂါမ္မဒေါသဟု ခေါ်သနည်း၊ ပုံစံ၌ ဂါမ္မဒေါသ သင့်သော ပုဒ်များကို ပြပါ။ ... ၈၆

၄၆။ ပဒသန္ဓာနဂါမ္မ၏ အဓိပ္ပာယ်ကို ပြ၍, "ယာ+ဘဝတော" ၌ ပဒသန္ဓာနဖြစ်ပုံ, ဂါမ္မဖြစ်ပုံကိုလည်း ပြပါ။ ... ၈၈, ၉

၄၇။ အဘယ်ကို ယတိဟီနဒေါသ- ဟု ခေါ်သနည်း၊ "ပဒစ္ဆေဒေါ ဘဝေ ယတိ" ဟူရာ၌ သန္ဓိပုဒ်ဖြတ်ခြင်းကို ပဒစ္ဆေဒဟု ဆိုလို သလား, အဘယ်ကို ပဒစ္ဆေဒဟု ဆိုလိုသနည်း။ ... ၉၁

၄၈။ ယတိ သဗ္ဗတ္ထ ပါဒန္တေဂါထာအရ ရနိုင်သောယတိများကို ပြ၍, အသီးအသီး ပုံစံကိုလည်း ပြပြီးလျှင် ပုဗ္ဗာပရနေကဝဏ္ဏပဒမဇ္ဈ ယတိ၌ အဓိပ္ပာယ်ရှင်းပြပါ။ ... ၉၂, ၃

၅၀။ သန္ဓိစပ် ယတိများ၌ ဝိဘတ္တိလောပယတိ, အလောပယတိ, ယာဒေသာဒိယတိများ၏ ပုံစံတို့ကို အသီးအသီး ယှဉ်ပြ၍, ထို ယတိများ၌ ပုဗ္ဗာပရနေကဝဏ္ဏ ဖြစ်-မဖြစ်ကို စိစစ်ဖွယ် လို-မလို ပြပါ။ ... ၉၄

၅၁။ စာဒိယတိ, ပါဒိယတိများ၏ ပုံစံကိုလည်း ဥဒါဟရဏ်, ပစ္စုဒါဟရဏ် အစုံတွဲ၍ ပြပါ။ ... ၉၆

၅၅။ အဘယ်ကို ကမစ္ဆုတဒေါသ - ဟု ခေါ်သနည်း, ပုံစံထုတ်၍ ကမစ္ဆုတဖြစ်ပုံကို ပြပါ။ ... ၁၀၀

၅၆။ အဘယ်ကို အတိဝုတ္တဒေါသ - ဟု ခေါ်သနည်း, ပုံစံထုတ်၍ အတိဝုတ္တဖြစ်ပုံကို ပြပါ။ ... ၁၀၁

၅၇။ အဘယ်ကို အပေတတ္ထဒေါသ - ဟု ခေါ်သနည်း, ပုံစံထုတ်၍ အပေတတ္ထဖြစ်ပုံကို ပြပါ။ ... ၁၀၃

http://www.dhammadownload.com

ဂါထာနုပါတ် စာမျက်နှာ

၅၈။ အဘယ်ကို ဗန္ဓဖရုသဒေါသ - ဟု ခေါ်သနည်း, ပုံစံထုတ်၍ ဗန္ဓဖရုသဖြစ်ပုံကို ပြပါ။ ... ၁၀၄

၆၀။ (က) အဘယ်ကို အပက္ကမဒေါသ-ဟု ခေါ်သနည်း, ပုံစံတုတ်၍ အပက္ကမဖြစ်ပုံကို ပြပါ။ ... ၁၀၆

၆၀။ (ခ) ဘောဂသဂ္ဂါဒိ၌ ဘောဂအရ, သဂ္ဂါဒိအရတို့ကို အာဒိဝန္တ အနက်များနှင့်တကွ ပြပါ။ ... ၁၀၆

၆၁။ (က) အဘယ်ကို ဩစိတျဟီနဒေါသ-ဟု ခေါ်သနည်း, ထို ဩစိတျဟီနဖြစ်သော အရာများကို တတ်နိုင်သမျှ ပြပါ။ ... ၁၀၇

၆၁။ (ခ) ပူဇနီယတရော-ဂါထာသည် မည်သည့် ဩစိတျဟီန၏ပုံစံ ဖြစ်၍ (၆၂) ယာစိတောဟံ-ဂါထာကား မည်သည့် ဩစိတျ ဟီန၏ ပုံစံဖြစ်သနည်း။ ... ၁၀၇,၈

၆၃။ (က) အဘယ်ကို ဘဂ္ဂရီတိဒေါသဟု ခေါ်သနည်း, ပုံစံထုတ်၍ မည်သည့်အစဉ် ပျက်သည်ဟု ပြပါ။ ... ၁၀၉

၆၃။ (ခ) ဝါကျဒေါသ, ဝါကျတ္ထဒေါသတို့၌ပါသော ဘဂ္ဂရီတိ၂မျိုး၏ အထူးကို ပြပါ။ ... ၁၁၀

၆၄။ အဘယ်ကို သသံသယဒေါသဟု ခေါ်ပါသနည်း၊ ပုံစံထုတ်၍ သံသယဖြစ်စရာပုဒ်ကို ပြပြီးလျှင် ဝိရုဒ္ဓတ္ထန္တရနှင့် သသံသယတို့ ထူး-မထူးကို စိစစ်ပါ။ ... ၁၁၁,၂

၆၅။ အဘယ်ကို ဝါကျတ္ထဂါမ္ဟဒေါသ-ဟု ခေါ်သနည်း၊ ပုံစံထုတ်၍ ဂါမ္ဟဖြစ်သောပုဒ်ကို ညွှန်ပြပြီးလျှင် မည်သည့် အနက်ကြောင့် ဂါမ္ဟဖြစ်ရသည်-ဟုလည်း ပြပါ။ ... ၁၁၃,၄

၆၆။ ဒုဋ္ဌာလင်္ကာနှင့် ဒုဋ္ဌာလင်္ကာရဏတို့ အနက်ထူးဟေးသလော, ထိုဒေါသ၏ ပုံစံကို ဘာ့ကြောင့် မပြသနည်း။ ... ၁၁၅

ဒေါသပရိဟာရာဝဗောဓအခန်းမေးခွန်းများ

၇၀။ ဝိန္ဒန္တိပါကသာလီနံ- စသော ဂါထာ၌ ဒိသဒေါ၌ အနက်၂ မျိုး ပေးဖို့ လိုပါသေးသလား၊ "အဆိပ်ကို ပေးတတ်သော" အနက် ရနိုင်လျှင် အဘယ့်ကြောင့် ဝိရုဒ္ဓတ္ထန္တရဒေါသ မသင့်သနည်း၊ ထိုသို့ မသင့်အောင် အဘယ် စကားများဖြင့် ဖာထေး၍ ဖြေထားသနည်း။ ... ၁၂၄,၅

http://www.dhammadownload.com

ဂါထာနံပါတ် စာမျက်နှာ

၇၁။ (က) "ဝိနာယကောပိ နာဂေါသိ" ဂါထာ၌ ဝိရုဒ္ဓတ္ထန္တရဒေါသသင့်သော အနက်ကို ပြ၍, ဒေါသသင့်ပုံကိုလည်း ပြပါ။ ... ၁၂၆

၇၁။ (ခ) ဝိနာယကောပိ-ဂါထာ၌ ဒေါသမသင့်သောအနက်ကို ပြ၍ ဒေါသမသင့်ပုံကိုလည်း ပြပါ။ ... ၁၂၆

၇၂။ အမျတ္ထဒေါသအဖြေ၌ အဘယ်စကားကြောင့် ဒေါသပြေသွားသနည်း, ရှေ့ ၂ ပါဒကို လိုရင်းမဟုတ်ဘဲ အဘယ့်ကြောင့် ထည့်ထားသနည်း။ ... ၁၂၈

၇၃။ ကိလိဋ္ဌဒေါသသင့်ပြီးသော "ဝိယာ"ပုဒ်သည် အဘယ်အရာ၌ သုံးစွဲထားလျှင် ဒေါသမသင့်သနည်း၊ ပဟေလိကို ဘယ်လို နေရာများ၌ သုံးစွဲလျှင် ကျေးဇူးများသနည်း။ ... ၁၂၉

၇၄။ ယမကအဖွဲ့၌ ကိလိဋ္ဌပုဒ်ပါလျှင် ကိလိဋ္ဌဒေါသလွတ်မည်လော။ ၁၃၀

၇၅။ "ရေ၌ပွင့်လေ့ရှိသော ကြာပန်းတို့သည် ကြည်းကုန်း၌ပွင့်ကြ၏" ဟုဆိုလျှင် အဘယ်ဒေါသသင့်သနည်း၊ ထိုဒေါသကို အဘယ်သို့ ဖြေလျှင် ပြေသနည်း။ ... ၁၃၁

၇၆။ "ဥတု ၃ ပါး၌ပွင့်သော ပန်းမျိုးစုံကို လေသည် ဆောင်ယူလာ၏"ဟု ဆိုလျှင် အဘယ်ဒေါသသင့်သနည်း၊ ထိုဒေါသကို အဘယ်သို့ ဖြေမည်နည်း။ ... ၁၃၂

၇၇။ ဆိုင်းတီးရာ၌ ကလာကျမ်းနှင့် တီးလုံး မညီလျှင် အဘယ်ဒေါသသင့်သနည်း၊ ထိုဒေါသကို အဘယ်သို့ ဖြေမည်နည်း။ ... ၁၃၃

၇၈။ ရှားမီးကျီးသည် စန္ဒကူးထက် အေးသည်ဟု ထင်၏-ဟုဆိုလျှင် အဘယ်ဒေါသသင့်သနည်း၊ ထိုဒေါသကို ၁ယ်သို့ ဖြေမည်နည်း။ ၁၃၄

၇၉။ "မိမိမှာ မရှိသောအရာကို သူတစ်ပါးအား ပေးနိုင်၏"ဟုဆိုလျှင် အဘယ်ဒေါသ သင့်သနည်း၊ ထို ဒေါသ မသင့်စေဘဲ အဘယ်သူသည် အဘယ်ကို ပေးပါသနည်း။ ... ၁၃၅

၈၀။ "တစ်စုံတစ်ယောက်နှင့်မျှ အတူ စကားမပြောဘဲ ဝစီဝိညတ်ကြောင့် အပြစ် သင့်သည်" ဟု ဆိုလျှင် အဘယ်ဒေါသ သင့်သနည်း၊ ထိုဒေါသမသင့်အောင် ဘယ်အခါမှာ ဘယ်ပုဂ္ဂိုလ်သည် ဝစီဝိညတ်ကြောင့် အပြစ်ရဖူးပါသနည်း။ ... ၁၃၆

၈၁။ နေယျဒေါသ၏ အဖြေပုဒ်တို့ကား အဘယ်တို့ပါနည်း၊ ဤသို့ တိုက်ရိုက်အဖြေပါခြင်းကိုဘာဖြင့်သိရခြင်းဟုခေါ်သနည်း။ ... ၁၃၇

http://www.dhammadownload.com

ဂါထာနံပါတ်		စာမျက်နှာ
၈၂။	မနောနုရဉ္ဇနော-စသော ဂါထာ၌အဘယ်အနက်များ တိုက်ရိုက်ပါကြသနည်း၊ ထိုအနက်များဖြင့် အပိုသိရသော သာမတ္ထိယတ္ထကား အဘယ်ပါနည်း။	... ၁၃၉
၈၃။	ဝိသေသနာပေက္ခဒေါသ၏ အဖြေပုဒ်ကား အဘယ်ပုဒ်နည်း၊ ကောင်းသောဘက်၌ အဖြေပုံစံကို ပြ၍, ထိုပုံစံ၌ အဖြေပုဒ်ကိုလည်း ပြပါ။	... ၁၄၀
၈၄။	ဟီနတ္ထဒေါသ၏အဖြေ၌ အဘယ်သဒ္ဒါသည် လိုရင်းဖြစ်သနည်း၊ ထိုဂါထာကို အဓိပ္ပာယ်ပေါ်လာအောင် မြန်မာပြန်ပါ။	... ၁၄၁
၈၅။	အနတ္ထဒေါသခန်း၌ အပြစ်ဖြစ်ခဲ့သော ပုဒ်များကို အဖြေခန်း၌ အပြစ် မဖြစ်အောင် ဘယ်သို့ ပြောင်းလဲ၍ သုံးစွဲထားသနည်း။	၁၄၂
၈၆။	အဘယ်အရာမျိုး၌ တစ်နက်တည်းဝယ် ၂ ကြိမ်ထပ်၍ ဆိုခြင်းကြောင့် ဧကတ္ထအပြစ် မရှိသနည်း၊ (၈၇)ပုံစံ ဂါထာ၌ အဘယ့်ကြောင့် ဧကတ္ထဒေါသ မသင့်ရသနည်း။	... ၁၄၃
၈၈။	(က) ယောကောပိ- စသော ပုံစံ၌ အဘယ့်ကြောင့် ဘဂ္ဂရီတိ ဒေါသ မသင့်သနည်း၊ "အဟော ဗုဒ္ဓမဟောဒယော" ၌ သဗ္ဗနာမ်ပုဒ် အစဉ်မပျက်ပါလော။	... ၁၄၄
၈၈။	(ခ) ကောပိ စသည်၌ အဘယ်သဒ္ဒါ၏ အဘယ်အနက်ကြောင့် "များများကြီးကျယ် အံ့သြဖွယ်"ဟု ပေးနိုင်သနည်း။	... ၁၄၄,၅
၈၉။	ဗျာကိဏ္ဏဒေါသ လွတ်အောင် အဘယ်သို့ စီကုံးရမည်နည်း၊ အဘယ်ဂုဏ် ရောက်လျှင် ဗျာကိဏ္ဏဒေါသမှ လွတ်သနည်း၊ (၉၀)ပုံစံ၌ ဗျာကိဏ္ဏဒေါသ လွတ်ပုံကို ပြပါ။	... ၁၄၆,၇
၉၁။	အဘယ်သို့ဖွဲ့စီလျှင် ဂါမ္ဍဒေါသမှ လွတ်နိုင်သနည်း၊ (၉၂)ပုံစံ၌ ဂါမ္ဍဒေါသမှ လွတ်ပုံနှင့် ရသင့်သော ရသတို့ကို ပြပါ။	... ၁၄၉,၀
၉၃။	ယတိဟီနဒေါသ၏အဖြေကို ထပ်၍မဆိုလျှင် နားကြားထိတ်စရာ မဖြစ်ပါလော၊ ထိတ်စရာမရှိခြင်း၏ အကြောင်းကို ပြပါ။	... ၁၅၂
၉၄။	ကမစ္ဆုတ အဖြေပုံစံ၌ အဘယ့်ကြောင့် ဒေါသမှ လွတ်သနည်း၊ "ဥဒါရပေါတွယိ"ကို အဘယ့်ကြောင့် ထည့်ရသနည်း။	... ၁၅၃
၉၅။	အတိဝုတ္တအဖြေပုံစံ၌ အဘယ့်ကြောင့် အတိဝုတ္တမဖြစ်သနည်း။	၁၅၄
၉၆။	အပေတတ္ထအဖြေ၌ဘယ်သူတို့၏စကားဖြစ်လျှင် ဒေါသမသင့်ဘဲ ဘယ်သူတို့၏စကားဖြစ်လျှင် ဒေါသသင့်သနည်း။	... ၁၅၆

http://www.dhammadownload.com

ဂါထာနံပါတ် စာမျက်နှာ

၉၈။ အဘယ် အဖွဲ့သည် ဗန္ဓဖရုသဒေါသကို ဖျက်နိုင်ပါသနည်း၊ (၉၉) ပုံစံ၌ ဓနိဟအက္ခရာ မည်မျှပါ၍, မည်သည့် ဌာန်တူ အက္ခရာများလည်း နီးကပ်စွာ ပါကြသနည်း။ ... ၁၅၇,၈

၁၀၂။ အပက္ကမအဖြေပုံစံ၌ မည်သို့စဉ်သောကြောင့် အပက္ကမဒေါသမှ လွတ်သနည်း၊ ကမစ္စုတနှင့် အပက္ကမအထူးပြပါ။ ... ၁၅၉,၀

၁၀၁။ တစ်ရံတစ်ခါမျှ အစဉ်ပျက်၍မရသလော, ဘယ်လိုအရာဝယ် အစဉ်ပျက်နိုင်သေးသနည်း၊ (၁၀၂)ပုံစံ၌အစဉ်ပျက်ပုံ, အစဉ် မပျက်သော်လည်း အပြစ်မသင့်ပုံကို ဖော်ပြပါ။ ... ၁၆၀,၁

၁၀၃။ ဩစိတျဟီနဒေါသ မသင့်သော ဝုဏ်ဖော်သင့်ရာ-ဟူသည် အဘယ်နေရာမျိုးနည်း၊ ပုံစံတစ်ခုမျှ ပြခဲ့ပါ။ ... ၁၆၂

၁၀၄။ ဩစိတျသည် အဘယ်တိုင်အောင် ထင်ရှားသနည်း၊ ထို ဩစိတျဥပဒေပြုပုဂ္ဂိုလ်များကား အဘယ်ပုဂ္ဂိုလ်များနည်း။ ၁၆၃

၁၀၅။ "ရသပေါသော"ပါ၌၌ "ရသ"ဟူသည် အဘယ်နည်း၊ (၁၀၆) ၎င်း မာရသေန-စသောဂါထာ၌ အဘယ်စကားများသည် ဩစိတျသမွောသက ဖြစ်ကြသနည်း။ ... ၁၆၄,၅

၁၀၇။ အဘယ်သို့စိရင်လျှင် ဘဂ္ဂရီတိဒေါသမှ လွတ်သနည်း၊ အဘယ့်ကြောင့် ပုံစံ၂ မျိုးပြသနည်း၊ ထိုပုံစံများ၌ ဒေါသလွတ်ပုံကို ပြပါ။ ၁၆၇,၈

၁၁၀။ သသံသယဒေါသအဖြေ၌ အဘယ်ပုဒ်သည်အဖြေဖြစ်သနည်း၊ (၁၁၁)တမင်တကာ သံသယဖြစ်အောင် စီကုံးလျှင် ထိုဒေါသ သင့်သေးသလော၊ ကီဠာဒိ၌ အာဒိ၏အနက်များကို ပြပါ။ ၁၆၉,၀

၁၁၂။ ယာတေ ဒုတိယံ နိလယံ-စသော ဂါထာ၌ သံသယဖြစ်စရာ ပုဒ်တို့ကား အဘယ်ပါနည်း၊ ထိုပုဒ်များသည် အဘယ့်ကြောင့် သသံသယဒေါသ မသင့်ကြသနည်း။ ... ၁၇၀,၁

၁၁၃။ သုဘဂါ - ဘဂိနီပုဒ်တို့၌ ဂါမဒေါသသင့်ဖွယ် အနက်ကား အဘယ်အနက်ပါနည်း၊ ထိုအနက် ရနိုင်ပါလျက် အဘယ် အနက်က ထင်ရှားသောကြောင့် ဂါမဒေါသမှ လွတ်သနည်း။ ၁၇၂

၁၁၄။ ဒုဋ္ဌာလင်္ကတိဒေါသအဖြေကို ဘာ့ကြောင့် မပြသနည်း။ ... ၁၇၃

အမှာ။ ။အချိန်ပိုရသော စာသင်သားများအတွက် ပဟေလီများ၌ လေ့ကျင့်ခန်းမေးခွန်းများ ပြုလုပ်သင်ပြသင့်ကြ၏။

http://www.dhammadownload.com

ဂါထာနံပါတ် စာမျက်နှာ

ဂုဏ္ဍာဝဖောဓအခန်း-မေးခွန်းများ

၁၁၇။ သဒ္ဒါလက််ာရဟု ခေါ်အပ်သော ဂုဏ်ဆယ်ပါးတို့တွင် သဒ္ဒသက်သက်ဂုဏ်, သဒ္ဒအတ္ထ၂ မျိုးရောသော ဂုဏ်များကို ခွဲခြားပြပါ။ ... ၁၉၉

၁၁၉။ အဘယ် ပုဒ်အစဉ်ကို ပသာဒဂုဏ်ဟုခေါ်သနည်း၊ အဘယ်ဒေါသများလွတ်လျှင် ပသာဒဂုဏ်ရောက်သနည်း။ ... ၂၀၀

၁၂၀။ အလင်္ကာရန္တာ-ဂါထာ၌ မည်သည့် ပုဒ်များသည် အချင်းချင်းနီး၍ စပ်ပုဒ်ဖြစ်ကြသနည်း။ ... ၂၀၂

၁၂၁။ ဩဇဂုဏ်၏ လက္ခဏာကို ပြပါ၊ အနာကုလောကို ပဇ္ဇနှင့် သာတွဲလျှင် ဂဇ္ဇ၌ အဘယ်သို့ ခွင့်ပြုရာ ရောက်သနည်း။ ... ၂၀၃,၄

၁၂၂။ မုနိန္ဒမန္ဒသဒ္ဓါတ-စသော ဂါထာ၌ အဘယ်ပုဒ်သည် ဩဇဂုဏ် ရောက်သနည်း၊ ထိုပုဒ်၌ သမာသ်များပုံသိရအောင် သမာသ်တဲ့ပြပါ။ ... ၂၀၅

၁၂၃။ အတ္ထဩဇဂုဏ် ၂ မျိုး၏ သဘောကို ပြ၍, ဇောတယိတ္ထာန-စသော ဂါထာသည် မည်သည့်ဩဇဂုဏ်ရောက်သည်ဟု ပြပါ။ ၂၀၇

၁၂၄။ မတ္ထကဋ္ဌိ- ဂါထာသည် မည်သည့် ဩဇဂုဏ် ရောက်သနည်း၊ ထိုဂါထာ၏ ဩဇဂုဏ်ရောက်ပုံကို ပြပါ။ ... ၂၁၀

၁၂၆။ ထို ဩဇဂုဏ် ရှိအောင် ဖွဲ့စီနိုင်ဖို့ရာ အဘယ်သူများသည် အဘယ်သို့ ပြုရသနည်း။ ... ၂၁၁

၁၂၇။ အဘယ်ကို မဓုရတာဂုဏ်ဟု ခေါ်သနည်း၊ မဓုရတာအပြားနှင့် ထိုအပြား၏ သဘောလက္ခဏာကို ပြပါ။ ... ၂၁၃

၁၂၈။ ယဒါ ဧသောဘိသမ္ဗောဓိ- ဂါထာသည် အဘယ် မဓုရတာ၏ ပုံစံပါနည်း၊ ထိုဂါထာ၌ ထိုဂုဏ်ရပုံကို ပြပါ။ ... ၂၁၅

၁၂၉။ မုနိန္ဒမန္ဒဟာသာဂါထာသည် အဘယ် မဓုရတာ၏ ပုံစံပါနည်း၊ ထိုဂါထာ၌ ထိုဂုဏ်ရပုံကို ပြပါ။ ... ၂၁၆

၁၃၀။ အလုံးစုံနူးညံ့သောအကွရာတို့ဖြင့် ဖွဲ့အပ်သောအနုပ္ပဿသမဓုရတာသည် အဘယ်ဂုဏ်နှင့် ဆန့်ကျင်ပါသနည်း၊ ထိုဆန့်ကျင့်သောဂုဏ်၌ အဘယ်အက္ခရာပါရမည်ဟု ဆိုထားပါသနည်း။ ... ၂၁၇

၁၃၁။ (က) အဘယ်ကို သမတာဂုဏ်ဟု ဆိုသနည်း၊ သမတာအပြားကို ပြ၍, မုဒုအက္ခရာ, ဖုဋ္ဌအက္ခရာများကို ခွဲခြားပြပါ။ ... ၂၁၉,၀

http://www.dhammadownload.com

ဂါထာနံပါတ် စာမျက်နှာ

၁၃၁။ (ခ)သက္ကတဋ္ဌ သမတာလက္ခဏာကို အဘယ်သို့ ဆို၍, ပုံစံကို အဘယ်သို့ ထုတ်သနည်း၊ ထိုအဆိုသည် ဤသုဇောမာလင်္ကာရ ဆိုပုံနှင့် တူနိုင်မည်လော။ ... ၂၂၁

၁၃၂။ ကောကိလာလာပ- စသော ပုံစံ၌ ဖုဋ္ဌအက္ခရာသည် အဘယ်နည်း၊ ထိုအက္ခရာကို ဘာ့ကြောင့် ထည့်သနည်း။ ... ၂၂၂

၁၃၃။ သမ္ဘာဝနီယ-စသောပုံစံ၌ ဖုဋ္ဌအက္ခရာ ဘယ်နှစ်လုံးပါသနည်း၊ ဖုဋ္ဌအက္ခရာက မုဒုအက္ခရာလောက် မများပါဘဲ အဘယ့်ကြောင့် ဖုဋ္ဌပုံစံ ဖြစ်ရသနည်း။ ... ၂၂၄

၁၃၄။ လဒ္ဓစန္ဒနသံသဂ္ဂ-စသော ဂါထာ၌ ဖုဋ္ဌအက္ခရာ ဘယ်နှစ်လုံးပါသနည်း၊ မုဒုအက္ခရာနှင့် ဖုဋ္ဌအက္ခရာတို့ လုံးရေချင်း မညီမျှဘဲ အဘယ့်ကြောင့် မိဿသမတာဂုဏ်ဟု ဆိုသနည်း။ ... ၂၂၅

၁၃၅။ (က) အနိဋ္ဌရက္ခရပ္ပယာ-စသော ဂါထာ၌ အဘယ်ကို နိဋ္ဌရအက္ခရာဟု ခေါ်သနည်း၊ အနိဋ္ဌရက္ခရပ္ပယာနှင့်သဗ္ဗကောမလနိဿန္ဒာသည် အဓိပ္ပာယ်ထူးသေးသလော။ ၂၂၆,၇

၁၃၅။ (ခ) ဘယ်အက္ခရာများကို ကိစ္ဆဥစ္စာရဏာ - ဟု ဆိုသနည်း၊ သုခုမာလတာလက္ခဏာကို ပြပါ။ ... ၂၂၇

၁၃၆။ သုခုမာလတာ ပုံစံ ဂါထာ၌ နိဋ္ဌရ (ဖရုသ) အက္ခရာတို့ကား အဘယ်နည်း၊ န္တ သံယုဂ်များသည် ကိစ္ဆဥစ္စာရဏာ မဖြစ်ပါလော။ ... ၂၂၈

၁၃၇။ သုခုမာလတာဂုဏ်သည် အတ္ထာလင်္ကာရ မပါလျှင် ပညာရှိ ရှေ့မှောက်သို့ ရောက်နိုင်မည်လော၊ (၁၃၈) အတ္ထာလင်္ကာရ ပါသော သုခုမာလတာပုံစံကို ပြ၍, မည်သည့်အတ္ထာလင်္ကာရ ပါသည်-ဟုလည်း ညွှန်ပြပါ။ ... ၂၂၉,၀

၁၃၉။ အနက်ပေါ်တည်သော သုခုမာလတာ၏ပုံစံကိုပြ၍, အနက်ပေါ်တည်လျှင် အတ္ထဂုဏ်ဆိုထိုက်-မဆိုထိုက်ကိုလည်း ရှင်းပြပါ။ ၂၃၁

၁၄၀။ (က) သိလေသဂုဏ်၏ လက္ခဏာကို ပြ၍, သိလိဋ္ဌပဒသံသဂ္ဂသဗန္ဓဂါရဝဝုဒ်တို့၏ အဓိပ္ပာယ်ကိုလည်း ပြပါ။ ... ၂၃၂

၁၄၀။ (ခ) ဌာနံတူအက္ခရာ နီးကပ်ရမည်-ဟု ဆိုသော ပဒါသတ္တိနှင့် ဤ သိလေသတို့၏ ထူးခြားချက်ကိုလည်း ပြပါ။ ... ၂၃၃

http://www.dhammadownload.com

ဂါထာနံပါတ်		စာမျက်နှာ
၁၄၁။	ဗာလိန္ဒု ဝိဗ္ဘမစ္ဆေဒိ-စသောဂါထာ၌ နီးကပ်သော ဌာန်တူ ပုဒ်များကို တွဲစပ်ပြပါ။ ...	၂၃၄
၁၄၂။	ဥဒါရဂုဏ်၏လက္ခဏာ(အင်္ဂါ)ကို ပြ၍, (၁၄၃) ပုံစံဂါထာဖြင့် မည်သည့်အရာ၏ သမုဏ္ဍံသကို ပြသည်ဟု ဖော်ပြပါ။ ...	၂၃၆
၁၄၅။	ဝိသေသနတို့၏ ဥဒါရဖြစ်ပုံကို ကီဋ္ဌာသရော စသော ပုံစံ ၃ မျိုးဖြင့် ရှင်းပြ၍, မည်သည့် ဒေါသတို့မှ လွတ်လျှင် ဥဒါရ ဂုဏ် ဖြစ်သည်ဟုလည်း ပြပါ။ ...	၂၃၈,၉
၁၄၆။	ကန္တိဂုဏ်၏ လက္ခဏာ (အင်္ဂါ)ကို ပြ၍, ပုံစံဂါထာလည်း ပြပါ။	၂၄၀
၁၄၇။	အဘယ်ဒေါသလွတ်လျှင် အတ္ထဗျတ္တိဂုဏ် ရသနည်း၊ အတ္ထဗျတ္တိ အပြားနှင့် ပုံစံ ၂ ဂါထာ၏ အတ္ထဗျတ္တိဖြစ်ပုံကိုလည်း ပြပါ။	၂၄၂
၁၄၈။	သဘာဝမလတာ-စသော ဂါထာသည် အဘယ် အတ္ထဗျတ္တိ၏ ပုံစံနည်း၊ ထိုဂါထာ၏ အတ္ထဗျတ္တိဖြစ်ပုံကိုလည်း ပြပါ။ ...	၂၄၃
၁၄၉။	သမာဓိဂုဏ်ကို ပညာရှိအားလုံးက အဘယ်သို့ ဆိုကြသနည်း၊ (၁၅၀) သမာဓိပုဒ်၏ ဝစနတ္ထကို ပြပြီးလျှင် (၁၅၁, ၁၅၂) သမာဓိဂုဏ်၏ အပြားကိုလည်း ပြပါ။ ...	၂၄၅,၆
၁၅၃။	ပါဏိဓမ္မသမာဓိပုံစံ၌ ပါဏိနှင့်ထိုပါဏိ၏ သဘော ၃ မျိုးကို လည်းကောင်း, အပါဏိနှင့် ထို အပါဏိ၏ သဘော ၃ မျိုးကို လည်းကောင်း ထင်ရှားပြပါ။ ...	၂၄၇
၁၅၄။	ဒယာရသေသု - စသော ဂါထာ၌ ရသသဒ္ဒါသည် အဘယ် အနက်ကို ဟောသနည်း၊ ထိုဂါထာ၌ တင်စားပုံကို ပြပါ။ ...	၂၄၉
၁၅၅။	မဓုရေပိဂုဏော-စသောဂါထာ၌ တင်စားပုံ ၂ မျိုးကို ပြပါ။...	၂၅၁
၁၅၆။	သဗ္ဗတ္ထသိဒ္ဓ-စသော ဂါထာ၌ အဘယ်သဘောကို အဘယ်၌ တင်စားသနည်း၊ စူဋ္ဌကနှင့် မဟာတွဲပုံကို ထောက်၍ စူဋ္ဌက အတွက် အဘယ်အနက် ဖြစ်သင့်သနည်း။ ...	၂၅၂,၃
၁၅၇။	မာရာရိ-စသောဂါထာ၌ တင်စားအပ်သော အနက်၏သဘော ၃ မျိုးကို ပြ၍, ထို အနက်များကို မည်သည့် အရာ၌ တင်စား ထားသည်ဟုလည်း ပြပါ။ ...	၂၅၄
၁၅၈။	မုနိန္ဒဘာဏုမာ - စသော ဂါထာ၌ အဘယ် အရာဝတ္ထု၏ သဘောကို အဘယ်၌ တင်စားထားသနည်း။ ...	၂၅၅

http://www.dhammadownload.com

ဂါထာနံပါတ် စာမျက်နှာ

၁၅၉။ ပျို့အန်ခြင်း, လေချဉ်တက်ခြင်း, ဝမ်းသွန်ခြင်း စသော စကားများသည် အမှန်မုချဖြစ်လျှင် ဘယ်အပြစ်, ဥပစာ တင်စားခြင်းဖြစ်လျှင် ဘယ်ဂုဏ်ရသနည်း။ ... ၂၅၆

၁၆၀။ ကန္တီနံ ဝမနဗျာဇာ-စသော ဂါထာ၌ ဝမန-ပျို့အန်ခြင်းဟူသော စကားသည် အဘယ့်ကြောင့် ဂါမဒေါသ မသင့်သနည်း၊ ထို ဂါထာ၏ ဆိုလိုရင်းကို ဖော်ပြပါ။ ... ၂၅၈

၁၆၁။ (က) "အစိတ္တကတ္တုကံ ဂုဏာကမ်ဳ" တို့၏ ဆိုင်ရာ ပုံစံကို ပြ၍, အစိတ္တကတ္တားဖြစ်ပုံ, ဂုဏ်ဟူသော ကံဖြစ်ပုံကို ပြပါ။ ... ၂၅၉

၁၆၁။ (ခ) "သစိတ္တကတ္တုကံပိ ဂုဏာကမ်ဳ" ၏ ပုံစံကို ပြ၍, ထို ပုံစံ၌ သစိတ္တကတ္တားဖြစ်ပုံ, ဂုဏ်ဟူသော ကံဖြစ်ပုံကို ပြပါ။ ... ၂၆၀

၁၆၁။ (ဂ) ကျမ်းဦးဂါထာ၌ ရထိုက်သော ဂုဏ် (သဒ္ဒါလင်္ကာရ)များကို အကြောင်းနှင့်တကွ ဖော်ပြပါ။ ... ၂၆၁,၂

၁၆၃။ အဘယ်ကျမ်းတို့၌ ကျမ်းကျင်သူသည် ကဝိတ္တဂုဏ် မရှိသော်လည်း ကဝိကို ရေတွက်ရာတွင် ပါဝင်နိုင်သနည်း၊ "ကဝိတ္တ ဝိကလော"ပုဒ်ကို ဝိဂ္ဂဟပြုပါ။ ... ၂၆၃,၄

အတ္ထာလင်္ကာရာဝဟောဓအခန်းမေးခွန်းများ

၁၆၅။ အတ္ထာလင်္ကာရအပြားကို ပြ၍ မည်သည့် အဖွဲ့ကို သဘာဝဝုတ္တိ ခေါ်ကြောင်းကို ပြပြီးလျှင်, သဘာဝဝုတ္တိအပြားကိုလည်း ပြပါ။ ၂၆၇

၁၆၆။ လီလာဝိက္ကန္တိ-စသောဂါထာဖြင့် ပြအပ်သော ဘုရားအလောင်း တော်ကလေး၏ အဝတ္ထာများကို ပြပါ။ ... ၂၆၈

၁၆၇။ အဘယ်ကို ဝင်္ကဝုတ္တိဟုခေါ်သနည်း၊ထိုဝင်္ကဝုတ္တိ၏အပြားသည် မည်မျှလောက် များသနည်း။ ... ၂၇၂

၁၆၈။ ဤ အလင်္ကာကျမ်း၌ ဝင်္ကဝုတ္တိအပြား ဘယ်နှစ်ပါး ရှိသနည်း၊ ထိုတွင် ထူးခြားသော ၂ ပါးကား အဘယ်တို့နည်း။ ... ၂၇၄

၁၇၃။ အဘယ်ကို အတိသယဝုတ္တိ - ဟု ခေါ်သနည်း၊ ထို အပြားကို သဘောလက္ခဏာနှင့်တကွ ပြပါ။ ... ၂၇၅,၆

၁၇၄။ လောကိယာတိသယဝုတ္တိ - ဟူသည် သဘာဝဝုတ္တိမှ တစ်မျိုး တခြား ဖြစ်ပါသလော၊ တစ်မျိုးတခြား မဟုတ်လျှင် အဘယ့်ကြောင့် ထပ်၍ ပြပါသနည်း။ ... ၂၇၇

http://www.dhammadownload.com

ဂါထာနံပါတ်		စာမျက်နှာ
၁၇၅။	ပိဝန္တိ ဒေဟကန္တိ ယေ - စသော ဂါထာ၌ ဝက်ဝုတ္တိဖြစ်ပုံ လောကာတိက္ကန္တဖြစ်ပုံကို ပြပါ။	... ၂၇၉
၁၇၆။	ဥပမာအလင်္ကာ၌ "ဥပမာ"ဟူသည် အဘယ်နည်း၊ ထိုဥပမာသည် ဘယ်နှစ်မျိုး ပြားသနည်း။	... ၂၈၀
၁၇၇။	(က) သဒ္ဒဂမ္ဘီရပမာ၌ သဒ္ဒါဟူသည် အဘယ်တို့နည်း၊ သဒ္ဒဂမ္ဘီရပမာ ဘယ်နှစ်မျိုး ပြားသနည်း၊ မုနိန္ဒော စန္ဒိမာနနောသည် အဘယ် ဥပမာ၏ ပုံစံနည်း။	... ၂၈၁
၁၇၇။	(ခ) စန္ဒိမာနနောကို ဝိဂ္ဂဟပြု၍, ဥပမာနစသော ၄ ပါးကို ခွဲခြားပြီးလျှင်, အလင်္ကာရိယ - အလင်္ကာရဖြစ်ပုံ, ဝက်ဝုတ္တိဖြစ်ပုံကိုလည်း ပြပါ။	... ၂၈၂,၃
၁၇၈။	ပစ္စယသဒ္ဒဂမ္ဘီရပမာ၌ ပစ္စယဟူသည် အဘယ်တို့နည်း၊ ထို၏ ပုံစံများကို ပြ၍, ပင်္ဇယတေ၌ အလင်္ကာရိယ-အလင်္ကာရဖြစ်ပုံ, ဝက်ဝုတ္တိဖြစ်ပုံကို ပြပါ။	... ၂၈၄
၁၇၉။	ကွဝါဒိသဒ္ဒဂမ္ဘီရပမာ၌ ကွဝါဒိသဒ္ဒါတို့သည် အဘယ်မျှ များသနည်း၊ ထိုကွဝါဒိဂိဏ်းဝယ် နာမ်ပုဒ်, ကြိယာပုဒ်, ဝါကျများကို အစနှင့်အဆုံး ပိုင်းခြား၍ ပြပါ။	... ၂၈၇
၁၈၆။	ဓမ္မောပမာ၌ ဓမ္မသဒ္ဒါ၏ အနက်ကိုပြ၍, ဂါထာ၌ ဓမ္မကိုပြသော ပုဒ်ကို ပြပြီးလျှင်, ဥပမာန-ဥပမေယျ-ဥပမာ- ဥပမာဇောတက ၄ မျိုးကို ခွဲပြပါ။	... ၂၉၀
၁၈၇။	ဓမ္မဟိနောပမာ အမည်ရခြင်း၏ အကြောင်းနှင့် ပုံစံကိုလည်း ကောင်း, ဝိပရီတောပမာအမည်ရခြင်း၏အကြောင်းနှင့် ပုံစံကိုလည်းကောင်း ပြပါ။	... ၂၉၁
၁၈၈။	အညမညောပမာ အမည်ရခြင်း၏အကြောင်းနှင့် ပုံစံကို ပြ၍, အညမညဿ၏ ရုပ်ပြီးပုံအကျဉ်းကို ပြပါ။	... ၂၉၂
၁၈၉။	အဿတောပမာအမည်ရခြင်း၏အကြောင်းကို ပြ၍, ပုံစံကိုလည်း ဥပမာန-ဥပမေယျ-ဥပမာခွဲပြပါ။	... ၂၉၃
၁၉၀။	သိလေသောပမာ၌ သိလေသ၏ အဓိပ္ပာယ်ကို ဂိဂြိုဟ်နှင့်တကွ ပြ၍, ပုံစံ၌ ဥပမာန စသော ၃ ချက်ကို ခွဲပြပါ။	... ၂၉၅
၁၉၁။	သရူပေါပမာ အမည်ရခြင်း၏အကြောင်းကို ပြ၍,ပုံစံ၌ ဥပမာန စသော ၃ ချက်ခွဲပြီးလျှင်, သိလေသောပမာ-ဟု မခေါ်ထိုက်ခြင်း၏ အကြောင်းကိုလည်း ပြပါ။	... ၂၉၆,၇

http://www.dhammadownload.com

ဂါထာနံပါတ် စာမျက်နှာ

၁၉၂။ နိန္နောပမာ အမည်ရခြင်း၏ အကြောင်းကို ပြ၍, ပုံစံ၌လည်း ဥပမာနစသော ၃ ချက်ကို ခွဲပြပါ။ ... ၂၉၈

၁၉၃။ ပဋိသေဓောပမာမည်ခြင်း၏ အကြောင်းကို ဤကျမ်းနည်း, ဋီကာနည်း၂ မျိုးပြ၍, ပုံစံကိုလည်း ဥပမာနစသော ၃ ချက်ခွဲပြီးလျှင်, နိန္နောပမာမဆိုသင့်ခြင်း၏အကြောင်းကိုလည်း ပြပါ။ ... ၂၉၉

၁၉၄။ သာဓာရဏောပမာမည်ခြင်း၏ အကြောင်းကို ဤကျမ်း၏နည်း, ဋီကာနည်း၂ မျိုးပြ၍,ပုံစံ၌ ဥပမာနစသော ၃ ချက်ခွဲပြပါ။... ၃၀၀,၁

၁၉၅။ အဘူတောပမာ မည်ခြင်း၏ အကြောင်းကို ပြ၍, ပုံစံ၌လည်း ဥပမာန စသော ၃ ချက် ခွဲပြပါ။ ... ၃၀၁,၂

၁၉၆။ သရူပေါပမာမည်ခြင်း၏အကြောင်းကိုပြ၍, ပုံစံ၌လည်း ဥပမာန စသော ၃ မျိုးခွဲပြီးလျှင်,ဥပမာဇောတက ကျဝစသောသဒ္ဒါများ မပါဘဲလျက် ဥပမာအနက် သိနိုင်ပုံကိုလည်း ပြပါ။ ... ၃၀၃

၁၉၈။ ပရိကပ္ပောပမာ မည်ခြင်း၏ အကြောင်းကို ပြ၍, ပုံစံ၌လည်း ဥပမာန စသော ၃ မျိုး ခွဲပြပါ။ ... ၃၀၄,၅

၁၉၉။ သံသယောပမာ၏ ပုံစံ၌ ယုံမှားသံသယဖြစ်ပုံကို ပြ၍, ဥပမာန ဥပမေယျ ၂ ပါးကို ခွဲပြပါ။ ... ၃၀၆

၂၀၀။ ပတိဝတ္ထုပမာ၏ သဘောကို ပြ၍, ပတိသဒ္ဒါ၏အနက်, သာမျ ပတိတို၌ သာမျ+ပတိတိတို့၏ အနက်ကိုလည်း ပြပါ။ ... ၃၀၇

၂၀၁။ ဇနေသု- စသော ပုံစံ၌ အဘယ်ကို ပဌမပြု၍, အဘယ်ကို နောက်မှ ပြထားသနည်း၊ ဥပမာနစသော ၃ မျိုး ခွဲပြပါ။ ... ၃၀၈

၂၀၂။ အဘယ်ဥပမာကို ဝါကျတ္ထောပမာဟု ခေါ်သနည်း၊ ဝါကျတ္ထော ပမာအပြားကို သရုပ်ထုတ်ပြပါ။ ... ၃၀၉

၂၀၃။ ဇိနောသံလ္လေသ-စသောပုံစံကို အနက်အားဖြင့် တစ်ဝါကျတည်း ဖြစ်အောင် မြန်မာပြန်၍, ဥပမာနစသော ၃ ပါးကို ခွဲပြပါ။... ၃၁၀

၂၀၄။ မုနိန္ဒာနနမာဘာတိ-စသော ဝါကျ၌ ဥပမာဇောတက မပါဘဲ လျက် အဘမ်္ဘကြောင့် ဥပမာကို သိနိုင်ပါသနည်း။ [တစ်ဝါကျ တည်း ဖြစ်အောင်ကား- "အထက်ကောင်းကင်သို့ တက်၍ ဘုရားမျက်နှင့် တူသည်-ဟု ကြုံးဝါးနေသော လနှင့် တူသော (ဝိသေသန)ဘုရားမြတ်စွာရွှေမျက်နှာတော်သည် တောက်ပ၏" ဟု မြန်မာပြန်ပါ။ ... ၃၁၁

http://www.dhammadownload.com

ဂါထာနံပါတ် စာမျက်နှာ

၂၀၅။ အဘယ်ဥပမာများသည် ဒုဋ္ဌာလင်္ကတိဒေါသ ရောက်ကြသနည်း၊ (၂၀၆) ဘိန္နလိင်္ဂ, ဝိဇာတိဝစန, ဟီနဥပမာတို့၏ ပုံစံကို ပြ၍, ဘိန္နလိင်္ဂ စသည် ဖြစ်ပုံကို ရှင်းပြပါ။ ... ၃၁၃,၄

၂၀၇။ အဓိကောပမာ, အဖုဋ္ဌောပမာနှင့် (၂၀၈)အပေက္ခိနီ, ခဏ္ဍိတောပမာတို့၏ပုံစံကို ပြ၍, အဓိကစသည်ဖြစ်ပုံကိုလည်း ရှင်းပြပါ။ ၃၁၅,၆

၂၁၀။ ဘိန္နလိင်္ဂ, ဝိဇာတိဝစန (၂၁၁) ဟီန, အဓိကဖြစ်ပါလျက် ဒုဋ္ဌာလင်္ကတိဒေါသ မရောက်သောပုံစံတို့ကို ပြ၍, ဘိန္နလိင်္ဂစသည် ဖြစ်ပုံကို ရှင်းပြပါ။ ... ၃၁၈,၀

၂၁၂။ အဘယ်ကို "ရူပကအလင်္ကာ" ဟု ခေါ်သနည်း၊ ဥပမာနှင့် ရူပကတို့ ထူးခြားပုံကိုလည်းကောင်း, (၂၁၃) ရူပကအပြားကိုလည်းကောင်း ပြပါ။ ... ၃၂၂,၃

၂၁၄။ အသေသဝတ္ထုဝိသယသမာသရူပကပုံစံကိုပြ၍, အသေသဝတ္ထုဝိသယဖြစ်ပုံ, သမာသဖြစ်ပုံကို ပြပါ။ ... ၃၂၄

၂၁၅။ အသေသဝတ္ထုဝိသယအသမာသရူပကပုံစံကို ပြ၍, အသေသဝတ္ထုဝိသယဖြစ်ပုံ, အသမာသဖြစ်ပုံကို ပြပြီးလျှင်, အသမာသ၏နာမည်တစ်မျိုးကိုလည်း ပြပါ။ ... ၃၂၅

၂၁၆။ အသေသဝတ္ထုဝိသယမိဿကရူပကပုံစံကို ပြ၍, အသေသဝတ္ထုဝိသယဖြစ်ပုံ, မိဿကဖြစ်ပုံကို ပြပြီးလျှင်, မိဿက၏နာမည်တစ်မျိုးကိုလည်း ပြပါ။ ... ၃၂၇

၂၁၈။ ဧကဒေသဝိဝတ္တိသမာသရူပကပုံစံ၌ ဧကဒေသဝိဝတ္တိဖြစ်ပုံ, သမာသဖြစ်ပုံကို ပြပါ။ ... ၃၂၉

၂၁၉။ ဧကဒေသဝိဝတ္တိအသမာသ ပုံစံ၌ ဧကဒေသဝိဝတ္တိ ဖြစ်ပုံ, အသမာသဖြစ်ပုံကို ပြပါ။ ... ၃၃၀

၂၂၀။ ဧကဒေသဝိဝတ္တိမိဿကပုံစံ၌ ဧကဒေသဝိဝတ္တိဖြစ်ပုံ, သမာသ အသမာသ ရောပုံကို ပြပါ။ ... ၃၃၁

၂၂၂။ ခဏ္ဍရူပကပုံစံကို ပြ၍ ခဏ္ဍဖြစ်ပုံကိုလည်းကောင်း, အမ္ဘောရူပဝန်+နေတ္တာနိ၌ မည်ကဲ့သို့ ကွဲပြားပုံကိုလည်းကောင်း ပြပါ။.. ၃၃၄

၂၂၄။ အာဝုတ္တိအလင်္ကာ၏သဘောလက္ခဏာနှင့် အာဝုတ္တိအပြားကို ပြပါ။ ... ၃၃၅

၂၂၅။ အတ္ထာဝုတ္တိပုံစံကိုပြ၍, အတ္ထ၏အာဝုတ္တိဖြစ်ပုံကိုလည်း ပြပါ။ ၃၃၆

http://www.dhammadownload.com

ဂါထာနံပါတ် စာမျက်နှာ

၂၂၆။ ပဒအာဝုတ္တိပုံစံ၌ ပဒအာဝုတ္တိဖြစ်ပုံကို ပြပါ။ ... ၃၃၇

၂၂၇။ ဥဘယအာဝုတ္တိပုံစံ၌ ဥဘယအာဝုတ္တိဖြစ်ပုံကို ပြပါ။ ... ၃၃၈

၂၂၈။ ဒီပကသဘောလက္ခဏာနှင့် ဒီပကအပြားကို ပြပါ။ ... ၃၃၉

၂၂၉။ ကြိယာအာဒိဒီပကပုံစံ, (၂၃၀) ကြိယာမဇ္ဈေဒီပကပုံစံ, (၂၃၁) ကြိယာအန္တဒီပကပုံစံများကို ပြပါ။ ... ၃၄၀,၃

၂၃၂။ မာလာဒီပကပုံစံကိုပြ၍, အာဒိဒီပကဟု မဆိုဘဲ မာလာဒီပက ဆိုရခြင်း၏အကြောင်းကို ပြပါ။ ... ၃၄၅

၂၃၅။ အက္ခေပအလင်္ကာ၏ လက္ခဏာနှင့်အပြားကို ပြပါ။ ... ၃၄၇

၂၃၆။ အတီတက္ခေပပုံစံ၌ အတီတက္ခေပဖြစ်ပုံကို ပြပါ။ ... ၃၄၈

၂၃၇။ ဝတ္တမာနက္ခေပပုံစံ၌ အဘယ်ပစ္စုပ္ပန်ကို ပယ်သနည်း။ ... ၃၄၉

၂၃၈။ အနာဂတက္ခေပပုံစံ၌ အဘယ်အနာဂတ်ကို ပယ်သနည်း။ ... ၃၅၀

၂၃၉။ အတ္ထန္တရန္ဟာသ၏ လက္ခဏာနှင့်အပြားကို ပြပါ။ ... ၃၅၂

၂၄၀။ သဗ္ဗဗျာပီ ဟိရဟိတပုံစံ၌ သဗ္ဗဗျာပီဖြစ်ပုံ, ဟိရဟိတဖြစ်ပုံကို ပြပါ။ [၂၄၁-ဂါထာ၌လည်း နည်းမှီး၍ မေးပါ။] ... ၃၅၃

၂၄၂။ ဝိသေသဋ္ဌ ဟိရဟိတပုံစံ၌ ဝိသေသဋ္ဌဖြစ်ပုံ, ဟိရဟိတဖြစ်ပုံကို ပြပါ။ [၂၄၃-ဂါထာ၌လည်း နည်းမှီး၍ မေးပါ။] ... ၃၅၆

၂၄၄။ ဗျတိရေကလက္ခဏာနှင့်အပြားကို သရုပ်ဖော်ပြပါ။ ... ၃၅၈,၉

၂၄၅။ ဝစ္ဆ ဧကဗျတိရေကပုံစံ၌ ဝစ္ဆဖြစ်ပုံ, ဧကဗျတိရေကဖြစ်ပုံကို ပြပါ။ ... ၃၆၀

၂၄၆။ ဝစ္ဆဥဘယဗျတိရေကပုံစံ၌ ဝစ္ဆဖြစ်ပုံ, ဥဘယဗျတိရေကဖြစ်ပုံကို ပြပါ။ ... ၃၆၁

၂၄၇,၈။ [ဂမ္ဘကေ, ဂမ္ဘဥဘယဗျတိရေကတို့၌လည်း ဤနည်းအတိုင်း ပုစ္ဆာထုတ်။] ... ၃၆၂

၂၄၉။ ဝိဘာဝနာအလင်္ကာ၏ လက္ခဏာနှင့်အပြားကို ပြပါ။ ... ၃၆၅

၂၅၀။ (က) ကာရကာန္တရဝိဘာဝနာပုံစံဝယ် "အနဠိတာသိတံ နေတ္တံ"၌ ပသိဒ္ဓကာရကာနိဝတ္တနဖြစ်ပုံ, အညကာရကာဝိဘာဝနာဖြစ်ပုံကို ထင်ရှားအောင် ပြပါ။ ... ၃၆၆

http://www.dhammadownload.com

ဂါထာနံပါတ်		စာမျက်နှာ
၂၅၀။	(ခ) အဓရောရဠိတာရုဏောဋ္ဌ ပသိဒ္ဓကာရဏာနိဝတ္တနဖြစ်ပုံ, အညကာရဏာဝိဘာဝနာဖြစ်ပုံ, (ဂ) သမာနတာ ၊ပေ၊ ဝဋ္ဌိတာဋ္ဌ ပသိဒ္ဓကာရဏာနိဝတ္တနဖြစ်ပုံ, အညကာရဏာဝိဘာဝနာဖြစ်ပုံကို ထင်ရှားပြပါ။	... ၃၆၆
၂၅၁။	သာဘာဝိကတ္တဝိဘာဝနာ ပုံစံဋ္ဌ သာဘာဝိကတ္တဝိဘာဝနာ-ဖြစ်ပုံကို ထင်ရှားအောင်ပြပါ။	... ၃၆၈
၂၅၂။	ဟိတ်သည် အဘယ်သို့သော ဟိတ်ဖြစ်မှ အလင်္ကာဂုဏ် ရောက်သနည်း၊ သာမညဟိတ်အပြားကိုလည်းကောင်း, (၂၅၃) မရေတွက်နိုင်အောင် များသောဟိတ်အပြား၏ တချို့နာမည်ကို လည်းကောင်း ပြပါ။	... ၃၆၉,၀
၂၅၄။	ဘာဝကိစ္စဇနကဟိတ်ဋ္ဌ ဘာဝကိစ္စဖြစ်ပုံ, ဇနကဟိတ်ဖြစ်ပုံကို ပြပါ။ [၂၅၅, ၂၅၆တို့ဋ္ဌလည်း အလားတူပုစ္ဆာထုတ်ပါ။]	... ၃၇၂,၃
၂၅၇။	အယုတ္တကာရီစိတ္တဟေတုပုံစံဋ္ဌ အယုတ္တကာရီဖြစ်ပုံ,စိတ္တဟေတု ဖြစ်ပုံကို ပြပါ။ [၂၅၈ဋ္ဌလည်း အလားတူပုစ္ဆာထုတ်ပါ။]	... ၃၇၅,၆
၂၅၉။	ကမအလင်္ကာ၏လက္ခဏာနှင့် အခြားနာမည်များကို ပြပါ။	... ၃၇၇
၂၆၀။	ကမပုံစံဋ္ဌ အစဉ်တည်ပုံကို ပြ၍, အလင်္ကာဂုဏ် ရောက်ပုံကိုလည်း ပြပါ။	... ၃၈၈,၉
၂၆၁။	ပိယတရအလင်္ကာ၏လက္ခဏာနှင့်(၂၆၂)ပုံစံဋ္ဌ ပိယတရဖြစ်ပုံကို ပြပြီးလျှင်, "သင့်ကို အချစ်ဆုံးပဲ" ဟု ဆိုလျှင် အလင်္ကာဂုဏ် ရောက်-မရောက်ကို ဆုံးဖြတ်ပါ။	... ၃၈၀,၁
၂၆၃။	သမာသဝုတ္တိ၏လက္ခဏာကိုပြပြီးလျှင်,ဘာ့ကြောင့် သမာသဝုတ္တိ ဖြစ်သည်ဟုလည်း ပြ၍, (၂၆၄) အပြားကိုလည်း ပြပါ။	... ၃၈၂,၃
၂၆၅။	အဘိန္နင်ဃသနသမာသဝုတ္တိ ပုံစံဋ္ဌ အဘိန္နဝိသေသန ဖြစ်ပုံ, သမာသဝုတ္တိဖြစ်ပုံကို ပြပါ။	... ၃၈၄
၂၆၆။	ဘိန္နာဘိန္နဝိသေသနသမာသဝုတ္တိ ပုံစံဋ္ဌ အဘယ် ဝိသေသန များသည် အဘိန္နဖြစ်သနည်း, အဘယ်ဝိသေသနကား ဘိန္နဖြစ်သနည်း, သမာသဝုတ္တိဖြစ်ပုံကိုလည်း ပြပါ။	... ၃၈၇
၂၆၇။	သာဂရတ္တေနသဒ္ဓမ္မောဂါဆာဋ္ဌ ဆိုလိုရင်းအဓိပ္ပာယ်ကို ပြပါ။	... ၃၈၈
၂၆၈။	ပရိကပ္ပနာအလင်္ကာ၏ လက္ခဏာနှင့် (၂၆၉) ပရိကပ္ပနာ အပြားကို ပြပါ။	... ၃၈၉,၀

http://www.dhammadownload.com

ဂါထာနံပါတ်		စာမျက်နှာ
၂၇၀။	ဥပမာဗ္ဘန္တရုပရိကပ္ပနာ ပုံစံ၌ အမှန်ဖြစ်နေသော ဝတ္ထုကား အဘယ်နည်း, ထိုဝတ္ထု၏ ဖြစ်ပုံကို အဘယ်သို့ ကြံကြံဖန်ဖန် ပြောဆိုသနည်း၊ ဥပမာအတွင်းဝင်နေပုံကိုလည်း ပြပါ။	... ၃၉၁
၂၇၁။	ကြိယာပရိကပ္ပနာပုံစံ၌ အမှန်ဖြစ်နေသော အဘယ်ကြိယာကို အဘယ်သို့ ကြံကြံဖန်ဖန် ပြောသနည်း။	... ၃၉၄
၂၇၂။	ဂုဏပရိကပ္ပနာပုံစံ၌ အမှန်ဖြစ်သောအဘယ်ဂုဏ်ကို အဘယ်သို့ ကြံကြံဖန်ဖန်ပြောသနည်း။	... ၃၉၅
၂၇၄။	ဝါကျတ္ထဝမ္မပရိကပ္ပနာပုံစံ၌ အမှန်ဖြစ်နေသော အဘယ်သဘောကို အဘယ်သို့ ကြံကြံဖန်ဖန်ပြောသနည်း၊ ဝါကျတ္ထဝမ္မဖြစ်ပုံကိုလည်း ပြပါ။	... ၃၉၇
၂၇၅။	သမာဟိတ၏လက္ခဏာကိုပြုပြီးလျှင်, သမာဟိတံပုဒ်ကို ဝစနတ္ထပြု၍ အဓိပ္ပာယ်ပေါ်အောင် အနက်ပေးပါ။	... ၃၉၈
၂၇၆။	သမာဟိတပုံစံ၌ ဘုရားရှင်သည် အဘယ်ကိစ္စကိုပြုဖို့ အားထုတ်တော်မူသနည်း၊ ထိုဘုရားရှင်အား အဘယ်သည် ကျေးဇူးပြုကာ ကူညီလာသနည်း။	... ၃၉၉
၂၇၇။	ပရိယာယဝုတ္တိ၏ လက္ခဏာကို ပြ၍, (၂၇၈)ပုံစံ၌ အလိုရှိအပ်သောအရာကား အဘယ်နည်း၊ ထိုအရာကို တိုက်ရိုက်မပြောဘဲ အဘယ်သို့ ပရိယာယ်ပြောသနည်း။	... ၄၀၀,၁
၂၇၉။	ဗျာဇဝဏ္ဏနာ၏ လက္ခဏာကို ပြ၍, ထိုအလင်္ကာ၌ အဘယ်သို့ ထင်ရသောအရာတို့သည် (အမှန်စင်စစ်) အဘယ်သို့ ဖြစ်ကုန်သနည်း။	... ၄၀၂
၂၈၀။	ဗျာဇဝဏ္ဏနာပုံစံ၌ ကဲ့ရဲ့သလိုနှင့် ချီးမွမ်းပုံကို ထင်ရှားပြ၍, ကုဝလယသဒ္ဒါ၏အနက် ၂ မျိုး၌ အဘယ်အနက်သည် ဧကန် ကဲ့ရဲ့ရာရောက်၍,အဘယ်အနက်က ချီးမွမ်းရာရောက်သနည်း။	၄၀၃
၂၈၁။	ဝိသေသအလင်္ကာ၏သဘောလက္ခဏာကို ပြပြီးလျှင်, (၂၈၂) ဒဗ္ဗဝိသေသဝုတ္တိ ပုံစံ၌ အဘယ် ဒြဗ်များ၏ ချို့တဲ့ပုံကို ပြ၍, အဘယ်၏ ထူးခြားပုံကို ပြသနည်း။	... ၄၀၄,၅
၂၈၃။	ကြိယာဝိသေသဝုတ္တိပုံစံ၌ အဘယ်ကြိယာ၏ ချို့တဲ့ပုံကို ပြ၍, အဘယ်၏ ထူးခြားပုံကို ပြသနည်း။	... ၄၀၇

http://www.dhammadownload.com

ဂါထာနံပါတ် စာမျက်နှာ

၂၈၄။ ဇာတိဝိသေသဝုတ္တိပုံစံ၌ အဘယ်ဇာတ်၏ ခို့တဲ့ပုံကို ပြ၍, အဘယ်၏ ထူးခြားပုံကို ပြသနည်း။ ... ၄၀၈

၂၈၅။ ဂုဏဝိသေသဝုတ္တိပုံစံ၌ အဘယ်ဂုဏ်၏ ခို့တဲ့ပုံကို ပြ၍, အဘယ်၏ ထူးခြားပုံကို ပြသနည်း။ ... ၄၀၉

၂၈၆။ ရူဋ္ဌာဟံကာရ၏လက္ခဏာကို ပြ၍, (၂၈၇)ပုံစံ၌ ရူဋ္ဌာဟံကာရ ဖြစ်ပုံကို ပြပါ။ ... ၄၁၀,၁

၂၈၈။ သိလေသ၏ လက္ခဏာနှင့် အပြားကို ပြပါ။ ... ၄၁၂

၂၈၉။ အဘိန္နပဒဝါကျသိလေသ ပုံစံ၌ သိလေသဖြစ်ပုံ, အဘိန္နပဒ ဖြစ်ပုံကို ပြပါ။ ... ၄၁၄

၂၉၀။ ဘိန္နပဒဝါကျသိလေသပုံစံ၌ သိလေသဖြစ်ပုံ, ဘိန္နပဒဖြစ်ပုံကို ပြ၍, ဝါကျဟူရာ၌ ဝိဂြိုဟ်ဝါကျ -ပဒသမူဟဝါကျဟူသော ရိုးရာ ဝါကျ၂ မျိုးတွင် မည်သည့်ဝါကျကို ယူရမည်ဟု ဆုံးဖြတ်ပါ။... ၄၁၇

၂၉၁။ ဘိန္နာဘိန္နပဒဝါကျသိလေသ ပုံစံ၌ မည်သည့် ပုဒ်များသည် ဘိန္နပဒဖြစ်၍, မည်သည့်ပုဒ်များက အဘိန္နပဒဖြစ်ကြသနည်း၊ သိလေသဖြစ်ပုံကိုလည်း ပြပါ။ ... ၄၁၉

၂၉၂။ သိလေသအပြားတစ်မျိုးကို ပြ၍, (၂၉၃) သမ္မောသကာဒိ, ပဒ ဇာဒိတို့၌ အာဒိဖြင့် ယူအပ်သောအနက်များကို ပြပါ။ ... ၄၂၀

၂၉၄။ ဝိရုဒ္ဓကမ္မသိလေသပုံစံ၌ အဘယ်တို့သည် ဝိရုဒ္ဓကမ္မ ဖြစ်ကြသနည်း၊ သိလေသဖြစ်ပုံကိုလည်း ပြပါ။ ... ၄၂၁

၂၉၅။ အဝိရုဒ္ဓကမ္မသိလေသပုံစံ၌ အဘယ်တို့သည် အဝိရုဒ္ဓကမ္မဖြစ်ကြသနည်း၊ သိလေသဖြစ်ပုံကိုလည်း ပြပါ။ ... ၄၂၂

၂၉၆။ အဘိန္နကမ္မသိလေသ၌ အဘယ်ပုဒ်သည် အဘိန္နကမ္မ ဖြစ်သနည်း၊ သိလေသဖြစ်ပုံကိုလည်း ပြပါ။ ... ၄၂၃

၂၉၇။ နိယမဝန္တသိလေသပုံစံ၌ နိယမဝန္တဖြစ်ပုံ သိလေသဖြစ်ပုံကို လည်းကောင်း, ထို့နိယမကြောင့် တားမြစ်အပ်သော အနက်ကို လည်းကောင်း ပြပါ။ ... ၄၂၄

၂၉၈။ နိယမက္ခေပသိလေသ ပုံစံ၌ နိယမ ဖြစ်ပုံ သိလေသ ဖြစ်ပုံကို လည်းကောင်း, ထိုနိယမကို ပယ်ပုံကိုလည်းကောင်း ပြပါ။... ၄၂၆

၂၉၉။ အဝိရောဓိသိလေသပုံစံ၌ ပုံစံဘယ်နှစ်မျိုးပါသနည်း၊ သိလေသ ဖြစ်ပုံကိုလည်းကောင်း, မည်သည့် အနက်ချင်း ဆန့်ကျင်ပုံကို လည်းကောင်း ပြပါ။ ... ၄၂၇

http://www.dhammadownload.com

ဂါထာနံပါတ် စာမျက်နှာ

၃၀၀။ ဝိရောဓိသိလေသ ပုံစံဂါထာ၌ ပုံစံ ဘယ်နှစ်မျိုး ပါသနည်း၊ သိလေသဖြစ်ပုံ ဆန့်ကျင်ပုံကို ပြပါ။ ... ၄၃၀

၃၀၁။ (က) ဩစိတျသမ္မောသကပဒဇသိလေသ ပုံစံ၌ အဘယ်ပုဒ်ကြောင့် ပဒဇဖြစ်သနည်း, ထိုပုဒ်၏ ဩစိတျသမ္မောသကဖြစ်ပုံကိုလည်းကောင်း, သိလေသဖြစ်ပုံကိုလည်းကောင်း ပြပါ။ ... ၄၃၂

၃၀၁။ (ခ) ပဒဇာဒိ၌ အာဒိဖြင့် ယူရမည့် သိလေသကား အဘယ်နည်း၊ ဩစိတျသမ္မောသကာဒိ၌ အာဒိဖြင့် ယူရမည့်ပုံစံကား အဘယ်ပါနည်း။ ... ၄၃၂

၃၀၂။ တုလျယောဂိတာ၏ လက္ခဏာကို ပြ၍ (၃၀၃) ပုံစံ၌ တုလျယောဂိတာ ဖြစ်ပုံကိုလည်း ပြပါ။ ... ၄၃၄

၃၀၄။ နိဒဿနအလင်္ကာ၏လက္ခဏာနှင့်နိဒဿနအပြားကို ပြပါ။ ... ၄၃၆

၃၀၅။ အသန္တဖလနိဒဿနပုံစံ၌ အဘယ်သည် အတ္ထန္တရဖြစ်၍ အဘယ်သည် နိဒဿနဖြစ်သနည်း၊ ထိုနိဒဿန၏ အသန္တဖလဖြစ်ပုံကိုလည်း ပြပါ။ ... ၄၃၇

၃၀၆။ သန္တဖလနိဒဿနပုံစံ၌ အဘယ်သည် အတ္ထန္တရဖြစ်၍ အဘယ်သည် နိဒဿန ဖြစ်သနည်း၊ ထိုနိဒဿန၏ သန္တဖလ ဖြစ်ပုံကို ပြပါ။ ... ၄၃၈

၃၀၇။ မဟန္တတ္တအလင်္ကာ၏ လက္ခဏာနှင့် အပြားကို ပြ၍, ဝိဘူတိမဟန္တတ္တပုံစံ၌ ဝိဘူတိမဟန္တတ္တ ဖြစ်ပုံကိုလည်း ပြပါ။ ... ၄၄၀

၃၀၉။ အဏ္ဏာသယမဟန္တတ္တပုံစံ၌ မည်သို့သောအဏ္ဏာသယ၏ကြီးကျယ်ပုံကို ပြသနည်း။ ... ၄၄၁

၃၁၀။ ဝဉ္ဇနာအလင်္ကာ၏ လက္ခဏာနှင့် အပြားကို ပြပါ။ ... ၄၄၂

၃၁၁။ အသမဝဉ္ဇနာပုံစံသည် အဘယ်ကို ကွယ်ဝှက် လှည့်ပတ်၍, အဘယ်ကို ဖော်ပြထားသနည်း၊ အဘယ့်ကြောင့် အသမဟု ဆိုသနည်း၊ သဟသေသို့၌ မြားဟူသော အနက်ကို အဘယ်သဒ္ဒါက ဟောသနည်း၊ မြား ၅ စင်းကိုလည်း ဖော်ပြပါ။ ... ၄၄၃

၃၁၂။ သမဝဉ္ဇနာပုံစံ၌ အဘယ်ကို ကွယ်ဝှက်လှည့်ပတ်၍, အဘယ်ကို ဖော်ပြထားသနည်း၊ အဘယ့်ကြောင့် သမ-ဟု ခေါ်သနည်း၊ ဤဝဉ္ဇနာအလင်္ကာကို အဘယ့်ကြောင့် သရူပေါပမာ၌ မသွင်းသနည်း။ ... ၄၄၄

http://www.dhammadownload.com

ဂါထာနံပါတ် စာမျက်နှာ

၃၁။ အပ္ပကတတ္ထုတိ၏ လက္ခဏကို ပြ၍ "အပ္ပကတ"၏ အနက်
ကိုလည်း ပြပါ။ ... ၄၄၅

၃၂။ သုခံ ဇီဝန်္တိ ဟရိဏာ-ဂါထာ၌ အဘယ်သည် အပ္ပကတဖြစ်
သနည်း၊ အဘယ်ကို အဘယ့်ကြောင့် ချီးမွမ်းသနည်း။ ... ၄၄၆

၃၃။ ကောဝဋ္ဋိ လက္ခဏာနှင့် အပြားကို ပြ၍, (၃၂) ဝိဓိကောဝဋ္ဋိ
ပုံစံ၌ ဝိဓိဖြစ်ပုံ, ကောဝဋ္ဋိဖြစ်ပုံကို ပြပါ။ ... ၄၄၇

၃၄။ နိသေဓကောဝဋ္ဋိပုံစံ၌ တားမြစ်ပုံ အသီး ဒီးကိုလည်းကောင်း,
ကောဝဋ္ဋိဖြစ်ပုံကိုလည်းကောင်း ပြပါ။ ... ၄၄၉

၃၅။ အညမညဝိဘူသန၏ လက္ခဏာကိုလည်းကောင်း, (၃၃)ပုံစံ၌
အညမညဝိဘူသန၏ ဖြစ်ပုံကိုလည်းကောင်း ပြပါ။ ... ၄၅၁

၃၆။ သဟဝုတ္တိ၏လက္ခဏာနှင့်အပြားကိုပြ၍, ကြိယာသဟဝုတ္တိပုံစံ၌
မည်သည့်ကြိယာတို့ကို တကွတွဲ၍ ဆိုထားသည်ဟု ပြပါ။... ၄၅၃

၃၇။ ဂုဏသဟဝုတ္တိပုံစံ၌ မည်သည့်အရာကို ဂုဏ်ဟုခေါ်ကြောင်း,
မည်သည့်ဂုဏ်များကို အတူတွဲ၍ ဆိုထားကြောင်းကို ပြပါ။... ၄၅၄

၃၈။ ဝိရောဓိကာအလင်္ကာ၏ လက္ခဏာကို ပြ၍, (၃၄) ပုံစံ၌
မည်သည့်ဝိရောဓိအနက်များကို ရောရှပြထားကြောင်း, ထိုသို့
ဆန့်ကျင်ဘက်ကို ရောရှပြသဖြင့် မည်သည့်ဂုဏ်တို့၏လွန်ကဲပုံ
ပြကြောင်း ဖော်ပြပါ။ ... ၄၅၆

၃၉။ ပရိဝုတ္တိအလင်္ကာ၏ လက္ခဏာကို ပြ၍, (၃၆) ပုံစံ၌ ပရိဝုတ္တိ
ဖြစ်ပုံကို ပြပါ။ ... ၄၅၇

၄၀။ ဘမအလင်္ကာ၏ လက္ခဏာကို ပြ၍, (၃၈) ပုံစံ၌ ဘမဖြစ်ပုံ
(စိတ်လည်ပုံ)ကို ပင်ရှားပြပါ။ ... ၄၅၉,၀

၄၁။ ဘာဝအလင်္ကာ၏ လက္ခဏာဂါထာ၌ "နာမာဒိဘာဝေါနာမ"
ကို ကြည့်၍ နာမ်ပုဒ် စသည်ကို "ဘာဝ" ဟု ဆိုလိုပါသလား,
အဘယ်ကို အဘယ်နည်းဖြင့် ဘာဝ-ဟု ဆိုလိုပါသနည်း၊
နာမာဒိ၌ အာဒိဖြင့် ယူရသော အနက်ကိုလည်း ပြပါ။ ... ၄၆၁

၄၂။ ဘာဝပုံစံ၌ "ယေနကေနစိ ဝဏ္ဏေန"အရ အဘယ်အခြင်းအရာ
အားဖြင့် ဆိုလိုရင်း ဘာဝကို ဖော်ပြသနည်း။ ... ၄၆၃

၄၃။ မိဿအလင်္ကာ၏လက္ခဏာနှင့် မိဿအပြားကို ပြပါ။ ... ၄၆၄

http://www.dhammadownload.com

ဂါထာနံပါတ် စာမျက်နှာ

၃၃၂။ ပသတ္ထာ မုနိနောပါဒ- ဂါထာ၌ အဘယ် ပါဠိဖြင့် အဘယ် အလင်္ကာကိုပြု၍, အဘယ်အလင်္ကာများ ရောနေသနည်း၊ ထိုသို့ ရောရာ၌ အဘယ်၏ အဖြစ်ဖြင့် ရောသနည်း။ ... ၄၆၅

၃၃၃။ ဝေသော သဘာဝမဓုရော-ဂါထာ၌ အဘယ်ပါဠိဖြင့် အဘယ် အလင်္ကာကို ပြု၍, မည်သည့်အလင်္ကာများ ရောနေသည်ဟု လည်းကောင်း ထိုသို့ ရောရာ၌ မည်သည့်အဖြစ်ဖြင့် ရောသည်ဟုလည်းကောင်း ပြပါ။ ... ၄၆၆

၃၃၄။ အာသီအလင်္ကာ၏ လက္ခဏာနှင့် ပုံစံကို ပြပါ။ ... ၄၆၈

၃၃၅။ (က) ရသီအလင်္ကာ၏လက္ခဏာကို ပြ၍, (၃၃၆) ပုံစံ၌ အဘယ် ရသပါအောင် စီကုံးထားသည်ဟု ပြပါ။ ... ၄၇၀

၃၃၅။ (ခ) ထိုဂါထာဝယ် မြေကြီးမှထွက်ပေါ်လာသော ပဒုမ္မာကြာကို အဘယ်ပုံသဏ္ဌာန် အယောင်ဆောင်၍ ခြေတော်တို့ကို လည်းကောင်း, ခြေတော်များဖြင့် နင်းခြေခြင်းကိုလည်းကောင်း အဘယ်ပုံသဏ္ဌာန်အယောင်ဆောင်၍ ဖွဲ့နွဲ့ထားပါသနည်း။ ... ၄၇၀

ရသာဝဗောဓအခန်း-မေးခွန်းများ

၃၃၈။ (က) ဤရသာဝဗောဓအပိုင်းကို ရှေ့ပိုင်းမှ အဘယ်အလင်္ကာနှင့် ဆက်သွယ်၍ ပြသနည်း၊ ပဌမဂါထာအဆိုအတိုင်း ကဝိ၏အင်္ဂါ ၃ ပါးကို ပြပါ။ ... ၄၇၃

၃၃၈။ (ခ) ဤဂါထာ၌"ယတော ဩစိတျံ နာမ ဗန္ဓတော န ဝိယောဇနီယံ"ဟု အဘယ်အတွက် ထည့်၍ အနက်ပေးရသနည်း။ ... ၄၇၃

၃၃၉။ ဌာယိသမ္မန္ဓိနော - စသော ဂါထာဖြင့် အဘယ် အနက်များကို ပြသနည်း။ ... ၄၇၄

၃၄၀။ (က) စိတ္တဝုတ္တိဝိသေသာတု-ဂါထာအတိုင်း ဘာဝပုဒ်ကို ဝစနတ္ထ ပြု၍, ဘာဝ၏ အရကို ကောက်ပြပြီးလျှင်, ရတ္နာဒယော၌ အာဒိဖြင့် ယူရသောအနက်များကို ပြပါ။ ... ၄၈၀,၁

၃၄၀။ (ခ) "ဘာဝယန္တိ ရသေ"၌ အဘယ်ကြောင့် အနက် ၃ မျိုး ပေးရသနည်း၊ ထိုအနက်များနှင့် လျော်အောင် ဘာဝအရကိုလည်း ခွဲ၍ ကောက်ပြပါ။ ... ၄၈၁

၃၄၁။ အဘယ်သဘောကို ဌာယီဘာဝဟု ခေါ်သနည်း၊ ဌာယီဘာဝ၏ ဝစနတ္ထကိုလည်းကောင်း, (၃၄၂) ဌာယီဘာဝ အပြားကိုလည်း ကောင်း ပြပါ။ ... ၄၈၂,၃

http://www.dhammadownload.com

ဂါထာနံပါတ် စာမျက်နှာ

၃၄၃။ ဗျာဘိစာရီပုဒ်၏ဝစနတ္ထကို ပြ၍, တိရောဘာဝ အာဝိဘာဝဖြစ်ပုံ ကိုလည်းကောင်း, ဝိဘာဝါဒိဒ္ဓ အာဒိဖြင့် ယူရသော အနက်ကို လည်းကောင်း ပြပါ။ ... ၄၈၄,၅

၃၄၄။ ဗျာဘိစာရီဘာဝ ၃၃ ပါးတွင် နိဗ္ဗေဒ၏သဘောကို ပြပါ။ ["တက္ကာ၏ သဘောကို ပြပါ"စသည်ဖြင့် အားလုံးမေးပါ။] ... ၄၈၈

၃၄၅။ သတ္တိကဘာဝ၏ သဘောကို ပြ၍, သမာဟိတတ္တ ပဘဝံဒ္ဒ် သမာဟိတ+အတ္တ+ပဘဝတို့နှင့် သတ္တိကဒ္ဒ် သ+အတ္တ+ကက တို့ကို ပုဒ်ချင်း အနက်ချင်း တွဲပြပြီးလျှင်, သတ္တိကကို အစိတ် အစိတ် ဝိဂ္ဂဟပြုပါ။ ... ၄၉၇

၃၄၆။ သတ္တိကအပြားကို ပြ၍, သေဒ-အဿုတို့ဒ္ဒ် သတ္တိကဘာဝ, အနုဘာဝ ၂ မျိုးကို ခွဲခြားပြပါ။ ... ၄၉၉

၃၄၇။ ရတိစသော ဌာယီဘာဝတို့သည် အဘယ်အခါ ဗျာဘိစာရီဘာဝ များ ဖြစ်နိုင်ကြသနည်း၊ ဌာယီဘာဝမှ ဗျာဘိစာရီဘာဝသို့ ပြောင်းသွားပုံကို ပုံစံတစ်ခုမျှ ထုတ်ပြပါ။ ... ၅၀၁

၃၄၈။ အဘယ်ကို ဝိဘာဝ အနုဘာဝဟု ခေါ်သနည်း၊ ဝိဘာဝအပြား ကိုလည်း ပြပါ။ ... ၅၀၂

၃၄၉။ နေကဟေတုံ-စသောဂါထာဖြင့် ဘာကို ပြသနည်း၊ အဘယ်ကို ထင်ရှားစေဖို့ရာ ဘယ်အရာကို့ကိုပါ ဖွဲ့ရမည်နည်း။ ... ၅၀၃

၃၅၀။ သဝိဘာဝါနုဘာဝေဟိ-ဂါထာသည် ဘာကို ပြလိုသောဂါထာပါ နည်း၊ ယထောစိတ္ပံ, လောကရူပါနုဂါမိနာပုဒ်တို့၏ အဓိပ္ပာယ် ကို ပြပါ။ ... ၅၀၅

၃၅၁။ စိတ္တဝုတ္တိဝသေသတ္တာ-သည် ဘာကိုပြသောဂါထာနည်း။ ... ၅၀၇

၃၅၂။ ရသပုဒ်၏ ဝစနတ္ထနှင့် အရကောက်ကိုလည်းကောင်း, သမာ ဇိကာ, ဗန္ဓတ္ထာနုသာရိပုဒ်တို့၏ ဝစနတ္ထနှင့် အရကောက်ကို လည်းကောင်း ပြပါ။ ... ၅၀၈

၃၅၃။ ထိုရသကို ဌာယီဘာဝမှ တစ်မျိုးတခြားဟု မှတ်ရမည်လော၊ အဘယ်ကို ရသ-ဟု ခေါ်သနည်း၊ (၃၅၄) ရသ၏ သရုပ်ကို လည်း ပြပါ။ ... ၅၁၁,၃

၃၅၅။ (က) နှစ်သက်ခြင်းကို "ရသ"ဟု ဆိုရာ၌ ကရုဏာရသ-ဝယ် အဘယ်နည်းဖြင့် နှစ်သက်မှုဖြစ်နိုင်သနည်း၊ ကရုဏာဒိကေဒ္ဒ် အာဒိဖြင့် ယူအပ်သော ရသကို့ကိုလည်း ပြပါ။ ... ၅၁၅

http://www.dhammadownload.com

ဂါထာနံပါတ် စာမျက်နှာ

၃၅၅။ (ခ) ဌာယီ ဘာဝ ရသတို့ကို ထုတ်ပြရာ၌ အဘယ်ကစ၍ အစဉ် အတိုင်း ထုတ်ပြရိုးရှိသနည်း။ ... ၅၁၇

၃၅၆။ ရတိဌာယီဘာဝ၏သဘောကို ပြ၍, ရမ္မ ဒေသ ကလာ ကာလ ဝေသ သရုပ်ကို ပြပြီးလျှင် ဤဂါထာအရ အာလမ္ဗနဝိဘာဝ, ဥဒ္ဒီပနဝိဘာဝတို့ကို ခွဲပြပါ။ ... ၅၁၈,၉

၃၅၇။ (က) ထိုရတိဌာယီဘာဝကို အဘယ်သို့ ဖွဲ့နွဲ့အပ်မှ သိဂ်ါရရသ အဖြစ်သို့ရောက်နိုင်သနည်း၊ သိဂ်ါရရသအပြားကိုလည်း ပြပါ။ ၅၂၀

၃၅၇။ (ခ) အစ္ဆရာနံ ဒဿနေန-ဂါထာ၌ ရထိုက်သော ဘာဝ,ဝိဘာဝ, အနုဘာဝ, ရသတို့ကို ထုတ်ပြပါ။ ... ၅၂၂

၃၅၇။ (ဂ) သုဝဏ္ဏစီရဝသနေ-စသော ဂါထာ၌ ရထိုက်သော ဘာဝ, ဝိဘာဝ, အနုဘာဝ, ရသတို့ကို ထုတ်ပြပါ။ ... ၅၂၃

၃၅၇။ (ဃ) ဝိယောဂသိဂ်ါရရသ၌ အဘယ်တို့သည် ဝိဘာဝ, အနု ဘာဝများ ဖြစ်ကြသနည်း။ ... ၅၂၅

၃၅၇။ (င) သာ တတ္ထ ပရိဒေဝေသိ-ဂါထာ၌ (ဒြူးနိဿယတို့ အလို အားဖြင့်) ရထိုက်သော ဘာဝစသည်ကို ထုတ်ပြပါ။ ... ၅၂၅

၃၅၇။ (စ) သမ္ဘောဂသိဂ်ါရရသ၏ဝိဘာဝ, အနုဘာဝတို့ကား အဘယ် ပါနည်း၊ ဂီတဿရေန- စသော ဂါထာ၌ ရထိုက်သော ဝိဘာဝ စသည်ကို ထုတ်ပြပါ။ ... ၅၂၆

၃၅၇။ (ဆ) သော စ ဝေဂေန နိက္ခမ္မ- စသော ဂါထာ၌ ရထိုက်သော ဝိဘာဝ စသည်ကို ကောက်ပြပါ။ ... ၅၃၀

၃၅၇။ (ဇ) ပိဏ္ဍပယောဓရံ- စသော ဂါထာ၌ ရထိုက်သော ဝိဘာဝ စသည်ကို ကောက်ပြပါ။ ... ၅၃၁

၃၅၈။ (က) ဟာသဌာယီဘာဝသည် အဘယ်အကြောင်းတို့ကြောင့် ဖြစ်တတ်သနည်း၊ အဘယ် အနုဘာဝ, ဗျဘိစာရီဘာဝတို့ဖြင့် တိုးပွားလာမှ ဟာသရသ ဖြစ်သနည်း။ ... ၅၃၃

၃၅၈။ (ခ) ယော နာဂရာဇာ- စသော ဂါထာ၌ ရထိုက်သော ဝိဘာဝ စသည်ကို ထုတ်ပြပါ။ ... ၅၃၆

၃၅၈။ (ဂ) ကောနုဝဒ္ဓီတဘတ္တောဝ- ဂါထာ၌ ရထိုက်သော ဝိဘာဝ စသည်ကို ထုတ်ပြပါ။ ... ၅၃၇

http://www.dhammadownload.com

ဂါထာနံပါတ် စာမျက်နှာ

၃၆၁။ (က) သောကဌာယီဘာဝ၏ ဝိဘာဝ, အနုဘာဝ, ဗျဘိစာရီ ဘာဝတို့ကို ပြပါ။ ... ၁၄၀

၃၆၁။ (ခ) အလင်္ကာရိ ယော ဓမ္မေန -စသော ဂါထာ၌ ရထိုက်သော ဝိဘာဝ စသည်တို့ကို ထုတ်ပြပါ။ ... ၁၄၃

၃၆၁။ (ဂ) တတော ဝေဿန္တရော ရာဇာ- စသော ဂါထာ၌ ရထိုက်သော ဝိဘာဝစသည်တို့ကို ထုတ်ပြပါ။ ... ၁၄၄

၃၆၂။ (က) ကောဓဌာယီဘာဝသည် ဘယ်ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားလာမှု ရုဒ္ဓရသဖြစ်သနည်း။ ... ၁၄၅

၃၆၂။ (ခ) ယက္ခေန နဂ္ဃာကွေန - စသော ဂါထာ၌ ရထိုက်သော ဝိဘာဝ စသည်ကို ကောက်ပြပါ။ ... ၁၄၇

၃၆၂။ (ဂ) နဟိနူနာယံ သာ ခုဇ္ဇာ- စသော ဂါထာ၌ ရထိုက်သော ဝိဘာဝ စသည်ကို ကောက်ပြပါ။ ... ၁၄၈

၃၆၃။ (က) ဥဿာဟဌာယီဘာဝသည် အဘယ့်ကြောင့် ဖြစ်သနည်း၊ ဝီရရသအပြားနှင့် အနုဘာဝများကို ပြပါ။ ... ၁၄၉

၃၆၃။ (ခ) ဟတ္ထိခန္ဓဋ္ဌ အာရုယ-စသောဂါထာ၌ ရထိုက်သော ဝိဘာဝ စသည်ကို ကောက်ပြပါ။ ... ၁၅၁

၃၆၃။ (ဂ) ဧကံ တေ ယာ စ မာနဿ-စသောဂါထာ၌ ရထိုက်သော ဝိဘာဝ စသည်ကို ကောက်ပြပါ။ ... ၁၅၂

၃၆၃။ (ဃ) ကုလာဝကာ-စသောဂါထာသည် အဘယ်ဝီရ၏ပုံစံနည်း၊ ရထိုက်သော ဝိဘာဝ စသည်ကို ကောက်ပြပါ။ ... ၁၅၃

၃၆၃။ (င) ကိဉ္စိ မေ ပဟိတတ္ထဿ-စသောဂါထာသည် အဘယ်ဝီရ၏ ပုံစံနည်း၊ ရထိုက်သော ဝိဘာဝ စသည်ကို ကောက်ပြပါ။ ... ၁၅၄

၃၆၄။ (က) ဘယဌာယီဘာဝ၏ ဝိဘာဝ, အနုဘာဝ, ဗျဘိစာရီဘာဝ တို့ကို ပြပါ။ ... ၁၅၅

၃၆၄။ (ခ) တဿ တံ နဒဟော သုတ္တာ-ဂါထာ၌ ရထိုက်သောဝိဘာဝ စသည်ကို ကောက်ပြပါ။ ... ၁၅၆

၃၆၄။ (ဂ) သီဟော စ သီဟနာဒေန-ဂါထာ၌ ရထိုက်သော ဝိဘာဝ စသည်ကို ကောက်ပြပါ။ ... ၁၅၇

၃၆၅။ (က)ဇိဂုစ္ဆာဌာယီဘာဝ၏ ဝိဘာဝ စသည်ကို ပြ၍, ရုဓိရာဒီဟိ စသည်ကို မည်သည့်အရာနှင့် တွဲရမည်ဟု ပြပါ။ ... ၁၅၈

http://www.dhammadownload.com

ဂါထာနံပါတ် စာမျက်နှာ

၃၆၅။ (ခ) ပါယဲ့ ပါယဲ့-စသော ဂါထာသည် အဘယ် ဝိဘာဝကြောင့် ဇဂုစ္ဆာဖြစ်ပုံနည်း၊ ဝိဘာဝ စသည်ကို ကောက်ပါ။ ... ၅၆၀

၃၆၅။ (ဂ) အသုစိ-ဂါထာသည် အဘယ် ဝိဘာဝကြောင့် ဇဂုစ္ဆာဖြစ်ပုံနည်း၊ ဝိဘာဝ စသည်ကို ကောက်ပါ။ ... ၅၆၁

၃၆၆။ (က) ဝိမှယဒ္ဒာယီဘာဝ၏ ဝိဘာဝ, အနုဘာဝ, ဗျဘိစာရဘာဝတို့ကို ပြပါ။ ... ၅၆၂

၃၆၆။ (ခ) ပုဏ္ဏကေန- စသောဂါထာ၌ဝိဘာဝစသည်ကို ကောက်ပါ။ ၅၆၄

၃၆၆။ (ဂ) အဟော အစ္ဆရိယံ- စသောဂါထာ၌ ဝိဘာဝစသည်တို့ကို ကောက်ပြပါ။ ... ၅၆၅

၃၆၆။ (ဃ) အစ္ဆေရံ-စသော ဂါထာ၌ ဝိဘာဝစသည်ကို ပြပါ။ ... ၅၆၆

၃၆၇။ (က) သမဒ္ဒာယီဘာဝ၏ ဝိဘာဝ စသည်ကို ပြပါ။ [အဓိပ္ပာယ်မှာ ပါသော အနုဘာဝ ဗျဘိစာရီဘာဝတို့ကိုပါ ပြပါ။] ... ၅၆၈

၃၆၇။ (ခ) ဒဿနာ သန္တဝေသာနံ-စသော ဂါထာကိုထောက်၍စာပေကြည့်ရှုရင်း, တရားနာရင်း, တရားဂါထာ ဂီတတို့ကို ရွတ်ရင်း ပီတိ သောမနဿဖြင့် သမာဓိရနေလျှင် သန္တရသ ခေါ်ထိုက်-မခေါ်ထိုက် ဆုံးဖြတ်ပါ။ ... ၅၇၀

၃၆၇။ (ဂ) ဧန္တေသု သီဟဟတ္ထီသု-စသော ဂါထာ၌ ဝိဘာဝစသည်ကို ကောက်ပြပါ။ ... ၅၇၀

၃၆၇။ (ဃ) တတ္ထ ပဓာနံ ပဒဟိ-စသော ဂါထာ၌ ဝိဘာဝ စသည်ကို ကောက်ပြပါ။ ... ၅၇၁

၃၆၇။ (င) ဥပဋ္ဌန္တေ စ - စသော ဂါထာ၌ ဝိဘာဝ စသည်ကို ကောက်ပါ။ ... ၅၇၁

၃၆၇။ (စ) ယဉ္စ ကာမသုခံ လောကေ - စသော ဂါထာ၌ ဝိဘာဝ စသည်ကို ကောက်ပါ။ ... ၅၇၂

မေးခွန်းမာတိကာ

ပြီး၏။

http://www.dhammadownload.com

အလင်္ကာရဘာသာဋီကာ

ဂန္ထာရမ္ဘအခန်း

အာသီသ ၁။ မုနိန္ဒဝဒနမ္ဘောဇ–ဂဗ္ဘသမ္ဘဝသုန္ဒရီ၊
သရဏံ ပါထိနံ ဝါဏီ, မယ္ပံ ပီဏယတံ မနံ။

၁။ မုနိန္ဒဝဒနမ္ဘောဇဂဗ္ဘသမ္ဘဝသုန္ဒရီ- မုနိသေဋ္ဌနင်း, တရားမင်း၏, ခံတွင်းတော်ကြာတိုက်၌, စွဲပိုက်ဖြစ်ခြင်းကြောင့်, အပြစ်ကင်းလတ်, ကောင်းမြတ်ပေထသော၊ ပါဏိနံ-သတ္တဝါတို့၏၊ [ဆန်းကြောင့် "ပါဏိနံ" ဟု ရသ။] သရဏံ-ကိုးကွယ်ရာလည်း ဖြစ်ပေထသော၊ ဝါဏီ-သရဿတီ, ဒေဝီနတ်အလား, မြတ်တရားသည်၊ မယ္ပံ-ငါ၏၊ မနံ-တရားအာရုံ, ကောင်းစွာ ထုံ၍, တလုံလဲလဲ, မှီဝဲစွဲသုံး, စိတ်နှလုံးကို၊ ပီဏယတံ-ဝါဂွမ်းဆီထိ, အကြည်ပြည့်သို့, ပီတိဓာတ်နှိုး, မပြတ်တိုးလျက်, မြတ်နိုး နှစ်သက်စေနိုင်ပါစေသတည်း။ [သကပက္ခအနက်။]

မုနိန္ဒဝဒနမ္ဘောဇဂဗ္ဘသမ္ဘဝသုန္ဒရီ- မုနိသေဋ္ဌနင်း, တရားမင်း၏, ခံတွင်းဟော်နှင့်တူသောကြာတိုက်၌, စွဲပိုက်ဖြစ်ခြင်းကြောင့်, အပြစ်ကင်းလတ်, ကောင်းမြတ်ပေထသော၊ ပါဏိနံ-တို့၏၊ သရဏံ-ကိုးကွယ်ရာဖြစ်ပေထသော၊ ဝါဏီ-သရဿတီ, နတ်ဒေဝီသည်၊ မယ္ပံ-ငါ၏၊ မနံ-အရှင်မအာရုံ, ကောင်းစွာထုံလျက်, တလုံလဲလဲ, မှီဝဲစွဲသုံး, စိတ်နှလုံးကို၊ ပီဏယတံ-ဝါဂွမ်းဆီထိ, အကြည် ပြည့်သို့, ပီတိဓာတ်နှိုး, မပြတ်တိုးလျက်, မြတ်နိုးနှစ်သက်စေနိုင်ပါစေသတည်း။ [ပရပက္ခအနက်။]

အနုသန္ဓေ။ ။ကြွင်္ဂဒေဝတာဟုဆိုအပ်သော ရတနတ္တယပွဲဏာမကို ပြုတော်မူလိုသော အရှင်သံဃရက္ခိတမဟာသာမိထေရ်သည် "မုနိန္ဒဝဒနမ္ဘောဇ" စသော ဂါထာကို မိန့်။ [ပဌမဂါထာယ ကြွင်္ဂဒေဝတာ

http://www.dhammadownload.com

သခ်ါတရတနတ္တယပွဏာမော ဒသိတော။-ဋ္ဌီကာသစ်။] လောက၌ နတ်ကို ရှိခိုးကြ၏၊ သာသနာ၌ကား ရတနာ ၃ ပါးကို ရှိခိုးကြ၏၊ ဤသို့ ရှိခိုးရာဖြစ်ခြင်း တူသောကြောင့် ရတနာ ၃ ပါးကို "ဣဋ္ဌဒေဝတာ-အလိုရှိအပ်သောနတ်"ဟု ခေါ်ထားသည်။

မှတ်ချက်။ ။"ရတနတ္တယပွဏာမော ဒသိတော"ဟု ဋ္ဌီကာ ဆိုသော်လည်း ရိုးရာရှိခိုးခြင်းမျိုး မဟုတ် "ပိဏယတံ-နှစ်သက်ပါစေ သတည်း"ဟု တောင့်တသော အာသီသတည်း၊ ထိုအာသီသကိုပင် ရတနာ ၃ ပါး၌ စိတ်ညွှတ်ခြင်း ဖြစ်သောကြောင့် "ပဏာမ"ဟု ဋ္ဌီကာဆိုဟန်တူသည်၊ "အာသီ နမက္ကာရော ဝတ္ထု, နိဒ္ဒေသော ဝါပိ တမ္မုခံ" ဟု ကာဗျဒဿ၌ လာသော ဂန္ထာရမ္ဘ ၃ မျိုးတွင်ကား အာသီသပုဗ္ဗကဂန္ထာရမ္ဘတည်း။ [အာသီသပုဗ္ဗက-တောင့်တခြင်း ရှေ့ရှိသော + ဂန္ထာရမ္ဘ - ကျမ်းဂန်ကို စခြင်း၊ ထို ၃ မျိုး အကျယ်ကို သင်္ဂြိုဟ်ဘာသာဋ္ဌီကာ၌ ပြခဲ့ပြီ။]

အနက် ၂ မျိုးပေးပုံ။ ။ကျမ်းဆရာကိုယ်တိုင်က အနက် ၂ မျိုး ရသော သိလေသအလင်္ကာဖြင့် တန်ဆာဆင်၍ ရေးသားထား သောကြောင့် ဤဂါကိုထာကို အနက် ၂ မျိုး ပေးရသည်၊ ထိုတွင် ပဌမအနက်သည် ကျမ်းဆရာ အလိုရှိအပ်သော အနက်တည်း၊ ဗုဒ္ဓဘာသာဝင်ဖြစ်သော မိမိတို့ဘက်၏ အနက်ဖြစ်သောကြောင့် "သကပက္ခအနက်"ဟု ခေါ်ကြ၏၊ ဒုတိယအနက်သည် သရဿတီ နတ်သမီးကို ကိုးကွယ်ကြသော ဟိန္ဒူလူမျိုးများ အလိုရှိအပ်သော အနက်တည်း၊ ထိုလူမျိုးတို့ကား သရဿတီနတ်သမီးကို အပြော ကောင်းနတ်သမီးဟု ယူဆ၍ ကဗျာဖွဲ့စီရာ၌ ထိုနတ်သမီးကို အထူး တ-သကြ၏၊ ထိုသို့ ဗုဒ္ဓဘာသာဝင် မဟုတ်သူတို့ဘက်က အနက် ဖြစ်သောကြောင့် "ပရပက္ခ အနက်"ဟု ခေါ်ကြသည်။

အမှာ။ ။ ဤဂါထာသည် ထို သိလေသအလင်္ကာအပြင် ဆိုအပ်လတ္တံ့သော အပြစ်တို့မှ လွတ်ကင်း၍ ပသာဒ, ဩဇ, မဓုရတာ, သမတာ, ကန္တိ, အတ္ထဗျတ္တိ, သမာဓိ ဟူသော သဒ္ဒါအလင်္ကာရဂုဏ်နှင့် ရူပက, ဩစိတျသမ္ဗောသက, အာသီမည်သော အတ္ထာလင်္ကာရဂုဏ်တို့ ဖြင့်လည်း ဘန်ဆာ ဆင်အပ်သောဂါထာ ဖြစ်၏၊ ထိုအပြစ်, ထိုဂုဏ်,

http://www.dhammadownload.com

ထိုအလင်္ကာများသည် ဆိုင်ရာ အခန်းကျလျှင် ထင်ရှားကြပါလိမ့်မည်၊ ဤ၌ဤသြစိတျသမွောသကဖြစ်ပုံမျှကိုသာ ဝိဂ္ဂဟအဆုံး၌ ပြထားပါသည်။

ပဒဝိဂ္ဂဟ။ ။ဥဘောလောကေ-ပစ္စုပ္ပန် တမလွန် ၂ တန်သော လောကတို့ကို၊ မုနန္တိ-သိတတ်ကုန်၏၊ ဣတိ မုနိနော၊ မုနီနံ-မုနိငါးပါးတို့၏+ဣန္ဒြော-အရှင်သခင် ဘုရားရှင်တည်း၊ မုနိန္ဒော၊ [မုနိငါးပါး ကား-သာဂါရမုနိ (အိမ်ရာရှိသောရသေ့), အနာဂါရမုနိ (အိမ်ရာမရှိသောရသေ့), သေက္ခမုနိ (သေက္ခအရိယာပုဂ္ဂိုလ်), အသေက္ခမုနိ (ရဟန္တာပုဂ္ဂိုလ်), ပစ္စေကမုနိ (ပစ္စေကဗုဒ္ဓါ)။] ဝဒတိ ဧတေနာတိ ဝဒနံ-ပြောဆိုကြောင်း ခံတွင်း၊ မုနိန္ဒဿ+ဝဒနံ မုနိန္ဒဝဒနံ၊ သက္ကတ၌ "အဘိ-သဒ္ဒေ"ဟူသော ဓာတ်နောင် အသုန်ပစ္စည်းဖြင့် "အမ္ဘသ်"ဟု ရှိ၏၊ "ရေ"ဟူသော အနက်ဟော မနောဂိုဏ်းဝင်ပုဒ်တည်း၊ အမ္ဘသိ-ရေ၌+ဇာတံ-ဖြစ်သောကြာတည်း၊ အမ္ဘောဇံ-ကြာ၊ (မ္ဘ ၏ အ ကို ဩ ပြု၊) မုနိန္ဒဝဒနသဒိ်တံ+အမ္ဘောဇံ မုနိန္ဒဝဒနမ္ဘောဇံ။

ဂဘန္တိ ဂစ္ဆန္တိ ဧတ္ထာတိ ဂင္ဆော-လူတို့ ရောက်ရာတိုက်ခန်း၊ ဂင္ဆော ဝိယာတိ ဂင္ဆော-တိုက်ခန်းနှင့်တူသော ကြာတိုက် (ကြာအတွင်း) မုနိန္ဒဝဒနမ္ဘောဇဿ+ဂင္ဆော-မုနိန္ဒဝဒနမ္ဘောဇဂင္ဆော၊ မုနိန္ဒဝဒနမ္ဘောဇဂင္ဆေ+သမ္ဘဝေါ-မုနိန္ဒဝဒနမ္ဘောဇဂင္ဆသမ္ဘဝေါ၊ မုနိန္ဒ ၊ပေ၊ သမ္ဘဝေန+သုန္ဒရီ-မုနိန္ဒ ၊ပေ၊ သမ္ဘဝသုန္ဒရီ၊ ဝါဏီ-ဟူသော ဣတ္ထိလိင်ကို ငဲ့၍ "သုန္ဒရီ"ဟု ရှိရသည်၊ [သရဿတီနတ်သမီး အရကောက်ရာ၌ကား မုနိန္ဒဝဒနံ ဝိယာတိ မုနိန္ဒဝဒနံ-ဘုရားခံတွင်းတော်ကဲ့သို့ မွှေးကြိုင်သော၊ အမ္ဘောဇံ-ကြာ"ဟု ဝိဂ္ဂဟပြု။]

မုနိန္ဒန္ဒြင့်သြစိတျ။ ။ဝိဇ္ဇမာနေသု ပရိယာယသဒ္ဒေသု အညေသု-ဘုရားအနက်ကို ဟောရာဝယ် မုနိန္ဒသဒ္ဒါမှတစ်ပါး အခြားပရိယာယ်သဒ္ဒါများ ရှိကြသော်လည်း၊ ကဝိကာမိတာသ အတ္ထာသ ဧကန္တ ဝါစကတ္တောန-ဤကျမ်းကို ပြုစုသော ပညာရှိ ကဝိပုဂ္ဂိုလ် အလိုရှိအပ်သော အနက်ကို (မုနိန္ဒသဒ္ဒါက) ဧကန်ဟောနိုင်သည်၏အဖြစ်ကြောင့်၊ သြစိတျသမွောသကော အယံ မုနိန္ဒသဒ္ဒေါ - ဤ မုနိန္ဒသဒ္ဒါသည် အသင့်ယူတတ်ရှိခြင်း ဟူသော သြစိတျကို တိုးပွားစေနိုင်၏၊ ထို့ကြောင့်

http://www.dhammadownload.com

မုနိန္ဒသဒ္ဒါကိုသာ ကျမ်းဆရာ သုံးစွဲတော်မူသည်-ဟူလို။ [ဩစိတျ-အသင့်ယုတ္တိရှိခြင်း။]

ချဲ့ဦးအံ့ --အကြင်ပုဂ္ဂိုလ်သည် လောက ၂ ပါးကို သိတတ်သောကြောင့် "မုနိ"အမည်ရကြသော ပညာရှိတို့ကိုသော်မှ အစိုးရသော အရှင်သခင်(ကွန္ဒ)ဖြစ်တော်မူ၏၊ ထိုပုဂ္ဂိုလ်မျိုးသာလျှင် "ပရံ ပိဏ္ဍောတိ-သူတစ်ပါးကို နှစ်သက်စေနိုင်၏"ထိုမျှလောက် မမြင့်မြတ်သော ပုဂ္ဂိုလ်ကား သူတစ်ပါးကို နှစ်သက်စေနိုင်မည် မဟုတ်၊ ထို့ကြောင့် မုနိန္ဒသဒ္ဒါသည် "မနံ ပိဏ္ဍောတိ"ဟူသော ကြိယာနှင့် သင့်တင့်လိုက်လျောရကား ဩစိတျဂုဏ် ရောက်ပေသည်၊ ထို့ပြင်-သုန္ဒရီပုဒ်, သရဏံပုဒ်တို့နှင့်လည်း လိုက်လျော၏၊ မှန်၏-တရားတော်သည် မုနိန္ဒဖြစ်သော ဘုရားရှင်၏ ခံတွင်းတော်ကြာတိုက်၌ ဖြစ်ခြင်းကြောင့် ကောင်း၏၊ ထိုသို့ကောင်းသောကြောင့် သတ္တဝါတို့၏ ကိုးကွယ်ရာလည်း ဖြစ်တော်မူသည်။ [ဋီကာဟောင်း]

[ဆောင်] ဘုရားအနက်, ဟောမြွက်ပုဒ်မှာ, များပြားပါလည်း, သေချာစစ်ကြော, မုနိန္ဒောသာ, မနောပိဏ္ဍန, သရဏာနှင့်, တဝသုန္ဒရီ, လိုက်လျောညီ၍, ဂုဏ်ရည်ဩစိတျ, ဧကန်ရဖို့, မုနိန္ဒသာ, ကျမ်းဆရာ, ဖွေရှာသုံးစွဲသည်။

သရဏံ ဝါဏီ။ ။သရဏံကား နိစ္စ နပုလ္လိန်တည်း၊ ထို့ကြောင့် ဝါဏီ၏ ဝိသေသနဖြစ်သော်လည်း ဣတ္ထိလိန်မပြောင်းဘဲ နပုလ္လိန်ဖြင့်သာ ရှိရသည်၊ "ဝဏ-သဒ္ဒေ"ဓာတ်နောင် ဣန်ပစ္စည်း သက်၍ "ဝါဏီ"ဟု ပြီးပြီးနောက် ဣတ္ထိဇောတက (ဤ)ပစ္စည်း ထပ်သက်၍ "ဝါဏီ"ဟု ထောမနိဓိဋ္ဌ ရှိ၏၊ "စကား"ဟူသောအနက်, သရဿတီ နတ်ဒေဝီဟူသော အနက်ကို ဟော၏၊ ဝဏတိ သဒ္ဒယတိ-အသံပြုတတ်၏၊ ဣတိ-ဝါဏီ (စကားသံ)၊ သရော-ချို့သာသော အသံသည်+ဧတိဿာ အတ္ထိတိ သရဿတီ၊ သရနောင် မတုပ်ပစ္စည်း၊ မကို ဝပြု, ဤပစ္စည်းသက်၍ "သရသ္မတီ"ဟု သဣတ္ထ ရှိ၏၊ ပါဠိ၌ (ဝ)အစား (သ)လာ၍ "သရဿတီ"ဟု ရှိရသည်။ [မြန်မာတို့က "သူရဿတီ"ဟု ခေါ်မှားကြ၏။]

http://www.dhammadownload.com

ဝါဏီသုံးစွဲပုံ။ ။"ဝါဏီ"အရ ဤနေရာ၌ ဘုရားရှင်၏ တရားတော်ကိုသာ ယူစေလို၏၊ သို့သော်"သရဏံ ပါဏိနံ ဓမ္မော"ဟု မဆိုဘဲ သရဏတီဒေဝီကိုလည်း ဟောနိုင်သော "ဝါဏီ"သဒ္ဒါကို သုံးစွဲခြင်းကား ထိုဒေဝီသည် စကားကို တန်ဆာဆင်ကာ ချိုချိုသာသာ ပြောတတ်သောကြောင့် ဗြာဟ္မဏတို့ ကိုးကွယ်ကြသဖြင့် ထိုသူတို့အလို ကျအောင် သရဏတီလည်း ရ, "ဓမ္မံ သရဏံ ဂစ္ဆာမိ"ကြသော ဗုဒ္ဓသာဝကတို့ အလိုကျအောင် တရားတော်လည်းရသော ဝါဏီသဒ္ဒါကို (နောက်၌ လာမည့် သိလေသအလင်္ကာဖြင့် တန်ဆာဆင်၍) သုံးစွဲထားခြင်း ဖြစ်သည်၊ မှန်၏-ဤကျမ်း၏မှီရာ ကာဗျဒဿကျမ်းအစဉ် သရဏတီနတ်ဒေဝီကိုပင် အောက်ပါဂါထာဖြင့် တ-သ တိုင်တည်လေသည်။

စတုမ္မုခမုခမ္ဘောဇ-ဝနဟံသဝဓူ မမ၊
မာနသေ ရမတံ နိစ္စံ, သဗ္ဗသုက္ကာ သရသ္ဝတီ။

စတုမ္မုခမုခမ္ဘောဇဝနဟံသဝဓူ-ပြဟ္မာမင်း၏, ခံတွင်းကြာတိုက်၌, စွဲပိုက်ငြိတွယ်, ဟင်္သာမကလေးသဖွယ်လည်း ဖြစ်ပေထသော်၊ သဗ္ဗသုက္ကာ-ပင်ကိုရုပ်ရော, နှုတ်အပြောနှင့်, မနောကြည်လင်, အလုံးစုံဖြူစင်ပေထသော၊ သရသ္ဝတီ-သရသ္ဝတီ, ဒေဝီတွင်သ, သခင်မသည်၊ မမ မာနသေ-ကာဗျအလင်္ကာ, စဉ်အလာကို, ထင်စွာစွဲသုံး, ငါ၏စိတ်နှလုံး၌၊ နိစ္စံ ရမတံ-တန်ဆာဆင်ရေး, နည်းမှန်ပေး၍, ငြိမ့်လေးရွှင်ပျော်, မွေ့တော်မူစေသတည်း။

တရားတော်။ ။သရဏတီနတ်ဒေဝီသည် စကားအရာ တန်ဆာအဆင်ကောင်းသဖြင့် လူအပေါင်း၏ နှစ်သက်စရာဖြစ်သကဲ့သို့, ဗုဒ္ဓမြတ်စွာ၏ တရားရတနာလည်း ကြားနာရလျှင် နားဝင်ချို၍ ကြည်ညိုနှစ်သက်စရာ ကောင်းသည့်အပြင် ကျင့်ကြံလိုက်နာပါလျှင် ကြည်လင်အေးမြသော သုခကို ယခုဘဝမှာပင် ခံစားစေလျက် အထက်တန်းကျကျ အမြိုက်သုခကိုလည်း ရစေနိုင်သောကြောင့် ရှေးဘုန်းရှေးကံပါလာသူ လူအပေါင်း၏ နှစ်ထောင်းအားရဖွယ်ရာ ဖြစ်ပါပေသည်။

http://www.dhammadownload.com

ပိဏယတံ။ ။သက္ကတ၌ "ပြိဏ"ဓာတ်ကို ပါဋိ၌ "ပိဏ"ဟု ပြန်ထားသည်၊ "ပိဏ-တပွနေ (နှစ်သက်ခြင်း)"ဓာတ်နောင် ကာရိတ် ဏယပစ္စည်းဖြင့် "ပိဏယ"ဟု ဖြစ်၏၊ ["နှစ်သက်စေ"၌ စေ-သည် ဏယပစ္စည်း၏အနက်, ပါစေ-၌ စေ-ကား တံဝိဘတ်၏ အာသီသ အနက်တည်း။] "ဝါဏီ ပိဏယတံ-တရားတော်သည် ဆီထိသော ဝါဂွမ်း၌ ဆီအကြည် ပြည့်နေသကဲ့သို့ ငါ၏စိတ်ကိုလည်း ပီတိတည်း ဟူသော အကြည်ပြည့်စေလျက် နှစ်သက်စေနိုင်ပါစေသတည်း"ဟူရာ၌ "တရားတော်မှာ နှစ်သက်စေတတ်သောသတ္တိ မရှိသော်လည်း သတ္တိ ရှိသကဲ့သို့ တင်စား၍ ဆိုထားသော သမာဓိအလင်္ကာစကားတည်း၊ အဖြောင့်အားဖြင့် "ကျမ်းဆရာဟူသော ငါ၏စိတ်သည် တရားကို အာရုံပြုလျက် နှစ်သက်ကြည်နူးနေပါစေသတည်း"ဟု ဆိုလိုရင်း ဖြစ်သည်။

ရတနတ္တယပွဏာမ ဖြစ်ပုံ။ ။"ဝါဏီ ပိဏယတံ"ဟု ဆိုသော ကြောင့် တရားတော်ကို ကြည်ညိုပုံပြသော ဓမ္မပွဏာမသာ ဂါထာ၌ တိုက်ရိုက်လာ၏၊ ဓမ္မကို ကြည်ညိုလျှင် ဓမ္မ၏အရှင်ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာကိုလည်းကောင်း, ထိုဓမ္မကို လက်တွေ့ကျင့်၍ တရားပေါက် ပြီးသော အရိယာသံဃာတော်ကိုလည်းကောင်း အဝိနာဘာဝနည်း အားဖြင့် ကြည်ညိုကြောင်းကို ပြပြီးဖြစ်တော့၏၊ ထို့ကြောင့် ဤဂါထာ သည် ဓမ္မပွဏာမသာမက, ရတနတ္တယပဏာမကို ပြသော ဂါထာ ဖြစ်သည်။

ဋီကာသစ်။ ။သော ပန ဓမ္မပွသာဒေါ တဒဝိနာဘာဝတော (ထိုဗုဒ္ဓ သံဃတို့နှင့် မကင်းသောကြောင့်) ဗုဒ္ဓသံဃေသုပိ သိဒ္ဓေါတိ ရတနတ္တယဝိသယံ ပဏာမံ (ရတနာ ၃ ပါးလုံးကို အာရုံပြုသော ပဏာမကို) ဝင်္ကဝုတ္တိယာ ဒဿေတိ။ [ဝင်္က-အကောက်အားဖြင့်၊ ဝါ-သွယ်ဝိုက်၍ + ဝုတ္တိ-ဆိုခြင်း။]

http://www.dhammadownload.com

ပုနရုတ္တိ ၂။ ရာမသမ္မာဒျလင်္ကာရာ, သန္တိ သန္တော ပုရာတနာ၊
ဒေါသပယ် တထာပိ တု ဝဋ္ဌဥ္ဌိ, သုဒ္ဓမာဂဓိကာ နတေ။

၂။ ပုရာတနာ-ရှေး၌ဖြစ်ကုန်သော၊ သန္တော-ချီးမွမ်းစဖွယ်, တင့်တယ်ကုန်သော၊ ရာမသမ္မာဒျလင်္ကာရာ-ရာမသမ္မအစရှိကုန်သော တန်ဆာအထူး, ကျမ်းအထူးတို့သည်၊ ကိဥ္စာပိသန္တိ-အကယ်၍ကား ရှိပါပေကုန်၏၊ တထာပိ-ထိုသို့ပင် ရှိပါကုန်သော်လည်း၊ တေ-ထို ရာမသမ္မ အစရှိသော တန်ဆာအထူး ကျမ်းအထူးတို့ကို၊ သုဒ္ဓမာဂဓိကာ-သက်သက် မာဂဓဘာသာကိုသာ တတ်သူတို့သည်၊ နဝဋ္ဌဥ္ဌိ-မသုံးစွဲနိုင်ကြကုန်။

၂။ ရာမ၊ပေ၊နတေ။ ။ဤဂါထာကား "အားထုတ်အပ်မည့် အလင်္ကာရကျမ်းသစ်ကို မပြုထိုက်"ဟု ပယ်လိုသော ပုဂ္ဂိုလ်များကို တားမြစ်သော ဂါထာတည်း။ [ဒုတိယဂါထာယ အာရဗ္ဘပဋိပက္ခေပဇနာ (အားထုတ်အပ်မည့်ကျမ်းကို ပယ်လိုသူတို့ကို) နိသေဓိတာ။-ဋီကာသစ်။]

ချဲ့ဦးအံ့-"ရာမသမ္မစသော အလင်္ကာတန်ဆာဟောင်း, အလင်္ကာကျမ်းဟောင်းများ ရှိပြီးဖြစ်ပါလျက် အလင်္ကာတန်ဆာသစ် အလင်္ကာကျမ်းသစ်ကို ပြုလျှင် ညက်ပြီးအမှုန့်ကို ထပ်၍ ထောင်းခြင်းကဲ့သို့လည်းကောင်း, ဖြူစင်ပြီးအဝတ်ကို ထပ်၍ဖွပ်ခြင်းကဲ့သို့လည်းကောင်း, ကျက်ပြီးထမင်းကို ထပ်၍ချက်ခြင်းကဲ့သို့လည်းကောင်း အကျိုးထူး မရပင်ပန်းရုံမျှသာ ဖြစ်စရာ ရှိသောကြောင့် အလင်္ကာတန်ဆာသစ် ကျမ်းသစ်ကို မပြုထိုက်"ဟု တချို့က ပယ်လိုကြသည်၊ ထိုပယ်လိုသူများကို "အလင်္ကာတန်ဆာဟောင်း အလင်္ကာကျမ်းဟောင်းများ ရှိသော်လည်း သက္ကတဘာသာ ပြာကရိတ်ဘာသာ စသည်တို့ဖြင့် ရေးသားအပ်သောကြောင့် သုဒ္ဓမာဂဓီပုဂ္ဂိုလ်များ မသုံးစွဲနိုင်ကြ၊ ထို့ကြောင့် အလင်္ကာတန်ဆာအသစ်-အလင်္ကာကျမ်းအသစ်ကို စီရင်ထိုက်သည်-ဟု ဤဂါထာဖြင့် မပယ်နိုင်အောင် တားမြစ်သည်၊ ဤသို့ အသစ်ပြုသည့်အတွက် အပြစ်မရှိဟုတားမြစ်ခြင်းကို"ပုနရုတ္တိဒေါသပယ်ခြင်း" ဟု ခေါ်သည်။ [ပုန-ထပ်၍+ဥတ္တိဒေါသ-ဆိုခြင်းကြောင့် အပြစ်။]

http://www.dhammadownload.com

ရာမသမ္မာဒျလင်္ကာရာ။ ။သင်္ကတဋ္ဌ "သရ်မန်"ပုဒ်သည် သုခ အနက်, သုခရှိသူအနက်, ဗြာဟ္မဏောပါဓိ (ဗြာဟ္မဏတို့၏ ဘွဲ့ထူး ဂုဏ်ထူး)အနက်များကို ဟော၏။ ထိုပုဒ်သည် ပါဋိဋ္ဌ"သမ္မ"ဟု ဖြစ်၏။ ဤနေရာ၌ ရာမဆရာကို ဘွဲ့ထူးဂုဏ်ထူးနှင့်တကွ "ရာမသမ္မ"ဟု ခေါ်ထားသည်၊ ဤအသုံးမျိုးဖြင့် ဟိတောပဒေသကျမ်းဆရာကိုလည်း "ဝိသ္ဏုသမ္မ"ဟု သုံးစွဲထားသည်ကို တွေ့ရ၏။ ယခုအခါ ရဟန်းဘွဲ့များ၏ နောက်၌ "အဘိဝံသ"ဟူသော သက္ကသီဟဘွဲ့တံဆိပ် တပ်ထားခြင်းမျိုး ပင်တည်း၊ ထိုရာမသမ္မစသော ဆရာတို့စီရင်အပ်သော သဒ္ဒါလင်္ကာရ-အတ္ထာလင်္ကာရတန်ဆာတို့သည်လည်းကောင်း, ထိုအလင်္ကာတို့ကို ပြသောကျမ်းတို့သည်လည်းကောင်း "ရာမသမ္မာဒီနံ+အလင်္ကာရာ" ဟူသော ဝစနတ္ထကြောင့် "ရာမသမ္မ"မည်၏၊ တစ်နည်း-ဗိမ္မိသာရမည်သော ဆရာစီရင်အပ်သော ဆေးကျမ်းကို "ဗိမ္မိသာရကျမ်း"ဟု ခေါ်ရာ၌ အကြောင်း၏အမည်နှင့်စပ်၍ နာမည်တပ်သကဲ့သို့ ရာမသမ္မ ဆရာဟူသော အကြောင်း၏အမည်နှင့်စပ်၍ ထိုအလင်္ကာတန်ဆာနှင့် ထိုကျမ်းတို့ကိုလည်း ရာမသမ္မအလင်္ကာဟု ခေါ်နိုင်၏၊ [ရာမသမ္မော+ အာဒိ ယေသံတိ ရာမသမ္မာဒယော၊ ရာမသမ္မာဒယော စ+တေ+ အလင်္ကာရာစေတိ ရာမသမ္မာဒျလင်္ကာရာ။] အာဒိဖြင့် အလင်္ကာရ ကောတ္ထုဘ, ကာဗျဒဿ စသော ကျမ်းများနှင့် ထိုကျမ်းတို့၌ ပြအပ်သော သဒ္ဒါလင်္ကာရ ဒၔတ္ထာလင်္ကာရတို့ကို ယူ။

ဋီကာသစ်။ ။ရာမသမ္မာဒျလင်္ကာရာ-ရာမသမ္မာဒီဟိ အာစရိယေဟိ ဝိရစိတတ္တာ (ရာမသမ္မစသော ဆရာတို့ စီရင်အပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း) တံ သမ္မန္ဓတော တံသဒ်ဿနာမတ္တာဝါ (ထိုဆရာတို့နှင့် စပ်ခြင်းအားဖြင့် ထိုရာမသမ္မအမည်နှင့် တူသော အမည်ရှိသည်၏အဖြစ်ကြောင့်လည်းကောင်း) ရာမသမ္မာဒယော နာမ၊ ယထာ ဝေဇ္ဇသတ္ထေ ဗိမ္မိသာရောတိ ဝေါဟာရောဝိယ၊ အလင်္ကာရာ-ဘူသာဝိသေသာ (သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရဟူသော တန်ဆာ အထူးများ) အလင်္ကာရတ္ထပဋိပါဒနတော (အလင်္ကာရအနက်များကို သိစေတတ်သောကြောင့်) အလင်္ကာရနာမိကာ ဂန္ထဝိသေသာဝါ။ [ဤ ဋီကာဖွင့်ကို ကြည့်၍ "အလင်္ကာရ"အရ တန်ဆာအထူး ကျမ်းအထူးဟု

http://www.dhammadownload.com

၂ မျိုးရကြောင်း သတိပြုပါ။ နိဿယ၌ ဤအဖွင့်အတိုင်း ပေးထားသည်၊ ရှေးနိဿယများ၌"သက္ကတဘာသာအလင်္ကာကျမ်းဟောင်းတို့သည်" ဟု ပေးကြသည်မှာ ဤအဖွင့်နှင့် မညီ။]

မှတ်ချက်။ ။ ဤပြခဲ့သော စကားအရ "ရာမသမ္မ"သည် အလင်္ကာရကျမ်းတစ်စောင်၏ နာမည်သာဖြစ်သည်ဟု မှတ်၊ ဋီကာဟောင်း၌ "ဥဘောပိသန္တိ"ဟု ပါဠိရှိသောကြောင့် ရာမအလင်္ကာကျမ်း, သမ္မအလင်္ကာကျမ်းဟု ကျမ်း ၂ ကျမ်း ထင်မှားကြ၏၊ "ဥဘောပိသန္တိ"၏ ဆိုလိုရင်းမှာ "သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရကို ဟောသော တန်ဆာဟူသော အလင်္ကာ, ထိုအလင်္ကာတို့ကို ပြရာကျမ်းဂန်ဟူသော အလင်္ကာအားဖြင့် ထို ၂ မျိုးသော အလင်္ကာများ ရှေးက ရှိကြသည်"ဟု ဆိုလိုရင်း ဖြစ်သည်။

သန္တော ပုရာတနာ။ ။သန္တောကို "ပသတ္ထတ္တာ သောဘနာ"ဟု ဖွင့်၏၊ အဘိဓာန်လာ သန္တသဒ္ဒါ၏ အနက်တို့တွင် ပသတ္ထအနက်ဟောဟု ဆိုလို၏၊ ဗဟုဝုစ်ဖြစ်သောကြောင့် "အသဓာတ်, အန္တပစ္စည်း" သာ ဖြစ်သင့်၏၊ "ဓာတူနံ အနေကတ္ထတ္တာ"နှင့်အညီ အသဓာတ်ပင် ဖြစ်သော်လည်း ပသတ္ထအနက်ဟောဟု ကြံ၍ "ခိုးမွမ်းစဖွယ် တင့်တယ်ကုန်သော"ဟု ဋီကာဖွင့်အတိုင်း ပေးလိုက်သည်၊ ပုရာ နိပါတ်နောင် ဘဝအနက်၌ တနပစ္စည်း သက်၊ ပုရာ-ရှေး၌+ဘဝါ-ဖြစ်ပေါ်ကြသော အလင်္ကာရတို့တည်း၊ ပုရာတနာ-တို့။

တထာပိတု။ ။တုသဒ္ဒါ အနက်ထူး မရှိ၊ "တထာပိ"ကား ရှေးဝါကျ၏ နှစ်သက်ဖွယ်မဟုတ်ကြောင်းပြသော "အရုစ္စတ္ထဇောတက" နိပါတ်တည်း၊ [အရုစိ+အတ္ထ-အနှစ်သက်အပ်သော အနက်ကို+ဇောတက-ထွန်းပြတတ်သော နိပါတ်ပုဒ်။] ဤသို့ "တထာပိ" ရှိရာ၌ ရှေ့မှာ ကိစ္စာပိပါသော ဝါကျ ရှိ၏၊ မရှိလျှင်လည်း ထည့်ရသည်၊ ထို့ကြောင့် "ကိစ္စာပိ သန္တိ"ဟု ကိစ္စာပိ ထည့်၍ ဋီကာသစ်ဖွင့်သည်၊ ထိုကိစ္စာပိ ထည့်ထားသော ရှေ့ဝါကျကို "အနုဂ္ဂဟတ္ထဝါကျ=ခိုးမြောက်အပ်သော အနက်ကို ပြသော ဝါကျ"ဟု ခေါ်၍ တထာပိပါသော နောက်ဝါကျကို "ဂရဟတ္ထဝါကျ=နှိပ်ချကဲ့ရဲ့အပ်သော အနက်ပြဝါကျ" ဟု ခေါ်သည်၊ "ရာမသမ္မ" အစရှိသော ခိုးမွမ်းစဖွယ် တင့်တယ်သော

http://www.dhammadownload.com

အလင်္ကာဟောင်းများ ရှိကြပါပေသည်၊ [ဤကား မြောက်ပင့်သော စကား၊] သို့သော် ထိုအလင်္ကာဟောင်းများကို သုဒ္ဓမာဂဓီတို့ မသုံးစွဲနိုင်ကြ။ [ဤကား ထိုအလင်္ကာဟောင်းများ၏ အသုံးမဝင်ကြောင်းပြ၍ နှိပ်ချသော စကား။]

သုဓမာဂဓိကာ။ ။မဂဓေသု-မဂဓတိုင်းတို့၌+ဇာတာ-ဖြစ်သော ဘာသာ(စကား)တည်း၊ မာဂဓာ၊ သုဒ္ဓါ-သက္ကတဘာသာ ပြာကရိတ်ဘာသာ စသည်တို့နှင့် မရောမယှက် သက်သက်သော+မာဂဓာ-မာဂဓဘာသာတည်း၊ သုဒ္ဓမာဂဓာ၊ သုဒ္ဓမဂဓံ-သက်သက်သော မာဂဓဘာသာကိုသာ+ဇာနန္တိ-တတ်သိ နားလည်ကြကုန်၏၊ ဣတိ သုဒ္ဓမာဂဓိကာ၊ [သုဒ္ဓမာဂဓိကာ-သက္ကတပါကတာဒီသု အညဘာသာသု ပရိစယာဘာဝတော (အလေ့အကျက် မရှိခြင်းကြောင့်) ကေဝလ မာဂဓိကာ၊ (ဋီကာသစ်)၊ "ပါကတ (ပြာကရိတ်) ဘာသာ" ဟူသည် သက္ကတဘာသာမှ အက္ခရာတချို့တလေသာ ကွဲပြားသော ဘာသာ တစ်မျိုးတည်း။]

နှ ဝဋ္ဌဋ္ဌိ။ ။"ဝဋ္ဌဇိ=ဝလဇိ-ပရိဘောဂေ(သုံးစွဲခြင်း, သုံးဆောင်ခြင်း)"ဟူသော ဘူဝါဒိဓာတ်ဖြင့် နိဂ္ဂဟိတ်လာ, ဥ ပြု၍ "ဝဋ္ဌဋ္ဌိ"ဟု ပါဌ်မှန်ဖြစ်၏၊ သက္ကတဘာသာ ပြာကရိတ်ဘာသာ စသည်ဖြင့် စီရင်အပ်သောရှေးသဒ္ဒါလင်္ကာရ,အတ္ထာလင်္ကာရတို့ကိုလည်းကောင်း, ရှေးအလင်္ကာကျမ်းများကိုလည်းကောင်း မာဂဓဘာသာကိုသာ တတ်ကြသော သုဒ္ဓမာဂဓီပုဂ္ဂိုလ်များ မသုံးစွဲနိုင်ကြ-ဟူလို၊ "မသုံးစွဲနိုင်"ဟူသည်ကား သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရ တန်ဆာတို့ကိုလည်း ပျို့ကဗျာဂါထာ စုဏ္ဏိယ ဖွဲ့စီရာ၌ ထည့်သွင်း၍ မသုံးစွဲနိုင်ကြခြင်း, ထိုအလင်္ကာကျမ်းတို့ကိုလည်း မကြည့်ရှုနိုင်, မသင်ယူနိုင်, မချပို့နိုင်ကြခြင်းတည်း။ [တေ ရာမသမ္မာဒိကေ အလင်္ကာရေ ပသာဓနဝသေန (ပျို့ကဗျာဂါထာတို့၌ တန်ဆာဆင်ခြင်း၏အစွမ်းဖြင့်လည်းကောင်း) ဥဂ္ဂဟဏဓာရဏာဒိဝသေန နှ ဝလဋ္ဌိ၊-ဋီကာသစ်။]

မှတ်ချက်။ ။ဋီကာတို့၌ သုဒ္ဓကို မာဂဓိကာ၌ စပ်၍ "သန့်ရှင်းသော မာဂဓိကပုဂ္ဂိုလ်များ"ဟု အနက်ယူပြီးလျှင် ထိုအနက်မှ အထူးအပို သိရသော ဗျင်္ဂတ္ထ (ဝိ-အထူး+ ဝါ-အပို+ အင်္ဂ- သိအပ်သော+

http://www.dhammadownload.com

ကျမ်းအမည်စသည်

၃။ တေနာပိ နာမ တောသေယျ, မေတေလက််ာရဝဇ္ဇိတေ၊
အနုရူပေနာလက််ာရေ-နေသမေသော ပရိဿမော။

၃။ တေန-ထို့ကြောင့်၊ အလက််ာရဝဇ္ဇိတေ-အလက််ာတို့သည် ကြဉ်အပ်ကုန်သော၊ ဧတေ-ဤသုဒ္ဓမာဂဓိကပုဂ္ဂိုလ်တို့ကို၊[တောသေယျုံ ၌စပ်၊] ဧသဲ-ဤသုဒ္ဓမာဂဓိကပုဂ္ဂိုလ်တို့အား၊ အနုရူပေန-လျောက်ပတ်သော၊ အလက််ာရေန-အသစ်ဖြစ်သော တန်ဆာအထူး အလက််ာကျမ်းအထူးဖြင့်၊ တောသေယျုံ-နှစ်သက်စေရပါမူကား၊ အပိ နာမ-အော်....

အတ္ထ-အနက်အဓိပ္ပာယ်)ကိုလည်း ပြကြသေး၏၊ ထိုဗျဂ်ိတ္ထကိုပင် "ဘာဝတ္ထ-ကျမ်းဆရာ၏ အလိုရှိအပ်သော အပိုအနက်"ဟုလည်း ခေါ်၏၊ ထိုဘာဝတ္ထကား "သုဒ္ဓမာဂဓိကပုဂ္ဂိုလ်တို့သည် မိမိတို့က သန့်ရှင်းစင်ကြယ်ကြသောကြောင့် ပါဠိဘာသာ ဘုရားဟောဘာသာ မဟုတ်သည့်အတွက် မသန့်ရှင်း မစင်ကြယ်သော သက္ကတဘာသာ ပြာကရိတ်ဘာသာ စသည်တို့ကို ရွံရှာစက်ဆုပ်ရကား ထိုဘာသာများဖြင့် စီရင်အပ်သော အလက််ာရကျမ်းတို့ကိုလည်း မသုံးစွဲကြ"ဟု ဆိုလိုသတတ်။

သို့သော် အရှင်သံဃရက္ခိတမဟာသာမိထေရ်သည် ဝုတ္တောဒယဆန်းကျမ်းအစဉ်လည်း "ပိဂ်လာစရိယာဒီဟိ, ဆန္ဒံ ယ•မုဒိတံ ပုရာ၊ သုဒ္ဓမာဂဓိကာနံ တံ, န သာဓေတိ ယထိစ္ဆိတံ"ဟု သုဒ္ဓမာဂဓိကပုဒ်ကို သုံးစွဲထား၏၊ ထို၌ "သုဒ္ဓမာဂဓိကပုဂ္ဂိုလ်၏ အလိုဆန္ဒကို (ရှေးဆန်းကျမ်းတို့က) မပြီးစေနိုင်"ဟု ဆိုထားရာဝယ် "သုဒ္ဓမာဂဓိကပုဂ္ဂိုလ်တို့က သုံးစွဲလိုပါလျက် မသုံးစွဲတတ်သောကြောင့် အလိုဆန္ဒကို မပြီးစေနိုင်"ဟုသာ အဓိပ္ပာယ်ရသောကြောင့်လည်းကောင်း, အရှင်သံဃရက္ခိတဆရာကိုယ်တိုင်ပင် သက္ကတ ပြာကရိတ်ဘာသာတို့ဖြင့် စီရင်အပ်သော အလက််ာကျမ်း, ဆန်းကျမ်းတို့ကို မစက်ဆုပ်ဘဲ သင်ယူသောအားဖြင့် သုံးစွဲထားသောကြောင့်လည်းကောင်း ဤဋီကာတို့ ဖွင့်ပြချက်သည် သက်သက် တင်စီးထားသော စကားများသာ ဖြစ်သည်။

http://www.dhammadownload.com

ကောင်းလေစွ၊ (ကွာတိ-ဤသို့၊) ဧသော ပရိဿမော-ဤ ပင်ပန်းကြိုးကုတ် အားထုတ်ကြံစည်ခြင်းသည်၊ (အဟောသိ-ဖြစ်ပြီ၊)။ ["အနုရူပေန+အလင်္ကာရေန+ဧသံ+ဧသော"ဟု ပုဒ်ဖြတ်။]

၃။ တေနာပိ နာမ တျာဒိ။ ။"အသစ်ဖြစ်သော တန်ဆာအထူး ကျမ်းအထူးကို မပြုသင့်"ဟု ပယ်လိုသော ပုဂ္ဂိုလ်များကို တားမြစ်ပြီး၍ "အဘိဓာန (ကျမ်း၏အမည်) စသည်ကို ပြုလိုသောကြောင့် "တေနာပိနာမ"စသော ဂါထာကို မိန့်။ [တတိယဂါထာယ အဘိဓာနာဒိကံ ဒဿိတံ၊-ဋီကာသစ်။] ချဲ့ဦးအုံ့-ဤဂါထာဝယ် "အလင်္ကာရေန"ဟူသော ပါဠိဖြင့် ကျမ်း၏အမည်ကို ပြ၏၊ "ဤကျမ်းသည် အလင်္ကာရကျမ်းမည်၏"ဟူလို၊ နောက်၌ကား "သုဗောဓ"ဟူသော ဝိသေသနထည့်၍ "သုဗောဓာလင်္ကာရ"ဟု ထပ်၍ ပြဦးလတ္တံ့၊ ထိုအလင်္ကာရသဒ္ဒါဖြင့်ပင် ဤကျမ်း၏ဟောနက်ဖြစ်သော အဘိဓေယျကိုလည်း ပြ၏၊ ဤကျမ်း၌ "သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရ"ဟူသော အလင်္ကာရများကို ပြထားသည်-ဟူလို။

ဧသံ အနုရူပေနပါဠိဖြင့် "သုဒ္ဓမာဂဓိပုဂ္ဂိုလ်တို့အားလျော်သော"ဟု ဆိုသောကြောင့် "မာဂဓဘာသာဖြင့် စီရင်မည်"ဟု ကရဏပွဂ်ာရ (ကျမ်းပြုပုံ အချိုးအစား)ကို ပြ၏၊ "အနုရူပေန အလင်္ကာရေန"ပါဠိဖြင့် "ဤကျမ်းကို သင်ယူသောပုဂ္ဂိုလ်သည် ဖွဲ့နွဲ့စီကုံးရာ၌ သဒ္ဒါတန်ဆာအနက်တန်ဆာများကို ပြင်ဆင်တတ်လိမ့်မည်"ဟူသော ပကရဏပယောဇဉ် (ကျမ်း၏အကျိုး)ကို ပြ၏၊ "တန်ဆာအသစ် ကျမ်းအသစ်ဖြစ်သော အလင်္ကာရကို စီရင်မည်"ဟူသော ပဋိညာဉ်ကိုကား "အပိနာမ တောသေယျ၊ ဧသော ပရိဿမော"ပါဠိတို့ဖြင့် ပြ၏-ဟုကြံသင့်၏၊ "နှစ်သက်စေရလျှင် ကောင်းလေစွ"ဟု တပင်တပန်းအားထုတ်မှုဖြစ်သည်-ဟု ဆိုသဖြင့် "အလင်္ကာရအသစ်ကို စီရင်အုံ့"ဟု ပဋိညာဉ်ပြုရာ ရောက်သည်-ဟူလို။

တေန၊ပေ၊ပရိဿမော။ ။တေနဖြင့် ရှေ့ဂါထာ၌ ပြခဲ့သော အကြောင်းအရာကို ညွှန်ပြသည်၊ ထိုတေနကို ဧသော ပရိဿမော၌ စပ်၊ အကြင့်ကြောင့် သက္ကတဘာသာ ပြာကရိတ်ဘာသာ စသည်ဖြင့်

http://www.dhammadownload.com

စီရင်အပ်သော တန်ဆာအထူး, အလင်္ကာရကျမ်းအထူးတို့ကို သုဒ္ဓ
မာဂဓိကပုဂ္ဂိုလ်တို့ မသုံးစွဲနိုင်ကြ၊ ထို့ကြောင့်"ဧသော ပရိဿမော-ဤ
တပင်တပန်း ကြံစည်အားထုတ်မှု ဖြစ်ရပါသည်"ဟူလို၊ ပရိဿမော၌
ပရိပုဗ္ဗ သမုဓာတ်၊ ခေဒ (ပင်ပန်းခြင်း)အနက်ဟောတည်း၊ ပရိဿမနံ-
တပင်တပန်း အားထုတ်ခြင်း၊ ပရိဿမော-ခြင်း၊ "တန်ဆာအသစ်
အလင်္ကာရကျမ်းအသစ်ကို စီရင်ဖို့ရန် သာမန်အားထုတ်ခြင်းမဟုတ်,
တပင်တပန်း ကြိုးကြိုးစားစား အားထုတ်ခြင်းဖြစ်သည်"ဟူလို။ [ဧသော
ပရိဿမော-အယံ မမ အလင်္ကာရကရဏပယောဂေါ=ဤကား ငါ၏
တန်ဆာအသစ်ကျမ်းအသစ်ပြုခြင်း၌လုလ္လပယောဂတည်း။ ဋီကာသစ်။]

အပိနာမ တောသေယျံ။ ။"အဘယ်သို့ တပင်တပန်း ကြံစည်
အားထုတ်ခြင်း ဖြစ်သနည်း"ဟု မေးဖွယ်ရှိသောကြောင့် "အပိနာမ
တောသေယျံ"ဟု မိန့်၊ "နှစ်သက်အားရစေရလျှင် (နှစ်သက်အားရ
အောင် စီရင်ပေးရလျှင်) ကောင်းလေစွ"ဟု တပင်တပန်း ကြံစည်
အားထုတ်ခြင်း ဖြစ်သည်-ဟူလို၊ အပိနာမသည် ယန္နူနနှင့် အနက်တူ
သော သာဓုဝတအနက်ဟောတည်း၊ ဋီကာ၌ "သုန္ဒရံ"ဟု ဖွင့်၏၊
အဋ္ဌကထာများ၌ "သာဓုဝတ"ဟု ဖွင့်လေ့ရှိသည်။

အလင်္ကာရဝဇ္ဇိတေ။ ။"အဘယ်သူတို့ကို နှစ်သက်စေလိုပါ
သနည်း"ဟု မေးဖွယ်ရှိ၍"အလင်္ကာရဝဇ္ဇိတေ"ဟုမိန့်၊ သက္ကတဘာသာ
ပြာကရိတ်ဘာသာ စသည်ဖြင့် စီရင်အပ်သော သဒ္ဒါလင်္ကာရ
အတ္ထာလင်္ကာရတန်ဆာနှင့် ထိုတန်ဆာတို့ကို ပြသော အလင်္ကာရကျမ်း
တို့ကို မသုံးစွဲနိုင်ကြသဖြင့် ထိုတန်ဆာ ထိုအလင်္ကာရကျမ်းများ၏
ရှောင်ကြဉ်မှုကို ခံနေကြရသော "သုဒ္ဓမာဂဓိကပုဂ္ဂိုလ်တို့ကို အားရ
နှစ်သက်စေလိုသည်"ဟူလို။ [ဒွိပဒ္ဓဝိညာဏဇဝဇ္ဇိတ-ဟူသောသဒ္ဒါဟ်ပါဠိ
ကဲ့သို့"အလင်္ကာရေဟိ+ဝဇ္ဇိတာ အလင်္ကာရဝဇ္ဇိတာ"ဟုပြု၊ ဋီကာသစ်၌
အလင်္ကာရာ+ဝဇ္ဇိတာ ယေဟိတိ အလင်္ကာရဝဇ္ဇိတာ-ကြဉ်အပ်သော
အလင်္ကာရကျမ်းရှိသူတို့"ဟု တစ်နည်းဝိဂ္ဂဟ ပြုသေး၏။]

အနုရူပေနာလင်္ကာရေန ။ ။" အဘယ်ဖြင့် သုဒ္ဓမာဂဓိက
ပုဂ္ဂိုလ်များကို အားရ နှစ်သက်စေမည်နည်း" ဟု မေးဖွယ် ရှိ၍

http://www.dhammadownload.com

"အနုရူပေနာလင်္ကာရေန သေ"ဟု မိန့်၊ အလင်္ကာရနည်းကို သိလိုကြ ပါလျက် မသိရသောကြောင့် မနှစ်မသက် စိတ်ပျက်လျက် ရှိကြသော သုဒ္ဓမာဂဓကပုဂ္ဂိုလ်တို့ကို ထိုသူတို့နှင့်လျော်သော မာဂဓဘာသာဖြင့် စီရင်အပ်သော တန်ဆာအထူး ကျမ်းအထူးဖြင့် အားရ နှစ်သက် စေမည်" ဟူလို။ [အလင်္ကာရေန - အာဘရဏဝိသေသေန, ဂန္ထ ဝိသေသေန ဝါ။]

အလင်္ကာရ ။ ။ အလင်္ကာရောန္တိ အတ္ထဘာဝံ အနေနာတိ အလင်္ကာရော၊ ဤသို့ ဝိဂြိုဟ်ပြုလျှင် ခန္ဓာကိုယ် အတ္ထဘောကို တန်ဆာ ဆင်ကြောင်းဖြစ်သော "ဟာရ(ပုလဲသွယ်=ပုတီး) ကေယူရ(လက်ကြပ် လက်ကောက်)"စသော တန်ဆာကို ရ၏၊ ထိုတန်ဆာကို ဤနေရာ၌ ဆိုလိုရင်းမဟုတ်၊ "အလင်္ကာရောန္တိ ဗန္ဓသရီရံ (အဖွဲ့အနွဲ့ဟူသော ကိုယ်ကို) အနေနာတိ အလင်္ကာရော"ဟု ပြုလျှင် အစီအကုံး အဖွဲ့အနွဲ့ တည်းဟူသော ကိုယ်ကို တန်ဆာဆင်ကြောင်းဖြစ်သော သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရတို့ကို ရ၏၊ ဤအနက်သည် အလင်္ကာရသဒ္ဒါ၏ မုချ ဟောနက် (မုချတ္ထ)တည်း၊ ထိုအနက်တို့၏တည်ရာ အဖွဲ့ဗန္ဓကိုကား ဌာနျုပစာရအားဖြင့် အလင်္ကာရသဒ္ဒါသည် ဟော၏၊ ထိုအလင်္ကာတို့ကို ပြသော သုဗောမာလင်္ကာရကျမ်းကိုမူ အဆက်ဆက် တင်စားအပ်သော ပရမ္ပရူပစာရ ဌာနျုပစာရ (ဖလူပစာရ) အားဖြင့် ဟော၏။ [သုဗောဓ အမည်ကို နောက်မှ ပြအံ့။]

မုချောလင်္ကာရသဒ္ဒေါ်ယံ, သဒ္ဒတ္ထာလင်္ကာတိသိတော၊
သာမတ္ထိယာတွမိဌာနေ, တထာ သတ္ထေပိ တဗတိ။

မုချော- မုချဖြစ်သော၊ ဝါ- တိုက်ရိုက် ဆိုင်သော၊ အယံ အလင်္ကာရသဒ္ဒေါ-ဤအလင်္ကာရသဒ္ဒါသည်၊ သဒ္ဒတ္ထာလင်္ကာတိသိ တော-ဆိုအပ်လတ္တံ့သော သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရတို့ကို မှီ၏၊ သာမတ္ထိယာတု-ဟောစွမ်းနိုင်သည်၏အဖြစ်ဟူသော သတ္တိအားဖြင့် ကား၊ အဓိဌာနေ-ထိုအလင်္ကာ ၂ မျိုး၏ တည်ရာ အဖွဲ့ဗန္ဓ အထည် ကိုယ်၌၊ ဟောတိ-ဖြစ်၏၊ တထာ-ထိုသာမတ္ထိယအားဖြင့်ပင်၊ တဗ္ဗတိ-ထိုအလင်္ကာရအဖွဲ့ဗန္ဓရှိသော၊ သတ္ထေပိ-ကျမ်း၌လည်း၊ ဟောတိ-၏။

http://www.dhammadownload.com

ဆရာ ရှိ-မရှိ ကျိုး, ပြစ်

၄။ ယေသံ နံ သဒ္ဓိတာ ပညာ, နေကသတ္ထန္တရောစိတာ၊
သမ္မောဟဇ္ဈာဟတာဝေတေ, နာဝဗုဇ္ဈန္တိ ကိဉ္စိပိ။

၅။ ကီ တေဟိ ပါဒသုဿူသာ, ယေသံ နတ္ထိ ဂုရူနိဟ၊
ယေ တပ္ပာဒရဇောကိဏ္ဏာ, တေဝ သာဓူ ဝိဝေကိနော။

၄။ ယေသံ-အကြင်သူတို့သည်၊ အနေကသတ္ထန္တရောစိတာ-ပိဋကတ် ဗျာကရဏ်းစသော များစွာသော ကျမ်းဂန်တို့၌ ဆည်းပူးအပ်သော၊ ပညာ-သုတမယညာဏ်ပညာကို၊ နံ သဒ္ဓိတာ-မစုဆောင်းအပ်ချေ၊ ဧတေ-ဤဂန္ထန္တရ, သုတမဲ့ငြား, လူအများတို့သည်၊ သမ္မောဟဇ္ဈာဟတာဝ-တွေဝေပြင်းပြ, မောဟသတ္တိ, လွှမ်းဖို နှိပ်စက်အပ်ကုန်သည်သာလျှင်၊ (ဟုတ္တွာ-ဖြစ်၍) ကိဉ္စိပိ-ပယ်သင့် ယူသင့်, အပြစ်နှင့် ဂုဏ်, တစ်စုံတစ်ခုကိုမျှလည်း၊ နာဝဗုဇ္ဈန္တိ-ခွဲခြားပိုင်ပိုင်, မသိနိုင်ကြလေကုန်။

၅။ ကီဟ-ဤလောက၌၊ ယေသံ-အကြင်သူတို့၏၊ ဂုရူနံ-ကျမ်းတတ်အကျော် ဆရာတော်တို့၏၊ ပါဒသုဿူသာ-ခြေရင်းနား၌ ဝပ်တွားသင်ယူခြင်းသည်၊ နတ္ထိ-မရှိ၊ တေဟိ-ထိုဆရာမဲ့ငြား, လူအများတို့ဖြင့်၊ ကီ-ဘယ်အကျိုးရှိအံ့နည်း၊ ယေ-အကြင်သူတို့ကို၊ တပ္ပာဒရဇောကိဏ္ဏာ-ထိုဆရာ့ခြေစုံ, လိမ်းကျံကုန်သည့်, မြူမှုန်တို့ဖြင့် ရောပြွမ်းအပ်ကုန်၏၊ တေဝ-ထိုဆရာကောင်းတပည့်တို့သည်သာ၊ သာဓူ-ယဉ်ကျေးဘိတောင်း, လူတော်လူကောင်းတို့သည်၊ (ဟုတ္တွာ-ဖြစ်၍) ဝိဝေကိနော-ပယ်သင့် ယူသင့်, အပြစ်နှင့်ဂုဏ်, ခွဲခြားဝေဖန်နိုင်ကုန်၏။

၄,၅။ ယေသံ၊ပေ၊ဝိဝေကိနော။ ။အလင်္ကာကျမ်းသည် ပို့ကဗျာဂါထာစုဏ္ဏိယတို့၌ ဂုဏ်ရောက်ပုံ အပြစ်ရှိပုံကို ခွဲခြား၍ပြသော ကျမ်းဖြစ်၏၊ ထို့ကြောင့် "ထိုဂုဏ်နှင့်အပြစ်ကို ဤအလင်္ကာကျမ်းကဲ့သို့သော သတ္ထန္တရ (ကျမ်းဂန်အမျိုးမျိုး၌) ဆည်းပူးအပ်သော ဉာဏ်ပညာမရှိသူသည် ခွဲခြား၍ မသိနိုင်"ဟု ဗျတိရေကအားဖြင့်လည်းကောင်း,

http://www.dhammadownload.com

ဆရာကောင်းတပည့် ကျမ်းဂန်သိသူတို့သာ ခွဲခြားဝေဖန်နိုင်ကုန်၏-ဟု အနွယအားဖြင့်လည်းကောင်း ပြလိုသောကြောင့် "ယေသံ ၊ပေ၊ ဝိဝေကိနော"ဟူသော ၂ ဂါထာကို မိန့်သည်၊ ဤ ၂ ဂါထာဖြင့် "ဂုဏ်နှင့် အပြစ်ကို ခွဲခြား၍ သိဖို့ရန် ဤအလင်္ကာကျမ်းကို သင်ယူကြပါ"ဟု သွယ်ဝိုက်သော နည်းအားဖြင့် တိုက်တွန်းမှု ဥယောဇဉ်ကို ပြသည်။ [အဌကထာကြီးများကား ပဋိညာဉ်ကို ပြပြီးနောက် ဥယောဇဉ်ကိုလည်း တိုက်ရိုက်ပင် ပြလေ့ရှိကြသည်။]

အနေက၊ပေရောစိတာ။ ။အန္တရာနိ+သတ္ထာနိ သတ္ထန္တရာနိ။ အန္တရသဒ္ဒသည် အညအနက်ဟော၊ ပိဋကကျမ်းမှ တစ်ပါးသော တက်ကျမ်း စသည်နှင့် တက်ကျမ်း စသည်မှတစ်ပါးသော ပိဋကကျမ်း စသည်တည်း၊ ထို့ကြောင့် ကျမ်းတစ်မျိုးမှ တစ်ပါးသော အခြားကျမ်း တစ်မျိုးကို "သတ္ထန္တရ"ဟု ခေါ်၏၊ ထိုသတ္ထန္တရသည် ပိဋကတော်ကျမ်း, တက်ကျမ်း, ဗျာကရိုဏ်း(သဒ္ဒါ)ကျမ်း, အလင်္ကာကျမ်းစသောအားဖြင့် များသောကြောင့် "အနေကာနိ+သတ္ထန္တရာနိ အနေကသတ္ထန္တရာနိ"ဟု ဆိုသည်။ "အနေကသတ္ထာနံ တိပိဋကတက္ကဗျာကရဏာဒီနံ အနေကေသံ"၊[အန္တရေကို "အဗ္ဘန္တရေ=အတွင်း၌"ဟု ဋီကာသစ်ဖွင့်သည်ကား ရိုးရာမကျလှ၊ ဂန္ထန္တရကို ကျမ်းအမျိုးမျိုးဟုသာ အနက်သုံးလေ့ရှိသည်။

မှတ်ချက်။ ။"အနေကသတ္ထန္တရ"အရ ပိဋက ၃ ပုံစသော ကျမ်းများကို ပြထားသော်လည်း ဆိုလိုရင်းမှာ အလင်္ကာကျမ်းသာ ဖြစ်၏၊ ဘာ့ကြောင့်နည်း-သတ္ထန္တရတွင် ပါဝင်သော ဤ အလင်္ကာ ကျမ်းကို သင်ယူပါ-ဟု တိုက်တွန်းလိုသော ဥယောဇဉ်ဂါထာ ဖြစ်သော ကြောင့်တည်း။

ဥစိတာ။ ။"သဝနဥဂ္ဂဟဓာရဏာဒိဝသေနပရိစိတာ"ဟု ဋီကာသစ်ဖွင့်၏၊ စာလိုက်သောအားဖြင့် လိုက်နာခြင်း သဝန, ကိုယ်တိုင် တက်ခြင်း ဥဂ္ဂဟ, တက်ပြီးနောက် ဆောင်ထားခြင်း-မှတ်သားခြင်း ဓာရဏတို့ကို "ဥစိတ-ဆည်းပူး"ဟု ဆိုသည်၊ အနေက သတ္ထန္တရေသု-တို့၌ + ဥစိတာ-ဆည်းပူးအပ်သော ပညာတည်း၊ အနေကသတ္ထန္တရောစိတာ-ပညာ။

http://www.dhammadownload.com

ယေသံ နသဗ္ဗိတာ။ ။ယေသံသည် သဗ္ဗိတာ၏ ဆဋ္ဌီကတ္တားတည်း၊ "သဗ္ဗိတာ-ဆည်းပူး"ဟူသည် ကျမ်းဂန်တစ်ရပ်မှ မှတ်သားအပ်သော ပညာနှင့် အခြားကျမ်းဂန်တစ်ရပ်မှ မှတ်သားအပ်သော ပညာ ၂ မျိုးကို ပူးပေါင်းစုဆည်းထားခြင်းတည်း၊ ဤသို့ ဆည်း+ပူး စုဆောင်းအပ်သော နည်းအမျိုးမျိုးရှိသူကို "ဂန္ထန္တရဗဟုဿုတရှိသူ"ဟု ခေါ်သည်၊ ထိုသို့ ဂန္ထန္တရသုတများအောင် ဆည်းပူးမထားသူကို "ယေသံ နသဗ္ဗိတာ"ဟု ဆိုသည်။

သမ္မောပေကိဗ္ဗိပိ။ ။အဘိ (ဝိသေသန)+အာဟညန္တေတိ အဘ္ဘာဟတာ၊ သမ္မောဟေန+အဘ္ဘာဟတာ သမ္မောဟဘ္ဘာဟတာ-လွန်စွာတွေဝေသော မောဟသည် အထူးအားဖြင့် နှိပ်စက်အပ် ဖုံးလွှမ်းထားအပ်သူတို့=ဘာကိုမျှ မသိအောင် ထိုင်းမှိုင်းတွေဝေသူတို့။ [ဝေတေ-ဝ+ဇတေ။] ကိဗ္ဗိပိကို "ဟေယျောပါဒေယျံ-ဟေယျ+ဥပါဒေယျံ-စွန့်ပယ်ထိုက်သောအပြစ်+ယူထိုက်သောဂုဏ်"ဟု ဖွင့်၏၊ ဂန္ထန္တရဗဟုဿုတမရှိသူတို့မှာ မသိမှုမောဟသည် အထူးနှိပ်စက်အပ်သည် ဖြစ်၍ ပို့ကဗျာ ဂါထာစုဏ္ဏိယတို့၌ ပယ်ထိုက်သောအပြစ်ကိုလည်းကောင်း, ယူထိုက်သော ဂုဏ်ကိုလည်းကောင်း တစ်စုံတစ်ခုမျှ မသိနိုင်ကြ-ဟူလို၊ ထို့ကြောင့် အောက်ပါဂါထာကို ရှေးဆရာတို့ ဆိုကြသည်။

ဂုဏဒေါသမသတ္ထညူ, ဇနော ဝိဘဇတေ ကထံ၊
အဓိကာရော ကိမန္ဓဿ, ရူပဘေဒေါပလဒ္ဓိယံ။

အသတ္ထညူ-ကျမ်းဂန်တတ်သိ, ပညာရှိမဟုတ်သော၊ ဇနော-လူသည်၊ ဂုဏဒေါသံ-ဂုဏ် အပြစ်ကို၊ ကထံ ဝိဘဇတေ-အဘယ်မှာခွဲခြားနိုင်ပါအံ့နည်း၊ ရူပဘေဒေါပလဒ္ဓိယံ (ရူပဘေဒ+ဥပလဒ္ဓိယံ)-ညှိရွေ့ ဖြူး နီ, စသည်အပြား, အဆင်းများကို, ခွဲခြား၍ သိရခြင်း၌၊ အန္ဓဿ-သူကန်း၏၊ အဓိကာရော-အရာသည်၊ ကိံ (ဟောတိ)-အဘယ်မှာ ဖြစ်နိုင်အံ့နည်း။

ကိံ တေဟိ ပါဒသုသ္သူသာ။ ။"ကိံ"သဒ္ဒါသည် ပဋိက္ခေပအနက်ဟော နိပါတ်ပုဒ်တည်း၊ ပါဒေသု-ဆရာ့ခြေတို့၌ (ပါဒဖြင့် ပါဒ၏အနီးခြေရင်းကို ယူ)+သုဿူသာ-နာလိုခြင်း၊ ပါဒသုဿူသာ-ခြင်း၊ "ဆရာ့ခြေရင်း၌ ချဉ်းကပ်၍ သင်ခြင်း- စာတက်ခြင်း- မေးမြန်းခြင်း"တည်း၊

http://www.dhammadownload.com

ဋီကာတို့၌ ပါဒသုဿူသာကို " ပါဒပရိစရိယာ - ခြေရင်း၌ ပြုစုလုပ်ကျွေးခြင်း"ဟု ဖွင့်ကြ၏၊ ထိုသို့ ပြုစုလုပ်ကျွေးမှု ဆရာက သင်ပေးသဖြင့် သုဿူသာအကျိုးကို ရနိုင်သောကြောင့် ပါဒသုဿူသာသည် အကျိုး၏ အမည်ကို အကြောင်း ပြုစုခြင်း၌ တင်စားထားသော ဖလူပစာဟု ဆိုလိုကြသည်။ ["သူ"ဟု ရှိမှ ဆန်းတည့်၏။]

တပ္ပာဒရဏောကိဏ္ဏာ။ ။တေသံ-ထိုဆရာသမားကြီးတို့၏+ပါဒါ, တပ္ပာဒါ၊ တပ္ပာဒေသု+ရဏာ တပ္ပာဒရဏာ၊ တပ္ပာဒရဏေဟိ-တို့သည်+ သြကိဏ္ဏာ-ရောပြွမ်းအပ်သူတို့တည်း၊ တပ္ပာဒရဏောကိဏ္ဏာ-တို့၊ "ဆရာသမားကြီးတို့၏ ခြေတို့၌ ကပ်သော မြူမှုန်တို့ဖြင့် တစ်ကိုယ်လုံး ရောပြွမ်း နေလောက်အောင် ဆရာသမားကြီးတို့၏ ခြေရင်းအနီး၌ ကပ်၍ သင်ယူသူတို့"ဟု ဆိုလိုသည်၊ ထို"ဆရာသမား"ဆိုသူများလည်း မိမိထက် အစစအရာရာ သာလွန်သော ပုဂ္ဂိုလ်များသာ ဖြစ်စေရမည်၊ မှန်၏-"မိမိအောက် ညံ့သူကို မှီခိုလျှင် ရှိပြီး ဉာဏ်ပညာပင် ယုတ်လျော့တတ်သေး၏၊ မိမိနှင့်တန်းတူသူကို မှီခိုလျှင်ကား မယုတ်သော်လည်း တိုးတက်ဖို့ မရှိ၊ မိမိထက်သာသူကို မှီခိုမှသာ အရာရာ တိုးတက်နိုင်သည်"ဟု ဘုရားဟောတော်မူသည်။

နိဟီယတိ ပုရိသော နိဟီနသေဝီ,
နော စ ဟာယေထ ကဒါစိ တုလျသေဝီ၊
သေဋ္ဌမုပနမံ ဥဒေတိ ခိပ္ပံ,
တသ္မာ အတ္တာနော ဥတ္တရိံ ဘဇေထ။

သာဓု ဝိဝေကိနော ။ ။ အတ္ထေ သာဓေန္တီတိ သာဓု - မိမိသူတစ်ပါး၏ စီးပွားတို့ကို ပြီးစေတတ်သော လူတော်လူကောင်းများ၊ ရုဓာဒိ ဝိစဓာတ်ဖြင့် "ဝိဝိစ္စတီတိ ဝိဝေကော-ခွဲခြားဝေဖန်တတ်သော ဉာဏ်"ဟုပြု၊ ဝိဝေကော ယေသံ အတ္ထီတိ ဝိဝေကိနော=ဂုဏ်နှင့် အပြစ်ကို စိစစ် ဝေဖန်တတ်သော ဉာဏ်ရှိသူများ၊ ဤဂါထာဖြင့် "ဂန္ထန္တရဇာဟုသစ္စဂုဏ်ရှိအောင် ကြိုးစားရာ၌လည်း ဆရာကောင်းသမားကောင်းထံ သင်ယူကြိုးစားမှ စိစစ်ဆုံးဖြတ် ဝေဖန်တတ်သော ဉာဏ်ကို ရနိုင်ပါသည်၊ ထို့ကြောင့် ဆရာသမားကောင်းထံ ကျိုးနွံစွာ ဆည်းကပ်၍ သင်ယူကြပါ"ဟု တိုက်တွန်းသည်။

http://www.dhammadownload.com

စိတ်ဆုတ်နစ်သူများကို အားပေးခြင်း

၆။ ကဗ္ဗနာဋ္ဌကနိက္ခိတ္တ-နေတ္တစိတ္တာ ကဝိဇ္ဇနာ၊
ယံကိဉ္စိ ရစယန္တေ တံ, နာ ဝိမုယကရံ ပရံ။

၇။ တေယေဝ ပဋိဘာဝန္တော, သောဝ ဗန္ဓော သဝိမုယော၊
ယေန တောသေန္တိ ဝိညူ ယေ, တတ္ထပျဝိဟိတာဒရာ။

၆။ ကဗ္ဗနာဋ္ဌကနိက္ခိတ္တနေတ္တစိတ္တာ-ကာဗျကျမ်း နာဋ္ဌကကျမ်းတို့၌ ချထားအပ်သော မျက်စေ့ စိတ်ရှိကုန်သော၊ ကဝိဇ္ဇနာ-ကဗျာတတ်သိပညာရှိတို့သည်၊ ယံကိဉ္စိ-တစ်စုံတစ်ခုသော အဖွဲ့အနွဲ့ အစီအကုံးကို၊ ရစယန္တိ-ရေးသားစီကုံးကြကုန်၏။ ဧတံ-ဤအဖွဲ့အနွဲ့ အစီအကုံးသည်၊ ပရံ-လွန်စွာ၊ နာ ဝိမုယကရံ - အံ့ဩဖွယ်ကို မပြုနိုင်ပါ။ [ကဝိဇ္ဇနာဒိ ဆန္ဒာနုရက္ခဏ (ဇ္ဈ)။]

၇။ ယေ-အကြင်သူတို့သည်၊ ဟတ္ထ-ထိုကာဗျကျမ်း နာဋ္ဌကကျမ်းတို့၌၊ အဝိဟိတာဒရာ-ပြုအပ်သော လေးစားခြင်း မရှိကုန်သည်၊ (သမာနာပိ-ဖြစ်ပါကုန်သော်လည်း၊) ယေန- အကြင် အဖွဲ့အနွဲ့ အစီအကုံးဖြင့်၊ ဝိညူ-ပညာရှိတို့ကို၊ တောသေန္တိ-နှစ်သက်စေနိုင်ကုန်၏၊ တေယေဝ-ထိုသူတို့သည်သာ၊ ပဋိဘာဝန္တော-ပင်ကိုပဋိဘာန်, ဉာဏ်ရှိကြပါပေကုန်၏၊ သောဝဗန္ဓော-ထိုသူတို့ ဖွဲ့အပ်သော ထိုအဖွဲ့အနွဲ့ အစီအကုံးသည်သာ၊ သဝိမုယော-အံ့ဩဖွယ်နှင့်တကွ ဖြစ်ပါပေ၏၊ ဝါ-အံ့ဩလောက်ပါပေ၏။

၆-၇။ ။ဆရာကောင်းထံ နည်းကောင်းခံလျက် သင်အံ့လေ့ကျက်ဖို့ရာ တိုက်တွန်းပြီး၍ ယခုအခါ "ကဗ္ဗကျမ်း နာဋ္ဌကကျမ်းတို့၌ အလေ့အလာ မရှိသော ငါတို့မှာ ဂါထာ စုဏ္ဏိယစသည် စီကုံး၍ ကျမ်းစာရေးသားခြင်း, ဂါထာ စုဏ္ဏိယဖြင့် ရေးသားအပ်သော ကျမ်းစာတို့၏ သဘောကို နားလည်ခြင်း ရှိနိုင်တော့မည်မဟုတ်"ဟု ဆုတ်နစ်စိတ်ဖြစ်နေကြသော စာသင်သားတို့ကို အားတက်စေလိုသောကြောင့် "ကဗ္ဗနာဋ္ဌက"စသော ၂ ဂါထာကို မိန့်သည်။ [ကွဒါနိ ကဗ္ဗနာဋ္ဌကေသု အပရိစိတာနံ အမှာကံ ဂန္ထရစနာ (ကျမ်းပြုခြင်း) သဘာဝါဝဟောဓော ဝါ (ကျမ်းဂန်တို့၏ သဘောမှန်ကို သိခြင်း) ကုတော (အဘယ်မှာ

http://www.dhammadownload.com

ရှိတော့အံ့နည်း)၊ ဣတိ ဩသက္ကန္တေ (စိတ်ဆုတ်နစ်နေသူတို့ကို) ကဗ္ဗ နာဋ္ဌကာဒိဂါထာဒွယေန သမုဿာဟေတိ။]

ဆိုလိုရင်းကား "ကာဗျကျမ်း နာဋ္ဌကကျမ်းတို့၌ မျက်စေ့ရော စိတ်ပါ ချထား၍ စီကုံး ထုံးဖွဲ့မှု၌ အလေ့အလာများသူတို့၏ အဖွဲ့အနွဲ့သည် အံ့ဩစရာ မကောင်းပါ၊ ထိုကျမ်းတို့၌ အလေ့အလာ မများပါသော်လည်း ပညာရှိများ နှစ်သက်လောက်အောင် ဖွဲ့နွဲ့စီကုံးနိုင်သူတို့ကိုသာ "ပင်ကိုပဋိဘာန် ဉာဏ်ရှိကြပါပေသည်"ဟု ချီးမွမ်းထိုက်၍ ထိုသူတို့၏ အဖွဲ့အနွဲ့သာ အံ့ဩဖွယ် ကောင်းပါပေသည်"ဟု ဆိုလိုသည်၊ ဥပမာ-"အစ္ဆရိယော အရဇကေန ဝတ္ထာနံ ရာဂေါ=ပင်းမင်းဆရာ (ဆေးဆိုးဆရာ) မဟုတ်ပါဘဲ အဝတ်တို့ကို ဆေးဆိုးတတ်ခြင်းသည် အံ့ဩဖွယ် ကောင်းပါပေ၏"ဟူသကဲ့သို့တည်း။

မှတ်ချက်။ ။ဤ ၂ ဂါထာဖြင့် "ကဗ္ဗကျမ်း နာဋ္ဌကကျမ်းတို့ကို မလေ့လာရသော်လည်း ဤအလင်္ကာကျမ်းကို လေ့လာကြပါလျှင် အပြစ်ကင်း-ဂုဏ်ပြည့်၍ ပညာရှိချီးမွမ်းလောက်အောင် ရေးသားစီကုံးနိုင်မည်ဖြစ်ရကား ဤအလင်္ကာကျမ်း၌ မျက်စေ့ရော စိတ်ပါ ချလျက်ကြိုးစားကြပါလေ"ဟူလည်း တိုက်တွန်းရာ ရောက်သည်။

ကဗ္ဗ။ ။ကဝိနော+ဣဒံ ကဗ္ဗံ၊ ဣဒံ-ဤကျမ်းသည်၊ ကဝိနော-စီကုံးထုံးဖွဲ့တတ်သော ပညာရှိ၏+ဥစ္စာတည်း၊ ဣတိ ကဗ္ဗံ၊ [ကဝိနောင် ဏျပစ္စည်း သက်၊ ဣကို ယ, ဝကို ဗပြု, ဏအနုဗန်ကြောင့် ဝုဒ္ဓိလည်းပြု၍ သက္ကတ၌ "ကာဗျ"ဟု ဖြစ်၏၊ ပါဋိ၌ ဗျကို ဗပြု, ဒွေဘော်လာ, ကာ၌လည်း ရဿပြု၍ "ကဗ္ဗ"ဟု ဖြစ်၏၊ ထိုကာဗျကိုပင် မြန်မာတို့က "ကဗျာ"ဟု ခေါ်နေကြသည်၊] ထိုကဗ္ဗကျမ်းဟူသည် "ကာလီဒါသဆရာ စီရင်အပ်သော ကုမာရသမ္ဘဝကျမ်း, လဃုဝံသကျမ်း, မေဃဒူတကျမ်း၊ ဘတ္တိဟရိဆရာ စီရင်အပ်သော ဘတ္တိကဗ္ဗကျမ်း၊ ဗာရဝီဆရာ စီရင်အပ်သော ကိရာတဇ္ဇုနီယကျမ်း၊ သိရိဟဿဆရာ စီရင်အပ်သော နေသ ဓီရစရိတကျမ်း၊ မာဃဆရာ စီရင်အပ်သော သိသုပါလဝဓကျမ်း စသည်တည်းဟု ယောနိဿယ၌ သရုပ်ထုတ်ပြ၏၊ ကဗ္ဗ=ကာဗျ ဟူသည်လည်း ရွတ်ဆို၍ ကောင်းအောင် စီကုံးထားအပ်သော ဂါထာကြီးများပင် ဖြစ်သည်။

http://www.dhammadownload.com

နာဠက။ ။နဠတိ-ကတတ်၏၊ ကွတိ နာဠကော (ဏ္ဍုပစ္စည်း) ကခြေသည် ဇာတ်သမား၊ ကခြင်းဖြင့် သီချင်းဆိုမှုပါ အဝိနာဘာဝ နည်းဖြင့် ယူ၊ နာဠကဿ+ဣဒံ နာဠကံ-ကခြေသည် ဇာတ်သဘင် သည်တို့ လေ့လာအပ်သော ကပြ သီဆိုနည်းကို ပြသောကျမ်း၊ ထို နာဠကကျမ်းဟူသည် ရာမဇာတ် ဘာရတဇာတ်အစရှိသော ပြဇာတ်တို့ တည်း၊ ထိုတွင် ရာမဇာတ်သည် ရာမရသေ့ စီရင်အပ်သောရာမာယဏ ဇာတ်, ဟနုမာန်မျောက် စီရင်သည်ဟု သမုတ်အပ်သော(အမှန်အားဖြင့် ပညာရှိတစ်ဦး စီရင်အပ်သော) ဟနုမာနနာဠကဇာတ်ဟု ၂ မျိုးရှိ၏၊ ဘာရတဇာတ်ဟူသည်ကား "ညီနောင် ၅ ယောက်နှင့် ညီနောင်တစ်ရာတို့ စစ်တိုက်ပုံပြသော ဇာတ်တည်း"ဟု ယောနိသယဉ် ပြထား၏။

ကဗ္ဗ၊ပေ၊စိတ္တာ။ ။ကဗ္ဗနာဠကေသု+နိက္ခိတ္တံ ကဗ္ဗနာဠကနိက္ခိတ္တံ၊ ကဗ္ဗနာဠကနိက္ခိတ္တံ+နေတ္တစိတ္တံ ယေသံတိ ကဗ္ဗနာဠကနိက္ခိတ္တနေတ္တ စိတ္တာ=ကဗ္ဗကျမ်း နာဠကကျမ်းတို့၌ (အမြဲ သင်အံ ကြည့်ရှုသော အားဖြင့်) မျက်စိရော စိတ်ပါ ချထားသူတို့၊ "ထိုကျမ်းများကို အမြဲ လေ့ကျက်နေသူတို့"ဟု ဆိုလိုသည်။ [ကဗျာရေးရာ၌ စည်းချက် ပိုင်အောင် ကလည်း ကတတ်, ဆိုလည်း ဆိုတတ်သူဖြစ်မှ အရေးလည်း ကောင်း၏၊ ထို့ကြောင့် ဖွဲ့နွဲ့စီကုံးသူတို့သည် ကဗ္ဗကျမ်းသာမက, နာဠကကျမ်းကိုပါ လေ့လာကြရသည်။]

ယံကိဉ္စိ၊ပေ၊ပရံ။ ။ကဗ္ဗ-နာဠကကျမ်းတို့၌ အမြဲလေ့လာထား သော ကာလိဒါသဆရာ စသော ပညာရှိတို့ ရေးသား စီကုံးအပ်သော အဖွဲ့အနွဲ့ကဗျာ-ဂါထာစုကို့ယတို့သည် အလွန်ကောင်းပါပေ၏၊ သို့သော် ကဗ္ဗကျမ်း နာဠကကျမ်းတို့ကို အမြဲလေ့လာပြီးမှ ရေးသား အပ်သော ကာဗျဖြစ်၍ အံ့သြစရာမကောင်းလှပါ၊ [ဤမျှလောက် လေ့လာလျှင် ရေးတတ်ကြမှာပေါ့"ဟု ခပ်ပျော့ပျော့ ချီးမွမ်းကြပါလိမ့်မည်-ဟူလို။ [ရစယန္တိ၌ ရစဓာတ်သည် "ကရဏ-ပြုခြင်း"အနက်ရှိ၏၊ "ပြုခြင်း"ဟူသည် ရေးသားစီကုံးခြင်းတည်း၊ ဝိမှယံ-တအံ့တသြ ချီးမွမ်း ဖွယ်ကို+ကရောတီတိ ဝိမှယကရံ၊ "ပရံ"ကား "ဥတ္တရ=အလွန်"အနက် ဟော ကြိယာဝိသေသန။]

http://www.dhammadownload.com

ပဋိဘာဝန္တော။ ။ပဋိပုဗ္ဗ+ဘာမာတ်၊ ပဋိဘာတိ-ဆိုင်ရာကိစ္စသို့ (အာရုံသို့) ရှေးရှုထင်တတ် သိမြင်တတ်၏၊ ဣတိ ပဋိဘာ၊ (အကြောင်းအားလျော်စွာ ဖွဲ့နွဲ့စီကုံးနိုင်သော) ပဋိသန္ဓေက ပါလာသော ဉာဏ်တည်း၊ ထိုဉာဏ်ကိုပင် "သာဘာဝိကာစပဋိဘာ-ပင်ကိုသဘာဝအတိုင်းဖြစ်လျက်ရှိသော ပဋိဘာန်"ဟု အစီအကုံးကောင်းသူ၏ အဂိါတစ်ပါးအဖြစ်ဖြင့် ဆိုကြသည်၊ ထိုပင်ကိုဉာဏ်တို့တွင် အရှင်ဝဂီသထေရ်၏ ဉာဏ်မှာ ရှေးပါရမီကြောင့် ရအပ်သောဉာဏ် ဖြစ်ရကား အလွန်လျင်မြန်၏၊ အကြောင်းဖြစ်ပေါ်လာလျှင် ချက်ချင်း စီကုံးနိုင်၏၊ ထို့ကြောင့် အရှင်ဝဂီသကို ပဋိဘာနဝန္တပုဂ္ဂိုလ်တို့တွင် ဧတဒဂ် (ထိပ်ဆုံး) တင်တော်မူသည်။

ဗန္ဓော။ ။ဗဇ္ဈတေ-(ပုဒ်တစ်ခုနှင့်တစ်ခုကို ကာရန်ဝါကျ လှပညီညွတ်အောင်) ဖွဲ့ထားအပ်၏၊ ဣတိ ဗန္ဓော၊ ထိုဖွဲ့ထားခြင်းကို ပန်းပွင့်ကလေးများ စီကုံးထားသကဲ့သို့ စီ+ကုံး (သီ+ကုံး)ဟုလည်းကောင်း, စကားလှပအောင် သုံးနှုန်းဖွဲ့ဆိုထားခြင်းကြောင့် "အနှုန်းအဖွဲ့"ဟုလည်းကောင်း ခေါ်သည်။ ["ဗန္ဓော စ နာမ"စသော နောက်ဂါထာ၌ ဗန္ဓ၏ သဘောလက္ခဏာကို သေချာစွာ ပြဦးလတ္တံ့။]

သဝိမ္မယော။ ။ဝိပုဗ္ဗ+မိုဓာတ်သည် အုံ့ဩခြီးမွမ်းခြင်းအနက်ကို ဟော၏၊ ဝိမိုယတေ-ခြီးမွမ်းအုံ့ဩအပ်၏၊ ဣတိ ဝိမ္မယော(ခြီးမွမ်းအုံ့ဩဖွယ်)၊ သဟ+ဝိမ္မယေန ယော ဝတ္တတီတိ သဝိမ္မယော (ဗန္ဓော)။

အဝိဟိတာဒရာ။ ။ဝိဟိတော+အာဒရော ဝိဟိတာဒရော (ထိုကျမ်းတို့၌ သင်အံလေ့ကျက်သောအားဖြင့် ပြုအပ်သော လေးစားခြင်း=လေးလေးစားစားပြုခြင်း၊) နတ္ထိ+ဝိဟိတာဒရော ယေသံတိ အဝိဟိတာဒရာ-ထိုကျမ်းတို့၌ လေးစားခြင်း မရှိသူတို့၊ [တတ္ထ ပုဝိဟိတာဒရာ=တတ္ထ+အပိ+အဝိဟိတာဒရာ၊ "အပိ"ကား ဂရဟာဇောတက၊ လေးလေးစားစား လေ့လာခြင်း မရှိသည်ကို ကဲ့ရဲ့သည်၊ ထိုအပိဖြင့် သမ္ဘာဝနာကိုလည်း ဆည်း၍ ဝိညူတောသန=ပညာရှိတို့ နှစ်သက်စေနိုင်ခြင်းကို ခြီးမွမ်းသည်။

http://www.dhammadownload.com

မဟာကဗျာရေးသားနည်း

က။ သဂ္ဂဗန္ဓော မဟာကဗ္ဗ-မုစ္စတေ တွဿ လက္ခဏံ၊
ပဏာမော ဝတ္ထုနိဒ္ဒေသော, အာသီ ဝါပိ စ တံ မုခံ။
ခ။ ဣတိဟာသကထုဗ္ဘူတံ, သန္တသန္နိဿယံ ပိဝါ၊
စတုဝဂ္ဂဖလာယတ္တံ, စာတုရောဒတ္တနာယကံ။
ဂ။ ပုရဏ္ဏဝုတု သေလိန္ဒု, သဝိတူဒယဝဏ္ဏနံ၊
ဥယျာနသလိလက္ကီဋ္ဌာ, မဓုပါနရတုဿဝံ။

က။ သဂ္ဂဗန္ဓော-သဂ္ဂ အမည်ရှိသော အခန်းတို့ဖြင့် ဖွဲ့ဆိုအပ်သော ကဗျာသည်၊ မဟာကဗ္ဗံ-မဟာကဗျာမည်၏၊ အဿ-ထိုမဟာကဗျာ၏၊ လက္ခဏံတု-လက္ခဏာကိုကား၊ ဥစ္စတေ-ဆိုအပ်၏၊ ဝါ-ပြဆိုပေအံ့၊ ပဏာမောဝါ-ရှိခိုးခြင်းသည်လည်းကောင်း၊ ဝတ္ထုနိဒ္ဒေသောဝါ-ထိုကျမ်းနှင့် ဆိုင်သော အကြောင်းအရာကို ညွှန်ပြခြင်းသည်လည်းကောင်း၊ အာသီဝါပိစ-တောင့်တခြင်းသည်လည်းကောင်း၊ တံမုခံ-ထိုမဟာကဗျာ၏အစသည်၊ ဘဝေ-ဖြစ်၏။ [ယခုခေတ်၌ ကဏ္ဍ-ပရိစ္ဆေဒကို ထိုခေတ်၌ "သဂ္ဂ"ဟု ခေါ်၏၊ ထိုသို့ အခန်းပေါင်းများစွာ ပိုင်းခြား၍ ခွဲစိတ်အပ်သည်ကို မဟာကဗ္ဗ (မဟာကာဗျ)ဟု ခေါ်၏၊ ထိုမဟာကဗ္ဗ၌ ရှေးဦးစွာ ပဏာမပုဗ္ဗက, ဝတ္ထုပုဗ္ဗက, အာသီသပုဗ္ဗက ဂန္ထာရမ္ဘတစ်မျိုးမျိုး ရှိသင့်သည်-ဟူလို။]

ခ။ ဣတိဟာသကထုဗ္ဘူတံ-ရာမဝတ္ထု, ဘာရတဝတ္ထု စသော ရှေးကဖြစ်ဖူးသော ဝတ္ထုတစ်ခုခုကိုလည်းကောင်း၊ ဣတရံ-ဤမှတစ်ပါးသော၊ သန္တသန္နိဿယံ-မှန်ကန်သော အကျင့်အာစာရ၊ ဝါ-သူတော်ကောင်းတို့ မှီဝဲအပ် နည်းယူအပ်သော အကျင့်အာစာရကိုလည်းကောင်း၊ စတုဝဂ္ဂဖလာယတ္တံ-တရားကို ကျင့်ခြင်းဓမ္မ, ကာမဂုဏ်ခံစားခြင်း ကာမ, ဥစ္စာပစ္စည်းကို ရှာမှီးခြင်းအတ္ထ, သံသရာမှ လွတ်ရာလွတ်ကြောင်း အကျင့်ကို ကျင့်ခြင်း မောက္ခဟု ဆိုအပ်သော လေးပါးသော အကျိုးနှင့်ပြည့်စုံသော၊ စာတုရောဒတ္တနာယကံ-လိမ္မာသော မြတ်သော ပြည့်ရှင်မင်းကိုလည်းကောင်း၊ မဟာကာဗျေ-မဟာကဗျာ၌၊ ယောဇေယျ-ယှဉ်စေရာ၏၊ ဝါ-ပါဝင်အောင် စီရင်ရာ၏။

ဂ။ ပုရဏ္ဏဝုတုသေလိန္ဒုသဝိတူဒယဝဏ္ဏနံဝါ-မြို့, သမုဒ္ဒရာ, ဥတု, တောင်, လထွက်ခြင်း, နေထွက်ခြင်းတို့ကို ချီးမွမ်းခြင်းကိုလည်းကောင်း၊ ဥယျာနသလိလက္ကီဋ္ဌာမဓုပါနတုဿဝံဝါ-ဥယျာဉ် ရေကန်၌ ကစားခြင်း, ချိုမြိန်သော အဖျော်ကိုသောက်ခြင်း, သမီးရည်းစား ပေါင်းဆုံခြင်းကိုလည်းကောင်း၊ မဟာကာဗျေ-မဟာကဗျာ၌၊ ယောဇေယျ-ယှဉ်စေရာ၏။

http://www.dhammadownload.com

ဃ။ ဝိပ္ပလမ္ဘဝိဝါဟေဟိ, ကုမာရောဒယဝမိုဟိ၊
မန္တာဒုတပယာနာဇိ–နာယကဇ္ဈာဒယေဟိပိ။
ဂ။ အလင်္ကတမသံခိတ္တံ, ရသဘာဝနိရန္တရံ,
နာတိဝိတ္ထိဏ္ဏသဂ္ဂေဟိ, ပိယဝုတ္တသုသန္ဓိဘိ။
စ။ သဗ္ဗတ္ထ ဘိန္နသဂ္ဂန္တေ–ဟုပေတံ လောကလဥ္ဇကံ၊
ကဗ္ဗံ ကပ္ပန္တရဋ္ဌာယိ, ဇာယတေ သာဓွလင်္ကတိ။

ဃ-ဂ-စ။ ဝိပ္ပလမ္ဘဝိဝါဟေဟိ-သမီးခင်ပွန်းကွဲခြင်း, ထိမ်းမြားလက်ထပ်ခြင်းတို့ဖြင့်လည်းကောင်း၊ ကုမာရောဒယဝမိုဟိ-သားသမီးမြေးမြစ်တို့တိုးပွားခြင်းတို့ဖြင့်လည်းကောင်း၊ မန္တာဒုတပယာနာဇိနာယကဇ္ဈာဒယေဟိပိ-တိုင်ပင် ခြင်း, တမန်လွှတ်ခြင်း, စစ်တိုက်ထွက်ခြင်း, စစ်တိုက်ခြင်း, မိမိတို့၏ပြည့်ရှင်မင်းစစ်အောင်ခြင်းတို့ဖြင့်လည်းကောင်း၊ အလင်္ကတံ-တန်ဆာဆင်အပ်သော၊ အသံခိတ္တံ-မကျဉ်းလွန်းသော၊ ရသဘာဝနိရန္တရံ-ရသ ဘာဝတို့နှင့် ပြည့်စုံသော၊ နာတိဝိတ္ထိဏ္ဏာသဂ္ဂေဟိ-မကျယ်လွန်းသော အခန်းတို့နှင့်လည်းကောင်း၊ ပိယဝုတ္တသုသန္ဓိဘိ-နှစ်သက်ဖွယ်သော ဂါထာဗန္ဓ, နှစ်သက်ဖွယ်သော အစပ် အနုသန္ဓေတို့နှင့်လည်းကောင်း၊ သဗ္ဗတ္ထ-ခပ်သိမ်းသော အခန်းတို့၌၊ ဘိန္နသဂ္ဂန္တေဟိ-အဆုံး၌ ထူးသောဂါထာတို့နှင့်လည်းကောင်း၊ ဥပေတံ-ပြည့်စုံသော၊ လောကလဥ္ဇကံ-လူများကို နှစ်သက်စေတတ်သော၊ သာဓွလင်္ကတိ - နှစ်သက်ဖွယ်ကောင်းသော အလင်္ကာရှိသော၊ ကဗ္ဗံ - မဟာကဗျာသည်၊ ကပ္ပန္တရဋ္ဌာယိ-ကမ္ဘာပျက်သည်တိုင်အောင်တည်သည်၊ ဇာယတေ-ဖြစ်၏။

ပြဆိုအပ်ခဲ့ပြီးသော မဟာကဗျာအင်္ဂါတို့နှင့် အကုန်လုံး မပြည့်စုံမူ၍ အချို့အဝက် ယုတ်စေကာမူ ကဗျာတို့၏ အင်္ဂါလက္ခဏာတို့နှင့် ပြည့်စုံပါမူကား စာရေးဆရာ ကဗျာတတ်သိ ပညာရှိတို့ကို နှစ်သိမ့်စေနိုင်ကုန်၏။

မိမိတို့၏ အရှင်သခင်ကို ချီးမွမ်းရာ၌ မိမိတို့၏ အရှင်သခင်၏ဂုဏ်ကို ရွေးဉီးစွာ ဆို၍ ထိုဂုဏ်နှင့် ပြည့်စုံခြင်းကြောင့် တစ်ပါးသော ရန်သူတို့ကို အောင်နိုင်ပုံဖြင့် ချီးမွမ်းခြင်းသည် ပကတိသော ချီးမွမ်းခြင်း မည်၏၊ သို့မဟုတ် ရန်သူမင်း၏ အမျိုးအနွယ် ဥာဏ် ပညာ လုံ့လ ဝီရိယတို့ကို ရွေးဉီးစွာ ချီးမွမ်း၍ ထိုကဲ့သို့သော တန်ခိုးကြီးပါဒ်နှင့် ပြည့်စုံသော ပြည့်ရှင်မင်းကိုပင် အောင်နိုင်ကြောင်းဖြင့်လည်း ချီးမွမ်းရာ၏။

[ဤအဓိပ္ပာယ်တို့နှင့် ဆိုင်ရာဂါထာများကို ဋီကာတို့မှာ၌။]

http://www.dhammadownload.com

ဗန္ဓ၏သဘောနှင့်အပြား

၈။ ဗန္ဓော စ နာမ သဒ္ဒတ္ထာ, သဟိတာ ဒေါသဝဇ္ဇိတာ၊ ပဇ္ဇဂဇ္ဇဝိမိဿာနံ, ဘေဒေနာယံ တိဓာ ဘဝေ။

၈။ ဗန္ဓော စ နာမ-ဗန္ဓမည်သည်လည်း၊ ဒေါသဝဇ္ဇိတာ-ဆိုအပ်လတ္တံ့သော အပြစ်တို့သည် ကြဉ်အပ်ကုန်သော၊ ဝါ-ဆိုအပ်လတ္တံ့သော အပြစ်တို့မှ ကင်းကုန်သော၊ သဟိတာ -ရှေ့နောက်စပ်လျက် တကွနက် ဖြစ်ကုန်သော၊ သဒ္ဒတ္ထာ-သဒ္ဒါ, အနက်တို့တည်း၊ အယံ-ဤဗန္ဓသည်၊ ပဇ္ဇဂဇ္ဇဝိမိဿာနံ-ဂါထာသက်သက် ဖွဲ့စီအပ်သော ပဇ္ဇဗန္ဓ, စုကျိုယသက်သက် ဖွဲ့စီအပ်သော ဂဇ္ဇဗန္ဓ, ဂါထာ စုကျိုယ ရောရော ဖွဲ့စီအပ်သော ဝိမိဿဗန္ဓတို့၏၊ ဘေဒေန-အပြားအားဖြင့်၊ တိဓာ-၃ ပါး ပြားသည်၊ ဘဝေ-ဖြစ်၏။

၈။ ဗန္ဓော စ နာမ၊ပေါဘဝေ။ ။"သောဝ ဗန္ဓော သဝိမှယော" ဟူသော (ရှေ့ဂါထာလာ)စကားရပ်၌ "ဗန္ဓ"ဟူသည် အဘယ်နည်း, ထိုဗန္ဓသည် အဘယ်မျှပြားသနည်း-ဟု မေးဖွယ်ရှိသောကြောင့်"ဗန္ဓော စ နာမ"စသော ဂါထာကို မိန့်၊ "ဆိုအပ်လတ္တံ့သော ပဒဒေါသစသည်တို့မှ ကင်း၍ ပုဒ်ချင်း အနက်ချင်း ဆက်သွယ်၍နေသော သဒ္ဒါ-အနက်တို့သည် ဗန္ဓ(အဖွဲ့)မည်၏၊ ထိုဗန္ဓသည် ပဇ္ဇဗန္ဓ, ဂဇ္ဇဗန္ဓ, မိဿကဗန္ဓ အားဖြင့် ၃ ပါးပြားသည်"ဟူလို။

၈။ ဗန္ဓော စ နာမ၊ပေါသဟိတာ။ ။ဤစကားဖြင့် အဖွဲ့ဗန္ဓ၏ သဘောလက္ခဏာကို ပြသည်၊ ဗန္ဓောစ၌ စသဒ္ဒါသည် ရှေ့ဂါထာလာ ဗန္ဓကို ပြန်၍ငဲ့ခြင်း အပေက္ခာအနက် ရှိ၏၊ [ဋီကာဟောင်း၌ကား "ဝတ္တဗ္ဗန္တရဿ - ဆိုထိုက်သော အနက်တစ်ပါးကို + သမုစ္စယော-ပေါင်းစည်းခြင်း"ဟု ဆို၏၊ ထိုအတိုင်းပင် ဋီကာကြီးများလည်း ဖွင့်လေ့ရှိကြသည်။] သဟ-ရှေ့နောက်ဆက်စပ်လျက်+ကတာ-ဖြစ်သောသဒ္ဒတ္ထတို့တည်း၊ သဟိတာ-တို့၊ [သမ္မန္ဓအနက်ဟော သဟနိပါတ်လည်း ထောမနိဓိ၌ ရှိ၏၊] "သဒ္ဒါနည်းအားဖြင့် အချင်းချင်းဆက်သွယ်လျက် စာစပ်၍ရသော သဒ္ဒါအပေါင်း, အနက်အဓိပ္ပာယ်အားဖြင့် လောကသုံးစွဲရိုးဖြစ်၍ ဆက်သွယ်ယူနိုင်သော အနက်အပေါင်းသည် ဗန္ဓမည်၏"ဟူလို။

http://www.dhammadownload.com

ဆက်ဦးအံ့-"စက္ခုမာ ရူပံ/ဒသ ဒါဠိမော" ဤပုံစံ၌ သဒ္ဒါတွေ များနေ၍ "သဒ္ဒါအပေါင်း"ဟု ဆိုရသော်လည်း တစ်ပုဒ်နှင့်တစ်ပုဒ်ကား အနက်အဓိပ္ပာယ် ဆက်သွယ်ခြင်းမရှိကြ၊ "မျက်စိရှိသူ, ရူပါရုံ, ဆယ်ခုတို့, သလဲပင်" ဤသို့ အနက်အပေါင်းဖြစ်နေသော်လည်း တစ်နက်နှင့် တစ်နက် ဆက်သွယ်ခြင်း မရှိကြ၊ [အမရကောသနိဿယ၌ "ဒါဠိမော-သလဲပင်"ဟု ပေး၏။] ဤသို့ ပုဒ်-အနက်အားဖြင့် ဆက်သွယ်ခြင်း မရှိကြလျှင် "ဗန္ဓ"ဟု မခေါ်နိုင်၊ ဗုဒ္ဓံ ဝန္ဒာမိ သာဒရံ-ဘုရားကို ရိုသေစွာ ရှိခိုးပါ၏"စသည်ဖြင့် ပုဒ်ချင်းစာစပ်၍ရ, အနက်ချင်းလည်း အဓိပ္ပာယ် ဆက်သွယ်၍ရသော ပုဒ်အနက်အပေါင်းကိုသာ "ဗန္ဓ"ဟု ခေါ်ရသည်။

ဒေါသဝဇ္ဇိတာ။ ။ဒေါသေဟိ-ဆိုအပ်လတ္တံ့သော ပဒဒေါသ, ဝါကျဒေါသ, ဝါကျတ္ထဒေါသတို့သည်+ဝဇ္ဇိတာ-ရှောင်ကြဉ်အပ်သော သဒ္ဒါအနက်တို့တည်း၊ ဒေါသဝဇ္ဇိတာ-တို့၊ ဝါကျရိုးရိုး၌ အပြစ်ရှိသည် ဖြစ်စေ-မရှိသည်ဖြစ်စေ ပုဒ်အနက်တို့ ရှေ့နောက်ဆက်သွယ်နေလျှင် "ဝါကျ"ဟု ခေါ်နိုင်၏၊ "ဗန္ဓ-အဖွဲ့အနွဲ့အစီအကုံး"ဟု ဂုဏ်ထူးတပ်ရသော ဝါကျမျိုး၌ကား ဆိုအပ်လတ္တံ့သော ပဒဒေါသ စသည်ကင်းစင်မှသာ "ဗန္ဓ"ဟု ခေါ်နိုင်သည်။

ပဇ္ဇ။ ။ပဒံ (စရဏံ)-ခြေကို+အရဟတိ-ထိုက်၏၊ ကွတိ ပဇ္ဇံ (ထောမနိဓိ ဝိဂ္ဂဟ၊ ပဒနောင် အရဟတိအနက်၌ "ယတ်"ပစ္စည်း၊ တ်ခြေ၍ သကွတ၌ ပဒျ, ပါဠိ၌ ဒျကို ဇပြု, ဒ္ဒဿော်လာ၍ "ပဇ္ဇ"ဟု ဖြစ်၏၊ ဂါထာ၌ ၄ ပါဒသည် ခြေ ၄ ချောင်းတပ်ထားသည်နှင့်တူရကား ခြေတပ်ထိုက်သော ဝါကျအထူးကို "ပဇ္ဇ-ဂါထာ"ဟု ခေါ်၏၊ ထို ဂါထာဖြင့် ဖွဲ့စီအပ်သော အဖွဲ့အစီအကုံးသည် "ပဇ္ဇဗန္ဓ"မည်၏၊ မင်္ဂလသုတ်, ရတနသုတ်, မေတ္တာသုတ်, ဧကနိပါတ်စသော ဗန္ဓမျိုးတည်း၊ ထိုသုတ်တို့၌ ရှေ့ပိုင်းမှာ ပါသော စုဏ္ဏိယသည် သုတ်ရင်း မဟုတ်, နောက်မှ ထည့်အပ်သော အခြေခံနိဒါန်းတို့သာ။

ဂဇ္ဇ, ဝိမိဿ။ ။ဂဒဓာတ်သည် ရွတ်ဆို၊ခြင်းအနက်ကို ဟော၏၊ ယတ်ပစ္စည်း၊ ဂဇ္ဇတေ-ရွတ်ဆိုအပ်၏၊ ကွတိ ဂဇ္ဇံ "ပါဒမည်မျှ ရှိရမည်"ဟု သတ်မှတ်ခြင်းမရှိသော (ဂါထာလုံးလုံး မပါသော) စုဏ္ဏိယအဖွဲ့တည်း၊ ပါရာဇိကဏ်- ဝေရဉ္ဇကဏ္ဍ စသော ပါဠိတော်မျိုးတည်း၊

http://www.dhammadownload.com

ဂါထာနှင့်စုဏ္ဏိယ ရောလျက်ဖွဲ့အပ်သော အဖွဲ့သည် ဝိမိဿအဖွဲ့မည်၏၊ ဓဇဂ္ဂသုတ် စသော အဖွဲ့မျိုးတည်း။

ဗဟုသုတမှတ်ဖွယ်

ပဇ္ဇအပြား။ ။မုတ္တက, ကုလက, ကောသ, သံယာတ-ဟု ပဇ္ဇ၄ မျိုးပြား၏၊ တစ်ဂါထာတည်းဖြင့် အပြီးဖွဲ့အပ်သော ပဇ္ဇသည် မုတ္တကမည်၏၊ ကေနိပါတ် ဇာတ်ဂါထာ, ကေနိပါတ်ထေရ-ထေရီဂါထာ, ခမ္မပဒဋ္ဌ "မနောပုဗ္ဗင်္ဂမာ"စသော ဂါထာမျိုးတည်း၊ ၂ ဂါထာ ၃ ဂါထာမှ စ၍ ၅ ဂါထာရှိမှ ပြီးသောအဖွဲ့သည် **ကုလက** မည်၏၊ ပဉ္စကနိပါတ်ဇာတ်, ပဉ္စကထေရ-ထေရီဂါထာမျိုးတည်း၊ အနက်အချင်းချင်း မငဲ့သော ကိုယ့်ကြိုယာနှင့်ကိုယ် ဖြစ်သော ဂါထာအပေါင်းသည် (တိုက်-ကျိုနှင့် တူသောကြောင့်) **ကောသ** မည်၏၊ အဘိဓာန်ကျမ်းလာ ဂါထာမျိုးတည်း၊ အကြောင်းအရာ တစ်ခုခုကို ဂါထာများစွာဖြင့် ဖွဲ့အပ်သောအဖွဲ့သည် **သံယာတ** မည်၏။ ဆက္ကနိပါတ် စသော ဇာတ်, ဆက္ကထေရ-ထေရီဂါထာမျိုး, မေဃဒူတကာဗျမျိုးတည်း၊ ထိုကာဗျ၌ မိုးတိမ်ကို တမန်သည် အနေထား၍ သူ၏ နတ်မိဖုရားထံ နတ်တစ်ယောက်က မှာကြားပုံကို ကာလိဒါသဆရာ ဖွဲ့ထားသည်၊ [ဆန်းကျမ်း၌ကား-ဝုတ္တ, ဇာတိ(တစ်နည်း-ဝဏ္ဏဝုတ္တိ, မတြာဝုတ္တိ)အားဖြင့် ပဇ္ဇ ၂ မျိုးပြား၏၊ တတ္ထ ပဇ္ဇံ နာမ အမေဟိယေဝ ဝိရစိတေ ဝုတ္တောဒယာချေ(ဝုတ္တောဒယ အမည်ရှိသော) ဆန္ဒသိန်ရူပိတာ (ပြအပ်ကုန်သော) ဝုတ္တဇာတိပဘေဒါ စတုပဒီဂါထာ၊-ဋီကာဟောင်း၊] ဤစကားကို ထောက်၍ အလင်္ကာဋီကာဟောင်းကို အရှင်သံဃရက္ခိတကိုယ်တိုင် ရေးအပ်သောကျမ်းဟု သိရသည်။

[ဆောင်] (၁) **တစ်ဂါထာတည်း, အပြီးဖွဲ့က, ထိုပဇ္ဇ, မုတ္တကဟု ခေါ်။**
(၂) **နှစ် သုံး လေး ငါး, ဂါထာများဖြင့်, ပြီးငြားစေက, ထိုပဇ္ဇ, ကုလကဟု ခေါ်။**
(၃) **အနက်ချင်းချင်း, အလျှင်း မငဲ့, ကိုယ့်ရဲ့ကြိုယာ, ကိုယ်စီပါငြား, ဂါထာများ, မှတ်သား ကောသခေါ်။**
(၄) **ကြောင်းရာတစ်ခု, ဂါထာစုဖြင့်, ပေါင်းစုဖွဲ့က, ထိုပဇ္ဇ, သံယာတဟု ခေါ်။**

ဂဇ္ဇအပြား။ ။မုတ္တက, ဝုတ္တဂန္ဓိ, ဥက္ကလိကာပါဃ, စုဏ္ဏက-အားဖြင့် ဂဇ္ဇ ၄ မျိုးပြား၏၊ သမာသ်မပါသော အဖွဲ့သည် မုတ္တက မည်၏၊ ဂါထာ၏ ပါဒကိုလည်းကောင်း, ပါဒ၏ အစိတ်အပိုင်းကိုလည်းကောင်း ထည့်သွင်း၍ ဖွဲ့အပ်သော ဂဇ္ဇသည် ဝုတ္တဂန္ဓိ မည်၏၊ ရှည်လျားများပြားသော သမာသ်ပါသောဂဇ္ဇသည် ဥက္ကလိကာပါဃမည်၏၊ သမာသ်အနည်းငယ်သာပါသော

http://www.dhammadownload.com

ဂဇ္ဇသည် စုဏ္ဏက မည်၏။ [ယခုကာလ၌ကား ဂါထာမဟုတ်သော ပါဠိဝါကျများကို "စုဏ္ဏိယ"ဟု ခေါ်နေကြသည်။]

[ဆောင်] (၁) သမာသ်မပြု, ထိုဂဇ္ဇ, မုတ္တကဟု ခေါ်။
(၂) ဂါထာတွင်းမှ, ပါဒယူဘိ, ပါဒ၏လည်း, တစိတခင်း, ပုဒ်ကိုသွင်းပြု, ထိုဂဇ္ဇ, ဝုတ္တဂန္ဓိခေါ်။
(၃) ရှည်လျားများစွာ, သမာသ်ပါက, ထိုဂဇ္ဇ, ဥက္ကလိကာ ပါယခေါ်။
(၄) သမာသ်မကျယ်, အနည်းငယ်မျှ, ပါဂဇ္ဇ, စုဏ္ဏကဟုခေါ်။

အာချာယိကာ, ကထာ။ ။"အာချာယိကော ပလဒ္ဓတ္ထာ, ပဗန္ဓကပ္ပနာ ကထာ"ဟူသော အဘိဓာန် (၁၁၃)နှင့်အညီ တစ်စုံတစ်ယောက်၏ ဟုတ်မှန်ထင်ရှားသော အတ္ထုပ္ပတ္တိ (အဖြစ်အပျက်ကို) ဖွဲ့စပ်အပ်သော ဗန္ဓသည် အာချာယိကာ မည်၏။ အမှန်နည်းပါး လုပ်ကြံထားသော အကြောင်းအရာတွေသာ များသောအဖွဲ့သည် ကထာ မည်၏။

ဗျင်္ဂနယ ၉ ပါး။ ။"သဒ္ဒတ္ထာ"ဟူသော ပါဠိနှင့်စပ်၍ ဋီကာနိဿယတို့ ထုတ်ပြအပ်သော ဗျင်္ဂနယသည် ဝါစကသဒ္ဒါ, လက္ခကသဒ္ဒါ, ဗျဉ္ဇကသဒ္ဒါဟု သဒ္ဒါ ၃ ပါး၊ မုချဗျာပါရ, လက္ခကဗျာပါရ, ဗျဉ္ဇကဗျာပါရဟု ဗျာပါရ၃ ပါး၊ ဝစ္စတ္ထ, လက္ခဏိယတ္ထ, ဗျင်္ဂတ္ထဟု အတ္ထ ၃ ပါး, ဤသို့အားဖြင့် ၉ ပါး ရှိ၏၊ ထို ၉ ပါးလုံးကို အဆုံး ဗျင်္ဂတ္ထဖြင့် ဗျင်္ဂနယ ၉ ပါးဟု ခေါ်၏။

ဝါစကော လက္ခကော စေဝ, ဗျဉ္ဇကော တိဝိဓော မတော၊
သဒ္ဒါ ဗျာပါရဘေဒေန, အတ္ထောပိ တေဟိ သံသိယော။

ဝါစကော-ဝါစကသဒ္ဒါလည်းကောင်း၊ ပေ၊ ဗျဉ္ဇကော-လည်းကောင်း၊ ဣတိ-သို့၊ သဒ္ဒါ-ကို၊ ဗျာပါရဘေဒေန-သဒ္ဒါ၏ ဟောစွမ်းနိုင်သော သတ္တိ ဗျာပါရအပြားအားဖြင့်၊ တိဝိဓော-ဟူ၍၊ မတော-သိအပ်၏၊ တေဟိ-ထိုသဒ္ဒါတို့သည်၊ သံသိယော-ဟောအပ်သော၊ အတ္ထောပိ-အနက်ကိုလည်း၊ တိဝိဓော, မတော-၏။ [ဝါစကသဒ္ဒါကို မုချသဒ္ဒါဟုလည်း ခေါ်၏။]

ထိုတွင် ဝါစကသဒ္ဒါသည် သွတ္ထ (သကတ်)ကို ဟော၏၊ လက္ခကသဒ္ဒါသည် ဒြဗ်ကို ဟော၏၊ ဗျဉ္ဇကသဒ္ဒါသည် ဝဒန္တပုဂ္ဂိုလ် ဆိုလိုအပ်သော အနက်ကို ဟော၏၊ ထိုသဒ္ဒါ ၃ မျိုး၏ ဟောစွမ်းနိုင်သော သတ္တိ ၃ မျိုးသည် ဗျာပါရ ၃ မျိုး မည်၏။ [ဂါထာ၌ "နေသံ"ဟု ဆိုလိုသည်။]

ဝါစကော သွတ္ထဝါစီ စ, လက္ခကော ဒဗ္ဗဝါစကော၊
ယထိစ္ဆိတတ္ထော ဗျဉ္ဇကော, ဗျာပါရော နေသ သတ္တိယော။

http://www.dhammadownload.com

ထိုတွင် သွတ္ထ(သကတ်နက်)သည် သဒ္ဒါတိုင်းမှာ မပြောင်းမလွဲ အမြဲတည်သောကြောင့် ဝစ္စတ္ထ မည်၏၊ ဒြဗ်ကား ရွေ့လျားပြောင်းလွဲတတ်သောကြောင့် လက္ခဏတ္ထမည်၏၊ ["ဝိသာဏီ-ဦးချိုရှိသော နွား, ကျွဲ"ဟူရာ၌ ဦးချိုဟူသော သကတ်နက်သည် မပြောင်း၊ ဒြဗ်နက်ကား နွားလဲဟုတ်နိုင်, ကျွဲလဲ ဟုတ်နိုင်၍ အပြောင်းအလွဲ ရှိသည်-ဟူလို့၊] ဝါကျတစ်ခုလုံးဖြင့်ဖြစ်စေ, ဝါကျ၏ အစိတ်ဖြစ်သော ပုဒ်ဖြင့်ဖြစ်စေ, ဝဒန္တပုဂ္ဂိုလ်တောင့်တအပ်သော အနက်သည် ဗျဂ်တ္ထမည်၏။[ဝိသေသေန-သဒ္ဒတ္ထမှ ထူးသောအားဖြင့်+အဂီယတေ-သိအပ်၏၊ ဣတိ ဗျဂ်ေါ်၊ ဗျဂ်ေါ် စ+သော+အတ္ထော စာတိ ဗျဂ်တ္ထော။]

သွတ္ထော ဝစ္စော သဒါဒ္ဌတ္ထာ, ဒဗ္ဗံ စုတံ တု လက္ခီယော၊
အာသီသတ္ထော ဗျဂ်ေါ် နာမ, ဝါကျေနာဝယဝေန ဝါ။

သဒါဒ္ဌတ္ထာ-မပြောင်းမလွဲ အမြဲတည်သည်၏အဖြစ်ကြောင့်၊ သွတ္ထော-သကတ်နက်သည်၊ ဝစ္စော-ဝစ္စတ္ထမည်၏၊ စုတံ-ရွေ့လျားပြောင်းလွဲတတ်သော၊ ဒဗ္ဗံတု-ကား၊ လက္ခီယော-လက္ခဏတ္ထမည်၏၊ ဝါကျေန ဝါ-ဝါကျတစ်ခုလုံးဖြင့်ဖြစ်စေ၊ အဝယဝေန ဝါ-ဝါကျ၏ အစိတ်အပိုင်းပုဒ်ဖြင့်ဖြစ်စေ၊ အာသီသတ္ထော-ဝဒန္တပုဂ္ဂိုလ် ဆိုလိုအပ် တောင့်တအပ်သော အနက်သည်၊ ဗျဂ်ေါ် နာမ-ဗျဂ်တ္ထမည်၏။ [ဝစ္စတ္ထကို မုချတ္ထလည်း ခေါ်၏။]

ပုံစံ။ ။မုနိန္ဒဝဒနမ္ဘောဇ-ဂါထာ၌ ဝဒနသဒ္ဒါ၏ ခံတွင်းဟူသော အနက်သည် ဝါစ္စတ္ထ၊ ထိုအနက်ကို ဟောခိုက်ဖြစ်သော ဝဒနသဒ္ဒါသည် ဝါစကသဒ္ဒါ။ ထိုဝဒနသဒ္ဒါ၏ ခံတွင်းအနက်ကို ဟောစွမ်းနိုင်သော သတ္တိသည် ("မုခေ-အစ၌+ဘဝေါ-ဖြစ်သည်တည်း"နှင့်အညီ အစဖြစ်သောကြောင့်) မုချဗျာပါရမည်၏၊ ဝဒနသဒ္ဒါ၏ (တင်စားထားသော သဒိသူပစာရတ္ထ) ကြာတိုက်ဟူသော အနက်သည် ထိုဝစ္စတ္ထ သကတ္ထဖြင့် မှတ်အပ်သောကြောင့် လက္ခဏတ္ထ (လက္ခဏီယတ္ထ) မည်၏၊ ထိုကို ဟောတတ်သော သဒ္ဒါသည် လက္ခကမည်၏၊ ထိုသဒ္ဒါ၏ သတ္တိဗျာပါရသည် လက္ခကဗျာပါရ မည်၏။

ဝါကျတစ်ခုလုံး၏ ဟောနက်ဖြစ်သော "မိမိစိတ်ကို နှစ်သက်စေလိုခြင်း" အနက်သည်လည်းကောင်း, ထိုသို့ နှစ်သက်သဖြင့် အန္တရာယ်ကင်း ကျန်းမြဲခြင်းဟူသော လိုလားအပ်သော အနက်သည်လည်းကောင်း ဗျဂ်တ္ထမည်၏၊ ထိုကို ဟောခိုက်ဖြစ်သော ဝါကျတစ်ခုလုံး၏ အစိတ်အပိုင်း ဝဒနသဒ္ဒါသည် ဗျဥ္ဇကသဒ္ဒါ မည်၏၊ ထိုကို ဟောစွမ်းနိုင်သော သတ္တိဗျာပါရသည် ဗျဥ္ဇကဗျာပါရ မည်၏။ [သဒ္ဒါစစ်အဓိဗွာယ်ကို ကြည့်၍ "ဝိသာဏီ"စသော ပုဒ်များ၌လည်း ဗျဂ်နယ ၉ ပါးကို ထုတ်ကြပါလေ။]

http://www.dhammadownload.com

ဗန္ဓ၂ မျိုးနှင့်အလင်္ကာရအကျိုး

၉။ နိဗန္ဓော စာနိဗန္ဓော စ, ပုန ဒ္ဝိဓာ နိရုပ္ပတေ၊
တံ တု ပါပေန္တ္ယလင်္ကာရာ, ဝိန္ဒုနိယတရတ္တာနံ။

၉။ ပုန-တစ်ဖန်၊ (ပဇ္ဇမယဗန္ဓော-ဂါထာဖြင့် ပြုစီရင်အပ်သောအဖွဲ့မျိုးကို) နိဗန္ဓော စ-နိဗန္ဓအဖွဲ့မျိုးလည်းကောင်း၊ အနိဗန္ဓော စ-အနိဗန္ဓအဖွဲ့မျိုးလည်းကောင်း၊ ဣတိ-ဤသို့၊ ဒ္ဝိဓာ-နှစ်ပါးအပြားအားဖြင့်၊ နိရုပ္ပတေ-ထင်ရှားပြအပ်၏၊ ဝါ-ဆုံးဖြတ်အပ်၏၊ တု-ဆက်ဦးအံ့၊ တံ-ထိုအဖွဲ့အမျိုးမျိုးကို၊ အလင်္ကာရာ-ဆိုအပ်လတ္တံ့သော သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရတို့သည်၊ ဝိန္ဒုနိယတရတ္တာနံ-အလွန်နှစ်သက်အပ်သည်၏ အဖြစ်သို့၊ ပါပေန္တိ-ရောက်စေနိုင်ကုန်၏။

၉။ နိဗန္ဓော စ၊ပေ၊ တ္တာနံ။ ။ပဇ္ဇ, ဂဇ္ဇ, ဝိမိဿအားဖြင့် ဗန္ဓ ၃ မျိုးပြားပုံကို ပြပြီး၍, ပဇ္ဇဗန္ဓ၏ ၂ မျိုးပြားပုံနှင့် အလင်္ကာတို့၏ အကျိုးကို ပြလိုသောကြောင့် "နိဗန္ဓောစ"စသော ဂါထာကို မိန့်၊ ဆိုလိုရင်းကား- "ထိုပဇ္ဇဗန္ဓသည် နိဗန္ဓ, အနိဗန္ဓ အားဖြင့် ၂ ပါးပြား၏၊ ထိုဗန္ဓကိုလည်း ဆိုအပ်လတ္တံ့သော အလင်္ကာရတို့က နှစ်သက်စရာ ကောင်းလောက်အောင် တန်ဆာဆင်နိုင်ကြသည်"ဟူလို။ [နိရုပ္ပတေဌ် နိပုဗ္ဗ ရူပဓာတ်သည် ထင်ရှားပြခြင်းအနက်ကို ဟော၏၊ ဋီကာတို့ကား နိစ္ဆိယတေဟု ဖွင့်ကြသည်၊ ယပစ္စည်းဖြင့် ပွဟု ဖြစ်သောအခါ ရူဌ် ရဿပြု။]

နိဗန္ဓ, အနိဗန္ဓ။ ။နိ+ဗန္ဓ၊ နိ (နိရန္တရံ)-အဆက်မပြတ် (ရှေ့ဂါထာနှင့် နောက်ဂါထာကို အနက်အဓိပ္ပာယ်အားဖြင့် ဆက်စပ်စေ၍)+ဗန္ဓော-ဖွဲ့အပ်သော အဖွဲ့အနွဲ့သည်၊ နိဗန္ဓော-နိဗန္ဓအဖွဲ့မည်၏၊ မုတ္တကစသော ဖွဲ့နည်း ၄ မျိုးလုံး ပါဝင်စေလျက် ဖွဲ့အပ်သော ကာဗျကြီးများသည် နိဗန္ဓမည်၏၊ မုတ္တကတစ်မျိုးဖြင့်သာ ဖွဲ့အပ်သော (တစ်ဂါထာဖြင့်ပြီးသော) ကာဗျအငယ်စားသည် "န+နိဗန္ဓော-အနိဗန္ဓော"အရ အနိဗန္ဓမည်၏၊ [ဤနိဗန္ဓအဖွဲ့ အနိဗန္ဓ အဖွဲ့ကို ပဇ္ဇအပြားဟု ဋီကာတို့ဆိုကြ၏။] ပုန ဘိယျော (အလွန်၊ ဝါ-တစ်ဖန်၊) ယထာ ဝုတ္တော ပဇ္ဇမယဗန္ဓော၊ ပေ၊ နိဗန္ဓော စ တဒေကဒေသဘူတေဟိ (ထိုပဇ္ဇ၏ အစိတ်အပိုင်း ဖြစ်ကုန်သော) မုတ္တကာဒီဟိ စတူဟိ သဂ္ဂဗန္ဓာဒိဝသေန

http://www.dhammadownload.com

တန်ဆာဆင်မှ တင့်တယ်ကြ

၁၀။ အနဝဇ္ဇံ မုခမ္ဘောဇ–မနဝဇ္ဇာ စ ဘာရတီ၊
အလင်္ကတာဝ သောဘန္တေ, ကိံနု တေ နိရလင်္ကတာ။

၁၀။ အနဝဇ္ဇံ-အပြစ်မရှိသော၊ မုခမ္ဘောဇံ-မျက်နှာတည်းဟူသော ကြာပန်းသည်လည်းကောင်း၊ အနဝဇ္ဇာ-အပြစ်မရှိသော၊ ဘာရတီ စ-အဖွဲ့အနွဲ့သည်လည်းကောင်း၊ အလင်္ကာတာဝ-တန်ဆာဆင်အပ်ကုန်မှသာ၊ သောဘန္တေ-ရှုဖွယ် နာဖွယ်, တင့်တယ်နိုင်ကုန်၏၊ တေ-ထိုမျက်နှာအဖွဲ့အနွဲ့တို့သည်၊ နိရလင်္ကတာ-တန်ဆာမဆင်အပ်ကုန်သည်၊ (သမာနာ-ဖြစ်ကုန်လတ်သော်၊) ကိံနု သောဘန္တေ- အဘယ်မှာလျှင်

(သဂ္ဂအခန်း အစရှိသည်တို့ဖြင့် ဖွဲ့အပ်သော မဟာကာဗျ၏အစွမ်းဖြင့်) နိဗန္ဓော စ၊ အနိဗန္ဓော စ ကေဝလံ မုတ္တကဝသေန။-ဋီကာဟောင်း။]

[ဆောင်] မုတ္တကစသည်, မျိုး ၄ လီတို့, စုံညီသောအား, အခန်းများဖြင့်, ဖွဲ့ထားကျယ်စွာ့, ထိုကာဗျ, နိဗန္ဓဟု ခေါ်။
သက်သက်မုတ္တကာ, တစ်ဂါထာဖြင့်, ငယ်စွာဖွဲ့ပြ, ထိုကာဗျ, အနိဗန္ဓခေါ်။

တံတု၊ပေ၊တ္တနံ။ ။ပါပေန္တျလင်္ကာရာ-ပါပေန္တိ+အလင်္ကာရာ= ဆိုအပ်လတ္တံ့သော သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရတို့သည် ထိုအဖွဲ့များကို နဂိုနှစ်သက်ဖွယ်ကောင်းသည်ထက် သာ၍ နှစ်သက်ဖွယ်ကောင်းခြင်းသို့ ရောက်စေနိုင်, သာ၍ နှစ်သက်ဖွယ်ကောင်းအောင် ပြုနိုင်ကြသည်၊ ဤ ၂ ပါဒကား "ဖွဲ့နွဲ့စီကုံးမှု၌ ကျွမ်းကျင်လိုသော ပုဂ္ဂိုလ်တို့သည် မိမိ ဖွဲ့စီအပ်သော ဗန္ဓ၏ ဝိန္ဒနီယတရ ဖြစ်လောက်အောင် ယခု ဆိုအပ်လတ္တံ့သော သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရတို့ကို လေ့လာကြပါ-ဟု သွယ်ဝိုက်သော နည်းအားဖြင့် တိုက်တွန်းသော စကားတည်း။ [ဒိဝါဒိ ဝိဒဓာတ်သည် တုဋ္ဌိ (နှစ်သက်ခြင်း)အနက်ကို ဟော၏၊ ဝိန္ဒိယတေတိ ဝိန္ဒနီယော၊ အတိသယေန+ဝိန္ဒနီယော-ဝိန္ဒနီယတရော၊ ဝိန္ဒနီယတရဿ+ဘာဝေါ ဝိန္ဒနီယတရတ္တနံ။]

http://www.dhammadownload.com

ရှုဖွယ် နာဖွယ် တင့်တယ်နိုင်ပါကုန်တော့အံ့နည်း၊ (န သောဘန္တေဝ-မတင့်တယ်နိုင်ကုန်သည်သာ။)

၁၀။ အနဝဇ္ဇံ၊ပေ၊နိရလင်္ကတာ။ ။"တန္တု ပါပေန္တျလင်္ကာရာ, ဝိန္ဒနီယတရတ္တနံ"ဟူသော ရှေ့စကားကို ထင်ရှားစေလို၍ "အနဝဇ္ဇံ" စသော ဂါထာကို မိန့်၊ မဲ့ ဝက်ခြံ စသော နဂို အပြစ်ကင်း၍ သန့်ရှင်း ရွှင်လန်း မျက်နှာတည်းဟူသော ကြာပန်းသည် ကုဏ္ဍလ (နားကပ်) တိလက(ကုလားမများ၏မျက်နှာ၌ ခြယ်လေ့ရှိသော မှန်ကူအပြောက်), သနပ်ခါး, မျက်နှာချေတို့ဖြင့် တန်ဆာဆင်ပေးလိုက်ဦးမှ ရှုမဝအောင် လှပတင့်တယ်သကဲ့သို့, ထို့အတူ (ဆိုအပ်လတ္တံ့သော) ပဒ-ဝါကျ-ဝါကျတ္ထအပြစ်တို့မှ လွတ်ကင်း၍ နဂိုသန့်ရှင်းပြီးသော အဖွဲ့အနွဲ့ (ပျို့ ကဗျာ လင်္ကာ ဂါထာ စုဏ္ဏိယ)သည်လည်း (ဆိုအပ်လတ္တံ့သော) သဒ္ဒါ လင်္ကာရ အတ္ထာလင်္ကာရတို့ဖြင့် တန်ဆာဆင်ပေးဦးမှ ရွတ်၍မပြီး နာ၍ မငြီးအောင် တင့်တယ်ခြင်းကို ဆောင်နိုင်ပါသည်၊ တန်ဆာဆင်၍ မပေးလျှင်ကား မတင့်တယ်နိုင်ပါ၊ ထို့ကြောင့် ရှေ့ဂါထာ၌ "တံ တု ပါပေန္တျလင်္ကာရာ, ဝိန္ဒနီယတရတ္တနံ"ဟု ဆိုခဲ့ပါသည်-ဟူလို။

အနဝဇ္ဇံ မုခမ္ဘောဇံ။ ။ဝဇ္ဇီယတေ-စွန့်ခွာ ရှောင်ရှားအပ်၏၊ ဣတိ ဝဇ္ဇံ၊ [ဝဇ္ဇီဓာတ်, စာဂအနက်ဟော၊] ဝဇ္ဇမေဝ-ရှောင်ရှားအပ်သော အပြစ်သည်ပင်၊ အဝဇ္ဇံ-အဝဇ္ဇမည်၏၊ ["လာဗု အလာဗု-ဘူးပင်"ဟူရာ၌ ကဲ့သို့ အ-အတွက် အနက်သီးခြားမရှိ၊] နတ္ထိ+အဝဇ္ဇံ ယဿာတိ အနဝဇ္ဇံ၊ မုခမေဝ+အမ္ဘောဇံ မုခမ္ဘောဇံ၊ အဆင်းအားဖြင့်လည်းကောင်း, ပုံသဏ္ဌာန်အားဖြင့်လည်းကောင်း နဂိုလှပ၍ မဲ့, တင်းတိပ်, ဝက်ခြံ စသော အပြစ်ကင်းသောကြောင့် ကြာနှင့်တူသော မျက်နှာ။

အနဝဇ္ဇာ စ ဘာရတီ။ ။"ဘာရတီ ကထိတာ ဝစီ"ဟု စကား ဟော ပရိယာယ်တွင် ပါဝင်သော "ဘာရတီ"ပုဒ်သည် ဘရဓာတ် "အတစ်"ပစ္စည်း, ဣတ္ထိဇောတက(ဤ)ပစ္စည်းဖြင့် ပြီး၏၊ "ဘရတိ-အနက်အဓိပ္ပာယ်ကို ဆောင်တတ်၏၊ ဣတိ ဘာရတီ"ဟုကြံ၊ ပဒဒေါသ စသော အပြစ်ကင်းသောစကား(ဝါကျ)တည်း၊ ထိုဘာရတီအရ ပဒ-ဝါကျတို့ကိုသာ ရသော်လည်း အဘေဒေါပစာရ-ဖလူပစာရအားဖြင့်

http://www.dhammadownload.com

ဥပဒေသမပါသောတန်ဆင်မှု

၁၁။ ဝိနာ ဂရူပဒေသံ တံ, ဗာလော လက်ံတ္တုမိစ္ဆတိ၊
သမ္မာပုဏေ နု ဝိညူဟိ, ဟဿဘာဝံ ကထံ နု သော။

၁၁။ ယော ဗာလော-မျက်နှာကိုလျှင်, မပြင်ဆင်တတ်သော အကြင်လူအသည်၊ ဝါ-အဖွဲ့ကိုလျှင်, မပြင်ဆင်တတ်သော အကြင်လူအသည်၊ ဂရူပဒေသံ-မျက်နှာကိုလျှင်, တန်ဆာဆင်တတ်, ဆရာမြတ်တို့၏ နည်းဥပဒေသကို၊ ဝါ-အဖွဲ့ကိုလျှင်, တန်ဆာဆင်တတ်, ဆရာမြတ်တို့၏ နည်းဥပဒေသကို၊ ဝိနာ-ကြဉ်၍၊ တံ-ထိုမျက်နှာကို၊ ဝါ-ထိုအဖွဲ့ဗန္ဓကို၊ အလက်ံတ္တုံ-တန်ဆာဆင်ခြင်းငှာ၊ ဣစ္ဆတိ-အလိုရှိ၏၊ သော ဗာလော-ထိုဆရာနည်းမရသော လူပြိန်း လူအသည်၊ ဝိညူဟိ-ဂုဏ်နှင့်အပြစ်, ခွဲစစ်သိမြင်, ပညာရှင်တို့သည်၊ ဟဿဘာဝံ-ပြောင်လှောင်ဖွယ်၏ အဖြစ်သို့၊ ကထံ နု နသမ္မာပုဏော-အဘယ့်ကြောင့်

ထိုပဒ-ဝါကျတို့၏ အနက်ကိုပါယူ။ [ဘာရတီ ဝါဏီ စ, အဘေဒေါ ပစာရေန (သဒ္ဒါနှင့်အနက်ကို မကွဲမပြား တစ်သားတည်း ဆိုအပ်သော အဘေဒေါပစာရ, အကျိုးသဒ္ဒါ၏အမည်ကို အကြောင်းအနက်၌ တင်စားသော ဖလူပစာရအားဖြင့်) တပ္ပဋိပါဒကတ္ထော စ (ထိုသဒ္ဒါကို ဖြစ်စေတတ်သော အနက်လည်းကောင်းတည်း၊)] ဖလူပစာ ဟူရာ၌ ကာရဏူပစာလည်း တစ်နည်းသင့်၏။

ကိန္နု တေ နိရလင်္ကတာ။ ။[နိ+အလင်္ကတာ၊ နိရ်ဟု သက္ကတရှိသောကြောင့် ပျောက်သော(ရ်)လာရသည်။] ကိံ+နု ၂ ပုဒ် ပေါင်းထားသော အဗျယ(နိပါတ်) တစ်ပုဒ်ဟု ထောမနိဓိဆို၏၊ ပဥ္စ (မေးခြင်း), ဝိတက္က-စသော အနက်များကို ဟော၏၊ ဤ၌ ပဥ္စအနက်တည်း၊ နိ+အလင်္ကတာ-တန်ဆာ မဆင်အပ်ကုန်သည်ရှိသော်၊ ကိန္နု-ဘယ်လို နေကုန်မည်နည်း၊ "မတင့်တယ်ကြသည် မဟုတ်လော"ဟု မေးလိုရင်း ဖြစ်သည်။ [ဋီကာတို့၌ကား "သောဘန္တေ ကိံနု-တင့်တယ်နိုင်ကုန်မည်လော၊ န သောဘန္တေတိ မညေ-မတင့်တယ်နိုင်ကုန်ဟု ငါထင်၏"ဟု အနက်ဖွင့်၍ ကိံ ကို ပဋိသေဓ, နု ကို ဝိတက္ကအနက်ဟော-ဟု ဖွင့်လေသည်။]

http://www.dhammadownload.com

မရောက်ဘဲ ရှိတော့အံ့နည်း၊ (သမ္မာပုဏ္ဏာတိ ဧဝ-ကေန်မုချ ရောက်ရ တော့မည်သာ။)

၁၁။ ဝိနာ၊ပေ၊ကထံ နု သော။ ။"အလင်္ကာဝ သောဘန္တေ-တန်ဆာဆင်မှ တင့်တယ်ကြသည်"ဟု ရှေ့ဂါထာ၌ဆိုသော်လည်း "ဆရာကောင်းတို့၏ နည်းဥပဒေသ ပါရှိမှ တင့်တယ်သည်"ဟု ပြလို သောကြောင့် "ဝိနာ ဂရုပဒေသံ တံ"စသည်ကို မိန့်၊ [ကွဒါနိ ပဒါဒိ ဒေါသရဟိတဿ ဗန္ဓသရီရဿ အလင်္ကာရေဟိ ဘူသနမပိဂုရုပဒေသ သဟိတမေဝ သေဋ္ဌန္တိ ဒဿေတုံ ဝိနာ ဂရုပဒေသမိစ္စာဒိသိလေသာ လင်္ကာရမာဟ၊] ဤသို့ ဋီကာတို့၌ ဤဂါထာကို သိလေသအလင်္ကာ ပါရှိသော ဂါထာဟု ဆိုသောကြောင့် ဂရုပဒေသစသော ပုဒ်များကို ၂ နည်းစီ အနက်ပေးထားသည်၊ သိလေသအလင်္ကာ၌ တစ်ပုဒ် တည်းက အနက် ၂ မျိုး ဟောနိုင်ကြောင်းကို စတုတ္ထပိုင်း ၂၈စ-စသော ဂါထာများ၌ တွေ့ရလတ္တံ့။

ဂရုပဒေသံ။ ။ဥပဒိဿတိ ဧတေနာတိ ဥပဒေသော၊ ဧတေန-ဤနည်းဖြင့်၊ ဥပဒိဿတိ-တန်ဆာဆင်ပုံကို ညွှန်ပြအပ်၏၊ ဣတိ-ဤသို့ ညွှန်ပြကြောင်း၏အဖြစ်ကြောင့်၊ ဥပဒေသော-မည်၏၊ ဂရုနံ+ ဥပဒေသော ဂရုပဒေသော၊ လောကဒ္ဒ ပုတီး နားကပ် လက်ကြပ် လက်ကောက်တို့ကို သူ့အရွယ်နှင့်သူ လိုက်အောင် တန်ဆာဆင်နည်း ရှိ၏၊ ထိုနည်းကို သိသော လူကြီးသူမကို ဂရု (ဂုရု) ခေါ်၏၊ ဂါထာ ဗန္ဓတို့၌လည်း အလင်္ကာနည်းတို့ဖြင့် တန်ဆာဆင်နည်းရှိ၏၊ ထိုနည်းကို နားလည်သော ကာဗျဝိဒူ ပညာရှိကြီးများကို "ဂရု"ဟု ခေါ်၏၊ ထို ဂရုတို့၏ နည်းဥပဒေသကို "ဂရုပဒေသ"ဟု ခေါ်သည်။ [ဂရုနံကို ပသာဓနောပါယောပဒေသကာနံ (တန်ဆာဆင်ခြင်း၏ နည်းဥပါယ်ကို ညွှန်ပြတတ်ကုန်သော လူကြီးသူမတို့၏) အလင်္ကာရကာရကောပါယော ပဒေသကာနံ ဝါ (အလင်္ကာနည်းအရ တန်ဆာဆင်မှုကို ပြုခြင်း၏ နည်းဥပါယ်ကို ညွှန်ပြတတ်ကုန်သော ဆရာကြီးတို့၏)ဟု ဖွင့်သည်။]

ဗာလော။ ။မုခဿ ဗန္ဓဿ စ အလင်္ကာရဏာနဘိညတာယ အညာဏကော ယောကောစိ ပုဂ္ဂလော-မျက်နှာ တန်ဆာဆင်နည်း,

http://www.dhammadownload.com

ဗန္ဓကို တန်ဆာဆင်နည်း မသိသူမှန်သမျှ (ဤဂါထာ၌) ဗာလဟုချည်း ခေါ်ရသည်၊ (ဋီကာ-ဟောင်း)၊ [မုခဿ-နေရာဝယ် ဋီကာသစ်၌ "သရီရ" ဟု သုံးစွဲထား၏၊ ရှေ့ဂါထာ၌ မုခကို ဆိုခဲ့သောကြောင့် "မုခ"ကို ပြသော ဋီကာဟောင်းက ကောင်းသည်။]

ဟဿဘာဝံ။ ။ဟသိတဗ္ဗောတိ ဟဿော၊ ဟသဓာတ်, ဏျပစ္စည်း၊ မျက်နှာကို တန်ဆာမဆင်တတ်၍ ရယ်ဖွယ်ကောင်းသူ, အဖွဲ့ ဗန္ဓကို တန်ဆာ မဆင်တတ်၍ ရယ်ဖွယ်ကောင်းသူ၊ ဟဿဿ+ ဘာဝေါ ဟဿဘာဝေါ-ရယ်ဖွယ်ကောင်းသူ၏အဖြစ်, အပြောင်အလှောင် ခံရသူ၏အဖြစ်, အပြောင်အလှောင် ခံရခြင်း၊ မှန်၏-ယခုကာလ၌ အဆင်အပြင်မတတ်၍ "ဗာလ"ဟု ခေါ်အပ်သော အချို့တောသူ တောင်သားတို့သည် အဖိုးတန်ပစ္စည်းများကို ဝတ်ဆင်လာသော်လည်း ကြည့်၍ မလှသည့်ပြင် ရယ်ဖွယ်ပင် ဖြစ်သေး၏၊ ထို့အတူ ဂါထာ ကဗျာတို့ကိုလည်း အလင်္ကာနည်းမကျဘဲ စီကုံးထားလျှင် အလင်္ကာနည်း သိသူတို့အဖို့မှာ ရယ်ဖွယ်သာ ဖြစ်လေသည်၊ [တချို့စာ၌ "ဟာသ"ဟု ဏပစ္စည်းဖြင့် ရှိ၏၊ ဏပစ္စည်းသည် ရယ်ဖွယ် ရယ်စရာဟူသော အရဟအနက်ကို မဟောနိုင်၊ ဋီကာသစ်၌ ဏျပစ္စည်းဖြင့် "ဟဿ"ဟု ရှိ၏၊ ဏျပစ္စည်းက ရယ်ဖွယ် ရယ်စရာဟူသော အရဟအနက်ကို ဟောနိုင်သောကြောင့် "ဟဿ"ရှိခြင်းက သာ၍ ကောင်းသည်။]

ကထံနု။ ။"ကထံ + နသမ္ပာပုဏော + နု - အဘယ့်ကြောင့် မရောက်ဘဲရှိပါအံ့နည်း"ဟူသော စကား၌ နုသည် ပုစ္ဆာဇောတက၊ ကထံလည်း ပဋိသေဓအနက်ကို ထွန်းပြ၏၊ သို့ဖြစ်လျှင် "ကထံ+နဟု ပဋိသေဓ၂ ခုရှိရာ၌ ပကတိ(သမ္ပာပုဏော)အနက်ထွက်မြဲ ဖြစ်ရကား "သမ္ပာပုဏာတွေဝ"ဟု ဋီကာဖွင့်သည်၊ ဤဂါထာဖြင့် "အလင်္ကာနည်းကို သိသောဆရာတို့အထံမှ အလင်္ကာနည်းကို လေးလေးစားစား သင်ယူပြီးမှ ဂါထာ ကာဗျကို ရေးသားကြပါလေ"ဟု တိုက်တွန်းရာ ရောက်သည်၊ [တသ္မာ ဂရူဟိ (ဆရာတို့ အထံမှ) သာဒရတော ဥဂ္ဂဏှိတွာ ကတ္တဗ္ဗံတိ ဘာဝေါ၊ - ဋီကာသစ်၊] ဆိုလိုအပ်သော အဓိပ္ပာယ်ကို "ဘာဝ"ဟု ခေါ်၏။

http://www.dhammadownload.com

ကျမ်း၏ အလင်္ကာရအမည်

၁၂။ ဂန္ထောပိ ကဝိဝါစာန–မလင်္ကာရပ္ပကာသကော၊ ယာတိ တဗ္ဗစနီယတ္တံ, တဗ္ဗောဟာရူပစာရတော။

၁၂။ ကဝိဝါစာန် - ပညာရှိများ ဖွဲ့စီအပ်သော စကားတို့၏၊ အလင်္ကာရပ္ပကာသကော-အလင်္ကာအမျိုးမျိုးကို ပြတတ်သော၊ ဝါ-ပြတတ်သည်၏ အဖြစ်ကြောင့်၊ (ဟေတုမန္တဝိသေသန)၊ ဂန္ထောပိ - ကျမ်းစာသည်လည်း၊ တဗ္ဗောဟာရူပစာရတော-ထိုအလင်္ကာရဟူသော အမည်ကို တင်စားသော အဘေဒေါပစာ, ဖလူပစာအားဖြင့်၊ တဗ္ဗ စနီယတ္တံ-ထို အလင်္ကာရသဒ္ဒါသည် ဟောအပ်သည်၏ အဖြစ်သို့၊ ယာတိ-ရောက်၏။

၁၂။ ဂန္ထောပိ၊ပေ၊ပစာရတော။ ။"တံ တု ပါပေန္တိလင်္ကာရာ"၌ "အလင်္ကာရ"အရ မုချအားဖြင့် သဒ္ဒါတန်ဆာ အနက်တန်ဆာကိုသာ ရသောကြောင့် ကျမ်းစာကို အဘယ်နည်းအားဖြင့် "အလင်္ကာရ" ခေါ်နိုင်ပါသနည်းဟု မေးဖွယ်ရှိရကား "ဂန္ထောပိ"စသည်ကို မိန့်၊ "ထို အလင်္ကာရတို့ကို ပြသော ကျမ်းစာသည်လည်း ဥပစာတင်စားသော အားဖြင့် အလင်္ကာရအမည် ရနိုင်ပါသည်" ဟူလို။

ဂန္ထောပိ။ ။ကိယာဒိ စုရာဒိ ဂန္ထဓာတ်သည် ဒဗ္ဗန (စီကုံးထုံးဖွဲ့ခြင်း) အနက်ကို ဟော၏၊ ဂန်္ထိယတေ-စီကုံးထုံးဖွဲ့အပ်၏၊ ကွတိ ဂန္ထော၊ "ဧကေကဝဏ္ဏော အက္ခရော၊ အက္ခရသမူဟော ပဒံ၊ ပဒ သမူဟော ဝါကျံ, ဝါကျသမူဟော ဂန္ထော"နှင့်အညီ အက္ခရာစာလုံး တွေကို ပေါင်းရင်း ပေါင်းရင်း ပုဒ်တွေ ဖြစ်လာပြီးနောက် ထိုပုဒ်တွေကို ပေါင်းလိုက်သောအခါ ဝါကျဖြစ်လာပြန်၏၊ ပန်းပွင့်ကလေးတွေကို စီကုံးသကဲ့သို့ အစီအစဉ်ကျနၲ၍ လှပအောင် စီကုံးထုံးဖွဲ့ထားသော ထိုဝါကျအပေါင်းကိုပင် "ကျမ်းဂန်"ဟု ခေါ်သည်၊ [ဂန္ထောပိ၌ အပိဖြင့် သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရကို ပေါင်း၊] ဋီကာ၌ "အပိသဒ္ဒေါ အလင်္ကာရံ အပေက္ခတိ"ဟု ဖွင့်၏၊ ထိုအလို အပေက္ခာအနက်ဟောဟု ဆိုလို၏၊ သဒ္ဒါကျမ်းတို့ ဆိုရိုးနှင့် မညီ။

http://www.dhammadownload.com

ကဝိဝါစာနံ။ ။"ကု-သဒ္ဒေ"နှင့်အညီ, ကဝတိ-ကောင်းသော စကား (ပို့ကဗျာ ဂါထာ)ကို ဆိုတတ်၏၊ ကွက်တိ ကဝိ၊ ကဗျာ ဂါထာ ကျမ်းစာရေးသော ပညာရှိကို "ကဝိ"ဟု ခေါ်၏၊ အလင်္ကာရကျမ်း အားလျော်စွာ အလင်္ကာအမျိုးမျိုးနားလည်၍ ကဗျာ-ဂါထာ အစီအကုံး ကောင်းသူကို ဤနေရာ၌ "ကဝိ"ဟု ခေါ်၊ ထိုကဝိတို့၏+ဝါစာ (စကား) ဟူသည် ပို့ကဗျာ ဂါထာ ကျမ်းစာဟူသော (သဒ္ဒါအစဉ်)တည်း၊ ထို ပို့ကဗျာ စသည်တို့၏ အနက်အဓိပ္ပာယ်လည်း အကြောင်းသဒ္ဒါ၏ အမည်ကို အကျိုးအနက်၌ တင်စားသော ကာရကဖူပစာရအားဖြင့် "ကဝိဝါစာ"ပင် မည်၏။ [ကဝိဝါစာနံ-ကဝီဟိ ဝုတ္တဝါကျသခ်ါတာနံ ဥပစာရတော တပ္ပဋိပါဒနီယအတ္ထသခ်ါတာနဉ္စ (ထိုဝါကျဖြင့် သိစေ အပ်သော အနက် အဓိပ္ပာယ်ဟု ဆိုအပ်သည်လည်း ဖြစ်ကုန်သော) ကဝိပွယောဂါနံ (ကဝိတို့ အားထုတ်အပ်သော သဒ္ဒါအနက်တို့၏)၊-ဋီကာ။]

အလင်္ကာရပွကာသကော။ ။"ဘူသနေ ဝါရဏောစာလံ"အဘိဓာန်နှင့်အညီ အလံဟူသော အဗျယပုဒ်သည် ဘူသန(တန်ဆာ)အနက်ကို ဟော၏၊ အလံ+ကရောတိ အနေနာတိ အလင်္ကာရော-တန်ဆာဆင်မှုကို ပြုကြောင်းတန်ဆာ၊ ကဝိတို့၏စကား(ကဗျာ ဂါထာ)များဝယ် သဒ္ဒါအသုံးအနှုန်းမှာလည်း အဆင်တန်ဆာ (သဒ္ဒါလင်္ကာရ)ပါ၏၊ အနက် အဓိပ္ပာယ်မှာလည်း အဆင်တန်ဆာ အတ္ထာလင်္ကာရ ပါ၏၊ ကျမ်းစာသည် ထိုအလင်္ကာရ (တန်ဆာဆင်ပုံ ဆင်နည်း)တို့ကို ပြ၏၊ [အလင်္ကာရာနံ+ပကာသကော အလင်္ကာရပွကာသကော၊] ဤပုဒ်ကို တင်စားရခြင်း၏ အကြောင်းပြလည်း ဖြစ်သောကြောင့် "ဟေတုမန္တ ဝိသေသန"ဟု မှတ်။

ယာတိ၊ဧပ၊ပစာရတော။ ။အလင်္ကာရဟူသော အမည်သည် ထို သဒ္ဒါလင်္ကာရ - အတ္ထာလင်္ကာရတို့၏ နာမည်ရင်းတည်း၊ ထို အလင်္ကာရတို့ကို ပြသောကျမ်းစာသည်ကား ထိုအလင်္ကာရ အမည်ကို ကျမ်းစာ၌ တင်စားသော အဘေဒေါပစာရ, ဖလူပစာရအားဖြင့် အလင်္ကာရအမည် ရနိုင်သည်၊ [တေန-ထိုအလင်္ကာရသဒ္ဒါသည်+ ဝစနီယော-ဟောအပ် (ဟောနိုင်) သည်တည်း၊ တဗ္ဘစနီယော-သည်၊

http://www.dhammadownload.com

တပ္ပစနီယဿ+ဘာဝေါ တပ္ပစနီယတ္တံ၊] သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရ တို့၏ အလင်္ကာရအမည်နှင့် ကျမ်းစာ၏အမည်ကို မကွဲမပြား တစ်သား တည်း ခေါ်ခြင်းကို "အဘေဒေါပစာ"ဟု ခေါ်၏။

ဖလူပစာရဖြစ်ပုံ။ ။တဿ-ထိုသဒ္ဒါတန်ဆာ အနက်တန်ဆာ၏+ ဝေါဟာရော-အလင်္ကာရဟူသော အခေါ်အဝေါ် (အမည်)တည်း၊ တတ္ထောဟာရော-အမည်၊ တတ္ထောဟာရဿ-ကို၊ ဥပစာရော-ကျမ်းဂန်၌ တင်စားခြင်းတည်း၊ တတ္ထောဟာရူပစာရော-ခြင်း၊ ကျမ်းစာသဒ္ဒါနှင့် ကျမ်းစာ၌ ပြအပ်သော အနက် အလင်္ကာရတို့တွင် (ကျမ်းစာကြောင့် ထို အလင်္ကာရတို့ကို သိနိုင်ရကား) ကျမ်းစာသည် အကြောင်း+ အလင်္ကာရတို့ကား အကျိုးတည်း၊ အကျိုး၏အမည်ကို အကြောင်း ကျမ်း၌ တင်စားမှုကို ဖလူပစာရ"ဟု မှတ်၊ သန္ဓိစပ်ပုံကို ပြသောကျမ်းကို "သန္ဓိကပ္ပ-သန္ဓိကျမ်း"ဟု ခေါ်သကဲ့သို့တည်း။[တဿ(အလင်္ကာရောတိ ကတဝေါဟာရဿ) အလင်္ကာရသဒ္ဒဿ ကာရကော (အကြောင်းကျမ်း ပေါ်၌) ကာရိယူပစာရေန (အကျိုးအနက်၏ အလင်္ကာရအမည်ကို တင်စားခြင်းအားဖြင့်)- ဋီကာ။]

မှတ်ချက်။ ။သဒ္ဒတ္ထဘေဒစိန္တာ-စသော ကျမ်းတို့၌ အနက်ရှိမှ သဒ္ဒါဖြစ်ရသောကြောင့် အနက်ကို အကြောင်း, သဒ္ဒါကို အကျိုးဟု ဆို၏၊ ဤ၌ကား ကျမ်းဂန်ရှိမှ ကျမ်း၏အနက်အဓိပ္ပယ်ကို သိရသော ကြောင့် ကျမ်းစာ(သဒ္ဒါ)ကို အကြောင်း, အနက်အဓိပ္ပာယ်ကို အကျိုးဟု ဆိုထားသည်၊ ကာရိယူပစာရ-ဟူသည် ဖလူပစာတည်း၊ [နောက်၌ ဖလူပစာကို မကြာ မကြာ တွေ့ရလတ္တံ့။]

သုဗောဓာလင်္ကာရ။ ။အရှင်သံဃရက္ခိတထေရ်၏ ဤအလင်္ကာ ကျမ်းကား ကြည့်ရှု သင်ယူရာ၌ နားလည်လွယ်သောကြောင့် "ပုဗ္ဗတေတိ ဗောဓော၊ သုခေန+ဗောဓော သုဗောဓော၊ သုဗောဓော စ+သော+အလင်္ကာရော စာတိ"ဟူသော ဝစနတ္ထကြောင့် "သုဗောဓာ လင်္ကာရ" မည်၏။ [သုခေန-လွယ်ကူသဖြင့်+ဗောဓော-သိအပ်သည် တည်း၊ သုဗောဓော၊ ဗုဓောဟု မရှိ, ဗောဓောဟု ရှိသောကြောင့် "ဗုဓာတ်, ဏပစ္စည်း"ဟု မှတ်၊ သု ပါသောကြောင့် "ခ"ပစ္စည်းဟု မမှတ်လင့်။]

http://www.dhammadownload.com

အလင်္ကာအပြားနှင့်သဒ္ဒအတ္ထသရုပ်

၁၃။ ဒ္ဝိပ္ပကာရာ အလင်္ကာရာ, တတ္ထ သဒ္ဒတ္ထာဘေဒတော၊ သဒ္ဒတ္ထာဗန္ဓနာမာဝ, တံ သဇ္ဈိတတဒါဝဋ္ဌိ။

၁၃။ တတ္ထ-ထိုအလင်္ကာရကျမ်း၌၊ အလင်္ကာရာ-အလင်္ကာတို့သည်၊ သဒ္ဒတ္ထဘေဒတော-သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရတို့၏ အပြားအားဖြင့်၊ ဒ္ဝိပ္ပကာရာ-နှစ်ပါးအပြားရှိကုန်၏၊ သဒ္ဒတ္ထာ-သဒ္ဒါအနက်တို့ဟူသည်၊ ဗန္ဓနာမာ-ဗန္ဓအမည်ရှိသော၊ ဝါ-အဖွဲ့အနွဲ့အမည်ရှိသော၊ တံသဇ္ဈိတတဒါဝဋ္ဌိဝ-ထိုသဒ္ဒါ အနက်တို့ဖြင့် တန်ဆာဆင်အပ်သော ထိုသဒ္ဒါ အနက်တို့၏ အစဉ်ပင်တည်း။

၁၃။ ဒ္ဝိပ္ပကာရာ၊ပေ၊ဘေဒတော။ ။"အလင်္ကာရပ္ပကာသကော" နှင့်စပ်၍ အလင်္ကာရအပြားကို ပြလိုသောကြောင့် "ဒ္ဝိပ္ပကာရာ၊ပေ၊ဘေဒတော"ဟု မိန့်၊ "အလင်္ကာရတို့သည် သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရအားဖြင့် ၂ ပါး ပြားကြသည်"ဟူလို။ [သဒ္ဒေါ စ + သော + အလင်္ကာရော စာတိ သဒ္ဒါလင်္ကာရော (သဒ္ဒါဖြစ်သော တန်ဆာ, သဒ္ဒါတည်းဟူသော တန်ဆာ) အတ္ထော စ+သော+အလင်္ကာရောစာတိ အတ္ထာလင်္ကာရော။]

သဒ္ဒတ္ထာ၊ပေ၊ဝဋ္ဌိ။ ။"အလင်္ကာရ ၂ မျိုး ကွဲပြားကြောင်းဖြစ်သော သဒ္ဒ-အတ္ထတို့ဟူသည် အဘယ်နည်း"ဟု မေးဖွယ်ရှိသောကြောင့် သဒ္ဒ-အတ္ထသရုပ်ကို ပြလို၍"သဒ္ဒတ္ထာ၊ပေ၊ဝဋ္ဌိ"ဟု မိန့်၊ သဒ္ဒ-အတ္ထတို့ဟူသည် ထိုအလင်္ကာရတို့ဖြင့် တန်ဆာဆင်အပ်သော သဒ္ဒါအစဉ်, အနက်အစဉ် ပင်တည်း၊ ချဲ့ဦးအံ့-"ပုရိသော မဂ္ဂံ ဂစ္ဆတိ"သည် သဒ္ဒါအစဉ်ကား ဟုတ်၏၊ သို့သော် တန်ဆာဆင်ထားသော သဒ္ဒါအစဉ် မဟုတ်၊ "ယောက်ျား လမ်းသွား၏"ဟူသည် အနက်အစဉ်ကား ဟုတ်၏၊ သို့သော် တန်ဆာဆင်ထားသော အနက်အစဉ် မဟုတ်၊ သဒ္ဒါလင်္ကာရအတ္ထာလင်္ကာရ၌ ပါသော သဒ္ဒ-အတ္ထတို့ကား အဖွဲ့အနွဲ့အမည်ရလောက်အောင် ထိုအလင်္ကာတို့ဖြင့် တန်ဆာဆင်အပ်သော ထိုသဒ္ဒါတို့၏အစဉ်, ထိုအနက်တို့၏ အစဉ်ဖြစ်သည်-ဟူလို။

http://www.dhammadownload.com

ဗန္ဓနာမာဝ။ ။ဗန္ဓိယတေ (ဂါထာအများ ကဗျာအများကိုဖြစ်စေ, ဂါထာတစ်ခု ကဗျာတစ်ခုကိုဖြစ်စေ တပေါင်းတစည်းတည်းဖြစ်အောင်) ဖွဲ့ထားအပ်၏၊ ဣတိ ဗန္ဓော၊ ထိုအဖွဲ့ကိုပင် (နွဲ့နွဲ့နှောင်းနှောင်း ပျော့ပျော့ပျောင်းပျောင်းရှိအောင် ဖွဲ့ရသောကြောင့် "အနွဲ့" ဟု ဝိသေသန ပြုကြ၏၊ ဗန္ဓော ဣတိ+နာမံ ယဿာ (အာဝဋ္ဋိယာ)တိ ဗန္ဓနာမာ၊-ဋီကာဝိဂ္ဂဟ၊ နာမာဝဋ္ဋ ဧဝကိ နောက်ပုဒ်နှင့်မှတွဲ။ [ရှေ့၌ "ဗန္ဓော စ နာမ သဒ္ဒတ္ထာ, သဟိတာ ဒေါသဝဇ္ဇိတာ"ဟု ဗန္ဓအမည်ကို ပြခဲ့ပြီး ဖြစ်၍ "ဗန္ဓနာမာ-ရှေ့၌ ဗန္ဓဟု ဆိုအပ်ပြီးသော အမည် ရှိသော"ဟု ဆိုလိုသည်။]

တံသဇ္ဇိတတဒါဝဋ္ဋိဝ။ ။တေဟိ-ထို သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရတို့ဖြင့်၊ သဇ္ဇိတာ-ဆင်ပြင်အပ်သည်တည်း၊ တံသဇ္ဇိတာ-သည်၊ တေသံ-ထိုသဒ္ဒ, အတ္ထတို့၏+အာဝဋ္ဋိ-အစဉ်တည်း၊ တဒါဝဋ္ဋိ-စဉ်၊ တံသဇ္ဇိတာစ+သာ+တဒါဝဋ္ဋိစာတိ တံသဇ္ဇိတတဒါဝဋ္ဋိဧဝ၊ ဧဝဖြင့် "သဒ္ဒတ္ထဟူသည် အခြား မဟုတ်, သဒ္ဒါတို့၏အစဉ် အနက်တို့၏ အစဉ်ပင် ဖြစ်သည်"ဟု ပြသည်။ [တံသဇ္ဇိတာ+တဒါဝဋ္ဋိ"ဟု ၂ ပုဒ် ခွဲ၍လည်း အနက်ပေးကြသေး၏။]

မှတ်ချက်။ ။ရှေ့၌ "ဗန္ဓော စ နာမ_သဒ္ဒတ္ထာ, သဟိတာ ဒေါသဝဇ္ဇိတာ"ဖြင့် ဗန္ဓောကို ရှေ့, သဒ္ဒတ္ထာကို နောက်ထား၍ "ဗန္ဓော+သဒ္ဒတ္ထာ"ဟု ဆိုခဲ့ပြီ၊ ဤ၌ "သဒ္ဒတ္ထာ ဗန္ဓနာမာဝ, တံသဇ္ဇိတတဒါဝဋ္ဋိ" ဖြင့် "သဒ္ဒတ္ထာ ဗန္ဓနာမာ"ဟု ပြောင်းပြန်ဆိုပြန်၏၊ ထိုသို့ အဆိုကွဲခြင်းမှာ ရှေ့၌ "သောဝ ဗန္ဓော သဝိမှယော"ဟု ဆိုခဲ့သောစကားအရ "ဗန္ဓော စ နာမ"ဟု ဗန္ဓကို အခြေတည်၍ "သဒ္ဒတ္ထာ"ဟု ဗန္ဓ၏ သဘောလက္ခဏာကို နောက်ထား၍ ဆိုခဲ့၏၊ ဤဂါထာကား "သဟိဟာ ဒေါသဝဇ္ဇိတာ သဒ္ဒတ္ထာ"ဟူသောစကားနှင့် ဆက်သွယ်၍ "သဒ္ဒတ္ထာ"ဟု ရှေ့၌ စပြီးလျှင် "ဗန္ဓနာမာ"ဟု ထိုသဒ္ဒတ္ထ၏ အမည်ကိုလည်းကောင်း, "တံသဇ္ဇိတတဒါဝဋ္ဋိ"ဟု ထိုသဒ္ဒတ္ထ၏ ဂုဏ်သဘောကိုလည်းကောင်း, နောက်ထား၍ ဆိုသည်၊ အချုပ်မှာ -အဆိုသာ ကွဲ၏၊ ဗန္ဓနှင့်သဒ္ဒတ္ထ, သဒ္ဒတ္ထနှင့်ဗန္ဓတို့ အရကောက်မှာ အတူတူပင်"ဟု မှတ်။

http://www.dhammadownload.com

ဒေါသပါလျှင် မချီးမွမ်း

၁၄။ ဂုဏာလင်္ကာရသံယုတ္တာ, အပိ ဒေါသလဂင်္ကိတာ၊
ပသံသိယာ နာ ဝိညူဟိ, သာ ကညာ ဝိယ တာဒိသီ။

၁၄။ ဂုဏာလင်္ကာရသံယုတ္တာ-သဒ္ဒါလင်္ကာရဂုဏ်, အတ္ထာလင်္ကာရ တန်ဆာနှင့် ယှဉ်သည်၊ (သမာနာ) အပိ-ဖြစ်ပါသော်လည်း၊ သာ သဒ္ဒတ္ထာဝဠိ-ထိုသဒ္ဒါအနက်တို့၏ အစဉ်ဖြစ်သော အဖွဲ့အနွဲ့ကို၊ ဒေါသ လဂင်္ကိတာ-ပဒဒေါသ, စသည်မဖွယ်, အနည်းငယ်အပြစ်ဖြင့် မှတ်သား အပ်ပါမူကား၊ ဝိညူဟိ-ဂုဏ်နှင့်အပြစ်, ခွဲစစ်မြင်သိ, ပညာရှိတို့သည်၊ နာ ပသံသိယာ-မချီးမွမ်းထိုက်၊ (ကာဝိယ-အဘယ်သူကဲ့သို့နည်း၊) တာဒိသီ-နဂိုအလှဝယ်, တန်ဆာခြယ်လည်း, နည်းငယ်စွန်းငြိ, အပြစ် မကင်းသောသဘောရှိသော၊ ကညာ ဝိယ-အပျိုကညာကဲ့သို့တည်း။

၁၄။ ဂုဏာ၊ပေ၊တာဒိသီ။ ။ဆိုခဲ့ပြီးသော ဂါထာအစဉ်ဖြင့် ကျမ်း၏ အခြေခံစကားတို့ကို ပြ၍ ပြီးပါပြီ၊ ယခုအခါ ဒေါသဝဇ္ဇော အခန်းကို ရှေးဦးစွာ ပြမည် ဖြစ်၍ ဒေါသများကို မပြမီ ဒေါသ၏ ကြီးကျယ်စွာသော အပြစ်ဖြစ်ပုံကို ပြလိုသောကြောင့် "ဂုဏာလင်္ကာရ သံယုတ္တာ"စသော ဂါထာကို မိန့်, "ပင်ကိုအလှဂုဏ်ရှိ၍ အဆင်တန်ဆာ ပြည့်အောင် ဆင်ထားသော အမျိုးသမီးသည် မဲ့ကလေးတစ်ကွက်မျှ မျက်နှာမှာ ထင်နေလျှင် ရှုချင်ဖွယ် မကောင်းတော့သကဲ့သို့, ထို့အတူ သဒ္ဒါဂုဏ်, အတ္ထ အလင်္ကာ အဖုံဖုံတို့ဖြင့် စုံနေအောင် စီရင်အပ်သော အဖွဲ့အနွဲ့သည်လည်း ပဒဒေါသ အစရှိသော အပြစ်ကလေး အနည်း ငယ်မျှ ပါနေပါမူ ပညာရှိတို့ အလယ်မှာ ချီးမွမ်းဖွယ် မဟုတ်တော့-ဟူလို။

ဂုဏာ၊ပေ၊သံယုတ္တာ အပိ။ ။တတိယပိုင်း၌ပြမည့် သဒ္ဒါလင်္ကာရ တို့ကို "ဂုဏ်"ဟု ခေါ်၍, စတုတ္ထပိုင်း၌ပြမည့် အတ္ထာလင်္ကာရတို့ကို "အလင်္ကာရ=တန်ဆာ"ဟု ခေါ်သည်၊ [ဂုဏော စ+အလင်္ကာရော စ-ဂုဏာလင်္ကာရာ၊ တေဟိ + သံယုတ္တာ-ဂုဏာလင်္ကာရသံယုတ္တာ၊] သံယုတ္တာ - ယှဉ်" ဟူရာ၌ "ဆင်ပြင်" ဟု ဆိုလိုသည်၊ အပိကား-

http://www.dhammadownload.com

သဒ္ဒါဂုဏ်နှင့် အနက်တန်ဆာ ဆင်ထားပုံကို ခြီးမြှောက်သော အနုဂ္ဂဟတ္ထဇောတကတည်း။ [သဒ္ဒါလင်္ကာရသခ်ိတဂုဏောန+အတ္ထာလင်္ကာရေန စ ဝိသေသေန+ယုတ္တာပိ သာ သဒ္ဒတ္ထာဝဋ္ဋိ။-ဋီကာသစ်။]

ဒေါသလဝင်္ကိတာ။ ။ဒေါသေတိ-ဖျက်တတ်၏၊ ဣတိ ဒေါသော၊ ဆိုအပ်လတ္တံ့သော ပဒဒေါသ စသည်တို့သည် အဖွဲ့အနွဲ့အကောင်းကို မကောင်းဖြစ်အောင် ဖျက်တတ်သည်-ဟူလို၊ လူဓာတ်, (အပ်)ပစ္စည်းဖြင့် ပြီးသော လဝသဒ္ဒါသည် အပ္ပ(အနည်းငယ်)အနက်ကို ဟော၏၊ ဒေါသော စ+သော+လဝေါ စာတိ ဒေါသလဝေါ၊ ဒေါသလဝေန+အင်္ကိတာ၊ [အင်္ကိဓာတ်သည် အမှတ်တံဆိပ် ခတ်နှိပ်ခြင်းအနက်ကို ဟော၏၊ ဣကာရန္တဓာတ်ဖြစ်၍ နိဂ္ဂဟိတ်လာ, ဝဂ္ဂန္တ ပြု။]

ကညာ ဝိယ တာဒိသီ။ ။တာဒိသီ၌ တသဒ္ဒါဖြင့် "ဂုဏာလင်္ကာရ-ဒေါသလဝင်္ကိတာ"တို့အရ ပင်ကိုအလှဂုဏ်ရှိခြင်း, အဆင်တန်ဆာဆင်ထားခြင်း, အပြစ်အနည်းငယ် ပါနေခြင်းတို့ကို ညွှန်ပြ၏၊ အဖွဲ့အနွဲ့၌ အပြစ်အနည်းငယ်မျှ ပါဝင်နေလျှင် လူမြင်ကွင်း မျက်နှာ၌ လက်သည်းခန့်မျှ မဲ့, တင်းတိပ်, ခရုသင်း အကွက်ကလေး ပါသဖြင့် "အပျိုတန်မဲ့, ပါးမှာမဲ့"ဟု ကဲ့ရဲ့ခံရသော သတို့သမီးကဲ့သို့ ဖြစ်သည်၊ ["အဌဝဿာ ဘဝေ ဂေါရီ, ဒသဝဿာ တု ကညကာ"ဟု လောကီဆရာတို့ ဆိုသောကြောင့် "၁၀ နှစ်အရွယ်ရှိသော ကညာ"ဟု ဋီကာဆရာတို့ ဖွင့်ကြသည်မှာ မကောင်းလှ၊ အပျိုသာမညကိုသာ ဖွင့်သင့်သည်၊ "ကညေ ကာမယမာနံ မံ"ဟု အပျိုသာမန်ကို "ကညာ"ဟု နောက်၌ အသုံးပြုလတ္တံ့။

မှတ်ချက်။ ။သဒ္ဒါလင်္ကာရဂုဏ်သည် ပုံပန်း ကျန၍ ပင်ကို အလှနှင့် တူ၏၊ အတ္ထာလင်္ကာရသည် တန်ဆာဆင်ထားခြင်းနှင့် တူ၏၊ အနည်းငယ် ဒေါသမကင်းခြင်းသည် ပါး၌ မဲ့ကလေး, တင်းတိပ်ကလေး, ခရုသင်းကွက်ကလေး ပါနေခြင်းနှင့် တူသည်။

http://www.dhammadownload.com

အပြစ်ကင်းလျှင် ဂုဏ်ရှိ၏

၁၅။ ပေန ဒေါသနိရာသော၁, မဟုဿာဟေန သာဓိယော၊
နိဒ္ဒေါသာ သဗ္ဗထာ သာယံ, သဂုဏာ န ဘဝေယျ ကိံ။

၁၅။ တေန - ထို့ကြောင့်၊ ဒေါသနိရာသော၁ - အပြစ်ကို ပယ်စွန့်ခြင်းကိုသာ၊ မဟုဿာဟေန-ကြီးစွာသော အားထုတ်ခြင်းဖြင့်၊ သာဓိယော-ပြီးစေအပ် ပြီးစေထိုက်၏၊ သဗ္ဗထာ-ခပ်သိမ်းသော အပြားအားဖြင့်၊ နိဒ္ဒေါသာ-ပဒဒေါသ, စသည်မဖွယ်, အနည်းငယ်မျှ, အပြစ်မရှိသော၊ သာယံ (သဒ္ဒတ္ထာဝဋ္ဋိ)-ထိုသဒ္ဒါအနက်တို့၏ အစဉ်ဖြစ်သော အဖွဲ့အနွဲ့သည်၊ သဂုဏာ - ဂုဏ်ရှိသော အဖွဲ့အနွဲ့သည်၊ ကိံ န ဘဝေယျ- အဘယ်မှာ မဖြစ်ဘဲ ရှိတော့အံ့နည်း၊ (ဘဂတိဇဝ-ဇကန်မုချဖြစ်ရတော့မည်သာ။)

၁၅။ တေန၊ပေန ဘဝေယျ ကိံ။ ။အဖွဲ့အနွဲ့၌ အပြစ်ဒေါသ၏ ကြီးလေးပုံကို ပြပြီး၍, အပြစ်ဒေါသကင်းအောင် ရေးသားစီကုံးဖို့ရန်နှင့် အပြစ်ကင်းလျှင် အလိုအလျောက် ဂုဏ်ပေါ်ပေါက်နိုင်ကြောင်း ပြလို၍ "တေန"စသော ဂါထာကို မိန့်၊ တေနဖြင့် ဆိုခဲ့ပြီး ဂါထာအနက်ကို ပြန်၍ ညွှန်သည်၊ ဂုဏ်နှင့်တန်ဆာ ပြည့်စုံပါလျက် အပြစ်မကင်းလျှင် ချီးမွမ်းခြင်း မခံထိုက်သောကြောင့် "ဒေါသနိရာသော၁ မဟုဿာဟေန သာဓိယော-အပြစ်ကင်းမှကို အကြီးအကျယ် ကြိုးစားကြပါလေ"ဟူလို။ [နိရာသော-နိ+အာသော၊ နိပုဗ္ဗ+အသဓာတ် (ဏာပစ္စည်း)သည် "စာဂ-စွန့်ခြင်း, ခေပ-ပစ်ပယ်ခြင်း"အနက်တို့ကို ဟော၏၊ နိရသနံ-ပယ်စွန့်ခြင်း၊ နိရာသော-ခြင်း၊ ဒေါသဿ-ကို+နိရာသော ဒေါသနိရာသော။]

နိဒ္ဒေါသာ သဗ္ဗထာ သာယံ။ ။[သာ+အယံ] သဗ္ဗထာ+နိဒ္ဒေါသာ-မည်သည့်နည်းနှင့်မျှ အပြစ်ရှာ၍ မရလောက်အောင် "စင်းလုံးချော" အပြစ်ကင်းနေသော အဖွဲ့အနွဲ့ ဖြစ်နေပါလျှင်... "သဂုဏာ န ဘဝေယျ ကိံ-အဘယ်မှာ ဂုဏ်ရှိသောအဖွဲ့ မဖြစ်ဘဲ နေနိုင်တော့အံ့နည်း၊ သဒ္ဒါလက်ာရ ဂုဏ်တွေ အလိုလို ပါနေသောအဖွဲ့ ဖြစ်နိုင်တော့သည်" ဟူလို။

http://www.dhammadownload.com

ဂုဏ်၏အကျိုး

၁၆။ သာလင်္ကာရဝိယုတ္တာပိ, ဂုဏာယုတ္တာ မနောဟရာ၊
နိဒ္ဒေါသာ ဒေါသရဟိတာ, ဂုဏာယုတ္တာ ဝဓူဝိယ။

၁၆။ အလင်္ကာရဝိယုတ္တာပိ-အတ္ထာလင်္ကာရတန်ဆာနှင့် မယှဉ်ပါ၀ေ သည်း၊ ဂုဏာယုတ္တာ - ပသာဒ စသော ဂုဏ်နှင့် ယှဉ်သော၊ နိဒ္ဒေါသ - ပသာဒဒေါသ စသော အပြစ်မရှိသော၊ သာ-ထိုအဖွဲ့အနွဲ့သည်၊ မနောဟရာ-ပညာရှိစိတ်နှလုံးကို ယူကျုံး ဆွဲဆောင်နိုင်၏၊ (ကာဝိယ-အဘယ်သူကဲ့သို့နည်း၊) ဒေါသရဟိတာ-အပြစ်ကြီးငယ် အသွယ်သွယ်မှ ကင်းသော၊ ဂုဏာယုတ္တာ-ပင်ကိုလှပ, အချိုးကျသော ဂုဏ်နှင့်ယှဉ်သော၊ ဝဓူဝိယ-အမျိုးသမီးကဲ့သို့တည်း။

၁၆။ သာလင်္ကာရပေါဝဓူဝိယ။ ။"နိဒ္ဒေါသာ သဗ္ဗထာ သာယံ, သဂုဏာ နာ ဘဝေယျ ကိ"ဟူသော ဂါထာပါဒအရ ဂုဏ်ရှိလာလျှင် ရနိုင်သော မနောဟရအကျိုးထူးကို ဥပမာအားဖြင့် ထင်ရှား ပြလို သောကြောင့် "သာ လင်္ကာရဝိယုတ္တာပိ" အစရှိသော ဂါထာကို မိန့်၊ ပဒဒေါသ စသော အပြစ်ကင်း၍ နဂိုအတိုင်း သဒ္ဒါလင်္ကာရဂုဏ် ရှိနေသော အဖွဲ့အနွဲ့သည် အတ္ထာလင်္ကာရ (အနက်တန်ဆာ) မဆင်ပါသော်လည်း ပညာရှိစိတ်နှလုံးကို ယူကျုံးဆွဲဆောင်နိုင်ပါသည်၊ ဥပမာ-မဲ့, တင်းတိပ်, ဝက်ခြံ, ခရုသင်းကွက် စသော အပြစ်တို့မှ ကင်း၍ ကျော့ရှင်း ဖြူစင် ပင်ကိုချော အမျိုးသမီးသည် အထူး မဆင်မပြင်ပါသော်လည်း မြင်ရသူ စိတ်နှလုံးကို ယူကျုံး ဆွဲဆောင်နိုင်သကဲ့သို့ ဖြစ်ပါသည်-ဟူလို။

မှတ်ချက်။ ။အဖွဲ့အနွဲ့၌ အတ္ထာလင်္ကာရ မပါခြင်းသည် အမျိုးသမီး၌ တန်ဆာဆင်မထားခြင်းနှင့်တူ၏၊ နဂိုသဒ္ဒါလင်္ကာရဂုဏ်နှင့် ပြည့်စုံခြင်းသည် အမျိုးသမီး၏ နဂိုလှပကျော့ရှင်း အချိုးကျခြင်းနှင့်တူ၏၊ အဖွဲ့အနွဲ့၌ ပဒဒေါသ စသည် မပါခြင်းသည် အမျိုးသမီး၏ မဲ့, ဝက်ခြံ, တင်းတိပ်, ခရုသင်း, နူနာမရှိခြင်းနှင့် တူသည်။ [နိဒ္ဒေါသာကို ဥပမေယျဘက်၌ သွင်း၍, ဒေါသရဟိတာကို ဥပမာနဘက်၌ သွင်း၍ အနက်ပေးရသည်။]

ဤတွင် အခြေခံ ဂန္ထာရမ္ဘ ပြီး၏။

http://www.dhammadownload.com

ဒေါသာဝဗောဓအခန်း

၁၇။ ပဒေ ဝါကျေ တဒတ္ထေ စ, ဒေါသာ ယေ ဝိဝိဓာ မတာ၊
သောဒါဟရဏမေတေသံ, လက္ခဏံ ကထယာမျဟံ။

၁၇။ ပဒေ-ပုဒ်၌လည်းကောင်း၊ ဝါကျေ-ဝါကျ၌လည်းကောင်း၊ တဒတ္ထေ စ-ထိုဝါကျ၏ အနက်၌လည်းကောင်း၊ ဝိဝိဓာ-အထူးထူး အပြားပြားများကုန်သော၊ ယေ ဒေါသာ-အကြင်အပြစ်တို့ကို၊ မတာ-သိအပ်ကုန်၏၊ ဧတေသံ-ဤအပြစ်တို့၏၊ သောဒါဟရဏံ-ဥဒါဟရုဏ်နှင့်တကွဖြစ်သော၊ လက္ခဏံ-မှတ်ကြောင်းသုတ်ကို၊ အဟံ-ငါသည်၊ ကထယာမိ-ဆိုပေအံ့။

ခေါင်းစဉ်=မာတိကာ

၁၈။ ဝိရုဒ္ဓတ္ထန္တရာချတ္ထ, ကိလိဋ္ဌာနိ ဝိရောဓိ စ၊
နေယျံ ဝိသေသနာပေက္ခံ, ဟီနတ္ထကမနတ္ထကံ။

၁၉။ ဒေါသာပဒါနဝါကျာန-မေကတ္ထံ ဘဂ္ဂရီတိကံ၊
တထာ ဗျာကိဏ္ဏဂါမ္ပာနိ, ယတိဟီနံ ကမစ္စုတံ၊
အတိဝုတ္တမေတေတ္ထံ, သဗန္ဓဖရုသံ တထာ။

၁၇။ ပဒေ ၊ပေ၊ ကထယာမျဟံ။ ။"ပဒဒေါသ, ဝါကျဒေါသ, ဝါကျတ္ထဒေါသ"ဟု ၃ မျိုး ခွဲခြား၍ သုတ် ဥဒါဟရုဏ်ကို ပြမည်ဟု ပဋိညာဉ် ပြုလိုသောကြောင့် "ပဒေ ဝါကျေ" စသည် မိန့်၊ [သော ဒါဟရဏံ-သ+ဥဒါဟရဏံ၊ (ပါဋိပိဋကမှ ဖြစ်စေ, လောကီ ပြောရိုး စကားမှ ဖြစ်စေ) ဥ (ဥဒ္ဓရိတွာ)-ထုတ်ယူ၍+အာဟရဏံ-ဆောင်ပြအပ်သော ပုံစံကို "ဥဒါဟရဏ"ဟု ခေါ်၏၊ ဥဒ္ဓရိတွာ အာဟရိယကေတိ ဥဒါဟရဏံ-ဟုပြု၊ လက္ခီယတိ အနေနာတိ လက္ခဏံ-အမှတ်အသား ပြုကြောင်းဖြစ်သော စကား၊ ထိုလက္ခဏာစကားကိုပင် သဒ္ဒါကျမ်းတို့၌ လာသောသုတ်နှင့် အလားတူသောကြောင့် "သုတ်"ဟု ခေါ်စမှတ် ပြုကြသည်၊ သဟ+ဥဒါဟရဏေန+ယံ+ဝတ္တတီတိ သောဒါဟရဏံ (လက္ခဏံ)။]

http://www.dhammadownload.com

၂၀။ အပက္ကမော စိတျဟီနံ, ဘဂ္ဂရီတိ သသံသယံ၊
ဂါမံ ဒုဋ္ဌာလင်္ကာတိတိ, ဒေါသာ ဝါကျတ္ထနိဿိတာ။

၁၈။ ဝိရုဒ္ဓတ္ထန္တရာဓျတ္ထကိလိဋ္ဌာနိစ-ဝိရုဒ္ဓတ္ထန္တရဒေါသ, အဓျတ္ထဒေါသ, ကိလိဋ္ဌဒေါသတို့လည်းကောင်း၊ ဝိရောဓိစ-ဝိရောဓိဒေါသလည်းကောင်း၊ နေယျ-နေယျဒေါသလည်းကောင်း၊ ဝိသေသနာပေက္ခ-ဝိသေသနာပေက္ခဒေါသလည်းကောင်း၊ ဟီနတ္ထက်-ဟီနတ္ထကဒေါသလည်းကောင်း၊ အနတ္ထက်-အနတ္ထကဒေါသလည်းကောင်း၊ ဣတိ-ဤရှစ်ပါးတို့သည်၊ ပဒါနံ-ပုဒ်တို့၏၊ ဒေါသာ-အပြစ်တို့တည်း။

၁၉။ ဧကတ္ထံ-ဧကတ္ထဒေါသလည်းကောင်း၊ ဘဂ္ဂရီတိက်-ဘဂ္ဂရီတိဒေါသလည်းကောင်း၊ တထာ-ထိုမှတစ်ပါး၊ ဗျာကိဏ္ဏဂါမွာနိ-ဗျာကိဏ္ဏဒေါသ, ဂါမ္မဒေါသတို့လည်းကောင်း၊ ယတိဟီနံ-ယတိဟီနဒေါသလည်းကောင်း၊ ကမစ္ဆုတံ-ကမစ္ဆုတဒေါသလည်းကောင်း၊ အတိဝုတ္တံ-အတိဝုတ္တဒေါသလည်းကောင်း၊ အပေတတ္ထံ-အပေတတ္ထဒေါသလည်းကောင်း၊ သဗန္ဓဖရုသံ-သဗန္ဓဖရုသဒေါသလည်းကောင်း၊ ဣတိ-ဤကိုးပါးတို့သည်၊ ဝါကျာနံ-ဝါကျတို့၏၊ ဒေါသာ-အပြစ်တို့တည်း။

၂၀။ တထာ-ထိုမှတစ်ပါး၊ အပက္ကမော-အပက္ကမဒေါသလည်းကောင်း၊ ဩစိတျဟီနံ-ဩစိတျဟီနဒေါသလည်းကောင်း၊ ဘဂ္ဂရီတိ-ဘဂ္ဂရီတိဒေါသလည်းကောင်း၊ သသံသယံ-သသံသယဒေါသလည်းကောင်း၊ ဂါမံ-ဂါမ္မဒေါသလည်းကောင်း၊ ဒုဋ္ဌာလင်္ကာတိ-ဒုဋ္ဌာလင်္ကာတိဒေါသလည်းကောင်း၊ ဣတိ-ဤခြောက်ပါးတို့သည်၊ ဝါကျတ္ထနိဿိတာ-ဝါကျအနက်၌ မှီကုန်သော၊ ဒေါသာ-အပြစ်တို့တည်း။

၁၈, ၁၉, ၂၀။ ။ဤဂါထာတို့ကား ထိုဒေါသတို့၏ ခေါင်းစဉ်မာတိကာကို ပြသော ဂါထာတို့တည်း၊ "ဝိရုဒ္ဓတ္ထန္တရ"စသော ပုဒ်တို့၏ ပုဒ်နက်-အဓိပ္ပာယ်ကို ဆိုင်ရာဒေါသကျမှ ပြပါမည်၊ ယခု ခေါင်းစဉ်နာမည်မျှကိုသာ မှတ်နှင့်ပါဦး။

၁၈, ဝါကျ။ ။"ဝိဘာတျန္တံ ပဒံ"နှင့်အညီ တစ်ဝိဘတ်ဆုံးသောနာမ်, အာချာတ်, ဥပသာရ, နိပါတ်သည် ပုဒ်မည်၏၊ "ပဒသမူဟော ဝါကျံ"နှင့်အညီ တစ်ပုဒ်နှင့်တစ်ပုဒ် အချင်းချင်း ငဲ့စပ်သော(သဒ္ဒါထုံးစံ

http://www.dhammadownload.com

အတိုင်း စာစပ်၍ရ, အနက် အဓိပ္ပာယ် ဆက်သွယ်၍လည်းရသော) ပုဒ်အပေါင်းသည် ဝါကျမည်၏၊ ပုဒ်အပေါင်းဖြစ်သော်လည်း အနက် အဓိပ္ပာယ်ဆက်သွယ်မှု မရသော "စက္ခုမာ, ရူပံ, ဒသ, ဒါဋ္ဌိမော" ကဲ့သို့သော ပုဒ်အပေါင်းသည် ဝါကျမဟုတ်၊ ထိုပုဒ်တို့၏ အနက်ကို (၈) ဂါထာ၌ ပြခဲ့ပြီ။

ဗဟုသုတဖြစ်လိုသူများအဖို့

အမှာ။ ။ သရသွတီကဏ္ဌာဘရဏ၌ "ပဒ, ဝါကျ, ဝါကျတ္ထဒေါသတို့ ၁၆ ပါးစီပြ၏" ဟု စံကျောင်းဆရာတော်နိဿယ၌ မှာထား၏။

ပဒဒေါသ ၁၆ ပါး

၁။ အသာဓုဒေါသ-သဒ္ဒါကျမ်းနှင့် ဆန့်ကျင်သော အပြစ်။
၂။ အပယုတ္တဒေါသ-မယှဉ်သင့်သောအရာ၌ ယှဉ်သော အပြစ်။
၃။ ကဋ္ဌဒေါသ-နားမချမ်းသာခြင်းကို ပေးတတ်သော အပြစ်။
၄။ အနတ္ထကဒေါသ-အနက်မရှိသော အပြစ်။
၅။ အညတ္ထဒေါသ-ထင်ရှားသော အနက်မှ ကင်းသော အပြစ်။
၆။ အဖုဋ္ဌဒေါသ-အချည်းနှီးသော အနက်ရှိသော အပြစ်။
၇။ အသမတ္ထဒေါသ-မစပ်သင့်သည်နှင့် စပ်သော အပြစ်။
၈။ အပတီတဒေါသ-လောကီလူများ၌ မထင်ရှားသော အပြစ်။
၉။ ကိလိဋ္ဌဒေါသ-ကြာမြင့်မှ သိရ၍ အသိခက်သော အပြစ်။
၁၀။ ဂုဋ္ဌတ္ထဒေါသ-လျှို့ဝှက်သော အနက်ရှိသော အပြစ်။
၁၁။ နေယျတ္ထဒေါသ-ပုဒ်တစ်ပါးကို ဆောင်ယူ၍ သိအပ်သော အပြစ်။
၁၂။ သံဒေဟဒေါသ-ယုံမှားအပ်သော အနက်ရှိသော အပြစ်။
၁၃။ ဝိရုဒ္ဓဒေါသ-ဆန့်ကျင်ဘက် အနက် နှစ်ခုရှိသော အပြစ်။
၁၄။ အပယောဇကဒေါသ-မယှဉ်သင့်သည်၌ ယှဉ်ခြင်းကြောင့် အကျိုးမရှိသော ဝိသေသနရှိသော အပြစ်။
၁၅။ ဒေဿဒေါသ-ဓာတ် ပစ္စည်းတို့ဖြင့် မပြီး, လောကသင်္ကေတအား ဖြင့်သာ သိအပ်သော အပြစ်။
၁၆။ ဂါမ္မဒေါသ-ရိုင်းစိုင်း ရိုးတာသော အပြစ်။

ဝါကျဒေါသ ၁၆ ပါး

၁။ သဒ္ဒဟီနဒေါသ-သဒ္ဒါကျမ်းနှင့် မညီသော သဒ္ဒါရှိသော အပြစ်။
၂။ ကမဘဋ္ဌဒေါသ-သဒ္ဒါအစဉ် အနက်အစဉ်မှ ကင်းသော အပြစ်။
၃။ ဝိသန္ဓိဒေါသ-သန္ဓိမစပ်သင့်သော အရာ၌ စပ်ခြင်း အပြစ်။

http://www.dhammadownload.com

၄။ ပုနရုတ္တိဒေါသ-ထပ်၍ ဆိုအပ်သော ပုဒ်နက်ရှိသော အပြစ်။
၅။ ဗျာကိဏ္ဏဒေါသ-ပုဒ်တို့ကို ရှုပ်ရှုပ်ထွေးထွေး ထားခြင်း အပြစ်။
၆။ သံကိဏ္ဏဒေါသ-ဝါကျတစ်ခုနှင့်တစ်ခု ရောယှက်သော အပြစ်။
၇။ အပဒဒေါသ-ပကတိဌစသော မယှဉ်သင့်သောပုဒ်နှင့် ယှဉ်ခြင်းအပြစ်။
၈။ ဝါကျဂတ္တိတဒေါသ-ဝါကျတစ်ပါး ရောယှက်ပါဝင်နေသော အပြစ်။
၉။ ဘိန္နလိင်္ဂဒေါသ-လိင်္ဂပြားသော ဥပမာရှိသော အပြစ်။
၁၀။ ဘိန္နဝစနဒေါသ-ဝုစ်ပြားသော ဥပမာရှိသော အပြစ်။
၁၁။ ရှုနောပမဒေါသ-ယုတ်သော ဥပမာရှိသော အပြစ်။
၁၂။ အဓိကောပမဒေါသ-လွန်သော ဥပမာရှိသော အပြစ်။
၁၃။ ဘဂ္ဂဆန္ဒဒေါသ-ပျက်သောဆန်းရှိသော အပြစ်။
၁၄။ ဘဂ္ဂယတိဒေါသ-ယတိပျက်သော အပြစ်။
၁၅။ အသရီရဒေါသ-ကြိယာပုဒ် ထည့်သင့်လျက် မထည့်သော အပြစ်။
၁၆။ အရီတိမာဒေါသ-သိလေသစသော ဂုဏ်တို့နှင့် ဆန့်ကျင်ဘက်အပြစ်။

ဝါကျတ္ထဒေါသ ၁၆ ပါး

၁။ အပေတတ္ထဒေါသ-အပေါင်းဖြစ်သော အနက်မှ ကင်းသောအပြစ်။
၂။ ဗျတ္ထဒေါသ-သိအပ်သော အနက်မရှိသော အပြစ်။
၃။ ဧကတ္ထဒေါသ-တစ်ခုတည်းသော အနက်ရှိသော အပြစ်။
၄။ သသံသယဒေါသ-ယုံမှားအပ်သော အနက်ရှိသော အပြစ်။
၅။ အပက္ကမဒေါသ-အစဉ်မရှိသော အပြစ်။
၆။ ဝိန္နဒေါသ-မထင်ရှားသော အနက်အဓိပ္ပာယ်ရှိသော အပြစ်။
၇။ အတိမတ္တဒေါသ-လောကသဘောကို လွန်သော အပြစ်။
၈။ ဖရုသဒေါသ-ကြမ်းတမ်းသော အနက်ရှိသော အပြစ်။
၉။ ဝိရသဒေါသ-ရသမှ ကင်းသော အပြစ်။
၁၀။ ဟီနောပမဒေါသ-ယုတ်သော ဥပမာရှိသော အပြစ်။
၁၁။ အဓိကောပမဒေါသ-လွန်သော ဥပမာရှိသော အပြစ်။
၁၂။ အသဒိသောပမဒေါသ-မတူသော ဥပမာရှိသော အပြစ်။
၁၃။ အပ္ပသိဒ္ဓေါပမဒေါသ-မထင်ရှားသော ဥပမာရှိသော အပြစ်။
၁၄။ နိရလင်္ကာရဒေါသ-အလင်္ကာမှ ကင်းသော အပြစ်။
၁၅။ အသလီလဒေါသ-အသရေမရှိသော အနက်ရှိသော အပြစ်။
၁၆။ ဝိရောဓိဒေါသ-ဆန့်ကျင်သော သဘောရှိသော အပြစ်။

❖■❖■❖■❖■❖■❖

http://www.dhammadownload.com

ပဒဒေါသရှစ်ပါး

ဝိရုဒ္ဓတ္ထန္တရ ၂၁။ ဝိရုဒ္ဓတ္ထန္တရံ တံ ဟိ, ယဿညတ္ထော ဝိရုဇ္ဈတိ၊ အဓိပ္ပေတေ ယထာ မေဃော, ဝိသဒေါ သုခယေ ဇနံ။

၂၁။ ဟိ-ချဲ့ဦးအံ့၊ ယဿ-အကြင်ပုဒ်၏၊ အညတ္ထော-အလိုရှိအပ်သော အနက်မှ တစ်ပါးသော အနက်သည်၊ အဓိပ္ပေတေ-အလိုရှိအပ်သော အနက်၌၊ ဝိရုဇ္ဈတိ-ဆန့်ကျင်၏၊ တံ-ထိုပုဒ်သည်၊ ဝိရုဒ္ဓတ္ထန္တရံ-ဝိရုဒ္ဓတ္ထန္တရဒေါသရှိသောပုဒ် မည်၏၊ ယထာ - ဥဒါဟရုဏ်ကား၊ မေဃော ဝိသဒေါ သုခယေ ဇနံ-မေဃော၊ပေ၊ဇနံဟူသည်တည်း၊ ဝိသဒေါ-ရေကို ပေးတတ်သော၊ မေဃော-မိုးသည်၊ ဇနံ-လူအပေါင်းကို၊ သုခယေ -ချမ်းသာစေနိုင်၏။ ["ဝိသဒေါ-အဆိပ်ကို ပေးတတ်သော"-ဤကား ဆန့်ကျင်ဘက်အနက်။]

၂၁။ ဝိရုဒ္ဓတ္ထန္တရံ တံ ဟိ။ ။မာတိကာစဉ်၌ ပြအပ်ခဲ့သော ပဒဒေါသ ရှစ်ပါးတို့တွင် ရှေးဦးစွာ ပြအပ်သော ဝိရုဒ္ဓတ္ထန္တရဒေါသကို အကျယ်ပြလိုသောကြောင့် "ဝိရုဒ္ဓတ္ထန္တရံ တံ ဟိ"စသည်ကို မိန့်၊ ဤ ဂါထာ၌ "ဝိရုဒ္ဓတ္ထန္တရံ၊ပေ၊အဓိပ္ပေတေ"တိုင်အောင် လက္ခဏ(သုတ်)၊ "ယထာ၊ပေ၊ဇနံ"ကား လက္ခ (ဥဒါဟရုဏ်)တည်း၊ သဒ္ဒါကျမ်း၌ "သရာ သရေ လောပံ (သုတ်)၊ ယဿိန္ဒြိယာနိ (ဥဒါဟရုဏ်)"ကဲ့သို့ပင်တည်း။

ဟိနိပါတ်သည် (မာတိကာ၏အကျယ်ကို ထွန်းပြသော) ဝိတ္ထာရ ဇောတကသာတည်း၊ ဋီကာတို့၌"ဟိ ယသ္မာ ကာရဏာ"ဟု ကာရဏ ဇောတကကြံ၍ "အကြင့်ကြောင့် တစ်ပါးသော အနက်သည် အလိုရှိ အပ်သော အနက်၌ ဆန့်ကျင်၏၊ ထို့ကြောင့် ဝိရုဒ္ဓတ္ထန္တရ မည်၏"ဟု ဆိုလေသည်၊ "ပသိဒ္ဓိယံ ဝါ"ဟု တပ္ပာကဋီကရဏဇောတကလည်း တစ်နည်းဖွင့်ထား၏၊ အဌကထာကြီးများ၌ အကျဉ်းမာတိကာနောင် အကျယ်ပြလျှင် ဝိတ္ထာရဇောတကချည်း သုံးစွဲလေ့ရှိသည်။

ဝိရုဒ္ဓတ္ထန္တရံ။ ။အကြင်ပုဒ်၌ ပျို့ ကဗျာ ဂါထာဖွဲ့ဆိုသော ကဝိ စာဆိုဏ် ဆိုလိုအပ်သောအနက်က တစ်မျိုး, ထိုအနက်နှင့်ဆန့်ကျင်ဘက် အနက်က တစ်မျိုးဟု အနက် ၂ မျိုးရှိ၏၊ ပျို့ ကဗျာဂါထာတို့၌ ထိုကဲ့သို့

http://www.dhammadownload.com

ဆန့်ကျင်ဘက် အနက်တစ်မျိုးရှိသောပုဒ်သည် "ဝိရုဒ္ဓတ္ထန္တရဒေါသ" သင့်သောပုဒ် မည်၏။ [အန္တရော-(ဆိုလိုအပ်သော အနက်မှ)တစ်ပါး တခြားသော+အတ္ထော-အနက်တည်း၊ အတ္ထန္တရော-တစ်ပါးတခြား သောအနက်၊(ဝိသေသနပရနိပါတကမ္မဓာရည်း)၊ဝိရုဒ္ဓေါ+အတ္ထန္တရော ယဿာတိ ဝိရုဒ္ဓတ္ထန္တရံ (ပဒံ)။]

[ဆောင်] **ကဝိစာဆို, ကဗျာခိုရ်၏, ဆိုလိုအပ်ချက်, ထိုအနက်၌, သက်သက် ဆန့်ကျင်, အနက်ဝင်လတ်, ထိုပုဒ်ပါ၌, ဝိရုဒ္ဓတ္ထန္တရခေါ်။**

ပုံစံ။ ။ဝိသဒေါ မေယော ဇနံ သုခယေ၊ ဤပုံစံ၌ ဝိသသဒ္ဒါသည် "ရေ"ကိုလည်းကောင်း, "မြွေဆိပ်"ကိုလည်းကောင်း ဟော၏။ "ရေ" ဟူသော အနက်သည် ကဝိစာဆို၏ ဆိုလိုအပ်သော အနက်တည်း၊ "မြွေဆိပ်"ဟူသောအနက်ကား မဆိုလိုအပ်သော မလိုလားအပ်သော "အတ္ထန္တရတည်း၊ ရေပေးသော မိုးသည် ချမ်းသာစေ၏၊ အဆိပ်ပေး သော မိုးကား ဆင်းရဲစေ-သေစေ၏၊ ဤသို့ ရေအနက်ကိုဟောသော ဝိသဒ္ဒ အဆိပ်ဟူသော ဆန့်ကျင်ဘက်အနက်တစ်မျိုး ရှိသောကြောင့် "ဝိသ"ပုဒ်သည် (တစ်နည်း-ဝိသနှင့်စပ်သော "ဝိသဒေါ"တစ်ပုဒ်လုံး သည်) ဝိရုဒ္ဓတ္ထန္တရဒေါသ သင့်သောပုဒ် ဖြစ်ရလေသည်။

ယထာ။ ။ယထာသည် ဥပမာဇောတက နိပါတ်ပုဒ်တည်း၊ ထို့ကြောင့်"ယထာ မေယော ဝိသဒေါစ္စာဒိ ဝိရုဒ္ဓတ္ထန္တရဿ ဥဒါဟရဏံ၊ ဧဝံ ဤဒိသံ အညံပိ ဣမဿ ဥဒါဟရဏံ=မေယော ဝိသဒေါ စသော ပုံစံသည် ဝိရုဒ္ဓတ္ထန္တရဒေါသ၏ ဥဒါဟရုဏ် ဖြစ်သကဲ့သို့ ထို့အတူ ဤကဲ့သို့ ရှုအပ်သော အခြားပုံစံလည်း ဤဝိရုဒ္ဓတ္ထန္တရဒေါသ၏ ဥဒါ ဟရုဏ်ပင်ဖြစ်၏"ဟု ဋီကာသစ်ဖွင့်၏၊ နိဿယဌာကား လွယ်ကူအောင် "ယထာ-ဥဒါဟရုဏ်ကား"ဟု ပေးလိုက်သည်၊ ဤယထာနိပါတ်က အလားတူ ပုံစံများကို ညွှန်ပြသောကြောင့် ရှေးနိဿယများ၌ "စိန် ပေးသော သူဌေးသည် ကြွယ်ဝစေ၏"ဟုလည်းကောင်း, "ဤသူ့အား ရွှေပန်းကို ပေးလိုက်ပါ၊ ဤသူကား ပန်းမှိုက်သွန်တည်း"ဟုလည်း ကောင်း အလားတူ မြန်မာပုံစံများကို ပြကြလေသည်။

စိစစ်ချက်။ ။"စိန်"ဟူရာ၌ ရတနာစိန်သည် ဆိုလိုအပ်သော အနက်တည်း၊ ထို စိန်ဟူသော ပုဒ်၌ သံပုရာရည်နှင့် သောက်လျှင်

http://www.dhammadownload.com

သေစေတတ်သော စိန်လည်း ပါဝင်သောကြောင့် ဝိရုဒ္ဓတ္ထန္တရဒေါသ သင့်သည်ဟု ဆိုလိုသတတ်၊ သို့သော် ထိုစိန်သည် အင်္ဂါရတ်ထိုးရာ ဆေးဖော်ရာတို့၌ အပြစ်မရ၊ အင်္ဂါရတ်ထိုးသူ, ဆေးဖော်လိုသူအား စိန်ပေးလျှင် အကျိုးကို ရစေသောကြောင့် "စိန်"ဟူသော ပုဒ်သည် ဝိရုဒ္ဓတ္ထန္တရဒေါသ မသင့်ပါ။ "ရွှေပန်း"ဟူသော စကား၌ ကလေးငယ်၏ "အင်္ဂါဇာတ်"ဟူသော အနက်တစ်ပါး ပါဝင်၏။ (မစင်ကျိုးပစ်သူကိုလည်း "ပန်းမှိုက်သွန်"ဟု ခေါ်ရကား) "ပန်းမှိုက်"ဟူသော စကားပုဒ်၌ "မစင်"ဟူသော အနက်တစ်ပါး ပါဝင်၏၊ သို့သော် ထိုအနက်တစ်ပါးသည် ဆန့်ကျင်ဘက်မဟုတ်၊ မှန်၏-အနက်တစ်ပါး ရှိရုံမျှသည် အတ္ထန္တရသာ ဖြစ်၏၊ ထိုအနက်တစ်ပါးက ဆန့်ကျင်ဘက်အကျိုးကို ပြမှသာ ဝိရုဒ္ဓဖြစ်သည်၊ ထို့ကြောင့် "ထိုပုံစံများ၌ ဝိရုဒ္ဓတ္ထန္တရဒေါသ သင့်၏"ဟူသော စကားကို စဉ်းစားကြပါလေ။

ဝိဓိ, အနုဝါဒ။ ။အနက်အဓိပ္ပာယ် ထင်ရှားပြသောပုဒ်-ဝါကျသည် အနုဝါဒမည်၏၊ ထိုအနုဝါဒဖြင့် ထင်ရှားပြအပ်သော ပုဒ်-ဝါကျသည် ဝိဓိမည်၏၊ "ယဿ အညတ္ထော အဓိပ္ပေတေ ဝိရုဇ္ဈတိ" သည် ဝိရုဒ္ဓတ္ထန္တရံပုဒ်၏ အနက်ကို ထင်ရှားပြတတ်သောကြောင့် အနုဝါဒမည်၏၊ "တံ ဝိရုဒ္ဓတ္ထန္တရံ"သည် ထိုအနုဝါဒဖြင့် ထင်ရှားပြအပ်သောကြောင့် ဝိဓိမည်၏၊ ထို့ကြောင့် ဋီကာ၌"ယဿ အညတ္ထော အဓိပ္ပေတေ ဝိရုဇ္ဈတိတိ လက္ခဏံ (သုတ်ကို) ပသိဒ္ဓဘာဝေန အနုဝဒိတ္တာ (ထင်ရှားသည်အဖြစ်ဖြင့် လျော်စွာဆိုပြီး၍) တံ ဝိရုဒ္ဓတ္ထန္တရံတိ အပ္ပသိဒ္ဓ ဝိရုဒ္ဓတ္ထန္တရံ ဝိဓီယတေ၊ ယထာ-ယော ကုဏ္ဍလီ (အနုဝါဒ), သော ဒေဝဒတ္တော (ဝိဓိ) ဂ္ဂတိ-(အကြောင်သူသည် နားတောင်းရှိ၏၊ ထိုသူဟာ ဒေဝဒတ်မည်သူတည်း၊) ဤပုံစံကဲ့သို့တည်း။ [ဋီကာအဆိုကို နားမလည်မည်စိုး၍ အပိုထည့်ပြလိုက်သည်၊ အနုဝါဒကို ဝိသေသန, ဝိဓိကို ဝိသေသျဟု သဒ္ဒါကျမ်းတို့ နာမည်ပေးကြသေး၏။]

အမှာ။ ။စာချဆရာများသည် ဤအခန်းက ဒေါသတစ်ခုကို ချပြီးတိုင်း ဒေါသပရိဟာရာဝဟောဓအခန်း၌ ထိုဒေါသ၏ အဖြေပြသော သက်ဆိုင်ရာ ဂါထာကို ခုန်ကျော်ပို့ချမှ "ဒေါသသဘော, ဒေါသပရိဟာရသဘော"ကို ရှင်းလင်းစွာ နားလည်လွယ်ပါလိမ့်မည်၊ ထို့ကြောင့် ဤဂါထာအပြီးတွင် ဒေါသပရိဟာရာဝဟောဓအခန်းက ဝိရုဒ္ဓတ္ထန္တရ အဖြေဂါထာကို ခုန်ကျော်၍ ပို့ချကြပါလေ။

http://www.dhammadownload.com

အဗျတ္ထ ၂၂။ ဝိသေသျမဓိက် ယေနာ–ဗျတ္ထမေတံ ဘဝေ ယထာ၊ သြဘာသိတာသေသဒိသော, ခဇ္ဇောတောယံ ဝိရာဇတေ။

၂၂။ ယေန-အကြောင် ဝိသေသနပုဒ်ကြောင့်၊ ဝိသေယျံ-ဝိသေသျပုဒ်သည်၊ အဓိက်-အနက်အားဖြင့် လွန်နေ၏၊ ဧတံ-ဤဝိသေသနပုဒ်သည်၊ အဗျတ္ထံ-အဗျတ္ထဒေါသ ရှိသည်၊ ဘဝေ-ဖြစ်၏၊ ယထာ-ဥဒါဟရဏ်ကား၊ သြဘာသိတာ ၊ပေ၊ ဝိရာဇတေ-ဟူသည်တည်း၊ [သြဘာသိတာသေသဒိသော-ထွန်းလင်းအပ်သော အလုံးစုံအရပ်ရှိသော၊ ဝါ-အလုံးစုံအရပ်တို့ကို ထွန်းလင်းနိုင်သော၊ အယံ ခဇ္ဇောတော-ဤပိုးစုန်းကြူးသည်၊ ဝိရာဇတေ-တောက်ပ၏။]

၂၂။ ဝိသေသျ၊ပေ၊ဘဝေ။ ။[ဝိသေသျနှင့် ဝိသေသနကို နားလည်ပြီး ဖြစ်ပါစေ၊] ဝိသေသျပုဒ်ကို အနက်အားဖြင့် လွန်သွားအောင် အထူးပြုသော ဝိသေသနပုဒ်သည် အဗျတ္ထဒေါသ သင့်၏၊ ဝိသေသနကို သဒ္ဒါကျမ်းတို့၌ ဂုဏ-ဂုဏ်ဟုလည်း ခေါ်၏၊ "အဓိကော+အတ္ထော ယေနာတိ အဗျတ္ထံ၊"["အဓိ+အတ္ထ"ဟု ပုဒ်ဖြတ်၊ အဓိသဒ္ဒါ အဓိက အနက်ဟော၊] ယေန-အကြောင်ဝိသေသနပုဒ်ကြောင့်၊ အတ္ထော-ဝိသေသျပုဒ်၏ အနက်သည်၊ အဓိကော-လွန်၏၊ ဣတိ-ထို့ကြောင့်၊ တံ-ထို ဝိသေသနပုဒ်သည်၊ အဗျတ္ထံ-အဗျတ္ထ မည်၏။

[ဆောင်] **ဝိသေသျပုဒ်နက်, နဂိုထက်မှ, လွန်တက်စေထ, ဝိသေသန, အဗျတ္ထဒေါသခေါ်။**

သြဘာသိတာ၊ပေ၊ဝိရာဇတေ။ ။ဤပုံစံ၌ "ခဇ္ဇောတော"သည် ဝိသေသျ,"သြဘာသိတာသေသဒိသော"သည် ဝိသေသန၊"ပိုးစုန်းကြူး"ဟု ခေါ်သော ပိုးကောင်ကလေးသည် ညဉ့်အခါ၌ အနည်းငယ် အရောင်ထွက်နေ၏၊ ထိုပိုးကောင်ကလေးကို ဝိသေသပြုရာ၌ "သြဘာသိတာသေသဒိသော-အကြွင်းမရှိသော အရပ်တို့ကို ထွန်းလင်းနိုင်သော"ဟု ပိုးစုန်းကြူးနှင့်မတန်အောင် ဝိသေသန ပြုထားသောကြောင့် "သြဘာသိတာသေသဒိသော"ဟူသော ဝိသေသနပုဒ်သည် အဗျတ္ထဒေါသ သင့်၏၊ [သြဘာသိယန္တေတိ သြဘာသိတာ၊ သြဘာသိတာ+အသေသဒိသာ ယေနာတိ သြဘာသိတာသေသဒိသော၊ ခဇ္ဇောတော။]

http://www.dhammadownload.com

မြန်မာသုံး သတိ။ ။အရာဝတ္ထုနှင့်ဖြစ်စေ, ပုဂ္ဂိုလ်နှင့်ဖြစ်စေ မလိုက်အောင် အလွန်မြောက်ပင့် ချီးမွမ်းကြောင်း ဂုဏ်စကားဟူသမျှသည် အမျတ္ထဒေါသ သင့်သည်ချည်းသာ၊ အောက်တန်းအရာရှိကို အထက်တန်းရာထူးဖြင့် ခေါ်ခြင်း, အတော်အတန် ဓနရှင်ကို သူဌေးဟု ခေါ်ခြင်း, သာမန်ဘုန်းကြီးကို "ဆရာတော်"ဟု ခေါ်ခြင်း, ဘုန်းကြီးပျံကထိန်ခင်းကိစ္စ၌ "လဇီပေသလ, သိက္ခာကာမ"စသော ဂုဏ်မရှိဘဲ "ထိုဂုဏ်ရှိသော ဆရာတော်"ဟု မြောက်ပင့်ရေးသားခြင်းများ၌ ထို ဝိသေသနဂုဏ်စကားတွေသည် အမျတ္ထဒေါသချည်းတည်း။

ကောယံ ဗိန္ဒုဿရော ဝဂ္ဂု, သရဝန္တာန.မုတ္တမော၊
အစ္ဆတော ဇမ္ဗုသာခါယ, မောရဏ္ဍာပေါဝ ကူဇတိ။

ဗိန္ဒုဿရော-မကွဲမအက်, တစ်ခဲနက်လုံးသော အသံရှိထသော၊ ဝဂ္ဂု-ကြားရတိုင်းလို, နားဝင်ချိုအောင်, ပင်ကိုအမှန်, သာယာသော အသံလည်း ရှိထသော၊ သရဝန္တာနံ-ကမ္ဘာပေါ်တွင်, ကောင်းသော အသံရှင်တို့ထက်၊ ဥတ္တမော-အကောင်းဆုံး အသာဆုံးလည်း ဖြစ်ထသော၊ ဇမ္ဗုသာခါယ-မိမိနေလျက်, သပြေခက်မှ၊ အစ္ဆတော-မရွေ့မလည်, အလွန်တည်ငြိမ်ထသော၊ မောရဏ္ဍာပေါဝ-လှပယဉ်ကျေး, ဒေါင်းကလေးကဲ့သို့၊ ကူဇတိ-သာယာအေးချို, တေးဆို၍နေသော၊ အယံ-ဤငှက်မင်းကား၊ ကော-ဘယ်နွယ် ဘယ်ရိုး, ဘယ်အမျိုးဟု, တန်ခိုးထင်ပေါ်, အဘယ်ငှက်တော်ပါနည်း။

တိကနိပါတ် ဇမ္ဗုခါဒကဇာတ်၌လာသော မြေခွေးက ကျီးကန်းကို ချီးမွမ်းသော ဂါထာတည်း၊ ဤဂါထာ၌ "ဗိန္ဒုဿရော-ဝဂ္ဂု, သရဝန္တာန.မုတ္တမော"ဝိသေသနတို့သည် ကျီးကန်းနှင့် မတန်အောင် ချီးမွမ်းသော ဂုဏ်များ ဖြစ်၍ အမျတ္ထဒေါသသင့်သော ပုဒ်များဟု စံကျောင်းနိဿယ မိန့်၏၊ ထို့ပြင် "မောရဏ္ဍာပေါဝ"ဟူသော ဥပမာနဝိသေသန, မြေခွေးကို ကျီးကန်းက ပြန်၍ ချီးမွမ်းသောဂါထာ၌ "ဗျဂ္ဃာပသရီရ ဝဏ္ဏ-ကျားငယ်ကလေးနှင့်တူသော ကိုယ်အဆင်းရှိသော"ဟူသော ဝိသေသနတို့လည်း အမျတ္ထဒေါသနှင့် အဓိကောပမဒေါသသင့်သော ပုဒ်များဟု ထိုစံကျောင်းနိဿယ၌ မိန့်သည်။

http://www.dhammadownload.com

ကိလိဋ္ဌဒေါသ

၂၃။ ယဿတ္ထာဝဂမော ဒုက္ခော, ပကတျာဒိဝိဘာဂတော၊
ကိလိဋ္ဌံ တံ ယထာ တာယ, သောယမာလိင်္ဂတေ ပိယာ။

၂၃။ ယဿ-အကြင်ပုဒ်၏၊ ပကတျာဒိဝိဘာဂတော-ပကတိအစရှိသည်ကို ဝေဖန်ခြင်းအားဖြင့်၊ အတ္ထာဝဂမော-အနက်ကို သိရခြင်းသည်၊ ဒုက္ခော-ခက်ခဲ၏၊ တံ-ထိုပုဒ်သည်၊ ကိလိဋ္ဌံ-ကိလိဋ္ဌဒေါသသင့်သောပုဒ် မည်၏၊ ယထာ-ဥဒါဟရဏ်ကား၊ တာယ၊ပေ၊ ပိယာ-တာယ၊ပေ၊ပိယာဟူသည်တည်း၊ [တာယ ပိယာ-ထိုချစ်မငြီးဖွယ်, ဇနီးသယ်သည်၊ သောယံ (သော+အယံ)-ထိုလင်ယောကျ်ားကို၊ အာလိင်္ဂတေ-လည်ဖက်အပ်၏။]

၂၃။ ယဿတ္ထာဝ၊ပေ၊ကိလိဋ္ဌံ။ ။ယဿ အတ္ထာဝဂမော ဒုက္ခော၊ တံ ကိလိဋ္ဌံ=အနက်အသိခက်သော (အနက်မထင်နိုင်စရာဖြစ်သော) ပုဒ်သည် ကိလိဋ္ဌဒေါသသင့်သော ပုဒ်တည်း၊ ထင်ရှားစေအံ့-ကြေးမုံ(မှန်)သည် မသန့်ရှင်း မကြည်လင်ဘဲ ညစ်ပေနေလျှင် ထိုမှန်ကို ကြည့်သူမှာ မျက်နှာရိုပ် မထင်ရှားသကဲ့သို့, ထို့အတူ ပုဒ်တစ်ခုသည် "ဤကား လိန်, ဤကား ဝိဘတ်"ဟု ခွဲခြားဖို့ရာလည်းကောင်း, "ဤကား ဓာတ်, ဤကား ပစ္စည်း ဝိဘတ်"ဟု ခွဲခြားဖို့ရာလည်းကောင်း, "ဤနည်းအားဖြင့် ရုပ်ပြီး၏"ဟုလည်းကောင်း ရှင်းရှင်းလင်းလင်း မရှိဘဲ ညစ်ပေသကဲ့သို့ ဖြစ်နေလျှင် ထိုပုဒ်၏အနက်ကို သိလိုသူမှာ အနက်တည်းဟူသော မျက်နှာရိုပ် မထင်နိုင်၊ "အနက်မထင်နိုင်"ဟူလို၊ ထိုသို့ အနက်အသိခက်စရာ ဖြစ်နေသော (အနက်အသိခက်လောက်အောင် လိန်ဓာတ် ပစ္စည်း ဝိဘတ်နှင့် ရုပ်ပြီးပုံကို ခွဲခြားဖို့ မလွယ်သော)ပုဒ်သည် ကိလိဋ္ဌဒေါသသင့်သောပုဒ် မည်၏။ [ကိလိဋ္ဌသဒ္ဒါ - အညစ်အပေအနက်ဟော။]

ဋီကာသစ်။ ။ကိလိဋ္ဌံ ဝိယာတိ-ကိလိဋ္ဌံ=(ညစ်ပေသော မှန်နှင့်တူသောပုဒ်)၊ ယထာ ဟိ မလဂ္ဂဟိတော အာဒါသော (ယူအပ်သော အညစ်အကြေးရှိသော ညစ်ပေနေသော မှန်) အတ္တာနော ကိလိဋ္ဌတ္တာ မုခါဒီနံ ပကာသနေ အဝိသဒေါ ဟောတိ (ရှင်းရှင်းလင်းလင်း မရှိ)၊ ဧဝံ အဓိပ္ပေတတ္ထပကာသနေ (ဆိုလိုအပ်သော အနက်ကို ထင်ရှားပြခြင်း၌) အသမတ္ထံ ပဒံ(မစွမ်းနိုင်သောပုဒ်သည်) ကိလိဋ္ဌံ နာမ။

http://www.dhammadownload.com

ပကတျာဒိဝိဘာဂတော။ ။ပကတျာဒိဒ္ဒ အာဒိဖြင့် ပစ္စယကို လည်းကောင်း, ထိုပကတိ ပစ္စယတို့၏ ရုပ်ပြီးပုံကိုလည်းကောင်း ယူပါ။ ပုဒ်တစ်ခုကို အနက်ထင်ဖို့ အရေးဒ္ဒ ရှေးဦးစွာ ပကတိနှင့် ပစ္စယကို စိတ်ဖြင့် ခွဲကြည့်ရ၏။ ထိုတွင် "ပကတိ"ဟူသည် ပုရိသစသော လိင်နှင့် ဂမုစသော ဓာတ်တည်း၊ မှန်၏-ရုပ်တွက်သောအခါ ရှေးဦးစွာ "ပုရိသ လိင်တည်, ဂမုတည်"စသည်ဖြင့် တည်လိုက်ရ၏။ ထိုသို့ ရှေးဦးစွာ တည်ထားရသော ရုပ်ကို "ပကတိ-ပင်ကို၊ ဝါ-အထည်ကိုယ်"ဟု ခေါ်သည်၊ "ပစ္စယ"ဟူသည် သိစသော တိစသော ဝိဘတ်များနှင့် ဏစသော ပစ္စည်းများတည်း၊ [ပကတိ လိင်ဓာတ္တေဝ, ဝိဘတ္တိပစ္စယာ ပန ပစ္စယော၊-(ဘေဒစိန္တာ)] "ထိုပကတိ ပစ္စယတို့ကို မည်သည့်နည်း အားဖြင့် ရုပ်စီရင်သောအခါ ဤပုဒ်ဖြစ်လာ၏"ဟု ရုပ်ပြီးပုံကို သိမှ ပုဒ်တစ်ခု၏ အနက်ကို မှန်ကန်စွာ သိနိုင်(အနက်ထင်နိုင်)သည်။

[ဆောင်] (၁) **လိင်နှင့်ဓာတ်ကို, ပကတိဆို, ထိုထိုပစ္စည်း, ဝိဘတ်လည်း, အပြီးခေါ်ကြ-ပစ္စယ။**

(၂) **ပစ္စယ ပကတိ, ရုပ်ပြီး မသိ၍, ကဝိစာဆို, လိုရာအနက်, အသိခက်စွ, ထိုပဒ, ဒေါသ ကိလိဋ္ဌ။**

ပုံစံ။ ။"တာယ သောယံ အာလိင်္ဂတေ ပိယာ" ဟူသော ဥဒါဟရုဏ်ဝယ် ပိယာသည် ကိလိဋ္ဌဒေါသသင့်သော ပုဒ်တည်း၊ ဤ ပိယာသည် "အာလိင်္ဂတေ"ဟူသော ကံဟောကြိယာ၏ ကတ္တား ဖြစ်ရကား တတိယန္တပုဒ် အဖြစ်ဖြင့် လိင်နှင့် ဝိဘတ်ကို ခွဲခြားရ၍ ရုပ်ပြီးဖို့ မလွယ်သောကြောင့် တတိယာကတ္တားအဖြစ်ဖြင့် အနက်ထင်ဖို့ ခက်၏၊ ထို့ကြောင့် ကိလိဋ္ဌဒေါသသင့်သောပုဒ် ဖြစ်ရလေသည်။

ရှဲ့ဦးအံ့– ပိဓာတ်သည် တပွန (နှစ်သက်ခြင်း)အနက်ဒ္ဒ (ဘူ-စု-ကီ) ၃ ဂိုဏ်း၊ ပိတိ (ချစ်ခြင်း)အနက်ဒ္ဒ ဒိဝါဒိတစ်ဂိုဏ်း၊ ပိဏာတိ-လင်ကို နှစ်သက်တတ်၏၊ (တစ်နည်း) ပီယတိ-လင်က ချစ်အပ်၏၊ ဣတိ-ထို့ကြောင့်၊ ပီ-ပီမည်၏၊ ပိဓာတ်, အ ပစ္စည်းသက်, ဣတ္ထိဖောတက ဤပစ္စည်း ထပ်သက်၊ ထို့နောက် "ဣတ္ထိယာ"ကဲ့သို့ စီရင်၍ "ပိယာ"ပြီးသည်ဟု သိဖို့ ခဲယဉ်းသောကြောင့် တတိယာကတ္တားအဖြစ်ဖြင့် အနက်ထင်ဖို့ ခက်ရကား ပိယာပုဒ်သည် ကိလိဋ္ဌဒေါသ သင့်၏။

http://www.dhammadownload.com

[အာလိဂ်္ဂတေကား အာပုဗ္ဗ, လိဂိ (လိင်္ဂ)ဓာတ်, ယပစ္စည်း, တေဝိဘတ် ဖြစ်၍ သိလွယ်ပါ၏၊ ဤပုဒ်ကို "သိလိဿတေ-လည်ဖက်အပ်၏"ဟု သိလိသဓာတ်ဖြင့် ဋီကာတို့ ဖွင့်ကြ၏။]

အမှာ။ ။[စံကျောင်းနိဿယမှ ထုတ်ပြချက်] သင်္ကတအလင်္ကာကျမ်း တို့၌ကား "အနက်ထင်ဖို့ရန် မလွယ်ကူသော (ကြာမြင့်စွာ ကြံမှ အနက်အဓိပ္ပာယ်သိရသော) ပုဒ်သည် ကိလိဋ္ဌဒေါသသင့်၏"ဟု ဆို၏၊ ထိုအဆိုလည်း ဤအလင်္ကာကျမ်းအဆိုနှင့် သဘောတူပင်။

(၁) ဘူပါလ-ရေမြေ့သနင်း ပြည့်ရှင်မင်း၊ တဝ-၏၊ စေဋ္ဌိတံ-အပြုအမူသည်၊ အတိလောစနသမ္ဘူတဇောတိဥဂ္ဂမဘာသိဘိ-လရောင်တက်မှ ပွင့်သော ကုမုဒြာကြာတို့နှင့်၊ သဒိသံ-စွာ၊ အတျန္တံ-လွန်လွန်မင်းမင်း၊ သောဘတေ-တင့်တယ်၏၊ [ဤ၌ "အတိလောစနသမ္ဘူတဇောတိဥဂ္ဂမဘာသိ"ပုဒ်သည် ကြာကို ဟော၏၊ ထိုအနက်ကို"လထွက်မှ ပွင့်သောပန်း"ဟူ၍ ဆိုသဖြင့် ကြာမြင့်စွာကြံမှ သိအပ်သောကြောင့် ထိုပုဒ်သည် ကိလိဋ္ဌဒေါသ သင့်၏။ ....ကာဗျပကာသ။]

(၂) ခီရောဒဇာဝသတိဇမ္ဘဂေါ-နို့ခမ်းသမုဒ္ဒရာ၌ လက္ခမီနတ်သမီး၏ နေရာ, ဖြစ်ရာဘုံဟု ဆိုအပ်သော ရေတို့သည်၊ ပသန္နာ-ကြည်လင်ကုန်၏၊ [ဤ၌ "ခီရောဒဇာဝသတိဇမ္ဘဂူ"ပုဒ်သည် အလွန်များသော သဒ္ဒါတို့ကို စပ်မှ "ရေ"ဟူသော အနက်တစ်ခုကိုသာ သိရသောကြောင့် ကိလိဋ္ဌဒေါသသင့်၏။....သာဟိစ္စဒပ္ပဏ။]

(၃) ဝိဇိတတ္တဘာဝဒေဿီဂုရူပါဒဟတောဒဋ္ဌန်မင်းသည် အောင်အပ်သော သိကြားမင်း၏ ညီ၏ရန်သူဖြစ်သော ကဏ္ဍ၏ဆရာဖြစ်သော နေမင်း၏ခြေဟု ဆိုအပ်သော အရောင်တို့ဖြင့် ထိခိုက်အပ်သော၊ ဇနော-လူသည်၊ ဟိမပဟာမိတ္တဓရဗျတ္တံ-ဆီးနှင်းကို ပယ်တတ်သော မီး၏ရန်သူ ရေကို ဆောင်သော မိုးဖြင့် ပျံ့နှံ့သော၊ ဗျောမံ-ကောင်းကင်ကို၊ အဘိနန္ဒတိ-အလွန်နှစ်သက်၏၊ [ဤ၌ "ဟိမပဟာ, မိတ္တဓရ"ဟူသော ပုဒ်တို့သည် ကိလိဋ္ဌဒေါသသင့်သော ပုဒ်တို့တည်း။ ....သရသွတီကဏ္ဌာဘရဏ။]

http://www.dhammadownload.com

ယမကာဒိကိလိဋ္ဌ

၂၄။ ယံ ကိလိဋ္ဌပဒံ မန္ဒာ–ဘိဓေယျံ ယမကာဒိကံ၊
ကိလိဋ္ဌပဒဒေါသေဝ, တံပိ အန္တောကရီယတိ။

၂၄။ ကိလိဋ္ဌပဒံ-အနက်ထင်၍ မဖြစ်အောင် ညစ်သောပုဒ်ရှိသော၊ မန္ဒာဘိဓေယျံ-နည်းသောအနက်ရှိသော၊ ယံ ယမကာဒိကံ-အကြင် ယမကအစရှိသော ပုဒ်သည်၊ (အတ္ထိ-ရှိ၏၊) တံပိ-ထိုယမကအစရှိသော ပုဒ်ကိုလည်း၊ ကိလိဋ္ဌပဒဒေါသေဝ-ကိလိဋ္ဌပဒဒေါသ၌ပင်လျှင်၊ အန္တောကရီယတိ-အတွင်းပြုအပ်၏။

၂၄။ ယံ ကိလိဋ္ဌပဒံ။ ။ယမကနှင့် ပဟေလိတို့ကို အကျယ်မပြဘဲ ကိလိဋ္ဌပဒဒေါသနှင့်စပ်၍ အမြွက်မျှ ပြလိုသောကြောင့် "ယံ ကိလိဋ္ဌပဒံ" စသောဂါထာကို မိန့်၊ အနက်အဓိပ္ပာယ် အနည်းငယ်သာ ပါလျက် အသိခက်သော ပုဒ်များကို စီကုံးထားသော ယမက-ပဟေလိပုဒ်ကိုလည်း ကိလိဋ္ဌပဒဒေါသ၌ သွင်းရသည်။ [ယမကာဒိ၌ အာဒိဖြင့် ကြံဆ၍ မရနိုင်လောက်အောင် ခက်သော ပဟေလိကို ဦးကာတို့ ယူကြ၏။]

ကိလိဋ္ဌပဒံ မန္ဒာဘိဓေယျံ။ ။အပ္ပတီတဒေါသသဘာဝေ-(ပကတိ ပစ္စယစသည်ကို ခွဲခြား၍ကြည့်သည်ရှိသော်) မသိအပ်သော(မထင်ရှားသော) အပြစ်သဘော၌၊ ဌိတတာယ-တည်သည်၏အဖြစ်ကြောင့်၊ (ပြုခဲ့သော ကိလိဋ္ဌပဒဒေါသ အပြစ်ရှိသောကြောင့်-ဟူလို၊) ယဿ-အကြင်ယမက အစရှိသည်၏၊ ကိလိဋ္ဌာနိ-ညစ်မှုန်သော မှုန်ကဲ့သို့ ညစ်မှုန်ကုန် မသန့်ရှင်းကုန်သော၊ ပဒါနိ သန္တိ ဣတိ ကိလိဋ္ဌပဒံ၊ ပကတိ ပစ္စယခွဲဖို့နှင့် ရုပ်ပြီးပုံပါ ခက်၍ အနက်မထင်ရှားသော ပုဒ်တွေ ပါနေသော ယမကစသည်တည်း၊ ယမက (အစုံ) ဖြစ်အောင်. ၂ ပုဒ် ပြထား၍ ပုဒ်များသော်လည်း (အနက်မများ) နည်းပါးသော အနက်ရှိသော ထိုယမကစသည်သည်ပင် "မန္ဒော(နည်းသော) အဘိဓေယျော (ဟောနက်) ယဿာတိ"ဟူသော ဝစနတ္ထနှင့်အညီ "မန္ဒာဘိဓေယျ"မည်၏။

မှတ်ချက်။ ။ဤဂါထာကို ထောက်၍ ပို့ကဗျာဂါထာစသည်နှင့် ကျမ်းစာများကို ရေးသားသော ပုဂ္ဂိုလ်သည် မိမိစာကို ကြည့်ရှုသူတို့ သိလွယ်သော နည်းဖြင့်သာ စီကုံးရေးသားသင့်ကြောင်း, အသိခက်လျှင် ကိလိဋ္ဌဒေါသ၌ ဝင်သွားမည် ဖြစ်၍ မိမိစာလည်း အသုံးပြုသူ နည်းပါးသဖြင့် မကြာမီ ကွယ်ပျောက်သွားဖွယ် ရှိကြောင်းကို သတိပြုသင့်သည်။

http://www.dhammadownload.com

ကောင်းသောယမက

၂၅။ ပတိတသဒ္ဒရစိတံ, သိလိဋ္ဌပဒသန္ဓိကံ၊
ပသာဒဂုဏသံယုတ္တံ, ယမကံ မတမေဒိသံ။

၂၅။ ပတိတသဒ္ဒရစိတံ-သိလွယ်ထင်ရှားသော သဒ္ဒါတို့ဖြင့် ဖွဲ့စီအပ်သော၊ သိလိဋ္ဌပဒသန္ဓိကံ-အချင်းချင်းဖက်သကဲ့သို့ ညက်ညောသောပုဒ်တို့၏ စပ်ခြင်းရှိသော၊ ပသာဒဂုဏသံယုတ္တံ-ပသာဒဂုဏ်နှင့် ယှဉ်သော၊ ဧဒိသံ-ဤကဲ့သို့ ရှုအပ်သော၊ ယမကံ-ယမကကို၊ မတံ-ပညာရှိတို့ အသိအမှတ် ပြုအပ်၏၊ ဝါ-အလိုရှိအပ်၏။

၂၅။ ပတိတ၊ပေ၊ဧဒိသံ။ ။ဆိုအပ်ပြီးသော ယမကကို အလိုမရှိအပ်လျှင် ရှိပါစေတော့၊ အဘယ်ယမကမျိုးကိုတော့ အလိုရှိအပ်ပါသနည်းဟု မေးဖွယ်ရှိသောကြောင့် "ပတိတသဒ္ဒ"စသည်ကို မိန့်၊ (၁) သိလွယ်သော သဒ္ဒါတို့ဖြင့် စီကုံးအပ်ခြင်း, (၂) အချင်းချင်း ဖက်ထားသကဲ့သို့ ပုဒ်တို့၏ ပြေပြစ်ညက်ညောသော ဆက်သွယ်မှု (စာစပ်၍ လွယ်ကူမှု)ရှိခြင်း ဤအင်္ဂါ ၂ ပါးနှင့် ပြည့်စုံလျှင် ဆိုအပ်လတ္တံ့သော ပသာဒဂုဏ်ရောက်၏၊ ထိုပသာဒဂုဏ်ရောက်သော ယမကမျိုးကိုကား ပညာရှိတို့ အသိအမှတ်ပြုအပ်ပါ၏၊ ပညာရှိတို့ အလိုရှိအပ်ပါ၏၊ "ကိလိဋ္ဌ ဒေါသဋ္ဌ မသွင်းပါ"ဟူလို။ [မတံကို "ဝိညူဟိ အဘိမတံ"ဟု ဖွင့်၏။]

ပတိတသဒ္ဒရစိတံ။ ။[ပတိပုဗ္ဗ, ကမာတ်သည် သိခြင်း အနက်ဟော၊] ပတိယန္တေတိ ပတိတာ၊ ပတိတာ စ+တေ+သဒ္ဒါစာတိ ပတိတသဒ္ဒါ=ပကတိ ပစ္စယခွဲဖို့နှင့် ရုပ်ပြီးပုံပါ လွယ်ကူသည့်အတွက် ထင်ရှားသော အနက်ကို "ပတိတ"ဟု ဆို၏၊ ထိုအနက်ကို အကြောင်းပြု၍ သဒ္ဒါကိုလည်း ဖလူပစာရအားဖြင့် "ပတိတသဒ္ဒ"ဟု ခေါ်ရသည်၊ "သိအပ်သော(သိလွယ်သော) သဒ္ဒါတို့"ဟူလို၊ ပတိတသဒ္ဒေဟိ+ရစိတံ ပတိတသဒ္ဒရစိတံ (ယမကံ)။ [အတ္ထနော ဝစနီယတ္ထ ပတိတ သေန-မိမိဟောနက်၏ သိလွယ်(ထင်ရှား)သည်၏ အစွမ်းဖြင့်၊ ဝါစကာပိ သဒ္ဒါ ပတိတာယေဝ နာမ-ဟောတတ်သော သဒ္ဒါတို့လည်း ပတိတမည်ကုန်တော့သည်သာ။-ဋီကာဟောင်း။]

http://www.dhammadownload.com

ယမက၏လက္ခဏာနှင့်အပြား

၂၆။ အဗျပေတံ ဗျပေတည–မာဝုတ္တာနေကဝဏ္ဏဇံ၊
ယမကံ တဥ္စ ပါဒါန, မာဒိမဇ္ဈန္တဂေါစရံ။

၂၆။ အာဝုတ္တာနေကဝဏ္ဏဇံ-၂ ကြိမ်ထပ်၍ ဆိုအပ်သည့်အတွက် များသော အက္ခရာတို့ဖြင့်ဖြစ်သော၊ ယမကံ-ယမကသည်၊ အဗျပေတံ-အဗျပေတယမကလည်းကောင်း၊ ဗျပေတံ-ဗျပေတယမကလည်းကောင်း၊ အည်-ထို ၂ မျိုးမှ တစ်ပါးသော ဥဘယမိဿကယမကလည်းကောင်း၊ ဣတိ-ဤသို့၊ တိဓာ-သုံးပါးပြား၏၊ တဥ္စ-ထိုသုံးပါးသော ယမကသည်လည်း၊ ပါဒါနံ-ဂါထာပါဒတို့၏၊ အာဒိမဇ္ဈန္တဂေါစရံ-အစ, အလယ်, အဆုံးဟူသော ကျက်စားရာရှိသည်၊ (ဟောတိ-ဖြစ်၏။)

သိလိဋ္ဌပဒသန္ဓိကံ။ ။သိလိသဓာတ်သည် လည်ဖက်ခြင်းအနက်ကို ဟော၏၊ [ယဿ-အကြင်ယမက၏၊ သိလိဋ္ဌာ(အညမညာလိဂ်နေနမဋ္ဌာ) အချင်းချင်းဖက်သဖြင့် ညက်ညောပြေပြစ်ကုန်သော+ပဒါနံ သန္ဓယော-ပုဒ်တို့၏အစပ်တို့သည်၊ သန္ဓိ-ကုန်၏၊ ဣတိ, တံ-ထို ယမကသည်၊ သိလိဋ္ဌပဒသန္ဓိကံ-မည်၏၊ သန္ဓိကံ၌ က-သည် သမာသန္တ ကပစ္စည်းတည်း၊-ဋ္ဌိကာဟောင်း၊] ပဒါနံသန္ဓိ=ပုဒ်တို့၏ စပ်ခြင်း" ဟူသည် ကတ္တား+ ကြိယာအဖြစ် စသည်ဖြင့် စာစပ်ခြင်းတည်း၊ ထိုသို့ စပ်မှု ဆက်သွယ်မှုက တစ်ပုဒ်နှင့်တစ်ပုဒ် မဝေးကွာလှ သဖြင့် အချင်းချင်း တွဲဖက်ထားသကဲ့သို့ ဖြစ်ခြင်းကို "သိလိဋ္ဌပဒသန္ဓိ" ဟု ခေါ်သည်၊ ပသာဒဂုဏ်ကို ပြသော တတိယပိုင်းဂါထာ၌ "အဒူရာဟိတသမ္ဗန္ဓ"နှင့် သဘောတူပင်တည်း။

၂၆။ အဗျပေတံ၊ပေ၊ဂေါစရံ။ ။ယမကသဒ္ဒါသည် "အစုံ"ဟူသော အနက်ကို ဟော၏၊ အစုံဖြစ်အောင် ပုဒ်တစ်ခုကို (အာဝုတ္တ) ထပ်၍ ရွတ်ဆိုအပ်သောကြောင့် (အနေကဝဏ္ဏဇ) အက္ခရာတစ်လုံးမက, အက္ခရာအများတို့ဖြင့် ဖြစ်ရ၏၊ ဤသို့ အထပ်ထပ်ရွတ်ဆိုအပ်သည့် အတွက် များစွာသော အက္ခရာတို့ဖြင့်ဖြစ်သော ၂ ပုဒ်အပေါင်းသည် "ယမက"မည်၏၊ ထိုယမကသည်လည်း အဗျပေတယမက, ဗျပေတ ယမက, ဥဘယမိဿကယမက-ဟု ၃ ပါး ပြား၏၊ တစ်ပါးတစ်ပါးလျှင်

http://www.dhammadownload.com

ဂါထာပါဒ တစ်ခုခု၏ အစ, အလယ်, အဆုံး ၃ ဌာန၌ ဖြစ်နိုင်သော ကြောင့် ပါဒါဒိယမက, ပါဒမဇ္ဈယမက, ပါဒန္တယမက စသောအားဖြင့် များပြားစွာ ရှိလေသည်။

အဗျပေတ၊ပေ၊တည်း။ ။ဗျပေတကို "ဝိ+အပေတ"ဟု ပုဒ်ဖြတ်၊ ဝိသည် ဝိသဒိသအနက်ဟော၊ ထို့ကြောင့် "ဝိသဒိသေန ဝဏ္ဏေန+အပေတံ"ဟု ဋီကာသစ်ပြု၏၊ ဝိသဒိသေန-မတူသောဝဏ္ဏသည်+အပေတံ-ကင်းအောင်ပြုအပ်၏၊ ဣတိ ဗျပေတံ၊ ယမကပုဒ် ၂ ခု အလယ်၌ မတူသောဝဏ္ဏ (အက္ခရာပုဒ်) ရောက်နေလျှင် ထိုဝဏ္ဏသည် ယမက ၂ ပုဒ်ကို မဆက်စေဘဲ ကင်းကွာအောင် ကွဲအောင် ပြုအပ်၏၊ "ယမကပုဒ် ၂ ခုအကြား၌ အက္ခရာတစ်ပါး ခြားသည်"ဟု ဆိုလိုသည်၊ ထိုသို့ မခြားလျှင် အဗျပေတယမက မည်၏၊ ဗျပေတ-အဗျပေတ ၂ ပါးစုံရောရ၍ ဂါထာတစ်ခုခု၌ ဖွဲ့စီလျှင် ဥဘယမိဿကယမကမည်၏။

[ဆောင်] ယမကပုဒ် ၂ ပါး, အလယ်ကြား၌, ကွဲပြားအက္ခရာ, ခြားလျက်ပါသော်, ခေါ်ရာမှတ်ကြ, ဗျပေတတဲ့၊ အက္ခရာတစ်ပါး, လယ်မခြားမူ, မှတ်သားကြလေ, အဗျပေ, ၂ ထွေ အထူးမှတ်။

အာဝုတ္တာနေကဝဏ္ဏဖစ်။ ။အာ(ပုနပ္ပုနံ)-အထပ်ထပ်+ဝုတ္တာ-ရွတ်ဆို အပ်ကုန်သော ဝဏ္ဏတို့တည်း၊ အာဝုတ္တာ-တို့၊ "အထပ်ထပ်ဆိုအပ်" သောကြောင့် ဧကဝဏ္ဏ(အက္ခရာတစ်လုံး) မဟုတ်၊ အနည်းဆုံး ၂ လုံးရှိသော အနေကဝဏ္ဏတည်း၊ ထို့ကြောင့် အာဝုတ္တာပုဒ်ကို အနေကဝဏ္ဏ၏ ဟေတုမန္တဝိသေသနဟု မှတ်၊ "အထပ်ထပ် ဆိုအပ်သည်၏ အဖြစ်ကြောင့် အနေကဝဏ္ဏ ဖြစ်သည်"ဟူလို၊ အာဝုတ္တာစ+တော+အနေကဝဏ္ဏာ စာတိ အာဝုတ္တာနေကဝဏ္ဏာ၊ အာဝုတ္တာနေကဝဏ္ဏောဟိ+ဇာတံ အာဝုတ္တာနေကဝဏ္ဏဇံ၊ ဝဏ္ဏဟူရာ၌ သရဗျည်း ၂ မျိုး ပေါင်းထားသော (က)စသည်ကို ယူ၊ ဗျည်းသက်သက် သရသက်သက် မယူနှင့်၊ ထို့ကြောင့် "အနေကေဟိ သရဗျဉ္ဇနသရီရေဟိ ဝဏ္ဏောဟိ+ဇာတံ=များစွာကုန်သော သရဗျည်း အထည်ကိုယ်ဖြစ်ကုန်သော ဝဏ္ဏတို့ဖြင့်+ဖြစ်သော"ဟု ဋီကာသစ် ဖွင့်သည်၊ ဤပါဠိဖြင့် ယမက၏ သဘောကို ပြ၏၊ အစုံဖြစ်အောင် အထပ်ထပ် ဆိုအပ်သော အနေကဝဏ္ဏတို့ကြောင့် ဖြစ်သော ၂ ပုဒ်ကို "ယမက" ခေါ်သည်-ဟူလို၊ ထို ယမက ၂ ပုဒ်သည် "သပ္ပေ သပ္ပေ" စသော အာမေဍိတ်သဒ္ဒါ,

http://www.dhammadownload.com

"ဂါမေ ဂါမေ"ဟူသော ဝိစ္ဆာသဒ္ဒါ,"ဘုတ္တာ ဘုတ္တာ ဂစ္ဆတိ-စားပြီး စားပြီး သွား၏"စသော အာဘိက္ခညသဒ္ဒါတို့ကဲ့သို့ အနက်ချင်း မတူစေရ၊ အနက်ချင်း ကွဲပြားသော ဘိန္နတ္ထပုဒ်များလည်း ဖြစ်စေရမည်။

မှတ်ချက်။ ။ရှေးနိသယတို့၌ (၁)အာဝုတ္တာဟူသော ပါဠိဖြင့် အကွရာတူကိုသာ ထပ်၍ ရွတ်ရမည်ဟု ပြ၏၊ (၂) အနေကဝဏ္ဏာ ဟူသောပါဠိဖြင့် "တံတံ နမဿာမိ"ကဲ့သို့ အက္ခရာ ၂ လုံး အနည်းဆုံး ရှိရမည်ဟု ပြ၏၊ (၃) အာဝုတ္တာနေကဝဏ္ဏာဟူသော ပါဠိဖြင့် သရ ဗျည်း ၂ ပါးစုံ တူရမည်ဟု ပြ၏၊ ဤပါဠိဖြင့် ဗျည်းသာ တူ၍ သရ မတူသော (နောက်၌ ပြလတ္တံ့သော) အနုပ္ပာသမဓုရတာဂုဏ်ကို တားမြစ်၏ဟု မှာ၏၊ ဤသို့ ရှေးနိသယတို့ မှာသော်လည်း "အာဝုတ္တာ-အထပ်ထပ် ရွတ်ဆိုအပ်"ဟူရာ၌ သရရော ဗျည်းပါ တူနေမှသာ ထပ်၍ ဆိုရာ ရောက်သောကြောင့်လည်းကောင်း, အာဝုတ္တာနေကဝဏ္ဏာဟူသော ပုဒ်က ၃ မျိုး ခွဲ၍ အဓိပ္ပာယ်ပြရိုး မရှိသောကြောင့်လည်းကောင်း, ဋီကာဟောင်း၌ "အာဝုတ္တေဟိ-ပုနပ္ပုနံ ဝုတ္တေဟိ, အနေကဝဏ္ဏေဟိ-သမုဒါယရူပတ္တာ အနေကေဟိ သရဗျဉ္ဇနသရီရေဟိ (သရ ဗျည်း အထည်ကိုယ် ဖြစ်ကုန်သော) ဝဏ္ဏေဟိ ဇာတံ" ဟု ဝဏ္ဏေဟိကိုပင် " သရဗျဉ္ဇနသရီရေ(၃) " ဟု ဖွင့်သောကြောင့်လည်းကောင်း ထို နိသယတို့ အမှာကို ပဉ်းစားကြပါလေ။

ပါဒါန၊ပေ၊ဂေါစရံ။ ။"ဂေါစရံ-ကျက်စားရာ"ဟူသည် ယမက တို့၏ ဖြစ်ရာဌာနတည်း၊ တချို့ယမကသည် ပါဒ၏ အစ၌, တချို့သည် အလယ်၌, တချို့သည် အဆုံး၌ ဖြစ်သည် - ဟူလို၊ ဤစကားအရ တစ်ပါဒ တစ်ပါဒ၌ အာဒိ-မဇ္ဈ-အန္တအားဖြင့် ၃ ပါးစီ ရှိ၏၊ ထို ၃ ပါး ကို ရောပြန်လျှင် "အာဒိမဇ္ဈ, အာဒိအန္တ, မဇ္ဈအန္တ, အာဒိမဇ္ဈအန္တ"ဟု ၄ မျိုး ရနိုင်ပြန်၏၊ ထို့ကြောင့် တစ်ပါဒလျှင် ၇ မျိုး ပြား၏၊ ၄ ပါဒ လုံးသော် ၂၈ မျိုး ပြား၏၊ အဗျပေတ-ဗျပေတ ၂ ပါးဖြင့် မြောက်ပြန် လျှင် ၅၆ ပါး ပြား၏၊ တစ်ပါဒလျှင် အက္ခရာ ၂၆ လုံးရှိ၍ အလွန် ရှည်လျားသော ဂါထာပါဒကြီးများ၌ကား ဥဘယမိဿကယမကမျိုး လည်း ရနိုင်စရာ ရှိသည်။

http://www.dhammadownload.com

အဗျပေတပဌမပါဒါဒိယမက

၂၇။ သုဇနာသုဇနာ သဗ္ဗေ, ဂုဏေနာပိ ဝိဝေကိနော၊
ဝိဝေကံ နာ သမာယန္တိ, အဝိဝေကိဇနန္တိကေ။

၂၇။ သုဇနာ-ပညာရှိတောင်း, သူတော်ကောင်းတို့သည်လည်း ကောင်း၊ အသုဇနာ-ပညာမဲ့သူ, လူယုတ်မာတို့သည်လည်းကောင်း၊ သဗ္ဗေ-လူကောင်း လူဆိုး, ၂ မျိုးဥဿုံ, အလုံးစုံတို့သည်၊ ဂုဏေန-ကောင်းဂုဏ် ဆိုးဂုဏ်အားဖြင့်၊ ဝိဝေကိနောပိ-တသီးတခြား, ကွဲပြားခြင်းရှိပါကုန်သော်လည်း၊ အဝိဝေကိဇနန္တိကေ-ခွဲခြားဝေဖန်, ဉာဏ် မရှိသူ, လူပြိန်းတို့အထဲ၌၊ ဝိဝေကံ-မြတ် ယုတ် ၂ ပါး, ကွဲပြားခြင်းသို့၊ နာ သမာယန္တိ-မရောက်နိုင်ကုန်။

၂၇။ သုဇနာသုဇနာ။ ။ဤပုဒ် ၂ ပါးသည် အစုံဖြစ်သော ယမက တည်း၊ ထို့ ပုဒ်အကြားဌ အက္ခရာတစ်ပါး ခြားလျက် မရှိသောကြောင့် လည်းကေ ံ ပဌမပါဒ၏ အစဌဖြစ်သောကြောင့်လည်းကောင်း"အဗျ ပေတပဌမပါဒါဒိယမက"ပုံစံဖြစ်သည်။[သုဇနာ+အသုဇနာဟုဖြတ်။]

ဂုဏေနာပိ ဝိဝေကိနော။ ။သုဇနတို့၏ သီလစသော ကောင်းသော ဂုဏ်, အသုဇနတို့၏ ပါဏာတိပါတစသော(သီလပျက်ခြင်း) မကောင်းသော ဂုဏ်၊ ဝိပုဗ္ဗ ဝိစဓာတ်သည် ကင်းဆိတ်ခြင်း (တစ်ခုနှင့်တစ်ခု မရောအောင် ကင်းကွာခြင်း, ကွဲပြားခြင်း)အနက်ကိုဟော၏၊ ဝိဝိစ္စနံ-ကွဲပြားခြင်း၊ ဝိဝေကော-ခြင်း၊ ဝိဝေကော ယေသံ အတ္ထိတိ ဝိဝေကိနော၊ "အပိ"ကား ကွဲပြားမှုကို မြှောက်ပင့်သော သမ္ဘာဝနာဇောတက နိပါတ်၊ [သံ+အာပုဗ္ဗ ယာဓာတ်သည် ဂတိအနက်ဟော၊ သံ+အာ+ယန္တိ-ကောင်းစွာရောက်ကုန်၏၊ နာ သမာယန္တိ။]

အဝိဝေကိဇနန္တိကေ။ ။ဝိဝိစ္စတိ ဇတေနာတိ ဝိဝေကော-ခွဲခြားဝေဖန်တတ်သော ဉာဏ်၊ နတ္ထိ+ဝိဝေကော ယေသံတိ အဝိဝေကိနော၊ အဝိဝေကိနော+ဇနာ အဝိဝေကိဇနာ၊ (သမာသ်အလယ်ရဿ)၊ တေသံ အန္တိကံ အဝိဝေကိဇနန္တိကံ။ [အန္တိကသည် သန္တိက၏ ပရိယာယ်တည်း၊] သူတော်ကောင်းနှင့် သူယုတ်မာတို့သည် ဂုဏ်အားဖြင့် ကွဲပြား၍ ခြားနားပြီး ဖြစ်ကြသော်လည်း မခွဲခြားတတ်သော လူပြိန်းတို့အထဲ ရောက်လျှင် ဝါ-လူပြိန်းတို့ အလိုအားဖြင့် (နွားထီး ငါးကျပ်, နွားမ ငါးကျပ်ကဲ့သို့) ထူးခြားသော တန်ဖိုးဖြတ်ခြင်းကို မခံကြရ-ဟူလို။

http://www.dhammadownload.com

အဗျပေတ ပ-ဒု ပါဒါဒိယမက

၂၈။ ကုသလကုသလာ သဗ္ဗေ, ပဗလာ-ပဗလာ ထဝါ၊
နော ယာတာ ယာဝဟောသိတ္တံ, သုခဒုက္ခပ္ပဒါ သိယုံ။

၂၈။ ပဗလာ - အာသေဝန, ပစ္စည်းရ၍, အားရှိကြကုန်သော၊ ကုသလာ ဝါ-ကုသိုလ်တို့သည်လည်းကောင်း၊ အထ-ထိုမှတစ်ပါး၊ အပဗလာ - အာသေဝန, ပစ္စည်းမရ၍, အားမရှိကြကုန်သော၊ အကုသလာ ဝါ-အကုသိုလ်တို့သည်လည်းကောင်း၊ သဗ္ဗေ-အလုံးစုံသော တရားတို့သည်၊ ယာဝ-အကြင်မျှလောက်၊ အဟောသိတ္တံ-အဟောသိကံအဖြစ်သို့၊ နော ယာတာ-မရောက်ကုန်သေး၊ တာဝ-ထိုအဟောသိကံ မဖြစ်သမျှ ကာလပတ်လုံး၊ သုခဒုက္ခပ္ပဒါ-ချမ်းသာဆင်းရဲကို ပေးနိုင်ကုန်သည်၊ သိယုံ-ဖြစ်ကုန်၏။

၂၈။ ပဗလာ-ပဗလာ။ ။ပ (ပဝုဒ္ဓံ)-ကြီးသော+ဗလံ-အားတည်း၊ ပဗလံ-အား၊ ပဗလံ+ယေသံတိ ပဗလာ=ကြီးသော အားရှိသော ကုသိုလ်တို့၊ န+ပဗလာ အပဗလာ-ပဗလ မဟုတ်သော အကုသိုလ်တို့၊ ကုသိုလ်တို့သည် ပြုပြီးသောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်တတ်သောကြောင့် ပရစေတနာအကူအညီကို ရကြ၏။ ထိုပရစေတနာ အကူအညီကိုပင် အဖန်ဖန် ထုံသောအားဖြင့် ကျေးဇူးပြုသောကြောင့် "သုတ္တန်အာသေဝနပစ္စည်း"ဟု ခေါ်၏။ ထို အာသေဝနပစ္စည်း ရသောကြောင့် ကုသိုလ်တို့သည် အားရှိကြကုန်၏။

အပဗလာ။ ။အကုသိုလ်တို့ကား ပြုပြီးနောက် ထိုအကုသိုလ်ကို အားပေးသော အာသေဝနပစ္စည်း မရကြ၊ "ပြုမိတာ မှားပေါ့"ဟု နောင်တ ပူပန်မှုပင် ဖြစ်ရသေး၏။ ထို့ကြောင့် အကုသိုလ်မှန်လျှင် သုတ္တန်နည်းအားဖြင့် အာသေဝနပစ္စည်း ရဖို့ ခဲယဉ်းကြသည်။ [ပဗလာ အာသေဝနာဒိ လာဘေန ဗလဝန္တော ဝါ၊ အထ အပဗလာ တဒဘာဝေန ဒုဗ္ဗလာ ဝါ-ဋီကာ။] [ပဋ္ဌာန်းအာသေဝနပစ္စည်းကား ဇော ၇ ကြိမ် စောရသဖြင့် ကုသိုလ် အကုသိုလ် ၂ မျိုးလုံးပင် အာသေဝနပစ္စည်း ရကြပါ၏၊ ထိုပဋ္ဌာန်းပစ္စည်းကို ဤနေရာ၌ မဆိုလိုပါ။] ကြွင်းအဓိပ္ပာယ်များကား အဘိဓမ္မာ နားလည်ပြီးသူတို့အတွက် ထင်ရှားပြီ၊ ဤစကားအရ "ကုသိုလ်က အားရှိမြဲ ဖြစ်၍ နောက်ဆုံး၌ ကုသိုလ်က အကုသိုလ်ကို သတ်၍ ဘဝဇာတ်သိမ်းကြရသည်"ဟု မှတ်။

http://www.dhammadownload.com

အဗျပေတ ပ–ဒု –တပါဒါဒိယမက

၂၉။ သာဒရံ သာဒရံ ဟန္တ္ဝ, ဝိဟိတာ ဝိဟိတာ မယာ၊
ဝန္ဒနာ ဝန္ဒနာမာန–ဘာဇနေ ရတနတ္တယေ။

၂၉။ ဝန္ဒနာမာနဘာဇနေ-ရှိခိုးခြင်း မြတ်နိုးခြင်းတို့၏ တည်ရာဖြစ်တော်မူသော၊ ရတနတ္တယေ-ရတနာသုံးပါး အပေါင်း၌၊ သာဒရံ-ရိုသေခြင်းနှင့် တ:ဘွ၊ ယာ ဝန္ဒနာ-အကြင် ရှိခိုးခြင်းကို၊ မယာ-ငါသည်၊ ဝိဟိတာ-ပြုစီရင်အပ်ပြီ၊ ဝိ+ဟိတာ-လောကုတ် လောကီ, နှစ်လိုကြီးမားဖို့, ထူးသောအစီးအပွားဖြစ်သော၊ သာ ဝန္ဒနာ-ထိုရှိခိုးခြင်းသည်၊ ဒရံ-ကိုယ်စိတ်နှစ်တန်, ပူပန်ခြင်းကို၊ ဟန္တ္ဝ-ပယ်ဖျောက်ပါစေသတည်း။

၂၉။ သာဒရံ သာဒရံ။ ။ဤ၌ သာဒရံ တစ်ပုဒ်သာ အနက်ရှိ၍ သာဒရံတစ်ပုဒ်ကား သူ့အတိုင်း အနက်မရှိ၊ "သာ+ဒရံ"ဟု ခွဲမှ အနက်ရှိသည်ကို သတိပြုပါ။ သဟ+အာဒရေနာတိ သာဒရံ၊ ဝိဟိတာဟူသော ကြိယာ၏ ဝိသေသနဖြစ်၍ နပုလ္လိန် ဒုတိယာကေဝစနန္တ ထားရသည်။

သာ+ဒရံ ဟန္တ္ဝ။ ။သာကို ဝန္ဒနာနှင့်တွဲ၊ ဒရမာတ်ကား ဒါဟ (ပူပန်=ပူလောင်)အနက်ဟော၊ ဒရဏံ-ပူပန်ခြင်း၊ ဒရော-ခြင်း၊ [အာရှေးရှိလျှင် ထို ဒရမာတ်သည် အာဒရ (ရိုသေခြင်း)အနက်ကို ဟော၏၊ "အာဒရဏံ အာဒရော"ဟု ပြု] ဟန္တ္ဝ၌ ဟနမာတ်, တုဝိဘတ်၊ အပစ္စည်းချေ၍ (နိ)ကို တုသို့ ကပ်။

ဝိဟိတာ။ ။ဝိပုဗ္ဗော မာ ကရောတျတ္ထော-ဝိရှေးရှိသော မာမာတ်သည် ကရမာတ်၏ (ပြုခြင်း)အနက်၌ ဖြစ်၏၊ နောက် ဝိဟိတာကိုကား "လောကိယလောကုတ္တရသမ္ပတ္တိသာဓနတော ဝိသေသေန+ဟိတာ"ဟု ဋီကာသစ် ဖွင့်သည်။ [ဋီကာဟောင်း၌ကား ဟိတာကို "ပထျာ-စီးပွားကို ပြုတတ်သော"ဟု ဖွင့်၏၊ ဟိတနှင့် ပထျကို အနက်တူဟု ထောမနိဓိဆိုသည်။]

http://www.dhammadownload.com

အဗျပေတစတုက္ကပါဒါဒိယမက

၃၀။ ကမလံ ကမလံကတ္တုံ, ဝနဒေါ ဝနဒေါမွရံ၊
သုဂတော သုဂတော လောကံ, သဟိတံ သဟိတံ ကရံ။

၃၀။ ကမလံ-ကြာသည်၊ ကံ-ရေကို၊ အလံကတ္တုံ-တန်ဆာဆင်ခြင်းငှာ၊ (ဟောတိ-၏၊) ဝနဒေါ-ရေကို ပေးတတ်သော၊ (ပဉ်နည်း) အဝနဒေါ-ကောက်ပင်များစွာ, ပြည့်စုံလာအောင်, ချိန်ခါသင့်မြတ်, စောင့်ရှောက်ခြင်းကို ပေးတတ်သော၊ ဝနဒေါ-ရေကိုပေးတတ်, မိုးတိမ်မြတ်သည်၊ အမွရံ-ကောင်းကင်ကို၊ (အလံကတ္တုံ-ငှာ၊ ဟောဇိ-၏၊) သဟိတံ-ပြည့်စုံသော၊ ဟိတံ-အစီးအပွားကို၊ ကရံ-ပြုတော်မူတတ်သော၊ သုဂတော-ကောင်းစွာ မိန့်တော်မူတတ်သော၊ သသုဂတော-ထိုမြတ်စွာဘုရားသည်၊ လောကံ-လောက ၃ ပါးကို၊ (အလံကတ္တုံ-ငှာ၊ ဟောတိ-ဖြစ်တော်မူ၏။)

၃၀။ ကမလံ ကမလံ။ ။ကံ-ရေကို+အလံ-တန်ဆာဆင်တတ်၏၊ ကြတိ ကမလံ (ကြာ)၊ နောက် ကမလံ၌ ကံ+အလံဟု ပုဒ်ဖြတ်၍ အလံကို ကတ္တုံနှင့် "အလံကတ္တုံ"ဟု တွဲ။

ဝနဒေါ ဝနဒေါ။ ။ရေဟော ပရိယာယ်တွင် "ဝန"ပုဒ်လည်းပါ၏၊ [အဘိဓာန်ကြည့်ပါ။] ဝနံ+ဒဒါတီတိ ဝနဒေါ-ရေကို ပေးတတ်သော-မိုးတိမ်၊ တစ်နည်း-ဝနဒေါ ၂ ပုဒ်ကို "ဝနဒေါ+အဝနဒေါ"ဟု ပုဒ်ဖြတ်၊ "အဝ - ရက္ခဏေ" ဟု ဓာတ်ကျမ်းရှိ၏၊ အဝိယတေ-စောင့်ရှောက်ခြင်း၊ အဝနံ-ခြင်း၊ အဝနံ-ကောက်ပင်များကို ပျက်စီးခြင်းမှ စောင့်ရှောက်ခြင်းကို+ဒဒါတီတိ အဝနဒေါ။

သဟိတံ သဟိတံ။ ။"သဟ+ကတံ-တကွဖြစ်သော"ဟူသော သဒ္ဒတ္ထကို "သမ္ပုဏ္ဏံ"ဟု အဓိပ္ပာယတ္ထဖွင့်၏၊ နောက် သဟိတံ၌ "သ+ဟိတံ"ဟု ပုဒ်ခွဲ၊ ဟိတံကို "အဘိဝုဒ္ဓိ-တိုးပွားခြင်း"ဟု ဖွင့်၏၊ တိုးပွား-ဟူသည်လည်း "စီးပွား"ပင်တည်း၊ ဘုရားရှင်သည် ဤသတ္တလောကကြီးကို တန်ဆာဆင်တော်မူရာ ရောက်၏၊ ဘုရား မရှိသော လောကကြီးကား အကုသိလ်စိတ်တွေ များပြားသဖြင့် လူကောင်းသူကောင်းတို့အတွက် ပျင်းရိငြီးငွေ့ဖွယ်ရာ ဖြစ်လေသည်။

http://www.dhammadownload.com

နိဂုံး, အတိဒေသ

၃၁။ အဗျပေတာဒိယမက–ဿသော လေသော နိဒဿိတော၊ ဥယျာနိမာယေဝ ဒိသာ, ယညာနိ ယမကာနိပိ။

၃၁။ အဗျပေတာဒိယမကဿ - အဗျပေတပါဒါဒိယမက၏၊ **ဧသော လေသော-** ဤအနည်းငယ်သော ဥဒါဟရုဏ်ကို၊ (မယာ-ငါသည်) **နိဒဿိတော-**ထုတ်ပြအပ်ပြီ၊ **ဣမာယေဝ ဒိသာယ-**ဤညွှန်ပြအပ်ပြီးသော နည်းလမ်းဖြင့်သာလျှင်၊ **အညာနိပိ-**အခြားလည်း ဖြစ်ကုန်သော၊ **ယမကာနိ-**ယမကတို့ကို၊ **ဥယျာနိ-**သိထိုက်ကုန်၏။

၃၁။ အဗျပေတာဒိ၊ပေ၊နိဒဿိတော။ ။ဤရှေ့ ၂ ပါဒဖြင့် ယမကတို့၏ နိဂုံးကို ပြ၏၊ "အဗျပေတ+အာဒိယမကဿ"ဟု ပုဒ်ဖြတ်၊ "အဗျပေတအာဒိယမကပုံစံကို ၄ မျိုးလောက်မျှ အနည်းငယ် ပြအပ်ပြီ, "ပြ၍ပြီးပြီ"ဟူလို၊ မဇ္ဈေ-အန္တအဗျပေတနှင့်တကွ ဗျပေတ-ဥဘယ မိဿယမက အများအပြား ကျန်သေးရကား အနည်းငယ်မျှသာ ပြခဲ့သောကြောင့် "လေသော"ဟု ဆိုသည်၊ လေသသဒ္ဒါသည် "စုလ္လ မတ္တေတ္ထိယံ လေသ, လဝါဏူဟိကဏော ပုမေ"ဟူသော အဘိဓာန် (၇၀၅)နှင့် အညီ အနည်းငယ်အနက်ဟောတည်း၊ ထိုအနည်းငယ်ကိုပင် ရှေးက "အမြွက်"ဟု ဆိုကြသည်။

ဥယျာနိ၊ပေ၊ယမကာနိပိ။ ။ဤနောက် ၂ ပါဒဖြင့် "ကျန်သေးသော အခြားယမကတို့ကိုလည်း ဤနည်းအတိုင်း သိပါလေ"ဟု ညွှန်ပြသည်၊ [အဋ္ဌကထာကြီးများ၌ အတိဒေသသံဝဏ္ဏနာမျိုးပင် ဖြစ်သည်၊] "ဥယျာနိ+ဣမာယ+ဧဝ+ဒိသာယ+အညာနိ"ဟု ပုဒ်ခွဲ၊ ထိုခွဲ "ဒိသာ" သဒ္ဒါသည် "ဒိဿတိ အတိဒိဿတိ-ညွှန်ပြအပ်၏"ဟူသော ဝစနတ္ထနှင့်အညီ "ညွှန်ပြအပ်သော နည်းလမ်း"ဟူသော အနက်ကို ဟော၏၊ ထို့ကြောင့် "ဣမာယ ဒိသာယာတိ ဣမိနာ ဥပါယေန မဂ္ဂေန-ဤနည်းလမ်းဖြင့်"ဟု ဋီကာဟောင်း ဖွင့်၏၊ "ဣမိနာ နယေန"ဟု ဋီကာသစ် ဖွင့်သည်၊ အဓိပ္ပာယ်ဖွင့်သာ၊ ဤညွှန်ပြချက်အရ ဋီကာတို့ ပြအပ်သော ယမကအချို့ကား --

http://www.dhammadownload.com

၁။ ဂုဏာဂုဏေန သဟတေ, သာဓဝေါ သာဓဝေါ ဇနာ၊
ဝိဂါဟန္တေ သမံ နာထ, စိတ္တံ စိတ္တေ ကထန္နုတေ။

အမှာ။ ။ ဒုတိယပါဒ အစဝယ် "သာဓဝေါ သာဓဝေါ" ဟု ယမက ပြုသောကြောင့် အဗျပေတဒုတိယပါဒါဒိယမက။

၂။ ပိယေန ဝစသာ သဗ္ဗေ, ပိယေနာပိုယဘာဏိနော၊
ပါဒါနတေ ဇိနော ကာသိ, သော ဓမ္မော ဟန္တု ဝေါ ပိယံ။

အမှာ။ ။ ပဌမပါဒ အစ, ဒုတိယပါဒ အစဝယ် "ပိယေန, ပိယေန"ဟု ယမကပြုသောကြောင့်လည်းကောင်း, အလယ်၌ ဝစသာ သဗ္ဗေ ခြားသော ကြောင့်လည်းကောင်း ဗျပေတပဌမဒုတိယပါဒါဒိယမက။

၃။ သမလံ သမလံ ကတ္တုံ, သုစိရံ သုစိရံ ဇယေ၊
သုစိရံ သုစိရံ ဂန္ထံ, သမလံ သမလံ ဘိယော။

အမှာ။ ။ ပဌမ စတုတ္ထပါဒတို့၌ "သမလံ, သမလံ"ဟုလည်းကောင်း, ဒုတိယ တတိယပါဒတို့၌ "သုစိရံ သုစိရံ"ဟုလည်းကောင်း ယမကပြုရာ၌ "သမလံ သမလံ"သက်သက်ဆိုလျှင် အလယ်၌ ပုဒ်မခြားသောကြောင့်လည်း ကောင်း,ပဌမပါဒ သမလံ သမလံနှင့် စတုတ္ထပါဒ သမလံ သမလံ အတွဲဆိုလျှင် အလယ်၌ပုဒ်တွေ ခြားသောကြောင့်လည်းကောင်း,(သုစိရံသုစိရံလည်း နည်းတူ ဖြစ်သောကြောင့်လည်းကောင်း) အဗျပေတဗျပေတသဗ္ဗပါဒါဒိယမကတည်း။

၄။ မနောဟရဟရက္လေသံ, ဇိနစေတော ဘဝံ မမ၊
နနု တုဝံ ပါရမီသာရာ, မတဘာဝိတမောသဓံ။

အမှာ။ ။ပဌမပါဒ၏အလယ်၌"ဟရ-ဟရ"ဟု ယမကပြုသောကြောင့် ပဌမပါဒမဇ္ဈယမက။

၅။ သာဓုနာ ရဥ္ဇယဇယ-ဒ္ဓနိနာ ပူရယီ မဟိံ၊
ယော နံ ဇိနဝရံ ဓီရ, မတ္ထကာမောသိ စေ တုဝံ။

အမှာ။ ။ ပဌမပါဒ၏ အဆုံး၌ "ဇယ-ဇယ"ဟု ယမကပြုသောကြောင့် အဗျပေတပဌမပါဒန္တယမကတည်း၊ ဤဂါထာများ၏ အနက်ကို ဋီကာသစ် ကြည့်၍ သိကြပါလေ။

http://www.dhammadownload.com

ယမကများပုံ

၃၂။ အစ္ဆန္တဗဟဝေါ တေသံ, ဘေဒါ သမ္ဘေဒယောနယော၊ တတ္ထာပိ ကေစိ သုကရာ, ကေစိ အစ္ဆန္နဒုက္ကရာ။

၃၂။ တေသံ-ထိုယမကတို့၏၊ သမ္ဘေဒယောနယော-ရောစပ်ခြင်းဟူသော အကြောင်းရှိကုန်သော၊ ဘေဒါ-အထူးအပြားတို့သည်၊ အစ္ဆန္တဗဟဝေါ-အလွန်များကုန်၏၊ တတ္ထာပိ-ထိုအလွန်များသော အပြားတို့တွင်လည်း၊ ကေစိ-အချို့အပြားတို့ကို၊ သုကရာ-လွယ်ကူစွာ ပြုအပ်ကုန်၏၊ ကေစိ-အချို့အပြားတို့ကို၊ အစ္ဆန္နဒုက္ကရာ-အလွန် ခဲယဉ်းစွာ ပြုအပ်ကုန်၏။

၃၂။ အစ္ဆန္နပေါဒုက္ကရာ။ ။"ဥယျာနိမာယေဝ ဒိသာယညာနိယမကာနိပိ"ဟု အဘယ်ကြောင့် နည်းညွှန်ပြရုံ ညွှန်ပြရပါသနည်း, အားလုံးစုံအောင် တိုက်ရိုက် ပြသင့်သည် မဟုတ်ပါလော - ဟု စောဒနာဖွယ် ရှိသောကြောင့် "အစ္ဆန္တဗဟဝေါ"စသော ဂါထာကို မိန့်၊ "ယမကတို့ကို အာဒိမဇ္ဈ, အာဒိအန္တ, မဇ္ဈအန္တ, အာဒိမဇ္ဈအန္တ၊ ပဌမပါဒါဒိဒုတိယမဇ္ဈ, ပဌမပါဒမဇ္ဈဒုတိယပါဒန္တ" ဤသို့ စသည်ဖြင့် ရောနှောလိုက်လျှင် ယမကအပြားတို့သည် အလွန်ပင် များကုန်၏၊ ထိုယမကအပြားတို့တွင် အချို့အပြားသည် ပြု၍ လွယ်ကူ၏၊ အချို့ကား အလွန်ခက်သည်-ဟူလို။ [တတ္ထဖြင့် "ဘေဒါ"ကို ပြန်၍ စွဲရမည်ဖြစ်သောကြောင့် ထိုတတ္ထ၏ စွဲနက်တွင်ပါသော ကေစိဖြင့် ဘေဒတချို့ကိုသာ စွဲရသည်၊ "ထိုယမကတို့တွင် အချို့ယမက"ဟု စွဲကြသည်ကား စာသွားထုံးစံ မကျ။]

သမ္ဘေဒယောနယော။ ။သမ္ဘိဇ္ဇနံ-ရောနှောခြင်း၊ သမ္ဘေဒေါ-ခြင်း၊ [သံပုဗ္ဗ+ဘိဒ, ဏ၊] ဇာတ်ချင်းရောသည်ကို "ဇာတိသမ္ဘေဒ"ခေါ်သကဲ့သို့ ယမကချင်း ရောသည်ကိုလည်း "သမ္ဘေဒ"ဟု ခေါ်၏၊ ယောနိသဒ္ဒါသည် "မဂ္ဂဟေတူသု ယောနိ သာ"-(၈၄၈)အဘိဓာန်နှင့်အညီ ဟေတုအနက်ဟောတည်း၊ "သမ္ဘေဒေါ + ယောနိ ယေသံတိ သမ္ဘေဒယောနယော-ရောစပ်ချင်းလျှင် အကြောင်းရှိကုန် (ရောစပ်ခြင်းကြောင့် များကုန်သော) အပြားတို့၊ [ယောနိသဒ္ဒါ၏ မူလက္ကတ္ထလိန်သို့ မလိုက်ဘဲ

http://www.dhammadownload.com

လစ်လျူရှုရုပ်

၃၃။ ယမက် တံ ပဟေဋ္ဌိ စ, နေကန္တမဓုရာနိတိ၊
ဥပေက္ခိယန္တိ သဗ္ဗာနိ, သိဿဓေဒဘယာ မယာ။

၃၃။ တံ ယမက်-ထိုဆိုအပ်ပြီးသော ယမကသည်လည်းကောင်း၊ ပဟေဋ္ဌိစ-ပဟေဋ္ဌိသည်လည်းကောင်း၊ နေကန္တမဓုရာနိ-နေကန်ချိုဆိမ့်ကုန်သည်၊ ဝါ-နေကန်ကောင်းကုန်သည်၊ န-မဟုတ်ကုန်၊ ဣတိ-ထို့ကြောင့်၊

အညပုဒ်အနက်ဖြစ်သော ဘေဒါပုဒ်၏ ပုံလိန်သို့ လိုက်ရမည်ဖြစ်သောကြောင့် "ယောနိယော"ဟု မရှိသင့်, အဂ္ဂယောကဲ့သို့ "ယောနယော" ဟုသာ ရှိသင့်သည်။]

ကေစိ အစ္ဆန္တဒုက္ကရာ။ ။ဤ"အစ္ဆန္တဒုက္ကရာ"အရ စီကုံးဖို့ အလွန်ခက်သော ယမက အချို့အပြားကို ဋီကာတို့ ပြု၏၊ ထိုတွင်-တစ်ပါဒရှိ "နတေနတေ"မခြားသောကြောင့်လည်းကောင်း, အခြားပါဒရှိ နတေနတေနှင့်ကား ပုဒ်ခြားသောကြောင့်လည်းကောင်း အဗျပေတဗျပေတမည်သော စတုက္ကပါဒမဇ္ဈဂါထာကား ---

သမုန္နတေနတေ သတာ, ကထံ နတေ နတေ သိယုံ၊
ယတော နတေ နတေ ပိတော, သိယုံ နတေ နတေ သုဘာ။

ယတော-အကြင့်ကြောင့်၊ တေ-အရှင်၏၊ သတာ-တင့်တယ်သော၊ သမုန္နတေန-ကောင်းစွာ မြင့်မောက်ခြင်းကြောင့်၊ နတေ-ညွတ်ကိုင်းခြင်းသည်၊(သတိပိ-ရှိသော်လည်းကောင်း၊) အနတေ-မညွတ်ကိုင်းခြင်းသည်၊ (သတိပိ-လည်းကောင်း၊) တေတေသုဘာ-ထိုထိုတင့်တယ်ခြင်းတို့သည်၊ နန သိယုံ-မဖြစ်မဟုတ်, ဖြစ်ကုန်သည်သာ၊ အတော-ထို့ကြောင့်၊ တေသုဘာ-ထိုတင့်တယ်ခြင်းတို့သည်၊ နတေ-သည်၊ သတိ-လည်းကောင်း၊ အနတေ-သည်၊ သတိ-လည်းကောင်း၊ ကထံ န သိယုံ-အဘယ်မှာမဖြစ်ဘဲ ရှိကုန်တော့အံ့နည်း၊ ဘဝန္တေဝ-ဖြစ်ကုန် သည်သာ။... ဤသို့စသည်ဖြင့် အချို့ယမကတို့၏ အပြားသည် အလွန်ခက်ခဲကြလေ၏။

၃၃။ ယမက် တံ၊ပေ၊မဓုရာနိတိ။ ။"ယမကသည် ကဝိတို့၏ လက်စွမ်းပြ ဖြစ်သောကြောင့်လည်းကောင်း, ပဟေဋ္ဌိသည် (ကာမဖြင့်

http://www.dhammadownload.com

သဗ္ဗာနိ-အလုံးစုံသော ယမက ပဟေဋ္ဌိတို့ကို၊ သိဿဓေဘာယာ-တပည့်တို့၏ ပင်ပန်းမည့်ဘေးကြောင့်၊ မယာ-ငါသည်၊ ဥပေက္ခိယန္တိ-အကျယ်မပြု လစ်လျူရှုအပ်ကုန်၏။

ပျော်မည့်အစား) စကားထာဝက်တန်း (ပညာရှိကစားနည်း) ဖြစ်ခြင်း, အကျဉ်းအကြပ်ကိစ္စ၌ သူတစ်ပါးတို့ကို လှည့်စားနိုင်ခြင်းကြောင့်လည်း ကောင်း အကျိုးများသည်မဟုတ်ပါလော၊ အဘယ့်ကြောင့် ယမကကို လည်း စုံအောင် မပြု, ပဟေဋ္ဌိကိုလည်း လုံးလုံးမပြဘဲ လစ်လျူရှုရပါသနည်း"ဟု မေးဖွယ်ရှိ ရကား "ယမကံတံ" စသော ဂါထာကို မိန့်၊ ထိုဆိုအပ်ခဲ့ပြီးသော သုကရ-ဒုက္ကရယမကသည်လည်းကောင်း, မဆိုခဲ့သော ပဟေဋ္ဌိသည်လည်းကောင်း, နောက်၌ပြမည့် သဒ္ဒါဂုဏ်ဟူသော သဒ္ဒ ရသ, အတ္ထာလင်္ကာရဟူသော အတ္ထရသ မရှိကြပါ၊ ထို့ကြောင့် အကျယ်ပြလျှင် တပည့်များ ပင်ပန်းမည် စိုးသောကြောင့် လစ်လျူရှုရပါတော့သည်။

မှတ်ချက်။ ။ဆိုခဲ့ပြီးသော ယမကကို "ယမကံတံ"ဟု တသဒ္ဒါဖြင့် ပြန်၍ ညွှန်ပြ၏၊ ပဟေဋ္ဌိကိုကား နာမည်တပ်ရုံမှတစ်ပါး ပုံစံတစ်ခုမျှ မပြခဲ့သောကြောင့် တသဒ္ဒါဖြင့် မညွှန်ဘဲ ထားသည်၊ ထို့ကြောင့် "သာပဟေဋ္ဌိ"ဟု မပြင်သင့်၊ မဓုရာနိပုဒ်သည် ပဟေဋ္ဌိဟူသော ဣတ္ထိလိန်သို့ လိုက်သင့်သော်လည်း သဒိသူပစာသဒ္ဒါ ဖြစ်သောကြောင့် မူလလိန်အတိုင်း "မဓုရာနိ"ဟုပင် ထားရသည်၊ ချိုဆိမ့်သော အရသာ၏ "မဓုရ"အမည်ကို ယမကပဟေလီတို့ အပေါ်၌ တင်စားခြင်းကို "သဒိသူပစာ"ဟု ဆိုသည်၊ ထိုကဲ့သို့ ဥပစာသဒ္ဒါတို့၌ မူလလိန် မပြောင်းရ။

အမှာ။ ။ ဤသို့လျှင် အရှင်သံဃရက္ခိတ ဆရာကိုယ်တိုင်က လျစ်လျူရှုထားခဲ့ပါသော်လည်း ဋီကာဆရာတို့က ပဟေဋ္ဌိကို ပြထားသည်အားလျော်စွာ နိဿယဆရာတို့လည်း ဋီကာမှ ထုတ်၍ ပြကြသောကြောင့် ဤကျမ်း၌လည်း ပြရပေလိမ့်မည်၊ သို့သော် ဤနေရာ၌ ပြလျှင် (ကျမ်းရင်းကိုသာ ပဓာနထားရသော စာသင်သားတို့အတွက်) ငြီးငွေ့ဖွယ် ဖြစ်သောကြောင့် ဗဟုသုတလိုလားသူတို့အတွက် ဒေါသပရိဟာရာဝဓောဓ အခန်းဆုံးမှ အခန်းငယ်တစ်ခု အဖြစ်ဖြင့် သီးခြား ပြပါမည်။

http://www.dhammadownload.com

ဝိရောဓိဒေါသ

၃၄။ ဒေသကာလကလာလောက–ဉာယာဂမဝိရောဓိ ယံ၊ တံ ဝိရောဓိပဒံ စေတ, မုဒါဟရဏာတော ဖုဋ္ဌံ။

၃၄။ ယံ-အကြောင်ပုဒ်သည်၊ ဒေသကာလကလာလောကဉာယာဂမ ဝိရောဓိ-ကုန်း ရေ တော တောင်အစရှိသော အရပ်, နေ့.ည၌ ဥတု စသော အခါ, ကခြင်း သီဆိုခြင်းစသော ကလာ, လူ.ပြည် နတ်ပြည် စသော လောက, အသင့်ယုတ္တိဟု ဆိုအပ်သော ဉာယ, ဝိဋ္ဌကတော်ကျမ်း ဗေဒင်ကျမ်းဟူသော အာဂုမ်တို့နှင့် ဆန့်ကျင်၏။ တံပဒံ-ထို ပုဒ်သည်၊ ဝိရောဓိပဒံ-ဝိရောဓိဒေါသရှိသောပုဒ် မည်၏။ စေတံ-ဤဝိရောဓိပုဒ်သည်၊ ဥဒါဟရဏာတော-ဥဒါဟရဏ်အားဖြင့်၊ ဖုဋ္ဌံ-ထင်ရှား၏။

၃၄။ ဒေသ ။ပေ။ ဝိရောဓိ။ ။ဒေသော-ထလဇလပဗ္ဗတာဒိ၊ ကာလော-ရတ္တိ ဒိဝေါ၊ ဟေမန္တာဒိဝသေန တိဝိဓော၊ ဝသန္တာဒိဝသေန ဆဗ္ဗိဓော-ထိုကာလသည် ဟေမန္တစသောအားဖြင့် ၃ ပါး, ဝသန္တ, ဂိမှ, ဝဿာန, သရဒ, ဟေမန္တ, သိသိရအားဖြင့် တစ်နည်း ၆ ပါးပြား၏၊ ကလာ-နစ္စဂီတာဒိစတုသဋ္ဌိ၊ ကလာ-ဟူသည် ကခြင်း သီဆိုခြင်းစသော အတတ် ၆၄ ပါးတည်း။ (၆၄ ပါးသရုပ်ကို ကပ္ပ ဒုမစသော သက္ကတ အဘိဓာန်တို့၌ ပြထားသတတ်။)

ထိုကလာအတတ် ၆၄ ပါးကို ယောနိဿယ၌ အနည်းငယ် သရုပ်ဖော်ထား၏၊ -ကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်း, ဟင်းချက်, မုန့်လုပ်, စက်ကြိယာအလုပ်, အိမ်ဆောက်အလုပ်, တိုက်တည်အလုပ်, လက်နက်အလုပ်, ပန်းပဲ, ပန်းထိမ်, ပန်းပု, ပန်းပွတ်, ပန်းတင်းအလုပ်, တောင်းရက် ဖျာရက်စသော အလုပ်-ဤသို့စသော အတတ်ငယ် ၆၄ ပါးကို ကလာဟု ခေါ်သည်၊ ထိုအတတ်ငယ်မျိုး တတ်သူကို "သပ္ပိကာ"ဟုလည်းကောင်း၊ "ကာရု"ဟုလည်းကောင်း ခေါ်၏၊ ထိုလူမျိုးတို့ကို တိုင်းပြည်နိုင်ငံ၌ အတတ်တူရာ ပေါင်း၍ "ရုပ်ကွက်"သီးခြား ချထားမြဲတည်း၊ ထိုအတတ်တူ လူစုကို "သေဏိ"ဟု ပါဠိ၌ သုံးစွဲသည်။ [ဆင်အတတ်, မြင်းအတတ် စသော အတတ်ကြီး ၁၈ ပါးတတ်သူကို "ပဏ္ဍိတ-ပညာရှိ"ဟု ခေါ်သတတ်။]

http://www.dhammadownload.com

လောကော-ထာဝရဇင်္ဂမဘူတပဝတ္တိသခ်ါတော၊ (ထာဝရဖြစ်သော အရာဝတ္ထု, ရွှေ့ပြောင်းတတ်သော သတ္တဝါတို့၏ဖြစ်ရာ ကမ္ဘာလောက တည်း၊) ဉာယော-ယုတ္တိ၊ (လောက၌ အသင့်ယုတ္တိရှိခြင်းကို ဉာယဟု ခေါ်၏၊) အာဂမော-ဣဟ ဗုဒ္ဓဝစနံ၊ (ဤနေရာ၌ ဘုရားစကားတော် ပိဋက ၃ ပုံကို အာဂမဟု ခေါ်၏၊) အညတ္ထ ပန သုတိဓမ္မသံဟိတော စ၊ (အခြားသာသနာပ၌ကား ဝေဒကျမ်းတရားနှင့် စပ်သောစကားကို လည်း အာဂမဟု ခေါ်ရသည်၊)-ဋီကာသစ်။ [ဝိရောဓော ယဿာတိ ဝိရောဓိ၊ ပဒံကို ငဲ့၍ နပုလ္လိန်။]

ဧတံ၊ပေ၊ဖုဋ္ဌံ။ ။မြလေးပန်းသည် ကုန်းပေါ်၌သာ ပွင့်လေ့ရှိ၏၊ သို့ပါလျက် "မြလေးပန်းတို့သည် ရေထဲ၌ ပွင့်ကုန်၏"ဟု ရေးသား စီကုံးလျှင် အရပ်ဒေသနှင့် ဆန့်ကျင်ဘက် ဒေသဝိရောဓိ ဖြစ်၏၊ ကုမုဒြာကြာပန်းတို့သည် ညဉ့်ကာလ၌ လရောင်နှင့်တွေ့မှ ပွင့်လေ့ ရှိကြ၏၊ သို့ပါလျက် "နေ့အခါ၌ ကုမုဒြာကြာပန်းများ ပွင့်ကြလေ၏"ဟု ရေးသားစီကုံးလျှင် ကာလဝိရောဓိ ဖြစ်၏၊ ကခြင်း သီဆိုခြင်းစသော အတတ်ငယ်မျိုးကို ပြသော ကလာကျမ်းနှင့် ဆန့်ကျင်၍ က-ဆို-တီးမှုတ်ခြင်းသည် ကလာဝိရောဓိဖြစ်၏၊ "မီးသည် အေး၏၊ စန္ဒကူး သည် ပူ၏၊ ရှားပင်သည် အနှစ်မရှိ, ကြက်ဆူပင်သည် အနှစ်ရှိ၏"ဟု ဆိုလျှင် လောကထုံးစံနှင့် ဆန့်ကျင်သော လောကဝိရောဓိ ဖြစ်၏၊ မိဒ္ဓသည် နာမ်တရားတည်း၊ မိဒ္ဓကို ရုပ်ဟု ဆိုကြသော ပရဝါဒီတို့က ရုပ်ဖြစ်ကြောင်းကို ယုတ္တိအမျိုးမျိုး ပြသော်လည်း ယုတ္တိမရခြင်းသည် ဉာယဝိရောဓိ ဖြစ်၏၊ ပိဋကကျမ်း ဝေဒကျမ်းတို့နှင့် ဆန့်ကျင်ဘက် ရေးသားစီကုံးလျှင် အာဂမဝိရောဓိ ဖြစ်၏၊ ဤသို့လျှင် ဝိရောဓိဒေါသ သည် သူ့သဘောအားဖြင့် ထင်ရှားပြီးဖြစ်၍ ဥဒါဟရုဏ် ထုတ်ပြဖွယ် မလိုဟု ဆိုသည်၊ သို့သော် အဖြေကို ပြရာ၌ ထိုပုံစံများ ထင်ရှားပါ လိမ့်မည်။

[ဆောင်] တောင်ထိပ် ကြာပေါက် (ဒေသ), အနောက် နေထွက် (ကာလ), ပြိုအက်မြင်းမိုရ် (ဉာယ), မီးကို မပူ, အေးစွာဟူ (လောက), မှတ်ယူ ဝိရောဓိ။

http://www.dhammadownload.com

နေယျ ၃၅။ ယဒပွတီတမာနီယ, ဝတ္တဗ္ဗံ နေယျမာဟု တံ၊ ယထာသဗ္ဗာပိ ဓဝလာ, ဒိသာ ရောစန္တိ ရတ္တိယံ။

၃၅။ ယံ (ပဒံ)-အကြင်ပုဒ်သည်၊ အပွတီတံ-အနက်အားဖြင့် မထင်ရှား၊ အာနီယ-ပုဒ်တစ်ပါးကို ဆောင်ယူ၍၊ ဝတ္တဗ္ဗံ-ဆိုထိုက်၏၊ တံ-ထိုပုဒ်ကို၊ နေယျံ-နေယျဒေါသရှိသောပုဒ်ဟူ၍၊ အာဟု-ဆိုကြကုန်၏၊ ယထာ-ကား၊ သဗ္ဗာပိ၊ပေ၊ရတ္တိယံ-သဗ္ဗာပိ၊ပေ၊ရတ္တိယံဟူသည်တည်း၊ [ရတ္တိယံ-ညဉ့်၌၊ သဗ္ဗာပိ-အလုံးစုံလည်း ဖြစ်ကုန်သော၊ ဒိသာ-အရပ်မျက်နှာတို့သည်၊ ဓဝလာ - ဖွေးဖွေးဖြူကုန်လျက်၊ ရောစန္တိ-တင့်တယ် တောက်ပကုန်၏။]

၃၅။ ယဒပွတီတ၊ပေ၊တံ။ ။နေတဗ္ဗောတိ နေယျော-(တိုက်ရိုက်မပါသဖြင့်) ဆောင်ယူထိုက်သော အနက်၊ နေယျော အဿ အတ္ထီတိ နေယျံ-ဆောင်ယူထိုက်သော အနက်ရှိသောပုဒ်၊ သူ၏ နဂိုအတိုင်းအားဖြင့် အဓိပ္ပာယ်မထင်ရှားရကား (လိုနေသော အနက်အဓိပ္ပာယ်ကို) ဆောင်ယူထည့်စွက်မှ အဓိပ္ပာယ်ထင်ရှားသော ပုဒ်တည်း။ [ပတိပုဗ္ဗ+ ဂ္ဂဓာတ် တပစ္စည်းဖြင့် ပြီးသော ပတီတသဒ္ဒါသည် "သိအပ်"ဟု သဒ္ဒါနက် ထွက်၏၊ "နေ+ပတီတံ အပွတီတံ-မသိအပ်"ဟု ဆိုလျှင် "သိလောက်အောင် မထင်ရှား"ဟု အဓိပ္ပာယ်ရ၏။]

[ဆောင်] မိမိချည်းကား, မထင်ရှား၍, တစ်ပါး ပုဒ်ပါ၌, ဆောင်ယူ ကပ်မှ, သိအပ်အနက်, ရှိသည့်တွက်, ခေါ်မြွက် နေယျပုဒ်။

ယထာ၊ပေ၊ရတ္တိယံ။ ။"ညဉ့်အခါ၌ အရပ်မျက်နှာအားလုံး ဖွေးဖွေးဖြူကုန်လျက် တင့်တယ်ကုန်၏"ဟူရာဝယ် ဖွေးဖွေးဖြူခြင်း၏အကြောင်းကို ပြဖို့ လိုပါလျက် မပြသောကြောင့် "ဓဝလာ"ပုဒ်သည် နေယျဒေါသသင့်သောပုဒ်တည်း၊ ထို့ကြောင့် အဖြေ၌ အကြောင်းပြ၍ ဖြေလိမ့်မည်၊ [ဧတ္ထ ဒိသာယ ဝိသေသန ဓဝလဂုဏံ (ဓဝလာဒိသာ၌ ဒိသာ၏ ဝိသေသနဖြစ်သော ဓဝလဂုဏ်သည်) ကေလာသကူဋ္ဌသုဓာဘိတ္ကိ စန္ဒရံသိအာဒီသု ကုတော သဉ္ဇာတံ ဂ္ဂတိ အနိစ္ဆိတတ္တာ (ဖြူဖြူဖွေးဖွေး အရောင်ရှိသော ကေလာသတောင်ထွတ်, အင်္ဂတေနံရံ, လရောင်စသည်တို့တွင် မည်သည့်အကြောင်းကြောင့် ဖြူသည်ဟု မဆုံးဖြတ်အပ်သည်၏ အဖြစ်ကြောင့်) အညနိဝတ္တနတ္ထံ (အခြားသော မလိုရာ

http://www.dhammadownload.com

သတိ ၃၆။ နေဒိသံ ဗဟုမညန္တိ, သဗ္ဗေ သဗ္ဗတ္ထ ဝိညုနော၊ ဒုလ္လဘာ•ဝဂတိ သဒ္ဒ–သာမတ္ထိယဝိလယီနိ။

၃၆။ သဗ္ဗတ္ထ-အလုံးစုံသော အဖွဲ့အနွဲ့တို့၌၊ သဗ္ဗေ-အလုံးစုံကုန်သော၊ ဝိညုနော-ပညာရှိတို့သည်၊ ဤဒိသံ-ဤသို့ နေယျဒေါသသင့်သော ပုဒ်ကို၊ န ဗဟုမညန္တိ-များစွာ အသိအမှတ်မပြုကြကုန်၊ ဝါ-များစွာ မသုံးစွဲကြကုန်၊ သဒ္ဒသာမတ္ထိယဝိလယီနိ-တိုက်ရိုက်ဟောတတ်သော သဒ္ဒါ, သဒ္ဒါ၏ ဟောစွမ်းနိုင်သည်၏အဖြစ်ဟူသော သတ္တိကို ခုန်ကျော်ခြင်းရှိသော၊ အဝဂတိ-အနက်ကို သိရခြင်းကို၊ ဒုလ္လဘာ-မရအပ် မရနိုင်။

အကြောင်းများကို တားမြစ်ခြင်းငှာ) စန္ဒကိရဏာဒိဝါစကပဒံအာနေတွာ (လရောင်စသည်ကို ဟောသောပုဒ်ကို ဆောင်ယူ၍) ဓဝလတာ ဣမိနာတိ ဝတ္တဗ္ဗတ္တာ (ဖြူတာဟာ ဤအကြောင်းကြောင့်ပဲဟု ဆိုထိုက်သည့်အတွက်) ဓဝလပဒံ နေယျဒေါသေန ဒုဋ္ဌ ဟောတိ။-ဋီကာသစ်။]

[ဆောင်] အကြောင်းရင်းကို, ပြဖို့လိုလျက်, ထိုမပါစွာ, ဓဝလ, နေယျဒေါသမှတ်။

ဆိုအပ်လတ္တံ့သော "အတ္ထဗျတ္တိဂုဏ် မရှိလျှင်လည်း နေယျဒေါသသင့်၏"ဟု သရသွတီကဏ္ဌာဘရဏာ၌ ဆိုသတတ်၊ ထို့ပြင်-"အတ္ထိ နာမ တာတ သုဒိန္န"စသော ဝါကျ၌ အတ္ထိ၏ ကတ္တာဘူပုဒ်ကို ဓနံဖြစ်စေ, ဇီဝိတံဖြစ်စေ ဆောင်ယူရမည်ဖြစ်သော ကြောင့် နေယျဒေါသသင့်သော ဝါကျ-ဟု စံကျောင်းနိသယ၌ မိန့်သေး၏။

[ဆောင်] (၁) အတ္ထ ဗျတ္တိ, ဂုဏ်မရှိလည်း, ထိုသည့်ပဒ, ဤနေယျ, ဒေါသ သင့်သတတ်။

(၂) တချို့အရာ, ဝါကျမှာလည်း, ဆောင်ကာယူမှ, ဓိပ္ပာယ်ရ, ဝါကျနေယျထပ်။

၃၆။ နေဒိသံ ။ပေ။ ဝိညုနော။ ။ပညာရှိတို့သည် အစီအကုံးဟူသမျှ၌ နေယျဒေါသသင့်သော ပုဒ်မျိုးကို အမြတ်တနိုး မပြုကြကုန်၊ "ထို့ကြောင့် ဂါထာစသည် ဖွဲ့စီရာ၌ နေယျဒေါသ မသင့်အောင် စီပါ"ဟု ဤဂါထာဖြင့် သတိပေးသည်။

http://www.dhammadownload.com

ဒုလ္လဘာ၊ပေ၊ဝိလယ်ိနီ။ ။"ဘာ့ကြောင့် နေယျဒေါသသင့်သော ပုဒ်ကို ပညာရှိတို့ အသုံးမပြုကြသနည်း"ဟု မေးဖွယ်ရှိ၍ "ဒုလ္လဘာ" စသည်မိန့်၊ "စာဖြင့် ရေး၍ စီကုံးနှုန်းဖွဲ့ခြင်း"ဟူသည် ကြည့်ရှုနားထောင်သူတို့မှာ အနက်အဓိပ္ပာယ်ကို သိဖို့ရန် ဖြစ်၏။ ထိုရေးသားအပ်သော စာ(သဒ္ဒါ-စကားလုံး)ဖြင့် အနက် အဓိပ္ပာယ်ကို တိုက်ရိုက်သိရခြင်း, နည်းဥပစာတို့ဖြင့် သွယ်ဝိုက်၍ သိရခြင်းဟု သိပုံ ၂ မျိုးသာ ရှိ၏၊ ထို ၂ မျိုးကို ကျော်လွန်၍ (ထို ၂ မျိုးမှ လွဲ၍) တိုက်ရိုက် မပါသောပုဒ် တစ်ခုကို ဆောင်ယူထည့်မှ အနက်သိရခြင်းဟု မရှိနိုင်၊ ထို့ကြောင့် နေယျဒေါသသင့်သော ပုဒ်ကို ပညာရှိတို့ မသုံးစွဲကြ-ဟူလို။

မှတ်ချက်။ ။[ဗဟုမညန္တိ၌ မနဓာတ် ယပစ္စည်းဖြင့် ပြီး၏၊ အနက် ပေးရာ၌ "ဗဟုမညန္တိ"ဟု ပေါင်း၍ ပေးသော်လည်း သမာသ်မဟုတ်၊ ဗဟုတစ်ပုဒ်, မညန္တိတစ်ပုဒ်သာ၊ ဗဟုကား ကြိယာဝိသေသနတည်း၊ ကြိယာဝိသေသန မှန်လျှင် ဒုတိယန္တသာ ရှိရသည်ဟု အယူရှိသော ဆရာတို့အလိုအားဖြင့် ယဂိဏ်းရအောင် နိဂ္ဂဟိတ်ချေထားသည်ဟုကြ၊ ဋီကာသစ်၌ကား "ဗဟုမာနံဟူသော နာမ်ပုဒ်နောင် ယပစ္စည်း သက်ထားသော နာမဓာတ်"ဟု ဆိုလေသည်၊ ထိုအလို "များစွာ မြတ်နိုးမှုကို မပြုကြကုန်"ဟု ပေး။]

ဆက်ဦးအံ့။ ။ အဝဂတိ၌ အဝပုဗ္ဗ ဂမုဓာတ်သည် သိခြင်း အနက်ဟော၊ ["ယေ ဂတျတ္ထာ, တေ ဗုဒ္ဓတ္ထာ" အတိုင်းပင်တည်း၊] "သဒ္ဒါ စ-တိုက်ရိုက်ဟောနိုင်သော သဒ္ဒါလည်း၊ သာမတ္ထိယံ စ-ထို သဒ္ဒါ၏ (နည်းဥပစာတစ်မျိုးမျိုးဖြင့်) ဟောစွမ်းနိုင်သော သတ္တိလည်း" ဟု တွဲ၊ သဒ္ဒသာမတ္ထိယံ-ကို+ဝိလယ်တိ သီလေန-ခုန်ကျော်လေ့ရှိ၏၊ ဣတိ သဒ္ဒသာမတ္ထိယဝိလယ်ိနီ၊ [သမတ္ထသ-ဟောစွမ်းနိုင်သော သဒ္ဒါ၏၊ ဘာဝေါ-ဖြစ်ကြောင်း သတ္တိတည်း၊ သာမတ္ထိယံ-သတ္တိ၊ "ဝိလယ်- ခုန်ကျော်" ဟူသည်လည်း ထို သဒ္ဒ, ထို သာမတ္ထိယကို ဖယ်ထားခြင်း, မပါစေခြင်းတည်း။

http://www.dhammadownload.com

ဝိသေသနာပေက္ခ

၃၇။ သိယာ ဝိသေသနာပေက္ခ၊ ယဲ တံ ပတ္တာ ဝိသေသနံ၊
သာတ္ထကံ တံ ယထာ တံ သော, ဘိယျော ပဿတိ စက္ခုနာ။

၃၇။ ယဲ-အကြောင်ဝိသေသျပုဒ်သည်၊ ဝိသေသနံ-ဝိသေသနပုဒ်ကို၊ ပတ္တာ-ရ၍၊ ဝါ-ရမှသာ၊ သာတ္ထကံ-အနက် အဓိပ္ပာယ်နှင့်တကွ ဖြစ်၏၊ တံ-ဝိသေသနနက်, ဝဲလျက်ရှိသော ထိုဝိသေသျပုဒ်သည်၊ ဝိသေသနာပေက္ခ-ဝိသေသနာပေက္ခဒေါသ ရှိသည်၊ သိယာ-ဖြစ်၏၊ တံ-ထို ဥဒါဟရဏ်သည်၊ ယထာ-အဘယ်နည်း၊ တံ သော၊ပေ၊စက္ခုနာ-တံ သော ၊ပေ၊စက္ခုနာ ဟူသည်တည်း။ [သော-ထိုသူသည်၊ တံ-ထိုသူ့ကို၊ စက္ခုနာ-မျက်စေ့ဖြင့်၊ ဘိယျော-လွန်စွာ၊ ဝါ-အထပ်ထပ်၊ ပဿတိ-ကြည့်၏။]

၃၇။ သိယာ၊ပေ၊စက္ခုနာ။ ။ဝိသေသန မပါလျှင် အဓိပ္ပာယ် မရှိသော, ဝိသေသနပါမှ အဓိပ္ပာယ်ရှိသော ပုဒ်သည် ဝိသေသနာပေက္ခဒေါသ သင့်၏၊ "ဘိယျော ပဿတိ စက္ခုနာ"၌ "ပဿတိ-ကြည့်၏"ဟု ဆိုလျှင် မျက်စိဖြင့် ကြည့်ကြောင်း ထင်ရှား၏၊"စက္ခုနာ" ပုဒ် ပါပါ-မပါပါ, အရေးမကြီးတော့၊ စက္ခုနာသည် (ဝိသေသနမပါဘဲ) သူ့ချည်းသက်သက်ဆိုလျှင် အနက် အဓိပ္ပာယ် အထူးမရှိ၊ ထို့ကြောင့် "စက္ခုနာ"သည် သူ့အတွက်/အနက် အဓိပ္ပာယ် အထူးပေါ်လာအောင် "ဝိယေန" သို့မဟုတ် "ကောဓပဋ္ဌလဘူတေန"စသော ဝိသေသန တစ်ခုခုကို ဝဲနေရသောကြောင့် ဝိသေသနာပေက္ခဒေါသ သင့်သော ပုဒ်မည်၏။ [ဥပမာ-ဦးဖြူမပါလျှင် သူ့ကိုယ်တိုင် ပရိသတ်ထဲ မဝင်ဝံ့၍ ဦးဖြူကို ဝဲနေရသော(ဦးဖြူပါအောင် ခေါ်နေရသော) ဦးနီကဲ့သို့တည်း။]

[ဆောင်] ဝိသေသန, မပါကလျှင်, လုံးဝဓိပ္ပာယ်, သူ့တွက်ကွယ်၍,
ခြယ်လှယ်ကူမ, ဝိသေသနကို, ဝဲရလေတတ်, ထိုပုဒ်ပါ၌,
ခေါ်မှတ် ဝိသေသနာပေက္ခတည်း။

မှတ်ချက်။ ။ရှေးနိသယများ၌ ဝိသေသနမပါရုံမျှကို "ဝိသေသနာပေက္ခဒေါသ"ဟု ဆိုပြီးလျှင် ရှေ့၌ ပြခဲ့ပြီးသော နေယျဒေါသနှင့် သဘောတူဟု ယူ၍ ညဉ့်မှောင်မိုက်၌ ဆရာက "ဘယ်သူလဲ"ဟု မေးလျှင်

http://www.dhammadownload.com

ဟီနတ္ထဒေါသ

၃၈။ ဟီနံ် ကရေ ဝိသေသျံ် ယံ်, တံ် ဟီနတ္ထံ် ဘဝေ ယထာ၊
နိပ္ပဘီကတခဇ္ဇောတော, သမုဒေတိ ဒိဝါကရော။

၃၈။ ယံ်-အကြင် ဝိသေသနပုဒ်သည်၊ ဝိသေသျံ-ဝိသေသျပုဒ်ကို၊ ဟီနံ်-ယုတ်ညံ့အောင်၊ ကရေ-ပြုတတ်၏၊ တံ်-ထိုဝိသေသနပုဒ်သည်၊ ဟီနတ္ထံ်-ဟီနတ္ထဒေါသရှိသည်၊ ဘဝေ-ဖြစ်၏၊ ယထာ-ကား၊...နိပ္ပဘီ၊ပေ၊ဒိဝါကရော-နိပ္ပဘီ၊ပေ၊ဒိဝါကရော ဟူသည်တည်း၊ [နိပ္ပဘီကတခဇ္ဇောတော-အရောင်မရှိအောင် ပြုအပ်သော ပိုးစုန်းကြူးရှိသော၊ ဝါ-ပိုးစုန်းကြူးတို့ကို အရောင်မရှိအောင် ပြုနိုင်သော၊ ဒိဝါကရော-နေမင်းသည်၊ သမုဒေတိ-ထွန်းတက်လာ၏။]

မိမိနာမည်တည်းဟူသော ဝိသေသနကို ထည့်၍ ("အဟံ ရာဟုလော ဘဂဝါ-တပည့်တော် ရာဟုလာပါ ဘုရား"ဟု ဖြေသကဲ့သို့"အဟံ ဘန္တေ ဗုဒ္ဓရက္ခိတော-တပည့်တော် ဗုဒ္ဓရက္ခိတပါဘုရား"စသည်ဖြင့် ဖြေရမည်၊ ထိုသို့ မဖြေဘဲ "အဟံ ဘန္တေ-တပည့်တော်ပါဘုရား"ဟု ဖြေလျှင် "ဝိသေသနာပေက္ခဒေါသ သင့်၏"ဟု မှာထားကြ၏၊ အမှန်မှာ-နေယျဒေါသနှင့် ဝိသေသနာပေက္ခဒေါသတို့ မတူကြပါ၊ "အဟံ ဘန္တေ" စသောအဖြေ၌ အနက်အဓိပ္ပာယ်မထင်ရှားသော နေယျဒေါသဟုသာ ဆိုနိုင်၏၊ "ဝိသေသနာပေက္ခဒေါသ"ဟု မဆိုနိုင်ပါ၊ ဝိသေသန မပါလျှင် သူ့အတွက် အဓိပ္ပာယ် အထူးမထွက်ရာ၌သာ ဝိသေသနာပေက္ခဒေါသ သင့်သည်ဟု မှတ်ပါ။ [ဝိသေသနေ+အပေက္ခာ ယဿာတိ ဝိသေသနာပေက္ခံ-ဝိသေသန၌+ငဲ့ခြင်းရှိသောပုဒ်၊ သဟ+အတ္ထေန (အဓိပ္ပာယတ္ထနှင့်) ယံ ဝတ္တတီတိ သာတ္ထကံ။]

၃၈။ ဟီနံ်၊ပေ၊ဘဝေ။ ။ဝိသေသန ထည့်သည့်အတွက် ဝိသေသျပုဒ်၌ (ဂုဏ်မတက်သည့်အပြင်) ဂုဏ်ပျက်အောင် (ရှိပြီး ဂုဏ်ကိုပင် ယုတ်လျော့သွားအောင်) ပြုတတ်သော ဝိသေသနပုဒ်သည် ဟီနတ္ထဒေါသ သင့်၏။ [ဟီနော+အတ္ထော ယဿာတိ ဟီနတ္ထံ်-(ဝိသေသျ၌ ရှိရင်းဂုဏ်မှ) ယုတ်လျော့သောဂုဏ် အနက်အဓိပ္ပာယ်ရှိသော (ယုတ်လျော့သော ဂုဏ် အနက် အဓိပ္ပာယ်ကို ပြသော) ဝိသေသနပုဒ်။]

http://www.dhammadownload.com

အနုတ္ထဒေါသ

၃၉။ ပါဒပူရဏာမတ္တံ ယံ, အနုတ္ထမီတိ တံ မတံ၊
ယထာ ဟိ ဝန္ဒေ ဗုဒ္ဓသ, ပါဒပင်္ကေရုဟမ္ပိ စ။

၃၉။ ယံ-အကြောင်ပုဒ်သည်၊ ပါဒပူရဏာမတ္တံ-အနက်မရ, ပါဒ ပြည့်စေရုံမျှသည်၊ (ဟောတိ-ဖြစ်၏၊) တံ-ထိုပုဒ်ကို၊ အနုတ္ထမီတိ-အနုတ္ထ ဒေါသရှိသော ပုဒ်ဟူ၍၊ မတံ-သိအပ်၏၊ ယထာ-ကား၊ ဟိဝန္ဒေ၊ပေ၊ပိစ-

---

[ဆောင်] ဝိသေသျနက်, ဂုဏ်မတက်ဘဲ, ဂုဏ်ပျက်အောင်ပြ, ဝိသေသန, ဟီနတ္ထဒေါသတည်း။

နိပ္ပဘီကတ၊ပေ၊ကရော။ ။"နိပ္ပဘီကတခဇ္ဇောတော"သည် ဒိဝါကရော၏ ဝိဓသနတည်း၊ "ပိုးစုန်းကြူးကို အရောင်မရှိအောင် ပြုနိုင်သော"ဟူသော ထိုဝိသေသနသည် ကျွန်းကြီး ၃ ကျွန်းကို တစ်ပြိုင်နက်လင်းစေနိုင်သော နေမင်းကို ဂုဏ်တက်အောင် ချီးမြှောက်ရာ မရောက်ဘဲ ဂုဏ်ယုတ်လျော့အောင်သာ ပြုရာ ရောက်၏၊ ထို့ကြောင့် "နိပ္ပဘီကတခဇ္ဇောတော"ဟူသော ဝိသေသနပုဒ်သည် ဟီနတ္ထဒေါသသင့်၏၊ ["အာဒ္ဒာဝကရွာစား+မင်း၏သား"ဟူရာ၌ "ရွာစား"ဟူသော ဝိသေသနဂုဏ်ပုဒ်သည် "မင်းသား"နှင့် မတန်, မင်းသားကိုပင် ဂုဏ်ယုတ်အောင် ပြုရာ ရောက်၏၊ "မင်္ဂလသုတ်ကို စာအုပ်မကြည့်ဘဲ ချနိုင်သော+ဆရာတော်"စသော ဝိသေသနများလည်း ဤနည်းပင်တည်း။]

ဝစနတ္ထ။ ။နတ္ထိ+ပဘာ+ယေသံတိ နိပ္ပဘာ၊ နိပ္ပဘာဝိယ+ကတာ နိပ္ပဘီကတာ-နဂိုက အရောင်ရှိကုန်သော်လည်း အရောင်မရှိကုန်သကဲ့သို့ ဖြစ်သွားအောင် (အရောင်ပျောက်သွားအောင်) မြုအပ်သော ပိုးစုန်းကြူးတို့၊ နိပ္ပဘီကတာ+ခဇ္ဇောတာ+ယေနာတိ နိပ္ပဘီကတခဇ္ဇောတော-အရောင်မရှိကုန်သကဲ့သို့ ဖြစ်အောင် ပြုအပ်ကုန်သော ပိုးစုန်းကြူးရှိသော နေ၊ ဝါ-ပိုးစုန်းကြူးတို့ကို အရောင်မရှိအောင် ပြုနိုင်သော နေ။

http://www.dhammadownload.com

ဟိဝန္ဒေ၊ပေ၊ပိစ ဟူသည်တည်း။ [ဗုဒ္ဓဿ-မြတ်စွာဘုရား၏၊ ပါဒပင်္ကေ ရုဟ်-ခြေတော်အစုံ, ကြာပဒုံကို၊ ဝန္ဒေ-ရှိခိုးပါ၏။]

၃၉။ ပါဒ၊ပေ၊ပိ စ။ ။ဂါထာ၏ လေးပုံတစ်ပုံသည် ပါဒမည်၏၊ ထိုပါဒ၌ အက္ခရာလုံးရေ (ရှစ်လုံးဖွဲ့ဖြစ်လျှင် ရှစ်လုံး) ပြည့်စေရုံမျှ အကျိုးသာ ရှိ၍ အနက်ထူး မရှိသော ပုဒ်သည် အနတ္ထကဒေါသသင့်၏၊ ပုံစံ၌ "ဟိနိပါတ်, အပိနိပါတ်, စနိပါတ်"တို့သည် အနက်မရှိ၍ အနတ္ထဒေါသသင့်သော ပုဒ်များတည်း။ [နတ္ထိ+အတ္ထော ယဿာတိ အနတ္ထံ-အနက်မရှိသောပုဒ်၊ ပင်္ကေ-ညွှန်၌+ရုဟတိ-ပေါက်တတ်၏၊ ကြတိ ပင်္ကေရုဟံ-ကြာ၊ ပါဒေါဧဝ+ပင်္ကေရုဟံ ပါဒပင်္ကေရုဟံ။]

[ဆောင်] ဂါထာပါဒ, ဖြည့်ရုံမျှသား, မရအနက်, ထိုပုဒ်တွက်,
မှတ်ချက် အနတ္ထဒေါသတည်း။

မှတ်ချက်။ ။"ပဒပူရဏမတ္တံ"ဟု တချို့စာ ရှိသော်လည်း "စတုတ္ထံ သသခ်ိတဿ ပါဒဿ-ဂါထာ၏ လေးဖို့ တစ်ဖို့ဟူသော ပါဒ၏" ဟူသော ဋီကာအလို "ပါဒပူရဏမတ္တံ"ဟု ရှိစေ၊ ပါဒဿ-ဂါထာပါဒ၏+ပူရဏံ-ပြည့်ကြောင်းပုဒ်တည်း၊ ပါဒပူရဏံ-ပုဒ်၊ "မတ္တ"သဒ္ဒါဖြင့် အဝဓာရဏအနက်ကို ပြ၏၊ "ပါဒပူရဏမေဝ-ပါဒပူရဏမတ္တံ"ဟု ပြု၊ "ပါဒပူရဏသာ ဖြစ်၏၊ အခြားအနက် မရှိ"ဟူလို။

အမှာ။ ။ဂါထာစီကုံးရာ၌ မကျွမ်းကျင်သူတို့သည် ဟိ-စ-ပန-တု စသော နိပါတ်တို့ကို အနက်အထူးမရှိဘဲ ထည့်၍ စီကုံးတတ်ကြ၏၊ ထိုနိပါတ်ပုဒ်များသည် အနတ္ထကဒေါသ သင့်သည်ဟုချည်း မှတ်၊ ဂါထာ၌ အက္ခရာ မပြည့်လျှင် ဥဂ္ဂပုတ္တကို "ဥဂ္ဂပုတ္တိယ"ဟု စီကုံးသကဲ့သို့ ကွယပုဒ်, သုတ္တကို သုတ္တန္တ, ဝနကို ဝနန္တဟု စီကုံးသကဲ့သို့ အန္တပုဒ်တို့ဖြင့် ဖြည့်စွက်၍ စီးရသည်။

ဤတွင် ပဒဒေါသရှစ်ပါး ပြီး၏။

http://www.dhammadownload.com

ဧကတ္ထဒေါသ

၄၀။ သဒ္ဒတော အတ္ထတော ဝုတ္တံ, ယတ္ထ ဘိယျောပိ ဝုစ္စတိ၊
တမေကတ္ထံ ယထာ ဘာတိ, ဝါရိဒေါ ဝါရိဒေါ အယံ။

၄၀။ ယတ္ထ-အကြင်ဝါကျ၌၊ သဒ္ဒတော-သဒ္ဒါအားဖြင့်လည်းကောင်း၊ အတ္ထတော-အနက်အားဖြင့်လည်းကောင်း၊ ဝုတ္တံ-ဆိုအပ်ပြီးသောစကားကို၊ ဘိယျောပိ-အလွန်လည်း၊ ဝါ-ထပ်၍လည်း၊ ဝုစ္စတိ-ဆိုအပ်၏၊ တံ-ထိုဝါကျသည်၊ ဧကတ္ထံ-ဧကတ္ထဒေါသရှိသောဝါကျ မည်၏၊ ယထာ-ဥဒါဟရုဏ်ကား၊ ဘာတိ၊ပေ၊အယံ-ဘာတိ၊ပေ၊အယံဟူသည်တည်း။ [ဝါရိဒေါ-ရေကို ပေးတတ်သော၊ အယံ ဝါရိဒေါ-ဤမိုးတိမ်သည်၊ ဘာတိ-ထွန်းလင်းတောက်ပ၏။]

၄၀။ သဒ္ဒတော၊ပေ၊ဧကတ္ထံ။ ။ပဒဒေါသတို့ကို ပြပြီး၍ ယခုအခါ ဝါကျဒေါသတို့ကို ပြရာဝယ် မာတိကာစဉ်ခဲ့သည့်အတိုင်း ဧကတ္ထဒေါသ ပြလိုသောကြောင့် "သဒ္ဒတော"စသည် မိန့်၊ စကား ၂ ရပ် ထပ်၍ ဆိုအပ်သော်လည်း အနက် အဓိပ္ပာယ်အားဖြင့် တစ်ခုတည်းဖြစ်သော ဝါကျကို ဧကတ္ထဒေါသသင့်သော ဝါကျဟု ဆိုသည်၊ သဒ္ဒတော အတ္ထတောကို ထောက်၍ သဒ္ဒဧကတ္ထဒေါသ, အတ္ထဧကတ္ထဒေါသဟု ၂ မျိုးရှိကြောင်း သိပါ၊ ဧကော အတ္ထော ယဿာတိ ဧကတ္ထံ(ဝါကျံ)၊-ဋီကာသစ်ဝိဂ္ဂဟ။

[ဆောင်] သဒ္ဒါသော်ကား, အနက်အားဖြင့်, ၂ ပါးထပ်ဆက်, ဆိုတုံလျက်လည်း, အနက်ရမှာ, တစ်နက်သာ, ဝါကျာဒေါသ ဧကတ္ထ။

ဝါရိဒေါ ဝါရိဒေါ အယံ။ ။"ဝါရိဒေါ"ကို ၂ ခါထပ်၍ ဆိုအပ်သော်လည်း အနက်အဓိပ္ပာယ်မှာ "ရေကို ပေးတတ်သော မိုးတိမ်"ဟု တစ်နက်သာ ရ၏၊ မှန်၏-ဝါရိဒေါတစ်ပုဒ်တည်း ဆိုသော်လည်း "ဝါရိံ+ဒဒါတိ"ဟူသော ဝိဂြိုဟ်အရ "ရေကို ပေးတတ်သော မိုးတိမ်"ဟူသော အနက်ကို ရ၏၊ သို့ပါလျက် နောက် "ဝါရိဒေါ"တစ်ပုဒ်ကို ထပ်၍ ဆိုသဖြင့် သဒ္ဒဧကတ္ထဒေါသ သင့်၏၊ ထိုဒေါသလည်း တစ်ပုဒ်တည်းမှာ သင့်သည် မဟုတ်၊ ၂ ပုဒ်တွဲမိမှ သင့်၏၊ ထို ၂ ပုဒ်လုံး ပါရှိရာ ဝါကျလည်း ဧကဒေသူပစာရအားဖြင့် ဧကတ္ထဒေါသသင့်သော ဝါကျဟု

http://www.dhammadownload.com

ဆိုရသည်၊ [ဝါရိဒေါ (ဇလဒါယကော) ဤကား ပဌမဝါရိဒေါအဖွင့်၊ အယံ ဝါရိဒေါ (မေယော) ဤကား ဒုတိယဝါရိဒေါအဖွင့်၊] ဤအဖွင့်ကို ကြည့်လျှင် ဝါရိဒေါ ၂ ပုဒ်လုံးမှ "ဇလဒါယကမေဃ-ရေကို ပေးတတ်သော မိုး"ဟု တစ်နက်သာ ရ၏ဟု သိသာ၏၊ ထို့ကြောင့် ဧကတ္ထဒေါသသင့်ရသည်။ [သမ္မတ္တိသာဓကဇလဒါယကော ဣစ္စာဒိဝိသေသနံ ဝိနာ (ထိုဝိသေသနမျိုးမဟုတ်ဘဲ) ဇလဒါနမတ္တာသ (ရေပေးခြင်းသာမည်ကို) ဝုတ္တတ္တာ သဒ္ဒတော ဧကတ္ထံ နာမ ဟောတိ။]

မှတ်ချက်။ ။ဤဋီကာအဖွင့်ကို ထောက်၍ "သမ္မတ္တိသာဓက ဝါရိဒေါ-ကောက်ပင်တို့၏ ပြည့်စုံခြင်းကို ပြီးစေတတ်သော ရေကို ပေးတတ်သော၊ ဝါရိဒေါ-မိုးသည်၊ ဘာတိ-တောက်ပ၏"ဟု ဆိုလျှင် ဝါရိဒေါ ၂ ပုဒ် ထပ်သော်လည်း ရှေ့ ဝါရိဒေါသည် နောက် ဝါရိဒေါကို အထူးပြုသောကြောင့် ဧကတ္ထဒေါသ မသင့်ကြောင်း သိသာ၏ဟု မှတ်။

ယောနိဿယ။ ။ဤဧကတ္ထဒေါသ၌ သဒ္ဒါကွဲဖြစ်သော ပရိယာယ်ပုဒ်များဖြင့် ဝိသေသနကူမလျှင် ဧကတ္ထဒေါသ မရောက်၊ ထို့ကြောင့်ပင် ဤအလင်္ကာကျမ်းဆရာ စီရင်အပ်သော သမ္မန္ဓစိန္တာသဒ္ဒါဝယ်ကျမ်း၌-

နေကတ္ထဝုတ္တိယာ ဂေါတိ, ဝုတ္တော ဝါစာ နှ ဉာယတော၊
ဂေါဝါစာတိ တု ဝုတ္တောသ္မာ, ပရိယာယော စ ဘေဒကော။

နေကတ္ထဝုတ္တိယာ-ဂေါသဒ္ဒါက များစွာသော အနက်၌ ဖြစ်ခြင်းကြောင့်၊ ဂေါတိ-ဂေါဟူ၍၊ ဝုတ္တော-ဆိုအပ်သော်၊ ဝါစာ-စကားဟူသော အနက်ကို၊ နှ ဉာယတေ-မသိအပ် မသိနိုင်၊ (ယသ္မာ-အကြင့်ကြောင့်၊) ဂေါဝါစာတိ-(ပရိယာယ်ပုဒ်နှင့်တကွ) ဂေါဝါစာဟူ၍၊ ဝုတ္တောတု-ဆိုအပ်သော်ကား၊ (ဝါစာ-စကားဟူသော အနက်ကို၊ ဉာယတေ-သိအပ်သိနိုင်၏၊) အသ္မာ-ထို့ကြောင့်၊ ပရိယာယော စ-ပရိယာယ်သဒ္ဒါသည်လည်း၊ ဘေဒကော-ထူးခြားအောင် ပြုတတ်သော ဝိသေသနမည်၏၊....ဤသို့ဆိုထားသည်။ [ပရိဗျတ္တံ အာယန္တိ အတ္ထာ အနေနာတိ ပရိယာယော= အနက်တို့၏ ထင်ရှားခြင်းသို့ ရောက်ကြောင်းသဒ္ဒါ၊ ပရိ+အာပုဗ္ဗ, ဣဓာတ်, ဏပစ္စည်း။]

http://www.dhammadownload.com

ယထာ စ (အတ္ထဓကတ္ထ)

၄၁။ တိတ္ထိယကံ့ရဇီဇာနိ, ဇဟံ ဒိဋ္ဌဂတာနိဟ၊
ပသာဒေတိ ပသန္နေ သော, မဟာမုနိ မဟာဇနေ။

၄၁။ ယထာ စ-အတ္ထဓကတ္ထဒေါသသင့်ပုံ ဥဒါဟရဏ်တစ်မျိုးကား၊ ဣဟ-ဤလောကဌ်၊ တိတ္ထိယကံ့ရဇီဇာနိ-တိတ္ထိတည်းဟူသော အည်ဆန့်အညောက်တို့၏ ပေါက်ရောက်ရာဟူ, မျိုးစေ့နှင့်တူကုန်သော၊ ဒိဋ္ဌဂတာနိ-မိစ္ဆာအယူတို့ကို၊ ဇဟံ-ပယ်စွန့်တော်မူတတ်သော၊ သော မဟာမုနိ-ထိုမြတ်စွာဘုရားသည်၊ ပသန္နေ-ကိုယ်တော်၌ ကြည်ညိုကုန်သော၊ မဟာဇနေ-များစွာသော လူတို့ကို၊ ပသာဒေတိ-ကြည်ညိုစေတော်မူ၏။

၄၁။ တိတ္ထိ၊ပေ၊မဟာဇနေ။ ။ကျေဂါထာ၌ "ပသာဒေတိ ပသန္နေ" တို့အတွက် တစ်ဝါကျလုံး ဧကတ္ထဒေါသသင့်ရ၏၊ မှန်၏-သဒ္ဒါအားဖြင့် မထပ်သော်လည်း "ကြည်ညိုသူတို့ကို + ကြည်ညိုစေ၏" ဟူရာ၌ "ကြည်ညို"ဟူသော အနက်အားဖြင့် ထပ်လျက် ရှိ၏၊ ထို့ကြောင့် ပသာဒေတိ ပသန္နေ ၂ ပုဒ်၏ အနက်သည် ဧကတ္ထဒေါသ သင့်၏၊ ထို ၂ ပုဒ်၏ အနက်ကို အကြောင်းပြု၍ တစ်ဝါကျလုံး၏ အနက်လည်း ဧကဒေသျုပစာရအားဖြင့် ဧကတ္ထဒေါသ သင့်သည်။

ဋီကာသစ်။ ။ပသန္နသဒ္ဒေန ဝုတ္တပသာဒသခ်ီတသ အတ္ထသ ပသာဒေတီတိ ကြိယာပဒေန ဝုတ္တတ္တာ-ပသန္နသဒ္ဒါဟောအပ်ပြီးသော ကြည်ညိုခြင်းအနက်ကို ပသာဒေတိကြိယာပုဒ်က ထပ်၍ ဟောအပ်သောကြောင့်၊ သဒ္ဒေ ဘိန္နေပိ အတ္ထတော ဧကတ္ထသ ဥဒါဟရဏ်-သဒ္ဒါ ကွဲသော်လည်း အနက် ဧကတ္ထဒေါသ ဥဒါဟရဏ်။

ဝစနတ္ထ။ ။တိတ္ထိယာဧဝ+အကံ့ရာနိ တိတ္ထိယကံ့ရာနိ၊ တိတ္ထိယကံ့ရာနံ-တို့၏၊ ဇီဇာနိ-မျိုးစေ့နှင့်တူသော မိစ္ဆာအယူတို့တည်း၊ တိတ္ထိယကံ့ရဇီဇာနိ-တို့၊ မိစ္ဆာအယူ ရှိနေသမျှ တိတ္ထိပုဂ္ဂိုလ်တည်းဟူသော အည်ဆန့်တွေ့ ထွက်နေမည် ဖြစ်ရကား ၆၂ ပါးသော(သီလက္ခန်ဓဋ္ဌကထာလသုတ်၌လာသော) မိစ္ဆာအယူများကို "တိတ္ထိယကံ့ရဇီဇ"ဟု တင်စား၍ ခေါ်သည်။

http://www.dhammadownload.com

ဘဂ္ဂရီတိဒေါသ

၄၂။ အာရဒ္ဓက္ကမဝိစ္ဆေဒါ, ဘဂ္ဂရီတိ ဘဝေ ယထာ၊
ကာပိ ပညာ ကောပိ ဂုဏော, ပကတီပိ အဟော တဝ။

၄၂။ အာရဒ္ဓက္ကမဝိစ္ဆေဒါ-အားထုတ်အပ်သော ပုဒ်အစဉ်၏ ပြတ်ခြင်းကြောင့်၊ ဘဂ္ဂရီတိ-ဘဂ္ဂရီတိဒေါသသည်၊ ဝါ-ကျိုးပျက်သော အစဉ်ရှိသော ဒေါသသည်၊ ဘဝေ-ဖြစ်၏၊ ယထာ-ဥဒါဟရုဏ်ကား၊ ကာပိ ၊ပေ၊တဝ-ကာပိ ၊ပေ၊တဝ ဟူသည်တည်း၊ [မဟာမုနိ-မုနိထွတ်တင်, အို... ဘုရားရှင်၊ တဝ-ရှင်တော်မြတ်ဘုရား၏၊ ပညာ-သဗ္ဗညုတဉာဏ် ပညာတော်သည်၊ ကာပိ-ဘယ်၍ ဘယ်မျှ, မပြနိုင်အောင်, များမြောင် ကြီးကျယ်ပါပေ၏၊ ဂုဏော-သီလ သမာဓိစသော ဂုဏ်တော်သည်၊ ကောပိ-ဘယ်၍ ဘယ်မျှ, မပြနိုင်အောင်, များမြောင် ကြီးကျယ်ပါပေ၏၊ ပကတီပိ-ပင်ကို သဘောတော်သည်လည်း၊ အဟော- သြော် ... အံ့သြဖွယ် ရှိပါပေ၏။

၄၂။ အာရဒ္ဓ၊ပေ၊တဝ။ ။အားထုတ်အပ်(ဆိုအပ်)သော ပုဒ်အစဉ်၏ ပြတ်ခြင်းကြောင့် ဘဂ္ဂရီတိဒေါသ ဖြစ်ရ၏၊ ပုံစံ၌ "ကာပိ ပညာ"ဟု လည်းကောင်း, "ကောပိ ဂုဏော"ဟုလည်းကောင်း အားထုတ်ပြီး ဆိုပြီး၍ တတိယစကားရပ်၌ "ပကတီပိ အဟော"ဟု ဆိုခြင်းသည် ရှေ့စကား ၂ ရပ်၌ ဆိုအပ်ခဲ့သော "ကာပိ+ကောပိ"ဟူသော သဗ္ဗနာမ်ပုဒ်အစဉ်ကို ဖြတ်တောက်ရာ ရောက်၏၊ ထို့ကြောင့် "ပကတီပိ အဟော တဝ"ဟူသော ဝါကျသည် ဘဂ္ဂရီတိဒေါသ သင့်၏။

မှတ်ချက်။ ။"ကာ ကထာ ပကတီ တဝ"ဟု ဆိုလျှင် "ကာ"ဟု သဗ္ဗနာမ်ပုဒ် အစဉ်မပျက်သောကြောင့် "ဘဂ္ဂရီတိ"မဖြစ်ဟု ဆိုကြ၏၊ သို့သော် "ကာပိ"ဟု မဆိုဘဲ "ကာ ကထာ-အဘယ်မှာ ဆိုဖွယ် ရှိအံ့နည်း"ဟု ဆိုသောကြောင့် "ပိ"ဟူသော နိပါတ်စဉ် မကျရကား "ကထာ" လည်း အစဉ်ကို ဖြတ်ရာ ရောက်မည် ထင်၏၊ "ကာပိ တေ ပကတီ မုနိ"ဟု ဆိုမှ အစဉ် တည့်စရာ ရှိသည်။

[ဆောင်] ရှေးရှေးဝါကျ, ပုဒ်စဉ်လှအောင်, ပဒစုစု, ဆက်ဆက်ပြုလျက်, နောက်ဝါကျတွင်, ပြောင်းလွှဲလျှင်, ခေါ်တွင် ဘဂ္ဂရီတိတဲ့။

http://www.dhammadownload.com

ဘဂ္ဂရီတိ။ ။ရီတိဌ ရီဓာတ် တိပစ္စည်း၊ ရီဓာတ်သည် "သန္တာန, အစဉ်အဆက်"အနက်ကိုလည်း ဟော၏။ ဘဂ္ဂါ+ရီတိ အဿ ဧတ္ထဝါတိ ဘဂ္ဂရီတိ-ကျိုးပျက်သော အစဉ်ရှိသောဝါကျ၊ ဝါ-အစဉ်ပျက်သော ဝါကျ၊ အစဉ်ဟူရာဌလည်း "ကာပိ, ကောပိ"ကို ကြည့်၍ သဗ္ဗနာမ်ပုဒ် အစဉ်ဟု ယူကြ၏၊ သို့သော် သဗ္ဗနာမ်သာမက, သုဒ္ဓနာမ်, အာချာတ်ကြိယာပုဒ်, နိပါတ် ဥပသာရပုဒ်များ အစဉ်ပျက်လျက်ပါသော ဝါကျသည်လည်း ဘဂ္ဂရီတိပင်တည်း။

မှတ်ချက်။ ။ဤအစဉ်ပျက်ခြင်းသည် "ပကတိပိ အဟော တဝ"ဟု ဝါကျသုံး အစဉ်သာ ပျက်၍ အနက် အဓိပ္ပာယ်အစဉ်မှာ "ကာပိ-ကောပိ"တို့လည်း "အံ့သြဖွယ်"ဟူသော အဓိပ္ပာယ်ကိုပင် ပြသောကြောင့် "ပကတိပိ အဟော"ဝါကျသည် ရှေးဝါကျများနှင့် အနက်အားဖြင့် အစဉ်မပျက်ပါ၊ ထို့ကြောင့် ဤဘဂ္ဂရီတိကို "ဝါကျဘဂ္ဂရီတိ=ဝါကျအစဉ်ပျက်သော် ရီတိ"ဟု ဆိုသည်၊ နောက်၌ ဝါကျတ္ထဘဂ္ဂရီတိ တစ်မျိုး လာဦးလတ္တံ့။

" သောဘတိ မစ္ဆော ဂင်္ဂေယျော, ယာမုနေယျောပိ သောဘတိ၊
စတုပ္ပဒေါယံ ပုရိသော, နိက္ကြောဓေရိမဏ္ဍလော၊
ဤသမာယတဂီဝေါ စ, သဗ္ဗေဝ အတိရောစတိ။

ဟူသော ဂါထာ၌ "အတိရောစတိ"ကြိယာသည် သောဘတိအစဉ်ကို ဖျက်ခြင်းကြောင့် ဘဂ္ဂရီတိဒေါသ သင့်၏ဟု ရှေးနိဿယများ ဆိုကြ၏၊ သို့သော် "စတုပ္ပဒေါယံ"စသည်ဖြင့် စကားအသုံးတစ်မျိုး ပြင်၍ နဂို အစဉ်အတိုင်း မဆိုသောကြောင့် အတိရောစတိကို အစဉ်ဖျက်သော ဘဂ္ဂရီတိဟု ဆိုသင့်မည် မထင်။

ထို့ပြင် "ဘုရားရှင်သည် ဆန်း-အလင်္ကာနည်းကို ဂရုမစိုက်ဘဲ ဝေနေယျတို့၏ တရားရမှုကိုသာ ဂရုစိုက်တော်မူသောကြောင့် ဘုရားပါဠိတော်များ၌ ဆန်းနည်း အလင်္ကာနည်းနှင့် မတည့်ခြင်းကို အပြစ်မရှုသင့်"ဟု စံကျောင်းဆရာတော် (နိဿယ၌) မိန့်တော်မူသည်။

http://www.dhammadownload.com

ဗျာကိဏ္ဏဒေါသ

၄၃။ ပဒါနံ ဒုဗ္ဗိနိက္ခေပါ, ဗျာမောဟော ယတ္ထ ဇာယတိ၊
တံ ဗျာကိဏ္ဏန္တိ ဝိညေယျံ, တဒုဒါဟရဏံ ယထာ။

၄၃။ ယတ္ထ-အကြင်ဝါကျ၌၊ ပဒါနံ-ပုဒ်တို့ကို၊ ဒုဗ္ဗိနိက္ခေပါ-အစပ်ဝေး၍, ရှုပ်ထွေးအောင် ထားခြင်းကြောင့်၊ ဗျာမောဟော-အနက် မရှင်း, လွန်စွာ တွေဝေရခြင်းသည်၊ ဇာယတိ-ဖြစ်၏၊ တံ-ထိုဝါကျကို၊ ဗျာကိဏ္ဏန္တိ-ဗျာကိဏ္ဏဒေါသသင့်သော ဝါကျဟူ၍၊ ဝိညေယျံ-သိအပ်၏၊ တဒုဒါဟရဏံ-ထိုဗျာကိဏ္ဏဒေါသ၏ ဥဒါဟရဏ်သည်၊ ယထာ-အဘယ်နည်း....။

၄၃။ ပဒါနံ၊ပေါဝိညေယျံ။ ။ဝါကျတစ်ခုဌ နာမ်ပုဒ် အာချာတ်ပုဒ် စသည်တို့ကို ရှုပ်ပွေနေအောင် (တစ်ပုဒ်နှင့်တစ်ပုဒ် အစပ်ဝေးအောင်) မကောင်းသဖြင့် ထားခြင်းကြောင့် ထိုဝါကျကို ကြည့်ရှုရသူမှာ (မည်သည့်ပုဒ်နှင့် မည်သည့်ပုဒ်ကို စပ်ရမည်ဟု မသိသဖြင့်) တွေဝေမှုဖြစ်ရ၏၊ ထိုဝါကျသည် ဗျာကိဏ္ဏဒေါသ သင့်၏။

[ဆောင်] ပုဒ်ထားရှုပ်ထွေး, အစပ်ဝေးသဖြင့်. မှိုင်တွေးလေရ, တွေဝေရ, ဝါကျဗျာကိဏ် ဒေါသတည်း။

ဝစနတ္ထ။ ။ဒုဋ္ဌု-မကောင်းသဖြင့်၊ ဝါ-အစပ်ဝေးစွာ+ဝိနိက္ခေပေါ-အထူးထူး အထွေထွေ ထားခြင်းတည်း၊ ဒုဗ္ဗိနိက္ခေပေါ-ခြင်း၊ ဝိဝိဓာ-အထူးထူး အပြားပြားအားဖြင့်+အာမောဟော-လွန်စွာ တွေဝေခြင်း၊ ဝါ-အစပ်ဝေးသဖြင့် မည်သည့်ပုဒ်နှင့် မည်သည့်ပုဒ်ကို စပ်ရမည်ဟု သေချာစွာ မဆုံးဖြတ်နိုင်ဘဲ တွေဝေနေရ-မှိုင်တွေးနေရခြင်းတည်း၊ ဗျာမောဟော - ခြင်း၊ ဝိဝိဓာ - အထူးထူး အပြားပြားအားဖြင့်၊ အာကိဏ္ဏော-ရောနှော ရှုပ်ထွေးခြင်းသည်၊ ယတ္ထ-အကြင် ဝါကျ၌၊ (အတ္ထိ)၊ တံ ဗျာကိဏ္ဏံ။

http://www.dhammadownload.com

၄၄။ ဗဟုဂုဏော ပဏာမတိ, ဒုဇ္ဇနာနံ ပျယံ ဇနော၊
ပုံစံ ဟိတံ ပမုဒိတော နိစ္စံ, သုဂတံ သမနုဿရံ။

၄၄။ ဗဟုဂုဏော-မြတ်စွာဘုရား၏ များစွာသော ဂုဏ်တော်တို့ကို၊ သမနုဿရံ-အဖန်ဖန်အောက်မေ့သော၊ ဝါ-အဖန်ဖန်အောက်မေ့ခြင်းကြောင့်၊ ပမုဒိတော-လွန်စွာ ဝမ်းမြောက်သော၊ အယံ ဇနော-ဤလူအပေါင်းသည်၊ ဒုဇ္ဇနာနံပိ-လူယုတ်မာတို့၏သော်မှလည်း၊ ဟိတံ-အစီးအပွားကို ပြုတော်မူတတ်သော၊ သုဂတံ-မြတ်စွာဘုရားကို၊ နိစ္စံ-အမြဲ၊ ပဏာမတိ-ပျပ်ဝပ်ညွတ်လျှိုး ရှိခိုး၏။

၄၄။ ဗဟုဂုဏောတျာဒီ။ ။ဤဂါထာ၌ အနက်ပေးပုံကို ကြည့်၍ စပ်ပုဒ်ချင်း ဝေးပုံကို သတိပြုပါ။ (၁) ဗဟုဂုဏောကို သမနုဿရံ၌ ကံ+ကံ၏ကြိယာအဖြစ်ဖြင့် စာစပ်ရာဝယ် အလယ်က ပုဒ်ပေါင်းများစွာကို ခုန်ကျော်၍စပ်ရ၏။ (၂) ဟိတံနှင့် သံ+သာမီစပ်ရသော ဒုဇ္ဇနာနံပိလည်း ဝေး၏။ (၃) ထို ဟိတံဟူသော ဝိသေသနလည်း သုဂတံဟူသော ဝိသေသျနှင့် ဝေး၏။ (၄) အယံ ဇနောဟူသော ကတ္တားလည်း ဒုဇ္ဇနာနံ+အပိ ခြား၍ ရှေ့သို့ ပြန်လှည့်ပြီးမှ ပဏာမတိကြိယာ၌ စပ်ရ၏။ (၅) ပမုဒိတောသို့ သမနုဿရံမှ ပြန်လှည့်၍ စပ်ရ၏။ (၆) နိစ္စံ သုဂတံတို့လည်း ပဏာမတိကို ဝေးစွာ ပြန်၍ စပ်ကြရသည်၊ ဤသို့ အစပ်ဝေးသောကြောင့် လွန်စွာ တွေဝေခြင်း ဖြစ်ရသည်။

ဋီကာဟောင်း။ ။"သမနုဿရန္တော ဂုဏာဝိသယသတိ ပစ္စုပဋ္ဌာပေန္တော=ဘုရားဂုဏ်တော်လျှင် အာရုံရှိသော သတိကို ရှေးရှုဖြစ်စေသော၊ တေနေဝ ကာရဏေန - ထိုသို့ အောက်မေ့ခြင်းကြောင့်ပင်၊ ပမုဒိတော ဟဋ္ဌပဟဋ္ဌော-ဝမ်းမြောက် အလွန်ရွှင်ပျသော"၊ ဤအဖွင့်ကို ထောက်၍ သမနုဿရံကို ဟေတုမန္တဝိသေသနဟု မှတ်။

အမှာ။ ။ဗျာကိဏ္ဏဒေါသသည် ပဟေဋိအရာ၌ သုံးစွဲမှု ဥက္ကန္တာပဟေဋိ ဖြစ်၏၊ ဝါကျတစ်ခုထဲ၌ ပုဒ်တို့ကို ရှုပ်ထွေးအောင် ထားလျှင် ဗျာကိဏ္ဏဒေါသ၊ ဝါကျအချင်းချင်း ရောယှက်လျှင် သံကိဏ္ဏဒေါသ, ဝါကျတစ်ခုအတွင်းသို့ အခြားဝါကျတစ်ခု ဝင်နေလျှင် ဝါကျဂတ္တိတဒေါသဟု သက္ကတ၌ ခွဲသတ်။

http://www.dhammadownload.com

ဂါမ္မဒေါသ

၄၅။ ဝိသိဋ္ဌဝစနာပေတံ, ဂါမ္မံတျဘိမတံ ယထာ၊
ကညေ ကာမယမာနံ မံ, နဂ ကာမယသိ ကိံနွိဒံ။

၄၅။ ဝိသိဋ္ဌဝစနာပေတံ-ယဉ်ကျေးအောင်ဟု, အထူးပြုအပ်သော အနက်ကို ဆိုခြင်းမှ ကင်းသော၊ (ဝါကျံ-ဝါကျကို၊) ဂါမ္မံတိ-ဂါမ္မဒေါသ သင့်သော ဝါကျဟူ၍၊ အဘိမတံ-သိအပ်၏၊ ယထာ-ဥဒါဟရုဏ်ကား၊ ကညေ၊ပေ၊နွိဒံ-ကညေ၊ပေ၊နွိဒံ ဟူသည်တည်း၊ [ကညေ-ဟေ့ အပျိုး၊ ကာမယမာနံ-နင့်ကို ကြိုက်နေသော၊ မံ-ငါ့ကို၊ တွံ-နင်သည်၊ ဝါ-နင်က၊ နဂ ကာမယသိ-မကြိုက်၊ ဣဒံ-ဤသို့ ငါက ကြိုက်လျက် နင်က မကြိုက်ခြင်းသည်၊ ကိန္နု-အဘယ့်ကြောင့်နည်း။]

၄၅။ ဝိသိဋ္ဌဝစနာပေတံတျာဒိ။ ။ယဉ်ကျေးအောင် အထူးတလည် ပြုအပ်သော အနက်ကို "ဝိသိဋ္ဌ"ဟု ဆို၏၊ ထိုအနက်ကို ပြောဆိုကြောင်း စကားလုံးသည် ဝိသိဋ္ဌဝစန မည်၏၊ ထိုစကားမှ ကင်း-ဟူသည် ထိုယဉ်ကျေးသောစကား မဟုတ်သော ရိုင်းသော ရိုးအသော စကားတည်း၊ ကျမ်းဂန်တို့၌ ယဉ်ကျေးသောစကားကို "ပေါရီဝါစာ=မြို့သုံး ပြည်သုံးစကား"ဟု ခေါ်၏၊ ထိုစကားမျိုးမဟုတ်သော တောသူတောင်သားတို့ ပြောဆိုအပ်သော စကားမျိုးကို "ဂါမ္မဒေါသသင့်သော ဝါကျ"ဟု ဆိုသည်၊ ပုံစံ၌ "ကညေ"ဟူသော အခေါ်သည် မြန်မာလို "ဟေ့ အပျိုး"ဟု ခေါ်ခြင်းကဲ့သို့ ရိုင်း၏၊ "ကာမယမာနံ-နဂ ကာမယသိ" ဟူသော အသုံးလည်း မြန်မာလို "ကြိုက်"ဟူသော စကားမျိုးဖြစ်၍ ရိုင်းပျသော စကားပင်တည်း။ [ကညေတျာဒိကံ ဝစနံ မိလက္ခဏနံ (တောသူတောင်သားတို့၏) ဝစနတ္တာ ဂါမ္မံ။]

[**ဆောင်**] မြို့ပြမသုံး, တောတောင်သုံးသည့်, စကားလုံးမှန်, ရိုင်းပျပြန်, ဝါကျံ ဂါမ္မဒေါသတည်း။

ဝစနတ္ထ။ ။ဝိသေသိယတေ-ချစ်ဖွယ်ကောင်းအောင်(ယဉ်ကျေးအောင်) အထူးတလည် ပြုအပ်၏၊ ဣတိ ဝိသိဋ္ဌော (အတ္ထော-အနက် အဓိပ္ပာယ်တည်း) ဝိသိဋ္ဌသ-ကို+ဝစနံ-ပြောဆိုခြင်း (ပြောဆိုကြောင်း စကား အသုံးအနှုန်း) တည်း၊ ဝိသိဋ္ဌဝစနံ - နှုန်း၊ ဝိသိဋ္ဌဝစနတော +

http://www.dhammadownload.com

ပဒသန္ဓာနဂါမ္ပ

၄၆။ ပဒသန္ဓာနတော ကိဉ္စိ, ဒုပ္ပတီတိကရံ ဘဝေ၊
တံပိ ဂါမ္ပန္တျဘိမတံ, ယထာ ယာဘဝတော ပိယာ။

၄၆။ ကိဉ္စိ-အချို့သော ဝါကျသည်၊ ပဒသန္ဓာနတော-ပုဒ်တို့ကို စပ်ခြင်းအားဖြင့်၊ ဒုပ္ပတီတိကရံ-မကြားကောင်း မနာသာ, လွန်စွာ ညစ်ကျု, ရိုင်းပျသောအနက်ကို ပြုတတ်သည်၊ ဘဝေ-ဖြစ်၏၊ တမ္ပိ-ထိုဝါကျကိုလည်း၊ ဂါမ္ပန္တိ-ဂါမ္ပဒေါသသင့်သော ဝါကျဟူ-၍၊ အဘိမတံ-

---

အပေတံ ဝိသိဋ္ဌဝစနာပေတံ၊ ဂါမေ-တောကျေးရွာ၌+ဘဝံ-များသော အားဖြင့် ဖြစ်သော အသုံးအနှုန်းတည်း၊ ဂါမ္ပံ-နှုန်း၊ (ဝါကျံ)။ [ပိယ ဘူတေန-ချစ်ဖွယ်ဖြစ်၍ဖြစ်သော၊ ဥတ္တိဝိသေသေန-ပြောဆိုခြင်း အထူးဖြင့် (ယဉ်ကျေးအောင် အထူးပြုပြင်၍ ပြောခြင်းဖြင့်) ဝိသေသိ တဗ္ဗဿ - အထူးပြုအပ်သော အကြောင်းအရာ (အဓိပ္ပာယ်)ကို၊ ကထနတော ပရိဟီနံ ဝါကျံ ဂါမ္ပဒေါသန္တိ ကဝီဟိ အဘိမတံ။]

မှတ်ချက်။ ။ဤအဖွင့်များကို ထောက်၍ "ဟေ့အဖေ, ငါပြောမယ်"စသောစကား, "ချီးယိုချင်တယ်, သေးပေါက်ချင်တယ်"စသောစကားများသည် ဂါမ္ပဒေါသသင့်၍ "အိုအဖေ...ဖေဖေ...ကျွန်တော်ပြောမယ်,သားပြောမယ်,သမီးပြောမယ်"ဟုလည်းကောင်း "နောက်ဖေးသွားချင်တယ်, အလေးအပေါ့ သွားချင်တယ်"စသည်ဖြင့်လည်းကောင်း ပြောမှ ဂါမ္ပဒေါသ လွတ်သည်ဟု မှတ်၊ ထို့ပြင် အခြားနေရာ၌ ကညာသဒ္ဒါသည် "ဒသဝဿာတု ကညကာ"နှင့်အညီ "ဆယ်နှစ်အရွယ်သူငယ်မ"ဟူသော အနက်ကို ဟောသော်လည်း ဤဂါထာနှင့် ဤကဲ့သို့သော အရာဌာနမျိုး၌ အပျိုသမာန်ကိုသာ ဟောသည်။ [ဧတ္ထ ကညာသဒ္ဒေါ ဒသဝဿိကာယ ဝတ္တတီတိ နိယမော နတ္ထိ။]

၄၆။ ပဒသန္ဓာနတောတျာဒိ။ ။အချို့ဝါကျသည် ရှေ့ပုဒ်နှင့် နောက်ပုဒ်ကို (တစ်ပုဒ်တည်း ထင်မှတ်သူက ဆက်စပ်လိုက်ခြင်းကြောင့် မကောင်းသော အနက် (ရိုင်းစိုင်းသော အနက်)ကို ပြုတတ်၏၊ ထိုဝါကျလည်း ဂါမ္ပဒေါသ သင့်၏၊ ပုံစံ၌ "ယာ + ဘဝတော"၂ ပုဒ်ကို

http://www.dhammadownload.com

သိအပ်၏၊ ယထာ-ဥဒါဟရဏ်ကား၊....ယာ+ဘဝတော ပိယာ-ယာ+ဘဝတော ပိယာ ဟူသည်တည်း၊ (တစ်နည်း) ယာဘဝတော ပိယာ-ယာဘဝတောပိယာ ဟူသည်တည်း၊ ဘဝတော-အရှင်သည်၊ ယာ-အကြင်မိန်းမကို၊ ပိယာ-ချစ်အပ်၏၊ [ဤကား ရေးသားသူ၏ အလိုရှိအပ်သောအနက်၊(တစ်နည်း) ယာဘဝတော-များသော မထုန် ရှိသူ၏၊ ပိယာ-ချစ်အပ်သော မယားတည်း၊ [ဤကား ဂါမွဒေါသ သင့်သော အနက်တည်း။]

"ယာဘဝတော"ဟု တစ်ပုဒ်တည်း ထင်မှတ်၍ စပ်လိုက်သောအခါ ထို ပုဒ်က လွန်စွာရိုင်းသော အနက်ကို ဟောလေ၏။

ချဲ့.ဦးအုံ့–"ယဘ-ယဘဓာတ်သည်၊ မေထုနေ-မေထုန်မှီဝဲခြင်း အနက်၌ ဖြစ်၏"ဟု ဓာတ်ကျမ်း၌ ဆိုသောကြောင့် "ယဘနံ ယာဘော (မေထုန်မှီဝဲခြင်း)၊ "ယာဘော+အဿ အတ္ထိတိ ယာဘဝါ-များစွာ မေထုန်မှီဝဲခြင်း ရှိသူ"ဟု ရိုင်းသော (လူကြီးသူမတို့ မပြောအပ်သော) အနက်ကို ပြလျက် ရှိရကား ထို"ယာ+ဘဝတော"ပုဒ် ၂ ခုအတွက် တစ်ဝါကျလုံး (စကားတစ်ရပ်လုံး) ဂါမွဒေါသ သင့်ရတော့သည်။

မှတ်ချက်။ ။"ယဘ-မေထုနေ"ဟူသော ဓာတ်ကျမ်းနှင့် အညီ "ယာဘဝတော"ကို အနက်ပေးထားသော်လည်း "မေထုန်"ဟူသော စကားသည် ရိုင်းသောစကား မဟုတ်၊ ဘုရားရှင် ကိုယ်တော်တိုင်ပင် "မေထုနော ဓမ္မော"စသည်ဖြင့် သုံးစွဲတော်မူအပ်သောစကား ဖြစ်၏၊ ထိုမေထုန်ကို "ယဘ"ဟု သုံးစွဲခြင်းကား တစ်ယောက်နှင့်တစ်ယောက် ဆဲသောအခါ သုံးစွဲခြင်းတည်း၊ မြန်မာလို လတစ်ချောင်းငင် လုံးကြီးတင် ဝိသဇ္ဇနီ ၂ လုံးပေါက်၍ သုံးစွဲခြင်းနှင့် ညီမျှ၏၊ ယာဘဝတောကို ထို အတိုင်း အနက်ပေးမှ ရိုင်းသည်ဟု ဆိုထိုက်၏၊ ထို့ကြောင့် သြမသဝါဒ သိက္ခာပုဒ်၌ "ယကာရေန ဝါ ဘကာရေနဝါ"ဟု ယနှင့်ဘ တွဲ၍ "ယဘ-ငါရိုး"ဟု ဆဲခြင်းတစ်မျိုးကို ပြသည်။

သဒ္ဒနီတိ။ ။ဧတ္ထ စ မေထုနန္တိ ဧသာသဒ္ဒိဝါစာ("မေထုန်"ဟူသော ဤစကားသည် လူကြီးလူကောင်းတို့ သုံးစွဲအပ်သော စကားတည်း၊) ယဘတီတိအာဒိကာ ပန ဘာသာ သိခရဏီ (အဂ်ီဇာတ်ပြင်ဘက်

http://www.dhammadownload.com

ယတိဟီနဒေါသနှင့်ဌာန

၄၇။ ဝုတ္တေသု သူစိတဌာနေ, ပဒစ္ဆေဒေါ ဘဝေ ယတိ၊
ယံ တာယ ဟီနံ တံ ဝုတ္တံ, ယတိဟီနန္တိ သာ ပန။
၄၈။ ယတိ သဗ္ဗတ္ထ ပါဒန္တေ, ဝုတ္တမေု စ ဝိသေသတော၊
ပုဗ္ဗာပရာနေကဝဏ္ဏ–ပဒမဗ္ဗေါပိ ကတ္ထစိ။

၄၇။ ဝုတ္တေသု-ဆန်းဂါထာတို့၌၊ သူစိတဌာနေ-ယတိဟု ညွှန်ပြအပ်သော အရာ၌၊ ပဒစ္ဆေဒေါ-ပုဒ်ကို ဖြတ်ခြင်း, ရပ်တန့်ခြင်းသည်၊ ယတိ-ယတိမည်သည်၊ ဘဝေ-ဖြစ်၏၊ ယံ-အကြောင်ဝါကျသည်၊ တာယ-ထိုယတိမှ၊ ဟီနံ-ယုတ်လျော့၏၊ တံ-ထိုဝါကျကို၊ ယတိဟီနန္တိ-ယတိဟီနဒေါသသင့်သော ဝါကျဟူ၍၊ ဝုတ္တံ-ဆိုအပ်၏၊ [သာ ပနကို နောက် ဂါထာရှိ ယတိပုဒ်နှင့် တွဲ၍ ပေးမည်။]

အသားစွန်း ထွက်နေသူမ) ဣတိအာဒိကာ ဘာသာ ဝိယ အသဒ္ဒိဝါစာ (မသူတော်တို့၏ စကားတည်း) နှ ဟိ ဟိရောတ္တပ္ပသမ္ပန္နော လောကိယ ဇနောပိ ဤဒိသိံ ဝါစံ ဘာသတိ။ (ဓာတုမာလာ)။

ဝစနတ္ထ။ ။[ပဒါနံ-("ယာ+ဘဝတော"ကဲ့သို့သော) ရှေ့ပုဒ် နောက်ပုဒ်တို့ကို+သန္ဓာနံ-တစ်ပုဒ်တည်း စပ်ခြင်းတည်း၊ ပဒသန္ဓာနံ-ခြင်း၊ ဒုပ္ပတိတိ၌ ပတိတိသည် "ပတိပုဗ္ဗ+ဣ-ဂတိမှိ"ဟူသော ဓာတ်နောင် တိပစ္စည်း၊ "ပတိ+ဣတိ"ကို သန္ဓိစပ်၍ "ပတိတိ"ဟု ဖြစ်၏၊ "ယေ ဂတျတ္ထာ, တေ ဗုဓျတ္ထာ"နှင့်အညီ "သိအပ်"ဟု အနက်ပေးရ၏၊ ဒုမတင့်တယ်သော၊ ဝါ-မကြားကောင်း မနာသာ လွန်စွာရိုင်းသော+ပတိတိ-သိအပ်သောအနက်၊ ဒုပ္ပတိတိ+ကရံ-ပြုတတ်သော ဝါကျတည်း၊ ဒုပ္ပတိတိကရံ။ [ဒုပ္ပတိတိကရံ ဘဝေ-အသဗ္ဘ (အသောတပ္ပ) ဘူတဒုဋ္ဌတ္ထဿ (မကြားကောင်း မနာသာ ဖြစ်၍ မကောင်းသော အနက်ကို) ပကာသကော ဟောတိ။] တံပိ၌ ပိဖြင့် ရှေ့ဝါကျသာ မဟုတ်သေး, ဤဝါကျလည်း ဂါမ္မဝင်"ဟု ပေါင်း။

၄၇။ ဆန်းကျမ်း၌ အနုဋ္ဌုဘဆန်းစသော ဂါထာဆန်းများ ရှိ၏၊ [ဝုတ္တောဒယဆန်းကျမ်းဝယ် တတိယပိုင်းမှာ ပါ၏။] ဆန်းဆရာတို့သည် မည်သည့် ဂါထာဝယ် မည်သည့် နေရာ၌ "ယတိ" ဟု ပြထားကြ၏၊

http://www.dhammadownload.com

၄၈။ သာ ပန ယတိ-ထိုယတိသည်ကား၊ သဗ္ဗတ္ထ-အလုံးစုံသော၊ ပါဒန္တေ-ဂါထာပါဒတို့၏အဆုံး၌လည်းကောင်း၊ ဝိသေသတော-အထူးအားဖြင့်၊ ဝုတ္တမေ့စ-ဂါထာ၏ထက်ဝက်၌လည်းကောင်း၊ ကတ္ထစိ-အချို့သော၊ ပုဗ္ဗာပရာနေကဝဏ္ဏပဒမဒ္ဓေပိ - ရှေ့ဘက် နောက်ဘက်, တစ်လုံးထက်များသော အက္ခရာရှိသောပုဒ်၏ အလယ်၌လည်းကောင်း၊ သိယာ-ဖြစ်၏။

ရွတ်ဆိုသောအခါလည်း ပုဒ်ကို ဖြတ်လျက် ရပ်နား၍ ရွတ်ဆိုရ၏၊ [သဗ္ဗလဟေတ္ထာဒိ လဟုနိ ဘဝတိ ယတိ-စသော ဂါထာများကို ကြည့်ပါ။] ထိုသို့ ယတိရှိရမည့် နေရာ၌ ယတိမရှိအောင် စီကုံးထားသော အဖွဲ့အနွဲ့ဝါကျသည် "ယတိဟီန"ဒေါသ သင့်၏။ [ယတိတော-ယတိမှ+ဟီနံ-ယုတ်လျော့သော (မပါသော) ဝါကျတည်း၊ ယတိဟီနံ-ယတိမှ ယုတ်လျော့သော ဝါကျ။]

ဝုတ္တေသု သူစိတဋ္ဌာနေ။ ။ဝုတ္တေသု-ဆန္ဒောသတ္ထေ နိဒ္ဒိဋ္ဌ အနုဋ္ဌုဘာဒီသု (ဆန်းကျမ်း၌ ညွှန်ပြအပ်သော အနုဋ္ဌုဘစသော ဆန်းဂါထာတို့၌) သူစိတဋ္ဌာနေ-အယမေတ္ထ ယတိတိ ပကာသိတဋ္ဌာနေ (ဤကား ဤဂါထာ၌ ယတိ-ဟု ပြအပ်သော နေရာ၌)၊ [သူစိယတေ (ဤနေရာ၌ ယတိဟု) ပြအပ်၏၊ ဣတိ သူစိတံ၊ သူစိတံ စ+တံ+ဋ္ဌာနဋ္ဌာတိ သူစိတဋ္ဌာနံ။]

ပဒစ္ဆေဒေါယတိ။ ။သျာဒျန္တတျာဒျန္တာနံ ဝိစ္ဆေဒေါ (သာဒျန္တပုဒ် တျာဒျန္တပုဒ်တို့ကို ဖြတ်ထားခြင်းသည် ယတိ မည်၏) ယမနံ ဝိရာမော-(ရှေ့သို့ တစ်ဆက်တည်း မရွတ်ရဘဲ) ရပ်တန့်ခြင်း၊ ယတိ-ရပ်တန့်ခြင်း၊ "ရပ်တန့်ခြင်း"ဟူသည်လည်း လျှာပင်ပန်းမည် စိုး၍ အပန်းဖြေခြင်းပင်တည်း၊ [သာ-ထိုယတိသည်၊ ပေ၊ ဆန္ဒော ဂန္ထာနုသာရေန-သဖြင့်၊ ဇိဝှာယ-၏၊ ဝိဿမရူပဥစ္စာရဏာဘာဝရူပါ-အပန်းဖြေခြင်းသဘောရှိသော ရွတ်ဆိုမှု၏မရှိခြင်း(ရပ်နားခြင်း)သဘောရှိ၏။-ထောမနိဓိ။]

မှတ်ချက်။ ။ပြခဲ့သော စကားစဉ်အတိုင်း "ပဒစ္ဆေဒ"အရ သန္ဓိပုဒ် ဖြတ်ခြင်းဟု မမှတ်ဘဲ အပန်းဖြေသောအားဖြင့် ရပ်တန့်နားနေခြင်းကို ပဒစ္ဆေဒဟုလည်းကောင်း, ယတိဟုလည်းကောင်း ခေါ်သည်ဟု မှတ်။

http://www.dhammadownload.com

၄၈။ သဗ္ဗတ္ထ၊ပေ၊ဝိသေသတော။ ။ဂါထာ၌ ၄ ပါဒ ရှိ၏၊ ထို ၄ ပါဒလုံး၏ အဆုံး အဆုံးဝယ် ရွတ်ဆိုသောအခါ ယတိဖြတ်၍ ရပ်ရ၏၊ ဂါထာစီကုံးသူတို့ကလည်း ရပ်နားခွင့်ရအောင် ရေးသားရသည်၊ ထိုသို့ မရေးလျှင် ထိုဂါထာသည် ယတိဟီနဒေါသ သင့်၏၊ ဂါထာ၏တစ်ဝက်၌ကား သိသိသာသာကြီး ယတိဖြတ်လျက် အထူးရပ်နားရမည်၊ "ဂါထာ၏တစ်ဝက်မှာ အထူးယတိ"ဟု ဆိုသဖြင့် ၄ ပါဒရှိသော ဂါထာ၏အလယ် (၂ ပါဒအဆုံး)၌လည်းကောင်း, ဂါထာ၏အားလုံးအဆုံး၌လည်းကောင်း "အထူးယတိ"ဟု သိသာ၏၊ [ဝုတ္တာနံ ပါဒဒွယသခီ်တေ အဒ္ဓေ စ(အလယ်တစ်ဝက်၌လည်းကောင်း) တဒဝသာနေ စ (ထိုဂါထာ၏အဆုံး၌လည်းကောင်း) ဣတိ အဓိပ္ပာယော၊] ဤစကားအရ "ပဌမ-တတိယပါဒအဆုံး၌ "သာမညယတိ"ဟု မှတ်။

မှတ်ချက်။ ။ဂါထာတစ်ပုဒ်ဝယ် ၂ ပါဒအဆုံး, ၄ ပါဒလုံးအဆုံး၌ အထူးယတိဟု ဆိုသောကြောင့် ဂါထာရွတ်သောအခါ ၈ လုံးဖွဲ့ဖြစ်စေ, ထို့ထက် အက္ခရာလုံးရေ များသောအဖွဲ့ဖြစ်စေ ၂ ပါဒလျှင် တစ်ခါ ရပ်၍ ရွတ်ရမည်ကို သတိပြုပါ၊ "ယံ ဒုန္နိမိတ္တံ"ဂါထာကို ဆရာတို့က စနစ်တကျ ရွတ်ပြကြပါလေ။

ပုဗ္ဗာပရာ၊ပေ၊ကတ္ထစိ။ ။"ပဒစ္ဆေဒေါယတိ"ဟု ဆိုခဲ့ရကား "တစ်ပုဒ် တစ်ပုဒ် ပြတ်မှသာ ယတိရနိုင်သည်"ဟု ထင်မှားဖွယ် ရှိသောကြောင့် "ပုဗ္ဗာပရာ၊ပေ၊ကတ္ထစိ"ဟု မိန့်၊ တချို့နေရာ၌ ဆန်းဆရာတို့က "ယတိ" ဟု ပြထားလျှင် "ဂါထာပါဒ မဆုံးမီ ဖြစ်စေ, ဆုံးမှ ဖြစ်စေ တစ်ပုဒ် အလယ်၌လည်း ယတိဖြတ်နိုင်ပါ၏"ဟူလို၊ သို့သော် "ပုဗ္ဗာပရာနေက ဝဏ္ဏာ"ဟု ဆိုသောကြောင့် ထိုပုဒ်ဝယ် ယတိဖြတ်ရာဌာန၏ရှေ့နောက်၌ အနေကဝဏ္ဏာ (အက္ခရာအများ) ဖြစ်စေရမည်၊ "၃ လုံးသာ ရှိသော ပုဒ်ဝယ် အလယ်၌ ယတိဖြတ်၍ မရ"ဟူလို၊ ဤစကားဖြင့် "ပါဒန္တ သာမညယတိ, ဝုတ္တမုဝိသေသယတိ, အနေကဝဏ္ဏာပဒမဇ္ဈယတိ"ဟု ယတိ ၃ ဌာန ရှိနိုင်ပုံကို သိနှင့်ပါဦး၊ နောက်၌လည်း ယတိဌာန ပြလိမ့်ဦးမည်။

http://www.dhammadownload.com

တတ္ထောဒါဟရဏာပစ္စုဒါဟရဏာနိ ယထာ

၄၉။ တံ နမေ သိရသာ စာမီ–ကရဝဏ္ဏံ တထာဂတံ၊
သကလာပိ ဒိသာ သိဉ္စ–တိဝ သောဏ္ဍရသေဟိ ယော။

၄၉။ တတ္ထ-ထိုယတိတို့၌၊ ဥဒါဟရဏာပစ္စုဒါဟရဏာနိ-အလျော်ဥဒါဟရဏ်, ဆန့်ကျင်ဘက်ဥဒါဟရဏ်တို့သည်၊ ယထာ-အဘယ်တို့နည်း၊ တံ နမေပေယော-တံ နမေပေယောဟူသည်တည်း၊ [ယော (တထာဂတော)-အကြင် မြတ်စွာဘုရားသည်၊ သကလာပိဒိသာ-အလုံးစုံလည်းဖြစ်သော အရပ်မျက်နှာတို့ကို၊ သောဏ္ဍရသေဟိ-ရွှေရည်အယဉ်တို့ဖြင့်၊ သိဉ္စတိဝ-သွန်လောင်းသကဲ့သို့ မုတ်ထင်ရ၏၊ စာမီကရဝဏ္ဏံ-ဂိဝါရွှေအဆင်းကဲ့သို့ ဝါဝင်းသောအဆင်း ရှိတော်မူသော၊ တံ တထာဂတံ-ထိုမြတ်စွာဘုရားကို၊ သိရသာ-ဦးခေါင်းရတနာ, မြတ်အဂ်ီဖြင့်၊ နမေ-ရှိခိုးပါ၏။]

၄၉။ တံ နမေတျာဒီ။ ။ဤဂါထာသည် ယတိ ၃ ဌာနလုံး၏ ပုံစံတည်း၊ ဂါထာ၏ ပါဠိလျှောက်အဓိပ္ပာယ်ကို နိဿယအတိုင်း သိပါ။ စာမီကရဿ+ဝဏ္ဏောဝိယ ဝဏ္ဏော ယဿာတိ စာမီကရဝဏ္ဏော၊ သိဉ္စတိဝဉ် ကုဝကို "ဝိတက္ကေ-ကြံစည်မှတ်ထင်ခြင်းအနက်၌"ဟု ဋီကာဖွင့်၏၊ "စာမီကရဝဏ္ဏံ"နှင့် "သိဉ္စတိ"တို့သာ ဥဒါဟရဏ်ထုတ်လိုရင်းဖြစ်သော်လည်း "ပါဒန္တယတိများပါ ဂါထာပါဒအဆုံး၌ ရနိုင်၏"ဟု မှတ်၊ စာမီကရဝဏ္ဏံသည် ယတိပြတ်ပုံမှန်သော အလျော်ဥဒါဟရဏ်၊ သိဉ္စတိကား ယတိပြတ်ပုံ မမှန်သော ဆန့်ကျင်ဘက်ဥဒါဟရဏ်တည်း။

ရဲ့ဦးအံ့-"စာမီကရံ-ဂိဝါရွှေ"ဟု ရွှေအထူးကိုဟောသော"စာမီကရံ" ပုဒ်၌ အက္ခရာ ၄ လုံး ရှိ၏၊ "တံ နမေ သိရသာ စာမီ"ဟု ပါဒအဆုံး၌ ယတိဖြတ်ရမည်ဖြစ်၍ စာမီတွင် ယတိဖြတ်သောအခါ ရှေ့ဘက်၌ "စာမီ"ဟု အနေကဝဏ္ဏ(အက္ခရာ ၂ လုံး)ရှိ၏၊ နောက်ဘက်၌လည်း "ကရ"ဟု အနေကဝဏ္ဏ(အက္ခရာ ၂ လုံး)ရှိ၏၊ ထိုသို့ စာမီ၌ ယတိဖြတ်ခြင်းသည် "ရှေ့ဘက်+နောက်ဘက် အနေကဝဏ္ဏဖြစ်သော ပုဒ်အလယ်၌ ယတိ ဖြတ်နိုင်၏" ဟူသော ဥပဒေသနှင့် ညီရကား အလျော်ဥဒါဟရဏ် ဖြစ်၏၊ ဆိုလိုရင်းကား - "စာမီ" ၌ ယတိသည်

http://www.dhammadownload.com

သန္ဓိစပ်ရာ၌ ယတိတစ်မျိုး

၅၀။ သရော သန္ဓိမှိ ပုဗ္ဗဿော, ဝိယ လောပေ ဝိဘတ္တိယာ၊
အညထာ တွညထာ တတ္ထ, ယာဒေသာဒိ ပရာဒိဝ။

၅၀။ သန္ဓိမှိ-သန္ဓိစပ်ရာ၌၊ ဝိဘတ္တိယာ-ဝိဘတ်၏၊ လောပေ-ကျေခြင်းသည်၊ (သတိ-ရှိလတ်သော်၊) သရော-နောက်ပုဒ်အစ သရသည်၊ (အနေကဝဏ္ဏတ္တာဘာဝေပိ-အနေကဝဏ္ဏတ္တ မရှိပါသော်လည်း၊) ပုဗ္ဗဿော ဝိယ- ရှေ့ပုဒ်၏ အဆုံးကဲ့သို့၊ ဟောတိ- ဖြစ်၏၊ တု- ထိုမှ တစ်ပါး၊ အညထာ-တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်လတ်သော်၊

ပါဒန္တယတိလက္ခဏာနှင့်လည်း ညီညွတ်၏၊ ပဒမဇ္ဈယတိလက္ခဏာနှင့်လည်း ညီညွတ်၏-ဟူလို။

သိဒ္ဓတိ။ ။သိဒ္ဓတိဌိကား သိဒ္ဓတွင် တတိယပါဒဆုံးသောကြောင့် ပါဒန္တယတိ ရှိရတော့မည်၊ သို့သော် "သိဒ္ဓတိ"ပုဒ်၏အလယ်၌ ယတိဖြတ်လိုက်သောအခါ "သိဒ္ဓ"ဟူသော ရှေ့ဘက်၌သာအနေကဝဏ္ဏ (အက္ခရာ ၂ လုံး)ရှိ၍ "တိ"ဟူသော နောက်ဘက်၌ ဧကဝဏ္ဏ(အက္ခရာ ၁ လုံးသာ) ရှိသောကြောင့် ပဒမဇ္ဈယတိ မရနိုင်ရကား ထို "သိဒ္ဓတိ" သည် ပစ္ဆာဒိဟရဏ (ဆန့်ကျင်ဘက်ဥဒါဟရဏ်)ဖြစ်၍ "သကလာပိဒိသာ သိဒ္ဓတိဝ သောဏ္ဏရသေဟိ ယော"ဝါကျလည်း ယတိဟီနဒေါသသင့်သောဝါကျ ဖြစ်ရတော့သည်။

မှတ်ချက်။ ။မဇ္ဈယတိအရာဝယ် "စာမီကရံ"ဟု မူလအနက်တစ်ခုဟောသောပုဒ်ကို "ပဒ"ဟု ယူပါ၊ "စာမီကရဝဏ္ဏံ"အထိ မယူပါနှင့်၊ အလယ်၌ ယတိပြတ်ရာမှာလည်း "သမန္တစက္ခု"ပုဒ်မျိုးဝယ် "သမန္တ" ဟူသော ပုဒ်အစိတ်တစ်ခု ပြတ်ရာ၌သာ ယတိရ၏၊ "သမ+နွစက္ခု"ဟု အနက်မရှိသော "သမန်"၌ ယတိ မရ။

၅၀။ သရော၊ပေ၊ဝိဘတ္တိယာ။ ။တစ်ပုဒ်တည်း၌ ပဒမဇ္ဈယတိကို သိရပါပြီ၊ ၂ ပုဒ်ကို သန္ဓိစပ်ရာ၌ အဘယ်နေရာဝယ် ယတိရနိုင်ပါသနည်းဟု မေးဖွယ်ရှိသောကြောင့် "သရောသန္ဓိမှိ"စသည်ကို မိန့်၊ ရှေ့ပုဒ်၏ ဝိဘတ်ကို (ဝိဘတ်ပြုထားသော ကာရိယကို) ချေ၍ သန္ဓိစပ်လျှင်

http://www.dhammadownload.com

အညထာ-တစ်ပါးသော အခြင်းအရာအားဖြင့်၊ ဟောတိ-ဖြစ်၏၊ တတ္ထ-ထိုသန္ဓိစပ်ရာ၌၊ ယာဒေသာဒိ-ယ အပြုံ အစရှိသော အစီအရင်သည်၊ ပရာဒိဝ-နောက်ပုဒ်၏ အစကဲ့သို့၊ ဟောတိ-ဖြစ်၏။

"ပုဗ္ဗန္ဟောဝိယ-ရှေ့ပုဒ်၏အဆုံး အနေအားဖြင့်" ယတိဖြတ်၍ ရွတ်ပါ။ ဤသန္ဓိစပ်ယတိများ၌ ရှေ့ပုဒ် နောက်ပုဒ်ဝယ် အနေကဝဏ္ဏဖြစ်-မဖြစ်ကို စိစစ်ဖွယ်မလို၊ လာလတ္တံ့ (၅၂)နံပါတ်ဂါထာ၌ "သဗ္ဗောပမာ"သည် ဥဒါဟရုဏ်တည်း၊ ထို၌ "သဗ္ဗ+ဥပမာ"မှ သဗ္ဗ၏(အ)ကို ချေ၍ ဥကို သြ ပြုလျက် သန္ဓိစပ်ထား၏၊ [ဝိဘတ်ကိုကား "သဗ္ဗနှင့်ဥပမာ"တို့ သမာသ်စပ်တုန်းက ချေခဲ့ပြီ] ဤသို့ သန္ဓိစပ်ရာ၌ နောက်ပုဒ်၏ အစ ဥသရကို သဗ္ဗဟူသော ရှေ့ပုဒ်၏အဆုံးကဲ့သို့ "သဗ္ဗော"ဟု ပါဒန္တယတိဖြတ်၍ ရွတ်ဆိုရသည်။

အညထာ တွညထာ။ ။တုသဒ္ဒါသည် ပကာရန္တရဇောတကနိပါတ်၊ ရှေ့"အညထာ"ဖြင့် "ဝိဘတ္တိယာ လောပေ"ကို အပါဒါန်ပြု၍ "ဝိဘတ်ကျေခြင်းမှတစ်ပါး (ဝိဘတ်ကျေခြင်း မရှိ)သော အခြင်းအရာအားဖြင့်" ဟု ဆိုလိုသည်၊ နောက် "အညထာ"ဖြင့် "ပုဗ္ဗန္ဟော ဝိယ"ကို အပါဒါန်ပြု၍ "ရှေ့ပုဒ်၏အဆုံးကဲ့သို့ ရွတ်ဆိုရခြင်းမှတစ်ပါး (နောက်ပုဒ်၏အစကဲ့သို့)သော အခြင်းအရာအားဖြင့်"ဟု ဆိုလိုသည်၊ ထို(၅၂)ဂါထာ၌ပင် "ပတ္တသောပမာ"ဟု သန္ဓိစပ်ပုံကို ကြည့်ပါ။ ပတ္တသဒ္ဒ် သဝိဘတ်မကျေဘဲ သန္ဓိစပ်ထား၍ ပတ္တတွင် ပါဒန္တယတိဖြစ်လျက်"သောပမာ" ဟု သဝိဘတ်ကို နောက်ပုဒ်အစ အနေအားဖြင့် ရွတ်ဆိုရသည်။

တတ္ထ ယာဒေသာဒိပရာဒိဝ။ ။"ဣဝဏ်ကို ယပြု, ဧကို ယပြု, ဥဩတို့ကို ဝပြု-နိဂ္ဂဟိတ်ကို ဒပြုစသော အာဒေသကို နောက်ပုဒ်၏အစအနေအားဖြင့် ရွတ်ပါ"ဟု ဆိုသဖြင့် ထိုအာဒေသ၏ရှေ့၌ ယတိဖြတ်၍ ရွတ်ပါ"ဟု ဆိုလိုသည်၊ ၅၃ ဂါထာ၌ ဝန္ဒာမျနန္တဝယ် ဝန္ဒာမိ၌ ဣကို ယပြု၍ သန္ဓိစပ်ထား၏၊ ရွတ်သောအခါ ဝန္ဒာ၌ ပါဒန္တယတိဖြတ်၍ မျကို နောက်ပုဒ်အစ အနေအားဖြင့် ရွတ်ရသည်၊ ဤ၌

http://www.dhammadownload.com

နိပါတ ဥပသာရတိဋ္ဌ ယတိ

၅၁။ စာဒီ ပုဗ္ဗပဒဿာဝ, နိစ္စံ ပုဗ္ဗပဒဿိတာ၊
ပါဒယော နိစ္စသမ္မဒ္ဓာ, ပရာဒီဝ ပရေန တု။

၅၁။ စာဒီ-စ အစရှိသော နိပါတ်ပုဒ်တို့သည်၊ နိစ္စံ-အမြဲ၊ ပုဗ္ဗပဒဿိတာ-ရှေ့ပုဒ်၌ မှီကုန်သည်၊ ဟုတ္တာ-ဖြစ်၍၊ ဝါ-ဖြစ်ခြင်းကြောင့်၊ ပုဗ္ဗပဒဿာဝ-ရှေ့ပုဒ်တို့၏ အဆုံးတို့ကဲ့သို့၊ ဟောန္တိ-ဖြစ်ကုန်၏။ တုထိုမှတစ်ပါး၊ ပါဒယော-ပ အစရှိသော ဥပသာရပုဒ်တို့သည်၊ ပရေန-နောက်ပုဒ်နှင့်၊ နိစ္စသမ္မဒ္ဓာ-အမြဲစပ်ခြင်း ရှိကုန်သည်၊ ဟုတ္တာ-ဖြစ်၍၊ ဝါ-ဖြစ်ခြင်းကြောင့်၊ ပရာဒီဝ-နောက်ပုဒ်၏ အစတို့ကဲ့သို့၊ ဟောန္တိ-ဖြစ်ကုန်၏။

"ဝန္ဒာမိ"ဟု ၃ လုံးသာ ရှိ၍ နောက်၌ အနေကဝဏ္ဏမဟုတ်၊ (မိ-တစ်လုံးသာရှိ)သော်လည်း ယတိဖြတ်နိုင်သည်ဟု မှတ်၊ ထို့ကြောင့် "အနေကဝဏ္ဏတ္တာ+ အဘာဝေပိ"ဟု ဋီကာများ ထည့်ကြသည်။ ["အဓိဂတောခေါ မျာယံ ဓမ္မော, ဗဟွာဗာဓော, အထခွဿ, ယဒနိစ္စံ, တဒနတ္တာ, ဧတေဒဝေါစ, တဒနုပရောဓေန, တမဟံ, ပစ္စတ္တညေဝ, သညောဂေါ" စသော ယာဒေသာဒိ ပုံစံများ၌ ဆရာတို့က ယတိရသော နေရာကို ပြ၍ အသံမှန် ရွတ်ပြကြပါလေ။]

၅၁။ စာဒီ ၊ပေ၊ သိတာ။ ။စ, ဝါ, စသော နိပါတ်ပုဒ်တို့ကို ရှေ့ပုဒ်၏ အဆုံးအနေအားဖြင့် ယတိဖြတ်၍ ရွတ်ရသည်၊ ဘာ့ကြောင့်နည်း၊-ပုဗ္ဗပဒဿိတာ-ထို(စ)အစရှိသော နိပါတ်တို့က ရှေ့ပုဒ်ကို အမြဲမှီသောကြောင့်တည်း၊ ပုံစံကို "ပညာ စ, မေတ္တာ စ"ဟု ထုတ်ထား၏၊ ထိုပုံစံ၌ စနိပါတ်ကို ပညာပုဒ် မေတ္တာပုဒ်တို့၏ အဆုံးအနေအားဖြင့် ယတိဖြတ်၍ ရွတ်ရသည်။[ပုဗ္ဗပဒေ+သိတာ (နိဿိတာ) ပုဗ္ဗပဒဿိတာ၊ ဤပုဒ်သည် ဟိတ်အတွင်းဥပသော ဟေတုမန္တဝိသေသနပုဒ်တည်း။]

ပါဒယော၊ပေ၊ပရေနတု။ ။[တုကို ပက္ခန္တရဇောတကဟု မှတ်၊] ပ-အစရှိသော ဥပသာရပုဒ်တို့ကို (ပရာဒီဝ) နောက်ပုဒ်၏ အစအနေအားဖြင့် ယတိဖြတ်၍ ရွတ်ရသည်၊ ဘာ့ကြောင့်နည်း၊ .... ပရေန

http://www.dhammadownload.com

ပုံစံများ

သဗ္ဗတ္ထောဒါဟရဏာနိ ယထာ

၅၂။ နမေ တံ သိရသာ သဗ္ဗော–ပမာတီတံ တထာဂတံ၊
ယဿ လောကဂ္ဂတံ ပတ္တ–သောပမာ နာ ဟိ ယုဇ္ဇတိ။

၅၃။ မုနိန္ဒံ တံ သဒါ ဝန္ဒာ–မျာနန္တမတိမုတ္တမံ၊
ယဿ ပညာ စ မေတ္တာ စ, နိဿီမာတိဝိဇမ္ဘတိ။

၅၂။ သဗ္ဗတ္ထ-အလုံးစုံသော ယတိငါးရပ်တို့၌၊ ဥဒါဟရဏာနိ-တို့သည်၊ ယထာ-တို့နည်း၊---နမေ တံ ၊ပေ၊ နိဿီမာတိဝိဇမ္ဘတိ-နမေ တံ ၊ပေ၊ နိဿီမာတိဝိဇမ္ဘတိ ဟူသည်တည်း။ [လောကဂ္ဂတံ-တစ်လောကလုံး၌ အမြတ်ဆုံး အဖြစ်သို့၊ ပတ္တဿ-ရောက်တော်မူသော၊ ယဿ(တထာဂတဿ)-အကြင်မြတ်စွာဘုရား၏၊ ဥပမာ-နှိုင်းယှဉ်စရာ ဥပမာသည်၊ နာ ဟိ ယုဇ္ဇတိ-မသင့်၊ ဝါ-မရှိ၊ သဗ္ဗောပမာတီတံ-အလုံးစုံသော ဥပမာကို လွန်တော်မူသော၊ တံ တထာဂတံ-ထိုမြတ်စွာဘုရားကို၊ သိရသာ-ဦးခေါင်းရတနာ, မြတ်အင်္ဂါဖြင့်၊ နမေ-ရှိခိုးပါ၏။

နိစ္စသမ္ဘန္ဓာ-နောက်ပုဒ်နှင့် အမြဲစပ်သောကြောင့်တည်း၊ ဤနိစ္စသမ္ဘန္ဓာလည်း ဟေတုမန္တဝိသေသနပင်၊ ပုံစံကို "နိဿီမာ"ဟု ထုတ်၏၊ နိဥပသာရကို "သီမာ"ဟူသော နောက်ပုဒ်၏ အစအနေအားဖြင့် ရွတ်ရမည် ဖြစ်၍ နိ၌ ယတိ မပြဘဲ, နိ၏ ရှေ့၌သာ ပါဒန္တယတိ ပြထားသည်။

မှတ်ချက်။ ။ဤပြခဲ့သော စကားစဉ်အရ "ပါဒန္တ(သာမည)ယတိ, ဝုတ္တမုဝိသေသယတိ, အနေကဝဏ္ဏပဒမဇ္ဈယတိ, သန္ဓိယတိ, ဥပသဂ္ဂယတိ, နိပါတယတိအားဖြင့် ယတိ ၆ မျိုးကို မှတ်သားခဲ့ပါ။

၅၂။ သဗ္ဗတ္ထောဒါဟရဏာနိ။ ။ပါဒန္တယတိ စသည်တို့၏ ဥဒါဟရုဏ်းကို ပြပြီး ဖြစ်၏၊ ထို့ကြောင့် ပြခဲ့သော (၁) ဝိဘတ္တိလောပသန္ဓိယတိ, (၂) ဝိဘတ္တိအလောပသန္ဓိယတိ, (၃) ယာဒေသာဒိယတိ, (၄) စာဒိယတိ, (၅) ပါဒိယတိဟု ယတိ ၅ ရပ်၏ ဥဒါဟရုဏ်များကို

http://www.dhammadownload.com

၅၃။ ယဿ (မုနိန္ဒဿ)-အကြင်မြတ်စွာဘုရား၏၊ ပညာစ-ပညာတော်သည်လည်းကောင်း၊ မေတ္တာစ-သည်လည်းကောင်း၊ နိဿီမာ-အပိုင်းအခြား မရှိသည်၊ ဟုတ္တာ-၍၊ အတိဝိဇ္ဇာတိ-လွန်စွာတင့်တယ်စံပယ်တော်မူ၏၊ ဥတ္တမံ-မြတ်တော်မူသော၊ အနန္တမတိ-အဆုံးမရှိသော သဗ္ဗညုတညာဏ်ရှိတော်မူသော၊ တံ မုနိန္ဒံ-ထိုမြတ်စွာဘုရားကို၊ သဒါ-အခါခပ်သိမ်း၊ ဝန္ဒာမိ-ရှိခိုးပါ၏။]

စာဒိပါဒိသု ပစ္စုဒါဟရဏာနိ ယထာ

၅၄။ မဟာမေတ္တာ မဟာပညာ, စ ယတ္ထ ပရမောဒယာ၊
ပဏာမာမိ ဇိနံ တံ ပ, ဝရံ ဝရဂုဏာလယံ။

၅၄။ စာဒိပါဒိသု-စ အစရှိသော နိပါတ်ပုဒ်, ပ အစရှိသော ဥပသာရပုဒ်တို့၌၊ ပစ္စုဒါဟရဏာနိ-ဆန့်ကျင်ဘက် ဥဒါဟရုဏ်တို့သည်၊ ယထာ-အဘယ်တို့နည်း၊-မဟာမေတ္တာ ၊ပေ၊ လယံ-မဟာမေတ္တာ ၊ပေ၊

ပြလို၍ "သဗ္ဗတ္ထောဒါဟရဏာနိ"စသည်ကို မိန့်သည်၊ ဤဂါထာများ၌ ထုတ်လိုရင်းပုံစံကို ရှင်းပြခဲ့ပြီ၊ "သဗ္ဗာ+ဥပမာယော သဗ္ဗောပမာယော" ဟု သမာသ်တွဲစဉ်တုန်းက သဗ္ဗာ၌ ယောဝိဘတ် ကျေ၍ ပုမ္ဗောင့်သော အခါ "သဗ္ဗ"ဟု ဖြစ်၏၊ သန္ဓိစပ်သောအခါ "သဗ္ဗောပမာယော"ဟု ဖြစ်၏၊ သဗ္ဗောပမာယော+အတီတော သဗ္ဗောပမာတီတော (တထာဂတော)၊ [ပမာတီတော၌လည်း ယောဝိဘတ် ကျသောကြောင့် "ပုဗ္ဗန္တောဝိယ လောပေ ဝိဘတ္တိယာ"အရ နောက်ပုဒ်၏ အစသရကို ရှေ့ပုဒ်၏ အဆုံးအနေအားဖြင့် "ပမာ"ဟု ယတိဖြတ်၍ ရွတ်ရသည်၊ ပုံစံထုတ်လိုရင်းကား မဟုတ်၊] လောကေ+အဂ္ဂေါ လောကဂ္ဂေါ၊ လောကဂ္ဃသ+ဘာဝေါ လောကဂ္ဃတာ၊ "တံလောကဂ္ဃတံ"ဟု ဝိဘာဇျန္တခံ။

အနန္တမတိ စသည်။ ။အနန္တာ+မတိ ယဿာတိ အနန္တမတိ၊ နတ္ထိ သီမာ ယာယာတိ နိဿီမာ (ပညာ, မေတ္တာ)၊ အတိဝိဇ္ဇာတိ၌ အတိသည် ဥပသာရဖြစ်၍ ဝိဇ္ဇာတိပုဒ်၏ အစအနေအားဖြင့်လည်းကောင်း, နိဿီမာနှင့် သရချေ၍ သန္ဓိစပ်ထားသောကြောင့် နိဿီမာ၏ အဆုံးအနေအားဖြင့်လည်းကောင်း ရွတ်ရသည်၊ ဤနေရာ၌ ပုံစံထုတ်လိုရင်း မဟုတ်။

http://www.dhammadownload.com

လယ် ဟူသည်တည်း။ [ယတ္ထ-အကြောင်မြတ်စွာဘုရား၌၊ မဟာမေတ္တာ စ-ကြီးမားသော မေတ္တာတော်သည်လည်းကောင်း၊ မဟာပညာစ-ကြီးကျယ်သော ပညာတော်သည်လည်းကောင်း၊ ပရမောဒယာ(ပရမ+ဥဒယာ)-သွန်စွာ တိုးပွားကုန်၏၊ ပဝရံ-မြတ်တော်မူသော၊ ဝရဂုဏာလယ်-မြတ်သောဂုဏ်တို့၏ တည်ရာဖြစ်တော်မူသော၊ တံ ဇိနံ-ထိုမြတ်စွာဘုရားကို၊ ပဏာမာမိ-ရှိခိုးပါ၏။]

ကမ်စ္ဆုတဒေါသ

၅၅။ ပဒတ္ထက္ကမတော မုတ္တံ, ကမစ္ဆုတ.မိဒံ ယထာ၊
ခေတ္တံ ဝါ ဒေဟိ ဂါမံ ဝါ, ဒေသံ ဝါ မမ သောဘနံ။

၅၅။ ပဒတ္ထက္ကမတော-ပုဒ်တို့၏ အနက်အစဉ်မှ၊ မုတ္တံ-လွတ်သော၊ က္ကဒံ-ဤဝါကျသည်၊ ကမစ္ဆုတံ-ကမစ္ဆုတဒေါသသင့်သောဝါကျ မည်၏၊ ယထာ-ဥဒါဟရဏ်ကား၊ ခေတ္တံ ဝါ ၊ပေ၊ သောဘနံ-ခေတ္တံ ဝါ ၊ပေ၊ သောဘနံ ဟူသည်တည်း။ [မမ-ကျွန်တော်မျိုးအား၊ သောဘနံ-တင့်တယ်ကောင်းမြတ်သော၊ ခေတ္တံဝါ-လယ်ကိုမူလည်း၊ ဒေဟိ-ပေးသနားတော်မူပါ၊ ဂါမံ ဝါ-ရွာကိုမူလည်း၊ ဒေဟိ-ပေးသနားတော်မူပါ၊ ဒေသံဝါ-ဇနပုဒ်နယ်ပယ်ကိုမူလည်း၊ ဒေဟိ-ပေးသနားတော်မူပါ။]

၅၄။ ဤဂါထာ၌ မဟာပညာ၏ အဆုံး, တံပ၏ အဆုံးတို့သည် ပါဒန္တဖြစ်၍ မုခ္ဓ ယတိဖြတ်ရမည့် ဌာနတည်း၊ "စ ယတ္ထ"ဝယ် စနိပါတ်သည် "မဟာပညာ"ဟူသော ရှေ့ပုဒ်အဆုံး ဖြစ်သင့်ပါလျက် "စယတ္ထ" ဟု နောက်ပုဒ်အစ ဖြစ်နေသောကြောင့်လည်းကောင်း, ပ+ဝရံ၌ ပ ဥပသာရလည်း ဝရံ၏ အစ ဖြစ်သင့်လျက် တံ ဟူသော ရှေ့ပုဒ်၏ အဆုံး ဖြစ်နေသောကြောင့်လည်းကောင်း ဆန့်ကျင်ဘက် ဥဒါဟရဏ် (နည်းလမ်းမကျသော ပုံစံ)များ ဖြစ်ရလေသည်။

၅၅။ ပဒတ္ထက္ကမတော တျာဒိ။ ။ ပြောအပ်သော ပုဒ် (တောင်းကြောင်းစကားလုံး)တို့ကို "ပဒ"ဟု ခေါ်၏၊ ထိုပဒတို့၏ အနက်ကို " ပဒါနံ + အတ္ထော ပဒတ္ထော " ဟု ခေါ်၏၊ လောက၌

http://www.dhammadownload.com

ပြောရိုး ပြောစဉ် တောင်းရိုး တောင်းစဉ် ရှိ၏၊ ထိုအစဉ်ကို "ပဒတ္ထာနံ+ကမော" အရ ပဒတ္ထက္ကမဟု ခေါ်၏၊ ထိုသို့ ပြောရိုး တောင်းစဉ်မကျသော ဝါကျသည် "ကမစ္ဆိက"ဒေါသ သင့်၏။ [ကမတော-အစဉ်မှ+စုတံ-ရွှေ့လျော်သော ဝါကျတည်း၊ ကမစ္ဆုတံ။]

[ဆောင်] လောကရိုးရာ, စဉ်လာ စွန့်ပစ်, ဝါကျဖြစ်, ကမစ္ဆုတတဲ့။

ပုံစံ။ ။လောကဌ သူတစ်ပါးထံ တောင်းရာဝယ် အများမှ စ၍ တောင်းရ၏၊ အများမပေးနိုင်လျှင် တဖြည်းဖြည်း လျှော့၍ လျှော့၍ တောင်းရ၏၊ ဤပုံစံဌကား-လယ်ကို စ၍ တောင်း၏၊ လယ်ကို မပေးနိုင်လျှင် "ရွာစားဆုကို ပေးပါ"ဟု လယ်ထက် တန်ဖိုးမြင့်သော ရွာကို တောင်း၏၊ "ရွာကို မပေးနိုင်ပြန်လျှင် ဇနပုဒ်ကို ပေးပါ"ဟု ရွာထက် အဆင့်အတန်းမြင့်သော နယ်ပယ်ဇနပုဒ် (ခရိုင်တစ်ခုလုံး)ကို တောင်းပြန်၏၊ ဤတောင်းပုံသည် တောင်းရိုးတောင်းစဉ် မကျသောကြောင့် "ကမစ္ဆုတ"ဒေါသသင့်သော တောင်းခြင်းဖြစ်သည်။ ["မျက်နှာသုတ်ပဝါကလေး စွန့်စမ်းပါ၊ အဲဒါ မစွန့်နိုင်လျှင် သင်းပိုင်တစ်ထည်လောက် စွန့်ပါ၊ အဲဒါမှ မစွန့်နိုင်လျှင် ဧကသီတစ်ထည်လောက် စွန့်ပါ"ဟု တောင်းခြင်းလည်း ကမစ္ဆုတဒေါသ သင့်၏။]

စံကျောင်းနိသယ။ ။အမြတ်ကို ရှေ့က ထား၊-ဘုရား, တရား, သံဃာ၊ ကျေးဇူးများသည်ကို ရှေ့ထား၊-အမိ, အဘ၊ မျက်စိ, နား, နှာ၊ အနည်းသချှာကို ရှေ့ထား၊-၄ ရက်, ၅ ရက်၊ သတ္တိနည်းသော ကုသိုလ်ကို ရှေ့ထား၊- ဒါန, သီလ, ဘာဝနာ၊ ဤအစဉ်မကျလျှင် ကမစ္ဆုတဒေါသ သင့်၏၊ ဤသို့ မှာထားလေသည်၊ သို့သော်-အပက္ကမဒေါသအဖြေ၌ "ဘာဝနာဒါနသီလေဟိ"ဟု ကျမ်းဆရာကိုယ်တိုင် ဘာဝနာကို စ၍ အစဉ်ပြထားသောကြောင့်လည်းကောင်း, ဓမ္မဒေသနာသိက္ခာပုဒ်၌ "ဆပ္ပဉ္ဉဝါစာဟိ"ဟု အများသချှာကို ရှေ့ကထားသောကြောင့်လည်းကောင်း ထိုအမှာစကားကို စဉ်းစားပါလေ။

http://www.dhammadownload.com

အတိဝုတ္ထဒေါသ

၅၆။ လောကိယတ္ထမတိက္ကန္တံ, အတိဝုတ္ထံ မတံ ယထာ၊
အတိသမ္ဘဝမောကာသ, မေတိသာ ထနဇမ္ဘဏော။

၅၆။ လောကိယတ္ထံ-လောကဋ္ဌ ထင်ရှားသော အနက်ကို၊ အတိက္ကန္တံ-လွန်သောဝါကျကို၊ အတိဝုတ္ထံ-အတိဝုတ္ထဒေါသရှိသော ဝါကျဟူ၍၊ ဝါ-အလွန်အပြောကြီးသော စကားဟူ၍၊ မတံ-သိအပ်၏၊ ယထာ-ဥဒါဟရဏ်ကား၊ အတိ၊ပေ၊ဇမ္ဘဏော-အတိ၊ပေ၊ဇမ္ဘဏော ဟူသည်တည်း။ [ဧတိသာ-ဤမိန်းမ၏၊ ထနဇမ္ဘဏော-သားမြတ်နှစ်သွယ်, ပြန့်ကျယ်စည်ကားခြင်းဌ၊ အာကာသံ-ကောင်းကင်သည်၊ အတိသမ္ဘာဓံ-အလွန်ကျဉ်းမြောင်း၏။]

၅၆။ လောကိယတ္ထတျာဒီ။ ။[အတိ-အလွန်အကဲ၊ ဝုတ္တံ-ပြောဆိုအပ်သော စကား၊] လောကဋ္ဌ ဖြစ်ရိုးဖြစ်စဉ်ထက် ကဲလွန်းသော (အပို အမိုဆိုအပ်သော) စကားဝါကျသည် အတိဝုတ္ထဒေါသ သင့်၏၊ ပုံစံသည် "မည်သည့်မိန်းမရဲ့ သားမြတ် ၂ သွယ် ကြီးကျယ်ပုံကတော့ ကောင်းကင်တောင် နေရာ မဆန့်တော့ဘူး"ဟု သားမြတ်ကြီးပုံကို ပြောသောစကားတည်း၊ ထိုစကားဌ "ကောင်းကင်တောင် မဆန့်"ဟူသော စကားလုံးသည် အတိဝုတ္ထဖြစ်၏၊ ထိုစကားကြောင့် တစ်ဝါကျလုံး အတိဝုတ္ထဒေါသ သင့်သောဝါကျ ဖြစ်ရတော့သည်။

မြန်မာအတိဝုတ်။ ။ချည်ပါသားနှင့် ပခန်းသားတို့ စကားနိုင်လုဲ၍ ပြောကြရာဌ "ငါတို့ရွာက ရွှေဖရုံသီးကြီးဟာ မစေးတယ် စေးတယ် မပြောနဲ့တော့၊ ရွှေဖရုံသီးချက်ပြီး လယ်တောသွားတဲ့အခါ ဖရုံသီးဟင်းအိုးကို လှည်းဦးမှာ တင်ထားတုန်း ကျီးက ခဲသွားလို့ လှည်းကြီးပါကပ်ပြီး မြောက်ပါသွားတာပဲ"ဟု ချည်ပါသားက ပြောအပ်သော စကားမျိုးလည်း အတိဝုတ္ထဒေါသပင်။

[ဆောင်] လောကထင်ရှား, အနက်များကို, လွန်သွားစေပြီး, စကားကြီး စကားကျယ်, ဝါကျဝယ်, မှတ်ဖွယ် တိဝုတ်ဒေါသတဲ့။

ထနဇမ္ဘဏော။ ။ဇာတိမာတ်သည် ဝိဇမ္ဘဏ(ကိုယ်ကို ဆန့်တန်းခြင်း) အနက်ကို ဟော၏၊ ထောမနိမိ အာဘိဓာန်ဌ ရိဆွဲဖြင့် ဇ်ရိမ္ဘသဒ္ဒါသည် မုခဝိကာသ (ခံတွင်း၏ ကျယ်ပွင့်ခြင်း) အနက်ဟောဟု ဆို၏၊

http://www.dhammadownload.com

ရိဆွဲပါသောကြောင့် ဋီကာ၌ "ဇုမ္ဘကော"ဟု ဥသရန္ဒင့် ပြသည်၊ ရှေ့၌ (ရ)ပါသောကြောင့် နကို ဏာပြုထား၏၊ ထနာနံ-သားမြတ်၂ သွယ်တို့၏ ဇုမ္ဘကံ(ဇုမ္ဘကံ)-ကြီးကျယ် ဖွံ့ထွားခြင်းတည်း၊ ထနဇုမ္ဘကံ-ခြင်း၊ [ဧတ္ထ ပယောဓရာနံ မဟန္တတ္တံ ဝဒါမာတိ လောကေ မဟန္တန္တိ ပသိဒ္ဓံ ဂဂနမပိ အတိက္ကန္တတ္တာ ဝါကျံ အတိဝုတ္တဒေါသေန ဒူသိတံ။။] "လောကေ+ဝိဒိတာ လောကိယာ၊ လောကိယာ စ+တေ+အတ္ထာစာတိ လောကိယတ္ထာ-လောကဋ္ဌ ထင်ရှားပြီးသောအနက်(အကြောင်းအရာ)"ဟု ပြု။

ရှေးနိဿယ။ ။ယောနိဿယ၌ "ဧတိဿာ-ဤသားသည်အမိမိန်း၏၊ ထနဇုမ္ဘကော-အပျဉ်းကျသော သားမြတ်၂ ခုကို ဆွဲ၍ ဖြန့်သည်ရှိသော်"ဟု ပေး၏၊ အမှန်အားဖြင့် ထိုသို့ နှိမ့်ချသောသဘောမဟုတ်ချေ၊ သားမြတ်နှစ်သွယ်၏ ကြီးထွားပုံကို ချီးမွမ်းသော အနေအားဖြင့် ပြောခြင်းသာ ဖြစ်၏၊ ချီးမွမ်းရာဝယ် အပြောကြီးလွန်းသောကြောင့်သာ အတိဝုတ္တဒေါသ သင့်ရလေသည်၊ ကာဗျဒဿ၌ပါသော အောက်ပါ ပုံစံကို ထပ်မံ ရှုပါ။

အပွ·မာကာသနိမ္မိတံ, အနာလောစ္ဆေဝ ဝေဓသာ၊
ဣဒ·မေဝံ ဝိဓံ ဘာဝိ, ဘဝတျာ ထနဇုမ္ဘကံ။

ဘဝတျာ-အရှင်မ၏၊ ဣဒံ ထနဇုမ္ဘကံ-ဤသားမြတ်၂ သွယ်, ကြီးကျယ်ဖွံ့ထွား, စည်ကားခြင်းသည်၊ ဧဝံ ဝိဓံ-ဤမျှတိုင်ရောက်, ကျယ်ပြန့်လောက်သည်၊ ဘာဝိ-ဖြစ်လိမ့်မည်၊ ဣတိ-သို့၊ အနာလောစ္ဆေဝ-သတိမထား, မစဉ်းစားမိ၍သာ၊ ဝေဓသာ-ကမ္ဘာဖန်ဆင်း, ဗြဟ္မာမင်းသည်၊ အာကာသံ-ကောင်းကင်ကို၊ အပွံ-ကျဉ်းကျဉ်းငယ်ငယ်၊ နိမ္မိတံ-ဖန်ဆင်းအပ်မိလေပြီ။

အဓျတ္ထနှင့်အတိဝုတ္တ။ ။အဓျတ္ထလည်း အပြောကြီး၏၊ ထို့ကြောင့် ဝိသေသနအနက်မျှ လွန်တက်အောင် အပြောကြီးခြင်းသည် အဓျတ္ထဒေါသ, တစ်ဝါကျလုံး အပြောကြီးရာရောက်အောင် အပြောကြီးခြင်းသည် အတိဝုတ္တဒေါသဟု ခွဲ။

[ဆောင်] ဝိသေသနတ်, နက်လွန်လတ်, အဓျတ်ဒေါသ ခေါ်၊
ဝါကျတစ်ခုလုံး, လွန်အောင်သုံး, ခေါ်ထုံး တိဝုတ်သော်။

http://www.dhammadownload.com

အပေတတ္ထ

၅၇။ သမုဒါယတ္ထတောပေတံ, တံ အပေတတ္ထက် ယထာ၊
ဂါဝီပုတ္တော ဗလီဗဒ္ဒေါ, တိဏံ ခါဒိ ပိဝီ ဇလံ။

၅၇။ ယံ-အကြောင်ဝါကျသည်၊ သမုဒါယတ္ထတော-ပုဒ်အပေါင်း၏ အနက်မှ၊ ဝါ-ပိဏ္ဍတ္ထအနက်မှ၊ အပေတံ-ကင်း၏၊ တံ-ထိုဝါကျသည်၊ အပေတတ္ထက်-အပေတတ္ထကဒေါသရှိသောဝါကျ မည်၏၊ ယထာ-ဥဒါဟရဏ်ကား၊ ဂါဝီ ၊ပေါ ဇလံ-ဂါဝီ ၊ပေါ ဇလံဟူသည်တည်း၊ .... [ဂါဝီပုတ္တော-နွားမ၏သားဖြစ်သော၊ ဗလီဗဒ္ဒေါ-နွားလားကြီးသည်၊ တိဏံ-မြက်ကို၊ ခါဒိ-စားပြီ၊ ဇလံ-ရေကို၊ ပိဝီ-သောက်ပြီ။]

၅၇။ သမုဒါယတ္ထတောတျာဒီ။ ။တစ်ပုဒ်စီ တစ်ပုဒ်စီ အနက်ရသော်လည်း၊ ထိုပုဒ်အပေါင်း(ဝါကျ)၏ အနက်အဓိပ္ပာယ် မရလျှင် ထိုဝါကျသည် အပေတတ္ထဒေါသ သင့်၏၊ သမုဒါယသာ-ပုဒ်အပေါင်း၏ ဝါ-ပုဒ်အပေါင်းဖြစ်သော ဝါကျ၏+အတ္ထော-တည်း၊ သမုဒါယတ္ထော၊ ဤသမုဒါယတ္ထကိုပင် ကျမ်းစာအသုံးအားဖြင့် "ပိဏ္ဍတ္ထ"ဟုလည်း ခေါ်၏။ [အတ္ထတော-ပိဏ္ဍတ္ထမှ + အပေတံ-တည်း၊ အပေတတ္ထံ-ပိဏ္ဍတ္ထမှ ကင်းသောဝါကျ။]

[ဆောင်] တစ်ပုဒ်စီမျှ, အနက်ရလည်း, ဝါကျအတွက်, ပိဏ္ဍတ်နက်က,
ကောက်မရ, အပေတတ္ထခေါ်။

ပုံဖော်။ ။"ဂါဝီပုတ္တော"စသော ပုံစံ၌ နွားမှန်လျှင် နွားမမှ မွေး၍ မြက်စားရိုးရသောက်ရိုး ဖြစ်သောကြောင့် ထူးခြားသော အဓိပ္ပာယ် မရ, ကလေးစကား အရူးစကားမျိုးမျှသာ ဖြစ်၏၊ ဤသို့ ဝါကျတစ်ရပ်လုံး (ဘာဆိုလိုမှန်း မသိရလောက်အောင်) ပိဏ္ဍတ္ထအဓိပ္ပာယ် ကောက်၍ မရသောကြောင့် "အပေတတ္ထဒေါသ" သင့်သည်။

ဋီကာ။ ။"တ္ထေ အဝယဝတ္ထမတ္တေန ဝိနာ-အစိတ်အစိတ်အနက်မျှနှင့် ကင်း၍ (အစိတ်အစိတ်ပုဒ်၏ အနက်သာ ပေးလို့ရ၍-ဟူလို့) ဂမျမာနသာကဿစိ ဝိသေသတ္ထဿ အဘာဝါ-တစ်ဝါကျလုံးဖြင့် သိအပ်သော တစ်စုံတစ်ခု အနက်ထူး၏ မရှိခြင်းကြောင့်၊ သမုဒါယတ္ထတော အပဂတံနာမဟောတိ" [အနတ္ထကဒေါသသည် တစ်ပုဒ်တည်း၌သာ သင့်၏၊ အပေတတ္ထဒေါသကား တစ်ဝါကျလုံး၌ သင့်သည်။]

http://www.dhammadownload.com

ဗန္ဓဖရုသဒေါသ

၅၈။ ဗန္ဓေ ဖရုသတာ ယတ္ထ, တံ ဗန္ဓဖရုသံ ယထာ၊
ခရာ ခီလာ ပရိက္ခီဏာ, ခေတ္တေ ခိတ္တံ ဖလတျလံ။

၅၈။ ယတ္ထ-အကြင် ဝါကျ၌၊ ဗန္ဓေ-အဖွဲ့အနွဲ့၌၊ ဖရုသတာ-ကြမ်းတမ်းသော အက္ခရာရှိသည်၏အဖြစ်သည်၊ ဟောတိ-ဖြစ်၏၊ ဝါ-ပါရှိ၏၊ တံ-ထိုဝါကျသည်၊ ဗန္ဓဖရုသံ-ဗန္ဓဖရုသဒေါသ ရှိ၏၊ ယထာ-ဥဒါဟရုဏ်ကား၊- ခရာ ।ပေ। တျလံ-ခရာ ।ပေ। တျလံဟူသည်တည်း။ [ခရာ-ကြမ်းတမ်းကုန်သော၊ ခီလာ-သစ်ငုတ်စသော ပေါင်းမြက်တို့သည်၊ ပရိက္ခီဏာ-ကုန်လေကုန်ပြီ၊ (လယ်ထဲ၌ ကုန်ပြီ-ဟူလို၊) ခေတ္တေ-လယ်၌၊ ခိတ္တံ-ကြဲချအပ်သော မျိုးစေ့သည်၊ အလံ-စေကန်၊ ဖလတိ-အသီး သီး၏။]

၅၈။ ဗန္ဓေ ဖရုသတာတျာဒိ။ ။အဖွဲ့အနွဲ့၌ နားမခံသာအောင် ကြမ်းတမ်းသော အက္ခရာများစွာ ပါဝင်သော ဝါကျသည် ဗန္ဓဖရုသဒေါသ သင့်၏၊ [ဖရုသတာ-ဖရုသတာဟူသည်၊ သုတိသုခတာဘာဝတော-ကြားရခြင်း၌ နားချမ်းသာမှု မရှိသည်၏ အဖြစ်ကြောင့်၊ (နားမချမ်းသာခြင်းကြောင့်)၊ ဖရုသဘာဝေါ-ကြမ်းတမ်းသည်၏အဖြစ်တည်း၊ ဗန္ဓေ+ဖရုသံ ယတ္ထာတိ ဗန္ဓဖရုသံ-အဖွဲ့အနွဲ့တွင် ကြမ်းတမ်းသော အက္ခရာ များစွာ ပါဝင်ခြင်းရှိသော ဝါကျ။] ပုံစံကို ရွတ်ရာ၌ ဓနိတ အက္ခရာတို့ကို ပြင်းပြင်းထန်ထန် ရွတ်ပါ။

ပုံစံ။ ။ခ အက္ခရာ ၅ လုံးပါ၏၊ ဖ အက္ခရာ တစ်လုံးပါ၏၊ ထို အက္ခရာတို့ကို ရွတ်ရာ၌ ဓနိတဖြစ်သောကြောင့် တင်းတင်းမာမာ ရွတ်ရ၏၊ တင်းတင်းမာမာအသံ များစွာကို ကြားရသဖြင့် နားမချမ်းသာ၊ ထို့ကြောင့် ထိုပုံစံသည် ဗန္ဓဖရုသဒေါသ သင့်၏။ ["အလံကို အတိ သယေန, ဖလတိကို နိပ္ဖဇ္ဇတိ"ဟု ဋီကာဖွင့်သည်။]

[ဆောင်] ဖရုသအက္ခရာ, များစွာပါသဖြင့်, ကြားနာရချက်,
မသက်သာလှ, ထိုဝါကျ, ဗန္ဓဖရုသခေါ်။

အမှာ။ ။ယောနိသယ၌ "ဗျာကရုဏ်းဆရာတို့ အလိုအားဖြင့် ယောသအက္ခရာ များစွာပါသော အဖွဲ့သည် ဗန္ဓဖရုသဒေါသ သင့်၏" ဟု ဆို၏၊ ["သက္ကတ အလင်္ကာဆရာများကို ဗျာကရုဏ်းဆရာ" ဟု

http://www.dhammadownload.com

ဝါကျတ္ထဒေါသ ၆ ပါး

၅၉။ ဥေယျံ လက္ခဏမနွတ္ထ-ဝသေနာပက္ကမာဒိနံ၊
ဥဒါဟရဏမေတေသံ, ဒါနိ သန္ဒဿယာမျဟံ။

၅၉။ အပက္ကမာဒီနံ-အပက္ကမ အစရှိသော ဝါကျတ္ထဒေါသ ၆ ပါး တို့၏၊ အနွတ္ထဝသေန-အနက်သို့ အစဉ်လိုက်သော အမည်၏ အစွမ်းဖြင့်၊ လက္ခဏံ-မှတ်ကြောင်းသုတ်ကို၊ ဥေယျံ-သိအပ်သိနိုင်၏၊ ဒါနိ-ယခုအခါ၌၊ ဧတေသံ-ထိုဝါကျတ္ထဒေါသတို့၏၊ ဥဒါဟရဏံ-ဥဒါဟရုဏ်ကိုသာ၊ သန္ဒဿယာမိ-ကောင်းစွာ ပြပေအံ့။

ဆိုလိုဟန်တူ၏၊] သက္ကတအလင်္ကာကျမ်းဆရာတို့ကား "မဟာပါဏအက္ခရာများစွာ ပါရှိသော အဖွဲ့ကို ဗန္ဓဖရုသ"ဟု ဆို၏၊ "ဃောသအက္ခရာ"ဟု မဆို၊ မဟာပါဏအက္ခရာဟူသည် ဝဂ်၏ ဒုတိယ စတုတ္ထဖြစ်သော ဓနိတအက္ခရာများ, တာလုဇ သ, မုဒ္ဓဇ သ, ဒန္တဇ သ, ဤ ၃ လုံးနှင့် ဟအက္ခရာ ပေါင်း ၁၄ လုံးတည်း၊ ဤသုဗောဓာလင်္ကာရကျမ်းဆရာအလိုအားဖြင့်ကား ထို ၁၄ လုံးတွင် ဓနိတအက္ခရာ ၁၀ လုံးကိုသာ ဗန္ဓဖရုသဖြစ်ကြောင်း အက္ခရာများဟု ဆိုလိုဟန် တူ၏၊ ထို့ကြောင့် "ခရာ ခိလာ"စသော ဗန္ဓဖရုသပုံစံ၌ "သ-ဟ" မပါဘဲ ဓနိတများကိုသာ ထုတ်ပြလေသည်ဟု စံကျောင်းနိဿယ မိန့်သည်။ [ဂါမ္မဒေါသ၌ အနက်အဓိပ္ပာယ် ကြမ်းတမ်း၏၊ ဤဗန္ဓဖရုသဒေါသ၌ အက္ခရာ (အသံ) ကြမ်းတမ်း၏၊ ဤသို့ ကြမ်းပုံ ၂ မျိုးခွဲပါ။]

၅၉။ ဝါကျဒေါသကို ပြပြီး၍ ဝါကျတ္ထဒေါသကို ပြလိုသောကြောင့် "ဥေယျံလက္ခဏ"စသည် မိန့်၊ ရှေ့ပဒဒေါသ ဝါကျဒေါသတို့၌ လက္ခဏနှင့် လက္ချ (သုတ်နှင့် ဥဒါဟရုဏ်)တို့ကို တွဲဖက်၍ ပြခဲ့၏၊ ဤဝါကျတ္ထဒေါသကို ပြရာ၌ကား "အပက္ကမ"ဟူသော နာမည်၌ "အပ-ကင်းသော+ကမ-အစဉ်"ဟု အနက်ထွက်၏၊ ထို့ကြောင့် ရှေ့နောက်အစဉ်မတည့်ခြင်းကို "အပက္ကမဒေါသ"ဟု သိနိုင်၏၊ ဤသို့ စသည်ဖြင့် အနက်အတိုင်း မှည့်ထားအပ်သော အနွတ္ထနာမည်ကို ကြည့်၍ သဘောကို သိနိုင်သောကြောင့် သဘောကို ပြသောသုတ်ကို မပြတော့ဘဲ ဥဒါဟရုဏ်ကိုသာ ပြတော့မည်-ဟူလို။

http://www.dhammadownload.com

တတ္ထာ·ပက္ကမံ ယထာ

၆၀။ ဘာဝနာဒါနသီလာနိ, သမ္မာ သမ္မာဒိတာနိဟ၊
ဘောဂသဂ္ဂါဒိနိဗ္ဗာန–သာဓနာနိ နု သံသယော။

၆၀။ တတ္ထ-ထို ၆ ပါးတို့တွင်၊ အပက္ကမံ-အပက္ကမဒေါသသည်၊ ယထာ-အဘယ်နည်း။... ကျဟ-ဤဘဝ၌၊ သမ္မာ-ကောင်းစွာ၊ သမ္မာဒိတာနိ-ပြီးစီးစေအပ်ကုန်သော၊ ဘာဝနာဒါနသီလာနိ-ဘာဝနာ ဒါနသီလတို့သည်၊ ဘောဂသဂ္ဂါဒိနိဗ္ဗာနသာဓနာနိ-ပစ္စည်းဥစ္စာ နတ်ပြည် အစရှိသော သမ္ပတ္တိ, နိဗ္ဗာန်ဟူသော အကျိုးကို ပြီးစေနိုင်ကုန်၏၊ သံသယော-ယုံမှားဖွယ်သည်၊ နု-မရှိ။

၆၀။ ။အပေတော+ကမော ယတ္ထာတိ အပက္ကမော-ကင်းသော အစဉ်ရှိသော ဝါကျနက်၊ ဘာဝနာနှင့်နိဗ္ဗာန်, ဒါနနှင့် ဘောဂ, သီလနှင့် သဂ္ဂါဒိ-ဤသို့ စဉ်ရမည် ဖြစ်ပါလျက် "ယထာက္ကမနည်း မကျဘဲ "ဘာဝနာဒါနသီလာနိ"ဟူသော ရှေ့အစဉ်နှင့် မတည့်အောင် "ဘောဂသဂ္ဂါဒိနိဗ္ဗာန"ဟု နောက်၌ စဉ်သောကြောင့် အပက္ကမဒေါသ သင့်၏။

[ဆောင်] ကြောင်းစဉ်အမျှ, ကျိုးစဉ်ပြဖို့, လောကထုံးစံ, ရှိသည်မှန်လည်း, ထုံးဧံမသက်, အစဉ်ဖျက်က, ဝါကျထွ, အပက္ကမခေါ်။

သမ္မာ သမ္မာဒိတာနိ။ ။ကျဟ-ကျမသို့ အတ္တဘာဝေ (အတ္တဘောဟူသည် ဘဝတည်း၊) အလောဘာဒိဟေတုသမ္ပတ္တိယာ-အလောဘစသော ကုသိုလ်ဟိတ်၏ ပြည့်စုံခြင်းအားဖြင့်၊ သက္ကစ္စံ သမ္မာဒိတာနိ-ကောင်းမွန်စွာ ပြီးစီးစေအပ်ကုန်ပြီးသော၊ ရာသိကတာနိ-အပေါင်းအစု ပြုအပ်ကုန်ပြီးသော၊ ဘာဝနာဒါနသီလာနိ-တို့သည်၊....

ဘောဂသဂ္ဂါဒိ၊ပေ၊သာဓနာနိ။ ။["ဥပဘောဂပရိဘောဂါဒိ, သဂ္ဂါပ္ပတ္တိ အာယုအာရောဂျာဒိ, နိဗ္ဗာနန္တိ, ဧတေသံ သာဓကာနိ၊-ဋီကာ၊] ဥပဘောဂပရိဘောဂါဒိ-ရူပါရုံစသော ကာမဂုဏ် ၅ ပါး, ထိုကာမဂုဏ်များ၏ အဆောက်အဦဖြစ်သော ဆင် မြင်းစသည်လည်းကောင်း (ဘောဂအဖွင့်)၊ သဂ္ဂါပ္ပတ္တိ အာယုအာရောဂျာဒိ-နတ်ပြည်၌ဖြစ်ခြင်း, လူ့ပြည်ဝယ် အသက်ရှည်ခြင်း အနာကင်းခြင်း စသည်လည်းကောင်း (သဂ္ဂါဒိအဖွင့်)၊ အာဒိအရ လူ့ဘဝ၌ အသက်ရှည်ခြင်း အနာကင်းခြင်း စသည်ကို ယူပါ-ဟူလို၊ အာရောဂျာဒိ၌ အာဒိဖြင့် ဝဏ္ဏ သုခ ဗလ စသည်များကိုပါ ယူ။ [ကမစ္ဆုတနှင့် အပက္ကမ အထူးကို အပက္ကမဒေါသ အဖြေကျမှ ပြအံ့။]

http://www.dhammadownload.com

ဩစိတျဟီနံ ယထာ

၆၁။ ပူဇနီယတရော လောကေ, အဟမေကော နိရန္တရံ၊
မယေကသ္မိ ဂုဏာ သဗ္ဗေ, ယတော သမုဒိတာ အဟုံ။

၆၁။ ဩစိတျဟီနံ-ဩစိတျဟီနဒေါသဟူသည်၊ ယထာ-နည်း၊--ပူဇနီယ ၊ပေ၊ အဟုံ-တည်း၊ ယတော-အကြင့်ကြောင့်၊ ဧကသ္မိ-တစ်ယောက်တည်းသော၊ မယိ-၌၊ သဗ္ဗေ-အလုံးစုံကုန်သော၊ ဂုဏာ-ဂုဏ်ထူးတို့သည်၊ သမုဒိတာ-ပေါင်းဆုံကြကုန်သည်၊ အဟုံ-ဖြစ်ကုန်ပြီ၊ (တတော-ထို့ကြောင့်၊) လောကေ-လောကဌ်၌၊ အဟံ ဧကော-ငါ တစ်ယောက်တည်းကို၊ နိရန္တရံ-အမြဲမပြတ်၊ ပူဇနီယတရော-လွန်စွာ ပူဇော်ထိုက်၏။

၆၁။ ပူဇနီယတရောတျာဒိ။ ။ဥစ္စာတ်, ကပစ္စည်းဖြင့်ပြီးသော "ဥစိတံ"သဒ္ဒါသည် "ယုတ္တ-သင့်လျော်"အနက်ကို ဟော၏၊ ဥစိတသဿသင့်လျော်သောစကား၏+ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာ (သင့်လျော်ခြင်းဂုဏ်)သည်၊ ဩစိတျ-မည်၏၊ လောကဌ် မိမိဂုဏ်ကို မိမိဖော်၍ မပြောခြင်း, အပြောနှင့်အလုပ် ညီညွတ်ခြင်း, ရှေ့စကားနှင့် နောက်စကား လိုက်လျောခြင်းသည် ဩစိတျဂုဏ်ရောက်၏၊ ကိုယ့်ကိုယ်ကို ကိုယ်တိုင်ချီးမွမ်းခြင်း (ကြွားခြင်း), နှုတ်အပြောနှင့် ကိုယ်အလုပ် မညီခြင်း, ရှေ့စကားနှင့် နောက်စကား မညီခြင်းသည် ဩစိတျဟီနဒေါသရောက်၏။ [အတိဝုတ္တဒေါသဌ် သူတစ်ပါးအတွက် အလွန်ပြောခြင်းဖြစ်၏၊ ဤဩစိတျဟီနကား မိမိဂုဏ်ကို ချီးမွမ်းခြင်းတည်း။]

[ဆောင်] ကိုယ့်ဂုဏ်ကိုယ်ထုတ်, ပြော-အလုပ်လည်း, မဟုတ် ရှေ့နောက်,
သွေဖောက်တတ်သဖြင့်, မသင့်တင့်က, ဝါကျတ္ထ, ဟီနဩစိတ်ခေါ်။

ပုံစံဂါထာ၌ "ဂုဏ်ဟူသမျှ ငါ့မှာ အားလုံးစုံနေသောကြောင့် ငါသည် အမြဲ ပူဇော် အခံထိုက်ဆုံး ဖြစ်၏"ဟု ဆိုခြင်းသည် ကိုယ့်ကိုယ်ကို ချီးမြှောက်လွန်းရာ (ကြွားရာ) ရောက်သောကြောင့် ဩစိတျဟီနဒေါသ (ကြွားဝါမှုအပြစ်)သင့်သည်၊ စတုမဋ္ဌဇာတ်၌ မြေခွေးက မိမိကိုယ်ကို "မိဂရာဇာ-ခြင်္သေ့"ဟု ခေါ်ခြင်းမျိုးလည်း ဩစိတျဟီနဒေါသပင်တည်း။ ["ဧဝံ အတ္တာပသံသနတော ဥစိတတာယ ပရိဟာနိ (သင့်လျော်သည်၏အဖြစ်မှ ယုတ်လျော့ခြင်း ဖြစ်၏၊) ဣတိ ဩစိတျဟီနံ နာမ"--ဋီကာ။]

http://www.dhammadownload.com

ယထာ စ

၆၂။ ယာစိတောဟံ ကထံ နာမ, နု ဒဇ္ဇာမျပိ ဇီဝိတံ၊
တထာပိ ပုတ္တဒါနေန, ဝေဓတေ ဟဒယံ မမ။

၆၂။ ယထာ စ-ရှေ့နောက်မညီမျှသော ဩစိတျဥဒါဟရဏ် တစ်မျိုးကား၊--ယာစိတော-တောင်းအပ်သည်၊ (သမာနော-ဖြစ်လတ်သော်) အဟံ-ငါသည်၊ ဇီဝိတမ်ပိ-အသက်ကိုသော်လည်း၊ ကထံ နာမ-အဘယ်မည်သော အကြောင်းကြောင့်၊ နု ဒဇ္ဇာမိ-မလှူဘဲ ရှိအံ့နည်း၊ တထာပိ-ထိုသို့ပင် ကြိုးဝါးခဲ့ပါသော်လည်း၊ ပုတ္တဒါနေန-သားတော် သမီးတော်ကို ပေးလှူရခြင်းကြောင့်၊ မမ-ဝေဿန္တရာ ငါမင်းမြတ်၏၊ ဟဒယံ-စိတ်နှလုံးသည်၊ ဝေဓတေ-တုန်လှုပ်၏။

၆၂။ ယာစိတောဟံတျာဒိ။ ။"ငါသည် အတောင်းအရမ်းလာသူအား မပေးဘဲ မနေနိုင်၊ အသက်ကိုပင် ပေးတော်မူမည်"-ဤကား စောစောက ပြောထားသော ရှေ့စကားတည်း၊ "သို့သော် သားတော် သမီးတော်တို့ကို လှူရတဲ့အခါမှာ (ထိုလှူမှုကြောင့်) ငါ၏စိတ်နှလုံးများ တုန်လှုပ်နေသည်"-ဤကား နောက်အဖို့၌ ဖြစ်ပုံတည်း၊ ဤဂါထာ၌ "အသက်ကိုပင် ပေးမည်"ဟု ပြောသော ရှေ့စကားနှင့်"အသက်လောက် မကြီးကျယ်သေးသော သား သမီးကို လှူရခြင်းကြောင့် တုန်လှုပ်၏" ဟူသော နောက်စကားသည် ရှေ့နောက် မညီသောကြောင့် "ဩစိတျဟီနဒေါသ သင့်၏"ဟု ဆိုလိုကြသည်။

မှတ်ချက်။ ။ဤဂါထာသည် ဝေဿန္တရာဇာတ်တော်လာ အလောင်းတော်၏ ဖြစ်ပုံကို ပြသော ဂါထာဖြစ်၏၊ အလောင်းတော်သည် လှူရခြင်းကြောင့် တုန်လှုပ်သည် မဟုတ်၊ အလှူခံပုဂ္ဂိုလ်ဖြစ်သော ဇူဇကာပုဏ္ဏားက မိမိရှေ့မှောက်၌ သားတော် သမီးတော်များကို နှိပ်စက်သည့်အတွက် ကရုဏာစွမ်းကြောင့် တုန်လှုပ်ရခြင်း ဖြစ်၏၊ ထို့ကြောင့် "ရှေ့နောက် မညီ"ဟု အပြစ်တင်သင့်မည် မထင်၊ ကာဗျဒဿီ၌ လာသော အောက်ပါဂါထာသာ ဩစိတျဟီနဒေါသသင့်၏။

ဇဟိ သတ္တုဇလံ သဗ္ဗံ, ဇယဝိသမ္ဘရံ ဣမံ၊
တဝ နေကောပိ ဝိဒ္ဒေသော, သဗ္ဗဘူတာနုကမ္ပိနော။

http://www.dhammadownload.com

ဘဂ္ဂရီတိ ယထာ

၆၃။ ကုတ္ထိနံ ဒုဇ္ဇနာနဉ္စ, ဝိဿာသော နောပပဇ္ဇတေ၊
ဝိသေ သိဂ်ိမှိ နဒီယံ, ရောဂေ ရာဇကုလမှိ စ။

၆၃။ ဘဂ္ဂရီတိ-ဘဂ္ဂရီတိဒေါသသည်၊ ယထာ-အဘယ်နည်း၊ ... ကုတ္ထိနံ-မိန်းမတို့၏လည်းကောင်း၊ ဒုဇ္ဇနာနဉ္စ-လူယုတ်မာတို့၏လည်းကောင်း၊ ဝိသေ-အဆိပ်၌လည်းကောင်း၊ သိဂ်ိမှိ-ဦးချိုရှိသော သတ္တဝါ၌လည်းကောင်း၊ နဒီယံ-မြစ်၌လည်းကောင်း၊ ရောဂေ-တိုးပွားနေသော အနာရောဂါ၌လည်းကောင်း၊ ရာဇကုလမှိစ-သတ်မှု ဖြတ်မှု မတရားပြုနေသော မင်းအိမ်၌လည်းကောင်း၊ ဝိဿာသော-အကျွမ်းဝင်ခြင်းသည်၊ နောပပဇ္ဇတေ-မသင့်။

သဗ္ဗံ သတ္တာဇလံ-အားလုံးသော ရန်သူစစ်တပ်ကို၊ ဇဟိ-ပယ်ဖျောက်နှိမ်နင်းပါလော၊ ကုမံ ဝိသမ္ဘရံ-ဤမြေပြင်အားလုံးကို၊ ဇယ-အောင်နိုင်ပါလော၊ သဗ္ဗဘူတာနုကမ္ပိနော-အလုံးစုံသော သတ္တဝါတို့၌ သနားခြင်းရှိတော်မူသော၊ တဝ-အရှင်မင်း၏၊ ဧကောပိ-တစ်ယောက်လည်းဖြစ်သော၊ ဝိဒ္ဒေသော-ရန်သူသည်၊ န-မရှိပါ။-[ဤဂါထာ၌ "ရန်သူအားလုံး၏ စစ်တပ်ကို နှိမ်ပါ"ဟူသော ရှေ့စကားနှင့် "သတ္တဝါအားလုံးကို သနားတတ်"ဟူသော ...ာက်စကားသည်လည်းကောင်း, "တစ်မြေပြင်လုံးကို အနိုင်ယူပါ"ဟူေ...ာ ရှေ့စကားနှင့် "ရန်သူတစ်ယောက်မျှ မရှိ"ဟူသော နောက်စကားသည်လည်းကောင်း ရှေ့နောက် မညီမျှသဖြင့် သြစိတျဟီနဒေါသ သင့်လေသည်။]

၆၃။ ကုတ္ထိနံတျာဒိ။ ။ဘဂ်ါ+ရီတိ ယတ္ထာတိ ဘဂ္ဂရီတိ=ပျက်သော အစီအစဉ်ရှိသော ဝါကျတ္ထ၊ "ကုတ္ထိနံ ဒုဇ္ဇနာနံ"ဟု ဆဋ္ဌီဝိဘတ်ဖြင့် သမ္ဗန် အနက်ကို ပြပြီးနောက် စာသွားတစ်မျိုး မပြောင်းသေးသော ထိုအစဉ်၌ပင် "ဝိသေ ၊ပေ၊ ရာဇကုလမှိ စ"ဟု သတ္တမီဝိဘတ်ဖြင့် အဓိကရဏအနက်ကို ပြပြန်၏၊ ဤသို့ သမ္ဗန်အနက်ဟူသော အစဉ်မှတစ်မျိုးပြောင်းလျက် အဓိကရဏအနက်ကို ပြသောကြောင့် အစီအစဉ်ပျက်သော ဝါကျတ္ထဘဂ္ဂရီတိဒေါသ သင့်ရလေသည်။ [ဧတ္ထအာဒေါ သမ္ဗန္ဓေ ဆဋ္ဌီယာ အာရဘိတွာ တံ ပဟာယ သတ္တမီယာ ဝုတ္တတ္တာ အတ္ထရီတိ စ (ဘိန္နာ)။]

http://www.dhammadownload.com

သဒ္ဒါအစဉ်လည်းပျက်။ ။စနိပါတ်ကို ဣတ္ထီနံဟူသော အစပုဒ်၌ လည်း မထိုင်စေဘဲ "ဒုဇ္ဇနာနဥ္စ, ရာဇကုလမ္ပိစ"၌သာ ထိုင်စေသော ကြောင့် သဒ္ဒါအစီအစဉ်လည်း ပျက်၏။ [အာဒိမဇ္ဈေသု စသဒ္ဒပရိစ္စာ ဂတော သဒ္ဒရီတိစ ဘိန္နာ၊ စသဒ္ဒံ ပယုဇ္ဇန္တေန (စသဒ္ဒါကို သုံးစွဲသူသည်) အာဒေါ ဧဝဝါ (အစတစ်နေရာ၌သာဖြစ်စေ) အန္တေ ဧဝဝါ (အဆုံး တစ်နေရာမှာသာဖြစ်စေ) ပစ္စေကံ ဝါ(ပုဒ်တိုင်းမှာဖြစ်စေ) ပယုဇ္ဇိတဗ္ဗံ ဟောတိ=သုံးစွဲရိုး ထုံးစံ ဖြစ်၏။]

မှတ်ချက်။ ။ဤစကားအရ-အတ္ထဘဂ္ဂရီတိ, သဒ္ဒဘဂ္ဂရီတိဟု ရီတိ၂ မျိုးကို မှတ်ပါ၊ ထိုတွင် ဝါကျတ္ထဒေါသခန်း ဖြစ်သောကြောင့် အတ္ထဘဂ္ဂရီတိ ကိုသာ ဆိုလိုရင်းဖြစ်၏၊ သဒ္ဒဘဂ္ဂရီတိ၌ကား ရှေ့၌ ပြခဲ့သော ဝါကျဒေါသ နှင့်သာဆိုင်သည်။ [ရှေးနိဿယတို့၌ကား စနိပါတ်၏ သမုစ္စည်းအနက်ကိုပြရာ ဝယ် အစီအစဉ်မတည့်သောကြောင့် အတ္ထဘဂ္ဂရီတိပင်ဟု ဆိုလိုကြသည်။]

ဋီကာ။ ။ဝိဿာသော သဟဝါသာဒီဟိ ဝိဿာသော-အတူနေ အတူသွား အတူစား စသည်အားဖြင့် အကျွမ်းတဝင် ဖြစ်ခြင်းသည်၊ နောပ ပဇ္ဇတေ-မသင့်၊ ဘာ့ကြောင့်နည်း၊ --- အနတ္ထ (အကျိုးမဲ့ ဖြစ်ခြင်း) သံသယာ-နိဝတ္တိ (ယုံမှားသံသယကို မတားမြစ်နိုင်ခြင်း၏) ကာရဏတ္တာ (အကြောင်းဖြစ်ခြင်းကြောင့်၊) နယုဇ္ဇတိ-မသင့်၊ ဝိသေဂရဋ္ဌေ-အဆိပ်၌၊ သိဂ်ဝိ သိင်္ဂဝတိ မဟိသာဒေါ-ဦးချိုရှည်သော ကျွဲစသည်၌၊ ရောဂေ ဝဗုမာနကေ ရောဂေ-တိုးပွားနေဆဲဖြစ်သော ရောဂါ၌။

ဘဂ္ဂရီတိ၂ မျိုး။ ။"ရီတိ"ဟူသော အစီအစဉ်ပျက်ပုံသည် ဝါကျဒေါသ ၌လည်း ပါခဲ့၏၊ ဝါကျဒေါသ၌ သဗ္ဗနာမ်ပုဒ် စသော သဒ္ဒါ အစီအစဉ် မတည့်ခြင်းကို ဝါကျဘဂ္ဂရီတိဒေါသဟု ဆိုခဲ့၏၊ ဤ၌ အနက် အစီအစဉ် မတည့်ခြင်းကို ဝါကျတ္ထဘဂ္ဂရီတိဒေါသဟု ဆိုသည်၊ ထိုရီတိတို့သည် အလွန် များသည့်ပြင် တစ်ကျမ်းနှင့်တစ်ကျမ်းလည်း ဆိုပုံ မတူသောကြောင့် အကျဉ်း အမြွက်မျှသာ အရှင်သံဃရက္ခိတဆရာ ပြသည်၊ [ရီတိနံ ဗဟုတ္တာ ရီတိဘင်္ဂ ဒေါသာ ဗဟုဝိဓာ၊ ဣဒံ မုခမတ္တနိဒဿနံ (အကျဉ်း အမြွက်မျှ ပြခြင်း ဖြစ်သည်)။-ဋီကာ။]

[ဆောင်] ဝါကျတို့တွင်, ပုဒ်စဉ်ပျက်က, ဘဂ္ဂရီတိ-ဝါကျရှိ၏၊
ဝါကျတ္ထတွင်, အနက်စဉ်ပျက်က, ဝါကျတ္ထ-ဘဂ္ဂရီတိခေါ်။

http://www.dhammadownload.com

သသံသယံ ယထာ

၆၄။ မုနိန္ဒစန္ဒိမာလောက–ရသလောလဝိလောစနော၊
ဇနော.ဝက္ကန္တပဏ္ဍော၀, ဂေါပဒဿနပီဏိတော။

၆၄။ သသံသယံ-သသံသယဒေါသသည်၊ ယထာ-အဘယ်နည်း၊-မုနိန္ဒစန္ဒိမာလောကရသလောလဝိလောစနော-မြတ်စွာဘုရားတည်းဟူသော လမင်း၏အရောင်၌ သာယာနှစ်သက်ခြင်းကြောင့် လှုပ်လှုက်သော မျက်လုံးရှိသော၊ ဇနော-လူအပေါင်းသည်၊ အဝက္ကန္တပဏ္ဍော-သက်ရောက်အပ်သော လမ်းရှိသည်၊ ဝါ-လမ်းသို့ သက်ရောက်မိသည်၊ (သမာနော၀- ဖြစ်လျှင်ပင်၊ ဝါ- ဖြစ်လျှင်ဖြစ်ခြင်းပင်၊) ဂေါပဒဿနပီဏိတော - ရောင်ခြည်တော်ကို ဖူးမြော်ရသည့်အတွက် နှစ်သက်ဝမ်းမြောက်သည်၊ ဝါ-မင်္ဂလာနွားလားကို မြင်ရသည့်အတွက် နှစ်သက်ဝမ်းမြောက်သည်၊ ဟောတိ-ဖြစ်၏။

၆၄။ မုနိန္ဒတျာဒိ။ ။ဘုရားတည်းဟူသော လမင်း၏အရောင်တော်ကို ဖူးလိုလှသဖြင့် မျက်စိလှုပ်လှုပ်ရွရွ ဖြစ်နေသူ လူအပေါင်းသည် လမ်းသို့ ရောက်လျှင်ပင် ရောင်ခြည်တော်တို့ကို ဖူးမြော်ရသဖြင့် နှစ်သက်အားရရွှင်ပျလေတော့၏၊ ဤသို့ ဆိုလိုပါသော်လည်း ဂေါသဒ္ဒါသည် နွားဟူသော အနက်၌ ထင်ရှားသောကြောင့် (သက္ကတအလင်္ကာကျမ်းကို စီရင်သော် ဟိန္ဒူလူမျိုးတို့သည် နွားကိုလည်း အလွန်မြတ်နိုးရကား) "မင်္ဂလာနွားလားကို မြင်ရခြင်း" ဟူသော ယုံမှားဖွယ်အနက်နှင့် တကွ ဖြစ်သောကြောင့် သသံသယဒေါသ သင့်ရလေသည်။ [သဟ+သံသယေန (ယုံမှားဖွယ်အနက်နှင့်) ယော ဝတ္တတီတိ သသံသယော (ဒေါသော)။]

မှတ်ချက်။ ။သံသယ ဖြစ်ရခြင်းသည် "ဂေါ"ပုဒ်ကြောင့်သာ ဖြစ်သော်လည်း ထိုဂေါသဒ္ဒါ၏ ဟောနက်ပေါ်မှာ စွဲ၍ သံသယဖြစ်ရသောကြောင့် အတ္ထဒေါသ ဖြစ်၏၊ ထိုဂေါ၏အနက်ကို အကြောင်းပြု၍ တစ်ဝါကျလုံး၌ပင် အနက်အဓိပ္ပာယ် သံသယဖြစ်စရာ ရှိသောကြောင့် ဝါကျတ္ထဒေါသတွင် သွင်းရလေသည်။

http://www.dhammadownload.com

ဝိရုဒ္ဓတ္ထန္တရနှင့်မတူ။ ။ဝိရုဒ္ဓတ္ထန္တရဒေါသ၌ အနက် ၂ မျိုးရသော "ဝိသဒေါ"ပုဒ်ကဲ့သို့ ဤဂေါသဒ္ဒါလည်း အနက် ၂ မျိုးရသောကြောင့် ဝိရုဒ္ဓတ္ထန္တရနှင့် သသံသယတို့ အထူးကို ကြံကြကုန်၏၊ ဝိရုဒ္ဓတ္ထန္တရ၌ အနက် ၂ မျိုး ရရုံမက, ထိုအနက် ၂ မျိုးသည် တစ်မျိုးနှင့်တစ်မျိုး ဆန့်ကျင်ဘက်အကျိုးကို ညွှန်ပြနေ၏၊ ဤ၌ကား "ရောင်ခြည်အနက် ဖြစ်စေ နွားအနက်ဖြစ်စေ ဆန့်ကျင်ဘက်အကျိုးကို မပြ, နှစ်သက်ရခြင်းတည်းဟူသော အကျိုးကိုချည်း ပြသောကြောင့် ဝိရုဒ္ဓတ္ထန္တရဒေါသနှင့် မဆိုင်, ယုံမှားသံသယကိုသာ ဖြစ်စေနိုင်သောကြောင့် သသံသယဒေါသသာ ဖြစ်သည်။

ဝစနတ္ထ။ ။မုနိန္ဒစန္ဒိမဿ+အာလောကော မုနိန္ဒစန္ဒိမာလောကော-ဘုရားတည်းဟူသောလမင်း၏+အရောင်၊ ရသနံ အဿာဒနံ-သာယာခြင်း၊ ရသော-ခြင်း၊ မုနိန္ဒစန္ဒိမာလောကဿ-ကို+ဒဿနေ-ကြည့်ရှုခြင်း၌+ရသော-သာယာခြင်းတည်း၊ မုနိန္ဒ၊ပေ၊ရသော-ခြင်း၊ ["ဒဿနရသ"ဟု ဆိုလိုလျက် ဒဿနပုဒ် ကျေ။] "ကြည့်ရှုခြင်း၌ သာယာခြင်း" ဟူသည်လည်း "ကြည့်ရှုလိုခြင်း=ဖူးမြင်လိုခြင်း"တည်း၊ လောဋ္ဌတိ-ရူးသကဲ့သို့ (လှုပ်လှုပ်ရှားရှား) ဖြစ်တတ်၏၊ ဣတိ လောလံ၊ ["လောဋ္ဌ=ဥမ္မာဒေ"ဟူသောဓာတ်, အပစ္စည်း, ဋ္ဌကို လပြု။] ဝိဝိဓာ+လောဓိယတေ အနေနာတိ ဝိလောစနံ-အထူးထူး အပြားပြား ကြည့်ရှုအပ်ကြောင်း မျက်စိ၊ "ဝိပုဗ္ဗ လုစ-ဒဿနေ"ဟူသောဓာတ်, ယုပစ္စည်း၊ လောလဋ္ဌ+တံ + ဝိလောစနဋ္ဌာတိ လောလဝိလောစနံ - လှုပ်ရှားသော မျက်စိ၊ မုနိန္ဒ ၊ပေ၊ ရသေန + လောလဝိလောစနံ ယဿာတိ မုနိန္ဒ ၊ပေ၊ လောလဝိလောစနော။

အဝက္ကန္တော (သြက္ကန္တော) ပန္ထော ယဿာတိ အဝက္ကန္တပန္ထော-သက်ရောက်အပ်သောလမ်းရှိသူ (ဘုရားဖူးဖို့ရာ လမ်းသို့ ထွက်လာသူ)၊ ဂေါသဒ္ဒါသည် အရောင်ဟူသော အနက်, နွားဟူသော အနက်ကို ဟော၏၊ ဂုန္နံ-အရောင်တို့ကို၊ တစ်နည်း, ဂါဝဿ-နွားလားကို+ပဒဿနံ-မြင်ရခြင်းတည်း၊ ဂေါပဒဿနံ-ခြင်း၊ ဂေါပဒဿနေန-ကြောင့်+ပီဏိတော-နှစ်သက်သူတည်း၊ ဂေါပဒဿနပီဏိတော-သူ။

http://www.dhammadownload.com

ဂါမဒေါသ

၆၅။ ဝါကျတ္ထတော ဒုပ္ပတိတိ–ကရံ ဂါမံ့ မတံ ယထာ၊
ပေါသော ဒီရိယဝါ သော-ယံ, ပရံ ဟန္တွာန ဝိဿမီ။

၆၅။ ဝါကျတ္ထတော-ဝါကျအနက်အားဖြင့်၊ ဒုပ္ပတိတိကရံ-မကြားကောင်း မနာသာ, လွန်စွာညစ်ကျ, သိအပ်သော အနက်တစ်မျိုးကို ပြုတတ်သော ဝါကျမျိုးကို၊ ဂါမံ့-ဂါမဒေါသသင့်သော ဝါကျဟူ၍၊ မတံ-သိအပ်၏၊ ယထာ-ဥဒါဟရဏ်ကား၊.....ဝီရိယဝါ-ရဲစွမ်းသတ္တိရှိသော၊ ဝါ-ခွန်အားရှိသော၊ သောယံ ပေါသော-ထိုယောကျ်ားသည်၊ ပရံ-ရန်သူကို၊ ဟန္တွာန- သတ်ပြီး၍၊ ဝိဿမီ- ကင်းသော မောပန်းခြင်း ရှိ၏၊ ဝါ - မောပန်းခြင်း မရှိ၊ (တစ်နည်း)ဝီရိယဝါ-များသောသုက်ရှိသော၊ သောယံ ပေါသော-ထိုယောကျ်ားသည်၊ ပရံ-လွန်လွန်ကဲကဲ၊ ဟန္တွာန-လွန်ကြူးပြီး၍၊ ဝိဿမီ-ကင်းသော မောပန်းခြင်း ရှိ၏၊ ဝါ-မောပန်းခြင်း မရှိ၊

၆၅။ ဝါကျတ္ထတောတျာဒိ။ ။"ဥေ ယံ လက္ခဏမနွတ္ထဝသေနာပက္ကမာဒိနံ"ဟု ဆိုခဲ့သော်လည်း ဤဂါမဒေါသ၌ နာမည်ကြားရုံမျှဖြင့် အနက်ကို မသိနိုင်သောကြောင့် "ဝါကျတ္ထတော ဒုပ္ပတိတိကရံ ဂါမံ့"ဟု လက္ခဏ(သုတ်)ကိုပါ ပြထားသည်၊ "ဝါကျတ္ထတော ဒုပ္ပတိတိကရံ"ဟု ဆိုသောကြောင့် ဝါကျ၏အနက်သာလျှင် ဂါမအစစ် ဖြစ်၏၊ ထို့ကြောင့် ဝါကျတ္ထဒေါသ၌ သွင်းရသည်။ [ဒုပ္ပတိတိကရံ, ဂါမံ့ပုဒ်တို့၏ ဝစနတ္ထကို ၄၅, ၄၆ ဂါထာတို့၌ ပြခဲ့ပြီ၊ ထို၌ ဝါကျဒေါသဖြစ်၍, ဤ၌ ဝါကျတ္ထဒေါသဖြစ်ခြင်း(ခြားခြင်း)ကြောင့် ၂ မျိုး ပြထားသည်။]

ပေါသော၊ပေ၊ဝိဿမီ။ ။ဤပုံစံ၌ "ရဲစွမ်းသတ္တိရှိသောယောကျ်ားသည်(ရဲစွမ်းသတ္တိရှိသောကြောင့်ပင်, ဝါ-အားကောင်းသောကြောင့်ပင်) ရန်သူကို သတ်ပြီး၍ မောပန်းခြင်း မရှိ"ဟု ဆိုလျှင် ဂါမဒေါသမသင့်၊ "များစွာ သုက်သွေးရှိသော ယောကျ်ားသည် (သုက်အားကောင်းသောကြောင့်ပင်) အလွန်အကြူး ကာမသွားလာပြီး၍ မောပန်းခြင်း မရှိ" ဟူသော အနက်တစ်မျိုးအားဖြင့်ကား လူကောင်းသူကောင်းတို့ မကြားကောင်း မနာသာ လွန်စွာ ရိုင်းပျသောစကားဖြစ်၍ ဂါမဒေါသသင့်သည်။ [ဝိဿမီ၌ ဝိပုဗ္ဗ သမုဓာတ်, ဤ ဝိဘတ်။]

http://www.dhammadownload.com

ဝီရိယဝါ ပရံဟန္တွာန။ ။"ဝီရသ-ရဲရင့်သူ၏+ဘာဝေါ-ဖြစ် ကြောင်း ဖြစ်ရာတည်း"ဟု ဝစနတ္ထပြု၍ ဝီရိယသဒ္ဒါသည် သုက္က, ပရက္ကမ (လုလ္လ) ဗလ (ခွန်အား) ပဘာဝ (အစွမ်းသတ္တိ) တေဇ, ဒိတ္တိ (တောက်ပ) အနက်များကို ဟောနိုင်၏၊ "ဝီရိယံ ယသ အတ္ထိတိ ဝီရိယဝါ"ဟု ပြု၍ ဋီကာတို့၌ "သူရော-ရဲရင့်သူ"ဟုလည်းကောင်း, ဥပစိတသုက္ကော-ဆည်းပူးအပ်သော သုက်ရှိသူ"ဟုလည်းကောင်း အဘိဓေယျ ပြ၏၊ ကာဗျဒဿဋီကာ၌ "ဝီရိယဝါန်=ပသတ္ထဗလဝါန်-ချီးမွမ်းအပ်သော အားရှိသူ (အားကောင်းသူ) ဝီရိယဝါန် သုက္ကဝါန်-များသော သုက်ရှိသူ"ဟု ဖွင့်၏၊ ပရသဒ္ဒါသည် "ရန်သူ"ဟူသောအနက်, "အတိသယ-အလွန်"ဟူသောအနက်ကို ဟော၏၊ ဟန္တွာ၌ ဟနဓာတ်ကား ဟိံသာ-ညှဉ်းဆဲခြင်းအနက်ကို ဟော၏။

ဝိဿမီ။ ။သမုဓာတ်သည် ငြိမ်းအေးခြင်းအနက်, မောပန်းခြင်း အနက်တို့ကို ဟော၏၊ "ဝိဂတပရိဿမော-ကင်းသော မောပန်းခြင်း ရှိသည်၊ ဝါ-မောပန်းခြင်း မရှိသည်၊ အဟောသိ"ဟု ဋီကာဖွင့်အပ်သော ပဌမအနက်အလိုအားဖြင့် "ခေဒ-မောပန်းခြင်း"အနက်ကို ယူ၊ ဋီကာ၌ နောက်နည်းဝယ် ဝိဿမီကို "ဝါယာမေန ဝိဿမီ-မှီဝဲဖို့ရန် လုလ္လမှ ငြိမ်းအေးပြီ၊ ဝိဂတဝါယာမော-ကင်းသော လုလ္လရှိသည်၊ အဟောသိ" ဟု ဖွင့်၏၊ ထိုအတိုင်းဆိုလျှင် "ဝိဿမီ-လုလ္လမှ ငြိမ်းအေးပြီ"ဟု ပေးရ လိမ့်မည်။

ကာဗျဒဿဋီကာ၌ကား "ဝိဿမံ ဝိရာမံ-ပြီးဆုံးခြင်းသို့၊ ဝါ-ငြိမ်းအေးခြင်းသို့၊ ပတ္တော"ဟု ဖွင့်သည်၊ ထိုသို့ အမျိုးမျိုး ဖွင့်ကြသော်လည်း သမုဓာတ်၏ ခေဒ (ပင်ပန်း, မောပန်း)အနက်ကိုလည်းကောင်း, ဝိ၏ပဋိလောမ (ပြောင်းပြန်)အနက်ကိုလည်းကောင်း ယူ၍"မမောပန်း" ဟူသော အနက်သာ သင့်ဖွယ် ရှိ၏၊ "သတ္တိကောင်းသောကြောင့် (တစ်နည်း) အားကောင်းသောကြောင့် ရန်သူကို အလွန်သတ်ရသော်လည်း မမောပန်း"ဟုလည်းကောင်း, "သုက်အားကောင်းသောကြောင့် ကာမခံစားရာ၌ လွန်စွာ ညှဉ်းဆဲသော်လည်း မမောပန်း"ဟုလည်း ကောင်း အဓိပ္ပာယ်လည်း ရ, သဒ္ဒါနည်းလည်းကျသဖြင့် ထိုအတိုင်း ပေးသည်။

http://www.dhammadownload.com

ဒုဋ္ဌာလင်္ကာတိဒေါသ

၆၆။ ဒုဋ္ဌာလင်္ကာရဏ်းတေ.တံ့, ယတ္ထာလင်္ကာရဒူသနံ့၊
တဿာလင်္ကာရနိဒ္ဒေသေ, ရူပမမာဝီ ဘဝိဿတိ။

၆၆။ ယတ္ထ-အကြောင်ဝါကျ၌၊ အလင်္ကာရဒူသနံ-အလင်္ကာကို ဖျက်ဆီးခြင်းသည်၊ (ဟောတိ-၏။) ဧတံ-ဤအလင်္ကာကို ဖျက်ဆီးတတ်သော ဝါကျသည်၊ ဒုဋ္ဌာလင်္ကာရဏ်းတိ-ဒုဋ္ဌာလင်္ကာရဏာဒေါသရှိသော ဝါကျမည်၏၊ ဝါ-ဒုဋ္ဌာလင်္ကာတိဒေါသ သင့်သောဝါကျ မည်၏၊ တဿ-ထိုဒုဋ္ဌာလင်္ကာတိဒေါသသင့်သော ဝါကျ၏၊ ရူပံ-သရုပ်သဘောသည်၊ အလင်္ကာရနိဒ္ဒေသေ-အလင်္ကာတို့ကို ပြရာ စတုတ္ထပိုင်း၌၊ အာဝီ-ထင်ရှားစွာ၊ ဘဝိဿတိ-ဖြစ်လတ္တံ့။

၆၆။ ဒုဋ္ဌာလင်္ကာရဏ်းတျာဒိ။ ။[တေတံ်ကို "တိ+ဧတံ်"ဟု ဖြတ်၊ ကွတိသဒ္ဒါလည်း နာမဝါစကဟု ကြံ၊] အလင်္ကာတို့ကို ဖျက်ဆီးတတ်သော အနက်ပါရှိရာ ဝါကျသည် ဒုဋ္ဌာလင်္ကာရဏာဒေါသ သင့်၏၊ ထို ဒုဋ္ဌာလင်္ကာရဏာဒေါသ၏ သရုပ်သကောင်သည် အလင်္ကာတို့ကို ပြရာ စတုတ္ထပရိစ္ဆေဒ၌ ထင်ရှားပါလိမ့်မည်၊ မှန်၏- နောက်၌ ပြမည့် အလင်္ကာများ ပျက်လျှင် ဤ ဒုဋ္ဌာလင်္ကတိဒေါသချည်း ဖြစ်၏၊ ထို့ကြောင့် အတ္ထာလင်္ကာရများသလောက် ပျက်ပုံလည်း များရကား ဒုဋ္ဌာလင်္ကတိဒေါသကို သီးခြား ပြနေဖွယ် မလို၊ ထိုအလင်္ကာခန်း၌ အလိုလို ထင်ရှားပါလိမ့်မည်-ဟူလို၊ ဥပမာအလင်္ကာ၌ကား "ဒုဋ္ဌ"ဟု တိုက်ရိုက်ပင် ပြလိမ့်မည်။

မှတ်ချက်။ ။သဒ္ဒါလင်္ကာရများကို "အလင်္ကာရ"ဟု မသုံးဘဲ "ဂုဏ်"ဟု သုံး၍ အတ္ထာလင်္ကာရတို့ကိုသာ "အလင်္ကာရ"ဟု သုံးစွဲသောကြောင့် "အလင်္ကာရပရိစ္ဆေဒ"အရ အတ္ထာလင်္ကာရကို ပြရာ စတုတ္ထပိုင်းဟု ယူလိုက်သည်၊ "အလင်္ကရဏံ-တန်ဆာဆင်ခြင်း၊ အလင်္ကတိ-တန်ဆာဆင်ခြင်း"ဟု အလင်္ကရဏပုဒ်နှင့် အလင်္ကတိပုဒ်တို့သည် အနက် တူရကား မာတိကာ ခေါင်းစဉ်တုန်းက "အလင်္ကတိ" ဟု တိပစ္စည်းဖြင့် နာမည် တပ်ခဲ့သော်လည်း ဤ အကျယ်ပြရာ၌ "အလင်္ကရဏ" ဟု ယုပစ္စည်းဖြင့် နာမည်တပ်သည်။

http://www.dhammadownload.com

နိဂုံးနှင့်အမှာ

၆၇။ ကတောတြ သခ်ေပနယာ မယာ-ယံ,
ဒေါသာနမေသံ ပဝရော ဝိဘာဂေါ၊
ဧသော၀-လံ ဗောဓယိတုံ ကဝိနံ,
တ-မတ္ထိ စေ ခေဒကရံ ပရမ္မိ။

၆၇။ အတြ-ဤဒေါသတို့ကို ပြရာ ပဌမပိုင်း၌၊ သေံ ဒေါသာနံ-ဤဒေါသတို့၏၊ ပဝရော-ကောင်းမြတ်သော၊ အယံ ဝိဘာဂေါ-ဤဝေဖန်အပ်သော အပြားကို၊ မယာ-ငါသည်၊ သခ်ေပနယာ-အကျဉ်းချုပ်နည်းအားဖြင့်၊ ကတောဝ-ပြုစီရင်အပ်ပြီ၊ ခေဒကရံ-စာသင်သားတို့၏ ပင်ပန်းမှုကို ပြုတတ်သော၊ ပရမ္မိ-ဆိုအပ်ပြီးမှ တစ်ပါးသော ဒေါသသည်လည်း၊ စေ အတ္ထိ-အကယ်၍ ရှိပေသေး၏၊ (ဧ၀ံသတိပိ-ဤသို့ ရှိပါသော်လည်း၊) ဧသော၀-ဤအကျဉ်းချုပ် ပြအပ်သော အစဉ်သည်ပင်၊ တံ-ထိုတစ်ပါးသော ဒေါသကို၊ ကဝိနံ-ပညာရှိတို့အား၊ ဝါ-တို့ကို၊ ဗောဓယိတုံ-သိစေခြင်းငှာ၊ အလံ-စွမ်းနိုင်လောက်ပြီ။ [ကွန္ဒ, ဥပေန္ဒ, ရောသော ဥပဇာတိဂါထာ။]

သံဃရက္ခိတမဟာသာမိဝရစိတေ-သံဃရက္ခိတမဟာသာမိထေရ်သည် စီရင်အပ်သော၊ သုဗောဓာလင်္ကာရေ-သုဗောဓာလင်္ကာရကျမ်း၌၊ ဒေါသာ၀ဗောဓော နာမ-ဒေါသတို့ကို သိရာ သိကြောင်း၏ အဖြစ်ကြောင့် ဒေါသာ၀ဗောဓမည်သော၊ ပဌမော ပရိစ္ဆေဒေါ-ပဌမပိုင်းသည်၊ ဣတိ-ပြီးပြီ။

ကတော၊ပေ၊ပရမ္မိ။ ။ပဌမ၂ ပါဒဖြင့် နိဂုံးကို ပြ၏၊ "သင်္ကတအလင်္ကာကျမ်းကြီးများကဲ့သို့ အကျယ်မခဲ့ဘဲ အကျဉ်းနည်းအားဖြင့် ကောင်းမြတ်သော ဒေါသအပြားကို ပြုအပ် ပြအပ်ပြီ"ဟူလို၊ ဒုတိယ၂ ပါဒဖြင့် အမှာစကားကို ပြ၏၊ "စာသင်သားတို့၏ ပင်ပန်းမှုကို ပြုတတ်သော အခြားဒေါသများ ရှိပါသေး၏၊ သို့သော်လည်း ဤပြအပ်ခဲ့ပြီးသော ဒေါသအပြားသည် ထိုတိုက်ရိုက် မဆိုအပ်ဘဲ ကျန်သေးသော ဒေါသအားလုံးကို ကဗျာတတ်သိ ပညာရှိတို့အား သိစေခြင်းငှာ စွမ်းနိုင်လောက်ပါပြီ"ဟူလို။

http://www.dhammadownload.com

သခေ်ပနယာ။ ။သံခိပီယတီတိ သံခေပေါ=သက္ကတကျမ်းလာ များစွာသော ဒေါသတို့ကို အကျဉ်းချုံးအပ်သော နည်း၊ နီယတိ ဧတေနာတိ နယော=တိုက်ရိုက်မဆိုအပ်သော ဒေါသတို့ကို သိကြောင်း နည်း၊ သခေ်ပေါ စ+သော+နယော စာတိ သခေ်ပနယော=အကျဉ်းချုပ် သိကြောင်းနည်း၊ အကျဉ်းချုံးပုံကို သုတေသီတို့အတွက် ဋီကာနိဿယ တို့မှ ထုတ်ပြဦးအံ့။

(က) နိဟန္တု သောယံ ဇလိတံ, ပတင်္ဂေါ အရိပါဝကံ။

သောယံ ပတင်္ဂေါ-ထိုနေမင်းသည်၊ (တစ်နည်း) သောယံ ပတင်္ဂေါ-ထို ပိုးစုန်းကြူးသည်၊ ဇလိတံ-တောက်ပသော၊ အရိပါဝကံ-ရန်သူဖြစ်သောမီးကို၊ နိဟန္တု-ပယ်ဖျောက်စေသတည်း။ [ဤ၌ ပတင်္ဂသဒ္ဒါသည် "နေ-ပိုးစုန်းကြူး" ဟူသော အနက်တို့ကို ဟော၏၊ ထိုတွင် "ပိုးစုန်းကြူး"ဟူသော အနက်ကို ဟောသောအခါ မိမိ အလိုရှိအပ်သော မီး၏ အရောင်ကို ဖျောက်ခြင်းငှာ မစွမ်းနိုင်၊ ထို့ကြောင့် အသမတ္ထန္တရဒေါသ သင့်၏၊ ၎င်းကို ဝိရုဒ္ဓတ္ထန္တရဒေါသ၌ သွင်းအပ်၏။]

(ခ) ဝစန္တိ ကန္ဓာ။ ။ကန္ဓာ-မိုးတို့သည်၊ ဝစန္တိ-ဆိုကြကုန်၏၊ [ကံ+ ဓာတီတိ ကန္ဓော၊ (မိုးဟော ကန္ဓသဒ္ဒါကို ပါဋိ အဌကထာ ဋီကာတို့၌ အသုံးအစွဲ မရှိသောကြောင့် အယုတ္တဒေါသသင့်၏၊ "ဝစန္တိ-ဆိုကုန်၏"ဟူရာ၌ မိုးနှင့်စပ်၍ သုံးရာဝယ် "ဂဇ္ဇန္တိ, ထနယန္တိ"ဟု သုံးရိုးရှိ၏၊ "ဝစန္တိ"ဟု သုံးရိုး မရှိသောကြောင့် အယုတ္တဒေါသ သင့်၏၊ ၎င်းကို ကိလိဋ္ဌဒေါသ၌ သွင်းအပ်၏၊ [ဋီကာ၂ စောင်၌ "ဂဏ္ဍာ"ဟု ရှိ၏၊ ယောနိဿယ၌လည်း "ဂဏ္ဍာ-ရေပွက် တို့သည်"ဟု အနက်ပေး၏၊ ဂဏ္ဍာသဒ္ဒါသည် ရေပွက်ဟော မရှိ၊ ထို့ကြောင့် "ကန္ဓာ"ဟု ရှိမှ မှန်သည်ဟု စံကျောင်းနိဿယ မိန့်၏။]

(ဂ) ဂဇဟေသာ-ဆင်ဟီခြင်း၊ အဿကောဥနာဒ-မြင်း၏ ကြိုးကြာသံ ကဲ့သို့သော အသံကို အော်ခြင်း၊ ဤ၌ "မြင်းဟီခြင်း, ဆင်ကြိုးကြာသံကဲ့သို့ အော်ခြင်း"ဟု စပ်ရမည်ကို မစပ်သောကြောင့် သမ္ဗန္ဓဒူသိဒေါသ သင့်၏၊ ၎င်းသည် လောကဝိရောဓိဒေါသ၌ ဝင်၏။

(ဃ) ဘုရားဟော ပါဋိတော်၌သာ ထင်၍ သက္ကတ၌ မထင်သော ရူပက္ခန္ဓ သဒ္ဒါမျိုးကို သက္ကတဘာသာဖြင့် ဖွဲ့ဆိုအပ်သော ကဗျာ၌ သုံးစွဲလျှင် အပွတီတဒေါသ သင့်၏၊ ၎င်းသည် အာဂမဝိရောဓိဒေါသ၌ ဝင်၏။

http://www.dhammadownload.com

(ဂ) အကြောင်းကို ငဲ့သော ဟေတွာပေက္ခဒေါသ ဟေတုနေယျဒေါသ တို့သည် နေယျဒေါသသို့ ဝင်ကုန်၏။

(စ) ဒေဝေါ ဝေါ ဟရတု ကွေသံ, ရာဟု ခိန္နော ဒိဝါကရော။

ရာဟုခိန္နော-ရာဟုသည် ဖမ်းအပ်သော၊ ဒေဝေါ-နတ်ဖြစ်၍ဖြစ်သော၊ ဒိဝါကရော-နေမင်းသည်၊ ဝေါ-သင်တို့၏၊ ကွေသံ-ပင်ပန်းခြင်းကို၊ ဟရတု-ပယ်ပါစေသတည်း။ [ဤ၌ နေသည် မိမိကိုပင် ရာဟု ဖမ်းထားသောကြောင့် ပင်ပန်း၍နေသဖြင့် သူတစ်ပါး၏ ပင်ပန်းခြင်းကို အဘယ်မှာ ပယ်ဖျောက်နိုင်ပါအံ့နည်း၊ ဤသို့လျှင် အလိုရှိအပ်သော အကျိုးကို ပြီးစေခြင်းငှာ မစွမ်းနိုင်သောကြောင့် "ရာဟုခိန္နော"ဟူသော ပုဒ်သည် အသမတ္ထာဘိဓေယျဒေါသ သင့်၏၊ ၎င်းကို ဩစိတျဟီနဒေါသ၌ သွင်းအပ်၏။]

(ဆ) တံတွေး နှပ်စသော ရွံရှာဖွယ်သောအနက်, "ပိုးထိသည်"ဆိုရမည့်နေရာ၌ "မွှေကိုက်သည်" "မာတ်သက်သည်" ဆိုရမည့်နေရာ၌ "ကာလနာတိုက်သည်" စသည်ဖြင့် မဂ်လာမရှိသောအနက်, ရွာသူရွာသားတို့ ပြောဆိုအပ်သော သူတော်ကောင်းတို့ မကြားကောင်း မနာကောင်းသော အနက်တို့ကို ပြတတ်သော ဝါကျဂါမ္ဘဒေါသကို ဝါကျတ္ထဂါမ္ဘဒေါသ၌ သွင်းယူအပ်၏။

(ဇ) မကောင်းသဖြင့် ရွတ်ဆိုအပ်သော ဖရုသဒေါသကို ဗန္ဓဖရုသဒေါသ၌ သွင်းအပ်၏။

(ဈ) ဟရိသ.မာနယိ။ ။"ဟရိသံ-ရွှေသောအဆင်းရှိသော မြင်းကို၊ အာနယိ-ဆောင်ပြီ"ဟူ၍ ဆိုအပ်သောအရာ၌ "ဟပုဗ္ဗံ ရိသမာနယိ၊ ဟပုဗ္ဗံ-ဟရွေးရှိသော၊ ရိသံ-ရိသကို၊ အာနယိ-ဆောင်ပြီ"ဟူ၍ဆိုလျှင် အလိုရှိအပ်သော အနက်မှ လျော်ကျသောကြောင့် ဘဋ္ဌဒေါသ မည်၏။

(ဉ) သက္ကော သဟဿဂု။ ။"သဟဿဂု-တစ်ထောင်သော မျက်စိရှိသော၊ သက္ကော-သိကြား" ဤ၌ ဂေါသဒ္ဒါသည် မထင်ရှားသော အရာ၌ ယှဉ်အပ်သောကြောင့် ဂုဋ္ဌဒေါသသင့်၏။ [ဤဘဋ္ဌဒေါသ ဂုဋ္ဌဒေါသတို့သည် ပသာဒါလင်္ကာနှင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့် သီးခြားဆိုဖွယ် မရှိဖြစ်၍ ချန်ထားအပ်၏။]

(ဋ) ဝါကျတစ်ပါး၏ အလယ်သို့ ရောက်သော ဝါကျဂတ္ဘိတဒေါသ, "အပါထျမေသော ဒိဿတိ, ဝေဇ္ဇံ ခါဒတိ အနာရတံ"ဟူသော ဝါကျတစ်ပါးနှင့် ရောသော ဝါကျသံကိဏ္ဏဒေါသတို့သည် ဗျာကိဏ္ဏဒေါသသို့ ဝင်ကြကုန်၏၊ ထို့ကြောင့် အထူးမဆိုအပ်ကုန်၊ [ဧသော-ထိဆေးသမားသည်၊ အပါထျံ-မချိမ်းမွမ်းအပ် မသင့်မြတ်သော ဆေးအစာကို၊ ဒိဿတိ-ညွှန်း၏၊ ဧသော-ဤသူနာသည်၊ အနာရတံ-အမြဲ၊ အပါထျံ-မချိမ်းမွမ်းအပ် မလျော်ကပ်သော ဆေးအစာကို၊ ခါဒတိ-စား၏၊ ဝေဇ္ဇံ-ဆေးသမားကို၊ ဒိဿတိ-မုန်း၏။]

http://www.dhammadownload.com

(၄) **ကာစုယျာနေ မယာ ဒိဌာ, ဝလ္လရီ ပဠုပလ္လဝါ၊**
ပလ္လဝေ ပလ္လဝေ မုဓာ, ယဿာ ကုသုမမဠုရီ။

ဥယျာနေ-ဥယျာဉ်၌၊ ကာစိ-တစ်စုံတစ်ခုသော၊ ပဠုပလ္လဝါ အခက်ငါးခု ရှိသော၊ ဝလ္လရီ-နွယ်ကို၊ မယာ-ငါသည်၊ ဒိဌာ-မြင်အပ်ပြီ၊ ယဿာ-အကြင် နွယ်၏၊ ပလ္လဝေ ပလ္လဝေ-အခက်တိုင်း အခက်တိုင်း၊ မုဓာ-အသီးမသီး အချည်းနှီးသော၊ ကုသုမမဠုရီ-ပန်းခိုင်သည်၊ အတ္ထိ-ရှိ၏။ [ဤ၌ ဥယျာဉ်ဟော ဥယျာနသဒ္ဒါဖြင့် အိမ်ကို ဆို၏၊ နွယ်ဟော ဝလ္လရီသဒ္ဒါဖြင့် သတို့သမီးကို ဆို၏၊ အခက်ဟော ပလ္လဝါသဒ္ဒါဖြင့် လက်ချောင်း ခြေချောင်း နှုတ်ခမ်းတို့ကို ဆို၏၊ ပန်းခိုင်ဟော ကုသုမမဠုရီသဒ္ဒါဖြင့် ခြေသည်း-လက်သည်းရောင်, သွားရောင် တို့ကို ဆို၏၊ ဤဒေါသသည် မိမိအလိုရှိအပ်သော အနက်ကို မဟောနိုင်သော ကြောင့် အဝါစကဒေါသမည်၏၊ ၎င်းကို သမာနရူပါပဟေလီ၌ သွင်းအပ်၏။။]

(၃) "ပဒုမ္မာကြာသည် ညဉ့်၌ ပွင့်သည်"စသည်ဖြင့် ဆိုအပ်သော ဝိရုဒ္ဓ ဒေါသကို ဝိရောဓိဒေါသ၌ သွင်းအပ်၏။

(၄) ဤသုဗောဓာလင်္ကာရကျမ်း၌ ပြအပ်သော ဩစိတျဟီနဒေါသ, ဝါကျတ္ထဂါမ္ဟဒေါသသည် ဝါကျတ္ထဒေါသတို့ မည်ကုန်၏၊ ဗန္ဓဖရုသဒေါသသည် ဝါကျဒေါသ မည်၏၊ ဝိရောဓိဒေါသသည် ပဒဒေါသ မည်၏၊ ဆက်ဦးအံ့-သတ္တတကျမ်း၌ ပြအပ်သော အသမတ္ထာဘိဓေယျ အစရှိသော ဒေါသ, ဂါမ္ဟ ဒေါသ, ဘဋဒေါသ, ဝိရုဒ္ဓဒေါသတို့သည် ပဒဒေါသတို့ မည်ကုန်၏၊ ထိုပဒ ဒေါသကို အဘယ့်ကြောင့် ဝါကျဒေါသ-ဝါကျတ္ထဒေါသ၌ သွင်းရပါသနည်း ဟူမူ ပုဒ်၌ အပြစ်ဒေါသသင့်က ဝါကျ-ဝါကျတ္ထတို့၌လည်း အပြစ်ဒေါသ သင့်တော့သည်သာပင် ဖြစ်၏၊ ထို့ကြောင့် ပဒဒေါသ, ဝါကျဒေါသ, ဝါကျတ္ထ ဒေါသတို့သည်ကား အချင်းချင်း များစွာ ထူးခြား ကွဲလွဲခြင်း မရှိသည်၏ အဖြစ်ကို သိစေခြင်း အကျိုးငှာ သွင်းအပ်၏၊ ဤသို့လျှင် သဘောတူ ဒေါသ တို့ကို မပြဘဲ အကျဉ်းချုံးခြင်းကို "သခေ်ပနယ"ဟု ဆိုသည်။

တမတ္ထိ စေ ဒေဒကရံ ပရမ္မိ။ ။ကဝိတို့၏ ပင်ပန်းမှုကို ပြုတတ်သော အကျဉ်းချုံးရာတွင်လည်း မပါသော အခြားဒေါသများကား-အသာဓုဒေါသ, သန္ဒိဒ္ဓဒေါသ, ပရိယာယဥေ ယျဒေါသ, ပတီတတ္ထဒေါသ, ဒုဗ္ဘောဒေါသ, ဒေသိယဒေါသ စသော ပဒဒေါသတို့လည်းကောင်း, အဓိကဒေါသ, ဉိနဒေါသ, ဘဂ္ဂစ္ဆန္ဒဒေါသ စသော ဝါကျဒေါသတို့လည်းကောင်း, ဥပက္ကမောပသံဟာရ-ဝိသမဒေါသဟု ဆိုအပ်သော ဝါကျတ္ထဒေါသတို့လည်းကောင်းတည်း။

(က,ခ) ထိုတွင် သဒ္ဒါကျမ်းနှင့် ဆန့်ကျင်သောအဖြစ်သည် အသာဓုဒေါသ မည်၏၊ သာမညအနက်ကို ဟော၍ အဓိပ္ပာယ် အမျိုးမျိုးကို ဟောနိုင်သော

http://www.dhammadownload.com

ဝိသေသနပုဒ်ကို ဝိသေသျပုဒ်ကဲ့သို့ ဆိုခြင်းသည် သန္ဓိဒ္ဓဒေါသ မည်၏၊ ပြယုဂ်ကား-"ဟိမဟာ"ဟူသည်တည်း၊ "ဟိမဟာ-ဆီးနှင်းကို ပယ်ဖျောက်တတ်သော ဝတ္ထု"၊ ဆီးနှင်းကို နေက ပယ်တတ်၍ နေကို ယူသင့်သော်လည်း နေဟော ပရိယာယ်၌ "ဟိမဟာ" မပါသောကြောင့် နေကို ယူရမည်လော, လကို ယူရမည်လော, မီးကို ယူရမည်လောဟူ၍ ယုံမှားဖွယ်ရှိသောကြောင့် သန္ဓိဒ္ဓဒေါသ သင့်၏၊ "ဟိမဟာ ရဝိ, ဟိမဟာ စန္ဒော"စသည်ဖြင့် ဝိသေသျပုဒ်ကို ထည့်၍ ဆိုမှ အပြစ်လွတ်၏။

(ဂ) ထင်ရှားသော သညာသဒ္ဒါကို ပရိယာယ်သဒ္ဒါတစ်ပါးဖြင့် ကြံခြင်းသည် ပရိယာယဥေ ယျဒေါသ မည်၏၊ ဥပမာ-မြင်းမ၏မျက်နှာကို "ဝဠဝါမုခ" ဟု ထင်ရှားသော ပုဒ်ဖြင့် ဆိုလျှင် ပြီးသင့်လျက် "အဿဝနိတာနနာ"ဟု ဆိုခြင်းပင်တည်း၊ ထိုကို သမာနသဒ္ဒါ ပဟေလီ၌ သွင်းအပ်၏။

(ဃ) "အကြင်ပုဒ်သည် စင်စစ် လျှဉ်းပါးဖွယ် မရှိသည်၏အဖြစ်ဖြင့် ဝိသေသျ၏ ဂုဏ်ကို ဟော၏၊ ထိုပုဒ်သည် ပတီတတ္ထဒေါသ သင့်၏၊ ပြယုဂ်ကား-"ကဏ္ဍော မသိ" ဟူသည်တည်း၊ [ကဏ္ဍော-မည်းနက်သော၊ မသိ-မီးသွေး၊] ဤ၌ မီးသွေးဟူက မည်းနက်သော မီးသွေးသာ ဖြစ်သောကြောင့် "ကဏ္ဍော"ဟူသော ဝိသေသနပုဒ်ကို ထည့်ရန် မလိုတော့ပြီ၊ ထို့ကြောင့် ကဏ္ဍောသည် ပတီတတ္ထဒေါသ သင့်၏။

(င) သိလောက်ပြီးဖြစ်၍ မယှဉ်သင့်ဘဲလျက် ယှဉ်အပ်သော ပုဒ်သည် အပွယောဇကဒေါသ သင့်၏၊ ပြယုဂ်ကား-"အတိဖေနိလံ သာဂရမလယိ" ဟူသည်တည်း၊ [အတိဖေနိလံ-အလွန်အမြှုပ်များသော၊ သာဂရံ-သမုဒ္ဒရာကို၊ အလယိ-ခုန်ပြီ၊] သမုဒ္ဒရာကို ခုန်ရာ၌ ဟနုမာမျောက်ကို ချီးမွမ်းသင့်လျက် ဟနုမာမျောက်ကို မချီးမွမ်းမူ၍ သမုဒ္ဒရာကို ချီးမွမ်းခြင်း, သမုဒ္ဒရာကို ချီးမွမ်းရာ၌လည်း ခုန်ကျော်သောသူ၏ဂုဏ်ကို ပြတတ်သော ကျယ်ဝန်းသောဂုဏ်ကို မချီးမွမ်းသောကြောင့် မယှဉ်သင့်သည်၌ ယှဉ်အပ်သော အပွယောဇကဒေါသ သင့်၏။

(စ) မထင်ရှားသောစကားသည် ဒုဗ္ဗောဓဒေါသ မည်၏၊ "မနုညဓနယော ပါဒေ, ခါတယော ကာနိ ဘန္တိ တေ"။ [ကာနိ-သတို့သမီး၊ တေ-သင်၏၊ ပါဒေ-ခြေ၌၊ မနုညဓနယော-နှစ်သက်ဖွယ်သော အသံရှိကုန်သော၊ ခါတယော-ခြေချင်းတို့သည်၊ ဘန္တိ-တောက်ပကုန်၏။] ဤ၌ ကာနိသဒ္ဒါ, ခါဒိသဒ္ဒါတို့သည်အသိခက်သောကြောင့် ဒုဗ္ဗောဓဒေါသ သင့်ကုန်၏၊ ၎င်းကို နိဘူတာပဟေလီ၌ သွင်းအပ်၏။

http://www.dhammadownload.com

(ဆ) အချို့သော အရပ်ဒေသ၌သာလျှင် ထင်ရှားသော သဒ္ဒါသည် ဒေသိယဒေါသသင့်၏၊ "ကွမေ လာဝဏ္ဏတလ္လာ တေ, ဂလ္လာ လောလဝိလော စနေ"။ [လောလဝိလောစနေ-လှုပ်သောမျက်စိရှိသော အို..သတို့သမီး၊ တေ-သင်၏၊ ကွမေ ဂလ္လာ-ဤပါးစောင်တို့သည်၊ လာဝဏ္ဏတလ္လာ-နှစ်သက်ဖွယ်သော ရေအိုင်နှင့်တူကုန်၏။] ဤ၌ ဂလ္လာ, တလ္လာသဒ္ဒါတို့သည် အချို့သော အရပ်ဒေသ၌သာ သုံးသောကြောင့် ဒေသိယဒေါသ သင့်ကုန်၏။

(ဇ) တွယိ ရာဇတိ ရာဇိန္ဒ, ရိပုနံ သဂ္ဂသေဝိနံ၊
ထီနံ အကက်ကော ပါဏိ, သိယာ နေတ္တမနဥ္ဇနံ။

ရာဇိန္ဒ-မင်းမြတ်၊ တွယိ-သင်မင်းမြတ်သည်၊ ရာဇတိ-တင့်တယ်သည် ရှိသော်၊ သဂ္ဂသေဝိနံ-နတ်ရွာစံကုန်ပြီးသော၊ ရိပုနံ-ရန်သူမင်းတို့၏၊ ထီနံ-မိန်းမတို့၏၊ ပါဏိ-လက်သည်၊ အကက်ကော-လက်ကောက် မရှိသည်၊ နေတ္တံ- မျက်လုံးသည်၊ အနဥ္ဇနံ- မျက်စဉ်း မရှိသည်၊ သိယာ- ဖြစ်ရာ၏။ [အိန္ဒိယနိုင်ငံဝယ် ရှေးခေတ်၌ ခတ္တိယဇာတ်ရှိသော မုဆိုးမတို့မှာ လက်ကောက်ဝတ်ရိုး, မျက်စဉ်းဖြင့် မျက်နှာကွင်းရိုး ထုံးစံမရှိ၊ ထို့ကြောင့် "လက်ကောက်မရှိသော မိန်းမ, မျက်စဉ်းမကွင်းသောမိန်းမ"ဟု ဆိုလျှင် မုဆိုးမဖြစ်ကြောင်းကို သိနိုင်လောက်လျက် "သဂ္ဂသေဝိနံ-နတ်ရွာစံမင်းတို့၏+မိန်းမ"ဟု ဆိုခြင်းသည် အပိုသက်သက် ဖြစ်၍ အဓိကဒေါသ သင့်၏။]

(ဈ) ဆိုလိုအပ်သော စကားမှ ယုတ်သောဝါကျသည် ဥိနဒေါသသင့်၏၊ "တိလောကတိလကံ မုနိ"၊ [တိလောကတိလကံ-လောက ၃ ပါး၏ မှန်ကူသဖွယ် ဖြစ်သော၊ မုနိ-မြတ်စွာဘုရားကို၊] ဤ၌ "ဝန္ဒေ"ထည့်သင့်လျက် မထည့်သောကြောင့် ဥိနဒေါသ သင့်၏။

(ဉ) ဆန်းကျမ်း၌ ပြဆိုအပ်သော အက္ခရာအရေအတွက်မှ ပိုခြင်း ယုတ်ခြင်းသည် "ဆန္ဒဟာနိဒေါသ"မည်၏၊ ထိုဒေါသသည် ဆန်းကျမ်း၌ လာသော အက္ခရာထက် ပိုသော လျော့သောအားဖြင့် ထင်ရှားပြီး ဖြစ်၍ ဆိုဖွယ်မရှိ ဖြစ်သည်။

(ဋ) အစ အဆုံး, သို့မဟုတ် အချို အချ မညီမျှသော ဝါကျသည် ဥပက္ကမောပသံဟာရဝိသမဒေါသ မည်၏၊ ၎င်းသည် ဘဂ္ဂရီတိဒေါသ၌ ဝင်၏၊ ဤစကားရပ်တို့ကား ဋီကာတို့၏ အဆိုအတိုင်း ရေးအပ်သော စကားတို့တည်း။

ဒေါသာဝဇောဓအဖွင့် ပြီး၍ပြီ။

http://www.dhammadownload.com

ဒေါသပရိဟာရာဝဗောဓအခန်း

ပဋိညာဉ်

၆၈။ ကဒါစိ ကဝိကောသလ္လာ, ဝိရောဓော သကလောပျ·ယံ၊
ဒေါသသဒ်္ဒ·မတိက္ကမ္မ, ဂုဏဝီထိံ ဝိဂါဟတေ။

၆၉။ တေန ဝုတ္တဝိရောဓာန–မဝိရောဓော ယထာ သိယာ၊
တထာ ဒေါသပရိဟာရာ–ဝဗောဓော ဒါနိ နီယတေ။

၆၈။ ကဒါစိ - တစ်ရံတစ်ခါ၌၊ ကဝိကောသလ္လာ - ကဝိတို့၏ ဉာဏ်စွမ်းကြောင့်၊ ဘကလောပိ - အလုံးစုံလည်း ဖြစ်သော၊ အယံ ဝိရောဓော-ဤဆန့်ကျင်ဘက်အပြစ်သည်၊ ဒေါသသဒ်္ဒ-အပြစ်ဟူသော အရေအတွက်ကို၊ အတိက္ကမ္မ-ကျော်လွန်၍၊ ဂုဏဝီထိံ-ဂုဏ်သဘောသို့၊ ဝိဂါဟတေ-သက်ဝင်နိုင်၏။

၆၉။ တေန - ထို့ကြောင့်၊ ဝုတ္တဝိရောဓာနံ - ဆိုအပ်ပြီးသော ဆန့်ကျင်ဘက် အပြစ်တို့၏၊ ယထာ-အကြင် အခြင်းအရာအားဖြင့် ဖြေဆိုအပ်သော်၊ အဝိရောဓော-အပြစ်မဟုတ်တော့သည်၊ သိယာ-ဖြစ်၏၊ တထာ-ထိုအခြင်းအရာအားဖြင့်၊ ဒေါသပရိဟာရာဝဗောဓော-အပြစ်အဖြေကို သိစေရာ သိစေကြောင်းဖြစ်သော အခန်းကို၊ ဒါနိ-ယခုအခါ၌၊ (မယာ-ငါသည်၊) နီယတေ-ဆောင်ပြအပ်၏၊ ဝါ-ဆောင်ပြ ပေအံ့။

၆၈, ၆၉။ ။ဒေါသာဝဗောဓအခန်းကို ပြပြီး၍ ဒေါသပရိဟာရာဝ ဗောဓ အခန်းကို ပြလိုသောဆရာသည် "ကဒါစိ ကဝိကောသလ္လာ" စသော (စကားပျိုး အခြေခံ ပဋိညာဉ်) ၂ ဂါထာကို မိန့်၊ ဖြစ်ပြီးသော အပြစ် ဒေါသကို များသောအားဖြင့် ဂုဏ်ဖြစ်အောင် မပြုပြင်နိုင်၊ သို့သော် တစ်ရံတစ်ခါ၌မူ ကဝိသူမွန် ပညဝန်တို့၏ (အပြောကောင်း အဖြေကောင်းသော) ဉာဏ်စွမ်းကြောင့် အပြစ်ဒေါသသည် ဂုဏ် အဖြစ်သို့ ဝင်လာ၏၊ "အပြစ်ရှိနေသော ပုဒ်-ဝါကျ-ဝါကျတ္ထတို့သည် ပညာရှိတို့က ပြင်၍ ပြောလိုက်လျှင် အပြစ်ကင်းသော ပုဒ်- ဝါကျ-

http://www.dhammadownload.com

ဝါကျတ္ထအဖြစ်သို့ ပြောင်းလာသည်"ဟူလို၊ "ထို့ကြောင့် ဆိုအပ်ပြီးသော အပြစ်တို့၏ ပြေပျောက်နိုင်လောက်သောနည်းဖြင့် ဖြေပုံကို ပြသော အခန်းကို ယခုအခါ ဆောင်ပြပေအံ့"ဟူလို။ [ကောသလ္လံ-ကျွမ်းကျင်သူ၏ ဖြစ်ကြောင်း ဉာဏ်၊ ကဝိနံ+ကောသလ္လံ ကဝိကောသလ္လံ။]

ဝစနတ္ထ။ ။ဝိရုဇ္ဈနံ-တိုက်ရိုက် (ဖြောင့်ဖြောင့်) ဆန့်ကျင်ခြင်း၊ ဝိရောဓော-ခြင်း၊ ဒေါသေသု-တို့၌+သခ်္ခာ-ရေတွက်ရခြင်း (ထည့်သွင်းရခြင်း)တည်း၊ ဒေါသသခ်္ခာ-ခြင်း၊ ဝိရုဒ္ဓတ္ထန္တရလည်း အပြစ်တစ်မျိုး, အဓျတ္ထလည်း အပြစ်တစ်မျိုး ဤသို့ စသည်ဖြင့် "အပြစ်၌ ထည့်သွင်းရခြင်း"ဟူလို၊ ထိုဒေါသသခ်္ခာကို လွန်ခြင်းဟူသည် ဒေါသအရေအတွက်တွင် မပါတော့ခြင်းတည်း၊ ပုဏ္ဏာနံ-တို့၏၊ ဝိထိ-လမ်းတည်း၊ ဂုဏဝိထိ-လမ်း၊ ဝိပုဗ္ဗ ဂါဟူဓာတ်သည် သင်္ဂဝင်ခြင်း အနက်ဟောတည်း။

တေန၊ပေ၊နိယတေ။ ။တေန-ထိုသို့ ကဝိတို့၏ ဉာဏ်စွမ်းအတွက် အပြစ်က ဂုဏ်ဖြစ်နိုင်သောကြောင့်၊ ဝုတ္တဝိရောဓနံ-ဒေါသာဝဗောဓ အခန်း၌ ဆိုအပ်ခဲ့သော အပြစ်တို့၏၊ အဝိရောဓော ယထာ သိယာ-အကြောင်နည်းဖြင့် ဖြေဆိုလျှင် ဝိရောဓ (ဒေါသ) မဖြစ်တော့၊ တထာ ဒေါသပရိဟာရဝဗောဓော-ထိုသို့ အပြစ်မဖြစ်လောက်သော နည်းဖြင့် ဖြေဆိုပုံကို သိရာအခန်းကို ပြတော့မည်-ဟူလို။

ဒေါသပရိဟာရာဝ-ဗောဓ။ ။ဒေါသာနံ-တို့ကို+ပရိဟာရော-ရှောင်လွှဲခြင်း၊ ဝါ-ဖြေပုံ၊ အဝဗုဇ္ဈတိ ဧတ္ထ ဧတေန ဝါတိ အဝဗောဓော၊ ဒေါသပရိဟာရဿ-အပြစ်တို့ကို ဖြေပုံ (ရှောင်လွှဲပုံ)ကို+အဝဗောဓော-သိရာ သိကြောင်း အခန်းတည်း၊ ဒေါသပရိဟာရာဝဗောဓော-ခန်း၊ "နိယတေ-ဆောင်"ဟူရာ၌ "ဆောင်ယူ၍ ပြမည်"ဟု ဆိုလိုသည်၊ ပြခါနီးနေပြီ ဖြစ်သောကြောင့် သမီပဝတ္တမာန် တေ ဝိဘတ်ဖြင့် "နိယတေ"ဟု ဆိုထားသည်၊ "ဆောင်ပြတော့မည်၊ ဆိုတော့မည်"ဟု ပဋိညာဉ်ပြုသော စကားပင်တည်း။

http://www.dhammadownload.com

တတ္ထ ဝိရုဒ္ဓတ္ထန္တရဿ ပရိဟာရော ယထာ-
၇၀။ ဝိန္ဒန္တံ ပါကသာလိနံ, သာလိနံ ဒဿနာ သုခံ၊
တံ ကထံ နာမ မေယ္ယော-ယံ, ဝိသဒေါ သုခယေ ဇနံ။

၇၀။ တတ္ထ-ထိုဒေါသ၏အဖြေတို့တွင်၊ ဝိရုဒ္ဓတ္ထန္တရဿ-ဝိရုဒ္ဓတ္ထန္တရဒေါသ၏၊ ပရိဟာရော-အဖြေဟူသည်၊ ယထာ-အဘယ်နည်း၊ . . . ဗါကသာလိနံ-မှည့်ရင့်ခြင်းနှင့်ယှဉ်ကုန်သော၊ ဝါ-မှည့်ရင့်ခြင်းကြောင့် နှစ်သက်ဖွယ်ရှိကုန်သော၊ သာလိနံ-သလေးအပင်တို့ကို၊ ဒဿနာ-မြင်ရခြင်းကြောင့်၊ သုခံ-စိတ်ချမ်းသာခြင်းကို၊ ဝိန္ဒန္တံ-ခံစားရသော၊ တံ ဇနံ-လယ်လုပ်သမား, ထိုယောက်ျားကို၊ ဝိသဒေါ-ရေးကို ပေးတတ်သော၊ အယံ မေယ္ယော-ဤမိုးသည်၊ ကထံ နာမ သုခယေ-အဘယ်မှာ ချမ်းသာစေနိုင်ပါအံ့နည်း၊ (န သုခယတိ ဇဝ-မချမ်းသာစေနိုင်သည်သာ။)

၇၀။ ဝိန္ဒန္တံ၊ပေ၊ဇနံ။ ။ဝိရုဒ္ဓတ္ထန္တရဒေါသကို ရှောင်လွှဲပုံ (အဖြေ) ပြသော ဂါထာတည်း၊ ရိတ်သိမ်းခါနီး၌ မှည့်နေသောသလေးစပါးတို့ကို မြင်ရသည့်အတွက် စိတ်စက်ရှင်ပျ သုခရနေသော လယ်သမားကို (ရေကို ပေးတတ်သော) မိုးသည် အဘယ်မှာ ချမ်းသာစေနိုင်ပါတော့အံ့နည်း၊ "ထိုမိုးကြောင့် ရိတ်သိမ်းခါနီး စပါးပင်တွေ ဧကန်ပျက်စီးရချေတော့မည်ဖြစ်ရကား မချမ်းသာစေနိုင်ပါ"ဟူလို။ ["ဝိသဒေါ-ဇလဒါယကော" ဟု ဋီကာဖွင့်သောကြောင့် ဝိသဒေါကို တစ်နက်သာ ပေးပါ။]

မှတ်ချက်။ ။"ဝိသဒေါ"ပုဒ်၌ "ရေကို ပေးတတ်သော"ဟူသော အနက်အပြင် "အဆိပ်ကို ပေးတတ်သော"ဟူသော အနက်တစ်ပါး ရနိုင်၏၊ သို့သော် ထိုအနက်တစ်ပါးသည် ဆန့်ကျင်ဘက် မဟုတ်၊ စပါးရိတ်သိမ်းချိန် ရွာလျှင် ရေကို ပေးတတ်သော မိုးလည်း အဆိပ်ကို ပေးတတ်သော မိုးနှင့် မချမ်းသာစေနိုင်ခြင်းအားဖြင့် သဘောတူ၏၊ ထို့ကြောင့် ဝိသဒေါပုဒ်သည် ဝိရုဒ္ဓတ္ထန္တရဒေါသ မသင့်တော့ချေ၊ ဤသို့လျှင် ကဝိတို့၏ ကျွမ်းကျင်မှုကြောင့် အပြစ်သင့်နေသော "ဝိသဒေါ"ပုဒ်ကို "ဝိန္ဒန္တံ ပါကသာလိနံ"စသော ပုဒ်တို့ဖြင့် ဖာထေးဖေးမ၍ ဖြေလိုက်ရာ အပြစ်ကင်း၍ (ပုဒ်နေသန့်ရှင်းသော) ပသာဒဂုဏ်ဘက်သို့ သက်ရောက်လာလေသည်။

http://www.dhammadownload.com

ပါကသာလီနံ သုခယေ။ ။"သာလီသဒ္ဒါသည် ယှဉ်ခြင်း-နှစ်သက်ခြင်းကို ဟော၏"ဟု ပကတိဗောဓအဘိဓာန်၌ ဆိုသတတ်၊ ပါကေန-မှည့်ခြင်းနှင့်+သာလီ-ယှဉ်သောစပါးပင်တို့တည်း၊ ပါကသာလီ-တို့၊ နောက်"သာလိ"ကား သလေးစပါးအနက်ဟောတည်း၊ သုခယေ၌ သုခဓာတ် မရှိဟု ယူဆ၍ ဋီကာ၌ "သုခံ ကရောတိ"အနက်၌ နာမဓာတ်ဟု ဆို၏၊ သုခဓာတ် ကာရိတ် ဏာယပစ္စည်းဖြင့် ပြီးနိုင်သောကြောင့်လည်းကောင်း, နာမ်ပုဒ်နောင် ဓာတ်အနက်၌ အယပစ္စည်းလည်း မရှိသောကြောင့်လည်းကောင်း ထိုဋီကာသစ်စကားကို စဉ်းစားပါ။

အဂတ္ထိဥဒကေ ကာလေ, သာရဒေ ဝိမလေ ဝိဟေ၊
သီတစ္ဆော ဝိသဒေါ မေယျော, ပိဝန္တိ သုခယေ ဇနံ။

အဂတ္ထိဥဒကေ-အဂတ္ထိမည်သော ကြယ်နီကြီး၏ ထွန်းတက်ရာဖြစ်သော၊ သာရဒေ-သရဒဥတု၌ ဖြစ်သော၊ ကာလေ-အခါ၌၊ ဝိဟေ-ကောင်းကင်သည်၊ ဝိမလေ-ကင်းသောအညစ်အကြေးရှိလတ်သော်၊ သီတစ္ဆော-အေးမြကြည်လင်သော၊ ဝိသဒေါ-ရေကို ပေးတတ်သော၊ မေယျော-မိုးသည်၊ ပိဝန္တိ-သောက်သော၊ ဇနံ-လူအပေါင်းကို၊ သုခယေ-ချမ်းသာစေနိုင်၏။

ဤသို့ သီတစ္ဆော (သီတ+အစ္ဆော)ဟု ဝိသေသန ကူမလိုက်လျှင် "ဝိသဒေါ"၌ "အဆိပ်ကို ပေးတတ်သော"ဟု အနက်မရနိုင်သောကြောင့် ဝိရုဒ္ဓတ္ထန္တရမှ ကင်းတော့သတတ်၊ ဤကား ယောနိသယအဆိုတည်း၊ စံကျောင်းနိသယ၌ကား "ဣမာ အနစ္ဆရိယာ ဂါထာယော ပုဗ္ဗေ အဿုတပုဗ္ဗာ ပဋိဘံသု"ကို ထုတ်ပြ၏၊ အနစ္ဆရိယာ၌ "အနု+အစ္ဆရိယာ-အဖန်ဖန် မအံ့ဩအပ်ကုန်သော"ဟု အနက်သာ လိုရင်းတည်း၊ သို့သော် "န+အစ္ဆရိယာ-မအံ့ဩအပ်ကုန်သော"ဟု ဆန့်ကျင်ဘက် အနက်ရှိသော်လည်း "အဿုတပုဗ္ဗာ-မကြားအပ်ဘူးကုန်သော"ဟူသော ဝိသေသနကြောင့် ထိုအနက် မရနိုင်တော့ရကား ဝိရုဒ္ဓတ္ထန္တရဒေါသမှ လွတ်၏ဟု မိန့်လေသည်၊ လိုရာအနက်မှ အခြားအနက်တစ်မျိုး ရှိရုံမျှဖြင့် ဝိရုဒ္ဓတ္ထန္တရဒေါသ မသင့်နိုင်ကြောင်း, ထိုအနက်တစ်ပါးက ဆန့်ကျင်ဘက်အကျိုးကို ဖြစ်စေမှ ဝိရုဒ္ဓတ္ထန္တရဒေါသသင့်ကြောင်းကို ဒေါသခန်း၌ ပြခဲ့ပြီ။

http://www.dhammadownload.com

ယထာ ဝါ

၇၁။ ဝိနာယကောပိ နာဂေါ.သိ, ဂေါတမောပိ မဟာမတိ၊
ပဏ္ဍိတောပိ ရသာပေတော, စိတ္တာ မေ သာမိ တေ ဂတိ။

၇၁။ ယထာ ဝါ-ဥဒါဟရဏ်တစ်မျိုးကား၊-သာမိ-အရှင်၊ တွံ-အရှင်သည်၊ ဝိနာယကောပိ-ဂဠုန်ဖြစ်ပါလျက်လည်း၊ နာဂေါ-နဂါးသည်၊ အသိ-ဖြစ်ပြန်၏၊ ဂေါတမောပိ-ထူးခွန်လွန်ကဲ့, မိုက်မဲသောနွားဖြစ်ပါလျက်လည်း၊ မဟာမတိ-ကြီးသော ပညာရှိသူသည်၊ အသိ-ဖြစ်ပေ၏၊ ပဏ္ဍိတောပိ-မွန်မြတ်သော အာဟာရဖြစ်ပါလျက်လည်း၊ ရသာပေတော-ကောင်းမြတ်သော အရသာမှ ကင်းသည်၊ အသိ-ဖြစ်ပြန်၏၊ တေ-အရှင်၏၊ ဂတိ-ဖြစ်ပုံသည်၊ မေ-ကျွန်ုပ်အလိုအားဖြင့်၊ စိတ္တာ-ထူးပေ ဆန်းပေသည်တကား။

(တစ်နည်း) သာမိ-ရှင်တော်မြတ်ဘုရား၊ တွံ-ရှင်တော်မြတ်ဘုရားသည်၊ ဝိနာယကောပိ-သတ္တဝါတို့ကို ဆုံးမတော်မူတတ်သည် ဖြစ်၍သာလျှင်၊ နာဂေါ-မကောင်းမှု ကိလေသာ, ကင်းကွာတော်မူသည်၊ အသိ-ဖြစ်တော်မူပါပေ၏၊ ဂေါတမောပိ-ဂေါတမအနွယ် ဖြစ်၍သာလျှင်၊ မဟာမတိ-မြတ်သော သဗ္ဗညုတာ, ဉာဏ်ပညာရှိတော်မူသည်၊ အသိ-ဖြစ်တော်မူပါပေ၏၊ ပဏ္ဍိတောပိ-မြတ်သောပုဂ္ဂိုလ်ဖြစ်လျက်သာလျှင်၊ ရသာပေတော-ကာမဂုဏ်အရသာကို ခံစားခြင်းမှ ကင်းတော်မူပါပေ၏၊ တေ-ရှင်တော်မြတ်ဘုရား၏၊ ဂတိ-ဖြစ်ပုံသည်၊ မေ-တပည့်တော်၏ အလိုအားဖြင့်၊ စိတ္တာ-အံ့သြဖွယ်ရာ ဆန်းကြယ်ပါပေသည် ဘုရား။

၇၁။ ဤဂါထာ၌ မသိသူတို့ အနက်ပေးနည်းဖြင့် ပဌမအတိုင်းပေးလျှင် "ဂဠုန်ဖြစ်လျက်+နဂါးဖြစ်ခြင်း, နွားမိုက်ဖြစ်လျက်+ပညာရှိကြီးဖြစ်ခြင်း, မွန်မြတ်သော အာဟာရဖြစ်ပါလျက်+အရသာ မရှိခြင်း"ဟု ရှေ့နောက် ဆန့်ကျင်ဘက်အနက် ထွက်နေရကား ပုဒ်အားလုံးပင် အပြန်အလှန် (ဝိနာယကော ထောက်၍ နာဂေါသည်လည်းကောင်း, နာဂေါ ထောက်၍ ဝိနာယကောသည်လည်းကောင်း ဤသို့စသည်ဖြင့်) ဝိရုဒ္ဓတ္ထန္တရဒေါသ သင့်နေ၏၊ အနက်မှန်ကို သိသူတို့၏ ပေးနည်းဖြင့် နောက်နည်းအတိုင်း အနက်ပေးပြန်လျှင် ထိုပုဒ် အားလုံးပင် အပြစ်

http://www.dhammadownload.com

အချတ္ထဿ ယထာ

၇၂။ ကထံ တာဒိဂုဏာဘာဝေ, လောကံ တောသေတိ ဒုဇ္ဇနော၊
ဩဘာသိတာ-သေသဒိသော, ခဇ္ဇောတော နာမ ကိံ ဘဝေ။

၇၂။ အချတ္ထဿ-အချတ္ထဒေါသ၏၊ ပရိဟာရော, ယထာ-နည်း၊ ဒုဇ္ဇနော-လူယုတ်မာသည်၊ တာဒိ ဂုဏာဘာဝေ-တာဒိဂုဏ်၏ မရှိခြင်းကြောင့်၊ လောကံ-လူအပေါင်းကို၊ ကထံ တောသေတိ-အဘယ်မှာ နှစ်သက်စေနိုင်အံ့နည်း၊ (နတောသေတိ ဧဝ-မနှစ်သက်စေနိုင်သည်သာ၊) ဩဘာသိတာ- သေသဒိသော-ထွန်းလင်းအပ်သော အကြွင်းမရှိ

ကင်းလေ၏၊ ထို့ကြောင့် အနက်၂ မျိုး ပေးရသည်။ [ဤဂါထာသည် "ပဟေလီ"အခန်း၌ ပြမည့် ဝဉ္စိတာပဟေလီဂါထာတည်း။]

ဝိဂ္ဂဟ။ ။ပြခဲ့သော အနက်၂ မျိုးစီ ရဖို့ရာ သင့်တော်အောင် ဝိဂြိုဟ်ပြုရ၏၊ ဝိသဒ္ဒါသည် ငှက်ဟောပရိယာယ်၌ ပါ၏၊ ["သကုနောစ သကုန္တောဝိ" အဘိဓာန် ၆၂၄၊] ဝီနံ+နာယကော ဝိနာယကော-ငှက်တို့၏+ရှေ့ဆောင်အကြီးအကဲဟူသည် ဂဋုန်တည်း၊ သတ္တေ ဝိနေတီတိ ဝိနာယကော-သတ္တဝါတို့ကို ဆုံးမတော်မူသော ဘုရား၊ ဂစ္ဆတီတိ+ဂေါ၊ န+ဂေါ-အဂေါ၊ မသွားတတ်သော အကောင်၊ န+အဂေါ နာဂေါ-မသွားတတ် မဟုတ်, သွားတတ်သော အကောင်၊ ဝါ-နဂါး၊ နတ္ထိ+အာဂု (ပါပံ) ဧတိဿာတိ နာဂေါ-မကောင်းမှု မရှိသော ရဟန္တာ။

ဂုနှံ+အတိသယော ဂေါတမော-နွားတို့တွင် လွန်ကဲသော နွား၊ ဝါ-နွားမိုက်၊ ဂေါတမဿ+အပစ္စံ ဂေါတမော-ဂေါတမအနွယ်ဖြစ်သော ဘုရားရှင်၊ မဟတီ+မတိ ယဿာတိ မဟာမတိ၊ ပဓာနံ-ပြဌာန်းသည်၏ အဖြစ်သို့+နီတော ပဏီတော-မွန်မြတ်သော အစာ၊ ဝါ-မွန်မြတ်သော ဘုရား၊ [ဤပုဒ်၌ ဝိဂ္ဂဟ၂ မျိုး ပြုဖွယ်မလို၊] ရသတော+အပေတော ရသာပေတော-အရသာမှ ကင်းသည်၊ ကာမအရသာကို ခံစားခြင်းမှ ကင်းသော ဘုရား၊ (အရသရူပေါ-ပါဋိတော်မှီသည်၊) ဋီကာဟောင်း၌ "သိဂ်ါရာဒီဟိ အပေတော-သိဂ်ါရ စသော ရသတို့မှ ကင်းတော်မူ၏"ဟု ဆို၏၊ ကရုဏာရသ-သန္တရသ စသည်ကို ဘုရားရှင် သုံးစွဲတော်မူသေး သောကြောင့် ဋီကာစကားကို စဉ်းစားပါ။

http://www.dhammadownload.com

အရပ်ရှိသော၊ ဝါ-အကြွင်းမရှိသော အရပ်တို့ကို ထွန်းလင်းနိုင်သော၊ ခဇွောတော နာမ-ပိုးစုန်းကြူးမည်သည်၊ ကီ ဘဝေ-အဘယ်မှာ ရှိနိုင်ပါအုံးနည်း၊ (နု ဘဝတိ ဧဝ-မရှိနိုင်သည်သာ။)

၇၂။ ကထံပေါဘဝေ။ ။"ဩဘာသိတာ၊ သေသဒိသောဟူသော ပုဒ်သည် ခဇွောတော၏ ဝိသေသနဖြစ်၍ ဒေါသခန်း၌ အဓွတ္ထဒေါသ" ဟု ဆို၏၊ ဤ၌ကား "ကီ ဘဝေ-အလုံးစုံသော အရပ်ကို ထွန်းလင်းနိုင်သော ပိုးစုန်းကြူးမည်သည် မရှိနိုင်"ဟု "ကီ+ဘဝေ"ပုဒ်တို့ဖြင့် ဖာထေး၍ ဖြေသောကြောင့် "ဩဘာသိတာ၊ သေသဒိသော" ဝိသေသနပုဒ်သည် အဓွတ္ထဒေါသမှ လွတ်၏။

မှတ်ချက်။ ။ဂါထာ၏ နောက်ထက်ဝက်သာ ဆိုလိုရင်း ဖြစ်ပါသော်လည်း ဂါထာလည်း ပြည့်, လူယုတ်မာကို နှိမ်သော အဓိပ္ပာယ်လည်း ရှိအောင် "ကထံ တာဒိဂုဏာဘာဝေ, လောကံ တောသေတိ ဒုဇ္ဇနော"ဟု ရှေ့ထက်ဝက်ကိုလည်း ထည့်စွက်၍ ပြသည်၊ "အရပ်မျက်နှာ အားလုံးကို ထွန်းလင်းနိုင်သော ပိုးစုန်းကြူးမည်သည် မရှိသကဲ့သို့, တာဒိဂုဏ် မရှိခြင်းကြောင့် လူအပေါင်းကို နှစ်သက်စေနိုင်သော လူယုတ်မာမည်သည်လည်း မရှိနိုင်"ဟူလို။ [ပိဋကတော်၌ ဣဋ္ဌ-အနိဋ္ဌ စသည်တို့ကြောင့် မတုန်လှုပ်ခြင်းကို "တာဒိဂုဏ်"ဟု ဖွင့်၏၊ ဋီကာတို့ကား လူအပေါင်းကို နှစ်သက်စေနိုင်သော သီလ သမာဓိ ပညာဂုဏ်ကို "တာဒိဂုဏ်"ဟု ဖွင့်ကြလေသည်။]

စံကျောင်းနိသယ။ ။"သီလဝါ မက္ကဠော-သီလရှိသောမျောက်"ဟု ဆိုလျှင် သီလဝါဟူသော ဝိသေသနသည် မျောက်နှင့်မတန်သောကြောင့် အဓွတ္ထဒေါသရောက်၏၊ "ကော တေ သုတော ဝါ ဒိဋ္ဌော ဝါ, သီလဝါ နာမ မက္ကဠော-အဘယ်မျောက်ကို သီလရှိသောမျောက်"ဟု သင်ကြားအပ်, တွေ့အပ်ဖူးသနည်"ဟု ဒုကနိပါတ် ဒုဇ္ဈိယဇာတ်လာ ဂါထာအဲတိုင်း ဖြေလျှင် "အဓွတ္ထဒေါသ ပြေ၏"ဟု မှာထားလေသည်၊ "ဘုရားအလောင်း မျောက်မင်း"ကို "သီလဝါမက္ကဠော"ဟု ဆိုလျှင်ကား သီလဝါပုဒ်သည် နဂိုကပင် အဓွတ္ထဒေါသ မသင့်။

http://www.dhammadownload.com

ကိလိဋ္ဌဒေါသအဖြေ

၇၃။ ပဟေလိကာယ.မာရုဋ္ဌာ, နဟိ ဒုဋ္ဌာ ကိလိဋ္ဌတာ၊
ပိယာ သုခါလိဏ်တက်, မာလိဂ်တိ နု နော ဣတိ။

၇၃။ ပဟေလိကာယံ - စကားထာဝှက်ခြင်းသို့၊ အာရုဋ္ဌာ - တက်ရောက်သော၊ ကိလိဋ္ဌတာ-အနက်ထင်၍ မဖြစ်လောက်အောင် ညစ်သော ပုဒ်၏ အဖြစ်သည်၊ ဒုဋ္ဌာ-အပြစ်ဒေါသသည်၊ နဟိ-မဟုတ်ချေ၊ ပိယာ-ချစ်မငြီးဖွယ်, ဇနီးသယ်သည်၊ အာလိဏ်တံ-လည်ဖက်အပ်သော၊ ကံ-အဘယ်မည်သော ယောက်ျားကို၊ သုခံ-ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသည်၊ နော အာလိဂ်တိနု-လည်ဖက်သည် မမည်ဘဲ ရှိတော့အံ့နည်း၊ (အာလိဂ်တိဧဝ-လည်ဖက်ရာ ရောက်တော့သည်သာ၊) ဣတိ-ဤသို့ အစရှိသည်တည်း။

၇၃။ ပဟေလိကာယ။ ။[သုခံ+အာလိဏ်တံ+ကံ+အာလိဂ်တိ၊] ကိလိဋ္ဌဒေါသ၌ ပြခဲ့သော "ပိယာ"ပုဒ်သည် ရိုးရိုးစီကုံးရာ၌သာ ဒေါသသင့်၏၊ ထိုပုဒ်ကို ကြည့်ရှု ကြံစည်သူတို့၏ ဉာဏ်ကို စမ်းသောအားဖြင့် စကားထာဝှက် "ပဟေလီပုဒ်ပါ"ဟု ဆိုလျှင် ပိယာပုဒ်သည် ကိလိဋ္ဌ မဖြစ်၊ ထို့ကြောင့် ဒေါသအခန်း၌ ပြခဲ့သော "ပိယာ"ပုဒ်ကိုပင် ထပ်၍ ထုတ်ပြသည်။

ပဟေလိကာ။ ။[ပပုဗ္ဗ, ဟိလဓာတ်, ဏ္ဍုကို အကပြု၊ ဒါယိကာ ကဲ့သို့ အ ကို ဣပြု၊ အာပစ္စည်း၊ "ပဟေလီ"ဟု ရှိရာ၌ ဏပစ္စည်း, ဣတ္ထိဇောတက ဤပစ္စည်း၊] (လငယ်နှင့်) ဟိလဓာတ်သည် ဟာဝကရ-စံပယ်ကွန့်မြူးမှုကို ပြုခြင်း (အပျော်ကစားခြင်း၌) ဖြစ်၏၊ "ပကာရေန+ဟိလန္တိ ဧတာယာတိ ပဟေလိကာ-အပြားအားဖြင့် မြူးပျော်ကြကြောင်း (စကားထာဝှက်တမ်း ကစားကြောင်း)စကား"၊ ဤပဟေလီကို နောက်၌ သီးခြားပြထား၏။

ကီဋ္ဌာဂေါဋ္ဌိဝိနောဒေသု, တညူဟျာကိဏ္ဏမန္တနေ၊
ပရဗျာမောဟနေ စာပိ, သောပယောဂါ ပဟေလိကာ။

ကီဋ္ဌာဂေါဋ္ဌိဝိနောဒေသု-ပျော်မြူးရာ ပွဲသဘင်ဝယ် အမျိုးမျိုးပျက်လုံးထုတ်ခြင်းတို့၌လည်းကောင်း၊ တညူဟိ-ထိုပဟေလီကို သိသူတို့သည်၊ အာကိဏ္ဏမန္တနေ-လူပြွမ်းသောအရပ်တွင် အများမသိအောင်

http://www.dhammadownload.com

ယမကကိလိဋ္ဌဒေါသ

၇၄။ ယမကေ နော ပယောဇေယျ, ကိလိဋ္ဌပဒမိစ္ဆိတေ၊
တတော ယမကမည်တု, သဗ္ဗမေတံမယံ ဝိယ။

၇၄။ ကျွစ်ဆိတေ-အလိုရှိအပ်သော၊ ယမကေ-ယမက၌၊ ကိလိဋ္ဌပဒံ-အနက်ထင်၍ မဖြစ်လောက်အောင် ညစ်သောပုဒ်ကို၊ နော ပယောဇေယျ-မယှဉ်စေရာ၊ ဝါ-မသုံးစွဲရာ၊ တတော-ထိုကိလိဋ္ဌဒေါသနှင့် မယှဉ်သော ယမကမှ၊ အည်-အခြားသော၊ သဗ္ဗံ-အလုံးစုံသော၊ ယမကံ-ယမကသည်၊ ဧတံမယံ ဝိယ-ဤကိလိဋ္ဌဒေါသဖြင့် ပြုအပ်သကဲ့သို့၊ ဟောတိ-ဖြစ်၏။

တိုင်ပင်ခြင်း၌လည်းကောင်း၊ ပရဗျာမောဟနေ စာပိ - သူတစ်ပါးတို့ မသိစေလိုရာ၌လည်းကောင်း၊ ပဟေလိကာ - ပဟေလီသည်၊ သောပယောဂါ - ကျေးဇူးများ၏။

[ဆောင်] ပွဲသဘင်မှာ, စကားထာဝက်မှ, ပျက်လုံးပြု၏၊ သိသူ့ချင်းသာ, လူပြွမ်းရာဝယ်, ဝှက်ကာတိုင်ပင်, ထို့ပြင်သူတစ်ပါး, သိမသွားအောင်, စကားဝှက်သော, ပဟေလီပြော, မှတ်လော ကျေးဇူးများသတည်း။

၇၄။ ယမကေ၊ပေ၊ဝိယ။ ။"ကျွစ်ဆိတယမက"ဟူသည်"ပတိတသဒ္ဒရစိတံ"စသော (၂၅)ဂါထာ၌ ပြခဲ့သော ယမကတည်း၊ "ထိုသို့ဖွဲ့စည်းဖို့ရန် လိုလားအပ် ကောင်းမြတ်သော ယမက၌ အသိခက်သောပုဒ်မျိုး မပါစေရ၊ တတော အည်-ထိုကိလိဋ္ဌပုဒ် မပါသော ယမကမှတစ်ပါး, ကိလိဋ္ဌပုဒ်ပါသော ယမကအားလုံးကား ဤကိလိဋ္ဌဒေါသသင့်သော ယမကချည်းဖြစ်၍ မဖွဲ့စည်းသင့်ပါ"ဟူလို။

ဧတံမယံ ဝိယ။ ။ဧတေန-ဤကိလိဋ္ဌဒေါသဖြင့်+နိဗ္ဗတ္တံ-ဖြစ်စေအပ်သည်တည်း၊ ဧတံမယံ-ဤကိလိဋ္ဌဒေါသဖြင့် ဖြစ်စေအပ်သည်၊ နိဗ္ဗတ္တအနက်၌ မယပစ္စည်းသက်၊ နိဗ္ဗတ္တဟူသည် "ကတ-ပြုအပ်"ပင်တည်း၊ ဧတံ၌ နိဂ္ဂဟိတ်လာ၊ ဝိယဖြင့် "ပညာရှိ ကဝိတို့၏ လက်စွမ်းပြ ယမက ဖြစ်သော်လည်း အသိခက်အောင် စီကုံးလျှင် (ဂုဏ်မတက်သည့်ပြင်) ကိလိဋ္ဌဒေါသသင့်သောပုဒ်နှင့် အလားတူပင် အပြစ်ရသည်" ဟု ဆိုလိုသည်။

http://www.dhammadownload.com

ဒေသဝိရောဓိနော ယထာ

၇၅။ ဗောဓိသတ္တပ္ပဘာဝေန, ထလေပိ ဇလဇာ၌ဟုံ၊
နဒန္တာနိဝ သုစိရာ–ဝါသက္ကေသံ တဟိံ ဇလေ။

၇၅။ ဒေသဝိရောဓိနော-ဒေသဝိရောဓိဒေါသ၏၊ ပရိဟာရော-အဖြေသည်၊ ယထာ-အဘယ်နည်း၊...ဗောဓိသတ္တပ္ပဘာဝေန-ဘုရားအလောင်း၏ တန်ခိုးရှိန်စော် အာနုဘော်ကြောင့်၊ ဇလဇာနိ-ရေ၌ဖြစ်ကုန်, ပန်းမျိုးစုံတို့သည်၊ တဟိံ ဇလေ-ထိုရေ၌၊ သုစိရာဝါသက္ကေသံ-ကြာမြင့်စွာ နေရခြင်းကြောင့် ညောင်းညာပင်ပန်းခြင်းကို၊ နဒန္တာနိဝ-ဖြေဖျောက်ကုန်သကဲ့သို့၊ ထလေပိ-ကြည်းကုန်း၌လည်း၊ အဟုံ-ဖြစ်လာကုန်ပြီ။

၇၅။ ဗောဓိသတ္တ၊ပေ၊ဇလေ။ ။"ရေ၌ ပွင့်နေကျဖြစ်သော ပဒုမ္မာစသော ပန်းတို့သည် ကုန်း၌လည်း ပွင့်ကြကုန်၏"ဟု ဆိုလျှင် အရပ်ဒေသနှင့် ဆန့်ကျင်ဘက်ဖြစ်၍ ဒေသဝိရောဓိဒေါသ သင့်၏၊ "ဘုရားအလောင်း၏ တန်ခိုးတော်ကြောင့် ပွင့်ကြသည်"ဟု ဘုရားအလောင်းတန်ခိုးကို ထည့်စွက်လိုက်ခြင်းကြောင့် တစ်ရံတစ်ခါ ပွင့်နိုင်ကြရကား ထိုဒေသဝိရောဓိဒေါသ ပြေ၏။ [ဤ၌ "ဗောဓိသတ္တပ္ပဘာဝေန"သည် ဒေါသကို ဖြေသောပုဒ်တည်း။]

မှတ်ချက်။ ။ဒေသကာလကလာလောက စသည်ဖြင့် ဝိရောဓိဒေါသတို့ကို ပြခဲ့သည်အားလျော်စွာ ဤ အဖြေခန်း၌လည်း ထို ဒေသဝိရောဓိ စသော အစဉ်အတိုင်း ဖြေထားသည်။

သုစိရာ၊ပေ၊က္ကေသံ။ ။သုစိရံ-အလွန်ကြာမြင့်စွာ+အာဝါသော-နေရခြင်း၊ သုစိရာဝါသော၊ သုစိရာဝါသေန-ကြောင့်+က္ကေသော (ကိလေသော)-ညောင်းညာပင်ပန်းခြင်းတည်း၊ သုစိရာဝါသက္ကေသော-ခြင်း၊ "ရေထဲ၌ နေရတာ ကြာသောကြောင့် (ညောင်းသဖြင့်) အညောင်းအညာ ဖြေတဲ့သဘောနှင့် ကုန်းပေါ်မှာ ပွင့်လာကြသည်" ဟူလို။ [အညောင်းဖြေတတ်သောသဘော မရှိသော်လည်း ရှိသကဲ့သို့ တင်စားပြောသော တဒ္ဓမ္မူပစာ, နောက်၌လာမည့် သမာဓိအလင်္ကာစကားလည်း ဖြစ်သည်။]

http://www.dhammadownload.com

ကာလဝိရောဓိနော ယထာ

၇၆။ မဟာနုဘာဝပိသုနော, မုနိနော မန္ဒမာရုတော၊
သဗ္ဗောတုက.မယံ ဝါယိ, ဓုနန္တော ကုသုမံ သမံ။

၇၆။ ကာလဝိရောဓိနော-ကာလဝိရောဓိဒေါသ၏၊ ပရိဟာရော-သည်၊ ယထာ-နည်း၊...အယံ မန္ဒမာရုတော-ဤလေပြေ လေညှင်းသည်၊ မုနိနော-ဘုရားအလောင်း သုမေဓာရှင်ရသေ့၏၊ မဟာနုဘာဝပိသုနော-ကြီးမားသော အာနုဘော်ကို, ထင်ပေါ်အောင်ပြလျက်၊ သဗ္ဗောတုကံ-ဆောင်း နွေ မိုးဟု, ဥတုအားလုံး၌ ပွင့်သော၊ ကုသုမံ-ပန်းမျိုးစုံကို၊ သမံ-မိမိနှင့် အညီအမျှ၊ ဓုနန္တော-တိုက်ခတ်လျက်၊ ဝါယိ-မွှေးပျံ့. သင်းကြိုင်, လှိုင်ပေပြီတကား။

ကလာဝိရောဓိနော ယထာ

၇၇။ နိမုဂ္ဂမာနသော ဗုဒ္ဓ–ဂုဏော ပဥ္စသိခဿပိ၊
တန္တိဿရဝိရောဓော သော, နု သမ္ဖိဏောတိ ကံ ဇနံ။

၇၆။ မဟာနုဘာဝပိသုနော။ ။"လေပြေလေညှင်းသည် ဆောင်း, နွေ, မိုးဟု ဥတု ၃ ပါး၌ ပွင့်သော ပန်းအားလုံးကို တိုက်ခတ်၍လာ၏" ဟူရာ၌ ဥတု ၃ ပါးလုံး၌ ပွင့်သော ပန်းတို့သည် တစ်ပြိုင်နက် မပွင့်နိုင်သောကြောင့် ကာလဝိရောဓိဒေါသ ဖြစ်၏၊ ဘုရားအလောင်း၏ တန်ခိုးတော် ထင်ပေါ်အောင် တစ်ရံတစ်ခါ ဥတု ၃ ပါး၌ ပွင့်သော ပန်းတွေ တစ်ဥတုတည်းမှာ စုပြိုင်၍ ပွင့်နိုင်ကြ၏၊ ထို့ကြောင့် "မဟာနုဘာဝပိသုနော"သည် ထိုဒေါသ၏ အဖြေတည်း။ [မုနိနော အရ-ဘုရားအလောင်းကို ဋီကာတို့ ဖွင့်ကြ၏၊ ဘုရားရှင်၏ တန်ခိုးတော်ကြောင့်လည်း ပွင့်နိုင်သည်သာ။]

မဟာနုဘာဝ၊ပေ၊သဗ္ဗောတုကံ။ ။မဟာနုဘာဝံ-ကြီးစွာသော တန်ခိုးတော်ကို+ပိသတိ-ထင်ရှားပြတတ်၏၊ ဤတို မဟာနုဘာဝပိသုနော၊ (လေက အာနုဘော်ကို ထင်ရှား မပြတတ်သော်လည်း ပြသကဲ့သို့ တင်စားသော တဒ္ဓမ္မုပစာစကားပင်တည်း၊) သဗ္ဗဥတူသု+ဇာတံ သဗ္ဗောတုကံ၊ [ခု ဓာတ်သည် (စာလန) လှုပ်စေခြင်း(လှုပ်အောင် တိုက်ခတ်ခြင်း) အနက် ရှိ၏။]

http://www.dhammadownload.com

၇၇။ ကလာဝိရောဓိနော-ကလာဝိရောဓိဒေါသ၏၊ ပရိဟာရော-သည်၊ ယထာ-နည်း၊... ဗုဒ္ဓဂုဏော-မြတ်စွာဘုရား၏ဂုဏ်တော်၌၊ နိမုဂ္ဂ မာနသော-သက်ဝင် နစ်မြုပ်သောစိတ်ရှိသော၊ ပဥ္စသိခဿပိ-ပဥ္စသိခ နတ်သား၏သော်မှလည်း၊ သော တန္တိဿရဝိရောဓော-စောင်းအသံ၏, မမှန်ချို့ယွင်း, ထိုဆန့်ကျင်ခြင်းသည်၊ ကံ ဇနံ-အဘယ်မည်သူ, နတ်နှင့် လူကို၊ နသမ္ပိဏောတိ-မနှစ်သက်စေဘဲ ရှိပါအံ့နည်း၊ (သမ္ပိဏောတိဧဝ-နှစ်သက်စေနိုင်သည်သာ။)

၇၇။ နိမုဂ္ဂ၊ပေ၊ဇနံ။ ။စောင်းသံ၏ ကလာကျမ်း အစီအရင်နှင့် မကိုက်ညီလျှင် ကလာဝိရောဓိဒေါသရောက်၏၊ ဘုရားရှင်၏ဂုဏ်တော်ကို ဖော်ပြသော သီချင်းကြီးမျိုးကို တီးနေသောအခါဖြစ်လျှင် ဘုရား ဂုဏ်တော်၌ စိတ်စိုက်လျက် တီးမိရကား စောင်းသံသည် (ပဥ္စသိခ နတ်သား၏စောင်းသံပင် ဖြစ်သော်လည်း) ကလာကျမ်းနှင့် ဆန့်ကျင်အောင် လွဲမှားမည်သာ၊ ထိုသို့ လွဲမှားရာ၌ နားထောင်သူတို့က အပြစ်မတင်ဘဲ "ကြည့်ဟေ့ ကြည့်ဟေ့, ဘုရားအာရုံ၌ စိတ်ရောက်နေလို့ တီးလုံးတွေ လွဲပေါ့ လွဲပေါ့"ဟု သရော်သလိုနှင့် ပျော်စရာ ဖြစ်၍ တစ်မျိုး ပွဲကျနိုင်သည်-ဟူလို။ [ဤဂါထာ၌ "နိမုဂ္ဂမာနသော ဗုဒ္ဓဂုဏော" သည် အဖြေတည်း၊ "ဂုဏ်တော်၌ နစ်မြုပ်နေသော ပီတိကြောင့် လွဲမှား ရသည်"ဟူလို၊ နိမုဂ္ဂံ+မာနသံ ယဿာတိ နိမုဂ္ဂမာနသော။]

ကလာဝိရောဓိ။ ။ဝီဏာယ-စောင်း၏၊ တန္တိယာ-ညို့၌(ကြိုး၌)၊ ဃဋ္ဌနကြိယာ-ထိခိုက်ခြင်း တီးခြင်း အမူအရာလည်းကောင်း၊ အဒ္ဓ မတ္တိကာကာလော-မတြာဝက်ကာလလည်းကောင်း၊ ဟတ္ထာဒီနံ-လက်စသည်တို့၏၊ သန္ဓိဝေသလက္ခဏော-စုဝေးပေါင်းဆုံခြင်းလက္ခဏာရှိသော၊ မာနော-မာနလည်းကောင်း၊ ဣတိ ဣမေဟိ တီဟိ လက္ခဏေဟိ-နှင့်၊ ယုတ္တဿ-ယှဉ်သော၊ မန္ဒသီဃ(သိယ်)မဇ္ဈိမပွမာဏေဟိ-အနှေး, အမြန်, အလယ်အလတ် ပမာဏတို့ဖြင့်၊ ဘိန္နဿ-ကွဲပြားသော၊ ဆဇ္ဇာဒိ သတ္တသရဿ-ဆဇ္ဇ စသော အသံ ၇ မျိုး၏၊ [အဘိဓာန်-၁၃၂ ကြည့်၊] ကလာသတ္ထာဂတက္ကမဿ-ကလာကျမ်း၌ လာသော အစီအစဉ်၏၊ ဝိနာသသခ်ါတော ဝိရောဓော။

http://www.dhammadownload.com

လောကဝိရောဓိနော ယထာ
၇၈။ ဂဏယေ စက္ကဝါဠံ သော, စန္ဒနာယပိ သီတလံ၊
သမ္မောဓိသတ္တဟဒယော, ပဒိတ္တဂိါရပူရိတံ။

၇၈။ လောကဝိရောဓိနော-၏၊ ပရိဟာရော-သည်၊ ယထာ-နည်း၊ သောသမ္မောဓိသတ္တဟဒယော-သဗ္ဗညုတဉာဏ်၌ ကပ်ငြိသော စိတ်နှလုံးရှိတော်မူသော ထိုဘုရားအလောင်းသည်၊ ပဒိတ္တဂိါရပူရိတံ-ရဲရဲထိန်ညီး မီးကျီးတို့ဖြင့် ပြည့်သော၊ စက္ကဝါဠံ-စကြဝဠာတိုက်ကို၊ စန္ဒနာယပိ-စန္ဒကူးနှံ့သာထက်လည်း၊ သီတလံ-အေးမြ၏ဟူ၍၊ ဂဏယေ-ရေတွက်နိုင်၏။

၇၈။ ဂဏယေ၊ပေ၊ပူရိတံ။ ။"စကြဝဠာတစ်တိုက်လုံး ရှားမီးကျီးတွေ ပြည့်နေ၏၊ စကြဝဠာ၏ မြောက်ဘက်စွန်း၌ သဗ္ဗညုတဉာဏ်တော် ရှိ၏၊ တောင်ဘက်စွန်းမှ တစ်တိုက်လုံး ပြည့်နေသော မီးကျီးတွေကို နင်း၍ သွားနိုင်လျှင် မြောက်ဘက်အစွန်း၌ ရှိသော သဗ္ဗညုတဉာဏ်ကို ရနိုင်၏"ဟု စကားဥပမာအားဖြင့် ပြောဆိုလျှင် "ဘုရားအလောင်းတော်သည် ထိုမီးကျီးလောက်ကိုတော့ အတွက် မရှိ, စန္ဒကူးထက် အေးမြ၏"ဟု ယူဆ၍ မီးကျီးတွေကို နင်းသွားလျက် မြောက်ဘက်စွန်းက သဗ္ဗညုတဉာဏ်တော်ကို ယူမည်သာ၊ "ဘုရားအလောင်းဘော်တို့၏ သဗ္ဗညုတဉာဏ် ရလိုသော ဆန္ဒကား ဤမျှလောက် ပြင်းပြရပါသည်"ဟူလို။

သမ္မောဓိ၊ပေ၊ပူရိတံ။ ။သမ္မောဓိယံ+သတ္တံ-ငြိကပ်(စွဲလမ်း)သည်တည်း၊ သမ္မောဓိသတ္တံ+ဟဒယံ ယဿာတိ သမ္မောဓိသတ္တဟဒယော၊ ပကာရေန+ဒိပ္ပန္တိတိ ပဒိတ္တာနိ-အပြားအားဖြင့် ထိန်နေကုန်သော (ရဲရဲငြိနေကုန်သော) မီးကျီးတို့၊ ပဒိတ္တာနိ စ+တာနိ+အဂိါရာနိ စာတိ ပဒိတ္တဂိါရာနိ၊ တေဟိ+ပူရိတံ ပဒိတ္တဂိါရပူရိတံ။

မှတ်ချက်။ ။ဤဂါထာ၌"အလွန်ပူသော မီးကျီးကို စန္ဒကူးထက်ပင် အေး၏"ဟု ဆိုသဖြင့် လောကဝိရောဓိဒေါသ ရောက်စရာ ရှိသော်လည်း "သဗ္ဗညုတဉာဏ်၌ စွဲလမ်းနေသော အလောင်းတော်၏ အလိုအားဖြင့် ပြောတာပါ"ဟု ဆိုလျှင် ဒေါသပြေ၏။ ထို့ကြောင့် "သမ္မောဓိသတ္တဟဒယော"သည် အဖြေစကားတည်း။

http://www.dhammadownload.com

ဉာယဝိရောဓိနော ယထာ

၇၉။ ပရိစ္စတ္တဘဝေါပိ တွ-မုပနီတဘဝေါ အသိ၊
အစိန္တျဂုဏသာရာယ, နမော တေ မုနိပုင်္ဂဝ။

၇၉။ ဉာယဝိရောဓိနော-၏၊ ပရိဟာရော-သည်၊ ယထာ-နည်း၊-မုနိပုင်္ဂဝ-မုနိထွတ်တင် ရှင်တော်မြတ်ဘုရား၊ တွံ-ရှင်တော်မြတ်ဘုရားသည်၊ ပရိစ္စတ္တဘဝေါ-စွန့်လွှတ်အပ်ပြီးသော ဘဝရှိသည်၊ ဝါ-ဘဝကို စွန့်လွှတ်ပြီးသည်၊ (သမာနော)ပိ-ဖြစ်ပါလျက်လည်း၊ ဥပနီတဘဝေါ-သတ္တဝါတို့အတွက် ဆောင်ယူအပ်သော ဘဝရှိသည်၊ ဝါ-သတ္တဝါတို့အတွက် ဘဝကို ဆောင်ယူတော်မူသည်၊ အသိ-ဖြစ်တော်မူ၏၊ အစိန္တျဂုဏသာရာယ-မကြံအပ် မကြံနိုင်သော ဂုဏ်အနှစ် ရှိတော်မူသော၊ တေ-ရှင်တော်မြတ်ဘုရားအား၊ နမော-ရှိခိုးခြင်းသည်၊ (အတ္ထု-ဖြစ်ပါစေသတည်း။)

၇၉။ ပရိစ္စတ္တ၊ပေ၊ပုင်္ဂဝ။ ။မိမိမှာရှိသော ပစ္စည်းကို သူတစ်ပါးအား ပေးခြင်းသာလျှင် ဉာယ(လောက၌ အသင့်ယုတ္တိ) ရှိ၏၊ ဘုရားရှင်သည် သုဂတိ-ဒုဂ္ဂတိ ဘဝအားလုံးကို စွန့်တော်မူပြီးဖြစ်၍ ဘဝ မရှိတော့ပြီ၊ သို့ပါလျက် သတ္တဝါတို့အတွက် သုဂတိဘဝကို ဆောင်တော်မူပြန်၏၊ သုဂတိဘဝရအောင် တရားဟောသောအားဖြင့် သုဂတိဘဝကို ပေးတော်မူပြန်၏-ဟူလို၊ ဤသို့ မိမိမှာ မရှိသော ဘဝကို ပေးတော်မူခြင်းသည် ဉာယဝိရောဓိ (အသင့်ယုတ္တိမရှိသောဒေါသ) ရောက်စရာရှိသော်လည်း မကြံစည်နိုင်အောင် ကြီးကျယ်သော ဂုဏ်အနှစ်ရှိသော ဘုရားရှင်တို့မှာ ဤသို့ ပေးစွမ်းနိုင်သော သဘောရှိသောကြောင့် ထို ဉာယဝိရောဓိဒေါသ မသင့်တော့ချေ၊ ထို့ကြောင့် အစိန္တျဂုဏသာရာယသည် ထိုဝိရောဓိ၏အဖြေတည်း။ [ဤဂါထာ၌ ပရိစ္စတ္တဘဝနှင့် ဥပနီတဘဝတို့ ဝိရောဓိဒေါသဖြစ်ပုံကို သတိပြုပါ၊ အနက်အမျိုးမျိုး ပေးကြသည်ကား လိုရင်း မရောက်။]

မှတ်ချက်။ ။သက္ကတ၌ စတုတ္ထီ(သ)မှန်လျှင် အာယပြုလေ့ရှိ၏၊ ထို့ကြောင့် "ဂုဏသာရာယ"ဟု ဆိုသည်၊ သင်ပုန်းကြီး ပဏာမ၌ "နမော ဗုဒ္ဓါယ"ဟု ဆိုခြင်းလည်း ဤအတိုင်းပင်ဘည်း။

http://www.dhammadownload.com

အာဂမဝိရောဓိဒေါ ယထာ

၈၀။ နေဝါလပတိ ကေနာပိ, ဝစီဝိညတ္တိတော ယတိ၊
သမ္ဖဇာနမုသာဝါဒါ, ဖုသေယျာပတ္တိဒုက္ကဋံ။

၈၀။ အာဂမဝိရောဓိနော-အာဂမဝိရောဓိဒေါသ၏၊ ပရိဟာရော-သည်၊ ယထာ-နည်း၊...ယတိ-ရဟန်းသည်၊ ကေနာပိ-တစ်စုံတစ်ယောက်နှင့် အတူလည်း၊ နေဝါလပတိ-စကားမပြောသည်မှာ ဧကန်တည်း၊ (တထာပိ-ထိုသို့ပင် စကားမပြောပါသော်လည်း၊) ဝစီဝိညတ္တိတော-ဝစီဝိညတ်ကြောင့်၊ (ပဝတ္တာ-ဖြစ်သော၊) သမ္ဖဇာနမုသာဝါဒါ-သမ္ဖဇာနမုသာဝါဒကြောင့်၊ အာပတ္တိဒုက္ကဋံ - ဒုက္ကဋ်အာပတ်သို့၊ ဖုသေယျ-ရောက်ရာ၏။

၈၀။ နေဝါလပတိ။ ။"တစ်စုံတစ်ယောက်နှင့်မျှ အတူစကားမပြော"ဟု ဆိုသဖြင့် "ဝစီဝိညတ်မဖြစ်"ဟု သိသာ၏၊ ဝစီဝိညတ်မဖြစ်ပါဘဲ "ဝစီဝိညတ်ကြောင့် ဒုက္ကဋ်အာပတ် သင့်၏"ဟု ဆိုသဖြင့် အဘိဓမ္မာပါဠိတော်ဟူသော အာဂမနှင့် ဆန့်ကျင်သော ဝိရောဓိဒေါသ ရောက်သကဲ့သို့ ဖြစ်၏၊ သို့သော် "ပါတိမောက်ရွတ်ပြ၍ ဥပုသ်ပြုနေကြစဉ် မိမိမှာ အာပတ်ရှိလျှင် ထင်ရှားအောင် ပြောရမည်"ဟု ဝိနည်းပါဠိတော် (နိဒါနုဒ္ဒေသ) ရှိ၏၊ ထိုသို့ ဝိနည်းပါဠိတော် ရှိသောကြောင့် မိမိအာပတ်ကို မပြောပြသော ရဟန်းမှာ ဒုက္ကဋ်အာပတ် သင့်၏၊ ထို ဒုက္ကဋ်အာပတ်ကား နှုတ်ဖြင့် ပြောဆိုမှု ပြုရမည်ကို မပြုသည့်အတွက် သင့်ရသောကြောင့် "ဝစီဝိညတ်ကြောင့်ဖြစ်သော အာပတ်"ဟု ဆိုနိုင်ရကား အဘိဓမ္မာပါဠိတော်ဟူသော အာဂမနှင့် မဆန့်ကျင်တော့ချေ။

ဝစီကြောင့်သင့်ရပုံ။ ။မိုးကောင်းလျှင် သုဘိက္ခ(သာယာဝပြောမှု)ဖြစ်၏၊ မိုးမကောင်းလျှင် ဒုဗ္ဘိက္ခ (ငတ်မွတ်ခေါင်းပါးမှု) ဖြစ်၏၊ ဤ၌ သုဘိက္ခဖြစ်မှုကို "မိုးကြောင့်" ဒုဗ္ဘိက္ခဖြစ်မှုကိုလည်း "မိုးကြောင့်"ဟု ဆိုရ၏၊ ထို့အတူ ပြောခြင်းကြောင့် သင့်သော အာပတ်ကို "ဝစီဝိညတ်ကြောင့်"ဟု ဆိုရသကဲ့သို့ ပြောသင့်လျက် မပြောခြင်းကြောင့်သင့်သော အာပတ်ကိုလည်း "ဝစီဝိညတ်ကြောင့်"ဟု ဆိုရသည်။

http://www.dhammadownload.com

နေယျသ ယထာ

၈၁။ မရီစိစန္ဒနာလေပ–လာဘာ သီတမရီစိနော၊
ဣမာ သဗ္ဗာပိ ဓဝလာ, ဒိသာ ရောစန္တိ နိဗ္ဗရံ။

၈၁။ နေယျသ-နေယျဒေါသ၏၊ ပရိဟာရော-သည်၊ ယထာ-နည်း၊...သီတမရီစိနော-အေးမြသော အရောင်ရှိသော လမင်း၏၊ မရီစိစန္ဒနာလေပလာဘာ-အရောင်တည်းဟူသော စန္ဒကူးဖြင့် လိမ်းကျံမှုကို ရခြင်းကြောင့်၊ သဗ္ဗာပိ-အလုံးစုံလည်း ဖြစ်ကုန်သော၊ ဣမာ ဒိသာ-ဤ အရပ်မျက်နှာတို့သည်၊ ဓဝလာ-ဖွေးဖွေးဖြူကုန်လျက်၊ နိဗ္ဗရံ-အလွန်အမင်း၊ ရောစန္တိ-တင့်တယ်ကုန်၏။

၈၁။ မရီစိ၊ပေ၊နိဗ္ဗရံ။ ။ဒေါသခန်း၌ ဖြူဖွေးခြင်း၏အကြောင်းတို့ကို ဖော်မပြသောကြောင့် "ဓဝလာ"ပုဒ်သည် နေယျဒေါသသင့်ခဲ့၏၊ ဤဂါထာ၌ကား "သီတမရီစိနော မရီစိစန္ဒနာလေပလာဘာ=လရောင်ဟူသော စန္ဒကူးဖြူဖြင့် လိမ်းကျံထားခြင်းကြောင့်"ဟု ဖြူဖွေးခြင်း၏အကြောင်းကို ပြသောကြောင့် "ဓဝလာ"ပုဒ်သည် နေယျဒေါသမှ လွတ်တော့၏။

မရီစိ၊ပေ၊မရီစိနော။ ။သီတာ+မရီစိ ယဿာတိ သီတမရီစိ-အေးမြသော အရောင်ရှိသော လမင်း (သီတရံသိနှင့် အနက်တူ)၊ မရီစိသခ်ီတံ-အရောင်ဟု ဆိုအပ်သော+စန္ဒနံ-စန္ဒကူးဖြူတည်း၊ မရီစိစန္ဒနံ-အရောင်တည်းဟူသော စန္ဒကူးဖြူ။ [စန္ဒကူးအစစ် မဟုတ်, အရောင်တည်းဟူသော စန္ဒကူး"ဟူလို၊] နိဗ္ဗရံကို အတိသယေန-အလွန်အကဲအားဖြင့်"ဟု ဖွင့်၏၊ ဆိုလိုရင်းကား-လူ၏ မျက်နှာသည် နဂို မည်းနေသော်လည်း စန္ဒကူးဖြူဖြင့် လိမ်းထားသောအခါ ဖွေးဖွေးဖြူလျက် တင့်တယ်သကဲ့သို့ ထို့အတူ လရောင် မရှိခဲ့ကုန်က မည်းမှောင်နေသော အရပ်တည်းဟူသော မျက်နှာတို့လည်း လရောင်တည်းဟူသော စန္ဒကူးဖြူဖြင့် လိမ်းကျံအပ်သောကြောင့် ဖွေးဖွေးဖြူလျက် အလွန်တင့်တယ်ကြသည်-ဟူလို။ [နောက်၌ လာမည့် ရူပကအလင်္ကာဖြင့် တန်ဆာဆင်ထားသော ဂါထာတည်း။]

http://www.dhammadownload.com

ယထာ ဝါ

၈၂။ မနောနုရဉ္ဇနော မာရ-ဂ်နာသိဂ်ါရဝိဇ္ဇမော၊
ဇိနေနာ-သမနုညာတော၊ မာရဿ ဟဒယာ-နုလော။

၈၂။ ယထာ ဝါ-သဒ္ဒသာမတ္ထိယကြောင့် နေယျဒေါသ မသင့်ပုံ ဥဒါဟရုဏ်တစ်မျိုးကား၊...ဇိနေန-ငါးမာရ်အောင်မြင်, ဘုရားရှင်သည်၊ အသမနုညာတော-လက်ခံသမှု ခွင့်ပြုတော်မမူအပ်သော၊ မနောနုရဉ္ဇနော-စိတ်နှလုံးကို, ရွှင်ပြုံးနှစ်သက်, တပ်မက်စေနိုင်သော၊ မာရဂ်နာသိဂ်ါရဝိဇ္ဇမော-မာရ်မင်း၏ သမီးတော်, ညီမသုံးဖော်တို့, မြူးပျော်လိုကြောင်း, သိဂ်ါရရသဖြင့် ပြုအပ်သော ဖြားယောင်းမှုသည်၊ မာရဿ-ခမည်းတော် မာရ်နတ်မင်း၏၊ ဟဒယာ- နုလော-နှလုံးအသဲ, စွဲ၍ လောင်ညီး, သောကမီးသည်၊ (ဇာတော-ဖြစ်ရလေပြီ။)

၈၂။ မနောနုရဉ္ဇနော။ ။ဒေါသဝဟောဓအခန်း၌ "ဒုလ္လဘာ၊ ဝဂတိ သဒ္ဒ-သာမတ္ထိယဝိလယိနီ"ဖြင့် တိုက်ရိုက်ပါသော သဒ္ဒါဖြင့် အနက်ကို သိရခြင်း, သဒ္ဒါ၏ သာမတ္ထိယအားဖြင့် အနက်ကို သိရခြင်း ဟု ၂ မျိုး ပြခဲ့၏၊ ထိုတွင် ရှေ့ဂါထာဖြင့် "မရိစိစန္ဒနာလေပလာဘာ"ဟု တိုက်ရိုက်ပါသော သဒ္ဒါဖြင့် သိအပ်သော (ဖွေးဖွေးဖြူခြင်း၏အကြောင်းဖြစ်သော) အနက်ကို ပြပြီး၍ သာမတ္ထိယအားဖြင့် သိရပုံကို ဥဒါဟရုဏ် ပြလိုသောကြောင့် "ယထာ ဝါ"စသည် မိန့်။

ဆိုလိုရင်း။ ။ဘုရားရှင်ကို ပလွှင်လုခြင်း စသည်ဖြင့် ယှဉ်ပြိုင်၍ မရသော မာရ်နတ်မင်းသည် ဝသဝတ္တီနတ်ပြည်၌ မှိုင်နေ၏၊ ထိုမှိုင်နေသည်ကို သူ၏ သမီးတော်များဖြစ်ကြသော "တဏှာ, အရတီ, ရဂါ" မည်သော နတ်သမီး ၃ ယောက်တို့ မြင်ကြသဖြင့် မှိုင်ခြင်းအကြောင်းကို မေးကြလေသော်....သိဒ္ဓတ်မင်းသားသည် ငါ၏နယ်မှ လွတ်သွားသောကြောင့် မှိုင်ကြောင်းကို ပြောလေ၏၊ ထိုအခါ "မလွတ်အောင် သူတို့ဖြားယောင်းမည်"ဟု ပြော၍ ဘုရားရှင်ထံ လာပြီးလျှင် ဖြားယောင်းမှုကို ဘုရားရှင်သည် သဘောတူ လက်ခံတော်မမူလိုက်၊ ထိုသို့ လက်ခံတော်မမူခြင်းသည် မာရ်နတ်ကြီး၏ စိတ်၌ (နှလုံးအသည်း၌) မီးစွဲသည့်ပမာ လွန်စွာ ပူလောင်သော သောက ဖြစ်လေသည်။

http://www.dhammadownload.com

သာမတ္ထိယဖြင့် သိရပုံ။ ။ဤဂါထာ၌ တိုက်ရိုက်ပါသောစကားကို စဉ်းစားလျှင် "မာရ်နတ်သမီးတို့ ဖြားယောင်းကြ၏၊ ဘုရားရှင်က သဘောတူတော်မမူ၊ မာရ်နတ်ကြီးအသည်း မီးစွဲ၏"ဟူသော အချက် ၃ ရပ်ကိုသာ သိရ၏၊ "မာရ်မင်းသမီးများ ရှုံးသွားသည်"ဟူသော အနက်ကား တိုက်ရိုက် မပါ၊ ထိုသို့ မပါသော်လည်း "မာရ်နတ်ကြီးမှာ သောကအပူမီး ဖြစ်၏"ဟု အကျိုးကို ပြသော "မာရဿ ဟဒယာ နလော" သဒ္ဒါ၌ ဖလူပစာရ-ဖလာနုမာနနည်းအားဖြင့် အကြောင်း ရှုံးခြင်းကိုပါ ပြစွမ်းနိုင်သောသတ္တိ ရှိ၏၊ ထိုသဒ္ဒါ၏ ထိုသတ္တိဖြင့် ရှုံးခြင်းကို သိရခြင်းသည် သဒ္ဒသာမတ္တိယဖြင့် သိရခြင်းတည်း။ [ဖလူပစာရ-အကျိုး၏အမည်၊ ဖလာနုမာန-အကျိုးကို အစဉ်လိုက်၍ ကြည့်သော အခါ အကြောင်းကိုလည်း မှန်းနိုင်သာနည်း။]

ဝစနတ္ထ။ ။မနံ-မြင်ရသူတို့၏စိတ်ကို+အနုရဉ္ဇယတိ-အဖန်တလဲလဲ စွဲစေနိုင်၏၊ ဣတိ မနောနုရဉ္ဇနော၊ မာရဿ-မာရ်နတ်၏+အဂ်နာ-သမီးမိန်းမတို့တည်း၊ မာရဂ်နာ-တို့၊ အဂ်နာသဒ္ဒါသည် မိန်းမသာမန်ကို ဟောသော်လည်း ဘုရားရှင်ကို လာ၍ဖြားယောင်းသူတို့မှာ မာရ်နတ်၏ သမီးတို့သာတည်း၊ ပသတ္ထံ အဂ် ယဿာ အတ္ထိတိ အဂ်နာ-ခြီးမွမ်းဖွယ် ကိုယ်အင်္ဂါရှိသော မိန်းမ၊ သက္ကတအဘိဓာန်၌ နှ ပစ္စည်းဖြင့် ရှိ၏။

"ပေါသဿ နာရိယံ ပေါသေ" စသော အဘိဓာန် (၁၀၃)ဂါထာနှင့် အညီ မိန်းမနှင့် ယောကျ်ားတို့၏ ချစ်ကြိုက်မှုကို သိင်္ဂါရဟု ခေါ်၏၊ ဤနေရာ၌ကား ချစ်ဖို့ရန် တောင့်တမှုကို "သိင်္ဂါရ"ဟု ခေါ်၊ ဝိဘ္ဘမသဒ္ဒါသည် မိန်းမတို့၏ ပရိယာယ် မာယာ များစွာကို ဟော၏၊ [အဘိဓာန်နိဿယသစ်(၁၇၄)အဖွင့်ကို ကြည့်ပါ။] ဋီကာ၌ "ရတိ ကီဠာ ဟေတု ဘူတကာမပတ္ထနာသခ်ါတ သိင်္ဂါရေန-ပျော်မြူးခြင်း၏ အကြောင်းဖြစ်၍ဖြစ်သော ကာမကို တောင့်တခြင်းဟု ဆိုအပ်သော သိင်္ဂါရဖြင့်၊ ကတလီလာ-ပြုအပ်သော တင့်တယ်စံပယ်ခြင်း"ဟု ဖွင့်ရာ၌ ပရိယာယ် မာယာ အမျိုးမျိုး ပြု၍ ဖြားယောင်းခြင်းဟုပင် ဆိုလိုသည်၊ "မာရဂ်နာနံ-တို့၏+သိင်္ဂါရဝိဘ္ဘမော-သိင်္ဂါရရသဖြင့် ပြုအပ်သော ဖြားယောင်းခြင်း"ဟု အလွယ်ပေးပါ။

http://www.dhammadownload.com

ဝိသေသနာပေက္ခဿ ယထာ

၈၃။ အပယာတာ.ပရာဓံပိ, အယံ ဝေရီ ဇနံ ဇနော၊
ကောဓပါဠုလဘူတေန, ဘိယျော ပဿတိ စက္ခုနာ။

၈၃။ ဝိသေသနာပေက္ခဿ - ဝိသေသနာပေက္ခဒေါသ၏၊ ပရိဟာရော-သည်၊ ယထာ-နည်း၊...ဝေရီ-ရန်သူဖြစ်သော၊ အယံ ဇနော-ဤလူတစ်ယောက်သည်၊ အပယာတာ. ပရာဓံပိ-ကင်းသော အပြစ်ရှိပါသော်လည်း၊ ဇနံ-ရန်သူတစ်ယောက်ကို၊ ကောဓပါဠုလဘူတေန-ကောဓအတွက်, ဖြူ နီ ရောယှက်သည် ဖြစ်၍ ဖြစ်သော၊ စက္ခုနာ-မျက်စိဖြင့်၊ ဘိယျော-လွန်စွာ၊ ပဿတိ-ကြည့်၏။

၈၃။ အပယာတာ၊ပေ၊စက္ခုနာ။ ။ဒေါသခန်း၌ "စက္ခုနာ"ကို ဝိသေသနာပေက္ခဒေါသ သင့်၏"ဟု ဆိုခဲ့၏၊ ဤဂါထာ၌ "ကောဓပါဠုလဘူတေန"ဟူသော ဝိသေသနကို ရသောကြောင့် "စက္ခုနာ"သည် ဝိသေသနာပေက္ခဒေါသ မသင့်တော့၊ "ဝိသေသနပုဒ်ကို ငဲ့လျက်ရှိသော စက္ခုနာကို အခြားနည်းဖြင့် ဖြေ၍ မပြေ၊ ဝိသေသန ထည့်ပေးမှ ပြေသည်"ဟူလို။ ["အပယာတာ. ပရာဓံပိ, အယံ ဝေရီ ဇနံ ဇနော" တို့ကား ကောဓ ဖြစ်စရာ ကောင်းသော ကတ္တားနှင့် ကံကို အပို ထည့်ပြခြင်းသာ ဖြစ်သည်။]

ကောဓပါဠုလဘူတေန။ ။"ပါဠုလော သေတလောဟိတော" အဘိဓာန် (၉၇)နှင့်အညီ အဖြူ အနီရောသော အဆင်းမျိုးသည် ပါဠုလ မည်၏၊ ကောဓ (ဒေါသ) ဖြစ်သောအခါ မျက်စိ၏ ဖြူသော နေရာဝယ် အနီရောင် ရောလာသည်ကို ဆိုသည်၊ ဤသို့ "ကောဓပါဠုလဘူတေန"ဟု မကောင်းဘက်၌ ဝိသေသနပြုသကဲ့သို့ ကောင်းဘက်၌လည်း ဝိသေသနပြု၍-

"စိရပ္ပဝါသိ ပုရိသံ, ဒူရတော သောတ္ထိမာဂတံ၊
သုဟဒ္ဒာ မိတပုဗ္ဗေန, ဘိယျော ပဿန္တိ စက္ခုနာ"

ဟု ယောနိသယ၌ အဖြေ ပြု၏၊ ဤ၌ "မိတပုဗ္ဗေန"သည် စက္ခုနာ၏ အကောင်းဘက်က ဝိသေသနတည်း၊ [စိရပ္ပဝါသိ - ကြာရှည်စွာ ကွဲ၍ နေသော၊ ဒူရတော-တစ်ရွာတစ်ကျေး, ရပ်အဝေးမှ၊ သောတ္ထိ-

http://www.dhammadownload.com

ဟီနတ္ထဿ ယထာ

၈၄။ အပ္ပကာနံပိ ပါပါနံ, ပဘာဝံ နာသယေ ဗုဓော၊
အပိ နိပ္ပဘာတာ·နိတ–ခဇ္ဇောတော ဟောတိ ဘာဏုမာ။

၈၄။ ဟီနတ္ထဿ-၏၊ ပရိဟာရော-သည်၊ ယထာ-နည်း၊... ဗုဓော-ပညာရှိ သူတော်ကောင်းသည်၊ အပ္ပကာနံပိ - အနည်းငယ်လည်း ဖြစ်ကုန်သော၊ ပါပါနံ- မကောင်းမှုတို့၏၊ ပဘာဝံ- အစွမ်းသတ္တိကို၊ နာသယေ-ဖျက်ဆီးရာ၏၊ ဘာဏုမာ-နေမင်းသည်၊ နိပ္ပဘာတာ· နိတ-ခဇ္ဇောတော အပိ-အရောင်မရှိသည်၏ အဖြစ်သို့ ဆောင်အပ်သော ပိုးစုန်းကြူး ရှိသည်လည်း၊ ဝါ - ပိုးစုန်းကြူးတို့၏ အရောင်ကိုသော်မှ မရှိအောင် ပယ်နိုင်သည်၊ ဟောတိ-ဖြစ်၏။

ကျန်းကျန်းမာမာ, ချမ်းချမ်းသာသာ၊ အာဂတံ-ပြန်ရောက်လာသော၊ ပုရိသံ-ကို၊ သုဟဇ္ဇာ-ချစ်ကျွမ်းဝင်သူ, အများလူတို့သည်၊ မိုတပုဗ္ဗေန-ပြုံးခြင်းရှေးရှိသော၊ စက္ခုနာ-ဖြင့်၊ ဘိယျော-လွန်စွာ၊ ပဿန္တိ-ကြည့်ကြကုန်၏။]

၈၄။ အပ္ပကာနမ္ပိ၊ပေ၊ဘာဏုမာ။ ...ညာရှိဆိုတာ ကြီးကျယ်သော မကောင်းမှုကို မဆိုထားဘိ, အနည်းငယ်သော မကောင်းမှုတို့၏ အစွမ်းသတ္တိကိုသော်လည်း ဖျက်ဆီးရသည်၊ ဥပမာ ဘာလိုလဲဆိုတော့-နေမင်းဟာ (အရောင်မှန်လျှင်) ပိုးစုန်းကြူးရောင်ကလေးကိုတောင် မရှောင်ဘဲ ပယ်ရှားသကဲ့သို့တည်း၊ ဒေါသခန်း၌ "နိပ္ပဘီကတ ခဇ္ဇောတော"ပုဒ်ကို ဟီနတ္ထဒေါသသင့်သောပုဒ်ဟု ဆိုခဲ့၏၊ ဤဂါထာ၌ကား ဂရဟာဇောတက အပိသဒ္ဒါကြောင့် "နိပ္ပဘာတာနီတ ခဇ္ဇောတော"သည် ဒိဝါကရောကို ဂုဏ် ပျက်အောင် မပြု, ဂုဏ်တက်အောင် ပြုရကား ဟီနတ္ထဒေါသမှ လွတ်၏။ [နိပ္ပဘာတာနီတ ခဇ္ဇောတောနှင့် ဒေါသခန်း၌ ဆိုအပ်ခဲ့သော "နိပ္ပဘီကတခဇ္ဇောတော" သည် သဘောတူပင်တည်း၊ နိပ္ပဘာနံ + ဘာဝေါ နိပ္ပဘာတာ၊ နိပ္ပဘာတံ+အာနီတာ နိပ္ပဘာတာနီတာ၊ နိပ္ပဘာတာနီတာ+ခဇ္ဇောတာ ယေနာတိ နိပ္ပဘာတာနီတခဇ္ဇောတော။]

http://www.dhammadownload.com

အနတ္ထသ ယထာ

၈၅။ နှ ပါဒပူရဏတ္ထာယ, ပဒံ ယောဇေယျ ကတ္ထစိ၊
ယထာ ဝန္ဒေ မုနိန္ဒသ, ပါဒပင်္ကေရုဟံ ဝရံ။

၈၅.. အနတ္ထသ-အနတ္ထဒေါသ၏၊ ပရိဟာရော-သည်၊ ယထာ-နည်း၊...ကတ္ထစိ-တစ်စုံတစ်ခုသော အဖွဲ့အနွဲ့၌၊ ဝါ-မည်သည့်အဖွဲ့၌မဆို၊ ပါဒပူရဏတ္ထာယ-အနက်မရ, ပါဒအနေ, ပြည့်စေခြင်းအကျိုးငှာ၊ ပဒံ-ကို၊ နှ ပယောဇေယျ-မယှဉ်စေရာ၊ ဝါ-မသုံးစွဲရာ၊ ယထာ-ဥဒါဟရဏ်ကား၊...ဝန္ဒေ၊ပေ၊ဝရံ-ဝန္ဒေ၊ပေ၊ဝရံဟူသည်တည်း။ [မုနိန္ဒသ-မုနိထွတ်တင်, ဘုရားရှင်၏၊ ဝရံ-မြတ်လှစွာသော၊ ပါဒပင်္ကေရုဟံ-ခြေတော်အစုံ, ကြာပဒုံကို၊ ဝန္ဒေ-ရှိခိုးပါ၏။]

၈၅။ နပါဒ၊ပေ၊ဝရံ။ ။ဤဂါထာ၌ အနတ္ထဒေါသ မသင့်အော်ဟိ-အပိ-စ တို့ကို မပါစေဘဲ "ဝန္ဒေ ဗုဒ္ဓသ" နေရာဝယ် "ဝန္ဒေ မုနိန္ဒသ"ဟုလည်းကောင်း, ရုဟမ္မိစ (ရုဟံ+အပိ+စ) နေရာဝယ် "ရုဟံ ဝရံ"ဟု ပြင်၍လည်းကောင်း ပုံစံထုတ်သောအားဖြင့် ဒေါသကို ဖြေသည်၊ ထို့ကြောင့် ဒေါသသင့်ပြီးသော ဟိ စသည်တို့ကိုကား မသင့်အောင် ဖြေ၍ မဖြစ်၊ ဂါထာစီကုံးရာ၌ အဘိဓာန်ပရိယာယ်ပုဒ်များကို လဲလှယ်တတ်ဖို့ လို၏၊ လဲလှယ်စရာမရှိလျှင် သွတ္ထအနက်၌သက်သောကျယ-က စသော ပစ္စည်းများ သက်စေ၍ ပုဒ်ကို ကျယ်ပြန့်အောင် လုပ်တတ်စေရာ၏၊ ထိုသို့ မကျွမ်းကျင်လျှင် အနတ္ထဒေါသမှ မလွတ်ဘဲ ရှိချေမည်၊ ဂါထာ၌သာမက စုဏ္ဏိယနှင့် ကဗျာလင်္ကာတို့၌လည်း ထို အနတ္ထဒေါသ မသင့်အောင် သတိပြုရာ၏။ ["ဘိုးစဉ်ဘောင်ဆက်, ဘေးလက်ထက်၌" ဟူသော လင်္ကာဝယ်, ဘိုးနှင့် ဘေးအကြားသို့ "ဘောင်"ဟု မရှိရကား "ဘောင်"ဟူသော စကားသည် "အနတ္ထဒေါသသင့်၏"ဟု ယောနိသယ ဆိုသည်။]

ပဒဒေါသရှုစ်ပါးပြီး၏။

http://www.dhammadownload.com

ဧကတ္ထဒေါသအဖြေ

၈၆။ ဘယကောဓပသံသာဒိ, ဝိသေသော တာဒိသော ယဒိ၊
ဝတ္ထုံ ကာမိယတေ ဒေါသော, နု တတ္ထေ.ကတ္ထတာကတော။

ယထာ

၈၇။ သပ္ပော သပ္ပေါ အယံ ဟန္ဒ, နိဝတ္ထတု ဘဝံ တဒေ၊
ယဒိ ဇိဝိတုကာမောသိ, ကထံ တေ.မုပသပ္ပသိ။

၈၆။ ဘယကောဓပသံသာဒိ-ကြောက်ခြင်း အမျက်ထွက်ခြင်း ချီးမွမ်းခြင်း အစရှိသော၊ တာဒိသော-ထိုကဲ့သို့ ရှုအပ်သော၊ ဝိသေသော-အထူးကို၊ ဝတ္ထုံ-ဆိုခြင်းငှာ၊ ယဒိ ကာမိယတေ-အကယ်၍ အလိုရှိအပ်ငြားအံ့၊ တတ္ထ-ထိုဘယကောဓပသံသ စသော အထူးရှိရာ၌၊ ဧကတ္ထတာကတော-တစ်ခုသော အနက်ရှိသည်၏အဖြစ်သည် ပြုအပ်သော၊ ဒေါသော-အပြစ်သည်၊ နု-မရှိ။

၈၇။ ယထာ-ဥဒါဟရဏ်ကား၊...ဟန္ဒ-ဟင်၊ အယံ-ဤဟာကား၊ သပ္ပေါ သပ္ပေါ-မြွေ, မြွေ၊ တွံ-သည်၊ ဇိဝိတုကာမော-အသက်ရှင်ခြင်းငှာ အလိုရှိသည်၊ ယဒိ အသိ-အကယ်၍ ဖြစ်အံ့၊ (ဧဝံသတိ-ဤသို့ ဖြစ်လတ်သော်၊) ဘဝံ-သင်သည်၊ တတော-ထိုမြွေအနီးမှ၊ နိဝတ္ထတု-နောက်ဆုတ်ပါလော့၊ ကထံ-အဘယ့်ကြောင့်၊ တံ-ထိုမြွေသို့၊ ဥပသပ္ပသိ-ချဉ်းကပ်ဘိသနည်း။

၈၆။ ဘယ၊ပေ၊ကတော။ ။"ဘယေ ကောဓေ ပသံသာယံ" စသော အဘိဓာန် (၁၀၈)နှင့်အညီ ကြောက်ခြင်းစသော ကိစ္စ၌ ၂ ကြိမ် ၃ ကြိမ် ထပ်၍ ပြောရမြဲ ဖြစ်သောကြောင့် ဧကတ္ထဒေါသ မသင့်၊ ဂါမေ ဂါမေ ကဲ့သို့ ဝိစ္ဆာဒ္ဒလည်းကောင်း, ယမကမျိုးဒ္ဒလည်းကောင်း ဧကတ္ထဒေါသ မသင့်။ [ဧကော+အတ္ထော ယေသံတေ ဧကတ္ထာ၊ ဧကတ္ထာနံ + ဘာဝေါ ဧကတ္ထတာ၊ ဧကတ္ထတာယ + ကတော ဧကတ္ထတာကတော။]

၈၇။ သပ္ပော သပ္ပေါ။ ။ဤဂါထာကား "သပ္ပော သပ္ပေါ"ဟု ၂ ကြိမ် ထပ်၍ အနက်တစ်နက်တည်း ရပါလျက် ကြောက်ခြင်းကြောင့် ဒေါသ မသင့်ပုံကို ပြသောပုံစံတည်း၊ "ဟန္ဒ...နိဝတ္ထတု ဘဝံ တတော" စသော စကားတို့ကား ဝါကျဒေါသ၏ အဖြေ ဖြစ်သောကြောင့်

http://www.dhammadownload.com

ဘဂ္ဂရီတိနော ယထာ

၈၈။ ယော ကောပိ ရူပါတိသယော, ကန္တိ ကာပိ မနောဟရာ၊
ဝိလာသာ-တိသယော ကောပိ, အဟော ဗုဒ္ဓမဟောဒယော။

၈၈။ ဘဂ္ဂရီတိနော - ဘဂ္ဂရီတိဒေါသ၏၊ ပရိဟာရော - သည်၊ ယထာ-နည်း၊...ယော ရူပါတိသယော-အကြင် ရုပ်ပုံတော်၏ သာလွန် သပ္ပာယ်တော်မူခြင်းသည်၊ (အတ္ထိ-ရှိ၏၊ သော ရူပါတိသယော-ထို ရုပ်ပုံတော်၏ သာလွန် သပ္ပာယ်တော်မူခြင်းသည်၊) ကောပိ-ဘယ်၍ ဘယ်မျှ, မပြနိုင်အောင်, များများကြီးကျယ်ပါပေ၏၊ မနောဟရာ-စိတ်နှလုံးကို, ယူကျုံး နှစ်သက်စေနိုင်သော၊ ကန္တိ-တင့်တယ်တော်မူခြင်းသည်၊ ကာပိ-ဘယ်၍ ဘယ်မျှ, မပြနိုင်အောင်, များများကြီးကျယ်ပါပေ၏၊ ဝိလာသာ- တိသယော-သွားပုံ နေဟန်, အတန်တန်သော စံပယ်ခြင်း၏ သာလွန်တော်မူခြင်းသည်၊ ကောပိ-ဘယ်၍ ဘယ်မျှ, မပြနိုင်အောင်, များများ ကြီးကျယ်ပါပေ၏၊ (တသ္မာ-ထို့ကြောင့်၊) ဗုဒ္ဓမဟောဒယော-မြတ်စွာဘုရား၏ ကြီးကျယ်တိုးပွားခြင်းသည်၊ အဟော-အော်... အံ့ဩဖွယ် ရှိပါပေ၏။

ဝါကျဖြစ်အောင် (အဓိပ္ပာယ်လည်းစုံအောင်) ထည့်စွက်၍ ပြအပ်သော စကားတည်း။ [ဥပသပ္ပသိသည် "သပ္ပ-ဂတိမှိ"ဟု ဓာတ်ကျမ်းရှိသော ကြောင့် "ဥပဂစ္ဆသိ"နှင့် အနက်တူ၏။]

၈၈။ ယော ကောပိ၊ပေ၊ဒယော။ ။ဤဂါထာ၌ "ကောပိ, ကာပိ, ကောပိ"ဟု သဒ္ဒနာမ်ပုဒ် အစဉ်မပျက်သောကြောင့် ဘဂ္ဂရီတိဒေါသမှ လွတ်၏၊ "အဟော ဗုဒ္ဓမဟောဒယော"ကား နိဂုံးဝါကျဖြစ်၍, ရှေ့ ၃ ဝါကျနှင့် အစဉ်တူဖွယ် မလို။ [ဤဂါထာ၌ ရူပါတိသယ စသည်တို့သည် (ဒေါသခန်း၌ "ပကတိပိ အဟောတဝ"ဟု ပြခဲ့သော) မပြုမပြင် ပင်ကို ပကတိတော်များပင်တည်း။]

မှတ်ချက်။ ။ကောပိ ကာပိတို့၌ ပိသည် (တစ်နည်း-အပိသည်) သမ္ဘာဝနာဇောတကတည်း၊ ထို့ကြောင့် "ကော+ပိ" (ကော+အပိ) ကို "မနောဂေါစရဘာဝံ ဝိနာ - စိတ်၏ အာရုံအဖြစ်ကို ကြဉ်၍၊

http://www.dhammadownload.com

ဗျာကိဏ္ဏဒေါသလွတ်စေနည်း

၈၉။ အဗျာမောဟကရံ ဗန္ဓံ, အဗျာကိဏ္ဏံ မနောဟရံ၊
အဒူရပဒဝိန္ဒာသံ, ပသသန္တိ ကဝိဿရာ။

၈၉။ အဒူရပဒဝိန္ဒာသံ-စပ်သင့်ရာပုဒ်များကို မဝေးအောင်ထားခြင်း ရှိသော၊ ဝါ-စပ်သင့်ရာပုဒ်များကို မဝေးအောင်ထားခြင်းရှိသည်၏အဖြစ်ကြောင့်၊ အဗျာကိဏ္ဏံ-မစပ်သင့်သောပုဒ်တို့နှင့် ရှုပ်ထွေးခြင်းမရှိသော၊ ဝါ-မစပ်သင့်သော ပုဒ်တို့နှင့် ရှုပ်ထွေးခြင်းမရှိသည်၏အဖြစ်ကြောင့်၊

ဝစနဝိသယာတိက္ကန္တတ္တာ-စကား၏ အရာကို လွန်သည်၏ အဖြစ်ကြောင့်၊ ကောပိယေဝ"ဟု ဖွင့်၏။ "စိတ်ဖြင့်သာ အာရုံပြုလို့ ရစရာရှိ၏။ စကားအားဖြင့်ကား ပြော၍ မကုန်အောင် များများကြီးကျယ်အံ့သြဖွယ် ရှိပါပေသည်"ဟူလို။

ရူပါတိသယော။ ။သုပ္ပတိဋ္ဌတပါဒတာဒိ ဒွတ္တိံသမဟာပုရိသလက္ခဏောဟိ သောဘိတဿ-သုပ္ပတိဋ္ဌတပါဒတာ အစရှိသော ၃၂ ပါးသော ယောက်ျားမြတ်၏ လက္ခဏာတို့ဖြင့် တင့်တယ်သည်လည်းဖြစ်သော၊ စိတ္တဂုံလိတာဒိ အသီတိ အနုဗျဉ္ဇနေဟိ အလင်္ကတဿ-ဆန်းကြယ်သော လက်ချောင်းတော် ရှိသည်၏အဖြစ် အစရှိသော ရှစ်ဆယ်သော လက္ခဏာငယ်တို့ဖြင့် တန်ဆာဆင်အပ်သည်လည်းဖြစ်သော၊ ဗျာမပ္ပဘာကေတုမာလာဟိ ဥဇ္ဇလဿ-တစ်လံမျှလောက်သော ကိုယ်ရောင်တော်, ကေတုမာလာအရောင်တော်တို့ဖြင့် တောက်ပသည်လည်းဖြစ်သော၊ ရူပကာယဿ+အာဓိကျံ-ရူပကာယတော်၏လွန်ကဲသည်အဖြစ်။ [အတိသယော၌ "အတိ+သိဒ်္ဓံဓာတ်"ဖြစ်၍ "သ်ရိ"ဓာတ် မဟုတ်သောကြောင့် သ၌ ဒွေဘော် မလို။]

ကန္တိ၊ပေ၊မဟောဒယော။ ။ကန္တိကို "သောဘာ"ဟုလည်းကောင်း, ဝိလာသကို "ဂမနာဒိ ဝိလာသဿ-သွားပုံ အစရှိသော စံပယ်ခြင်း၏"ဟုလည်းကောင်း, မဟောဒယောကို "မဟာဘိဝုဒ္ဓိသဒ္ဒါတော ဥဒယော-ကြီးကျယ်သော တိုးပွားခြင်းဟု ဆိုအပ်သော ဥဒယ"ဟုလည်းကောင်း ဖွင့်သည်၊ [မနော-ဖူးမြင်သူတို့၏ စိတ်ကို+ဟရတိ-(ကျူး၍)ယူသကဲ့သို့) ဆွဲဆောင်နိုင်၏၊ ဝါ-နှစ်သက်စေနိုင်၏၊ ကြ္ကတိ မနောဟရာ။]

http://www.dhammadownload.com

(ဟေတုမန္တဝိသေသနများ)၊ မနောဟရံ-ကြည့်ရှုသူ လူအပေါင်း၏ စိတ်နှလုံးကို ယူကျုံးနှစ်သက်စေနိုင်သော၊ အဗျာမောဟကရံ-အနက်ထင်လင်း၍, မတွေဝေခြင်းကို ပြုတတ်သော၊ ဗန္ဓံ-အဖွဲ့အနွဲ့ အစီအကုံးကို၊ ကဝိဿရာ-ကဝိထိပ်သီး, ပညာရှိကြီးတို့သည်၊ ပသံသန္တိ-ချီးမွမ်းကြကုန်၏။

၈၉။ အဗျာမောဟတျာဒီ။ ။ဗျာကိဏ္ဏဒေါသ သင့်ပြီး ဝါကျကို ပြေအောင် ဖြေ၍ မရ၊ ထို့ကြောင့် "ဗျာကိဏ္ဏဿ ယထာ"ဟု အဖြေသဘောကို မပြဘဲ ဒေါသ မဖြစ်အောင် စီကုံးနည်းကိုသာ ပြလိုသောကြောင့် "အဗျာမောဟ"စသည်ကို မိန့်သည်၊ ဤဂါထာ၌ "အဗျာကိဏ္ဏ၊ပေ၊ ဝိန္ဒာသံ"တို့သည် နောက်က နေသော်လည်း အဗျာမောဟကရံ ဗန္ဓံ တို့၏ ဝိသေသနတို့တည်း၊ ထိုဝိသေသနတို့လည်း ဟိတ်အနက် အတွင်းဝင်သော ဟေတုမန္တဝိသေသနတို့တည်း။

အဒူရ ၊ပေ၊ မနောဟရံ။ ။နတ္ထိ ဒူရံ (ဝေးကုန်သည်၏အဖြစ်) ယေသန္တိ အဒူရာနိ (ပဒါနိ)၊ ဝိ+နိပုဗ္ဗ အသဓာတ်သည် ထပနအနက် ဟောတည်း၊ အဒူရပဒါနံ ဝိန္ဒာသော ယတ္ထာတိ အဒူရပဒဝိန္ဒာသော-အစပ်မဝေးအောင် ပုဒ်တို့ကို ထားခြင်းရှိသော (စပ်သင့်ရာပုဒ်များကို နီးနီးကပ်ကပ်ထားခြင်း ရှိသော) ဗန္ဓ၊ ထိုသို့ အဒူရပဒဝိန္ဒာသဖြစ်သောကြောင့်ပင် မစပ်သင့်သော ပုဒ်တစ်ပါးတို့နှင့် ရောယှက်ခြင်း မရှိသော အဗျာကိဏ္ဏအဖွဲ့ ဖြစ်သည်၊ ထိုသို့ အဗျာကိဏ္ဏဖြစ်သောကြောင့်ပင် ပညာရှိစိတ်နှလုံးကို ယူကျုံး ဆွဲဆောင်သော မနောဟရအဖွဲ့လည်း ဖြစ်သည်၊ ထိုသို့ မနောဟရ ဖြစ်သောကြောင့်ပင် အနက် အဓိပ္ပာယ် ယူရာ၌ ဇဝေဇဝါ ယုံမှား တွေဝေမှု "ဗျာမောဟ"ကို မပြုတတ်သော အဖွဲ့ ဖြစ်သည်၊ ဗျာမောဟံ ကရောတီတိ ဗျာမောဟကရော၊ န+ဗျာမောဟကရော အဗျာမောဟကရော (ဗန္ဓော)။

ကဝိဿရာ။ ။ကဝိနံ+ဣဿရာ ကဝိဿရာ-ကဗျာပညာရှိတို့၏+အစိုးရပမာနဖြစ်သော တစ်နံပါတ် ပညာရှိကြီးများ၊ ကနိဋ္ဌဂုံလိယာ (လက်သန်းဖြင့်) ဂဏှိတဗ္ဗာ အင်္ဂကဝိနောတိ အဓိပ္ပာယော-ကဗျာပညာရှိတို့ကို လက်ထောင်၍ ရေတွက်ရာ၌ (မိမိတို့ ရပ်ရွာနယ်ပယ်တွင်)

http://www.dhammadownload.com

ယထာ

၉၀။ နီလုပ္ပလာဘံ နယနံ, ဗန္ဓူကရုစိရောဓရော၊
နာသာ ဟေမက်ုံသော တေန, ဇိနောယံ ပိယဒဿနော။

၉၀။ ယထာ-ဥဒါဟရုဏ်ကား၊.... (ဇိနဿ-မြတ်စွာဘုရား၏၊) နယနံ-မျက်လုံးတော်အစုံသည်၊ နီလုပ္ပလာဘံ-ကြာညိုပန်း၏အဆင်းနှင့် တူသောအဆင်း ရှိပါပေ၏၊ အဓရော-နှုတ်ခမ်းတော်သည်၊ ဗန္ဓုကရုစိရော-လယ်ခေါင်ရန်းပွင့်အသွေးကဲ့သို့ နီတွေး တင့်တယ်တော်မူပါပေ၏၊ နာသာ-နှာခေါင်းတော်သည်၊ ဟေမက်ုံသော-ရွှေချွန်းပါပေတည်း၊ ဝါ-ရွှေချွန်းနှင့် အလားတူတော်မူပါပေ၏၊ တေန-ထို့ကြောင့်၊ အယံ ဇိနော-ဤမြတ်စွာဘုရားသည်၊ ပိယဒဿနော-ချစ်ဖွယ်သော ဖူးမြင်ရခြင်း ရှိပါပေ၏၊ ဝါ-ဖူးချင်စဖွယ်, သပ္ပာယ်တော်မူပါပေ၏။

လက်သန်းဖြင့် ပထမဦးဆုံး ရေတွက်ရသော ထိပ်တန်းပညာရှိကြီးများ-ဟူလို။ [လက်သီးဆုပ်ပြီးနောက် လက်ချောင်းထောင်၍ ရေတွက်ရာ၌ လက်သန်းဖြင့် ပထမ ရေတွက်ရသည်။]

မှတ်ချက်။ ။တတိယပိုင်း၌လာမည့် ပသာဒဂုဏ်ရှိလျှင် ဤ ဗျာကိဏ္ဏဒေါသမှ လွတ်၏၊ ["ဗန္ဓံ-ပသာဒါလက်ာရသံယုတ္တံ ဗန္ဓနံ" ဋီကာ၊] ယခုအခါ စာအရေးအသား၌ စိတ်ဝင်စားသူတို့သည် မြန်မာဝါကျ၌လည်း (ကတ္တားနှင့် ကြိယာ ဝေးကွာမှုမှတစ်ပါး အခြားစကားလုံးများ၌) အစပ်နီးနီးထားလေ့ရှိအောင် သတိပြု၍ ရေးသားသင့်ကြသည်၊ စာအရေးအသားတွင်သာမက ထားပုံ သိုပုံမှာလည်း ဆိုလိုရင်း အဓိပ္ပာယ် ထင်ရှားအောင် စာခေါင်းကလေးများ တပ်၍ ထားသင့်ကြသည်၊ အကယ်၍ တတ်နိုင်ပါလျှင် စာရိုက်နှိပ်ရာ, စာအုပ်ချုပ်ရာ၌ပင် သားနားသပ်ယပ်မှုကို ဂရုပြုသင့်ပါသည်၊ သို့မှသာလျှင် မနောဟရ-မြင်ရသူ စိတ်နှလုံးကို ယူကျုံး ဆွဲငင်နိုင်ပါသည်။

၉၀။ နီလုပ္ပလာဘံတျာဒိ။ ။ဤဂါထာကား ဗျာကိဏ္ဏဒေါသမရောက်ပုံကို ပြသောဂါထာတည်း၊ နီလုပ္ပလာဘံသည် နယနံ၌, ဗန္ဓုကရုစိရောသည် အဓရော၌, နာသာသည် ဟေမက်ုံသော၌, တေနနှင့် အယံ ဇိနောသည် ပိယဒဿနော၌ စပ်ရ၏၊ ဤသို့ စပ်သင့်သော

http://www.dhammadownload.com

ပုဒ်ချင်း အလွန်နီးကပ်စွာ ထားသောကြောင့် အဒူရပဒဝိရှာသ-စသော ရွှေ့ဂါထာလာ ဂုဏ်များနှင့် ပြည့်စုံသည်-ဟူလို။

ဝစနတ္ထ။ ။နီလုပ္ပလဿ+အာဘာဝိယ+အာဘာ ၊ယဿာတိ နီလုပ္ပလာဘံ=ကြာညိုပန်း၏ အရောင်နှင့်တူသော အသွေးအရောင် ရှိသော မျက်လုံးတော်၊ [အာဘာတစ်ပုဒ် ကျ၊ ဋီကာသစ်၌ "အာဘာသဒ္ဒေါ နိဘာသဒ္ဒေါ ဝိယ ဣဝတ္ထော-အာဘာသဒ္ဒါသည် (ဥပမာ အလင်္ကာဠလာမည့် ဣဝါဒိဂိုဏ်းဝင် နိဘာသဒ္ဒါနှင့် အနက်တူ၊) ဣဝ အနက်ရှိ၏"ဟု တစ်နည်းဖွင့်သေး၏၊ ထိုအလို "ကြာညိုပန်းနှင့် တူပါ ပေ၏"ဟု ပေး၊] ရုစိ အဿ အတ္ထီတိ ရုစိရော-နှစ်သက်ဖွယ် အရောင် ရှိသော နှုတ်ခမ်းတော်၊ ဗန္ဓုကမိဝ+ရုစိရော ဗန္ဓုကရုစိရော-ခေါင်ရန်း ပန်းပွင့် အသွေးကဲ့သို့ နီတွေးသည် ဖြစ်၍ နှစ်သက်ဖွယ်အရောင် ရှိသည်။ [ဆန်းကြောင့် "ဗန္ဓူ"ဟု ဒီဃပြု။]

နာသာ ဟေမကုံသော။ ။နာသာကို ငဲ့၍ "ဟေမကုံသာ"ဟု ဣတ္ထိလိင် ရှိရမည်ကဲ့သို့ ထင်ရ၏၊ သို့သော် ဥပမာတဒ္ဓိတ်ပုဒ် မဟုတ်, ရွှေချွန်းနှင့် တူသည်ကို "တူသည်"ဟု မဆိုဘဲ သဒိသူပစာ တင်ထား သော ပုဒ်ဖြစ်၍ မူလပုလ္လိင်အတိုင်း "ဟေတုမကုံသော"ဟုပင် ရှိရသည်၊ ဥပစာ တင်သမျှ၌ မူလ လိင်ဝုစ် မပျက်စေရ၊ ထို့ကြောင့် ဋီကာတို့၌ "သုဝဏ္ဏကုံသောယေဝ-ရွှေချွန်းပါပဲ"ဟု ဖွင့်သည်၊ နှာခေါင်းတော်သည် (မပို မပြားဘဲ) ရွှေချွန်းကဲ့သို့ အထက်၌ ပေါ်လွင်-မြင့်မျှော၍ အလောတော် ရှိပါပေသည်-ဟူလို။

ပိယဒဿနော။ ။ပိယံ-ချစ်ဖွယ်ကောင်းသော+ဒဿနံ-မြင်ရ ခြင်းသည်၊ ယဿ-(အကြင်ဘုရားရှင်၏)၊ ဣတိ ပိယဒဿနော-ရှုချင့် စဖွယ် သပ္ပာယ်ပါပေသည်-ဟူလို၊ ဤ၌ မြင်တတ်သူသည် လူအများ ဖြစ်၍ "ယဿ"အရ လူအများကို ယူသင့်သော်လည်း မြင်စရာအာရုံ ဖြစ်သော ဘုရားရှင်ကိုသာ ဝဒန္တိပုဂ္ဂိုလ်အလိုအတိုင်း ကောက်ယူရ သည်၊ "ဣဟ ဒဿနဿ ကတ္တုဘူတဇနသမ္မန္နေပိ ဝိသယတ္တေနေဝ (အာရုံ၏ အဖြစ်ဖြင့်သာ) ဇိနသမ္မန္နော ဟောတိတိ အညပဒတ္ထေန (အညပုဒ်၏ အနက်အားဖြင့်) တထာဂတော ဂဟိတော။]

http://www.dhammadownload.com

ဂါမဒေါသရှောင်နည်း

၉၁။ သမတိက္ကန္တဂါမတ္တံ, ကန္တဝါစာဘိသင်္ခတံ၊
ဗန္ဓနံ ရသဟေတုတ္တာ, ဂါမတ္တံ အတိဝတ္တတိ။

၉၁။ သမတိက္ကန္တဂါမတ္တံ-ကောင်းစွာ လွန်မြောက်အပ်သော ဂါမဒေါသရှိသော၊ ဝါ-ဂါမဒေါသကို ကောင်းစွာ လွန်မြောက်သော၊ ကန္တဝါစာ- ဘိသင်္ခတံ-နှစ်သက်ဖွယ်စကားလုံးတို့ဖြင့် စီကုံးအပ်သော၊ ဗန္ဓနံ-အဖွဲ့.အနွဲ့.အစီအကုံးသည်၊ ရသဟေတုတ္တာ-သိဂ်ါရစသော ရသ၏ အကြောင်း၏ အဖြစ်ကြောင့်၊ ဂါမတ္တံ-ဂါမ၏အဖြစ်ကို၊ ဝါ-ဂါမဒေါသကို၊ အတိဝတ္တတိ-လွန်မြောက်၏။

၉၁။ သမတိက္ကန္တတျာဒိ။ ။ဂါမဒေါသသင့်ပြီးသော ဝါကျကို မသင့်အောင် ဖြေ၍ မရသောကြောင့် "ဂါမဿ ယထာ"ဟု မဆိုဘဲ ဂါမဒေါသ မသင့်အောင် ရှောင်နည်းကိုသာ ပြလိုသောကြောင့် "သမတိက္ကန္တ"စသည် မိန့်၊ "နှစ်သက်ဖွယ် ယဉ်ကျေးသော စကားလုံးတို့ဖြင့် စီကုံးမှသာ ဂါမဒေါသကို လွန်နိုင်သည်"ဟူလို။

ဝစနတ္ထ။ ။ဂါမဿ-ဂါမဒေါသ၏ + ဘာဝေါ-ဖြစ်ကြောင်း (သင့်ကြောင်း)ရိုင်းသောစကားအသုံးအနှုန်းတည်း၊ ဂါမတ္တံ-နှုန်း၊ သမတိက္ကန္တံ+ဂါမတ္တံ ယာသံတိ သမတိက္ကန္တဂါမတ္တာ-လွန်မြောက်အပ်ပြီးသော ရိုင်းပျသောအသုံးအနှုန်းရှိကုန်သော (ရိုင်းပျသော အသုံးအနှုန်းကို လွန်မြောက်ကုန်ပြီးသော) နှစ်သက်ဖွယ်စကားတို့၊ သမတိက္ကန္တဂါမတ္တာ စ+တာ+ကန္တဝါစာယော စာတိ သမတိက္ကန္တဂါမတ္တကန္တဝါစာယော၊ ကာဟိ+အဘိသင်္ခံတံ သမတိက္ကန္တဂါမတ္တကန္တဝါစာဘိသင်္ခတံ၊ ဤသို့ "သမတိက္ကန္တဂါမတ္တ"ကို ကန္တဝါစာနှင့်အရတူ တစ်သမာသ်တည်း လုပ်ခြင်းသည် "သမ္မာ အတိက္ကန္တံ ဂါမတ္တံ ယာသံ။ တာဟိယေဝ ကန္တဝါစာဟိ"ဟူသော ဋီကာနှင့်အညီ လုပ်ခြင်းတည်း၊ ယခုစာများ၌ "သမတိက္ကန္တဂါမတ္တံ"ဟု သီးခြားတစ်ပုဒ် အဖြစ်ဖြင့် ရှိ၏၊ ထိုအလို "ဗန္ဓနံ"၌ စပ်၍ "ရိုင်းပျသည်၏ အဖြစ်ကို လွန်သော အဖွဲ့.အနွဲ့." ဟု အဓိပ္ပာယ်မှတ်ပါ၊ နိဿယ၌ စာရှိအတိုင်း ပေးထားသည်။

http://www.dhammadownload.com

ယထာ

၉၂။ ဒုဏ္ဏောတိ ကာမစဏ္ဍာလော, သော မံ သဒယ နိဒ္ဒယော၊
ဤဒိသံ ဗျသနာပန္နံ, သုခီပိ ကိ.မုပေက္ခသေ။

၉၂။ ယထာ-ဥဒါဟရဏ်ကား၊...သဒယ-ကရုဏာသခင်, အို... ချစ်လင်၊ နိဒ္ဒယော-သနားကြင်နာ, ကရုဏာ မရှိသော၊ သော ကာမ စဏ္ဍာလော-ထိုကာမတဏှာ, ဒွန်းစဏ္ဍာသည်၊ မံ-ကျွန်မကို၊ ဒုဏ္ဏောတိ-နှိပ်စက် ဖျက်ဆီးနေပါ၏၊ (တဲ့-သင်ချစ်လင်သည်၊) သုခီပိ-နှစ်သက်ရာ မြန်းကြွ၍, ချမ်းမြေခြင်း ရှိပါလျက်လည်း၊ ဤဒိသံ ဗျသနံ-ကာမတဏှာ, ဒွန်းစဏ္ဍာ၏, လွန်စွာနှိပ်စက်, ဤကဲ့သို့သော ပျက်စီးခြင်းသို့၊ အာပန္နံ-ရောက်နေသော၊ မံ-ကျွန်မကို၊ ကိ-အဘယ့်ကြောင့်၊ ဥပေက္ခသေ-လစ်လျူရှုလျက်, စိမ်းကားရက်ပါသနည်း။

ရသဟေတုတ္တာ။ ။"ထိုသို့ ရိုင်းပျသော စကားအသုံးအနှုန်းမပါ, နှစ်သက်ဖွယ် ယဉ်ကျေးသော စကားလုံးတို့ဖြင့် စိတ်ဆိုးအပ်သော အဖွဲ့အနွဲ့သည် ပညာရှိတို့၏ ပီတိဖြစ်ခြင်း (နှစ်သက်ခြင်း) ဟူသော လိင်္ဂရသ-ကရုဏာရသ ဖြစ်ဖို့ရန် အကြောင်းဖြစ်၍ ဂါမ္မဒေါသမသင့်တော့"ဟူလို၊ ရသဿ-ပီတိ သောမနဿဟူသော အရသာ၏ ဝါ-သိဂ်ါရ စသော ရသ၏+ဟေတု-အကြောင်းတည်း၊ ရသဟေတု-ကြောင်း။ [ဤပြအပ်လတ္တံ့ပုံစံ၌ သနားစရာ ကရုဏာရသလည်း ပါ၏၊ ချစ်သူနှင့် ကွဲနေသော ဝိယောဂသိဂ်ါရရသလည်း ပါသည်။]

၉၂။ ဒုဏ္ဏောတိတျာဒိ။ ။ကာမတဏှာဘိဘူတာ အဂ်နာ အတ္တနော ဝလ္လဘံ နိဿာယ ဧဝံ ဝိလပတိ-ကာမတဏှာ နှိပ်စက်အပ်သော (ကာမစိတ် ပြင်းပြသော) မိန်းမသည် မိမိလင်ယောကျ်ားကို ဤနည်းအားဖြင့် မြည်တမ်းပုံကို ပြသော ဂါထာဖြစ်သည်၊ ဤသို့ မိမိလင်ယောကျ်ားအပေါ် မကျေမနပ်ဖြစ်၍ မြည်တမ်းပါသော်လည်း ဂါမ္မဒေါသဖြစ်လောက်သော စကားအကြမ်း မပါ။ ယဉ်ယဉ်ကျေးကျေးမြည်တမ်းခြင်းသာဖြစ်၍ ရသဟေတု(နောက်လာမည့် ဝိယောဂသိဂ်ါရဖြစ်ခြင်း၏ အကြောင်း) ကောင်းသော အဖွဲ့အနွဲ့ ဖြစ်လေသည်။ [သဟ+ဒယာယ (သနားခြင်းနှင့်) ယော+ဝတ္တတိတိ သဒယော။]

http://www.dhammadownload.com

သဒယ။ ။ဤစကားလုံးသည် မိမိလင်ကို ခေါ်သောစကားတည်း၊ မိမိသည် ဆင်းရဲနေ၏၊ ဆင်းရဲသူကို ဆင်းရဲကင်းအောင် ပြုမူလည်း သနားတတ်သူတို့၏အရာ (တာဝန်)ဖြစ်၏၊ ထို့ကြောင့် ခေါ်သော စကားလုံးတစ်ခုတည်းဖြင့်ပင် မိမိမှာ သနားစရာ ဖြစ်နေပုံ, သနားတတ်သော လင်ဖြစ်သူ၏ အယုအယ ခံချင်ပုံကို ထင်ရှားအောင် ပြရကား "သဒယ"ဟု ခေါ်ခြင်းသည် အလွန် ကရုဏာရသပါသော (အလွန်သနားစရာကောင်းသော) ခေါ်ခြင်းပေတည်း။ [အတ္တနော ဒုက္ခာတုရတ္တာ-မိမိမှာ ဒုက္ခဖြင့် နာကျင်သည့်အတွက်၊ ဒုက္ခဒူရီကရဏံ-ဒုက္ခဝေးအောင် ပြုခြင်းတည်း၊ ကာရုဏိကာနံယေဝ ဝိသယံ-သနားတတ်သူတို့၏အရာ (တာဝန်)ဖြစ်၏၊ ဣတိ-ထို့ကြောင့်၊ အနုနယဝသေန-ဆွဲဆောင်တတ်သော တဏှာ၏ အစွမ်းဖြင့်၊ အာမန္တနံ-သဒယဟု ခေါ်ပုံကလေးသည်၊ ဥစိတံ-သင့်လျော်၏။]

ဒုဏ္ဏောတိ ကာမစဏ္ဍာလော။ ။ကာမတဏှာကိုပင်(အကြမ်းပတမ်း ဖြစ်နေသောကြောင့်) စဏ္ဍာလဟု ကင်စား၍ သဒ်သုပစာရအားဖြင့် ဆိုထားခြင်းလည်း ယုတ္တိရှိလှပေ၏၊ ကာမောယေဝ စဏ္ဍာလော ကာမစဏ္ဍာလော၊ ဒုဓာတ်သည် ပီဠာ (နှိပ်စက်ခြင်း)အနက်ကိုလည်း ဟော၏၊ သွာဒိဂိဏ်းဖြစ်၍ "ဒုဏ္ဏောတိ"ဟု ပါဠိရင်းတည်း၊ မိနောတိဒ္ဓ ဏကို (န)ပြုသကဲ့သို့ "ဒုနောတိ"ဟုလည်း တချို့စာ ရှိ၏။

ဤဒိသံ ဗျသနာပန္နံ။ ။ချစ်လင်နှင့်ကွဲ၍ တစ်ယောက်တည်းနေရသဖြင့် ကာမတဏှာ၏ အနှိပ်စက်ဒဏ် ခံနေရသည်ကို "ဤကဲ့သို့ ပျက်စီးခြင်းသို့ ရောက်နေရသည်"ဟု ဆိုလိုသည်၊ လောကဒ္ဓ အဖော်ကွဲ၍ တစ်ယောက်တည်း ဖြစ်နေသူမှာ ရန်သူ့အနှိပ်အစက်ကို ခံရတတ်ခြင်းသည် ထုံးစံပင်ဖြစ်၍ ဤစကားလည်း ယုတ္တိရှိလှပေ၏။

သုခီပိ။ ။"သုခီ"ဟု ဆိုသဖြင့် ချစ်လင်သည် ထိုအချိန်၌ အခြားမိန်းမနှင့် ပျော်နေကြောင်းကို ပြ၏၊ ထိုပျော်နေခြင်းကိုလည်း မနှစ်သက်ရကား ဂရဟာကို ဆည်းသော သမ္ဘာဝနာ အပိဖြင့် "သုခီပိ"ဟု ဆိုသည်၊ [သုခီပိတိဣမိနာ တဿ ပရဝိသယာသတ္တာဘာယ (အခြားအာရုံ၌ ငြိကပ်နေသည်၏ အဖြစ်ဖြင့်) အတိစာရံ အဘျူပဂမေတိ (မိမိကို လွန်၍ အခြားသူ၌ ကျင့်ခြင်းကို ထင်ရှားစေ၏၊)။]

http://www.dhammadownload.com

ယတိဟီနဒေါသ အဖြေမလို

၉၃။ ယတိဟီနပရိဟာရော, န ပုနေ•ဒါနိ နိယတေ၊
ယတော န သဝနဗ္ဗေဂံ, ဟေဋ္ဌာ ယေတံ ဝိစာရိတံ။

၉၃။ ယတိဟီနပရိဟာရော-ယတိဟီနဒေါသ၏ အဖြေကို၊ ပုန-တစ်ဖန်၊ ဝါ-ထပ်၍၊ ဣဒါနိ-ယခုအခါ၌၊ န နိယတေ-ဆောင်ပြအပ်တော့မည် မဟုတ်၊ ယတော-ယင်းကဲ့သို့ မဆောင်ပြခြင်းကြောင့်၊ သဝနဗ္ဗေဂံ-နားကြားခြင်း၌ ထိတ်လန့်ဖွယ်သည်၊ န-မရှိ၊ (ကသ္မာ-အဘယ့်ကြောင့်နည်း၊) ဧတံ-ဤယတိဟီနဒေါသအဖြေကို၊ ဟေဋ္ဌာ-အောက်ဒေါသဝဗောဓအခန်း၌၊ ဝိစာရိတံ-စိစစ်အပ်ပြီ၊ (တသ္မာ-ထို့ကြောင့်တည်း။)

၉၃။ ယတိဟီန၊ပေ၊နိယတေ။ ။"အခြားဒေါသများ၏အဖြေကို ပြသကဲ့သို့ ယတိဟီနဒေါသ၏ အဖြေကို မပြတော့"ဟု မှာထားသော စကားတည်း၊ ယတောသည် ("ယံ သန္ဓာယ ဝုတ္တံ"၌ ယသဒ္ဒါကဲ့သို့) နိယမကို မငဲ့သော အနိယမတည်း၊ ယတော-ယင်းကဲ့သို့ "ယတိဟီန ပရိဟာရကို ဆောင်ယူ၍ မပြတော့"ဟု ဆိုလိုက်ခြင်းကြောင့်၊ န+သဝနဗ္ဗေဂံ-နားကြားရချက် မသက်မသာ ထိတ်စရာလည်း မဟုတ်ပါ။ ဘာ့ကြောင့်နည်း၊...ဟေဋ္ဌာ၊ပေ၊ဝိစာရိတံ=အောက်ဖြစ်သော ဒေါသာဝဗောဓအခန်းတုန်းကပင် "တံ နမေ သိရသာ စာမီ" စသည်ဖြင့် အဖြေသဘော သက်ရောက်သော ပုံစံများကို စိစစ်၍ ပြထားပြီး ဖြစ်သောကြောင့်တည်း။ [သဝနေ-နားကြားရခြင်း၌+ဥဗ္ဗေဂေါ-ထိတ်ခနဲဖြစ်ခြင်းတည်း၊ သဝနဗ္ဗေဂေါ-ခြင်း။]

ဋီကာသစ်။ ။ဋီကာသစ်၌ကား "ယတော ယသ္မာ သဝနဗ္ဗေဂံ၊ပေ၊နတ္ထိ၊ တတော ယတိဟီနပရိဟာရော၊ပေ၊န နိယတေ"ဟု ယတော ဝါကျကို ကာရဏလုပ်၍ "တတော"ဟု ထည့်လျက် ရှေ့ဝါကျကို ဖလဝါကျ လုပ်သည်၊ ["ဟေဋ္ဌာ ယေတံ ဝိစာရိတံ"၌ ဟေဋ္ဌာဟေတံ (ဟိ+ဧတံ)ဟု ရှိလျှင် ဝါကျသွားပုံ သာ၍ ကောင်း၏၊ "ဟိ-အကြင့်ကြောင့်၊ ဟေဋ္ဌာ-၌၊ ဝိစာရိတံ-ပြီ၊ တသ္မာ-ကြောင့်၊ သဝနဗ္ဗေဂံ-သည်၊ န-မရှိ"ဟု ပေး။]

http://www.dhammadownload.com

ကမစ္စုတဿ ယထာ

၉၄။ ဥဒါရစရိတော.သိ တွံ, တေနေဝါ.ရာဓနာ တွယိ၊
ဒေသံ ဝါ ဒေဟိ ဂါမံ ဝါ, ခေတ္တံ ဝါ မမ သောဘနံ။

၉၄။ ကမစ္စုတဿ-ကမစ္စုတဒေါသ၏၊ ပရိဟာရော-သည်၊ ယထာနည်း၊...ဘဂဝါ-ဘုန်းတော်ကြီးသော သခင်ဘုရား၊ တွံ-သခင်ဘုရားသည်၊ ဥဒါရစရိတော-စွန့်ကြဲပေးကမ်း, လျူဒါန်းမှု၌ လွန်ကဲသော စရိုက်ရှိသည်၊ အသိ-ဖြစ်ပါ၏၊ တေနေဝ-ထို့ကြောင့်ပင်လျှင်၊ တွယိ-သခင့်အပေါ်၌၊ အာရာဓနာ-လူအများ၏ နှစ်သက်တောင့်တခြင်းသည်၊ ဟောတိ-ဖြစ်ပါ၏၊ မမ-အကျွန်ုပ်အား၊ သောဘနံ-တင့်တယ်ကောင်းမြတ်သော၊ ဒေသံ ဝါ-ဇနပုဒ်နယ်ပယ်ကိုမူလည်း၊ ဒေဟိ-ပေးသနားတော်မူပါ၊ ဂါမံ ဝါ ဒေဟိ, ခေတ္တံ ဝါ ဒေဟိ။

၉၄။ ဥဒါရစရိတောတျာဒိ။ ။ဥစ္စာရှင်ကို မြှောက်ပင့်ပြောဆိုလိုက်မှ ဥစ္စာရှင်၌ ပေးချင်စိတ်ပေါ်လာတတ်၏၊ ထို့ကြောင့် မတောင်းမီ ရှေးဦးစွာ "ဥဒါရစရိတောသိ တွံ, တေနာဝါရာဓနာ တွယိ"ဟု ဥစ္စာရှင်ကို မြှောက်ပင့်လိုက်သည်၊ ဒေါသခန်း၌ အနည်းက စ၍ တောင်းသောကြောင့် အပြစ်သင့်ခဲ့ရ၏၊ ဤ၌ကား အများက စ၍ တောင်းသောကြောင့် တောင်းနည်းကို နားလည်သူတို့၏ ထုံးစံကျသဖြင့် ကမစ္စုတဒေါသမှ လွတ်သည်။

ဝစနတ္ထ။ ။ဥ+အာပုဗ္ဗ-ရာဓာတ် ကပစ္စည်းဖြင့် ပြီးသော "ဥဒါရ" သဒ္ဒါသည် ပေးကမ်းတတ်သူ အနက်ကိုလည်း ဟော၏-ဟု ထောမနိဓိဆို၏၊ ဥဒ္ဓံ-ပေးပြီးသည်မှ နောက်ကာလ၌၊ အာရာတိ-အကျိုးကို ယူတတ်၏၊ ဣတိ ဥဒါရော၊ ဤနေရာ၌ ဘာဝပွဓာနကြံ၍ ပေးကမ်းတတ်သူ၏ အဖြစ်ဟူသော ပေးကမ်းခြင်းကြိယာကို ယူ၊ ဥဒါရော+စရိတံ ပဿာတိ ဥဒါရစရိတော-ပေးကမ်းခြင်းစရိုက် ရှိသူ (ပေးကမ်းခြင်း၌ ရက်ရောသူ)။ [စာဂါတိသယယောဂတော-လွန်ကဲသော စွန့်ကြဲခြင်းဂုဏ်နှင့် ယှဉ်ခြင်းကြောင့်၊ ဝိသာရဒပွဝတ္တယုတ္တော-(စွန့်ကြဲရာ၌) ရဲရင့်သော ဖြစ်ခြင်းနှင့် ယှဉ်သည်၊ အသိ။]

http://www.dhammadownload.com

အတိဝုတ္တဿ ယထာ

၉၅။ မုနိန္ဒစန္ဒသမ္ဖုတ–ယသောရာသိမရီစိနံ၊
သကလောပျယမာကာသော, နာဝကာသော ဝိဇမ္ဘထော။

၉၅။ အတိဝုတ္တဿ-အတိဝုတ္တဒေါသ၏၊ ပရိဟာရော-သည်၊ ယထာ-အဘယ်နည်း၊....မုနိန္ဒစန္ဒသမ္ဖုတယသောရာသိမရီစိနံ-ဘုရားတည်းဟူသော လမင်းမှ ကောင်းစွာဖြစ်သော ဂုဏ်သင်းအစုတည်းဟူသော အရောင်တို့၏၊ ဝိဇမ္ဘထော-ကျယ်ပြန့်ခြင်း၌၊ သကလောပိ-အလုံးစုံလည်းဖြစ်သော၊ အယံ အာကာသော-ဤကောင်းကင်သည်၊ နာဝကာသော(န+အဝကာသော)-တည်ရာမဖြစ်နိုင်၊ ဝါ-မဆန့်နိုင်။

အာရာဓနာ။ ။အာပုဗ္ဗ ရာဓဓာတ်သည် "တောသန-နှစ်သက်စေခြင်းအနက် ရှိ၏"ဟု ဓာတ်ကျမ်းဆို၏၊ ထောမနိဓိ၌ "သေဝါ-မှီခို ဆည်းကပ်ခြင်း"ဟု အနက်ပြ၏၊ သူတစ်ပါးကို မှီခိုခစားသူသည် သူတစ်ပါးကို နှစ်သက်စေရ (နှစ်သက်အောင် ပြုရ) သောကြောင့် "အာရာဓိယတော-နှစ်သက်စေခြင်း၊ ဝါ-မှီခိုခစားခြင်း၊ အာရာဓနာ-ခြင်း" ဟု ကြံပါ၊ ဋီကာ၌ "အာရာဓနာ မမ ယာစနာ တွယိ ဟောတိ"ဟု ယာစနာဖွင့်ခြင်းကား အဓိပ္ပာယ်ဖွင့်သာ။

၉၅။ မုနိန္ဒတျာဒိ။ ။ဘုရားတည်းဟူသော လမင်းမှ ကောင်းစွာဖြစ်သော ကျော်စောခြင်း အစုဟူသော အရောင်တို့၏ ကျယ်ပြန့်ရာ၌ ဤကောင်းကင်တစ်ခုလုံးလည်း တည်ရာ မဖြစ်နိုင်တော့၊ ဝါ-မဆန့်တော့၊ ဤ၌ ဘုရားရှင်၏ ဂုဏ်တော်တို့သည် အပွမေယျ-(အတိုင်းအရှည် မရှိ) ဖြစ်သောကြောင့် "ကောင်းကင်မဆန့်"ဟူသော စကားသည် အပြောကြီးလွန်းရာ မရောက်ပါ-ဟူလို၊ ဆက်ဦးအံ့-ဘုရားရှင်ကို ချီးမွမ်းရာ, တရားအားထုတ်ခြင်း၏ အကျိုးကို ချီးမွမ်းရာ, လိစ္ဆဝီပရိသတ်ကို တာဝတိံသာနတ်ပရိသတ်နှင့် ၎ပ်တူကြည့်ကြ"ဟု ဥပမာဆောင်၍ တိုက်တွန်းတော်မူရာ,"အာကာကို လွှာပုံပြုပါလို့ မေရုကိုတဲ့စုတ်တံခို"စသော ချစ်ပုံကို ပြသော အရာတို့၌ အလွန်အကျူးဆိုသော်လည်း အတိဝုတ္တဒေါသ မသင့်ဟု ဆိုကြ၏။

http://www.dhammadownload.com

အပေတတ္ထဒေါသ မဖြစ်နည်း

၉၆။ ဝါကျဲ ဗျာပန္နစိတ္တာနံ, အပေတတ္ထံ အနိန္ဒိတံ၊
တေနမ္ဗတ္တာဒိကာနံ တံ, ဝဓနညတြ ဒုဿတိ။

၉၆။ ဗျာပန္နစိတ္တာနံ-ဖောက်ပြန်ခြင်းသို့ရောက်သော စိတ်ရှိသူတို့၏၊ ဝါကျဲ-စကားကို၊ အပေတတ္ထံ-အပေတတ္ထဒေါသသင့်သော ဝါကျဟူ၍၊ အနိန္ဒိတံ-မကဲ့ရဲ့အပ်၊ တေန-ထို့ကြောင့်၊ ဥမ္မတ္တာဒိကာနံ-အရူး စသူတို့၏၊ ဝဓနာ-စကားမှ၊ အညတြ-တစ်ပါးသော၊ တံ-ထိုပိဏ္ဍတ္ထကင်းသော စကားသည်၊ ဒုဿတိ-ပျက်စီး၏၊ ဝါ-အပေတတ္ထဒေါသ သင့်၏။

ဋီကာ။ ။ဟေတုဖလာဒိ ဧကေကကာရဏောနပိ အပွမေယျာနံ သတ္တဉ္ဉုဏ္ဏာနံ ပဝတ္တိယာ အပွမေယျသာမညဘူတအာကာသဿ (ဘုရားရှင်၌ အကြောင်းပါရမီတွေ များစွာ ရှိရကား အကြောင်းတစ်ခုကြောင့် အကျိုးတစ်ခု ဖြစ်တယ် ထားဦးတော့၊ အပွမေယျအကျိုးတွေ ရှိနိုင်လေပြီ၊ ထို့ကြောင့် ကောင်းကင်လည်း အပွမေယျ, ဂုဏ်တော်များလည်း အပွမေယျဖြစ်၍ အပွမေယျချင်း တူမျှသော ကောင်းကင်၏၊) နိရဝကာသဿဝိယ-ဂုဏ်တော်များ၏ တည်ရာမဖြစ်နိုင်တော့သကဲ့သို့၊ ကထနံ-ဆိုခြင်းသည်၊ ဥစိတံ-သင့်၏၊ (တည်ရာဆိုတာ တည်တတ်သော အရာထက် ကြီးကျယ်ရိုးတည်း၊ ယခုတော့ အာကာသက ဂုဏ်တော်များထက် မကြီးကျယ်၊ ထို့ကြောင့် တည်ရာ မဖြစ်နိုင်ဟု ဆိုခြင်းသည် သင့်၏-ဟူလို၊) ဣတိ ဣဟ အတိဝုတ္တဒေါသော န ဘဝတိ။

၉၆။ ဝါကျဲတျာဒိ။ ။အပေတတ္ထဒေါသ မသင့်သောနည်းကိုသာ ပြသည်၊ အနက်အဓိပ္ပာယ် အထူးမရသော်လည်း စိတ်ဖောက်ပြန်နေသော (အရူးစသူတို့၏)စကားဖြစ်လျှင် "အပေတတ္ထဒေါသ သင့်သည်" ဟု မကဲ့ရဲ့ထိုက်ပါ၊ အရူးစသူတို့၏စကား မဟုတ်ဘဲ လူကောင်းသူကောင်းတို့၏ စကားဖြစ်လျှင်ကား အပေတတ္ထဒေါသ သင့်သည်-ဟူလို။ [ဗျာပန္နံ+စိတ္တံ ယေသံတိ ဗျာပန္နစိတ္တာ၊ ဥမ္မတ္တော+အာဒိ ယေသံ (ဗာလာဒိနံ-ကလေးစသူတို့၏၊) ဣတိ ဥမ္မတ္တာဒိကာ။

http://www.dhammadownload.com

ယထာ

၉၇။ သမုဒ္ဒေါ ပိယတေ သောယ–မဟမ·ဇ္ဇဇရာ·တုရော၊
ကွမေ ဂဇ္ဇန္တိ ဇီမူတာ, သင်္ကသေ·ရာဝဏော ပိယော။

၉၇။ ယထာ-ဥဒါဟရဏ်ကား၊...သောယံ သမုဒ္ဒေါ-ထိုသမုဒ္ဒရာရေကို၊ ပိယတေ-သောက်အပ်၏၊ အဇ္ဇ-ယနေ့၊ အဟံ-ငါသည်၊ ဇရာတုရော-ဖျားခြင်းဖြင့် ကျင်နာ၏၊ ဝါ-အဖျားတက်၏၊ ကွမေ ဇီမူတာ-ဤမိုးတို့သည်၊ ဂဇ္ဇန္တိ-ထစ်ချုန်းကုန်၏၊ သင်္ကသေ-သိကြားမင်း၏၊ ဧရာဝဏော-ဧရာဝဏ်ဆင်ကို၊ ပိယော-ချစ်အပ်၏၊ ဝါ-ချစ်စရာကောင်း၏။

၉၇။ သမုဒ္ဒေါတျာဒိ။ ။ဤဂါထာ၌ " သမုဒ္ဒရာရေ သောက်ကောင်း၏၊ ယနေ့ ငါ အဖျားတက်သည်၊ ဒီမိုးတွေ ချုန်းလိုက်ကြတာ၊ သိကြား၏ ဧရာဝဏ်ဆင်ဟာ ချစ်စရာကောင်းတယ်" ဤသို့ ၄ ဝါကျရှိ၏၊ သူ့ဝါကျနှင့်သူ အဓိပ္ပာယ်ရ၏၊ သို့သော် ဤ ၄ ဝါကျလုံး ပေါင်း၍ အဓိပ္ပာယ်ယူသောအခါ တစ်ဝါကျနှင့် တစ်ဝါကျ အဆက်အသွယ် မရှိ၊ "မည်သည့် အဓိပ္ပာယ်ကို ဆိုလိုသည်"ဟု ကောက်ချက်ချ၍ မရ၊ ထို့ကြောင့် ၄ ဝါကျ အပေါင်းသည် "စိတ်မကောင်းသော အရူး၏ စကား, သို့မဟုတ် ကလေးပြောသောစကား, သို့မဟုတ် တောကြို့ တောင်ကြားက လူရိုင်းပြောသော စကား"ဟု ဆိုလျှင် ကြားရသူတို့မှာ ပြီးစရာ ပျော်စရာပင် ကောင်းသေးသောကြောင့် အပြစ်မရှိချေ၊ လူကောင်းသူကောင်း တစ်ယောက်၏ စကားဖြစ်လျှင်ကား အပေတတ္ထဒေါသ သင့်သည်။

ဋီကာသစ်။ ။ကွဒံ နိန္ဒိတာ·နိန္ဒိတာနံ ဒ္ဝိန္နံ ဥဒါဟရဏံ-ဤဥဒါဟရဏ်သည် ကဲ့ရဲ့ထိုက် မကဲ့ရဲ့ထိုက် ၂ မျိုးနှင့်စပ်သော ဥဒါဟရဏ်ဖြစ်၏၊ ပေ၊ ဤဒိသံ ဝါကျံ ဥမ္မတ္တာဒီဟိ ဝုတ္တံ အပီတိကရံ နော ဟောတိ-အရူးစသူတို့ ပြောအပ်သော စကားဆိုလျှင် နှစ်သက်ခြင်းကို မပြုတတ်မဟုတ်၊ (နှစ်သက်ခြင်းကို ပြုတတ်၏၊) အညေဟိ ဝုတ္တံ ပန-အရူးစသူမဟုတ်သော လူကောင်းသူကောင်းတို့ ပြောအပ်သော စကားဖြစ်လျှင်ကား၊ ကဏ္ဌော အယောသလာကာ ဝိယ အပီတိကရံ-နားဦ သံတံကျင်လျှိုသည့်ပမာ မနှစ်သက်စရာ, နားကြားပြင်းကပ်စရာကို ပြုတတ်၏။

http://www.dhammadownload.com

ဗန္ဓဖရုသဒေါသ မဖြစ်နည်း

၉၈။ သုခုမာလာ.ဝိရောဓိတ္တာ–ဒိတ္တာဘာဝပွဘာဝိတံ၊
ဗန္ဓနံ ဗန္ဓဖရုသ–ဒေါသံ သံဒူသယေယျ တံ။

၉၈။ သုခုမာလာ.ဝိရောဓိတ္တာ-ဒိတ္တာဘာဝပွဘာဝိတံ-သုခုမာလဂုဏ်နှင့် ဆန့်ကျင်ခြင်း မရှိသည်၏ အဖြစ်ရှိသော, ဌာန်တူအက္ခရာများကို နီးကပ်စွာ ထား၍ ထင်ရှားတောက်ပသည်၏အဖြစ်ဖြင့် တိုးပွားစေအပ်သော၊ တံ ဗန္ဓနံ-ထိုအဖွဲ့.အနွဲ့.သည်၊ ဗန္ဓဖရုသဒေါသံ-ဗန္ဓဖရုသဒေါသကို၊ သံဒူသယေယျ-ကောင်းစွာ ဖျက်ဆီးနိုင်ရာ၏။

၉၈။ သုခုမာလာဝိရောဓိတ္တာတျာဒီ။ ။ဖြစ်ပြီးသော ဗန္ဓဖရုသဒေါသကို မဖြစ်အောင် ဖြေ၍ မရနိုင်သောကြောင့် ထိုဒေါသ မဖြစ်အောင် စီကုံးနည်းကိုသာ ပြသည်၊ ဂုဏ္ဍာဝဗောဓနံး (၁၃၅)ဂါထာ၌ သုခုမာလဂုဏ်၏ လက္ခဏာကို ပြလတ္တံ့၊ ထိုသုခုမာလဂုဏ်နှင့် မဆန့်ကျင်သော, ဌာန်တူအက္ခရာများကို နီးနီးကပ်ကပ်ထားသဖြင့် တောက်ပထင်ရှားသော အဖွဲ့.အနွဲ့.သည် ဗန္ဓဖရုသဒေါသကို ဖျက်ဆီးနိုင်သည်၊ အချုပ်မှာ-ဖရုသ (ကြမ်းတမ်း)နှင့် သုခုမာလ (နူးညံ့)တို့ ပြောင်းပြန်ဖြစ်ရကား "သုခုမာလဂုဏ်ရှိလျှင် ဗန္ဓဖရုသဒေါသ မသင့်"ဟု မှတ်။ [သုခုမာလဂုဏ်နှင့် တွဲစပ်ကြည့်မှ ဤဂါထာ၏အဓိပ္ပာယ် နားလည်နိုင်မည်။]

ဝစနတ္ထ။ ။နတ္ထိ + ဝိရောဓိ ယဿာတိ အဝိရောဓိ (ဗန္ဓနံ)၊ အဝိရောဓိနော+ဘာဝေါ အဝိရောဓိတ္တံ၊ သုခုမာလဿ (သုခုမာလဂုဏ်အား၊ ဝါ-နှင့်၊) အဝိရောဓိတ္တံ (ဆန့်ကျင်ခြင်း မရှိသည်၏အဖြစ်) ယဿာတိ သုခုမာလာဝိရောဓိတ္တော (ဒိတ္တဘာဝေါ)၊ ဒီပတီတိ ဒိတ္တံ၊ တောက်ပတင့်တယ်သော(ဗန္ဓနံ)၊ ဌာန်တူအက္ခရာများ၏ နီးနီးကပ်ကပ် တည်ရှိခြင်းသည် ဆင်တူ ဝတ်ထားသော သတို့သမီးများကဲ့သို့ ထင်လည်း ထင်ရှား, တင့်လည်း တင့်တယ်, နှစ်သက်ဖွယ်လည်း ကောင်းပေသည်၊ ဒိတ္တဿ+ဘာဝေါ ဒိတ္တဘာဝေါ၊ ပဘာဝီယတေ-တိုးပွားစေအပ်၏၊ ဣတိ ပဘာဝိတံ (ဗန္ဓနံ)၊ သုခုမာလာဝိရောဓိတ္တော စ+သော+ဒိတ္တဘာဝေါ စာတိ သုခုမာလာဝိရောဓိတ္တဒိတ္တဘာဝေါ၊ [ဤ] ဝိဂ္ဂဟကြည့်၍ သုခုမာလာဝိရောဓိတ္တကို ဒိတ္တဘာဝ၏ ဝိသေသနဟု

http://www.dhammadownload.com

ယထာ

၉၉။ ပဿန္တော ရူပဝိဘဝံ, သုဏန္တော မဓုရံ ဂိရံ၊
စရန္တိ သာဓူ သမ္မဒ္ဒ–ကာလေ ကေဠိပရမ္မုခါ။

၉၉။ ယထာ-ဥဒါဟရဏ်ကား၊-သမ္မဒ္ဒကာလေ-ဘုရားလက်ထက်တော်၌၊ သာဓူ-သူတော်ကောင်းတို့သည်၊ ရူပဝိဘဝံ-ရုပ်ပုံတော်၏တင့်တယ်ခြင်းကို၊ ပဿန္တော-ဖူးမြော်ကြကုန်လျက်၊ မဓုရံ-ချိုဆိမ့်သောအရသာနှင့်တူသော၊ ဂိရံ-တရားသံကို၊ သုဏန္တော-နာကြကုန်လျက်၊ ကေဠိပရမ္မုခါ-ပျော်ပွဲရွှင်ပွဲ မျက်နှာလွှဲကြကုန်သည်၊ (ဟုတွာ-ဖြစ်၍၊) စရန္တိ-လှည့်လည်ကြကုန်၏။

သိပါ။] တေန+ပဘာဝိတံ သုခုမာလာဝိရောဓိတ္တဒိတ္တဘာဝပ္ပဘာဝိတံ (ဗန္ဓနံ)"ပဘာဝိတံ-တိုးပွားစေအပ်"ဟူသည် ထိုသုခုမာလအဝိရောဓိတ္တဒိတ္တဘာဝတို့နှင့် ယှဉ်ခြင်း-ထိုဂုဏ်များနှင့် ပြည့်စုံခြင်းတည်း၊ ထို့ကြောင့် ပဘာဝိတံကို "ဝမိုတံ သံယုတ္တံ"ဟု ဋီကာဟောင်း ဖွင့်သည်။

မှတ်ချက်။ ။ဒိတ္တံ၌ ဒီပဓာတ်ကြံ၍, တ္တသံယုတ်ကြောင့် ဒီ၌ရဿပြု၊ "ဒိတ္တ-ထင်ရှားပြတတ်, တောက်ပတတ်, တင့်တယ်၏"ဟူရာ၌ ဋီကာသစ်ဝယ် "ဝဏ္ဏာနံ-အက္ခရာတို့၏၊ အညမညသံဂတိလက္ခဏေန-အချင်းချင်း ဆက်စပ်ခြင်းလက္ခဏာရှိသော၊ (ဤစကားအရ-ဌာနိတူအက္ခရာချင်း နီးစပ်ရမည်-ဟု ယူကြ၏။) ဒိတ္တဘာဝေနပိယဘာဝေန-နှစ်သက်ဖွယ်၏အဖြစ်သည်၊ အနုပြုဟိတံ-တိုးပွားစေအပ်၏၊ (ဤစကားဖြင့် ဒိတ္တကို ပိယဟု ဖွင့်၏၊ ထိုဖွင့်ခြင်းကား အဓိပ္ပာယ်ဖွင့်တည်း၊ ဌာနိတူအက္ခရာများ နီးကပ်နေခြင်းသည် အသံတူထပ်နေသဖြင့် ရွတ်ရာ၌လည်း ချောမော, ကြားရသည်မှာလည်း နားဝင်ချိုရကား နှစ်သက်စရာ ကောင်းသည်-ဟူလို့၊) ဒိတ္တသဒ္ဒါသည် အနီး၌တည်သော ဝတ္ထုကို ဟော၏"ဟု သဒ္ဒတ္ထမုတ္တာဝလိ စသော အဘိဓာန်တို့၌ ဆိုသတတ်။

၉၉။ ပဿန္တောတျာဒီ။ ။ဤဂါထာ၌ ကြမ်းတမ်းသော ဓနိတအက္ခရာများစွာ မပါ၊ ပထမ, ဒုတိယ, စတုတ္ထပါဒတို့၌ ဘ, ဓ, ခ-ဟုတစ်လုံးစီသာ ပါ၍ တတိယပါဒ၌ ဓ ၂ လုံးသာ ပါ၏၊ ထို့ကြောင့်

http://www.dhammadownload.com

အပက္ကမဿ ယထာ

၁၀၀။ ဘာဝနာဒါနသီလာနိ, သမ္မာ သမ္မာဒိတာနိ.ဟ၊
နိဗ္ဗာနဘောဂသဂ္ဂါဒိ–သာဓနာနိ နံ သံသယော။

၁၀၀။ အပက္ကမဿ-အပက္ကမဒေါသ၏၊ ပရိဟာရော-သည်၊ ယထာ-နည်း၊...ဣဟ-ဤဘဝ၌၊ သမ္မာ-ကောင်းစွာ၊ သမ္မာဒိတာနိ-ပြီးစေအပ်ကုန်သော၊ ဘာဝနာဒါနသီလာနိ-ဘာဝနာ ဒါန သီလတို့သည်၊ နိဗ္ဗာနဘောဂသဂ္ဂါဒိသာဓနာနိ-နိဗ္ဗာန်, စည်းစိမ်ဥစ္စာ, နတ်ပြည်စသော သမ္မတ္တိကို ပြီးစေနိုင်ကုန်၏၊ သံသယော-ယုံမှားဖွယ်သည်၊ နံ-မရှိ။

သုခုမာလ-နူးညံ့သောဂုဏ် ရှိ၏၊ ပ-သ-နှ-ရကဲ့သို့ ဌာန်တူအက္ခရာလည်း နီးကပ်လျက် များစွာပါသောကြောင့် "ဒိတ္တဘာဝ"လည်း ဖြစ်၏။

ဝစနတ္ထ။ ။ရူပဿ-ရုပ်ပုံသဏ္ဌာန်တော်၏+ဝိဘဝေါ-ပြည့်စုံခြင်း (တင့်တယ်ခြင်း)တည်း၊ ရူပဝိဘဝေါ၊ ပဿန္တော (စက္ခုံ သန္တပ္ပေတွာ ဩလောကေန္တော)-မျက်လုံးကို နှစ်သက်စေ၍ ဖူးမြော်ကြကုန်လျက်၊ မဓုရံ ဂိရံ-တဿ ဘဂဝတော အဋ္ဌင်္ဂသမန္နာဂတံ မဓုရဝစနံ သုဏန္တော၊ (အသံတော်၏ အင်္ဂါရှစ်ပါးကို အဘိမာန်မှာ ရှု၍) ပရာနိ+မုခါနိ ပရမ္မုခါနိ၊ ကေဠိယာ-ပျော်မြူးခြင်း၏+ပရမ္မုခါနိ (ပြောင်းပြန်ဖြစ်သော မျက်နှာတို့သည်) ယေသံတိ ကေဠိပရမ္မုခါ၊ "ဘုရားလက်ထက်တော်က သူတော်ကောင်းတို့သည် အပျော်အပါး မလိုက်စားကြတော့ဘဲ ဘုရားဖူး တရားနာခြင်းဖြင့် အချိန်ကုန်စေကြသည်"ဟူလို။

၁၀၀။ ။ဒေါသအခန်း၌ "ဘာဝနာဒါနသီလာနိ....ဘောဂသဂ္ဂါဒိနိဗ္ဗာနသာဓနာနိ"ဟု စဉ်သောကြောင့် အပက္ကမဒေါသ သင့်ရ၏၊ ဤဂါထာ၌ကား "ဘာဝနာဒါနသီလာနိ"ဟု ရှေ့အစဉ်အတိုင်း "နိဗ္ဗာနဘောဂသဂ္ဂါဒိ"ဟု နောက်၌ စဉ်သောကြောင့် အစဉ်မပျက်ရကား အပက္ကမဒေါသမှ လွတ်၏။ [ကစ္စည်းသုတ်၌ "ဣဂဏ္ဍာဂဏ္ဍာ စျလာ"ဟု ဆိုသောကြောင့် အစဉ် တည့်ရကား အပက္ကမဒေါသမှ လွတ်၏။]

http://www.dhammadownload.com

အစဉ်မတည့်လည်း အပြစ်မရှိ

၁၀၁။ ဥဒ္ဓိဋ္ဌဝိသယော ကောစိ, ဝိသေသော တာဒိသော ယဒိ၊
အနုဒ္ဒိဋ္ဌေသု နေဝတ္ထိ, ဒေါသော ကမဝိလဃ်နေ။

၁၀၁။ ဥဒ္ဒိဋ္ဌဝိသယော-ရှေးဦးစွာ ပြအပ်သော အရာရှိသော၊ တာဒိသော-ထိုကဲ့သို့ အစဉ်ကို ကျော်ထိုက်သောသဘော ရှိသော၊ ကောစိ-တစ်စုံတစ်ခုသော၊ ဝိသေသော-အထူးသည်၊ ယဒိ အတ္ထိ-အကယ်၍ ရှိအံ့၊ (ဧဝံသတိ-ဤသို့ ရှိလတ်သော်၊) အနုဒ္ဒိဋ္ဌေသု(အနု+ဥဒ္ဒိဋ္ဌေသု)-နောက်ထပ် ပြအပ်သော အရာတို့၌၊ ကမဝိလဃ်နေ-အစဉ်ကို ခုန်ကျော်ခြင်းကြောင့်၊ ဒေါသော-အပက္ကမဒေါသသည်၊ နေဝ အတ္ထိ-မရှိသည်သာ။

ကမစ္စုတနှင့် အပက္ကမ။ ။လောကထုံးစံအတိုင်း အများကစ၍ တောင်းရမည်ကို မတောင်းဘဲ အနည်းက စ၍ တောင်းခြင်းသည် ကမစ္စုတဒေါသ၊ အမြတ် အယုတ်ကို ပဓာနမထားဘဲ ရှေ့အစဉ်နှင့် တူအောင် နောက်၌စဉ်လျှင် ယထာက္ကမနည်းအရ ထုံးစံကျ၏၊ ထိုသို့ ယထာက္ကမနည်း မကျအောင် စဉ်ခြင်းသည် အပက္ကမဒေါသတည်း။

[ဆောင်] ၁။ ထုံးစံမကျ, အနည်းကလျှင်, စ၍များလစ်, တောင်းသည့်ပြစ်, ကမစ္စုတတည်း။

၂။ ရှေ့အစဉ်ကို, တမင်ဖောက်လျက်, နောက်စဉ်ဖျက်၍, ယထာက္ကမ, နည်းမကျ, အပက္ကမတည်း။

၁၀၁။ ဥဒ္ဒိဋ္ဌဝိသယောတျာဒိ။ ။ရှေးဦးစွာ ပြအပ်သောစကားသည် ဥဒ္ဒိဋ္ဌ, နောက်ထပ်ပြအပ်သော စကားသည် အနုဒ္ဒိဋ္ဌ, (အနု-နောက်ထပ်+ဥဒ္ဒိဋ္ဌ)တည်း၊ ထိုသို့ နောက်ထပ်ပြရာ၌ ရှေ့ဥဒ္ဒိဋ္ဌတွင် ထူးခြားသော အချက်ကို ဖော်ပြစရာရှိလျှင် ရှေ့အစဉ်ကို ခုန်ကျော်သော်လည်း (အစဉ်ဖျက်သော်လည်း) အပက္ကမဒေါသ မသင့်။

http://www.dhammadownload.com

ယထာ

၁၀၂။ ကုသလာ.ကုသလံ အဗျာ–ကတ.မိစ္စေသု ပစ္ဆိမံ၊ အဗျာကတံ ပါကဒံ နဲ, ပါကဒံ ပဌမဒွယံ။

၁၀၂။ ယထာ-ဥဒါဟရုဏ်ကား၊... ကုသလံ-ကုသိုလ်လည်းကောင်း၊ အကုသလံ - အကုသိုလ်လည်းကောင်း၊ အဗျာကတံ-အဗျာကတလည်းကောင်း၊ ဣတိ-ဤသို့၊ ဧတေသု-ဤ ၃ ပါးတို့တွင်၊ ပစ္ဆိမံ-နောက်ဆုံးဖြစ်သော၊ အဗျာကတံ-အဗျာကတသည်၊ နဲ ပါကဒံ-အကျိုးမပေးတတ်၊ ပဌမဒွယံ-ရှေ့ဖြစ်သော ကုသိုလ် အကုသိုလ် ၂ ပါး အပေါင်းသည်၊ ပါကဒံ-အကျိုးကို ပေးတတ်၏။

၁၀၂။ ကုသလာတျာဒိ။ ။"ကုသလ, အကုသလ, အဗျာကတ"ဟု ရှေ့အစဉ်၌ အဗျာကတကို နောက်ထား၍ ပြ၏၊ ထို ၃ ပါးတွင် ကုသိုလ် အကုသိုလ်၏ အကျိုးပေးခြင်းနှင့် အဗျာကတ၏ အကျိုးမပေးခြင်း အားဖြင့် ထူးခြားချက်ကို ပြလိုသောကြောင့် နောက်ထပ် စဉ်ရာ၌ အဗျာကတကို ရှေ့က ထား၍ "အဗျာကတံ ပါကဒံ နဲ (ဟောတိ) ပဌမဒွယံ ပါကဒံ"ဟု ဆိုခြင်းသည် (ရှေ့အစဉ်မကျသော်လည်း) အပက္ကမဒေါသ မသင့်။ [ပါကံ-အကျိုးကို+ဒဒါတိ-ပေးတတ်၏၊ ဣတိ ပါကဒံ။]

စံကျောင်းနိဿယ။ ။"ယေကေစိ ကုသလာ ဓမ္မာ, သဗ္ဗေ တေ ကုသလမူလာတိ"ဟူသော ပုစ္ဆာဝါကျ၌ ကုသလာ ဓမ္မာကို ရှေ့, ကုသလမူလာကို နောက်ထား၏၊ "တီဏေဝ ကုသလမူလာနိ, အဝသေသာ ကုသလာ ဓမ္မာ, နဲ ကုသလမူလာ"ဟူသော အဖြေဝါကျ၌ ကုသလဓမ္မနှင့် ကုသလမူလ အထူးကို ပြလိုသောကြောင့် ကုသလမူလကို ရှေ့, ကုသလဓမ္မကို နောက်ထားခြင်းသည် အပက္ကမဒေါသ မသင့်-ဟု စံကျောင်းနိဿယ မှာ၏။ [ဤ၌ အဝသေသာပါဌ်ဖြင့် အကြွင်းကို သိလွယ်စေခြင်း အကျိုးငှာ (ရှေ့အစဉ်အတိုင်း မဟုတ်ဘဲ) နောက်အစဉ်ကို တစ်မျိုးစဉ်၍ ဟောတော်မူသည်။]

http://www.dhammadownload.com

ဩစိတျဟီနဒေါသ မသင့်ပုံ

၁၀၃။ သဂုဏာနာ.ဝိကရဏော, ကာရဏော သတိ တာဒိသေ၊
ဩစိတျဟီနတာပတ္တိ, နတ္ထိ ဘူတတ္ထသံသိနော။

၁၀၃။ သဂုဏာနံ-မိမိဂုဏ်တို့ကို၊ အာဝိကရဏော-ထင်စွာပြုရာ၌၊ ဝါ-ထင်စွာဖော်ပြရာ၌၊ တာဒိသေ-ထိုသို့ ဖော်ပြထိုက်သောသဘော ရှိသော၊ ကာရဏော-အကြောင်းသည်၊ သတိ-ရှိလတ်သော်၊ ဘူတတ္ထသံသိနော-ဟုတ်မှန်သောဂုဏ်အနက်ကို ပြောလေ့ရှိသူ၏၊ ဝါ-ဟုတ်မှန်စွာ ပြောလေ့ရှိသူအတွက်၊ ဩစိတျဟီနတာပတ္တိ-ဩစိတျဟီန၏ အဖြစ်သို့ ရောက်ခြင်းသည်၊ ဝါ-ဩစိတျဟီနဒေါသသည်၊ နတ္ထိ-မရှိ။

၁၀၃။ သဂုဏာနံတျာဒိ။ ။"ပူဇနီယတရော လောကေ"စသော ဂါထာဖြင့် "မိမိဂုဏ်ကို မိမိဘာသာ တုတ်ဖော်ပြောခြင်းကြောင့် ဩစိတျဟီနဒေါသ သင့်၏"ဟု ဆိုခဲ့သော်လည်း မိမိဂုဏ်ကို ထုတ်ဖော်ပြောပြမှုကိစ္စပြီးမည်ဖြစ်၍ အကျိုးရှိမည့် အရာ၌ မှန်သည့်အတိုင်း ထုတ်ဖော်သင့်၏၊ ထိုသို့ ပြောခြင်းကြောင့် ဩစိတျဟီနဒေါသ မသင့်၊ ထို့ကြောင့် ဘုရားရှင်သည် ဥပကနှင့် တွေ့ခန်း၌.....

"နံ မေ အာစရိယော အတ္ထိ, သဒိသော မေ နံ ဝိဇ္ဇတိ၊
သဒေဝကသ္မိံ လောကသ္မိံ, နတ္ထိ မေ ပဋိပုဂ္ဂလော"

ဟု ဆရာမရှိကြောင်း, အတူမရှိကြောင်း, တစ်လောကလုံး၌ ပြိုင်ဖက်မရှိကြောင်းကို ဟုတ်မှန်သည့်အတိုင်း ထုတ်ဖော်မိန့်တော်မူ၏၊ ထိုသို့ မိန့်တော်မူလိုက်ခြင်းကြောင့်ပင် ဥပကလည်း နောင်အခါ၌ ဘုရားရှင့်အထံတော်သို့ ပြန်လာ၍ ရဟန်းပြုပြီးလျှင် အနာဂါမ်တည်ခြင်းဟူသော အကျိုးကို ရလေသည်။

ဝစနတ္ထ။ ။ဘူတော-ထင်ရှားရှိသော၊ ဝါ-ဟုတ်မှန်သော+အတ္ထော-အနက် (အကြောင်းအရာ)တည်း၊ ဘူတတ္ထော, ဘူတတ္ထံ+သံသတိ သီလေနာတိ ဘူတတ္ထသံသီ၊ သံသဓာတ်သည် ပြောဆိုခြင်းအနက်ကို ဟော၏၊ ဩစိတျဟီနမေဝ ဩစိတျဟီနတာ၊ (တာပစ္စည်း သွတ္ထ)၊ ဩစိတျဟီနတာယ-သို့+အာပတ္တိ-ရောက်ခြင်းတည်း၊ ဩစိတျဟီနတာပတ္တိ။ [ဩစိတျဟီနသဒ်ါတဒေါသဿာ.ပတ္တိ နတ္ထိ၊-ဋီကာ။]

http://www.dhammadownload.com

ဩစိတျထင်ရှားပုံနှင့် ဥပဒေပြုသူ

၁၀၄။ ဩစိတျံ နာမ ဝိညေယျံ, လောကေ ဝိချာတ-မာဒရာ၊ တတ္ထော.ပဒေသပဘဝါ, သုဇနာ ကဝိပုင်္ဂဝါ။

၁၀၄။ လောကေ-သတ္တလောက၌၊ ဝိချာတံ-သူငယ်တိုင်အောင် ထင်ရှားသော၊ ဩစိတျံ နာမ-ဩစိတျ မည်သည်ကို၊ အာဒရာ-လေးစားခြင်းဖြင့်၊ (ဝိညူဟိ-တို့သည်၊) ဝိညေယျံ-သိသင့်သိထိုက်၏၊ ဝါ-သိအောင်ပြုပါလေ၊ တတ္ထ-ထိုဩစိတျ၏၊ ဥပဒေသပဘဝါ-နည်း ဥပဒေသ၏ အမွန်အစဖြစ်ရာတို့သည်ကား၊ သုဇနာ-သူတော်ကောင်း ဖြစ်ကုန်သော၊ ကဝိပုင်္ဂဝါ-ခေါင်းဆောင်ပညာရှိတို့ပေတည်း။

၁၀၄။ ဩစိတျံ နာမ၊ပေအာဒရာ။ ။ဤ၂ ပါးဖြင့် ဩစိတျကို စာသင်သားတို့ (တစ်နည်း-ပညာရှိဖြစ်လိုသူတို့) သိအောင် ကြိုးစားဖို့ တိုက်တွန်းသည်၊ ဩစိတျသည် ဤ လူလောကဝယ် ကလေးသူငယ် တိုင်အောင် ထင်ရှား၏၊ "ကလေးသူငယ်များပင် နားလည်ကြသည်" ဟူလို၊ မှန်၏-လူကြီးတစ်ယောက်သည် ပရိသတ်အလယ်၌ (မိမိဂုဏ်ကို ပြောဖို့ မလိုပါဘဲ) ထုတ်ဖော်ပြောဆိုနေလျှင် ထိုပရိသတ်တွင် ပါဝင်သော ကျောင်းသားကလေးများကပင် "အလကား လူပေါကြီးပါကွာ, ကိုယ့်ကိုယ် ကိုယ်ခေါ် မသူတော် ခုနစ်ပါးဆိုတဲ့ အစားထဲကပါ"ဟု ကဲ့ရဲ့တတ်ကြသည်။

တတ္ထော၊ပေ၊ပုင်္ဂဝါ။ ။[ဥပဒေသ၌ ဥပသဒ္ဒါသည် (ဥပစယော ပုဒ်၌ ဥပကဲ့သို့) "အစ"အနက်ဟော၊ ဥပ-အစ၌+ဒေသ-ပြောဆိုညွှန်ပြ အပ်သော အကြောင်းအရာ၊ ယခုအခါ"ဥပဒေ"ဟု ခေါ်ကြ၏။] ထို ဥပဒေသဟူသည် "ကိုယ့်ဂုဏ်ကို (အကျိုးထူး မရှိလျှင်) မဖော်ရ၊ ရှေ့စကားနှင့် နောက်စကားကို (ဝါ-အပြောနှင့်အလုပ်ကို) ညီစေရမည်" စသော ညွှန်ပြချက်တည်း၊ ထိုဥပဒေသ၏ စ၍ဖြစ်ရာ ဥပဒေပြုပုဂ္ဂိုလ်များကား (သာမန်ပုဂ္ဂိုလ်များ မဟုတ်ကြ) သုဇနကဝိပုင်္ဂဝ-သူတော်ကောင်းဖြစ်၍ ပညာရှိ ကဝိတို့၏ ရှေ့သွား ခေါင်းဆောင် ပညာရှိ ထိပ်ခေါင်တင်များလည်း ဖြစ်ကြသည်-ဟူလို။

http://www.dhammadownload.com

ဩဘိတျဟီနရှောင်ရန် တိုက်တွန်းခြင်း

၁၀၅။ ဝိညာတောစိတ္တဝိဘဝေါ–စိတ္တဟီနံ ပရိဟရေ၊
တတောစိတ္တဿ သမ္မောသေ, ရသပေါသော သိယာ ကတေ။

၁၀၅။ ဝိညာတောစိတ္တဝိဘဝေါ-သိအပ်ပြီးသော ဩဘိတျ ပြည့်စုံခြင်း ရှိသော ပညာရှိသည်၊ ဝါ-ဩဘိတျပြည့်စုံပုံ အလုံးစုံကို သိပြီးသော ပညာရှိသည်၊ ဩဘိတျဟီနံ-ဩဘိတျဟီနဒေါသကို၊ ဟရိဟရေ-ရှောင်လွှဲရာ၏။ တတော-ထိုသို့ ရှောင်လွှဲခြင်းကြောင့်၊ ဩဘိတျဿ-ဩဘိတျဂုဏ်၏၊ သမ္မောသေ-တိုးပွားခြင်းကို၊ ကတေ-ပြုအပ်သည်ရှိသော်၊ ရသပေါသော-အရသာ၏ ပြည့်ခြင်းသည်၊ သိယာ-ဖြစ်ရာ၏။

၁၀၅။ ဝိညာတော၊ပေ၊ပရိဟရေ။ ။"ဩဘိတျဝိဘဝ"၌ ဝိဘဝသဒ္ဒါသည် သမ္ပတ္တိအနက်ဟောတည်း၊ ဝိညာတော+ဩဘိတျဝိဘဝေါ ယေနာတိ ဝိညာတော.စိတ္တဝိဘဝေါ-သိအပ်ပြီးသော ဩဘိတျဂုဏ်တည်းဟူသော ပြည့်စုံခြင်း ရှိသူ၊ ဝါ-ဩဘိတျဂုဏ်ဟူသော ပြည့်စုံမှုကို သိပြီးသူ၊ စကားပြောရာ, တရားဟောရာ, စာရေးရာတို့၌ "မည်ကဲ့သို့ ပြောဟောရေးသားလျှင် ဩဘိတျဂုဏ်ရောက်၏"ဟု ကဝိပုဂ်ဝတို့၏ သင်ပြမှုကြောင့် ဩဘိတျအကြောင်း ကောင်းကောင်း နားလည်ပြီးသူသည် "ဩဘိတျဟီနဒေါသကို ရှောင်လွှဲ၍ ပြောဟောရေးသားပါလေ"ဟု ဩဝါဒပေးသည်။ [ဝိညာတောစိတ္တဝိဘဝေါ-တာဒိသကဝိနံ အနုဂ္ဂဟေန ဝိညာတဩဘိတျဿခီတသမ္ပတ္တိသမ္ပန္နာဂတော ကဝိ။]

တတော၊ပေ၊ကတေ။ ။အပြော အဟော အရေးအသားဌ၌ ထို ဩဘိတျဟီနဒေါသကို ရှောင်လွှဲလိုက်ခြင်းအားဖြင့် ဩဘိတျဂုဏ် တိုးပွားအောင် ပြုအပ်သည်ရှိသော် အရသာတစ်မျိုး ပြည့်လာစရာရှိ၏၊ ထို အရသာကား "မာဓုရိယ"အရသာတည်း၊ မဓုရဿ-ချိုဆိမ့်သောအဖွဲ့အနွဲ့၏+ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာ (ချိုဆိမ့်သော)အရသာတည်း၊ မာဓုရိယံ-သာ။ [သမ္မောသေဌ် ပုသဓာတ်သည် ဝုဒ္ဓိ(ဗြူဟန)-တိုးပွားခြင်း အနက်ဟော၊ ရသပေါသောဌ် ပုသဓာတ်ကား ပူရဏအနက်ဟောတည်း၊...တတော ဒေါသပရိဟာရတော ဩဘိတျဿ သမ္မောသေ ဥပဗြူဟနေ ကတေ သတိ မာဓုရိယသခီတဿ အဿာဒေတဗ္ဗဿ ပူရဏံ သိယာ။]

http://www.dhammadownload.com

ယထာ

၁၀၆။ ယော မာရသေန·မာသန္နေ–မာသန္နဝိဇယုဿဝေါ၊
တိဏာယပိ နာ မညိတ္ထ, သော ဝေါ ဒေတု ဇယံ ဇိနော။

၁၀၆။ ယထာ-ဥဒါဟရဏ်ကား၊...**အာသန္နဝိဇယုဿဝေါ**-နီးကပ်သော အတွင်းအောင်ပွဲ ရှိတော်မူသော၊ **ယော ဇိနော**-အကြင် မြတ်စွာဘုရားသည်၊ **အာသန္နေ**-အနီးသို့ ချဉ်းကပ်လာသော၊ **မာရသေနံ**-အပြင်မာရ်နတ်, စစ်သည်တပ်ကို၊ **တိဏာယပိ**-မြက်မှိုက်လောက်မျှလည်း၊ **နာ မညိတ္ထ**-မှတ်ထင်တော်မမူ၊ **သော ဇိနော**-ထိုမြတ်စွာဘုရားသည်၊ **ဝေါ**-သင်တို့အား၊ **ဇယံ**-အောင်ဆုကို၊ **ဒေတု**-ပေးတော်မူပါစေသတည်း။

၁၀၆။ ကျဟ သတ္ထေ သဗ္ဗတ္ထ သခ်ေပတ္ထ·မိစ္ဆန္တောပိ **အာစရိယော** (ဤအလင်္ကာကျမ်း၌ နေရာတိုင်းမှာ အကျဉ်းအနက်ကို အလိုရှိပါသော်လည်း ကျမ်းဆရာသည်) ဩစိတျံ နာမ အာဒရေန တဂ္ဂဏှိ ဥဂ္ဂဏှိတွာ ပယုဇ္ဇိတဗ္ဗံ (ဩစိတျမည်သည်ကို လေးလေးစားစား ထိုဩစိတျသိပြီးသော ဆရာတို့အထံမှ သင်ယူ၍ သုံးစွဲထိုက်၏) ကွစ္စေဝံ (ဤသို့ နှလုံးသွင်း၍) ဝိတ္ထာရေန သိဿေ အနုသာသိတွာ (အကျယ်အားဖြင့် တပည့်တို့ကို သွန်သင်ပြီး၍) ကွဒါနိ ဩစိတျဟိနာပရိဟရဏတ္ထံ "**ယော မာရသေနမာသန္နေစ္စာဒိနာ**" လက္ခဏမုဒါဟရတိ။

အာသန္နေ ၊ပေ၊ မညိတ္ထ။ ။ဘုရားရှင်သည် ဗောဓိပင်အောက်၌ ထိုင်နေတော်မူသောအခါ ကိလေသာမာရ် အတွင်းရန်ကို အောင်မြင်ခြင်းဟူသော အောင်ပွဲနှင့် နီးလေပြီ၊ "ထိုသို့ အရေးအကြီးဆုံး အတွင်းရန်ကိုပင် အောင်ခါနီးဖြစ်သော ဘုရားရှင်သည် မာရ်စစ်တပ်ဟူသော အပြင်ရန်ကို မြက်မှိုက်လောက်မျှ အရေးစိုက်တော်မမူ"ဟု ဆိုခြင်းသည် ဩစိတျသမ္မောသက (အသင့်ယုတ္တိကို တိုးပွားစေတတ်သော စကားဖြစ်၏၊) ဘာ့ကြောင့်နည်း၊-ယခုမှ ပေါ်လာသော အပြင်ရန်သည် သံသရာက ပါလာခဲ့သော အတွင်းရန်ကဲ့သို့ နှိမ်နင်းဖို့ မခဲယဉ်းရကား မြက်မှိုက်လောက်မျှ အရေးမစိုက်ထိုက်သောကြောင့်တည်း။

သော ဝေါ၊ပေ၊ဇိနော။ ။"ကိုယ်တော်တိုင် အောင်မြင်တော်မူပြီးသော ထိုဘုရားရှင်သည် သင်တို့အားအောင်ဆုပေးပါစေ"ဟု အာသီသ

http://www.dhammadownload.com

(တောင့်တမှု)ပြုခြင်းလည်း ဩစိတျသမ္မောသက ဖြစ်၏၊ ဘာ့ကြောင့်နည်း၊-ဥစ္စာဓန ပြည့်ဝပြီးသော သူဌေးသည်သာ သူတစ်ပါးအား ပေးကမ်းနိုင်သကဲ့သို့, အောင်ပြီးပုဂ္ဂိုလ်သည်သာ သူတစ်ပါးအား အောင်ဆုကို ပေးနိုင်သောကြောင့်တည်း၊ ဤသို့ အောင်မြင်ဖို့အရေးကို အာသီသပြုရာ၌ ဘုရားအနက်ဟော ပရိယာယ်ပုဒ်တို့တွင် "ဇိနော"ပုဒ်လည်း ဩစိတျသမ္မောသကဂုဏ်ရောက်သော ပုဒ်ပင်တည်း။ [ဤအဓိပ္ပာယ်ကို ရည်ရွယ်၍ မုနိန္ဒဝဒနမ္ဟောဇ စသော ပဏာမဂါထာ၌ "မုနိန္ဒသဒ္ဒါလည်း ဩစိတျသမ္မောသကဂုဏ်ရှိသောသဒ္ဒါ"ဟု ဆိုခဲ့သည်။]

ဝစနတ္ထ။ ။ဝိဇယော ဧဝ+ဥဿဝေါ ဝိဇယုဿဝေါ-အောင်ပွဲ၊ အာသန္နော+ဝိဇယုဿဝေါ ယဿာတိ အာသန္နဝိဇယုဿဝေါ-နီးကပ်သော အောင်ပွဲရှိသော ဘုရား၊ အောင်ပွဲယဉ်ခါနီးသော ဘုရား၊ "တိဏာယပိ"ကား"မညာနာဒရဟ္မဏိနိ"အရ ကံအနက်သမ္ဘဒါန်တည်း။

အနက်ကျယ်။ ။အာသန္နဝိဇယုဿဝေါ-များစွာတင်းမာရ်, အတွင်းရန်ကို, ပြင်းထန်သတ်ညှဉ်း, အောင်တပ်ခင်း၍, အောင်ခြင်းကိုမျှော်, အောင်ပွဲယဉ်ခါနီးဖြစ်တော်မူသော၊ ယော ဇိနော-အပွဂါဇိ, ဗောဓိမဏ္ဍိုင်, ခမ်းဝါမြိုင်ဝယ်, ကြံ့ခိုင်ဖွဲ့ခွေ, ထိုင်နေတော်မူစဉ်, အကြင်ဘုရားရှင်ကိုယ်တော်မြတ်သည်၊ အာသန္နံ-သမာဓိဉာဏ်, ပျက်အောင်ကြံလျက်, အထံတော်မြတ်, ချဉ်းကပ်၍လာသော၊ မာရသေနံ-တောင်ကြီးဧရာ, လှိမ့်၍လာသို့, လွန်စွာကြောက်ဖွယ်, ကြီးကျယ်ဘိတောင်း, မာရ်စစ်သည်အပေါင်းကို၊ တိဏာယပိ နှ မညိတ္ထ-အမှိုက်မြက်ပမာ, မဖက်သာသို့, မျက်နှာတော် ကြည်ကြည်လင်လင်နှင့်, ထီထင်တော်မမူခဲ့ပေ၊ သော ဇိနော-ကိုယ်တော်တိုင်လျှင်, အောင်ပွဲဝင်၍, သခ္ခိများစွာ, ဝေနေယျာလည်း, မကွာအတူ, အောင်စေတော်မူတတ်, ထိုရှင်မြတ်ဘုရားသည်၊ နော (အမှာကံ)-မအောင်သေးခင်, အောင်ကြွေးတင်၍, အောင်မြင်ရန်မျှော်, သားတော် သမီးတော်တို့အား၊ ဇယံ ဒေတု-အောင်ရန်အသင့်, အောင်လံလွှင့်ဖို့, အောင်ခွင့်မင်္ဂလာ, ကရုဏာပွား, မေတ္တာအားဖြင့်, ပေးသနားတော်မူပါ၊ အရှင်မြတ်ဘုရား။

http://www.dhammadownload.com

ဘဂ္ဂရီတိဒေါသလွတ်ပုံ

၁၀၇။ အာရဒ္ဓကတ္တုကမ္မာဒိ–ကမာ.တိက္ကမလဃ်နေ၊
ဘဂ္ဂရီတိဝိရောဓော.ယံ, ဂတိ နာ ကွာပိ ဝိန္ဒတိ။

၁၀၇။ အာရဒ္ဓကတ္တုကမ္မာဒိကမာတိက္ကမလဃ်နေ-အားထုတ်အပ်သော ကတ္တား ကံ စသော အနက်တို့၏ အစဉ်ကျော်ခြင်းကို ခုန်ကျော်ခြင်းသည်၊ သတိ-ရှိလတ်သော်၊ အယံ ဘဂ္ဂရီတိဝိရောဓော-ဤဘဂ္ဂရီတိဒေါသသည်၊ ကွာပိ-တစ်စုံတစ်ခုသော အရာ၌လည်း၊ ဂတိ-ဖြစ်တည်ခွင့်ကို၊ နာ ဝိန္ဒတိ-မရနိုင်။

ယထာ

၁၀၈။ သုဇနညာန.မိတ္ထီနံ, ဝိဿာသော နော.ပပဇ္ဇတေ၊
ဝိသဿ သိင်္ဂနော ရောဂ–နဒီ ရာဇကုလဿ စ။

၁၀၈။ ယထာ-ကား၊ သုဇနညာနံ-သူတော်ကောင်းမှ တစ်ပါးသော သူယုတ်မာတို့၏လည်းကောင်း၊ ဣတ္ထီနံ - မိန်းမတို့၏လည်းကောင်း၊

၁၀၇။ အာရဒ္ဓတျာဒိ။ ။စတည်ခြင်းကို "အာရဒ္ဓ"ဟု ခေါ်၏၊ [ကတ္တား ကံသည် သဒ္ဒါမဟုတ်၊ ကတ္တားအနက်, ကံအနက် စသော အနက်တည်း၊] ကတ္တားအနက်ကို စလျှင် ကတ္တားအနက်ချည်း စဉ်၍ ထားရာ၏၊ ကံကို စလျှင် ကံချည်းစဉ်၍ ထားရာ၏၊ ဒေါသခန်း၌ ပြခဲ့သော ဂါထာဝယ် သမ္ဘန်အနက်ကို စတည်ပြီးလျှင် သတ္တမီ(အာဓာရ)အနက်တစ်မျိုး ပြောင်း၍ ထားသောကြောင့် အစီအစဉ်ကို ကျော်လွန်သော ဘဂ္ဂရီတိဒေါသ သင့်၏။

ကမာတိက္ကမလဃ်နေ။ ။ဤပုဒ်၌ "ကမာတိက္ကမ"ဟူသောပါဠိဖြင့် အစဉ်ပျက်ခြင်းကို ပြ၏၊ "လဃ်နေ"အရ ထို ကမာတိက္ကမကို "ခုန်ကျော်ခြင်း"ဟူသည် ထိုအစဉ်မပျက်ခြင်းတည်း၊ [ပဋိသေဓ၂ ချက်ရှိရာ၌ ပကတိအနက် ထွက်သကဲ့သို့ "အတိက္ကမ+လဃ်န"ဟု ခုန်ကျော်ခြင်းအနက်၂ ခုကို ပြသဖြင့် "မခုန်ကျော်ခြင်း"ဟူသော ပကတိအနက် ပြန်ရသည်၊] ထိုသို့ ကတ္တား ကံစသော အနက်အစဉ် မခုန်ကျော်လျှင် (ဝါ-မပျက်လျှင်)ဘဂ္ဂရီတိဒေါသသည် ဘယ်နေရာ၌မျှ ထောက်တည်ရာ မရနိုင်၊ "ထောက်တည်ရာ မရ"ဟူသည် ဝါကျတစ်ခုလုံး၌ ထိုအပြစ်ကို ရှာ၍ မရနိုင်ခြင်းတည်း။

http://www.dhammadownload.com

ဝိသဿ-အဆိပ်၏လည်းကောင်း၊ သိဂီနော-ဦးချို အစွယ်ရှိသော သတ္တဝါ၏လည်းကောင်း၊ ရောဂနဒီရာဇကုလဿစ-တိုးပွားနေသော အနာရောဂါ, မြစ်, သတ်မှုဖြတ်မှု မတရားပြုနေသော မင်းအိမ်၏လည်းကောင်း၊ ဝိဿာသော-အကျွမ်းဝင်ခြင်းသည်၊ နောပဇ္ဇတေ- မသင့်။

ယထာ စ

၁၀၉။ ဘေသဇ္ဇေ ဝိဟိတေ သုဒ္ဒ-ဗုဒ္ဓါဒိ ရတနတ္တယေ၊
ပသာဒ-မာစရေ နိစ္စံ, သဇ္ဇနေ သဂုဏော.ပိ စ။

၁၀၉။ ယထာစ-ဥဒါဟရဏ်တစ်မျိုးကား၊....ဝိဟိတေ-မိမိနှင့် သင့်မြတ်အောင် စီရင်အပ်သော၊ ဘေသဇ္ဇေစ-ဆေး၌လည်းကောင်း၊ (စသဒ္ဒါလိုက်စေ) သုဒ္ဓဗုဒ္ဓါဒိရတနတ္တယေစ-ကိလေသာတို့မှ စင်ကြယ်သော ဘုရား အစရှိသော ရတနာ ၃ ပါး အပေါင်း၌လည်းကောင်း၊ သဇ္ဇနေ စ-သူတော်ကောင်း၌လည်းကောင်း၊ အပိ-ထို့မှတစ်ဖန်၊ သဂုဏော စ-ဂုဏ်ရှိသူ၌လည်းကောင်း၊ နိစ္စံ-အမြဲ၊ ပသာဒံ-စိတ်၏ကြည်ညိုခြင်းကို၊ ဝါ-လေးစားခြင်းကို၊ အာစရေ-ပြုကျင့်ရာ၏။

၁၀၈။ သုဇနညာနံတျာဒိ။ ။[သုဇနေဟိ+အညေ-သုဇနညာ= သူတော်ကောင်းတို့မှ တစ်ပါးသော သူယုတ်မာတို့။] ဤဂါထာ၌ သမ္ဘန်အနက်ချည်း စီစဉ်၍ ပြသောကြောင့် အတ္ထဘဂ္ဂရီတိဒေါသမှလည်းကောင်း, စသဒ္ဒါကို "ရာဇကုလဿစ"ဟု အဆုံးတစ်နေရာ၌သာ (အန္တဒီပကနည်းအားဖြင့်) ထားသောကြောင့် သဒ္ဒဘဂ္ဂရီတိဒေါသမှလည်းကောင်း လွတ်၏။ [စသဒ္ဒါ ထားရပုံ စည်းကမ်းကို ဤဒေါသအခန်း၌ ပြခဲ့ပြီ။]

၁၀၉။ ဘေသဇ္ဇေတျာဒိ။ ။ဤဂါထာ၌ သတ္တမီဝိဘတ်နက် (အဓိကရဏအနက်) အစဉ်မပျက်သော အတ္ထရီတိကိုလည်းကောင်း, စနိပါတ်၏ အဆုံးတစ်နေရာ၌သာ ထားသဖြင့် ထုံးတမ်းအစဉ် မပျက်သော သဒ္ဒရီတိကိုလည်းကောင်း ပြ၏။ သဂုဏောပိ၌ အပိကို "ပုနပိ" ဟု ဋီကာဖွင့်သည်။ [ဒေါသခန်း၌ ဆဋ္ဌီ, သတ္တမီ အစီအစဉ် ၂ မျိုး ပျက်ပုံကို ပြခဲ့သောကြောင့် ဤ ပရိဟာရအခန်း၌လည်း ဆဋ္ဌီနက် အစီအစဉ် မပျက်ပုံ, သတ္တမီနက် အစီအစဉ် မပျက်ပုံ ဥဒါဟရဏ် ၂ မျိုးကို ပြသည်။]

http://www.dhammadownload.com

သသံသယသ ယထာ

၁၁၀။ မုနိန္ဒစန္ဒိမာလောက–ရသလောလဝိလောစနော၊
ဇနောဝက္ကန္တပန္ထောဝ ရံသိဒဿနပီဏိတော။

၁၁၀။ သသံသယသ-သသံသယဒေါသ၏၊ ပရိဟာရော-အဖြေသည်၊ ယထာ-အဘယ်နည်း၊... မုနိန္ဒစန္ဒိမာလောကရသလောလဝိလောစနော-မြတ်စွာဘုရားတည်းဟူသော လမင်း၏ အရောင်၌ သာယာနှစ်သက်ခြင်းကြောင့် လှုပ်လှက်သော မျက်လုံးရှိသော၊ ဇနော-လူအပေါင်းသည်၊ အဝက္ကန္တပန္ထော-သက်ရောက်အပ်သော လမ်းရှိသည်၊ ဝါ-လမ်းသို့ သက်ရောက်မိသည်၊ (သမာနော)ဝ-ဖြစ်လျှင်ဖြစ်ခြင်းပင်၊ ရံသိဒဿနပီဏိတော-ရောင်ခြည်တော်ကို ဖူးမြော်ရသည့်အတွက် နှစ်သက်ဝမ်းမြောက်သည်၊ (ဟောတိ-ဖြစ်၏။)

သံသယအပြစ် မရှိ

၁၁၁။ သံသယာယေဝ ယံကိဉ္စိ, ယဒိ ကီဋ္ဌာဒိဟေတုနာ၊
ပယုဇ္ဇတေ နဒေါသောဝ, သသံသယသမပ္ပိတော။

၁၁၁။ ကီဋ္ဌာဒိဟေတုနာ-အပျော်အပါး, ကစားလိုခြင်း အစရှိသော အကြောင်းကြောင့်၊ သံသယာယေဝ(သံသယာယ+ဧဝ)-သံသယအကျိုးငှာသာလျှင်၊ ဝါ-သံသယဖြစ်အောင်သာလျှင်၊ ယံကိဉ္စိ-တစ်စုံတစ်ခုသော ပုဒ်ကို၊ ယဒိ ပယုဇ္ဇတေ-အကယ်၍ ယှဉ်စပ်သုံးစွဲအပ်ငြားအံ့၊ (ဧဝံသတိ-ဤသို့ ယှဉ်စပ်သုံးစွဲအပ်သော်၊) သသံသယသမပ္ပိတော-သသံသယဒေါသသည် သက်ရောက်အပ်သော၊ ဒေါသော-အပြစ်သည်၊ နဧဝ-မရှိသည်သာလျှင်တည်း။

၁၁၀။ မုနိန္ဒတျာဒိ။ ။ဒေါသအခန်း၌ အရောင်ဟူသောအနက်ဟောကြောင်း မထင်ရှားသော ဂေါသဒ္ဒါကို ဆိုသောကြောင့် သံသယဖြစ်ရ၏၊ ဤဂါထာ၌ အရောင်အနက်ကို ဟောကြောင်း ထင်ရှားသော "ရံသိ"သဒ္ဒါကို ဆိုသောကြောင့် သသံသယဒေါသမှ လွတ်၏။

၁၁၁။ သံသယာယေဝ။ ။[ကီဋ္ဌာ-စကားဝှက်တမ်းကစားသော အားဖြင့် ပျော်မြူးခြင်း၊] ပျော်မြူးလိုခြင်းစသော အကြောင်းကြောင့် သူတစ်ပါးတို့ ယုံမှား သံသယ ဖြစ်အောင် တမင်တကာ စီကုံး

http://www.dhammadownload.com

ယထာ

၁၁၂။ ယာတေ ဒုတိယံ နိလယံ, ဂုရုမှိ သကဂေဟတော၊
ပါပုဏောယျာမ နိယတံ, သုခ-မဇ္ဈယနာဒိနာ။

၁၁၂။ ယထာ-ဥဒါဟရဏ်ကား၊...ဂုရုမှိ-ဆရာသည်၊ သကဂေဟတော-မိမိအိမ်မှ၊ ဒုတိယံ နိလယံ-နှစ်ခုမြောက်အိမ်သို့၊ ယာတေ-ရောက်သည်ရှိသော်၊ အဇ္ဈယနာဒိနာ-စာပေကျမ်းဂန် ရွတ်အံ့သရဇ္ဈာယ်ခြင်း အစရှိသည်ဖြင့်၊ နိယတံ-အမြဲ၊ သုခံ-ချမ်းသာသို့၊ ပါပုဏောယျာမ-ရောက်ကြရကုန်၏။ [မသိသူပေးအပ်သောအနက်။]

(တစ်နည်း) ဂုရုမှိ-ကောဇာ ကြာသပတေးဂြိုဟ်သည်၊ သကဂေဟတော-မိမိအိမ်တည်းဟူသောဓနုရာသီမှ၊ဝါ-မိန်ရာသီမှ၊ ဒုတိယံနိလယံ-နှစ်ခုမြောက်အိမ်ဟု ဆိုအပ်သော မကာရရာသီသို့၊ ဝါ-မိဿရာသီသို့၊ ယာတေ-ရောက်သည်ရှိသော်၊ အဇ္ဈယနာဒိနာ-စာပေကျမ်းဂန် ရွတ်အံ့သရဇ္ဈာယ်ခြင်း အစရှိသည်ဖြင့်၊ နိယတံ-အမြဲ၊ သုခံ-ချမ်းသာသို့၊ ပါပုဏောယျာမ-ရောက်ကြရကုန်၏။ [သိသူပေးအပ်သော အနက်။]

ရေးသားလျှင် သသံသယဒေါသ မဖြစ်၊ ဆိုလိုရင်းမှာ-"ပဟေလိမျိုးဖြစ်လျှင် သသံသယဒေါသ မသင့်"ဟု ဆိုလိုသည်၊ ကီဠာဒိဒ္ဌ အာဒိဖြင့် သမ္ဘာဓသမ္ဘန္ဓန-လူအများတို့ဖြင့် ကျပ်တည်း ကျဉ်းမြောင်းရာဌ သူတစ်ပါးမသိအောင် တိုင်ပင်ခြင်းစသည်ကို ယူ၊ ဒေါသခန်းဌ ပြခဲ့သော "ကီဠာဂေါဋ္ဌိဝိနောဒေသု"စသော ဂါထာနှင့် သဘောတူပင်တည်း။

ဋီကာ။ ။ကီဠာဒိဟေတုနာကီဠာသမ္ဘာဓသမ္ဘန္ဓနာဒိကာရဏေန၊ပေါပယုဇ္ဇတေစေ-အကယ်၍ ယှဉ်စပ်သုံးစွဲအပ်သည် ဖြစ်အံ့၊ သမပိုတော=သံ+အပိုတော (ကောင်းစွာရောက်အပ်)ဟူသည် သသံသယဒေါသနှင့်တကွ ဖြစ်ခြင်းတည်း၊ ထို့ကြောင့် "သသံသယဒေါသသဟိတော ဗန္ဓော"ဟု ဋီကာဌ အဓိပ္ပာယတ္ထ ဖွင့်သည်။

၁၁၂။ ယာတေတျာဒိ။ ။ဤဂါထာဌ် ဂုရုသဒ္ဒါသည် ကောဇာကြာသပတေးဂြိုဟ်ဟူသောအနက်, ပညာသင်ပေးသောဆရာဟူသော အနက်ကို ဟော၏၊ နိလယသဒ္ဒါလည်း နေရာအိမ်ဟူသော အနက်,

http://www.dhammadownload.com

ရာသီဟူသောအနက်ကို ဟော၏၊ "ကောဇာကြာသပတေးဂြိုဟ်သည် (မိမိ၏ ကသစ်အိမ်ဟု ဆိုအပ်သော ဓနုရာသီမှ သို့မဟုတ် မိန်ရာသီမှ) ဒုတိယဖြစ်သော မကာရရာသီသို့ (သို့မဟုတ် မိဿရာသီသို့) ပြောင်းရွှေ့သွားလျှင် ပညာသင်ကြားရာ၌ အကျိုးကျေးဇူး ရှိ၏"ဟု အခါပေး ဆရာတို့၏ အယူအတိုင်း စီကုံးအပ်သော ဂါထာဖြစ်၏၊ ဆရာအနက်၌ ယုံမှားသံသယ ဖြစ်စေနိုင်သော ဂုရုသဒ္ဒါ, နေအိမ်အနက်၌ ယုံမှားသံသယဖြစ်စေနိုင်သော နိလယသဒ္ဒါဖြင့် တမင်တကာ ယုံမှားသံသယ ဖြစ်အောင် စီကုံးအပ်သော ဝဉ္စိတာပဟေလီ ဖြစ်သောကြောင့် သသံသယဒေါသမှ လွတ်၏၊ [နိယတံ ဧကန္တေန၊ အဇ္ဈယနာဒိနာ ဥဂ္ဂဟဏာဒိနာ၊ သုခံ မာနသိကသုခံ-စိတ်ချမ်းသာခြင်းသို့၊ နောစေ၊ (တစ်နည်း) သုခကာရဏံ-ချမ်းသာခြင်း၏ အကြောင်းဖြစ်သော၊ ဂန္ထပရိသမတ္တိံ-ကျမ်းစာပြီးဆုံးခြင်းသို့၊ ပါပုဏေယျာမ၊] စံကျောင်း နိဿယ၌ အောက်ပါဂါထာကိုလည်း ပုံစံထုတ်ပြ၏။ —

နေလင်္ဂေါ သေတပစ္ဆာဒေါ, ဧကာရော ဝတ္တတိ ရထော၊
အနီဃံ ပဿ အပတ္တံ, ဆိန္နသောတံ အဗန္ဓနံ။

နေလင်္ဂေါ-အပြစ်ကင်းသော ဘောင်ရှိသော၊ (တစ်နည်း) အပြစ်ကင်းသော သီလတည်းဟူသောအင်္ဂါရှိသော၊ သေတပစ္ဆာဒေါ-ဖြူသော အမိုးရှိသော၊ (တစ်နည်း) အရဟတ္တဖိုလ်တည်းဟူသော ဖြူသောအမိုးရှိသော၊ ဧကာရော-တစ်ခုသော အကန့်ရှိသော၊ (တစ်နည်း) သတိတည်းဟူသော တစ်ခုသောအကန့်ရှိသော၊ ရထော-ရထားသည်၊ (တစ်နည်း) စတုမဟာဘုတ်တည်းဟူသော ရထားသည်၊ ဝတ္တတိ-လည်၏၊ အနီဃံ-ထိခိုက်ခြင်းမရှိသော၊ (တစ်နည်း) ရာဂ,ဒေါသ,မောဟ မရှိသော၊ ဆိန္နသောတံ-ပြတ်သောအယဉ်ရှိသော၊ (တစ်နည်း) ပြတ်ပြီးသော တဏှာတည်းဟူသော အယဉ်ရှိသော၊ အဗန္ဓနံ-အဖွဲ့မရှိသော၊ (တစ်နည်း) ရာဂ ဒေါသ မောဟတည်းဟူသော အနှောင်အဖွဲ့ မရှိသော၊ အပတ္တံ-မရောက်သေးသော ရထားကို၊ (တစ်နည်း) ရဟန္တာကို၊ ပဿ-ရှုလော့။ [ရှေ့အနက်သည် မသိသူပေးအပ်သော အနက်၊ နောက်အနက်ကား ဝှက်သည်ကို သိသူ ပေးအပ်သောအနက်။]

F14

http://www.dhammadownload.com

ဂါမဒေါသရော်ပုံ

၁၁၃။ သုဘဂါ ဘဂိနီ သာယံ, ဇေဿိစ္ဆေဝ·မာဒိကံ။
န ဂါမမိတိ နိဒ္ဒိဋ္ဌံ, ကဝိဟိ သကလေဟိပိ။

၁၁၃။ ဇေဿ-ဤယောကျ်ား၏၊ သာယံ ဘဂိနီ-ထိုနှမသည်၊ သုဘဂါ - လှပတင့်တယ်၏၊ ဣစ္ဆေဝမာဒိကံ - ဤသို့ အစရှိသော စကားလုံးကို၊ န ဂါမံ့ ဣတိ-ဂါမဒေါသမသင့်ဟူ၍၊ သကလေဟိပိ-အလုံးစုံလည်းဖြစ်ကုန်သော၊ ကဝိဟိ-ကဗျာကျွမ်းကျင်, ပညာရှင်တို့သည်၊ နိဒ္ဒိဋ္ဌံ-ညွှန်ပြအပ်ပြီ။

၁၁၃။ သုဘဂါတျာဒိ။ ။ယောကျ်ားအင်္ဂါဇာတ်, မိန်းမအင်္ဂါဇာတ် နှင့် စပ်သော စကားအသုံးအနှုန်းများသည် ဂါမဒေါသသင့်သော စကားလုံးများ ဖြစ်ကြ၏၊ သို့သော် "သုဘဂါ"ဟူသော အသုံးအနှုန်း, "ဘဂိနီ"ဟူသော အသုံးအနှုန်းကိုကား ပညာရှိအားလုံးကပင် ဂါမဒေါသ မသင့်ဟု တညီတညွတ်တည်း ဆိုကြသည်။

ဆက်ဦးအံ့—သုဘဂါ ဘဂိနီတို့၌ ပါသော ဘဂသဒ္ဒါသည် "ယောနိတွိတ္ထိ ပုမေ ဘဂံ"နှင့်အညီ ယောနိ (မိန်းမအင်္ဂါဇာတ်) ဟူသော အနက်ကို ဟော၏၊ [သုန္ဒရံ+ဘဂံ ဇေဿာတိ သုဘဂါ-ကောင်းသော (လှသော) အင်္ဂါဇာတ်ရှိသူ၊ ဘဂံ ဇေဿာ အတ္ထီတိ ဘဂိနီ - အင်္ဂါဇာတ်ရှိသူ၊ ဘဂနောင် ဤပစ္စည်း, ဣနီပစ္စည်း၊] ဤသို့ သဒ္ဒတ္ထရှိသော်လည်း "သုဘဂါ-လှပတင့်တယ်၏"ဟူသော ဝေါဟာရတ္ထ (ပြောရိုးအနက်)သာလျှင် ထင်ရှားသောကြောင့်လည်းကောင်း, ဘဂိနီသဒ္ဒါ၌လည်း "နှမ-အစ်မ"ဟူသော ဝေါဟာရတ္ထသာလျှင် ထင်ရှားသောကြောင့်လည်းကောင်း ဂါမဒေါသ မသင့်တော့၊ ယဉ်ကျေးသော စကားအဖြစ်ဖြင့် သူတော်ကောင်းများပင် သုံးစွဲကြသည်။

ဋီကာ။ ။သုဘံ သုန္ဒရဘာဝံ-တင့်တယ်သည်၏အဖြစ်သို့+ဂတာ-ရောက်သူတည်း၊ ဣတိ-ဤအနက်ကို၊ အဂ္ဂဟေတွာ-မယူဘဲ၊ ဗဟုဗ္ဗိဟိ သမာသေ-"သုန္ဒရံ+ဘဂံ ဇေဿာတိ သုဘဂါ"ဟူသော ဗဟုဗ္ဗိဟိ သမာသ်ကို၊ ကတေသော်၊ လဗ္ဘမာနတ္ထသ-ရအပ်သော "ကောင်းသောအင်္ဂါဇာတ်ရှိသူ"ဟူသော အနက်၏၊ သဗ္ဗာဝေပိ-ထင်ရှားရှိပါသော်လည်း၊ ကဝီနံ-ပညာရှိသူတော်ကောင်းတို့၏၊ စိတ္တခေဒံ-စိတ်ပင်ပန်းခြင်းကို၊ န ဇနေတိ-မဖြစ်စေနိုင်။

http://www.dhammadownload.com

ဒုဋ္ဌာလင်္ကာရ အမှာစကား

၁၁၄။ ဒုဋ္ဌာလင်္ကာရဝိဂ္ဂမေ, သောဘနာ-လင်္ကတိက္ကမော၊
အလင်္ကာရပရိစ္ဆေဒေ, အာဝိဘာဝံ ဂမိဿတိ။

၁၁၄။ ဒုဋ္ဌာလင်္ကာရဝိဂ္ဂမေ-ဒုဋ္ဌာလင်္ကာရမှ ကင်းခြင်းသည်၊ သတိ-ဖြစ်လတ်သော်၊ သောဘနာလင်္ကတိက္ကမော-တင့်တယ်သောအလင်္ကာတို့၏ ဖြစ်ပုံ အစီအစဉ်သည်၊ အလင်္ကာရပရိစ္ဆေဒေ-အလင်္ကာတို့ကို ပြရာ စတုတ္ထပိုင်း၌၊ အာဝိဘာဝံ-ထင်ရှားသည်၏အဖြစ်သို့၊ ဂမိဿတိ-ရောက်လတ္တံ့။

နိဂုံးနှင့်ဥယျောဇဉ်

၁၁၅။ ဒေါသေ ပရိဟရိတုဲ-မေသ ဝရော ပဒေသော,
သတ္ထန္တရာ-နုဿရဏေန ကတော မယေဝံ၊
ဝိညာယိမံ ဂရုဝရာန-ဓိကပွသာဒါ,
ဒေါသေ ပရံ ပရိဟရေယျ ယသောဘိလာသီ။

၁၁၅။ ဒေါသေ-အပြစ်ဒေါသတို့ကို၊ ပရိဟရိတုံ-ပယ်ရှားခြင်းငှာ၊ ဝါ-ဖြေခြင်းငှာ၊ ဝရော-မြတ်သော၊ ဧသဥပဒေသော-ဤနည်းဥပဒေသကို၊ သတ္ထန္တရာ-နုဿရဏေန-ရာမသမ္မ, ကာဗျဒဿ စသော ကျမ်းတစ်ပါးသို့ အစဉ်လိုက်သဖြင့်၊ ဧဝံ-ဤဆိုအပ်ပြီးသောနည်းဖြင့်၊ မယာ-ငါသည်၊ ကတော-ပြုစီရင်အပ်ပြီ၊ ယသောဘိလာသီ-ကျော်စောခြင်းကို အလိုရှိသော စာသင်သားသည်၊ ဂရုဝရာနံ-ဆရာမြတ်တို့၏၊ အဓိကပွသာဒါ-လွန်စွာ ချီးမြှောက်ခြင်းဖြင့်၊ ဣမံ-ဤနည်းဥပဒေသကို၊ ဝိညာယ-သိ၍၊ ဒေါသေ-အပြစ်ဒေါသတို့ကို၊ ပရံ-လွန်စွာ၊ ပရိဟရေယျ-

---

၁၁၄။ ဒုဋ္ဌာလင်္ကာရတျာဒိ။ ။"ဒေါသသည် ဖျက်ဆီးအပ်သော အလင်္ကာ၏ကင်းခြင်း"ဟူသည် ဆိုအပ်လတ္တံ့သော အလင်္ကာများ မပျက်ခြင်းတည်း၊ ထိုသို့ အလင်္ကာမပျက်လျှင် ကောင်းသောအလင်္ကာ အစဉ် ဖြစ်တော့၏၊ ထိုကောင်းသောအစဉ်သည် အလင်္ကာတို့ကို ပြရာ စတုတ္ထပိုင်း၌ ထင်ရှားပါလိမ့်မည်၊ (ဤနေရာ၌ ဒုဋ္ဌာလင်္ကတိ၏ အဖြေကို ပြနေသော်လည်း ထိုစတုတ္ထပိုင်းမှာ ထပ်၍ ပြရမည်ဖြစ်၍ ဤနေရာ၌ မပြတော့)ဟု အမှာစကားကို ပြသော ဂါထာတည်း။

http://www.dhammadownload.com

ပယ်ရှားရာ၏၊ ဝါ-ပယ်ရှားပါလေ။[ဝသန္တတိလကာဂါထာ ဖြစ်သည်။]

သံဃရက္ခိတမဟာသာမိဝရစိတေ-သော၊ သုဗောဓာလင်္ကာရေ-၌၊ ဒေါသပရိဟာရာဝဗောဓော နာမ-ဒေါသတို့၏ အဖြေကို သိရာသိကြောင်း၏ အဖြစ်ကြောင့် ဒေါသပရိဟာရာဝဗောဓ မည်သော၊ ဒုတိယော-သော၊ ပရိစ္ဆေဒေါ-သည်၊ ဣတိ-ပြီးပြီ။

၁၁၅။ ဒေါသေတျာဒိ။ ။"ဒေါသေ၊ပေ၊မယေဝံ"ဟူသော၂ ပါဒဖြင့် နိဂုံးကို ပြ၏၊ "ငါသည် ဤဆိုအပ်ပြီးသော နည်းဖြင့် အပြစ်ဒေါသတို့ကို ရှောင်ရှား၍ ရေးသား စီကုံးတတ်ဖို့ရာ ဤကောင်းသော နည်းဥပဒေသကို ရာမသမ္မ, ကာဗျဒဿ စသော ကျမ်းဂန်တစ်ပါးသို့ အစဉ်လိုက်၍ ပြုအပ်-စီရင်အပ်သည်ကား ပြီးဆုံးပြီ-ဟူလို။

ဝိညာယိမံ၊ပေ၊ယသောဘိလာသီ။ ။ဤ၂ ပါဒဖြင့် တိုက်တွန်းမှုဉယျောဇဉ်ကို ပြ၏၊ "အပြစ်နှင့်ဂုဏ်ကို အလုံးစုံ သိပြီးသော ဆရာမြတ်တို့၏ (အဓိကပ္ပသာဒါ) အလွန်ကျေနပ် ဝမ်းမြောက် ခိုးမြောက်သင်ပြခြင်းကြောင့် ပြခဲ့သော နည်းဥပဒေသကို သိရ၍ စာအရေးအသား၌ ကျော်ကြားလိုသော စာသင်သားသည် အပြစ်မှ ဝေးစွာ ရှောင်ရှား၍ ရေးသားစီကုံးကြပါလေ"ဟူလို။ [အဘိလာသီ ၌ လသ ဓာတ်သည် ပိဟာ-ချစ်မြတ်နိုးခြင်း, လိုလားခြင်း အနက်ကို ဟော၏။]

ဂရု၊ပေ၊ပသာဒါ။ ။"ဂရုဝရ"ဟူသည် ပြခဲ့သော အပြစ်ကိုလည်းကောင်း, အပြစ်ရှောင်ပုံ နည်းဥပဒေသကိုလည်းကောင်း သိပြီးသော ဆရာမြတ်တည်း၊ ပသာဒသဒ္ဒါသည် "နိမ္မလ္ယ-သန့်ရှင်းကြည်လင်ခြင်း (ကြည်ညိုခြင်း), အနုဂ္ဂဟ-ခိုးမြောက်ခြင်း"စသော အနက်များကိုလည်း ဟော၏ဟု ထောမနိဓိ၌ ပြ၏၊ ဤနေရာ၌ အနုဂ္ဂဟအနက် သင့်၏၊ ဤစကားဖြင့် "ဂရုဝရတို့၏ အခိုးအမြောက် ခံရအောင် ဥဒ္ဒါန-စသော တပည့်ဝတ်ငါးပါးနှင့် ပြည့်စုံစွာ ဆရာ့အထံ ချဉ်းကပ်၍ သင်ယူကြပါလေ"ဟုလည်း သွယ်ဝိုက်သောနည်းအားဖြင့် တိုက်တွန်းသည်။

ဒေါသပရိဟာရာဝဗောဓအဖွင့် ပြီးပြီ။

http://www.dhammadownload.com

နောက်ဆက်တွဲ ပဟေလီအခန်း

(၁) သမာဂတာပဟေလီ

[ဆောင်] သန္ဓိစပ်လျက်, လျှို့ဝှက်နက်, မှတ်ချက် သမာဂတာတည်း။

၁။ ပဘဝါ နတဝိတ္ထိဏ္ဏာ, တဝါဏာ မဟတီ သတီ၊
စိရာယ ဇယတံ နာထ, ပဟူတဖလသာဓနီ။

၁။ နာထ-ကိုးကွယ်ရာဖြစ်သော မြစ်မင်း၊ တဝ-သင်မြစ်မင်း၏၊ ပဘဝါ-အမွန်အစမှ၊ ပဌာယ-စ၍၊ နတဝိတ္ထိဏ္ဏာ-ရှိုင်းသည်၏အစွမ်းအားဖြင့် ကျယ်ပြန့်သော၊ မဟတီသတီ-ကြီးသည်ဖြစ်၍ဖြစ်သော၊ အာဏာ-အာဏာဟု ဆိုအပ်သော ရေအယဉ်သည်၊ ပဟူတဖလသာဓနီ-များစွာသော အကျိုးကို ပြီးစေသည် ဖြစ်၍၊ စိရာယ-ကြာမြင့်စွာသော ကာလပတ်လုံး၊ ဇယတံ-အောင်စေသတည်း။ [ဤကား–"ပဘဝ+အာနဏာ"ဟု သန္ဓိစပ်ကို မသိ၍လည်းကောင်း, ပဘဝါဌ် ပဥ္စမျန္တ အထင်ရှိသဖြင့် ဝှက်အပ်သော အနက်ကို မသိ၍လည်းကောင်း ပေးအပ်သော အနက်မှား။]

အနက်မှန်။ ။ပဘဝ(ပဘာဝန္တ)-အရောင်နှင့် ပြည့်စုံတော်မူသော၊ နာထ-မြတ်စွာဘုရား၊ တဝ-ရှင်တော်ဘုရား၏၊ မဟတီသတီ-ကြီးသည် ဖြစ်၍ ဖြစ်သော၊ အာဏာ-တရားတော်အာဏာသည်၊ အာနတဝိတ္ထိဏ္ဏာ-ရှင်တော်ဘုရား၌ ညွတ်ကုန်သော သူတို့၌ ပုံ့နှံ့သည် ဖြစ်၍၊ ပဟူတဖလသာဓနီ-များစွာသော လူ နတ် နိဗ္ဗာန် သုံးတန်သော အကျိုးကို ပြီးစေလျက်၊ စိရာယ-ကြာမြင့်စွာသော ကာလပတ်လုံး၊ ဇယတံ-အောင်ပါစေသတည်း။ [ဤကား-ဝှက်အပ်သည်ကို သိသူပေးအပ်သော အနက်မှန်တည်း။] ကာဗျဒဿ၌ အောက်ပါ ဂါထာကို ဆို၏။

နု မယာ ဂေါရသာဘိညံ, စေတော ကသ္မာ ပကုပ္ပသိ၊
အဋ္ဌာနရူဒိတေဟေဘိ, အလမာလောဟိတက္ခဏေ။

အာလောဟိတက္ခဏေ-စဉ်းငယ်နီသော မျက်လုံးရှိသော အိမ့်ရှင်မ၊ မယာ-ငါသည်၊ ဂေါရသာဘိညံ-နွားနို့၏အရသာကိုသိတတ်သော၊ စေတော-စိတ်ကို၊ နု ကတံ-မပြုအပ်၊ ကသ္မာ-အဘယ့်ကြောင့်၊ ပကုပ္ပတိ-မျက်စောင်းထိုးကာ စိတ်ဆိုးပါသနည်း၊ ဧဘိ အဋ္ဌာနရူဒိတေဟိ-ဤမြည်တွန်ဖို့ရာ အရာမဟုတ်ဘဲ ဆိုဆဲမြည်တွန်ခြင်းတို့ဖြင့်၊ အလံ-မသင့်ပါ။ [ဤကား "မေ+အာဂေါ"ကို "မယာဂေါ"ဟု သန္ဓိစပ်ထားကြောင်း မသိသူသည်ပေးအပ်သော အနက်မှား။]

အနက်မှန်။ ။အာလောဟိတက္ခဏေ-စဉ်းငယ်နီသော မျက်လုံးရှိသော အိမ့်ရှင်မ၊ မေ-ငါ၏၊ စေတော-စိတ်သည်၊ အာဂေါရသာဘိညံ-အပြစ်ရှိသော

http://www.dhammadownload.com

သာယာခြင်းကို သိတတ်သည်၊ နှ-မဟုတ်၊ ကသွာ-အဘယ့်ကြောင့်၊ ပကုပ္ပသိ-မျက်စောင်းထိုးကာ စိတ်ဆိုးပါသနည်း၊ ဧဘိ အဋ္ဌာနရုဒိတေဟိ-ထိုမြည်တွန်ဖို့ရာ အရာမဟုတ်ဘဲ ဆဲဆိုမြည်တွန်ခြင်းတို့ဖြင့်၊ အလံ-မသင့်ပါ။ [ဤကား သန္ဓိစပ်ကို သိ၍ ဝှက်အပ်သည်ကို သိသူ ပေးအပ်သော အနက်။]

မှတ်ချက်။ ။စံကျောင်းနိဿယ၌ ဝိနည်းမဟာဝါ စသည်၌ လာသော "အနစ္ဆရိယာ"ကိုလည်း သမာဂတာပဟေလိဟု မှာထား၏၊ "အနု+အစ္ဆရိယာ" ကို "အနစ္ဆရိယာ"ဟု သန္ဓိစပ်ထားမှန်း မသိသူသည် "န+အစ္ဆရိယာ"ဟု ပုဒ်ခွဲ၍ "မအံ့သြအပ်ကုန်သော ဂါထာတို့"ဟု အနက်ပေး၏၊ သန္ဓိစပ်သိသူကား "အဖန်ဖန် အံ့သြကုန်သော"ဟု အနက်ပေးသည်။

၂။ ဝဋ္ဋိတာပဟေလီ။ ။သဒ္ဒါတစ်ခုသည် တစ်ပါးသောအနက်၌ ထင်ရှား၏၊ ထိုထင်ရှားသောအနက်ကို မဆိုဘဲ မထင်ရှားသောအနက်ကို ဆိုလိုရာ၌ အများသုံးအနက်၌ ထင်မှားအောင် လှည့်စားအပ်သော ပဟေလီတည်း။

[ဆောင်] လူသူအများ, ထင်ရှားပြီးလတ်, အနက်မှတ်အောင်, လှည့်ပတ်လေရာ, ဝဋ္ဋိတာ, မှတ်ပါ ပဟေလီတစ်မျိုးတည်း။

ဘဒ္ဒမေဝေါ ပသေဝေယျ, ဝိရူတမဒကိဗ္ဗိသံ၊
သမ္မာပယေ ပုရံ ခေမံ, သ ဒန္တော-တ္တနိ သေဝိတံ။

၂။ ဝိရူတမဒကိဗ္ဗိသံ-ပယ်ဖျောက်အပ်ပြီးသော မုန်ယစ်ခြင်းတည်းဟူသော အပြစ်ရှိသော၊ ဘဒ္ဒမေဝ-ကောင်းသောသဘောရှိသော ဆင်ကိုသာလျှင်၊ ဥပသေဝေယျ-မှီဝဲရာ၏၊ ဒန္တော-ဆုံးမအပ်ပြီး၍ ယဉ်ကျေးသော၊ သ (သော)-ထိုဆင်သည်၊ အတ္တနိ-မိမိ၌၊ သေဝိတံ-မှီဝဲသူကို၊ ခေမံ-ဘေးကင်းသော၊ ပုရံ-မြို့ကြီးသို့၊ သမ္မာပယေ-ရောက်စေနိုင်၏။ [ဤကား "ဝိရူတမဒ"၌ မဒသဒ္ဒါ၏ "မာန်မာန"အနက်ကို ဝှက်၍ အများသိပြီးသော "ဆင်၏မုန်ယစ်ခြင်း"အနက်၌ ထင်မှားအောင် ဝှက်ထားကြောင်းကို မသိသူ ပေးအပ်သောအနက်တည်း။]

အနက်မှန်။ ။ဝိရူတမဒကိဗ္ဗိသံ-ပယ်ဖျောက်အပ်ပြီးသော မာန်ယစ်ခြင်းတည်းဟူသော အပြစ်ရှိသော၊ ဘဒ္ဒမေဝ-ကောင်းမြတ်သော ရဟန္တာကိုသာလျှင်၊ ဥပသေဝေယျ-မှီဝဲရာ၏၊ ဒန္တော-ဆုံးမအပ်ပြီးသော ဣန္ဒြေရှိသည်ဖြစ်၍ ယဉ်ကျေးသော၊ သ (သော)-ထိုရဟန္တာသည်၊ အတ္တနိ-မိမိ၌၊ သေဝိတံ-မှီဝဲဆည်းကပ်သူကို၊ ခေမံ-ဘေးကင်းသော၊ ပုရံ-နိဗ္ဗာန်ပြည်ကြီးသို့၊ သမ္မာပယေ-ရောက်စေ၏။ [ဤကား ဝှက်ထားသည်ကို သိသူ ပေးအပ်သော အနက်မှန်တည်း။]

http://www.dhammadownload.com

အမှာ။ ။ဋ္ဌီကာ၌ "ဘဒ္ဒ-ကောင်းသော ရဟန္တာ"အနက်ကို ဝှက်၍ "ကောင်းသောဆင်" အနက်၌ ထင်မှားအောင် လှည့်စားသည်ဟု ဆိုဇ်။ စံကျောင်းဆရာတော်ကား "ဝိဓူတမဒ"ကို ပဟေလီဟု ယူတော်မူသည်၊ ကာဗျ ဒဿပြယုဂ်ကိုလည်း အောက်ပါအတိုင်း သိပါ။

ကုဇ္ဇမာသေဝမာနဿ, ယထာ တေ ဝဒ္ဓတေ ရတိ၊
နေဝ နိဝိသတော နာရီ, အမရထီဝိဋ္ဌမ္ဓိနီ။

ကုဇ္ဇံ-ကုန်းသောသတို့သမီးကို၊ (ဤကားအလိုမရှိအပ်သောအနက်တည်း၊) ကုဇ္ဇံ-ကုဇ္ဇမြို့သူ သတို့သမီးကို၊ အာသေဝမာနဿ-မှီဝဲသော၊ တေ-သင်၏၊ ရတိ-မွေ့လျော်ခြင်းသည်၊ ဝဒ္ဓတေ ယထာ-တိုးပွားသကဲ့သို့၊ အမရထီဝိဋ္ဌမ္ဓိနီ-နတ်သမီးနှင့်တူသော၊ နာရီ-သတို့သမီးကို၊ နိဝိသတော-မှီဝဲသော၊ တေ-သင်၏၊ ရတိ-မွေ့လျော်ခြင်းသည်၊ နေဝ ဝဒ္ဓတေ-မတိုးပွား။ [ကုဇ္ဇသဒ္ဒါ၏ အများသိ မဟုတ်သော ကုဇ္ဇမြို့အနက်ကို ဝှက်၍ အများသိ ဖြစ်သော "ကုန်းသောမိန်းမ"အနက်၌ ထင်မှားစေသည်။]

ပါဋ္ဌိတော်။ ။"တိဋ္ဌတု နာဂေါ, မာ နာဂံ ဃဋ္ဌေသိ, နမော ကရောဟိ နာဂဿ"ဟူသော မူလပဏ္ဏာသပါဋ္ဌိတော်လည်း မထင်ရှားသော ရဟန္တာ အနက်ကို ဝှက်၍ ထင်ရှားသော နဂါးအနက်၌ ထင်မှားအောင် ဝှက်ထားသော ပဟေလီတည်း။ [နဂါးသည် တည်နေပါစေ, နဂါးကို မထိခိုက်ပါလင့်, နဂါးကို ရှိခိုးလိုက်ပါ၊ ဤကား မသိသူ၏ အနက်မှား၊ "ရဟန္တာသည် တည်နေပါစေ" စသည် ပေးမှ အနက်မှန်။]

ယောနိဿယ၌ အောက်ပါဂါထာကို ပြ၏

အသဒ္ဓေါ အကတညူ စ, သန္ဓိစ္ဆေဒေါ စ ယော နရော၊
ဟတာဝကာသော ဝန္တာသော, သ ဝေ ဥတ္တမပေါရိသော။

အသဒ္ဓေါစ-သဒ္ဓါတရားလည်း မရှိသော၊ အကတညူ စ-ကျေးဇူးကိုလည်း မသိတတ်သော၊ သန္ဓိစ္ဆေဒေါ စ-တိုက်စပ် အိမ်စပ်ကိုလည်း ဖောက်ဖြတ်တတ်သော၊ ဟတာဝကာသော စ-ဖျက်ဆီးအပ်သော တည်ရာအိမ်လည်းရှိထသော၊ ဝန္တာသော စ-သူတစ်ပါးတို့ ပျို့အန်အပ်သော အစာကိုလည်း စားတတ်သော၊ ယော နရော-အကြင်သူသည်၊ (အတ္ထိ-ရှိ၏၊) သ(သော)-ထိုသူသည်၊ ဝေ-စင်စစ်၊ ဥတ္တမပေါရိသော-မြတ်သောယောကျ်ားတည်း။ [ဤကား ဝှက်သည်ကို မသိသူ ပေးအပ်သော အနက်။]

အနက်မှန်။ ။အသဒ္ဓေါစ-သူတစ်ပါး၏ စကားကိုလည်း ယုံကြည်ခြင်းမရှိထသော၊ အကတညူ စ-အကြောင်းတရားတို့သည် မပြုမပြင် မစီရင်အပ်သော နိဗ္ဗာန်ကိုလည်း သိတတ်ထသော၊ သန္ဓိစ္ဆေဒေါ စ-ပဋိသန္ဓေနေခြင်းကိုလည်း

http://www.dhammadownload.com

ဖောက်ဖြတ် ဖျက်ဆီးတတ်ထသော၊ ဟတာဝကာသော စ-ဖျက်ဆီးအပ်သော ၃၁ ဘုံတည်းဟူသော တည်ရာလည်းရှိထသော၊ ဝန္တာသော စ-ပျိုးအန်အပ်ပြီး တဏ္ဍာလည်း ရှိထသော၊ ယော နရော-အကြင်သူသည်၊ (အတ္ထိ-ရှိ၏၊) သ (သော)-ထိုသူသည်၊ ဝေ-စင်စစ်၊ ဥတ္တမပေါရိသော-မြတ်သော ယောက်ျား တည်း။ [ဤကား ဝှက်သည်ကို သိသူပေးအပ်သော အနက်မှန်တည်း၊ စံကျောင်းနိဿယ၌ကား "ဤဂါထာကို ပရုသာပဟေလီ၌သာ သွင်းသင့်၏" ဟု မှာထား၏။]

၃။ ဥက္ကန္တာပဟေလီ။ ။ဥက္ကန္တ-စပ်ရမည့်ပုဒ်ချင်း အလွန်ဝေးစွာ ခုန်ကျော်လျက် အစပ်မှားအောင် ဝှက်အပ်သော ပဟေလီ။ .... ပုံစံမှာ--သံကိဏ္ဏ ဒေါသ၏ပုံစံဖြစ်သော "ဗဟုဂုဏေ ပဏမတိ" ဂါထာပင်တည်း။

[ဆောင်] စပ်ပုဒ်သီးသီး, မနီး ဝေးရန်, ခုန်ကျော်ပြန်, ဥက္ကန် ပဟေလီခေါ်။

[ကာဗျဒဿ] ဒဏ္ဍေ စုမ္ပတိ ပဒ္ဓိနျာ, ဟံသော ကက္ကသကဏ္ဍကေ၊
မုခံ ဝဂ္ဂုရဝံ ကုဗ္ဗံ, တုဏ္ဍေန-ဂ်ါနိ ဃဋ္ဌယံ။

ဟံသော-ဟင်္သာသည်၊ ကက္ကသကဏ္ဍကေ-ကြမ်းသော ဆူးရှိသော၊ ဒဏ္ဍေ-ကြာရိုး၌၊ အဂ်ါနိ-ကိုယ်အဂ်ါတို့ကို၊ ဃဋ္ဌယံ-ပွတ်တိုက်လျက်၊ ဝဂ္ဂုရဝံ-သာယာချိုအေးသော အသံကို၊ ကုဗ္ဗံ-ပြုလျက်၊ တုဏ္ဍေန-နှုတ်သီးဖြင့်၊ ပဒ္ဓိနျာ-ပဒုမ္မာကြာ၏၊ မုခံ-မျက်နှာကို၊ စုမ္ပတိ-စုတ်၏။ [ဤဂါထာ၌ စပ်ပုဒ်အချင်းချင်း ဝေးပုံကို သိပါ။]

ပါဋိတော်။ ။**ဝရံ တေ မောဃပုရိသ အာသီဝိသဿ ဃောရဝိသဿ မုခေ အင်္ဂဇာတံ ပက္ခိတ္တံ။** ။မောဃပုရိသ-မဂ်ဖိုလ်မမှီး အချည်းနှီးသော ယောက်ျား၊ တေ-သင်၏၊ အင်္ဂဇာတံ-အင်္ဂါဇာတ်ကို၊ အာသီဝိသဿ-လျင်သော အဆိပ်ရှိသော မြွေ၏၊ ဃောရဝိသဿ-ကြမ်းတမ်းသော အဆိပ်ရှိသော မြွေ၏၊ မုခေ-ခံတွင်း၌၊ ပက္ခိတ္တံ-ထည့်ခြင်းသည်၊ ဝရံ-မြတ်၏။ ["နဝံ ပန ဘိက္ခုနာ စီဝရလာဘေန"ကိုလည်း စံကျောင်းနိဿယ မိန့်၏။]

၄။ ပမုဿိတာပဟေလီ။ ။ရှေးအခါက အသုံးပြုခဲ့ကြသော်လည်း ယခုလက်ထက် အသုံးမပြုသောကြောင့် မေ့လျော့ ပျောက်ပျက်သော အနက်ရှိသော ပေါရာဏကထာ ပါဋိစကားများသည် ပမုဿိတာပဟေလီ မည်၏။

[ဆောင်] ရှေးကသော်သုံး, ခု-မသုံး၍, လုံးလုံးပျောက်ပျက်, အသိခက်ရှုတ်, ပေါရာဏ်ပုဒ်, ပမုဿိတာတည်း။

http://www.dhammadownload.com

မုခဖုလ္လံ ဂိဂ်မကံ, နိယုရုဂ္ဂတ္ထန.ဏ္ဍတံ၊
ပဋ္ဌဇ္ဇရီ ဝရံ ပေါသော, ဘီရုယာ ဓာရယန္တိယာ။

မုခဖုလ္လံ-မျက်နှာ၌ ဆင်အပ်သော တန်ဆာကိုလည်းကောင်း၊ ဂိဂ်မကံ-သုံးဆယ့်နှစ်ချောင်း သုံးဆယ့်နှစ်သွယ်ရှိသော ပုလဲသွယ်ကိုလည်းကောင်း၊ နိယုရံ-လက်ကောက်ကိုလည်းကောင်း၊ ဥဂ္ဂတ္ထနံ-လေးချောင်း လေးသွယ်ရှိသော ပုလဲသွယ်ကိုလည်းကောင်း၊ ဥဏ္ဏတံ-နဖူးတန်ဆာကိုလည်းကောင်း၊ ဓာရယန္တိယာ-ဆောင်သော၊ ဘီရုယာ-မိန်းမထက်၊ ပဋ္ဌဇ္ဇရီ-ပုဆိုးဟောင်းကို ဝတ်သော၊ ပေါသော-ယောက်ျားသည်၊ ဝရံ-မြတ်၏။ [ဤဂါထာ၌ မုခဖုလ္လ, ဂိဂ်မက, နိယုရ, ဥဂ္ဂတ္ထန, ဥဏ္ဏတပုဒ်တို့သည် အသိခက်သော ပေါရာဏပါဠိ ပုဒ်များတည်း။]

ခါတယော ကာနိ ကာလေ တေ, ဖာတယော ဖာရဟဝဂ္ဂဝေါ့၊
စန္ဒေ သက္ခိ ဘဝန္တိတြ, ဝါယဝေါ မမ ဓာရိနော။

[ကာဗျဒဿ] ကာနိ-အို..သတို့သမီး၊ တေ-သင့်၏၊ ကာလေ-ခြေ၌၊ ဖာတယော-တိုးပွားကုန်သော၊ ခါတယော-အသံဖြစ်ခြင်းရှိကုန်သောတန်ဆာတို့သည်၊ ဖာရဟဝဂ္ဂဝေါ-တိုးပွားခြင်းငှာထိုက်သော အသံရှိကြကုန်သည်၊ ဘဝန္တိ-ဖြစ်ကြကုန်၏၊ စန္ဒေ-အေးသော၊ အတြ-ထိုခြေ၌၊ သက္ခိ-မျက်စေ့ကို ပြုသည်ရှိသော်၊ မမ-ငါ၏၊ ဝါယဝေါ-အသက်တို့သည်၊ ဓာရိနော-တည်ကြကုန်သည်၊ ဘဝန္တိ-ဖြစ်ကြကုန်၏။ [ဤ၌ "ခါတယော"စသော ပုဒ်တို့သည် ပေါရာဏပါဠိပုဒ်တို့တည်း၊ ထိုပုဒ်များသည် ပဟေလိအရာ မဟုတ်လျှင် အသိခက်၍ ကိလိဋ္ဌဒေါသသင့်သော ပုဒ်များ ဖြစ်ကြလေသည်။]

ယံ နု ကဥ္စနဒွေပိဥ္ဆ, အန္ဓေန တမသာ ကတံ။

ကဥ္စန ဒွေပိဥ္ဆ-ရွှေရောင်တမျှ တောက်ပသော အတောင်ရှိသော သုမုခစစ်သူကြီး၊ မမ-ငါ၏၊ ကာရဏာ-အကြောင်းကြောင့်၊ တယာ-သင်(သုမုခစစ်သူကြီး)သည်၊ ယံ ပါဏစဇံ-အကြင် မိမိအသက်ကို စွန့်ခြင်းကို၊ ကတံ-ပြုအပ်ပြီ၊ တံ ပါဏစဇံ-ထိုအသက်ကို စွန့်ခြင်းသည်၊ အန္ဓေန-အကန်းသည်၊ ဘမသာ (တမသိ)-မှောင်ထဲ၌၊ ကတံ နု=ကတံ ဝိယ-ပြုသကဲ့သို့၊ ဟောတိ-ဖြစ်၏။ ["ယံ နာတိ-နကာရော ဥပမာနေ"ဟု အဋ္ဌကထာဖွင့်သောကြောင့် နု ကို ယခုအခါ ဥပမာနအဖြစ် မသုံးစွဲရကား ပမုဿိတာပဟေလီပင်ဟု စံကျောင်းနိဿယ မိန့်၏။]

၅။ သမာနရူပါပဟေလီ။ ။တူသော သဘောရှိသည်ဖြစ်၍ တင်စားထားသော ပဟေလီ [သဒိသူပစာရစကား၊] ပြအပ်လတ္တံ့သော ဂါထာ၌ လောကီရတနာ၉ပါးနှင့် သဘောတူသောကြောင့် လောကုတ္တရာတရား၉ပါးကို

http://www.dhammadownload.com

"ရတနာ"ဟု တင်စားထားခြင်း, လောကီရတနာတို့၏ တည်ရာ သမုဒ္ဒရာ (ရတနာကရ)နှင့်တူသောကြောင့် ဘုရားရှင်ကို "ရတနာကရ"ဟု တင်စားခြင်း သည် တင်စားမှန်း မသိသူအတွက် စကားဝှက်ဖြစ်သော ပဟေလိတည်း။

[ဆောင်] သဘောချင်းတူ, တင်စားမူ, မှတ်ယူ သမာနရူပါတည်း။

နဝ.ဂ္ဂရတနာန.သ္မိ, ဒိဿန္တိ ရတနာကရေ၊
ပုရိသာနေ.ဏ္ဍ အဋ္ဌန္နံ, အဋ္ဌ သာဓာရဏံ ပရံ။

အသ္မိ ရတနာကရေ-ထိုရတနာ၏တည်ရာ သမုဒ္ဒရာ၌၊ နဝ-ကိုးပါးကုန်သော၊ အဂ္ဂရတနာနိ-မြတ်သောရတနာတို့သည်၊ ဒိဿန္တိ-ထင်ရှားကုန်၏၊ ဧဏ္ဍ-ဤ ကိုးပါးသော ရတနာတို့တွင်၊ အဋ္ဌ-ရှစ်ပါးသော ရတနာတို့သည်၊ အဋ္ဌန္နံ ပုရိသာနံ-ရှစ်ယောက်သော သူတို့နှင့်၊ န (သာဓာရဏာနိ)-မဆက်ဆံကြကုန်၊ အပရံ-တစ်ပါးသော ရတနာသည်၊ သာဓာရဏံ-ဆက်ဆံ၏။ [ရတနသဒ္ဒါ ရတနာကရသဒ္ဒါတို့ကို တင်စားထားမှန်း မသိသူ ပေးအပ်သော မုချတ္ထ (အနက်မှား)တည်း။]

အနက်မှန်။ ။အသ္မိ ရတနာကရေ-ဤလောကုတ္တရာတရား ကိုးပါးတို့၏ တည်ရာ မြတ်စွာဘုရား၌၊ နဝ-ကိုးပါးကုန်သော၊ အဂ္ဂရတနာနိ-မြတ်သော လောကုတ္တရာတည်းဟူသော ရတနာတို့သည်၊ ဒိဿန္တိ-ထင်ရှားကြကုန်၏၊ အဋ္ဌ-မဂ်လေးပါး ဖိုလ်လေးပါး ရှစ်ပါးသော ရတနာတို့သည်၊ အဋ္ဌန္နံ ပုရိသာနံ-ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်တို့နှင့်၊ န(သာဓာရဏာ)-မဆက်ဆံကြကုန်၊ [အသီး အသီး မိမိ မိမိနှင့်သာ ဆက်ဆံသည်-ဟူလို၏] အပရံ-တစ်ပါးသော နိဗ္ဗာန်ရတနာသည်၊ သာဓာရဏံ-ရှစ်ယောက်သောအရိယာတို့နှင့် ဆက်ဆံ၏။ [ဤကား တင်စားထားမှန်းသိသူ ပေးအပ်သော ဥပစာရတ္ထ (အနက်)။]

အတြောယျာနေ မယာ ဒိဋ္ဌာ, ဝလ္လရီ ပဋ္ဌပလ္လဝါ၊
ပလ္လဝေပလ္လဝေ တမ္ဟာ, ယဿံ ကုသုမမဋ္ဌရီ။

[ကာဗျဒဿ] အတြောယျာနေ-ဤဥယျာဉ်၌၊ ပဋ္ဌပလ္လဝါ-အခက်ငါးခက်ရှိသော၊ ဝလ္လရီ-နွယ်ကို၊ မယာ-ငါသည်၊ ဒိဋ္ဌာ-မြင်အပ်ပြီ၊ ယဿံ-အကြင် နွယ်၌၊ ပလ္လဝေပလ္လဝေ-အခက်တိုင်း အခက်တိုင်း၊ တမ္ဟာ-နီသော၊ ကုသုမမဋ္ဌရီ-ပန်းခိုင်သည်၊ အတ္ထိ-ရှိ၏။ [ဤကား ဝှက်ထားသည်ကို (တင်စားထားသည်ကို) မသိသူ ပေးအပ်သော မုချတ္ထ။]

အနက်မှန်။ ။အတြောယျာနေ-သတို့သမီးတည်းဟူသော ဤဥယျာဉ်၌၊ ပဋ္ဌပလ္လဝါ-လက်ငါးချောင်းတည်းဟူသော အကိုင်းရှိသော၊ ဝလ္လရီ-လက်မောင်းတည်းဟူသော နွယ်ကို၊ မယာ-ငါသည်၊ ဒိဋ္ဌာ-မြင်အပ်ပြီ၊ ယဿံ-လက်မောင်းတည်းဟူသော အကြင်နွယ်၌၊ ပလ္လဝေပလ္လဝေ- လက်ချောင်းတည်းဟူသော

http://www.dhammadownload.com

အကိုင်းတိုင်း အကိုင်းတိုင်း၊ တမ္မာ-နီသော၊ ကုသုမမဉ္ဇရီ-လက်သည်းတည်း ဟူသော ပန်းခိုင်သည်၊ အတ္ထိ-ရှိ၏။ [ဤကား တင်စားသည်ကို သိသူ ပေးအပ်သော အနက်မှန် ဥပစာရတ္ထတည်း။]

အကဒ္ဒမံ-ညွှန်မရှိသော၊ ရဟဒံ-ရေအိုင်သို့၊ သြဂဟ-ဆင်းပါလော၊ သဗ္ဗံ-အလုံးစုံသော၊ သေဒမလံ-ချွေးအညစ်အကြေးကို၊ ပဝါဟယ-မျှောပါလော၊ ယသ-အကြင်နှံ့သာ၏၊ ဂန္ဓော-အနှံ့သည်၊ ကဒါစိ-ဘယ်အခါမှ၊ န ဆိဇ္ဇတိ-မပျောက်မပြယ်၊ တံ နဝံ ဝိလေပနံ-ထိုအသစ်ဖြစ်သော နံ့သာကို၊ ဂဏှာဟိ-ယူပါလော။ [ဤကား မကောင်းမှုကို ချွေးအညစ်အကြေးဟုလည်းကောင်း, သီလကို နံ့သာဟုလည်းကောင်း တင်စား၍ဟောတော်မူအပ်သောစူဠဥတုဇ္ဈိလဇာတ်ဂါထာတည်း။] ဓမ္မိကသုတ် ဒါရုက္ခန္ဓသုတ်စသော ပါဠိတော်များ၌လည်း ဤ သမာနရူပါပဟေလီ ပါရှိ၏-ဟု စံကျောင်းနိဿယ၌ မိန့်၏။

၆။ ပရုသာပဟေလီ။ ။သဒ္ဒါနည်း အမျိုးမျိုးဖြင့် ရနိုင်သော လိုရာ အနက်ကို ဝှက်ထားသော ပဟေလီ။ [ပရုသာ ပစ္စယာဒီဟိ, ဇာတသဒ္ဒါ ကထဉ္စိပိ-တစ်စုံတစ်ခုသော ပစ္စည်း စသည်တို့ဖြင့် ဖြစ်သော သဒ္ဒါရှိသော ပဟေလီသည် "ပရုသာ"မည်၏။]

[ဆောင်] သမာသ်ပစ္စည်း, သဒ္ဒါနည်းဖြင့်, သီးသီးကြဲမှ, အနက်ရ, မှတ်ကြ ပရုသာတည်း။

ဝိန္ဒန္တိ ဒေဝဂန္ဓဗ္ဗာ, ဟိမဝန္တမဟာတလေ၊
ရသဝန္တေ သရေ သတ္တာ, န နာဂါပိ ဥပေါသထာ။

ဟိမဝန္တမဟာတလေ-ဟိမဝန္တာတောင်ထိပ်၌၊ ရသဝန္တေ-ရေရှိကုန်သော၊ သတ္တာသရေ-အိုင်ကြီးခုနစ်အိုင်တို့ကို၊ ဒေဝဂန္ဓဗ္ဗာ-နတ်ဂန္ဓဗ္ဗတို့သည်၊ ဝိန္ဒန္တိ-ခံစားကြရကုန်၏၊ ဥပေါသထာပိ-ဥပေါသထဆင်မျိုးတို့သည်လည်းကောင်း၊ နာဂါပိ-နဂါးတို့သည်လည်းကောင်း၊ န ဝိန္ဒန္တိ-မခံစားကြရကုန်။ [ဤကား ဝှက်အပ်သည်ကို မသိသူ ပေးအပ်သော အနက်မှား။]

အနက်မှန်။ ။ဟိမဝန္တမဟာတလေ-ဆီးနှင်းရှိသော ပြာသာဒ် အပြင်၌၊ ဝါ-လရောင်နှင့်ယှဉ်သော ပြာသာဒ်အပြင်၌၊ ရသဝန္တေ-သိဂ်ါရစသော ရသ ရှိကုန်သော၊ ဝါ-ကောင်းသော အသံရှိကုန်သော၊ သတ္တာသရေ-ခုနစ်မျိုးသော စောင်းသံတို့ကို၊ ဒေဝဂန္ဓဗ္ဗာ-မြူးတူးပျော်ပါးသော သီချင်းသည်တို့သည်။ ဝါ-ကသော ကချေသည်တို့သည်၊ ဝိန္ဒန္တိ-ခံစားကြရကုန်၏၊ နာဂါပိ-အရိယာပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ဥပေါသထာပိ-ဥပုသ်စောင့်သုံးသော သူတို့သည်လည်းကောင်း၊ န ဝိန္ဒန္တိ-မခံစားရကုန်။ [ဤ၌ "ဟိမံ ယတ္ထ အတ္ထိ"ဟု ဝိဂ္ဂဟပြု၍ ဆီးနှင်းရှိသော, သို့မဟုတ် အရောင်ရှိသော ပြာသာဒ်ကို ရစေခြင်း, "ရသ"

http://www.dhammadownload.com

အရလည်း သိင်္ဂါရရသ ရှိသူတို့ကို ရစေခြင်း,"နတ္ထိ အာဂု ဧတေသံ"ဟု ဝိဂ္ဂဟပြု၍ နာဂါအရ ရဟန္တာတို့ကို ရစေခြင်း,"ဥပေါသထော ယေသံ အတ္ထိ"ဟု ဝိဂ္ဂဟပြု၍ ဥပေါသထာအရ ဥပုသ်ရှိသူ-ဥပုသ်သည်တို့ကို ရစေခြင်းသည် သဒ္ဒါနည်းချည်းတည်း။]

သုရာ သုရာလယေ သေရံ, ဘမန္တိ ဒသနစ္စိယာ၊
မုဇ္ဇန္တာ ဣဝ မတ္တာ တေ, သောရေ သရသိ သမ္ပတိ။

[ကာဗျဒဿ] တေသုရာ-ထိုနတ်တို့သည်၊ ဒသနစ္စိယာ-သွားရောင်ဖြင့်၊ လက္ခိတာ-မှတ်အပ်ကုန်သည်ဖြစ်၍၊ သမ္ပတိ-ယခု၊ သောရေ-အရက်ဖြင့် ပြီးသော၊ သရသိ-အိုင်၌၊ မုဇ္ဇန္တာဣဝ-ငုပ်ကြကုန်သကဲ့သို့၊ မတ္တာ-ယစ်ကြကုန်သည် ဖြစ်၍၊ သုရာလယေ-နတ်ပြည်၌၊ သေရံ-မိမိသဘောအတိုင်း၊ ဘမန္တိ-လှည့်လည်ကြကုန်၏။ [ဤကား မသိသူ ပေးအပ်သော အနက်မှားတည်း။]

အနက်မှန်။ ။တေသုရာ-ထိုသေသောက်ကြူးတို့သည်၊ ဒသနစ္စိယာ-သွားရောင်ဖြင့်၊ လက္ခိတာ-မှတ်အပ်ကုန်သည်ဖြစ်၍၊ သမ္ပတိ-ယခု၊ သောရေ-သေရည်ဖြင့် ပြီးသော၊ သရသိ-အိုင်၌၊ မုဇ္ဇန္တာဣဝ-ငုပ်ကုန်သကဲ့သို့၊ မတ္တာ-ယစ်မူးကြကုန်သည် ဖြစ်၍၊ သုရာလယေ-သေတင်းကုပ်၌၊ ဝါ-ဘုံဆိုင်၌၊ သေရံ-မိမိအလိုအတိုင်း၊ ဘမန္တိ-ခြာခြာလည်ကြကုန်၏။ [ဤကား သိသူ ပေးအပ်သော အနက်မှန်တည်း၊ "သုရံ ပိဝန္တိတိ သုရာ"ဟု ပြု။]

ပါဋိတော်။ ။ အနန္တေဝါသိကမိဒံ ဘိက္ခဝေ ဗြဟ္မစရိယံ ဝုဿတိ အနာစရိယကံ၊ သန္တေဝါသိကော ဘိက္ခဝေ ဘိက္ခု သာစရိယကော ဒုက္ခံ နဖာသု ဝိဟရတိ၊ အနန္တေဝါသိကော ဘိက္ခဝေ ဘိက္ခု အနာစရိယကော သုခံ ဖာသု ဝိဟရတိ။ [သဋ္ဌာယတနသံယုတ်ပါဋိတော်။]

နိဿယ။ ။ဘိက္ခဝေ-တို့၊ အနန္တေဝါသိကံ-တပည့်နှင့်အတူတကွ မဖြစ်သော၊ အနာစရိယကံ-ဆရာနှင့်တကွ မဖြစ်သော၊ ဣဒံ ဗြဟ္မစရိယံ-ဤမြတ်သော အကျင့်ကို၊ ဝုဿတိ-သုံးအပ် ကျင့်အပ်၏၊ ဘိက္ခဝေ-တို့၊ သန္တေဝါသိကော-တပည့်နှင့် တကွဖြစ်သော၊ သာစရိယကော-ဆရာနှင့် တကွဖြစ်သော၊ ဘိက္ခု-ရဟန်းသည်၊ ဒုက္ခံ-ဆင်းဆင်းရဲရဲ၊ နဖာသု-မချမ်းမသာ၊ ဝိဟရတိ-နေရ၏၊ ဘိက္ခဝေ-တို့၊ အနန္တေဝါသိကော-သော၊ အနာစရိယကော-သော၊ ဘိက္ခု-သည်၊ သုခံ ဖာသု-အလွန်အမင်း ချမ်းသာစွာ၊ ဝိဟရတိ-နေရ၏။ [ဤကား မလိုအပ်သောအနက်။]

အနက်မှန်။ ။ဘိက္ခဝေ-တို့၊ အနန္တေဝါသိကံ-အတွင်း၌ နေတတ်သော အကုသိုလ်တရားနှင့် အတူတကွ မဖြစ်သော၊ အနာစရိယကံ-အပြင်သို့ မသွားတတ်သော အကုသိုလ်တရားနှင့် အတူတကွ မဖြစ်သော၊ ဣဒံ ဗြဟ္မစရိယံ-ဤမြတ်သော အကျင့်ကို၊ ဝုဿတိ - သုံးအပ် ကျင့်အပ်၏၊ ဘိက္ခဝေ - တို့၊

http://www.dhammadownload.com

သန္တေဝါသိကော-အတွင်း၌ နေတတ်သော အကုသိုလ်တရားနှင့် တကွဖြစ်သော၊ သာစရိယကော-အပြင်သို့ မသွားတတ်သော အကုသိုလ်တရားနှင့် တကွဖြစ်သော၊ ဘိက္ခု-သည်၊ ဒုက္ခံ-ဆင်းဆင်းရဲရဲ၊ နံ ဖာသု-မချမ်းမသာ၊ ဝိဟရတိ-နေရ၏၊ ဘိက္ခဝေ-တို့၊ အနန္တေဝါသိကော-သော၊ အနာစရိယကော-သော၊ ဘိက္ခု-သည်၊ သုခံဖာသု-အလွန်ချမ်းသာစွာ၊ ဝိဟရတိ-နေရ၏။ [ဤကား လိုအပ်သော အနက်မှန်တည်း၊ "အန္တေဝါသီဟိ (အတွင်းနေ အကုသိုလ်တို့နှင့်) သဟ+ယံ ဝတ္တတီတိ သာန္တေဝါသိကံ၊ ဗဟိ+နံ စရတီတိ အစရိယံ၊ အစရိယေန သဟ+ယံ ဝတ္တတီတိ သာစရိယကံ"ဟု ပြု။]

၇။ သန်္ဓာတာပဟေလီ။ ။သူတစ်ပါး နားမလည်အောင် ဝှက်၍ ထားအပ်သော သင်္ချေယျ (ရေတွက်အပ်သောအနက်)သည် သန်္ဓာတာ မည်၏။ [သန်္ဓာတာ နာမ သန်္ဓာနံ, ယတ္ထ ဗျာမောဟကာရဏံ၊ ယတ္ထ-အကြောင်ပဟေလီ၌၊ သန်္ဓာနံ-ဝဏ္ဏတို့ကို ရေတွက်ခြင်းသည်၊ ဗျာမောဟကာရဏံ-တွေဝေခြင်း၏ အကြောင်းဖြစ်၏၊ သာ-ထိုသန်္ဓာ၏ တွေဝေအောင် ပြုရာ ပဟေလီသည်၊ သန်္ဓာတာ-မည်၏၊ သန်္ဓာရှိအတိုင်း သင်္ချေယျကို ရေတွက်၍ မရလောက်အောင် ဝှက်ထားသော ပဟေလီ-ဟူလို။]

[ဆောင်] **သန်္ဓာအလိုက်, ကိုက်အောင်တွက်ဖို့, ကွယ်ဝှက်၍ပြ, သင်္ချေယျ, မှတ်ကြ သန်္ဓာတာတဲ့တည်း။**

ဂီတသဒ္ဒေ သရာ ဒွေ ဒွေ, ဒွေ ဆဇ္ဇညတြ ဆဿရာ၊
ပဉ္စဝဏ္ဏေ ယထာ စက္ခု, ဆဗ္ဗဏ္ဏာ နာသိကာ တထာ။

ဂီတသဒ္ဒေ-သီချင်းသံ၌၊ သရာ-အသံတို့သည်၊ ဒွေ-နှစ်ပါးတို့သည်၊ ဟောန္တိ-ဖြစ်ကုန်၏၊ ဆဇ္ဇာ-ဆဇ္ဇအသံကို၊ အညတြ-ကြည့်၍၊ ဒွေ ဒွေ-နှစ်ခုနှစ်ခုသော သီချင်းသံတို့သည်၊ ဆဿရာ-အသံခြောက်ခု ရှိကုန်သည်၊ ဟောန္တိ-ကုန်၏၊ စက္ခု-မျက်စိသည်၊ ပဉ္စဝဏ္ဏေ ယထာ-အဆင်းငါးပါး ရှိသကဲ့သို့၊ တထာ-ထို့အတူ၊ နာသိကာ-နှာခေါင်းသည်၊ ဆဗ္ဗဏ္ဏာ-ခြောက်ပါးသော အဆင်းရှိ၏။ [ဝှက်သည်ကို မသိသူတို့ ပေးအပ်သော အနက်မှာ။]

အနက်မှန်။ ။ဂီတသဒ္ဒေ-ဂီတသဒ္ဒါ၌၊ သရာ-သရတို့သည်၊ ဒွေ-ဤသရ, အ သရ နှစ်လုံးတို့သည်၊ ဟောန္တိ-ကုန်၏၊ ဆဇ္ဇာ-ဆဇ္ဇကို၊ အညတြ-ကြည့်၍၊ ဒွေ ဒွေ-တစ်စုံတစ်စုံသော သဒ္ဒါတို့သည်၊ ဆဿရာ-သရခြောက်လုံးစီ ရှိကုန်သည်၊ ဟောန္တိ-ကုန်၏၊ စက္ခု-စက္ခုသဒ္ဒါသည်၊ ပဉ္စဝဏ္ဏေ ယထာ-အက္ခရာငါးလုံး ရှိသကဲ့သို့၊ တထာ-ထို့အတူ၊ နာသိကာ-နာသိကာသဒ္ဒါသည်၊ ဆဗ္ဗဏ္ဏာ-အက္ခရာ ခြောက်လုံး ရှိ၏။

http://www.dhammadownload.com

ဆိုလိုရင်းကား—ဂီတသဒ္ဒါဝယ် ဂီ၌ ဤသရ, တ၌ အသရ ဟု သရ၂ လုံး ပါ၏၊ ဆဇ္ဇ၌လည်း အသရ၂ လုံးပင်၊ ဆဇ္ဇမှတစ်ပါးသော (အဘိဓာန် အသံ ခန်း၌ လာသော) ဥသဘ-ဂန္ဓာရ တစ်စုံ, မဇ္ဈိမ-ပဥ္စမတစ်စုံ, ဒေဝတ-နိသာဒ တစ်စုံ၊ ဤသဒ္ဒါတို့တွင် တစ်စုံလျှင် သရ ၆ လုံးစီ ပါကုန်၏၊ စက္ခု၌ "စ်, အ, က်, ခ်, ဥ"အားဖြင့် ဝဏ္ဏ ၅ လုံး ရှိသကဲ့သို့, နာသိကာ၌ "နှ်, အာ, သ်, ဣ, က်, အာ" ဤသို့ ဝဏ္ဏ ၆ လုံး ရှိ၏ဟု ဆိုလိုသည်။

နာသိကျမဇ္ဈာ ပရိတော, စတုဝဏ္ဏဝိဘူသိတာ၊
အတ္ထိ ကာစိ ပုရီ ယသံ, အဌဝဏ္ဏဦယာ ကုပါ။

[ကာဗျဒသ] နာသိကျမဇ္ဈာ-နာသိကဌာန်၌ဖြစ်သော အက္ခရာအလယ်၌ ရှိသော၊ ပရိတော-ထိုအက္ခရာ၏ ရှေ့နောက် ထက်ဝန်းကျင်၌၊ စတုဝဏ္ဏ ဝိဘူသိတာ-အက္ခရာလေးလုံးဖြင့် တန်ဆာဆင်အပ်သော၊ ကာစိ-တစ်စုံတစ်ခု သော၊ ပုရီ-မြို့သည်၊ အတ္ထိ-ရှိ၏၊ ယသံ-အကြင်မြို့၌၊ အဌဝဏ္ဏဦယာ-ရှစ်လုံးသော အက္ခရာဖြင့် ခေါ်ဝေါအပ်ကုန်သော၊ ကုပါ-မင်းတို့သည်၊ သန္တိ-ရှိကုန်၏။

ဆိုလိုရင်းကား– နာသိကာဌာန်၌ ဖြစ်သော အက္ခရာဟူသည် "ဥ"တည်း၊ ထိုဥ ကို အလယ်ထား၍ ရှေ့ ၂ လုံး နောက်၂ လုံး ဝဏ္ဏ ၄ လုံးဟူသည် ရှေ့၌ "က်×အာ" နောက်၌ "စ်×ဤ"တည်း၊ ထိုအားလုံးပေါင်းလျှင် "ကာဦ" မြို့၏ နာမည်ဖြစ်၏၊ အက္ခရာရှစ်လုံးဟူသည် "ပ်, ဥ, ဏ်, တ်, ရ်, အာ, က်, အ"တည်း၊ ထိုရှစ်လုံးပေါင်းလျှင် "ပုဏ္ဏာက"ဟု မင်းတစ်ယောက်၏ နာမည် ဖြစ်၏။ ["ပုဏ်တြာက"ဟု ဖတ်။]

ပါဋိ။ ။"တိသဟသိ မဟာသဟသိ လောကဓာတု"၌ တိသဟသိ ကိုလည်း သင်္ချာတာပဟေလီဟု စံကျောင်းနိဿယ၌ မှာ၏၊ သဟဿကို တည် ပထမ တစ်ထောင်ဖြင့် မြှောက်, တစ်သန်း ဖြစ်၏၊ ထိုကို ဒုတိယ တစ်ထောင်ဖြင့် မြှောက်, ကုဋေ တစ်ရာ ဖြစ်၏၊ ထိုကို တတိယတစ်ထောင် ဖြင့် မြှောက်, ကုဋေ တစ်သိန်းဖြစ်၏၊ ထို တိသဟသိ-တစ်ထောင်ဖြင့် ၃ကြိမ် မြှောက်ရခြင်းရှိသော လောကဓာတ်ကိုပင် "မဟာသဟသိ"ဟု ခေါ်သည်။

၈။ ပကပ္ပိတာပဟေလီ။ ။အနက်၂ မျိုးထွက်အောင် ဝိဂြိုဟ်ဝါကျကို တစ်မျိုးစီ ကြံဆအပ်သော ပဟေလီသည် ပကပ္ပိတာ မည်၏။ [ဤသို့ ဝိဂြိုဟ် နက်၂ မျိုး ထွက်လျှင် နောက်၌ လာမည့် "သိလေသာလင်္ကာရလည်း ဖြစ်၏။]

[ဆောင်] **အနက်နှစ်ခွ, လိုရာရအောင်, ဝိဂ္ဂဟထပ်ထပ်, ကြံစီအပ်, ပကပ္ပိတာတည်း။**

http://www.dhammadownload.com

ပါတု ဝေါ ဥဒိတော ရာဇာ, သိဂိမာ ရတ္တမဏ္ဍလော၊
သကန္တိကဟနက္ခတ္တ–သံဃယုတ္တော သုလက္ခဏော။

သိရိမာ-အသရေရှိသော၊ ရတ္တမဏ္ဍလော-ချစ်ခင်သော တိုင်းသူပြည်သား အပေါင်းရှိသော၊ ဝါ-ချစ်ခင်သော အမတ်အပေါင်းရှိသော၊ သကန္တိကဟနက္ခတ္တ သံဃယုတ္တော - မိမိအနီး၌ ပြည့်ကျပ်သော စော်ဘွားအပေါင်းရှိသော၊ သုလက္ခဏော-ခြီးမွမ်းအပ်သော ယောကျ်ားတို့၏ လက္ခဏာနှင့်ပြည့်စုံသော၊ ဥဒိတော-ထင်ရှားကျော်စောသော၊ ရာဇာ-မင်းသည်၊ ဝေါ-သင်တို့အား၊ ပါတု-စောင့်စေသတည်း။ [ဝှက်သည်ကို မသိသူပေးအပ်သောအနက်။] "ရတ္တ-ချစ်ခင်"ဟုလည်းကောင်း, "သကန္တိ-မိမိအနီး"ဟုလည်းကောင်း, "ဂဟန+ခတ္တသံဃ-တောအုပ်သဖွယ် ပြည့်နေသော + မင်းစော်ဘွားအပေါင်း"ဟုလည်းကောင်း အနက်မှတ်။

အနက်မှန်။ ။သိရိမာ-သိရိနတ်သမီးရှိသော၊ ရတ္တမဏ္ဍလော-နီသော အဝန်းရှိသော၊ သကန္တိကဟနက္ခတ္တသံဃယုတ္တော-မိမိတို့၏ အရောင်နှင့်တကွ ဖြစ်သော ဂြိုဟ်နက္ခတ်အပေါင်းနှင့် ယှဉ်သော၊ သုလက္ခဏော-ကောင်းသော ယုန်ရေးတံဆိပ်ရှိသော၊ ဥဒိတော-တက်သော၊ ရာဇာ-လမင်းသည်၊ ဝေါ-သင်တို့အား၊ ပါတု-စောင့်ရှောက်စေသတည်း။ [ဝှက်သည်ကို သိသူပေးအပ်သော အနက်။] သ+ကန္တိ-မိမိ၏ နှစ်သက်ဖွယ်အရောင်၊ ဂဟ+နက္ခတ္တ-ဂြိုဟ်+နက္ခတ်၊ လက္ခဏ-အမှတ်တံဆိပ်။

ဂိရာ ခလန္တိယာ နမေန, သိရသာ ဒီနယာ ဒိသာ၊
တိဋ္ဌန္တမပိ သောက္ကမ္ပံ, ဝုဒ္ဓေ မံ နာနုကမ္မသေ။

[ကာဗျဒဿ] ဝုဒ္ဓေ-ဟေ့အမယ်အို၊ ခလန္တိယာ-ချွတ်ချော်သော၊ ဂိရာ-စကားဖြင့်၊ နမေန-ညွတ်သော၊ သိရသာ-ဦးခေါင်းဖြင့်၊ ဒီနယာ-ဆင်းရဲသော၊ ဒိသာ-မျက်စိဖြင့်၊ (ဥပလက္ခိတာ-မှတ်အပ်သော၊ တွံ-သင်အမယ်အိုသည်၊) သောက္ကမ္ပံ-တုန်လှုပ်လျက်၊ တိဋ္ဌန္တံ-ရပ်လျက်နေသော၊ မံ-ငါ့ကို၊ နာနုကမ္မသေ-အဘယ့်ကြောင့် မသနားသနည်း။ [ဤကား ဝှက်သည်ကို မသိ၍ ပေးအပ်သော သဘောအားဖြင့် ထင်ရှားသော အနက်တည်း၊ ဝါ-အလိုမရှိအပ်သော အနက်တည်း။]

အနက်မှန်။ ။ဝုဒ္ဓေ-သိရိနတ်သမီး၊ ခလန္တိယာ-ချွတ်ချော်သော၊ ဂိရာ-အသံဖြင့်၊ နမေန-ညွတ်သော၊ သိရသာ-ဦးခေါင်းဖြင့်၊ ဒီနယာ-ဆင်းရဲသော၊ ဒိသာ-မျက်စိဖြင့်၊ သောက္ကမ္ပံ-တုန်လှုပ်လျက်၊ တိဋ္ဌန္တံ-ရပ်၍နေသော၊ မံ-ကျွန်ုပ်ကို၊ နာနုကမ္မသေ-အဘယ့်ကြောင့် မသနားသနည်း။ [ဤကား အထူးကြံအပ်သောအနက် အလိုရှိအပ်သော အနက်တည်း၊ ဤ၌ ဝုဒ္ဓါသဒ္ဒါသည် ပကတိအားဖြင့် အမယ်အို၌ ထင်ရှား၍ ဝါကျ တစ်ခုလုံးအားဖြင့်လည်း

http://www.dhammadownload.com

အမယ်အိုနှင့် သက်ဆိုင်၏။ သို့ပင်သော်လည်း ဝုဒ္ဓါသဒ္ဒါသည် သိရိနတ်သမီးကို လည်း ဟောသောကြောင့် သိရိနတ်သမီးကို မသိစေဘဲ အမယ်အိုကိုသာ ဟောသည်ဟု ထင်စေခြင်းငှာ တစ်မျိုးတစ်မည်အားဖြင့် ကြံခြင်းကြောင့် ပကပ္ပိတာပဟေလီ မည်၏။

ကာလော ဃသတိ ဘူတာနိ, သဗ္ဗာနေဝ သဟတ္တနာ၊
ယော စ ကာလဉ္ဆသော ဘူတော, သ ဘူတပစိန် ပစိ။

ကာလော-သေမင်းသည်၊ အတ္တနာ-မိမိနှင့်၊ သဟေဝ-တကွသာလျှင်၊ သဗ္ဗာနိ-အလုံးစုံကုန်သော၊ ဘူတာနိ-သတ္တဝါတို့ကို၊ ဃသတိ-စား၏။ ယောစ ဘူတော-အကြင်သတ္တဝါသည်ကား၊ ကာလဉ္ဆသော-သေမင်းကို စား၏။ သော-ထိုသတ္တဝါသည်၊ ဘူတပစိန်-သတ္တဝါတို့ကို ချက်တတ်သော သေမင်းကို၊ ပစိ-ပြန်၍ ချက်ပြီ။.... [ဤကား ဝုက်သည်ကို မသိ၍ ပေးအပ်သော ပကတိအားဖြင့် ထင်ရှားသော အလိုမရှိအပ်သော အနက်တည်း။]

အနက်မှန်။ ။ကာလော-နံနက် နေ့စသော အခါကာလသည်၊ အတ္တနာ-မိမိနှင့်၊ သဟ-တကွ၊ ဘူတာနိ-သတ္တဝါတို့ကို၊ ဃသတိ-စား၏။ ယောစ ဘူတော-အကြင်ရဟန္တာသည်ကား၊ ကာလဉ္ဆသော-နံနက် နေ့စသော အခါကာလကို စား၏။ သော-ထိုရဟန္တာသည်၊ ဘူတပစိန်-သတ္တဝါတို့ကို ချက်တတ်သော တဏှာကို၊ ပစိ-ချက်ပြီ။... [ဤကား အထူးကြံအပ်သောအနက်တည်း၊ ဝါ-အလိုရှိအပ်သော အနက်တည်း။]

ဤ၌ သတ္တဝါတို့၏ အသက်ကို ကုန်ခန်းစေခြင်းသည်ပင်လျှင် သတ္တဝါတို့ကို စားသည် မည်၏၊ တစ်နေ့ထက် တစ်နေ့ နိဗ္ဗာန်သို့ ရောက်ဖို့ အခွင့်နီးသွားသည့်အတွက် ရဟန္တာက ကာလကို စားသည် မည်၏၊ ဤ၌ ဃသတိသဒ္ဒါကို ထောက်၍ ကာလသဒ္ဒါသည် သေမင်းဟူသော အနက်၌ ထင်ရှား၏၊ အခါကာလအနက်၌ မထင်ရှား၊ ထိုသို့ မထင်ရှားစေခြင်းငှာ ကြံစည်၍ ဆိုအပ်သောကြောင့် ပကပ္ပိတာပဟေလီ မည်၏။

၉။ နာမန္တရိတာပဟေလီ။ ။သဒ္ဒါနာမည်ကို ဖြစ်စေ, အမည်နာမကို ဖြစ်စေ တိုက်ရိုက်မပြဘဲ ဝုက်၍ ပြသော ပဟေလီတည်း။ [နာမံ-ကို+အနန္တရိတာ-ကွယ်အောင်ပြုအပ် ဝုက်အပ်ရာဖြစ်သော ပဟေလီ။]

[ဆောင်] သဒ္ဒါနာမ, မည်နာမကို, မပြထင်ရှား, ဝုက်၍ထား,
မှတ်သား နာမန္တရိတာတည်း။

http://www.dhammadownload.com

အာဒေါ သောယေဝ ယော အန္တေ, မဇ္ဈိမဿာ.ဒိ မဇ္ဈိမော၊
သိဒ္ဓန္တာဒီသု ဝတ္တန္တံ, အသခ်ံတပဒံ ဝဒ။

ယော-အကြင်ဝတ္ထုသည်၊ အန္တေ-အဆုံး၌၊ (ဟောတိ-ဖြစ်၏။) သော ယေဝ-ထို ဝတ္ထုသည်ပင်လျှင်၊ အာဒေါ-အစ၌၊ (ဟောတိ-၏။) မဇ္ဈိမဿ-အလယ်ဖြစ်သော ဝတ္ထု၏။ အာဒိ- အစသည်၊ မဇ္ဈိမော- အလယ်သည်၊ (ဟောတိ-ဖြစ်၏။) သိဒ္ဓံ-ထင်ရှားသော၊ တာဒီသု-အရိယာတို့၌၊ ဝတ္တန္တံ-ဖြစ်သော၊ အသခ်ံတပဒံ-နိဗ္ဗာန်ကို၊ ဝဒ-ဆိုပါလော။ [ဤကား ဝှက်သည်ကို မသိသူ ပေးအပ်သော အနက်။]

အနက်မှန်။ ။အာဒေါ-အစ၌၊ သောယေဝ-သ အက္ခရာသည်သာလျှင်၊ (ဟောတိ-ဖြစ်၏။) အန္တေ-အဆုံး၌၊ ယော-ယ အက္ခရာသည်၊ (ဟောတိ-ဖြစ်၏။) မဇ္ဈိမဿ-မဇ္ဈိမသဒ္ဒါ၏။ အာဒိ-အစဖြစ်သော မ အက္ခရာသည်၊ မဇ္ဈိမော-အလယ်သည်၊ ဟောတိ-ဖြစ်၏။ သိဒ္ဓန္တာဒီသု-သိခြင်း, အယူ, အခါစသည်တို့၌၊ ဝတ္တန္တံ-ဖြစ်သော၊ အသခ်ံတပဒံ-ပရမတ်မဟုတ် ပညတ်ဟူသော ပုဒ်ကို၊ ဝဒ-ဆိုပါလော။ [ဤကား "သမယ"ဟူသော နာမည်ကို ဝှက်ကြောင်း သိသူ ပေးအပ်သော အနက်မှန်။]

အာဒေါ ရာဇေတျဓိရက္ခိ, ပတ္ထိဝေါ ကောပိ ဂိယတေ၊
သနာတနော စ နေဝ သော, ရာဇာ နာပိ သနာတနော။

[ကာဗျဒဿ] ဟေ အဓိရက္ခိ-တောင်မြောက်လေးပါး, ကြည့်သောအားဖြင့်, လှုပ်ရှားသော မျက်လုံးရှိသော အို..သတို့သမီး၊ ကောပိ-တစ်စုံတစ်ခုလည်း ဖြစ်သော၊ ပတ္ထိဝေါ-ပတ္ထိဝသဒ္ဒါဖြင့် သိအပ်သော၊ အာဒေါ-ရှေးဦးစွာသော၊ ရာဇာ-မင်းသည်၊ ဟောတိ-၏။ တထာ-ထို့အတူ၊ သနာတနော စ-မြဲလည်းမြဲ၏၊ ဣတိ-ဤသို့၊ နာမေန-အမည်အားဖြင့်၊ ဂိယတေ-ရွတ်ဆိုအပ်၏၊ ကိန္နု-စင်စစ်သော်ကား၊ အသော-ထိုမင်းသည်၊ ဝတ္ထုတော-သဘောအားဖြင့်၊ နေဝ ရာဇာ-မင်းလည်းမဟုတ်၊ အတော-ထို့ကြောင့်၊ သော-ထိုသူသည်၊ ကော-အဘယ်သူနည်း။ [ဤကား ပုစ္ဆာနှင့်တကွ အလိုမရှိအပ်သော အနက်။]

အနက်မှန်။ ။ အဓိရက္ခိ-တောင်မြောက်လေးပါး, ကြည့်သောအားဖြင့်, လှုပ်ရှားသော မျက်လုံးရှိသော အို..သတို့သမီး၊ ကောပိ-တစ်စုံတစ်ခုလည်း ဖြစ်သော၊ ပတ္ထိဝေါ-မြေ၏ အထူးဖြစ်သော၊ ဝါ-မြေမှဖြစ်သော အရာကို၊ အာဒေါ-အမည်၏ အစ၌၊ ရာဇာတိ-ရာဇာဟူသော သဒ္ဒါကို၊ ဂိယတေ-ရွတ်ဆိုအပ်၏၊ သ-ထိုဝတ္ထုသည်၊ အတနော-တနသဒ္ဒါမှ ကင်းသည်လည်း၊ နဟောတိ-မဖြစ်၊ အသော-ထိုဟာသည်၊ နေဝ ရာဇာ-မင်းလည်း မဟုတ်၊ သနာတနော-မြဲသည်၊ နာပိ ဟောတိ-ဖြစ်လည်း မဖြစ်။ [ဤကား "ရာဇာတန=လွန်ပင်"၏ အမည်ကို ဝှက်မှန်းသိသူ ပေးအပ်သော အနက်၊ ရာဇာတနကို "ဝိယာလ"ဟု ထောမနိဓိ ဖွင့်သည်။]

http://www.dhammadownload.com

ဒုမဝှယာယ ဥပွန္နော, ဇာတော ပဏ္ဍရကေတုနာ၊
ကေတုဟာ ကေတုနာယေဝ, မဟာကေတုံ ပဓံသတိ။

ဒုမဝှယာယ-ကောသမ္ဗီမြို့၌၊ ဝါ-သစ်ပင်၏အမည်ရှိသော မြို့၌၊ ဥပွန္နော-မွေးဖွားသော၊ ပဏ္ဍရကေတုနာ-ဖြူစင်သော ပညာရှိသော မြတ်စွာဘုရားကြောင့်၊ ဝါ-ဖြူသော မှန်ကင်းကြောင့်၊ ဇာတော-ရဟန်းဖြစ်သော၊ ကေတုဟာ-မာနကို ပယ်တတ်သော ကောဏ္ဍညမထေရ်သည်၊ ဝါ-မှန်ကင်းကို ပယ်တတ်သော သူသည်၊ ကေတုနာ-ပညာဖြင့်၊ ဝါ-မှန်ကင်းဖြင့်၊ မဟာကေတုံ-ကိလေသာကို၊ ဝါ-ကြီးသော မှန်ကင်းကို၊ ပဓံသတိ-ဖျက်ဆီး၏။ [ဤ၌ ဝါ-အနက်တို့သည် ကောသမ္ဗီမြို့၏ နာမည်ကို ဝှက်မှန်းမသိ၍ ပေးအပ်သော အနက်များတည်း။]

~~~~~~~~

၁၀။ နိဘူတာပဟေလီ။ ။အနက်တူပေးနိုင်သော သဒ္ဒါတို့ဖြင့် အထင်မှားအောင် ဝှက်၍ စီကုံးအပ်သော ပဟေလီတည်း။ [ဂါထာ၌ပြမည့်"ဓာဝန္တံ ဥဒယာ အတ္ထံ, မုဟုတ္တံ နနိဝတ္တတိ"တို့သည် လ-နေ အနက်ကိုလည်း ဟော၏၊ လ-နေနှင့်လည်း ဆိုင်၏၊ ဇီဝိတိန္ဒြေ (အသက်)နှင့်လည်း ဆိုင်၏။]

[ဆောင်] **အနက်တူသဒ္ဒါ, ဖော်ပြကာဖြင့်, လိုရာအနက်, ဖုံးကွယ်ဝှက်, မှတ်ချက် နိဘူတာတဲ့တည်း။**

ဓာဝန္တံ ဥဒယာ အတ္ထံ, မုဟုတ္တံ နနိဝတ္တတိ၊
နစန္ဒမဏ္ဍလံ ဧတံ, နာပိ အာဒိစ္စမဏ္ဍလံ။

ဥဒယာ-ထွက်သည်မှ၊ ယာဝ အတ္ထံ-ဝင်သည်တိုင်အောင်၊ ဓာဝန္တံ-ပြေးသွားသော ဝတ္ထုသည်၊ မုဟုတ္တံ-တစ်ခဏမျှ၊ နနိဝတ္တတိ-နောက်သို့မဆုတ်၊ ဧတံ-ထိုဝတ္ထုသည်၊ နစန္ဒမဏ္ဍလံ-လဝန်းလည်း မဟုတ်၊ နာပိ အာဒိစ္စမဏ္ဍလံ-နေဝန်းလည်း မဟုတ်။ [ဤကား ဝှက်သည်ကို မသိ၍ ပေးအပ်သော အလိုမရှိအပ်သော အနက်တည်း။]

အနက်မှန်။ ။ဥဒယာ-ပဋိသန္ဓေမှ၊ ယာဝ အတ္ထံ-စုတိတိုင်အောင်၊ ဓာဝန္တံ-ပြေးသွားသော အသက် ဇီဝိတိန္ဒြေသည်၊ မုဟုတ္တံ-တစ်ခဏမျှ၊ နနိဝတ္တတိ-နောက်သို့ မပြန်၊ တံ-ထိုအသက် ဇီဝိတိန္ဒြေသည်၊ နစန္ဒမဏ္ဍလံ-လဝန်းလည်း မဟုတ်၊ နာပိ အာဒိစ္စမဏ္ဍလံ-နေဝန်းလည်း မဟုတ်။ [ဤကား အလိုရှိအပ်သော အနက်တည်း၊] ဤ၌ အလိုရှိအပ်သော အသက် ဇီဝိတိန္ဒြေဟူသော အနက်, အလိုမရှိအပ်သော လ, နေ စသော အနက်တစ်ပါး ရှိသောကြောင့် နိဘူတာပဟေလီ မည်၏။
~~~~~~~~

http://www.dhammadownload.com

ဟတဒဗ္ဗံ နရံ စတ္တာ, ဓနဝန္တံ ဝဇ္ဇီ ကာ၊
နာနာ ဘဂီသမာကဋ္ဌ–လောကာ ဝေဿာ နံ ဒုဒ္ဒရာ။

[ကာဗျဒဿ] နာနာ ဘဂီသမာကဋ္ဌလောကာ-အထူးထူး အပြားပြား များစွာ တင့်တယ်သော အပြုအမူတို့ဖြင့် ဆွေငင်အပ်သော လူရှိကုန်သော၊ ဝါ-လူတို့ကို ဆွေငင်တတ်ကုန်သော၊ ဒုဒ္ဒရာ-ဆောင်နိုင်ခဲကုန်သော၊ ကာ-အဘယ်သို့သော အမည်ရှိသော မိန်းမတို့သည်၊ ဟတဒဗ္ဗံ-ပျက်စီးသော ဥစ္စာရှိသော၊ နရံ-လူကို၊ စတ္တာ-စွန့်၍၊ ဓနဝန္တံ-ဥစ္စာရှိသောသူ၏ အထံသို့၊ ဝဇ္ဈီ-သွားကြကုန်သနည်း၊ နံ ဝေဿာ-ပြည့်တန်ဆာမတို့လည်း မဟုတ်ကြကုန်၊ တာ-ထိုသူတို့သည်၊ ကာ-အဘယ်သူတို့နည်း။ [ဤကား ဝှက်သည်ကို မသိ၍ ပေးအပ်သော အလိုမရှိအပ်သော အနက်တည်း။]

နာနာ ဘဂီသမာကဋ္ဌလောကာ-အထူးအထူးသော လှိုင်းရှိသော ရေဖြင့် ဆွေငင်အပ်သော လူရှိကုန်သော၊ ဒုဒ္ဓရာ-တောင်မှ ခဲယဉ်းစွာ စီးလာကြကုန်သော၊ နဒ္ဒေ-မြစ်တို့သည်၊ ဟတဒဗ္ဗံ-ဆောင်အပ်ပြီးသော အထည်ဝတ္ထုရှိသော၊ နရံ-လူနှင့်တူသော တောင်ကို၊ စတ္တာ-စွန့်၍၊ ဓနဝန္တံ-သမုဒ္ဒရာသို့သာလျှင်၊ ဝဇ္ဈီ-သွားကြကုန်၏၊ တာ-ထိုဟာတို့သည်၊ ကာ-အဘယ်ဟာတို့နည်း။.... အဖြေကား- တောင်ကျမြစ်တည်း။ [ဤ၌ ဝိသေသနချင်း တူ၍ ပြည့်တန်ဆာမကဲ့သို့ မှတ်ထင်ဖွယ် ရှိသော်လည်း "နံ ဝေဿာ-ပြည့်တန်ဆာမ မဟုတ်"ဟု ဆိုခြင်းကြောင့် တောင်ကျမြစ်ဟူ၍ သိအပ်၏။] ဤပဟေလီကို "နောက်၌လာမည့် သမာသဝုတ္တိအလင်္ကာနှင့်သဘောတူသည်"ဟု ကာဗျဒဿဋီကာ ဆိုသတတ်။

ဥပေတိ ကမ္ပံ ပရိပုစ္ဆမာနော, ကုသလံ အတ္ထူပသဉ္ဇိတံ၊
နံ ဇီဝတိ နံ မတော နံ ပရိနိဗ္ဗုတော, ကတမံ တံ ဝဒန္တိ ဗုဒ္ဓါ။

ယော-အကြင်ပုဂ္ဂိုလ်သည်၊ ကုသလံ-အပြစ်မရှိသော၊ အတ္ထူပသဉ္ဇိတံ-အကျိုးနှင့်စပ်သော၊ ကမ္ပံ-ပုစ္ဆာကို၊ ပရိပုစ္ဆမာနော-မေးလျက်၊ ဥပေတိ-ကပ်၏၊ နံ ဇီဝတိ-အသက်ရှိသောသူလည်း မဟုတ်၊ နံ မတော-သေသောသူလည်း မဟုတ်၊ နံ ပရိနိဗ္ဗုတော-ပရိနိဗ္ဗာန်စံသောသူလည်း မဟုတ်၊ တံ-ထိုပုဂ္ဂိုလ်ကို၊ ကတမံ-အဘယ်ပုဂ္ဂိုလ်ဟူ၍၊ ဗုဒ္ဓါ-ဘုရားရှင်တို့သည်၊ ဝဒန္တိ-မိန့်တော်မူကြကုန်သနည်း။ [ဤဂါထာအဖြေကား နိမ္မိတဘုရားတည်း။]

~~~~~~~~

၁၁။ သမာနသဒ္ဒါပဟေလီ။ ။အနက်တူကို ဟောနိုင်သော ဝေါဟာရ ပရိယာယ် စကားလှယ်သဒ္ဒါဖြင့် တူရာအနက်ကို ဝှက်သော ပဟေလီတည်း။ [မြေပြင်၌ ပျံ့နှံ့သော ကျော်စောခြင်း ရှိသောကြောင့် "ယသောဓရာ"ဟု
~~~~~~~~

http://www.dhammadownload.com

အမည်ရသော မိဖုရားကို "ကိတ္တိမဟီ"ဟုလည်းကောင်း, ကပိလဝတ္ထုကို "ကဉ္စာရတ္ထ"ဟုလည်းကောင်း, ပဓာနကို "ဥတ္တမ"ဟုလည်းကောင်း ပရိယာယ်သဒ္ဒါဖြင့် ဝှက်ထားသည်။]

[ဆောင်] ပရိယာယ်သဒ္ဒါ, ဖော်ပြကာဖြင့်, လိုရာအနက်, ဖုံးကွယ်ဝှက်, မှတ်ချက် သမာနသဒ္ဒါတည်း။

ဒေဝီ ကိတ္တိမဟီနာမံ, ကဉ္စာရတ္ထဝှယံ ပုရံ၊
ဟိတွာ နု သရိ သော ဓီရော, ကရောန္တော မုတ္တမဝှယံ။

ကိတ္တိမဟီနာမံ-ယသောဓရာ အမည်ရှိသော၊ ဒေဝီ-မိဖုရားကိုလည်းကောင်း၊ ကဉ္စာရတ္ထဝှယံ-ကပိလဝတ္ထုမည်သော၊ ပုရံ-မြို့တော်ကိုလည်းကောင်း၊ ဟိတွာ-စွန့်၍၊ ဥတ္တမဝှယံ- ပဓာနမည်သော ဒုက္ကရစရိယာ ကျင့်ခြင်းကို၊ ကရော နွော-ပြုတော်မူသော၊ သော ဓီရော-ထိုသိဒ္ဓတ္ထမင်းသား ဘုရားအလောင်း ပညာရှိသည်၊ နု သရိ- အောက်မေ့တော်မမူ။ ["ကရောန္တော ဥယျာမဝှယံ"ဟု မူကွဲရှိ၏။]

ဇိတပကဉ္စကေသချော, ယော တဝါဘူမိသာဝှယော၊
သမာပဇ္ဇဟဘူတောက္ကံ, ကရောတိ ကလဘာသိဏိ။

[ကာဗျဒဿ] ဟေ ကလဘာသိဏိ-ညှင်းညှင်းသာသာ ဆိုတတ်စွာသော အို..အိမ့်ရှင်မ၊ ဇိတပကဉ္စကေသချော-ပဝါလဟူသော အမည်ကဲ့သို့သော အမည်ရှိသောသတို့သမီးကို အောင်ပြီးသော၊ တဝ-သင်၏၊ အဘူမိသာဝှယော-အဓရာဟူသောအမည်နှင့် တူသောအမည်ရှိသော၊ ယော-အကြင် နှုတ်ခမ်းသည်၊ အတ္ထိ-ရှိ၏၊ သော-ထိုနှုတ်ခမ်းသည်၊ အဇ္ဇ-ယနေ့၊ မံ-ငါ့ကို၊ ပဘူတောက္ကံ-လွန်သောလုံ့လကို၊ ကရောတိ-ပြု၏။ [ဤ၌၌ ရွက်ညွှန့်အနက်ဟော ပဝါလကို ပကဋ္ဌ, အဓရကို အဘူမိ(ဓရာနှင့်ဘူမိအနက်တူ)ဟု လဲလှယ်၍ ဆိုသည်၊] "ဇလဇုတ္တရ နာမကော-ပဒုမုတ္တရ အမည်တော်ရှိသောဘုရား"ဟူရာ၌ ပဒုမကို "ဇလဇ"ဟု လဲ၏၊ "ပုပ္ဖနာမော-သုမနအမည်ရှိသော ရဟန္တာ"၌ သုမနကို "ပုပ္ဖ"ဟု လဲလှယ်၍ ပဟေလိလုပ်ထားသော ပုဒ်များပင်တည်း။

၁၂။ သမ္မဇ္ဇာပဟေလိ။ ။တိုက်ရိုက်ပြောအပ်သော အနက်အဓိပ္ပာယ်ရှိပါသော်လည်း(အကြောင်းအရာတစ်ခုကို အမှန်အတိုင်း ပြောပါသော်လည်း) ကြားရသူ, စာကို ကြည့်ရသူတို့ အတွက်မှာ တွေဝေစရာ, ယုံမှားစရာသာဖြစ်သော ပဟေလီတည်း။

[ဆောင်] တိုက်ရိုက်ထင်ရှား, ပြောဆိုပြားလည်း, ယုံမှားဖို့ရာ, ဖြစ်သည်သာ, သမ္မဇ္ဇာတဲ့တည်း။

http://www.dhammadownload.com

စတုဒ္ဒိသာမုခါ ဗန္ဓာ, စတ္တာရော သိန္ဓဝါ သယံ၊
ပရိဘုဥ္ဇန္တိ နိက္ခိတ္တံ, တိဏံ မဏ္ဍေ ယထာသုခံ။

စတုဒ္ဒိသာမုခါ-အရပ်လေးမျက်နှာသို့ မျက်နှာမူကုန်လျက်၊ ဗန္ဓာ-ဖွဲ့ချည်၍ ထားအပ်ကုန်သော၊ စတ္တာရော သိန္ဓဝါ-လေးကောင်သော မြင်းတို့သည်၊ မဏ္ဍေ-အလယ်၌၊ နိက္ခိတ္တံ-ထားအပ်သော၊ တိဏံ-မြက်ကို၊ ယထာသုခံ-အလိုရှိတိုင်း၊ သယံ-မိမိတို့ကိုယ်တိုင်၊ ပရိဘုဥ္ဇန္တိ-စားကြကုန်၏။ [“အရပ်လေးမျက်နှာ၌ မျက်နှာမူလျက် တည်ကြသည်”ဟူ ဆိုသဖြင့် “မြင်းလေးစီး အမြီးချင်း ဆိုင်လျက် တည်ကြသည်”ဟု ယုံမှားစရာ ရှိ၏၊ အမှန်ကား-ခေါင်းချင်းဆိုင်လျက် တည်ကြသည်၊ ထို့ကြောင့် အလယ်မှာ ချထားသော မြက်ကို ချမ်းသာစွာ စားနိုင်ကြသည်။]

သယနီယေ ပရာဝတ္တေ, သယိတာ ကာမိနော ကုစေ၊
တထေဝ သယိတာ ရာဂါ, သေရံ မုခံ အစုမ္ဗထ။

[ကာဗျဒဿ] သယနီယေ-အိပ်ရာ၌၊ ကုစေ-စိတ်ဆိုးကုန်သည် ဖြစ်၍၊ ပရာဝတ္တေ-ဝဲလှည့် ယာလှည့်, ပြောင်းပြန်လှည့်၍၊ သယိတာ-အိပ်ကြကုန်သော၊ ကာမိနော-သမီးခင်ပွန်းတို့သည်၊ တထေဝ-ထိုအိပ်မြဲတိုင်းသာလျှင်၊ သယိတာ-အိပ်ကြကုန်လျက်၊ ရာဂါ-တပ်မက်ခြင်းကြောင့်၊ မုခံ-မျက်နှာကို၊ သေရံ-အလိုရှိတိုင်း၊ အစုမ္ဗထ-စုပ်ကြကုန်ပြီ။ [ဤ၌ “ပြောင်းပြန်လှည့်”ဟု ဆိုသဖြင့် “ကျောချင်း ယှဉ်သည်”ဟု ထင်မှားစရာ ရှိ၏၊ အမှန်အားဖြင့် မျက်နှာချင်း ယှဉ်ကာ တစ်ယောက်က ယာဘက်လှည့်, တစ်ယောက်က ဝဲဘက်လှည့်ခြင်း သာတည်း။]

မဏ္ဍေ ယထာ သမုဒ္ဒဿ ဥမိ နော, ဇယတိ ဋ္ဌိတော ဟောတိ၊
ဧဝံ ဋ္ဌိတော အနေဇဿ, ဉဿဒံ ဘိက္ခု နံ ကရေယျ ကုဟိဋ္ဌိ။

ပါဠိတော်။ ။သမုဒ္ဒဿ-သမုဒ္ဒရာ၏၊ မဏ္ဍေ-အလယ်၌၊ ဥမိ-လှိုင်းသည်၊ နော ဇယတိ-မဖြစ်၊ ဋ္ဌိတော-တည်သည်၊ ဟောတိ ယထာ-ဖြစ်သကဲ့သို့၊ ဧဝံ-ဤအတူ၊ ဋ္ဌိတော-တည်သည်၊ အနေဇော-တုန်လှုပ်ခြင်း မရှိသည်၊ အဿ-ဖြစ်ရာ၏၊ ကုဟိဋ္ဌိ-တစ်စုံတစ်ခုသော အရပ်၌၊ ဉဿဒံ-ကိလေသာ စသော ခုနစ်ပါးသော တရားကို၊ နံ ကရေယျ-မပြုရာ။ [ဤ၌ “သမုဒ္ဒရာအလယ် လှိုင်းမရှိ”ဟူသော စကားအရ “သမုဒ္ဒရာ၏ ရေပြင်အလယ်”ဟု ထင်မှားစရာ ရှိ၏၊ အမှန်မှာ-ယူဇနာ ရှစ်သောင်းလေးထောင် အနက်ဝယ် အောက်လေးသောင်း၌ ငါးများကြောင့် ရေလှုပ်ရှား၏၊ အထက်ပိုင်း လေးသောင်း၌လည်း လေကြောင့် ရေလှုပ်ရှား၏၊ အလယ် လေးထောင်၌ကား လှိုင်းမရှိဘဲ ငြိမ်သက်သည်ဟု ဆိုလိုသည်။]

http://www.dhammadownload.com

၁၃။ ပါရိဟာရိကီပဟေလီ။ ။နာမည်တစ်ခုအတွက် အစပ်သမ္မန်များစွာ ပါရှိရသော ပဟေလီတည်း၊ ပြလတ္တံ့ပုံစံ၌ ဘုရားရှင်ဟူသော နာမည်အတွက် "ဇီဝနဇာနန္ဒကရဗန္ဓုသ-ကြာ၏+နှစ်သက်ခြင်းကို ပြုတတ်သော နေမင်း၏+အဆွေဖြစ်တော်မူသော ဘုရား၏"ဟု အစပ်သမ္မန်တွေ များ၏၊ "ပုညာရိက္ခယဂေါစရေ-ကုသိုလ်၏+ရန်သူဖြစ်သော အကုသိုလ်၏+ကုန်ရာနိဗ္ဗာန်လျှင် အာရုံရှိသော မဂ်ဖိုလ်"ဟူရာ၌လည်း ထို့အတူပင်၊ မိမိ၏ နှမကိုပင် "အဘိုး၏+သမီး၏+သမီး"ဟု ပြောရာ၌လည်း နည်းတူ။

[ဆောင်] တစ်ခုနာမံ, ပြောပြရန်၌, သမ္မန်အစပ်, များစွာထပ်ဘိ,
ပါလျက်ရှိ, ပါရိဟာရိကီတည်း။

ဇနော ဇီဝဇာနန္ဒ-ကရဗန္ဓုသ ဘာသိတံ၊
သက္ကရောန္တောဝ ပပ္ပောတိ, ပုညာရိက္ခယဂေါစရေ။

ဇီဝနဇာနန္ဒကရဗန္ဓုသ-ရေမှဖြစ်သော ကြာ၏ နှစ်သက်ခြင်းကို ပြုတတ်သော နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရား၏၊ ဘာသိတံ-တရားတော်ကို၊ သက္ကရောန္တော-ပူဇော်သော၊ ဇနောဝ-သတ္တဝါသည်သာလျှင်၊ ပုညာရိက္ခယဂေါစရေ-ကုသိုလ်၏ ရန်သူဖြစ်သော အကုသိုလ်၏ ကုန်ရာဖြစ်သော နိဗ္ဗာန်လျှင် အာရုံရှိသော မဂ်ဖိုလ်တို့သို့၊ ပပ္ပောတိ-ရောက်၏။

ဝိဇိတတ္တဘဝဒေသ-ဂုရုပါဒဟတော ဇနော၊
ဟိမပဟာမိတ္တဓရေ, ဗျတ္တံ ဗျောမာဘိနန္ဒတိ။

[ကာဗျဒသ] ဝိဇိတတ္တဘဝဒေသဂုရုပါဒဟတော-ဂဋ္ဌန်သည် အောင်အပ်သော သိကြားမင်း၏ သားဖြစ်သော အဇုန၏ အဘဖြစ်သော နေမင်း၏ အရောင်ဖြင့် ခတ်အပ်သော၊ ဇနော-လူအပေါင်းသည်၊ ဟိမပဟာမိတ္တဓရေ-အချမ်းကို ပယ်တတ်သော မီး၏ ရန်သူဖြစ်သော ရေကို ဆောင်တတ်သော မိုးတို့ဖြင့်၊ ဗျတ္တံ-ခြံရံအပ်သော၊ ဗျောမံ-ကောင်းကင်ကို၊ အဘိနန္ဒတိ-အလိုရှိ၏။ [ဤ၌ "နေ-ဟူသော အနက်, မိုးဟူသော အနက်"တစ်ခုအတွက် သမ္မန်များစွာ ပါရှိလေသည်။]

~~~~~~~~

၁၄။ ဧကစ္ဆန္နာပဟေလီ။ ။တည်တတ်သော(အာဓေယျ)အနက်တစ်ဖက်ကိုသာ ပြ၍, တည်ရာ အာဓာရတစ်ဖက်ကို ဖုံးဝှက်ထားသော ပဟေလီ။

[ဆောင်] တည်တတ်အနက်, တစ်ဖက်ပြကာ, တည်ရာတစ်ဖက်,
ဖုံးကွယ်ဝှက်, မှတ်ချက် ဧကစ္ဆန္နာတည်း။
~~~~~~~~

http://www.dhammadownload.com

နံ ဂဏှာတိ မဟန္တံပိ, သဒ္ဒံ နံ စ ဝိဘူသနံ၊
စတုပ္ပဒဿ ကဿာပိ, ကဏ္ဌော-ယံ နံ ကီလာ-ဖလော။

ကဿာပိ-တစ်စုံတစ်ခုလည်းဖြစ်သော၊ စတုပ္ပဒဿ-အခြေလေးချောင်း ရှိသော သတ္တဝါ၏၊ ကဏ္ဌော-နားသည်၊ မဟန္တံပိ-ကြီးသည်လည်းဖြစ်သော၊ သဒ္ဒံ-အသံကို၊ နံ ဂဏှာတ်-မယူနိုင်၊ ဝိဘူသနံ စ-တန်ဆာကိုလည်း၊ နဂဏှာတိ-မယူနိုင်၊ အယံ ကဏ္ဌော-ဤနားသည်၊ အဖလော-အကျိုးမရှိသည်၊ နံ ဟောတိ ကိလ-မဖြစ်ဝေတတ်။ [အဖြေကား...“အဿကဏ္ဏ-မြင်းနားပင်”ခေါ် သစ်ပင် တစ်မျိုးတည်း၊ နား၏တည်ရာ “အဿ-မြင်း”ဟူသော တစ်ဖက်အနက်ကို ဝှက်၍, နားဟူသော အာဓေယျတစ်ဖက်ကိုသာ ဖော်ပြထားသည်။]

နံ ဖုသတျာယုံ ဇာတု, နံ ထိနံ် ထနမဏ္ဍလံ၊
အမနုဿဿ ကဿပိ, ဟတ္ထော-ယံ နံ ကီလာ-ဖလော။

[ကာဗျဒဿ]ကဿပိ-တစ်စုံတစ်ယောက်လည်းဖြစ်သော၊ အမနုဿဿ-လူမဟုတ်သူ၏၊ ဟတ္ထော-လက်သည်၊ ဇာတု-စင်စစ်၊ အာယုံ-လက်နက်ကို၊ နံ ဖုသတိ-မထိ မကိုင်၊ ထိနံ-မိန်းမတို့၏၊ ထနမဏ္ဍလံ-သားမြတ်ဝန်းကို၊ နံ ဖုသတိ-မထိ မကိုင်၊ အယံ-ဤလက်သည်၊ အဖလော-အကျိုး မရှိသည်၊ နံ ဟောတိ ကိလ-မဖြစ်သတဲ့။... [အဖြေကား-“ဂန္ဓဗ္ဗဟတ္ထ-သစ်သား မျောက်လက်”တည်း၊ ဤ၌ “ဟတ္ထ”ဟူသော အာဓေယျကိုသာ ဖော်၍ “ဂန္ဓဗ္ဗ” ဟူသော တည်ရာကို ဝှက်ထားသည်၊ “ဂန္ဓဗ္ဗဟတ္ထောဘိ-နှာနတိတ္ထေ ထပိတေန ဒါရုမယဟတ္ထေန၊ - စူဠဝါ, ခုဒ္ဒကဝတ္ထုခန္ဓကဋ္ဌကထာ၊ စံကျောင်း နိဿယ၌ “ဂန္ဓဗ္ဗဟတ္ထ-ကြက်ဆူပင်”ဟုလည်း ပေးသည်။]

ပုဏ္ဏံ နဒီ် ယေန စ ပေယျာ.မာဟု,
ဇာတံ် ယဝံ ယေန စ ဂုယ့မာဟု၊
ဒူရံ် ဂတံ် ယေန စ အဝ့ယန္တီ,
သော တျာဘတော ဟန္ဒ စ ဘူဋ္ဌ ဗြာဟ္မဏ။

ပုဏ္ဏံ-ရေပြည့်သော၊ နဒီ-မြစ်ကို၊ ယေန-အကြင်သတ္တဝါဖြင့်၊ ပေယျံ စ-ပေယျာဟူ၍လည်း၊ အာဟု-ဆိုကြကုန်၏၊ ဇာတံ-ကောင်းစွာ ဖြစ်ပွားသော၊ ယဝံ-မုယောပင်ကို၊ ယေန-အကြင်သတ္တဝါဖြင့်၊ ဂုယ့ံ စ-ဂုယ့ာဟူ၍လည်း၊ အာဟု-ဆိုကြကုန်၏၊ ဒူရံဂတံ-အဝေးသို့ သွားသောသူကို၊ ယေန-အကြင် သတ္တဝါဖြင့်၊ အဝ့ယန္တီ စ-အဝ့ယဟူ၍လည်း၊ အာဟု-ဆိုကြကုန်၏၊ သော-ထိုဝတ္ထုကို၊ တေ-သင် ပုရောဟိတ်ဖို့၊ အာဘတော-ပို့လိုက်အပ်၏၊ ဗြာဟ္မဏ-

http://www.dhammadownload.com

ပုရောဟိတ်ပုဏ္ဏား၊ ဟန္ဒ စ-ယူလည်း ယူလေ့၊ ဘုဥ္ဇ စ-စားလည်း စားလေ့။ ဤ၌ ပြည့်သောမြစ်ကို "ကာကပေယျ-ကျိုးသောက်နိုင်သော ရေရှိသောမြစ်" ဟု ခေါ်၏။ ကောင်းသော ကောက်ပဲင်ကို "ကာကဝုယ္ဟ-ကျိုးဝှက်"ဟု ခေါ်၏။ ကျိုးသာသည်ကို "ကာကဝ္ဟယ-ကျိုးခေါ်သည်"ဟု ခေါ်၏။ ဤသို့ "ကာက" ဟူသော တစ်ဖက်ကို ဝှက်ထားသည်။

နံ စာပိ ဥတ္တိ နံ စ ပန ကမ္မဝါစာ,
နံ စေဟိဘိက္ခူတိ ဇိနော အဝေါစ၊
သရဏာဂမနမ္ပိ နံ စ တဿ အတ္ထိ,
ဥပသမ္မဒါ စဿ အကုပ္ပာ။
ပဥ္စာမေသာ ကုသလေဟိ စိန္တိတာ။

ပရိဝါပါဠိတော်။ ။(ယဿ-အကြောင်သူ၏၊ ဥပသမ္မဒါယံ-ပဉ္စင်းအဖြစ်၌၊) နံ စာပိ ဥ တ္တိ-ဥ တ်လည်း မပါ၊ နံ စ ပန ကမ္မဝါစာ-ကမ္မဝါစာလည်း မပါ၊ ဇိနော-မြတ်စွာဘုရားသည်၊ ဧဟိ ဘိက္ခူတိ-"ဧဟိ ဘိက္ခူ"ဟူ၍လည်း၊ နံ စ အဝေါစ-ခေါ်တော်မမူ၊ တဿ-ထိုသူ၏၊ သရဏဂမနမ္ပိ-သရဏာဂုံဖြင့် ပဉ္စင်းအဖြစ်သည်လည်း၊ နံ စ အတ္ထိ-မရှိ၊ အဿ-ထိုသူ၏၊ ဥပသမ္မဒါ-မြင့်မြတ်သော ပဉ္စင်းအဖြစ်သည်လည်း၊ အကုပ္ပာ-မပျက်စီး၊ ဧသော ပဥ္စာ-ဤပြဿနာကို၊ ကုသလေဟိ-ဝိနည်းကျွမ်းကျင်၊ ပညာရှင်တို့သည်၊ စိန္တိတာ-စဉ်းစားကြံစည်အပ်၏။...အဖြေကား-မိထွေးတော် ဂေါတမီ၏ ရဟန်းဖြစ်ကြောင်း ဥပသမ္မဒါတည်း၊ ဤ၌ တည်ရာဖြစ်သော ဂေါတမီကို ဝှက်ထားသတတ်။

~~~~~~~

၁၅။ ဥဘယစ္ဆန္နာပဟေလီ။ ။တည်ရာအနက်, တည်တတ်သောအနက် နှစ်ဖက်လုံးကို ဝှက်သော ပဟေလီတည်း၊ ပုံစံဝယ် အလိုရှိအပ်သော အနက်၌ "ရေ"ဟူသော တည်ရာကိုလည်းကောင်း, ပဒုမ္မာကြာဟူသော တည်တတ်သော ဝတ္ထုကိုလည်းကောင်း နှစ်ဖက်လုံး ဝှက်သည်။

[ဆောင်] တည်တတ်တည်ရာ, နှစ်ဖြာအနက်, ဖုံးကွယ်ဝှက်,
မှတ်ချက် ဥဘယစ္ဆာန္နာတည်း။

အလံ ကရောန္တော ဘုဝနံ, သသိရိကော သဒေဝကံ၊
ကသ္မိ သဥ္ဇာတသံဝဒ္ဓေါ, ကော နု ကေနုပလိမ္ဘတိ။

သသိရိကော-အသရေရှိသော၊ သဒေဝကံ-နတ်နှင့်တကွသော၊ ဘုဝနံ-ဘုံသုံးပါးကို၊ အလင်္ကရောန္တော-တန်ဆာဆင်သော၊ ကသ္မိ-အဘယ်အရပ်၌၊
~~~~~~~

http://www.dhammadownload.com

သဠာတသံဝဒ္ဓေါ-မွေးဖွား၍ ကြီးသော၊ ကော-အဘယ်သူသည်၊ ကေန-အဘယ်ဝတ္ထုနှင့်၊ နာ ဥပလိမ္ဘတိ-မလိမ်းကျံသနည်း။ [ဤကား ဝှက်သည်ကို မသိသူ ပေးအပ်သောအနက်။]

အနက်မှန်။ ။သသိရီကော-သိရီနတ်သမီးရှိသော၊ ဝါ-သိရီနတ်သမီး၏ နေရာဖြစ်သော၊ သဒေဝ (သဒါဧဝ)-အခါခပ်သိမ်းသာလျှင်၊ ဘုဝနံ-မိမိ၏ ဖြစ်ရာဖြစ်သော၊ ကံ-ရေကို၊ အလင်္ကာရောန္တော-တန်ဆာဆင်သော၊ ကသ္မိံ-ရေ၌၊ သဠာတသံဝဒ္ဓေါ-ဖြစ်၍ ကြီးပွားသော၊ ကော-အဘယ်ဝတ္ထုသည်၊ ကေန-ရေနှင့်၊ နာ ဥပလိမ္ဘတိ-မလိမ်းကျံသနည်း။ [ဤကား ဝှက်သည်ကို သိသူ ပေးအပ်သောအနက်။]

ကေန ကော သဟ သမ္ဘူယ, သဗ္ဗကာရိယေသု သန္ဒီဓိ၊
လဒ္ဓါ ဘောဇနကာလေတု, ယဒိ ဒိဋ္ဌော နိရုဿတေ။

[ကာဗျဒဿ] ကော-အဘယ်ဝတ္ထုသည်၊ ကေန-အဘယ်ဝတ္ထုနှင့်၊ သဟ-တကွ၊ သမ္ဘူယ-အတူတကွဖြစ်၍၊ သဗ္ဗကာရိယေသု-အလုံးစုံသော အမှုကိစ္စတို့၌၊ သန္ဒီဓိ-စုဝေးခြင်းကို၊ လဒ္ဓါ-ရ၍၊ ဘောဇနကာလေ-စားသောက်ရာအခါ၌၊ ယဒိ ဒိဋ္ဌော-အကယ်၍ မြင်အပ်သည် ဖြစ်အံ့၊ နိရုဿတေ-ပစ်ပယ်အပ်သနည်း။ [ဤကား ဝှက်သည်ကို မသိသူ ပေးအပ်သောအနက်။ ဤ၌ တည်ရာ ဦးခေါင်း, တည်တတ်သော ဆံပင် ၂ ပါးကို ဝှက်သည်။]

အနက်မှန်။ ။ကော-ဆံပင်သည်၊ ကေန-ဦးခေါင်းနှင့်၊ သဟ-အတူ၊ သမ္ဘူယ-ဖြစ်၍၊ သဗ္ဗကာရိယေသု-အလုံးစုံသော အမှုကိစ္စတို့၌၊ သန္ဒီဓိ-စုဝေးခြင်းကို၊ လဒ္ဓါ-ရ၍၊ ဘောဇနကာလေ-စားသောက်ရာကာလ၌၊ ယဒိ ဒိဋ္ဌော-အကယ်၍ မြင်အပ်သည်ဖြစ်အံ့၊ တဒါ-ထိုအခါ၌၊ နိရုဿတေ-ပစ်ပယ်အပ်၏။ [ဤကား ဝှက်သည်ကို သိ၍ ဖော်အပ်သောအနက်။] ကဿ (မတ္ထကဿ)-ဦးထိပ်၏+အယံ-ဥစ္စာတည်း၊ ကော-ဦးထိပ်၏ ဥစ္စာ၊ ဝါ-ဆံပင်။

တေလံ မဓုံ ဖာဏိတဉ္စာပိ သပ္ပိံ,
သာမံ ဂဟေတွာန နိက္ခိပေယျ၊
အဝိတိဝတ္တေ သတ္တာဟေ သတိ,
ပစ္စယေ ပရိဘုဉ္ဇန္တိသ အာပတ္တိ၊
ပဉ္စာမေသာ ကုသလေဟိ စိန္တိတာ။

ပရိဝါပါဠိတော်။ ။တေလံ-ဆီကိုလည်းကောင်း၊ မဓုံ-ပျားရည်ကိုလည်းကောင်း၊ ဖာဏိတဉ္စာပိ-တင်လဲကိုလည်းကောင်း၊ သပ္ပိံ-ထောပတ်ကိုလည်းကောင်း၊ သာမံ-ကိုယ်တိုင်၊ ဂဟေတွာန-အကပ်ခံယူ၍၊ နိက္ခိပေယျ-ထားရာ၏။

http://www.dhammadownload.com

သတ္တာဟေ-၇ ရက်သည်၊ အဝီတိဝတ္တေ-မလွန်သေးမီ၊ ပစ္စယေ-သုံးဆောင်သင့်သော အကြောင်းသည်၊ သတိ-ရှိပါလျက်၊ ပရိဘုဥ္ဇန္တသ-သုံးဆောင်သော ရဟန်း၏၊ အာပတ္တိ-အာပတ်သည်၊ ဟောတိ-ဖြစ်၏၊ ဧသာ ပဥ္ဉာ-ဤ ပြဿနာကို၊ ကုသလေဟိ-ဝိနည်းကျွမ်းကျင်, ပညာရှင်တို့သည်၊ စိန္တိတာ-ကြံစည်အပ်၏။ [အဖြေကား....လိင်္ဂပရိဝတ္တနဘိက္ခု (လိင်ပြန်သောရဟန်း) တည်း၊ "လိင်္ဂပရိဝတ္တန+ဘိက္ခု" နှစ်ဖက်လုံးကို ဝှက်သည်။]

~~~~~~~~~~~~

၁၆။ သံကိဏ္ဏာပဟေလီ။ ။ပြခဲ့သော ပဟေလီများကို ရော၍ ပြထားသော ပဟေလီတည်း။ [ပြလတ္တံ့ ပုံစံဝယ် အနက်မှန်ပေးရာ၌ အဖြေကား-"သမယ"ပုဒ်တည်း၊ "သိဒ္ဓံ+တာဒီသု"ဟု ထင်မှတ်ဖို့ရန် သန္ဓိစပ်ဖြင့် ဝှက်သောကြောင့် သမာဂတာပဟေလီလည်း ပါ၏၊ သော-ယော-အသခ်တပဒံ တို့သည် အကြင်-ထို-အသခ်တပုဒ်ဟူသော တခြားအနက်များ၌လည်း ဖြစ်၏၊ ထိုသို့ အခြားအနက်၌ ဖြစ်သော သဒ္ဒါဖြင့် လှည့်ပတ်ထားသောကြောင့် ဝဋ္ဌိတာပဟေလီလည်း ပါ၏၊ "သမယ"ဟူသော အမည်ကို ကြံစည်စေခြင်းကြောင့် နာမန္တရိတာပဟေလိလည်း ပါ၏၊ ဤသို့ ပဟေလီ ရောထားသောကြောင့် သံကိဏ္ဏာပဟေလီ မည်၏။]

[ဆောင်] ပဟေလီအများ, နှစ်-သုံးပါး, ရောထား သံကိဏ္ဏာတဲ့တည်း။

အာဒေါ သောယေဝ ယော အန္တေ, မဇ္ဇိမဿာဒိ မဇ္ဇိမော၊
သိဒ္ဓန္တာဒီသု ဝတ္တန္တံ, အသခ်တပဒံ ဝဒ။

အန္တေ-အဆုံး၌၊ ယော-အကြင်ဝတ္ထုသည်၊ ဟောတိ-ဖြစ်၏၊ သောယေဝ-ထိုဝတ္ထုသည်ပင်၊ အာဒေါ-အစ၌၊ ဟောတိ-ဖြစ်၏၊ မဇ္ဇိမဿ-အလယ်ဝတ္ထု၏၊ အာဒိ-အစဖြစ်သော ဝတ္ထုသည်၊ မဇ္ဇိမော ဧဝ-အလယ်သည်သာ၊ ဟောတိ-ဖြစ်၏၊ သိဒ္ဓံ (နိပ္ပန္နံ)-ပြီးသော၊ တာဒီသု-အရိယာတို့၌၊ ဝတ္တန္တံ-ဖြစ်သော၊ အသခ်တပဒံ-အသခ်တ ဟူသော ပုဒ်ကို၊ ဝဒ-ဆိုပါလော။ [ဤကား ဝှက်သည်ကို မသိသူ ပေးအပ်သော အနက်မှား။]

အနက်မှန်။ ။အာဒေါ-အစ၌၊ သောယေဝ-သ အက္ခရာသည်သာလျှင်၊ ဟောတိ-ဖြစ်၏၊ အန္တေ-အဆုံး၌၊ ယော-ယ အက္ခရာသည်၊ ဟောတိ-ဖြစ်၏၊ မဇ္ဇိမဿ-မဇ္ဇိမသဒ္ဒါ၏၊ အာဒိ-အစဖြစ်သော မ အက္ခရာသည်၊ မဇ္ဇိမော-အလယ်၌ ဖြစ်သည်၊ ဟောတိ-၏၊ သိဒ္ဓန္တာဒီသု-သိခြင်းဟူသော အနက်, အယူဟူသော အနက်, အခါ ဟူသော အနက် စသည်တို့၌၊ ဝတ္တန္တံ- ဖြစ်သော၊
~~~~~~~~~~~~

http://www.dhammadownload.com

အသခ်ံတပဒံ-ပရမတ် မဟုတ် ပညတ်ဟူသော ပုဒ်ကို၊ ဝဒ-ဆိုပါလော။ [ဤကား ဝှက်သည်ကို သိသူ ပေးအပ်သော အနက်မှန်။]

သဟယာ သဂဇာ သေနာ, သဘဋ္ဌာ·ယံ နု စေ ဇိတာ၊
အမတ္တိကော အယံ မုဋ္ဌော, သိယာ့ရညော စ နော သုတော။

[ကာဗျဒဿ] သဟယာ-မြင်းနှင့်တကွသော၊ သဂဇာ-ဆင်နှင့်တကွသော၊ သဘဋ္ဌာ-ခြေသည်နှင့်တကွသော၊ အယံ သေနာ-ဤစစ်တပ်သည်၊ စေ နု ဇိတာ-အကယ်၍ မအောင်သည် ဖြစ်အံ့၊ တဒါ-ထိုအခါ၌၊ နော-ငါတို့၏၊ သုတော-သားသည်၊ အမတ္တိကော-ပစ္စည်း ဥစ္စာကို ရခြင်းငှာ မထိုက်သည်၊ ဟောတိ-၏၊ အတော-ထို့ကြောင့်၊ အက္ခရညော စ-ဗြဟ္မာကို သိသော်လည်း၊ မူဋ္ဌော-မိုက်သောသူ မည်သည်၊ သိယာ-ဖြစ်ရာ၏။ [ဤကား ဝှက်သည်ကို မသိသူ ပေးအပ်သော အနက်မှာ။] မတ္တ သဒ္ဒါ ဥစ္စာ အနက်ကို ဟော၏၊ အက္ခရသဒ္ဒါ ဗြဟ္မာအနက်ကို ဟော၏။

အနက်မှန်။ ။သဟယာ-ဟ အက္ခရာ ယ အက္ခရာနှင့်တကွဖြစ်သော၊ သဂဇာ-ဂ အက္ခရာ ဇ အက္ခရာနှင့်တကွဖြစ်သော၊ သဘဋ္ဌာ-သ အက္ခရာ ဋ္ဌ အက္ခရာနှင့်တကွဖြစ်သော၊ သေနာ-ဗြဟ္မာနှင့်တကွဖြစ်သော၊ ဝါ-ဗြဟ္မာ စောင့်သော၊ အယံ-ဤဝဏ္ဏအစဉ်ကို၊ စေ နု ဇိတာ-အကယ်၍ မသိသည် ဖြစ်အံ့၊ နော-ငါတို့၏၊ အယံ သုတော-ဤသားသည်၊ အမတ္တိကော-အက္ခရာကို ရွတ်ဆိုရာ ကာလကို မသိသည်၊ (သမာနော-ဖြစ်လတ်သော်၊) အက္ခရညော်ပိ-ဗေဒင်ကို သိသော်လည်း၊ မူဋ္ဌော-မိုက်သောသူ မည်သည်၊ သိယာ-ဖြစ်၏။ [ဤကား သိသူ ပေးအပ်သော အနက်မှန်။]

ဤ၌ သ အက္ခရာ ဟ အက္ခရာ စသည်တို့၏ အမည်ကို အမျိုးမျိုး ကြံစေခြင်းကြောင့် နာမန္တရိတာပဟေလီ ပါ၏၊ စစ်သည်အနက်၌ ထင်ရှားသော သေနာသဒ္ဒါကို အနက်တစ်မျိုးရအောင် ကြံစေသောကြောင့် ဝဋ္ဋိတာပဟေလီလည်း ပါသည်။

ဤတွင် ပဟေလိအခန်း ပြီး၏။

http://www.dhammadownload.com

ဂုဏာဝဟောဓအခန်း

အနုသန္ဓေနှင့် ပဋိညာဉ်

၁၁၆။ သမ္ဘဝန္တိ ဂုဏာ ယသ္မာ, ဒေါသာနေဝ.မတိက္ကမေ၊
ဒဿေသဿံ တေ တဟော ဒါနိ, သဒ္ဒေ သမ္မျှသယန္တိ ယေ။

၁၁၆။ ဧဝံ-ဤဆိုအပ်ပြီးသော နည်းဖြင့်၊ ဒေါသာနံ-ဒေါသတို့၏၊ အတိက္ကမေ-လွန်မြောက်ခြင်းသည်၊ (သတိ-ဖြစ်လတ်သော်၊) ယသ္မာ-အကြင့်ကြောင့်၊ ဂုဏာ-ဂုဏ်တို့သည်၊ သမ္ဘဝန္တိ-ဖြစ်လာကုန်၏၊ တတော-ထို့ကြောင့်၊ ယေ-အကြင်ဂုဏ်တို့သည်၊ သဒ္ဒေ-သဒ္ဒါတို့ကို၊ သမ္မျှသယန္တိ-တန်ဆာဆင်ကုန်၏၊ တေ-ထိုသဒ္ဒါလင်္ကာရဂုဏ်တို့ကို၊ ဒါနိ-ယခုအခါ၌၊ ဒဿေသဿံ-ပြပေအံ့။

၁၁၆။ သမ္ဘဝန္တိတျာဒိ။ ။ဒေါသပရိဟာရပဝေသောပါယံ-ဒေါသ ရှောင်လွှဲခြင်းသို့ သွင်းကြောင်းနည်းလမ်းကို၊ ဒဿေတွာ-ပြပြီး၍၊ ဣဒါနိ-၌၊ ယထာဝုတ္တဒေါသာနံ ပရိဟာရေန-ဆိုအပ်ပြီးသော ဒေါသတို့ကို ရှောင်လွှဲလိုက်ခြင်းကြောင့်၊ ဗန္ဓနိဿိတဂုဏာ ဧတေ-အဖွဲ့အနွဲ့၌မှီသော ဤဂုဏ်များ ဖြစ်လာကြကုန်၏၊ ဣတိ ဒဿေတုံ-ဤအဓိပ္ပာယ်ကို ပြခြင်းငှာ၊ ပုဗ္ဗပရိစ္ဆေဒါနံ-ရှေ့နှစ်ပိုင်းတို့နှင့်၊ သမ္ဗန္ဓံ-အနုသန္ဓေအဆက်ကို၊ ယဇ္ဇေန္တော - ဆက်ပြလိုသည် ဖြစ်၍၊ သမ္ဘဝန္တေစ္စာဒိ ဂါထ•မာဟ။-ဦးကာ။

ဆိုလိုရင်းကား–ပထမပိုင်း၌ ပြခဲ့သော ပဒဒေါသ စသည်တို့သည် ဒုတိယပိုင်း၌ ဆိုအပ်ပြီးသော နည်းဖြင့် ပြေကုန်လတ်သော် အကြင့်ကြောင့် ဂုဏ်တို့သည် အလိုလို ဖြစ်လာကုန်၏၊ [ဂန္ထာရမ္ဘအခန်းတုန်းက "နိဒ္ဒေါသာ သဗ္ဗထာ သာယံ, သဂုဏာ နာ ဘဝေယျ ကိံ" ဤကားနှင့် အသွားတူပင်တည်း။] "ထို့ကြောင့် ယခုအခါ သဒ္ဒါတို့ကို တန်ဆာဆင်ပေးသော ထိုဂုဏ်တို့ကို ပြတော့မည်"ဟူလို။

မှတ်ချက်။ ။ဤဂါထာသည် ရှေ့ပိုင်းနှင့်ဤတတိယပိုင်း၏ ဆက်သွယ်ပုံ အနုသန္ဓေကိုလည်းကောင်း, ပဋိညာဉ်ကိုလည်းကောင်း ပြသောဂါထာတည်း၊ "သဒ္ဒေ သမ္မျှသယန္တိ=သဒ္ဒါတို့ကို တန်ဆာဆင်တတ်"ဟု ဆိုသောကြောင့် ယခုပြမည့် ဂုဏ်တို့ကို "သဒ္ဒါလင်္ကာရ"ဟုလည်း နာမည်တပ်ကြသည်။

http://www.dhammadownload.com

သဒ္ဒါလင်္ကာရ(၁၀)ပါး

၁၁၇။ ပသာဒေါ·ဇော မဓုရတာ, သမတာ သုခုမာလတာ၊
သိလေသော·ဒါရတာ ကန္တိ, အတ္ထဗျတ္တိသမာဓယော။

တိုက်တွန်းခြင်း

၁၁၈။ ဂုဏေဟေတေဟိ သမ္ပန္နော, ဗန္ဓော ကဝိမနောဟရော၊
သမ္ပာဒယတိ ကတ္တူနံ, ကိတ္တိ·မစ္စန္တနိမ္မလံ။

၁၁၇။ ပသာဒေါ-ပသာဒဂုဏ်လည်းကောင်း၊ သြဇော-သြဇဂုဏ်လည်းကောင်း၊ မဓုရတာ-မဓုရတာဂုဏ်လည်းကောင်း၊ သမတာ-သမတာဂုဏ်လည်းကောင်း၊ သုခုမာလတာ-သုခုမာလတာဂုဏ်လည်းကောင်း၊ သိလေသော-သိလေသဂုဏ်လည်းကောင်း၊ ဥဒါရတာ-ဥဒါရတာဂုဏ်လည်းကောင်း၊ ကန္တိ-ကန္တိဂုဏ်လည်းကောင်း၊ အတ္ထဗျတ္တိ သမာဓယော-အတ္ထဗျတ္တိဂုဏ်, သမာဓိဂုဏ်တို့လည်းကောင်း၊ (ဣမေ-ဤဆယ်ပါးတို့သည်၊ ဂုဏာ-သဒ္ဒါလင်္ကာရဂုဏ်တို့တည်း။)

၁၁၈။ ဧတေဟိ ဂုဏေဟိ-ဤဂုဏ်တို့နှင့်၊ သမ္ပန္နော-ပြည့်စုံသော၊ ဗန္ဓော-အဖွဲ့အနွဲ့အစီအကုံးသည်၊ ကဝိမနောဟရော-ပညာရှိစိတ်နှလုံးကို ယူကျုံးနှစ်သက်စေနိုင်သည်၊ (ဟုတွာ-၍၊) ကတ္တူနံ-ပြုစီရင်သူတို့၏၊ အစ္စန္တနိမ္မလံ-စင်စစ် အညစ်အကြေးမရှိသော၊ ကိတ္တိ-ကျော်စောခြင်းကို၊ သမ္ပာဒယတိ-ပြီးစီးစေနိုင်၏။

၁၁၇။ ပသာဒေါတျာဒိ။ ။ဤဂါထာကား "သဒ္ဒါလင်္ကာရ"မည်သော ဂုဏ်ဆယ်ပါး၏ မာတိကာခေါင်းစဉ်ပြသော ဂါထာတည်း၊ ပသာဒဂုဏ်, သြဇဂုဏ် စသည်ဖြင့် ၁၀ ပါး သရုပ်ကိုသာ မှတ်ခဲ့ပါ။

၁၁၈။ ဂုဏေဟေတေဟိတျာဒိ။ ။ဤပြခဲ့သော ဂုဏ်တို့နှင့် ပြည့်စုံသော (ပြည့်စုံသောကြောင့်) ပညာရှိစိတ်နှလုံးကို ယူကျုံးဆွဲဆောင်နိုင်သော အဖွဲ့အနွဲ့အစီအကုံးသည် ရေးသားစီကုံးသူအတွက် (ဘေးက အသိုင်းအဝိုင်း မပါ, အပြစ်ပြစရာလည်း မရှိအောင်) စင်ကြယ်သော ကျော်စောမှုကို ဖြစ်စေနိုင်ပါသည်၊ ထို့ကြောင့် ဤပြလတ္တံ့သော ဂုဏ် ၁၀ ပါးကို နားလည်အောင်ကြိုးစား၍ ဂုဏ်ပါသော ဂါထာကာဗျကိုသာ ဖွဲ့နွဲ့စီကုံးကြပါလေ-ဟူလို။

မှတ်ချက်။ ။ထိုဂုဏ်တို့တွင် သြဇနှင့် ဥဒါရတာဂုဏ် ၂ ပါးသည် သဒ္ဒါအနက် ၂ ချက်ပေါ်၌ တည်သော သဒ္ဒတ္ထဂုဏ်တည်း၊ သမာဓိဂုဏ်သည် အနက်ပေါ်၌သာ တည်သော အတ္ထဂုဏ်တည်း၊ [အနက်ဖြင့် သဒ္ဒါကိုလည်း

http://www.dhammadownload.com

ပသာဒဂုဏ်၏လက္ခဏာနှင့်ပုံစံ

၁၁၉။ အဒူရာ-ဟိတသမ္မန္ဒ-သုဘဂါ ယာ ပဒါဝဋ္ဋိ၊
သုပသိဒ္ဓါ-ဘိဓေယျာ-ယံ, ပသာဒံ ဇနယေ ယထာ။

၁၂၀။ အလင်္ကာရောန္တာ ဝဒနံ, မုနိနော-ရေရုံသိယော၊
သောဘန္တေ-ရုဏရံသီဝ, သမ္မတန္တာ-မွုဇောဒရေ။

၁၁၉။ ယာ ပဒါဝဋ္ဋိ-အကြင်ပုဒ်တို့၏ အစဉ်သည်၊ အဒူရာဟိတ သမ္မန္ဒသုဘဂါ-မဝေးအောင် ထားအပ်သော စပ်ပုဒ်တို့ဖြင့် တင့်တယ်ခြင်း ရှိ၏၊ သုပသိဒ္ဓါဘိဓေယျာ-အလွန်ထင်ရှားသောအနက် ရှိ၏၊ အယံ-ဤပုဒ်တို့၏အစဉ်သည်၊ ပသာဒံ-ပသာဒမည်သော ဂုဏ်ကို၊ ဇနယေ-ဖြစ်စေနိုင်၏၊ ယထာ-ဥဒါဟရဏ်ကား။.....

ဖလူပစာရအားဖြင့် ယူနိုင်သောကြောင့် သဒ္ဒဂုဏ်လည်း ဆိုနိုင်၏] ကြွင်း ၇ ပါးကား သဒ္ဒဂုဏ် သက်သက်သာ၊ အကျယ်၌ ထင်ရှားပါလိမ့်မည်။

[ဆောင်] ဂုဏ်ဩဇနှင့်, ဥဒါရတာ, သဒ္ဒါ အတ္ထာ,၂ ချက်ရ၏၊ သမာဓိတွက်, အတ္ထနက်သာ၊ တစ်နည်းမှာမူ, ဥပစာလျှင်, တင်သော်သဒ္ဒ, ဂုဏ်လည်း ရသတဲ့၊ သေသ အများ, ခုနစ်ပါးမူ, မပြား သဒ္ဒ, ဂုဏ်သာရသည်၊ ... မှတ်ကြ အချုပ်အခွဲတည်း။

~~~~~~~

၁၁၉။ အဒူရာတျာဒိ။ ။စပ်သင့်သော ပုဒ်များကို မဝေးအောင် (နီးကပ်စွာ)ထားခြင်း, အလွန်ထင်ရှားသော ဟောနက်ရှိခြင်း ဤအင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော ပုဒ်အစဉ် ဝါကျသည် ပသာဒဂုဏ် ရှိ၏၊ ဗျာကိဏ္ဏဒေါသ လွတ်လျှင် စပ်ပုဒ်ချင်း နီး၏၊ ကိလိဋ္ဌဒေါသ လွတ်လျှင် အနက် ထင်ရှား၏၊ ထို့ကြောင့် ထိုဒေါသ ၂ ပါးမှ လွတ်လျှင် အလိုလို ပသာဒဂုဏ် ရောက်တော့၏။ [ဧတ္ထ ကိလိဋ္ဌဒေါသဗျာကိဏ္ဏဒေါသ ပရိဟာရေတိ ပသာဒါလင်္ကာရော သိဇ္ဈတိ၊-ဋီကာ။]

[ဆောင်] (၁) စပ်ဖွယ်ပုဒ်များ, နီးစွာထား၍, ထင်ရှားအနက်, ရှိသည့်တွက်, မှတ်ချက် ပသာဒဆို။

(၂) ကိလိဋ္ဌနှင့်, ဗျာကိဏ္ဏပြစ်, မစွန်းညစ်က, ပသာဒ, ဂုဏ်ရ အလိုလို။
~~~~~~~

http://www.dhammadownload.com

၁၂၀။ မုနိနော-မြတ်စွာဘုရား၏၊ ဝဒနံ-မျက်နှာတော်ကို၊ အလင်္ကာရောန္တော-တန်ဆာဆင်ကုန်သော၊ အဓရရုသိယော-နှုတ်ခမ်းတော်၏ နီမြန်းသော အရောင်တို့သည်၊ အမ္ဗုဇောဒရေ - ပဒုမ္မာကြာတို့ကဲ့၌၊

အဒူရာ၊ပေ၊သုဘဂါ။ ။အဒူရေ-အနီး၌၊ (တစ်နည်း) အဒူရော-နီးသော+အာဟိတော-ထားအပ်သော+သမ္မန္နော-ကြိယာ ကာရကတို့၏ အချင်းချင်း စပ်ခြင်းတည်း၊ အဒူရာဟိတသမ္မန္နော-ခြင်း၊ [အဒူရေ အာသန္နပဒေသေ၊ တဒုပစာရေန အာသန္နော ဝါ-အနီးအရပ်၏ အဒူရ အမည်ကို ထိုအရပ်၌တည်သော သဒ္ဒါပေါ်၌ တင်စား၍ သဒ္ဒါကိုလည်း "အဒူရ"ဟု ဌာနူပစာရအားဖြင့် ခေါ်နိုင်၏။-ဋီကာ၊] အဒူရာဟိတသမ္မန္နေန-အနီး၌ ထားအပ်သော စပ်ခြင်းဖြင့် (စပ်ရာ ပုဒ်များကို မဝေးအောင် ထားခြင်းဖြင့်)+သုဘဂါ-တင့်တယ်သည်တည်း၊ အဒူရာဟိတသမ္မန္နသုဘဂါ-သည်။

သုပသိဒ္ဓါဘိဓေယျ။ ။သုပသိဒ္ဓေါ+အဘိဓေယျော (ဟောနက်) ယသာတိ သုပသိဒ္ဓါဘိဓေယျာ=အလွန်ထင်ရှားသော အနက်ရှိသော (အနက်ထင်ဖို့ရာ အလွန်လွယ်ကူသော) ပဒါဝယဝိ၊ "အနက်"ဟူရာ၌ ထိုသဒ္ဒါ၏၊ဟောနက် (သဒ္ဒတ္ထ)တည်း၊ ရေးသားစီကုံးသူ၏ ဆိုလိုအပ်သော အဓိပ္ပာယတ္ထကား ပုဒ်စဉ်ကြည့်ရုံဖြင့် မထင်ရှားနိုင်, ပင်ကို အားဖြင့် နက်နဲရိုးတည်း၊ [ဧတ္ထ သုပသိဒ္ဓေါ နာမ သဒ္ဒတ္ထော၊ အဓိပ္ပာယတ္ထော ပန ပကတိဂမ္ဘီရော၊] ဆက်ဦးအံ့-"အနက်ထင်ဖို့ရာ လွယ်ကူ" ဟူရာ၌ အတော်အတန် အနက်ဉာဏ်ရှိသူတို့အတွက် လွယ်ကူခြင်းကို ဆိုလိုသည်၊ အနက်ဉာဏ် မရှိသူတို့မှာ အလွန် လွယ်ကူအောင် ရေးသားသော်လည်း လွယ်ကူမည် မဟုတ်ချေ။

ပသာဒံ။ ။ပသန္နဖလိကာဝဋ္ဋိ-ကြည်လင်သော ဖန်လုံး ဖန်သီးအစဉ်သည်၊ အတ္တာနိ-မိမိ၌၊ အာဝုနိတရတ္တကမ္မလသုတ္တံ-ထိုးသီအပ်သော ကမ္မလာနီကြိုးကို၊ (ပသာဒေတိ ဣဝ-ကြည်လင်ထင်ရှားစေသကဲ့သို့၊) အတ္ထသ-(ကြိုးနှင့်တူသော) အနက်ကို၊ ပသာဒနသခီဘော-ကြည်လင်ထင်ရှားစေတတ်သည်၏အဖြစ်ဟု ဆိုအပ်သော၊ ပသာဒါလင်္ကာရော-သည်၊ ပသာဒေါ-ပသာဒဂုဏ် မည်၏။ [ပသာဒယတိ-အနက်ကို ကြည်လင်ထင်ရှားစေတတ်၏၊ ဣတိ ပသာဒေါ။]

http://www.dhammadownload.com

သမ္မတန္တာ - ကောင်းစွာ ကျရောက်ကုန်သော၊ အရုဏရံသိဝ - အရုဏ်ရောင်တို့ကဲ့သို့၊ သောဘန္တေ-တင့်တယ်ပါပေကုန်၏။

၁၂၀။ အလင်္ကာရောန္တာတျာဒိ။ ။"ဘုရားရှင်၏ နီမြန်းသော နှုတ်ခမ်းတော်တို့သည် မျက်နှာတော်ကို တန်ဆာဆင်ထားကုန်လျက် ပွင့်ခါနီးသော ပဒုမ္မာကြာတို့ကဲ့သို့ ကျရောက်သော ထွက်သစ်စ နေရောင်ကဲ့သို့ လွန်စွာ တင့်တယ်တော်မူကြပါပေသည်"ဟု နှုတ်ခမ်း တော်ကို ချီးမွမ်း ဖွဲ့နွဲ့ရာဝယ် ပသာဒဂုဏ်ရောက်အောင် စီကုံးထား သော ဂါထာဖြစ်သည်။ ["မျက်နှာတော်သည် ကြာတို့ကဲ့နှင့် တူ၏၊ နှုတ်ခမ်းတော်၏ နီမြန်းသော အရောင်သည် အရုဏ်ရောင်နှင့် တူ၏"ဟု ဥပမာအလင်္ကာလည်း ပါဝင်၏။]

နီးစွာထား၍ အနက်ထင်ရှားပုံ။ ။အလင်္ကာရောန္တာဟူသော ကြိယာနှင့် ဝဒနံဟူသော ကံကိုလည်းကောင်း, မုနိနောဟူသော သမ္မန်နှင့် ဝဒနံဟူသော သမ္မန္ဓိ-အဓရရံသိယောဟူသော သမ္မန္ဓိတို့ကိုလည်းကောင်း, အဓရရံသိယော ဟူသော ကတ္တားနှင့် သောဘန္တိ ဟူသော ကြိယာကိုလည်းကောင်း, အမ္ဗုဇော ဒရေဟူသော အာဓာရနှင့် အရုဏရံသိယော ဟူသော အာဓေယ်ကိုလည်း ကောင်း, သမ္မတန္တာ ဟူသော ဝိသေသနနှင့် အရုဏရံသိယော ဟူသော ဝိသေသျကိုလည်းကောင်း, အလွန်နီးကပ်စွာ ထားသောကြောင့် အဒူရာဟိတ သမ္မန္ဓ ဖြစ်၏၊ ထိုသို့ စပ်သင့်ရာပုဒ်ချင်း နီးစွာထားသောကြောင့် အနက် ထင်ရှားရကား သုပသိဒ္ဓါဘိဓေယျလည်း ဖြစ်သည်။ [မုနိနောပုဒ်သည် ရှေ့ ဝဒနံနှင့် နောက် အဓရရံသိယောကို ငဲ့သောကြောင့် ကာကောလောကန နည်းတည်း။]

ဗဟုသုတော အပွဿုတံ, ယော သုတေနာ-တိမညတိ၊
အန္ဓော ပဒီပဓာရော-ဝ, တထေဝ ပဋိဘာတိ မံ။

အကြင်သူသည် မိမိက ဗဟုသုတပဂ္ဂိုလ် ဖြစ်၍ အပွဿုတဖြစ်သော အခြားသူကို သုတအားဖြင့် လွန်၍မှတ်ထင်၏၊ ဝါ-အထင်သေး၏၊ ထိုသူသည် သူကန်းက ဆီမီးကို ဆောင်ထားခြင်းနှင့် တူ၏-ဟု ငါ့မှာ ဥပမာထင်လာ၏၊ "ဤဂါထာသည် အစပ်လည်း နီး, အနက်လည်း ထင်ရှားသောကြောင့် ပသာဒ ဂုဏ် ရောက်၏၊ တ အက္ခရာ ၃ ကြိမ်, ဝ အက္ခရာ ၂ ကြိမ် ထပ်သောကြောင့် အနုပ္ပာသမဓုရတာဂုဏ်လည်း ရောက်၏၊ သိထိလအက္ခရာများခြင်း, အရွတ် အဖတ် မခက်ခြင်းကြောင့် သုခုမာလတာဂုဏ်လည်း ရောက်၏"ဟု စံကျောင်း နိဿယ ထုတ်ပြ၏။

http://www.dhammadownload.com

ဩဇဂုဏ်၏လက္ခဏာနှင့် ပုံစံ

၁၂၁။ ဩဇော သမာသဗာဟုလျ–မေသော ဂဇ္ဈဿ ဇိဝိတံ၊ ပဇ္ဇေျ-နာကုလော သော-ယံ, ကန္တော ကာမိယတေ ယထာ။

၁၂၁။ သမာသဗာဟုလျံ-သမာသ်များသည်၏ အဖြစ်သည်၊ ဩဇော-ဩဇဂုဏ်မည်၏၊ ဧသော-ဤဩဇဂုဏ်သည်၊ ဂဇ္ဈဿ-စုဏ်ကိုယဝါကျ၏၊ ဇီဝိတံ-အသက်တည်း၊ အနာကုလော-မရှုပ်ထွေးသော၊ ဝါ-မရှုပ်ထွေးသည်၏ အဖြစ်ကြောင့်၊ ကန္တော-နှစ်သက်ဖွယ်ကောင်းသော၊ သောယံ-ထို ဩဇဂုဏ်ကို၊ ပဇ္ဇေပိ-ဂါထာဌာန်လည်း၊ ကာမိယတေ-အလိုရှိအပ်၏၊ ယထာ-ဥဒါဟရဏ်ကား။....

၁၂၁။ ဩဇော ၊ပေ၊ ဇိဝိတံ။ ။ဩဇဂုဏ်၏ လက္ခဏာကား သမာသ်ပုဒ် အဆင့်ဆင့် တွဲရလောက်အောင် သမာသ်များသည်၏ အဖြစ်တည်း၊ ထိုသို့ သမာသ်ပုဒ်တွေ ရှည်လျား များပြားခြင်းသည် စုဏ်ကိုယဝါကျအတွက် အသက်ရှိနေသကဲ့သို့ ဖြစ်၏၊ ["ဇီဝိတသီသေန ဟဒယံ စိတ္တံတိ ဝေဒိတဗ္ဗံ"ဟု ဋီကာသစ်ဖွင့်သောကြောင့် ဇီဝိတကို ဦးခေါင်းတပ်၍ ဆိုထားသဖြင့် "စိတ်"ဟုလည်း အနက်မှတ်ပါ၊ သမာသ်များခြင်းသည် စုဏ်ကိုယဝါကျ၌ စိတ်အသက် ဝင်နေသကဲ့သို့ ဖြစ်သည်-ဟူလို။] ထို့ကြောင့် အဋ္ဌကထာဆရာတို့သည် "ပရမ္ပဝိသုဒ္ဓသဒ္ဒါဗုဒ္ဓိဝိရိယပဋိမဏ္ဍိတ"စသည်ဖြင့် အသက် (စိတ်) ဩဇဂုဏ် ပါရှိအောင် သမာသ်များသော စုဏ်ကိုယကြီးဖြင့် နိဂုံးချုပ်ကြသည်။

ပဇ္ဇေျ ၊ပေ၊ ယထာ။ ။"ထို ဩဇဂုဏ်ရောက်သော သမာသ်ပုဒ်သည် အနာကုလ-အနက်ထင်ဖို့ရာ (မရှုပ်ထွေးဘဲ) ရှင်းလင်းရမည်၊ အနက်ထင်ဖို့ ခဲယဉ်းနေလျှင် ပြခဲ့သော ပသာဒဂုဏ်ပျက်၍ ကိလိဋ္ဌဒေါသ-ဗျာကိဏ္ဏဒေါသတို့ ဝင်ရောက်လာလိမ့်မည်"ဟူလို၊ ထိုသို့ မရှုပ်ထွေးဘဲ ရှင်းလင်းနေသောကြောင့် နှစ်သက်ဖွယ်ကောင်းရကား ပညာရှိတို့သည် (စုဏ်ကိုယဝါကျ၌သာမက) ဂါထာဌာန်လည်း သမာသ်များသော ဩဇဂုဏ်ကို အလိုရှိကြ သုံးစွဲကြပါသည်။

လက္ခဏာ ၂ ပါး။ ။သမာသဗာဟုလျ, အနာကုလကိုကြည့်၍ "သမာသ်ပုဒ်များခြင်းသည် လက္ခဏာတစ်ပါး၊ သမာသ်ပုဒ်ရှည်လျား များပြားလျှင် အနက်မထင်ရှားနိုင်ဘဲ ရှုပ်ထွေးနေတတ်၏၊ ထို့ကြောင့်

http://www.dhammadownload.com

၁၂၂။ မုနိန္ဒမန္ဒသဥ္ဇာတ–ဟာသစန္ဒနလိမ္ဗိတာ၊
ပလ္လဝါ ဓဝလာ တသော–ဝေကော နာဓရေပလ္လဝေါ။

၁၂၂။ မုနိန္ဒမန္ဒသဥ္ဇာတဟာသစန္ဒနလိမ္ဗိတာ-မုနိသေဋ္ဌနင်း, တရားမင်း၏, ညှင်းညှင်းသာသာ, ကောင်းစွာဖြစ်ပေါ်, ပြုံးတော်မူခြင်းဟူသော စန္ဒကူးဖြူဖြင့် လိမ်းကျံအပ်ကုန်သော၊ ပလ္လဝါ-နီးပါးဝန်းကျင်, သစ်ပင်၏ ရွက်ညွှန့်တို့သည်၊ ဓဝလာ-ဝဇီရစိန်အသွေးကဲ့သို့, ဖြူဖွေးကြလေကုန်၏၊ တသ-ထိုဘုရားရှင်၏၊ ဧကော အဓရေပလ္လဝေါဝ-တုဖက်ကင်းဝေး, နီတွေးသော နှုတ်ခမ်းတော် ရွက်ညွှန့်သည်သာ၊ န ဓဝလာ-ဖြူရောင်မလွှမ်းဘဲ နီမြန်းမြ နီမြန်းနေတော့သတည်း။

မရှုပ်ထွေးဘဲ ရှင်းလင်းခြင်းလည်း လက္ခဏာတစ်ပါး"ဟု မှတ်ပါ၊ ကန္တော-ကား လက္ခဏာ မဟုတ်၊ အနာကုလ ဖြစ်ခြင်းကြောင့် ရအပ်သော အကျိုးတည်း။

[ဆောင်] သမာသ်များခြင်း, မရှုပ်ခြင်းဟု, ကြောင်းရင်းနှစ်ဝ,
ဖြည့်စုံမှ, မှတ်ကြ ဩဇဂုဏ်။

မှတ်ချက်။ ။အခို့ကား-အနာကုလောကို ပဇ္ဈေန့်သာ စပ်၍ "မရှုပ်ထွေးလျှင် ဂါထာ၌လည်း အလိုရှိအပ်၏"ဟု အဓိပ္ပာယ်ဆိုကြ၏၊ ထိုအတိုင်းမှန်လျှင် "စုဏ္ဏိယဂန္ထိကား အာကုလ-ရှုပ်ထွေးချင် ရှုပ်ထွေးစေ"ဟု ခွင့်ပြုရာရောက်၏၊ အမှန်မှာ"စုဏ္ဏိယ၌လည်း မရှုပ်ထွေးမှ ဩဇဂုဏ် ရောက်သည်"ဟု မှတ်။

~~~~~~~~~~~~

၁၂၂။ မုနိန္ဒ၊ပေ၊ **ပလ္လဝေါ။** ။[စုဏ္ဏိယ၏ အသက်ဟု ဆိုခဲ့သော်လည်း ဂါထာတို့ကို ပြနေသော အရာဌာနဖြစ်၍ စုဏ္ဏိယကို ပုံစံမပြဘဲ "ပဇ္ဈေပိ ကာမီယတေ"အရ ပဇ္ဈမည်သော ဂါထာကို ပုံစံပြသည်။] ဤဂါထာသည် ဘုရားရှင်၏ သွားတော်များ ဖြူပုံနှင့် နှုတ်ခမ်းတော် နီမြန်းပုံကို ဖွဲ့ဆိုသော အဖွဲ့အနွဲ့တည်း၊ ထိုသို့ ဖွဲ့ဆိုရာဝယ် "မုနိန္ဒမန္ဒသဥ္ဇာတဟာသစန္ဒနလိမ္ဗိတာ"ဟု သမာသ်ပုဒ်ကြီးကို ထည့်၍ ဖွဲ့နွဲ့ထားသောကြောင့် ဩဇဂုဏ်ပါသော ဂါထာဖြစ်သည်။ [အနက် ထင်ရှားသောကြောင့် ပြခဲ့သော ပသာဒဂုဏ်လည်း ရ၏။]
~~~~~~~~~~~~

http://www.dhammadownload.com

ထိုဂါထာ၏ ဆိုလိုရင်းကား-ဘုရားရှင် ပြိုးတော်မူလိုက်သောအခါ သွားတော်မှ ထွက်ပေါ်သည့် ဖြူသော ရောင်ခြည်တော်တို့သည် စန္ဒကူးနုံသာဖြူကဲ့သို့ ဖြူဖွေးကုန်၏၊ ထိုသွားတော်ရောင်တို့ကြောင့် အနီးအပါး၌ ရှိကြသော သစ်ပင်များ၏ နဂိုနီတွေးသော ရွက်ညွှန့်ကလေးများသော်မှ ဝဇီရစိန်အသွေးကဲ့သို့ ဖြူဖွေးသောအရောင် ရှိကြရသည်၊ ဤစကားဖြင့် သွားတော်ရောင်တို့ကို ဖွဲ့နွဲ့၏၊ သို့သော် ဘုရားရှင်၏ အတုမဲ့နိမြန်းသော နှုတ်ခမ်းတော်ကား သွားတော်အရောင်နှင့် နီးကပ်စွာ တည်နေရသော်လည်း အဖြူရောင် မလွှမ်းဘဲ နီမြန်းမြဲ နီမြန်း၍နေ၏၊ ဤစကားဖြင့် နှုတ်ခမ်းတော် နီမြန်းပုံကို ဖွဲ့နွဲ့ပြန်သည်။ [“ဧကောသည် အတုလျှအနက်ဟော”ဟု ဋီကာဖွင့်၏။]

သမာသ်များပုံ။ ။မုနိနံ+ဣန္ဒော မုနိန္ဒော၊ ၁-ဆဋ္ဌီတပ္ပုရိသ်သမာသ်၊ သမ္မာ+ဇာတော သဉ္ဇာတော၊ ၂-ကမ္မဓာရဲ၊ မန္ဒံ-သာသာညှင်းညှင်း+သဉ္ဇာတော မန္ဒသဉ္ဇာတော၊ ၃-ဒုတိယာတပ္ပုရိသ်၊ မန္ဒသဉ္ဇာတော စ+သော+ဟာသော စာတိ မန္ဒသဉ္ဇာတဟာသော၊ ၄-ကမ္မဓာရဲ၊ မန္ဒသဉ္ဇာတဟာသသခီတံ+စန္ဒနံ မန္ဒ၊ပေ၊စန္ဒနံ၊ ၅-ကမ္မဓာရဲ၊ မုနိန္ဒသ+မန္ဒ၊ပေ၊ စန္ဒနံ မုနိန္ဒ၊ပေ၊စန္ဒနံ၊ ၆-ဆဋ္ဌီတပ္ပုရိသ်၊ မုနိန္ဒ၊ပေ၊ စန္ဒနေန+လိမ္ပိတာ မုနိန္ဒ၊ပေ၊လိမ္ပိတာ၊ ၇-တတိယာတပ္ပုရိသ်၊ ဤသို့ ပုဒ်တစ်ပုဒ်ထဲ၌ သမာသ် ၇ မျိုး အဆင့်ဆင့် တွဲရအောင် သမာသ် များသောကြောင့်လည်းကောင်း, ပုဒ်နေရှုပ်ထွေးခြင်းလည်း မရှိသော ကြောင့်လည်းကောင်း မုနိန္ဒ၊ပေ၊လိမ္ပိတာပုဒ်သည် ကန္တ(နှစ်သက်ဖွယ်) ဖြစ်ရကား ဂါထာတွင်း၌ ထည့်သွင်း၍ သုံးစွဲထိုက်လောက်အောင် သြဇဂုဏ် ရှိပါပေသည်၊ ဤပုဒ်ကြီး တစ်ပုဒ်ကြောင့်ပင် တစ်ဂါထာလုံး သြဇဂုဏ် ရှိသောဂါထာ ဖြစ်ရသည်။

အမှာ။ ။ဤဂါထာ၌ “တဿ”ပုဒ်နှင့်စပ်၍ ပက္ကန္တဝိသယ(တ), ပသိဒ္ဓဝိသယ (တ), အနုဘူတဝိသယ (တ)ဟု တ ၃ မျိုးကို ဋီကာနိဿယတို့၌ ပုံစံနှင့်တကွ ပြကြ၏၊ [ထို ၃ မျိုးတွင်ကား ဤ တဿ၌ တ သည် လွန်ခဲ့ပြီးသော မုနိန္ဒကို ပြန်၍စွဲရသော ပက္ကန္တဝိသယတည်း။]

ပက္ကန္တဝိသယ။ ။လွန်ခဲ့ပြီးသော စွဲရာဖြစ်နက်ရှိသော တ သည် ပက္ကန္တဝိသယ(တ) မည်၏၊ ပုံစံကား “တတ္ထ ဝုတ္ထာဘိမမ္မတ္ထာ စတုဓာ”

http://www.dhammadownload.com

တည်း၊ (သဂြိဟ်)၊ ဤ တတ္ထဋ္ဌ ပါသော တ သဒ္ဒါသည် "သမ္မာသမ္ဗုဒ္ဓ မတုလံ၊ပေ၊အဘိဓမ္မတ္ထသင်္ဂဟံ"ဟူသော ပါဠိဋ္ဌ "အဘိဓမ္မတ္ထသင်္ဂဟံ" ဟူသော လွန်ပြီးပုဒ်ကို စွဲရသောကြောင့် ပက္ကန္တဝိသယ(တ) မည်၏၊ ပက္ကန္တော+ဝိသယော ယဿာတိ ပက္ကန္တဝိသယော၊ ယဿ-အကြင် တ သဒ္ဒါ၏၊ ပက္ကန္တော-ဖဲအပ်ခဲ့သော၊ ဝါ-လွန်ပြီးသော၊ ဝိသယော-စွဲရာ အနက်သည်၊ အတ္ထိ ဣတိ ပက္ကန္တဝိသယော-မည်၏။

ပသိဒ္ဓဝိသယ။ ။တိုက်ရိုက်ထင်ရှားသော စွဲရာအနက်ရှိသော (တ)သည် ပသိဒ္ဓဝိသယ(တ) မည်၏၊ ပုံစံကား-"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"တည်း၊ ဤ၌ "တဿ ဘဂဝတော"ဟု တ ၏ စွဲဖို့ရာ "ဘဂဝတော"ဟု တိုက်ရိုက်ပါရကား တဿ၌ တ သည် ပသိဒ္ဓဝိသယတည်း၊ ပသိဒ္ဓေါ (တိုက်ရိုက်ထင်ရှား, သော)+ ဝိသယော ယဿာတိ ပသိဒ္ဓဝိသယော။

အနုဘူတဝိသယ။ ။ခံစားပြီး တွေ့ကြုံပြီး လွန်ခဲ့ပြီး ကြိယာကို စွဲရသော တ သည် အနုဘူတဝိသယ(တ) မည်၏၊ ပုံစံကား --

အတီတံ နာနုသောစာမိ, န ပဇပ္ပာမိ.နာဂတံ၊
ပစ္စုပ္ပန္နေန ယာပေမိ, တေန ဝဏ္ဏော ပသီဒတိ။

အတီတံ-လွန်ပြီးအရာကို၊ နာနုသောစာမိ-အစဉ်တွေး၍, ဆွေးမနေပါ၊ အနာဂတံ-မရောက်လာသေး, နောင်ခါရေးကိုလည်း၊ န ပဇပ္ပာမိ-မျှော်တွေး တောင့်တ၍ မနေပါ၊ ပစ္စုပ္ပန္နေန-လက်ငင်းတွေ့ရ, ဟင်းရွက်ပြုတ်မျှဖြင့်၊ ယာပေမိ-မျှတ၍ နေပါ၏၊ တေန-ထိုသို့ ပစ္စုပ္ပန်ဖြင့် မျှတခြင်းကြောင့်၊ ဝဏ္ဏော-သားတော်၏အဆင်းသည်၊ ပသီဒတိ-နန်းတော်တွင်းမှာ, နေစဉ်ခါထက်, လွန်စွာသန့်စင်, ကြည်လင်၍ နေပါ၏။ [တေမိယဇာတ်တော်၊] ဤဂါထာဌ် လွန်ခဲ့ပြီးသော ယာပနကြိယာကို ပြန်၍ "တေန"ဖြင့် စွဲရသောကြောင့် ဤ တ သဒ္ဒါသည် အနုဘူတဝိသယ (တ) မည်၏၊ အနုဘူယိတ္ထ-ခံစားအပ်ပြီ၊ ဝါ-တွေ့ခဲ့ရပြီ၊ ဣတိ အနုဘူတော၊ အနုဘူတော+ဝိသယော ယဿာတိ အနုဘူတဝိသယော။

[ဆောင်] ပက္ကန္တမှာ, ဝိသယာ, တီတာ ဖြစ်ကြည့်။
ပသိဒ္ဓမှာ, စွဲဖို့ရာ, ထင်စွာ တိုက်ရိုက်ရှိ။
အနုဘူတ, ဝိသယ, တီတ ကြိယာတည့်။

http://www.dhammadownload.com

အတ္ထဩဇုဏ်

၁၂၃။ ပဒါဘိဓေယျဝိသယံ, သမာသဗျာသ သမ္ဘဝံ၊
ယံ ပါရိဏာတျံ ဟောတီဟ, သောပိ ဩဇော တံ ယထာ။

၁၂၃။ ပဒါဘိဓေယျဝိသယံ။ ။ပုဒ်တို့၏ အနက်ဟူသော အရာရှိသော၊ သမာသဗျာသသမ္ဘဝံ-အကျဉ်းချုံးခြင်း, အကျယ်ချဲ့ခြင်းအားဖြင့် ကောင်းစွာဖြစ်ခြင်း ရှိသော၊ ယံ ပါရိဏာတျံ-ကျမ်းဂန်အရာ, ပညာတိုးတက်, ရင့်ကျက်သူ၏အဖြစ်ဟူသော အကြင်ဂုဏ်သဘောသည်၊ ဟောတိ-ရှိ၏၊ သောပိ-ထိုကျမ်းဂန်အရာ, ပညာတိုးတက်, ရင့်ကျက်သူ၏အဖြစ်ဟူသော ဂုဏ်သဘောသည်လည်း၊ ဣဟ-ဤသုဗောဓလင်္ကာရကျမ်း၌၊ ဩဇော-ဩဇဂုဏ်ပင်တည်း၊ တံ-ထိုဥဒါဟရုဏ်သည်၊ ယထာ-အဘယ်နည်း။....

၁၂၃။ ပဒါဘိဓေယျတျာဒိ။ ။ပဒါနံ-ပုဒ်တို့၏+အဘိဓေယျော-ဟောအပ်သောအနက်တည်း၊ ပဒါဘိဓေယျော-နော်၊ ပဒါဘိဓေယျော+ဝိသယော ယဿာတိ ပဒါဘိဓေယျဝိသယံ (ပါရိဏာတျံ)-ပုဒ်တို့၏ ဟောနက်ဟူသော အရာရှိသော ပရိဏာတျ၊ ဤ ပဒါဘိဓေယျဝိသယံ ပါဌ်ဖြင့် အတ္ထဩဇုဏ်ဖြစ်ကြောင်း သိရသည်။

သမာသဗျာသသမ္ဘဝံ။ ။သမာသ-အကျဉ်းချုံးခြင်း၊ ဗျာသ (ဝိ+အာသ)-အကျယ်ချဲ့ခြင်း၊ သမာသော စ+ဗျာသော စ သမာသဗျာသာ၊ သမာသဗျာသတော+သမ္ဘဝံ-ဖြစ်သည်တည်း၊ သမာသဗျာသသမ္ဘဝံ-သည်၊ (တစ်နည်း) သမာသဗျာသတော+သမ္ဘဝေါ ယဿာတိ သမာသဗျာသသမ္ဘဝံ- (ပါရိဏာတျံ)=သမာသဗျာသတို့ကြောင့် ဖြစ်ခြင်းရှိသော ပါရိဏာတျ၊ ဤပါဌ်ဖြင့် အကျယ်အနက်ကို အကျဉ်းချုံးခြင်းရှိသော သမာသအတ္ထဩဇုဏ်, အကျဉ်းအနက်ကို အကျယ်ချဲ့ခြင်းရှိသော ဗျာသအတ္ထဩဇုဏ်ဟု အတ္ထဩဇုဏ် ၂ မျိုးပြားကြောင်း သိရသည်။

ပါရိဏာတျံ။ ။ပရိပုဗ္ဗ+နမုဓာတ်, တပစ္စည်း၊ ပရိနမတိ-ရင့်ကျက်၏၊ ဣတိ ပရိဏာတော-ဉာဏ်ပညာအားဖြင့် ရင့်ကျက်သောကျမ်းပြုပုဂ္ဂိုလ်၊ ထိုပုဂ္ဂိုလ် စီရင်အပ်သော အဖွဲ့အနွဲ့လည်း ကာရကဥပစာအားဖြင့် ပရိဏာတ မည်၏၊ ပရိဏာတဿ-ပရိဏာတ အဖွဲ့အနွဲ့၏ + ဘာဝေါ-

http://www.dhammadownload.com

သမာသအတ္ထသြဇဂုဏ်ပုံစံ

၁၂၄။ ဇောတယိတွာန သဒ္ဓမ္မံ, သန္တာရေတွာ သဒေဝကေ၊
ဇလိတွာ အဂ္ဂိခန္ဓောဝ, နိဗ္ဗုတော သော သသာဝကော။

၁၂၄။ သသာဝကော-သာဝကနှင့်တကွ ဖြစ်တော်မူသော၊ သော-ထိုမြတ်စွာဘုရားသည်၊ သဒ္ဓမ္မံ-သူတော်ကောင်းတရားကို၊ ဇောတယိတွာန-ထွန်းလင်းစေတော်မူပြီး၍၊ သဒေဝကေ-နတ်နှင့်တကွသော သတ္တဝါတို့ကို၊ သန္တာရေတွာ-သံသရာရေအယဉ်မှ ကယ်တင်တော်မူပြီး၍၊ အဂ္ဂိခန္ဓောဝ-မီးပုံကြီးကဲ့သို့၊ ဇလိတွာ-ရူပကာယဖြင့် တောက်ပတော်မူပြီး၍၊ နိဗ္ဗုတော-ငြိမ်းတော်မူလေပြီ။

ဖြစ်ကြောင်းဖြစ်ရာ (အကျယ်ကို အကျဉ်းချုံး, အကျဉ်းကို အကျယ်ချဲ့၍ ဖွဲ့နွဲ့ခြင်း) သဒ္ဒဂုဏ် အတ္ထဂုဏ်တည်း၊ ပါရိဏတျံ-ဂုဏ်။

ဆက်ဦးအံ့–"ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ ဧတသ္မာတိ ဘာဝေါ"နှင့် အညီ အသိဉာဏ်နှင့် သဒ္ဒါ၏ဖြစ်ကြောင်းသည် ဘာဝ မည်၏၊ သြဇဂုဏ်ပါသော အဖွဲ့အနွဲ့ကို မြင်ရသူတို့က ကျမ်းပြုပုဂ္ဂိုလ်ကို "သိပ်.... ဉာဏ်ပညာ ရင့်ကျက်တဲ့သူ-သိပ်ဉာဏ်ကြီးတဲ့သူ"ဟု သိကြ၏၊ ထို ကျမ်းပြုပုဂ္ဂိုလ်ကို "ပရိဏတ"ပုဂ္ဂိုလ်ဟုလည်း ခေါ်ဝေါ်ကြ၏၊ ထို့ကြောင့် ပရိဏတပုဂ္ဂိုလ်ဟု သိသောဉာဏ်, ပရိဏတသဒ္ဒါ၏ဖြစ်ကြောင်း "ပါရိဏတျ"ဟူသည် သြဇဂုဏ်ဟူသော သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရ တည်း၊ ထို့ကြောင့်ဋီကာ၌"ကတ္တူနံ ဂန္ထဝိသယေ ပရိဏတပ္ပကာသကော (ဉာဏ်ရင့်သူ၏အဖြစ်ကို ပြတတ်သော)ယော သဒ္ဒဓမ္မော အတ္ထဓမ္မော ဟောတိ၊ သဒ္ဒဂုဏော အတ္ထဂုဏောတိ ဝုတ္တံ ဟောတိ"ဟု "ပါရိဏတျ" အရ သဒ္ဒသြဇဂုဏ်, အတ္ထသြဇဂုဏ်ကို ဖွင့်ပြသည်။ [အနက်သြဇဂုဏ်ကို ပြသော အရာဖြစ်၍ အတ္ထသြဇဂုဏ်သာ လိုရင်းတည်း၊ သို့သော် အနက်ကို ပြသော အဖွဲ့အနွဲ့သဒ္ဒါလည်း ဖလူပစာရအားဖြင့် သဒ္ဒသြဇဂုဏ် မည်နိုင်သည်။]

၁၂၄။ ဇောတယိတွာနတျာဒိ။ ။ဘုရားရှင်သည် ပရိယတ်နှင့်တကွ လောကုတ္တရာ ၉ ပါးဟူသော သူတော်ကောင်းတရားကို ထွန်းလင်းစေပြီးလျှင် သတ္တဝါတို့ကို သံသရာရေအယဉ်မှ ကယ်တင်တော်မူပြီး၍

http://www.dhammadownload.com

(သာဝကများနှင့်အတူ) မီးပုံကြီးငြိမ်းသွားသကဲ့သို့ ငြိမ်းတော်မူလေပြီ၊ ဤဂါထာဖြင့် ဘုရားရှင်၏ ၄၅ ဝါကာလပတ်လုံး အဖြစ်တော်စဉ် (ဗုဒ္ဓဝင်)အားလုံးကို တစ်ဂါထာတည်းဖြင့် ပြည့်စုံအောင် ချုံး၍ ပြထားသောကြောင့် ဤ ဂါထာသည် သမာသအတ္ထသြဇဂုဏ်ရောက်သောအဖွဲ့ မည်၏။

ဋီကာ။ ။ သဒ္ဓမ္မံ သပရိယတ္တိကံ နဝလောကုတ္တရသဒ္ဓမ္မံ၊ ဇောတယိတွာ ဉာဏာလောကေန သြဘာသေတွာ၊ သဒေဝကေ သတ္တေ သံသာရသာဂရပရိယန္တံ (သို့) ဥပနေတွာ (ပို့ဆောင်တော်မူပြီး၍)၊ အဂ္ဂိက္ခန္ဓောဝ မဟာတေဇော (ကြီးစွာသော အရှိန်ရှိသော) အဂ္ဂိက္ခန္ဓော ဝိယ၊ ဇလိတွာ အနညသာဓာရဏရူပကာယသမ္ပတ္တိယာ (အခြားသူနှင့် မဆက်ဆံသော ရူပကာယ၏ ပြည့်စုံတော်မူခြင်းဖြင့်) ပဇ္ဇလိတွာ အန္တေ (နောက်ဆုံး၌) သသာဝကော သာဝကေဟိ သဟ၊ နိဗ္ဗုတော ခန္ဓပရိနိဗ္ဗာနေန ပရိနိဗ္ဗုတောတိ၊ ကုမိနာ သကလဗုဒ္ဓဝံသေ (ဘုရားအဖြစ်တော်စဉ် ဗုဒ္ဓဝင်အားလုံး၌) ဗဟူဟိ ပဒေဟိ ဝုတ္တတ္ထော (များစွာသော ပုဒ်တို့ဖြင့် အကျယ်ဟောထားအပ်သော အကြောင်းအရာကို)၊ သခ်ေပက္ကမေန ဝုတ္တော။

အလားတူပုံစံများ။ ။"ဟန္ဒ ဒါနိ ဘိက္ခဝေ၊ပေ၊အပ္ပမာဒေန သမ္ပာဒေထ"ဟူသော ပါဠိတော်လည်း ၄၅ ဝါပတ်လုံး ဟောထားအပ်သော သီလ သမာဓိ ပညာ အကြောင်းအရာ အားလုံးကို အပ္ပမာဒ တစ်ပုဒ်တည်းဖြင့် အကျဉ်းချုပ်ထားသောကြောင့် သမာသအတ္ထသြဇဂုဏ်ရောက်သော ပါဠိတော်တည်း။

သာ စ ဣဒ္ဓိ သော စ ယသော, တာနိ စ ပါဒေသု စက္ကရတနာနိ၊
သဗ္ဗံ တ.မန္တရဟိတံ, နနု ရိတ္တာ သဗ္ဗသခ်ါရာ။

ဤဂါထာဖြင့် "၃၂ ဖြာသော လက္ခဏာတော်ကြီး, ၈၀ သော လက္ခဏာတော်ငယ်, ပဋိသမ္ဘိဒါ ၄ ပါး, အဘိညာဏ် ၆ ပါး, သမာပတ် ၈ ပါး စသော တန်ခိုးတော်, အခြံအရံ အကျော်အစောဟူသော ဂုဏ်တော်တို့ ကွယ်ပျောက်ကြကုန်ပြီ" ဟုလည်း အကျဉ်းချုံး၏၊ ထို့ကြောင့် သြဇဂုဏ်ရောက်သည်။

~~~~~~~~~~~~~
~~~~~~~~~~~~~

http://www.dhammadownload.com

ဗျာသအတ္ထဩဂုဏ်ပုံစံ

၁၂၅။ မတ္ထကဋ္ဌိ မတသာပိ, ရဏောဘာဝံ ဝဇ္ဇှ မေ၊
ယတော ပုညေန တေ သေန္ဓိ, ဇိနပါဒမ္ဗုဇဒွယေ။

၁၂၅။ မတသာပိ-သေပြီးလည်းဖြစ်သော၊ မေ-ငါ၏၊ မတ္ထကဋ္ဌိ-ဦးခေါင်းရိုးတို့သည်၊ ရဏောဘာဝံ-မြူမှုန်၏အဖြစ်သို့၊ ဝဇ္ဇှ-ရောက်ပါစေကုန်သတည်း၊ (ကသ္မာ-အဘယ့်ကြောင့် ဤသို့ ဆုတောင်းရသနည်း၊) ယတော-အကြင့်ကြောင့်၊ ပုညေန-ငါ၏ကောင်းမှုအစွမ်းကြောင့်၊ တေ-ထိုဦးခေါင်းရိုးမြူမှုန်တို့သည်၊ ဇိနပါဒမ္ဗုဇဒွယေ-မြတ်စွာဘုရား၏ ခြေတော်အစုံ, ကြာပဒုံ၌ (တစ်နည်း) ဇေနပါဒမ္ဗုဇဒွယေ-ဘုရားနှင့်စပ်, ခြေမြတ်အစုံ, ကြာပဒုံ၌, သေန္ဓိ-ဖြစ်နိုင်ကုန်၏၊ ဝါ-ဋီကပ်နိုင်ကုန်၏၊ (တတော-ထို့ကြောင့် ဤသို့ ဆုတောင်းရသတည်း။)

၁၂၅။ မတ္ထကဋ္ဌိ၊ပေ၊ဝဇ္ဇှ မေ။ ။သေပြီးသော ငါ၏ဦးခေါင်းရိုးတို့သည် မြူမှုန်များ ဖြစ်ကြပါစေ၊ "ငါသေသောအခါ ဦးခေါင်းရိုးတို့သည် (အရိုးပုံသဏ္ဌာန်အတိုင်း မတည်ဘဲ) မြူမှုန်ကလေးတွေ ဖြစ်ကြပါစေ"ဟူလို၊ "ဘာ့ကြောင့် ဤကဲ့သို့ တောင့်တရသနည်း"ဟု မေးဖွယ်ရှိ၍ "ယတော၊ပေ၊ဒွယေ"ဟု ပိန့်သည်၊ "ထိုဦးခေါင်းရိုးက မြူမှုန်ဖြစ်သွားလျှင် ထိုမြူမှုန်တို့သည် ဘုရားရှင်၏ ခြေတော်တည်းဟူသော ပဒုမ္မာကြာအစုံ၌ ဖြစ်နိုင်-ငြိကပ်နိုင်ကြ၏၊ ထိုသို့ ငြိကပ်လျှင် ငါ့မှာ ကောင်းမှုကုသိုလ် ဖြစ်လိမ့်မည်၊ ထိုကောင်းမှုကို လိုလားသောကြောင့် ဤကဲ့သို့ ဦးခေါင်းရိုး၏ မြူမှုန်ကလေးတွေ ဖြစ်ဖို့ရန် တောင့်တရပါသည်"ဟူလို။

မှတ်ချက်။ ။စာအုပ်များ၌ "ပုညေန တေ သေန္ဓ"ဟု ရှိ၏၊ ဋီကာ၌ "သေန္ဓိ=ပဝတ္တန္တိ"ဟု ဖွင့်၏၊ ထို့ကြောင့် ဋီကာအလို "တေသေန္ဓိ"ဟု ရှိသင့်၏၊ ထို့ပြင် "ပုညေန"ကိုလည်း "တထာဝိဓေန ကုသလကမ္မေန ဟေတုနာ"ဟု ဟိတ်အနက် ဖွင့်သည်။ ["အန္ဓေန ဝသတိ"၌ အန္ဓေနဟူသော ပုဒ်မျိုးတည်း။]

http://www.dhammadownload.com

ဆိုလိုရင်းနှင့်ဩဂုဏ်ဖြစ်ပုံ

၁၂၆။ ဣစ္စတြ နိစ္စံ ပဏာတိ–ဂေဓော သာဓု ပဒိဿတိ၊
ဇယတေ•ယံ ဂုဏော တိက္ခ–ပညာန•မဘိယောဂတော။

၁၂၆။ ဣတိ-ဤဆိုအပ်ပြီးသော အစီအစဉ်ဖြင့်၊ အတြ-ဤဂါထာ၌၊ နိစ္စံ-အမြဲ၊ ပဏာတိဂေဓော-ရှိခိုးလိုခြင်း၌ ပြင်းပြသော ဆန္ဒသည်၊ သာဓု-ကောင်းစွာ၊ ပဒိဿတိ-ထင်ရှား၏၊ အယံ ဂုဏော-ဤဩဂုဏ်သည်၊

ဋီကာ။ ။မတ္ထကေ+အဒ္ဒိန် မတ္ထကဒ္ဒိ-ဦးခေါင်း၌ အရိုးတို့၊ ဝါ-ဦးခေါင်းရိုးတို့၊ မတ•ဿာပိ-မရဏံ အာပန္နဿာပိ-သေခြင်းသို့ ရောက်ပြီးလည်း ဖြစ်သော (“သေပြီးသော”ဟူလို) ဋီကာဟောင်း၊ ဇေနပါဒမ္မုဇဒွယေ-ဇိနပဋိဗဒ္ဓစရဏာ (ဘုရားနှင့်စပ်သော ခြေတော်ဟူသော) ပဒုမယုဂဠေ (ပဒုမ္မာကြာအစုံ၌)၊ ဤဋီကာအလို “ဇိနဿ+ဣဒံ ဇေနံ-ဘုရား၏ဥစ္စာ၊ ဝါ-ဘုရားနှင့်စပ်သည်”ဟု ဝိဂ္ဂဟပြု၍ “ဇေနပါဒမ္မုဇဒွယေ”ရှိစေ၊ သို့သော် “ဇိနဿ+ပါဒမ္မုဇဒွယံ”ဟု ပြု၍ ဇိနပါဒမ္မုဇဒွယေ”ဟုလည်း ရှိနိုင်သည်သာ။

၁၂၆။ ဣစ္စတြ၊ပေ၊ပဒိဿတိ။ ။မိမိသေတောင်မှ ဦးခေါင်းရိုးတွေ မြုပ်နှံဖြစ်၍ ဘုရားခြေတော်အစုံ၌ ကပ်ငြိစေလို၏ဟု ဆိုသဖြင့် “ဘုရားကို အမြဲ ဦးတိုက်နေလိုသော ဆန္ဒ၏ ပြင်းပြကြောင်း”ထင်ရှားသည်၊ ထို့ကြောင့် “ကထမဟံ ဘဂဝတော သိရိပါဒေ မုဒ္ဓနာ နိစ္စံ ပဏာမာမီတိ အဘိလာသော=ဝါသည် ဘယ်နည်းဖြင့် ဘုရားရှင်၏ အသရေရှိသော ခြေတော်တို့ကို အမြဲ ဦးတိုက်၍ နေရပါအံ့နည်း” ဟူသော သူ၏ အလိုဆန္ဒကို “မတ္ထကဒ္ဒိ”စသော ဂါထာဖြင့် အကျယ်ချဲ့၍ ဖွဲ့နွဲ့စီကုံးထားသောကြောင့် ဤဂါထာသည် ဗျာသအတ္ထဩဂုဏ် ရောက်သော ဂါထာတည်း။

ဋီကာ။ ။ဣတိ ဣမိနာ အနန္တရဂါထာယံ ဝုတ္တဣမေန၊ အတြ-ဣမိဿံ ဂါထာယံ၊ နိစ္စံ ပဏာတိဂေဓော-နိရန္တရပဏာမေ အဓိကကတ္တု-ကာမတာကုသလစ္ဆန္ဒော၊ [ပဏာမနံ ပဏာတိ၊ ပဏာတိယံ-၌+ ဂေဓော-

http://www.dhammadownload.com

တိကပညာနံ-ထက်မြက်သော ပညာရှိတို့၏၊ အဘိယောဂတော-ကျမ်းဂန်ကို အဖန်ဖန် အားထုတ်ခြင်းကြောင့်၊ ဇာယတေ-ဖြစ်နိုင်၏။

ပြင်းပြသော ဆန္ဒတည်း၊ ပဏာတိဂေဓော၊] သာဓု-ဝိဘူတော (ထင်ရှားသည်၊ ဟုတ္တာ-၍၊) ဝိဘူတံ ဝါ ("ထင်ရှားစွာ"ဟု ကြိယာဝိသေသနပေး၊) ပဒိဿတိ ပညာယတိ။

နတ္ထိ ဇာတိဇရာဗျာဓိ-မရဏာဒူ မဟာဗုနေ၊
အဇရာမရဏံ ပုရံ, ဂမိဿာမိ အသင်္ခတံ။

"အကြင်အရပ်၌ ဇာတိ ဇရာ ဗျာဓိ မရဏ မရှိ၊ ထိုဇာတိ ဇရာ ဗျာဓိ မရဏ မရှိရာ အသင်္ခတမြို့တော်သို့ သွားပါတော့အံ့"ဟူသော ယသောဓရာ အပဒါန်လာ ဂါထာလည်း "ပရိနိဗ္ဗာန် ပြုပါတော့အံ့" ဟူသော အနက်အကျဉ်းကို အကျယ်ချဲ့သောကြောင့် ဗျာသအတ္ထဿြဇဂုဏ်ရှိသော ဂါထာဟု စံကျောင်းနိဿယ၌ မိန့်သည်။

ဇာယတေ၊ပေ၊ယောဂတော။ ။သဒ္ဒဿြဇ-အတ္ထဿြဇဂုဏ် ၂ မျိုး လုံးပင် သာမန်ပုဂ္ဂိုလ်များသည် သာမန်ကြိုးစားမှုကြောင့် ဖြစ်အောင် မစီကုံးနိုင်၊ ပင်ကိုက ထက်မြက်သော ဉာဏ်ပညာ ရှိသူတို့သော်မှ ဆိုင်ရာကျမ်းဂန်ကို အဖန်ဖန် ကြိုးစားမှုကြောင့်သာ ထိုဿြဇဂုဏ် ပါသော အဖွဲ့အနွဲ့များကို စီကုံးနိုင်ကြသည်-ဟူလို။ [ဝတ္တု-ရွတ်ဆို စီကုံးသော ပုဂ္ဂိုလ်၏၊ ပါရိဏာတေ့နေဝ-ပညာဉာဏ်၏ ရင့်ကျက်သူ၏ ဖြစ်ကြောင်းဖြစ်ရာ ရင့်ကျက်သော ပညာကြောင့်သာ၊ ဘဝနတော-ဿြဇဂုဏ်ဖြစ်နိုင်ခြင်းကြောင့်၊ ယေသံ ကေသဉ္စိ-အမှတ်မရှိ, သာမန်ပုဂ္ဂိုလ်တို့၏၊ ယေန ကေနစိ ပကာရေန-သင့်ရုံ တော်ရုံ ကြိုးစားမှုအပြားအားဖြင့်၊ န သိဇ္ဈတိ-မပြီးနိုင်။]

မှတ်ချက်။ ။ဤဋီကာ၌ တိကွပညကို "ပါရိဏာတ့"ဟု အဓိပ္ပာယ်ဖွင့်ပုံ ထောက်၍ ပညာဉာဏ် ရင့်ကျက်သူကို "ပရိဏာတ"ခေါ်ကြောင်း သိသာပြန်၏၊ ထို့ကြောင့် "ယံ ပါရိဏာတ့"ဟူသော (၁၂၃)ဂါထာ၌ "ဉာဏ်ပညာ ရင့်ကျက်သူ၏ အဖြစ်"ဟု ဆိုခဲ့သော အနက်သည် သင့်မြတ်၏-ဟု မှတ်။

http://www.dhammadownload.com

မဓုရတာ၏အပြားနှင့်လက္ခဏာ

၁၂၇။ မဓုရတ္တံ ပဒါသတ္တိ-ရုနုပ္ပာသဝသာ ဒွိဓာ၊
သိယာ သမသုတိ ပုဗ္ဗာ, ဝဏ္ဏာဝုတ္တိ ပရော ယထာ။

၁၂၇။ မဓုရတ္တံ-ကြားနာရလျှင်, နားဝင်ချိုမြသည်၏အဖြစ်ဟူသော မဓုရတာဂုဏ်သည်၊ ပဒါသတ္တိရနုပ္ပာသဝသာ-ပဒါသတ္တိမဓုရတာဂုဏ်, အနုပ္ပာသမဓုရတာဂုဏ်တို့၏ အပြားအားဖြင့်၊ ဒွိဓာ-၂ ပါး ပြား၏၊ ပုဗ္ဗာ-ရှေ့ဖြစ်သော ပဒါသတ္တိမဓုရတာဂုဏ်သည်၊ သမသုတိ-ဒီဃ ရဿ, ဓနိတနှင့်, ဌာနသံယုဂ်, ပုဒ်အချင်းချင်းအား, နီးနားသော သုတိ ရှိသည်၊ ဝါ - နီးနားသောအသံ ရှိသည်၊ သိယာ - ဖြစ်၏၊ ပရော -

---

၁၂၇။ မဓုရတ္တံ၊ပေ၊ဒွိဓာ။ ။"မဓုရ"ဟူသော နာမည်အားဖြင့်ပင် "ချိုမြ"ဟူသော အနက်သဘောမှာ ထင်ရှားပြီးဖြစ်၍ မဓုရဂုဏ်၏ လက္ခဏာ(သုတ်)ကို အထူးမပြတော့ဘဲ မဓုရတာဂုဏ်အပြားကိုသာ "ပဒါသတ္တိ, အနုပ္ပာသ"အားဖြင့် ၂ ပါးရှိကြောင်း ပြသည်၊ မဓုရဿ-ချိုဆိမ့်သော အရသာကဲ့သို့ ကြားရလျှင် နားဌ ချိုမြိန့်စွာ ဝင်လာသော အဖွဲ့အနွဲ့၏+ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာဂုဏ်သည်၊ မဓုရတာ-မည်၏၊ တ္တ ပစ္စည်းဖြင့် "မဓုရတ္တံ" ဟုလည်း ရှိသည်၊ ["သဝနီယတ္တေန-နာပျော်ဖွယ်ကောင်းသည်၏ အဖြစ်ကြောင့်၊ မနောဟရတ္တံ-ကြားရသူ၏ စိတ်နှလုံးကို ယူကျုံးဆွဲဆောင်နိုင်သည်၏အဖြစ်သည်၊ မဓုရတ္တံ-မဓုရတာဂုဏ်တည်း။" (ဋီကာဟောင်း)။]

သိယာ သမသုတိ ပုဗ္ဗာ။ ။ဤပါဒဖြင့် ပဒါသတ္တိမဓုရတာ၏ လက္ခဏာကို ပြ၏၊ အာသဇ္ဇနံ-ငြိကပ်ခြင်း၊ ဝါ-ငြိကပ်၍နေလောက် အောင် နီးနားခြင်း၊ အာသတ္တိ-ခြင်း၊ ပဒါနံ-ပုဒ်တို့၏+အာသတ္တိ-ဌာန်တူ စသည်အားဖြင့် နီးကပ်ခြင်း၊ ပဒါသတ္တိ-ခြင်း၊ [အာသတ္တိသည် အာသန္နနှင့် အနက်တူ၏၊ အာပုဗ္ဗ သဒ္ဒဓာတ်ချည်း ဖြစ်၏၊ တိပစ္စည်းနှင့် တပစ္စည်းသာ ကွဲပြား၏၊] "ပုဒ်ချင်းနီးကပ်"ဟူရာ၌ ဌာန်ကရိုဏ်း အားဖြင့်ဖြစ်စေ, ဒီဃချင်း, ရဿချင်း, သိထိလချင်း, ဓနိတချင်းအားဖြင့် ဖြစ်စေ နီးကပ်ခြင်းတည်း။ [ပုဗ္ဗာ ပဒါသတ္တိ သမသုတိ သိယာ၊ ပုဗ္ဗာပရ ဝဏ္ဏာနံ-ရှေ့နောက်ဝဏ္ဏတို့၏၊ ဌာနမတ္တာကရဏာဒီဟိ-ဌာန်, မတြာ,

http://www.dhammadownload.com

နောက်ဖြစ်သော အနုပ္ပာသမဓုရတာဂုဏ်သည်၊ ဝဏ္ဏာဝုတ္တိ-အက္ခရာတူကို အထပ်ထပ် ဆိုခြင်းသည်၊ သိယာ-ဖြစ်၏၊ ယထာ-ဥဒါဟရုဏ်ကား၊

ပဒါသတ္တိမဓုရတာပုံစံ

၁၂၈။ ယဒါ ဧသော·ဘိသမ္ဓောဓိ, သမ္ပတ္တော မုနိပုင်္ဂဝေါ၊
တဒါ ပဘုတိ ဓမ္ပဿ, လောကေ ဇာတော မဟုဿဝေါ။

ကရိုဏ်း အစရှိသည်တို့ဖြင့်၊ အာသန္နသုတိသခ်ါတဝဏ္ဏဝုတ္တိ-နီးကပ်သော သုတိဟု ဆိုအပ်သော အက္ခရာတို့၏ ဖြစ်ခြင်းသည်၊ ဟောတိ-၏"ဟု ဋီကာသစ် ဖွင့်သည်၊ ဤဋီကာ၌ မတ္တာဖြင့် ဒီဃ ရဿ ဂရုလဟုတို့ကို ပြ၏၊ ကရဏာဒီဟိ၌ အာဒိဖြင့် သံယုဂ်, သိထိလ, ဓနိတတို့ကို ယူကြသည်၊ သမသုတိကိုလည်း "အာသန္နသုတိ"ဟု ဖွင့်သည်။]

[ဆောင်] ဒီဃ ရဿ, ဓနိတနှင့်, သိထိလမှန်, ဌာနံ သံယုဂ်,
ပုဒ်ချင်းနီးက, မဓုရ, မှတ်ကြ ပဒါသတ္တိတည်း။

ဝဏ္ဏာဝုတ္တိ ပရော။ ။ဤဂါထာဖြင့် အနုပ္ပာသမဓုရတာ၏ လက္ခဏာကို ပြ၏၊ အာ(ပုနပ္ပုနံ)-ထပ်ကာ ထပ်ကာ+ဝုတ္တိ-ရွတ်ဆိုခြင်း၊ အာဝုတ္တိ-အထပ်ထပ် ရွတ်ဆိုခြင်း၊ ဝဏ္ဏာနံ-သရဝဏ္ဏ ဗျည်းဝဏ္ဏတို့ကို+အာဝုတ္တိ-ခြင်း၊ ဝဏ္ဏာဝုတ္တိ-ခြင်း၊ (ပဒါသတ္တိကဲ့သို့ ဌာန် စသည်အားဖြင့် တူရုံတွင် မကဘဲ) အလားတူ အက္ခရာကို ထပ်၍ ဆိုခြင်းသည် "အနုပ္ပာသမဓုရတာဂုဏ်"မည်၏၊ ထို့ကြောင့် ပဒါသတ္တိထက် အနုပ္ပာသသည် သာ၍ ချိုမြ, သာ၍ မဓုရတာဂုဏ်ရ၏၊ အနု-နောက်ထပ်+ပါသော (ပက္ခေပေါ)-ထည့်သွင်းခြင်းတည်း၊ အနုပ္ပာသော-ဆိုအပ်ပြီးသော အက္ခရာကိုပင် နောက်ထပ် သွင်းခြင်း။ [ပရော အနုပ္ပာသော ပန ဝဏ္ဏာဝုတ္တိ-ပုဗ္ဗုစ္စာရိတဝဏ္ဏာနံ (ရှေ့ရှေ့ ရွတ်ဆိုအပ်ပြီးသော အက္ခရာတို့ကို) ပုနပ္ပုနုစ္စာရဏံ သိယာ၊-ဋီကာ။]

[ဆောင်] ဌာန်စသည်မျှ, တူရုံမကဘဲ, ဝဏ္ဏအတူ, ထပ်ဆိုမူ,
ဂုဏ်ယူ အနုပ္ပာသတည်း။

http://www.dhammadownload.com

၁၂၈။ ယဒါ-အကြင်အခါ၌၊ ဧသော မုနိပုဂ်ဝေါ-မုနိထွတ်ထား, ဤမြတ်ဘုရားသည်၊ အဘိသမ္ဗောဓိ-အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတာဉာဏ်ကို၊ သမ္ဗတ္တော-ရတော်မူပြီ၊ တဒါပဘုတိ-ထိုအခါမှ စ၍၊ လောကေ-လောကသုံးပါး၌၊ ဓမ္မဿ-တရားတော်၏၊ မဟုဿဝေါ-ကြီးစွာသော တိုးတက်ခြင်းသည်၊ ဝါ-ကြီးစွာသော ပွဲသဘင်သည်၊ ဇာတော-ဖြစ်ပေါ်လာပြီ။

၁၂၈။ ယဒါ ဧသောတျာဒီ။ ။ဘုရားရှင် ပွင့်တော်မူချိန်မှ စ၍ ဤလောကကြီး၌ ကြီးစွာသော တရားတိုးပွားမှု ဖြစ်ပုံကို စီကုံးရာဝယ် ပဒါသတ္တိမဓုရတာဂုဏ် ပါအောင် ဖွဲ့နွဲ့အပ်သော ဂါထာ ဖြစ်၏၊ ["မဟုဿဝေါ-ကြီးစွာသော ပွဲသဘင်သည်"ဟု ပေးကြ၏၊ ဋီကာ၌ကား မဟာဘိဝုဒ္ဓိ-ကြီးစွာသော တိုးပွားခြင်း"ဟု ဖွင့်သည်။]

ပဒါသတ္တိဖြစ်ပုံ။ ။ကွဟ (ဤဂါထာ၌)၊ ဒါဧသောတိ-ဒါ, ဧ, သောဟု၊ ဒီဃကာလဝသေန-ဒီဃကာလ (၂ မတြာကာလ)၏အစွမ်းဖြင့်၊ အာသန္နတာ-နီးသည်၏အဖြစ်လည်းကောင်း၊ ယတော်ဌာနဝသေန (တာလုဌာန်အားဖြင့်) အာသန္နတာ၊ သမ္ဗောဓိ သမ္ဗတ္တောတိ သံယောဂဝသေန (မ္ဗော, မ္ဗ, တ္တော သံယုဂ်အားဖြင့်) အာသန္နတာ၊ ဘိမိတိဓနိတတော အာသန္နတာ၊ ကွစ္စာဒိနာ ပဒါသတ္တိ ဒဋ္ဌဗ္ဗာ၊-ကွစ္စာဒိဌ် အာဒိသဒ္ဒါဖြင့် "သမ္ဗတ္တောဌ် သနှင့်တ, တ္တောမုနိဌ် တ္တနှင့်န, မုနိပုဂ်ဌ် မနှင့်ပတို့ အက္ခရာခြား၍ ဌာန်တူကြ၏၊ တဒါဌ် တနှင့်ဒ, ပဘုဌ် ပနှင့်ဘ, တိဓမ္မဌ် တနှင့်ဓတို့ကား အက္ခရာမခြားဘဲ ဌာန်တူကြ၏၊ လောကေ ဇာတော၌ ဒီဃချင်း, မဟုဿ၌ ရဿချင်း တူကြ၏။။

အနာထာနံ ဘဝံ နာထော, ဘီတာနံ အဘယံ ပဒေါ၊
ဝိဿာသဘူမိသန္တာနံ, သရဏံ သရဏောသိနံ။

[သန္တာနံ-မောပန်းနေသူတို့၏၊ ဝိဿာသဘူမိ-အမောဖြေရာလည်းဖြစ်တော်မူပါပေ၏၊]....ဝဂိ်သတ္ထေရအပဒါန်လာ ဤဂါထာကို ပဒါသတ္တိမဓုရတာဂုဏ်ရှိသော ဂါထာ"ဟု စံကျောင်းနိဿယ မှာ၏၊ အက္ခရာတူတွေ့ အထပ်ထပ် ပါနေရကား နောက်လာမည့် အနုပ္ပာသမဓုရတာဂုဏ်ရှိသော ဂါထာဟု ထင်သည်။

http://www.dhammadownload.com

အနုပ္ပာသမဓုရတာပုံစံ

၁၂၉။ မုနိန္ဒမန္ဒဟာသာ တေ, ကုန္ဒသန္နောဟဝိဇ္ဇမာ၊
ဒိသန္တ-မနုဓာဝန္တိ, ဟသန္တာ စန္ဒကန္တိယော။

၁၂၉။ ကုန္ဒသန္နောဟဝိဇ္ဇမာ-သင်းခွေပန်းအစုသဖွယ်, တင့်တယ်ကုန်သော၊ တေ မုနိန္ဒမန္ဒဟာသာ-ထိုမြတ်စွာဘုရား၏ သာသာညှင်းညှင်း ပြုံးတော်မူခြင်းတို့သည်၊ စန္ဒကန္တိယော-လရောင်တို့ကို၊ ဟသန္တာ- ပြက်ရယ်ပြုကုန်လျက်၊ ဒိသန္တ- ထိုထို အရပ်မျက်နှာသို့၊ အနုဓာဝန္တိ-ပြေးသွားကြကုန်၏။

၁၂၉။ မုနိန္ဒတျာဒိ။ ။သင်းခွေပန်းအစု၏ တင့်တယ်ခြင်းကဲ့သို့ တင့်တယ်ကြပေကုန်သော ဘုရားရှင်၏ ပြုံးတော်မူခြင်းတို့သည်၊ (ပြုံးတော်မူသောအခါ ထွက်ပေါ်လာကုန်သော သွားတော်၏ ရောင်ခြည်တော်တို့သည်)လရောင်တို့ကိုပင် ပြက်ရယ်ပြုကုန်လျက်(“ငါ၏အရောင်လောက် သင့်အရောင်က မတောက်”ဟု နှိပ်ချုပ်ကုန်လျက်) ထိုထိုအရပ်သို့ ပြေးသွားကွန့်မြူးတော်မူကြလေသည်၊ ဤသို့ သွားတော်ရောင်ကို ဖွဲ့နွဲ့ရာဝယ် အနုပ္ပာသမဓုရတာဂုဏ်ပါအောင် ဖွဲ့နွဲ့သောဂါထာတည်း။ [“ဟသန္တာ”ပုဒ်၏ ဥပမာဇောတကပုဒ် ဖြစ်ကြောင်းကို ဥပမာအလင်္ကာဋ္ဌ သိရလတ္တံ့၊ “ဟသန္တာတိ-နိန္ဒန္တာ”ဟု ဋီကာဋ္ဌ အဓိပ္ပာယ်ဖွင့်၏။]

အက္ခရာတူထပ်ပုံ။ ။ဧတ္ထ နာရသဟိတဒကာရဿ (နွဒ၏) နာရသဟိတတကာရဿ စ (နွတ၏လည်းကောင်း) အာဝုတ္တိ ဒဋ္ဌဗ္ဗာ၊ ဤဂါထာဋ္ဌ “နွ” ၅ လုံး, “တ” ၄ လုံးထပ်၏၊ ဤသို့ အက္ခရာတူအထပ်ထပ် ဆိုခြင်းသည်ပင် အနုပ္ပာသ မည်၏၊ ဋီကာတို့ဋ္ဌလည်း--

“ကုန္ဒနီလဒလဒွန္ဒ, သုန္ဒရံ သိရိမန္ဒိရံ၊
မုနိန္ဒနယနဒွန္ဒံ, ဝိန္ဒတိ·နွိ ဝရဏ္ဍတိ။”

ဟူသော ဂါထာကို ထုတ်ပြ၏၊ ဤဂါထာဋ္ဌ (နွ)ရှစ်ခု ပါသည်၊ [ကုန္ဒနီလာ ပတ္တမြားလွှာ အစုံကဲ့သို့ တင့်တယ်ကောင်းမြတ်သော (ထိုသို့ကောင်းမြတ်သောကြောင့်) ကျက်သရေ၏အိမ်သဖွယ် ဖြစ်တော်မူသော ဘုရားရှင်၏ မျက်လုံးတော်အစုံသည် ကြာညိုပန်း၏ တင့်တယ်ခြင်းကို ရတော်မူ၏၊ “ကြာညိုပန်းအစုံနှင့် တူတော်မူ၏”ဟူလို။]

http://www.dhammadownload.com

မချီးမွမ်းထိုက်သော အနုပ္ပာသ

၁၃၀။ သဗ္ဗကောမလဝဏ္ဏော‌ဟိ, နာ‌နုပ္ပာသော ပသံသိယော၊
ယထာ‌ယံ မာလတီမာလာ, လိနလောလာလိမာလိနီ။

၁၃၀။ သဗ္ဗကောမလဝဏ္ဏောဟိ-အလုံးစုံနူးညံ့သော အကွာရာတို့ဖြင့်၊ (ကတော-ပြုအပ် စီကုံးအပ်သော၊) အနုပ္ပာသော-အနုပ္ပာသမဂုရတာဂုဏ်ကို၊ န ပသံသိယော-သိလေသာလင်္ကာရနှင့် ဆန့်ကျင်သည့် အတွက် မချီးမွမ်းထိုက်၊ ယထာ-ကား၊...အယံ၊ပေ၊လိနီ-အယံ၊ပေ၊ လိနီဟူသည် တည်း။ [အယံ မာလတီမာလာ-ဤ မြလေးပန်းအစဉ်သည်၊ လိနလောလာလိမာလိနီ-ဗျာပါမျှားလျက်, နုံ့သာမက်သည့်, လှုပ်လှက်သော ပိတုန်းအစဉ် ရှိ၏။]

ထို့ပြင်– **"ပဿတိ ပဿော ပဿန္ဒံ, အပဿန္ဒံ စ ပဿတိ၊**
အပဿန္ဒော အပဿန္ဒံ, ပဿန္ဒံ စ န ပဿတိ"

ဟူသော ဝပွထေရဂါထာကိုလည်း စံကျောင်းနိဿယ၌ ထုတ်ပြ၏၊ ဤဂါထာ၌ ဿ-နွှတို့ ထပ်သည်။ [မြင်သူ (မျက်စိကောင်းသူ)သည် မြင်သူကိုလည်း (မျက်စိကောင်းသူကိုလည်း) မြင်နိုင်၏၊ မမြင်သူ(မျက်စိကန်းသူ)ကိုလည်း မြင်နိုင်၏၊ မမြင်သူ (ကိုယ်တိုင် ကန်းနေသူ)ကား မမြင်သူကိုလည်းကောင်း, မြင်သူကိုလည်းကောင်း မမြင်နိုင်၊ "မျက်စိ" ဟူရာ၌ ပကတိမျက်စိ-ဉာဏ်မျက်စိ ၂ မျိုးလုံး ဆိုင်၏၊ ထို့ကြောင့် "သိမှသိမသိကို သိသည်၊ မသိလျှင် သိမသိကို မသိ"ဟု အနုပ္ပာသမဂုရတာဂုဏ်ရောက်သော စကားကို ဒီပဲရင်းဆရာတော် မိန့်တော်မူသည်။]

၁၃၀။ သဗ္ဗကောမလတဗ္ဗာဒီ။ ။အကွာရာတူထပ်၍ "အနုပ္ပာသ"ဟု ဆိုအပ်သော်လည်း ဓနိတအကွာရာ လုံးဝမပါဘဲ နူးညံ့သော အကွာရာတို့ဖြင့်သာ စီကုံးအပ်သော အနုပ္ပာသကို (သိလေသဂုဏ်နှင့် ဆန့်ကျင်သောကြောင့်) မချီးမွမ်းထိုက်၊ [နောက်၌ သိလေသဂုဏ်ဝယ် အဖွဲ့အနွဲ့ကို လေးလေးစားစား ရွတ်ဆိုရလောက်အောင် ဓနိတအကွာရာလည်း ပါစေရမည်ဟု ဆိုလတ္တံ့၊] မှန်၏-လောကဋ္ဌ ကြမ်းကြမ်းတမ်းတမ်း ပြောသံကို မနှစ်သက်သကဲ့သို့ ညံ့ညံ့ညံ့ညံ့နှင့် ကန္ဓဲ့ကယပြောသံကိုလည်း မနှစ်သက်ကြ။

http://www.dhammadownload.com

ယထာယံ၊ပေ၊မာလိနီ။ ။ဤပုံစံ၌ ခနိတအက္ခရာတစ်လုံးမျှ မပါ၊ အယံ မာလတီမာလာ-ဧသော ဇာတိသုမနမာလိကာလိနာနံ ဗျာဝဋ္ဌာနံ ပထ္ထေန္တာနံ (ဗျာပါလှုပ်လှက် ရောက်ရက်ခတ် တောင့်တနေကြကုန်သော) အလီနံ ဘမရာနံ မာလိနီ ပန္တီယုတ္တာ (အစဉ်နှင့် ယှဉ်၏၊) "မာလာ (ပန္တီ) ဧတိသာတိ မာလိနီ"ဟု ပြုစေလို၍ မာလိနီကို "ပန္တီယုတ္တာ"ဟု ဋီကာဖွင့်သည်၊ မာလတီနံ+မာလာ(အစဉ်) မာလတီမာလာ၊ လိနာ စ+တေ+လောလာ စာတိ လိနလောလာ၊ လိနလောလာ စ+တေ+အလိနော စာတိ လိနလောလာလိနော၊ လိနလောလာလီနံ+မာလိနီ လိနလောလာလိမာလိနီ။

မှတ်ချက်။ ။"အလုံးစုံ နူးညံ့သော (ကြမ်းတမ်းသော အက္ခရာလုံးဝမပါသော) အနုပ္ပာသကို မချိုးမွှမ်းထိုက်"ဟူသော ဤစကားလည်း ကာဗျဒဿအလင်္ကာသို့ လိုက်၍ ဆိုအပ်သောစကားသာတည်း၊ သာဟိစ္စဒပ္ပဏဆရာ-ဂေါဠတိုင်းသားတို့ အလိုအားဖြင့်ကား အလုံးစုံ နူးညံ့သော အက္ခရာချည်း စီအပ်သော အနုပ္ပာသမဓုရတာဂုဏ်ကို အလိုရှိအပ်သည်သာ၊ ထို့ကြောင့် "ပြခဲ့သော ဣန္ဒနီလ-စသော ဋီကာဂါထာ, ပဿတိပဿော-စသော ဂါထာတို့၌ ခနိတ မပါသော်လည်း အလိုရှိ အပ်၏"ဟု စံကျောင်းနိဿယ မိန့်၏။

ဋီကာများ။ ။မဓုရတာဂုဏ်သည် လွန်စွာနားဝင်ချိုရကား- ကတ္ထစိ ဗန္ဓေ ပဒါသတ္တိ (တချို့ ဗန္ဓ၌ ပဒါသတ္တိ ပါစေရမည်၊) ကတ္ထစိ အနုပ္ပာသော (တချို့ ဗန္ဓ၌ အနုပ္ပာသ ပါစေရမည်၊) ကတ္ထစိ တဒုဘယံ (တချို့ ဗန္ဓ၌ ၂ မျိုးလုံးပင် ပါစေရမည်၊) ဒြိဟိ ဝိနိမုတ္တော ပန ဗန္ဓော ဝိညူဟိ အဿာဒနီယော နာ ဟောတိ-ထို့ ၂ မျိုးလုံး မပါသော အဖွဲ့ကို ပညာရှိများ မသာယာထိုက်၊ ဥပရိ ဝက္ခမာနာဟိ သိလေသသမတာဟိ ယုတ္တံ့ မဓုရတ္တံ့ ပန ဝိသေသတော အဿာဒနီယံ ဟောတိ-အထက်၌ ဆိုအပ်လတ္တံ့ကုန်သော သိလေသအလင်္ကာ သမတာအလင်္ကာတို့နှင့် ရောနှောသော မဓုရတာဂုဏ်ပါသော အဖွဲ့ကိုကား အထူးပင် ပညာရှိတို့ နှစ်သက်ကြပါသည်၊ ထိုဂုဏ်များ ပါအောင် စီကုံးကြပါလေ-ဟူလို။

http://www.dhammadownload.com

သမတာဂုဏ်အပြား

၁၃၁။ မုဒူဟိ ဝါ ကေဝလေဟိ, ကေဝလေဟိ ဖုဋ္ဌေဟိ ဝါ၊
မိဿေဟိ ဝါ တိဓာ ဟောတိ, ဝဏ္ဏေဟိ သမတာ ယထာ။

၁၃၁။ ကေဝလေဟိ-အလုံးစုံကုန်သော၊ မုဒူဟိ-နူးညံ့ကုန်သော၊ ဝဏ္ဏေဟိ ဝါ-အကွရာတို့ဖြင့်သော်လည်းကောင်း၊ ကေဝလေဟိ-အလုံးစုံကုန်သော၊ ဖုဋ္ဌေဟိ-ထက်မြက်ကုန်သော၊ ဝဏ္ဏေဟိဝါ-အကွရာတို့ဖြင့်သော်လည်းကောင်း၊ မိဿေဟိ-မုဒု ဖုဋ္ဌ ရောနှောအပ်ကုန်သော၊ ဝဏ္ဏေဟိ ဝါ-အကွရာတို့ဖြင့်သော်လည်းကောင်း၊ သမတာ-ညီမျှသည်၏ အဖြစ်ဟူသော သမတာဂုဏ်သည်၊ တိဓာ-၃ ပါးပြားသည်၊ ဟောတိ-ဖြစ်၏၊ ယထာ-ဥဒါဟရဏ်၌ ၃ မျိုးကား ....

၁၃၁။ သမတာ။ ။ဤသမတာဂုဏ်သည် ဂါထာ၌လည်းကောင်း, စုဏ္ဏိယဝါကျ၌လည်းကောင်း ရနိုင်၏၊ ဂါထာ၌ ၄ ပါဒလုံးသုတိအားဖြင့် တူခြင်း, စုဏ္ဏိယ၌ တစ်ပုဒ်နှင့်တစ်ပုဒ် သုတိအားဖြင့် တူခြင်းသည် သမတာဂုဏ်တည်း၊ "သူယတီတိ သုတိ"နှင့်အညီ နား၌ ကြားအပ်သော အသံသည် သုတိမည်၏၊ ထိုအသံသည် မုဒုအသံ ဖုဋ္ဌအသံ မိဿအသံအားဖြင့် ၃ မျိုးပြားရကား သမတာလည်း မုဒုသမတာ, ဖုဋ္ဌသမတာ, မိဿကသမတာအားဖြင့် ၃ ပါးပြားသည်၊ သမဿ-သုတိအားဖြင့် ၄ ပါဒလုံးညီမျှသောအဖွဲ့၏+ဘာဝေါ-ဖြစ်ကြောင်း(ညီမျှခြင်း) ဂုဏ်တည်း၊ သမတာ-ဂုဏ်။ [သမတာ-ပဒေ့ ပါဒဿ သုတိတော သဒိသတာ၊ ဂဒေ့ ပါဒါနံ တထေဝ(ထိုသုတိအားဖြင့်ပင်) သဒိသတာတိ ဧဝံ ပါဒါနံ (ဂါထာပါဒတို့၏လည်းကောင်း) ပဒါနံ စ (စုဏ္ဏိယပုဒ်တို့၏လည်းကောင်း) တုလျဂုဏတာ၊-၁၁၇ ဂါထာဋ္ဌီကာသစ်။]

[ဆောင်] လေးပါဒဟု, အားလုံးစုဝယ်, မုဒုချင်းချင်း, ဖုဋ္ဌချင်းတည်း၊
ချင်းချင်းမိဿ, တူမျှဘိတုံ, ထိုသည့်ဂုဏ်, မှတ်ကုန် သမတာ။

မုဒူဟိ ဝါ ကေဝလေဟိ။ ။ကေဝလဖုဋ္ဌာဒိဘာဝါ-ပဝတ္တေဟိ-အလုံးစုံ ဖုဋ္ဌ အစရှိသည်၏အဖြစ်ဖြင့် မဖြစ်ကုန်သော၊ သကလေဟိ မုဒူဟိ-အလုံးစုံ မုဒုအကွရာတို့ဖြင့်၊ [ဤကား မူလသံဝဏ္ဏာနာတည်း၊] စတူသုပိ ပါဒေသု - ၄ ပါဒလုံးတို့၌လည်း၊ သဇာတိယေဟိ - မုဒု

http://www.dhammadownload.com

အက္ခရာချင်း ဇာတ်တူကုန်သော၊ အသိထိလကောမလေဟိ - လျော့လျော့ (ပျော့တော့တော့) မဟုတ်ဘဲ နူးညံ့ကုန်သော၊ ကကာရာဒီဟိ ဝါ၊ [ဤကား ထပ်၍ အဓိပ္ပာယ်ဖွင့်သော အနုသံဝဏ္ဏနာတည်း၊] မုဒူဟိကို "ကောမလေဟိ"ဟုသာ မဖွင့်ဘဲ အဘယ့်ကြောင့် "အသိထိလ ကောမလေဟိ"ဟု ဖွင့်သနည်း-ဟု မေး၊ အဖြေကား-သိထိလကောမလ (ပျော့တော့တော့ ကောမလ) ဖြစ်နေလျှင် နောက်လာမည့် သိလေသ အလင်္ကာနှင့် ဆန့်ကျင်ရာသောကြောင့်တည်း၊ မှန်၏-ထိုသိလေသ ဂုဏ်၌ "သဗ္ဗဂါရဝေါ-အဖွဲ့အနွဲ့ကို လေးလေးစားစား ရွတ်ရသော ဂရုအက္ခရာ ပါစေရမည်"ဟု ဆိုထား၏၊ အားလုံး ပျော့တော့တော့ ကောမလချည်း ဖြစ်၍ ဗန္ဓဂါရဝအက္ခရာ မပါလျှင် ထိုသိလေသ အလင်္ကာနှင့် ဆန့်ကျင်စရာရှိသည်။ [သိထိလကောမလဿ သိလေသ ပဋိပက္ခတ္တာ။]

မှတ်ချက်။ ။"အသိထိလကောမလေဟိ"ဟူသော ဋီကာဟောင်း ပါဠိနေရာဝယ် (အ)မပါဘဲ "သိထိလကောမလေဟိ"ဟု ဋီကာသစ်၌ ပါဠိပျက်၏၊ ထိုပါဠိ၏ အပျက်ဖြစ်ကြောင်းကိုလည်း "ယဒိ သိထိလ ကောမလေဟိ ဝိရစိတံ သိလေသာလင်္ကာရဿ ဝိရုဇ္ဈတိ"ဟူသော နောက်စကားကို ထောက်၍ သိနိုင်၏၊ ဤပါဠိပျက်ကို ကြည့်၍ "မုဒူဟိ ဝါ-သိထိလအက္ခရာတို့ဖြင့်လည်းကောင်း"ဟု ပေးအပ်သော အနက်လည်း အနက်ပျက်သာ၊ သိထိလ-ဟူသည် ဝဂ်၏ ပထမ တတိယ အက္ခရာများသာတည်း၊ ကောကိလာလာပသံဝါဒိ-အစရှိသော မုဒု သမတာပုံစံ၌ ထိုသိထိလအက္ခရာသာမက, ဝဂ်၏ ပဉ္စမနှင့် အဝဂ်များလည်း ပါသည်၊ ထို့ကြောင့် ဓနိတမဟုတ်လျှင် "ကောမလ"ဟုချည်း မှတ်။

ကေဝလေဟိ ဖုဋ္ဌေဟိ ဝါ။ ။အဓိမတ္တသုတီဟိ ခကာရာဒီဟိ အကိစ္စဝစနီယေဟိ-လွန်ကဲသော နားကြားရခြင်း ရှိကုန်သော(နားကြားရာ၌ ပြင်းထန်ကုန်သော) ခက်ခဲစွာ ရွတ်ဆိုအပ်သည် မဟုတ်ကုန်သော ခစသော အက္ခရာတို့ဖြင့် (အဘယ့်ကြောင့် အကိစ္စဝစနီယေဟိ ဟု ဝိသေသနပြုရသနည်း၊)ကိစ္စဝစနီယဿ သုခုမာလဝိဝရီတတ္တာ-အရွတ်ခက်သောအက္ခရာ၏ သုခုမာလတာဂုဏ်၏ပြောင်းပြန်(ဆန့်ကျင်ဘက်) ဖြစ်သောကြောင့်တည်း၊ ဖုဋ္ဌကို "တိပ္ပ (ထက်မြက်သော)အက္ခရာ"ဟု

http://www.dhammadownload.com

ကာဗျဒဿဒ္ဒီကာ ဖွင့်၏၊ ထို့ကြောင့် ခ-ယစသော ဓနိတအက္ခရာများကိုပင် ဖုဋ္ဌအက္ခရာဟု ဆိုလိုဟန်တူသည်။ [မုဒု ဖုဋ္ဌ ၂ ပါးစုံရောလျှင် မိဿ ဖြစ်၏။]

သက္ကတမုဒု။ ။"သရေသု ရဿာ (ရဿန္တာ), ဗျဥ္ဇနေသု ဝဂ္ဂန္တ္ယဒန္တျာ စ မုဒုကောမလဝဏ္ဏာ=သရတို့တွင် ရဿတို့သည်လည်းကောင်း, ဗျည်းတို့တွင် ဝဂ္ဂန္တ (င-ဉ -ဏ-န-မ)တို့နှင့် ဒန္တဇအက္ခရာတို့သည် မုဒု-ကောမလဝဏ္ဏတို့မည်၏"ဟု သရသွတိကဏ္ဌာဘရဏဒ္ဒီကာ၌ မုဒုအက္ခရာကို သေချာစွာ ပြထား၏ဟု စံကျောင်းနိဿယဆို၏။ ထိုဒ္ဒီကာ၌ ပြအပ်သော မုဒုအက္ခရာများလည်း "ကောကိလာလာပသံဝါဒီ"ဂါထာဝယ် ထိုဒ္ဒီကာ၌ မပြအပ်သော က-ပ-ယ-ဟတို့ အထပ်ထပ် ပါနေသောကြောင့်လည်းကောင်း, သဗ္ဗကောမလဝဏ္ဏောဟိ ဂါထာ၌ က-လတို့ကိုလည်း ကောမလဟု ယူထားသောကြောင့်လည်းကောင်း ထိုသက္ကဋ္ဌဒ္ဒီကာစကားသည် သူ့ကျမ်းနှင့်သူ သင့်ရာသော်လည်း ဤကျမ်းနှင့်ကား မသင့်နိုင်ချေ။

သက္ကတဖုဋ္ဌ။ ။"ဒီဃာသရာ, ဗျဥ္ဇနေသု ဏကာရဝဇ္ဇဥဝဂ္ဂ-ရေဖ သသဟာ, အဒန္တျသံယောဂါ စ ဖုဋ္ဌာ=ဒီဃသရ, မုဒုတွင် ပါဝင်ပြီးသော ဏ မှတစ်ပါးသော ဋ္ဌဝဂ်, ရေဖအက္ခရာ တာလုဇ သ, မုဒ္ဓဇ သ, ဟ အက္ခရာတို့နှင့် ဒန္တဇမဟုတ်သော သံယုဂ်တို့သည် ဖုဋ္ဌတို့တည်း"ဟု သရသွတိကဏ္ဌာဘရဏဒ္ဒီကာ၌ ဆိုသတတ်၊ သို့သော် "သမ္ဘာဝနီယ"စသော ပုံစံဂါထာ၌ ထိုဒ္ဒီကာအတိုင်း မဟုတ်သောကြောင့် ထိုဒ္ဒီကာစကားသည် သူ့ကျမ်းနှင့်သူ သင့်ရာသော်လည်း ဤကျမ်းနှင့်ကား မသင့်နိုင်ချေ။ [မိဿကိုလည်း "သေသာနိဗျဥ္ဇနာနိ, ဒန္တျသံယောဂါ စ ဥမ္မိဿာ မဇ္ဈိမဝဏ္ဏာ"ဟု သက္ကတဒ္ဒီကာ ဖွင့်၏၊ ဥမ္မိဿနှင့် မိဿသည် သဟောတူပင်၊] ထိုသက္ကတအဆိုလည်း ဤနေရာ၌ သင့်မည်မဟုတ်။

ကာဗျဒဿ။ ။"ဥပက္ကမောပသံဟာရာနံ-အခ္ခီအခ္ခ (အစအဆုံး)တို့၏၊ သမာနရုစနာဝတ္ထံ-တူမျှသော စီကုံးခြင်းရှိသည်၏ အဖြစ်သည်၊ သမတာ-မည်၏"ဟု ဆို၏၊ ထိုအလို အခ္ခီ-အခ္ခ (အစနှင့်အဆုံး) မုဒုချင်း ဖုဋ္ဌချင်း ညီမျှလျှင် သမတာဂုဏ်ဟု ခေါ်၏၊ ပုံစံကိုလည်း မုဒုသမတာအတွက် အခ္ခီတစ်ပါဒ+အခ္ခ တစ်ပါဒအားဖြင့် ၂ ပါဒသာ, ထို့အတူ ဖုဋ္ဌသမတာအတွက်လည်း ၂ ပါဒသာ ထုတ်၏၊ မိဿအတွက်ကျမှ မုဒု ၂ ပါဒ, ဖုဋ္ဌ ၂ ပါဒရော၍ ၄ ပါဒ ထုတ်သည်၊ ထို့ကြောင့် သက္ကတအဆိုသည် သက္ကတပုံစံနှင့်သာ လျော်၍ ဤ မာဂဓအလင်္ကာအတွက်ကား အခ္ခီ+အခ္ခ ညီမျှခြင်းဟု အဓိပ္ပာယ်မရ၊ "ပါဒချင်း ညီမျှ"ဟုသာ အဓိပ္ပာယ်ရသည်။

http://www.dhammadownload.com

မုဒုသမတာပုံစံ

၁၃၂။ ကောကိလာ-လာပသံဝါဒီ, မုနိန္ဒာ-လာပဝိဗ္ဗမော။
ဟဒယင်္ဂမတံ ယာတိ, သတံ ဒေတိ စ နိဗ္ဗုတိံ။

၁၃၂။ ကောကိလာလာပသံဝါဒီ - ကရဝိက်ငှက် တွန်မြူးသံ၏ တင့်တယ်သာယာခြင်းကို ထင်ရှားပြတော်မူတတ်သော၊ ဝါ-ကရဝိက်ငှက် တွန်မြူးသံ၏ တင့်တယ်သာယာခြင်းနှင့် တူတော်မူသော၊ မုနိန္ဒာလာပဝိဗ္ဗမော-မြတ်ဘုရား၏, တရားသံညှင်း, တင့်တယ်သာယာခြင်းသည်၊ သတံ-သူတော်ကောင်းတို့၏၊ ဟဒယင်္ဂမတံ-နှလုံးအသည်းစွဲလောက်သည်၏အဖြစ်သို့၊ ယာတိ-ရောက်၏၊ နိဗ္ဗုတိံ စ-အေးငြိမ်းရာမှန်, အေးနိဗ္ဗာန်ကိုလည်း၊ ဒေတိ-ပေးတော်မူနိုင်၏။

၁၃၂။ ကောကိလာတျာဒိ။ ။ကရဝိက်ငှက်သံ၏ တင့်တယ်(သာယာ)ခြင်းနှင့်တူတော်မူသော ဘုရားရှင်၏တရားအသံတော်၏ တင့်တယ်သာယာခြင်းသည် ကြားနာရသူတို့၏ စိတ်နှလုံးသို့ ရောက်၏၊ (နှလုံးအသည်း စွဲ၍တည်၏၊) ထိုတရားတော်အတိုင်း ကျင့်ကြံကြသော သူတော်ကောင်းတို့အား အမြိုက်နိဗ္ဗာန်ကိုလည်း ပေးတော်မူနိုင်၏၊ ဤသို့ တရားအသံတော်ကို ချီးကျူးဖွဲ့နွဲ့ရာဝယ် ၄ပါဒလုံး၌ မုဒုအက္ခရာတို့ဖြင့် အညီအမျှ စီကုံးထားသောကြောင့် မုဒုသမတာအလင်္ကာဂုဏ်ရောက်၏၊ "ဝိဗ္ဗမော"ဟု ဘအက္ခရာတစ်လုံးပါနေခြင်းကား သိလေသာလင်္ကာရနှင့် မဆန့်ကျင်ရုံ ပါခြင်းတည်း၊ မှန်၏-သဒ္ဒါလင်္ကာရဂုဏ်တစ်ခုကို အခြားသဒ္ဒါလင်္ကာရဂုဏ်တစ်မျိုးက ဖျက်၍ မပစ်ရ၊ သဘောတူလျှင် ဂုဏ်၂ မျိုး ၃ မျိုးစသည်ရအောင် အကူအညီ ဖြစ်စေရမည်။

ဝစနတ္ထ။ ။ကောကိလာနံ+အာလာပေါ-တွန်မြူးသံတည်း၊ ကောကိလာလာပေါ - သံ၊ "သမ္မာ + ဝဒတိ သီလေနာတိ သံဝါဒီ= ကောင်းစွာ ပြောပြလေ့ရှိ"ဟူသည် ဘုရားအသံတော်ကို ကြားရလျှင် ထိုကရဝိက်အသံကို သွား၍ သတိရသောကြောင့် ဘုရားအသံတော်ကကရဝိက်သံကို ထင်ရှားပြရာ ရောက်၏၊ ထို့ကြောင့် သံဝါဒီကို "ပကာသနသီလော"ဟု အဓိပ္ပာယတ္ထနှင့်"တံသဒိသော"ဟု ဥဇုကတ္ထကို ဋီကာသစ် ဖွင့်သည်၊ မုနိန္ဒာလာပဝိဗ္ဗမော၌ ဝိဗ္ဗမောကို "ဝိလာသော-တင့်တယ် သာယာခြင်း"ဟု ဖွင့်၏။

http://www.dhammadownload.com

ဖုဋ္ဌသမတာပုံစံ

၁၃၃။ သမ္ဘာဝနီယသမ္ဘာဝံ, ဘဂဝန္တံ ဘဝန္တဂုံ၊
ဘဝန္တသာဓနာ·ကခီ, ကော နသမ္ဘာဝယေ ဝိဘုံ။

၁၃၃။ သမ္ဘာဝနီယသမ္ဘာဝံ-ရိုသေလေးစားအပ်, ကောင်းမြတ်သော အလိုဆန္ဒ ရှိတော်မူထသော၊ ဘဝန္တဂုံ-ဘဝသုံးတန်, ဆုံးရာမှန်သည့်, နိဗ္ဗာန်သို့ ရောက်တော်မူပြီးထသော၊ ဝိဘုံ-လောကအားလုံးကို လွှမ်းမိုးတော်မူနိုင်ထသော၊ ဘဂဝန္တံ-ဘုန်းတော်သခင်, ရှင်တော်ဘုရားကို၊ ဘဝန္တသာဓနာ·ကခီ-ဘဝဆုံးရာ, နိဗ္ဗုတာကို, ပြီးစေလိုသော၊ ကော-အဘယ်မည်သူ, နတ်နှင့်လူသည်၊ နသမ္ဘာဝယေ-မရိုသေ မလေးစားဘဲ ရှိနိုင်ပါတော့အံ့နည်း၊ (သမ္ဘာဝယေဝ-ရိုသေလေးစားတော့မည်သာ။)

မှတ်ချက်။ ။"ကောကိလာလာပ"အရ ကရဝိက်ငှက်သံကို တိုက်ရိုက်ရသော်လည်း ထိုကရဝိက်သံ၏ တင့်တယ်သာယာခြင်းကို ဌာနူပစာရအားဖြင့် ယူပါ၊ ထိုသို့ ယူမှ "မုနိန္ဒာလာပဝိဗ္ဘမော"၌ ဝိဗ္ဘမောနှင့် အရတူသော ဝိသေသန ဖြစ်နိုင်မည်။ [ဧတ္ထ ကောကိလာလာပ သဒ္ဒေန နိဿိတေ (မြီတတ်သော တင့်တယ်သာယာခြင်း၌) နိဿယ ဝေါဟာရေန (မြီရာ[illegible]သံ၏ နာမည်ဖြင့်) လီလာ (တင့်တယ်သာယာခြင်းကို) ဂဟိတာ-ဌီ[illegible]သစ်။]

သက္ကတ။ ။"[illegible]အချတို့၌ မုဒုချင်း တူမျှသည်ကို သမတာ"ဟု ဆိုသော ကာဗျ[illegible]ကား "ကောကိလာလာပဝါစာလော, မာမေတိ မလယာနိလော"ဟု [illegible] ပါဒပုံစံ ထုတ်၏။ [ကရဝိက်ငှက်၏ အသံနှင့် တူသောအသံရှိသော မလယအရပ်မှ လာသော လေသည် (ငါ့ကို ချမ်းသာစေခြင်းငှာ) လာ၏။]

၁၃၃။ သမ္ဘာဝနီယတျာဒိ။ ။နတ်နှင့်တကွသော လောက၏ ရိုသေလေးစားလောက်အောင် ကောင်းမြတ်သော အလိုဆန္ဒ ရှိတော်မူ၍ ဘဝအဆုံး နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်တော်မူရကား ဤ ကမ္ဘာလောကကြီးကို လွှမ်းမိုးတော်မူနိုင်သော ဘုရားမြတ်စွာကို

http://www.dhammadownload.com

နိဗ္ဗာန်လိုချင်သူ အဘယ် နတ် လူ ဗြဟ္မာ သတ္တဝါသည် ရိုသေလေးစားမှုကို မပြုဘဲ နေနိုင်မည်နည်း၊ ဤသို့ ဘုရားရှင်ကို ချီးကျူးဖွဲ့နွဲ့ရာဝယ် ဖုဋ္ဌသမတာဂုဏ်ရအောင် ပထမ ဒုတိယ စတုတ္ထပါဒတို့၌ ဖုဋ္ဌဖြစ်သော ဘ အက္ခရာ ၂ လုံးစီ ထည့်၍ တတိယပါဒ၌ "ဘ-ဓ-ခ" ၃ လုံး ထည့်ထား၏၊ ထိုသို့ လုံးရေ မညီမျှသော်လည်း ပါဒတိုင်း၌ ဖုဋ္ဌအက္ခရာ ပါချင်း ညီမျှသောကြောင့် ဖုဋ္ဌသမတာဂုဏ်ရောက်သည်။

မှတ်ချက်။ ။ဤဂါထာ၌ ဖုဋ္ဌအက္ခရာ ၉ လုံးသာ ပါ၍ မုဒုအက္ခရာတွေက များသော်လည်း ဂါထာကို ကျနစွာ ရွတ်ကြည့်လျှင် ဓနိတအသံတွေ တစ်ဂါထာလုံး လွှမ်းမိုးလျက်ရှိ၏၊ ဥပမာ-ဆိုင်းဝိုင်း တီးရာ၌ ဗုံကလေးတွေကို ခပ်များများ တီးသော်လည်း ဗုံကြီးများကို ဗုံကလေးတွေ အကြား အကြား တီးပေးလျှင် ထိုဗုံကြီးသံက ဗုံကလေးများ၏အသံကို လွှမ်းသကဲ့သို့တည်း၊ ထို့ကြောင့် ဘ-ဓ-ခ အက္ခရာတို့ကို ရွတ်ရာ၌ ဗုံကြီးတီးသကဲ့သို့ ဓနိတသံ ထင်ရှားအောင် ခတ်ပြင်းပြင်း ရွတ်ကြည့်ပါ၊ ဖုဋ္ဌအသံက တစ်ဂါထာလုံး လွှမ်းသွားပါလိမ့်မည်။

ဝစနတ္ထ။ ။သမ္ဘာဝီယတေ-ကစ်လောကလုံးသည် ချီးမွမ်းအပ်လေးစားအပ်၏၊ ဣတိ သမ္ဘာဝနီယော၊ သံ(သောဘနော)-တင့်တယ်ကောင်းမြတ်သော+ဘာဝေါ-အလိုဆန္ဒတော်တည်း၊ သမ္ဘာဝေါ-တော်၊ သမ္ဘာဝနီယော+သမ္ဘာဝေါ ယဿာတိ သမ္ဘာဝနီယသမ္ဘာဝေါ၊ ဘဝါနံ-အန္တံ ဘဝန္တံ (နိဗ္ဗာနံ)၊ ဘဝန္တံ+ဂစ္ဆတီတိ ဘဝန္တဂူ၊ ဝိသေသေန+ဘဝတိ အဘိဘဝတီတိ ဝိဘူ (ဘဂဝါ)၊ သာဓီယတေ-ပြီးစေခြင်း၊ သာဓနံ-ခြင်း၊ ဘဝန္တဿ-ကို+သာဓနံ ဘဝန္တသာဓနံ၊ ဘဝန္တသာဓနံ+အာကခ်တိ သီလေနာတိ ဘဝန္တသာဓနာကခီ။ ["နသမ္ဘာဝယေ-အာဒရံ နကရေယျ၊ ကရောတျေဝ"-ဋီကာ။]

သက္ကတ။ ။"အချီ အချ၌ ဖုဋ္ဌအက္ခရာချင်း ညီမျှရမည်"ဟု ဆိုသော ကာဗျဒဿ၌ "ဥစ္ဆလစ္ဆီ ကရာစ္ဆာစ္ဆ, နိဇ္ဈရာမ္ဘကဏောက္ခိးတ" ဟု ဖုဋ္ဌအက္ခရာသံ လွှမ်းနေသော ၂ ပါဒသာ ပုံစံထုတ်၏။ [တက်သော ရေပေါက်ရှိသော အလွန် ကြည်လင်သော ရေပန်းပြွန်၏ ရေမှုန်တို့သည် သွန်းလောင်းအပ်သော, မလယအရပ်မှ လာသော လေသည် (ငါ့ကို ချမ်းသာစေခြင်းငှာ) လာ၏။]

http://www.dhammadownload.com

မိဿသမတာပုံစံ

၁၃၄။ လဒ္ဓစဒ္ဓနသံသဂ္ဂ–သုဂန္ဓီ မလယာ.နိလော၊ မန္ဒ.မာယာတိ ဘိတောဝ, မုနိန္ဒမုခမာရုတာ။

၁၃၄။ လဒ္ဓစဒ္ဓနသံသဂ္ဂသုဂန္ဓီ-ရအပ်သော စဒ္ဓကူးနှံ့သာတို့နှင့် ရောယှက်ခြင်းကြောင့် ကောင်းသောရနံ့ရှိသော၊ မလယာနိလော-မလယတောင်မှ လာသောလေသည်၊ မုနိန္ဒမုခမာရုတာ-မြတ်စွာဘုရား၏ ခံတွင်းတော်လေမှ၊ ဘိတောဝ-ကြောက်ရွာသကဲ့သို့၊ မန္ဒ-နံ့နံ့ နံ့နံ့၊ ဝါ-ဖြည်းဖြည်းနှေးနှေး၊ အာယာတိ-ရွေးရွှလာ၏။

၁၃၄။ လဒ္ဓစဒ္ဓနတျာဒိ။ ။စဒ္ဓကူးနှံ့သာနှင့် ရောယှက်ရခြင်းကြောင့် အလွန်အနံ့ကောင်းသော မလယတောင်က လေသည် ဘုရားခံတွင်းတော် လေနှင့် မပြိုင်ယှဉ်ဝံ့ ကြောက်ရွံ့သလို ဖြစ်၍ ပြင်းပြင်းမလာဝံ့ဘဲ ဖြည်းဖြည်းနှေးနှေး လာနေရရှာသည်၊ ဤသို့ ဘုရားရှင်၏ခံတွင်းတော်မှ ထွက်တော်မူလာသော လေကို ချီးကျူးဖွဲ့နွဲ့ရာဝယ် မိဿသမတာဂုဏ်ပါအောင် ဖွဲ့နွဲ့သောဂါထာ ဖြစ်သည်၊ ဤဂါထာ၌ ပါဒတိုင်းဝယ် ဖုဋ္ဌတစ်လုံးစီ (ဒ္ဓ-ဒ္ဓ-ဘ-ခ)ပါ၍ မုဒုအက္ခရာလည်း ပါသောကြောင့် မိဿသမတာဂုဏ်ရောက်သည်။ [မုဒုအက္ခရာနှင့် ဖုဋ္ဌအက္ခရာတို့ လုံးရေ ညီမျှရမည်ဟု မဆိုလို၊ ပါဒတိုင်း၌ မုဒုအက္ခရာ ဖုဋ္ဌအက္ခရာ ပါဝင်ခြင်းအားဖြင့် ညီမျှသည်-ဟု ဆိုလိုသည်။]

ဝစနတ္ထ။ ။စဒ္ဓနာနံ-တို့၏၊ ဝါ-တို့နှင့်+သံသဂ္ဂေါ စဒ္ဓနသံသဂ္ဂေါ၊ လဒ္ဓေါ စ+သော+စဒ္ဓနသံသဂ္ဂေါ စာတိ လဒ္ဓစဒ္ဓနသံသဂ္ဂေါ၊ သောဘနော+ဂန္ဓော ယဿာတိ သုဂန္ဓီ၊ လဒ္ဓစဒ္ဓနသံသဂ္ဂေန+သုဂန္ဓီ လဒ္ဓစဒ္ဓနသံသဂ္ဂသုဂန္ဓီ၊ မလယတော-မလယတောင်မှ (ဋီကာသစ်၌ "မလယဒေသတော"ဟု ဖွင့်၏၊) အာဂတော+အနိလော (လေ) မလယာနိလော၊ မုနိန္ဒဿ+မုခံ မုနိန္ဒမုခံ၊ မုနိန္ဒမုခတော+နိက္ခန္တော+မာရုတော။ [ဘိတောဝ-တာဒိသမုဒုသုရဘိသိတတ္တာဿ အတ္တနိ အသမ္ဘဝတော=ဘုရားခံတွင်းတော်၏ လေလောက် နူးညံ့ အနံ့ကောင်းအေးမြသည်၏ အဖြစ်က မိမိမှာ မရှိ၍ ကြောက်သကဲ့သို့၊ မန္ဒံတိ ကြိယာဝိသေသနံ။]

http://www.dhammadownload.com

သုခုမာလတာဂုဏ်၏ လက္ခဏာ

၁၃၅။ အနိဋ္ဌရက္ခရဗ္ဘာယာ, သဗ္ဗကောမလနိဿဋ္ဌာ၊
ကိစ္ဆမုစ္စာရဏာ-ပေတ-ဗျဥ္ဇနာ သုခုမာလတာ။

၁၃၅။ အနိဋ္ဌရက္ခရဗ္ဘာယာ-မကြမ်ိုးတမ်ိုးသောအက္ခရာ များစွာပါရှိသည်၊ (ဟုတွာ-ဖြစ်၍၊) သဗ္ဗကောမလနိဿဋ္ဌာ-အလုံးစုံ နူးညံ့သော အက္ခရာတို့မှ လွတ်ကင်းသော၊ ကိစ္ဆမုစ္စာရဏာပေတဗျဥ္ဇနာ-ခက်ခက်ခဲခဲ ရွတ်ဆိုရခြင်းမှ ကင်းသော ပုဒ်ဗျည်းရှိသော အဖွဲ့အနွဲ့သည်၊ သုခုမာလတာ-သုခုမာလတာဂုဏ် မည်၏။

မှတ်ချက်။ ။အဘိဓာန်(၁၁၁၄)၌ "မလယသဒ္ဒါသည် မလယတောင်, အာရာမ် ဥယျာဉ်အနက်ကို ဟော၏"ဟု လာ၏၊ (၃၀၀)၌ "စန္ဒနနှင့် မလယဇ"ကို ပရိယာယ်ဟု ဆို၏။ ထို့ကြောင့် စန္ဒနသံသဂ္ဂနှင့် ညီအောင် "မလယတောင်မှ လာသောလေ"ဟု ပေးသည်၊ ထိုမလယအရပ်ကို အိန္ဒိယတောင်စွန်းရှိ "မာလာယုက္ကျန်း-မလေးကျွန်း"ဟု ယူကြ၏၊ ထိုကျွန်းမှ စန္ဒကူးပင်များကို ခုတ်၍ အရှင်ပုဇ္ဇာ၏ညီ ကုန်သည်တို့ စန္ဒကူးကျောင်းကို ဆောက်ကြသတတ်။

သက္ကတ။ ။အချီ အချ ညီမျှခြင်းကို သမတာဂုဏ်ဟု ယူဆသော ကာဗျဒဿ၌ မုဒ္ဒ၂ ပါဒ, ဖုဋ္ဌ၂ ပါဒစီ ရော၍ ၄ ပါဒပြည့် တစ်ဂါထာကို ပုံစံပြထားသည်၊ ထို့ကြောင့် အချီ+အချ ညီမျှခြင်းကို သမတာဂုဏ်ဟု ဆိုရာ၌ သက္ကတအလင်္ကာကျမ်း၏ အလိုသာ, ဤသုဗောဓာလင်္ကာရ၌ကား ပုံစံ ၃ ခုလုံးပင် ၄ ပါဒပြည့်ထားခြင်းကြောင့် မုဒ္ဒစသည်ချင်း ၄ ပါဒလုံး တူမျှမှုကိုသာ "သမတာ"ဆိုလိုသည်ဟု မှတ်။

~~~~~~~~~~~~

၁၃၅။ အနိဋ္ဌရက္ခရဗ္ဘာယာ။ ။"နိဋ္ဌရ"သဒ္ဒါသည် ဖရုသသဒ္ဒါ၏ ပရိယာယ်တည်း၊ ["ဖရုသံ နိဋ္ဌရံ ဝါကျံ"-၁၂၅ အဘိဓာန်၊] အနိဋ္ဌရက္ခရာနိ+ပါယာနိ ယဿံတိ အနိဋ္ဌရက္ခရဗ္ဘာယာ-များကုန်သော မကြမ်းတမ်းသော အက္ခရာတို့ရှိရာ အဖွဲ့၊ "မကြမ်းတမ်းသော အက္ခရာများစွာ ပါရှိ"ဟု ဆိုသဖြင့် "ကြမ်းတမ်းသော အက္ခရာလည်း အနည်းငယ်တော့ ပါရှိရမည်"ဟု အဓိပ္ပာယ်စကား ကျ၏။
~~~~~~~~~~~~

http://www.dhammadownload.com

သဗ္ဗကောမလနိဿဋ္ဌာ။ ။သဗ္ဗကောမလေဟိ-အားလုံးနူးညံ့သော အက္ခရာတို့မှ+နိဿဋ္ဌာ-လွတ်ကင်းသော အဖွဲ့၊ ["အနိဋ္ဌုရ-မကြမ်းတမ်း" ဟူသော စကားနှင့် "ကောမလ-နူးညံ့"ဟူသော စကားသည် သဘော တူ၏၊ "မကြမ်းတမ်းသော အက္ခရာ များစွာပါရှိ"ဟူရာ၌ "ပါယ-များစွာ" ဟူသော စကားကြောင့် သဗ္ဗကောမလနိဿဋ္ဌ-အားလုံးနူးညံ့သော အက္ခရာချည်း မဟုတ်ကြောင်း သိသာပြီ၊ ထို့ကြောင့် ဤ သဗ္ဗကောမလ နိဿဋ္ဌာသည် ဘူတကထန (ဟုတ်မှန်တိုင်း ပြောပြသော) ဝိသေသန မျှသာတည်း၊ ထို့ကြောင့်ပင် ကာဗျဒဿ၌ ဤ ဝိသေသနပုဒ် မပါဘဲ "အနိဋ္ဌုရက္ခရပ္ပာယံ, သုကုမာရမိဟိဿတေ"ဟု ဆိုသည်၊ (သုကုမာရံ+ ဣဟ+ဣဿတေ။) သုကုမာရ=သုခုမာလ သဘောတူ။]

ကိစ္ဆ၊ပေ၊ဗျဥ္ဇနာ။ ။ကိစ္ဆံ-ခဲခဲယဉ်းယဉ်း+ဥစ္စာရဏာ-ရွတ်ဆိုအပ် သော အက္ခရာတို့တည်း၊ ကိစ္ဆမုစ္စာရဏာ-တို့၊ ကိစ္ဆမုစ္စာရဏေဟိ+ အပေတာနိ ကိစ္ဆမုစ္စာရဏာပေတာနိ-ခဲယဉ်းစွာ ရွတ်အပ်သောအက္ခရာ တို့မှ ကင်းသော ပုဒ်ဗျည်းတို့၊ ကိစ္ဆမုစ္စာရဏာပေတာနိ+ဗျဥ္ဇနာနိ ယဿံတိ ကိစ္ဆမုစ္စာရဏာပေတဗျဥ္ဇနာ (သုခုမာလတာ)၊ "ခဲယဉ်းစွာ ရွတ်အပ်"ဟူသည် အရွတ်ခက်သော သန္ဓိစပ်-သမာသ်စပ်-သံယုဂ် များတည်း၊ ထို့ကြောင့် သန္ဓိစပ်-သမာသ်စပ်-သံယုဂ် ပါသော်လည်း ရွတ်၍ လွယ်ကူ ချောမောသော ပုဒ်များသာ ပါစေရမည်-ဟု မှတ်။

အချုပ်မှာ– "နူးညံ့သော ကောမလအက္ခရာ များစွာပါ၍ ကြမ်းတမ်း သော အက္ခရာ အနည်းငယ်သာ ပါရှိခြင်း, အရွတ်ခက်သော ပုဒ် ဗျည်း များ မပါရှိခြင်း ဤလက္ခဏာ၂ ပါးနှင့် ညီမှ သုခုမာလတာဂုဏ် ရသည်"ဟု မှတ်။ [နိဿယတို့၌ "ကောမလ"ကို သိထိလဟု ယူကြ၏၊ ထိုအယူကို ပြခဲ့ပြီးသော "သဗ္ဗကောမလဝဏ္ဏေဟိ" (၁၃၂) ဂါထာဖြင့် စဉ်းစားပါ။]

[ဆောင်] **နူးညံ့အက္ခရာ, များစွာပါလျက်, အရွတ်ခက်ကား, မပါငြား, မှတ်သား သုခုမာလ။**

http://www.dhammadownload.com

သုခုမာလတာပုံစံ

၁၃၆။ ပဿန္တော ရူပဝိဘဝံ, သုဏာန္တော မဓုရံ ဂိရံ၊
စရန္တိ သာဂူ သမ္မုဒ္ဓ-ကာလေ ကေဠိပရမ္မုခါ။

အမှာ။ ။ အနက်ကျဉ်းကို (၉၉)ဂါထာ၌ ပြခဲ့ပြီ၊ ဤ၌ အနက်ကျယ်ကို အလိုရှိသူတို့အတွက် ပြအံ့။

၁၃၆။ သမ္မုဒ္ဓကာလေ - ရှင်တော်ဘုရား, ထင်ရှား ပွင့်ပေါ်, လင်္ကာထက်တော်အခါ၌၊ သာဓု-ပါရမီနှင့်, ညာဉ်တင့်၍, အရင့်အမာ, ကလျာဂိုဏ်းဝင်, သူတော်စင်တို့သည်၊ ရူပဝိဘဝံ-ရွှေမျက်နှာတော်, လင်္ကာခြေတော်နှင့်, ကိုယ်တော်သဏ္ဌာန်, ပုံဟန်ပြည့်တင်း, သပ္ပာယ်သော အဆင်းကို၊ ပဿန္တော-သခ်ျေကမ္ဘာ, လွန်လေပါလည်း, တစ်ခါဘူးမျှ, မဖူးရသဖြင့်, ထူးစွာ့အခိုန်, မြိန်မြိန်ကြီး ဖူးမြော်ကြကုန်လျက်၊ မဓုရံ ဂိရံ-ကြားရတိုင်းဖိန်, နားဝင်ငြိမ့်၍, ဆိမ့်လျက်ချိဟန်, တရားသံကို၊ သုဏန္တော-တဏှာမဆန်, သဒ္ဓါမှန်ဖြင့်, နာခံလင့်ပြီး, ကျင့်လည်း ကျင့်ကြကုန်လျက်၊ ကေဠိပရမ္မုခါ-ပျော်ပွဲ ရွှင်ပွဲ, မျက်နှာလွှဲ၍, အမြဲစက်ဆုပ်, အဖက်မလုပ်ကြဘဲသာလျှင်၊ စရန္တိ-သူတော်ချင်းတွေ့, သတင်းမွေ့လျက်, ပျင်းငွေ့မကြုံ,...ပျော်ပျော်ကြီး လှည့်လည်ကြလေကုန်သတည်း။

သုခုမာလတာ၏ဂုဏ်ထူး

၁၃၇။ အလင်္ကာရဝိဟိနာပိ, သတံ သမ္မုခတေ.ဒိသီ၊
အာရောဟတိ ဝိသေသေန, ရမဏီယာ တ.ဒုဇ္ဇလာ။

၁၃၇။ ဧဒိသီ-ဤကဲ့သို့ ရှုအပ်သော သုခုမာလတာသည်၊ အလင်္ကာရဝိဟိနာပိ-အထွာလင်္ကာရမှ ကင်းပါသော်လည်း၊ သတံ-ပညာရှိသူတော်ကောင်းတို့၏၊ သမ္မုခတံ-မျက်မှောက်၏အဖြစ်သို့၊ အာရောဟတိ-တက်ရောက်နိုင်၏၊ တဒုဇ္ဇလာ-ထိုအထွာလင်္ကာရဖြင့်

၁၃၆။ ပဿန္တောတျာဒိ။ ။ဤဂါထာ၌ "ဘ-ဓ-မ-ဓ-ခ"ဟု ဖရုသအက္ခရာ ၅ လုံးသာ ပါ၍ ကျန်အက္ခရာများသည် ကောမလချည်း ဖြစ်သောကြောင့် အနိဋ္ဌရက္ခရပ္ပာယ ဖြစ်၏။ နွဲ့-စသော သံယုဂ်များ ပါသော်လည်း ကိစ္စမုစ္စာရဏာ မဟုတ်ကြ၊ သုခုစ္စာရဏာ (အရွတ်အဖတ် လွယ်သော) သံယုဂ်များသာ ဖြစ်ကြသည်၊ ဝစနတ္ထကို ရှေ့၌ ပြခဲ့ပြီ။

http://www.dhammadownload.com

တင့်တယ်တောက်ပပါမူကား၊ ဝိသေသေန-အထူးအားဖြင့်၊ ရမဏီယာ-နှစ်သက် မွေ့လျော်ဖွယ် ကောင်းသည်၊ ဟောတိ-ဖြစ်၏။ [သမ္မုခတံ+ဧဒိသီ။]

အတ္ထာလင်္ကာရပါသော သုခုမာလတာ

၁၃၈။ ရောမဥ္စပိဥ္ဆရစနာ, သာဓုဝါဒါ·ဟိတဒ္ဓနီ၊
လဥ္ဇန္တိ·မေ မုနီမေဃု–မ္ပဒါ သာဓုသိခါဝလာ။

၁၃၈။ ရောမဥ္စပိဥ္ဆရစနာ - ကြက်သီးမွေးညင်းထခြင်းဟူသော ပြန့်ကားသော အမြီးလည်း ရှိကုန်ထသော၊ သာဓုဝါဒါဟိတဒ္ဓနီ-သာဓုခေါ်ခြင်းဟူသော တွန်မြူးသံလည်း ရှိကုန်ထသော၊ မုနိမေဃုမ္ပဒါ-ဘုရားတည်းဟူသော မိုးဖြင့် ယစ်ကြကုန်သော၊ ဣမေ သာဓုသိခါဝလာ-ဤသူတော်ကောင်းတည်းဟူသော ဥဒေါင်းတို့သည်၊ လဥ္ဇန္တိ-မြူးတူးစံပယ်ကြကုန်၏။

၁၃၇။ အလင်္ကာရတျာဒိ။ ။ဤသုခုမာလတာဂုဏ်ရှိသော အဖွဲ့အနွဲ့သည် ဆိုအပ်လတ္တံ့သော အတ္ထာလင်္ကာရ မပါသော်လည်း ပညာရှိသူတော်ကောင်းတို့၏ ရှေ့မှောက်သို့ တက်ရောက်နိုင်၏၊ ["ပညာရှိများ ပါဝင်သော အစည်းအဝေးပွဲ၌ သုခုမာလတာဂုဏ်ပါသော အဖွဲ့အနွဲ့ ပျို့ ကဗျာ လင်္ကာ ဂါထာ့သည် ဘုန်းတော်ဖွဲ့-ဩဘာစာ အဖြစ်ဖြင့် အသုံးပြုခံရ၏"ဟူလို၊] စတုတ္ထပိုင်း၌လာမည့် အတ္ထာလင်္ကာရ ပါရှိလျှင်ကား သာ၍ ပညာရှိနှစ်သက်ဖွယ် ကောင်းပါသည်။ [အလင်္ကာရေဟိ+ဝိဟီနာ အလင်္ကာရဝိဟီနာ၊ တေန+ဥဇ္ဇလာ တဒုဇ္ဇလာ။]

၁၃၈။ ရောမဥ္စတျာဒိ။ ။ဥဒေါင်းငှက်တို့သည် မိုးသံကြားသော အခါ အမြီးကို ဖြန့်ကာ ဖြန့်ကာ သာယာသော အသံဖြင့် မြူးလေ့ရှိကြ၏၊ ထိုအပြုအမူကို သူတော်ကောင်းများ၏ ဖြစ်ပုံ၌ တင်စားသော ဂါထာ ဖြစ်သည်၊... သူတော်ကောင်းတို့သည် ဘုရားရှင်၏ တရားသံကို နာခံရသောအခါ ဖရဏာပီတိဖြစ်၍ ကြက်သီးမွေးညင်းထကုန်၏၊ ထိုသို့ ကြက်သီးထ၍ အမွေးများ ရွှင်ပျခြင်းသည် ဥဒေါင်းတို့၏ အမြီးဖြန့်ခြင်းနှင့် တူ၏၊ ထိုသို့ ပီတိဖြစ်လာသောအခါ "သာဓု သာဓု" ဟု

http://www.dhammadownload.com

အသံပြုကြကုန်၏၊ ထိုသာဓုသံသည် ဥဒေါင်းတို့၏ တွန်မြွေးသံနှင့် တူ၏၊ ဘုရားတည်းဟူသော မိုး၏ တရားတည်းဟူသော ချုန်းသံကို ကြားရသောအခါ သူတော်ကောင်းတို့၏ ပျော်မြူးကြခြင်းသည် မိုးသံကြောင့် ဥဒေါင်းတို့၏ ပျော်မြူးကြခြင်းနှင့် တူသည်။

မှတ်ချက်။ ။ဤဂါထာသည် စတုတ္ထပိုင်းလာ အလင်္ကာရတို့တွင် ရူပကမည်သော အလင်္ကာဖြင့် တန်ဆာဆင်အပ်သော ဂါထာတည်း၊ ရူပကအမျိုးမျိုးတွင်လည်း ဟူနိုင်သမျှ အားလုံးကို အကြွင်းမရှိအောင် ရုပ်ပုံပြုထားသောကြောင့် **အသေသဝတ္ထုဝိသယရူပက**တည်း၊ ဤသို့လျှင် "ရောမဉ္စ"စသော ဂါထာသည် နိဋ္ဌရအက္ခရာ "ဉ္ဆ-ဓု-ဒ္ဓ-ဃ-ဓု-ခါ"ဟု ၆ လုံးသာ ပါသဖြင့် နည်းပါး၍ အနိဋ္ဌရ (ကောမလ)အက္ခရာများသောကြောင့်လည်းကောင်း, ကိစ္ဆဥစ္စာရဏအက္ခရာ မပါ-သုခုစ္စာရဏချည်းသာ ဖြစ်သောကြောင့်လည်းကောင်း သုခုမာလတာသဒ္ဒါလင်္ကာရဂုဏ်ရောက်၏၊ ထိုဂုဏ်၏အပေါ်မှာ ရူပကအတ္ထာလင်္ကာရတည်းဟူသော ပန်းပွင့် ပန်းပြောက်ခြယ်ထားသကဲ့သို့ တောက်ပလျက်ရှိရကား အပြစ်ကင်း၍ ကျော့ရှင်းသော အမျိုးသမီးသည် ဝတ်စားတန်ဆာ ယဉ်ကျေးစွာ ဆင်ပြင်ထားသကဲ့သို့ ပညာရှိအများ လေးစားနှစ်သက်လောက်သော ဂါထာ ဖြစ်ပါပေသည်။

ဝစနတ္ထ။ ။ရောမဉ္စသဒ္ဒါသည် ကြက်သီးမွေးညင်းထခြင်းကို ဟော၏၊ ရောမဉ္စာဧ၀+ပိဉ္ဆာနိ ရောမဉ္စပိဉ္ဆာနိ၊ ရောမဉ္စပိဉ္ဆာနံ-ကြက်သီးမွေးညင်းထခြင်းဟူသော အမြီးတို့၏၊ ရစနာ-ပြန့်ကားခြင်းသည်၊ ယေသံ အတ္ထိတိ ရောမဉ္စပိဉ္ဆရစနာ၊ သာဓု ဣတိ+ဝါဒေါ သာဓုဝါဒေါ၊ အာဟိတော-ပြောဆိုအပ်သော၊ ဝါ-တွန်မြွေးအပ်သော+မနိ-အသံတည်း၊ အာဟိတဒ္ဓနိ-သံ၊ သာဓုဝါဒသဒ္ဒါတော+အာဟိတဒ္ဓနိ ယေသံတိ သာဓုဝါဒါဟိတဒ္ဓနိ၊ မုနိသဒ္ဒါတော+မေယော မုနိမေယော၊ မုနိမေယေန+ဥမ္မဒါ-လွန်စွာ ယစ်မူးကြသည်တည်း၊ မုနိမေယုမ္မဒါ၊ သိခါ ယေသံ အတ္ထိတိ သိခါဝလာ (သိခါနေး ဝလစ်ပစ္စည်း)၊ သာဓုဧ၀+သိခါဝလာ သာဓုသိခါဝလာ၊ [မုနိမေယောတိ ဧတ္ထ ဒီယတ္တံ (နိ တု ဒီယ အဖြစ်သည်) ဆန္ဒာနုရက္ခဏတ္ထံ (ယဂိုဏ်းဖြစ်အောင်) ဆန်းစောင့်ရခြင်းအကျိုး ရှိ၏။-ဋီကာ။]

http://www.dhammadownload.com

အနက်ပေါ်တည်သော သုခုမာလတာ

၁၃၉။ သုခုမာလတ္တ-မတ္ထော၀, ပဒတ္ထ၀ိသယမ်ဖိ စ၊
ယထာ မတာဒိသဒ္ဒေသု, ကိတ္တိသေသာဒိ ကိတ္တနံ။

၁၃၉။ ပဒတ္ထ၀ိသယံ - ပုဒ်၏ အနက်ဟူသော အရာရှိသော၊ သုခုမာလတ္တံပိ-သုခုမာလတာဂုဏ်သည်လည်း၊ အတ္ထော၀-ရှိသည်သာ၊ ယထာ-ဥဒါဟရဏ်ကား၊... မတာဒိသဒ္ဒေသု-မတ အစရှိသောသဒ္ဒါ အရာတို့၌၊ ကိတ္တိသေသာဒိ ကိတ္တနံ-"ကိတ္တိသေသ" အစရှိသည်ကို ပြောဆိုခြင်းတည်း။

၁၃၉။ သုခုမာလတ္တံတျာဒိ။ ။"ပဒတ္ထ၀ိသယသုခုမာလတ္တ-ပုဒ်နက်ဟူသော အရာရှိသော သုခုမာလတာဂုဏ်"ဟူသည် အနက်အဓိပ္ပာယ်တစ်ခုကို ပြောရာ၌ ပြောရိုးအတိုင်း တဲ့တိုးမပြောဘဲ သိမ်မွေ့ယဉ်ကျေးသော စကားလုံးတို့ကို သုံးစွဲပြောဆိုခြင်းတည်း၊ သေသည်ကို "သေသည်"ဟု ပြောလျှင် တန်ဆာအဆင် မပါ, ရိုးရိုး(တဲ့တိုး)ပြောခြင်းသာဖြစ်၏၊ သေသည်ကို "ကိတ္တိသေသ-သူ၏ ဂုဏ်သတင်းသာ ကြွင်းရစ်တော့တယ်"ဟု ပြောခြင်းကား စကားအသုံး ယဉ်ကျေးသောကြောင့် သုခုမာလတာဂုဏ်ရှိသော စကားတန်ဆာ ဖြစ်သည်၊ ဤသို့ အနက်အပေါ်၌တည်သော်လည်း စကားအသုံးအနှုန်း ယဉ်ကျေးနုနယ်မှု ဖြစ်သောကြောင့် အတ္ထာလင်္ကာရ မဟုတ်, သဒ္ဒါလင်္ကာရဂုဏ်သာ။

ကိတ္တိသေသာဒိ။ ။[ကိတ္တိသေသ-ကျော်စောခြင်းသာလျှင် ကြွင်းကျန်တော့၏၊ "ဂုဏ်၏ အရှင်ဖြစ်သော လူကောင်ကြီးကား မရှိတော့"ဟူလို၊] အာဒိဖြင့် "ဆုံးရှာပြီ, ကွယ်လွန်သွားပြီ, ရှင်ဘုရင်+နတ်ရွာစံပြီ, ဘုန်းတော်ကြီး+ပျံတော်မူပြီ, ရဟန္တာအရှင်မြတ်+ပရိနိဗ္ဗာန်စံတော်မူပြီ"တို့ကိုလည်းကောင်း, မတာဒိနှင့် ကိတ္တိသေသာဒိပေါင်း၍ အာဒိအရ မွေးဖွားသည်ကို "ဖွားမြင်သည်, မျက်နှာမြင်သည်, မီးရှူးသန့်စင်သည်"ဟု ခေါ်ခြင်းစသည်ကို ယူ၊ အချုပ်မှာ-ဝါကျဒေါသ၌ ပြခဲ့သော ဂါမဒေါသ မဖြစ်စေဘဲ ဂါမဒေါသ အဖြေ၌ ပြခဲ့သော ဝါကျမျိုးသည် သုခုမာလတာဂုဏ်ရောက်၏ဟု မှတ်။

~~~~~~~~
~~~~~~~~

http://www.dhammadownload.com

သိလေသဂုဏ်၏ လက္ခဏာ

၁၄၀။ သိလိဋ္ဌပဒသံသဂ္ဂ–ရမဏီယဂုဏာလယော၊ သဗ္ဗဂါရဝေါ သော·ယံ, သိလေသော နာမ တံ ယထာ။

၁၄၀။ သိလိဋ္ဌပဒသံသဂ္ဂရမဏီယဂုဏာလယော-ဌာန်တူအက္ခရာ နီးစပ်သဖြင့် အချင်းချင်း ငြိကပ်သကဲ့သို့ဖြစ်သော ပုဒ်တို့၏ ရောယှက်ခြင်းကြောင့် နှစ်သက်မွေ့လျော်ဖွယ်ဂုဏ်၏ တည်ရာဖြစ်သော၊ သဗ္ဗဂါရဝေါ-ဗဗ္ဗဂါရဝအက္ခရာနှင့်တကွဖြစ်သော၊ သော အယံ-ထိုအဖွဲ့. သည်၊ သိလေသော နာမ-သိလေသဂုဏ်ရှိသောအဖွဲ့. မည်၏၊ တံ-ထိုဥဒါဟရဏ်သည်၊ ယထာ-အဘယ်နည်း။....

၁၄၀။ သိလိဋ္ဌ၊ပေ၊ဂုဏာလယော။ ။ဒီဝါဒိဂုဏ်း သိလိသဓာတ် သည် "သင်္-ငြိကပ်ခြင်း"အနက်ကို ဟော၏၊ ဌာန်တူအက္ခရာ ထပ်၍ လာရာ၌ ထိုအက္ခရာ၂ လုံးသည် အချင်းချင်း ငြိကပ်သကဲ့သို့ ရှိ၏၊ ထိုသို့ ဌာန်တူအက္ခရာ ထပ်၍ လာသောပုဒ်ကို "သိလိဋ္ဌပဒ"ဟု ဆို၏၊ ဂါထာ (အဖွဲ့) တစ်ခုဌ၌ ထိုကဲ့သို့ သိလိဋ္ဌပဒတွေ့ အတော်များစွာ ရောနှော ပါဝင်နေခြင်းသည် "သိလိဋ္ဌပဒသံသဂ္ဂ"ပင်တည်း။ [နိဿယ များ၌ "ဌာန်တူအဆင့် သံယုဂ်ကို သံသဂ္ဂ"ဟု ဆိုကြ၏၊ ဆင်ခြင်ပါ။] ထိုသို့ သိလိဋ္ဌပဒသံသဂ္ဂ ဖြစ်သောကြောင့် နှစ်သက်မွေ့လျော်ဖွယ် ကောင်းသောဂုဏ်သည် "ရမဏီယဂုဏ"မည်၏၊ ထိုဂုဏ်၏တည်ရာ အဖွဲ့အနွဲ့သည် "ရမဏီယဂုဏာလယ"ဖြစ်၏၊ အာလယသဒ္ဒါသည် တည်ရာအနက်ကို ဟော၏။။

[ဆောင်] ဌာန်တူပုဒ်ပါဌ်, နီးနီးကပ်လျက်, ထားအပ်တစ်ဝ၊ ဗန္ဓဂရုတ်, ဖြစ်အောင်လုပ်သည့်, သံယုဂ်-ဒီဃ, မနိတလည်း, ပါဝင်ပြီး, ခေါ်မှီး သိလေသ။

ဝစနတ္ထ။ ။သိလိဿန္တိတိ သိလိဋ္ဌာနိ၊ သိလိဋ္ဌာနိ စ+တာနိ+ပဒါနိစာတိ သိလိဋ္ဌပဒါနိ၊ တေသံ+သံသဂ္ဂေါ သိလိဋ္ဌပဒသံသဂ္ဂေါ၊ သိလိဋ္ဌပဒသံသဂ္ဂေန+ရမဏီယဂုဏော သိလိဋ္ဌ၊ပေ၊ဂုဏော၊ တဿ+အာလယော သိလိဋ္ဌပဒသံသဂ္ဂရမဏီယဂုဏာလယော၊ ဌာနကရဏာဒီဟိ အာသန္နဝဏ္ဏာနံ - တို့ကို၊ ဝိနျာသဟေတု - စီထားခြင်းဟူသော

http://www.dhammadownload.com

အကြောင်းကြောင့်၊ အညမညနိဿိတာနံ ပဒါနံ-အမျှင်းချင်း မှီနေသကဲ့သို့ ဖြစ်ကုန်သော ပုဒ်တို့၏၊ (“သိလိဋ္ဌပဒ”အဖွင့်) [ဌာန်တူအကွာရာနီးသဖြင့် အချင်းချင်း မှီနေသကဲ့သို့ ဖြစ်ကြသော ပုဒ်များ-ဟူလို့၊] သမဝါယေန-ပေါင်းဆုံခြင်းကြောင့် (“သံသဂ္ဂေန”အဖွင့်၊) မနုည ဂုဏ္ဍာဿ ပဝတ္တိဋ္ဌာနဘူတော (“ရမဏီယဂုဏ္ဍာလယော”အဖွင့်။)

သဗ္ဗဂါရဝေါ။ ။“ဂရုနော+ဘာဝေါ ဂါရဝံ၊ ဗဟွဿ+ဂါရဝံ ဗဟုဂါရဝံ-အလေးဂရုပြု၍ ရွတ်အပ်သော အဖွဲ့အနွဲ့၏ ဖြစ်ကြောင်း ဖြစ်ရာ”ဟူသည် ဓနိတအကွာရာ, ဒီဃအကွာရာ, သံယုဂ်၏ ရှေ့အကွာရာ များတည်း၊ [ဒုမို့ ဂရု, ဒီဃော စ-ကို ထောက်၊] သဟ+ဗဟုဂါရဝေန ယော ဝတ္တာတီတိ သဗဟုဂါရဝေါ၊ အဖွဲ့အနွဲ့တို့၌ ဓနိတ ဒီဃ သံယုဂ် မပါလျှင် ရွတ်ဆိုရာ၌ ပေါ့ပျက်ပျက်ရှိ၏၊ ထိုသို့ ပေါ့ပျက်ပျက် မရှိရ အောင် ဗဟုဂါရဝအကွာရာများလည်း အထိုက်အလျောက် ပါစေရမည်-ဟူလို့။ ဗဟုဂါရဝသဒ်ါတေန-ရစနာယ အသိထိလဘာဝေန၊ သဟ ပဝတ္တော အယံ ဗဟွော သိလေသော နာမ၊.... ဗဟွကို ရစနာ, ဂါရဝကို အသိထိလဘာဝ-ဟု ဖွင့်သည်။]

ပဒါသတ္တိမှ ထူးပုံ။ ။“ပဒါသတ္တိမဓုရတာဂုဏ်၌လည်း ဌာန်တူ အကွာရာ နီးကပ်ရမည်”ဟု ဆိုခဲ့၏၊ ဤ သိလေသနှင့် အဘယ်သို့ ထူးသနည်း-ဟု မေးဖွယ်ရှိ၏၊ အဖြေကား-ပဒါသတ္တိ၌ ဌာန်တူအကွာရာတို့၏ နီးကပ်ခြင်းသည် လိုရင်းလက္ခဏာတည်း၊ ဤ သိလေသ၌ကား ဌာန်တူ နီးကပ်ခြင်းသည် လိုရင်းမဟုတ်, ဗဟွဂါရဝအကွာရာ ပါခြင်းက လိုရင်းတည်း၊ ထို့ကြောင့် ထိုနှစ်မျိုးကို့ သဘောလက္ခဏာချင်း မတူကြပါ။ [သိလေသော နာမ-ဗဟွဂါရဝေါ-အဖွဲ့အနွဲ့၌ လေးစားဖွယ် အကွာရာသည် သိလေသ မည်၏၊ တပ္ပဋိပါဒကဗဟွော ပျော်ထ သိလေသောတိ ဝုစ္စတိ=ထိုဂရုပါအောင် ဖွဲ့စီအပ်သောအဖွဲ့ကိုလည်း ဤဂါထာ၌ (ဧကဒေသုပစာရအားဖြင့်) သိလေသဟု ဆိုအပ်၏-ဋီကာသစ်။]

[ဆောင်] ဌာန်တူအကွာရာ, နီးကပ်စွာကို, ပဒါသတ္တိ, လက္ခဏာမှည့်လော၊ ဤသိလေသ, လက္ခဏာကား, ဗဟွဂါရဝ, ပဓာနသည်, ... မှတ်ကြ၊ ၂ မျိုး အထူးတည်။

http://www.dhammadownload.com

သိလေသပုံစံ

၁၄၁။ ဗာလိန္ဒုဝိဗ္ဘမစ္ဆေဒိ–နခရာဝလိကန္တိဘိ၊
သာ မုနိန္ဒဝဒမ္ဟောဇ, ကန္တိ ဝေါ ဝလိတာ-ဝတံ။

၁၄၁။ ဗာလိန္ဒုဝိဗ္ဘမစ္ဆေဒိနခရာဝလိကန္တိဘိ-တက်သစ်စ လမင်း၏ တင့်တယ်ခြင်းကို ဖြတ်တောက်လေ့ရှိသော ခြေသည်းတော်အစဉ်၏ တင့်တယ်ခြင်းတို့နှင့်၊ ဝလိတာ-ယှဉ်သော၊ သာ မုနိန္ဒဝဒမ္ဟောဇကန္တိ-ထိုဘုရားခြေစုံ ကြာပဒုံ၏ တင့်တယ်ခြင်းသည်၊ ဝေါ-သင်တို့ကို၊ အဝတံ-စောင့်ရှောက်ပါစေသတည်း။

၁၄၁။ ဗာလိန္ဒုတျာဒိ။ ။ထွက်သစ်စလရောင်ကို ပယ်ဖျောက်နိုင်သော ခြေသည်းတော်အရောင်တို့နှင့် ယှဉ်၍နေသော ဘုရားခြေတော်အစုံ ကြာပဒုံ၏ တင့်တယ်ခြင်းသည် သင်တို့အား စောင့်ရှောက်ပါစေသတည်း၊ ဤသို့ ခြေသည်းတော်အရောင်ကို ဖွဲ့နွဲ့လျက် စောင့်ရှောက်ပါစေဟု အာသီသ ပြုရာဝယ် သိလေသဂုဏ်ပါအောင် ဖွဲ့နွဲ့သော ဂါထာ ဖြစ်သည်။

ဂုဏ်ရောက်ပုံ။ ။ဗာလိန္ဒု-[သြဋ္ဌ, ဒန္တဝဏ္ဏ]နှင့် ဝိဗ္ဘမ [ဒန္တောဋ္ဌနှင့် သြဋ္ဌ] နခရာဝဋ္ဋိ [ဒန္တ, ကဏ္ဌ, မုဒ္ဓ, ဒန္တောဋ္ဌ, မုဒ္ဓ]နှင့် ကန္တိဘိ [ကဏ္ဌ, ဒန္တ, သြဋ္ဌ] သာမုနိန္ဒ [ဒန္တ, သြဋ္ဌ, ဒန္တ]နှင့် ပဒမ္ဟောဇ [သြဋ္ဌ, ဒန္တ, သြဋ္ဌ (ဇ-ကား အပိုစကား)] ကန္တိ ဝေါ [ကဏ္ဌ, ဒန္တ, ဒန္တောဋ္ဌ]နှင့် ဝလိတာဝတံ [ဒန္တောဋ္ဌ, ဒန္တ]တို့ နီးကပ်ကြ၏၊ ပထမပါဒဌ် ဘ-ဆ, ဒုတိယဌ် ခ-ဘ, တတိယဌ် ဘ, ဤသို့ ဂရုအက္ခရာနှင့် ဝိဗ္ဘမ-စသည်ဝယ် ဝိကဲ့သို့ သံယောဂပုဗ္ဗဂရုမျှားလည်း ပါရကား သဗန္ဓဂါရဝပလည်း ဖြစ်သည်။

ဝစနတ္ထ။ ။ကလေးသူငယ်အနက်ကို ဟောသော ဗာလသဒ္ဒါကို ထွက်သစ်စ လ-နေတို့၌ တင်စား၍ သဒိသူပစာရအားဖြင့် ဗာလဟု ခေါ်ထားသည်၊ ဗာလိန္ဒုဝိဗ္ဘမံ+ဆိန္ဒန္တိ သီလေနာတိ ဗာလိန္ဒုဝိဗ္ဘမစ္ဆေဒိနီ (ကန္တိယော) နခါနံ+အာဝဋ္ဋိယော နခရာဝဋ္ဋိယော (ရိအာဂုံ)၊ တာသံ ကန္တိယော နခရာဝဋ္ဋိကန္တိယော၊ ဗာလိန္ဒု ဝိဗ္ဘမစ္ဆေဒိယောစ+တာ+နခရာဝဋ္ဋိကန္တိ ယော စာတိ ဗာလိန္ဒုပေါကန္တိယော၊ ဝလိတာဌ် ဝလဓာတ်သည် စောင့်ရှောက်ခြင်းအနက်ကိုဟောသော်လည်း"ဓာတူနံအနေကတ္ထတာ" နှင့်အညီ ယှဉ်ခြင်းအနက်ကိုယူ။ [ဝလိတာ သံယုတ္တာ၊-ဋီကာ။]

http://www.dhammadownload.com

ဥဒါရတာဂုဏ်၏လက္ခဏာ

၁၄၂။ ဥက္ကံသဝန္တော ယောကောစိ, ဂုဏော ယဒိ ပတီယတေ၊
ဥဒါရော·ယံ ဘဝေ တေန, သနာထာ ဗန္ဓုပဒ္ဓတိ။

၁၄၂။ ဥက္ကံသဝန္တော-ထူးထူးချွန်ချွန်, လွန်ကဲခြင်းရှိသော၊ ယောကောစိ ဂုဏော-အကြင်အမှတ်မရှိ တစ်စုံတစ်ခုသော ဂုဏ်ကို၊ ယဒိ ပတီယတေ-အကယ်၍ သိအပ်ငြားအံ့၊ (ဧဝံသတိ-ဤသို့ သိအပ်သည် ရှိသော်၊) အယံ-ဤထူးထူးချွန်ချွန်, လွန်ကဲသော ဂုဏ်သည်၊ ဥဒါရော-ဥဒါရဂုဏ်မည်၏၊ တေန-ထိုထူးထူးချွန်ချွန်, လွန်ကဲသောဂုဏ်ကြောင့်၊ ဗန္ဓုပဒ္ဓတိ-အဖွဲ့အနွဲ့အစဉ်သည်၊ သနာထာ-ဥဒါရတာဂုဏ်ဟူသော ကိုးကွယ်ရာ ရှိသည်၊ ဘဝေ-ဖြစ်၏။

၁၄၂။ ဥက္ကံသ ၊ပေ၊ ပဒ္ဓတိ။ ။အများဖြစ်ရိုးဖြစ်စဉ်ဂုဏ်ထက် လွန်ကဲခြင်းရှိသော ဂုဏ်သည် ဥဒါရမည်၏၊ [ဤစကားဖြင့် "ဥဒါရ" ဟူသော အမည်သည် ဂုဏ်ဒြပ်တည်းဟူသော အနက်၏အမည်တည်း-ဟု မှတ်၊] ထိုအနက်ဂုဏ်ကို အကြောင်းပြု၍ ဂါထာစသော အဖွဲ့အနွဲ့ သဒ္ဒါအစဉ်လည်း ဖလူပစာရအားဖြင့် "ဥဒါရဂုဏ်" အမည်ရသည်။

[ဆောင်] အများဖြစ်မြဲ, ဂုဏ်ထက်ကဲ၍, မှတ်စွဲလောက်စွာ, ဂုဏ်ဖော်ပြ, ဥဒါရဟုခေါ်။

ဝစနတ္ထ။ ။ကသိဓာတ်သည် "ယာယန-သွားခြင်း"အနက်ကို ဟော၏၊ ဥ-ဥပသာရကြောင့် တက်သွားခြင်း-လွန်ကဲခြင်းအနက်ကို ဟောသည်၊ [ဥက္ကံသဝန္တဂုဏ်ဟူသည် စာဂါတိသယ-သူတစ်ပါးတို့ထက် လွန်ကဲ၍ စွန့်ကြဲနိုင်ခြင်းဂုဏ်, အများထက် လွန်ကဲသော သီလ, ပညာ, သဒ္ဓါ, ဝီရိယ စသောဂုဏ်, တန်ခိုးအာနုဘော်၏ သူတစ်ပါးထက် ထူးခြားသောဂုဏ်များတည်း၊] ဥဒါရ၌ ဥ+အာပုဗ္ဗရာဓာတ် အပစ္စည်း၊ ဥ-အလွန်+အာရာတိ-ယူတတ်၏၊ ဣတိ ဥဒါရော၊ ဤသဒ္ဒါနည်းအရ အလွန်အကဲ အကြီးအကျယ်ကို "ဥဒါရ"ဟု ခေါ်၏၊ ထို့ကြောင့် ထောမနိဓိဋ္ဌ "ဒါတရိ-ပေးတတ်သူဋ္ဌလည်းကောင်း၊ မဟတိ-ကြီးကျယ်မြင့်မြတ် ခိုးမွမ်းအပ်သော အရာဋ္ဌလည်းကောင်း"စသည်ဖြင့် ဥဒါရပုဒ်၏ အနက်ကို ဖွင့်သည်။

http://www.dhammadownload.com

ဥဒါရပုံစံ

၁၄၃။ ပါဒမ္ဟောဇရဇောလိတ္တ-ဂတ္တာ ယေ တဝ ဂေါတမ၊
အဟော တေ ဇန္တဝေါ ယန္တီ, သဗ္ဗထာ နိရဇတ္တနံ။

၁၄၄။ ဧဝံ ဇိနာနုဘာဝဿ, သမုက္ကံသော-တြ ဒိဿတိ၊
ပညဝါ ဝိမိနာ-နေန, စိန္တယေ ပရ-မိဒိသံ။

၁၄၃။ ဂေါတမ-ဂေါတမန္တယ်ဖွား, ရှင်တော်မြတ်ဘုရား၊ ယေ ဇန္တဝေါ-အကြင် သတ္တဝါတို့သည်၊ တဝ-ရှင်တော်မြတ်ဘုရား၏၊ ပါဒမ္ဟောဇရဇောလိတ္တဂတ္တာ-ခြေတော်အစုံ, ကြာပဒုံဝယ်, ငြိကပ်သော မြူမှုန်တို့ဖြင့် လိမ်းကျံအပ်သော ကိုယ်ရှိကြကုန်၏၊ တေ ဇန္တဝေါ-ထို သတ္တဝါတို့သည်၊ သဗ္ဗထာ-ခပ်သိမ်းသော အပြားအားဖြင့်၊ နိရဇတ္တနံ-ကိလေသာဟူ, မြူ မရှိသူတို့၏အဖြစ်သို့၊ ယန္တီ-ရောက်နိုင်ကြကုန်သည်ကား၊ အဟော-အံ့သြဖွယ်ကောင်းပါပေစွ။

၁၄၃။ ပါဒမ္ဟောဇပေါနိရဇတ္တနံ။ ။အိုရှင်တော်မြတ်ဘုရား... ရှင်တော်ဘုရား၏ ခြေတော်အစုံ ကြာပဒုံက မြူမှုန် (ဝတ်မှုန်)တို့ဖြင့် လိမ်းကျံအပ်သော ကိုယ်ရှိကြသော သတ္တဝါတို့သည် အလုံးစုံသော အခြင်းအရာအားဖြင့် (မည်သည့်နည်းနှင့်မျှ) ကိလေသာမြူ မရှိကြတော့ဘဲ (မြူမှုန်ကင်း၍) သန့်ရှင်းခြင်းသို့ ရောက်သွားကြသည်မှာ (တစ်ကိုယ်လုံး မြူမှုန်လိမ်းကျံထားပါလျက် မြူမှုန်မရှိသူ ဖြစ်ခြင်းမှာ) အံ့သြဖွယ်ကောင်းပါပေသည်။ [ဤဂါထာ၏ ဆိုလိုရင်းကို နောက်ဂါထာဖြင့် ထင်ရှားစေပါလိမ့်မည်။]

ဝစနတ္ထ။ ။ပါဒါဧဝ အမ္ဘောဇာနိ-ကြာတို့တည်း၊ ပါဒမ္ဘောဇာနိ၊ ပါဒမ္ဘောဇာနံ+ရဇာနိ-ဝတ်မှုန်နှင့်တူသော မြူမှုန်တို့တည်း၊ ပါဒမ္ဘောဇရဇာနိ-တို့၊ တေဟိ+လိတ္တာနိ-လိမ်းကျံအပ်သော ကိုယ်တို့တည်း၊ ပါဒမ္ဘောဇရဇောလိတ္တာနိ-တို့၊ တာနိ+ဂတ္တာနိ (ကိုယ်တို့သည်) ယေသံတိ ပါဒမ္ဘောဇရဇောလိတ္တဂတ္တာ၊ (ဇန္တဝေါ)၊ ရဇေဟိ-ကိလေသာမြူတို့မှ+နိဂ္ဂတာ-ထွက်မြောက်လွတ်ကင်းသူတို့တည်း၊ နိရဇာ-တို့၊ နိရဇာနံ+ဘာဝေါ နိရဇတ္တနံ။

http://www.dhammadownload.com

၁၄၄။ ဧဝံ-ဤ ဆိုအပ်ပြီးသော နည်းဖြင့်၊ အတြ-ဤ ပြယုဂ်၌၊ ဇိနာနုဘာဝဿ-မြတ်စွာဘုရား၏ တန်ခိုးရှိန်စော်, အာနုဘော်၏၊ သမုက္ကံသော-ထူးထူးချွန်ချွန်, ကဲလွန်ခြင်းသည်၊ ဒိဿတိ-ထင်ရှား၏၊ ပညဝါ-ပညာရှိသူသည်၊ အနေန ဝိဓိနာ-ဤအစီရင်ဖြင့်၊ ပရံ-တစ်ပါးသော၊ ဤဒိသံ-ဤကဲ့သို့ ရှုအပ်သော အဖွဲ့အနွဲ့ကို၊ စိန္တယေ-ကြံစည်ဖွဲ့နွဲ့ရာ၏။

၁၄၄။ ဧဝံ၊ပေ၊ဒိဿတိ။ ။[ဤ ပုဗ္ဗမုဖြင့် ပြခဲ့သော ဂါထာ၏ ဆိုလိုရင်းကို ပြ၏၊] လောက၌ မြူလိမ်းကျံအပ်သော ကိုယ်ရှိသူ(ကိုယ်ကို မြူတို့ဖြင့် လိမ်းကျံထားသူ)သည် မြူကင်းသူ မဖြစ်နိုင်၊ ဘုရားရှင်၏ ခြေတော်မှ မြူဖြင့် တစ်ကိုယ်လုံး လိမ်းကျံထားသည်ဟု ဆိုရလောက်အောင် အမြဲ ကိုးကွယ်ဆည်းကပ်နေသူတို့မှာ အမှန်ပင် ကိလေသာမြူတို့ လုံးဝသန့်ရှင်းနိုင်ပါပေသည်၊ ဤသို့ ဖြစ်ရခြင်းကား ဘုရားရှင်၏ သီလ သမာဓိ ပညာတော်, မေတ္တာ ကရုဏာတော်တို့၏ တန်ခိုးအာနုဘော်တော်ကြောင့်ဖြစ်၏၊ ထို့ကြောင့် ပြခဲ့သော"ပါဒမ္ဘောဇရဇောလိတ္တ" စသော ဂါထာသည် ဘုရားရှင့် တန်ခိုးအာနုဘော်၏ လွန်ကဲပုံ (အာနုဘာဝဥက္ကံသ)ကို ပြသော ဂါထာဖြစ်သည်-ဟု မှတ်။

ပညဝါ၊ပေ၊မီဒိသံ။ ။"ဤပြခဲ့သော အစီအရင်မျိုးဖြင့် ဘုရားရှင်သို့မဟုတ် အခြားပုဂ္ဂိုလ်များ၏ ဒါန-သီလ-ပညာ-သဒ္ဓါ-ဝီရိယ-သမာဓိ စသော တရားများ၏ လွန်ကဲပုံကိုလည်းကောင်း, စစ်တိုက်ရာ၌ ရဲစွမ်းသတ္တိများ၏ လွန်ကဲပုံကိုလည်းကောင်း ကြံစည်ကြပါလေ၊ ဝါ- ကြံစည်၍ စီကုံးကြပါလေ"ဟု ဤအပရဒ္ဓဖြင့် တိုက်တွန်းမှု (ဥယောဇဉ်)ကို ပြသည်။

အတ္ထီနံ ကပဏာ ဒိဋ္ဌိ, တွံ မုခေ ပတိတာ သကီ၊
တဒဝတ္ထာ ပုန ဒေဝ, နာညဿ မုခမိက္ခတေ။

ဒေဝ-မင်းမြတ်၊ အတ္ထီနံ-သူတောင်းစားတို့၏၊ ကပဏာ-သနားစဖွယ်, အားငယ်၍နေသော၊ ဒိဋ္ဌိ-မျက်လုံးသည်၊ တွံ မုခေ-မျက်နှာငယ်သူ, အများလူ၌, ကြည်ဖြူနှလုံး, ပြုံး၍နေသော အရှင့်မျက်နှာ၌၊ သကီ ပတိတာ-တစ်ကြိမ်တစ်ခါလောက်, ကျရောက်မိသည်၊ သမာနာ-ဖြစ်လတ်သော်၊ တဒဝတ္ထာ - ထို အရှင့်မျက်နှာကို ကြည့်နေသော

http://www.dhammadownload.com

ဝိသေသနဥဒါရဏုဏ်တစ်မျိုး

၁၄၅။ ဥဒါရော သောပိ ဝိညေယ္ယော, ယံ ပသတ္ထဝိသေသနံ၊
ယထာ ကိဉ္စာသရော လီလာ–ဟာသော ဟေမင်္ဂဒါဒယော။

၁၄၅။ ယံ ပသတ္ထဝိသေသနံ-အကြင်ချီးမွမ်းကြောင်း ဝိသေသနဂုဏ်ပုဒ်သည်၊ ဟောတိ-ရှိ၏၊ သောပိ-ထိုချီးမွမ်းကြောင်း ဝိသေသနဂုဏ်ပုဒ်ကိုလည်း၊ ဥဒါရော-ဥဒါရဂုဏ်ဟူ၍၊ ဝိညေယ္ယော-သိအပ်၏၊ ယထာ-ဥဒါဟရဏ်ကား၊....ကိဉ္စာသရော၊ပေ၊ဒယော-ကိဉ္စာ၊ပေ၊ ဟေမင်္ဂဒ စသည်တို့တည်း။ [ကိဉ္စာသရော-ရေကစားဖို့ ရေအိုင်၊ လီလာ ဟာသော-တင့်တယ် စံပယ်ခြင်းနှင့် ယှဉ်သော ရယ်ခြင်း၊ ဟေမင်္ဂဒ-ရွှေဖြင့် ပြုအပ်သော ခြေကျဉ်း။]

အခိုက်အတန့်မှ၊ ပုန-တစ်ဖန်၊ ဝါ-ပြောင်းရွေ့၍၊ အညဿမုခံ-အခြားသူ့မျက်နှာကို၊ န ကက္ခတေ-မကြည့်တော့ပါ။[(ကာဗျဒဿပုံစံ) ဤဂါထာကား ဘုရင်မင်း၏ ကြည်လင် ရွှင်ပျသော မျက်နှာဖြင့် အမြဲစွန့်ကြဲပေးကမ်းလေ့ရှိကြောင်း ဖွဲ့နွဲ့သော စာဂါတိသယအဖွဲ့တည်း။]

ကာမံ မံ သိဝယော သဗ္ဗေ, ပဗ္ဘာဇေန္တု ဟနန္တု ဝါ၊
နေဝ ဒါနာ ဝိရမိဿံ, ကာမံ ဆိန္ဒန္တု သတ္ထဓာ။

ဝေဿန်ဇာတ်တော်လာ ဤဂါထာလည်း အလောင်းတော် ဝေဿန်မင်းမြတ်၏ စာဂါတိသယဂုဏ်ကို ဖွဲ့သော ဂါထာပင်တည်း။ [“သိဝိတိုင်းသူ တိုင်းသား လူအများတို့သည် (ဆင်ဖြူတော်လျှမူကြောင့်) တိုင်းပြည်မှ နှင်ထုတ်လိုကြလျှင် နှင်ထုတ်ကြပါစေ၊ ညှင်းဆဲနှိပ်စက်လိုကြလျှင်လည်း နှိပ်စက်ကြပါစေ၊ (အို...ကုန်ကုန်ပြောရလျှင်) ငါ၏ကိုယ်ကို ခုနစ်ပိုင်းဖြတ်၍ သတ်လိုလျှင်လည်း သတ်ကြပါစေ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းမှတော့ (မည်သည့် အကြောင်းကြောင့်မျှ) ရှောင်နိုင်လိမ့်မည် မဟုတ်ပါ”။]

၁၄၅။ ဥဒါရောတျာဒိ။ ။ရိုးရိုး ဝိသေသန မဟုတ်ဘဲ ချီးမွမ်းခြင်းကို ပြသော အမ္ဘန်းတင် ဝိသေသနဂုဏ်ပုဒ်များလည်း ဥဒါရဂုဏ်ရှိ၏၊ [ဥဒါရသဒ္ဒါ၏ မဟန္တ-ကြီးကျယ် မြင့်မြတ် ချီးမွမ်းအပ် အနက်ကို ဟောကြောင်း ပြခဲ့ပြီ။] ပုံစံကား....

http://www.dhammadownload.com

ကိဉ္စာသရော။ ။ကိဉ္စာယ-လူအများတို့ ရေကစားဖို့ရာ+သရော-ရေအိုင်တည်း၊ ကိဉ္စာသရော-ရေကစားဖို့ရေအိုင်၊ ဤပုံစံ၌ "ကိဉ္စာ" သည် "သောက်ရေအိုင်, ချိုးရေအိုင်"စသည်တို့မှ အထူးပြုသောကြောင့် ဝိသေသနမည်၏၊ ထိုဝိသေသနလည်း အထူးပြုကာမတ္တ မဟုတ်, ရေအိုင်ကို ချီးမွမ်းသော (အမွှန်းတင်သော) ဝိသေသနတည်း၊ ထို့ကြောင့် ဥဒါရဂုဏ်ရောက်၏၊ "မဂ်လာကန်တော်"ဟူရာ၌ "မဂ်လာ" ဟူသော ဝိသေသနလည်း ဥဒါရပင်တည်း။

လီလာဟာသော။ ။"လီလာ"ဟူသောဝိသေသနလည်း"တင့်တယ်စံပယ်ခြင်းနှင့်ယှဉ်သော+ရယ်ခြင်း=ကနွဲ့ကယနှင့် ချစ်စရာကောင်းသော+ရယ်ခြင်း"ဟု ရယ်ခြင်းကို ချီးမွမ်းသော (အမွှန်းတင်သော) ဝိသေသနတည်း၊ မပြုံးဘဲနှင့် ဝါးလုံးကွဲရယ်ခြင်း, လျှောင်သလိုလို ပြောင်သလိုလို ရယ်ခြင်းတို့မှ အထူးပြုသောကြောင့် လီလာကို "ဝိသေသန"ဟု ဆိုသည်။ [လီလာယ+ယုတ္တော ဟာသော လီလာဟာသော။]

ဟေမင်္ဂဒါဒယော။ ။ဟေမေန-ရွှေဖြင့်+ပကတံ-ပြုအပ်သော+အင်္ဂဒံ-ခြေကျဉ်းတည်း၊ ဟေမင်္ဂဒံ-ရွှေခြေကျဉ်း၊ ဒွေ-ကြေးတို့မှ အထူးပြုသောကြောင့်လည်းကောင်း, အင်္ဂဒံကို "ဟေမ-ရွှေ"ဟု အမွှန်းတင်သော ချီးမွမ်းသော ဝိသေသနဖြစ်သောကြောင့်လည်းကောင်း ဟေမသည် ပသတ္ထဝိသေသနတည်း၊ အာဒိဖြင့် "ကုသုမပဒုမ-ပွင့်သော ပဒုမ္မာကြာ၊ မဏိမေခလာ-ပတ္တမြားခါးစည်းကြိုး"ဤသို့ စသည်၌ ကုသုမ-မဏိစသော ဝိသေသနများကို ယူ။[အာဒိသဒ္ဒေန ကုသုမပဒုမ, မဏိမေခလာဒီနံ သင်္ဂဟော၊ "စိန်လက်စွပ်, စိန်နားကပ်"စသည်၌ "စိန်" ဟူသော ဝိသေသနကိုလည်း ယူ။]

ဗန္ဓဖရုသဂါမွဒေါသလွတ်။ ။အယံ ဥဒါရော ဗန္ဓဖရုသဂါမွာဒိဒေါသပရိစ္စာဂေန သိဒ္ဓတိ=ဗန္ဓဖရုသဒေါသနှင့် ဂါမွဒေါသ (အာဒိဖြင့် ဩစိတျဟီနဒေါသ)တို့မှ လွတ်လျှင် ဤဥဒါရဂုဏ်သည် အလိုလို ပြီးစီးတော့၏၊ (ဋီကာ)၊ ထို့ကြောင့် ဝိသေသျပုဒ်ကို အမွှန်းတင်သော (ထိုသို့ အမွှန်းတင်ရာ၌ စကားလုံးလည်း မကြမ်း, အနက်အဓိပ္ပာယ်လည်း မရိုင်း, ဝိသေသျနှင့် ကိုက်ညီ၍ ယုတ္တိလည်းရှိသော) ဝိသေသနဟူသမျှကို ဥဒါရဂုဏ်ရသည်ချည်းဟု မှတ်။

http://www.dhammadownload.com

ကန္တီဂုဏ်၏ လက္ခဏာ

၁၄၆။ လောကိယ-တ္ထာ-နု-တိက္ကန္တာ, ကန္တာ သဗ္ဗနောနပိ၊
ကန္တိ နာမာ-တိဂုတ္တဿ, ဂုတ္တာ သာ ပရိဟာရတော။
ယထာ မုနိန္ဒ ကွစ္စာဒိ။

၁၄၆။ လောကိယတ္ထာနတိက္ကန္တာ-လောကဌ် ထင်ရှားသောအနက်ကို မလွန်သော၊ သဗ္ဗဇနာနံပိ-ခပ်သိမ်းသောလူတို့၏လည်း၊ ဝါ-ခပ်သိမ်းသော လူတို့သည်လည်း၊ ကန္တာ-နှစ်သက်စရာကောင်းသောဂုဏ်သည်၊ ကန္တိ နာမ-ကန္တိဂုဏ် မည်၏၊ သာ-ထိုကန္တိဂုဏ်ကို၊ အတိဂုတ္တဿ-အတိဂုတ္တဒေါသ၏၊ ပရိဟာရတော-အဖြေ၏အဖြစ်ဖြင့်၊ ဂုတ္တာ-ဆိုအပ်ပြီ၊ ယထာ-အဘယ်နည်း၊ မုနိန္ဒ ကွစ္စာဒိ-မုနိန္ဒအစရှိသည်တည်း။

၁၄၆။ လောကိယ-တ္ထာတ္ထာဒိ။ ။လောကဌ် ဖြစ်ရိုးဖြစ်စဉ်အားဖြင့် ထင်ရှားနေသော အနက်ကိုလည်း ကျော်လွန်၍ မသွား, ပညာရှိလူအများ၏ နှစ်သက်စရာလည်းကောင်းသော အဖွဲ့အနွဲ့သည် ကန္တိဂုဏ်ရှိသောအဖွဲ့ မည်၏၊ ထိုအဖွဲ့၏ ပုံစံကို အတိဂုတ္တဒေါသ၏ အဖြေအဖြစ်ဖြင့်....

"မုနိန္ဒစန္ဒသမ္ဗျုတ–ယသောရာသိမရီစိနံ၊
သကလောပျယ-မာကာသော, နာဝကာသော ဝိဇမ္ဘဏေ"

ဟု ဆိုခဲ့ပြီ၊ "ထိုဂါထာသည် ဤကန္တိဂုဏ်၏ပုံစံလည်း ဖြစ်သည်"ဟူလို၊ ထိုဂါထာဌ် "ဘုရားရှင်တည်းဟူသော လမင်းမှ ကောင်းစွာဖြစ်သော အကျော်အစောအစု၏ အရောင်(ဂုဏ်သတင်း)သည် ကောင်းကင်တစ်ခုလုံး မဆုံး၍ ဘဝင်တိုင်အောင် ပျံ့နှံ့သည်ကား"အမှန်ပင် ဖြစ်၏၊ "ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော" အဖွင့်များကို ကြည့်ပါ၊ ထို့ကြောင့် လောကိယတ္ထအနတိက္ကန္တ-လောကဌ် ဖြစ်နိုင်သော သဘောကို ကျော်လွန်၍ မသွား, အပြောကြီးသောစကား မဟုတ်၊ ကန္တာ-ပညာရှိသူတော်ကောင်းတို့ နှစ်သက်ဖွယ်ကောင်းသော စကား (အဖွဲ့အနွဲ့)လည်း ဖြစ်သည်။

[ဆောင်] လောကဖြစ်ပေါ်, လွန်မကျော်ဘဲ, သူတော်နှစ်လို, ထိုဂုဏ်ကို, ခေါ်ဆို ကန္တိတဲ့။

http://www.dhammadownload.com

ယံ နု ဒိဋ္ဌံ ပုရာဏေဟိ, တိတ္ထိကာစရိယေဟိပိ၊
တံ ပဒံ သတ္တဝဿာဟိ, သုကုမာရီဘိ ဝေဒိတံ။

ပုရာဏေဟိ-ဘုရားမပွင့်ခင်, ရှေးအစဉ်က, လူတွင်ထင်ပေါ်, အကျော်အမော် ဖြစ်ကြကုန်သော၊ တိတ္ထိကာစရိယေဟိပိ-အယူဝါဒ, ကိုယ်တိုင်စ၍, ဂဏဉီးစီး, ဂိုဏ်းဆရာကြီးတို့သော်မှလည်း၊ ယံ ပဒံ-ရောက်သင့် ရောက်ထိုက်, ဉာဏ်အမြင်ဆိုက်မှ, တိုက်ရိုက်သိရန်, အကြင် နိဗ္ဗာန်ကို၊ နု ဒိဋ္ဌံ-တွေးလိုက် ကြံလိုက်, အမှန်ဆိုက်အောင်, တိုက်ရိုက်ထင်ထင်, မတွေ့မမြင်နိုင်ခဲ့ချေ၊ တံ ပဒံ-အိုနာသေရေး, ဒုက္ခဘေးတို့, ငြိမ်းအေးရာမှန်, ထိုနိဗ္ဗာန်ကို၊ သတ္တဝဿာဟိ-မိဘကို ချစ်, နွဲ့တုန်းဖြစ်၍, ၇ နှစ်အရွယ်, ငယ်ရွာကြကုန်သေးသော၊ သုကုမာရီဘိ-ရှေးဘုန်းရှေးကံ, ကုန်တန်ရင့်ပြီး, အမျိုးသမီးကလေးတို့သော်မှလည်း၊ ဝေဒိတံ-သားတော်ဘုရား, မိန့်တရားကြောင့်, မျက်ဝါးထင်ထင်, သိမြင်နိုင်ပေသည်တကား။

ဂေါတမီထေရီဂါထာ၌ လာသော ဤပြယုဂ်သည် "၇ နှစ်သမီးကလေးများသော်မှ နိဗ္ဗာန်ကို မြင်နိုင်ကြ၏" ဟု ဖွဲ့စီသော်လည်း အပြောကြီးရာ၊ မရောက်, ကြွားရာ မရောက်၊ ဝိသာခါစသော ၇ နှစ် အရွယ် အမျိုးသမီးငယ်တို့ တကယ်ပင် သောတာပန် တည်နိုင်ကြ၍ "လောကိယတ္ထအနဝဿကန္တ" ဖြစ်ရုံသာမက, ပညာရှိတို့ နှစ်သက်စရာလည်း ဖြစ်ရကား ကန္တိဂုဏ်ပါသော ဂါထာပင် ဖြစ်သည်။

မှန်၏- အမှန်ခိုးမွမ်းသင့်၍ ခိုးမွမ်းသောစကားသည် အတိဝုတ္တဒေါသ မဖြစ်၊ စင်စစ် နှစ်သက်ဖွယ် ကောင်းရကား ကန္တိဂုဏ်သာ ဖြစ်သည်၊ ထို့ကြောင့် "ဒန္ဓော ဘိက္ခဝေ သတုပ္ပာဒေါ, အထ သော သတ္တော ခိပ္ပမေဝ ဝိသေသဂါမီ ဟောတိ-ဤလူ့ပြည်၌ အလွန်အမင်း တရားအားထုတ်သွားသူသည် နတ်ပြည်ရောက်သောအခါ စိတ်ကလည်း ကြည်လင်, ဉာဏ်ပညာကလည်း ပို၍ ရွှင်ရကား တရားကို သတိရလာအောင် ကြိုးစားနေဖို့က နှေးသေး၏၊ တရားထူးရခြင်းကပင် မြန်လွန်းလှသည်"ဟူသော ဤစကားလည်း တရားအားထုတ်သူမှာ ထိုကဲ့သို့ အမှန် ဖြစ်နိုင်သောကြောင့် ကန္တိဂုဏ်ရှိသော ပါဠိတော်ပင် တည်း။

http://www.dhammadownload.com

အတ္ထဗျတ္တိဂုဏ်၏ လက္ခဏာ

၁၄၇။ အတ္ထဗျတ္တာ-ဘိဓေယျသာ-နေယျတာ သဒ္ဒတော-တ္ထတော၊ သာ-ယံ တဒုဘယာ နေယျ-ပရိဟာရေ ပဒဿိတာ၊ ယထာ မရီစိစ္စာဒိ စ, မနောနုရဉ္ဇနောစ္စာဒိ။

၁၄၇။ အဘိဓေယျဿ-ဟောအပ်သော အနက်၏၊ သဒ္ဒတော-သဒ္ဒါအားဖြင့်လည်းကောင်း၊ အတ္ထတော-သာမတ္ထိယတ္ထအားဖြင့်လည်းကောင်း၊ အနေယျတာ - မဆောင်အပ်သည်၏ အဖြစ်သည်၊ ဝါ - ဆောင်ဖွယ် မလိုသည်၏ အဖြစ်သည်၊ အတ္ထဗျတ္တိ - အတ္ထဗျတ္တိဂုဏ်မည်၏၊ တဒုဘယာ - ထို ၂ ပါးစုံတို့ကြောင့် ဖြစ်သော၊ သာယံ (အနေယျတာ)-ထိုမဆောင်အပ်သည်၏ အဖြစ်ကို၊ နေယျပရိဟာရေ-နေယျဒေါသ၏အဖြေ၌၊ ပဒဿိတာ-ပြအပ်ခဲ့ပြီ၊ ယထာ-အဘယ်နည်း၊ မရီစိစ္စာဒိ စ-မရီစိ အစရှိသည်လည်းကောင်း၊ မနောနုရဉ္ဇနောစ္စာဒိ စ-မနောနုရဉ္ဇနော အစရှိသည်လည်းကောင်းတည်း။

၁၄၇။ အတ္ထဗျတ္တာတျာဒိ။ ။သဒ္ဒါအားဖြင့်ဖြစ်စေ, သဒ္ဒါ၏ဟောစွမ်းနိုင်သော သာမတ္ထိယတ္ထအားဖြင့်ဖြစ်စေ အခြားပုဒ်တစ်ခုကို ဆောင်ယူဖွယ် မလိုလောက်အောင် ထင်ရှားနေခြင်းသည် အတ္ထဗျတ္တိဂုဏ်မည်၏၊ ဤစကားအရ "နေယျဒေါသမှ လွတ်လျှင် အတ္ထဗျတ္တိဂုဏ်ရောက်၏"ဟု ဆိုသင့်သော်လည်း စပ်ရမည့် ပုဒ်ချင်းဝေး၍ ဗျာကိဏ္ဏာဒေါသ ရောက်နေလျှင် အနက်မထင်ရှားသေး၊ ထို့ကြောင့် "ဗျာကိဏ္ဏာဒေါသလည်း လွတ်မှ အတ္ထဗျတ္တိဂုဏ်ရောက်သည်"ဟု မှတ်၊ "အတ္ထသ-အနက်၏+ဗျတ္တိ-ထင်ရှားခြင်း၊ အတ္ထဗျတ္တိ-ခြင်း"ဟု ပြု။ [သာ ပန ဗျာကိဏ္ဏနေယျာဒိ ဒေါသဝဇ္ဇနေန ဇာယတေ၊-ဋီကာဟောင်း။]

[ဆောင်] ဗျာကိဏ္ဏနှင့်, နေယျစရိ, ပြစ်မငြိမှ, ဆိုလိုသည့်နက်, ထင်ရှားတွက်, မှတ်ချက် အတ္ထဗျတ္တိတည်း။

သာယံ၊ပေ၊ပဒဿိတာ။ ။သဒ္ဒ အတ္ထဗျတ္တိ, အတ္ထ အတ္ထဗျတ္တိ နှစ်မျိုးလုံး၏ပုံစံကို နေယျဒေါသအဖြေ၌ ပြခဲ့ပြီ၊ ထို့ကြောင့် "ဤနေရာ၌ ထပ်၍ပြဖွယ် မလိုတော့"ဟူလို၊ ထိုပုံစံ နှစ်ဂါထာတွင် "မရီစိစန္ဓနာလေပ"စသော ဂါထာ၏ သဒ္ဒ အတ္ထဗျတ္တိဖြစ်ပုံ, "မနောနုရဉ္ဇနော"စသော ဂါထာ၏ အတ္ထ အတ္ထဗျတ္တိ ဖြစ်ပုံကို ပြန်၍ ပြောကြပါ။

http://www.dhammadownload.com

ပုန အတ္ထေန ယဿာ

၁၄၈။ သဘာဝါ-မလတာ ဓိရ, မုဓာ ပါဒနခေသု တေ၊
ယတော တေ-ဝနတာ-နန္တ–မောဠိစ္ဆာယာ ဇဟန္တိ နော။

၁၄၈။ ပုန-တစ်ဖန်၊ အတ္ထေန-သာမတ္ထိယတ္ထအားဖြင့်၊ ယထာ-အတ္ထဗျတ္တိဥဒါဟရဏ်တစ်မျိုးကား၊ ဓိရ-သဗ္ဗညုတ, ဉာဏသခင်, အို... ရှင်တော်မြတ်ဘုရား၊ တေ-ရှင်တော်မြတ်ဘုရား၏၊ ပါဒနခေသု-ခြေသည်းတော်တို့၌၊ သဘာဝါမလတာ-သဘောအားဖြင့် ညစ်ကြေးမတင်, သန့်စင်ကုန်သည်၏အဖြစ်သည်၊ မုဓာ-အကျိုးမပြီး, အခြုံးနှိုးပါဘုရား၊ (ကသ္မာ-အဘယ့်ကြောင့်နည်း၊) ယတော-အကြင့်ကြောင့်၊ တေ-ထိုခြေသည်းတော်တို့သည်၊ အဝနတာနန္တမောဠိစ္ဆာယာ-ဦးတိုက်လာသော အနန္တနဂါးမင်း၏ မကိုင်ရှောင်တို့ကို၊ (တစ်နည်း) အဝနတာနန္တ မောဠိစ္ဆာယာ-ဦးတိုက်လာကုန်သော လူမင်း နတ်မင်း ငြဟ္မာမင်းတို့၏ အဆုံးမရှိသော မကိုင်ရှောင်တို့ကို၊ နော ဇဟန္တိ-မစွန့်ပါကုန်၊ (တတော-ထို့ကြောင့်ပါတည်း။)

၁၄၈။ ပုန အတ္ထေန ယထာ။ ။သာမတ္ထိယတ္ထအားဖြင့်ဖြစ်သော အတ္ထဗျတ္တိကို "မနောနုရဉ္ဇနော"ဂါထာဖြင့် ပြပြီးဖြစ်သော်လည်း ထိုသာမတ္ထိယတ္ထ အတ္ထဗျတ္တိကိုပင် တစ်မျိုးထပ်၍ ပြလိုသောကြောင့် "ပုန အတ္ထေန ယထာ"ဟု မိန့်သည်။ [ခြေသည်းတော် အရောင်သည် မကိုင်ရှောင်တို့ကို မစွန့်သဖြင့် မကိုင်ရှောင်နှင့် သဘောတူ ရောယှက်ရကား ခြေသည်းတော်အရောင်မှန်း မသိသာ မထင်ရှားသဖြင့် ခြေသည်းတော်တို့၏ပင်ကိုအားဖြင့် သန့်စင်နေခြင်းသည် အကျိုးမများတော့ပါ-ဟူလို။]

မှတ်ချက်။ ။ဤဂါထာ၌"တေ မောဠိစ္ဆာယာ နော ဇဟန္တိ"သဒ္ဒါတို့က "ထိုခြေသည်းတော်တို့သည် မကိုင်ရှောင်တို့ကို မစွန့်ကြ"ဟု တိုက်ရိုက်ပြသဖြင့် "ဘုရားရှင်၏ ခြေတော်ကို အနန္တနဂါးမင်းက, သို့မဟုတ် မင်းအများတို့က မကိုင်ဆောင်းထားသော ဦးခေါင်းဖြင့် အမြဲဦးတိုက်နေကြသည်"ဟူသော အဓိပ္ပာယ်ကို ပြစွမ်းနိုင်ရကား သဒ္ဒ သာမတ္ထိယတ္ထအားဖြင့် အနက် အဓိပ္ပာယ်ထင်ရှားသော အတ္ထဗျတ္တိဂုဏ်ရောက်သည်ဟု မှတ်။ [အဝနတော (ဩနတော) ဦးတိုက်ရှိခိုးသော+အနန္တော(အနန္တနဂါးမင်း) အဝနတာနန္တော၊ မောဠိနံ+ဆာယာယော မောဠိစ္ဆာယာ၊ (တစ်နည်း) အနန္တာ-အဆုံးမရှိ များမြောင်

http://www.dhammadownload.com

သမာဓိဂုဏ်အချီ

၁၄၉။ ဗန္ဓသာရော·တိ မညန္တိ, ယံ သမဂ္ဂါပိ ဝိညုနော၊
ဒဿနာ·ဝသရံ ပတ္တော, သမာဓိ နာမ·ယံ ဂုဏော။

၁၄၉။ ယံ-အကြင်သမာဓိဂုဏ်ကို၊ သမဂ္ဂါပိ-အလုံးစုံလည်းဖြစ်ကုန်သော၊ ဝိညုနော-ပညာရှိတို့သည်၊ ဗန္ဓသာရောတိ-အဖွဲ့အနွဲ့၏အနှစ်ဟူ၍၊ ဝါ-အဖွဲ့အနွဲ့၏အသက်ဟူ၍၊ မညန္တိ-အသိအမှတ် ပြုကြကုန်၏၊ သမာဓိ နာမ-သမာဓိမည်သော၊ အယံ ဂုဏော-ဤဂုဏ်သည်၊ ဒဿနာဝသရံ-ပြခြင်း၌ အခွင့်သို့၊ ဝါ-ပြဖို့ရာ အခွင့်သို့၊ ပတ္တော-ဆိုက်ရောက်လာပြီ။

ကုန်သော+မောဋ္ဌိစ္ဆာယာ-တို့တည်း၊ အနန္တမောဋ္ဌိစ္ဆာယာ-တို့၊ အဝနတာနံ-ဦးတိုက်ကြကုန်သော လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏၊ အနန္တမောဋ္ဌိစ္ဆာယာ-တို့တည်း၊ အဝနတာနန္တမောဋ္ဌိစ္ဆာယာ-တို့။]

၁၄၉။ ဗန္ဓသာရောတျာဒိ။ ။"ကဗျာပညာရှိအများက အဖွဲ့အနွဲ့(စုဏ္ဏိယ ဂါထာ ကဗျာ)ဟူသမျှ၏ အသက်ဟု အသိအမှတ်ပြုအပ်သော သမာဓိဂုဏ်သည် ယခုအခါ ပြခွင့်ရောက်လာပြီ ဖြစ်၍ ယခု ပြတော့မည်"ဟူလို။ [ကျမ်းဆရာတို့သည် အကြောင်းအရာ တစ်ခုကို ခတ်ကျယ်ကျယ် ပြရတော့မည့်အခါ၌ စကားပျိုး၍ (အချီ-နိဒါန်း-ပလ္လင်ခံ၍) ဆိုလေ့ရှိကြ၏၊ ယခုပြတော့မည့် သမာဓိဂုဏ်ကိုလည်း ခတ်ကျယ်ကျယ် ပြရမည်ဖြစ်၍ "ဗန္ဓသာရောတိ" စသော ပလ္လင်ခံ နိဒါန်းစကားကို စချီလေသည်။

ဝစနတ္ထ။ ။ဗန္ဓဿ+သာရော-အနှစ်တည်း၊ ဗန္ဓသာရော၊ "အနှစ်" ဟူသည်လည်း အသက်တည်း၊ ထိုအသက်ကို ဘဝအဆက်ဆက် မပျက်မစီးဟု ဟိန္ဒူတို့က ယူကြ၏၊ ထို့ကြောင့် "ဗန္ဓဿ ဇီဝိတံ"ဟု ဋီကာဖွင့်သည်၊ သမဂ္ဂသဒ္ဒါသည် "သဗ္ဗံ သမတ္တမခိလံ၊ပေ၊သမဂ္ဂဥ အနူနကံ" အဘိဓာန်နှင့်အညီ သဗ္ဗ၏ပရိယာယ်တည်း၊ ထို့ကြောင့် "သဗ္ဗေပိ ကဝယော"ဟု ဋီကာဖွင့်သည်။ ["သမံ-အညီအမျှ၊ ဝါ-အားလုံးပါအောင်+ဂယှန္တေ-ယူအပ်ကုန်၏၊ ဣတိ သမဂ္ဂါ၊] ဒဿနေ-ပြခြင်း၌+အဝသရော-အခွင့်အလမ်းတည်း၊ ဒဿနာဝသရော။

http://www.dhammadownload.com

သမာဓိပုဒ်၏ ဝိဂ္ဂဟ

၁၅၀။ အညဓမ္မော တတော•ညတ္ထ, လောကသီမာ•နုရောဓတော၊
သမ္မာ အာဓိယတေ•စေ•သော, သမာဓိ•တိ နိရုစ္စတိ။

၁၅၀။ အညဓမ္မော-ဥပစာမှတစ်ပါးသော မုချဝတ္ထု၏ သဘောကို၊ တတော-ထိုမုချဝတ္ထုမှ၊ အညတ္ထ-တစ်ပါးသော ဥပစာဝတ္ထု၌၊ လောကသီမာနုရောဓတော-လောကစည်းကမ်းနှင့် မဆန့်ကျင်သော အားဖြင့်၊ သမ္မာ-ကောင်းစွာ၊ အာဓိယတေ-တင်ထားအပ်၏၊ ဝါ-တင်စားအပ်၏၊ ဣတိ-ထို့ကြောင့်၊ ဧသော-ဤဝုဏ်ကို၊ သမာဓိတိ-သမာဓိဝုဏ်ဟူ၍၊ နိရုစ္စတိ-ဆုံးဖြတ်သောအားဖြင့် ဆိုအပ်၏။

၁၅၀။ အညဓမ္မောတျာဒီ။ ။သမာဓိကို "သံ+အာဓိ"ဟု ခွဲ၊ သံကို "သမ္မာ"ဟု ဖွင့်၍ ထိုသမ္မာကို "လောကသီမာနုရောဓတော"ဟု ဖွင့်၏။ ထို့ကြောင့် "သမ္မာ-လောကစည်းကမ်းနှင့်လျော်အောင် ကောင်းမွန်စွာ+ အာဓိယတေ-တင်ထားအပ်၏၊ ဝါ-တင်စားအပ်၏၊ ဣတိ သမာဓိ"ဟု ပြု၊ [သံ+အာ ပုဗ္ဗ, ဓာ ဓာတ်, ဣပစ္စည်း၊] တင်စားအပ်သောအနက်ကို "သမာဓိ"ဟု ခေါ်အပ်သော်လည်း အနက်၏ အမည်ကို သဒ္ဒါဠ်၌ တင်စား၍ အဖွဲ့အနွဲ့ကိုလည်း ဖလူပစာရအားဖြင့် "သမာဓိ"ဟု ခေါ်ရသည်၊ ဤဂါထာကား-သမာဓိပုဒ်၏ ဝိဂ္ဂဟကိုပြသော ဂါထာတည်း။

အညဓမ္မော အညတ္ထ။ ။"မုချဖြစ်သော အရာဝတ္ထု၏သဘောကို+ ဥပစာဖြစ်သော အရာဝတ္ထု၌ တင်စားအပ်သည်"ဟူလို။ [အညသ-ဥပစာမှတစ်ပါးသော မုချဖြစ်သော အရာဝတ္ထု၏+ဓမ္မော-သဘောတည်း၊ အညဓမ္မော၊ လောကသီမာယ-လောကအပိုင်းအခြားအား၊ ဝါ-လောကစည်းကမ်းအား၊ အနုရောဓော-လျော်ခြင်းတည်း၊ လောကသီမာနုရောဓော-ခြင်း၊ နိရုစ္စတိ-နိ(နိစ္ဆယတော)+ဥစ္စတိ-ဆုံးဖြတ်ချက်ချသောအားဖြင့်+ဆိုအပ်၏၊ ဝါ-အသေအချာ ဆိုအပ်၏။

[ဆောင်] သက်ရှိစသား, သဘောများကို, အခြားသက်မဲ့, စသည်လှည့်၍, တင်ခဲ့လေဘိ, သမာဓိတည်း၊ ထိုသည့်ဝုဏ, ပါဝင်မှ, ဗန္ဓ အသက်ဝင်။

http://www.dhammadownload.com

သမာဓိဂုဏ်အပြား

၁၅၁။ အပါဏေ ပါဏိနံ ဓမ္မော, သမ္မာ အာဓိယတေ ကွစိ၊
နိရူပေ ရူပယုတ္တဿ, နိရသေ သရသဿ စ။

၁၅၂။ အဒြဝေ ဒြဝယုတ္တဿ, အကတ္တရိပိ ကတ္တုတာ၊
ကဋ္ဌနဿာ·သရီရေပိ, ရူပံ တေသံ ကမာ သိယာ။

၁၅၁, ၁၅၂။ ကွစိ-အချို့အရာ၌၊ အပါဏေ-အသက်မရှိသော ဝတ္ထု၌၊ ပါဏိနံ-သက်ရှိသတ္တဝါတို့၏၊ ဓမ္မော-သဘောကိုလည်းကောင်း၊ ကွစိ-၌၊ နိရူပေ-အဆင်းသဏ္ဌာန်မရှိသော ဝတ္ထု၌၊ ရူပယုတ္တဿ-အဆင်းသဏ္ဌာန်နှင့် ယှဉ်သော ဝတ္ထု၏၊ ဓမ္မော-ကိုလည်းကောင်း၊ ကွစိ-၌၊ နိရသေ စ-အရသာမရှိသော ဝတ္ထု၌လည်း၊ သရသဿ-အရသာရှိသော ဝတ္ထု၏၊ ဓမ္မော-ကိုလည်းကောင်း၊ ကွစိ-၌၊ အဒြဝေ-အရည်မဟုတ်သော ဝတ္ထု၌၊ ဒြဝယုတ္တဿ-အရည်နှင့် ယှဉ်သော ဝတ္ထု၏၊ ဓမ္မော-ကိုလည်းကောင်း၊ ကွစိ-၌၊ အကတ္တရိပိ-ကတ္တားမဟုတ်သော အရာ၌လည်း၊ ကတ္တုတာ-ကတ္တား၏ အဖြစ်သဘောကိုလည်းကောင်း၊ ကွစိ-အချို့အရာ၌၊ အသရီရေပိ-အထည်ကိုယ် အစိုင်အခဲမဟုတ်သော အရာ၌လည်း၊ ကဋ္ဌနဿ-အထည်ကိုယ် အစိုင်အခဲဖြစ်သော ဝတ္ထု၏၊ ဓမ္မော-သဘောကိုလည်းကောင်း၊ သမ္မာ-ကောင်းစွာ၊ ဝါ-လောကစည်းကမ်းနှင့် မဆန့်ကျင်သောအားဖြင့်၊ အာဓိယတေ-တင်ထားအပ်၏၊ ဝါ-တင်စားအပ်၏၊ တေသံ-ထို ၆ မျိုးသော သမာဓိတို့၏၊ ရူပံ-သဘောသည်၊ ဝါ-ပြယုဂ်ဥဒါဟရုဏ်သည်၊ ကမာ-အစဉ်အားဖြင့်၊ သိယာ-ဖြစ်ရာ၏၊ ဝါ-ဖြစ်တော့လတ္တံ့။

၁၅၁, ၁၅၂။ အပါဏေတျာဒိ။ ။ဤ ၂ ဂါထာတို့သည် သမာဓိဂုဏ်၏ အပြားကို ပြသော ဂါထာတို့တည်း၊ ၁-ပါဏိဓမ္မသမာဓိ, ၂-ရူပဓမ္မသမာဓိ, ၃-သရသဓမ္မသမာဓိ, ၄-ဒြဝဓမ္မသမာဓိ, ၅-ကတ္တုဓမ္မသမာဓိ, ၆-ကဋ္ဌနဓမ္မသမာဓိ, ဤသို့ သရုပ်မျှ ရေတွက်ခဲ့ပါ၊ သဘောလက္ခဏာကား အကျယ်ပုံစံ၌ ထင်ရှားပါလိမ့်မည်။

http://www.dhammadownload.com

ပါဏိဓမ္မသမာဓိပုံစံ

၁၅၃။ ဥဏ္ဍာပုဏ္ဍိန္ဒုနာ နာထ, ဒိဝါပိ သဟ သင်္ကာ၊
ဝိနိဒ္ဒါ သံပမောဒန္တိ, မညေ ကုမုဒိနီ တဝ။

၁၅၃။ နာထ-အို...မြတ်စွာဘုရား၊ တဝ-ရှင်တော်မြတ်ဘုရား၏၊ ဥဏ္ဏာပုဏ္ဏိန္ဒုနာ-ဥဏ္ဏာလုံမွေးရှင်တည်းဟူသော လပြည့်ဝန်းနှင့်၊ သဟ-တကွ၊ သင်္ကာ-ပေါင်းဖော်ရခြင်းကြောင့်၊ ကုမုဒိနီ-ကုမုဒြာကြာရုံတို့သည်၊ ဒိဝါပိ-နေ့အခါ၌လည်း၊ ဝိနိဒ္ဒါ-အငိုက်လျက်, အိပ်ခြင်းမရှိကြကုန်သည်၊ (ဟုတွာ-ဖြစ်၍၊) သံပမောဒန္တိ မညေ-ကောင်းစွာပွင့်လန်း, ဝမ်းမြောက်ကြလေယောင်တကား။

၁၅၃။ ဥဏ္ဍာပုဏ္ဍိန္ဒုနာတျာဒိ။ ။သင်္ကရှိဖြစ်သော ယောကျ်ားနှင့် မိန်းမတို့၏ သဘောကို သင်္ကမဲ့ဖြစ်သော ဥဏ္ဏာလုံမွေးရှင်တော်နှင့် ကုမုဒြာကြာတောအပေါ်၌ တင်စားထားသော ပါဏိဓမ္မသမာဓိပုံစံတည်း၊ ချဲ့ဦးအုံ့--လောက၌ ယောကျ်ားနှင့်မိန်းမ ချစ်သူနှစ်ဦးတို့၏ တွေ့ဆုံပေါင်းဖော်ကြခြင်း, ထိုအခါ မအိပ်ချင်ကြခြင်း, အလွန်ပျော်မြူးကြခြင်း ဤသုံးချက်သည် ပါဏိနံ-သင်္ကရှိသတ္တဝါတို့၏၊ ဓမ္မောသဘောထုံးစံ ဖြစ်၏၊ ထိုသဘောထုံးစံကို အပါဏိဖြစ်သော ဥဏ္ဏာလုံမွေးရှင်တော်လရောင်နှင့် ကုမုဒြာကြာတော၏ ပေါင်းဆုံမိခြင်း, လရောင်နှင့် ကြာတောတို့၏ မအိပ်ချင်ကြသည့်ပုံကဲ့သို့ ငုံ၍ မနေခြင်း, ဝမ်းသာသကဲ့သို့ မည်ပြုံးနွမ်းဘဲ လရောင်ရော ကြာပန်းတွေပါ လန်း၍ နေခြင်းအပေါ်၌ တင်စား၍ ဖွဲ့နွဲ့ထားသည်။

ဋီကာ။ ။ဧတ္ထ ပါဏိဓမ္မသခ်ီတော သုရတသင်္ကမော စ (အလွန်ပျော်ပါးခြင်းဟူသော ပေါင်းဖော်ခြင်းလည်းကောင်း) နိဒ္ဒါပဂမော စ (အိပ်ချင်မှုမှ ကင်းခြင်းလည်းကောင်း) သမ္မမောဒနဒ္ဓာတိ တိဏ္ဏံ-တို့၏၊ ဥဏ္ဏာပုဏ္ဏိန္ဒုကုမုဒိနိသခ်ီတေသု လောကဝေါဟာရာ နာ တိဏ္ဏမ္မ (ပေါင်းမိခြင်း, မငုံခြင်း, ပွင့်ခြင်းဟူသော လောကအသုံးအနှုန်းကို မကျော်လွန်ဘဲ) ဗုဒ္ဓိယာ အာရောပနေန (စိတ်ကူးဉာဏ်ဖြင့် တင်စားခြင်းအားဖြင့်) ပါဏိဓမ္မတော ပသိဒ္ဓါ တယော အတ္ထာ ဣမ သမာဓယော နာမ၊ ဤသို့ တင်စားအပ်သော အနက် ၃ မျိုးသော "သမာဓိ" အမည်ရသော်လည်း ထို အနက်ကို ဖော်ပြသော အဖွဲ့အနွဲ့လည်း

http://www.dhammadownload.com

ဖလူပစာရအားဖြင့် သမာဓိဂုဏ် မည်၏။ [တပ္ပဋိပါဒကဂန္ထောပိ-ထိုသမာဓိအနက်ကို ပြီးစေတတ် ပြတတ်သော အဖွဲ့ကိုလည်း၊ အတ္ထာနုဂါမိတ္တာ တဒုပစာရေန သမာဓီတိ ဒဋ္ဌဗ္ဗော။]

ဥဏ္ဏာပုဏ္ဏိန္ဒုနာ။ ။မြတ်စွာဘုရား မျက်ခုံးတော် နှစ်သွယ်၏ အလယ်၌ "ဥဏ္ဏာလောမ=ဥဏ္ဏာလုံ"မည်သော အမွေးတော် ရှိ၏၊ ငွေနန်းချည်မျှင်ကလေးကဲ့သို့ ဆန့်လိုက်လျှင် ရှည်ပြန့်လာ၍ မဆန့်ဘဲ ထားလျှင် လက်ျာရစ်လည်ကာ လပြည့်ဝန်းကလေးကဲ့သို့ စုစုကလေး နေရကား အသက်ရှင်သော အရာနှင့်တူသောကြောင့် "ဥဏ္ဏာလုံမွေးရှင်တော်"ဟု ခေါ်ဝေါ်ကြ၏၊ အလွန်ဖြူသောအရောင်ရှိ၍ စုစုကလေးပုံနေသောကြောင့် လပြည့်ဝန်းကို ဥပမာပြုထားသည်၊ "ဥဏ္ဏာ ဧဝ+ပုဏ္ဏိန္ဒု ဥဏ္ဏာပုဏ္ဏိန္ဒု"ဟု ပြု။

ကုမုဒိနီ။ ။ကုမုဒါနိ ဧတာသူတိ ကုမုဒိနီယော၊ [ဧတာသု-ဤကြာရုံတို့၌၊ ကုမုဒါနိ-ကုမုဒြာကြာတို့သည်၊ သန္တိ-ရှိကုန်၏။] ကုမုဒြာကြာတို့ရှိရာ ကြာရုံ-ကြာတော၊ ထိုကုမုဒြာကြာတို့သည် "သေတေတု ကုမုဒဉ္စဿ" အဘိဓာန် (၆၈၈)နှင့်အညီ ဖြူသောအဆင်း ရှိကြကုန်၏၊ ညဉ့်အခါ လရောင်နှင့်တွေ့မှ ပွင့်လေ့ရှိကြ၏၊ ဘုရားရှင်၏ ဥဏ္ဏာလုံမွေးရှင်ရောင်နှင့် တွေ့သောအခါ၌ကား လရောင်နှင့် တွေ့ရသကဲ့သို့ ဖြစ်သောကြောင့် နေ့အခါ၌လည်း ပွင့်ကြ၏၊ ထိုသို့ ပွင့်ခြင်းသည် မအိပ်ချင်ခြင်းနှင့် တူ၏၊ ထို့ကြောင့် "ဒိဝါပိ ၎ဟ သင်္မာ, ဝိနိဒ္ဒါ"ဟု မိန့်သည်၊ ဒိဝါပိ၌ ပိဖြင့် ရတ္တိကို ဆည်း။

"ရောဒန္တေ ဒါရကေ ဒိသွာ, ဥဗ္ဗိဂ္ဂါ ဝိပုလာ ဒုမာ၊
သယမေ.ဝေါနမိတ္ဘာန, ဥပဂစ္ဆန္တိ ဒါရကေ"

ဟူသော ဝေဿန်ဇာတ်ဂါထာလည်း သက်ရှိသတ္တဝါတို့၏ ညွှတ်ကိုင်းတတ်သော သဘောကို သက်မဲ့ သစ်ပင်များ၌ တင်စားသောကြောင့် ပါဏိမမ္မသမာဓိဂုဏ် ရောက်၏ဟု စံကျောင်းနိဿယ၌ မိန့်သည်။

မှတ်ချက်။ ။ဤ သမာဓိဂုဏ် အရာဝယ် "တင်စား"ဟု လာသမျှ၌ တဒ္ဓမ္မူပစာဟုချည်း မှတ်။ [တဿ-ထိုပါဏိစသည်၏+ဓမ္မော-သဘောတည်း၊ တဒ္ဓမ္မော-ဘော၊ တဒ္ဓမ္မဿ-၏+ဥပစာရော-အနီး၌ဖြစ်သော အမည်တည်း၊ ဝါ-တင်စား၍ ခေါ်ခြင်းတည်း၊ တဒ္ဓမ္မူပစာရော-ခြင်း။]

http://www.dhammadownload.com

ရူပဓမ္မသမာဓိပုံစံ

၁၅၄။ ဒယာရသေသု မုဒ္ဒန္တာ, ဇနာ•ေဘရသေသွိ•ဝ၊
သုခိတာ ဟတဒေါသာ တေ, နာထ ပါဒမ္ဗုဇာ•နတာ။

၁၅၄။ နာထ-အို...မြတ်စွာဘုရား၊ တေ-ရှင်တော်မြတ်ဘုရား၏၊ ပါဒမ္ဗုဇာနတာ-ခြေတော်အစုံ, ကြာပဒုံ၌, ခိုလှုံဦးခိုက်ကြကုန်သော၊ ဇနာ-သတ္တဝါတို့သည်၊ အမတရသေသု ဣဝ-အမြိုက်သုဓာရေတို့၌ ကဲ့သို့၊ ဒယာရသေသု-ကရုဏာတော်ရေတို့၌; မုဒ္ဒန္တာ-နစ်မြုပ် ငုပ်ကြကုန်လျက်၊ ဟတဒေါသာ-ဖျက်ဆီးအပ်ပြီးသော ကိလေသာအပြစ် ရှိကြကုန်သည်၊ ဝါ-ကိလေသာရောဂါ ပျောက်ကင်းကုန်သည်၊ (ဟုတွာ-ဖြစ်၍၊) သုခိတာ-ကိုယ်စိတ်နှစ်ဖြာ, ချမ်းသာကြရပါကုန်၏။

၁၅၄။ ဒယာရသေသုတျာဒိ။ ။အိုမြတ်စွာဘုရား...အမြိုက်သုဓာရေတို့၌ ငုပ်ကြ-ချိုးကြသူတို့မှာ နူနာစသော ရောဂါပျောက်၍ သုခရောက်ကြရသကဲ့သို့ ရှင်တော်မြတ်၏ ခြေတော်အစုံ ကြာပဒုံ၌ ဦးတိုက်ကြသူ နတ် လူအများတို့သည် မဟာကရုဏာတည်းဟူသော ရေတို့၌ ငုပ်ကြရသည် ဖြစ်၍ ကိလေသာရောဂါ ပျောက်သဖြင့် မအို မသေခြင်း သုခသို့ ရောက်ကြရပါသည်ဘုရား၊ ဤဂါထာ၌ "ငုပ်ကြသူတို့"ဟူသော စကားကို ထောက်၍ "ရသ"သဒ္ဒါသည် "ရေ"ဟူသော အနက်ကို ဟော၏၊ ဥပမာ—"နာဠိကေရရသ-အုန်းရေ" ဟူသကဲ့သို့တည်း၊ ဋီကာသစ်၌လည်း "ဧတ္ထ ရသသဒ္ဒေါ ဂုဏဇလေ-ဂုဏ်တည်းဟူသော ရေ၌"ဟု ဆိုသည်။

တင်စားပုံ။ ။ရေသည် မျက်စိဖြင့် မြင်ကောင်းသော ပုံသဏ္ဌာန်တည်း၊ ထိုသို့ ပုံသဏ္ဌာန် ရကောင်းသောကြောင့် "ရူပယုတ္တ" ဖြစ်၏၊ ထို ရူပယုတ္တဖြစ်သော အမြိုက်သုဓာရေ၏ ငုပ်၍ ဖြစ်နိုင်သော သဘောကို အရေးပုံသဏ္ဌာန် မရကောင်းသဖြင့် "နိရူပ" ဖြစ်သော မဟာကရုဏာပေါ်၌ တင်စား၍ ဖွဲ့နွဲ့ထားသည်။ [ဧတ္ထ ရူပယုတ္တဇလေ လဇ္ဇမာနံ မုဒ္ဒနံ နိရူပေ ဒယာဂုဏော (ကရုဏာဂုဏ်တော်၌) အာရောပိတံ ဟောတိ။ — ဋီကာသစ်။]

http://www.dhammadownload.com

သရသဓမ္မသမာဓိပုံစံ

၁၅၅။ မဓုရေပိ ဂုဏေ ဓီရ, နပ္ပသီဒန္တိ ယေ တဝ၊
ကီဒိသီ မနသော ဝုတ္တိ, တေသံ ခါရဂုဏာန ဘော။

၁၅၅။ ဘော ဓီရ-အိုမြတ်စွာဘုရား၊ ယေ-အကြင်သတ္တဝါတို့သည်၊ တဝ-ရှင်တော်မြတ်ဘုရား၏၊ မဓုရေပိ-ချိုဆိမ့် ကောင်းမြတ်သည်လည်း ဖြစ်သော၊ ဂုဏေ-မဟာကရုဏာ စသောဂုဏ်တော်၌၊ နပ္ပသီဒန္တိ-မကြည်ညိုနိုင်ကြကုန်၊ ခါရဂုဏာနံ-ငံသော ဂုဏ်ရှိကုန်သော၊ တေသံ-ထို သတ္တဝါတို့၏၊ မနသော - စိတ်၏၊ ဝုတ္တိ - ဖြစ်ပုံကို၊ ကီဒိသီ -

---

ဝစနတ္ထ။ ။ဟတာ+ဒေါသာ ယေဟီတိ ဟတဒေါသာ၊ ယေဟိ-အကြင် အမြိုက်သုဓာရေ၌ ငုပ်သူတို့သည်၊ ဒေါသာ-သလိပ်, သည်းခြေ, လေဟူသော အပြစ်တို့ကို၊ ဝါ-နူနာစသော ရောဂါအပြစ်တို့ကို၊ ဟတာ-ပယ်ဖျောက်အပ်ကုန်၏၊ (တစ်နည်း) ယေဟိ-အကြင် ဘုရားရှင်၏ မဟာကရုဏာရေ၌ ငုပ်သူတို့သည်၊ ဒေါသာ-ကိလေသာ အနာရောဂါ အပြစ်တို့ကို၊ ဟတာ ဣတိ တေ (ထိုသူတို့သည်) ဟတဒေါသာ-တို့ မည်၏၊ သုခံ-အနာပျောက်ကင်း ချမ်းသာခြင်းသို့၊ ဝါ-မအို မသေ အမြဲနေရာ နိဗ္ဗာန်ချမ်းသာသို့၊ ဣတာ-ရောက်ရသူတို့တည်း၊ သုခိတာ-တို့၊ ပါဒသဒ်ါတာနိ+အမ္ဗုဇာနိ ပါဒမ္ဗုဇာနိ၊ ပါဒမ္ဗုဇေသု+အာနတာ-ရိုသေစွာ ကိုင်းညွတ် (ဦးတိုက်)သူတို့တည်း၊ ပါဒမ္ဗုဇာနတာ-တို့။

မန္ဓာတာဒိနရိန္ဒာနံ, ယာ မာတာ သာ ဘဝဏ္ဍဝေ၊
နိမုဂ္ဂါဟံ တယာ တာတ, တာရိတာ ဘဝသာဂရာ။

ဤ၌ အဆင်းသဏ္ဌာန် ရကောင်းသော သမုဒြာ၏ သဘောကို အဆင်းသဏ္ဌာန် မရကောင်းသော ဘဝ၌ တင်စား၏၊ ထို့ကြောင့် "နိရူပေ ရူပယုတ္တသ"ဟူသော သမာဓိဂုဏ်ရောက်၏။[နိရူပေ ရူပယုတ္တ သမာဓိကဲ့သို့ နိဂ္ဂန္ဓေ ဂန္ဓယုတ္တသမာဓိကိုလည်း "ယော စ သီလဝတံ ဂန္ဓော, ဝါတိ ဒေဝေသု ဥတ္တမော"စသော ပုံစံဖြင့် ပြကြသေး၏။]

~~~~~~~~~~~~~

၁၅၅။ မဓုရေပိတျာဒိ။ ။အိုမြတ်စွာဘုရား...ယုတ်ညံ့သော အလိုအဇ္ဈာသယ ရှိကြသူ အကြင်လူတို့သည် ရှင်တော်ဘုရား၏ ချိုဆိမ့်
~~~~~~~~~~~~~

http://www.dhammadownload.com

အဘယ်ကဲ့သို့ ရှုအပ်ရှာလေဘိသနည်း၊ ဝါ-အဘယ်သို့ သဘောရှိရှာပါလိမ့်မည်နည်း။ [ဂုဏာနဒ္ဒ နိဂ္ဂဟိတ် ကျေ။]

ကောင်းမြတ်သော မဟာကရုဏာ, ပညာ စသော ဂုဏ်တော်၌ မကြည်ညိုနိုင်ကြပါ၊ ထိုသို့ မကြည်ညိုနိုင်အောင် အခါးဓာတ်ခံ ရှိကြသူတို့၏ စိတ်ဖြစ်ပုံမှာ ဘယ်လိုဂနရှာသည်ဟု မသိပါဘုရား၊ ဤဂါထာ၌ ချို့သော အရသာ မရှိသော မဟာကရုဏာ, ပညာစသော ဂုဏ်တော်များ၌ သရသ (အရသာရှိသော) ထောပတ် ပျားရည်စသည်တို့၏ ချို့ဆိမ့်သော ဂုဏ်သဘောကိုလည်းကောင်း, ဆားငံအရသာ မရှိသော အဇ္ဈာသယဆန္ဒအပေါ်၌ ငံသော အရသာရှိသော ဆပ်ပြာ ဆားတို့၏ သဘောကိုလည်းကောင်း တင်စား၍ ဖွဲ့စီထားသည်၊ ဤဂါထာ၌ ချို့ဆိမ့်သောသဘော, ငံသောသဘောအားဖြင့် တင်စားအပ်သော အနက်နှစ်မျိုး ရ၏။ [ဧတ္ထ သမာဓိ နာမ ရသဟီနေ (အရသာမှ ယုတ်လျော့သော=အရသာမရှိသော တရား၌) အာရောပိတရသယုတ္တ ဓမ္မဘူတံ မဓုရခါရဂုဏဒွယံ။]

ဋီကာ။ ။မဓုရေပိ ပကတိသုန္ဒရေ (ပင်ကိုကောင်းဖြစ်သော) ကရုဏာပညာဂုဏေပိ ယေ ဟိနာဓိမုတ္တိကာ ဇနာ (ယုတ်ညံ့သော အဇ္ဈာသယ ဆန္ဒရှိသူတို့) န ပသီဒန္တိ၊ ခါရဂုဏာနံ အမဓုရဂုဏာနံ၊ [ခါရသဒ္ဒါသည် ဆား, ဆပ်ပြာကိုလည်းကောင်း, ပြာကိုလည်းကောင်း ဟော၏၊ ထိုဆားငံအရသာသည် မချို့သောကြောင့် "အမဓုရဂုဏာနံ" ဟု ဖွင့်သည်၊] ကာ ဝိယ ဒိဿတီတိ ကီဒိသီ၊ ခါရာ (ဆား ဆပ်ပြာတို့ကဲ့သို့ ငံကုန်သော)+ဂုဏာ ယေသံတိ ခါရဂုဏာ။

ပဝိဝေကရသံ ပိတ္တာ, ရသံ ဥပသမဿ စ၊
နိဒ္ဒရော ဟောတိ နိပ္ပာပေါ, ဓမ္မပီတိရသံ ပိဝံ။

ဤ၌ အရသာမဟုတ်သော သုခ, နိဗ္ဗာန်, ပီတိတို့၌ အရသာ၏ သဘောကို တင်စား၏၊ ထို့ကြောင့် "နိရသေ သရသဿ"ဟူသော သမာဓိဂုဏ် ရောက်၏။

http://www.dhammadownload.com

ဒြဝဓမ္မသမာဓိပုံစံ

၁၅၆။ သဗ္ဗတ္ထသိဒ္ဓ စူဠက-ပုဋ္ဌပေယျာ မဟာဂုဏာ၊
ဒိသာ သမန္တာ ဓာဝန္တိ၊ ကုန္ဒသောဘာသလက္ခဏာ။

၁၅၆။ သဗ္ဗတ္ထသိဒ္ဓ-ပြီးပြီးသော အလုံးစုံကိစ္စ ရှိတော်မူသော အို... မြတ်စွာဘုရား၊ (တဝ-ရှင်တော်ဘုရား၏။) စူဠကပုဋ္ဌပေယျာ-ငယ်သော သောက်ခွက်ဖြင့် သောက်နိုင်ကုန်သော၊ ကုန္ဒသောဘာသလက္ခဏာ-သင်းခွေပန်း၏ တင့်တယ်ခြင်းနှင့်တူသော အမှတ်တံဆိပ် ရှိကုန်သော၊ မဟာဂုဏာ-ကြီးမြတ်ဘိတုံ့, အရဟတာစသော ဂုဏ်တော်တို့သည်၊ သမန္တာ ဒိသာ-ထက်ဝန်းကျင်အရပ်တို့သို့၊ ဓာဝန္တိ-စီးသွားကြပါကုန်၏။

၁၅၆။ သဗ္ဗတ္ထတျာဒိ။ ။အလုံးစုံသော ကိစ္စ၌ ပြီးပြီးဖြစ်တော်မူသော အိုမြတ်စွာဘုရား-သောက်ခွက်ငယ်ဖြင့်သော်မှလည်း သောက်၍ ရနိုင်ကုန်သော သင်းခွေပန်း၏ တင့်တယ်ခြင်းနှင့်တူသော အမှတ်တံဆိပ် ရှိကုန်သော ကြီးကျယ်မြင့်မြတ်သော အရဟတာ စသော ဂုဏ်တော်တို့သည် ထက်ဝန်းကျင် အရပ်တို့သို့ ပျံ့နှံ့စီးသွားကြပါကုန်သည်ဘုရား။...“ဒြဝ”သဒ္ဒါသည် “အရည်”အနက်ကို ဟော၏။ [“ဒြ့, ပဂ္ဂရဏော-ယိုစီးခြင်း၌”ဓာတ်ကျမ်း၊] အရည်ဟူသမျှ၏ သောက်ခွက်ဖြင့် သောက်၍ရကောင်းသောသဘောကို အရည်မဟုတ်သော အရဟတာ သမ္မာသမ္ဗုဒ္ဓတာ စသော ဂုဏ်တော်များ၌ တင်စား၍ ဖွဲ့စီထားသည်။ [ဧတ္ထ ဒြဝယုတ္တဂုဏဘူတော စူဠကပုဋ္ဌပေယျဘာဝေါ ဒြဝရဟိတေ ဂုဏော အာရောပိတော သမာဓိ နာမ ဟောတိ။]

ဋီကာ။ ။သဗ္ဗတ္ထသိဒ္ဓကို “သဗ္ဗကိစ္စပရိနိဗ္ဗန္န”ဟု ဖွင့်၏။ အတ္ထကို “ကိစ္စ” သိဒ္ဓကို “ပရိနိဗ္ဗန္န”ဟု ဖွင့်ခြင်းတည်း၊ သဗ္ဗေ+အတ္ထာ သဗ္ဗတ္ထာ၊ သဗ္ဗတ္ထာ+သိဒ္ဓါ ယဿာတိ သဗ္ဗတ္ထသိဒ္ဓေါ။ ဤအလို “သဗ္ဗတ္ထသိဒ္ဓိ”ဟု မရှိရ, “သဗ္ဗတ္ထသိဒ္ဓ”ဟု ရှိစေရမည်၊ “သိဒ္ဓတ္ထ”ဟူသော နာမည်တော်ကိုပင် “သဗ္ဗတ္ထသိဒ္ဓ”ဟု သုံးစွဲထားခြင်းတည်း။

စူဠကပုဋ္ဌပေယျာ။ ။ပါတဗ္ဘာတိ ပေယျာ၊ စူဠကမေဝ+ပုဋ္ဌံ စူဠကပုဋ္ဌံ၊ စူဠကပုဋ္ဌေန+ပေယျာ စူဠကပုဋ္ဌပေယျာ၊ ဤ၌ စူဠကကို ယောနိသယ၌ “ရေတွင်း”ဟု ပေး၏။ စံကျောင်းနိသယ၌ “ဦးစွန်း”ဟု

http://www.dhammadownload.com

ကတ္တုဓမ္မသမာဓိပုံစံ

၁၅၇။ မာရာရိဗလဝိဿဋ္ဌာ, ကုဏ္ဍာ နာနာ ဝိဓာ·ယုဓာ၊
လဇ္ဇမာနာ·ညဝေသေန, ဇိန ပါဒါ·နတာ တဝ။

၁၅၇။ ဇိန-အိုမြတ်စွာဘုရား၊...မာရာရိဗလဝိဿဋ္ဌာ-မာရ်နတ်မင်းတည်းဟူသော ရန်သူ၏ စစ်သည်တော်တပ်သားတို့ ထပ်မနားပစ်လွှတ်အပ်ကုန်သော၊ နာနာဝိဓာ - အထူးထူးသော အပြားရှိကုန်သော၊

ပေး၏၊ ဤ၌ကား "အငယ်"ဟု ပေးလိုက်သည်၊ ထောမနိဓိ၌ ပုဋ္ဌသဒ္ဒါ၏ အနက်များစွာတွင် "ဒုဒ္ဓါဒိပါနပတ္တ-နွားနို့စသည်ကို သောက်ဖို့ရာခွက်" ဟု ပါ၏၊ သို့ဖြစ်လျှင် "စူဋ္ဌကပုဋ္ဌ-ငယ်သောသောက်ခွက်"ဟုသာ အနက်ဖြစ်သင့်သည်၊ "သောက်"ဟူသည်လည်း ဂုဏ်တော်များကို အာရုံပြုခြင်းတည်း၊ ထိုသို့ အာရုံပြုရာ၌ ဂုဏ်တော်တို့က ကြီးကျယ်များပြားပါသော်လည်း စိတ်တည်းဟူသော ခွက်ငယ်ကလေးဖြင့် အာရုံပြုနိုင် သောက်နိုင်သည်-ဟူလို။ [စူဋ္ဌကပုဋ္ဌနှင့် မဟာဂုဏာဝယ် စူဋ္ဌက+မဟာ ၂ ပုဒ်တို့ တွဲထားပုံကို သတိပြုပါ။]

မဟာဂုဏာ။ ။အရဟတာစသော ဂုဏ်တော်များသည် အရေအတွက် များသောကြောင့်လည်းကောင်း, တန်ခိုးအာနုဘော်ကြီးသောကြောင့်လည်းကောင်း မဟန္တမည်၏၊ မဟန္တာ စ+တေ+ဂုဏာ စာတိ မဟာဂုဏာ၊ ထိုဂုဏ်တော်များ၏ အရပ်လေးမျက်နှာနှင့်တကွ အထက်ဘဝဂ်တိုင်အောင် ပျံ့နှံ့ခြင်းကို "ဒိသာ သမန္တာ ဓာဝန္တိ"ဟု ဆိုသည်။

မုဟုတ္တံ တဏှာသမဏံ, ခီရံ တွံ ပါယိတော မယာ၊
တယာ.ဟံ သန္တ·မစ္စန္တံ, ဓမ္မခီရ·မှိ ပါယိတာ။

ဤ၌ သောက်၍ ရကောင်းသော နို့၏ သဘောကို သောက်၍ မရကောင်းသော တရား၌ တင်စား၏၊ ထို့ကြောင့် "အဒြဝေ ဒြဝ ယုတ္တဿ"ဟူသော သမာဓိဂုဏ်ရောက်၏။ [ရူပယုတ္တ၌ "ဒယာရသ" ဟူသည် ကရုဏာရေတည်း၊ ဤဒြဝ၌ကား ရေမှတစ်ပါးသော အရည်တည်း၊ ဤသို့ ကွဲပြားပုံကို သတိပြုပါ။]

http://www.dhammadownload.com

အာယုမာ-လက်နက်တို့သည်၊ ကုဏ္ဍာ-မထက်လုံးလုံး, တုံးကြကုန်သည်၊ (ဟုတွာ-ဖြစ်၍၊ ဝါ-ဖြစ်သည့်အတွက်၊) လဇ္ဇမာနာ-ရှက်ကုန်သည်၊ (ဟုတွာ-ဖြစ်၍၊) အညဝေသေန-လက်နက်အသွင်မှတစ်ပါး ပန်းပွင့်အသွင်အားဖြင့်၊ တဝ-ရှင်တော်မြတ်ဘုရား၏၊ ပါဒါနတာ-ခြေတော်အစုံကို ခိုလှုံ ဦးတိုက်ကြပါကုန်သည် ဘုရား။

၁၅၇။ မာရာရိတျာဒိ။ ။အိုမြတ်စွာဘုရား...မာရ်နတ်၏ စစ်သည်တော် တပ်သားတို့ ပစ်လွှတ်အပ်သော လက်နက် မျိုးစုံတို့သည် မထက်မြက်ကြ (တုံးကြ) ကုန်သည့်အတွက် (တုံးနေကြောင်းကို သူတစ်ပါးတို့သိမည်မှ) ရှက်ကြကုန်သည်ဖြစ်၍ လက်နက်အသွင်ကို စွန့်ကာ ပန်းပွင့်အသွင်အားဖြင့် ရှင်တော်ဘုရား၏ ခြေတော်တို့၌ ဦးတိုက်လာကြပါသည်ဘုရား၊..ဤဂါထာ၌ရှက်တတ်သော ကတ္တုသတ္တိ, အခြားအသွင်တစ်မျိုး ပြောင်းလွဲတတ်သော ကတ္တုသတ္တိ, ခြေတော်၌ ဦးတိုက်တတ်သော ကတ္တုသတ္တိ မရှိသော လက်နက်များ၌ ထိုကတ္တုသတ္တိ ၃ မျိုးကို တင်စား၍ ဖွဲ့နွဲ့ စီကုံးထားသည်။ [ဧတ္ထ ကတ္တုဓမ္မဘူတံ (ကတ္တား၏သဘောဖြစ်၍ဖြစ်သော) လဇ္ဇနံ စ အညဝေသေန ပရိဝတ္တနံ စ (အသွင်တစ်မျိုးပြောင်းခြင်းသည်လည်းကောင်း) အဝနတဉ္စာတိ ဣမေ လဇ္ဇနာဒယော အကတ္တုဘူတေသု ဝိသယေသု (တည်ရာလက်နက်တို့၌) အာရောပိတာ သမာဓယော နာမ ဟောန္တိ။]

စောဒိတာ ဒေဝဂူတေဟိ, ယေ ပမဇ္ဇန္တိ မာနဝါ၊
တေ ဒီဃရတ္တံ သောစန္တိ, ဟီနကာယူပဂါ နရာ။

ဥပရိပဏ္ဏာသလာ ဤဂါထာ၌ တိုက်တွန်းတတ်သော ကတ္တုသတ္တိ မရှိသော သူအို, သူနာ, သူသေ, ကလေးတို့၌ တိုက်တွန်းတတ်သော နတ်တမန်တို့၏ ကတ္တားသဘောကို တင်စား၏၊ ထို့ကြောင့် "အကတ္တရိပိ ကတ္တုတာ"ဟူသော သမာဓိဂုဏ် ရောက်၏။

http://www.dhammadownload.com

ကဋ္ဌနဓမ္မသမာဓိပုံစံ

၁၅၈။ မုနိန္ဒဘာဏုမာ ကာလော–ဒိတော ဗောဓေဒယာစလေ၊ သဒ္ဓမ္မရံသိနာ ဘာတိ, ဘိန္ဒ-မန္ဓတမံ ပရံ။

၁၅၈။ ဗောဓေဒယာစလေ - သဗ္ဗညုတညာဏ်တည်းဟူသော ဥဒည်တောင်ထိပ်၌၊ ကာလောဒိတော-မိုးသောက်အခါ၌ ထွက်တော်မူလာသော၊ မုနိန္ဒဘာဏုမာ-ဘုရားတည်းဟူသော နေမင်းသည်၊ သဒ္ဓမ္မရံသိနာ-သူတော်ကောင်းတရားတည်းဟူသော ရောင်ခြည်တော်ဖြင့်၊ အန္ဓတမံ-မောဟတည်းဟူသော အမိုက်မှောင်ကို၊ ပရံ-လွန်စွာ၊ ဘိန္ဒ-ဖောက်ခွဲလျက်၊ ဘာတိ-ထွန်းလင်းတောက်ပတော်မူ၏။

၁၅၈။ မုနိန္ဒဘာဏုမာတျာဒိ။ ။မောဟမှောင်သည် ဖောက်ခွဲဖို့ရာ အစိုင်အခဲမဟုတ်၊ ပရမတ္ထသဘောဖြစ်သော အသရီရတည်း၊ အစိုင်အခဲ (တောင်-မြေစသည်)တို့၏ ဖောက်ခွဲအပ်သောသဘောကို အသရီရဖြစ်သော မောဟမှောင်၌ တင်စားထားသည်၊ "ကုရူရံ ကဋ္ဌနံဒဋ္ဌံ, နိဋ္ဌုရံ ကက္ခလံ ဘဝေ" အဘိဓာန် (၇၁၄)နှင့်အညီ ကဋ္ဌနသဒ္ဒါသည် ခိုင်မာသော အရာဝတ္ထုအနက်ကို ဟော၏။ [ဧတ္ထ ထဒ္ဓမ္မဘူတံ-ခိုင်မာသော သဘောရှိသော အရာဝတ္ထု၏ သဘောဖြစ်၍ ဖြစ်သော၊ ဘေဒနံ-ဖောက်ခွဲခြင်းသည်၊ ဝါ-ကို၊ အသရီရဘူတေ-အထည်ကိုယ်မဟုတ်သည် ဖြစ်၍ ဖြစ်သော၊ အန္ဓကာရေ-အမိုက်မှောင်၌၊ ဗုဒ္ဓိယာ အာရောပိတံ သမာဓိ နာမ ဟောတိ။]

ဝစနတ္ထ။ ။မုနိန္ဒော ဧဝ+ဘာဏုမာ မုနိန္ဒဘာဏုမာ (ပကတိနေမဟုတ်၊ ဘုရားသာလျှင် ဖြစ်သော နေ၊ ဘုရားတည်းဟူသော နေ)၊ ကာလောဒိတော၌ ကာလအရကို "ရတ္တိက္ခယေ-ညဉ့်၏ကုန်ရာ နံနက်စောစောအခါ၌"ဟုလည်းကောင်း,"မာရပရာဇိတသမယေ ဝါ-မာရ်နတ်ရှုံးရာ နေမဝင်မီအခါ၌လည်းကောင်း"ဟု ၂ နည်းဖွင့်၏၊ ကာလေ+ဥဒိတော ကာလောဒိတော၊ ဗောဓေဒယာစလေ=ဗောဓိ+ဥဒယ+အစလေ၊ ဗောဓိကို "သဗ္ဗညုတညာဏ်"ဟု ဖွင့်၏၊ ဗောဓိယာ+ဥဒယော ဗောဓေဒယာ၊ သော ဧဝ+အစလော ဗောဓေဒယာစလော၊ ပကတိနေထွက်ရာတောင်သည် ယုဂန္ဓရ်တောင်နှင့် ညီမျှသော အရပ်တည်း၊

http://www.dhammadownload.com

မုချ ဥကောင်း, တင်စားမှ ကောင်း

၁၅၉။ ဝမနုဂ္ဂိရဏာဒျေ·တံ, ဂုဏဝုတ္တျ·ပရိစ္ဆုတံ၊
အတိသုန္ဒရ·မည် တု, ကာမံ ဝိန္ဒတိ ဂါမွတံ။

၁၅၉။ ဧတံ ဝမနုဂ္ဂိရဏာဒိ-ဤဆိုအပ်လတ္တံ့သော ပျို့အန်ခြင်း, လေတက်ခြင်း အစရှိသည်သည်၊ ဂုဏဝုတ္တျပရိစ္ဆုတံ-ဂုဏ်ဥပစာဌ် ဖြစ်ခြင်းသဘောမှ မရွှေ့လျော်ပါမူကား၊ ဝါ-ဂုဏ်ဥပစာသဘောဌ် တည်နေပါမူကား၊ အတိသုန္ဒရံ-အလွန်ကောင်း၏၊ အည်တု-ဂုဏ်ဥပစာ မဟုတ်, မုချဖြစ်ပါမူကား၊ ကာမံ-စင်စစ်၊ ဂါမွတံ-ဂါမွ၏အဖြစ်ကို၊ ဝါ-ဂါမွဒေါသကို၊ ဝိန္ဒတိ-ရ၏။

ထိုနေထွက်တောင်ကဲ့သို့ သဗ္ဗညုတဉာဏ်တော်လည်း ဘုရားတည်း ဟူသော နေမင်း၏ ထွက်ပေါ်ရာ တောင်တော်ပင် ဖြစ်သည်။

သံသာရသောတံ ဆိန္ဒိတွာ, ဝိဒွံသေတွာ တယော ဘဝေ၊
ဓမ္မနာဝံ သမာရုယှ, သန္တာရေသဲ် သဒေဝကံ။

ဤနေရာဝယ် အစိုင်အခဲဖြစ်သော တောင်စသောဝတ္ထု၌ ရကောင်း သော ဖျက်ဆီးအပ်သော သဘောကို အစိုင်အခဲ မဟုတ်သော ဘဝ ၃ ပါးတို့၌ တင်စား၏၊ ထို့ကြောင့် "ကဋ္ဌနဿာသရီရေပိ"ဟူသော သမာဓိဂုဏ်ရောက်၏။ ["သံသာရသောတံ ဆိန္ဒိတွာ"ကား ပကတိ ရေ၏ ဖြတ်ကူးသွားကောင်းသော သဘောကို အရေ မရကောင်းသော သံသာဌ် တင်စားသောကြောင့် ရူပယုတ္တသမာဓိဂုဏ် ရောက်၏။]

၁၅၉။ ဝမနုဂ္ဂိရဏာဒိ။ ။ဤပြခဲ့သော စကားအစဉ်ဖြင့် ရူပံ တေသံ ကမာ သိယာ"ဟု ဝန်ခံခဲ့သည့်အတိုင်း သမာဓိပုံစံ ၆ မျိုး ပြီးပေပြီ၊ ယခုအခါ၌ ထိုပြခဲ့သော ပါဏိဓမ္မစသည်တို့တွင် မုချမဟုတ်ဘဲ ဥပစာတင်စားလျှင် ခြိုးမွမ်းဖွယ်ကောင်း၍ ဥပစာမလုပ်ဘဲ မုချအရာဌ် သုံးစွဲလျှင် မကောင်းဟု ပြလိုသောကြောင့် "ဝမနုဂ္ဂိရဏာဒိ"စသည်ကို မိန့်၊ အာဒိဖြင့် ဝမ်းသက်ခြင်းကို ယူ။ [ကွဒါနိ ကွမေသုယေဝ ပါဏိ ဓမ္မာဒီသု ကောစိ ဓမ္မော အမုချဝိသယေဝ (မုချမဟုတ်သော ဥပစာ အရာဌ်သာ) ပယုတ္တော (ယှဉ်စပ်သုံးစွဲအပ်မူ) ပသတ္ထော-ခြိုးမွမ်းဖွယ်

http://www.dhammadownload.com

ဥပစာတင်စား၍ကောင်းသောပုံစံ

၁၆၀။ ကန္တီနံ ဝမနဗျာဇာ, မုနိပါဒနခါဝဋ္ဌီ။
စန္ဒကန္တီ ပိဝန္တီ·ဝ, နိပ္ပဘံ တံ ကရောန္တိယော။

၁၆၀။ မုနိပါဒနခါဝဋ္ဌီ-မြတ်စွာဘုရား၏ ခြေသည်းတော်အစဉ်တို့သည်၊ (အတ္တနော-မိမိ၏၊) ကန္တီနံ-နှစ်သက်စဖွယ် တင့်တယ်သော အရောင်တို့ကို၊ ဝမနဗျာဇာ - ပျို့အန်ခြင်းဟူသော အမြွက်အားဖြင့်၊

ကောင်း၏၊ မုချဝိသယေ ပယုတ္တော အပသက္ထောတိ ဒဿေန္တော ဝမနုဂ္ဂိရဏိစ္စာဒိမာဟ၊]ဝမနဥ္စ-ပျို့အန်ခြင်းလည်း+ဥဂ္ဂိရဏဥ္စ-လေတက်ခြင်းလည်း၊ ဝမနုဂ္ဂိရဏာနိ-တို့၊ တာနိ+အာဒိ ယဿ (ဝိရေစနဿ-ဝမ်းသက်ခြင်း၏) ဣတိ ဝမနုဂ္ဂိရဏာဒိ၊ ဂုဏော အပဓာနော (ဂုဏ်ဖြစ်သော=မပြဋ္ဌာန်းသော)+ဝုတ္တိ-ဖြစ်ခြင်းတည်း၊ ဂုဏဝုတ္တိ-ခြင်း၊ [ဥပစာကိုပင် "ဂုဏ်"ဟု ဆိုသည်၊] တတော+အပရိစ္စုတံ-မရွှေ့လျော သော စကားတည်း၊ ဂုဏဝုတျာပရိစ္စုတံ-စကား။

"ဂုဏ်ဟူသော ဖြစ်ခြင်းမှ မရွှေ့"ဟူသည် ဂုဏ်ဥပစာအနက်၌ တည်ခြင်း-ဂုဏ်ဥပစာအနက်ကို ဟောခြင်းတည်း၊ "တကယ်ပျို့အန်ခြင်း မဟုတ်ဘဲ တရားဟောခြင်းကို တရားတော်ကို ပျို့အန်ခြင်း"ဟု ဥပစာ တင်စားလျှင် အလွန်ကောင်း၏၊ "သမာဓိဂုဏ်ရောက်၏၊ (ဂါမ္မဒေါသ လွတ်၍) ကန္တိဂုဏ်လည်း ရောက်၏"ဟူလို၊ အညံတု-ဂုဏ် (ဥပစာ တင်စားအပ်သော) အနက်မှတစ်ပါး တကယ်ပျို့ခြင်း, တကယ်လေချဉ် တက်ခြင်း, တကယ်ဝမ်းလျှောခြင်းအနက်ကို ဟောသောပုဒ်ဖြစ်လျှင် ကား ဧကန် ဂါမ္မဒေါသ သင့်၏၊ "မောင်ဖြူသည် အော့အန်နေ၏"ဟု ဆိုလျှင် "မုချအန်ခြင်းဖြစ်၍ "ဂါမ္မဒေါသသင့်သော ရိုင်းသောစကား ဖြစ်သည်"ဟူလို၊ မရိုင်းအောင် "မောင်ဖြူသည် အစာမကြေ၍ အထက် လှန်နေ၏"စသည်ဖြင့် ပြောကြရသည်။

၁၆၀။ ကန္တီနံတျာဒိ။ ။ဘုရားရှင်၏ ခြေသည်းတော်အစဉ်တို့သည် ဖြူဖွေးသော အရောင်တို့ကို အန်ထုတ်လိုက်သကဲ့သို့ ဖြစ်၏၊ ထို့ကြောင့် အန်ထွက်လာသော ထို ခြေသည်းတော်အရောင်တို့သည်

http://www.dhammadownload.com

ဝါ-ပျို့အန်သည့်အနေအားဖြင့်၊ တံ-ထိုလမင်းကို၊ နိပ္ပဘံ-အရောင်မရှိသည်ကို၊ ကရောန္တိယော-ပြုကုန်လျက်၊ စန္ဒကန္တိ...ရောင်တို့ကို၊ ပိဝန္တိဝ-သောက်ကုန်သကဲ့သို့ ဖြစ်ပါကုန်၏။

လကို အရောင်ကင်းအောင် ပြုကုန်သည့်အတွက် လရောင်တို့ကို (ခြေသည်းတော်ရောင်တို့က) သောက်မျိုလိုက်သကဲ့သို့ ထင်ရပါကုန်၏။ "ဘုရားရှင်၏ ခြေသည်းတော်ရောင် ထွက်လာသောအခါ လရောင်ပျောက်သွားသဖြင့် ခြေသည်းတော်ရောင်က လရောင်ကို သောက်မျိုလိုက်သကဲ့သို့ ထင်ရသည်"ဟူလို။

ဝမနဗျာဇ။။ "ဥဂ္ဂိရဏလေသေန"ဟု ဋီကာဖွင့်၏။ ထိုသို့ ဖွင့်သဖြင့် ဗျာဇသည် "လေသ"အနက်ဟော၊ ဇာ၌ အာသည် နာဝိဘတ်၏ ကာရိယဟု သိစေ၏။ "လေသ-အမ္ပြက်"ဟူသည်လည်း ပုံဟန်ဆောင်ခြင်းတည်း၊ "ခြေသည်းတော်တို့မှ အရောင် ထွက်လာခြင်းသည် ခြေသည်းတော်တို့က အရောင်ကို အန်ထုတ်လိုက်ခြင်းနှင့် ပုံသဏ္ဌာန်တူသည်"ဟူလို။

မှတ်ချက်။။ ဤဂါထာသည် အန်တတ်သော ကတ္တုသတ္တိသဘော မရှိဘဲ ကတ္တုသတ္တိသဘောရှိသကဲ့သို့ တင်စားထားသော ကတ္တုဓမ္မသမာဓိပုံစံပြတည်း၊ ထိုသို့ ကတ္တုဓမ္မသမာဓိပုံစံ ဖြစ်သော်လည်း ဝမန (ပျို့အန်ခြင်း)ကို တကယ် အန်ခြင်းအရာ၌ မသုံးဘဲ ဂုဏ်ဥပစာအရာ၌ သုံးစွဲထားခြင်းကြောင့် ဂါမွဒေါသ မရောက်ကြောင်း-သမာဓိဂုဏ် ကန္တိဂုဏ် ရောက်ကြောင်း ပြလို၍ ထပ်မံ ထုတ်ပြသည်။

ဝမနံ ပဋိပန္နာနံ, ဖလဋ္ဌာနံ ဝိရေစနံ၊
သြသဓံ ဖလလာဘိနံ, ပုညဓေတ္တံ ဂဝေသိနံ။။

ပဋိပန္နာန်-မဂ်၌ တည်သော ပုဂ္ဂိုလ်တို့၏၊ ဝမနံ-ကိလေသာကို ထွေးအန်ခြင်းသည်၊ ဟောတိ-ဖြစ်၏၊ ဖလဋ္ဌာနံ-ဖိုလ်၌ တည်ကုန်သော ပုဂ္ဂိုလ်တို့၏၊ ဝိရေစနံ-ကိလေသာဝမ်းလျှောခြင်းသည်၊ ဟောတိ-ဖြစ်၏၊ ဖလလာဘိနံ-အကျိုးကို ရလိုကုန်သည်ဖြစ်၍၊ ပုညဓေတ္တံ-ကောင်းမှု၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းသံဃာကို၊ ဂဝေသိနံ-ရှာကုန်သောသူတို့၏၊ သြသဓံ-ဆေးသည်၊ ဝါ-တရားဆေးကို သောက်ခြင်းသည်၊ ဟောတိ-ဖြစ်၏။။ ဤဂါထာ၌လည်း အန်ခြင်း ဝမ်းလျှောခြင်းတို့မှာ တကယ်မဟုတ်၊ ဥပစာမျှသာ ဖြစ်၍ ဂါမွဒေါသ မရောက်၊ သမာဓိဂုဏ် ရောက်၏။

http://www.dhammadownload.com

ရှေ့နိဂုံးနှင့်နောက်နိဒါန်း

၁၆၁။ အစိတ္တကတ္တုက် ရုဈ–မိစ္ဆေဝံ ဂုဏကမ္မတံ၊ သစိတ္တကတ္တုကမ္မေတံ, ဂုဏကမ္မံ ယဒုတ္တမံ။

၁၆၁။ ဣစ္စေဝံ-ဤရှေ့ဂါထာ၌ ဆိုအပ်ပြီးသောနည်းဖြင့်၊ အစိတ္တကတ္တုက်-စိတ်မရှိသော ကတ္တားရှိသော၊ ဂုဏကမ္မံ-ဂုဏ်ဥပစာဖြစ်သော ကံရှိသော၊ တံ-ထိုပျို့အန်ခြင်းကြီယာကို၊ ရုဈ-နှစ်သက်အပ်၏၊ ဝါ-နှစ်သက်ဖွယ်ကောင်း၏၊ ဧတေ-ဤပျို့အန်ခြင်း အစရှိသည်သည်၊ သစိတ္တကတ္တုက်-စိတ်ရှိသော ကတ္တားရှိသည်၊ (သမာနံ)ပိ-ဖြစ်ပါသော်လည်း၊ ဂုဏကမ္မံ-ဂုဏ်ဥပစာဖြစ်သော ကံရှိသည်၊ ယဒိ ဟောတိ-အကယ်၍ ဖြစ်အံ့၊ ဧဝံသတိ-ဤသို့ ဖြစ်လတ်သော်၊ ဥတ္တမံ-ကောင်းမြတ်သေး၏။ [ယဒိ + ဥတ္တမံ-ယဒုတ္တမံ။]

၁၆၁။ အစိတ္တကတ္တုက်တျာဒိ။ ။အစိတ္တကတ္တားရှိ၍ ဂုဏ်ဥပစာဟူသော ကံရှိသော ထိုဝမန စသည်သည် နှစ်သက်အပ်၏၊ ဝါ-ကောင်းမြတ်၏၊ [ဤ ၂ ပါဒဖြင့် ရှေ့ဂါထာအတွက် နိဂုံးကို ပြ၏။] သစိတ္တကတ္တား ရှိသော်ငြားလည်း ဂုဏ်ဥပစာဟူသော ကံရှိလျှင် ထိုဝမန စသည်သည် ကောင်းမြတ်သည်ပင် ဖြစ်၏။ [ဤ ၂ ပါဒဖြင့် နောက်ဂါထာအတွက် အခြံနိဒါန်းကို ပြ၏။]

ဝစနတ္ထ။ ။မုနိပါဒနခါဝဋ္ဋီသည် ကတ္တားတည်း၊ ဘုရားရှင်၏ ထိုခြေသည်းတော် အစဉ်တို့သည် စိတ်မဟုတ်ကြ (ဝါ-စိတ်နှင့်မယှဉ်ကြ)၊ ထို့ကြောင့် အစိတ္တကတ္တား မည်၏။ "နတ္ထိ+စိတ္တံ ယဿာတိ အစိတ္တော၊ အစိတ္တော+ကတ္တာ ယဿ (ဝမနာဒိကဿာ)တိ အစိတ္တကတ္တုက်=စိတ်မရှိသော ကတ္တားရှိသော ပျို့အန်ခြင်းစသည်၊ ရုစိတဗ္ဗံတိ ရုစ္မံ၊ ရုစဓာတ်+ဏျပစ္စည်း၊ ဂုဏော+ကမ္မံ+ယဿာတိ ဂုဏကမ္မံ (ဝမနာဒိကံ)၊ ["ဂုဏကမ္မံ"ဟု ဆိုလိုလျက် ဆန်းကြောင့် နိဂ္ဂဟိတ်ကျေ၊] ဣစ္စေဝံ ဣတိ ဣမိနာ ပကာရေန အစိတ္တကတ္တုက် နခါဝဋ္ဋိသခ်ိတအဝိညာဏကကတ္တုဝန္တံ, ဂုဏကမ္မံ-နခကန္တိသခ်ိတအပ္ပဓာနကမ္မဝန္တံ, ဝမနာဒိကံ ရုစ္မံ၊ ရစနာယ ဥစိတတ္တာ (အဖွဲ့အနွဲ့အား သင့်လျော်သည်၏ အဖြစ်ကြောင့်) ရုစိဇနကံ ဟောတိ။ [ဥပစာကိုပင် "အပဓာန"ဟုလည်းကောင်း, "ဂုဏ်"ဟုလည်းကောင်း ဆိုထားသည်။]

http://www.dhammadownload.com

သစိတ္တကတ္တုကပုံစံ

၁၆၂။ ဥဂ္ဂိရန္တောဝ သသေ္နဟ–ရသံ ဇိနဝရော ဇနေ၊
ဘာသန္တော မဓုရံ ဓမ္မံ, ကံ နု သမ္မိဏာယေ ဇနံ။

၁၆၂။ သ(သော) ဇိနဝရော-ထိုမြတ်စွာဘုရားသည်၊ ဇနေ-သတ္တဝါ အပေါင်း၌၊ သေ္နဟရသံ-မေတ္တာသင်္ဂဟ, ချစ်ခင်ခြင်းဟူသော အရည်ကို၊ ဥဂ္ဂိရန္တောဝ-အနှံထုတ်သကဲ့သို့၊ မဓုရံ-ချိုဆိမ့်ကောင်းမြတ်သော၊ ဓမ္မံ-တရားတော်ကို၊ ဘာသန္တော-ဟောတော်မူလတ်သော်၊ ကံ ဇနံ-အဘယ်မည်သူ, နတ်နှင့်လူကို၊ နု သမ္မိဏာယေ-မနှစ်သက်စေနိုင်ဘဲ ရှိအံ့နည်း၊ (သမ္မိဏာယေဝ-နှစ်သက်စေနိုင်သည်သာ။)

သစိတ္တကတ္တုကမ္မိ။ ။ပိသဒ္ဒါသည် ဂရဟာဇောတက "အစိတ္တကတ္တုက မဟုတ်ဘဲ သစိတ္တကတ္တုကဖြစ်သော်လည်း"ဟု ကတ္တား၏ သစိတ္တက ဖြစ်ခြင်းကို ကဲ့ရဲ့ရှုတ်ချသည်၊ စိတ်ရှိသော ကတ္တားပင် ဖြစ်သော်လည်း ကံက ဂုဏ် အပဓာနဖြစ်သော (ဥပစာတင်စားအပ်သော) ကံဖြစ်လျှင် ဥတ္တမ-ကောင်းမြတ်သည်ပင် ဖြစ်သည်-ဟူလို။ [ဧတံ ဝမနာဒိကံ သစိတ္တကတ္တုကမ္မိ သဝိညာဏကကတ္တုဝန္တံပိ ယဒိ ဂုဏကမ္မံ အမုချကမ္မံ စေ၊ ဥတ္တမံ ဝိသိဋ္ဌမေဝ (ထူးခြားကောင်းမြတ်သည်သာ။)]

~~~~~~~~~~~~

၁၆၂။ ဥဂ္ဂိရန္တောဝတျာဒိ။ ။သတ္တဝါအပေါင်း၌ မေတ္တာသင်္ဂဟ ချစ်ခင်ခြင်းဟူသော ရေကို အနှံထုတ်လိုက်သကဲ့သို့ စ-လယ်-အဆုံး ၃ ပါးလုံး ကောင်းခြင်းရှိသော တရားတော်ကို ဟောတော်မူသော ထိုမြတ်စွာဘုရားသည် အဘယ်မည်သူ, နတ်နှင့်လူကို မနှစ်သက်စေဘဲ ရှိတော်မူအံ့နည်း၊ ဧကန် နှစ်သက်စေတော်မူမည်သာ။

တင်စားပုံ။ ။ဤဂါထာ၌ အရည်၏ အနှံထုတ်လိုက်သော ရှုပယုတ္တသဘောကို အရည်မဟုတ်သော မေတ္တာတော်၌ တင်စားထားသည်၊ ထိုသို့ တင်စားရာ၌ ကတ္တားပုဒ်သည် "သော ဇိနော"တည်း၊ ထို ကတ္တားသည် စိတ်ရှိသော ကတ္တားတည်း၊ ကံကား "သေ္နဟရသံ"တည်း၊ ထိုကံသည် သက်ရှိမဟုတ်သော အစိတ္တတည်း၊ အရည်အစစ် မဟုတ်ဘဲ
~~~~~~~~~~~~

http://www.dhammadownload.com

တင်စားအပ်သော မေတ္တာရည်ဖြစ်၍ ဂုဏ (ဂုဏ်ဥပစာလည်း)ဖြစ်၏။ ထို့ကြောင့် "အစိတ္တကတ္တုကံ ပေတံ-ဂုဏကမ္မံ ဥတ္တမံ"ဟု ဆိုခဲ့သည့် အတိုင်း ကောင်းမြတ်သည်သာ၊ "ဥဂ္ဂိရဏ-အန်ထုတ်"ဟု ဆိုသော်လည်း "တကယ် ပျို့အန်ခြင်း မဟုတ်, တရားတော်ကို ပျို့အန်ခြင်း ဖြစ်သောကြောင့် ဂါမဒေါသ မရောက်, သမာဓိဂုဏ် ကန္တိဂုဏ် ရောက်သည်"ဟူလို။ [ဧတ္ထ ဥဂ္ဂိရဏံ ဇိနဝရသဒ္ဒါတသစိတ္တကတ္တုဝန္တမိဿေဟရသသဒ္ဒါတအမုချကမ္မယုတ္တတ္တာ (မုချ မဟုတ်သော ဥပစာ ဖြစ်သော ကံနှင့် ယှဉ်သောကြောင့်) ပသတ္ထံ ဟောတိ။]

ဋီကာ။ ။သော ဇိနဝရော၊ သကို သောဟု ဖွင့်၊ ဇနေ-သကလသတ္တနိကာယေ၊ သ္နေဟရသံ-အတ္တနော ပေမသဒ္ဒါတအနုရာဂံ၊ သ္နေဟကို "ပေမ-ချစ်ခင်ခြင်း (မေတ္တာ)"ဟု ဖွင့်၍ ရသံကို "အနုရာဂံ-အဖန်ဖန် တပ်မက်ခြင်းကို"ဟု ဖွင့်၏။ သို့သော် ဘုရားရှင်၏ "ပေမ"ဟူသည် တဏှာပေမ မဟုတ်၊ မေတ္တာပေမတည်း၊ ရသံကို အနုရာဂံဟု ဖွင့်ခြင်းကား သင့်မည် မထင်၊ ထို့ကြောင့် "ဒယာရသေသု"ဟု တင်စားခဲ့သလို ဤ၌ မေတ္တာ (သ္နေဟ)ကို ရသ(ရေ)ဟု တင်စားထားသည်ဟု ကြံ။ [သ္နေဟော ဧဝ+ရသော သ္နေဟရသော၊ "သိနေဟော"ပုဒ်မှ ဣကို ချေ, သကို နေသို့ ကပ်ထားသောကြောင့် "သနေဟော"ဟု ဖတ်။]

ဧန္ဒာယတနဓာတာဒိ, ဓမ္မဘေဒါ မဟေသိနာ၊
ကဏ္ဍသုဏ္ဏာ ယတော ဝန္တာ, တတောပိ ဘဂဝါ ဇိနော။

ဤ၌ မဟေသိနာ-ဟု သစိတ္တကတ္တားပင် ဖြစ်သော်လည်း ကံကကဏ္ဍသုဏ္ဏာ (အမဲ အဖြူ)ဟု တင်စားအပ်သော ဓမ္မဘေဒအစိတ္တကံကံ ဖြစ်၍ သမာဓိဂုဏ် ရောက်၏။

~~~~~~~~~~~~

ကျမ်းဦးဂါထာ။ ။ဤနေရာဝယ် "မုနိန္ဒဝဒနမ္ဘောဇ"စသော ဂန္ထာရမ္ဘဂါထာ၌ ရထိုက်သော သဒ္ဒါလက်ာရများကို ပြန်၍ စိစစ်သင့်၏။ (၁) စပ်သင့်သော ပုဒ်များကို နီးကပ်စွာ ထားခြင်း, အနက်လည်း ထင်ရှားခြင်းကြောင့် ပသာဒဂုဏ် ရောက်၏၊ (၂) "မုနိန္ဒ၊ပေ၊သုန္ဒရီ"ဟု
~~~~~~~~~~~~

http://www.dhammadownload.com

၂ ပါဒလုံးမှ အဆင့်ဆင့် တွဲရသော သမာသ်ရှည်ကြီး တစ်ပုဒ်တည်းကို စီကုံးထားသဖြင့် ဩဇဂုဏ်ရောက်၏၊ (၃) "မုနိန္ဒ+ဝဒန+အမ္ဘောဇ, ဂဗ္ဘ+သမ္ဘဝ+သုန္ဒရီ"စသည်ဖြင့် ဌာန်တူအက္ခရာ နီးကပ်စွာ ပါရှိသော ကြောင့် ပဒါသတ္တိမဓုရတာဂုဏ်ရောက်၏၊ (၄) ဓနိတအက္ခရာ ၃လုံးသာ ပါသောကြောင့် မုဒုသမတာဂုဏ် ရောက်၏၊ (၅) ကြမ်းတမ်းသော အက္ခရာများစွာ မပါသောကြောင့် သုခုမာလတာဂုဏ် ရောက်၏၊ (၆) ဓနိတအက္ခရာ ၃ လုံးဟူသော ဗန္ဓဂါရဝအက္ခရာ ပါသောကြောင့် သိလေသဂုဏ် ရောက်၏၊ (၇) တရားတော်၏ လွန်ကဲသောဂုဏ်ကို ပြသောကြောင့် ဥဒါရဂုဏ် ရောက်၏၊ (၈) လောကိယတ္ထကို မလွန်ဘဲ လူအများ နှစ်သက်ဖွယ် ကောင်းသောကြောင့် ကန္တိဂုဏ် ရောက်၏၊ (၉) အနက်ထင်ရှားသောကြောင့် အတ္ထဗျတ္တိဂုဏ် ရောက်၏၊ (၁၀) သရဿတီနတ်သမီးတည်းဟူသော ပါဏိ၏ သဘောကို တရားတော် အပါဏိ၌ တင်စားထားသောကြောင့် သမာဓိဂုဏ် ရောက်၏၊ ဤသို့လျှင် မုနိန္ဒဝဒနမ္ဘောဇ-စသော ဂါထာသည် သဒ္ဒါလင်္ကာရဂုဏ် ၁၀ ပါးလုံး စုံအောင် ဖွဲ့စီအပ်သော ဂါထာဖြစ်သည်၊ လာလတ္တံ့သော ရူပကစသော အတ္ထာလင်္ကာရတို့ဖြင့် တန်ဆာဆင်အပ်သော ဂါထာလည်း ဖြစ်၏။

သတိပြုဖွယ်။ ။ဂါထာစီသောအခါ မည်သူမဆို ဤသဒ္ဒဂုဏ် စုံနိုင်သမျှ စုံအောင် စီကုံးသင့်၏၊ ထိုသို့ စီကုံးနိုင်အောင်လည်း အဘိဓာန်လာ ပရိယာယ်ပုဒ်များကို လဲလှယ် ထည့်သွင်းလေ့ ရှိရ၏၊ သဒ္ဒါနည်းလည်း လက်မလွတ်စေရ၊ သဒ္ဒါနည်းပျက်လျှင် အလင်္ကာနည်း ဆန်းနည်း မှန်သော်လည်း နားလည်သော ပုဂ္ဂိုလ်များ၏ အထင်သေး မှုကို ခံရမည်သာ၊ ထိုဂုဏ်များနှင့် သဒ္ဒါများကို သတိထားရသည့်ပြင် မြန်မာလို တေးထပ်စပ်နည်း, ဒွေးချိုးချနည်း စသည်ကိုပါ ထည့်နိုင်သမျှ ထည့်၍ စီကုံးနိုင်လျှင် သာ၍ ရွတ်ကောင်းသောဂါထာ ဖြစ်နိုင်ပါသည်၊ ဂါထာဆိုသည်မှာ ပါဋိဂီတတစ်မျိုးပင် ဖြစ်ရကား အရေးကောင်းသူ၏ ဂါထာကို အရွတ်ကောင်းသူ ရွတ်လျှင် နားထောင်၍ မငြီးနိုင်အောင် ကန္တိဂုဏ်ကို ဆောင်ပါသည်။

http://www.dhammadownload.com

ဤကျမ်း လေ့လာသူကို အားတက်စေခြင်း

၁၆၃။ ယော သဒ္ဒသတ္ထကုသလော ကုသလော နိဃဏ္ဍု-
ဆန္ဒောအလင်္ကတိသု နိစ္စကတာ·ဘိယောဂေါ၊
သော·ယံ ကဝိတ္တဝိကလောပိ ကဝီသု သဏ်္ဍ·
မောဂ္ဂယှ ဝိန္ဒတိ ဟိ ကိတ္တိ·မမန္ဒရူပံ။

၁၆၃။ ယော - အကြင် ပုဂ္ဂိုလ်သည်၊ သဒ္ဒသတ္ထကုသလော - ဗျာကရုဏ်းသဒ္ဒါကျမ်း၌ ကျွမ်းကျင်တတ်မြောက်၏၊ နိဃဏ္ဍုဆန္ဒော အလင်္ကတိသု-နိဃဏ္ဍုဟု ခေါ်အပ်သော အဘိဓာန်ကျမ်း, ဆန်းကျမ်း, အလင်္ကာကျမ်းတို့၌၊ ကုသလော-ကျွမ်းကျင်တတ်မြောက်၏၊ နိစ္စကတာ ဘိယောဂေါ-အမြဲမပြတ် ပြုအပ်သော အားထုတ်လေ့လာခြင်း ရှိ၏၊ သော အယံ-ထိုကဲ့သို့သော ဤပုဂ္ဂိုလ်သည်၊ ကဝိတ္တဝိကလောပိ-ကဝိ၏ ဖြစ်ကြောင်းဖြစ်ရာ ကျမ်းစာရေးခြင်း, ပျို့ကဗျာစီကုံးခြင်းမှ ချို့တဲ့ပါ သော်လည်း၊ ကဝီသု-ကဗျာတတ်သိ ပညာရှိတို့၌၊ သဏ်္ဍ-ရေတွက်ခြင်း သို့၊ သြဂ္ဂယှ-သက်ဝင်၍၊ အမန္ဒရူပံ-မနည်းသောသဘောရှိသော၊ ဝါ-ကြီးကျယ်သောသဘောရှိသော၊ ကိတ္တိ-ကျော်စောခြင်းကို၊ ဝိန္ဒတိ ဟိ-ရနိုင်တော့သည်သာ။ [ဝသန္တတိလကာဂါထာ ဖြစ်သည်။]

ဣတိ သံဃရက္ခိတမဟာသာမိဝိရစိတေ သုဗောဓာလင်္ကာရေ ဂုဏာဝဗောဓော နာမ တတိယော ပရိစ္ဆေဒေါ။ ။သံဃရက္ခိတမဟာ သာမိဝိရစိတေ-သော၊ သုဗောဓာလင်္ကာရေ-၌၊ ဂုဏာဝဗောဓော နာမ-ဂုဏ်တို့ကို သိရာသိကြောင်း၏အဖြစ်ကြောင့် ဂုဏာဝဗောဓမည်သော၊ တတိယော-သော၊ ပရိစ္ဆေဒေါ-သည်၊ ဣတိ-ပြီးပြီ။

၁၆၃။ ယော သဒ္ဒသတ္ထိစ္စာဒိ။ ။"အကြင်ပုဂ္ဂိုလ်သည် သဒ္ဒါကျမ်း, အဘိဓာန်ကျမ်း, ဆန်းကျမ်း, အလင်္ကာကျမ်းတို့၌ တတ်ကျွမ်း၏၊ တတ်ကျွမ်းရုံမက (နိစ္စကတာဘိယောဂ) ထိုကျမ်းတို့ကို အမြဲအစွဲလည်း ကြိုးစားအားထုတ်၏၊ ထိုပုဂ္ဂိုလ်သည် ပျို့ကဗျာဂါထာလင်္ကာတို့ကို စီကုံး ခြင်းဟူသော ကဝိတ္တ(ကဝိဂုဏ်) မရှိသော်လည်း ကဝိတို့ကို ရေတွက် ရာတွင် ပါဝင်နိုင်၍ ကြီးကျယ်သော ကျော်စောခြင်းကို ရနိုင်ပါသည်"ဟု

http://www.dhammadownload.com

ဤအလင်္ကာကျမ်း လေ့လာအားထုတ်သူတို့ကို အားတက်စေသော ဂါထာတည်း၊ ဤဂါထာဖြင့် "အလင်္ကာကျမ်းကို ကြိုးပမ်းလေ့လာကြပါ" ဟုလည်း တိုက်တွန်းရာရောက်သည်။

ဋီကာ။ ။ဂန္ထန္တရာဟိတဝါသနာယ-ကျမ်းဂန်အမျိုးမျိုး၌ ထားအပ်သော ရှေးဝါသနာ အထုံပါခြင်းသည်လည်းကောင်း၊ တဒနုဗန္ဓပဋိဘာနေစ-ထိုဂန္ထန္တရသို့ အစဉ်လိုက်သော ဉာဏ်သည်လည်းကောင်း၊ အဝိဇ္ဇမာနေပိ-မရှိသော်လည်း၊ သုတေန-ကြားနာမှတ်သား သုတမျာခြင်းကြောင့်လည်းကောင်း၊ အဘိယောဂဗလေန-ကြိုးစားအားထုတ်ခြင်း၏ အစွမ်းကြောင့်လည်းကောင်း၊ ကဝိတာ-ကဝိ၏ဖြစ်ကြောင်း (ပို့ကဗျာ ဂါထာဗန္ဓ) စီကုံးနိုင်မှုကိုလည်းကောင်း၊ တဒနုဂတာ-ထိုဂုဏ်သို့ အစဉ်လိုက်သော၊ ကိတ္တိ စ-ကျော်စောခြင်းကိုလည်းကောင်း၊ သမုပလဗ္ဘတိ-ကောင်းစွာ ရအပ် ရနိုင်၏၊ ဣတိ-ဤအဓိပ္ပာယ်ကို ပြလျက်၊ ယော ဣစ္စာဒိနာ-"ယော သဒ္ဒသတ္ထကုသလော"အစရှိသော ဂါထာဖြင့်၊ သမုဿာဟယတိ-အားတက်စေ၏။

ဝစနတ္ထ။ ။ဝစနိယဝါစကဘာဝေန - ဟောအပ်သောအနက်, ဟောတတ်သော သဒ္ဒါ၏အဖြစ်ဖြင့်၊ အတ္ထံ သဒ္ဒံ စ (အနက်, သဒ္ဒါကိုလည်းကောင်း)၊ နိခဏ္ဍာတိ ဘိန္ဒတိ-ခွဲခြားတတ်၏၊(ဝိဘဇိတွာ ဒဿေတိ-ခွဲခြားဝေဖန်၍ ပြတတ်၏-ဟူလို၊) ဣတိ နိခဏ္ဍု၊ သော ဧဝ ဣဓ ခကာရဿ ယကာရံ ကတွာ နိယဏ္ဍုတိ ဝုတ္တော၊ (သီလက္ခန်-အမွှဋ္ဌသုတ် ဋီကာ) အဘိဓာန်ကျမ်းကိုပင် ဆိုလိုသည်၊ ကတော+အဘိယောဂေါ (အလွန်အားထုတ်ခြင်း) ယေနာတိ ကတာဘိယောဂေါ။

ကဝိတ္တဝိကလော။ ။"ကဝိနံ+ ဘာဝေါ ကဝိတ္တံ=ကဝိဟု(လူအများ) သိကြောင်း, ကဝိသဒ္ဒါ၏ ဖြစ်ကြောင်း"ဟူသည် ပို့ကဗျာ ဂါထာတို့ကို စီကုံးရေးသားခြင်းတည်း၊ ကဝိတ္တတော+ဝိကလော ကဝိတ္တဝိကလော၊ အမန္ဒံ (မနည်းသော၊ ဝါ-ကြီးကျယ်သော)+ရူပံ (သဘော) ယဿာတိ အမန္ဒရူပါ (ကိတ္တိ)၊ ကိတ္တိကို "ပရိသုဒ္ဓဗန္ဓရစနာလက္ခဏံ-သန့်ရှင်းစွာဖွဲ့စီခြင်းလက္ခဏာရှိသော၊ တပ္ပဘဝံ-ထိုရေးသား စီကုံးနိုင်ခြင်းလျှင် အစအမှန် ရှိသော၊ ချာတံ-ထင်ရှား ကျော်စောခြင်းကို" ဟု ဖွင့်သည်၊

http://www.dhammadownload.com

ထိုအဖွင့်များကို ကောက်ချက်ချလိုက်လျှင် "ကဝိတ္တဝိကလ-ပျို့ ကဗျာဂါထာ ကျမ်းစာ မရေးသော်လည်း ရေးမည်ဆိုက ရေးနိုင်လောက်ပါသည်"ဟု အဓိပ္ပာယ်ရသည်။

စဉ်းစားဖွယ်။ ။ဤဂါထာဖြင့် အရှင်သံဃရက္ခိတထေရ်သည် သဒ္ဒါစသော ၄ ကျမ်းကို ကြိုးပမ်းအားထုတ်ချင်လာအောင် အကျိုးပယောဇဉ်ကို ပြထား၏။ ယခုအခါ ပထမကြီးတန်းကို ဝင်ရောက်ဖြေဆိုကြသူ အားလုံးပင် ဤ ၄ ကျမ်းကို အထူးကြိုးစားအောင် ရှေးဆရာတို့လည်း ပြဋ္ဌာန်းထားခဲ့ကြ၏။ ထို့ကြောင့်လည်း ထို ၄ ကျမ်းလုံး၌ အထိုက်အလိုက် ကျွမ်းကျင်သူများ ပေါ်ထွက်ခဲ့၏။ သို့သော် ထိုပုဂ္ဂိုလ်ထဲမှ (အရှင်သံဃရက္ခိတထေရ် မျှော်မှန်းသလို) ကဗျာဗန္ဓဂါထာများကို ပိုင်နိုင်စွာ စီကုံးတတ်သူကား အများအပြား မပေါ်ထွက်ပါ။ အမှန်အားဖြင့်ကား-ထို ၄ ကျမ်းကို တတ်မြောက်သည့်အပြင် ပင်ကိုဉာဏ်လည်း ပါဦးမှသာ ပျို့ကဗျာ ဂါထာဗန္ဓတို့ကို စီကုံးနိုင်ပါသည်၊ ထို့ကြောင့်--

"သာဘာဝိကီ စ ပဒ္မိဘာ, သုတဉ္စ ဗဟုနိမ္မလံ၊
အမန္ဒော စာဘိယောဂေါ.ယံ, ဟေတု ဟောတိ.ဟ ဗန္ဓနေ"

ဟု "သာဘာဝိကီ ပဒ္မိဘာ"ကို အပိုစွက်၍ ဋီကာသစ် မိန့်မြွက်လေသည်၊ [သာဘာဝိကီ-ပင်ကိုအလေ့ ပြကတ္တေ့သဘောအားဖြင့် ဖြစ်လာသော၊ ဝါ-ပဒ္မိသန္ဓေ, တည်နေသည်က, စ၍ ပါလာသော၊ ပဒ္မိဘာ စ-ထိုထို အမှု, ကိစ္စစုဉ်, ရှေးရှုထင်လာ, ဉာဏ်ပညာသည်လည်းကောင်း၊ ဗဟုနိမ္မလံ-အလွန်များစွာ,ဖြာဖြာညစ်အကြေး, မြူခြေးကင်းသော၊ သုတဉ္စ-ကျမ်းဂန်အရပ်ရပ်, နှံ့စပ်စုံစွာ, သုတမင်္ဂလာသည်လည်းကောင်း၊ အမန္ဒော အဘိယောဂေါ စ-မနည်းကြိုးကုတ် အားထုတ်ခြင်းသည်လည်းကောင်း၊ အယံ-ဆိုအင်ခဲ့ငြား, ဤ ၃ ပါးသည်၊ ဣဟ-ဤလောက၌၊ ဗန္ဓနေ-ပါဠိဂါထာ, ပျို့ကဗျာကို, သာယာဖွဲ့နှုန်း, စီကုံးခြင်း၌၊ ဟေတု ဟောတိ-ဖြစ်မြောက်ခြင်းငှာ, ကြောင်းအရာဟု, ကောင်းစွာမသွေ, ဖြစ်ပါပေ၏။]

ဝုဏ္ဏာဝဗောဓ (တတိယပိုင်း)အဖွင့် ပြီး၏။

http://www.dhammadownload.com

အတ္ထာလင်္ကာရာဝဗောဓအခန်း

စကားချီ–ပဋိညာဉ်

၁၆၄။ အတ္ထာလင်္ကာရသဟိတာ, သဒ္ဒါ ဗန္ဓပဒ္ဓတိ၊
ယတော အစ္ဆန္နကန္တာဝ, ဝုစ္စန္တေ တေ တတော·ဓုနာ။

၁၆၄။ ယတော-အကြင့်ကြောင့်၊ သဒ္ဒါ-သဒ္ဒါလင်္ကာရဝုဏ်နှင့် တကွဖြစ်သော၊ ဗန္ဓပဒ္ဓတိ-အဖွဲ့အစဉ်ကို၊ အတ္ထာလင်္ကာရသဟိတာ-အတ္ထာလင်္ကာရနှင့် တကွဖြစ်သည်၊ (သမာနာ-ဖြစ်ပါမူကား၊ ကန္တာဝ-ပင်ကိုဝုဏ်အပြင်, တန်ဆာဆင်၍, ရွှမြင်မငြီး, အမျိုးသမီးကိုကဲ့သို့၊) အစ္ဆန္နကန္တာ - အလွန်နှစ်သက်အပ်၏၊ ဝါ - အလွန်နှစ်သက်ဖွယ်ကောင်း၏၊ တတော-ထို့ကြောင့်၊ အဓုနာ-ယခုအခါ၌၊ တေ-ထို အတ္ထာလင်္ကာရတို့ကို၊ ဝုစ္စန္တေ-ဆိုအပ်ကုန်၏၊ ဝါ-ဆိုအပ်ကုန်တော့လတ္တံ့။

၁၆၄။ အတ္ထာလင်္ကာရဏ္ဍစ္စာဒိ။ ။"ဆိုအပ်ခဲ့သော ပသာဒစသော ဂုဏ်ရှိသော အဖွဲ့သည် ဆိုအပ်လတ္တံ့သော အတ္ထာလင်္ကာရနှင့် ယှဉ်ပါမူကား အလွန်နှစ်သက်ဖွယ် ကောင်း၏၊ ဥပမာ--ပင်ကိုအားဖြင့် မှည့်မည်း နူနာစသော အပြစ်ကင်း၍ ကျော့ရှင်းလှပ အချိုးကျသော အမျိုးသမီးသည် ဝတ်စား တန်ဆာ ဆင်ပြင်လိုက်ပါမူ သာ၍ နှစ်သက်ဖွယ် ကောင်းသကဲ့သို့တည်း၊ ထို့ကြောင့် ယခုအခါ ထိုအတ္ထာလင်္ကာရတို့ကို ပြပေအံ့"ဟု ပဋိညာဉ်ပြုသော အချိုဂါထာတည်း။ [သဂုဏာ-ယထာဝုတ္တပသာဒါဒိသဒ္ဒဂုဏာယုတ္တာ၊ ဗန္ဓပဒ္ဓတိ-ပဇ္ဇဂဇ္ဇာဒိပဘေဒါ ရစနာဝဋ္ဋိ (အစီအကုံးအစဉ်)]။

မှတ်ချက်။ ။အစ္ဆန္နကန္တာဝဋ္ဌ ကန္တာကို ဋီကာဆရာသည် အနက်၂ထပ်ဖွင့်ထား၏၊ ထို့ကြောင့် "ကန္တာဝ (ကန္တာ+ကွဝ)"ဟုတစ်နက်, အစ္ဆန္နကန္တာ"ဟုတစ်နက် ဤသို့နှစ်နက် ပေးရသည်၊ နောက်၌လာမည့် "အာဝုတ္တိအလင်္ကာ"မျိုးတည်း၊ ဋီကာ၌ ဥပမာပြရာဝယ် "သဂုဏာ-ပတိဗ္ဘတာဒိ ဂုဏောဟိ ယုတ္တာ-လင်္ကာကို ပြုစုလုပ်ကျွေးခြင်းစသော ဂုဏ်တို့နှင့် ယှဉ်သူ"ဟု ဖွင့်၏၊ ထိုဂုဏ်သည် အများမျက်မြင် အထင်အရှားဂုဏ် မဟုတ်၊ ပသာဒစသော ဂုဏ်တို့ကား စာသွားကို မြင်ရုံမျှ ဖြင့် ထင်ရှားသောဂုဏ်တည်း၊ ထို့ကြောင့် အပြစ်ကင်း၍ ကျော့ရှင်းသော အများသိဂုဏ်ကိုသာ သတို့သမီး၏ "ဂုဏာ"ဟု ဆိုထိုက်မည်ထင်သည်။

http://www.dhammadownload.com

အတ္ထာလင်္ကာရနှစ်ပါးနှင့်သဘာဝဝုတ္တိ

၁၆၅။ သဘာဝဝင်္ဂုတ္တိနံ, ဘေဒါ ဒွိဓာ အလင်္ကြိယာ၊
ပဌမာ တတ္ထ ဝတ္ထူနံ, နာနာဝတ္ထာဝိဘာဝိနီ။

၁၆၅။ အလင်္ကြိယာ-အလင်္ကာတို့သည်၊ ဝါ-အတ္ထာလင်္ကာရတို့သည်၊ သဘာဝဝင်္ဂုတ္တိနံ-သဘာဝဝုတ္တိ, ဝင်္ဂုတ္တိတို့၏၊ ဘေဒါ-အပြားအားဖြင့်၊ ဒွိဓာ-၂ ပါးပြားကုန်၏၊ တတ္ထ-ထို၂ ပါးတို့တွင်၊ ပဌမာ-ပထမဖြစ်သော သဘာဝဝုတ္တိ အတ္ထာလင်္ကာရသည်၊ ဝတ္ထူနံ-ဇာတ်, ဂုဏ်, ကြိယာ, ဒြဗ်ဟူသော ပုဒ်နက်တို့၏၊ နာနာဝတ္ထာဝိဘာဝိနီ-အထူးထူးသော အခိုက်အတန့်ကို ထင်စွာပြတတ်သည်၊ ဟောတိ-ဖြစ်၏။

၁၆၅။ သဘာဝ၊ပေ၊ဒွိဓာ။ ။သဘာဝဝုတ္တိ, ဝင်္ဂုတ္တိအားဖြင့် အတ္ထာလင်္ကာရ ၂ မျိုး ပြား၏၊ သဘာဝ်-ပင်ကိုသဘောကို၊ ဝါ-ထင်ရှားရှိသော အနက်ကို၊ ဝစတိ-ဟောပြ ဖွဲ့နွဲ့တတ်၏၊ ဣတိ သဘာဝဝုတ္တိ၊ ဝင််-တိုက်ရိုက်မဟုတ်ဘဲ သွယ်ဝိုက်လှည့်ပတ်အပ်သော အနက်ကို၊ ဝစတိ-ဟောတတ်, ဖွဲ့နွဲ့တတ်၏၊ ဣတိ ဝင်္ဂုတ္တိ။ [ရှေးဆရာတို့က သာဘာဝဝုတ္တိကို ဥဇုဝုတ်, ဝင်္ဂုတ္တိကို ဝင်္ဂုတ်ဟု ခေါ်ကြသည်။]

ပဌမာ၊ပေ၊ဝိဘာဝိနီ။ ။ပထမဖြစ်သော သဘာဝဝုတ္တိအလင်္ကာသည် ထိုထိုအရာဝတ္ထုတို့၏ အမျိုးမျိုးသော အခိုက်အတန့်ကို (မသွယ်မဝိုက် တိုက်ရိုက်အားဖြင့်) ထင်ရှားပြ၏၊ "ထင်ရှားပြသောအားဖြင့် တန်ဆာဆင်၏"ဟူလို၊ ["ဝတ္ထူနံ"အရ ဝတ္ထုဟူသည် "ဇာတ်-ဂုဏ်-ကြိယာ-ဒြဗ်"ဟူသော ပုဒ်နက်များတည်း၊ ဝတ္ထူနံ-ဇာတိဂုဏကြိယာဒဗ္ဗလက္ခဏာနံ ပဒတ္ထာနံ၊] နာနာဝတ္ထာဝိဘာဝိနီကို "အနေကပ္ပကာရသဘာဝပကာသိနီ"ဟု ဖွင့်သင့်၏။[နာနာ(အနေကာ)စ+သာ+အဝတ္ထာစာတိ နာနာဝတ္ထာ၊ တံ+ဝိဘာဝေတီတိ နာနာဝတ္ထာဝိဘာဝိနီ။]

ဇာတိခေါ်ပုံ။ ။ဤသဘာဝဝုတ္တိကို "ဇာတိအလင်္ကာ"ဟုလည်း ခေါ်၏၊ ဧသာဝ ဇာတိဂုဏာဒိ စတုဗ္ဗိဓပဒတ္ထာနံ သရူပသဒ္ဒါတဇာတိ တေဟိ တေဟိ အာကာရေဟိ ပဋိပါဒနတော ဥပစာရတော ဇာတိနာမ ဟောတိ=ဤသဘာဝဝုတ္တိသည်ပင် ဇာတ်စသော ပုဒ်နက်တို့၏ သရူပ

http://www.dhammadownload.com

သဘာဝဂုတ္တိပုံစံ

၁၆၆။ လီလာဝိက္ကန္တိသုဘဂေါ, ဒိသာထိရဝိလောကနော၊
ဗောဓိသတ္တကုံရော ဘာသံ, ဝိရောစိ ဝါစ-မာသဘိ။

၁၆၆။ လီလာဝိက္ကန္တိသုဘဂေါ-တင့်တယ်ခြင်းနှင့်ယှဉ်သော ကြွလှမ်းခြင်းဖြင့် ကောင်းမြတ်တော်မူထသော၊ ဒိသာထိရဝိလောကနော-အရပ်မျက်နှာတို့၌ ခဲ့ခဲ့ညားညား, ရှုစားခြင်း ရှိတော်မူထသော၊ ဗောဓိသတ္တကုံရော-မီးရှူးသန့်စင်, ဖွားမြင်ခါစ, ဘုရားညွန့်ဖူး, ထူးမြတ်သော

မည်သော ဇာတိကို ထိုထိုအခြင်းအရာ (နည်းမျိုးစုံ)တို့ဖြင့် ပြတတ်ရကား ထိုဇာတိကို တန်ဆာဆင်သော အလင်္ကာလည်း ဌာနဇာတိ၏ အမည်ကို ဌာနီတန်ဆာပေါ်တင်စားသော ဌာနူပစာရအားဖြင့် "ဇာတိ" အမည်ရသည်၊(ဋီကာသစ်)၊ သရသွတိ ကဏ္ဍာဘရဏာဌ်လည်း...

"နာနာဝတ္ထာသု ဇာယန္တေ, ယာနိ ရူပါနိ ဝတ္ထုနော၊
သေဟိ သေဟိ နိသဂ္ဂေဟိ, တာနိ ဇာတိ ပစက္ခတေ"

ဟု ဆို၏။ [ဝတ္ထုနော-ဇာတ် ဂုဏ် ကြိယာ ဒြဗ်ဟု ဆိုအပ်သောဝတ္ထု၏၊ နာနာဝတ္ထာသု-အထူးထူးသော အခိုက်အတန့်တို့၌၊ ယာနိ ရူပါနိ-အကြင်သဘောတို့သည်၊ သေဟိ သေဟိ နိသဂ္ဂေဟိ-မိမိ မိမိတို့၏ သဘောတို့ဖြင့်၊ ဇာယန္တေ-ဖြစ်ကုန်၏၊ တာနိ ရူပါနိ-ထိုသဘောတို့ကို၊ ဇာတိ-ဇာတိအလင်္ကာဟူ၍၊ ပစက္ခတေ-ဆို၏။]

၁၆၆။ လီလာတျာဒိ။ ။"ဝတ္ထူနံ နာနာဝတ္ထာဝိဘာဝိနီ"အရ ဖွားမြင်ခါစဖြစ်သော ဘုရားအလောင်းတော်ဒြဗ်ကို "ဝတ္ထု"ဟု မှတ်၊ ထိုဒြဗ်ဝတ္ထုကို (၁) တင့်တယ်စံပယ်စွာ လှမ်းကြွပုံ အခိုက်အတန့်, (၂) အရပ်မျက်နှာတို့၌ ခဲ့ခဲ့ညားညား ရှုစားတော်မူပုံ အခိုက်အတန့်, (၃) ရဲဝံ့စွာ မိန့်မြွက်တော်မူပုံ အခိုက်အတန့် ဤ ၃ မျိုးသော အခိုက်အတန့်ဖြင့် တန်ဆာဆင်ထား၏၊ ထိုသို့ တန်ဆာဆင်ရာ၌ မသွယ်မဝိုက် တိုက်ရိုက်ဆိုထားသောကြောင့် ဒဗ္ဗသဘာဝဂုတ္တိအတ္ထာလင်္ကာရဂုဏ် ရောက်သည်၊ ထိုသို့ ကြွလှမ်း၍ "အဂ္ဂေါဟ-မသ္မိ လောကဿ,

http://www.dhammadownload.com

အလောင်းတော်ကလေးသည်၊ အာသဘီ-မကြောက်မရွံ့, ရဲဝံ့သူတို့၏ ဥစ္စာဖြစ်သော၊ ဝါစံ-အဂ္ဂေါဟ•မသ္မိ , စရှိသုံးတန်, ကြုံးဝါးသံကို၊ ဘာသံ (ဘာသန္တော)-သံဝါငြိမ့်ငြိမ့်, မိန့်တော်မူလျက်၊ ဝိရောစိ-ဗြဟ္မာနတ်လူ, ဦးခိုက်သူတို့, ကြည်ဖြူစဖွယ်, တင့်တယ်တော်မူလေပြီတကား။

ဇောဌောဟ•မသ္မိ လောကဿ, သေဌောဟ•မသ္မိ လောကဿ" ဟူသော စကား ၃ ခွန်းကို မိန့်မြွက်တော်မူချိန်၌ နတ် ဗြဟ္မာများလည်း လက်အုပ်ချီလျက် နေကြလေရာ ဘုရားအလောင်းမှာ လွန်စွာ တင့်တယ်ပါပေသည်။

ဋ္ဌီကာ။ ။ဣဟ ဗောဓိသတ္တသခ်ါတဒဗ္ဗဿ လီလာဝိကန္တိ, ဒိသာ ထိရဝိလောကန, ဝစောနိစ္ဆရဏသခ်ါတအဝတ္ထာနံ (အခိုက်အတန့်) ပကာသိတတ္တာ ဒဗ္ဗသဘာဝဝုတ္တီတိ ဉာတဗ္ဗာ၊ ဧသာယေဝ (ဤ ဒဗ္ဗ သဘာဝဝုတ္တိသည်ပင်) ဒဗ္ဗကတဂတျာဒိ ဝိစိတြသရူပံ (ဒြဗ်သည် ပြုအပ်သော သွားခြင်းစသော ဆန်းကြယ်သော သရုပ်သဘောကို) အလင်္ကရဏတော အလင်္ကာရော နာမ၊ [အဖွဲ့ဗန္ဓသည် "အလင်္ကာရ" မည်၏။] ဒဗ္ဗကတဂတျာဒယော ပန အလံကိရိယမာနတ္တာ အလံ ကိရိယာ နာမ၊ (ဒြဗ်သည် ပြုအပ်သော သွားခြင်းစသော အနက်ကို ကား တန်ဆာဆင်အပ်သောကြောင့်) အလံကိရိယ မည်သည်။

ဝစနတ္ထ။ ။ဝိက္ကမနံ-လှမ်းကြွခြင်း၊ ဝိက္ကန္တိ-ခြင်း၊ လီလာယ+ယုတ္တာ+ ဝိက္ကန္တိ လီလာဝိက္ကန္တိ၊ တာယ+သုဘဂေါ-တင့်တယ်ကောင်းမြတ်သည် တည်း၊ လီလာဝိက္ကန္တိသုဘဂေါ၊ ဒိသာသု+ထိရဝိလောကနံ ယဿာတိ ဒိသာထိရဝိလောကနော၊ ဗောဓိယံ-သဗ္ဗညုတာဉာဏ်၌+သတ္တော- ငြိကပ်သော ပုဂ္ဂိုလ်တည်း၊ ဗောဓိသတ္တော၊ သော ဧဝ+အင်္ကုရော (အညွန့်တည်း) ဗောဓိသတ္တင်္ကုရော၊ ဥသဘဿ+ဧသာ အာသဘီ၊ ဥသဘသဘာဝသခ်ါတာ (နွားလားဥသဘ စသူတို့၏ သဘောထုံးစံဟု ဆိုအပ်သော) အကမ္ပနိယာ ဌိတိ-သူတစ်ပါးတို့ မလှုပ်ရှားနိုင် မြဲခိုင် သော တည်တံ့ခြင်းတည်း၊ မိန့်မြွက်အပ်သောစကားကိုလည်း မြဲခိုင်ချင်း တူသောကြောင့် သဒိသူပစာရအားဖြင့် "အာသဘီ"ဟု ခေါ်သည်။

http://www.dhammadownload.com

အခြားပုံစံများ။ ။ဤအလင်္ကာကျမ်း၌ ဒဗ္ဗသဘာဝဝုတ္တိပုံစံတစ်မျိုးကိုသာ ပြထား၏၊ ကာဗျဒဿ၌ကား ဇာတိသဘာဝဝုတ္တိ, ဂုဏသဘာဝဝုတ္တိ, ကြိယာသဘာဝဝုတ္တိ ပုံစံတို့ကိုပါ ထုတ်ပြ၏၊ ထိုတွင် ဇာတိသဘာဝဝုတ္တိပုံစံကို ဤသို့ ဆို၏၊—

တုဏ္ဍေ အာတမ္ဗကုဋ္ဌိလေ, ပက္ခေ ဟရိတကောမလေ၊
တိဝဏ္ဏရာဇိဘိ ကဏ္ဌေ, ဧတေ မဏ္ဍူကိရာ သုကာ။

မဏ္ဍူကိရာ-ခြိုမြိန်သာယာသော အသံရှိကုန်သော၊ ဧတေ သုကာ-ဤကျေးငှက်တို့သည်၊ အာတမ္ဗကုဋ္ဌိလေ-စဉ်းငယ်နီ၍ ကောက်ကွေးကုန်သော၊ တုဏ္ဍေ-နှုတ်သီးတို့ဖြင့်၊ ဟရိတကောမလေ-စိမ်း၍ နူးညံ့ကုန်သော၊ ပက္ခေ-အတောင်တို့ဖြင့်၊ တိဝဏ္ဏရာဇိဘိ-၃ ပါးသောအဆင်းရှိသော လည်ရေး ရှိကြကုန်သော၊ ကဏ္ဌေ-လည်ပင်းတို့ဖြင့်၊ ဥပလက္ခိတာ-မှတ်သားအပ်ကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏။ [ဤဂါထာသည် ကျေးငှက်အမျိုးဇာတ်၏ သဘောကို ဖွဲ့နွဲ့သောကြောင့် ဇာတိသဘာဝဝုတ္တိပုံစံ ဖြစ်သည်။]

ဗန္ဓံ အင်္ဂေသု ရောမဉ္စံ, ကုဗ္ဗံ မနသိ နိဗ္ဗုတိံ၊
နေတ္တေ စာမီလယ·မေသ, ပိယာဖသော ပဝတ္တတေ။

ဧသ ပိယာဖသော-ဤချစ်ဇနီး၏ အတွေ့သည်၊ အင်္ဂေသု-ကိုယ်အင်္ဂါတို့၌၊ ရောမဉ္စံ-ကြက်သီးမွေးညင်းထခြင်းကို၊ ဗန္ဓံ-ဖွဲ့လျက်၊ မနသိ-စိတ်၌၊ နိဗ္ဗုတိံ-ငြိမ်းအေးခြင်းကို၊ ကုဗ္ဗံ-ပြုလျက်၊ နေတ္တေ စ-မျက်လုံးဘို့ကိုလည်း၊ အာမီလယံ-စဉ်းငယ်မှိတ်စေလျက်၊ ဝါ-မှိန်းစေလျက်၊ ပဝတ္တတေ-ဖြစ်၏။ [ဤ၌ ချစ်ဇနီး၏ အတွေ့ဂုဏ်သဘောကို ဖွဲ့နွဲ့သောကြောင့် ဂုဏသဘာဝဝုတ္တိ မည်၏။]

ကလကွဏိတဂဇ္ဇေန, ကဏ္ဌေနာယုဏ္ဍိတေက္ခဏော၊
ပါရာဝတော ပရိဘမ္မ, ရိရံသု စုမ္ဗတိ ပိယံ။

ကလကွဏိတဂဇ္ဇေန-အတွင်း၌ ညင်းညင်းသာသာ မြည်သောအသံ ရှိသော၊ ကဏ္ဌေန-လည်ပင်းဖြင့်၊ ဥပလက္ခိတော-မှတ်အပ်သော၊ အာယုဏ္ဍိတေက္ခဏော-လည်သော မျက်စိရှိသော၊ ပါရာဝတော-ခိုသည်၊ ရိရံသု-မြူးတူး ပျော်ပါးလိုသည် ဖြစ်၍၊ ပရိဘမ္မ-ပတ်ပတ်လည်

http://www.dhammadownload.com

ရစ်၍၊ ပိယံ-ချစ်ဇနီး ခိုမကို၊ စုမွတိ-စုတ်၏။ [ဤ၌ စုတ်ခြင်းကြိယာ၏ သဘောကို ဖွဲ့နွဲ့သောကြောင့် ကြိယာသဘာဝဝုတ္တိ မည်၏။]

သက္ကတကျမ်းတို့၌ နာမသဘာဝဝုတ္တိကို မပြကြကုန်၊ သဒ္ဒါကျမ်းတို့၌ နာမသဘာဝဝုတ္တိကို ဒဗ္ဗ၌ သွင်းကြသည်၊ နာမသဘာဝဝုတ္တိ အရာ၌ ဝေဿန္တရဇာတ်တော်လာ အောက်ပါဂါထာကို သိအပ်၏။

န မယ့် မတ္တိက် နာမံ, နာပိ ပေတ္တိကသမ္ဘဝံ၊
ဇာတော.မိ ဝေဿဝိထိယာ, တသ္မာ ဝေဿန္တရော အဟု။

မယ့်-ငါ၏၊ နာမံ-ဝေဿန္တရာဟူသော အမည်သည်၊ န မတ္တိက်-မယ်တော်ကို စွဲ၍ ဖြစ်သော အမည်လည်း မဟုတ်၊ နာပိ ပေတ္တိက သမ္ဘဝံ-ခမည်းတော်ကို စွဲ၍ ဖြစ်သော အမည်လည်း မဟုတ်၊ ယသ္မာ-အကြောင့်ကြောင့်၊ ဝေဿဝိထိယာ-ကုန်သည်လမ်းအကြား၌၊ ဇာတော-မွေးဖွားသည်၊ အမှိ-ဖြစ်၏၊ တသ္မာ-ထို့ကြောင့်၊ ဝေဿန္တရော-ဝေဿန္တရာ ဟူသော အမည်သည်၊ အဟု-ဖြစ်ပြီ။ [ဤ၌ "ဝေဿန္တရာ" ဟူသော အမည်၏ သဘောကို ဖွဲ့နွဲ့သောကြောင့် "နာမသဘာဝဝုတ္တိ" ဖြစ်၏။]

အချုပ်မှာ-အကြောင်းအရာတစ်မျိုးကို မသွယ်မဝိုက်ဘဲ တိုက်ရိုက် အားဖြင့် ထင်ရှားပေါ်လွင်အောင် ဖွဲ့နွဲ့စီကုံးအပ်သမျှကို သဘာဝဝုတ္တိ ဟုချည်း မှတ်၊ ဥပမာ-မြို့အကြောင်းကို ဖွဲ့နွဲ့လျှင် ထိုမြို့၏ တည်နေပုံ, သစ်ပင် ဥယျာဉ်တို့ဖြင့် တင့်တယ်ပုံ, အိမ်ဆောက်ပုံ, လူတို့ နေထိုင်ပုံ, ပြောဆို သုံးနှုန်းပုံတို့ကို ပေါ်လွင်အောင် ရေးသား စီကုံးထားသော စကားပြော-ပျို့ ကဗျာ လင်္ကာများတည်း၊ ရှေးစာရေးဆရာတို့၏ နွားတစ်ကောင်လုံး အသုံးကျပုံ, မန်ကျည်းတစ်ပင်လုံး အသုံးကျပုံ, အုန်းသီးတစ်လုံးလုံး အသုံးကျပုံတို့ကို ဖွဲ့နွဲ့ထားသော အဖွဲ့များလည်း သဘာဝဝုတ္တိအလင်္ကာဂုဏ်ရောက်သော အဖွဲ့များပင် ဖြစ်သည်။ [အဖွဲ့(ကာဗျ) ဟူရာ၌ "ကောင်းမွန်စွာ ရေးသားအပ်သော စုဏ္ဏိယ, စကားပြေ, မေတ္တာစာ, စာပေး စာယူများလည်း ပါဝင်သည်"ဟု မှတ်။]

http://www.dhammadownload.com

ဝင်္ကဝုတ္တိလက္ခဏာ

၁၆၇။ ဝုတ္တိ ဝတ္ထုသဘာဝဿ, ယာ-ညထာ သာ ပရာ ဘဝေ၊ တဿာ-နန္တဝိကပ္ပတ္တာ, ဟောတိ ဗီဇောပဒဿနံ။

၁၆၇။ ဝတ္ထုသဘာဝဿ-ဇာတ်အစရှိသော ဝတ္ထုတို့၏ ထင်ရှားရှိသော သဘောကို၊ [ဝုတ္တိ၌ ဆဋ္ဌီကံစပ်၊] အညထာ-ထင်ရှားသော သဘောမှတစ်ပါးသော အပြားအားဖြင့်၊ ယာ ဝုတ္တိ-အကြင်ပြောဆိုဖွဲ့နွဲ့ခြင်းသည်၊ (အတ္ထိ-ရှိ၏၊) သာ-ထိုပြောဆိုဖွဲ့နွဲ့ခြင်းသည်၊ ပရာ-သဘာဝဝုတ္တိမှတစ်ပါးသော ဝင်္ကဝုတ္တိ မည်သည်၊ ဘဝေ-ဖြစ်၏၊ တဿာ-ထိုဝင်္ကဝုတ္တိ၏၊ အနန္တဝိကပ္ပတ္တာ-အဆုံးမရှိသောအဖို့ရှိသည်၏ အဖြစ်ကြောင့်၊ ဗီဇောပဒဿနံ (ဗီဇ+ဥပဒဿနံ)-သိနိုင်ရုံမျှ, အကြောင်းကို ပြခြင်းသည်၊ ဟောတိ-ဖြစ်၏၊ ဝါ-ဖြစ်လတ္တံ့။

၁၆၇။ ဝုတ္တိဏ္ဍစွာဒိ။ ။ဇာတ်,ဂုဏ်, ကြိယာ, ဒြဗ်ဟူသော ဝတ္ထု၏ ပင်ကိုရှိနေသော သဘောကို (သဘာဝဝုတ္တိကဲ့သို့ တိုက်ရိုက်ပြောဆိုဖွဲ့နွဲ့ခြင်း မဟုတ်ဘဲ) လောကာတိသယ (လောကသဘောကို လွန်၍) ဖြစ်စေ, ဥပမာ ရူပက စသည်တို့ဖြင့် ဖြစ်စေ တစ်မျိုးတစ်ဖုံ ပြောဆိုဖွဲ့နွဲ့ခြင်းသည် ဝင်္ကဝုတ္တိအတ္ထာလင်္ကာရ မည်၏။ [ဝတ္ထုသဘာဝဿ-ဇာတျာဒိ ပဒတ္ထသမ္ဗန္ဓိနော (တာသု တာသု အဝတ္ထာသု ယော သဘာဝေါ ဝိဇ္ဇတိ) တဿ သဘာဝဿ၊ အညထာ-ဝိဇ္ဇမာနာကာရံ ဟိတွာ(တိုက်ရိုက်ရှိသော အခြင်းအရာကို စွန့်၍) ဝတ္ထုပရိကပ္ပိတေန (ဝတ္ထုအပေါ်၌ ကြံဆအပ်သော) အတိသယဥပမာရူပကာဒိ အညပ္ပကာရေန (နောက်၌ လာမည့် အတိသယ, ဥပမာ, ရူပကစသော အပြားအားဖြင့်) ယာ ဝုတ္တိ-ယံ ကထနံ အတ္ထိ၊ သာ (ထိုဆိုခြင်းသည်) ပရာ-သဘာဝဝုတ္တိတော အညာ။]

တဿာ၊ပေ၊ဒဿနံ။ ။ထိုဝင်္ကဝုတ္တိကား(အနန္တဝိကပ္ပ-ရှေးဆရာတို့ တစ်မျိုးစီ တစ်ဖုံစီ ကြံစည်ဖွဲ့နွဲ့အပ်သောကြောင့်) မပြီးနိုင်-မဆုံးနိုင်အောင် များမြောင်၏၊ ထို့ကြောင့် အားလုံးစုံအောင် မပြနိုင်ဘဲ အကျယ်သိဖို့ရန်အကြောင်း အမြွက်မျှကိုသာ ပြတော့မည်။

http://www.dhammadownload.com

ဝင်္ကဝုတ္တိအပြားခေါင်းစဉ်

၁၆၈။ တတ္ထာ-တိသယဥပမာ-ရူပကာ-ဝုတ္တိ ဒီပကာ၊
အက္ခေပေါ-တ္ထန္တရရျာသော, ဗျတိရေကော ဝိဘာဝနာ။

၁၆၈။ တတ္ထ-ထိုဝင်္ကဝုတ္တိအလင်္ကာ၌၊ အတိသယဥပမာရူပကာဝုတ္တိဒီပကာ-အတိသယအလင်္ကာ, ဥပမာအလင်္ကာ, ရူပကအလင်္ကာ, အာဝုတ္တိအလင်္ကာ, ဒီပကအလင်္ကာတို့လည်းကောင်း၊ အက္ခေပေါ-အက္ခေပအလင်္ကာလည်းကောင်း၊ အတ္ထန္တရရျာသော-အတ္ထန္တရရျာသအလင်္ကာလည်းကောင်း၊ ဗျတိရေကော-ဗျတိရေကအလင်္ကာလည်းကောင်း၊ ဝိဘာဝနာ-ဝိဘာဝနာအလင်္ကာလည်းကောင်း။ [“အတိသယ၊ပေ၊ဒီပကာ”ပုဒ်ကို ဋီကာဟောင်း၌ ဒွန်သမာသ် တွဲပြ၏။]

၁၆၉။ ဟေတုက္ကမော ပိယတရံ, သမာသပရိကပ္ပနာ၊
သမာဟိတံ ပရိယာယ-ဝုတ္တိ ဗျာဇောပဝဏ္ဏနံ။

၁၆၉။ ဟေတု-ဟေတုအလင်္ကာလည်းကောင်း၊ ကမော-ကမအလင်္ကာလည်းကောင်း၊ ပိယတရံ-ပိယတရအလင်္ကာလည်းကောင်း၊ သမာသပရိကပ္ပနာ-သမာသဝုတ္တိအလင်္ကာ, ပရိကပ္ပနာအလင်္ကာတို့လည်းကောင်း၊ သမာဟိတံ-သမာဟိတအလင်္ကာလည်းကောင်း၊ ပရိယာယဝုတ္တိ-ပရိယာယဝုတ္တိအလင်္ကာလည်းကောင်း၊ ဗျာဇောပဝဏ္ဏနံ-ဗျာဇထုတိအလင်္ကာလည်းကောင်း။ [၈ကဝုစ် ရှိသမျှ၌ တစ်ပုဒ်စီခွဲ၊ ဗဟုဝုစ်ရှိသမျှ၌ ဒွန်တွဲ၊ ဆန်းကြောင့် “ဟေတုက္ကမော”ဟု ရှိရသည်။]

တဿာ အနန္တဝိကပ္ပတ္တာ။ ။အပ္ပမာဏပက္ခတ္တာ (အနန္တကို အပ္ပမာဏ, ဝိကပ္ပကို ပက္ခဟု ဖွင့်၏၊) သဒ္ဒါကျမ်းတို့၌ နောက်တစ်မျိုးစ်ရင်မှုကို “ဝိကပ်”ဟု ခေါ်၏၊ ဤ၌လည်း တစ်မျိုးပြီး တစ်မျိုး ကြံစည်အပ်သော ဝင်္ကဝုတ္တိများကို “ဝိကပ်”ဟု ခေါ်သည်။

ဗီဇောပဒဿနံ။ ။ကာရဏမတ္တသ (အကျယ်သိဖို့ရန် အကျဉ်းအကြောင်းမျှကို) ဒဿနံ ဟောတိ၊ ဗီဇကို “ကာရဏ”ဟု ဖွင့်၏၊ ဗီဇနှင့် ကာရဏသည် ပရိယာယ်တည်း၊ “မျိုးစေ့သည် သစ်ပင်၏အကြောင်းဖြစ်သကဲ့သို့ အကျဉ်းသည်လည်း အကျယ်၏ အကြောင်းဖြစ်သည်” ဟူလို။-“နိမိတ္တံ ကာရဏံ ဌာနံ, ပဒံ ဗီဇံ နိဗန္ဓနံ”-အဘိဓာန် (၉၁)။

http://www.dhammadownload.com

၁၇၀။ ဝိသေသရုဠှာဟံကာရာ, သိလေသော တုလျယောဂိတာ၊
နိဒဿနံ မဟန္တတ္တံ, ဝဠှနာ-ပွကတတ္ထုတိ။

၁၇၀။ ဝိသေသရုဠှာဟံကာရာ-ဝိသေသအလင်္ကာ,ရုဠှာဟံကာရအလင်္ကာတို့လည်းကောင်း၊ သိလေသော-သိလေသအလင်္ကာလည်းကောင်း၊ တုလျယောဂိတာ-တုလျယောဂိတာအလင်္ကာလည်းကောင်း၊ နိဒဿနံ-နိဒဿနအလင်္ကာလည်းကောင်း၊ မဟန္တတ္တံ-မဟန္တတ္တအလင်္ကာလည်းကောင်း၊ ဝဠှနာ-ဝဠှနာအလင်္ကာလည်းကောင်း၊ အပွကတတ္ထုတိ-အပွကတတ္ထုတိအလင်္ကာလည်းကောင်း။

၁၇၁။ ဧကာဝဋ္ဋိ အညမညံ, သဟဝုတ္တိ ဝိရောဓိတာ၊
ပရိဝုတ္တိ ဘမော ဘာဝေါ, မိဿ-မာသီ ရသီ ဣတိ။

၁၇၁။ ဧကာဝဋ္ဋိ-ဧကာဝဋ္ဋိအလင်္ကာလည်းကောင်း၊ အညမညံ-အညမညအလင်္ကာလည်းကောင်း၊ သဟဝုတ္တိ-သဟဝုတ္တိအလင်္ကာလည်းကောင်း၊ ဝိရောဓိတာ-ဝိရောဓိတာအလင်္ကာလည်းကောင်း၊ ပရိဝုတ္တိ-ပရိဝုတ္တိအလင်္ကာလည်းကောင်း၊ ဘမော-ဘမအလင်္ကာလည်းကောင်း၊ ဘာဝေါ-ဘာဝအလင်္ကာလည်းကောင်း၊ မိဿံ-မိဿအလင်္ကာလည်းကောင်း၊ အာသီ-အာသီအလင်္ကာလည်းကောင်း၊ ရသီ-ရသီအလင်္ကာလည်းကောင်း၊ ဣတိ-ဤသို့။

၁၇၂။ ဧတေ ဘေဒါ သမုဒ္ဒိဋ္ဌာ, ဘာဝေါ ဇီဝိတ-မုစ္စတေ၊
ဝင်္ကဝုတ္တီသု ပေါသေသိ, သိလေသော တု သိရီ ပရံ။

၁၇၂။ ဧတေ ဘေဒါ-ဤ ၃၅ ပါး, အထူးအပြားတို့ကို၊ မယာ-ငါသည်၊ သမုဒ္ဒိတာ-အကျဉ်းပြအပ်ကုန်ပြီ၊ ဘာဝေါ-ဘာဝအတ္ထာလင်္ကာရကို၊ ဇီဝိတံ-အဖွဲ့အနွဲ့၏ အသက်ဟူ၍၊ ဥစ္စတေ-ဆိုအပ်၏။ ဝင်္ကဝုတ္တီသု-ဝင်္ကဝုတ္တိ အတ္ထာလင်္ကာရတို့တွင်၊ သိလေသောတု-သိလေသအတ္ထာလင်္ကာရသည်ကား၊ ပရံ-လွန်စွာ၊ သိရီ-အဖွဲ့အနွဲ့၏ အသရေကို၊ ပေါသေတိ-တိုးပွားစေနိုင်၏။

၁၇၂။ ဧတေ ဘေဒါ သမုဒ္ဒိဋ္ဌာ။ ။ဤပထမပါဒဖြင့် နိဂုံးကို ပြ၏၊ "ဘာဝေါ၊ပေါ၊ပရံ" ဤ ၃ ပါဒဖြင့် ဘာဝနှင့် သိလေသ၏ ထူးခြားသောဂုဏ်ကို ပြသည်၊ ဘာဝအလင်္ကာသည် အဖွဲ့အနွဲ့၏ အသက်နှင့် ဆူ၏၊ သိလေသအလင်္ကာကား အဖွဲ့အနွဲ့မှာ လွန်စွာ ကျက်သရေ တိုးပွားစေ၏၊ ထို့ကြောင့် "အသက်ဝင်၍ အသရေတိုးဖို့ရာ ထိုအလင်္ကာ ၂ မျိုးပါအောင် ဂါထာ ပျို့ကဗျာတို့ကို ဖွဲ့နွဲ့ စီကုံးကြပါ"ဟု တိုက်တွန်းရာ ရောက်သည်။

http://www.dhammadownload.com

အတိသယ၏လက္ခဏာနှင့်အပြား

၁၇၃။ ပကာသကာ ဝိသေသဿ, သိယာ-တိသယဝုတ္တိ ယာ၊
လောကာ-တိက္ကန္တဝိသယာ, လောကိယာတိ စ သာ ဒ္ဝိဓာ။

၁၇၃။ ဝိသေသဿ-ထူးကဲသာလွန်သော ဂုဏ်ကို၊ ပကာသကာ-ထင်ရှားပြတတ်သော၊ ယာ ဝုတ္တိ-အကြောင်အဖွဲ့အနွဲ့သည်၊ အတ္ထိ-ရှိ၏၊ (သာ ဝုတ္တိ-ထိုအဖွဲ့အနွဲ့သည်၊) အတိသယဝုတ္တိ-အတိသယဝုတ္တိ မည်သည်၊ သိယာ-ဖြစ်၏၊ သာ-ထိုအတိသယဝုတ္တိသည်၊ လောကာတိက္ကန္တဝိသယာ စ-လောကာတိက္ကန္တဝိသယအတိသယဝုတ္တိလည်းကောင်း၊ လောကိယာ စ-လောကိယာအတိသယဝုတ္တိလည်းကောင်း၊ ဣတိ-ဤသို့၊ ဒ္ဝိဓာ-၂ ပါး ပြား၏။

၁၇၃။ ပကာသကာဘျာဒီ။ ။မာတိကာစဉ်၍ ပြခဲ့သော ဝက်ဝုတ္တိအလင်္ကာတို့တွင် အစဉ်အတိုင်းအားဖြင့် ရှေးဦးစွာဖြစ်သော အတိသယဝုတ္တိအတ္ထာလင်္ကာရကို ပြလိုသောကြောင့် "ပကာသကာ"စသည် မိန့်၊ ဤဂါထာ၌ ပုဗ္ဗဒ္ဓဖြင့် အတိသယဝုတ္တိ၏သဘောလက္ခဏာကို ပြ၍ အပရဒ္ဓဖြင့် အတိသယဝုတ္တိ၏ ၂ မျိုး အပြားကို ပြသည်၊ "အတိသယ"သဒ္ဒါသည် "အလွန်အကဲ" ဟူသော အနက်ကို ဟော၏၊ ထို့ကြောင့် ဇာတ် အစရှိသော ဝတ္ထုတို့၏ သူတစ်ပါးထက် ထူးခြား ကဲလွန်သော ဂုဏ်ကို ပြောဆို ဖွဲ့နွဲ့ခြင်းသည် အတိသယဝုတ္တိအလင်္ကာ မည်၏။ ["ဝိသေသဿ"သည် အတိသယ၏ အနက်ဖွင့်၊ "ပကာသကာ"ကား ဝုတ္တိ၏ အဖွင့်တည်း။]

ဋီကာ။ ။ဝိသေသဿ ပကာသကာတိ-ဟူသည်ကား၊ ပသိဒ္ဓဂုဏာနုဝါဒေန-ထင်ရှားသော ဂုဏ်ကို အစဉ်လိုက်၍ ဆိုခြင်း (အထူးပြုခြင်း)ကြောင့်၊ သာ-ထိုအဖွဲ့အနွဲ့သည်၊ အတိသယဝုတ္တိ-မည်သည်၊ သိယာ-ဖြစ်၏၊ ဣတိ-ထို့ကြောင့်၊ အဝသိဒ္ဓံ-မထင်ရှားသော ဇာတ်စသော အနက်ကို၊ အတိသယဝုတ္တိဝိဓာနံ-အတိသယဝုတ္တိအလင်္ကာဖြင့် စီမံခြင်းကို၊ ဝါ-အထူးပြုခြင်းကို၊ ကရောတိ-ပြုရ၏၊ ယထာ-"ယော ကုဏ္ဍလီ သော ဒေဝဒတ္တော=ဤ၌ မထင်ရှားသော ဒေဝဒတ်ကို ကုဏ္ဍလီ (နားတောင်းရှိသူ) ဟု ဝိသေသန ပြုသည်။ [အတိသယဿ-လွန်ကဲသောဂုဏ်ကို+ဝုတ္တိ-ဖွဲ့ဆိုခြင်းတည်း။]

[ဆောင်] မထင်မရှား, အနက်များကို, ထင်ရှားစေ၌, လွန်ကဲသာသည့်,
ဂုဏ်ဖော်ဘို, ခေါ်၏ တိသယဝုတ်။

http://www.dhammadownload.com

အမှာစကားနှင့်ပဋိညာဉ်

၁၇၄။ လောကိယာတိသယသေ·တေ,
ဘေဒါ ယေ ဇာတိအာဒယော၊
ပဋိပါဒိယတေ တွ·ဇ္ဇ, လောကာတိက္ကန္တဂေါစရာ။

၁၇၄။ ဇာတိအာဒယော-ဇာတ်အစရှိကုန်သော၊ ယေ ဘေဒါ-အကြင်အပြားတို့သည်၊ သန္တိ-ရှိကုန်၏၊ ဧတေ ဘေဒါ-ဤအပြားတို့သည်၊ လောကိယာတိသယဿ-လောကိယာတိသယဝုတ္တိ၏၊ ဘေဒါ-အပြားတို့တည်း၊ အဇ္ဇတု-ယခုအခါ၌ကား၊ လောကာတိက္ကန္တဂေါစရာ-လောကကို လွန်သောအရာရှိသော အတိသယဝုတ္တိကို၊ ပဋိပါဒိယတေ-ပြီးစေအပ်၏၊ ဝါ-ဥဒါဟရုဏ်ဖြင့် ပြီးစေအပ်လတ္တံ့။

လောကာတိက္ကန္တ, လောကိယ။ ။လောကဉ် ဖြစ်ရိုးဖြစ်စဉ်ကို လွန်သော (ဖြစ်ရိုးဖြစ်စဉ် မဟုတ်သော) အကြောင်းအရာကို ဖွဲ့လျှင် လောကာတိက္ကန္တဝိသယအတိသယဝုတ္တိ မည်၏၊ လောကဉ် ဖြစ်ရိုးဖြစ်စဉ်ကို ဖွဲ့လျှင် လောကိယာတိသယဝုတ္တိ မည်၏၊ လောကံ+အတိက္ကန္တော လောကာတိက္ကန္တော၊ သော+ဝိသယော ဧတိဿာတိ လောကာတိက္ကန္တဝိသယာ။ ["ဝိသယ-အရာ"ဟူသည် အဖွဲ့အနွဲ့၏ တည်ရာဖြစ်သော (ဖွဲ့ဆိုဖို့ရာ) အကြောင်းအရာတည်း၊] လောကေ-ဉ်+ဘဝါ-ဖြစ်ရိုးဖြစ်စဉ် အတိသယဝုတ္တိတည်း၊ လောကိယာ-တ္တိ။

~~~~~~~~~~~~

၁၇၄။ လောကိယာ၊ပေ၊ဇာတိ အာဒယော။ ။ဤကား အမှာစကားတည်း၊ ဧတေ ဇာတိ အာဒယော-သဘာဝဝုတ္တိဉ် ပြခဲ့သော ဤဇာတ်, ဝုဏ်, ကြိယာ, ဒြဗ်တို့သည်၊ လောကိယာတိသယဿဘေဒါ-လောကိယာတိသယ၏ အပြားတို့ပင် ဖြစ်ကြသည်၊ ထို့ကြောင့် သဘာဝဝုတ္တိဉ် ပြခဲ့သည့်အတိုင်း သိလောက်ပြီ ဖြစ်၍ ပြယုဂ် ဥဒါဟရုဏ် ထုတ်ပြတော့မည် မဟုတ်ပါ-ဟူလို၊ [လောကိယ-လောကဉ် ဖြစ်ရိုးဖြစ်စဉ်အားဖြင့်ဖြစ်သော+အတိသယ-လွန်ကဲသောဝုဏ်၊] လောကဉ် ဖြစ်ရိုးလည်း ဟုတ်၏၊ ထူးခြားသောဝုဏ်လည်း ဟုတ်၏၊ ထိုထူးခြားသော ဖြစ်ရိုးဖြစ်စဉ်ဝုဏ်ကို ဖွဲ့ဆိုလျှင် လောကိယာတိသယဝုတ္တိမည်၏၊
~~~~~~~~~~~~

http://www.dhammadownload.com

ဥပမာ-"လီလာဝိက္ကန္တိ သုဘဂေါ"ဂါထာ၌ ဘုရားအလောင်း၏ ဖွားပြီး ခါစ၌ ၇ ဖဝါး လှမ်းခြင်းစသော ဖြစ်ခြင်းသည် ဘုရားအလောင်းတို့၏ ဖြစ်ရိုးဖြစ်စဉ် လောကီယတည်း၊ သာမန်လူတို့ထက် ထူးခြားသော ကြောင့် အတိသယလည်း ဖြစ်သည်။

ပဋိပါဒိယ၊ပေ၊ဂေါစရာ။ ။"ယခုအခါ လောကာတိက္ကန္တဝိသယ အတိသယဝတ္ထုကိုသာ ပြယုဂ်ပုံစံ ထုတ်ပြတော့မည်"ဟု ပဋိညာဉ်ပြု သည်၊ ပဋိပါဒိယတေကို "ဥဒါဟရဏာတော နိဗ္ဘာဒိယတေ-ဥဒါဟရဏ်အားဖြင့် ပြီးစီးစေအပ်၏"ဟု ဋီကာဖွင့်၏၊ "ဂေါစရာ"ကား ဝိသယ၏ ပရိယာယ်တည်း၊ ထို့ကြောင့် လောကာတိက္ကန္တဝိသယာကိုပင် "လောကာတိက္ကန္တဂေါစရာ"ဟု ဆိုသည်။ ["ဧဝံ လောကိယာတိသယဝတ္ထိယာ-၏၊ လီလာ ဝိက္ကန္တိ သုဘဂေါတိ ဥဒါဟရဏေန-ဖြင့်၊ ဂမျမာနတ္တာ-သိအပ် သိလောက်သည်၏ အဖြစ်ကြောင့်၊ ဝက္ခမာနံ ပဋိဇာနာတိ ပဋိပါဒိယတေစ္စာဒိနာ။]

မေးဖွယ်။ ။လောကိယ အတိသယဝတ္ထိသည် "လီလာ ဝိက္ကန္တိ" စသော ဂါထာအတိုင်း လွန်ကဲသော ဖြစ်ရိုးဖြစ်စဉ်ကို ဖွဲ့လျှင် သဘာဝ ဝတ္ထိအလင်္ကာဟု ဆိုထိုက်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ဝက်ဝတ္ထိ၌ ထည့်သွင်းထားပါသနည်း၊ အဖြေကား--လွန်ကဲသော ဂုဏ်ကို ဖွဲ့ဆိုသောကြောင့် "အတိသယဝတ္ထိ"ဟူသော နာမည်ဖြင့် ထပ်၍ပြခြင်း ဖြစ်သည်၊ အမှန်မှာ-ဝက်ဝတ္ထိမဟုတ်, သဘာဝဝတ္ထိပင် ဖြစ်ပါသည်၊ ထို့ကြောင့် ကာဗျဒဿ၌ အတိသယဝတ္ထိ ၂ မျိုး မပြဘဲ လောကာတိက္ကန္တဝိသယ တစ်မျိုးကိုသာ ပြသည်။

ဝိဝက္ခာ ယာ ဝိသေသဿ, လောကသီမာတိဝတ္တိနီ၊
သိယာ ဧသောတိသယောတ္တိ, အလင်္ကာရောတ္တမာ ယထာ။

ဝိသေသဿ-ထူးခြားသော အကြောင်းအရာကို၊ လောကသီမာတိဝတ္တိနီ-လောက၌ ဖြစ်ရိုးဖြစ်စဉ် အပိုင်းအခြားကို လွန်လျက်၊ [လောကာတိက္ကန္တဝိသယာနှင့် သဘောတူတည်း၊] ယာ ဝိဝက္ခာ-အကြင်ဆိုခြင်းသည်၊ အတ္ထိ-၏၊ ဧသော-သည်၊ အလင်္ကာရောတ္တမာ-အလင်္ကာတို့တွင် အမြတ်ဆုံးဖြစ်သော၊ အတိသယောတ္တိ-အတိသယဝတ္ထိ မည်၏၊ ယထာ-ကား။....

http://www.dhammadownload.com

လောကာတိက္ကန္တဝိသယပုံစံ

၁၇၅။ ပိဝန္တိ ဒေဟကန္တိ ယေ, နေတ္တာဠလိပုဒ္ဓေန တေ၊
နာလံ ဟန္တုံ ဇိနေ.သံ တွံ၊ တဏှံ တဏှာဟရောပိ ကိ်။

၁၇၅။ ဇိန-အိုမြတ်စွာဘုရား၊ ယေ-အကြင်သူတော်ကောင်းတို့သည်၊ တေ-ရှင်တော်ဘုရား၏၊ ဒေဟကန္တိ-ကိုယ်တော်၏ တင့်တယ်ခြင်းတို့ကို၊ နေတ္တာဠလိပုဒ္ဓေန-မျက်လုံးတည်းဟူသော လက်ခုတ်ဖြင့်၊ ပိဝန္တိ-သောက်ကြကုန်၏၊ တွံ-ရှင်တော်မြတ်ဘုရားသည်၊ တဏှာဟရော-မွတ်သိပ်တတ်သော တဏှာကို ပယ်ဖျောက်တော်မူတတ်သည်၊ (သမာနော)ပိ-ဖြစ်ပါလျက်လည်း၊ ဧသံ-ကိုယ်တော်မြတ်၌ တပ်မက်ကုန်သော ထိုသူတော်ကောင်းတို့၏၊ တဏှံ-မွတ်သိပ်တတ်သော တဏှာကို၊ ဟန္တုံ-ပယ်ဖျောက်ခြင်းငှာ၊ ကိ်-အဘယ့်ကြောင့်၊ နာလံ-မစွမ်းနိုင်ပါသနည်း ဘုရား။

၁၇၅။ ပိဝန္တိစ္စာဒိ။ ။အိုမြတ်စွာဘုရား...အကြင်သူတော်ကောင်းတို့သည် ရှင်တော်ဘုရား၏ ကိုယ်တော်၌ နှစ်သက်စဖွယ် သပ္ပာယ်သောရေတို့ကို မျက်လုံးတည်းဟူသော လက်ခုပ်ဖြင့် သောက်ကြကုန်၏၊ ရှင်တော်ဘုရားသည် သတ္တဝါအများ၏ မွတ်သိပ်တတ်သော တဏှာကို ပယ်တော်မူနိုင်ပါလျက် (ရေသောက်၍ မဝသော သူတို့မှာ သောက်ပြီးရင်း သောက်ချင်ရင်း ဖြစ်ကြသကဲ့သို့) ဖူးမြော်ပြီးရင်း ဖူးမြော်ချင်ရင်း ဖြစ်နေကြသော ထိုသူတော်ကောင်းတို့၏ မွတ်သိပ်တတ်သော တဏှာကို အဘယ့်ကြောင့် မပယ်နိုင်ပါသနည်း ဘုရား။[ဒေဟ-၌(တစ်နည်း) ဒေဟဿ-၏+ကန္တိ-နှစ်သက်ဖွယ်တို့တည်း၊ ဒေဟကန္တိ-တို့၊ အဠလိယေဝ-ပုဒ္ဓော-သောက်ခွက်တည်း၊ အဠလိပုဒ္ဓော၊ နေတ္တာနိယေဝ+အဠလိပုဒ္ဓော နေတ္တဠလိပုဒ္ဓော။]

မှတ်ချက်။ ။"ဘုရားကို ဖူးသူတို့၏ တဏှာ"ဟူရာ၌ ဖူးမြော်လိုသော ဆန္ဒကိုပင် "တဏှာ"ဟု တင်စား၍ ဆိုထားဟန် တူသည်၊ ဘုရားဖူးချင်စိတ်မှာ တဏှာ မဟုတ်နိုင်၊ ဆန္ဒစေတသိက်သာတည်း၊ ဆဒ္ဒန္တဇာတ်တော်လာ ဘိက္ခုနီမကလေးမှာ ဖြစ်သောစိတ်ကဲ့သို့ အချို့သူ၌ကား တဏှာအစစ်လည်း အနည်းငယ် ဖြစ်ပေလိမ့်မည်။

http://www.dhammadownload.com

ဝင်္ကဝုတ္တိဖြစ်ပုံ။ ။ဘုရားရှင့် ခန္ဓာကိုယ်တော်၏ သူတစ်ပါးထက် ထူးခြားသပ္ပာယ်ခြင်းသည် အတိသယတည်း၊ ထိုထူးခြားသပ္ပာယ်ပုံကို ခြီးမွမ်းဖွဲ့နွဲ့သောကြောင့် အတိသယဝုတ္တိအလင်္ကာ ဂုဏ်ရောက်၏၊ ထို ခြီးမွမ်းရာ၌ "အလွန်သပ္ပာယ်သည်"ဟု တိုက်ရိုက် မဆိုဘဲ "ဖူးမြော်လို သော တဏှာကို မပယ်နိုင်"ဟု ဆိုသဖြင့် ကိုယ်တော် ၏ သပ္ပာယ်ပုံမှာ ဖူး၍ မဝ, ဖူးပြီးရင်း ဖူးချင်ရင်း ဖြစ်လောက်အောင် အလွန်အလွန် သပ္ပာယ်ကြောင်းကို သွယ်ဝိုက်၍ ခြီးမွမ်းထားသောကြောင့် ဝင်္ကဝုတ္တိ လည်း ဖြစ်၏။

လောကာတိက္ကန္တဖြစ်ပုံ။ ။လောကသဘာဝ (ထုံးစံ)မှာ ရေသောက်လို၍ မွတ်သိပ်သောတဏှာ ဖြစ်သူသည် ရေသောက်ရလျှင် မွတ်သိပ်မှု တဏှာ ပြေရိုးထုံးစံတည်း၊ ဤ၌ကား ရုပ်ပုံတော်ရေကို ဖူးမြော်သော အားဖြင့် သောက်ကြရပါလျက် ဖူးလိုသောအာသာ မပြေဟု ဆိုခြင်း သည် လောကထုံးစံကို လွန်သောကြောင့် လောကာတိက္ကန္တ ဖြစ်၏၊ ဤသို့ လောကာတိက္ကန္တ အကြောင်းအရာ (ဝိသယ)ကို ဖွဲ့နွဲ့သော ကြောင့် လောကာတိက္ကန္တအတိသယဝုတ္တိအလင်္ကာဂုဏ် ရောက်၏။ [ဧတ္ထ ပိဝနံ နာမ ပိပါသံ ဝိနေတီတိ လောကသဘာဝေါ၊ တဏှံ (သောက်လိုသော တဏှာကို) ဟန္တုံ (ပယ်ဖျောက်ခြင်းငှာ) နာလမီတိ လောကသဘာဝ•မတိက္ကန္တတ္ထော၊--ဋီကာ။]

အလင်္ကာရ, အလင်္ကာရိယ။ ။ခန္ဓာကိုယ်တော်၏ အလွန်နှစ်သက် ဖွယ် ဂုဏ်သည် အလင်္ကာရိယ (ဤဂါထာဖြင့် တန်ဆာဆင်အပ်သော အနက်)တည်း၊ ထိုနှစ်သက်ဖွယ်ဖြစ်ပုံကို သွယ်ဝိုက်၍ ဖွဲ့ထားသော "တဏှာကို ပယ်ဖျောက်နိုင်ပါလျက် ဖူးမြော်သောအားဖြင့် သောက်သူ တို့၏ တဏှာ (အငတ်)ကို မဖျောက်နိုင်" ဟူသော စကားသည် အလင်္ကာရ မည်၏၊ အနက်ကို အကြောင်းပြု၍ ဂါထာတစ်ရပ်လုံးသည် လည်း အတိသယဝုတ္တိအလင်္ကာရဂါထာပင် ဖြစ်သည်၊ နောက်၌လည်း ဤကဲ့သို့ အလင်္ကာရိယ-အလင်္ကာရဖြစ်ပုံကို ခွဲပါ။ [ယော-အကြင် အကြောင်းအရာကို၊ အလင်္ကရီယတေ-တန်ဆာဆင်၍ ဆိုအပ်၏၊ ဝါ-ဖွဲ့နွဲ့ဆိုအပ်၏၊ ဣတိ-ထို့ကြောင့်၊ သော-ထိုအကြောင်းအရာသည်၊ အလင်္ကာရိယော-မည်၏၊ အလင်္ကရောတိ အနေနာတိ အလင်္ကာရော။]

http://www.dhammadownload.com

ဥပမာအလင်္ကာနှင့်အပြား

၁၇၆။ ဥပမာနော-ပမေယျာနံ, သဓမ္မတ္တံ သိယော-ပမာ၊
သဒ္ဒတ္ထဂမ္မာ ဝါကျတ္ထ–ဝိသယာတိ စ သာ တိဓာ။

၁၇၆။ ဥပမာနော-ပမေယျာနံ - (နှိုင်းယှဉ်ကြောင်း) ဥပမာန, (နှိုင်းယှဉ်အပ်သော) ဥပမေယျဝတ္ထုတို့၏၊ သဓမ္မတ္တံ-တူမျှသောသဘော ရှိကုန်သည်၏အဖြစ်သည်၊ ဥပမာ-ဥပမာမည်သည်၊ သိယာ-ဖြစ်၏၊ သာ-ထိုဥပမာသည်၊ သဒ္ဒတ္ထဂမ္မာ စ-သဒ္ဒါဖြင့် သိအပ်သောဥပမာ, အနက်ဖြင့် သိအပ်သော ဥပမာတို့လည်းကောင်း၊ ဝါကျတ္ထဝိသယာ စ-ဝါကျ၏ အနက်ဟူသော အရာရှိသော ဥပမာလည်းကောင်း၊ ဣတိ-ဤအပြားအားဖြင့်၊ တိဓာ-၃ ပါး ပြား၏။

၁၇၆။ ဥပမာနော၊ပေ၊ပမာ။ ။ဥပမာန+ဥပမေယျဟူသော ဝတ္ထု ၂ ခုတို့၏ တူမျှခြင်းဂုဏ်သည် ဥပမာ မည်၏။ [ဥပမီယတိ ဧကေနာတိ ဥပမာနံ၊ ဧတေန-ဤ(လ)စသော ဝတ္ထုဖြင့်၊ ဥပမီယတိ-(မျက်နှာစသော ဝတ္ထုကို) နှိုင်းယှဉ်အပ်၏၊ ဣတိ-ထိုသို့ နှိုင်းယှဉ်ကြောင်း၏ အဖြစ်ကြောင့်၊ တံ-ထို(လ)စသော ဝတ္ထုသည်၊ ဥပမာနံ-ဥပမာန မည်၏၊ ဥပမီယတေတိ ဥပမေယျံ=(လ)စသော ဝတ္ထုဖြင့် နှိုင်းယှဉ်အပ်သော မျက်နှာစသော ဝတ္ထု။]

သဓမ္မတ္တံဥပမာ။ ။သမာနော+ဓမ္မော (သဘော) ယေသံတိ သဓမ္မာနိ=တူသော သဘောရှိသော ဝတ္ထုတို့၊ ဒ္ဝီကာဟောင်း၌ "ယဿ+သဓမ္မော"ဟု ဧကဝစနန္တဗဟုဗ္ဗိဟိ ပြု၏၊ ဒ္ဝီကာသစ်၌ "ကမ္မဓာရဲ" ပြု၏၊ ဤ၌ကား ဥပမာနောပမေယျာနံနှင့် အရတူအောင် ဗဟုဝစနန္တ ဗဟုဗ္ဗိဟိ ပြုသည်။] သဓမ္မာနံ+ဘာဝေါ သဓမ္မတ္တံ-တူသောသဘော ရှိသော ဝတ္ထုတို့၏ ဖြစ်ကြောင်းဖြစ်ရာ (တူမျှခြင်း)ဂုဏ်တည်း၊ ထို ဂုဏ်သည် ကောင်းဂုဏ်-မကောင်းဂုဏ် ၂ ပျိုး ရှိ၏၊ လနှင့်မျက်နှာတို့၏ တူသော အလှဂုဏ် စသည်သည် ကောင်းဂုဏ်တည်း၊ နွားနှင့်လူမိုက်တို့၏ မသိတတ်ခြင်းတူသော ဂုဏ်သည် မကောင်းဂုဏ်တည်း၊ ထို ကောင်း-မကောင်း ဂုဏ်သည်ပင် ဥပမာန၀တ္ထုနှင့် ဥပမေယျဝတ္ထုတို့ကို ဆက်သွယ်ပေးတတ်သောကြောင့် "သမ္မန်"ဟုလည်း ခေါ်သည်၊ ထို သဓမ္မတ္တသမ္မန်ကိုပင် "ဥပမီယတေ- နှိုင်းယှဉ်ခြင်း၊ ဝါ- တူညီခြင်း၊

http://www.dhammadownload.com

သဒ္ဒဂမ္ဘာနှင့်သမာသပုံစံ

၁၇၇။ သမာသပစ္စယေဝါဒိ, သဒ္ဒါ တေသံ ဝသာ တိဓာ၊
သဒ္ဒဂမ္ဘာ သမာသေန, မုနိန္ဒော စန္ဒိမာ·နနော။

၁၇၇။ သမာသပစ္စယေဝါဒိ-သမာသ်, ပစ္စည်း, ဣဝါဒိဂိဏ်း တို့သည်၊ သဒ္ဒါ-သဒ္ဒါတို့တည်း၊ တေသံ-ထိုသဒ္ဒါတို့၏၊ ဝသာ-အပြား အားဖြင့်၊ သဒ္ဒဂမ္ဘာ-သဒ္ဒါဖြင့် သိအပ်သော ဥပမာသည်၊ တိဓာ-၃ ပါး ပြားပြန်၏၊ သမာသေန-သမာသ်သဒ္ဒါဖြင့်၊ (ဂမ္ဘာ-သိအပ်သော ဥပမာ ကား၊) မုနိန္ဒော စန္ဒိမာနနော-မုနိန္ဒော စန္ဒိမာနနောဟူသည်တည်း။ [မုနိန္ဒော- မြတ်စွာဘုရားသည်၊ စန္ဒိမာနနော- လပြည့်ဝန်းသဖွယ်, တင့်တယ်သောမျက်နှာ ရှိတော်မူ၏။]

ဥပမာ-ခြင်း"ဟု ဝစနတ်ပြု၍ "ဥပမာ"ဟု ခေါ်သည်၊ ဤစကားအရ ဥပမာန, ဥပမေယျ, ဥပမာ"ဟု အနက် ၃ ခုကို မှတ်ပါ။

သဒ္ဒတ္ထာ၊ပေ၊တိဓာ။ ။ထိုဥပမာသည် သဒ္ဒဂမ္ဘူပမာ, အတ္ထဂမ္ဘူပမာ, ဝါကျတ္ထဝိသယူပမာအားဖြင့် ၃ ပါးပြား၏။ [သဒ္ဒေါ စ+အတ္ထော စ သဒ္ဒတ္ထာ၊ ဧတဿိ ဂမ္ဘာ သဒ္ဒတ္ထဂမ္ဘာ၊ ဂမျတေဟိ ဂမ္ဘာ၊ ဂတိအနက် ရှိသော ဓာတ်သည် ဗုဒ္ဓိအနက်လည်း ရှိ၏၊ ဝါကျတ္ထော ဝိသယော ဧတိဿာတိ ဝါကျတ္ထဝိသယာ။]

၁၇၇။ သမာသတျာဒိ။ ။ဤဂါထာသည် သဒ္ဒဂမ္ဘူပမာတွင် ပါဝင်သော သဒ္ဒါအပြားနှင့် သဒ္ဒဂမ္ဘူပမာ အပြားကိုလည်းကောင်း, သမာသသဒ္ဒဂမ္ဘူပမာ၏ ပုံစံကိုလည်းကောင်း ပြသော ဂါထာတည်း၊ ထိုတွင် "သမာသ ၊ပေ၊ တိဓာ"ဖြင့် သဒ္ဒါ ၃ မျိုးအပြား, သဒ္ဒဂမ္ဘူပမာ ၃ မျိုးအပြားကို ပြ၏၊ သမာသ်ပုဒ်သဒ္ဒါ, အာယတ္တော ပစ္စယသဒ္ဒါ, ဣဝါဒိဂိဏ်းသဒ္ဒါ ဤသို့အားဖြင့် သဒ္ဒါ ၃ မျိုး ပြား၏၊ ထိုသဒ္ဒါ ၃ မျိုးတို့၏ အစွမ်းကြောင့် သဒ္ဒဂမ္ဘူပမာလည်း သမာသသဒ္ဒဂမ္ဘူပမာ, ပစ္စယသဒ္ဒဂမ္ဘူပမာ, ဣဝါဒိသဒ္ဒဂမ္ဘူပမာအားဖြင့် ၃ မျိုး ပြားသည်-ဟူလို၊ "သဒ္ဒဂမ္ဘာ ၊ပေ၊ မာနနော"ပါဠိဖြင့် သမာသသဒ္ဒဂမ္ဘူပမာ၏ ပုံစံကို ပြသည်။

http://www.dhammadownload.com

စန္ဒိမာနနောဝါ။ ။စန္ဒိမာ+ဝိယ+အာနနံ ယဿာတိ စန္ဒိမာနနော၊ ယဿ-အကြောင်ဘုရားရှင်၏၊ စန္ဒိမာဝိယ-လက္ခဏသို့သော၊ ဝါ-လနှင့်တူသော၊ အာနနံ-မျက်နှာတော်သည်၊ အတ္ထိ-ရှိ၏၊ ကွတိ-ကြောင့်၊ သော-ထိုဘုရားရှင်သည်၊ စန္ဒိမာနနော-စန္ဒိမာနန မည်တော်မူ၏၊ "စန္ဒိမာနနော"ဟု သမာသ်စပ်ပြီးသောအခါ "ဝုတ္တတ္ထာနမပ္ပယောဂေါ"ဟူသော ပရိဘာသာအရ ဝိယသဒ္ဒါ ကျေပျောက်ရ၏၊ "စန္ဒိမာနနော"ဟူသော သမာသ်သည်သာ ထိုဝိယသဒ္ဒါ၏ ဥပမာအနက်ကို (အမွေခံသောအားဖြင့်) ဟောရစ်၏၊ ဤနည်းအားဖြင့် သမာသ်ပုဒ်က ဥပမာအနက်ကို ဟော သောကြောင့် စန္ဒိမာနနောသည် သမာသသဒ္ဒဂမ္ဘီရပမာ၏ ပုံစံဖြစ်သည်။

မုတ်ချက်။ ။ဋီကာတို့၌ "စန္ဒိမာ ဝိယ+ရုစိရံ (တင့်တယ်သော) အာနနံ ယဿ"ဟု ဝိဂ္ဂဟပြု၍ သမာသ်ပြီးသောအခါ ရုစိရံ-ဝိယပုဒ်တို့ကို မသုံးစွဲရတော့သဖြင့် ထိုရုစိရံ ဝိယပုဒ်တို့၏ အနက်ကို သမာသ်ပုဒ်က အမွေခံ၍ ဟောရစ်၏ဟု ဆို၏၊ သဒ္ဒါကျမ်းတို့၌ကား ထိုသို့ မဆိုသောကြောင့် ဤ၌ "ရုစိရံ"ပုဒ်ကို မထည့်ဘဲ ဝိဂြိုဟ်ပြုသည်။

ဥပမာနစသော ၄ ပါး။ ။ဥပမာန, ဥပမေယျ, ဥပမာ, ဥပမာဇောတကဟု ၄ မျိုးခွဲ၊ ထိုတွင် လသည် ဥပမာန, ဘုရားရှင်၏မျက်နှာတော်သည် ဥပမေယျ, လနှင့် မျက်နှာတော်တို့၏ ညီမျှသော လှပခြင်း (ဂုဏ်)သည် ဥပမာ၊ [ထိုဥပမာကိုပင် သဓမ္မတ္ထဟုလည်းကောင်း, သမ္မန်ဟုလည်းကောင်း ခေါ်သေး၏။] ဝါကျတွင်း၌ ပါရှိခဲ့သော ဝိယသည် ဥပမာဇောတက၊ ထိုဝိယသည် စန္ဒိမာနောင် ထိုင်သောကြောင့် လဲ့တည်သော တင့်တယ်ခြင်း ဂုဏ်ကို တိုက်ရိုက်ထွန်းပြ၏၊ မျက်နှာ၌ တည်သော တင့်တယ်ခြင်း ဂုဏ်ကိုကား သာမတ္ထိယတ္ထ (ထွန်းပြစွမ်းနိုင်သောသတ္တိ)အားဖြင့် ထွန်းပြသည်။

ဋီကာ။ ။ဧတ္ထ ဥပမာနဝါစကေန စန္ဒိမာသဒ္ဒေန ယုတ္တော ဝိယသဒ္ဒေါ စန္ဒဂတံ သဒိသတ္တံ ဇောတေတိ၊ မုခဂတသဒိသတ္တံ ပန သာမတ္ထိယာ ပတီယတေ (သိအပ်၏)၊ တထာ ဟိ မုခံ စန္ဒသမာနံ အာဂစ္ဆန္တံ စန္ဒဿ မုခသဒိသတ္တံ ဝိနာ န ဘဝတီတိ အညထာနုပပတ္တိ သာမတ္ထိယံ၊ ဆိုလိုရင်းကား-"လနှင့်တူသော မျက်နှာ"ဟု လကို ဥပမာန

http://www.dhammadownload.com

ပစ္စယသဒ္ဒဂမ္ဘူပမာပုံစံ

၁၇၈။ အာယာဒီ ပစ္စယာ တေဟိ, ဝဒနံ ပင်္ဇယတေ၊
မုနိန္ဒနယနဒွန္ဒံ, နီလုပ္ပလဒလီယတိ။

၁၇၈။ အာယာဒီ-အာယ အစရှိသော သဒ္ဒါတို့သည်၊ ပစ္စယာ-ပစ္စည်းတို့ မည်၏၊ တေဟိ-ထိုပစ္စည်းတို့ဖြင့်၊ (ဂမ္ဘာ-သိအပ်သော ဥပမာကား၊) ဝဒနံ၊ပေ၊ဒလီယတိ-ဝဒနံ၊ပေ၊ဒလီယတိဟူသည်တည်း၊ [ဝဒနံ-

---

လုပ်၍ ဆိုလျှင် လသည်လည်း မျက်နှာနှင့် တူရမည်သာ၊ ထို့ကြောင့် "စန္ဒိမာနောဧ ထိုင်သော ဥပမာဇောတက ဝိယသည် အာနနဒ္ဒ တည်သော ဥပမာကိုလည်း ထွန်းပြနိုင်သော အစွမ်းသတ္တိ ရှိ၏"ဟူလို။

မှတ်ချက်။ ။ဥပမာနစသော ၄ ပါးကို ခွဲခြားရာ၌"သဓမ္မတ္တဂုဏ်, သမ္မန်"ကို သီးခြားယူ၍ ၆ ပါးဟုလည်း ခွဲကြ၏၊ ဤဋ္ဌကား သဓမ္မတ္တဂုဏ်နှင့် သမ္မန်သည် ဥပမာ၏ အမည်ထူးချည်း ဖြစ်၍ ထို ၂ မျိုးကို သီးခြားမခွဲဘဲ ဥပမာဌ် သွင်း၍ ၄ မျိုးသာ ပြထားပါသည်။

အလင်္ကာရိယ, အလင်္ကာရ။ ။ဘုရားရှင်၏ မျက်နှာတော်သည် လတည်းဟူသော ဥပမာဖြင့် တန်ဆာဆင်အပ်သောကြောင့် အလင်္ကာရိယ၊ လသည် ဥပမာအလင်္ကာရ၊ ထိုအနက်များကို ပြသော "မုနိန္ဒော စန္ဒိမာနော"ဟူသော အဖွဲ့အနွဲ့လည်း အကျိုးအနက်၏ အမည်ကို တင်စား၍ ဖလူပစာရအားဖြင့် ဥပမာအတ္ထာလင်္ကာရအဖွဲ့ မည်၏၊ ဘုရားမျက်နှာတော်၏ လှပတင့်တယ် သပ္ပာယ်ခြင်းကို တိုက်ရိုက်မဆိုဘဲ လနှင့် တူ၏ဟု သွယ်ဝိုက်၍ ဆိုသောကြောင့် ဝင်္ကဝုတ္တိအဖွဲ့လည်း မည်၏၊ နောက်ဌ်လည်း အလင်္ကာရိယ, အလင်္ကာရ, ဝင်္ကဝုတ္တိ ဖြစ်ပုံကို ဤနည်းမှီး၍ သိပါလေ။

~~~~~~~~~~~~

၁၇၈။ အာယာဒီတျာဒီ။ ။အာယာဒီဌ် အာဒိဖြင့် ဤယ, က ပစ္စည်းများကို ယူ၊ အာယနာမတော ကတ္တူပမာနာဒါစာရေ, ဤယူပမာနာ စသုတ်တို့ဖြင့် သက်သော အာယ, ဤယပစ္စည်းများကိုလည်းကောင်း, ယဒနုပဟန္နာ နိပါတနာ သိဒ္ဓန္တိဖြင့် သက်သော ဥပမာအနက်ဟော ဂ၊ပစ္စည်းကိုလည်းကောင်း "ပစ္စယ"ဟု ဆိုသည်။
~~~~~~~~~~~~

http://www.dhammadownload.com

မျက်နှာတော်သည်၊ ပင်္ဇယတေ-ကြာပန်းသဖွယ် တင့်တယ်စွာ ပြုကျင့်တော်မူ၏၊ ဝါ-ကြာပန်းသဖွယ် တင့်တယ်စွာ ဖြစ်တော်မူ၏၊ မုနိန္ဒနယနဒွန္ဒံ-မြတ်စွာဘုရား၏ မျက်လုံးတော်အစုံသည်၊ နီလုပ္ပလဒလီယတိ-ကြာညိုပွင့်ဖတ်သဖွယ် တင့်တယ်စွာ ပြုကျင့်တော်မူ၏၊ ဝါ-ကြာညိုပွင့်ဖတ်သဖွယ် တင့်တယ်စွာ ဖြစ်တော်မူ၏။]

ပင်္ဇယတေ။ ။ပင်္ကေ+ဇာတံ ပင်္ဇံ-ညွှန်၌ ဖြစ်သောကြာ၊ "ပင်္ဇံ ဝိယ အာစရတိ-ကြာပန်းကဲ့သို့ ပြုကျင့်၏၊ ဝါ-ကြာပန်းကဲ့သို့ လှပတင့်တယ်၏"ဟူသော အနက်၌ ပင်္ဇံနောင် အာစာရအနက်၌ အာယပစ္စည်း သက်၊ ဝိဘတ်, ဝိယတို့ကို ချေ၍ "ပင်္ဇယတေ"ဟု ပြီးသောအခါ ကျေလေပြီးသော ဝိယအနက်ကို အာယပစ္စည်းက အမွေခံ၍ ဟောရစ်၏၊ ထို့ကြောင့် "ဝဒနံ ပင်္ဇယတေ"၌ ကြာပန်းသည် ဥပမာန, မျက်နှာတော်သည် ဥပမေယျ, ကြာပန်းနှင့်မျက်နှာတော်တို့၏ တူညီသော တင့်တယ်လှပခြင်းဂုဏ်သည် ဥပမာ၊ ကျေလေပြီးသော ဝိယသည် ဥပမာဇောတက။

နီလုပ္ပလဒလီယတိ။ ။နီလုပ္ပလဿ-ကြာညိုပန်း၏+ဒလံ-ပွင့်ဖတ်တည်း၊ နီလုပ္ပလဒလံ-ဖတ်၊ "နီလုပ္ပလဒလံ ဝိယ အာစရတိ-ကြာညိုပွင့်ဖတ်ကဲ့သို့ ပြုကျင့်၏၊ ဝါ-ကြာညိုပွင့်ဖတ်အသွေးကဲ့သို့ ညိုပြာပြာ အသွေး ရှိ၏"ဟူသော အနက်၌ ဏျိယပစ္စည်း သက်၍ "နီလုပ္ပလဒလီယတိ"ဟု ပြီးသောအခါ ဝိယ၏ အနက်ကို ဏျိယပစ္စည်းက ဟောရစ်၏၊ ကြာညိုပွင့်ဖတ်သည် ဥပမာန, (အိန္ဒိယလူမျိုးများ၏ ထုံးစံအတိုင်း ပတ်ဝန်းကျင် ညိုနေသော) မျက်လုံးအစုံတော်သည် ဥပမေယျ၊ ညိုပြာပြာ အလှဂုဏ်သည် ဥပမာ, ဝိယသည် ဥပမာဇောတက။

ကပစ္စည်း။ ။ဟတ္ထိနော ဝိယာတိ ဟတ္ထိကာ-ဆင်အစစ်နှင့်တူသော ဆင်ရုပ်တို့၊ ဟတ္ထိနော နောင် ဝိယအနက်၌ ကပစ္စည်း သက်ထားသော ဥပမာတဒ္ဓိတ်ပုဒ်တည်း၊ ဆင်အစစ်သည် ဥပမာန, ဆင်အရုပ်သည် ဥပမေယျ, ဆင်အစစ်နှင့် ဆင်အရုပ်တို့၏ ပုံသဏ္ဌာန်ချင်းတူနေမှုသည် ဥပမာ၊ ဝိယသည် ဥပမာဇောတက။

http://www.dhammadownload.com

၁၇၉။ ကျဝါဒိ ကျဝ ဝါ တုလျ–သမာနနိဘသန္နိဘာ၊
ယထာသင်္ဘသတုလိတ–ပွကာသပဋိရူပကာ။

၁၈၀။ သရိသရိကွသံဝါဒိ–ဝိရောမိ သဒိသာ ဝိယ၊
ပဋိပက္ခပစ္စနိကာ, သပက္ခော-ပမိတော-ပမာ။

၁၈၁။ ပဋိဗိမ္ဗပဋိစ္ဆန္ဒ–သရူပသမသမိဗိတာ၊
သဝဏ္ဏာ-ဘာ ပဋိနိမိ–သဓမ္မာဒိ သလက္ခဏာ။

၁၇၉,၁၈၀,၁၈၁။ ။ကျဝါဒိ-ကျဝ အစရှိသော သဒ္ဒါတို့သည်၊ ကျဝဝါတုလျ သမာနနိဘသန္နိဘာ စ-ကျဝသဒ္ဒါ, ဝါသဒ္ဒါ, တုလျသဒ္ဒါ, သမာနသဒ္ဒါ, နိဘ သဒ္ဒါ, သန္နိဘသဒ္ဒါတို့လည်းကောင်း၊ ယထာသင်္ဘသတုလိတပွကာသပဋိ ရူပကာ စ-ယထာသဒ္ဒါ, သင်္ဘသဒ္ဒါ, တုလိတသဒ္ဒါ, ပကာသသဒ္ဒါ, ပဋိရူပကသဒ္ဒါတို့လည်းကောင်း၊ သရိသရိကွသံဝါဒိဝိရောမိသဒိသာ စ-သရိ သဒ္ဒါ, သရိကွသဒ္ဒါ, သံဝါဒိသဒ္ဒါ, ဝိရောမိသဒ္ဒါ, သဒိသသဒ္ဒါတို့လည်းကောင်း၊ ဝိယ စ-ဝိယသဒ္ဒါလည်းကောင်း၊ [ဂါထာတစ်ဝက်ကျော်၍ သမာသ်မစပ်ရ သောကြောင့် တစ်ပုဒ်တည်း ထားသည်။] ပဋိပက္ခပစ္စနိကာ စ-ပဋိပက္ခသဒ္ဒါ, ပစ္စနိကသဒ္ဒါတို့လည်းကောင်း၊ သပက္ခောပမိတောပမာ စ-သပက္ခသဒ္ဒါ, ဥပမိတသဒ္ဒါ, ဥပမာသဒ္ဒါတို့လည်းကောင်း၊ ပဋိဗိမ္ဗပဋိစ္ဆန္ဒသရူပသမသမိဗိတာ စ-ပဋိဗိမ္ဗသဒ္ဒါ, ပဋိစ္ဆန္ဒသဒ္ဒါ, သရူပသဒ္ဒါ, သမသဒ္ဒါ, သမိတသဒ္ဒါတို့လည်း ကောင်း၊ သဝဏ္ဏာဘာ စ-သဝဏ္ဏသဒ္ဒါ, အာဘာသဒ္ဒါတို့လည်းကောင်း၊ ပဋိနိမိ သဓမ္မာဒိ သလက္ခဏာ စ-ပဋိနိမိသဒ္ဒါ, သဓမ္မအစရှိသောသဒ္ဒါ, သလက္ခဏ သဒ္ဒါတို့လည်းကောင်း။

၁၇၉,၁၈၀,၁၈၁။ ။ကျဝါဒိပုဒ်ကို (၁၈၄)ဂါထာအဆုံး "ကျမေ"၌ စပ်၊ "ကျဝါဒိဂိုဏ်းသဒ္ဒါတို့ကား ဤသည်တို့တည်း"ဟူလို၊ ဤဂါထာတို့ဖြင့် သဒ္ဒဂမ္ဘီ ပမာတွင် ပါဝင်သော သမာသ, ပစ္စယ, ကျဝါဒိ သဒ္ဒါ ၃ မျိုးတွင် ကျဝါဒိဂိုဏ်းဝင် သဒ္ဒါများကို ပြသည်၊ ထိုတွင် "ကျဝ, ဝါ၊ပေ၊သလက္ခဏာ"တိုင်အောင် ၃ ဂါထာ ဖြင့် ကြိယာမဟုတ်သော ဥပမာနဇောတကပုဒ်များကို ပြ၏၊ "ကျဝ ၊ပေ၊ သန္နိဘာ" တစ်ပုဒ်၊ "ယထာ၊ပေ၊ပဋိရူပကာ" တစ်ပုဒ်၊ ဤသို့ စသည်ဖြင့် ဗဟုဝုစ်ဆုံးသော ပုဒ်များကို တစ်ပုဒ်ဟု မှတ်ပါ၊ "တဿာစာနုကရောတိ"မှ (စ)ကိုလည်း ရှေ့ပုဒ်များသို့ လိုက်စေ၊ သဓမ္မာဒိ၌ အာဒိဖြင့် သာမာရဏ-သစ္ဆာယပုဒ် စသည်ကို ယူ။

http://www.dhammadownload.com

ကွဝါဒီတွင် ပါဝင်ပုံ။ ။ကွ၀, ဝါ, ယထာ, ဝိယတို့သည် ဥပမာဇောတကများဖြစ်၍ ကွဝါဒိဂိုဏ်းတွင် ပါဝင်၇၏၊ တုလျ, သမာန, သဒိသ, သမပုဒ်တို့သည် "အတူဟူသော အနက်ကို ဟောကြ၏၊ "နိဿာယ-ဥပမေယျ၀တ္ထုကို မှီ၍+ဘာတိ-ထင်ရှား၏၊ ကွတိ နိဘော၊ နိပုဗ္ဗ, ဘာဓာတ်, ကပစ္စည်း (က်အနုဗန်ချေ)၊ သမ္မာ+နိဘော သန္နိဘော၊ သမ္မာ+ကာသတေ-ထင်ရှားပြတတ်၏၊ ကွတိ သက်ာသော၊ ဥပမေယျကို ထင်ရှားပြတတ်သော ဥပမာ၊ တုလိယတေ အနေနာတိ တုလိတံ-နှိုင်းယှဉ်ကြောင်း ဥပမာန၀တ္ထု၊ ပကာသတိ-ဥပမေယျကို ထင်ရှားပြတတ်၏၊ ကွတိ ပကာသော၊ ပတိရူပကံ (ပတိ) ဥပမေယျနှင့်တူသော (ရူပက)အဆင်းရှိသော ဥပမာ၀တ္ထု။

သော ဝိယ-ထိုဥပမေယျကဲ့သို့+ဒိဿတိ-ရှုအပ်၏၊ ကွတိ သရီ, သရိက္ခော-မည်၏၊ [ကွယတမကိ-စသော သုတ်၌ လာသောပုဒ်တည်း၊] သံ၀ါဒိ-အတူပြောလေ့ရှိသော ဥပမာန၀တ္ထု၊ ဝိရောဓိ, ပဋိပက္ခ, ပစ္စနီက-ဆန့်ကျင်ဘက်၊ (အပြိုင်)၊ [အရည်အချင်း တူသည်ဖြစ်စေ, မတူသည် ဖြစ်စေ "ပြိုင်ဘက်"ဖြစ်နေလျှင် အထိုက်အလျောက် တူနေသည်သာ၊] သပက္ခ-တူသောအဖို့ရှိသော အရာ၀တ္ထု၊ ဥပမိတ-နှိုင်းယှဉ်အပ်သော အရာ၀တ္ထု၊ ဥပမာ-နှိုင်းယှဉ်ကြောင်း၀တ္ထု။

ပဋိဗိမ္ဗ-ဆင်းတုရုပ်၊ [အစစ်၏ အတုဖြစ်၍ ဥပမာ၀တ္ထုပင်တည်း၊] ပဋိစ္ဆန္ဒ-တူသောဆန္ဒရှိသူ (၀ါ-တူသူ)၊ ["ပဋိစ္ဆန္န"ဟု ရှိသည်ကား ပါဠိပျက်၊] သရူပ-တူသောသဘော(အဆင်း)ရှိသော ဝတ္ထု၊ သမိတ (သမံ+ကွတ)-တူသည်၏ အဖြစ်သို့ ရောက်သော၀တ္ထု၊ ["သမ္မိတ"ဟု ရှိလျှင် "သံ+မိတ-ကောင်းစွာ နှိုင်းယှဉ်အပ်သော၀တ္ထု"ဟု ပေး၊ "သမ္မိတ"ဟု ရှိမှ ဆန်းဂိုဏ်းတည့်သည်၊] သ၀ဏ္ဏ-တူသောအဆင်းရှိသော၀တ္ထု၊ အာဘာ-အရိပ်အရောင်၊ [အရိပ်သည် အရိပ်ရှင်နှင့်တူ၏၊] ပတိနိဓိယတေ (တုလျရူပတာယ) ထပိယတေ-တူသောရုပ်သွင်သဏ္ဌာန် ရှိသည်၏အဖြစ်ဖြင့် တည်ထားအပ်၏၊ ကွတိ ပတိနိဓိ (ရုပ်တု=ဆင်းတု)၊ သမာနော+ဓမ္မော ယဿာတိ သဓမ္မံ-တူသော သဘောရှိသော၀တ္ထု၊ [သဒ္ဓမ္မ-ဟု မရှိစေရ၊] သမာနံ+လက္ခဏံ ယဿာတိ သလက္ခဏံ-တူသောလက္ခဏာရှိသော ဥပမာန၀တ္ထု။

http://www.dhammadownload.com

၁၈၂။ ဇယတျ-ကြောသတိဟသတိ-ပတိဂဇ္ဇတိဒူဘတိ၊
ဥဿူယတျ-ဝဇာနာတိ-နိန္ဒတိ-ဿတိရုန္ဓတိ။

၁၈၂။ ဇယတျကြောသတိဟသတိပတိဂဇ္ဇတိဒူဘတိ စ-ဇယတိသဒ္ဒါ, အကြောသတိသဒ္ဒါ, ဟသတိသဒ္ဒါ, ပတိဂဇ္ဇတိသဒ္ဒါ, ဒူဘတိသဒ္ဒါတို့လည်းကောင်း၊ ဥဿူယတျဝဇာနာတိနိန္ဒတိဿတိရုန္ဓတိ စ-ဥဿူယတိသဒ္ဒါ, အဝဇာနာတိသဒ္ဒါ, နိန္ဒတိသဒ္ဒါ, ကွဿတိသဒ္ဒါ, ရုန္ဓတိသဒ္ဒါတို့လည်းကောင်း။

၁၈၂။ ဇယတျ၊ပေ၊ရုန္ဓတိ။ ။ဤဂါထာယဖြင့် ကြိယာပုဒ်ဖြစ်သော ကွဝါဒိသဒ္ဒါများကို ပြ၏၊ ဇယတိမှ စ၍ ဒူဘတိတိုင်အောင် ဒွန်ပုဒ် တစ်ပုဒ်၊ "ဇယတိ စ+အကြော်သတိ စ၊ပေ၊ဒူဘတိ စာတိ ဇယတိ၊ပေ၊ ဒူဘတိ"ဟု တစ်သမာသ်၊ "ဥဿူယတိ စ၊ပေ၊ရုန္ဓတိ စာတိ ဥဿူယတိ ၊ပေ၊ရုန္ဓတိ"ဟု တစ်သမာသ်တွဲ၊ "နာမာနံ သမာသော"ဆိုသောကြောင့် "ကြိယာပုဒ်များကို သမာသ်မတွဲကောင်းသည် မဟုတ်လော"ဟု စောဒနာဖွယ် ရှိ၏၊ "ကြိယာအစစ် မဟုတ်, ကြိယာပုဒ်များကို အတု ပြုထားသော အနုကရဏသဒ္ဒါ (နာမ်ပုဒ်များပင်) ဖြစ်သောကြောင့် သမာသ်တွဲကောင်းသည်"ဟု ဖြေ၊ ထိုသို့ ဒွန်တွဲရာ၌ ဂါထာတစ်ဝက်ကို ကျော်၍ သမာသ်မစပ်သင့်သောကြောင့် ဒူဘတိတိုင်အောင် တစ် သမာသ်ဟု ခွဲပါ၊ ထိုသို့ သမာသ်မကြဲဘဲ တစ်ပုဒ်စီ ဝါကျလည်း ဖြစ်နိုင် ပါသည်။

ဋီကာ။ ။ဇယတိအကြောသတိဟသတိကွစ္စာဒိကံ တံ တံ ကြိယာ ပဒသဒ္ဒါတအနုကာရိယာနံ အနုကရဏန္တိ ကတွာ ဒွန္ဒေါယေဝ၊ မူလ ပုဒ်ရင်းကို အနုကာရိယ, အတုပုဒ်ကို အနုကရဏဟု ခေါ်၏၊ ထို့ကြောင့်ပင် "ဇယတိ-အောင်၏"ဟု မပေးရဘဲ "ဇယတိသဒ္ဒါလည်း ကောင်း"ဟု ပေးရသည်။

ဇယတိတျာဒိ။ ။"ဇယတိ-အောင်၏, နိုင်၏"ဟု ဆိုလျှင် နဂိုက ပြိုင်နေကြောင်း, တူနေကြောင်း သိရ၏၊ "အကြောသတိ-ကလော်ဆဲ၏" ဟု ဆိုလျှင် တစ်ယောက်နှင့်တစ်ယောက် မတွဲကြောင်း, ပြိုင်နေကြောင်း သိရ၏၊ "ဟသတိ-ပြောင်လှောင်၏၊ ပြက်ရယ်ပြု၏"ဟု ဆိုလျှင် အပြိုင် ပြုနေကြောင်း သိရ၏၊ ပထမသဂီယနာတင်မဏ္ဍပ် ဆောက်ခန်း၌

http://www.dhammadownload.com

၁၈၃။ တဿ စောရေတိ သောဘဂ္ဂံ, တဿ ကန္တိ ဝိလုမ္ပတိ၊
တေန သဒ္ဒိ ဝိဝဒတိ, တုလျံ တေနာ.ဓိရောဟတိ။

၁၈၄။ ကစ္စံ ဝိဂါဟတေ တဿ, တ.မန္တေတျ.နုဗန္ဓတိ၊
တံ သီလံ တံ နိသေဓေတိ, တဿ စာ.နုကရောတိ မေ။

၁၈၃။ တဿ စောရေတိ သောဘဂ္ဂံ စ-တဿ စောရေတိ သောဘဂ္ဂံ ဟူသော ဝါကျလည်းကောင်း၊ တဿ ကန္တိ ဝိလုမ္ပတိ စ-တဿ ကန္တိ ဝိလုမ္ပတိ ဟူသော ဝါကျလည်းကောင်း၊ တေန သဒ္ဒိ ဝိဝဒတိ စ-တေန သဒ္ဒိ ဝိဝဒတိ ဟူသော ဝါကျလည်းကောင်း၊ တုလျံ တေနာဓိရောဟတိ စ-တုလျံ တေနာ ဓိရောဟတိဟူသော ဝါကျ လည်းကောင်း။

"ဒေဝဝိမာနသိရိံ အဝဟသန္တိမိဝ"မျိုးတည်း၊ ပတိဂဇ္ဇတိ-အပြိုင်ကြုံးဝါး၏၊ ဒုဘတိ (သက္ကတ၌ "ဒုဟျတိ")-ဖျက်ဆီး၏၊ [ကိုယ့်ထက်သာမှာ စိုးလို့ ပြိုင်နေ သူကို ဖျက်ဆီးသည်၊] ဥဿူယတိ ဣဿတိ-ငြူစူ၏ (အပြစ်ပြော၏)၊ [စိတ်ထဲက ပြိုင်နေသည့်အတွက် ကိုယ့်ထက်သာ၍ မနာလို ပြော-ပြော၏၊] အဝ ဇာနာတိ-မထီလေးစား ပြု၏၊ [တူလာမည် စိုး၍ တင်ကြိုနှိမ်ထားခြင်းသဘောတည်း၊] "နိန္ဒတိ-ကဲ့ရဲ့ရှုတ်ချ၏"လည်း ဤသဘောပင်၊ ရုန္ဓတိ-ပိတ်ဆို့ တားမြစ်၏၊ [ကိုယ်နှင့်တန်းတူဖြစ်မလာအောင် သူ၏တိုးတက်ရေးကို ပိတ်ပင်သည်-ဟူလို။]

၁၈၃, ၁၈၄။ ။ဤဂါထာတို့၌ကား ဝါကျကွဝါဒိဂိုဏ်းဝင်ကို ပြသော ဂါထာတို့တည်း၊ တဿ စောရေတိ သောဘဂ္ဂမိစ္စာဒိကံပိ အစရှိသော ပုဒ်အပေါင်းသည်လည်း၊ ဝါကျာနုကရဏ်-အတုဝါကျ များပင်တည်း၊ ဤဋီကာ အလို "တဿ စောရေတိ သောဘဂ္ဂံ-တဿ စောရေတိ သောဘဂ္ဂံဝါကျ လည်းကောင်း"ဟု ပေး၊ ဝါ-တစ်နည်း၊ "ဝါကျေ-ဝါကျ၌၊ ကေဝလပဒါနိ-သက်သက် တစ်ပုဒ်စီတို့တည်း" ဟူသော ဒုတိယနည်းအလို တစ်ပုဒ်စီ အနက်ပေးပါ။

တဿ စောရေတိတျာဒိ။ ။"တဿ စောရေတိ သောဘဂ္ဂံ-သူ၏တင့်တယ်မှုကို ခိုးခြင်း"ဟူသည် သူနှင့် ပြိုင်ဘက်ဖြစ်၍ ကိုယ့်ထက်မသာ အောင် ခိုးခြင်းတည်း၊ ထို့အတူ "တဿ ကန္တိ ဝိလုမ္ပတိ-သူ၏

http://www.dhammadownload.com

၁၈၄။ ကစ္ဆ ဝိဂါဟတေ တဿ စ-ကစ္ဆ ဝိဂါဟတေ တဿဟူသော ဝါကျလည်းကောင်း၊ တမန္ဒေတျနုဗန္ဓတိ စ-တံ အန္ဒေတိဟူသောဝါကျ, တံ အနုဗန္ဓတိဟူသောဝါကျတို့လည်းကောင်း၊ တံ သီလံ စ-တံ သီလံ ဟူသောဝါကျလည်းကောင်း၊ တံနိသေဓေတိစ-တံနိသေဓေတိဟူသော ဝါကျလည်းကောင်း၊ တဿ အနုကရောတိ စ-တဿ အနုကရောတိ ဟူသောဝါကျလည်းကောင်း၊ ဣမေ-ဤသည်တို့တည်း၊ တစ်နည်း, ဣမေ-ဤ ၅၂ ပါးသော သဒ္ဒါတို့သည်၊ ဣဝါဒိ-ဣဝါဒိဂိုဏ်းသဒ္ဒါတို့ တည်း။ [ဣမေ ဒွေပညာသ ဣဝါဒယော နာမ၊- ဋီကာ။]

ဥပမာအလင်္ကာ၏ ပဋိညာဉ်

၁၈၅။ ဥပမာနော.ပမေယျာနံ, သဓမ္မတ္တံ ဝိဘာဝိဘိ၊
ဣမေဟိ ဥပမာဘေဒါ, ကေစိ နိယန္တိ သမ္မတိ။

၁၈၅။ ဥပမာနောပမေယျာနံ-ဥပမာန ဥပမေယျတို့၏၊ သဓမ္မတ္တံ-တူမျှသော သဘောရှိကုန်သည်၏ အဖြစ်ကို၊ ဝိဘာဝိဘိ-ထင်စွာ ပြတတ်ကုန်သော၊ ဣမေဟိ-ဤဣဝါဒိဂိုဏ်းသဒ္ဒါတို့ဖြင့်၊ (ဇာနိတဗ္ဗာ-သိထိုက်ကုန်သော၊) ကေစိ - အချို့ကုန်သော၊ ဥပမာဘေဒါ-ဥပမာ

နှစ်သက်ဖွယ်ကို လုယူခြင်း"လည်း ကိုယ့်ထက်သာမည်စိုးသောကြောင့် တည်း၊ တေန သဒ္ဒိ ဝိဝဒတိ-သူနှင့်အတူ ငြင်းခုန်ခြင်းကား တူနေသော ကြောင့် အသာလုခြင်းတည်း၊ "တုလျံ တေနာဓိရောဟတိ-သူနှင့် တူသည်၏ အဖြစ်ကို တက်ရောက်ခြင်း"သည် တူအောင် ကြိုးစား ခြင်းတည်း။

၁၈၄။ ကစ္ဆ ဝိဂါဟတေတျာဒိ။ ။ထိုသူ၏ လမ်းစဉ်သို့ သက်ဝင်၏၊ [၁၉၄ ဂါထာ၌ ကစ္ဆံပုဒ် ပါလတ္တံ့၊] တမန္ဒေတိ တံ အနုဗန္ဓတိ-ထိုသူ့ကို အစဉ်လိုက်၏၊ "တူနေအောင် ဒနာက်က လိုက်သည်"ဟူလို၊ တံ သီလံ (တသီလံ)-ထိုသူ၏အလေ့ကို "ကရောတိ-ပြု၏"ဟုထည့်၊ သူနှင့်တူအောင် သူ၏အလေ့အလာကို အတုယူသည်-ဟူလို၊ တံ နိသေဓေတိ-ထိုသူ့ကို မိမိနှင့် တူမည်စိုး၍ တားမြစ်၏၊ တဿ အနုကရောတိ-ထိုသူ့ကို အတုပြု၏၊ "ထိုသူနှင့်တူအောင် ပြုလုပ်၏"ဟူလို၊ ဤပြခဲ့သော အနက်အဓိပ္ပာယ်များကို ကြည့်၍ ဣဝါဒိဂိုဏ်းဟု သိပါ။

http://www.dhammadownload.com

အထူးအပြားတို့ကို၊ သမ္မတိ-ယခုအခါ၌၊ နိယန္တိ-ထုတ်ပြအပ်ကုန်၏။ ဝါ-ထုတ်ပြအပ်ကုန်လတ္တံ့။

ဓမ္မောပမာ

၁၈၆။ ဝိကာသိပဒုမံ·ဝါ·တိ–သုန္ဒရဲ့ သုဂတာ·နုနံ၊
ဣတိ ဓမ္မောပမာ နာမ, တုလျဓမ္မနိဒဿနာ။

၁၈၆။ သုဂတာနုနံ - မြတ်စွာဘုရား၏ မျက်နှာတော်သည်၊ ဝိကာသိပဒုမံဝ-ပွင့်လန်းခြင်းရှိသော ပဒုမ္မာကြာသည်ကဲ့သို့၊ အတိသုန္ဒရဲ့-အလွန်ကောင်းမြတ်, သဟာယ်တော်မူပါပေ၏၊ ဣတိ-ဤ ဥပမာသည်၊ တုလျဓမ္မ နိဒဿနာ-တူမျှသော ဂုဏ်ကို ထင်စွာပြခြင်းကြောင့်၊ ဓမ္မောပမာ နာမ-ဓမ္မောပမာမည်၏။

၁၈၅။ ဥပမာနောတျာဒိ။ ။ဤဂါထာသည် ဥပမာအတ္ထာလင်္ကာရအပြားကို အကျယ်ပြလို၍ အချီစကား=ပဋိညာဉ်ပြုသောစကားတည်း၊ "သဓမ္မတ္ထံ ဝိဘာဝိဘိ=တူမျှသော သဘောကို ထင်စွာ ပြတတ်ကုန်သော" ဟူရာ၌ "ဥပမာဇောတကသဒ္ဒါများ ဖြစ်ကြကုန်သော"ဟု ဆိုလိုသည်၊ ထို ဥပမာဇောတကသဒ္ဒါတို့ဖြင့် ယခုအခါ အချို့ဥပမာအပြားတို့ကို ထုတ်ပြတော့မည်-ဟူလို။ [ဝိဘာဝိဘိ၏ စပ်ပုဒ်မရှိသောကြောင့် ဋီကာ၌ "ဇာနိတဗ္ဗာ"ဟု ထည့်သည်။]

၁၈၆။ ဝိကာသိတျာဒိ။ ။ဓမ္မောပမာ၌ ဓမ္မသဒ္ဒါသည် "ဂုဏ်" ဟူသော အနက်ကို ဟော၏၊ ပွင့်နေသော ပဒုမ္မာကြာနှင့် ဘုရားရှင့် မျက်နှာတော်၏ အလွန်လှပတင့်တယ်ခြင်းအားဖြင့် တူမျှသောဂုဏ်ကို "အတိသုန္ဒရဲ့"ပုဒ်ဖြင့် ထင်ရှားပြသောကြောင့် "ဓမ္မောပမာ" မည်၏၊ ဝိကာသော ယဿ အတ္ထိတိ ဝိကာသိ (ပဒုမံဝဲ့၍ နပုလွှိန်တည်း၊) ဝိကာသိစ+တံ+ပဒုမံ စာတိ ဝိကာသိပဒုမံ၊ ဓမ္မေန+ယုတ္တာ+ဥပမာ ဓမ္မောပမာ၊ [တုလျဓမ္မနိဒဿနာ-အတိသုန္ဒရမိတိ သမာနဂုဏာဒဿနေန ဓမ္မောပမာနာမ ဟောတိ-ဋီကာ၊] ဤဓမ္မောပမာကို သရသွတီ ကဏ္ဌာဘရဏ၌ "ပုဏ္ဏောပမာ"ဟု နာမည်ပေးသတတ်၊ [ဥပမာ, ဥပမေယျ, တူမျှခြင်းဂုဏ်, ဤ ၃ ပါး အပြည့်အစုံပြသော ဥပမာ- ဟူလို၊ နောက်၌ မပြည့်စုံသော ဥပမာတို့ကို ပြလတ္တံ့။]

http://www.dhammadownload.com

ဓမ္မဟိန, ဝိပရိတဥပမာ

၁၈၇။ ဓမ္မဟိနာ မုခမ္ဘောဇ–သဒိသံ မုနိနော ဣတိ၊
ဝိပရိတောပမာ တုလျ, မာနနေန-မ္ဘုဇံ တဝ။

၁၈၇။ မုနိနော- မြတ်စွာဘုရား၏၊ မုခံ- မျက်နှာတော်သည်၊ အမ္ဘောဇသဒိသံ-ကြာပန်းနှင့် တူတော်မူ၏၊ ဣတိ-ဤဥပမာသည်၊ ဓမ္မဟိနာ-ဓမ္မဟိနောပမာ မည်၏၊ ဝါ-ဝုဏ်မှ ယုတ်လျော့သော ဥပမာ မည်၏၊ (မုနိ-အို..မြတ်စွာဘုရား၊) တဝ-ရှင်တော်ဘုရား၏၊ အာနနေန-မျက်နှာတော်နှင့်၊ အမ္ဘုဇံ-ကြာပန်းသည်၊ တုလျံ-တူပါပေ၏၊ (ဣတိ-ဤဥပမာသည်) ဝိပရိတောပမာ-ဝိပရိတောပမာ မည်၏၊ ဝါ- ဥပမာန, ဥပမေယျ ပြောင်းပြန်ဖြစ်သော ဥပမာ မည်၏။

၁၈၇။ ဓမ္မဟိနာ၊ပေ၊ဣတိ။ ။ဤ ၂ ပါဒဖြင့် ဓမ္မဟိနောပမာကို ပြ၏၊ အတိသုန္ဒရံကဲ့သို့ ဝုဏ်ကို မပြသောကြောင့် ဝုဏ်မှ ယုတ်လျော့သော ဥပမာဖြစ်ရကား "ဓမ္မတော+ဟီနာ ဓမ္မဟိနာ၊ ဓမ္မဟိနာ စ+သာ+ဥပမာ စာတိ ဓမ္မဟိနောပမာ"ဟု တွဲ။

မေးဖွယ်။ ။ဝုဏ်မပါလျှင် အဘယ်နည်းဖြင့် ဝုဏ်ကို သိနိုင်ပါသနည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား-"မျက်နှာတော်သည် ကြာပန်းနှင့် တူ၏"ဟု ဆိုလျှင် လှပတင့်တယ်ခြင်းဝုဏ်မှတစ်ပါး အခြားတူစရာ မရှိသောကြောင့် "အညထာနုပပတ္တိ-အခြားအခြင်းအရာအားဖြင့် မဖြစ်သင့်ခြင်း"ဟူသော နည်းအားဖြင့် လှပခြင်းဝုဏ်ကို ဥပမာနက ပြစွမ်းနိုင်သောသတ္တိ ရှိ၏၊ ထိုသို့ ပြစွမ်းနိုင်သောကြောင့် "အတိသုန္ဒရံ" ဟု ဝုဏ်မပါသော်လည်း ထိုဝုဏ်ကို သိနိုင်ပါသည်။

ဝိပရိတော၊ပေ၊တဝ။ ။ဤ ၂ ပါဒဖြင့် ဝိပရိတောပမာကို ပြ၏၊ လောကဌ ဥပမာနဟူသည် အများ သိအပ်ပြီး ထင်ရှားပြီး ဖြစ်ရိုးတည်း၊ ထို့ကြောင့် လှပုံကို အများသိပြီးသော ကြာပန်းကိုသာ ဥပမာနအဖြစ် ဖြင့် ပြသင့်၏၊ ဤနေရာ၌ကား ကြာပန်းကို ဥပမေယျ, မျက်နှာကို ဥပမာနအဖြစ်ဖြင့် ပြသောကြောင့် "ဝိပရိတာ-ရိုးရာမှ ပြောင်းပြန်ဖြစ်သော+ဥပမာ-ဥပမာတည်း"နှင့်အညီ ဝိပရိတောပမာ မည်၏။

http://www.dhammadownload.com

အညမညောပမာ

၁၈၈။ တဝါ·နန·မိဝ·မ္ဍောဇံ, အမ္ဍောဇ·မိဝ တေ မုခံ၊
အညမညောပမာ သာ·ယံ, အညမညောပမာနတော။

၁၈၈။ (မုနိ-အိုမြတ်စွာဘုရား)၊ တဝ-ရှင်တော်ဘုရား၏၊ အာနနံ ဣဝ-မျက်နှာတော်သည်ကဲ့သို့၊ အမ္ဍောဇံ-ကြာသည်၊ ဟောတိ-ဖြစ်ပါ၏၊ အမ္ဍောဇံ ဣဝ-ကြာသည်ကဲ့သို့၊ တေ-ရှင်တော်မြတ်ဘုရား၏၊ မုခံ-မျက်နှာတော်သည်၊ ဟောတိ-ဖြစ်တော်မူ၏၊ သာယံ-ထိုဥပမာသည်၊ **အညမညောပမာနတော-တစ်ပါး တစ်ပါး၏ဥပမာန၏အဖြစ်ကြောင့်၊ ဝါ-အချင်းချင်း ဥပမာန၏အဖြစ်ကြောင့်၊ အညမညောပမာ-အညမညောပမာ မည်၏။**

မှတ်ချက်။ ။"တဝ"ဟူသော သဒ္ဒန္တရိုက် (သဒ္ဒါတစ်ပါး)အနီး၌ တည်နေပုံကို ထောက်၍ အာလုပ်တစ်ပုဒ် လိုနေ၏၊ မှန်၏-"အရှင်ဘုရား၏"ဟု ဆိုလျှင် ရှေးဦးစွာ "အိုအရှင်ဘုရား"အာလုပ်ရှိပြီးမှ "အရှင်ဘုရား၏"ဟု ဆိုနိုင်၏၊ ထိုသို့ အာလုပ်ပုဒ် လိုနေ၍ ထည့်လျှင် ရှေ့ထက်ဝက်၌ "မုနိနော"ဟု တွေ့ရသောကြောင့် "မုနိ"ဟုသာ ထည့်ရမည်၊ "ဇိန"စသည်ကို မထည့်ရ၊ ဘာ့ကြောင့်နည်း-"သုတာနုမိတေသု သုတသမ္ဗန္ဓော ဗလဝါ-တိုက်ရိုက် ကြားသိအပ်ပြီးနှင့် မှန်းဆအပ်သော အရာ ၂ မျိုးတွင် တိုက်ရိုက်ကြားသိအပ်ပြီးက အားရှိမြဲ ထုံးစံ"ဟု ပရိဘာသာ ရှိသောကြောင့်တည်း။

၁၈၈။ တဝါနနတျာဒိ။ ။[ဤ၌၌လည်း "မုနိ"ဟု အာလုပ်ထည့်ရသည်၊] "တဝါနနမိဝ အမ္ဍောဇံ"၌ မျက်နှာတော်ကို ဥပမာန, ကြာကို ဥပမေယျအဖြစ်ဖြင့် ပြ၏၊ "အမ္ဍောဇမိဝ တေ မုခံ" ဤ၌၌ ကြာကို ဥပမာန, မျက်နှာတော်ကို ဥပမေယျအဖြစ်ဖြင့် ပြ၏၊ ဤသို့ အချင်းချင်း ဥပမာနဖြစ်သောကြောင့် "အညမညောပမာ"မည်၏၊ အညမညဿ+ဥပမာ အညမညောပမာ၊ "အညဿ အညဿ"ဟု ဆိုလိုလျက် ရှေ့အညဿ၌ သကို ချေ၊ မ် အာဂုံ၊ [အညမညဿ ဥပမာတိ စ, အညမညဿ ဥပမာနန္တိ စ ဝိဂ္ဂဟော၊ ဝိဂ္ဂဟဒွယေပိ ပုဗ္ဗဝိဘတ္တိလောပေါ-ရှေ့ သဝိဘတ် ကျေခြင်း၊-ဋီကာ။]

http://www.dhammadownload.com

အဗ္ဗုတောပမာ

၁၈၉။ ယဒိ ကိဉ္စိ ဘဝေ-မ္ဘောဇံ, လောစနဗ္ဗမုဝိဗ္ဗမံ၊
ဓာရေတု မုခသောဘံ တံ, တဒါ တေ အဗ္ဗုတောပမာ။

၁၈၉။ လောစနဗ္ဗမုဝိဗ္ဗမံ-မျက်လုံး မျက်ခုံးတို့၏ တင့်တယ်ခြင်းရှိသော၊ ဝါ-တင့်တယ်လှစွာ, မျက်လုံး မျက်ခုံးပါသော၊ ကိဉ္စိ-စိုးစဉ်းအနည်းငယ်သော၊ အမ္ဘောဇံ-ထူးထူးဆန်းဆန်း, အံ့မခန်းသည့်, ပဒုမ္မာကြာပန်းသည်၊ ယဒိ ဘဝေ-အကယ်၍များ, ဖြစ်ခဲ့ငြားအံ့၊ (မုနိ-အိုမြတ်စွာဘုရား၊) တဒါ-ထူးထူးဆန်းဆန်း, အံ့မခန်းသည့်, ကြာပန်းပွင့်ရာ, ထိုအခါ၌၊ တံ-ထိုတင့်တယ်လှစွာ, မျက်လုံး မျက်ခုံးပါသော ပဒုမ္မာကြာသည်၊ တေ-ရှင်တော်ဘုရား၏၊ မုခသောဘံ-မျက်နှာတော်၏ တင့်တယ်ခြင်းကို၊ ဓာရေတု-ဆောင်စွမ်းနိုင်ပါစေတော့၊ (အယံ-ဤဥပမာသည်၊) အဗ္ဗုတောပမာ-အဗ္ဗုတောပမာ မည်၏၊ ဝါ-ထူးထူးဆန်းဆန်း, အံ့မခန်းသော ကြာပန်းဥပမာ မည်၏။

၁၈၉။ ယဒိ ကိဉ္စိတျာဒိ။ ။ဆိုလိုရင်းကား-"ပဒုမ္မာကြာပန်းဟူသမျှ၌ လှပသော မျက်လုံး မျက်ခုံး ပါရိုးထုံးစံ မရှိချေ၊ အကယ်၍ ရှိခဲ့လျှင် ထိုပဒုမ္မာကြာပန်းသည် ထူးထူးဆန်းဆန်း အံ့မခန်းသော ကြာပန်းသာ ဖြစ်၏၊ ဘုရားရှင်၏ မျက်နှာတော်သည် (ရိုးရိုး ပဒုမ္မာကြာပန်းနှင့် မတူ) လှပတင့်တယ်သော မျက်လုံး မျက်ခုံး ပါသဖြင့် ထူးထူးဆန်းဆန်း အံ့မခန်းသော ထိုပဒုမ္မာကြာပန်းနှင့်သာ တူတော်မူသည်"ဟူလို၊ ထို့ကြောင့် ဤဥပမာသည် အံ့သြဖွယ် ထူးဆန်းသည့် ပဒုမ္မာကြာပန်းဟူသော ဥပမာဖြစ်သောကြောင့် "အဗ္ဗုတောပမာ" မည်၏။

အဗ္ဗုတောပမာ။ ။သက္ကတ၌ "အဒ်ဘုတ"ဟု ရှိ၏၊ အဒ်-အကြောင်းမဲ့ ဖြစ်လာသည်၏ အဖြစ်ဖြင့်+ဘာတိ-ထင်လာတတ်၏၊ ဣတိ အဗ္ဗုတာ၊ "အကြောင်းမရှိဘဲ ရုတ်တရက် ထူးထူးဆန်းဆန်း ထင်လာ(ဖြစ်ပေါ်လာ)သော အံ့သြဖွယ်"ဟူလို၊ အဒ်နိပါတ် ရှေးရှိသော ဘာဓာတ်, ဥုတစ်ပစ္စည်း၊ ၌-စ် အနုဗန်တို့ကို ချေ၊ ပါဋ္ဌိ၌ "ဒ်"ကို ဗပြု၍ "အဗ္ဗုတ"ဟု ဖြစ်၏။[အဗ္ဗုတာစ+သာ+ဥပမာစာတိ အဗ္ဗုတောပမာ။]

http://www.dhammadownload.com

ဋီကာ။ ။"လောစနဗ္ဘမုဝိဗ္ဘမံ-လောစနဗ္ဘမူနံ လီလာဝန္တံ ကိဉ္စိ အမ္ဘောဇံ ကိဉ္စိ အစ္ဆရိယပဒုမံ"ဟု ဖွင့်သောကြောင့် "မျက်လုံး မျက်ခုံးတို့၏ တင့်တယ်ခြင်း ရှိသော (ထိုသို့ ရှိသောကြောင့်) အံ့သြဖွယ်ကောင်းသော ပဒုမ္မာကြာပန်း"ဟု မှတ်၊ ရှေးနိဿယတို့ အနက်ပေးပုံမှာ- "ဘုရားရှင်၏ မျက်လုံးတော်တို့၏ တင့်တယ်ခြင်း ရှိသောကြာ"ဟု ဆိုလိုရာ ရောက်နေ၍ ကျမ်းဆရာ၏ အလိုမကျ။ [လောစနဘမူနံ+ ဝိဗ္ဘမော ယသ္မိံတိ လောစနဘမုဝိဗ္ဘမံ၊ (အမ္ဘောဇံ)။]

မှတ်ချက်။ ။ဤဂါထာ၌ ထူးဆန်းသော ပဒုမ္မာကြာသည် ဥပမာန, ထို ဥပမာနကို လောစနဗ္ဘမုဝိဗ္ဘမံ အမ္ဘောဇံ ပါဌ်ဖြင့် ပြ၏၊ ဘုရားရှင်၏ မျက်နှာတော်သည် ဥပမေယျ, ထိုကို မုခသောဘံ ပါဌ်ဖြင့် ပြ၏၊ မျက်လုံး မျက်ခုံးတို့၏ တင့်တယ်ခြင်းဂုဏ်သည် နှစ်ပါးစုံနှင့်ဆက်ဆံသော ဥပမာတည်း၊ လောစနဗ္ဘမုဝိဗ္ဘမံ ဖြင့် ကြာပန်း၌ တည်သော ဂုဏ်ကို တိုက်ရိုက်ပြ၍ ဘုရားရှင်၏ မျက်နှာတော်၌ တည်သောဂုဏ်ကို သာမတ္ထိယအားဖြင့် ပြသည်။ [မုခဂတော လောစနဗ္ဘမုဝိဗ္ဘမ သမ္ဗန္ဓော ယဒိ မုခေ န ဘဝေယျ၊ တာဒိသံ မုခသောဘံ ဓာရေတုံ ကထံ သမတ္ထောတိ သာမတ္ထိယာ ဉာယတိ။]

ပါဌ်မှန်။ ။ယခုစာအုပ်များ၌ "ဓာရေတုံ"ဟု ရှိ၏၊ ဓတ္တာမ်ကို ဘာသာပြန်ထားသောပုဒ် ဖြစ်၍ "ဓာရေတု" ရှိရမည်၊ ကာဗျဒဿ၌ ဓတ္တာမ်ကို "ဓာရယတု"ဟု ဖွင့်၏၊ "ဓာရေတုံ သမတ္ထော ဟောတု" ဟူသော ပါဋိဋီကာလည်း ဓာရေတု၏ အဓိပ္ပာယ်ဖွင့်သာ၊ ထို့ပြင်- "တဝ တေ"ဟု တွေ့ရ၏၊ တစ်ဝါကျထဲ၌ ထိုသို့ ဆဋ္ဌန္တ တုမှသဒ္ဒါ ၂ ခု ရှိရိုးထုံးစံမဟုတ်၊ ကာဗျဒဿ၌ "တတ်တေမုခသြိယံ ဓတ္တာမ်"ကို ဘာသာပြန်ထားသော ဝါကျဖြစ်ရကား ထို၌ "တတ်"ကို "တဒါ"ဟု ဋီကာဖွင့်သောကြောင့် "တဒါ တေ"ဟု ရှိသင့်သည်၊ မှန်၏—ပါဋိ၌လည်း ရှေ့ဝါကျ၌ "ယဒိ"ဟု ရှိလျှင် နောက်ဝါကျ၌ "တဒါ"ဟု ရှိတတ်၏။ [ယဒိ ပစ္စုပ္ပန္နာရမဏေသု၊ ပေ ၊တဒါ ပဋိသန္ဓိဘဝဂ်ါနံပိ"-သဂြိုဟ်, မရဏုပ္ပတ္တိ စတုက္ကာ။]

http://www.dhammadownload.com

သိလေသောပမာ

၁၉၀။ သုဂန္ဓိ သောဘသမ္မန္ဒိ, သိသိရံသုဝိရောဓိ စ၊
မုခံ တဝ.မ္မုဇ္ဇဝေ.တိ, သာ သိလေသောပမာ မတာ။

၁၉၀။ (မုနိ-အိုမြတ်စွာဘုရား၊) အမ္မုဇံ-ပဒုမ္မာကြာပန်းသည်၊ သုဂန္ဓိ ကွဝ-ကောင်းသော ရနံ့ရှိသကဲ့သို့လည်းကောင်း၊ သောဘသမ္မန္ဒိ ကွဝ-တင့်တယ်ခြင်းနှင့် စပ်ခြင်းရှိသကဲ့သို့လည်းကောင်း၊ သိသိရံသုဝိရောဓိ ကွဝ-လမင်းနှင့် ဆန့်ကျင်ခြင်းရှိသကဲ့သို့လည်းကောင်း၊ (တထာ-ထို့အတူ၊) တဝ-ရှင်တော်မြတ်ဘုရား၏၊ မုခံ-မျက်နှာတော်သည်၊ သုဂန္ဓိ-ကောင်းသောရနံ့လည်း ရှိပါပေ၏၊ သောဘသမ္မန္ဒိ-တင့်တယ်ခြင်းနှင့် စပ်ခြင်းလည်း ရှိပါပေ၏၊ သိသိရံသုဝိရောဓိ စ-လမင်းနှင့် ဆန့်ကျင်ခြင်းလည်း ရှိပါပေ၏၊ ကွတိ-ဤသို့သော၊ သာ-ထိုဥပမာကို၊ သိလေသောပမာ-သိလေသောပမာဟူ၍၊ ဝါ-သိလေသအလင်္ကာဖြင့် ဆိုအပ်သော ဥပမာဟူ၍၊ မတာ-သိအပ်၏။

၁၉၀။ သုဂန္ဓိတျာဒိ။ ။သိလိသမာတ်သည် ငြိကပ်ခြင်းအနက်ကို ဟော၏၊ သုဂန္ဓိ,သောဘသမ္မန္ဒိ,သိသိရံသုဝိရောဓိပုဒ်တို့၏ အနက်သည် အမ္မုဇ်အတွက် ပေးသောအခါ မုခအတွက်လည်း ငြိကပ်လျက် ရှိ၏၊ ထို့ကြောင့် "သိလိဿတိ အပရောပိ အတ္ထော ဧတ္ထာတိ သိလေသော၊ သိလေသေန+ဝုတ္တာ+ဥပမာ သိလေသောပမာ"နှင့်အညီ သိလေသောပမာ မည်၏။ [ဧတ္ထ (အလင်္ကာရေ)-ဤ အလင်္ကာ၌၊ အပရောပိ အတ္ထော-အခြားအနက်သည်လည်း၊ သိလိဿတိ-ငြိကပ်နေ၏၊ ကွတိ သော သိလေသော၊ သိလေသေန-သိလေသအလင်္ကာဖြင့်၊ ဝုတ္တာ-ဆိုအပ်သော၊ ဥပမာ-ဥပမာသည်၊ သိလေသောပမာ-မည်၏၊ (နောက်၌ သိလေသအလင်္ကာ လာဦးလတ္တံ့။)]

ငြိကပ်ပုံ။ ။သုဂန္ဓော ယဿ အတ္ထိတိ သုဂန္ဓိ-ကောင်းသောအနံ့ ရှိသောကြာ၊ ဤအနက်သည် မျက်နှာတော်၌လည်း ငြိကပ်၏၊ ထို့ကြောင့် ဤပုဒ်များကို နှစ်ထပ် အနက်ပေးရသည်၊ ကြာပန်းသည် ထုံးစံအတိုင်း ကောင်းသောအနံ့ ရှိ၏၊ ဘုရားရှင်၏ မျက်နှာတော်လည်း ၄ မျိုးသော အနံ့ဖြင့် ကောင်းသောအနံ့ ရှိတော်မူ၏။ [အနံ့ ၄ မျိုးကို အဘိဓာန် ၁၄၇-ဂါထာ ကြည့်၊] သောဘာယ + သမ္မန္ဓော သောဘသမ္မန္ဓော၊

http://www.dhammadownload.com

သန္တာနောပမာ

၁၉၁။ သရူပသဒ္ဒဝါစ္စတ္တာ, သာ သန္တာနောပမာ ယထာ၊
ဗာလာဝုဃျာနမာလာယံ, သာလကာနနသောဘိနီ။

၁၉၁။ သရူပသဒ္ဒဝါစ္စတ္တာ-သုတိတူသော သဒ္ဒါအစဉ်ဖြင့် ဆိုအပ်သည်၏အဖြစ်ကြောင့်၊ သာ-ထိုဥပမာသည်၊ သန္တာနောပမာ-သန္တာနောပမာ မည်၏၊ ယထာ-ဥဒါဟရုဏ်ကား၊ ဗာလာဝုယျာနမာလာယံ, သာလကာနနသောဘိနီ (တစ်နည်း) သာလ+ကာနနသောဘိနီ-ဗာလာဝုယျာန၊ပေ၊သောဘိနီ ဟူသည်တည်း၊

သောဘသမ္ဗန္ဓော ယဿာ အတ္ထီတိ သောဘသမ္ဗန္ဓိ၊ ကြာပန်းသည် နှစ်သက်ဖွယ် တင့်တယ်ခြင်းဂုဏ်နှင့် စပ်ခြင်းရှိသကဲ့သို့ ဘုရားရှင့် မျက်နှာတော်လည်း နှစ်သက်စဖွယ် တင့်တယ်ခြင်း ရှိတော်မူ၏။

သိသိရာ+အံသု ယဿာတိ သိသိရံသု (အေးမြသော အရောင်ရှိသော လ)၊ ဝိရောဓော ယဿ အတ္ထီတိ ဝိရောဓိ၊ သိသိရံသုနော+ဝိရောဓိ သိသိရံသုဝိရောဓိ=လသည် ဘုရားရှင်၏ မျက်နှာတော်နှင့် တူသောကြောင့် ဆန့်ကျင်ဘက် အပြိုင်ပြုသကဲ့သို့ ဖြစ်၏၊ ပဒုမ္မကြာပန်းသည် နေထွက်မှ ပွင့်၍ လထွက်လျှင် တွန့်(ငုံ)သွားသောကြောင့် လနှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ [တဝ မုခံ အမ္ဘောဇမိဝ သိသိရံသု ဝိရောဓိ၊ စန္ဒဿ ဝိရုဒ္ဓံ ဟောတိ၊ တုလျတ္တာ၊ ပဒုမံ ပန စန္ဒောဒယေန သင်္ကော စနတ္တာ တဿ ဝိရုဒ္ဓံ ဟောတိ။ (အမ္ဘောဇံ-မုခံပုဒ်တို့က နပုလ္လိန် ဖြစ်သောကြောင့် "သုဂန္ဓိ"စသည်ဖြင့် ရဿ ရှိရသည်။)]

၁၉၁။ သရူပ၊ပေ၊ပမာ။ ။[သန္တာနသဒ္ဒါသည် အစဉ်ဟူသော အနက်ကို ဟော၏၊] သုတိတူသော (အသံတူသော သဒ္ဒါအစဉ်ဖြင့် ဆိုအပ်သော ဥပမာဖြစ်သောကြောင့် "သန္တာနောပမာ"ဟု သိအပ်၏၊ သရူပါ စ+တေ+သဒ္ဒါ စာတိ သရူပသဒ္ဒါ=တူသောသဘော (သုတိ) ရှိသော သဒ္ဒါတို့၊ သရူပသဒ္ဒေဟိ+တို့ဖြင့်၊ ဝါစ္စာ (ဆိုအပ်သော ဥပမာ တည်း၊) သရူပသဒ္ဒဝါစ္စာ၊ သရူပသဒ္ဒဝါစ္စာယ+ဘာဝေါ သရူပသဒ္ဒဝါစ္စတ္တံ (တသ္မာ ဝါစ္စတ္တာ၊) သန္တာနေန-သုတိတူသော သဒ္ဒါအစဉ်ဖြင့်+ဝုတ္တာ+ဥပမာ သန္တာနောပမာ။]

http://www.dhammadownload.com

[သာ-လကာနနသောဘိနီ-နဖူးပေါ်တွင်, အလှပြင်၍, ချဆင်အပ်သော ဆံစနှင့်တကွ ဖြစ်သော မျက်နှာဖြင့် တင့်တယ်ခြင်းရှိသော၊ ဗာလာဝ-အပျိုပေါက်အရွယ်, သတို့သမီးငယ်ကဲ့ဒို့၊ အယံ ဥယျာနမာလာ-ဤ ဥယျာဉ် အစဉ်အတန်းသည်၊ သာလကာနနသောဘိနီ-အင်ကြင်းတောဖြင့် တင့်တယ်ခြင်း ရှိပါပေ၏။]

သာ-လကာနနသောဘိနီ။ ။ဗာလာနှင့် အရတူရာ၌ "သ+အလက"ဟု ပုဒ်ခွဲ၊ အလတိ ဘူသယတိ-တန်ဆာဆင်တတ်၏၊ ဣတိ အလကော (အလဓာတ်, ကုန်ပစ္စည်း)၊ "လလာဋ္ဌေ-နဖူးပြင်၌ တည်သော၊ ဆိန္နဂွေ-ဖြတ်အပ်သော အဖျားရှိသော၊ ကုဋ္ဌိလကေသေ-ကောက်သော ဆံပင်ဟူသော အနက်၌ ဖြစ်၏"ဟု ထောမနိဓိ ဆို၏၊ မိန်းမများ၏ ထုံးစံအတိုင်း နဖူးအစ၌ ချထားအပ်သော ဆံစတစ်မျိုး တည်း၊ ထို နဖူးဆံစသည် မျက်နှာ၏ တန်ဆာတစ်မျိုး ဖြစ်သည်။

သဟ+အလကေန ယံ ဝတ္တတီတိ သာလကံ (အာနုံ)၊ သာလကာနနေန+သောဘိနီ သာလကာနနသောဘိနီ (ဗာလာ)၊ "ဗာလာ" ဟူသည် အပျိုဖော်ဝင်စ မိန်းမငယ်တည်း၊ [အလကသဒ်ါတကေသသန္နိဝေသသဟိတေန မုခေန (အလကဟု ခေါ်အပ်သော ဆံပင်တို့၏ တင့်တယ်စွာ တည်နေပုံနှင့် တကွဖြစ်သော မျက်နှာဖြင့်၊) သောဘမာနာ၊] ဥယျာဉ်ကို အရကောက်ရာ၌ကား-"သာလ+ကာနန"ဟု ခွဲ၊ "သာလသဒ်ါတာနိ+ကာနာနိ (တောတို့တည်း၊) သာလကာနနာနိ-အင်ကြင်းတောတို့၊ တေဟိ+သောဘိနီ သာလကာနနသောဘိနီ"ဟုပြု။

သိလေသောပမာ မဟုတ်။ ။ပြခဲ့သော နည်းအတိုင်း အနက်နှစ်ထပ်ရသဖြင့် "သိလေသောပမာ"ဟု ဆိုသင့်သော်လည်း သမာသ်ပုဒ်အစဉ်တို့ဖြင့် ဆိုအပ်သောကြောင့် "သန္တောနောပမာ"ဟု အမည်ထူးရသည်။ [သိလေသတ္တော သတိပိ ကတသမာသေဟိ ပဒသန္တာနေဟိ (ပြုအပ်သော သမာသ်ရှိသော ပုဒ်အစဉ်တို့ဖြင့်) ဝုစ္စမာနတ္တာ သန္တာနောပမာ နာမ ဟောတိ။]

http://www.dhammadownload.com

နိန္ဒောပမာ

၁၉၂။ ခယီ စန္ဒော ဗဟုရဇံ, ပဒုမံ တေဟိ တေ မုခံ၊
သမာနံပိ သမုက္ကံသိ–တျဲ·ယံ နိန္ဒောပမာ မတာ။

၁၉၂။ စန္ဒော-လသည်၊ ခယီ-လဆုတ်တစ်ရက်နေ့မှ စ၍ ကုန်ခန်းခြင်း ရှိ၏၊ ပဒုမံ-ပဒုမ္မာကြာပန်းသည်၊ ဗဟုရဇံ-များသောမြူမှုန် ရှိ၏၊ (မုနိ-အို့မြတ်စွာဘုရား၊) တေ-ရှင်တော်ဘုရား၏၊ မုခံ-မျက်နှာတော်သည်၊ တေဟိ-ထိုလစန်း ကြာပန်းတို့နှင့်၊ သမာနံပိ-တူပါသော်လည်း၊ သမုက္ကံသိ-လွန်ကဲသောဂုဏ် ရှိပါ၏၊ ဣတိ-ဤသို့သော၊ အယံ-ဤဥပမာကို၊ နိန္ဒောပမာ-နိန္ဒောပမာဟူ၍၊ ဝါ-ကဲ့ရဲ့နှိမ့်ချအပ်သော ဥပမာဟူ၍၊ မတာ-သိအပ်၏။

၁၉၂။ ခယီတျာဒိ။ ။လသည် လဆုတ် ၁ ရက်မှ စ၍ (နေနှင့် နီးကပ်သွားသောကြောင့်) နေ့စဉ် ဆုတ်ယုတ်လျက် ရှိ၏၊ ဤစကားဖြင့် လကို နှိမ့်ချ၏၊ ပဒုမ္မာကြာလည်း မြူမှုန်တွေ များ၏၊ (ဝတ်မှုန်ကိုပင် ကဲ့ရဲ့လို၍ "မြူမှုန်"ဟု ဆိုသည်၊) ဤစကားဖြင့် ပဒုမ္မာကြာကို နှိမ့်ချ၏၊ ဘုရားရှင်၏ မျက်နှာတော်သည် ထိုလစန်း ကြာပန်းတို့နှင့် လှပတင့်တယ်ခြင်း,ကောင်းသောအနံ့ရှိခြင်းအားဖြင့် တူသည်ဟု ဥပမာပြုရသော်လည်း (ခယအပြစ်, ဗဟုရဇအပြစ်တို့မှ ကင်းသောကြောင့်) ထိုလစန်း ကြာပန်းတို့ထက် လွန်ကဲသောဂုဏ် ရှိပါသည်-ဟူလို၊ ဤသို့ ဥပမာနတို့ကို ကဲ့ရဲ့ နှိမ့်ချ၍ ဥပမာပြုသောကြောင့် "နိန္ဒိတောပမာ" မည်၏။ [နိန္ဒိတာနံ-ကဲ့ရဲ့အပ်သော လ, ကြာပန်းတို့ကို+ဥပမာ-မျက်နှာတော်နှင့် နှိုင်းယှဉ်ခြင်းတည်း၊ နိန္ဒိတောပမာ-ခြင်း။]

ဋီကာ။ ။စန္ဒော ခယီ-ပါဠိပဒတော ပဋ္ဌာယ ဒိနေ ဒိနေ ဧကေကာယ ကလာယ (တစ်ခု တစ်ခုသော အစိတ်၏) သူရိယဿ အာသန္နဟေတု (နေနှင့် နီးခြင်းကြောင့်) ခိယနသဘာဝယုတ္တော ဟောတိ၊ ပဒုမံ ဗဟုရဇံ-ဗဟုရေဏုသမန္နာဂတံ ဟောတိ၊ တေဟိ စန္ဒပဒုမေဟိ သမာနံပိ (ကန္တိသုဂန္ဓာဒီဟိ သဒိသံပိ) တေ မုခံ (တဝ အာနနံ)၊ သမုက္ကံသိ-ခယရဇသဒ္ဒေဟိ (ခယိဒ္ဓိ ခယသဒ္ဒါ, ဗဟုရဇံဒ္ဓိ ရဇသဒ္ဒါတို့သည်) ဒေါသဿပိ ဝါစ္စတ္တာ (အပြစ်ကိုလည်း ဟောအပ်သည်၏ အဖြစ်ကြောင့်) သဒ္ဒစ္ဆလေဟိ (သဒ္ဒါ၏ အနက်အဓိပ္ပာယ်တစ်မျိုးတို့ဖြင့်) ဂမျမာနဿ ဒေါသဿ မုခေ အဝိဇ္ဇမာနတ္တာ (မျက်နှာတော်မှာ မရှိခြင်းကြောင့်) အဓိကဂုဏဝန္တံ ဟောတိ။

http://www.dhammadownload.com

ပဋိသေဓောပမာ

၁၉၃။ အသမတ္ထော မုခေနိ·နှု, ဇိန တေ ပဋိဂဇ္ဇိတုံ၊
ဇဋ္ဌော ကလင်္ကီ·တိ အယံ, ပဋိသေဓောပမာ သိယာ။

၁၉၃။ ဇိန-အိုမြတ်စွာဘုရား၊ ဇဋ္ဌော-ချမ်းအေးသော၊ ဝါ-မထင်မရှား, မှုန်မွှားမွှားဖြစ်နေသော၊ ကလင်္ကီ-ယုန်ရေးအမှတ်ရှိသော၊ ဣနှု-လသည်၊ တေ-ရှင်တော်မြတ်ဘုရား၏၊ မုခေန-မျက်နှာတော်နှင့်၊ ပဋိဂဇ္ဇိတုံ-ကြုံးဝါးမာန်မူ, အတူပြိုင်ခြင်းငှာ၊ အသမတ္ထော-မစွမ်းနိုင်ပါ၊ ဣတိ- ဤသို့သော၊ အယံ- ဤ ဥပမာသည်၊ ပဋိသေဓောပမာ-ပဋိသေဓောပမာ မည်သည်၊ ဝါ-တားမြစ်အပ်သောဥပမာ မည်သည်၊ သိယာ-ဖြစ်၏။

၁၉၃။ အသမတ္ထောတျာဒိ။ ။မည်းမှောင် ကြောင်ကျား၍ အမှတ်အသားပါနေသော လသည် ရှင်တော်ဘုရား၏ မျက်နှာတော်နှင့် ပြိုင်ဆိုင် ကြုံးဝါးခြင်းငှာ မစွမ်းနိုင်ပါ၊ ဘာ့ကြောင့်နည်း...ဘုရားရှင်၏ မျက်နှာတော်မှာ ထိုအပြစ်မျိုး မရှိခြင်းကြောင့်တည်း။

ဇဋ္ဌောကလင်္ကီ။ ။သဣတ၌ "ဇဋ"ဟု ရှိ၏၊ အအေးဟူသောအနက်, အပကာသ (မထင်မရှား)ဟူသော အနက် စသည်ကို ဟော၏၊ ထို့ကြောင့် "သီတလော အဝိသဒေါ (မသန့်မရှင်း)"ဟု ဋီကာ ဖွင့်သည်၊ "မသန့်ရှင်း" ဟူသည်မှာ မိုးတိမ်စသော အနှောင့်အယှက် ရှိသောကြောင့် မထင်မရှား မှုန်မွှားမွှား ဖြစ်နေခြင်းတည်း၊ ကလင်္ကော (အမှတ်တံဆိပ်) ယဿာတိ ကလင်္ကီ-ယုန်ရေးအမှတ်တံဆိပ် ရှိ၏၊ ထိုအမှတ်တံဆိပ်သည် မျက်နှာ၌ မှဲ့အမှတ်အသားကဲ့သို့ အပြစ်တစ်မျိုး ဖြစ်၏၊ ထို့ကြောင့် "သလက္ခဏော, သဒေါသော"ဟု ဋီကာ ဖွင့်၏။

မှတ်ချက်။ ။ဇဋ္ဌော ကလင်္ကီပုဒ်တို့ဖြင့် ဥပမာနဖြစ်သော လကို ရှုတ်ချရာရောက်၍ "နိန္ဒောပမာ" ဆိုသင့်သော်လည်း "အသမတ္ထော ပဋိဂဇ္ဇိတုံ"ဟု ဥပမာအဖြစ်ကို တားမြစ်သောကြောင့် "ပဋိသေဓောပမာ" အမည်ရသည်၊ ဋီကာ၌ကား "ဧဝံ ပဋိသေဓဒွယေန ၊ပေ၊ သတိပိ နိန္ဒောပမာဘာဝေ ပဋိသေဓောပမာ နာမ ဟောတီတိ အဓိပ္ပာယော"ဟု ဆိုလေသည်၊ ပဋိသေဓဒွယ-ဟူသည် မျက်နှာတော်၌ ဇဋ္ဌအပြစ် မရှိခြင်း, ကလင်္ကီ(အမှတ်) မပါခြင်းတည်း၊ ထိုပဋိသေဓ၂ ခုကြောင့် "ပဋိသေဓောပမာ"ဟု ဆိုလိုသတတ်၊ စဉ်းစားပါလေ။

http://www.dhammadownload.com

အသာဓာရဏောပမာ

၁၉၄။ ကစ္ဆံ စန္ဒာ·ရဝိန္ဒာနံ, အတိက္ကမ္မ မုခံ တဝ၊
အတ္တနာ·ဝ သမံ ဇာတ–မိတျ·သာဓာရဏောပမာ။

၁၉၄။ (ဇိန-အိုမြတ်စွာဘုရား၊) တဝ-ရှင်တော်ဘုရား၏၊ မုခံ-မျက်နှာတော်သည်၊ စန္ဒာရဝိန္ဒာနံ (စန္ဒ+အရဝိန္ဒာနံ)-လစန်း ကြာပန်းတို့၏၊ ကစ္ဆံ-လှပတင့်တယ်ခြင်းဟူသော လမ်းစဉ်ကို၊ ဝါ-လှပတင့်တယ်ခြင်း ဟူသော အခိုက်အတန့်ကို၊ အတိက္ကမ္မ-ကျော်လွန်၍၊ အတ္တနာဝ-မိမိနှင့်သာလျှင်၊ သမံ-တူတော်မူသည်၊ ဇတံ-ဖြစ်ပါပေ၏၊ ဣတိ-ဤ ဥပမာသည်၊ အသာဓာရဏောပမာ-အသာဓာရဏောပမာ မည်၏၊ ဝါ-ဆက်ဆံခြင်းမရှိသောဥပမာ မည်၏။

၁၉၄။ ကစ္ဆံတျာဒိ။ ။အိုမြတ်စွာဘုရား... ရှင်တော်ဘုရား၏ မျက်နှာတော်သည် လစန်းနှင့် ကြာပန်းတို့၏ လှပတင့်တယ် နှစ်သက်ဖွယ် လမ်းစဉ်ကို ကျော်လွန်၍ မိမိတည်းဟူသော မျက်နှာတော်နှင့်သာ တူတော်မူပါသည် ဘုရား၊ ဤဥပမာသည် (အခြားဥပမာနှင့်မဆက်ဆံကြောင်းကို ပြသောကြောင့်) အသာဓာရဏောပမာ မည်၏။

ကစ္ဆံ။ ။ဤပုဒ်ကို ဋီကာသစ်၌ "ပဒဝိ-လမ်း"ဟုလည်းကောင်း, "အဝတ္ထံ"အခိုက်အတန့်"ဟုလည်းကောင်း ဖွင့်၏၊ "ကစ္ဆံ အတိက္ကမ္မ-လမ်းစဉ်ကို ကျော်လွန်ဟူရာ၌ "လနှင့်မျက်နှာတို့၏ အစွမ်းကုန် လှပတင့်တယ်နေသော လမ်းစဉ်ကို ကျော်လွန်"ဟု မှတ်၊ "အခိုက်အတန့်" ဟူသည်လည်း "လှပနေသော အခိုက်အတန့်"ပင်တည်း။ [လ-ကြာတို့မှာ မှုန်မွှား-ညှိုးနွမ်းလျက် မလှပသော အခိုက်အတန့်လည်း ရှိ၏။]

အတ္တနာဝ သမံ။ ။"အတ္တနာ"ဟူသည် မိမိတည်းဟူသော မျက်နှာပင်တည်း၊ လစန်း ကြာပန်းတို့နှင့် မတူဘဲ "မျက်နှာတော်သည် မျက်နှာတော်နှင့်သာ တူသည်"ဟူလို၊ အသာဓာရဏာ-အခြားဥပမာနှင့် မဆက်ဆံသော+ဥပမာ-မိမိ (မျက်နှာ)တည်းဟူသော ဥပမာတည်း၊ ဤစကားအရ မျက်နှာတော်သည် ဥပမာနလည်းဖြစ်, ဥပမေယျလည်းဖြစ်၏-ဟု မှတ်၊ ဤအသာဓာရဏောပမာကို အတုယူ၍ ကိုးခန်းပျို့၌ "သဒ္ဒါလက်သုံး, ကျမ်းရိုးထုံး၌, သီးရုံး သီးပွင့်, တူယှဉ်မြှင့်သော်, ငါနှင့် ငါသာ, နှိုင်းစရာဟု" စသည်ဖြင့် ဆိုသည်။

http://www.dhammadownload.com

အဘူတောပမာ

၁၉၅။ သဗ္ဗမ္ဘောဇပ္ပဘာသာရော, ရာသိဘူတော·ဝ ကတ္ထစိ၊
တဝါ·နနံ ဝိဘာတီ·တိ, ဟောတာ·ဘူတောပမာ အယံ။

၁၉၅။ (ဇိန-အို မြတ်စွာဘုရား၊) တဝ-ရှင်တော်မြတ်ဘုရား၏၊ အာနနံ-မျက်နှာတော်သည်၊ ကတ္ထစိ-တစ်စုံတစ်ခုသော အရပ်၌၊ ရာသိဘူတော-အစုဖြစ်၍ ဖြစ်သော၊ သဗ္ဗမ္ဘော ဇပဘာသာရောဝ-အလုံးစုံသော ကြာပန်းတို့၏ ကောင်းမြတ်သော တင့်တယ်ခြင်းကဲ့သို့၊ ဝိဘာတိ-အထူးအားဖြင့် တင့်တယ်ပါပေ၏၊ ဣတိ-ဤသို့သော၊ အယံ-ဤ ဥပမာသည်၊ အဘူတောပမာ-အဘူတောပမာ မည်သည်၊ ဝါ-ထင်ရှား မရှိသော ဥပမာမည်သည်၊ ဟောတိ-ဖြစ်၏။

ဋီကာသစ်။ ။ဣဟ ဥပမာနဘူတာနံ စန္ဒာရဝိန္ဒာနံ (လ-ကြာတို့၏) မုခဿ-မျက်နှာတော်အောက်) ဟီနဘာဝပဋိပါဒနဒ္ဓါရေန (ယုတ်ညံ့ကုန်သည်၏ အဖြစ်ကို ပြီးစေခြင်းကို အကြောင်းပြုသဖြင့်) စန္ဒာရဝိန္ဒေဟိ မုခံ တုလျန္တိ ဉာပနတော (သိစေခြင်းကြောင့်) စန္ဒာရဝိန္ဒာ အသာဓာရဏောပမာ၊ ဤသို့ လ-ကြာတို့ကို "အသာဓာရဏောပမာ" ဟု ဆိုထား၏၊ "အတ္တနာဝ သမံ"ဟူသော စကားကို ထောက်၍ ထို ဋီကာစကားကို စဉ်းစားကြပါလေ။

၁၉၅။ သဗ္ဗမ္ဘောဇတျာဒိ။ ။အိုမြတ်စွာဘုရား...တစ်စုံတစ်ခုသော နေရာ၌ စု၍ ထားသော ပဒုမ္မာကြာပန်းအားလုံး၏ အကောင်းဆုံး တင့်တယ်ပုံကဲ့သို့ ရှင်တော်ဘုရား၏ မျက်နှာတော်သည် အထူး တင့်တယ်တော်မူပါပေသည်၊ ဤဥပမာသည် အဘူတောပမာ မည်၏။

သဗ္ဗမ္ဘောဇပဘာသာရော။ ။ပဘာယေဝ+သာရော ပဘာသာရော= အမြတ်ဆုံး အလှဆုံး တင့်တယ်ခြင်း၊ ဋီကာ၌ "ဥတ္တမကန္တိ"ဟု ဖွင့်သည်၊ [သာရကို ဥတ္တမ, ပဘာကို ကန္တိ"ဟု ဖွင့်ခြင်းတည်း၊] သဗ္ဗမ္ဘောဇာနံ+ ပဘာသာရော သဗ္ဗမ္ဘောဇပဘာသာရော၊ ရာသိဘူတောဝ=ရာသိ ဘူတော+ဣဝ၊ "ဝိဘာတိ-ဝိသေသေန+ဘာတိ=အထူးသဖြင့် တောက်ပ ၏"ဟု သဒ္ဒါနက် ထွက်သော်လည်း "တင့်တယ်၏"ဟု အဓိပ္ပာယ်နက် သာ ဆိုလိုရင်းတည်း၊ ကြာပန်းအားလုံး တစ်နေရာ၌ စုနေသောအခါ

http://www.dhammadownload.com

အတ္ထဂမ္ဘီရပမာ၏အရှိ

၁၉၆။ ပတိယတေ.တ္ထဂမ္ဘာ တု, သဒ္ဒသာမတ္ထိယာ ကွစိ၊
သမာသပစ္စယေ ဝါဒိ–သဒ္ဒယောဂံ ဝိနာ အပိ။

၁၉၆။ ကွစိ-တချို့အရာ၌၊ အတ္ထဂမ္ဘာတု-အနက်အားဖြင့် သိအပ်သော ဥပမာကိုကား၊ သမာသပစ္စယေဝါဒိ သဒ္ဒယောဂံ-သမာသ်ပုဒ်သဒ္ဒါ, အာယစသော ပစ္စည်းသဒ္ဒါ, ဣဝါဒိဂုဏ်းသဒ္ဒါတို့နှင့် ယှဉ်ခြင်းကို၊ ဝိနာ အပိ-ကျဉ်၍လည်း၊ သဒ္ဒသာမတ္ထိယာ-သဒ္ဒါ၏အစွမ်းသတ္တိအားဖြင့်၊ ပတိယတေ-သိအပ် သိနိုင်၏။

အရောင်ထူး၍ မတောက်၊ ထူး၍သာ ရှုချင့်စဖွယ် တင့်တယ်သည်၊ ထို့ကြောင့် "တင့်တယ်ခြင်း"အနက်ကိုသာ ယူရမည်။

အဘူတောပမာ။ ။အဘူတာ-မဖြစ်နိုင်သော (လောကဥ် ကြာပန်းအားလုံး စုရုံးနေသည်ဟု မဖြစ်နိုင်သော၊) ဥပမာတည်း၊ အဘူတောပမာ၊ ဘုရားရှင်၏ မျက်နှာတော်သည် ပဒုမ္မကြာပန်း တစ်ပွင့်မျှ၏ တင့်တယ်ခြင်းနှင့် မနှိုင်းယှဉ်သင့်ပါ၊ ကမ္ဘာလောကဥ် ရှိရှိသမျှ ပဒုမ္မာကြာပန်းတို့ တစ်နေရာ၌ စုနေလျှင် ထိုစုနေကြသော ကြာပန်းတို့၏ တင့်တယ်ပုံနှင့်သာ နှိုင်းယှဉ်သင့်ပါသည်-ဟူလို။ ["ယထာပိ သေလာဝိပုလာ, နဘံ အာဟစ္စ ပဋ္ဌတာ"ဟူသော ဇရာ မရဏာတို့၏ ဥပမာလည်း အဘူတောပမာပင်တည်း။

~~~~~~~~~~~~

၁၉၆။ ပတိယတေတ္ထာဒိ။ ။သဒ္ဒဂမ္ဘီရပမာ-စသော ဥပမာသုံးမျိုးတွင် သဒ္ဒဂမ္ဘီရပမာကို (သမာသ, ပစ္စယ, ဣဝါဒိအားဖြင့် သုံးမျိုး ခွဲခြားလျက်) အကျယ်ပြပြီး၍ ယခုအခါ အတ္ထဂမ္ဘီရပမာကို အကျယ်ပြလိုသောကြောင့် "ပတိယတေတ္ထ"စသော အခ်ီဂါထာကို မိန့်သည်၊ ဆိုလိုရင်းကား-"ဥပမာန ဥပမေယျဝတ္ထုတို့၏ အစပ်သမွန်ဟူသော ဥပမာကို ထွန်းပြတတ်သော သမာသ်ပုဒ်, အာယစသော ပစ္စည်း, ဣဝါဒိဂိုဏ်း ဤသဒ္ဒါ ၃ မျိုး မပါဘဲ ဖွဲ့ဆိုထားသော သဒ္ဒါများ၏ ဥပမာကို ပြစွမ်းနိုင်သော အစွမ်းသတ္တိအားဖြင့် သိနိုင်သော ဥပမာကို အတ္ထဂမ္ဘီရပမာ ခေါ်သည်"ဟူလို။
~~~~~~~~~~~~

http://www.dhammadownload.com

သရူပေါပမာ

၁၉၇။ ဘိဂ်ါနေ·မာနိ စက္ခူနိ, နာ·မ္ဒုဇံ မုခ·မေဝိ·ဒံ၊
သုဗျတ္တသဒိသတ္တေန, သာ သရူပေါပမာ မတာ။

၁၉၇။ ဣမာနိ-မည်းနက်၍ လှုပ်ရှားသော, ဤဝတ္ထု ၂ ပါးတို့ကား၊ **နဘိဂ်ါနိ**-ပိတုန်းများ မဟုတ်ကြကုန်၊ **စက္ခူနိ**-မျက်လုံးတို့သာတည်း၊ **ဣဒံ**-လှပမွှေးကြိုင်, ရနံ့လှိုင်သော ဤဝတ္ထုကား၊ **နအမ္ဗုဇံ**-ပဒုမ္မာကြာပန်း မဟုတ်၊ **မုခမေဝ**-မျက်နှာသာတည်း၊ **သာ**-ထိုဥပမာကို၊ **သုဗျတ္တသဒိသတ္တေန**-အလွန်ထင်ရှားစွာ တူသည်၏အဖြစ်ကြောင့်၊ **သရူပေါပမာ**-သရူပေါပမာဟူ၍၊ **ဝါ**-သရုပ်ပေါ်လွင်သော ဥပမာဟူ၍၊ **မတာ**-သိအပ်၏။

၁၉၇။ ဣမာနိ နဘိဂ်ါနိ, စက္ခူနိ။ ။မည်းနက်သောအဆင်းရှိ၍ လှုပ်လှုပ် လှုပ်လှုပ် ဖြစ်နေသော ဤအရာဝတ္ထုကလေး ၂ ခုဟာ ပိတုန်းကလေး ၂ ကောင် မဟုတ်၊ မျက်စိ ၂ လုံးသာ ဖြစ်၏၊ ဤစကား၌ "မျက်စိ ၂ လုံးသည် ပိတုန်း ၂ ကောင်နှင့် တူ၏"ဟူသော ဥပမာဇောတက "ဣဝ"စသောသဒ္ဒါများ မပါသော်လည်း "နဘိဂ်ါနိ, စက္ခူနိ" ဟူသော သဒ္ဒါတို့မှာ "ပိတုန်း ၂ ကောင်နှင့် မျက်လုံး ၂ လုံးတို့ တူကြ၏" ဟူသော ဥပမာကို ပြစွမ်းနိုင်သော သတ္တိရှိ၏၊ ထိုသတ္တိရှိကြောင်းကို လည်း စကားသုံးထားပုံကို ကြည့်၍ သိနိုင်၏၊ ထို့ကြောင့် "ပိတုန်းကလေး ၂ ကောင်သည် ဥပမာန, မျက်စိ ၂ လုံးကား ဥပမေယျ, မည်းနက်သော အဆင်းအရောင်နှင့် လှုပ်ရှားပုံအားဖြင့် တူမျှသော အစပ်သမ္ဗန်မှာ ဥပမာတည်း"ဟု ခွဲပါ။

နအမ္ဗုဇံ မုခမေဝ ဣဒံ။ ။ဤအရာဝတ္ထုသည် (လှပမွှေးကြိုင်သောကြောင့် "ပဒုမ္မာကြာပန်း"ဟု ထင်စရာကောင်းသော်လည်း) ပဒုမ္မာကြာပန်း မဟုတ်ပါ၊ လှပသောမျက်နှာသာလျှင် ဖြစ်၏၊ ဤ၌လည်း ဥပမာဇောတက မပါ၊ စကားသုံးပုံကို ကြည့်၍ "ကြာပန်းသည် ဥပမာန, မျက်နှာသည် ဥပမေယျ၊ မျက်နှာနှင့် ကြာပန်းတို့၏ တူမျှသော အလှဂုဏ်-အမွှေးဂုဏ်သည် ဥပမာတည်း"ဟု သိနိုင်၏။

သုဗျတ္တ၊ပေ၊မတာ။ ။"တူသည်"ဟု တိုက်ရိုက်မဆိုသော်လည်း ဆိုထားသော စကားများဖြင့် "တူကြောင်း"ထင်ရှားရကား သရူပေါပမာ

http://www.dhammadownload.com

ပရိကပ္ပောပမာ

၁၉၈။ မယေ.ဝ မုခသောဘာ.သေ, တျလ.မိန္ဒု ဝိကတ္ထနာ၊
ယတော.မ္ဟဇေပိ သာ.တ္ထိတိ, ပရိကပ္ပောပမာ အယံ။

၁၉၈။ ကွန္ဒု-အိုလမင်း၊ အသ-ဤလောကထွတ်တင်, ဘုရားရှင်၏၊ မုခသောဘာ-မျက်နှာတော်၏ သာယာသပ္ပာယ်, တင့်တယ်ခြင်းသည်၊ မယေဝ-ငါတစ်မျိုးတည်း၌သာလျှင်၊ အတ္ထိ-ရှိ၏၊ ကွတိ-ဤသို့၊ ဝိကတ္ထနာ-မိမိကိုယ်ကို ချီးမြှောက်ခြင်းသည်၊ ဝါ-ကြွားဝါခြင်းသည်၊ အလံ-မသင့်ပါ၊ (ကသ္မာ-အဘယ့်ကြောင့်နည်း၊) ယတော-အကြင့်ကြောင့်၊ သာ (မုခသောဘာ)-ထိုဘုရားမြတ်စွာ, ရွှေမျက်နှာ၏, သာယာသပ္ပာယ်, တင့်တယ်ခြင်းမျိုးသည်၊ အမ္ဟဇေပိ-ပဒုမ္မာကြာ၌လည်း၊ အတ္ထိ-ရှိပါသေး၏၊ ကွတိ-ထို့ကြောင့်တည်း၊ အယံ-ဤဥပမာသည်၊ ပရိကပ္ပောပမာ-ပရိကပ္ပောပမာ မည်၏၊ ဝါ-ကြံစည်ခြင်းဖြင့် ပြောဆိုအပ်သော ဥပမာ မည်၏။

မည်၏၊ [သုဋ္ဌု+ဗျတ္တံ သုဗျတ္တံ၊ သုဗျတ္တံ စ+တံ+သဒ်သတ္တစ္ဆာတိ သုဗျတ္တသဒ်သတ္တံ=အလွန်ထင်ရှားသော တူသည်၏အဖြစ်၊ သမာနံ+ရူပံ ယဿာတိ သရူပါ၊ သရူပါ စ+သာ+ဥပမာ စာတိ သရူပေါပမာ၊] "တူသည်"ဟု တိုက်ရိုက်မဆိုသော်လည်း တူပုံသရုပ် ပေါ်လွင်သောကြောင့် သရူပေါပမာ မည်၏။

၁၉၈။ မယေဝတျာဒိ။ ။အိုလမင်း... "ဤလောကထွတ်တင် ဘုရားရှင်၏ မျက်နှာတော် သပ္ပာယ်ပုံသည် ငါတစ်ခုတည်း၌သာ ရှိ၏" ဟု ကိုယ့်ကိုယ်ကို ချီးမွမ်းခြင်း (ကြွားဝါခြင်း)ဌာ မသင့်ပါ၊ ဘာ့ကြောင့် မသင့်သနည်းဟု ဆိုလျှင်, ထိုမျက်နှာတော်၏ လှပတင့်တယ် သပ္ပာယ်ပုံသည် ပဒုမ္မာကြာ၌လည်း ရှိသောကြောင့်ပါတည်း၊ ဤဥပမာသည် (လတည်းဟူသော ဥပမာနက မိမိကိုယ်ကို မချီးမွမ်းပါဘဲ ချီးမွမ်းသကဲ့သို့ ကြံစည်၍ ဆိုအပ်သောကြောင့်) ပရိကပ္ပောပမာ မည်၏။

ပုဒ်စစ်။ ။မယေဝ-မယိ ဧဝ၊ "ဧဝ"ဟု ဆိုသောကြောင့် "ဧကကေ မယိဧဝ-တစ်ခုတည်းသော ငါ၌သာ"ဟု ဧဝ၏ သာမတ္ထိယတ္ထ (ဧဝ သဒ္ဒါက ဟောစွမ်းနိုင်သော) ဧကကသဒ္ဒါကို ထည့်၍ ဋီကာဖွင့်သည်၊

http://www.dhammadownload.com

သံသယောပမာ

၁၉၉။ ကိံ·ဝါ·မ္ဗုဇ·နွှောဘန္တာလိ, ကိံ လောလနယနံ မုခံ၊
မမ ဒေါဋ္ဌာယတေ စိတ္တ–မိစ္စ·ယံ သံသယောပမာ။

၁၉၉။ အနွှောဘန္တာလိ-အတွင်း၌ လှုပ်ရှားသော ပိတုန်းအစုံရှိသော၊ အမ္ဗုဇံ ကိံ ဝါ-ပဒုမ္မာကြာပန်းလေလော၊ လောလနယနံ-လှုပ်ရှားသော မျက်လုံးအစုံရှိသော၊ မုခံ ကိံ ဝါ-မျက်နှာလေလော၊ ဣတိ-ဤသို့၊ မမ-ငါ၏၊ စိတ္တံ-စိတ်သည်၊ ဒေါဋ္ဌာယတေ-ပုခက်အလား,

---

ကတ္ထဓာတ်သည် သိလာဃနအနက်ကို ဟော၏၊ ထို့ကြောင့် "အတ္တ သိလာဃနေန (မိမိကိုယ်ကို ချီးမွမ်းခြင်းဖြင့်) အလံ နိပ္ပယောဇနံ (အကျိုးမရှိ)"ဟု ဖွင့်သည်၊ "သိလာဃနေန"ဟု နာဝိဘတ်ဖြင့် ဖွင့်ခြင်းကား "အလံ မေ ဗုဒ္ဓေန"စသည်ကို နည်းမှီးဟန် တူသော်လည်း ထို၌ အလမတ္ထသမ္ပဒါန်ဖြစ်၍ "မေ"ပါသောကြောင့် "ဗုဒ္ဓေန"ဟု ရှိနိုင်၏၊ ဤ၌ကား သမ္ပဒါန်မပါသောကြောင့် "သိလာဃနေန"ဟု မဖွင့်သင့်၊ ဝိကတ္ထနာလည်း ဝိပုဗ္ဗကတ္ထဓာတ်, ယုပစ္စည်း, ဣတ္ထိဇောတက အာပစ္စည်းဖြင့် ပြီးသော ပဌမာဝိဘတျန္တပုဒ်သာ။ ["ကတ္ထနာ စ သ်လာဃာ စ, ဝဏ္ဏနာ စနုတိတ္ထုတိ"-အဘိဓာန်(၁၁၈)၊] သာတ္ထိ-သာ+အတ္ထိ၊ ပရိကပ္ပေန-ကြံစည်ခြင်းဖြင့်+ဝုတ္တာ+ဥပမာ ပရိကပ္ပောပမာ။

မှတ်ချက်။ ။လသည် ဥပမာန, မျက်နှာတော်သည် ဥပမေယျ၊ လှပတင့်တယ်ခြင်းအားဖြင့် တူညီပုံ ဥပမာကို တိုက်ရိုက် မပြသော်လည်း"မယေဝ မုခသောဘာ"စသော စကားအသွားအလာကို ကြည့်၍ ထိုစကား၏ အနက်အားဖြင့် လ၌ မျက်နှာတော်နှင့် တူသော လှပတင့်တယ်ခြင်းဂုဏ် ရှိကြောင်းကို သိရသောကြောင့် "အတ္ထဂမ္မူပမာ" တွင် ပါဝင်သော ဥပမာအလင်္ကာတစ်မျိုး ဖြစ်လေသည်။

၁၉၉။ ကိံဝါမ္ဗုဇနွှောဘျာဒိ။ ။အိုအဆွေတို့...ဟိုအရာဝတ္ထုကား အတွင်း၌ လှုပ်နေသော ပိတုန်းကလေး ၂ ကောင်ဖြင့် တင့်တယ်သော ပဒုမ္မာကြာပွင့်လေလား၊ (ဒါမှ မဟုတ်လျှင်) လှုပ်ရှားသော

http://www.dhammadownload.com

နှစ်ဖက်သွားလျက်, ယုံမှား၍ နေပါ၏၊ အယံ-ဤ ဥပမာသည်၊ သံသယောပမာ-သံသယောပမာ မည်၏၊ ဝါ-သံသယဖြင့် ဆိုအပ်သော ဥပမာ မည်၏။

မျက်လုံးကလေး အစုံဖြင့် တစ်မျိုးတစ်ဖုံ တင့်တယ်သော မျက်နှာလေလား၊ ဤသို့ ဧယင်ပုခက်သည် (ဟိုဘက် ရောက်လိုက်, ဒီဘက် ရောက်လိုက်နှင့်) ယိမ်းနေသကဲ့သို့ ငါ၏စိတ်မှာလည်း (ဟိုဟာလေလား, ဒီဟာလေလား)ဟု ယုံမှားသံသယ ဖြစ်နေပါသည်။

ပုဒ်စစ်။ ။ကိံဝါမွဓေန္တောဘန္တာလိ-ကိံဝါ+အမွဓံ+အန္တောဘန္တာလိ၊ ဘမန္တိ-လှုပ်ကုန်၏၊ ဣတိ ဘန္တာ၊ ဘန္တာ စ+တေ+အလိနော စာတိ ဘန္တာလိနော၊ အန္တော+ဘန္တာလိနော ယသ္မိံတိ အန္တောဘန္တာလိ-အတွင်း၌ လှုပ်သော ပိတုန်းအစုံရှိသော ပဒုမ္မာကြာ၊ လောလာနိ (လှုပ်ကုန်သော) နယနာနိ ယသ္မိံတိ လောလနယနံ (မုခံ)၊ ဒေါဠာ ဝိယ အာစရတိ-ပြုကျင့်၏၊ ဝါ-ဖြစ်၏၊ ဒေါဠာယတေ-(ဒေါဠာနောင် အာစာရအနက် အာယပစ္စည်း)၊ မျက်နှာသည် ပဒုမ္မာကြာနှင့် တူ၏၊ မျက်နှာ၌ (မျက်နှာသေကြီးလို မဟုတ်ဘဲ) လှုပ်လှုပ်ရှားရှားနေသော မျက်လုံးအစုံသည် ပဒုမ္မာကြာပန်းအတွင်း၌ လှုပ်လှုပ်လှက်လှက်နှင့် ပေါ်ထွက်နေသော ပိတုန်း ဖိုမ အစုံနှင့် တူသည်-ဟူလို၊ သံသယေန (ယုံမှားဖြစ်ခြင်းဖြင့်)+ဝုတ္တာ+ဥပမာ သံသယောပမာ။

မှတ်ချက်။ ။ဤဂါထာ၌ မျက်နှာ၏ ပဒုမ္မာကြာနှင့် တူကြောင်းကို ဖော်ပြသော ဥပမာဇောတက တိုက်ရိုက်မပါသော်လည်း ပဒုမ္မာကြာနှင့် မျက်နှာတစ်ခုခု အပေါ်မှာ ဆုံးဖြတ်ချက် မချနိုင်ဘဲ ဧယင်ပုခက်သွားနေသလို တစ်ခါတစ်ခါ ပဒုမ္မာကြာလေလားဟု ဟိုဘက်သို့ စိတ်ရောက်သွားလိုက်, တစ်ခါတစ်ခါ မျက်နှာလေလားဟု ဒီဘက်သို့ စိတ်ပြန်လာလိုက်နှင့် စိတ်ပုခက် လွှဲနေလောက်အောင် သံသယဖြစ်နေကြောင်းပြသော စကား၏ အနက်အဓိပ္ပာယ်အရဖြင့် မျက်နှာ၏ ပဒုမ္မာကြာနှင့် တူကြောင်းကို သိရသောကြောင့် အတ္ထဂမ္မူပမာတွင် ပါဝင်သော ဥပမာအလင်္ကာတစ်မျိုး ဖြစ်ရလေသည်။

http://www.dhammadownload.com

ပတိဝတ္ထုပမာ၏ သဘော

၂၀၀။ ကိဉ္စိ ဝတ္ထုံ ပဒဿေတွာ, သဓမ္မဿာ·ဘိမာနတော၊
သာမျုပ္ပတိတိသဗ္ဘာဝါ, ပတိဝတ္ထုပမာ ယထာ။

၂၀၀။ ကိဉ္စိ-တစ်စုံတစ်ခုသော၊ ဝတ္ထုံ-ဥပမေယျဝတ္ထုကို၊ ပဒဿေတွာ-ပထမပြပြီး၍၊ သဓမ္မဿ-တူမျှသော သဘောရှိသော ဥပမာန ဝတ္ထုကို၊ အဘိမာနတော-ဆိုခြင်းအားဖြင့်၊ သာမျုပ္ပတိတိသဗ္ဘာဝါ-တူမျှသည်၏အဖြစ်ကို သိရခြင်း၏ ထင်ရှားရှိသည်၏အဖြစ်ကြောင့်၊ ပတိဝတ္ထုပမာ-ပတိဝတ္ထုပမာ မည်၏၊ ယထာ-ဥဒါဟရုဏ်ကား။....

၂၀၀။ ကိဉ္စိ ဝတ္ထုံတျာဒိ။ ။တစ်စုံတစ်ခုသော (ဆိုလိုအပ်သော) ဥပမေယျဝတ္ထုကို ပထမပြပြီး၍ တူသောသဘောရှိသော ဥပမာနဝတ္ထုကို နောက်မှ ပြဆို၏၊ ထိုသို့ ပြဆိုခြင်းအားဖြင့် တူသည်၏အဖြစ် (တူကြောင်း)ကို သိသော အသိဉာဏ်သည် ထင်ရှားလာ၏၊ ထိုသို့ ထင်ရှားခြင်းကြောင့် ပတိဝတ္ထုပမာ အမည်ရသည်။["ဥပဒဿေတွာတိ-ပဌမံ နိဒဿေတွာ"ဟု ဋီကာပါဠိကို တွေ့ရ၏၊ ဥပ မဟုတ်၊ "ပဒဿေတွာတိ-ပဌမံ နိဒဿေတွာ"ဟု ရှိစေရမည်၊ ပ ဥပသာရသည် အာဒိကမ္မ အနက်ဟောတည်း၊ သဒိသံ+ဝတ္ထု ပတိဝတ္ထု၊ ပတိသဒ္ဒါသည် သဒိသအနက်ဟော၊ ပတိဝတ္ထုနော+ဝုတ္တာ+ဥပမာ ပတိဝတ္ထုပမာ။]

သဓမ္မဿာ၊ပေ၊သဗ္ဘာဝါ။ ။သမာနော+ဓမ္မော ယဿ (ပါရိဇာတာဒိဝတ္ထုနော) ဣတိ သဓမ္မံ-တူသောသဘောရှိသော ပင်လယ်ကသစ်ပင် စသော ဥပမာနဝတ္ထု၊ အဘိဓီယတေ-ဆိုခြင်း၊ အဘိမာနံ-ခြင်း၊ "ဥပမာနဝတ္ထုကို နောက်မှ ပြဆိုခြင်းအားဖြင့်"ဟူလို၊ သမာနံ-တူသောဥပမာန ဥပမေယျဝတ္ထုတို့၏+ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာ (တူမျှခြင်း)တည်း၊ သာမျံ-ခြင်း၊ ပတီတိဒ္ဓ ပတိပုဗ္ဗ, ဣမာတ်, တိပစ္စည်း၊ ပတီယနံ-သိခြင်း+ပတိတိ-သိခြင်း၊ သာမျဿ-တူကုန်သည်၏အဖြစ် (တူညီခြင်းဥပမာ)ကို+ပတိတိ-သိရခြင်းတည်း၊ သာမျုပ္ပတိတိ-ခြင်း၊ သာမျုပ္ပတိတိယာ-၏+သဗ္ဘာဝေါ-ထင်ရှားရှိသည်၏အဖြစ်တည်း၊ သာမျုပ္ပတိတိသဗ္ဘာဝေါ-အဖြစ်၊ "တသ္မာ သာမျုပ္ပတိတိသဗ္ဘာဝါ"ဟု ဝိဘာဝျန္တခံ။

http://www.dhammadownload.com

ပတိဝတ္ထုပမာပုံစံ

၂၀၁။ ဇနေသု ဇာယမာနေသု, နေ.ကောပိ ဇိနသာဒိသော၊
ဒုတိယော နနု နတ္ထေ.ဝ, ပါရိဇာတဿ ပါဒပေါ။

၂၀၁။ ဇာယမာနေသု-ဖြစ်ပေါ်လာကုန်သော၊ ဇနေသု-သတ္တဝါတို့တွင်၊ ဇိနသာဒိသော-မြတ်စွာဘုရားနှင့်တူသော၊ နကောပိ-တစ်ယောက်တလေမျှလည်း။ နနု-မရှိချေ၊ ပါရိဇာတဿ-ပင်လယ်ကသစ်ပင်၏၊ ဒုတိယော-၂ ပင်မြောက်ဖြစ်သော၊ ပါဒပေါ-သစ်ပင်သည်၊ နတ္ထေဝ နနု-မရှိသည်သာလျှင် အမှန်ဖြစ်ပါပေ၏။

၂၀၁။ ဇနေသု၊ပေ၊ပါဒပေါ။ ။ရှေ့ ၂ ပါဒဖြင့် ဘုရားရှင်ဟူသော ဥပမေယျကို ပထမ ပြ၏၊ ပဋိသန္ဓေ တည်နေ ပေါက်ဖွားကြသော သတ္တဝါအများတွင် ဘုရားရှင်နှင့် သီလစသော ဂုဏ်အားဖြင့် တူသူ တစ်ယောက်မျှ မပေါ်ပေါက်ချေ၊ နောက် ၂ ပါဒဖြင့် ဥပမာနဝတ္ထုကို နောက်မှ ပြသည်။ ["နနုတိ အနုမတိယံ, အနုညာယံ"ဟု ဋီကာများဖွင့်ကြ၏၊ ပင်လယ်ကသစ်ပင်နှင့်တူသော သစ်ပင်၏ မရှိကြောင်း (မရှိတာ မှန်ကြောင်း) ခွင့်ပြုခြင်းကို အနုညာဟု ဆိုသည်၊ ထို့ကြောင့် "နတ္ထေဝ နနု-မရှိသည်သာလျှင် မဟုတ်ပါလော"ဟု ရှေးက အနက်သည် နနု၏ အနုညာအနက် မဟုတ်, ပဋုအနက်ဖြစ်သောကြောင့် ဋီကာများနှင့် မညီ။]

ဋီကာ။ ။ကျဟ (ဤဂါထာ၌) ပါရိဇာတရုက္ခဿ အညေဟိ ရုက္ခေဟိ ဥတ္တမတ္တဉ္စ ပုဒ္ဓဿ အညေသု သတ္တေသု ဥတ္တမတ္တဉ္စာတိ ဣဒံ ဒွယံ (ဤအမြတ်ဂုဏ် ၂ ပါးသည်) ဥပမာနောပမေယျဘူတာနံ ဒွိန္နံ သာမျံ နာမ၊ ဧတံ သာမျံ-ဤတူသည်၏အဖြစ်သည်၊ ဝါ-ကို၊ ဝုတ္တတ္ထဿ သမတ္ထနဝသေန-ဆိုအပ်ပြီးသော ဥပမေယျအနက်ကို ပြီးစေခြင်း၏ အစွမ်းဖြင့်၊ ပတိဝတ္ထုဘူတဿ ပါရိဇာတဿ ရုက္ခေဟိ အသမာနတ္ထကထနေနေဝ ဇောတိတံ ဟောတိ၊ ဆိုလိုရင်းကား-ဥပမာဇောတက မပါသော်လည်း "ပင်လယ်ကသစ်ပင်သည် အတူ မရှိ"ဟူသော စကား၏ သာမတ္ထိယအားဖြင့် "ဘုရားရှင်သည် ပင်လယ်ကသစ်ပင်နှင့် အမြတ်ဆုံးဂုဏ်အားဖြင့် တူသည်"ဟူသော အနက်ကို သိနိုင်ရကား အတ္ထုပမာတွင် ပါဝင်သော ဥပမာအလင်္ကာတစ်မျိုးဖြစ်သည်-ဟူလို။

http://www.dhammadownload.com

ဝါကျတ္ထောပမာနှင့်အပြား

၂၀၂။ ဝါကျတ္ထေနေဝ ဝါကျတ္ထော, ယဒိ ကောစျုပမိယတေ၊
ကျဝယုတ္တဝိယုတ္တတ္တာ, သာ ဝါကျတ္ထောပမာ ဒ္ဝိဓာ။

၂၀၂။ (ယသ်-အကြင်ဥပမာ၌၊) ကောစိ-တစ်စုံတစ်ခုသော၊ ဝါကျတ္ထော-ဝါကျ၏အနက်ဖြစ်သော ဥပမေယျကို၊ ဝါကျတ္ထေနေဝ-ဝါကျတစ်ခုလုံး၏ အနက်ဖြစ်သော ဥပမာနဖြင့်သာလျှင်၊ ယဒိ ဥပမိယတေ-အကယ်၍ နှိုင်းယှဉ်အပ်သည် ဖြစ်အံ့၊ (ဧဝံသတိ-ဤသို့ နှိုင်းယှဉ်အပ်သည် ရှိသော်၊) သာ-ထိုဥပမာသည်၊ ဝါကျတ္ထောပမာ-ဝါကျတ္ထောပမာ မည်၏၊ ကျဝယုတ္တဝိယုတ္တတ္တာ-ကျဝါဒိဂုဏ်းသဒ္ဒါနှင့် ယှဉ်-မယှဉ်၏ အဖြစ်ကြောင့်၊ ဒ္ဝိဓာ-၂ ပါး ပြား၏။

၂၀၂။ ဝါကျတ္ထေနေဝတျာဒိ။ ။"သဒ္ဒတ္ထဂမ္ဘာ ဝါကျတ္ထဝိသယာတိ စ သာ တိဓာ"ဟူသော ၃ မျိုးတွင် အတ္ထဂမ္ဘုပမာကို အကျယ် ပြပြီး၍ ဝါကျတ္ထဝိသယူပမာကို အကျယ်ပြလိုသောကြောင့် "ဝါကျတ္ထေနေဝ" စသည်ကို မိန့်၊ ဝါကျ၏အနက်ကို (တစ်ပုဒ်တည်းဖြင့် ဥပမာမပြုဘဲ) ဝါကျတစ်ခုလုံး၏ အနက်ဖြင့်သာ အကယ်၍ ဥပမာပြုအပ်သည် ဖြစ်အံ့၊ ထိုဥပမာသည် ဝါကျတ္ထောပမာ မည်၏၊ ကျဝါဒိဂုဏ်းသဒ္ဒါပါ, မပါအားဖြင့် ၂ မျိုး ပြား၏၊ "ကျဝယုတ္တဝါကျတ္ထောပမာ, ကျဝဝိယုတ္တဝါကျတ္ထောပမာအားဖြင့် ၂ မျိုး ပြားသည်"ဟူလို။

ဝစနတ္ထ။ ။ဝါကျဿ + အတ္ထော ဝါကျတ္ထော၊ ဝါကျတ္ထော ဧတိဿာတိ ဝါကျတ္ထာ (ဝါကျအနက်ရှိသော ဥပမာ)၊ ဝါကျတ္ထာ စ+သာ+ဥပမာ စာတိ ဝါကျတ္ထောပမာ၊ ဤဝါကျတ္ထောပမာကိုပင် (ဝါကျအနက်ဟူသော အရာရှိသောကြောင့်) ဝါကျတ္ထဝိသယူပမာ"ဟု ရှေ့ခေါင်းစဉ်ပြတုန်းက နာမည်တပ်ခဲ့သည်၊ ကျဝယုတ္တ၌ ကျဝကို မှတ်၍ ဆိုထားသည်၊ ထို့ကြောင့် ကျဝဖြင့် ကျဝါဒိဂုဏ်းသဒ္ဒါ အားလုံးကို ယူပါ။ [ကျဝယုတ္တသည် ကျဝသဒ္ဒါဖြင့် သိရသောကြောင့် သဒ္ဒဂမ္ဘုပမာ သဘောမျိုးတည်း၊ ကျဝဝိယုတ္တသည် ကျဝါဒိဂုဏ်းသဒ္ဒါ မပါဘဲ အနက်အားဖြင့်သာ သိရသောကြောင့် အတ္ထဂမ္ဘုပမာ သဘောမျိုးတည်း။

http://www.dhammadownload.com

ဣဝဝိယုတ္တဝါကျတ္ထောပမာ

၂၀၃။ ဇိနော သံဂ္လေသတတ္တာန-မာဝိဘူတော ဇနာန•ယံ၊ ဃမ္မသန္တာပတတ္တာနံ, ဃမ္မကာလေ•မ္ဗုဒေါ ဝိယ။

၂၀၃။ အယံ ဇိနော-ဤမြတ်စွာဘုရားသည်၊ သံဂ္လေသတတ္တာနံ-ကိလေသာဟူ, အပူမီးသည် လောင်အပ်ကုန်သော၊ ဇနာနံ-သတ္တဝါတို့၏၊ ဝါ-သတ္တဝါတို့အတွက်၊ အာဝိဘူတော-လောက၌ ထင်ရှားစွာဖြစ်ပေါ်လာတော်မူပါပေ၏၊(ကိမိဝ-အဘယ်ကဲ့သို့နည်း၊)ဃမ္မကာလေ-နွေအခါ၌၊ ဃမ္မသန္တာပတတ္တာနံ-နွေအပူသည် နှိပ်စက်အပ်ကုန်သော သတ္တဝါတို့၏၊ ဝါ- တို့အတွက်၊ အမ္ဗုဒေါ ဝိယ- ရေကို ပေးတတ်, မိုးတိမ်မြတ်ကဲ့သို့တည်း။

၂၀၃။ ဇိနောတျာဒိ။ ။"ဇိနော သံဂ္လေသတတ္တာန-မာဝိဘူတော ဇနာနယံ" ဝါကျသည် ဥပမေယျဝါကျ၊ ဤဥပမေယျဝါကျကိုပင် "ဝိသေသျဝါကျ"ဟု ဋီကာ ဆို၏၊ "ဃမ္မ၊ပေ၊ဝိယ"ဟူသော ဝါကျသည် ဥပမာနဝါကျ၊ ဤဥပမာနဝါကျကိုပင် "ဝိသေသနဝါကျ"ဟု ဋီကာ ဆို၏၊ ဤသို့ ၂ ဝါကျကွဲနေသော်လည်း ဝါကျ၏ အနက်အားဖြင့်ကား "နွေအပူ နှိပ်စက်အပ်သူတို့အတွက် နွေအခါ၌ မိုးတိမ်နှင့်တူသော (ဝိသေသန) ဤဘုရားရှင်သည် ကိလေသာအပူ နှပ်စက်အပ်သူတို့အတွက် ထင်ရှားပွင့်ပေါ်လာရသည်"ဟု တစ်ခုတည်းပင် မှတ်ရမည်။

ဋီကာ။ ။ဣဟ ဥတ္တရဝါကျတ္ထော ဘေဒကတ္တာ (အထူးပြုတတ်သည်၏ အဖြစ်ကြောင့်) ဝိသေသနံ ဟောတိ၊ ပုဗ္ဗဝါကျတ္ထော ပန ဘေဒျတ္တာ(အထူးပြုအပ်သည်၏အဖြစ်ကြောင့်) ဝိသေသျော ဟောတိ၊ ဝါကျဘေဒေ သတိပိ ဝါကျတ္ထတော ဧကော ဝါတိ ဒဋ္ဌဗ္ဗော၊ ဧဝံ ဥတ္တရတြပိ=နောက်ဂါထာ၌လည်း နည်းတူ။

သံဂ္လေ၊ပေ၊ဃမ္မကာလေ။ ။သံဂ္လေသေန+တတ္တာ သံဂ္လေသတတ္တာ-ကိလေသာသည်+ပူလောင်အပ်သော သတ္တဝါတို့၊ ဃရဓာတ်(သေက-သွန်လောင်းခြင်းအနက်) ရမ္မပစ္စည်း၊ ဃရီယတေတိ ဃမ္မံ-ရေဖြင့် သွန်လောင်းအပ်သော အပူ၊ ဃရီယတေ ဧတ္ထာတိ ဃမ္မံ-ရေဖြင့် သွန်လောင်းအပ်ရာအခါ (နွေအခါ)၊ ဃမ္မော ဧဝ + သန္တာပေါ

http://www.dhammadownload.com

ကျဝဝိယုတ္တဝါကျတ္ထောပမာ

၂၀၄။ မုနိန္ဒာနန•မာဘာတိ, ဝိလာသေက•မနောဟရံ၊
ဥဒ္ဒံ သမုဂ္ဂတသာပိ, ကိ တေ စန္ဒ ဝိဇမ္ဘနာ။

၂၀၄။ ဝိလာသေက• မနောဟရံ-တင့်တယ်စံပယ်ခြင်းအားဖြင့် ပြိုင်ဘက်မပြု, စိတ်နှလုံးကို အဆောင်နိုင်ဆုံး ဖြစ်တော်မူသော၊ မုနိန္ဒာနန် - ဘုရားမြတ်စွာ, ရွှေမျက်နှာတော်သည်၊ အာဘာတိ-

---

ယမ္မသန္တာပေါ၊ ယမ္မသန္တာပေန-လွန်စွာ ပူလောင်တတ်သော နွေအပူသည်+တတ္တာ-လောင်အပ်သူတို့တည်း၊ ယမ္မသန္တာပတတ္တာ-တို့။

အမ္မုဒေါ ဝိယ။ ။အမ္မံ-ရေကို၊ ဒဒါတိ-ပေးတတ်၏၊ ကြွတိ အမ္မုဒေါ၊ ဤ နောက်ဝါကျ၌ ပါသော ဝိယသဒ္ဒါသည် ထိုနောက်ဝါကျ၌ ရှိသော "နွေနေပူ နှိပ်စက်အပ်သူတို့၏"ဟူသောဂုဏ်(ဝိသေသနသမ္ဘန်)တို့၏လည်းကောင်း, မိုးတိမ်ဟူသော ဂုဏီ (ဝိသေသျသမ္ဘန္ဓီ)တို့၏လည်းကောင်း ရှေ့ဝါကျအနက်များနှင့် (တူသောသဘောဟူသော) ဥပမာကို တိုက်ရိုက်ထွန်းပြ၏၊ ရှေ့ဝါကျ၏ "ကိလေသာပူ နှိပ်စက်အပ်သူတို့၏+ဘုရားရှင်"ဟူသော ဂုဏ်+ဂုဏီ(ဝိသေသနသမ္ဘန်+ဝိသေသျသမ္ဘန္ဓီ)တို့၏ တူသောသဘာကိုကား အညထာ•နုပပတ္တိ-"တူခြင်းမှတစ်ပါး မတူခြင်းဟူသော အခြားနည်း၏ မဖြစ်သင့်ခြင်း"ဟူသော နည်းဖြင့် သိရသည်။

ဋီကာ။ ။ဥတ္တရဝါကျေ ကျဝ (ဝိယ)သဒ္ဒေါ် တသ္မိံယေဝ (ထို နောက်ဝါကျ၌ပင်) ဂုဏဂုဏီပဒတ္ထာနံ သဒိသတ္တံ ဒီပေတိ၊ ပုဗ္ဗဝါကျေ ဂုဏဂုဏီနံ သဒိသတ္တံ ပန ဥတ္တရဝါကျတ္ထသ ပုဗ္ဗဝါကျေန သမာနတ္တံ ဝိနာ အညထာနုပပတ္တိယာ ဉာယတိ။ [ဤဂါထာသည် "အမ္မုဒေါ ဝိယ"ဟု ကျဝါဒိဂုဏ်းသဒ္ဒါနှင့် ယှဉ်သောကြောင့်လည်းကောင်း, တစ်ဝါကျလုံး၏ အနက်လျှင် ဟောရာရှိသောကြောင့်လည်းကောင်း "ကျဝယုတ္တဝါကျတ္ထဝိသယူပမာ"ပုံစံ ဖြစ်သည်၊ ဓမ္မပဒလာ အောက်ပါဂါထာလည်း ကျဝယုတ္တဝါကျတ္ထဝိသယူပမာပင်တည်း။]

ယထာ ဒဏ္ဍေန ဂေါပါလော, ဂါဝေါ ပါဇေတိ ဂေါစရံ၊
ဧဝံ ဇရာ စ မစ္စု စ, အာယုံ ပါဇေန္တိ ပါဏိနံ။

http://www.dhammadownload.com

ထွန်းလင်း တောက်ပတော်မူပါပေ၏၊ စန္ဒ-အိုလမင်း၊ ဥဒ္ဓံ-အထက် ကောင်းကင်သို့၊ သမုဂ္ဂတဿာပိ-တက်သည်လည်း ဖြစ်သော၊ တေ-သင်လမင်း၏၊ ဝိဇမ္ဘနာ-ငါတကားဟု, ပလ္ဘား ကြုံးဝါးခြင်းသည်၊ ကိံ-အဘယ်အကျိုးရှိအံ့နည်း။

၂၀၄။ မုနိန္ဒာနနံ၊ပေ၊မနောဟရံ။ ။ဧကံ+(အပြိုင်မရှိသည်) ဟုတွာ+မနောဟရံ ဧကမနောဟရံ၊ ဝိလာသေန+ဧကမနောဟရံ ဝိလာသေကမနောဟရံ=တင့်တယ်စံပယ်ခြင်းအားဖြင့် ပြိုင်ဘက်မရှိ အောင်မြင်ရသူတို့၏ စိတ်နှလုံးကို ဆွဲဆောင်နိုင်သော ဘုရားမြတ်စွာ ရွှေမျက်နှာတော်သည် လွန်စွာတင့်တယ် သပ္ပာယ်တော်မူပါပေ၏။

ဥဒ္ဓံ၊ပေ၊ဝိဇမ္ဘနာ။ ။အိုလမင်း...အသင့်မှာ ကောင်းကင်သို့ တက်သွား၍ ငါတကားဟု ကြွားနေခြင်းသည် အကျိုးမရှိပါ၊ [ဥဒ္ဓံစသော ဝါကျသည် ဣဝါဒိဂိုဏ်းသဒ္ဒါ မပါသော်လည်း "ကောင်းကင်သို့ တက်သွား၍ မကြွားပါနှင့်"ဟူသော စကားကို ထောက်သဖြင့် ဘုရားမျက်နှာနှင့် ပြိုင်နေကြောင်းကို ပြနိုင်၏၊ ပြိုင်လျှင် ဥပမာသဘော ရှိ၏၊ ထို့ကြောင့် ဣဝဝိယုတ္တဝါကျတ္ထောပမာ ဖြစ်သည်။

မှတ်ချက်။ ။ဝိဇမ္ဘနာကို "အဟံကာရေန ပရိဗ္ဘမနေန=ငါတကား ဟု ကြွားလျက် လှည့်လည် ရစ်ဝဲခြင်းဖြင့်"ဟု ဋီကာဖွင့်၏၊ ထိုအဖွင့်ဖြင့် "တေ"၌ သမ္ပဒါန်အနက်ယူ၍ အလမတ္ထသမ္ပဒါန်ယှဉ်ရာဝယ် ကရိုဏ်း လိုသောကြောင့် ကရိုဏ်းအနက်ကို ဆိုလိုဟန် တူ၏၊ သို့သော်-"တေ-သင်၏"ဟု သမ္ဗန်အနက် ယူ၍ "ဝိဇမ္ဘနာ"၌ စပ်၊ ဝိဇမ္ဘနာလည်း ဝိပုဗ္ဗ ဇဘိဓာတ် ယုပစ္စည်းဖြင့် ပြီးသော ဣတ္ထိလိန် ပဌမန္တသာ၊ [ဥပမာန ဥပမေယျ ၂ ဝါကျ ကွဲသော်လည်း အနက်အားဖြင့် ဝိသေသန-ဝိသေသျ ဖြစ်၍ တစ်နက်တည်း ဖြစ်ပုံကို ရှေးနည်း မှီ၍ သိပါ၊] ဓမ္မပဒလာ အောက်ပါဂါထာလည်း ဣဝဝိယုတ္တဝါကျတ္ထောပမာဂါထာ ပင်တည်း။

ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ, အထော သရီရမ္ပိ ဇရံ ဥပေတိ၊
သတဉ္စ ဓမ္မော နဇရံ ဥပေတိ, သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။

http://www.dhammadownload.com

ဒုဋ္ဌာလင်္ကာရ
ဒေါသ

၂၀၅။ သမုဗ္ဗေဇေတိ ဓိမန္တံ, ဘိန္နလိင်္ဂါဒိကံ တု ယံ၊
ဥပမာဒူသနာယာ·လ–မေတံ ကတ္ထစိ တံ ယထာ။

၂၀၅။ တု-ထိုမှတစ်ပါး၊ ဘိန္နလိင်္ဂါဒိကံ-ပြားသောလိန်စသည် ရှိသော၊ ယံ-အကြောင်အဖွဲ့အနွဲ့သည်၊ ဓိမန္တံ-ကဗျာတတ်သို, ပညာရှိကို၊ သမုဗ္ဗေဇေတိ-ထိတ်စေတတ်၏၊ တေံ-ဤဘိန္နလိင်္ဂံအစရှိသော အဖွဲ့အနွဲ့သည်၊ ကတ္ထစိ-အချို့သောအရာ၌၊ ဥပမာဒူသနာယ-ဥပမာအလင်္ကာကို ဖျက်ဆီးခြင်းငှာ၊ အလံ-စွမ်းနိုင်၏၊ တံ-ထိုဘိန္နလိင်္ဂံ အစရှိသော အဖွဲ့အနွဲ့သည်၊ ယထာ-အဘယ်နည်း။

၂၀၅။ သမုဗ္ဗေဇေတိတျာဒိ။ ။ဒေါသာဝဟောဓအခန်း၏အဆုံး၌ "ဒုဋ္ဌာလင်္ကာရဏ္ဍန္တေ တံ၊ပေ၊ရူပမာဝိ ဘဝိဿတိ"ဟု ပဋိညာဉ်ပြုခဲ့သည် အားလျော်စွာ ဥပမာအလင်္ကာကို ဖျက်ဆီးတတ်သော ဒုဋ္ဌာလင်္ကာ (ဒုဋ္ဌာလင်္ကာရ) ဒေါသကို ပြလိုသောကြောင့် "သမုဗ္ဗေဇေတိ"စသော ဂါထာကို မိန့်သည်၊ "ဥပမာနနှင့် ဥပမေယျတို့ လိန်ချင်း မတူ, ဝုစ်ချင်း မတူစသော အဖွဲ့များသည် ကဗျာပညာရှိစိတ်ကို ထိတ်ကနင ဖြစ်သွား စေနိုင်လောက်အောင် ဥပမာအလင်္ကာကို ဖျက်တတ်၍ ဒုဋ္ဌာလင်္ကာတိ ဒေါသ ရောက်သည်"ဟူလို။ [သံ+ဥဗ္ဗေဇေတိ၊ ဥပုဗ္ဗ ဝိဇမာတ်သည် ဘယကမ္မန (ကြောက်ရွံ့-တုန်လှုပ်ခြင်း) အနက်ကို ဟော၏၊ ဥဗ္ဗိဂ္ဂ-ထိတ်လန့်ခြင်း, တုန်သွားခြင်း၊ "အို... ဥပမာနနှင့်ဥပမေယျကို လိန် မတူအောင် ဖွဲ့ရသလား" စသည်ဖြင့် ထိတ်ကနင ဖြစ်သွားစေသည်၊ အံ့အား သင့်သွားစေသည်-ဟူလို။]

ဘိန္နလိင်္ဂါဒိကံ ကတ္ထစိ။ ။ဘိန္နလိင်္ဂံ+အာဒိ ယဿ (ဝိဇာတိ ဝစနာဒိနော)တိ ဘိန္နလိင်္ဂါဒိကံ (ဗန္ဓနံ)၊ မတူကွဲပြားသော လိန်စသည် ရှိသော အဖွဲ့၊ အာဒိဖြင့် နောက်၌လာမည့် ဝုစ်မတူသော အဖွဲ့, ဥပမာန ၏ ဟီန-အဓိကဖြစ်နေသော ဟီနူပမအဖွဲ့, အဓိကောပမအဖွဲ့ စသည်ကို ယူ၊ "ဣတ္ထီ ဝါယံ ဇနော ယာတိ"စသော အဖွဲ့များ၌ကား လိန်ကွဲပြားမှု စသည် ရှိသော်လည်း ဥပမာအလင်္ကာကို မဖျက်သော ကြောင့် "ကတ္ထစိ-ဣတ္ထီ ဝါယံ စသည်မှ တစ်ပါးသော အချို့အရာ၌" ဟု ဆိုသည်။

http://www.dhammadownload.com

ဘိန္နလိင်္ဂ, ဝိဇာတိဝစန, ဟီန

၂၀၆။ ဟံသီ-ဝါ-ယံ သသီ ဘိန္နလိင်္ဂါ-ကာသံ သရာနိ-ဝ၊ ဝိဇာတိ ဝစနာ ဟီနာ, သာ-ဝ ဘတ္တော ဘဒ္ဒော-ဓိပေ။

၂၀၆။ ဟံသီဝါယံ၊ပေ၊ဓိပေ-ဟံသီ၊ပေ၊ဓိပေဟူသည်တည်း၊ [အယံ သသီ-ဤလမင်းသည်၊ ဟံသီဝ-ဟင်္သာမကဲ့သို့တည်း၊ (ဣတိ-ဤဥပမာသည်၊) ဘိန္နလိင်္ဂါ-ဘိန္နလိင်္ဂါပမာ မည်၏၊ ဝါ-ကွဲပြားသော လိင်္ဂရှိသော ဥပမာ မည်၏၊ အာကာသံ-ကောင်းကင်သည်၊ သရာနိဝ-ရေအိုင်တို့ကဲ့သို့တည်း၊ (ဣတိ-ဤဥပမာသည်၊) ဝိဇာတိဝစနာ-ဝိဇာတိဝစနောပမာ မည်၏၊ ဝါ-ဝုစ်မတူသောဥပမာ မည်၏၊ ဘဒ္ဒော-အခစားယောကျ်ားသည်၊ အဓိပေ-အရှင်သခင်၌၊ သာဝ-ခွေးကဲ့သို့၊ ဘတ္တော-ခစား၏၊ (ဣတိ-ဤဥပမာသည်၊) ဟီနာ-ဟီနောပမာ မည်၏၊ ဝါ-ဥပမေယျအောက် ယုတ်ညံ့သောဥပမာ မည်၏။]

၂၀၆။ ဟံသီဝါယံ သသီ။ ။ဟံသီသည် ဣတ္ထိလိင်္ဂရှိသောပုဒ်တည်း၊ "သသော(ယုန်ရုပ်) ယသို့ အတ္ထိတိ သသီ"ကား ပုလ္လိင်္ဂရှိသော ပုဒ်တည်း၊ ဣတ္ထိလိင် ဟင်္သာမသည် ဥပမာန၊ ပုလ္လိင် လသည် ဥပမေယျ၊ ဤသို့ ဥပမာနနှင့် ဥပမေယျတို့ လိင်္ဂချင်းမတူသောကြောင့် "ဘိန္နလိင်္ဂါပမ"ဖြစ်၍ ဒုဋ္ဌာလင်္ကာတဒေါသ ရောက်သည်၊ ["ဟံသော ဝါယံ သသီ"ဟု ပုလ္လိင်္ဂချင်း တူအောင် စီကုံးမှ အပြစ်ကင်းသည်၊] ကာဗျဒဿ၌ "ဟံသိဝ ဓဝလော စန္ဒော=လသည် ဟင်္သာမကလေးကဲ့သို့ ဖြူဖွေး၏"ဟု ဆို၏။

အာကာသံ သရာနိဝ။ ။အာကာသံသည် ဧကဝုစ်၊ သရာနိကား ဗဟုဝုစ်တည်း၊ နပုံလိင်္ဂချင်းကား တူ၏၊ သို့သော် ဝုစ်ချင်းမတူသောကြောင့် ဝိဇာတိဝစနောပမ အဖွဲ့ဖြစ်၍ ဒုဋ္ဌာလင်္ကာတဒေါသ ရောက်သည်၊ ဝိသဒိသာ+ဇာတိ ယသာတိ ဝိဇာတိ-မတူသောဇာတ်ရှိသော (ဝါ-ဇာတ်မတူသော)ဝုစ်၊ ဝိဇာတိ+ဝစနံ ယသာတိ ဝိဇာတိဝစနံ(ဗဟွဒုံ) [ဥပမာနနှင့် ဥပမေယျတို့ ဧကဝုစ်ချင်း-ဗဟုဝုစ်ချင်း တူအောင်ဖွဲ့မှ အပြစ်လွတ်သည်၊] ကာဗျဒဿ၌ "သရသီဝါမလံ နဘံ-ကောင်းကင်သည် ပဒုမ္မာကြာတို့ကဲ့သို့ ညစ်ကြေးကင်း၏"ဟု ဆိုသည်။

http://www.dhammadownload.com

အဓိက, အဖုဋ္ဌတ္ထ

၂၀၇။ ခဇ္ဇောတော ဘာဏုမာလီ.ဝ, ဝိဘာတိ.တျ.ဓိကောပမာ၊ အဖုဋ္ဌတ္ထာ ဗလမ္ဗောဓိ, သာဂရော ဝိယ သဒ္ဓုတိ။

၂၀၇။ ခဇ္ဇောတော- ပိုးစုန်းကြူးသည်၊ ဘာဏုမာလီဝ- နေမင်းကဲ့သို့၊ ဝိဘာတိ-ထွန်းလင်းတောက်ပ၏၊ ဣတိ-ဤဥပမာသည်၊ အဓိကောပမာ-အဓိကောပမာ မည်၏၊ ဝါ-ဥပမေယျထက် လွန်ကဲသော ဥပမာ မည်၏၊ ဗလမ္ဗောဓိ-စစ်တပ်သမုဒ္ဒရာသည်၊ သာဂရော ဝိယ-သမုဒ္ဒရာကဲ့သို့၊ သဒ္ဓုတိ-လှုပ်လှုပ်ရှားရှား, ချောက်ချားပြီ၊ (ဣတိ-ဤဥပမာသည်၊) အဖုဋ္ဌတ္ထာ-အဖုဋ္ဌတ္ထောပမာ မည်၏၊ ဝါ-မတွေ့ထိအပ်သော အနက်ရှိသော ဥပမာ မည်၏။

သာဝ ဘတ္တော ဘဒ္ဒေါဓိပေ။ ။အဓိကံ-အလွန်အကဲ+ပါတိ-စောင့်ရှောက်တတ်၏၊ ဣတိ အဓိပေါ(အရှင်သခင်)၊ အစေအပါးအခစားယောကျ်ားသည် အရှင်သခင့်အပေါ်၌ အမြီးတနန့်နန့်နေသောခွေးကဲ့သို့ ခစား၏၊ ဤအဖွဲ့သည် လူတစ်ယောက်ဖြစ်သော အခစားကို ယုတ်ညံ့သော ခွေးနှင့် နှိုင်းသောကြောင့် ရိုင်းစိုင်းသော "ဟီနူပမာ" ဖြစ်၍ ဒုဋ္ဌာလင်္ကာတဒေါသ ရောက်သည်၊ တကယ့်ကို နှိမ့်ချ၍ ပြောဆိုဆုံးမသောအရာ ဖြစ်လျှင် ခွေးနှင့် နှိုင်းသော်လည်း မရိုင်းပါ။ "ခွေးကဲ့သို့ အအိပ်အနေ နည်းရမည်"စသည်ဖြင့် နည်းယူဖို့ရန် ပြောရာ၌လည်း အပြစ်မရှိပါ။

~~~~~~~~~~~~

၂၀၇။ ခဇ္ဇောတောပေါဓိကောပမာ။ ။"ပိုးစုန်းကြူးသည် နေမင်းကဲ့သို့ တောက်ပ၏" ဟူရာ၌ "နေမင်း" ဟူသော ဥပမာသည် "ပိုးစုန်းကြူး"ဟူသော ဥပမေယျထက် လွန်ကဲ၏၊ ထို့ကြောင့် "အဓိကာစ+သာ+ဥပမာ စာတိ"နှင့်အညီ "အဓိကောပမ"ဖြစ်၍ ဒုဋ္ဌာလင်္ကာတိဒေါသ ရောက်၏။ [အဓျတ္တဒေါသနှင့် သဘောသွား တူ၏၊ "နေမင်းကဲ့သို့ တောက်ပသော+ပိုးစုန်းကြူး"ဟု ဝိသေသနပြုလျှင် အဓျတ္တဒေါသပင်တည်း၊ ထိုသို့ ဝိသေသနမပြုဘဲ ဥပမာအဖြစ်ဖြင့် ဆိုသောကြောင့် အဓိကောပမာ ဖြစ်ရသည်။]
~~~~~~~~~~~~

http://www.dhammadownload.com

အပေကွိနီ, ခဏ္ဍိတာ

၂၀၈။ စန္ဒေ ကဋ္ဌင်္ကော ဘိဂေါ်·ဝေ–တျူ·ပမာပေကွိနီ အယံ၊ ခဏ္ဍိတာ ကေရဝါကာရော, သကဋ္ဌင်္ကေါ နိသာကရော။

၂၀၈။ စန္ဒေ-လမင်း၌၊ ကဋ္ဌင်္ကော-ယုန်ရေးတံဆိပ်သည်၊ ဘိဂေါ်ဝ-ပိတုန်းနှင့် တူ၏၊ ဣတိ အယံ-ဤသည်ကား၊ ဥပမာပေကွိနီ-လ၏ ဥပမာနကို ငဲ့ခြင်းရှိသောဥပမာမည်၏၊သကဋ္ဌင်္ကော-ယုန်ရေးတံဆိပ်နှင့်

အဖုဋ္ဌတ္ထာ၊ပေ၊သံခုဘိ။ ။ဗလမ္ဗောဓိ (ဗလ+အမ္ဗောဓိ) သံခုဘိ-စစ်သည် ဗိုလ်ပါဟူသော သမုဒ္ဒရာသည် လှုပ်ရှား၏၊ ဤ၌ ဗလမ္ဗောဓိ ဟူသော စကားဖြင့်ပင် "လှုပ်လှုပ်ရွရွနှင့် ညာသံပေး၍ တက်လာသော စစ်တပ်ကြီးသည်+လှိုင်းတံပိုး ဝဲသြဃတို့ဖြင့် လှုပ်ရှားမြည်ဟီးနေသော သမုဒ္ဒရာကြီးနှင့် တူ၏"ဟု စစ်တပ်၏ သမုဒ္ဒရာနှင့် တူကြောင်းမှာ ထင်ရှားပြီး ဖြစ်၏၊ ထို့ကြောင့် "သာဂရော ဝိယ"သည် (မိမိအတွက်) ထိအပ် သိအပ်သော အနက်အဓိပ္ပာယ် သီးခြားမရှိတော့သဖြင့် အဖုဋ္ဌတ္ထောပမာ ဖြစ်၍ ဒုဋ္ဌာလင်္ကတိဒေါသ ရောက်၏။

ဋီကာ။ ။သေနာယမဟတ္တံ-စစ်တပ်၏ကြီးကျယ်သည်၏အဖြစ် (ကြီးကျယ်ပုံ)ကို၊ ဗလမ္ဗောဓိတိ တိရာဘူတပမာယ ဧဝ-"ဗလမ္ဗောဓိ" ဟူသော ရူပကအလင်္ကာဖြင့်ပင်၊ အဝဂတံ-သိအပ်ပြီး ဖြစ်၏၊ တသ္မာ ပုန သာဂရောဝိယာတိ ဥပမာယ-၏၊ ဖုသိတဗ္ဗတ္ထဿ+အဘာဝါ အဖုဋ္ဌတ္ထောပမာ နာမ ဟောတိ။ [ရူပကအလင်္ကာကို ဥပမာအတွင်း ငုပ်နေသောကြောင့် "တိရာဘူတဥပမာ"ဟု ဆိုသည်။]

၂၀၈။ စန္ဒေ၊ပေ၊အယံ။ ။"လ၌ ယုန်တံဆိပ်သည် ပိတုန်းနှင့် တူ၏"ဟူရာ၌ ယုန်တံဆိပ်သည် ဥပမေယျ၊ ပိတုန်းသည် ဥပမာန၊ လအတွက် "ဥပမာန"တစ်ခု လိုနေ၏၊ ထိုဥပမာနကား "ပဒုမ္မာကြာ" သို့မဟုတ် "ခြုံနွယ်စသည်"တည်း၊ "လ၌ ယုန်တံဆိပ်သည် ပဒုမ္မာကြာ၌ ပိတုန်းနှင့် တူ၏"ဤသို့ စသည်ဖြင့် အပြည့်အစုံ မဆိုဘဲ လအတွက် ဥပမာတစ်ခုကို ရှုငဲ့နေသောကြောင့် "ဥပမာပေကွိနီ"အမည်ရသော ဒုဋ္ဌာလင်္ကတိဒေါသ ရောက်သည်-ဟူလို။ [ဥပမံ + အပေကွတီတိ ဥပမာပေကွိနီ (ဥပမာ)။]

23B.

http://www.dhammadownload.com

တကွဖြစ်သော၊ နိသာကရော-လမင်းသည်၊ ကေရဝါကာရော-ကုမုဒြာကြာဖြူပန်း အခြင်းအရာ ရှိ၏၊ ဝါ-ကုမုဒြာကြာဖြူပန်းနှင့် တူ၏၊ (အယံ-ဤဥပမာသည်၊) ခဏ္ဍိတာ-ခဏ္ဍိတောပမာ မည်၏၊ ဝါ-တစ်ပိုင်းပြတ်သောဥပမာ မည်၏။

ခဏ္ဍိတာ၊ပေ၊နိသာကရော။ ။"ယုန်တံဆိပ်နှင့်တကွဖြစ်သော လမင်းသည် ကုမုဒြာကြာဖြူပန်းနှင့် တူ၏"ဟူရာ၌ ကုမုဒြာကြာသည် ဥပမာန၊ လသည် ဥပမေယျတည်း၊ လအတွင်းက ယုန်တံဆိပ်၏ ဥပမာ မပါ၊ "သဘိင်္ဂါကေရဝါကာရော-အတွင်း၌ ပိတုန်းကလေး ရှိနေသော ကုမုဒြာကြာနှင့် တူ၏"ဟု ဆိုမှ ဥပမာဘက်၌ ပြည့်စုံ၏၊ ထိုသို့ ပြည့်စုံအောင် မပြဘဲ "သဘိင်္"ဟူသော ဝိသေသနဥပမာ တစ်ပိုင်းပြတ်သောကြောင့် "ခဏ္ဍိတောပမာ"မည်ရကား ဒုဋ္ဌာလင်္ကာတိဒေါသ ရောက်သည်-ဟူလို။ [စန္ဒဂတံ ကဏ္ဌတ္တံ ပကာသေတုံ (လ၌ တည်သော မည်းနက်သည်၏ အဖြစ်ဟူသော အဆင်းကို ထင်ရှားပြခြင်းငှာ) သဘိင်္ဂါ ကေရဝါကာရောတိ ဝတ္တဗ္ဗေ ဘိင်္ဂါပမာဘာဝဿ ခဏ္ဍိတတ္တာ (ပိတုန်းဥပမာအဖြစ်ကို ဖြတ်ထားအပ်သည် ဖြစ်သောကြောင့်) ခဏ္ဍိတောပမာ နာမ ဟောတိ။]

ဝစနတ္ထ။ ။ခဏ္ဍံ+ကတာ ဂတာ ခဏ္ဍိတာ၊ ကေ-ရေ၌+ရောတိ-ဖြစ်တတ်၏၊ ဣတိ ကေရဝေါ၊ ကေသဒ္ဓုပဒ+ရုဓာတ်၊ ကေရဝဿ+အာကာရော ယဿာတိ ကေရဝါကာရော-ကုမုဒြာကြာ၏ အပြင်းအရာ ရှိ၏၊ (သဒ္ဒတ္ထ)၊ ကုမုဒြာကြာနှင့် တူ၏၊ (အဓိပ္ပာယတ္ထ)၊ သဟ+ကလင်္ကေန(အမှတ်တံဆိပ်နှင့်) ယော ဝတ္တာတီတိ သကလင်္ကော၊ နိသံ-ညဉ့်ကို+ကရောတီတိ နိသာကရော(လ)။

ဥပမာ ၂ မျိုး အထူး။ ။တည်ရာ အာဓာရဖြစ်သော ဥပမာကို ငဲ့ခြင်း ရှိသော ဥပမာသည် "ဥပမာပေက္ခိနီ" မည်၏၊ ဝိသေသနဥပမာ တစ်ပိုင်းပြတ်နေသော ဥပမာသည် "ခဏ္ဍိတောပမာ" မည်၏။

[ဆောင်] တည်ရာဓာရ, ပမာနကို, ငဲ့ရသောခါ, ပမာပေက္ခီ, မှတ်သား ဘိလော၊ ဝိသေသနာ, ဥပမာတစ်ပိုင်း, ဖြတ်၍နိုင်းက, မဆိုင်း မှတ်ဘိ, ခဏ္ဍိတောပမာ, အမည်သာသည်,... နှစ်ဖြာ အထူး မှတ်ဖို့တည်း။

http://www.dhammadownload.com

နိဂုံးနှင့် နိဒါန်း

၂၀၉။ ဣစ္ဆေဝမာဒိရူပေသု, ဘဝန္တိ ဝိဂတာ-ဒရာ၊
ကရောန္တိ စာဒရံ ဓီရာ, ပယောဂေ ကွစိဒေဝတု။

၂၀၉။ ဣစ္ဆေဝမာဒိရူပေသု-ဤသို့ အစရှိသော သဘောရှိသော ပြယုဂ်တို့၌ ဓီရာ-ကဗျာတတ်သိ, ပညာရှိတို့သည်၊ ဝိဂတာဒရာ-ကင်းသော လေးစားခြင်း ရှိကုန်သည်၊ ဘဝန္တိ-ဖြစ်ကုန်၏၊ ကွစိဒေဝတု ပယောဂေ-အချို့သော ပြယုဂ်၌ကား၊ အာဒရံ-လေးစားခြင်းကို၊ ကရောန္တိ စ-ပြုကြကုန်သည်လည်း ရှိသေး၏။

ဘိန္နလိင်, ဝိဇာတိဝစန

၂၁၀။ ဣတ္ထိဝါယံ ဇနော ယာတိ, ဝဒေတျ-သာ ပုမာ ဝိယ၊
ပိယော ပါဏာ ဣဝါ-ယံ မေ, ဝိဇ္ဇာ ဓန-မိဝ-ဇ္ဇိတာ။

၂၁၀။ အ-ယံ ဇနော-ဤယောက်ျားသည်၊ ဣတ္ထိဝ-မန်းမကဲ့သို့၊ ယာတိ-သွား၏၊ (တစ်နည်း) ဣတ္ထိဝယာတိ-မိန်းမသွား,,သွား၏၊ ဇော-ဤမိန်းမသည်၊ ပုမာဣဝ-ယောက်ျားကဲ့သို့၊ ဝဒတိ-ပြော၏၊ (တစ်နည်း) ပုမာ ဝိယ ဝဒတိ-ယောက်ျားပြော, ပြော၏၊ အယံ-ဤယောက်ျားကို၊

၂၀၉။ ဣစ္ဆေဝ၊ပေ၊ဒရာ။ ။ဤ ၂ ပါဒဖြင့် ဆိုအပ်ပြီးသော ဒုဋ္ဌာလင်္ကတိဒေါသရောက်သော ဥပမာပြယုဂ်တို့ကို နိဂုံးအုပ်သည်၊ ဤသို့သဘောရှိသော ပြယုဂ်တို့၌ ကဗျာတတ်သိ ပညာရှိများ မလေးစားကြကုန်၊ "ထိုဥပမာမျိုး မဖြစ်အောင် ရှောင်ကြဉ်ကြသည်" ဟူလို။ [ဝိဂတော+အာဒရော ယေသံတိ ဝိဂတာဒရာ။]

ကရောန္တိ၊ပေ၊ကွစိဒေဝတု။ ။ဤ ၂ ပါဒဖြင့် နောက်၌လာမည့် ဥပမာပုံစံများအတွက် အခြိုနိဒါန်းကို ပြသည်၊ ထိုပညာရှိတို့သည်ပင် အချို့သော ဘိန္နလိင်စသည်ဖြစ်သော ဥပမာအလင်္ကာတို့၌ လေးစားမှုကို ပြုကြသေး၏၊ "ဘိန္နလိင် စသည်ဖြစ်သော်လည်း အပြစ်ဒေါသဟု မယူဆဘဲ ဖွဲ့နွဲ့စီကုံးကြသေး၏"ဟူလို၊ [ကရောန္တိ စ၌ စသဒ္ဒါသည် သမုစ္စယတ္ထဇောတကတည်း၊ ရှေ့ဝါကျ၏ အနက်ကို ဆည်းသည်၊ "လေးစားမှုကို မပြုတာလည်း ရှိ၏၊ တချို့နေရာ၌ ပြုတာလည်း ရှိသေး၏"ဟူလို၊ တုသဒ္ဒါကား ပက္ခန္တရဇောတကတည်း။]

http://www.dhammadownload.com

မေ-ငါသည်၊ ပါဏာ ဣဝ-အသက်တို့ကဲ့သို့၊ ဝါ-အသက်တမျှ၊ ပိယော-ချစ်အပ်၏၊ မေ-ငါသည်၊ အဇ္ဈတ္တ-မရ မနေ ရှာဖွေ စုဆောင်းအပ်ကုန်သော၊ ဝိဇ္ဇာ-အတတ်ပညာတို့သည်၊ ဓနမိဝ-ဥစ္စာကဲ့သို့၊ ဟောန္တိ-ဖြစ်ကုန်၏။

၂၁၀။ ဣတ္ထိဝါယံ၊ပေ၊ပုမာ ဝိယ။ ။ဤ ၂ ပါဒဖြင့် ပညာရှိတို့ စီကုံးအပ်လေ့ရှိသော ဘိန္နလိင်္ဂါပမာပုံစံ ၂ ခုကို ပြ၏၊ အယံ ဇနော ဣတ္ထိဝ ယာတိ=ဤယောက်ျားသည် မိန်းမကဲ့သို့ (ကန္ဒဲ့ကယနှင့်) သွား၏၊ ဤပြယုဂ်၌ ဥပမာနသည် မိန်းမ, ဥပမေယျသည် ယောက်ျားတည်း၊ ထို့ကြောင့် လိင်္ဂမတူသောဥပမာ ဖြစ်၏။ ဧသာ ပုမာဝိယ ဝဒတိ-ဤမိန်းမသည် ယောက်ျားကဲ့သို့ (ကြမ်းကြမ်းတမ်းတမ်း)စကားပြော၏၊ ဤပြယုဂ်၌ ဥပမာနသည် ယောက်ျား, ဥပမေယျသည် မိန်းမတည်း၊ ဤသို့ ဘိန္နလိင်္ဂါပမာ ဖြစ်ကြသော်လည်း ဒုဋ္ဌာလင်္ကာရဒေါသ မရောက်သဖြင့် ပညာရှိတို့ သုံးစွဲကြ, ဖွဲ့နွဲ့စီကုံးလေ့ ရှိကြသည်။ [ပုရိသမိ ဟိ အဝိသဒံ (မသန့်မရှင်း သွားလာနေထိုင် စားသောက်နေသည်ကို) ဒိသွာ မာတုဂါမော ဝိယ (အယံ ပုရိသော) ဂစ္ဆတိ ၊ပေ၊ ဘုဥ္ဇတီတိ ဝဒန္တိ၊-အဋ္ဌသာလိနီ, ရူပကဏ္ဍ။]

ပိယော၊ပေ၊ မိဝဇ္ဇိတာ။ ။ဤ ၂ ပါဒဖြင့် ဝိဇ္ဇာတိ ဝစနောပမာပုံစံ ၂ ခုကို ပြ၏၊ အယံ (ပုရိသော) မေ ပါဏာ ဝိယ ပိယော=ဤယောက်ျားကို ငါသည် အသက်တို့ကဲ့သို့ (အသက်တမျှ) ချစ်အပ်၏၊ ဤပြယုဂ်၌ ဥပမာနဖြစ်သော "ပါဏာ"သည် ဗဟုဝုစ်၊ ဥပမေယျဖြစ်သော "အယံ"သည် ဧကဝုစ်၊ ["ပါဏာပဒ်သည် (အသက်တစ်ခုတည်းကို ဟော၍ မဖြစ်၊) အဆက်ဆက် ဖြစ်ပျက်နေသော အသက်အမျှားကိုသာ ဟောသောကြောင့် နိစ္စဗဟုဝုစ် ရှိ၏"ဟု ကာဗျဒဿီကာ ဆို၏။။]

ဝိဇ္ဇာ ဓနမိဝဇ္ဇိတာ။ ။စုဆောင်းအပ်ကုန်သော အတတ်ပညာတို့သည် ဥစ္စာဓနနှင့်တူ၏၊ ဤပြယုဂ်၌ ဥစ္စာသည် ဥပမာန, အတတ်ပညာတို့သည် ဥပမေယျ၊ ဤသို့ ဝုစ်မတူကြသော်လည်း ဤပြယုဂ်မျိုးကို ပညာရှိတို့ စီကုံးသုံးစွဲလေ့ရှိကြသည်။ ["အရ်ဇီတာ"ဟူသော ကာဗျဒဿကို ပါဠိပြန်ထားသောကြောင့် "အဇ္ဇီတာ"ဟု ပါဠိမှန်ရှိစေ၊ အဇ္ဇဓာတ်သည်

http://www.dhammadownload.com

ဟီန, အဓိက

၂၁၁။ ဘဝံ ဝိယ မဟီပါလ, ဒေဝရာဇာ ဝိရာဇတေ၊
အလ·မံသုမတော ကစ္ဆံ, တေဇသာ ရောဟိတုံ အယံ။

၂၁၁။ မဟီပါလ-မြေကိုစောင့်တတ်, အိုမင်းမြတ်၊ ဒေဝရာဇာ-နတ်တို့သေ့၌နင်း, သိကြားမင်းသည်၊ ဘဝံ ဝိယ-အရှင်မင်းကဲ့သို့၊ ဝိရာဇတေ-တင့်တယ် စံပယ်တော်မူပေ၏၊ အယံ-ဤမင်းသည်၊ အံသုမတော-နေမင်း၏၊ ကစ္ဆံ-တန်ခိုးအစဉ်ကို၊ တေဇသာ-မိမိတန်ခိုးဖြင့်၊ အာရောဟိတုံ-တက်ရောက်ခြင်းငှာ၊ ဝါ-အတူပြုခြင်းငှာ၊ အလံ-စွမ်းနိုင်၏။

ရခြင်း(ရအောင် ဆည်းပူးခြင်း)ကို ဟော၏၊ "အဇ္ဈိတာ သဒ္ဓိတာ ဝိဇ္ဈာ (ဗျာကရဏနိယဏ္ဍုအာဒယော) ဓနမိဝ ဟောန္တိ"-ဋီကာ။]

မှတ်ချက်။ ။ဥပမာနနှင့် ဥပမေယျတို့သည် များသောအားဖြင့် လိန်ချင်း ဝုစ်ချင်း တူရမည်ဖြစ်သော်လည်း ဤဂါထာကို ထောက်၍ လိန် ဝုစ် မတူသော အခြို့အရာလည်း ရှိနိုင်သေး၏ဟု မှတ်၊ ဤသို့ လိန် ဝုစ် မတူသော်လည်း တစ်ဝါကျတည်း ဖြစ်လျှင် စပ်ပုဒ်ကြိယာမှာ တူရမည်သာ ဖြစ်သောကြောင့် ဝိဘတ်ချင်းကား ဇကန် တူရမည်၊ ဝါကျကွဲရာ၌ကား စပ်ပုဒ်လိုက်၍ ဝိဘတ်မတူဘဲလည်း ရှိကောင်း၏၊ ဥပမာ-"ကောဟံ ဘန္တေ ဟတ္ထံ အဘိနိမ္မိနိဿာမိ၊ သေယျထာပိ ပဏဝိ"တည်း၊ ပါရာဇိက, ဝေရဉ္ဇကဏ္ဍပါဠိတော်၊ [ဤ၌ ဝါကျကွဲသောကြောင့် ဟတ္ထံ (ဒုတိယာ) ပဏဝီ (ပဌမာ) ဝိဘတ်ချင်း မတူ။]

[နိယာမ်] စပ်ပုဒ်တူမျှ, တစ်ဝါကျ၌, ဥပမာန, ဥပမေယျတို့, ပဒ ၂ ပါး, လိန် ဝုစ်ပြားလည်း, ဝိဘတ်ကားမူ, တူမြဲဟူ၏။

၂၁၁။ ဘဝံ ဝိယ၊ပေ၊ဝိရာဇတေ။ ။ဤပြယုဂ်၌ လူမင်းသည် ဥပမာန, သိကြားမင်းသည် ဥပမေယျ ဖြစ်၍ ဥပမာနလူမင်းသည် အောက်ကျသဖြင့် ဟီနူပမာ ဖြစ်၏၊ "အလံ၊ပေ၊ရောဟိတုံ အယံ" ဤ၌ (လူ)မင်းသည် မိမိတန်ခိုးဖြင့် နေမင်း၏ သွားလမ်း (ကောင်းကင်ကို) တက်ရောက်စွမ်းနိုင်၏၊ ဤပြယုဂ်၌ နေမင်းသည် ဥပမာန, လူမင်းသည်

http://www.dhammadownload.com

ရူပကအလင်္ကာ

၂၁၂။ ဥပမာနော-ပမေယျာနံ, အဘေဒသ နိရူပနာ၊
ဥပမာ-ဝ တိရောဘူတ, ဘေဒါ ရူပက-မုစ္စတေ။

၂၁၂။ ဥပမာနောပမေယျာနံ-ဥပမာန ဥပမေယျ ၂ ခုတို့၏၊ **အဘေဒသ** - မကွဲမပြား တစ်သားတည်း၏ အဖြစ်ကို၊ **နိရူပနာ**-ထင်စွာ ပြတတ်သော၊ **ဝါ** - ထင်စွာ ပြတတ်သည်၏ အဖြစ်ကြောင့်၊

ဥပမေယျဖြစ်၍ ဥပမာနက လွန်တက်နေသောကြောင့် အဓိကောပမာဖြစ်၏၊ သို့သော် ဒုဋ္ဌာလင်္ကာတိဒေါသ မရောက်သဖြင့် ဤဥပမာမျိုးကို ပညာရှိများ သုံးစွဲလေ့ ရှိကြသည်။ ["ကစ္ဆံ အာရောဟိတုံ"သည် ဥပမာဇောတကခန်း၌ ပါခဲ့သော "ကစ္ဆံ ဝိဂါဟတော"နှင့် သဘောတူ၏၊ ထို့ကြောင့် "ကစ္ဆံ အာရောဟိတုံ"ကို ဥပမာဇောတကဟု မှတ်၊ ကစ္ဆံကို "ပဒဝိ"ဟုပင် (၁၉၄)ဂါထာအတိုင်း ဋီကာသစ် ဖွင့်၏၊ ကာဗျဒဿ ဋီကာ ၌ကား "သာဒိသျံ-တူသည်၏အဖြစ်ကို"ဟု ဖွင့်သည်။]

ဤဒိသံ ဝဇ္ဇတေ သဒ္ဒိ, ကာရဏံ တတြ စိန္တျတံ၊
ဂုဏဒေါသဝိစာရာယ, သယမေဝ မနီသိဘိ။

ဤဒိသံ-ဤသို့ ဟံသီဝါယံ သသီစသော အဖွဲ့ကို၊ သဒ္ဒိ-ပညာရှိတို့သည်၊ ဝဇ္ဇတေ-ရှောင်အပ်၏၊ တတြ-ထိုသို့ ရှောင်ရာ၌၊ ဂုဏဒေါသဝိစာရာယ-ဂုဏ်နှင့်အပြစ် စိစစ်ခြင်းငှာ၊ မနီသိဘိ-ပညာရှိတို့သည်၊ သယမေဝ-ကိုယ်တိုင်သာ၊ ကာရဏံ-အကြောင်းကို၊ စိန္တျတံ-ကြံစည်အပ်လော့၊ ဝါ-ကြံစည်ပါလေ။ ["မည်ကဲ့သို့သော ဥပမာမျိုးကို ပညာရှိတို့ ရှောင်ကြဉ်အပ်၏၊ မည်ကဲ့သို့သော ဥပမာမျိုးကိုကား ပညာရှိတို့ သုံးစွဲအပ်၏"ဟု အတိုကျ မသတ်မှတ်ကြချေ။ ထို့ကြောင့် မိမိ ပင်ကို ဉာဏ်ဖြင့် ကြံစည် သုံးစွဲကြပါလေ"ဟူလို့.... ကာဗျဒဿ။]

၂၁၂။ ဥပမာနော ၊ပေ၊ မုစ္စတေ။ ။ဤဂါထာသည် ရူပက၏ သဘောကို ပြသော ဂါထာတည်း၊ လိုရင်းကား-"ဥပမာဝ ရူပကံ ဥစ္စတေ"တည်း၊ "ပြခဲ့သော ဥပမာအလင်္ကာကိုပင် (တစ်မျိုးနာမည်တပ်၍) ရူပကဟု ခေါ်ဆိုအပ်သည်"ဟူလို၊ "ရှေ့၌ ပြခဲ့သော ဥပမာ

http://www.dhammadownload.com

တိရောဘူတဘေဒါ-ကွယ်ပျောက်သည် ဖြစ်၍ ဖြစ်သော ဥပမာန ဥပမေယျ ကွဲပြားခြင်း ရှိသော၊ ဝါ-ဥပမာန ဥပမေယျ ကွဲပြားခြင်းမှ ကွယ်ပျောက်သော၊ ဥပမာဝ-ဥပမာကိုပင်၊ ရူပကံ-ရူပကဟူ၍၊ ဥစ္စတေ-ဆိုအပ်၏။

အတိုင်းပဲလား"ဟု မေးဖွယ်ရှိသောကြောင့် "တိရောဘူတဘေဒါ"ဟု မိန့်၊ ပြအပ်ပြီးသော ဥပမာအလင်္ကာကဲ့သို့ ဥပမာန+ဥပမေယျဟု ကွဲပြားမှု မရှိဘဲ ထိုကွဲပြားမှုကို ဖုံးကွယ်ထားရကား ရှေးဥပမာအလင်္ကာ အစိုင်း မဟုတ်ပါ-ဟူလို၊ "ဘာ့ကြောင့် ဥပမာနဝတ္ထု၊ ဥပမေယျဝတ္ထု၂ ခုတို့၏ ကွဲပြားမှု ပျောက်ကွယ်နေပါသနည်း"ဟု မေးဖွယ်ရှိသောကြောင့် "ဥပမာနော၊ပေါနိရူပနာ"ဟု မိန့်၊ ဥပမာနဝတ္ထု၊ ဥပမေယျဝတ္ထု၂ ခုကို မကွဲမပြား တစ်သားကည်းဖြစ်အောင် ပြသောကြောင့် ဝတ္ထု၂ ပါး ကွဲပြားမှု ပျောက်ကွယ်နေပါသည်-ဟူလို။ [နိရူပနာ-ဟူသော ဝိသေသနကို ဟေတုမန္တဝိသေသနဟု ကြံသည်။]

ဝစနတ္ထ။ ။တိရောဘူတော+ဘေဒေါ ယသ္သာတိ တိရောဘူတဘေဒါ၊ [ယသ္သာ-အကြောင်းဥပမာ၏၊ တိရောဘူတော-ကွယ်ပျောက်သည် ဖြစ်၍ ဖြစ်သော၊ ဘေဒေါ-ဥပမာန ဥပမေယျဟု ဝတ္ထု၂ ပါး ကွဲပြားခြင်းသည်၊ အတ္ထိ၊] အဘေဒံ-မကွဲမပြားသည်၏အဖြစ်ကို(ဘာဝပွဓာန)+ရူပယတိ-ထင်ရှားပြတတ်၏၊ ကွတိ ရူပကံ-မည်၏။

ဥပမာ, ရူပက။ ။"ဗလမ္မောဓိ-စစ်တပ်သမုဒ္ဒရာ"ဟု ဆိုခဲ့ရာ၌ သမုဒ္ဒရာသည် ဥပမာန, စစ်တပ်သည် ဥပမေယျ၊ ဤသို့ ဝတ္ထု၂ ပါး ကွဲပြားလျက် ရှိ၏၊ သို့သော် စစ်တပ်တခြား, သမုဒ္ဒရာတခြားဟု ခွဲခြား၍ မပြဘဲ "စစ်တပ်လည်း သမုဒ္ဒရာ, သမုဒ္ဒရာလည်း စစ်တပ်"ဟု တစ်ထပ်တည်း တစ်သားတည်း ပြတတ်သော "ဗလမ္မောဓိ"ဟူသော စကားကိုပင် ရူပကအလင်္ကာဟု ခေါ်သည်၊ ထို့ကြောင့် ဥပမာန+ဥပမေယျကို ၂ မျိုး ခွဲခြား၍ ပြလျှင် ဥပမာအလင်္ကာ, ၂ မျိုး မခွဲခြားဘဲ တစ်သားတည်း ပြလျှင် ရူပကအလင်္ကာဟု အထူးမှတ်ပါ။

[ဆောင်] ဥပမာန, ပမေယျဟု, အရကွဲရာ, ဥပမာတည်း၊
နှစ်ဖြာ မခွဲ, တစ်သားထဲပြ, ရူပက, မှတ်ကြ အထူးတည်း။

http://www.dhammadownload.com

ရူပကအပြား

၂၁၃။ အသေသဝတ္ထုဝိသယံ, ဧကဒေသဝိဝတ္တိ စ၊
တံ ဒ္ဝိဓာ ပုန ပစ္စေကံ, သမာသာဒိဝသာ တိဓာ။

၂၁၃။ တံ-ထိုရူပကသည်၊ အသေသဝတ္ထုဝိသယံ-အကြွင်းအကျန် မရှိသော ဝတ္ထုဟူသော အရာရှိသော ရူပကလည်းကောင်း၊ ဧကဒေသဝိဝတ္တိ စ-တစ်စိတ်တစ်ဒေသ၌ဖြစ်သော ရူပကလည်းကောင်း၊ (ကွတိ-ဤသို့) ဒ္ဝိဓာ-၂ ပါး ပြား၏၊ ပုန-တစ်ဖန်၊ ပစ္စေကံ-အသီးအသီး၊ သမာသာဒိဝသာ-သမာသ အစရှိသည်တို့၏ အပြားအားဖြင့်၊ တိဓာ-၃ ပါး ပြားပြန်၏။

၂၁၃။ အသေသ၊ပေ၊တိဓာ။ ။ဤဂါထာဖြင့် ရူပကအပြားကို ပြ၏၊ အသေသဝတ္ထုဝိသယရူပက, ဧကဒေသဝိဝတ္တိရူပကအားဖြင့် (ရှေးဦးစွာ) ၂ ပါး ပြား၏၊ ထို့နောက် တစ်မျိုးတစ်မျိုးလျှင် သမာသ, အသမာသ, သမာသာသမာသ (မိဿက)အားဖြင့် ၃ ပါးစီ ပြားပြန် ရကား ရူပကမျိုး ၆ ပါးပြားသည်ဟု မှတ်၊ ထို ၆ ပါး အပြားကို လာမည့် ပုံစံများဖြင့် ထင်ရှားစေပါလိမ့်မည်။

ဝစနတ္ထ။ ။အသေသဝတ္ထု+ဝိသယော ယဿာတိ အသေသ ဝတ္ထုဝိသယံ (ရူပကံ)=အကြွင်းမရှိသော ဝတ္ထုလျှင် (ရူပကပြုဖို့) အရာရှိသော ရူပက၊ ဧကဒေသေ+ဝိဝတ္တာတိ ဧကဒေသဝိဝတ္တိ=(အသေသ ဝတ္ထုဝိသယကဲ့သို့ ဝတ္ထုဆိုင်ရာအားလုံး၌ မဖြစ်ဘဲ) တစ်စိတ်တစ်ဖို့ ၌သာ ဖြစ်သော ရူပက၊ "ဗလမ္မောမိ"ကဲ့သို့ သမာသ်တွဲ၍ ပြလျှင် သမာသရူပက, သမာသ်မတွဲဘဲ ပြလျှင် အသမာသရူပက, တစ်ဂါထာ၌ ၂ မျိုးလုံးရောရ၍ ပြလျှင် သာမသာသမာသရူပက၊ (မိဿကဟုလည်း ခေါ်)၊ "အသေသဝတ္ထုဝိသယသမာသရူပက" စသည်ဖြင့် ရူပက ၆ မျိုး နာမည်ကိုသာ မှတ်ခဲ့ပါ။ [အသမာသကို "ဗျာသ"ဟုလည်း ခေါ်၏၊ ဗျာသ-အကျဉ်းမချုံးဘဲ အကျယ်ခဲ့ချဲ့ခြင်း။]

http://www.dhammadownload.com

အသေသဝတ္ထုဝိသယသမာသ

၂၁၄။ အဂ်ုလိဒလသံသောဘီ, နခဒီဓိတိကေသရံ၊
သိရသာ နပိလန္ဓန္တိ, ကေ မုနိန္ဒပဒ-မ္ဗုဇံ။

၂၁၄။ အဂ်ုလိဒလသံသောဘီ-ခြေချောင်းတော်ပွင့်ချပ်တို့ဖြင့် သင့်မြတ်စွာ တင့်တယ်ခြင်းလည်း ရှိတော်မူထသော၊ နခဒီဓိတိ ကေသရံ-ခြေသည်းတော်ရောင်လျှံ, ဝတ်မှုန် ဝတ်ဆံလည်း ရှိတော်မူ ထသော၊ မုနိန္ဒပဒမ္ဗုဇံ-မုနိထွတ်ထား, မြတ်ဘုရား၏, ဖဝါးတော်အစုံ, ကြာပဒုံကို၊ ကေ-အဘယ်မည်သူ, နတ်နှင့်လူတို့သည်၊ သိရသာ-ဦးခေါင်းရတနာ, မြတ်အဂ်ါဖြင့်၊ နပိလန္ဓန္တိ-မပန်ဆင်ဘဲ ရှောင်လွှဲနိုင် ကုန်အံ့နည်း၊ (ပိလန္ဓန္တိ ဧဝ-သူမရ ငါမရ, ပန်ဆင်ကြကုန်မည်သာ။)

၂၁၄။ ဤဂါထာဖြင့် မြတ်စွာဘုရား၏ ခြေတော်ဆိုင်ရာ အစိတ် အပိုင်းများကို အကြွင်းအကျန် မရှိအောင် ပဒုမ္မာကြာပန်းပုံ ပြု၍ ပြထား၏၊ ထိုသို့ ပြရာ၌လည်း သမာသ်ပုဒ်ဖြင့် ပြထားသောကြောင့် "အသေသဝတ္ထုဝိသယသမာသရူပက"အလင်္ကာ ဖြစ်သည်။

အဂ်ုလိဒလသံသောဘီ။ ။ဘုရားရှင်၏ခြေတော်၌ ခြေချောင်း တော်များ၏ တင့်တယ်ပုံကို "ပဒုမ္မာကြာပန်း၌ ပွင့်ချပ်များ၏တင့်တယ် ပုံ"ဟု ရုပ်ပုံဖွဲ့သည်၊ အဂ်ုလိသခ်ါတာနိ+ဒလာနိ (ရွက်ဖတ်တို့တည်း) အဂ်ုလိဒလာနိ၊ သမ္မာ+သောဘာ သံသောဘာ၊ သံသောဘာ+ယသ အတ္ထီတိ သံသောဘိ (အမ္ဗုဇံ)၊ အဂ်ုလိဒလေဟိ+သံသောဘိအဂ်ုလိ ဒလသံသောဘိ။ [ပဒုမ္မာကြာပန်း၏ အထပ်အလွှာဖြစ်သော အရွက် တို့ကိုပင် "ပွင့်ချပ်"ဟု ခေါ်သည်။]

နခဒီဓိတိ၊ပေ၊ပဒမ္ဗုဇံ။ ။ခြေသည်းတော်၏ အရောင်များကို ဝတ်မှုန်ဝတ်ဆံ ပုံသဏ္ဌာန်ပြုထားသည်၊ နခဒီဓိတိသခ်ါတံ+ကေသရံ ယဿာတိ နခဒီဓိတိကေသရံ၊ ကြာပန်းသည် ဥပမာန, ခြေတော်အစုံ သည် ဥပမေယျ၊ ဤသို့ ဥပမာန, ဥပမေယျဝတ္ထု ၂ ပါး ကွဲပြားသော် လည်း ထိုကွဲပြားမှုကို ကွယ်ဖျောက်၍ "မုနိန္ဒပဒမ္ဗုဇံ-ဘုရားခြေစုံ, ကြာပဒုံ"ဟု တစ်သားတည်းပြုထားသော ရူပက ဖြစ်သည်။

http://www.dhammadownload.com

အသေသဝတ္ထုဝိသယအသမာသ

၂၁၅။ ရတနာနိ ဂုဏာ ဘူရီ, ကရုဏာ သီတလံ ဇလံ၊
ဂမ္ဘီရတ္တော.မဂါဓတ္တံ, ပစ္စက္ခော.ယံ ဇိနော.မ္ဗုဓိ။

၂၁၅။ ဘူရီ-များစွာကုန်သော၊ ဂုဏာ-သီလ သမာဓိစသောဂုဏ်တို့သည်၊ ရတနာနိ-ရတနာတို့ပေတည်း၊ ကရုဏာ-မဟာကရုဏာတော်သည်၊ သီတလံ- အေးမြသော၊ ဇလံ- ရေစင် ရေကောင်းပေတည်း၊ ဂမ္ဘီရတ္တော်-လောကဓံတရားတို့၌ မလှုပ်ရှားသည့်အတွက် နက်နဲသည်၏ အဖြစ်သည်၊ အဂါဓတ္တော်-ထောက်တည်ရာ မရသည်၏ အဖြစ်သည်၊ (ဟောတိ-ဖြစ်၏၊ တသ္မာ-ထို့ကြောင့်၊) အယံ ဇိနော-ဤမြတ်စွာဘုရားသည်၊ ပစ္စက္ခော-မျက်ဝါးထင်ထင်, တွေ့မြင်ရသော၊ အမ္ဗုဓိ-သမုဒ္ဒရာပေတည်း။

၂၁၅။ ဤဂါထာသည် ဘုရားရှင်ကို မဟာသမုဒ္ဒရာပုံသဏ္ဌာန်ပေါ်လာအောင် ရုပ်ပုံဖွဲ့ရာ၌ သမုဒ္ဒရာ၏ သက်ဆိုင်ရာ အစိတ်အပိုင်းများကို မကျန်စေဘဲ ဖွဲ့သောကြောင့်လည်းကောင်း, သမာသ်မဟုတ်သော ဝါကျပုဒ်တို့ဖြင့် ဖွဲ့သောကြောင့်လည်းကောင်း အသေသဝတ္ထုဝိသယအသမာသရူပကအလင်္ကာဖြင့် တန်ဆာဆင်ထားသော ဂါထာဖြစ်သည်။

ရတနာနိ၊ပေ၊ဇလံ။ ။ဘုရားရှင်၏ သီလ-သမာဓိ-ပညာ-ဝိမုတ္တိစသော များစွာသော ဂုဏ်တော်များကို သမုဒ္ဒရာ၏ ပုလဲ ပတ္တမြားစသော များစွာသော ရတနာဟု ပုံသဏ္ဌာန် ပြုထား၏၊ ဘုရားရှင်၏ အေးမြသော မဟာကရုဏာတော်ကို သမုဒ္ဒရာ၏ အေးမြသော ရေဟု ပုံသဏ္ဌာန် ပြုထား၏။

ဂမ္ဘီရတ္တော် အဂါဓတ္တော်။ ။ဘုရားရှင်၏ လောကဓံရှစ်ပါးကြောင့် မဖောက်ပြား မတုန်လှုပ်ခြင်းသည် လောကဓံဖြစ်ခြင်း၏အကြောင်းတို့ကို သိမြင်နိုင်သော နက်နဲသောဉာဏ်တော်ကြောင့်ဖြစ်၏၊ "လောက၌ နက်စွာ စိုက်ထားသော အရာသည် မတုန်လှုပ်သကဲ့သို့ ဘုရားရှင်၏ နက်နဲသော သဘောတော်ကိုလည်း သမုဒ္ဒရာ၏ ထောက်တည်ရာ မရလောက်အောင် နက်နဲသောဂုဏ်"ဟု ပုံသဏ္ဌာန်ပြုထားသည်။

http://www.dhammadownload.com

ပစ္စက္ခောယံ ဇိနောမ္မုဓိ။ ။ထိုဆိုအပ်ပြီးသော အကြောင်းတို့ကြောင့် ငါတို့ ဖူးတွေ့ရသော ဘုရားရှင်ကို "မဟာကရုဏာတော် ရေပြင်ပေါ်မှ မေတ္တာတော်လေညှင်းကို ခံယူကြသော လူအများတို့ ရှုစားဖို့ရာ မဟာ သမုဒ္ဒရာကြီးဟုပင် ဆိုချင်ပါတော့သည်"ဟူလို။

အနက်ကျယ်။ ။ဘူရီ-သဒ်ျသဒ်ျာ, မရေသာအောင်, ထယ်ဝါ ခံ့ညား, အလွန်များကုန်သော၊ ဂုဏာ-သီလ သမာဓိ, စရှိပေါင်းစုံ, ကျေးဇူးဂုဏ်တို့သည်၊ ရတနာနိ-ပုလဲစသား, ရတနာအများတို့ပေတည်း၊ ကရုဏာ-သနားကြင်နာ, မဟာကရုဏာတော်သည်၊ သီတလံဇလံ-အပူဘေးဘယ, မြေးမခဖို့, အေးမြကြည်လင်, ရေစင်ရေကောင်းပါပေ တည်း၊ ဂမ္ဘီရတ္တံ- လောကဓံတရား, ထိုရှစ်ပါး၌, ဖောက်ပြားမရှိ, နက်နဲ သည်၏ အဖြစ်သည်၊ အဂါဓတ္တံ-ထောက်ရာတည်ရာ, မမှီသာအောင်, လွန်စွာဆက်ဆက်, နက်သည်၏အဖြစ်ပင်တည်း၊ တသ္မာ-ထိုသို့ ပေါင်းခြုံ, သမုဒ္ဒရာဂုဏ်နှင့်, ပြည့်စုံလေဘိ, တူသည်၏အဖြစ်ကြောင့်၊ အယံ ဇိနော-ငါတို့ထွတ်ထား, မာရ်ငါးပါးနှင်, အောင်ပွဲယဉ်သည့်, ရှင်တော်ဘုရားသည်၊ ပစ္စက္ခော-ရှေးကဖန်ထား, ကံတရားကြောင့်, မျက်ဝါးထင်ထင်, ဖူးမြင်ရသော၊ အမ္မုဓိ-မေတ္တာလေညှင်း, ခံယူခြင်းဖြင့်, ဝမ်းတွင်းကြည်သာ, မဟာသမုဒ္ဒရာကြီးပါပေတည်း။

အမှာ။ ။ရူပကအလင်္ကာပုဒ်များကို အနက်ပေးရာ၌ ရှေးဆရာတို့ သည် "တည်းဟူသော ရူပကံ ဥေ ယျံ"ဟု ဥပဒေပြုကြ၏၊ ထိုဥပဒေ သည် "အဂ်ုလိသခ်ါတေဟိ ပတ္တေဟိ"စသော ဋီကာတို့ကို ထောက်၍ "ခြေချောင်းတော်ဟု ဆိုအပ်သော ရွက်ဖတ်၊ ဝါ-ခြေချောင်းတော် တည်းဟူသော ရွက်ဖတ်"ဟု အနက်ပေးရသောကြောင့် သင့်သကဲ့သို့ ရှိပါပေ၏၊ သို့သော် (၂၁၄)ဋီကာတို့၌ "အဂ်ုလိယော ဧဝ+ဒလာနိ"ဟု ဝိဂ္ဂဟပြုသောကြောင့်လည်းကောင်း,"အဘေဒဿ+နိရူပနာ-မကွဲမပြား တစ်သားတည်းပြသော အလင်္ကာ"ဟု စာကိုယ်၌ ဆိုခဲ့သောကြောင့် လည်းကောင်း များစွာသော ရူပကတို့၌ "တည်းဟူသော" မပါဘဲ "အဘေဒ-မကွဲမပြား တစ်သားတည်း"ဖြစ်အောင် အနက်ပေးခဲ့ပါသည်၊ တချို့ ရူပက၌ကား "တည်းဟူသော" မပါလျှင် မချောမည်ဖြစ်သော ကြောင့် "တည်းဟူသော"ဟုပင် ပေးထားပါသည်။

http://www.dhammadownload.com

အသေသဇတ္ထုဝိသယမိဿက

၂၁၆။ စန္ဒိကာ မန္ဒဟာသာ တေ, မုနိန္ဒ ဝဒနိန္ဒုနော၊
ပဗောဓယတျ·ယံ သာဓု–မနောကုမုဒကာနနံ။

၂၁၆။ မုနိန္ဒ-မုနိထွတ်တင်, အိုဘုရားရှင်၊ တေ-ရှင်တော်မြတ်ဘုရား၏၊ ဝဒနိန္ဒုနော-သပ္ပာယ်ပဝင်း, မျက်နှာတော်လမင်း၏၊ မန္ဒဟာသာ-သာသာညှင်းညှင်း, ပြုံးတော်မူခြင်းတို့သည်၊ စန္ဒိကာ-ကမ္ဘာတန်ဆောင်, လအရောင်တို့ပါပေတည်း၊ အယံ-ဤပြုံးတော်မူခြင်းဟူသော လရောင်သည်၊ (တစ်နည်း) အယံ-ဤမျက်နှာတော်လမင်းသည်၊ သာဓုမနောကုမုဒကာနနံ-သူတော်ကောင်းတို့, ညှတ်ပြောင်းစိတ်စော, ကုမုဒြာကြာဖြူတောကို၊ ပဗောဓယတိ-ညှဉ်တိုင်း မနွမ်း, ရှုမခန်းအောင်, ပွင့်လန်းစေနိုင်ပါသည် ဘုရား။

၂၁၆။ ဤဂါထာ၌ မျက်နှာတော်ကို လမင်းဟု ပုံပြုသည်၊ ထိုသို့ပြုရာ၌ မျက်နှာတော်၏ ပြုံးတော်မူခြင်းကို လရောင်, ပြုံးတော်မူခြင်းကြောင့် သူတော်ကောင်းတို့၏ စိတ်ဓာတ် ရွှင်လန်းခြင်းကို ကုမုဒြာကြာတော၏ ပွင့်ခြင်းဟု ပုံသဏ္ဌာန်ပြုသောကြောင့် လ၏ ဆိုင်ရာအစိတ်အပိုင်းအားလုံး မကျန်အောင် ပုံသဏ္ဌာန်ပြုရကား အသေသဝတ္ထုဝိသယရူပက မည်၏၊ ထိုသို့ ရူပကပြုရာ၌လည်း စန္ဒိကာနှင့် မန္ဒဟာသာသည် အသမာသ(ဝါကျ), ဝဒနိန္ဒုနောပုဒ်, သာဓုမနောကုမုဒကာနနံပုဒ်တို့သည် သမာသ၊ ထို့ကြောင့် "အသေသဝတ္ထုဝိသယသမာသာသမာသရူပကဖြင့် တန်ဆာဆင်အပ်သောဂါထာ ဖြစ်သည်။

စန္ဒိကာ မန္ဒဟာသာ။ ။စန္ဒိကာသဒ္ဒါသည် လ၏ အရောင်ကို ဟော၏၊ စန္ဒော ယာသံ အတ္ထိတိ စန္ဒိကာ=မိမိ၏ မှီရာ လရှိသော အရောင် (လရောင်)တို့၊ မန္ဒံ-သာသာညှင်းညှင်း+ဟာသာ-ပြုံးခြင်းတို့တည်း၊ မန္ဒဟာသာ-တို့၊ ဟာသောသည် ပုံလိန်ဖြစ်သောကြောင့် "ဟာသာ"ကို ဗဟုဝုစ်ဟု မှတ်၊ မန္ဒဟာသာနှင့် ဝုစ်တူအောင် စန္ဒိကာကိုလည်း "စန္ဒကန္တိယော"ဟု ဗဟုဝုစ် ဖွင့်ကြ၏၊ ထို့ကြောင့် ပဗောဓယတိ၌ မစပ်ဘဲ, သူ့နေရာ၌ ပြတ်အောင် အနက်ပေးထားသည်။

ပဗောဓယတျယံ။ ။ပပုဗ ဗုဓဓာတ်သည် ဝိကာသန (ပွင့်ခြင်း)အနက်ကို ဟော၏၊ (ပဗောဓ+ကာရိတ် ဏာယ)၊ အယံဖြင့် လရောင်ကို

http://www.dhammadownload.com

နိဂုံးနှင့်ပဋိညာဉ်

၂၁၇။ အသေသဝတ္ထုဝိသယေ, ပဘေဒေါ ရူပကေ အယံ၊
ဧကဒေသဝိဝတ္တိမှိ, ဘေဒေါ ဒါနိ ပဝုစ္စတိ။

၂၁၇။ အသေသဝတ္ထုဝိသယေ-အကြွင်းမရှိသော ဝတ္ထုဟူသော အရာရှိသော၊ ရူပကေ-ရူပက၌၊ အယံ ပဘေဒေါ-ဤဥဒါဟရုဏ်အထူး အပြားသည်၊ ဟောတိ-ဖြစ်၏၊ ဒါနိ-ယခုအခါ၌၊ ဧကဒေသ ဝိဝတ္တိမှိ-ဧကဒေသဝိဝတ္တိရူပက၌၊ ဘေဒေါ-အထူးအပြားကို၊ ပဝုစ္စတိ-ဆိုအပ်၏၊ ဝါ-ဆိုတော့လတ္တံ့။ [ပါဠိလျှောက်အတိုင်း အဓိပ္ပာယ် ထင်ရှားပြီ။]

ပြန်၍ ညွှန်းလျှင် "စန္ဒိကာ"ဟု ဗဟုဝုစ်ဆိုခဲ့ရကား ဝုစ်ချင်းမတူသော ကြောင့် လရောင်ဇာတ်ငဲ့၍ ဇာတျာပေက္ခနည်းအားဖြင့် ဧကဝုစ် ထားသည်ဟု မှတ်။...[အယန္တိ ဇာတျေကဝစနေန မန္ဒဟာသစန္ဒိကာ နိဒ္ဒိဋ္ဌာ။] (တစ်နည်း) အယံဖြင့် ဝဒနိန္ဒုကို ပြန်ညွှန်းပါ။ [အထဝါ အယံ ဝဒနိန္ဒု။]

သာဓု၊ပေ၊ကာနနံ။ ။သာဓူနံ+မနော သာဓုမနော၊ ကုမုဒါနံ+ကာနနံ (တော) ကုမုဒကာနနံ၊ သာဓုမနောဧဝ+ကုမုဒကာနနံ သာဓုမနော ကုမုဒကာနနံ၊ မနောဂိုဏ်းဖြစ်၍ သမာသ်အလယ်၌ "မနော"ဟု သြရှိရသည်၊ ကုမုဒြာကြာဖြူတို့သည် လရောင်ထွက်မှ ပွင့်လေ့ရှိကြ၏။

အမှာ။ ။ သဒ္ဓါ ဗီဇံ တပေါ ဝုဋ္ဌိ, ပညာ မေ ယုဂနင်္ဂလံ၊
ဟိရီ ဤသာ မနော ယောတ္တံ, သတိ မေ ဖာလပါဇနံ။

ဤဂါထာကို သမာသရူပကဟုလည်းကောင်း, သမာသာသမာသ ရူပကဟုလည်းကောင်း ရှေးနိဿယများ၌ ဝါဒကွဲ၏၊ ဤဂါထာသည် ဘုရားရှင်၏ လယ်ထွန်ဘဏ္ဍာများကို စုံလင်စွာ ရူပကပြုထားသော ဂါထာတည်း၊ ထိုဂါထာ၌ "မေ"ဟူသော သမ္ဗန်ကို ထောက်၍ "ငါ၏ သဒ္ဓါသည် မျိုးစေ့တည်း၊ ငါ၏ အကျင့်ကား မိုးရေတည်း"စသည်ဖြင့် ဝါကျချည်းဖြစ်ကြောင်း သိသာရကား အသေသဝတ္ထုဝိသယအသမာသ ရူပကသာ။ [ပညာ မေတိ ဧတ္ထ မေသဒ္ဒေါ ပုရိမပဒေသုပိ ယောဇေ တဗ္ဗော၊ သဒ္ဓါ မေ ဗီဇံ, တပေါ မေ ဝုဋ္ဌိ၊ ဗြာဟ္မဏသံယုတ်, (၂) ဥပါသကဝဂ်, သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ။]

http://www.dhammadownload.com

ဧကဒေသဝိဝတ္တိသမာသ

၂၁၈။ ဝိလာသဟာသကုသုမံ, ရုစိရာ-ဓရပလ္လဝံ၊
သုခံ ကေ ဝါ န ဝိန္ဒန္တိ, ပဿန္တော မုနိနော မုခံ။

၂၁၈။ ဝိလာသဟာသကုသုမံ-စံပယ်စွာတင့်, အပြုံးတော်ပန်းပွင့်လည်း ရှိတော်မူထသော၊ ရုစိရာ-ဓရပလ္လဝံ-နှစ်သက်စဖွယ်, တင့်တယ်နီမြန်း, နှုတ်ခမ်းတော်ရွှန်းညွှန့်လည်း ရှိတော်မူထသော၊ မုနိနော-ငါတို့ထွတ်ထား, မြတ်ဘုရား၏၊ မုခံ-ရွှေမျက်နှာတော်ကို၊ ပဿန္တော-မျက်ဝါးထင်ထင်, ဖူးမြင်ရကုန်သည်ရှိသော်၊ ကေဝါ-အဘယ်မည်သူ, နတ်လူတို့သည်လည်း၊ သုခံ-ကိုယ်စိတ်နှစ်ဖြာ, ချမ်းသာခြင်းကို၊ န ဝိန္ဒန္တိ-မရဘဲရှိကုန်တော့အံ့နည်း၊ (ဝိန္ဒန္တိ ဧဝ-ရကြကုန်တော့မည်သာ)။

၂၁၈။ ဝိလာသ၊ပေါမုခံ။ ။နီမြန်းသော နှုတ်ခမ်းတော် ပေါ်လာအောင် ပြုံးတော်မူသော ဘုရားမျက်နှာတော်ဝယ် နီမြန်းသော နှုတ်ခမ်းတော်ကို ရွှန်းညွှန့်နိုကလေး, ပြုံးတော်မူခြင်းကို ရွှန်းညွှန့်ပါသော ပန်းပွင့်ဟု ဥပမာပုံသဏ္ဌာန်ပြု၍, မျက်နှာတော်အတွက် ပုံသဏ္ဌာန် (ဥပမာ) မပါသည့်အတွက် ဧကဒေသဝိဝတ္တိ(တစ်စိတ်တစ်ဒေသ၌သာ) ရှုပကဖြစ်သောကြောင့်လည်းကောင်း, သမာသ်ပုဒ်ဖြင့် ရှုပကပြုသောကြောင့်လည်းကောင်း ဤဂါထာသည် ဧကဒေသဝိဝတ္တိသမာသရှုပကဖြင့် တန်ဆာဆင်ထားသော ဂါထာဖြစ်သည်။

ဝိလာသဟာသကုသုမံ။ ။ဝိလာသေန+ယုတ္တော+ဟာသော ဝိလာသဟာသော-ပြုံးရုံသက်သက် မဟုတ်, ပြုံးတော်မူရာတွင် တင့်တယ်စံပယ်သော ကျက်သရေပါရှိသော ပြုံးတော်မူခြင်း-ဟူလို၊ "ယုတ္တ"ဟူသောအလယ်ပုဒ် ကျေသည်၊ ဝိလာသဟာသော ယေဝ+ကုသုမံ ယဿာတိ ဝိလာသဟာသကုသုမံ (မုခံ)။

ရုစိရာဓရပလ္လဝံ။ ။ရုစိရော စ+သော+အဓရော စာတိ ရုစိရာဓရော-နှစ်သက်ဖွယ် နီမြန်းသော နှုတ်ခမ်းတော်၊ ရုစိရာဓရော ဧဝ+ပလ္လဝေါ ယဿာတိ ရုစိရာဓရပလ္လဝံ (မုခံ)။

http://www.dhammadownload.com

ဧကဒေသဝိဝတ္တိအသမာသပုံစံ

၂၁၉။ ပါဒဒွန္ဒံ မုနိန္ဒဿ, ဒဒါတု ဝိဇယံ တဝ၊
နခရံသီ ပရံကန္တာ, ယဿ ပါပဇယဒ္ဓဇာ။

၂၁၉။ ယဿ မုနိန္ဒဿ-အကြင် မုန်ထွတ်ထား, မြတ်ဘုရား၏၊ ပရံကန္တာ-လွန်စွာတင့်တယ်, နှစ်သက်ဖွယ်ကောင်းကုန်သော၊ နခရံသီ-ခြေသည်းတော် အရောင်တို့သည်၊ ပါပဇယဒ္ဓဇာ-မကောင်းမှုကို အောင်မြင်ရာ၌ စိုက်ထောင်အပ်သော အလံတို့ပါပေတည်း၊ (တဿ မုနိန္ဒဿ)-ထိုမုနိထွတ်ထား, မြတ်ဘုရား၏၊ ပါဒဒွန္ဒံ-ခြေတော်အစုံသည်၊ တဝ-သင့်အား၊ ဝိဇယံ-အောင်ပွဲကို၊ ဒဒါတု-ပေးပါစေသတည်း။

၂၁၉။ ပါဒဒွန္ဒံတျာဒိ။ ။ခြေတော်အစုံအတွက် ရူပကမပြုဘဲ, ခြေသည်းတော်အရောင်အတွက်သာ "ပါပဇယဒ္ဓဇာ"ဟု ရူပကပြု၏၊ ထိုသို့ ပြုရာဝယ် သမာသ်မဟုတ်၊ "နခရံသီ+ပါပဇယဒ္ဓဇာ"ဟု ဝါကျဖြင့် ရူပကပြုသောကြောင့် ဤဂါထာသည် ဧကဒေသဝိဝတ္တိအသမာသ ရူပကဖြင့် တန်ဆာဆင်ထားသော ဂါထာဖြစ်သည်။ [ဧကဒေသေ-(ဆိုင်ရာအားလုံးကို ရူပက မပြုဘဲ) တစ်စိတ်တစ်ဒေသ၌ + ဝိဝတ္တိ-အထူးသဖြင့် ဖြစ်သောရူပကတည်း၊ ဧကဒေသဝိဝတ္တိ-တစ်စိတ်တစ်ဒေသ ၌ ဖြစ်သော ရူပက။]

နခရံသီ ပါပဇယဒ္ဓဇာ။ ။နခါနံ+ရံသယော နခရံသီ-ခြေသည်းတော် အရောင်တို့၊ ပါပါနံ+ဇယော ပါပဇယော၊ ပါပဇယေ+ဓဇာ ပါပဇယဒ္ဓဇာ-မကောင်းမှုတို့ကို အောင်နိုင်ရာဝယ် အောင်လံသဖွယ် ဖြစ်ကြသော ခြေသည်းတော်အရောင်တို့၊ "မကောင်းမှုကို အောင်နိုင်ရာဝယ် အောင်လံသဖွယ် ဖြစ်၍ အလွန်နှစ်သက်ဖွယ် ကောင်းသော ခြေသည်းတော်အရောင်တို့ဖြင့် တပြောင်ပြောင် ဝင့်ကြွားလျက်ရှိသော ဘုရာ့ခြေတော်အစုံသည် (မအောင်သေးခင် အောင်မြင်ဖို့အရေးကို တွေး၍ နေသော သင့်အား) အောင်ဆုကို ပေးပါစေ"ဟူလို။

~~~~~~~~~~~~
~~~~~~~~~~~~

http://www.dhammadownload.com

ကေဒေသဝိဝတ္တိမိဿက

၂၂၀။ သုနိမ္မလကပေါလဿ, မုနိန္ဒဝဒနိ-နန္ဒုနော၊
သာဓု-ပွဗုဒ္ဓဟဒယံ, ဇာတံ ကေရဝကာနနံ။

၂၂၀။ သုနိမ္မလကပေါလဿ-ညစ်ကြေးမတင်, လွန်သန့်စင်သော ပါးအပြင် ရှိတော်မူသော၊ မုနိန္ဒဝဒနိန္ဒုနော-မြတ်စွာဘုရား၏ မျက်နှာတော် လမင်း၏၊ သာဓုပွဗုဒ္ဓဟဒယံ-သူတော်ကောင်းတို့၏ သစ္စာလေးပါး သိခြင်းဖြင့် ပွင့်လင်းသော စိတ်နှလုံးသည်၊ ကေရဝကာနနံ-ကုမုဒြာကြာဖြူတောသည်၊ ဇာတံ-ဖြစ်လေပြီ။

၂၂၀။ "သုနိမ္မလကပေါလ"အတွက် "မည်သည့်အရာနှင့်တူသည်" ဟု ပုံသဏ္ဌာန် မပြုဘဲ, မျက်နှာတော်ကို (လ)ဟုလည်းကောင်း, စိတ်နှလုံးကို "ကုမုဒြာကြာဖြူတော"ဟုလည်းကောင်း ရူပကပြု၏၊ ထိုသို့ပြုရာ၌ ဝဒနိန္ဒုသည် သမာသ, ဟဒယံနှင့် ကေရဝကာနနံသည် အသမာသ၊ ထို့ကြောင့် ဤဂါထာသည် ဧကဒေသဝိဝတ္တိသမာသာသမာသရူပကအလင်္ကာဖြင့် တန်ဆာဆင်ထားသော ဂါထာဖြစ်သည်။

သုနိမ္မလကပေါလဿ။ ။သုနိမ္မလော+ကပေါလော ယဿာတိ သုနိမ္မလကပေါလော၊ ဤသို့ သမာသ်တွဲထားသော်လည်း ရူပကမဟုတ်သောကြောင့် ဤပုဒ်သည် ဤနေရာ၌ လိုရင်းမဟုတ်၊ မှန်၏-ရူပကအရာဝယ် ဥပမာန+ဥပမေယျပုဒ်တို့၏ သမာသ်ဟုတ်-မဟုတ်ကိုသာ စစ်ဖို့လိုသည်။ [တထာ ဟိ ရူပကဝိသယေ သမာသာသဓာသတ္တံ ဥပမာနောပမေယျပဒါနံ ဒ္ဝိန္နမေဝါတိ၊-ဋီကာသစ်။]

မုနိန္ဒ၊ပေ၊ကာနနံ။ ။မုနိန္ဒဿ+ဝဒနံ မုနိန္ဒဝဒနံ၊ မုနိန္ဒဝဒနမေဝ+ဣန္ဒု၊ မုနိန္ဒဝဒနိန္ဒု၊ ဤ၌ ဥပမေယျ ဝဒနနှင့် ဥပမာန ဣန္ဒုကို သမာသ်ပြုထားသည်၊ ပဗုဒ္ဓံ စ-ပွင့်သည်လည်း ဟုတ်၏၊ တံ+ဟဒယဉ္စာတိ ပဗုဒ္ဓဟဒယံ၊ သာဓူနံ+ပဗုဒ္ဓဟဒယံ သာဓုပွဗုဒ္ဓဟဒယံ-သူတော်ကောင်းတို့၏ သစ္စာ ၄ ပါး သိခြင်းအားဖြင့် ပွင့်လင်းသော စိတ်နှလုံး။ [ဤ၌ သမာသ်တွဲထားသော်လည်း ဥပမာန+ဥပမေယျ ၂ ပုဒ်ကို တွဲခြင်းမဟုတ်သောကြောင့် သမာသရူပက မဟုတ်၊ ရိုးရိုးသမာသ်သာ၊] ကေရဝသဒ္ဒါသည် ကုမုဒြာကြာဖြူဟူသော အနက်ကို ဟော၏။

http://www.dhammadownload.com

ကြွင်းသောရူပကများ

၂၂၁။ ရူပကာနိ ဗဟူဧဝ, ယုတ္တာ-ယုတ္တာဒိဘေဒတော၊
ဝိသုံ နု တာနိ ဝုတ္တာနိ, ဧတ္ထေဝ-ဧန္တောဂတာနိ-တိ။

၂၂၁။ ရူပကာနိ-ရူပကတို့သည်၊ ယုတ္တာယုတ္တာဒိ ဘေဒတော-ယုတ္တရူပက, အယုတ္တရူပက အစရှိသည်တို့၏အပြားအားဖြင့်၊ ဗဟူနိ ဧဝ-များပြားကုန်သည်သာတည်း၊ တာနိ-ထိုများစွာသော ရူပကတို့ကို၊ ဝါ-တို့သည်၊ ဧတ္ထေဝ-ဤဆိုအပ်ပြီးသော ရူပကဌ်သာလျှင်၊ အန္တောဂတာနိ-အတွင်းဝင်ကုန်၏။ ဣတိ-ထို့ကြောင့်၊ ဝိသုံ-သီးခြား၊ နု ဝုတ္တာနိ-မဆိုအပ်ကုန်။

၂၂၁။ ရူပကာနိတျာဒိ။ ။ရူပကတို့သည် ပြခဲ့သော အသေသဝတ္ထု ဝိသယ ၃ မျိုး, ကေဒေသဝိဝတ္တိ ၃ မျိုးအပြင် ယုတ္တရူပက, အယုတ္တရူပက စသောအားဖြင့် များစွာ ရှိကုန်သေး၏။ ထိုရူပကတို့သည် ဤပြခဲ့သော ၆ မျိုးဌ် အတွင်းဝင်ကုန်ရကား ဥဒါဟရုဏ်ထုတ်၍ သီးခြားမဆိုတော့ပြီ-ဟူလို။

ယုတ္တာဒိ။ ။အာဒိဖြင့် ကာဗျဒဿဌ် ပြအပ်သော ဝိသမရူပက, ဝိသေသရူပက, ဝိရုဒ္ဓရူပက, ဟေတုရူပက, ဥပမာရူပက, ဗျတိရေကရူပက, အက္ခေပရူပက, သမာဓာနရူပက, ရူပကရူပက, တတ္တာပဟ္နဝရူပကများကို ယူစေလိုသည်၊ ထိုရူပကအများတို့တွင် —

သိတပုဗ္ဗုဇ္ဇလံ လောလ-နေတ္တာဘိဂံ တဝါနနံ၊
ကဿ နာမ မနော ဓိရ, နာကမ္ပုတိ မနောဟရံ။

ဟူသော ဂါထာသည် ယုတ္တရူပက၏ပုံစံဖြစ်သည်၊ [ဓိရ-အိုမြတ်စွာဘုရား၊ သိတပုဗ္ဗုဇ္ဇလံ-အပြိုးတော် ပန်းပွင့်တို့ဖြင့် တောက်ပတောက်မူထသော၊ လောလနေတ္တာဘိဂံ-လှုပ်သောမျက်လုံး, ပျားပိတုန်းလည်းရှိတော်မူထသော၊ မနောဟရံ-မြင်ရသူ စိတ်နှလုံးကို ယူကြုံးဆွဲဆောင်တော်မူနိုင်ထသော၊ တဝ-ရှင်တော်မြတ်ဘုရား၏၊ အာနနံ-မျက်နှာတော်သည်၊ ကဿ နာမ-အဘယ်မည်သူ, နတ်နှင့်လူ၏၊ မနော-စိတ်ဓာတ်ကို၊ နာကမ္ပုတိ-မဆွဲငင်ဘဲ ရှိပါတော့အံ့နည်း၊ (အာကမ္ပုတိ ဧဝ-ဆွဲငင်နိုင်သည်သာ ဖြစ်ပါတော့သည် ဘုရား။)]

http://www.dhammadownload.com

ဝစနတ္ထ။ ။သိတာနိ ဧဝ+ပုပ္ဖာနိ သိတပုပ္ဖာနိ-ပြုံးတော်မူခြင်းပန်း (အပြုံးပန်း)တို့၊ သိတပုပ္ဖေဟိ+ဥဇ္ဇလံ သိတပုပ္ဖုဇ္ဇလံ၊ လောလာနိ (မျက်နှာသေ မဟုတ်) လှုပ်လှုပ်ရှားရှား ဖြစ်ကုန်သော+နေတ္တာနိ လောလနေတ္တာနိ၊ တာနိ ဧဝ+ဘိဂ်ါနိ ယဿာတိ လောလနေတ္တဘိဂ်။

မှတ်ချက်။ ။ပန်းနှင့် ပျားပိတုန်းတို့သည် ယှဉ်ဖော်ယှဉ်ဖက် ဖြစ်ကြ၏၊ ဤသို့ ယှဉ်တွဲသင့်သည်ကို ယှဉ်တွဲ၍ ပြသောကြောင့် ယုတ္တ ရူပကပုံစံပြဂါထာ ဖြစ်၏၊ ["ဧတ္ထ ပုပ္ဖဘိဂ်ါနံ အညမညယုတ္တတ္တာ ယုတ္တရူပကံ နာမ"-ဋီကာ၊] ဤယုတ္တရူပကသည် "သိတပုပ္ဖုဇ္ဇလံ"ဟု လည်းကောင်း,"လောလနေတ္တဘိဂ်"ဟုလည်းကောင်း သမာသ်တွဲ၍ ပြ၏၊ အာနနံအတွက် ရူပကမပါ၊ ထို့ကြောင့် ဧကဒေသဝိဝတ္တိသမာသ ရူပကတွင် ပါဝင်ပြီ၊ ထို့ကြောင့် ကျမ်းဆရာကိုယ်တိုင်က "ဝိသုံ နတာနိ ဝုတ္တာနိ=သီးခြားမပြတော့"ဟု ဆိုထားသောကြောင့် ဤဂါထာသည် ကျမ်းရင်း၌ပါသော ဂါထာမဟုတ်၊ ကာဗျဒဿမှ ယူ၍ ဋီကာဆရာတို့ ပြအပ်သော ပုံစံသာတည်း၊ ထို့ကြောင့် ယခုအခါ အချို့စာအုပ်၌ စာကိုယ်တွင် ပါဝင်နေခြင်းမှာ မသင့်ဟု မှတ်။

ဣဒ·မာဒ္ဒသိတဇ္ဇုဏ္ဍံ, သို့ဒ္ဓနေတ္တောပွလံ မုခံ၊
ဣတိ ဇုဏ္ဍုပွလာ·ယောဂါ, အယုတ္တံ နာမ ရူပကံ။

ဣဒံ မုခံ-ဤမျက်နှာသည်၊ အာဒ္ဒသိတဇ္ဇုဏ္ဍံ-ရွှမ်းရွှမ်းစိုစို, ပြုံးချိုချို လရောင်လည်း ရှိပါပေ၏၊ သို့ဒ္ဓနေတ္တောပွလံ (သိနိဒ္ဓနေတ္တဥပွလံ)-ချစ်စေးပြည့်လျှမ်း, မျက်လုံးကြာညိုပန်းလည်း ရှိပါ၏၊ ဣတိ-ဤ ရူပကသည်၊ ဇုဏ္ဍုပွလာ·ယောဂါ (ဇုဏ္ဍ+ဥပွလ+အယောဂါ)-လရောင် နှင့် ဥပွလကြာပန်းတို့၏ ယှဉ်ဘက်မဟုတ်သောကြောင့်၊ အယုတ္တံ နာမ ရူပကံ-အယုတ္တရူပက မည်၏။

အယုတ္တ။ ။ဥပွလမည်သော ကြာသည် လမထွက်သော နေ့အခါ၌ ပွင့်ရကား လရောင်နှင့် ယှဉ်ဖက်မဟုတ်၊ ထိုသို့ ယှဉ်ဖက်မဟုတ်သော လရောင်နှင့်ကြာ ယှဉ်တွဲ၍ ရူပကပြုထားသောကြောင့် အယုတ္တရူပက မည်၏၊ ဤရူပကလည်း ပြုံးခြင်းကို လရောင်, မျက်လုံးကို ကြာညိုပန်းဟု ရူပကပြု၍ မုခံအတွက် ရူပကမပြုသောကြောင့်လည်းကောင်း, သမာသ်ပုဒ်ဖြစ်သော ကြောင့်လည်းကောင်း "ဧကဒေသဝိဝတ္တိသမာသရူပက"တွင် ပါဝင်ပြီး ဖြစ်၏။

~~~~~~~~~~~
~~~~~~~~~~~

http://www.dhammadownload.com

ဒုဋ္ဌာလင်္ကတိဒေါသရောက်, မရောက်

၂၂၂။ စန္ဒိမာ·ကာသပဒုမ–မိစ္ဆေတံ ခဏ္ဍရူပကံ၊
ဒုဋ္ဌ·မမ္ဟောရုဟဝနံ, နေတ္ထာနိ·စ္စာ·ဒိ သုန္ဒရံ။

၂၂၂။ စန္ဒိမာ-လမင်းသည်၊ အာကာသပဒုမံ-ကောင်းကင်၌ ပဒုမ္မာကြာပန်းတည်း၊ ဣတိ-ဤသို့သော၊ ဧတံ-ဤရူပကကို၊ ခဏ္ဍရူပကံ-တစ်ပိုင်းပြတ်သော ရူပကသည်၊ (ဟုတွာ-ဖြစ်၍၊ ဝါ-ဖြစ်ခြင်းကြောင့်၊) ဒုဋ္ဌ-ဒုဋ္ဌာလင်္ကတိဒေါသသည် ဖျက်ဆီးအပ်၏၊ ဝါ-ဒုဋ္ဌာလင်္ကတိဒေါသ ရောက်၏၊ အမ္ဟောရုဟဝနံ-ရေ၌ ပေါက်သော ကြာညိုတောသည်၊ နေတ္ထာနိ-မျက်လုံးတို့တည်း၊ ဣစ္စာဒိ-ဤသို့ အစရှိသော ဝစနဘေဒရူပကသည်ကား၊ သုန္ဒရံ-အပြစ်ကင်းလတ်, ကောင်းမြတ်၏။

၂၂၂။ ဥပမာအလင်္ကာကို ဖျက်တတ်၍ ဒုဋ္ဌာလင်္ကတိဒေါသသင့်သော ဥပမာများ ရှိသကဲ့သို့, ထို့အတူ ရူပက၌လည်း ဒုဋ္ဌာလင်္ကတိဒေါသသင့်သော ရူပကများ ရှိ၏၊ "စန္ဒိမာ အာကာသပဒုမံ-လသည် ကောင်းကင်၌ ပဒုမ္မာကြာပန်း"ဟူရာ၌ လကို ပဒုမ္မာကြာပန်းသဏ္ဌာန် ပုံဟန်ပြုသော်လည်း ကောင်းကင်အတွက် "ရေကန်" ဟူသော ပုံသဏ္ဌာန် မပါရကား တစ်ပိုင်းပြတ်သော ခဏ္ဍရူပကဖြစ်၍ (ခဏ္ဍိတော ပမာ) ကဲ့သို့ ဒုဋ္ဌာလင်္ကတိဒေါသ ရောက်၏၊ "ကောင်းကင်၌ လသည် ရေကန်၌ ပဒုမ္မာကြာပန်းတည်း"ဟု အပြည့်အစုံ ပုံသဏ္ဌာန်ပြုမှ အပြစ်ကင်းသည်။

အမ္ဟော ၊ပေ၊ နေတ္ထာနိ။ ။"မျက်လုံးတို့သည် ကြာညိုတောတည်း" ဟူရာ၌ ဝုစ်ချင်းမတူ (ဧကဝုစ်နှင့် ဗဟုဝုစ် ကွဲပြားသော်လည်း) "ပိယော ပါဏာဂ္ဂဝ အယံ"ကဲ့သို့ ရှေးပညာရှိတို့ သုံးစွဲလေ့ ရှိကြသဖြင့် ဒုဋ္ဌာလင်္ကတိ အပြစ် ကင်း၍ ကောင်းမြတ်ပါပေသည်၊ ဤနည်းကို မှီး၍ ဥပမာအလင်္ကာ၌ ပြခဲ့သည့်အတိုင်း ပျက်သော ရူပက-မပျက်သော ရူပကတို့ကို သိပါလေ-ဟူလို။

http://www.dhammadownload.com

မဆုံးနိုင်သော ဥပမာနှင့်ရူပက

၂၂၃။ ပရိယန္တော ဝိကပ္ပါနံ, ရူပကဿေ-ပမာယ စ၊
နတ္ထိ ယံ တေန ဝိညေယျံ, အဝုတ္တ-မနုမာနတော။

၂၂၃။ ယံ (ယေန ကာရဏေန)- အကြောင် အကြောင်းကြောင့်၊ ရူပကဿ စ-ရူပကအလင်္ကာ၏လည်းကောင်း၊ ဥပမာယ စ-ဥပမာအလင်္ကာ၏လည်းကောင်း၊ ဝိကပ္ပါနံ-ရှေးပညာရှိတို့, အမျိုးမျိုး အဖုံဖုံ, စီရင်အပ်ကုန်သော အပြားတို့၏၊ ပရိယန္တော-အဆုံးသည်၊ နတ္ထိ-မရှိ၊ တေန-ထို့ကြောင့်၊ အဝုတ္တံ-မဆိုအပ်သော ဥပမာ ရူပကကို၊ အနုမာနတော-အနုမာနဉာဏ်ဖြင့်၊ ဝိညေယျံ-သိအပ် သိနိုင်လောက်ပြီ။ [“ဥပမာနှင့် ရူပကတို့ မဆုံးနိုင်အောင် များရကား မဆိုအပ်၍ ကျန်သမျှကို အနုမာနဉာဏ်ဖြင့် မှန်းဆ၍ သိကြပါလေ”ဟူလို။]

ရူပကအလင်္ကာပြီး၏။

အာဝုတ္တိအလင်္ကာ၏လက္ခဏာ

၂၂၄။ ပုနပ္ပုနံ-မုစ္စာရဏံ, ယ-မတ္ထဿ ပဒဿ စ၊
ဥဘယေသဉ္စ ဝိညေယျာ, သာ-ယ-မာဝုတ္တိ နာမတော။

၂၂၄။ အတ္ထဿ စ-အနက်ကိုလည်းကောင်း၊ ပဒဿ စ-ပုဒ်ကိုလည်းကောင်း၊ ဥဘယေသံ စ-အနက်, ပုဒ် နှစ်ပါးတို့ကိုလည်းကောင်း၊ ပုနပ္ပုနံ-အဖန်ဖန် အထပ်ထပ်၊ ယံ ဥစ္စာရဏံ-အကြောင်ရွတ်ဆိုခြင်းသည်၊ အတ္ထိ-ရှိ၏၊ သာယံ-ထိုရွတ်ဆိုခြင်းကို၊ နာမတော-အမည်အားဖြင့်၊ အာဝုတ္တိ-အာဝုတ္တိဟူ၍၊ ဝိညေယျာ-သိအပ်၏။

၂၂၄။ ပုနပ္ပုနတ္ထာဒီ။ ။အာဝုတ္တိ၌ အာဥပသာရသည် ပုနပ္ပုန အနက်ကို ဟောသောကြောင့် “ပုနပ္ပုနံ-အထပ်ထပ်+ဝုတ္တိ-ဆိုခြင်း၊ အာဝုတ္တိ-အထပ်ထပ်ဆိုခြင်း”ဟု ပြု။ ပုနပ္ပုနမုစ္စာရဏံသည် အာဝုတ္တိ၏ အနက်ကို ပွင့်ပြသော စကားတည်း၊ အနက်ကို ဖြစ်စေ, ပုဒ်ကို ဖြစ်စေ, နှစ်မျိုးလုံးကိုဖြစ်စေ တစ်ကြိမ်တည်းဖြင့်မပြီးစေဘဲ အထပ်ထပ်ဆိုခြင်းကို“အာဝုတ္တိအလင်္ကာ”ဟု ခေါ်သည်၊ “အတ္ထဿ”စသည်ကို ထောက်၍ “အတ္ထအာဝုတ္တိ, ပဒအာဝုတ္တိ, ဥဘယအာဝုတ္တိ”အားဖြင့် ၃ ပါး ပြား၏။

http://www.dhammadownload.com

အတ္တအာဝုတ္တိ

၂၂၅။ မနော ဟရတိ သဗ္ဗေသ–မာဒဒါတိ ဒိသာ ဒသ၊
ဂဏ္ဍာတိ နိမ္မလတ္တဥ္စ, ယသောရာသိ ဇိနဿ·ယံ။

၂၂၅။ ဇိနဿ-မြတ်စွာဘုရား၏၊ အယံ ယသောရာသိ-ဤ ဂုဏ်တော်သတင်း, ကျော်စောခြင်းအစုသည်၊ သဗ္ဗေသံ-လူနတ်ဗြဟ္မာ, သတ္တဝါအားလုံးတို့၏၊ မနော-စိတ်ဓာတ်ကို၊ ဟရတိ-ဆောင်ယူနိုင်၏၊ ဒသ ဒိသာ-အလုံးစုံသော အရပ်ဆယ်မျက်နှာတို့ကို၊ အာဒဒါတိ-ယူနိုင်၏၊ [အရပ်ဆယ်မျက်နှာလုံးသို့ ပျံ့နှံ့သွား၏-ဟူလို၊] နိမ္မလတ္တဥ္စ-ညစ်ကြေးမတင်, သန့်ရှင်းစင်သည်၏အဖြစ်ကိုလည်း၊ ဂဏ္ဍာတိ-ယူနိုင်၏၊ [အညစ်အကြေး ကင်းသော ဂုဏ်တော်များ ဖြစ်ကြ၏-ဟူလို။]

၂၂၅။ မနောဟရတိတျာဒိ။ ။ဤဂါထာ၌ "ယူခြင်း"အနက်တစ်ခုကိုပင် "ဟရတိ, အာဒဒါတိ, ဂဏ္ဍာတိ"ဟု ဝေဝုစ် ပရိယာယ် စကားလှယ်တို့ဖြင့် အထပ်ထပ် ဆိုအပ်သောကြောင့် အတ္ထအာဝုတ္တိ အလင်္ကာဖြင့် တန်ဆာဆင်အပ်သော ဂါထာဖြစ်သည်။ [ဧတ္ထ ဂဏ္ဍာတီတိ ဧကသေဝ အတ္ထဿ "ဟရတိ, အာဒဒါတိ, ဂဏ္ဍာတီ"တိ အညေဟိ ပရိယာယဝစနေဟိ အာဝုတ္တိတ္တာ (အထပ်ထပ် ဆိုအပ်သည်၏ အဖြစ်ကြောင့်) အယံ အတ္ထာဝုတ္တိ နာမ။]

ဝိကသန္တိ ကဒမ္ဗာနိ, ဖုလ္လန္တိ ကုဋ္ဌဇဒြုမာ၊
ဥမ္မိလန္တိ ကဒလိယော, ဒလန္တိ ကကုဓာနိ ၊

ကဒမ္ဗာနိ-ထိန်ပင်တို့သည်၊ ဝိကသန္တိ-ပွင့်ကြကုန်၏၊ ကုဋ္ဌဇဒြုမာ-လက်ထုတ်ပင်တို့သည်၊ ဖုလ္လန္တိ-ပွင့်ကြကုန်၏၊ ကဒလိယော-ငှက်ပျောပင်တို့သည်၊ ဥမ္မိလန္တိ-ဖူးငုံစွင့်စွင့်, ပွင့်ကြကုန်၏၊ ကကုဓာနိ စ-ဖောက်ကြံ့ (ထောက်ကြံ့)ပင်တို့သည်လည်း၊ ဒလန္တိ-ချပ်လွှာတင့်၍, ပွင့်ကြကုန်၏။ .... [ကာဗျဒဿ၌ လာသော ဤဂါထာလည်း "ဖူးပွင့်ခြင်း " အနက်တစ်ခုကိုပင် ဝေဝုစ် ပရိယာယ် စကားလှယ်တို့ဖြင့် အထပ်ထပ် ဆိုအပ်သောကြောင့် အတ္ထအာဝုတ္တိအလင်္ကာပင်ဖြစ်သည်။]

~~~~~~~~~~~~~
~~~~~~~~~~~~~

http://www.dhammadownload.com

ပဒအာဝုတ္တိ

၂၂၆။ ဝိဘာသေန္တိ ဒိသာ သဗ္ဗာ, မုနိနော ဒေဟကန္တိယော၊
ဝိဘာ သေန္တိ စ သဗ္ဗာပိ, စန္ဒာဒိနံ ဟတာ ဝိယ။

၂၂၆။ မုနိနော-မြတ်စွာဘုရား၏၊ ဒေဟကန္တိယော-ကိုယ်တော်၌ ရောင်ခြည်တော်တို့သည်၊ သဗ္ဗာဒိသာ-အလုံးစုံသော အရပ်မျက်နှာတို့ကို၊ ဝိဘာသေန္တိ-ထူးထူးထွေထွေ, ထွန်းလင်းစေကုန်၏၊ စန္ဒာဒိနံ-လအစရှိသည်တို့၏၊ သဗ္ဗာပိ-အလုံးစုံလည်း ဖြစ်ကုန်သော၊ ဝိဘာ စ-အရောင်တို့သည်လည်း၊ ဟတာဝိယ-ဖျက်ဆီးအပ်ကုန်သကဲ့သို့၊ သေန္တိ-ဖြစ်ကုန်၏။

၂၂၆။ ဝိဘာသေန္တိတျာဒိ။ ။ဤဂါထာ၌ "ဝိဘာသေန္တိ"ဟူသော ပုဒ်ကိုသာ နှစ်ကြိမ်ထပ်၍ ဆိုအပ်၏၊ ထိုပုဒ်၏ အနက်ကား အတူမဟုတ်၊ "ဝိဘာသေန္တိ (ဝိသေသေန + ဘာသေန္တိ)- အထူးသဖြင့် ထွန်းလင်းစေကုန်၏၊ ဝိဘာ-အရောင်တို့သည်+သေန္တိ-ဖြစ်ကုန်၏"ဟု အနက်တစ်မျိုးစီ ဖြစ်၏၊ ထို့ကြောင့် ဤဂါထာသည် ပဒါဝုတ္တိအလင်္ကာဖြင့် တန်ဆာဆင်အပ်သောဂါထာ ဖြစ်သည်။

ဆိုလိုရင်း။ ။ဤဂါထာ၏ ဆိုလိုရင်းမှာ-ဘုရားရှင်၏ကိုယ်တော်၌ ရောင်ခြည်တော်တို့က အရပ်မျက်နှာတို့ကို ထွန်းလင်းစေသောကြောင့် လစသော အခြားဝတ္ထုများ၏ အရောင်တို့သည်(ဘုရားရောင်ခြည်တော်တို့က ဖျက်ဆီးအပ်သကဲ့သို့ ဖြစ်၍) အရောင်မတောက်နိုင်ဘဲ ကွယ်ပျောက်ကြရသည်-ဟူလို။[ဒေဟော+ကန္တိယော ဒေဟကန္တိယော၊-ဦးကာ။]

ဥက္ကဏ္ဌယတိ မေဃာနံ, မာလာ ဝဂ္ဂံ ကလာပိနံ၊
ယုဝါနောက္ကဏ္ဌယတျဇ္ဇ, မာနသံ မကရဒ္ဓဇော။

မေဃာနံ-မိုးတို့၏၊ မာလာ-အစဉ်သည်၊ ကလာပိနံ-ဥဒေါင်းတို့၏၊ ဝဂ္ဂံ-အစုကို၊ ဥက္ကဏ္ဌယတိ-လည်မော့သည်ကို ပြု၏၊ အဇ္ဇ-ယနေ့၊ မကရဒ္ဓဇော-ကာမနတ်သည်၊ ယုဝါနံ-ဂုလင်ပျိုတို့၏၊ မာနသံ-စိတ်ကို၊ ဥက္ကဏ္ဌယတိ-ပျင်းရိသည်ကို ပြု၏။ ကာဗျဒဿလာ ဤဂါထာလည်း အနက် မတူသော "ဥက္ကဏ္ဌယတိ"ပုဒ်ကို နှစ်ကြိမ်ထပ်၍ ဆိုသောကြောင့် ပဒါဝုတ္တိ မည်၏။]

http://www.dhammadownload.com

ဥဘယအာဝုတ္တိ

၂၂၇။ ဇိတ္တာ ဝိဟရတိ ကွေသ-ရိပုံ လောကေ ဇိနော အယံ၊
ဝိဟရတျာ.ရိဝဂ္ဂေါ.ယံ, ရာသိဘူတော.ဝ ဒုဇ္ဇနေ။

၂၂၇။ လောကေ-လောကဒ်၌၊ အယံ ဇိနော-ဤမြတ်စွာဘုရားသည်၊ ကွေသရိပုံ-ကိလေသာတည်းဟူသော ရန်သူကို၊ ဇိတ္တာ-အောင်တော်မူပြီး၍၊ ဝိဟရတိ-နေတော်မူ၏၊ အယံ အရိဝဂ္ဂေါ-ဤကိလေသာတည်းဟူသော ရန်သူအပေါင်းသည်၊ ဒုဇ္ဇနေ-လူယုတ်မာအပေါင်း၌၊ ရာသိဘူတော၀-အစုဖြစ်၍ ဖြစ်သကဲ့သို့၊ ဝိဟရတိ-နေ၏။

၂၂၇။ ဇိတ္တာတျာဒိ။ ။ဤဂါထာ၌ "နေခြင်း"အနက်ကိုချည်းဟောသော "ဝိဟရတိ"ပုဒ်ကို နှစ်ကြိမ်ထပ်၍ ဆို၏၊ ထို့ကြောင့် ဥဘယာဝုတ္တိအလင်္ကာဖြင့် တန်ဆာဆင်အပ်သောဂါထာ ဖြစ်သည်၊ ဂါထာ၏ ဆိုလိုရင်းကား - "ဘုရားရှင်သည် ကိလေသာရန်သူကို အောင်၍ နေတော်မူ၏၊ (ဘုရားရှင်ထံမှ နှုံး၍ ပြေးရသော) ကိလေသာရန်သူအစုလည်း သူယုတ်မာအပေါ်၌ စုဝေး၍ နေ၏"ဟု ဆိုလိုသည်။

ဇိတ္တာ ဝိဿံ ဘဝံ အတြ, ဝိဟရတျာ ရောဧေဟိ ဝေ၊
ဒိဝံဂတော ရိပုဝဂ္ဂေါ, ဝိဟရတျဿရာဟိ တေ။

အတြ-ဤလူ့ပြည်၌၊ ဘဝံ-အရှင်မင်းမြတ်သည်၊ ဝိဿံ-ရန်သူအားလုံးကို၊ ဇိတ္တာ-အောင်တော်မူပြီး၍၊ ဩရောဧေဟိ-မောင်းမမိသဲ့၊ ခြွေအရံတို့နှင့် အတူ၊ ဝေ-စင်စစ်၊ ဝိဟရတိ-နေတော်မူရ၏၊ ဒိဝံဂတော-အရှင့်ဒဏ်ကြောင့် နတ်ရွာစံရသော၊ တေ-အရှင်မင်းမြတ်၏၊ ရိပုဝဂ္ဂေါ-ရန်သူအပေါင်းသည်၊ အဿရာဟိ-နတ်သမီးတို့နှင့်အတူ၊ ဝိဟရတိ-နေရပါ၏။ [ကာဗျဒဿ]

အက္ကောဓေန ဇိနေ ကောဓံ, အသာဓုံ သာဓုနာ ဇိနေ၊
ဇိနေ ကဒရိယံ ဒါနေန, သစ္စေနာ.လိကဝါဒိနံ။

ဓမ္မပဒပါဠိတော်လာ ဤဂါထာ၌လည်း "အောင်ခြင်း"အနက်ဟော "ဇိနေ"သဒ္ဒါကို ၃ ကြိမ်ထပ်၍ ဆိုထား၏၊ ထို့ကြောင့် ဥဘယာဝုတ္တိအလင်္ကာဖြင့် တန်ဆာဆင်အပ်သောဂါထာ ဖြစ်သည်။

http://www.dhammadownload.com

ဒီပက၏ လက္ခဏာနှင့်အပြား

၂၂၈။ ဇကတ္ထ ဝတ္တမာနမ္ပိ, သဗ္ဗဝါကျော-ပကာရကံ၊
ဒီပကံ နာမ တဒ္ဓာဒိ–မဇ္ဈန္တဝိသယံ တိဓာ။

၂၂၈။ ဇကတ္ထ-ဝါကျ၏တစ်ခုသော နေရာ၌၊ ဝတ္တမာနံပိ-ဖြစ်ပါသော်လည်း၊ သဗ္ဗဝါကျောပကာရကံ-အလုံးစုံသော ဝါကျအား ကျေးဇူးပြုတတ်သော ပုဒ်သည်၊ ဒီပကံ နာမ-ဒီပက မည်၏၊ တဒ္ဓ-ထိုဒီပကသည်လည်း၊ အာဒိမဇ္ဈန္တဝိသယံ-အစ, အလယ်, အဆုံးဟူသော အရာရှိသည်၊ (ဟုတွာ-ဖြစ်၍) တိဓာ-၃ ပါးပြား၏။

၂၂၈။ ဇကတ္ထ၊ပေ၊ဒီပကံ နာမ။ ။ဒီပေတိ-အရောင်ဖြင့် ထင်ရှားပြတတ်၏၊ ကွတိ ဒီပေါ (ဆီမီး)၊ ဒီပေါ ဝိယာတိ ဒီပကံ၊ ဥပမာအနက်၌ ကပစ္စည်းသက်၊ ဆီမီးသည် မိမိအနီး၌ ရှိသော ဝတ္ထု, အဝေး၌ ရှိသော ဝတ္ထုများကို ထင်ရှား ပြသကဲ့သို့, မိမိတည်ရာဝါကျ၏ အနက်ကိုလည်းကောင်း, အခြားဝါကျ၏အနက်ကိုလည်းကောင်း ထင်ရှားပြတတ်သော ပုဒ်သည် ဒီပက မည်၏။ [ဧကဋ္ဌာနေ ဌတ္တာ ဝိသယီဘူတသဗ္ဗဋ္ဌာနဂတ ဒဗ္ဗပကာသကဒီပသမာနတ္တာ (တည်ရာဝိသယရှိသော ဌာနအားလုံး၌ တည်နေသော ဒြဗ်များကို ထင်ရှားပြတတ်သည့်အတွက် ဆီမီးနှင့်တူသည်၏ အဖြစ်ကြောင့်) ဒီပကံ နာမ ဟောတိ။]

တဒ္ဓ၊ပေ၊တိဓာ။ ။ထိုဒီပက၌ ဝါကျသည် နှစ်ဝါကျမှ စ၍ အများရှိရ၏၊ ထိုတွင် အစဝါကျ၏ အစ၌ တည်သော အာဒိဒီပက, အဆုံးဝါကျ၏ အဆုံး၌ တည်သော အန္တဒီပက, အစဝါကျ၏ အစလည်းမဟုတ်, အဆုံးဝါကျ၏ အဆုံးလည်း မဟုတ်သော အလယ်ဌာန၌ တည်သော မဇ္ဈေဒီပကအားဖြင့် ၃ ပါး ရှိ၏၊ တစ်ပါးတစ်ပါးလျှင် ကြိယာပုဒ်ဖြစ်သော ကြိယာဒီပက, ဇာတိပုဒ်ဖြစ်သော ဇာတိဒီပက, ဂုဏ်ပုဒ်ဖြစ်သော ဂုဏဒီပကအားဖြင့် ၃ မျိုး ပြားနိုင်၏၊ ထို့ကြောင့် ဒီပကအမျိုးပေါင်း ၉ မျိုးရှိ၏။ [ဧတေသု ဧကေကမပိ ကြိယာဇာတိ ဂုဏဘေဒေန ပုန တိဝိဓံ ဟောတီတိ ဝိညေယျံ။] ကာဗျဒဿ၌ ဒဗ္ဗ ထည့်၍ ၄ မျိုး ပြ၏၊ ထိုအံလို ဒီပက ၁၂ မျိုး ပြားသည်။

http://www.dhammadownload.com

ကြိယာအာဒိဒီပက

၂၂၉။ အကာသိ ဗုဒ္ဓေါ ဝေနေယျာ-ဗန္ဓူနံ·မမိတော·ဒယံ၊ သဗ္ဗပါပေဟိ စ သမံ, နေကတိတ္ထိယမဒ္ဒနံ။

၂၂၉။ ဗုဒ္ဓေါ-မြတ်စွာဘုရားသည်၊ ဝေနေယျဗန္ဓူနံ-ဝေနေယျခေါ်, ဆွေတော် မျိုးတော်တို့၏၊ အမိတောဒယံ-မနှိုင်းယှဉ်အပ်သော တိုးပွားမှုကို၊ အကာသိ-ပြုတော်မူပြီ၊ သဗ္ဗပါပေဟိ-အလုံးစုံသော မကောင်းမှုတို့နှင့်၊ သမံ-အညီအမျှ၊ ဝါ-အတူတကွ၊ အနေကတိတ္ထိယမဒ္ဒနံ စ-များစွာသော တိတ္ထိတို့ကို နှိမ်နင်းမှုကိုလည်း၊ အကာသိ-ပြုတော်မူပြီ။

၂၂၉။ အကာသိတျာဒိ။ ။ဤဂါထာ၌ "အကာသိ၊ပေ၊ဒယံ"သည် တစ်ဝါက်၊ "သဗ္ဗ၊ပေ၊မဒ္ဒနံ"သည် တစ်ဝါက်၊ ပဌမဝါက်၏ အစ၌ ဖြစ်သော "အကာသိ" ကြိယာသည် ဒုတိယဝါက်၌လည်း ကျေးဇူးပြု၏၊ "ကျေးဇူးပြု"ဟူရာ၌ "အနေကတိတ္ထိယမဒ္ဒနံ"ဟူသော ကံပုဒ်၏ စပ်ရာ ကြိယာဖြစ်နိုင်သည်-ဟု ဆိုလိုသည်၊ ထို့ကြောင့် ဤဂါထာသည် ကြိယာအာဒိဒီပကအလင်္ကာဖြင့် တန်ဆာဆင်ထားအပ်သောဂါထာ ဖြစ်သည်။

ဝစနတ္ထ။ ။ဝေနေယျာ ဧဝ+ဗန္ဓူ ဝေနေယျဗန္ဓူ။ အမိတော-မနှိုင်းယှဉ်နိုင် မရေတွက်နိုင်အောင် များမြောင်လှစွာသော+ဥဒယော-တိုးတက်ကြီးပွားခြင်းတည်း၊ (ဝါ-တိုးတက်ကြီးပွားကြောင်းဖြစ်သော ဆုံးမသြဝါဒပေးမှုတည်း၊) အမိတောဒယော-မှု၊ ဘုရားရှင်၏ ဆုံးမသြဝါဒကြောင့် သံသရာ ဝဋ်ဆင်းရဲမှ လွတ်ကြသော ဝေနေယျ, နောင်ခါလွတ်ဖို့ရန် ပါရမီဖြည့်နေကြသောဝေနေယျ, အပါယ်မကျဘဲ သုဂတိသို့ ရောက်ကြရသော ဝေနေယျ၊ ထိုဝေနေယျ ဆွေတော်မျိုးတော်တို့၏ တိုးတက်ကြီးပွားမှုကို ဘုရားရှင် ပြုတော်မူပြီ-ဟူလို၊ အနေကေ စ+တေ+တိတ္ထိယာ စာတိ အနေကတိတ္ထိယာ၊ တေသံ+မဒ္ဒနံ အနေကတိတ္ထိယမဒ္ဒနံ။

http://www.dhammadownload.com

ကြိယာမဂ္ဂေဒီပက

၂၃၀။ ဒဿနံ မုနိနော သာဓု–ဇနာနံ ဇာယတေ·မတံ၊
တဒ·ညေသံ တု ဇန္တူနံ, ဝိသံ နိစ္စော·ပတာပနံ။

၂၃၀။ မုနိနော-မြတ်စွာဘုရားကို၊ ဒဿနံ-ဖူးမြင်ရခြင်းသည်၊ သာဓုဇနာနံ-သူတော်ကောင်းတို့၏၊ အမတံ-အမြဲနေရန်, အမြိုက်နိဗ္ဗာန်သည်၊ ဇာယတေ-ဖြစ်၏၊ တဒညေသံ-ထိုသူတော်ကောင်းမှ တစ်ပါးကုန်သော၊ ဇန္တူနံ တု-မိစ္ဆာအယူရှိသော သတ္တဝါတို့၏ကား၊ နိစ္စောပတာပနံ-အမြဲမပြတ်, ပူစေတတ်သော၊ ဝိသံ-အဆိပ်သည်၊ ဇာယတေ-ဖြစ်၏။ ["နိစ္စံ+ဥပတာပနံ"ဟု ပုဒ်ဖြတ်။]

၂၃၀။ ဒဿနံ၊ပေ၊တာပနံ။ ။ဘုရားရှင်ကို ဖူးမြင်ရခြင်းသည် သူတော်ကောင်းတို့၏အတွက်မှာ အမြိုက်နိဗ္ဗာန်ပင် ဖြစ်ပါတော့၏၊ သူတော်ကောင်းမှ တစ်ပါးသော သူယုတ်မာများ၏ အတွက်ကား အမြဲပူလောင်နေသော အဆိပ် ဖြစ်ပါတော့သည်၊ ဤဂါထာ၌ "ဒဿနံ၊ပေ၊ ဇာယတေ မတံ"သည် တစ်ဝါက္ယ၊ "တဒညေသံ၊ပေ၊တာပနံ"သည် တစ်ဝါက္ယ၊ ရှေးဝါက္ယ၏ အစလည်း မဟုတ်သော, နောက်ဝါက္ယ၏ အဆုံးလည်း မဟုတ်သောကြောင့် အလယ်ဌာန၌ တည်သော "ဇာယတေ"ကြိယာသည် ရှေ့ နောက်၌ ကျေးဇူးပြုတတ် ထွန်းပြတတ်သောကြောင့်"ကြိယာမဂ္ဂေဒီပက"ပုဒ်တည်း၊ ထို့ကြောင့် ဤဂါထာသည် ကြိယာမဂ္ဂေဒီပကဖြင့် တန်ဆာဆင်အပ်သောဂါထာ ဖြစ်သည်။

မှတ်ချက်။ ။ဝါက္ယအများ ရှိသည်တွင် အစဝါက္ယ၏ အစဌာနနှင့် အဆုံးဝါက္ယ၏ အဆုံးဌာန မဟုတ်လျှင် အစဝါက္ယ၏ အဆုံးနားမှာ နေနေ, အဆုံးမှာ နေနေ, အဆုံးဝါက္ယ၏ အစမှာ နေနေ, "အလယ်ဌာန"ဟုချည်း ယူမှ ဤဂါထာ၌ မဂ္ဂေဒီပက ဖြစ်နိုင်မည်။

အမတံ။ ။"မုနိနော ဒဿနံ+အမတံ-ဘုရားဖူးရခြင်းသည် အမြိုက်နိဗ္ဗာန်"ဟု ဆိုရာ၌ ဖူးရခြင်းသက်သက်သည် နိဗ္ဗာန်မဟုတ်နိုင် ရကား-အဘယ်နည်းဖြင့် ဆိုအပ်သော စကားပါနည်း-ဟု မေးဖွယ်ရှိ၏၊ အဖြေကား-အမတအမည်သည် အကျိုးနိဗ္ဗာန်၏ အမည်တည်း၊ ထို အမည်ကို အကြောင်း ဖူးမြင်ရခြင်း အပေါ်၌ တင်စားထားသော

http://www.dhammadownload.com

ဖလူပစာရနည်းအားဖြင့် ဆိုအပ်သော စကားတည်း၊ မှန်၏၊-ဘုရားကို ဖူးမြင်ရခြင်းသည် အကြောင်း, ထိုအကြောင်းကြောင့် တရားနာရ၍ ကျင့်ကြံကြိုးကုတ် အားထုတ်သဖြင့်၊ နိဗ္ဗာန်ရခြင်းသည် အကျိုးတည်း၊ [မုနိနော ဒဿနံ အမတံ-အမတသခ်ါတနိဗ္ဗာနဿ ဧကန္တကာရဏတ္တာ ကာရိယောပစာရေန (အကျိုး၏ အမည်ဖြင့်၊ ဝါ-ဖလူပစာရအားဖြင့်) အမတဘူတံ ဇာယတေ။]

ဝိသံ။ ။"ဝိသံ"ဟူသော ဤစကားသည် ဒေါသစေတသိက်ကို ဆိုသော သဒိသူပစာရစကားတည်း၊ တကယ်အဆိပ် မဟုတ်၊ အမြဲစိတ်ကို ပူပန်စေတတ်သောကြောင့် အဆိပ်နှင့်တူသော ဒေါသကို "ဝိသ"ဟု ဆိုထားသည်-ဟူလို၊ ဤ၌လည်း "မုနိနော ဒဿနံ ဝိသံ-ဘုရားကို မြင်ရခြင်းသည် သူယုတ်မာတို့အတွက် ဒေါသအဆိပ်တည်း" ဟု အနက်ထွက်၏၊ အမှန်မှာ-မြင်ရခြင်းသည် အဆိပ် မဟုတ်၊ မြင်ရခြင်းဟူသော အကြောင်းကြောင့် ဒေါသဖြစ်ခြင်းသည်သာ အဆိပ်တည်း၊ ထို့ကြောင့် ဝိသံကိုလည်း (အကျိုးဒေါသအဆိပ်၏ အမည်ကို အကြောင်း ဒဿနအပေါ်၌ တင်စားသော "ကာရိယောပစာရ") ဖလူပစာရစကားဟုပင် မှတ်။ [ဝိသံ ဇာယတေ-ဝိသတုလျပဋိယကာဏတ္တာ ကာရိယောပစာရေန ဝိသံ ဘဝတိ။]

မန္ဒော ဂန္ဓဝါဟော ခါရော, ဂိနိ ဣန္ဒု စ ဇာယတေ၊
စစ္စာစန္ဒနပါတော စ, သတ္ထပါတော ပဝါသိနံ။

ပဝါသိနံ-ခင်ပွန်းမနှင့် ကွေကွင်းနေကြရသူတို့၏၊ မန္ဒော-ညှင်းညှင်းသော၊ ဂန္ဓဝါဟော-လေသည်၊ ခါရော-ဆားငန်သည်၊ ဇာယတေ-ဖြစ်၏၊ ဣန္ဒု စ-လသည်လည်း၊ ဂိနိ-မီးသည်၊ ဇာယတေ-ဖြစ်၏၊ စစ္စာစန္ဒနပါတော စ-အေးမြသော စန္ဒကူး၏ ကျရောက်ခြင်းသည်လည်း၊ ဝါ-အေးမြသော စန္ဒကူးကို လိမ်းခြင်းသည်လည်း၊ သတ္ထပါတော-ဓားလက်နက် ကျရောက်ခြင်းသည်၊ ဇာယတေ-ဖြစ်၏။ [ဤကာဗျဒဿပုံစံ၌ "ဇာယတေ"ကြိယာသည် ဒုတိယဝါကျ၏ အဆုံးမှာနေသော်လည်း အလယ်၌ တည်လျက် ရှေ့ဘက် နောက်ဘက် ဝါကျတို့အားကျေးဇူးပြုသောကြောင့် ကြိယာမဇ္ဈေဒီပကပုံစံပင် ဖြစ်သည်။]

http://www.dhammadownload.com

ကြိယာအန္တဒီပက

၂၃၁။ အစ္စန္တကန္တလာဝဏ္ဏ-စန္ဒာတပမနောဟရော၊ ဇိနာ·နနိန္ဒ္၊ ဣန္ဒ္၊ စ, ကဿ နာ·နန္ဒကော ဘဝေ။

၂၃၁။ အစ္စန္တကန္တလာဝဏ္ဏစန္ဒာတပမနောဟရော-အလွန်စင်စစ်, နှစ်သက်ဖွယ်တောင်း, လေးလေးပင်ပင် ကောင်းသော လရောင်ဖြင့် စိတ်နှလုံးကို ဆောင်ယူနိုင်သော၊ ဇိနာနနိန္ဒ္၊-မြတ်စွာဘုရား၏မျက်နှာတော် လမင်းသည်၊ ကဿ-အဘယ်မည်သူ, နတ်နှင့်လူကို၊ အာနန္ဒကော-နှစ်သက်စေတတ်သည်၊ န ဘဝေ-မဖြစ်ဘဲ ရှိပါအံ့နည်း၊ (အစ္စန္တကန္တလာဝဏ္ဏစန္ဒာတပမနောဟရော-အလွန်စင်စစ်, နှစ်သက်ဖွယ်တောင်း, လေးလေးပင်ပင် ကောင်းသော လရောင်ဖြင့် စိတ်နှလုံးကို ဆောင်ယူနိုင်သော၊) ဣန္ဒ္၊ စ-ပကတိလမင်းသည်လည်း၊ ကဿ-အဘယ်မည်သူကို၊ အာနန္ဒကော-နှစ်သက်စေတတ်သည်၊ န ဘဝေ-မဖြစ်ဘဲ ရှိပါအံ့နည်း။

၂၃၁။ ဤဂါထာ၌ "အစ္စန္တကန္တလာဝဏ္ဏစန္ဒာတပမနောဟရော ဇိနာနနိန္ဒ္၊ ကဿ နာနန္ဒကော ဘဝေ"ဟုလည်းကောင်း, "အစ္စန္တ၊ပေ၊ မနောဟရော ဣန္ဒ္၊ စ ကဿ နာနန္ဒကော ဘဝေ"ဟုလည်းကောင်း ၂ ဝါကျ ခွဲပါ။ "ဘဝေ"ဟူသော ကြိယာသည် နောက်ဝါကျအဆုံး၌ တည်သောကြောင့် "ကြိယာအန္တဒီပက"ပုံစံတည်း။

အစ္စန္တ၊ပေ၊မနောဟရော။ ။အစ္စန္တံ+ ကန္တံ အစ္စန္တကန္တံ-အလွန်စင်စစ် နှစ်သက်အပ်သည်၊ လဝဏသဒ္ဒါသည် "ငန်သောအရသာ"ကို ဟောသော်လည်း ဤနေရာ၌ကား ဆားကဲ့သို့ လေးလေးပင်ပင် ကောင်းသော တစ်စုံတစ်ခုကိုလည်း ဟောသင့်၏၊ လဝဏသ+ ဘာဝေါ လာဝဏ္ဏံ (မဓုရဘာဝေါ) ဦးကာ၊ အစ္စန္တကန္တ + တံ + လာဝဏ္ဏာတိ အစ္စန္တကန္တလာဝဏ္ဏံ-အလွန်နှစ်သက်ဖွယ် လေးလေးပင်ပင်ကောင်းသည်၊ အစ္စန္တကန္တလာဝဏ္ဏမေဝ+စန္ဒာတပေါ (လရောင်) အစ္စန္တ၊ပေ၊စန္ဒာတပေါ၊ တေန+မနောဟရော အစ္စန္တ၊ပေ၊ မနောဟရော၊ ဤဝိသေသနသည် "ဇိနာနနိန္ဒ္၊"၌လည်းကောင်း, "ဣန္ဒ္၊"၌လည်းကောင်း စပ်ရ၏၊ ထို့ကြောင့် သိလေသဂုဏ် ရောက်သည်၊ ဇိနဿ+ အာနနံ ဇိနာနနံ၊ ဇိနာနနမေဝ + ဣန္ဒ္၊ ဇိနာနနိန္ဒ္၊။

http://www.dhammadownload.com

မာလာဒီပက

၂၃၂။ ဟောတာ·ဝိပ္ပဋိသာရာယ, သီလံ ပါမောဇ္ဇဟေတု သော၊
တံ ပီတိဟေတု သာ စာ·ယံ, ပဿဒ္ဓျာဒိ ပသိဒ္ဓိယာ။

၂၃၃။ ဣစ္စာဒိဒီပကတ္တေပိ, ပုဗ္ဗံပုဗ္ဗ·မပေက္ခိနိ၊
ဝါကျမာလာ ပဝတ္တာတိ, တံ မာလာဒီပကံ မတံ။

၂၃၂။ သီလံ-သီလသည်၊ အဝိပ္ပဋိသာရာယ-နှလုံးမသာမယာ မဖြစ်ခြင်းငှာ၊ ဟောတိ-ဖြစ်၏၊ သော (အဝိပ္ပဋိသာရော)-ထိုနှလုံးမသာမယာ မဖြစ်ခြင်းသည်၊ ပါမောဇ္ဇဟေတု-ဝမ်းမြောက်ခြင်း၏ အကြောင်းသည်၊ ဝါ-နှုသော ပီတိ၏အကြောင်းသည်၊ ဟောတိ-ဖြစ်၏၊ တံ (ပါမောဇ္ဇံ)-ထိုဝမ်းမြောက်ခြင်းသည်၊ ပီတိဟေတု-အားကြီးသော ပီတိ၏အကြောင်းသည်၊ ဟောတိ-ဖြစ်၏၊ သာ စ အယံ (ပီတိ)-ထိုသို့သဘောရှိသော ဤပီတိသည်လည်း၊ ပဿဒ္ဓျာဒိပသိဒ္ဓိယာ-ပဿဒ္ဓိအစရှိသည်တို့၏ ပြီးစီးခြင်းငှာ၊ ဟောတိ-၏။

၂၃၃။ ဣတိ-ဤပြယုဂ်၌၊ အာဒိဒီပကတ္တေ-အာဒိဒီပက၏အဖြစ်သည်၊ သတိပိ-ဖြစ်ပါသော်လည်း၊ ဝါကျမာလာ-နောက်နောက်ဝါကျအဆက်ဆက်သည်၊ ပုဗ္ဗံ ပုဗ္ဗံ-ရှေးရှေးဝါကျကို၊ အပေက္ခိနိ-ငဲ့ခြင်းရှိသည်၊

၂၃၂။ ဟောတာ·ဝိပ္ပဋိသာရာယ။ ။န+ဝိပ္ပဋိသာရော အဝိပ္ပဋိသာရော-သီလစင်ကြယ်သောကြောင့် စိတ်နှလုံးမသာယာ မဖြစ်ရခြင်း။ [“အဝိပ္ပဋိသာရာယ-နှလုံးမသာမယာ မဖြစ်ခြင်းငှာ”ဟုသာ အနက်ပေး၊ “နှလုံးသာရွှင်ခြင်းငှာ”ဟု မပေးနှင့်၊ “နှလုံးသာရွှင်”ဆိုလျှင် ပါမောဇ္ဇဖြစ်နေပြီ၊] ပမောဒေါယေဝ ပါမောဇ္ဇံ-ဝမ်းမြောက်ခြင်း၊ တရားကိုယ်မှာ နုသောပီတိတည်း၊ [“ပမုဒိတဿ+ဘာဝေါ ပါမောဇ္ဇံ”ဟုလည်း ပြုကြ၏၊ ရုပ်ပြီး ခက်သည်၊] ပီကိဒ္ဓကား ပါမောဇ္ဇမှ တိုးတက်လာသော ရင့်သော အားကြီးသော ပီတိတည်း၊ ထိုပီတိကြောင့် ပဿဒ္ဓိစသော တရားများဖြစ်၏၊ ပဿဒ္ဓိ+အာဒိဒ္ဓ အာဒိဖြင့် သုခ, သမာဓိ, ယထာဘူတဉာဏ်, စျာန်, မဂ်, ဖိုလ် တရားများကို ယူ။ [ပါတိမောက်ဘာသာဋီကာ - နိဒါနုဒ္ဒေသ အဆုံးမှာလည်း ပြထား၏။]

http://www.dhammadownload.com

(ဟုတွာ-ဖြစ်၍၊) ပဝတ္တာ-ဖြစ်၏၊ ဣတိ-ထို့ကြောင့်၊ တံ-ထိုဒီပကကို၊ မာလာဒီပကံ-မာလာဒီပကဟူ၍၊ မတံ-သိအပ်၏။

၂၃၃။ ဣစ္စာဒိဒီပကတ္တေပိ။ ။["ဣတိ+အာဒိဒီပကတ္တေ"ဟု ပုဒ်ဖြတ်။] ဤပြခဲ့သော ဂါထာ၌ "ဟောတိ"ဟူသော ကြိယာကို ဝါကျအစ၌ ပြထား၏၊ ထိုကြိယာသည် "ပါမောဇ္ဇဟေတု သော"ဝါကျ, "တံ ပီတိဟေတု"ဝါကျ, "သာ စ အယံ ပဿဒ္ဓါဒိ ပသိဒ္ဓိယာ"ဝါကျတို့၌လည်း ကျေးဇူးပြုတတ် ထွန်းပြတတ်၏၊ ထို့ကြောင့် "အာဒိဒီပက" အမျိုးအစားတွင် ပါဝင်၏၊ သို့သော် —

ပုဗ္ဗံပေါမတံ။ ။နောက်နောက်ဝါကျ အစဉ်အတန်းသည် ရှေးရှေးဝါကျကို ငဲ့နေ၏၊ "ငဲ့"ဆိုသည်ကား-သံကွင်းဆက်သကဲ့သို့ "ရှေးရှေးဝါကျနှင့် ဆက်သွယ်နေ၏"ဟု ဆိုလို၏၊ ထို့ကြောင့် ရိုးရိုး ဒီပကမျိုးမဟုတ်ဘဲ "မာလာဒီပက"ဟု ရှေးပညာရှိတို့ အသိအမှတ် ပြုအပ်ပါသည်-ဟူလို၊ မာလာဘူတံ+ဒီပကံ မာလာဒီပကံ-အစဉ်အတန်းဖြစ်၍ ဖြစ်သော ဒီပက။

ဋီကာ။ ။ဝါကျမာလာ-အနေကဝါကျေန သမ္မဇ္ဈမာနာ ပရံပရာ-များစွာသော ဝါကျဖြင့် ဖွဲ့စပ်သီကုံးအပ်သော အဆက်ဆက်သည်၊ [ဤ၌ မာလာကို "ပရံပရာ"ဟု ဖွင့်၏၊ "ဝါကျာနံ+မာလာ ဝါကျမာလာ"ဟု ပြုစေလို၏၊ ထို့ကြောင့် "ဝါကျံ+မာလာ"ဟု ရှိသော စာကို ပါဠိပျက်ဟု မှတ်၊] ပုဗ္ဗံပုဗ္ဗံ-ဟောတာဝိပ္ပဋိသာရာယာတိ အာဒိကံ ဝါကျံ အပေက္ခိနီ ပဝတ္တာ။ [ဤ၌ ပုဗ္ဗံပုဗ္ဗံကို "ဟောတာဝိပ္ပဋိသာရာယ စသော ရှေးရှေးဝါကျကို"ဟု ဖွင့်၏၊ "ပါမောဇ္ဇဟေတု သော"ဟူသော နောက်ဝါကျသည် "ဟောတာဝိပ္ပဋိသာရာယ"ဟူသော ရှေ့ဝါကျကို ငဲ့၏၊ "တံ ပီတုဟေတု"ဟူသော နောက်ဝါကျသည် "ပါမောဇ္ဇဟေတုသော"ဟူသော ရှေ့ဝါကျကို ငဲ့၏၊ "သာ စ အယံ ပဿဒ္ဓါဒိ ပသိဒ္ဓိယာ"ဟူသော နောက်ဝါကျသည် "တံ ပီတုဟေတု"ဟူသော ရှေ့ဝါကျကို ငဲ့၏ဟု ဆိုလိုသည်။]

~~~~~
~~~~~

http://www.dhammadownload.com

ကြွင်းသောဒီပက

၂၃၄။ အနေနေ·ဝပ္ပကာရေန, သေသာန·မပိ ဒီပကေ၊
ဝိကပ္ပါနံ ဝိဓာတဗ္ဗာ–နုဂတိ သုဒ္ဓဗုဒ္ဓိဘိ။

၂၃၄။ ဒီပကေ-ဒီပကအရာ၌၊ အနေနေဝပ္ပကာရေန-ဤဆိုအပ်ပြီးသော အပြားအားဖြင့်သာလျှင်၊ ဝိကပ္ပာနံ-ရှေးပညာရှိတို့ အမျိုးမျိုး အဖုံဖုံ, စီရင်အပ်ကုန်သော၊ သေသာနံ-ကြွင်းကုန်သောဒီပကတို့ကို၊ အနုဂတိ-လျော်စွာသိတတ်သော ဉာဏ်ကို၊ သုဒ္ဓဗုဒ္ဓိဘိ-သန့်ရှင်းသော ဉာဏ်ရှိသူတို့သည်၊ ဝိဓာတဗ္ဗာ-ပြုစီရင်ထိုက်၏။

၂၃၄။ [ကွဒါနိ အဝုတ္တဒီပကာနံပိ အတိဒိဿတိ အနေနေဝ ကွစ္စာဒိနာ၊] ကြိယာအာဒိ, မဏ္ဍ, အန္တဒီပကများ၏ ပုံစံကိုသာ ပြခဲ့၏၊ ဤနည်းကို မှီး၍ ဇာတိဒီပက, ဂုဏဒီပကနှင့် မာလာဒီပကများကို ဉာဏ်ရှိသော ပဂ္ဂိုလ်တို့ စီရင်နိုင်လောက် (ရေးသားနိုင်လောက်)ပါပြီ-ဟူလို။ [ဝိသေသတော (အသက်ရတော)-မရောသောအားဖြင့်+ကပ္ပိယန္တိ-ရှေးပညာရှိတို့ ပြုစီရင်အပ်ကုန်၏၊ ကွတိ ဝိကပ္ပာ၊ အနုဂတိ-အဝဗောဓော-သိတတ်သောဉာဏ်၊ ထိုဉာဏ်ဖြင့် စီကုံးအပ်သော ပြယုဂ်တို့ကိုလည်း ကာရကဗျူပစာရအားဖြင့် "အနုဂတိ"ဟု ခေါ်။]

မှတ်ချက်။ ။ကြိယာ, ဇာတိ, ဂုဏဒီပကတို့သည် (အလင်္ကာကျမ်းအလို) ၉ မျိုး ရှိသကဲ့သို့ မာလာဒီပကလည်း ကြိယာအာဒိ မာလာဒီပကစသောအားဖြင့် ၉ မျိုးပင် ရှိနိုင်၏၊ ထို့ကြောင့် ဒီပက ၁၈ မျိုး ရှိသည်၊ ကာဗျဒဿအလို ဒဗ္ဗထည့်လျှင် ၄×၃ လီ ၁၂ မျိုး ရှိ၍ မာလာဒီပကလည်း ၁၂ မျိုး ရှိရကား အားလုံး ၂၄ မျိုး ရှိနိုင်သည်ဟု မှတ်။

အမှာ။ ။"အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ"စသော ပဋိစ္စသမုပ္ပာဒ်ပါဠိတော်သည် သမ္ဘဝန္တိကြိယာအဆုံး၌ ပါသောကြောင့် "ကြိယာအန္တမာလာဒီပက"တည်း။ [ဧဝမေတဿ-စသည်ကား နိဂုံးဖြစ်၍ သီးခြားတစ်ဝါကျသာ။] ယောနိဿယ၌ "ကွတိပိ သော ဘဂဝါ"ကို "နာမဒီပက"ဟု ဆိုသေး၏၊ "သော ဘဂဝါ"ဟူသော နာမည်သည် နောက်ဝါကျတို့၌ ပါဝင်နိုင်၍ ကျေးဇူးများသောကြောင့်တည်း တဲ့။

http://www.dhammadownload.com

အက္ခေပ၏ လက္ခဏာနှင့်အပြား

၂၃၅။ ဝိသေသဝစနိစ္ဆာယံ, နိသေဓဝစနံ တု ယံ၊
အက္ခေပေါ နာမ သောယ၌, တိဓာ ကာလပ္ပဘေဒတော။

၂၃၅။ ဝိသေသဝစနိစ္ဆာယံ တု-တစ်စုံတစ်ခု ထူးသော အကြောင်းအရာကို ဆိုလိုရာ၌သာ၊ ယံ နိသေဓဝစနံ-အကြင်တားမြစ်ကြောင်းစကားသည်၊ (အတ္ထိ-ရှိ၏၊) သော-ထိုတားမြစ်ကြောင်းစကားသည်၊ အက္ခေပေါ နာမ-အက္ခေပ မည်၏၊ အယ၌-ဤအက္ခေပသည်လည်း၊ ကာလပ္ပဘေဒတော-အတိတ်ကာလ စသည်တို့၏ အပြားအားဖြင့်၊ တိဓာ-၃ပါးပြား၏။[အယံစဒ္ဒ် စဖြင့် ဒီပကကို ပေါင်း၊ ရှေ့ဒီပကသာ ၃မျိုးပြားသည် မဟုတ်သေး၊ ဤအက္ခေပလည်း ၃မျိုးပြားသည်-ဟူလို။]

၂၃၅။ ဝိသေသတျာဒိ။ ။တစ်စုံတစ်ခု ထူးခြားသောအကြောင်းအရာကို ဆိုလိုရာ၌ တိုက်ရိုက်အားဖြင့် ထူးခြားပုံကို မဆိုဘဲ တားမြစ်သော စကားကို ဆိုခြင်းသည် အက္ခေပအလင်္ကာ မည်၏၊ [တိုက်ရိုက် ဆိုလျှင် သဘာဝဝုတ္တိ ဖြစ်သောကြောင့် တိုက်ရိုက်မဆိုဘဲ, ဝက်ဝုတ္တိ အလင်္ကာမျိုး ဖြစ်ရကား တားမြစ်သောအားဖြင့် ထူးခြားပုံကို သွယ်ဝိုက်၍ ဆိုသည်-ဟူလို၊] ထိုအက္ခေပအလင်္ကာသည် အတီတက္ခေပ, ဝတ္တမာနက္ခေပ, အနာဂတက္ခေပဟု ကာလအားဖြင့် ၃ မျိုး ပြား၏။

ဋီကာ။ ။ဝိသေသဝစနိစ္ဆာယံ တု-ယဿ ကဿစိ ပဒတ္ထဝိသေသဿ ကထနိစ္ဆာယံ ဧဝ၊ [တုကို "ဧဝ"ဟု ဖွင့်သည်၊] ယံ နိသေဓဝစနံ-ပဋိသေဓဝစနံ အတ္ထိ၊ သော ပဋိသေဓော အက္ခေပေါ နာမ၊ "နိသေဓ=ပဋိသေဓ=အက္ခေပ" ဤသဒ္ဒါ ၃ မျိုးသည် အနက်အားဖြင့် အတူတူပင်တည်း၊ အက္ခေပ၌ "အာပုဗ္ဗ+ခိပ"ဓာတ်သည် နောဒန (ပယ်ရှားခြင်း) အနက်ကို ဟော၏။ ["ဝိသေသဝစနိစ္ဆာယံ တု"ဟု ဧဝအနက်ရှိသော တုသဒ္ဒါဖြင့် ဆိုသောကြောင့် တစ်စုံတစ်ခု ထူးခြားသော ဂုဏ်သတ္တိကို ပြသောအရာ၌သာ တားမြစ်သော စကားကို "အက္ခေပ"ဟု ဆိုရသည်၊ ဂုဏ်ထူးကို ဆိုလိုချက် မပါသော သက်သက် တားမြစ်ရာ၌ကား အက္ခေပအလင်္ကာ မဟုတ်။]

http://www.dhammadownload.com

အတီတကွေ့ပဲပုံစံ

၂၃၆။ ကောကီ·နေကသေနံ တံ, မာရံ သ ဝိဇယီ ဇိနော၊
ကဏ္ဍံ တ·မဏဝါ တဿ, ပါရမီဗလ·မိဒိသံ။

၂၃၆။ သ(သော)ဇိနော-ထိုမြတ်စွာဘုရားသည်၊ ဧကာကီ-အဖော်မပါ, တစ်ပါးတည်းသာ ဖြစ်ပါလျက်၊ အနေကသေနံ-များသော စစ်သည်ရှိသော၊ တံ မာရံ-ထိုမာရ်နတ်ကို၊ ဝိဇယီ-အောင်တော်မူပြီ၊ တံ-ထိုသို့ အောင်ခြင်းသည်၊ ကဏ္ဍံ-အဘယ်မှာ အသင့်ယုတ္တိ ရှိပါအံ့နည်း၊ အထ ဝါ-အသင့်ယုတ္တိ ရှိနိုင်သည်သာ၊ တဿ-ထိုမြတ်စွာဘုရား၏၊ ပါရမီဗလံ-ပါရမီများစွာ, စစ်ဗိုလ်ပါသည်, ဤဒိသံ-ဤကဲ့သို့ စစ်တပ်, လွန်များလတ်သည့်, မာရ်နတ်ကိုပင်, အောင်မြင်နိုင်သော သဘောသတ္တိ ရှိ၏။ [အယံ-ဤအကွေ့ပသည်၊ အတီတကွေ့ပေါ်-အတီတကွေ့ပတည်း။]

၂၃၆။ ကောကီ၊ပေ၊ကဏ္ဍံ တံ။ ။"ဘုရားရှင်သည် ဘုရားဖြစ်ခါနီးဝယ် ဗောဓိပင်အောက်၌ ကိုယ်တော်တစ်ပါးတည်း ဖြစ်ပါလျက် များစွာ စစ်တပ်ရှိသော မာရ်နတ်ကို အောင်နိုင်တော်မူခြင်းသည် အဘယ်မှာ သင့်လျော်နိုင်ပါအံ့နည်း"ဟု တစ်စုံတစ်ယောက်သောသူက မယုံသင်္ကာဖြစ်အံ့၊ [ဤတိုင်အောင်သော စကားဖြင့် မယုံသင်္ကာဖြစ်စရာရှိပုံကိုသာ ပြသေး၏၊ မပယ်မြစ်သေး။] အထ ဝါ (ယုဇ္ဇတေဝ)-ဘာ့ကြောင့် အသင့်ယုတ္တိ မရှိရမှာလဲ, အသင့်ယုတ္တိ ရှိသည်သာ၊ ဘုရားရှင်၏ မရေတွက်နိုင်အောင် များများမြောင်လှစွာသော ပါရမီစစ်သည်တော်များသည် ဤကဲ့သို့သော မာရ်စစ်တပ်ကို အောင်စွမ်းနိုင်သောသဘော သတ္တိ ရှိ၏၊ ထို့ကြောင့် အသင့်ယုတ္တိ ရှိသည်-ဟူလို။

မှတ်ချက်။ ။"အထ ဝါ"ဟူသော စကားသည် ထိုသူ၏ မယုံသင်္ကာကို ပယ်ရှားသော အကွေ့ပစကားတည်း၊ ထိုမယုံခြင်းလည်း "ဘုရားရှင်၏ မာရ်နတ်ကို အောင်ပြီးခြင်း"ဟူသော အတိတ်အကြောင်းအရာကို မယုံခြင်း ဖြစ်ရကား ထိုမယုံခြင်းကို ပယ်သောအကွေ့ပလည်း အတီတကွေ့ပ မည်၏၊ ထိုသို့ ပယ်မြစ်ခြင်းမှာလည်း ပါရမီစစ်သည်တော်များ၏ ထူးခြားသောသတ္တိကို ပြလိုသောကြောင့် ပယ်မြစ်ရခြင်း ဖြစ်သည်။

http://www.dhammadownload.com

ဝတ္တမာနကျေပပုံစံ

၂၃၇။ ကိ စိတ္တေ.ဇသမုဂ္ဂါတ–မပတ္တော.သ္မီတိ ခိဇ္ဇသေ၊
ပဏာမော နန သော ယေဝ, သကိမ္မိ သုဂတေ ဂတော။

၂၃၇။ စိတ္တ-အိုစိတ်၊ ဇောသမုဂ္ဂါတ်-တဏှာကို အကြွင်းမဲ့သတ်ခြင်းသို့၊ အပတ္တော-မရောက်ရသေးသည်၊ အသ္မိ-ဖြစ်၏၊ ဣတိ-ဤသို့တွေး၍၊ (တံ့-သင်သည်) ကိ ခိဇ္ဇသေ-အဘယ့်ကြောင့် ပင်ပန်းနေဘိသနည်း၊ သုဂတေ-မြတ်စွာဘုရား၌၊ သကိမ္မိ-တစ်ကြိမ်မျှလည်း၊ ကတော-ပြုအပ်သော၊ ပဏာမော-ရှိခိုးခြင်းသည်၊ သောယေဝနနု-ထိုတဏှာကို သတ်ခြင်းပင် မဟုတ်ပါလော။...[အယံ-ဤအပေက္ခသည်၊ ဝတ္တမာနကျေပေါ-ဝတ္တမာနကျေပတည်း။

၂၃၇။ ကိ စိတ္တေ ဇတျာဒိ။ ။အိုစိတ်-(၁)"ငါသည် ယခုတောင်မှ တဏှာကို အကြွင်းမဲ့ မပယ်နိုင်သေးပါတကား"ဟု တွေး၍ ပင်ပန်းမနေပါနှင့်၊ (၂) ဘုရားရှင်ကို တစ်ကြိမ်လောက်မျှ ရှိခိုးရခြင်းသည် ထိုတဏှာကို ပယ်ခြင်းပင် မဟုတ်ပါလော၊ ဤဂါထာ၌ ဘုရားရှိခိုးရခြင်း၏ အကျိုးထူးသည် "ဝိသေသ"တည်း၊ ထိုဝိသေသကို ဆိုလိုရာ၌ "ဘာ့ကြောင့် ပင်ပန်းနေရသနည်း၊ ပင်ပန်းနေဖွယ် မလိုပါ"ဟု စိတ်၏ ပစ္စုပ္ပန်ပင်ပန်းမှုကို တားမြစ်ခြင်းသည် ဝတ္တမာနကျေပတည်း။

ပဏာမောနနု သောယေဝ။ ။ရှိခိုးရုံသက်သက်ဖြင့် တဏှာကို မပယ်နိုင်သေး၊ ရှိခိုးခြင်းကို အကြောင်းပြု၍ တရားနာပြီးလျှင် တရားတော်အတိုင်း ကျင့်လျက် မဂ်ကို ရမှ တဏှာကို ပယ်နိုင်၏၊ ထို့ကြောင့် "ပဏာမော+သောယေဝ"ဟူသော စကားသည် ရှိခိုးခြင်းအကြောင်းနှင့် မဂ်ရ၍ တဏှာပယ်ခြင်းအကျိုး ၂ မျိုးကို မကွဲမပြားတစ်သားတည်း ဆိုသော အဘေဒေါပစာစကားတည်း-ဟု မှတ်။ [သုဂတေ ဗုဒ္ဓဝိသယေ (ဘုရားအာရုံ၌) သကိပိ ကတော ပဏာမော၊ သောယေဝနနု-တဏှာသမုစ္ဆေဒဿ ဧကန္တကာရဏတ္တာ ကာရဏကာရိယာနံ (အကြောင်းအကျိုးတို့၏) အဘေဒဗုဒ္ဓိယာ (မကွဲမပြား တစ်သားတည်း အသိဉာဏ်ဖြစ်ခြင်းအားဖြင့်) သော ဇောသမုဂ္ဂါတောယေဝ (ထိုတဏှာကို ပယ်ခြင်းသည်သာ) ကိ နု ဘဝတိ၊ ဘဝတ္ဝေဝ။]

http://www.dhammadownload.com

အနာဂတကွေ့ပုံစံ

၂၃၈။ သစ္စံ နု တေ ဂမိဿန္တိ, သိဝံ သုဇနဂေါစရံ၊
မိစ္ဆာဒိဋ္ဌိပရိကန္တန္တ–မာနသာ ယေ သုဒုဇ္ဇနာ။

၂၃၈။ မိစ္ဆာဒိဋ္ဌိပရိကန္တမာနသာ-မိစ္ဆာအယူသည် သင်္ကောက်အပ်သောစိတ် ရှိကုန်သော၊ ယေ သုဒုဇ္ဇနာ-အကြင် အလွန်ယုတ်မာသူတို့သည်၊ သန္တိ-ရှိကုန်၏။ တေ(သုဒုဇ္ဇနာ)-ထိုအလွန်ယုတ်မာသူတို့သည်၊ သုဇနဂေါစရံ-သူတော်ကောင်းတို့၏ ကျက်စားရာအာရုံဖြစ်သော၊ သိဝံ-နိဗ္ဗာန်သို့၊ သစ္စံ-စင်စစ်ဧကန်, အမှန်အားဖြင့်၊ နု ဂမိဿန္တိ-မရောက်နိုင်ကုန်လတ္တံ့။ [အယံ-ဤအကွေ့ပသည်၊ အနာဂတကွေ့ပေါ-အနာဂတကွေ့ပတည်း။]

၂၃၈။ သစ္စံတျာဒိ။ ။မိစ္ဆာအယူ လွှမ်းမိုးအပ်သူတို့သည် သူတော်ကောင်းတို့၏အာရုံဖြစ်သော နိဗ္ဗာန်သို့ ဧကန်မရောက်နိုင်ကြကုန်လတ္တံ့၊ ဤဂါထာ၌ မိစ္ဆာအယူ၏ (နိဗ္ဗာန်မရလောက်အောင်) ဆိုးဆိုးဝါးဝါး ထူးခြားသော အပြစ်သည် ဝိသေသတည်း၊ ထိုဝိသေသကို ပြဆိုလိုရာ၌ "တေ နု ဂမိဿန္တိ"ဟု အနာဂတ်ရောက်မှုကို တားမြစ်သောကြောင့် အနာဂတကွေ့ပ မည်၏။

ဋီကာ။ ။မိစ္ဆာဒိဋ္ဌိတိအာဒိ ဝိသေသဿ ကထနာမိဗ္ဘာယေန "တေ နု ဂမိဿန္တိ"တိ တိတ္ထိယာနံ ဘာဝိနော (ဖြစ်လတ္တံ့သော) နိဗ္ဗာန ဂမနဿ ဗုဒ္ဓိယာ (စိတ်ကူးဉာဏ်ဖြင့်) ပဋိသိဒ္ဓတ္တာ အယံ အနာဂတကွေပေါ နာမ၊.... မိစ္ဆာဒိဋ္ဌိယာ+ပရိကန္တံ (လွှမ်းမိုး၍ ရောက်အပ်) မိစ္ဆာဒိဋ္ဌိပရိကန္တံ၊ မိစ္ဆာဒိဋ္ဌိပရိကန္တံ+မာနသံ ယေသံတိ မိစ္ဆာဒိဋ္ဌိပရိကန္တ မာနသာ။

အခြားအကွေ့ပများ။ ။ဤအလင်္ကာကျမ်း၌ အကွေ့ပ ၃ မျိုးကိုသာ ပြသော်လည်း ကာဗျဒဿ၌ ဓမ္မကွေ့ပ, ကာရဏကွေ့ပ စသော အခြားအကွေ့ပ ၂၁ မျိုးကိုလည်း ပြသေး၏၊ ထိုတွင် ဋီကာတို့၌ ပြအပ်သော အနာဒရကွေ့ပ ပုံစံကား၊—

ဇီဝိတာသာ ဗလဝတီ, ဓနာသာ ဒုဗ္ဗလာ မမ၊
ဂစ္ဆ ဝါ တိဋ္ဌ ဝါ ကန္တ, သွာဝတ္ထာ တု နိဝေဒိတာ။

http://www.dhammadownload.com

အတ္ထန္တရနျာသ၏လက္ခဏာနှင့်အပြား

၂၃၉။ ဥေယျော အတ္ထန္တရနျာသော, ယောဥဝါကျတ္ထသာဓနော၊ သဗ္ဗဗျာပီ ဝိသေသဋ္ဌော, ဟိဝိသိဋ္ဌ.ဿ ဘေဒတော။

၂၃၉။ ယောဥဝါကျတ္ထသာဓနော-အကြင် တစ်ပါးသော ဝါကျအနက်ကို ပြီးစေတတ်သော စကားရပ်သည်၊ အတ္ထိ-ရှိ၏၊ သော-ထို စကားရပ်ကို၊ အတ္ထန္တရနျာသော-အတ္ထန္တရနျာသ ဟူ၍၊ ဥေယျော-

---

ကန္တ-အိုချစ်လင်၊ မမ-ကျွန်မ၏၊ ဇီဝိတာသာ-အသက်၌ အလိုအာသာသည်၊ ဗလဝတီ-အားကြီးပါ၏၊ မနာသာ-ဥစ္စာ၌ အလိုအာသာသည်၊ ဒုဗ္ဗလာ-အားမရှိပါ၊ တွံ-အရှင်သည်၊ ဂစ္ဆဝါ-အရပ်တစ်ပါးသို့ သွားလိုမူလည်း သွားပါ၊ တိဋ္ဌဝါ-မသွားဘဲ နေလိုမူလည်း နေပါ၊ သွာဝတ္ထာတု-မိမိသဘောကိုကား၊ နိဝေဒိတာ-ပြောပြအပ်ပါပြီ။ [အရပ်တစ်ပါးသို့ ဥစ္စာရှာသွားမည်ဟု ပြောလာသော ခင်ပွန်းအား ဇနီးသည်က ပြန်ပြောအပ်သောဂါထာ ဖြစ်သည်။]

ဆိုလိုရင်း။ ။"ရှင်သွားလျှင်တော့ (ချစ်သူနှင့်ကွဲသဖြင့်) သူဟာ သေရလိမ့်မည်၊ ဥစ္စာကို မမက်ပါ, မိမိ အသက်ကိုသာ မက်ပါသည်၊ ရှင်သွားချင်လဲ သွားပေါ့၊ မသွားချင်လဲ နေပေါ့၊ မိမိသဘောကိုတော့ ပြောအပ်ပြီ"ဟူလို၊ ဤဂါထာဖြင့် "သွားချင်သွား, မသွားချင်နေ"ဟု မရိုမသေ တားမြစ်သောကြောင့် အနာဒရက္ခေပ မည်၏၊ ဤသို့ တားမြစ်သဖြင့် "မိမိက ခင်ပွန်းနှင့် မခွဲနိုင်"ဟူသော ထူးခြားချက် ဝိသေသကိုလည်း ပြဆိုရာ ရောက်သည်။ [ဋီကာစာအုပ်များ၌ "မမာဝတ္တာ"ဟု ပါဌ်ပျက်၏၊ ကျမ်းရင်း၌ "သွာဝတ္ထာတု"ဟု ရှိ၏၊ ထို့ကြောင့် "သွံ-မိမိ"ဟူသည်ကို "မမ"ဟု ပါဋိပြန်၍ "မမာဝတ္ထာ နိဝေဒိတာ"ဟု ဋီကာပါဌ် ရှိသင့်၏။]

~~~~~~~~~~~~

၂၃၉။ ဥေယျော၊ပေ၊သာဓနော။ ။ဤအလင်္ကာ၌ ဝါကျ ၂ ခု ရှိရ၏၊ ထိုတွင် မူလဝါကျအနက်ကို ပြီးစေတတ်သော (ခိုင်မြဲအောင် ပြုတတ်သော)နောက်ဝါကျကို"အတ္ထန္တရနျာသ"ဟုခေါ်၏၊ အတ္ထန္တရနှင့်
~~~~~~~~~~~~

http://www.dhammadownload.com

သိအပ်၏၊ အသ-ထိုအတ္ထန္တရရန္ဓာသ၏၊ ဘေဒတော-အပြားအားဖြင့်၊ သဗ္ဗဗျာပီ-သဗ္ဗဗျာပီအတ္ထန္တရရန္ဓာသလည်းကောင်း၊ ဝိသေသဌော-ဝိသေသဌအတ္ထန္တရရန္ဓာသလည်းကောင်း၊ ဟိဝိသိဌာ-ဟိနိပါတ်ပုဒ်ဖြင့် အထူးပြုအပ်ကုန်သော သဗ္ဗဗျာပီအတ္ထန္တရရန္ဓာသ, ဝိသေသဌအတ္ထန္တရရန္ဓာသတို့လည်းကောင်း၊ (ဣတိ-ဤသို့၊ စတ္တာရော-၄ ပါးတို့တည်း)။

အညဝါကျတ္ထသည် သဘောတူ၏၊ ရန္ဓာသနှင့် သာဓနလည်း (အနက်မတူစေကာမူ) အဓိပ္ပာယ်တူပင်တည်း၊.... အတ္ထန္တရော-မိမိဝါကျ၏အနက်မှ တစ်ပါးသော+အတ္ထော-အနက်တည်း၊ အတ္ထန္တရော-နက်၊ အတ္ထန္တရဿ-ကို+ရန္ဓာသော-(ပြီးစေသောအားဖြင့် ခိုင်မြဲစေသောအားဖြင့်) ထားခြင်းတည်း၊ ဝါ-ထားကြောင်းစကားတည်း၊ အတ္ထန္တရရန္ဓာသော-ခြင်း၊ ဝါ-စကား။ [နိ+အာသမှဖြစ်သော "ရန္ဓာသ"သဒ္ဒါသည် ထပနအနက်ဟောတည်း၊] အညဝါကျတ္ထံ-ကို+သာဓေတိ-ပြီးစေတတ်၏၊ ဣတိ အညဝါကျတ္ထသာဓနော၊ "ပြီးစေ"ဟူသည်ကား ရှေ့ဝါကျ၏ အနက်ကို မပျက်အောင် ခိုင်မြဲစေခြင်း, ထောက်ကူခြင်းတည်း။ [နောက်၌ ဒဋ္ဌိကရဏာဝါကျအဖြစ်ဖြင့် ပုံစံပြလိမ့်မည်။]

သဗ္ဗဗျာပီ၊ပေ၊ဘေဒတော။ ။ဤအတ္ထန္တရရန္ဓာသသည် သဗ္ဗဗျာပီအတ္ထန္တရရန္ဓာသ, ဝိသေသဌအတ္ထန္တရရန္ဓာသဟု ၂ မျိုး ပြ၏၊ တစ်မျိုးလျှင် ဟိနိပါတ်ဖြင့် အထူးမှတ်၍ (ဟိမှကင်းသော) ဟိရဟိတအတ္ထန္တရရန္ဓာသ, (ဟိနှင့်တကွဖြစ်သော) ဟိသဟိတအတ္ထန္တရရန္ဓာသဟု ၂ မျိုးစီပြားရကား အတ္ထန္တရရန္ဓာသအမျိုးပေါင်း ၄ မျိုး ရှိ၏၊ [ဗျာပနံ ဗျာပေါ-ပျံ့နှံ့ခြင်း၊ ဗျာပေါ ယဿ အတ္ထီတိ ဗျာပီ၊ သဗ္ဗံ+ဗျာပီ သဗ္ဗဗျာပီ-လောကဝယ် ရှိရှိသမျှ အားလုံးကို ပျံ့နှံ့ခြင်းရှိသော အတ္ထန္တရရန္ဓာသ၊ ဝိသေသေထူးသော တချို့၌+တိဋ္ဌတီတိ ဝိသေသဌော။] "ဝဿကတော သုဘိက္ခော ဒုဇ္ဇိက္ခော"ဟူရာ၌ မိုးကောင်းခြင်း, မိုးခေါင်ခြင်း ၂ မျိုး ကွဲပြားမှုကို မိုးတစ်ခုတည်းက ပြုအပ်သကဲ့သို့, ဟိရဟိတ-ဟိသဟိတ ၂ မျိုး ကွဲပြားမှုကိုလည်း ဟိနိပါတ် တစ်မျိုးတည်းက ပြုနိုင်သည်ဟု မှတ်။

http://www.dhammadownload.com

သဗ္ဗဗျာပီ–ဟိရဟိတပုံစံ

၂၄၀။ တေပိ လောကဟိတာသတ္တာ, သူရိယော စန္ဒိမာ အပိ၊
အတ္ထံ ပဿ ဂမိဿန္တိ, နိယမော ကေန လဃျိတေ။

၂၄၀။ လောကဟိတာသတ္တာ-သတ္တလောက၏ စီးပွားဌ ငြိကပ်ကြကုန်သော၊ သူရိယောပိ-နေမင်းသည်လည်းကောင်း၊ စန္ဒိမာအပိ-လမင်းသည်လည်းကောင်း၊ တေပိ-ထိုတန်ခိုးကြီးများ, နေလနှစ်ပါးတို့သော်မှလည်း၊ အတ္ထံ-ကွယ်ပျောက် ပျက်စီးခြင်းသို့၊ ဂမိဿန္တိ-ရောက်ကြရကုန်လတ္တံ့၊ ပဿ-ကြည့်စမ်းပါလော၊ နိယမော-သခီရတို့၏ မမြဲခြင်းဟူသော နိယမသဘောကို၊ ကေန-အဘယ်သူသည်၊ လဃျိတေ-ကျော်လွန်အပ်, ကျော်လွန်နိုင်ပါအံ့နည်း။

၂၄၀။ တေပိ၊ပေ၊ဂမိဿန္တိ။ ။သတ္တလောက၏စီးပွားဌ ကပ်ငြိကြ, ဆောင်ရွက်ကြကုန်သော နေ-လနှစ်ပါးတို့သော်မှလည်း ကွယ်ပျောက်ပျက်စီးခြင်းသို့ ရောက်ကြရကုန်လတ္တံ့၊ ပဿ-နေ,လတို့ ပျက်စီးရမည့် အရေးကို တွေး၍ ကြည့်စမ်းပါလော၊ ဤတိုင်အောင် စကားသည် အတ္ထန္တရရသာသ မဟုတ်သေး၊ အတ္ထန္တရရသာသ ပြုဖို့ရန် အခြေခံဝါကျသာတည်း။ [လောကဟိတ+အာသတ္တာ-ကပ်ငြိကုန်သော နေ,လတို့တည်း၊ လောကဟိတာသတ္တာ-တို့ "ကပ်ငြိ"ဟူသည် အရောင်ပေးသော အားဖြင့် လောကစီးပွားကို ဆောင်ကြခြင်းတည်း။]

နိယမော ကေန လဃျိတေ။ ။"ဖြစ်လျှင် ပျက်မြဲ, မလွဲတံထွာ, ဓမ္မတာ"အဖြစ်ဖြင့် အမြဲသတ်မှတ် ဆုံးဖြတ်အပ်ပြီးသော အနိစ္စတာသဘောကို ဘယ်သူ, ဘယ်အရာဝတ္ထုသည် ကျော်လွန်နိုင်ပါအံ့နည်း၊ "မည်သူမျှ မည်သည့်အရာဝတ္ထုမျှ မကျော်လွန်နိုင်ကြပါ"ဟူလို၊ ဤဝါကျကား "နေ-လနှစ်ပါးတို့ ပျက်စီးကြလိမ့်မည်"ဟူသော ရှေ့ဝါကျ၏အနက်ကို ခိုင်မြဲစေသော အတ္ထပ္ပရရသာသဝါကျတည်း၊ သခီရအားလုံးဌ ပျံ့နှံ့သောကြောင့်လည်းကောင်း, ဟိနိပါတ် မပါသောကြောင့်လည်းကောင်း "သဗ္ဗဗျာပီဟိရဟိတအတ္ထန္တရရသာသ"ဟု မှတ်။

ဒဋ္ဌိကရဏပင်။ ။အဋ္ဌကထာတို့ဌ ဝါကျခွဲရိုးအားဖြင့် ခွဲလျှင် "နိယမော ကေန လဃျိတေ"ပူဘောဝါကျသည် ရှေ့ဝါကျ၏အနက်ကို

http://www.dhammadownload.com

ခိုင်မြဲအောင်ပြုသော ဒဋ္ဌိကရဏဝါကျတည်း၊ ထို့ကြောင့် ဋီကာသစ်၌ "တထာဟိ-ထိုစကားမှန်၏"ဟု စခြိုးပြီးလျှင် "နိယမော-သဗ္ဗေ သခါရာ အနိစ္စာတိ သဗ္ဗပဒတ္ထံ-သဗ္ဗပုဒ်၏ ဟောနက်ဖြစ်သော အလုံးစုံသော သခါရတို့၏ မမြဲခြင်းကို၊ အနတိက္ကမ္မ (မကျော်လွန်မူ၍) ပဝတ္တနိယမော (ဖြစ်သော မြဲခြင်းကို) "ကေန လဿတေ"ဟု ဖွင့်သည်။

ဘဂဝန္တော ပဇာနေတ္တာ, သူရိယော စန္ဒိမာပိ တေ၊
ပဿ ဂစ္ဆန္တိ ဧဝတ္ထံ, နိယတိ ကေန လဿ်တေ။

"ဘဂဝန္တော-ကြီးသောဘုန်းရှိကုန်သော၊ ပဇာနေတ္တာ-သတ္တဝါတို့၏ မျက်လုံးသဖွယ် ဖြစ်ကုန်သော"ဟု ပေး။ [ဤ ကာဗျဒဿဂါထာ၌ "ဂစ္ဆန္တိ ဧဝ"ဟု ဆိုသောကြောင့် နေဝင်ခြင်း, လကွယ်ခြင်းကို "အတ္ထံ ဂစ္ဆန္တိ"ဟု ဆိုလိုသည်၊ ဤသုဗောဓာလင်္ကာရ၌ကား "ဂမိဿန္တိ"ဟု ဆိုသောကြောင့် ဟမ္ဘာပျက်သောအခါ ပျက်စီးလတ္တံ့ကို ရည်ရွယ်သည်ဟု မှတ်။]

ပတိဝတ္ထုပမာမှ ထူးပုံ။ ။"ဇနေသု ဇာယမာနေသု"စသော ပတိဝတ္ထုပမာ၌ တူပုံကို ထင်ရှားပြသောအားဖြင့် "ဒုတိယောနနု နတ္ထေဝ" စသော နောက်ဝါကျကို ဆို၏၊ ထို့ကြောင့် "သာမျပတိတိ သဗ္ဘာဝါ"ဟု ဆိုခဲ့သည်၊ ဤ၌ကား ရှေ့ဝါကျ၏အနက်ကို ပြီးစေသော အားဖြင့် နောက်ဝါကျကို ထား၏၊ ထို့ကြောင့် ဤဂါထာ၌ "အညဝါကျတ္ထသာဓနော"ဟု ဆိုသည်၊ ဤသို့ တူပုံကို ဥပမာပြခြင်း, ရှေ့ဝါကျ၏ အနက်ကို ပြီးမေခြင်းအားဖြင့် ပတိဝတ္ထုပမာနှင့် အတ္ထန္တရ ဏျာသတို့ ကွဲပြားကြပါသည်။

ဋီကာ။ ။ပတိဝတ္ထုပမာယ စ အတ္ထန္တရဏျာသဿ စ အတ္ထန္တရ ဏျာသတ္တောန တုလျတ္တောပိ (ရှေ့ဝါကျ၏ အနက်တစ်ပါးကို ထောက်ခံ ထားတတ်သည်၏အဖြစ်ဖြင့် တူသော်လည်း) တတ္ထ (ထိုပတိဝတ္ထု ပမာ၌) သဓမ္မပကာသတ္တံ သဘာဝေါ (တူသောသဘောကို ထင်ရှား ပြတတ်သည့်အဖြစ်သည် ပင်ကိုသဘောတည်း၊) ဧတ္ထ ဝုတ္တတ္ထဿ သာဓနံ သဘာဝေါ (ဤ၌ ဆိုအပ်ပြီး အနက်ကို ပြီးစေခြင်းသည် ပင်ကို သဘောတည်း၊) ဣတိ ဧဝမေတေသံ နာနတ္တံ သုဗျတ္တံ။

~~~~~~~~~~~~
~~~~~~~~~~~~

http://www.dhammadownload.com

သဗ္ဗဗျာပီ-ဟိသဟိတပုံစံ

၂၄၁။ သတ္ထာ ဒေဝမနုဿာနံ, ဝသီ သောပိ မုနိဿရော၊
ဂတောဝ နိဗ္ဗုတိံ သဗ္ဗေ, သခီါရာ နာ ဟိ သဿတာ။

၂၄၁။ ဒေဝမနုဿာန်-နတ်လူတို့၏၊ သတ္ထာ-ဆရာဖြစ်တော်မူသော၊ ဝသီ-ဝသီဘော်ငါးပါး, စွမ်းအားသတ္တိ ရှိတော်မူသော၊ သောပိ မုနိဿရော-ထို မုနိထွတ်ထား, မြတ်ဘုရားသော်မှလည်း၊ နိဗ္ဗုတိံ-ပရိနိဗ္ဗာန်စံရခြင်းသို့၊ ဂတောဝ-ရောက်တော်မူရသေးသည်သာ၊ ဟိ-မှန်၏၊ သဗ္ဗေ-အလုံးစုံကုန်သော၊ သခီါရာ-သခီါရတို့သည်၊ နာ သဿတာ-မမြဲနိုင်ကြကုန်။

၂၄၁။ သတ္ထာ၊ပေ၊ဂတောဝ နိဗ္ဗုတိံ။ ။နတ်လူတို့၏ ဆရာလည်းဖြစ်, ဝသီဘော် ငါးပါးဖြင့် စွမ်းအားသတ္တိလည်း ရှိတော်မူသော မုနိထွတ်ထား မြတ်ဘုရားသော်မှလည်း ပရိနိဗ္ဗာန်စံတော်မူရသေး၏၊ သောပိ၌ သမ္ဘာဝနာဇောတက ပိသဒ္ဒါဖြင့် "အခြားသူတို့မှာ ဆိုဖွယ်ရာမရှိ, ဧကန်ပျက်စီးကြရမည်"ဟူသော ဂရဟာအနက်ကို ဆည်းပါ၊ ဤတိုင်အောင်သော စကားသည် အတ္ထန္တရန္ဟာသ မဟုတ်သေး၊ အတ္ထန္တရန္ဟာသ ပြုဖို့ရန် မူလအခြေခံ ဝါကျသာတည်း။

သဗ္ဗေ သခီါရာ နာ ဟိ သဿတာ။ ။"ဟိ-အခြားသူများကို မဆိုထားဘိ, တန်ခိုးကြီးမား မြတ်ဘုရားသော်မှ ပရိနိဗ္ဗာန် စံရသေး၏"ဟူသောစကားသည် မှန်၏၊ ကံစသော အကြောင်းကြောင့် ဖြစ်ရသော သခီါရအားလုံးတို့သည် အမြဲမတည်နိုင်ကြချေ၊ ဤ"သဗ္ဗေ သခီါရာ နာ ဟိ သဿတာ"ဟူသောဝါကျသည် ရှေ့ဝါကျ၏အနက်ကို ပြီးစေသော ထောက်ခံကူမသော အတ္ထန္တရန္ဟာသဝါကျတည်း၊ ထိုသို့ ပြီးစေရာ၌ ထိုမမြဲခြင်းသဘော၏ သခီါရဟူသမျှ၌ ပျံ့နှံ့သောကြောင့်လည်းကောင်း, ဟိနိပါတ်နှင့်တကွ ဖြစ်သောကြောင့်လည်းကောင်း သဗ္ဗဗျာပီဟိသဟိတအတ္ထန္တရန္ဟာသ-ဟု မှတ်။ [သဒါ+သတော သဿတော= အခါခပ်သိမ်း ထင်ရှားရှိသော (မပျက်နိုင်သော, မြဲသော)အရာ။]

အမှာ။ ။ဓမ္မပဒပါဠိတော်လာ "**အတ္တာ ဟိ အတ္တနော နာထော, ကော ဟိ နာထော ပရောသိယာ၊ အတ္တနာ ဟိ သုဒန္တေန , နာထံ**

http://www.dhammadownload.com

ဝိသေသဋ္ဌ–ဟိရဟိတပုံစံ

၂၄၂။ ဇိနော သံသာရကန္တာရာ, ဇနံ ပါပေတိ နိဗ္ဗုတိံ၊
နနု ယုတ္တာ ဂတိ သာ·ယံ, ဝေသာရဇ္ဇသမဏိနံ။

၂၄၂။ ဇိနော-မြတ်စွာဘုရားသည်၊ သံသာရကန္တာရာ-သံသရာ ခရီးခဲမှ၊ ဇနံ-သတ္တဝါအပေါင်းကို၊ နိဗ္ဗုတိံ-နိဗ္ဗာန်သို့၊ ပါပေတိ-ရောက်စေတော်မူ၏၊ ဝေသာရဇ္ဇသမဏိနံ-လေးပါးသော ဝေသာရဇ္ဇဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားရှင်တို့၏၊ သာယံ ဂတိ-ထိုသို့ ဖြစ်ခြင်းသည်၊ ယုတ္တာ နနု-သင့်မြတ်သည် မဟုတ်ပါလော။

လဘတိ ဒုလ္လဘံ"ကို သဗ္ဗဗျာပီ ဟိသဟိတပုံစံဟု ရှေးနိဿယတို့၌ ဆိုထားသော်လည်း "အတ္တနာ ဟိ သုဒန္တေန"စသော စကားသည် သတ္တဝါအားလုံး၌ မနှံ့၊ သုဒန္တပုဂ္ဂိုလ်တချို့၌သာ ပျံ့နှံ့သောကြောင့် ဝိသေသဋ္ဌဟိသဟိတအတ္ထန္တရနျာသသာ ဖြစ်သင့်သည်။

၂၄၂။ ဇိနော၊ပေ၊နိဗ္ဗုတိံ။ ။ဘုရားရှင်သည် သံသရာမှ နိဗ္ဗာန်သို့ သတ္တဝါအများကို ကယ်တင်တော်မူ၏၊ ဤကား အခြေခံဝါကျသာတည်း၊ နနု ယုတ္တာ ဂတိ သာ· ယံ, ဝေသာရဇ္ဇသမဏိနံ-ထိုသို့ ကယ်တင်ခြင်းသည် ဝေသာရဇ္ဇဂုဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့ အတွက် သင့်လျော်သော သဘောပင် မဟုတ်ပါလော၊ ဤဝါကျကား ရှေ့စကားကို ပြီးစေသော ထောက်ခံကူမသော အတ္ထန္တရနျာသဝါကျတည်း၊ ဤကယ်တင်ခြင်းသဘောသည် ဝေသာရဇ္ဇဂုဏ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ထူးတချို့၌သာ တည်သောကြောင့်လည်းကောင်း, ဟိမပါသောကြောင့်လည်းကောင်း ဝိသေသဋ္ဌဟိရဟိတအတ္ထန္တရနျာသတည်း။

ဒကေ အဂ္ဂိ န သဏ္ဌာတိ, သေလေ ဗီဇံ န ရူဟတိ၊
အဂဒေ ကိမိ န သဏ္ဌာတိ, ဗုဒ္ဓေ ကောပေါ န ဇာယတိ။

အပဒါန်ပါဋိတော်လာ ဤဂါထာ၌လည်း ရှေ့သုံးပါဒသည် နောက်ဆုံး ပါဒကို ပြီးစေသော အတ္ထန္တရနျာသတည်း။

http://www.dhammadownload.com

ဝိဓေသသဒ္ဒ–ဟိသဟိတပုံစံ

၂၄၃။ သုရတ္တံ တေ-ဧရပုဋ္ဌံ, ဇိန ရဇ္ဇေတိ မာနသံ၊
သယံ ရာဂပရိတာ ဟိ, ပရေ ရဇ္ဇေန္တိ သင်္ဂတေ။

၂၄၃။ ဇိန-အိုမြတ်စွာဘုရား၊ တေ-ရှင်တော်မြတ်ဘုရား၏၊ သုရတ္တံ-အလွန်နီမြန်းသော၊ အဓရပုဋ္ဌံ-နှုတ်ခမ်းတော်အစုံသည်၊ မာနသံ-ဖူးမြော်ကြသူ, အများလူ၏စိတ်ကို၊ ရဇ္ဇေတိ-တပ်စွဲစေတော်မူ၏၊ ဟိ-သင့်မြတ်၏၊ သယံ-မိမိတို့ကိုယ်တိုင်၊ ရာဂပရိတာ-နီမြန်းသော အဆင်းသည် ရောက်အပ်သော အရာဝတ္ထုတို့သည်၊ သင်္ဂတေ-မိမိနှင့်ပေါင်းဆုံကုန်သော၊ ပရေ-တစ်ပါးသော အရာဝတ္ထုတို့ကို၊ ရဇ္ဇေန္တိ-တပ်စွဲစေနိုင်ကုန်၏။

၂၄၃။ သုရတ္တံ၊ပေ၊မာနသံ။ ။အိုမြတ်စွာဘုရား... ရှင်တော်ဘုရား၏ အလွန်နီမြန်းသော နှုတ်ခမ်းတော်အစုံသည် ဖူးမြော်သူတို့၏ စိတ်နှလုံးကို နှစ်သက်စေနိုင်ပါ၏၊ ဤကား အခြေခံဝါကျတည်း။ သယံ ရာဂပရိတာ ဟိ၊ပေ၊သင်္ဂတေ-သုရတ္တဖြစ်သော နှုတ်ခမ်းတော်က သူတစ်ပါးစိတ်ကို ရဋ္ဌနဖြစ်စေသည်ဟူသောစကားသည် ယုတ္တိသင့်တန် မှန်ကန်ပါ၏၊ လောကထုံးစံမှာ-မိမိ၌ အနီရောင်(သို့မဟုတ်-ရာဂ)ပါနေသော အရာတို့သည် မိမိနှင့် စပ်မိသော အခြားအရာတို့ကိုလည်း အနီရောင် (သို့မဟုတ်-ရာဂ)စွဲ၍ နီရဲစေရိုး ဖြစ်ကြပါသည်၊ [ပန်းဆီဆိုးထားသော အဝတ်သည် မိမိနှင့် စပ်မိသမျှကို နီစေသကဲ့သို့တည်း၊] ဤ"သယံ ရာဂပရိတာ ဟိ"စသော ဝါကျသည် အနီဆိုးအပ်သော အချို့အရာဌာန တည်သောကြောင့်လည်းကောင်း, ဟိသဒ္ဒါပါသောကြောင့်လည်းကောင်း ဝိသေသဒ္ဒဟိသဟိတအတ္ထန္တရရျာသတည်း။ [အဓရပုဋ္ဌံ-ဩဋ္ဌယုဂလံ။]

သယံ ရာဂပရိတာ။ ။ပရိ+ဂ္ဂတာ-ရောက်အပ်ကုန်သောအရာတို့၊ ရာဂေန+ပရိတာ ရာဂပရိတာ၊ [သယံ ယေနကေနစိ ရာဂေန ရတ္တဝဏ္ဏေန (အနုရာဂေန ဝါ) ပရိတာ ဂတာ၊ (ဋီကာဟောင်း)၊] ပရိတာကို "ဂတာ"ဟု ဖွင့်သောကြောင့် ပရိပုဗ္ဗ+ဂ္ဂမာတ်+တပစ္စည်းဟုလည်းကောင်း, ပရိအနက်မရှိဟုလည်းကောင်း သိစေ၏၊ "ပရိတ္တာ"ဟု ရှိသည်ကား ပါဠိပျက် "ရာဂေန ရတ္တဝဏ္ဏေန"ဟု ဖွင့်သော ပထမနည်းအလို

http://www.dhammadownload.com

ဗျတိရေကလက္ခဏာနှင့်အပြား

၂၄၄။ ဝစ္စေ ဂမ္မေ·ထ ဝတ္ထူနံ, သဒိသတ္တေ ပဘေဒနံ၊
ဗျတိရေကော·ယ·မပျေ ကော–ဘယဘေဒါ စတုဗ္ဗိဓော။

၂၄၄။ ဝတ္ထူနံ-ဆိုလိုအပ်သော ဝတ္ထုတို့၏၊ သဒိသတ္တေ-တူကုန်သည်၏အဖြစ်ကို၊ ဝစ္စေ-ဝါစကသဒ္ဒါသည် တိုက်ရိုက်ဟောအပ်သော်လည်းကောင်း၊ အထ-သို့မဟုတ်၊ ဂမ္မေ-သာမတ္ထိယအားဖြင့် သိအပ်သော်လည်းကောင်း၊ ယံ ပဘေဒနံ-အကြင်ခွဲခြားသမှု, အထူးပြုခြင်းသည်၊ (အတ္ထိ-ရှိ၏၊) အယံ-ဤခွဲခြားသမှု, အထူးပြုခြင်းသည်၊ ဗျတိရေကော-ဗျတိရေက မည်၏၊ အယံ-ဤဗျတိရေကသည်၊ ဧကော ဘယဘေဒါ-ဧကဗျတိရေက, ဥဘယဗျတိရေကတို့၏ အပြားဖြင့်၊ စတုဗ္ဗိဓော-၄ ပါး အပြားရှိ၏။

ရာဂပရိတာ - နိမြန်းသော အဆင်းသည် ရောက်အပ်ကုန်သော အရာဝတ္ထုတို့သည်၊ ရဉ္ဇေန္တိ-နှိနှိရဲ၍ စွဲစေကုန်၏"ဟု ပေးစေလို၏၊ "အနုရာဂေန"ဟု ဖွင့်သော ဒုတိယနည်းအလို "တပ်မက်တတ်သောရာဂသက်ရောက်အပ်သူတို့သည်၊ ပရေ ရဉ္ဇေန္တိ-သူတစ်ပါးတို့ကိုလည်း တပ်မက်စွဲလမ်းစေကုန်၏"ဟု ပေးပါ၊ ထို့ကြောင့် ရဉ္ဇေန္တိကိုလည်း "ရဉ္ဇေန္တိ-ရတ္တဝဏ္ဏော(အနုရတ္တောဝါ) ကရောန္တိ"ဟု နှစ်နည်းဖွင့်ကြသည်။

နတ္ထိ အန္တော ကုတော အန္တော, န အန္တော ပဋိဒိဿတိ၊
တဒါ ဟိ ပကတံ ပါပံ, မမ တုယ္ဘဉ္စ မာရိသ။

လောဟကုဋ္ဌိဇာတ်လာ ဤဂါထာ၌ ရှေ့နှစ်ပါဒကို နောက်နှစ်ပါဒဖြင့် ပြီးစေပုံ, ထောက်ခံကူမပုံကို သိပါ။

၂၄၄။ ဝစ္စေ၊ပေ၊စတုဗ္ဗိဓော။ ။အရာဝတ္ထုနှစ်ခုတို့၏ တူသောသဘောကို သဒ္ဒါသည် တိုက်ရိုက်ဟောအပ်သည်လည်း ရှိ၏၊ တိုက်ရိုက်မဟောဘဲ စိတ်ဖြင့် မှန်းဆ၍ သိအပ်သည်လည်း ရှိ၏၊ ထိုသို့ တိုက်ရိုက်ဟောအပ်သည်ဖြစ်စေ, မှန်းဆ၍ သိအပ်သည်ဖြစ်စေ, ထိုတူသောဝတ္ထုနှစ်ခုတို့ကို (မတူနိုင်ခြင်း၏အကြောင်းကို ပြ၍) ခွဲခြားခြင်း, ထူးအောင်ပြုခြင်းသည် ဗျတိရေကအလင်္ကာ မည်၏၊ ဤဗျတိရေကသည် ဝစ္စေ-

http://www.dhammadownload.com

ဂမ္ဘေကို ထောက်၍ ဝါစ္စဗျတိရေက, ဂမ္ဘဗျတိရေကဟု နှစ်မျိုးပြား၏၊ ထိုတွင် တစ်မျိုး တစ်မျိုးခြင်း ဧကဗျတိရေက, ဥဘယဗျတိရေကဟု နှစ်မျိုးစီ ပြားပြန်ရကား ဗျတိရေက လေးမျိုးရှိသည်။ [ဝတ္ထုတစ်ခုကိုသာ (အကြောင်းပြု၍) ခွဲခြားလျှင် ဧကဗျတိရေက, နှစ်ခုလုံးကို ခွဲခြားလျှင် ဥဘယဗျတိရေကတည်း၊ ပုံစံ၌ ထင်ရှားလတံ့။]

ဝစနတ္ထ။ ။ဝုစ္စတေသဒ္ဒါသည် တိုက်ရိုက်ဟောအပ်၏၊ ဣတိ ဝစ္စံ၊ [ဝစ+ဏျု] ဂမျတေ-(တိုက်ရိုက်ဟောသောသဒ္ဒါ မပါသောကြောင့် အနက်ကို မှန်းဆ၍) တူမျှကြောင်းကို သိအပ်၏၊ ဣတိ ဂမ္မံ၊ [ဂမု+ဏျု] ပဘိဇ္ဇတိ အနေနာတိ ပဘေဒနံ-အပြားအားဖြင့် ကွဲပြားကြောင်း စကား၊ (တစ်နည်း) ပဘိန္ဒတီတိ ပဘေဒနံ-အပြားအားဖြင့် ခွဲခြားတတ်သော စကား၊ ဤခွဲခြားခြင်းကိုပင် တစ်ခုနှင့်တစ်ခု ထူးခြားအောင် ပြုခြင်း, အထူးပြုခြင်းဟု ခေါ်သည်၊ ဗျတိရေစနံ (ပုထက္ကရဏံ)-တသီးတခြားစီ ပြုခြင်း၊ ဗျတိရေကော-ခြင်း၊ ဝိ+အတိ, ရိစဓာတ်သည် မယှဉ်စပ်ခြင်းအနက်ကို ဟော၏၊ တစ်ခုနှင့်တစ်ခု မရောနှော မယှဉ်စပ်ခြင်းဟူသည် တသီးတခြားစီ ဖြစ်ခြင်း, ကွဲပြားခြင်းတည်း။

မှတ်ချက်။ ။သဒိသတ္တေကို ကြည့်၍ "ဝတ္ထူနံ-ဥပမာန ဥပမေယျ ဝတ္ထုတို့၏"ဟု ပေးကြ၏၊ တူမျှတိုင်းလည်း ဥပမာန+ဥပမေယျ မဖြစ်နိုင်၊ မထင်ရှားသော အရာဝတ္ထုကို ထင်ရှားအောင် နှိုင်းယှဉ်ပြရာ၌သာ ဥပမာန+ဥပမေယျ ဖြစ်နိုင်၏၊ ဤအလင်္ကာ၌ကား ထိုသို့ နှိုင်းယှဉ်၍ ပြလိုသောသဘော မရှိ၊ ထို့ကြောင့် "ဝတ္ထူနံ ဝတ္ထုမိစ္ဆိတာနံ ကေသဒ္ဓိ ပဒတ္ထာနံ"ဟု ဋီကာဖွင့်ပြသည့်အတိုင်း ဝဒန္တပုဂ္ဂိုလ်သည် ဆိုလိုအပ်သော အနက်(အရာဝတ္ထု)များကိုသာ ဝတ္ထုဟု မှတ်ပါ၊ ပထမပုံစံဂါထာ၌ ဇလဓိပုဒ်၏ အနက်ဖြစ်သော သမုဒ္ဒရာ, ဇိနပုဒ်၏ အနက်ဖြစ်သော ဘုရားရှင်သည် ဝတ္ထုတို့ပင်တည်း။

ဝစ္စေ။ ။ဤဝစ္စေ၏ ကတ္တားဖြစ်သော ဝါစကသဒ္ဒါကိုလည်း "ဥပမာဇောတကသဒ္ဒါ"ဟု ဆိုကြ၏၊ ဥပမာဇောတက ဟုတ်သည်ဖြစ်စေ, မဟုတ်သည် ဖြစ်စေ တူသောသဘောကို တိုက်ရိုက်ဟောနိုင်သော သဒ္ဒါကို ဝါစကသဒ္ဒါဟု မှတ်၊ ဒုတိယပုံစံသည် ဝစ္စဗျတိရေကပုံစံတည်း၊ ထိုပုံစံ၌ ဥပမာဇောတကသဒ္ဒါ မပါပုံကို ကြည့်ပါ။

http://www.dhammadownload.com

ဝါစွဓကေဗျတိရေကပုံစံ

၂၄၅။ ဂန္ဓီရတ္တာမဟတ္တာဒိ–ဂုဏာ ဇလဓိနာ ဇိန၊
တုလျော တွ.မသိ ဘေဒေါ တု, သရီရေနေ.ဒိသေန တေ။

၂၄၅။ ဇိန-အိုမြတ်စွာဘုရား၊... တွံ-ရှင်တော်မြတ်ဘုရားသည်၊ ဂန္ဓီရတ္တာမဟတ္တာဒိဂုဏာ-နက်နဲသည်၏အဖြစ်, ကြီးကျယ်သည်၏အဖြစ် အစရှိသော ဂုဏ်တော်အားဖြင့်၊ ဇလဓိနာ-သမုဒ္ဒရာနှင့်၊ တုလျော-တူသည်၊ အသိ-ဖြစ်ပါပေ၏၊ တု-အထူးမှာမူကား၊ တေ-ရှင်တော်မြတ်ဘုရား၏၊ ဒေဒိသေန-ဤကဲ့သို့ လက္ခဏာတော်ကြီးငယ်, အသွယ်သွယ်ဖြင့်, တင့်တယ်သော သဘောရှိသော၊ သရီရေန-ကိုယ်တော်ကြောင့်၊ ဘေဒေါ-သမုဒ္ဒရာမှ ထူးခြားခြင်းသည်၊ ဟောတိ-ဖြစ်ပါ၏။

၂၄၅။ ဂန္ဓီရတ္တာ၊ပေ၊တွမသိ။ ။အိုမြတ်စွာဘုရား...ရှင်တော်ဘုရားသည် ဂန္ဓီရတ္တာဂုဏ် မဟတ္တာဂုဏ် အစရှိသော ဂုဏ်တော်အားဖြင့် သမုဒ္ဒရာနှင့် တူပါပေ၏၊ ဤတိုင်အောင်သော စကားဌ ဘုရားရှင်နှင့် သမုဒ္ဒရာ၏ တူသည်၏အဖြစ်ကို တုလျောသဒ္ဒါဖြင့် (ဝစ္ဆ) တိုက်ရိုက်ပြ၏။

ဘေဒေါ၊ပေ၊တေ။ ။"သမုဒ္ဒရာဌ် ဤကဲ့သို့ သပ္ပာယ်သော ကိုယ်ခန္ဓာမရှိရကား သပ္ပာယ်သော ကိုယ်ခန္ဓာတော်ကြောင့် သမုဒ္ဒရာမှ ထူးခြားပါသည်" ဟူလို၊ ဤကား တူနေသည်ကို ခွဲခြား၍ပြသော ဗျတိရေကတည်း၊ ထို့သို့ ခွဲခြားရာဌ် ဘုရားရှင်တည်းဟူသော ဝတ္ထုတစ်ဖက်ဌ်သာ သမုဒ္ဒရာနှင့် ကွဲပြားအောင် အကြောင်းပြသောကြောင့် ဧကဗျတိရေက ဖြစ်၏၊ နှစ်ရပ်ပေါင်းလျှင် ဝစ္ဆဧကဗျတိရေကပုံစံ ဖြစ်သည်ဟု မှတ်။ ["ဘေဒေါ+တေ-အရှင်ဘုရား၏+ထူးခြားခြင်း"ဟု "သမ္မန်+သမ္မန္နီ"စပ်ရမည် ဖြစ်သောကြောင့် "ဘေဒေါ-ကွဲပြားသည်၊ အသိ-ဖြစ်ပါပေ၏"ဟု တုမ္ဗယောဂကြိယာ ထည့်၍ မပေးရ။]

ဂန္ဓီရတ္တာ။ ။ဂန္ဓီရဿ-မထောက်မှီအောင် နက်သော သမုဒ္ဒရာ၏+ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာ (နက်ခြင်း) ဂုဏ်တည်း၊ ဂန္ဓီရတ္တံ-ဂုဏ်၊ [သမုဒ္ဒရာအတွက် ဝစနတ္ထ၊] ဂန္ဓီရဿ-အလိုဆန္ဒ (အဇ္ဈာသယ)အားဖြင့် နက်နဲသော ဘုရားရှင်၏+ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာ (အဇ္ဈာသယ)ဂုဏ်တည်း၊ ဂန္ဓီရတ္တံ-ဂုဏ်၊ [ဘုရားရှင်အတွက် ဝစနတ္ထ၊] ဤနည်းအရ ဂန္ဓီရတ္တဂုဏ်အားဖြင့် ဘုရားရှင်နှင့် သမုဒ္ဒရာတို့ တူကြသည်။

http://www.dhammadownload.com

ဝါစ္စဥဘယဗျတိရေကပုံစံ

၂၄၆။ မဟာသတ္တာ-တိဂမ္ဘီရာ, သာဂရော သုဂတောပိ စ၊
သာဂရော-ဥနသင်္ကာသော, ဇိနော စာမီကရဇ္ဇုတိ။

၂၄၆။ သာဂရော-သမုဒ္ဒရာသည်လည်းကောင်း၊ သုဂတောပိ စ-မြတ်စွာဘုရားသည်လည်းကောင်း၊ မဟာသတ္တာ-မဟာသတ္တ, မည်ကြပါပေကုန်၏၊ အတိဂမ္ဘီရာ-အလွန်နက်နဲကြပါပေကုန်၏၊ သာဂရော-သမုဒ္ဒရာသည်၊ အဥနသင်္ကာသော-မျက်စဉ်းညိုနှင့်တူသောအဆင်းရှိ၏၊ ဇိနော-မြတ်စွာဘုရားသည်၊ စာမီကရဇ္ဇုတိ-ဂီဝါရွှေ၏အဆင်းနှင့်တူသောအဆင်း ရှိတော်မူ၏။

မဟတ္တ။ ။မဟန္တဿ-ပင်ကိုသဘောအားဖြင့် ကြီးကျယ်သော သမုဒ္ဒရာ၏+ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာ ကြီးကျယ်ခြင်းဂုဏ်တည်း၊ မဟတ္တံ-ဂုဏ်၊ မဟန္တဿ-သီလစသော ဂုဏ်တို့ဖြင့် မြင့်မြတ်သော ဘုရားရှင်၏+ဘာဝေါ,မဟတ္တံ-ကြီးကျယ်သော သီလစသောဂုဏ်တော်၊ ["မဟန္တတ္တံ"ဟု ဆိုလိုလျက် နှုကို ချေ၊] ဤမဟတ္တဂုဏ်အားဖြင့်လည်း ဘုရားရှင်နှင့် သမုဒ္ဒရာတို့ တူကြသည်၊ မဟတ္တာဒိ၌ အာဒိဖြင့် (၂၆၅) ဂါထာ၌ လာမည့် ဝိသုဒ္ဓါမတသန္ဒာယနဂုဏ်, ပသတ္ထရတနာလယဂုဏ်များကို ယူသင့်၏။

၂၄၆။ မဟာသတ္တာ၊ပေ၊ပိ စ။ ။သမုဒ္ဒရာသည်လည်းကောင်း, ဘုရားရှင်သည်လည်းကောင်း (သမုဒ္ဒရာနှင့်ဘုရားရှင် နှစ်ပါးစုံတို့ပင်) မဟာသတ္တလည်း မည်ကြ, အတိဂမ္ဘီရလည်း ဖြစ်ကြပေသည်၊- ဤစကားရပ်ဖြင့် သမုဒ္ဒရာနှင့်ဘုရားရှင်တို့ မဟာသတ္တ အမည်ရခြင်း, အတိဂမ္ဘီရဖြစ်ခြင်းအားဖြင့် တူမျှကြောင်းကို တိုက်ရိုက်ပင် ပြ၏၊ "ဥပမာ ဇောတက ဂ္ဂဝ-တုလျစသော ပုဒ်များ မပါသော်လည်း မဟာသတ္တ-အတိဂမ္ဘီရသဒ္ဒါတို့က တူကြောင်းကို တိုက်ရိုက် ဟောနိုင်ကြသည်" ဟူလို၊ ထို့ကြောင့် ဝစ္စသဒိသတ္တပုံစံဟု မှတ်။

သာဂရော၊ပေ၊ဇ္ဇုတိ။ ။ဤနှစ်ပါဒဖြင့် တူနေသော သမုဒ္ဒရာနှင့် ဘုရားရှင်တို့ကို ထူးခြားအောင် ပြု၏၊ သမုဒ္ဒရာ၏ စိမ်းညိုသော ရေရောင်ဖြင့် မျက်စဉ်းညိုအဆင်း ရှိခြင်းသည် ဘုရားမှ ကွဲပြား၏၊

http://www.dhammadownload.com

ဘုရားရှင်၏ ဝါဝင်းသော အသားတော်ရောင်ဖြင့် ရွှေအဆင်းရှိခြင်းလည်း သမုဒ္ဒရာမှ ထူးခြားသည်၊ ဤသို့ နှစ်ဖက်လုံး၌ပင် အချင်းချင်း အပြန်အလှန် ကွဲပြားအောင် ပြုသောကြောင့် ဥဘယဗျတိရေကတည်း၊ ရွှေ့စကားရပ်နှင့် ပေါင်းစပ်၍ "ဝါစ္စဥဘယဗျတိရေက"ပုံစံဟု မှတ်။

မဟာသတ္တာ။ ။မဟန္တာ+သတ္တာ ဧတ္ထာတိ မဟာသတ္တော၊ ဧတ္ထ-ဤသမုဒ္ဒရာ၌၊ မဟန္တာ-ကြီးမားကုန်သော+သတ္တာ (ယူဇနာဝါးရာရှည်လျားသော တိမိရပိင်္ဂလငါးကြီး စသော) သတ္တဝါတို့သည်၊ သန္တိ, ဣတိ မဟာသတ္တော၊(သမုဒ္ဒရာဖို့ ဝိဂ္ဂဟ)၊ မဟန္တံ+သတ္တံ ယဿာတိ မဟာသတ္တော၊ သတ္တံကို ဋီကာဟောင်း၌ "သမ္မပ္ပဓာနံ"ဟု ဖွင့်၏၊ "သန္တဿ-သူတော်ကောင်း၏+ဘာဝေါ သတ္တံ"ဟု ပြု၊ ဋီကာသစ်၌ "သမာနဘာဝေါ"ဟု ဖွင့်၏၊ သမာနကို သပြု၍ "သမာနဿ+ဘာဝေါ သတ္တံ"ဟု ပြု၊ သမာနဿ-လာဘ+အလာဘ စသော လောကဓံ ရှစ်ပါး၌ (လာဘနှင့် အလာဘ စသည်ကို) တန်းတူပြုနိုင်သော သဘော၏+ဘာဝေါ, သတ္တံ၊ ယဿ-အကြင်ဘုရားရှင်၏၊ မဟန္တံ-မြတ်သော+သတ္တံ-သမ္မပ္ပဓာန်တရားသည်၊ ဝါ-လာဘ အလာဘ စသည်တို့၌ အတူပြုနိုင်သည်၏ အဖြစ်သည်၊ အတ္ထိ, ဣတိ, မဟာသတ္တော၊ "မဟာသတ္တော စ-ကြီးမားသောသတ္တဝါရှိသော သမုဒ္ဒရာလည်း၊ မဟာသတ္တော စ-မြတ်သော သမ္မပ္ပဓာန်ရှိသော (လာဘ-အလာတို့၌ တန်းတူသဘော ရှိသော) ဘုရားလည်း၊ မဟာသတ္တာ-တို့"ဟု ကေသေသ်ပြု။

အတိဂမ္ဘီရာ ।ပေ। ဇုတိ။ ။သမုဒ္ဒရာသည် မထောက်မှီအောင် နက်သောကြောင့် အတိဂမ္ဘီရ ဖြစ်၏၊ ဘုရားရှင်လည်း အဏ္ဏာသယ (အလိုဆန္ဒ)အားဖြင့် လူအများကဲ့သို့ အပေါ်ယံမဟုတ်ဘဲ လေးနက်တော်မူလှသောကြောင့် အတိဂမ္ဘီရ ဖြစ်တော်မူ၏၊ အတိဂမ္ဘီရော စ အတိဂမ္ဘီဓရော စ အတိဂမ္ဘီရာ"ဟု ဧကသေသ်ပြု၊ အဥ္ဇနေန-မျက်စဉ်းညှိနှင့်+သင်္ကာသော-တူသောအဆင်းသည်၊ ယဿ အတ္ထိတိ အဥ္ဇန သင်္ကာသော၊ စာမီကရဿ-ဂိဝါရွှေ၏ + ဇုတိ-အရောင်တည်း၊ စာမီကရဇုတိ - ရောင်၊ စာမီကရဇုတိ ဝိယ ဇုတိ ယဿာတိ စာမီကရဇုတိ၊ ဆန်းကြောင့် "ဇု"ဟု ဖြစ်သည်။

http://www.dhammadownload.com

ဂမ္ဘကေဗျတိရေကပုံစံ

၂၄၇။ နှ သန္တာပါပဟံ နေဝိ-စ္ဆိတဒံ မိဂလောစနံ၊
မုနိန္ဒ နယနဒ္ဒွန္ဒံ, တဝ တဂ္ဂါဏာဘူသိတံ။

၂၄၇။ မုနိန္ဒ-အိုမြတ်စွာဘုရား၊.မိဂလောစနံ-သမင်ငယ်၏မျက်လုံး သည်၊ နှ သန္တာပါပဟံ-ကိလေသာဟူ, ပူပန်ခြင်းကို မပယ်ဖျောက်နိုင်ပါ၊ နေဝ ဂ္ဂဆ္ဆိတဒံ-အလိုရှိအပ်သော အကျိုးကိုလည်း မပေးနိုင်ပါ၊ တဝ-ရှင်တော်မြတ်ဘုရား၏၊ နယနဒ္ဒွန္ဒံ-မျက်လုံးတော်အစုံကိုကား၊ တဂ္ဂါဏာဘူသိတံ-ထိုနှစ်မျိုးသော ဂုဏ်တို့ဖြင့် တန်ဆာဆင်အပ်ပါ၏။

၂၄၇။ နှ သန္တာပါပဟံတျာဒိ။ ။သမင်ငယ်၏မျက်လုံးအစုံသည် ကိလေသာအပူကိုလည်း မပယ်နိုင်၊ အလိုရှိအပ်သော အကျိုးကိုလည်း မပေးနိုင်၊ ရှင်တော်ဘုရား၏ မျက်လုံးတော်အစုံကား ထိုနှစ်မျိုးလုံးသော ဂုဏ်တို့ဖြင့် တန်ဆာဆင်အပ်ပါ၏။ "ကိလေသာအပူကိုလည်း ပယ်နိုင်, အလိုရှိအပ်သော လောကီ လောကုတ္တရာအကျိုးကိုလည်း ပေးနိုင်ပါသည်"ဟူလို။

မှတ်ချက်။ ။ဤဂါထာ၌ တူကြောင်းကို လုံးဝမပြ၊ သို့သော် "နှ သန္တာပါပဟံ"စသည်ဖြင့် ခွဲခြားမှုကို ပြသောကြောင့် သမင်ငယ်၏ မျက်လုံးနှင့် ဘုရားရှင်၏ မျက်လုံးတော်မှာ မူလက တူမျှနေကြောင်းကို မှန်းဆ၍ သိနိုင်၏၊ ထို့ကြောင့် ဂမ္ဘဗျတိရေကတည်း၊ ထိုသို့ ခွဲခြားရာ၌လည်း သမင်ငယ်မျက်လုံး၏ ဘုရားရှင်မျက်လုံးတော်မှ ထူးခြားပုံကို မပြဘဲ, ဘုရားမျက်လုံးတော်၏ သမင်ငယ်မျက်လုံးမှ ထူးခြားပုံကိုသာ ပြသောကြောင့် "ဂမ္ဘဇကဗျတိရေကပုံစံ"ဟု မှတ်။

ဝစနတ္ထ။ ။အပဟု ဟနဓာတ်, ကွိပစ္စည်း (အပဟ)၊ နပုလ္လိန်သိကို အံပြု၍ "အပဟံ"ဟု ပြီး၏၊ သန္တာပ်-ကိလေသာအပူကို + အပဟနတိ-ဖျက်ဆီးပယ်ရှားနိုင်၏၊ ဂ္ကတိ သန္တာပါပဟံ၊ ဂ္ကစ္ဆိတံ-အလိုရှိအပ်သော လောကီ လောကုတ္တရာအကျိုးကို+ဒဒါတိတိ ဂ္ကစ္ဆိတဒံ၊ တဂ္ဂါဇောဟိ+ဘူသိတံ တဂ္ဂါဏာဘူသိတံ။

http://www.dhammadownload.com

ဂမ္မဥဘယဗျတိရေကပုံစံ

၂၄၈။ မုနိန္ဒာနန·မမ္ဘောဇ, မေသံ နာနတ္တ·မီဒိသံ၊
သုဝုတ္တာ·မတသန္ဒာယိ, ဝဒနံ နေ·ဒိသ·မ္ဗုဇံ။

၂၄၈။ မုနိန္ဒာနနံ-မြတ်စွာဘုရား၏ မျက်နှာတော်လည်းကောင်း၊ အမ္ဘောဇံ-ကြာပန်းလည်းကောင်း၊ ဧသံ-ဤနှစ်မျိုးတို့၏၊ နာနတ္တံ-ထူးကုန်သည်၏အဖြစ်ကို၊ ဤဒိသံ-ဤကဲ့သို့ ရှုအပ်၏၊ ဝဒနံ-မျက်နှာတော်သည်၊ သုဝုတ္တာမတသန္ဒာယိ-ကောင်းစွာ ဟောအပ်, အမြိုက်တရားမြတ်ကို ပေးတော်မူနိုင်၏၊ အမ္ဗုဇံ-ကြာပန်းသည်၊ ဤဒိသံ-ဤကဲ့သို့ ရှုအပ်သော သဘောရှိသည်၊ နဟောတိ-မဖြစ်ပါ။

၂၄၈။ မုနိန္ဒာနနံတျာဒိ။ ။ဘုရားမျက်နှာတော်နှင့် ပဒုမ္မာကြာတို့၏ ထူးပုံကား၊-ဘုရားရှင်၏ မျက်နှာတော်သည် ကောင်းစွာဟောအပ်သော တရားအမြိုက်ကို ပေးတော်မူနိုင်၏၊ ပဒုမ္မာကြာပန်းကား ဤသို့ မပေးနိုင်ချေ။ [သမ္မာ+ဒဒါတိ သီလေနာတိ သန္ဒာယိ၊ သုဝုတ္တာမတံ+သန္ဒာယိ သုပုတ္တာမတသန္ဒာယိ၊ နပုလ္လိန် ရဿ။]

မှတ်ချက်။ ။ဤဂါထာ၌လည်း မျက်နှာတော်နှင့်ကြာပန်းတို့၏ တူကြောင်းကို တိုက်ရိုက် မပြ၊ ထူးပုံကို ပြသောစကားဖြင့်သာ မူလက တူမျှကြောင်းကို (ဂမ္မ) မှန်းဆ၍ သိရသည်၊ ထိုသို့ ထူးပုံကို ပြရာ၌လည်း ဘုရားမျက်နှာတော်၏ သုဝုတ္တအမတသန္ဒာယန ဖြစ်ပုံ, ပဒုမ္မာကြာပန်း၏ သုဝုတ္တအမတသန္ဒာယန မဖြစ်ပုံ, ဤသို့ နှစ်ပါးစုံကို ခွဲခြားပြသောကြောင့် "ဂမ္မဥဘယဗျတိရေက"ပုံစံဟု ဆိုလိုသည်၊ သို့သော် ဤပုံစံ၌ နှစ်ဖက်လုံး ခွဲခြားပုံ မထင်ရှားလှ၊ ကာဗျဒဿပုံစံမှာ နှစ်မျိုးလုံး၌ပင် ထူးပုံကို ပြသောကြောင့် ဥဘယဗျတိရေက ဖြစ်ပုံ ထင်ရှားသည်။

တွမ္မုခံ ကမလဥ္စာတိ, ဒွိန္နံပိ အမူသံ ဘိဒေါ၊
ကမလံ ဇလသံရောဟိ, တွမ္မုခံ တွမုပဿယံ။

တွမ္မုခံ-သင်၏မျက်နှာလည်းကောင်း၊ ကမလဥ္စ-ကြာပန်းလည်းကောင်း၊ ဣတိ-သို့၊ ဒွိန္နံပိ-နှစ်ပါးလည်း ဖြစ်ကုန်သော၊ အမူသံ-ဤမျက်နှာ ကြာပန်းတို့၏၊ ဘိဒေါ-အထူးကား၊ ကမလံ-သည်၊ ဇလသံရောဟိ-ရေ၌ ပေါက်လေ့ရှိ၏၊ တွမ္မုခံ-သည်၊ တွမုပဿယံ-သင့်ကိုယ်ဟူသော မှီရာရှိ၏၊ ဝါ-သင့်ကိုယ်၌ ဖြစ်၏။

~~~~~~~~~~~~~
~~~~~~~~~~~~~

http://www.dhammadownload.com

ဝိဘာဝနာ၏ လက္ခဏာနှင့်အပြား

၂၄၉။ ပသိဒ္ဓံ ကာရဏံ ယတ္ထ, နိဝတ္တေတွာ-ညကာရဏံ၊
သာဘာဝိကတ္ထ-မထဝါ, ဝိဘာဗျံ သာ ဝိဘာဝနာ။

၂၄၉။ ယတ္ထ(အလင်္ကာတိယဲ)-အကြောင်အလင်္ကာ၌၊ ပသိဒ္ဓံ-လောက၌ ထင်ရှားသော၊ ကာရဏံ-အကြောင်းကို၊ နိဝတ္တေတွာ-တားမြစ်၍၊ အညကာရဏံ-တစ်ပါးသောအကြောင်းကို၊ ဝိဘာဗျံ-ထင်စွာ ပြအပ်၏၊ အထဝါ-ထို့ပြင်တစ်နည်းကား၊ သာဘာဝိကတ္ထံ-ပင်ကိုသဘောကြောင့်ဖြစ်သည်၏အဖြစ်ကို၊ ဝိဘာဗျံ-ထင်စွာပြအပ်၏၊ သာ(အလင်္ကာတိ)-ထိုအလင်္ကာသည်၊ ဝိဘာဝနာ-ဝိဘာဝနာအလင်္ကာ မည်၏။

၂၄၉။ ပသိဒ္ဓံတျာဒိ။ ။လောက၌ ထင်ရှားသော အကြောင်းကို ပယ်ရှားတားမြစ်၍ မထင်ရှားသော တခြားအကြောင်းကို ထင်စွာပြရာအလင်္ကာသည်လည်းကောင်း, သူ့သဘာဝအတိုင်း ပြီးစီးသော အကျိုးဂုဏ်ကို ထင်စွာပြရာအလင်္ကာသည်လည်းကောင်း ဝိဘာဝနာအလင်္ကာမည်၏။ ["ယတ္ထ-ဝိဘာဗျံ"ပုဒ်တို့ကို ထောက်၍ "ဝိဘာဝိယတိ ဧတ္ထာတိ ဝိဘာဝနာ"ဟု အဓိကရဏသာဓ် ပြု၊ ဝိဘာဝိယတေတိ ဝိဘာဗျံ။ ဝိ+ဘူ+ ကာရိတ်ကျေ၊ ဏျပစ္စည်း။]

ဝိဘာဝနာ ၂ မျိုး။ ။"ပသိဒ္ဓံ၊ပေ၊အညကာရဏံ ဝိဘာဗျံ"အရ (အညကာရဏ၌ အညကို အန္တရဟု လဲ၍) "ကာရဏန္တရဝိဘာဝနာ"ဟုလည်းကောင်း,"သာဘာဝိကတ္ထံ ဝိဘာဗျံ"အရ သာဘာဝိကတ္ထဝိဘာဝနာဟုလည်းကောင်း ၂ မျိုး ပြား၏၊ သဿ-မိမိ၏+ဘာဝေါ-ထင်ရှားဖြစ်သော အရာတည်း၊ သဘာဝေါ - ရာ၊ (သူ့သဘော = သူ့ဘာသာ-ဟူလို၊) သာဘာဝေန-အားဖြင့်+သမ္မာတံ-ကောင်းစွာဖြစ်သော အရာဝတ္ထုတည်း၊ သဘာဝိကံ-တ္ထု၊ သာဘာဝိကဿ-သူ့သဘောအတိုင်း ဖြစ်သော အရာဝတ္ထု၏၊ ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာဂုဏ်သတ္တိတည်း၊ သဘာဝိကတ္ထံ-သတ္တိ၊ ထိုသဘာဝိကတ္ထဂုဏ်သည် ပုံစံ၌ ထင်ရှားလတ္တံ့။ [ဤ "သာဘာဝိကတ္ထံ ဝိဘာဗျံ"၌ "ပသိဒ္ဓံ ကာရဏံ နိဝတ္တေတွာ"ပုဒ်များ လိုက်ဖွယ်မလို။]

http://www.dhammadownload.com

ကာရဏာန္တရဝိဘာဝနာပုံစံ

၂၅၀။ အနဉ္ဇိတာ-သိတံ နေတ္တံ, အဓရော-ရဉ္ဇိတာ-ရဏော၊
သမာနတာ ဘမု စာ-ယံ, ဇိနာ-နဝဉ္ဆိတာ တဝ။

၂၅၀။ ဇိန-အိုမြတ်စွာဘုရား၊...တဝ-ရှင်တော်မြတ်ဘုရား၏၊ နေတ္တံ-မျက်လုံးတော်အစုံသည်၊ အနဉ္ဇိတံ-မည်းညိုလေအောင်, ညို မှောင်သော မျက်စဉ်းဖြင့် မကွင်းအပ်ပါဘဲလျက်၊ အသိတံ-ကြာညိုပန်း အတူ ညိုတော်မူပါပေ၏၊ အဓရော-နှုတ်ခမ်းတော်သည်၊ အရဉ္ဇိတော-နီမြန်းဖို့အရေး, ဆေးမဆိုးအပ်ပါဘဲလျက်၊ အရုဏော-အရုဏ်ရောင် အသွေး, နီတွေးတော်မူပါပေ၏၊ အယံ ဘမု စ-ဤမျက်ခုံးတော်သည်လည်း၊ အနဝဉ္ဆိတာ-ကွေးညွတ်လေအောင်, မဆွဲဆောင်အပ်ပါဘဲလျက်၊ သမာနတာ-၃ ရက်လ အရေးကဲ့သို့, ညွတ်ကွေးတော်မူပါပေ၏။

၂၅၀။ အနဉ္ဇိတာ-သိတံ နေတ္တံ။ ။အိန္ဒိယလူမျိုးတို့သည် "မျက်လုံးညိုနေသည်ကို လှသည်"ဟု အယူရှိကြ၍ နဂိုအတိုင်း မညိုလျှင် ညိုသောမျက်စဉ်းဖြင့် သုတ်လိမ်းပေးကြ၏၊ ထိုသုတ်လိမ်းမှုကို "မျက်ရေးကွင်းခြင်း"ဟု ခေါ်၏၊ ဘုရားရှင်၏ မျက်လုံးတော်ကား ထိုကဲ့သို့ မရေးမကွင်းအပ်ဘဲလျက် ကြာညိုပန်းကဲ့သို့ ညိုသောအရောင် ရှိတော်မူသည်။ [မည်းညိုဖို့ရန် လောကဌ ထင်ရှားသောအကြောင်းသည် ဆေးမျက်စဉ်းဖြင့် သုတ်လိမ်းခြယ်လှယ်ခြင်းတည်း၊ ထိုကဲ့သို့ လောကဌ ထင်ရှားသော အကြောင်းကို "အနဉ္ဇိတံ"ဟု တားမြစ်၏၊ ဤသို့ တားမြစ်ခြင်းကို "ပသိဒ္ဓံ ကာရဏံ နိဝတ္တေတွာ"ဟု ဆိုသည်။

"မျက်ရေး မကွင်းဘဲ ညိုနေခြင်းကား အကြောင်း ရှိရမည်၊ ထို အကြောင်းကား ရှေးရှေးက ကံတည်း"ဟု ဂါထာ၌ တိုက်ရိုက် မပြသော်လည်း အကျိုးဖြစ်သော ညိုခြင်းကို မြင်သဖြင့် အကြောင်းကံကို သိနိုင်ရကား ရှေးကံကို ထင်ရှားပြရာ ရောက်သည်၊ ဤသို့ ထင်ရှားပြခြင်းကို "အညကာရဏံ ဝိဘာဗျံ"ဟု ဆိုသည်၊ ရှေးရှေးဘဝ၌ သူတစ်ပါးကို ချစ်ကြည်သော မျက်လုံးဖြင့် ရှုစားခဲ့သော ကံကြောင့် ယခုဘဝ၌ ညိုသောမျက်လုံးကို ရတော်မူသည်-ဟူလို။ [အဋ္ဌမာတ်သည် သုတ်လိမ်းခြင်းအနက်ကို ဟော၏။]

http://www.dhammadownload.com

သာဘာဝိကတ္တဝိဘာဝနာ

၂၅၁။ နဟောတိ ခလု ဒုဇ္ဇန္ဒျ-မပိ ဒုဇ္ဇနသင်္ဂမေ၊
သဘာဝနိမ္မလတရေ, သာဓုဇန္တူန စေတသိ။

၂၅၁။ သာဓုဇန္တူနံ-သူတော်ကောင်းတို့၏၊ သဘာဝနိမ္မလတရေ-သဘောအားဖြင့် ညစ်ကြေးမတင်, လွန်သန့်စင်သော၊ စေတသိ-စိတ်၌၊

အဓရောဂရဉ္ဇိတာဂရဏော။ ။နှုတ်ခမ်းနီဖို့ရန် လောက၌ ထင်ရှားသော အကြောင်းသည် နှုတ်ခမ်းနီဆေးဆိုးခြင်းတည်း၊ ထိုသို့ လောက၌ ထင်ရှားသော အကြောင်းကို "ပသိဒ္ဓံ ကာရဏံ နိဝတ္တေတွာ"နှင့်အညီ "အရဉ္ဇိတော"ဟု တားမြစ်၏၊ "ရှေးကံကြောင့် နီသည်"ဟု ရှေးကံကို တိုက်ရိုက်မပြသော်လည်း နီမြန်းခြင်းအကျိုးက "အညကာရဏံ ဝိဘာဗျံ" နှင့်အညီ ရှေးကံအကြောင်းကို ထင်ရှားပြရာ ရောက်၏။ [ရန္ဇဓာတ်သည် ရာဂ (ဆေးဆိုးခြင်းအနက်)ကို ဟော၏။]

သမာနတာ ဘမု အနဝဉ္ဆိတာ။ ။၃ ရက်လအရေးကဲ့သို့ လှပစွာ ကွေးညွတ်သော မျက်ခုံးတော်ဖြစ်ဖို့ရန် လောက၌ ထင်ရှားသော အကြောင်းသည် မကွေး-ကွေးအောင် ဆွဲငင်ပေးရခြင်းတည်း၊ ထိုသို့ ကွေးညွတ်လာအောင် ဆွဲငင်ပြုပြင်မှုကို "ပသိဒ္ဓံ ကာရဏံ နိဝတ္တေတွာ" နှင့်အညီ အနဝဉ္ဆိတာ"ဟု တားမြစ်၏၊ "ရှေးကံကြောင့် ကွေးညွတ်ရသည်"ဟု တိုက်ရိုက် မပြသော်လည်း ကွေးညွတ်ခြင်းအကျိုးက "အညကာရဏံ ဝိဘာဗျံ"နှင့်အညီ ရှေးကံအကြောင်းကို ထင်ရှားပြရာ ရောက်၏။ [သံ+အာ+နမုဓာတ်, တပစ္စည်းဖြင့် "သမာနတာ"ဟု ဖြစ်၏၊ "န+အဝ+အဉ္ဆိတာ"ဟု ပုဒ်ခွဲ အဉ္ဆဓာတ်သည် "ဆွဲငင်ခြင်း"အနက်ကို ဟော၏၊ အဝ-အောက်သို့+အဉ္ဆိတာ-ဆွဲငင်အပ်သည်တည်း၊ အဝဉ္ဆိတာ-သည်၊ န+အဝဉ္ဆိတာ အနဝဉ္ဆိတာ။]

၂၅၁။ နဟောတိတျာဒိ။ ။သူတော်ကောင်းတို့၏ မပြုမပြင်ပင်ကိုသဘောအတိုင်း အလွန်အညစ်အကြေး ကင်းသော စိတ်၌ (သူယုတ်မာတို့နှင့် ပေါင်းသင်းဆက်ဆံနေရသော်လည်း) ယုတ်မာမှုမဖြစ်နိုင်၊ ဤဂါထာ၌"သဘာဝနိမ္မလတရေ+စေတသိ"ပုဒ်တို့သည် အရေးကြီးသောပုဒ်များတည်း၊နိမ္မလတရစေတ-အလွန်ညစ်ကြေးမတင်

http://www.dhammadownload.com

ဒုဇ္ဇနသင်္မေ-သူယုတ်မာတို့နှင့် ပေါင်းရခြင်းသည်၊ (သတိ) အပိ-ဖြစ်ပါသော်လည်း၊ ဒုဇ္ဇန်-သူယုတ်မာ၏ဖြစ်ကြောင်း မကောင်းသောသဘောသည်၊ ခလု-စင်စစ် နှ ဟောတိ-မဖြစ်နိုင်။

သန့်စင်သောစိတ်"ဟူရာ၌ ဘာ့ကြောင့် "အလွန်သန့်စင်သနည်း"ဟု အကြောင်းကို မေးဖွယ်ရှိ၍ "သဘာဝ"ဟု ဝိသေသန ပြုသည်၊ "ဘာအကြောင်းမှ မဟုတ်, ပင်ကိုသဘောအတိုင်း ညစ်ကြေးမတင် သန့်စင်သည်"ဟူလို၊ ထို့ကြောင့် ဤဂါထာသည် သာဘာဝိကတ္တဝိဘာဝနာကို ပြသော ဂါထာဖြစ်သည်။

ဆက်ဦးအုံ့–စိတ်သန့်ရှင်းခြင်း၏ အကြောင်းသည် အရာရာ၌ သင့်တော်အောင် နှလုံးသွင်းတတ်မှု ယောနိသော မနသိကာရတည်း၊ ယောနိသော မနသိကာရကြောင့် အကုသိုလ်စိတ်ယုတ်မာများ မဖြစ်နိုင်ဘဲ သန့်ရှင်းသော ကုသိုလ်စိတ်များ ဖြစ်ရသည်၊ ထိုယောနိသော မနသိကာရ ဖြစ်ခြင်း၏အကြောင်း အဆက်ဆက်လည်း အတ္တသမ္မာပဏိဓိ, သဒ္ဓမ္မဿဝန, သပ္ပုရိသူပနိဿယ, ပဋိရူပဒေသဝါသ, ပုဗ္ဗေကတပုညတာတို့တည်း၊ ဤသို့ စိတ်စင်ကြယ်ခြင်း၏အကြောင်းများရှိနိုင်သော်လည်း ဤအကြောင်းများကို လောကလူသားတို့ မမြင်နိုင်သောကြောင့် ထိုလောကလူသားတို့ အလိုအတိုင်း စိတ်စင်ကြယ်မှုကို (ဘာအကြောင်းမျှ မရှိ) သာဘာဝိက-သူ့သဘောအတိုင်း ဖြစ်သည်-ဟု ဆိုထားသည်။

ဋီကာ။ ။သဘာဝနိမ္မလတ္တရေ-ကိစ္စိ ပယောဂံ ဝိနာ (ဘာအကြောင်းပယောဂမျှ မပါဘဲ) ပကတိယာ ဧဝ အတိနိမ္မလေ၊["ကိစ္စိ၊ပေ၊ဧဝ"တိုင်အောင် "သဘာဝ"၏အဋ္ဌ၊ "အတိ"ကား တရပစ္စည်း၏အဖွင့်။] ဣဟ စိတ္တနိမ္မလဟေတုဘူတာနံ ယောနိသောမနသိကာရာဒီနံ ဝိဇ္ဇမာနတ္တာပိ လောကေန (လူအပေါင်းသည်) တံ ကာရဏံ အနေပေက္ခိတ္တာ (မရှုငဲ့နိုင်ဘဲ) အညမ္ပိ ဝါသဒ္ဓကာရဏံ စိတ္တနိမ္မလကာရဏံ အဒိသွာ (စိတ်သန့်ရှင်းဖို့ရန် ထင်ရှားသော အခြားအကြောင်းကိုလည်း မမြင်ရ၍) သဘာဝသိဒ္ဓံ နိမ္မလန္တိ ဝေါဟရိယမာနတ္တာ-(ပင်ကို သဘောအတိုင်း ပြီးစေသော နိမ္မလ ဟု လူတို့က ခေါ်ဝေါ်အပ် သည်၏ အဖြစ်ကြောင့်) တေနေဝ လောကဝေါဟာရာနုသာရေန

http://www.dhammadownload.com

ဟေတု၏ လက္ခဏာနှင့်အပြား

၂၅၂။ ဇနကော ဉပကော စေတိ, ဒုဝိဓာ ဟေတဝေါ သိယုံ၊
ပဋိသန်ရဏံ တေသံ, အလင်္ကာရတယော·ဒိတံ။

၂၅၂။ ဇနကော စ - ဖြစ်စေတတ်သော ဟိတ်လည်းကောင်း၊ ဉပကော စ-သိစေတတ်သောဟိတ်လည်းကောင်း၊ ဣတိ-ဤသို့၊ ဟေတဝေါ-ဟိတ်တို့သည်၊ ဒုဝိဓာ-၂ ပါးအပြားရှိကုန်သည်၊ သိယုံ-ဖြစ်ကုန်၏၊ တေသံ-ထို၂ ပါးသောဟိတ်တို့ကို၊ ပဋိသန်ရဏံ-အထူးပြင်ဆင်၍ ဆိုခြင်းသည်၊ အလင်္ကာရတာယ-အလင်္ကာ၏အဖြစ်ဖြင့်၊ ဥဒိတံ-ထင်ရှား၏။

(ထိုလောကအခေါ်အဝေါ်သို့ လိုက်သောအားဖြင့်) သဘာဝနိမ္မလတ္တရေတိ (သဘာဝနိမ္မလတ္တရေ ဟူ၍) သဗ္ဗာကာရေန ကာရဏာပဋိသေဓံ ကတ္တာ (အကြောင်းဟူသမျှကို တားမြစ်၍) သဘာဝသိဒ္ဓနိမ္မလတ္တသခီါတဖလသဿ ပကာသိတတ္တာ အယံ သဘာဝဝိကဖလဝိဘာဝနာ နာမ။ [ဒုဇ္ဇနာနံ+ဘာဝေါ ဒုဇ္ဇန်၊ သဿ (အတ္တနော) + ဘာဝေါ သဘာဝေါ်။ သဘာဝေန+နိမ္မလတရံ သဘာဝနိမ္မလတရံ။]

မှတ်ချက်။ ။ဤသာဘာဝိကတ္တဝိဘာဝနာ၌ "အနဠိတံ"စသည်ကဲ့သို့ ထင်ရှားသော အကြောင်းကို တမင်တကာ တားမြစ်ဖွယ်မလို၊ "ပင်ကိုသဘောအတိုင်း ဖြစ်၏"ဟု ဆိုလျှင် "ဘာအကြောင်းမျှ မရှိ"ဟု တားမြစ်ပြီး ဖြစ်နေတော့၏၊ ထို့ကြောင့် "သဗ္ဗာကာရေန ကာရဏပဋိသေဓံ ကတ္တာ"ဟု ဋီကာဖွင့်သည်၊ ဤအဖွင့်ကို ထောက်၍ "သာဘာဝိကတ္တံ ဝိဘာဗျံ"၌ "ပသိဒ္ဓကာရဏံ နိဝတ္တေတ္တာ"ပုဒ်များ လိုက်ဖွယ်မလိုဟု ၂၄၉ ဂါထာ၌ ဆိုခဲ့သည်။

၂၅၂။ ဇနကော၊ပေ၊သိယုံ။ ။ဤ၂ ပါဒဖြင့် ဟိတ်အပြားကို ပြ၏၊ ဇနကဟိတ်, ဉပကဟိတ်အားဖြင့် ဟိတ်၂ မျိုးပြား၏၊ ထိုတွင် "ဗီဇတောအင်္ကုရော ဇာယတိ=မျိုးစေ့ကြောင့် အညွှန့်အညောက်သည် ပေါက်၏"ဟူရာ၌ အညွှန့်အညောက်တည်းဟူသော အကျိုးကို ဖြစ်စေတတ်သော မျိုးစေ့တည်းဟူသော အကြောင်းသည် ဇနကဟိတ် မည်၏၊ "ဓူမာယ အဂ္ဂိ အတ္ထိတိ ဉာယတိ=မီးခိုးကြောင့် မီးရှိမှန်း သိအပ်၏"ဟူရာ၌ မီးရှိမှန်း သိစေတတ်သော မီးခိုးသည် ဉပကဟိတ် မည်၏။

http://www.dhammadownload.com

ဟေတုများပုံနှင့်ပဋိညာဉ်

၂၅၃။ ဘာဝါ-ဘာဝကိစ္စဝသာ, စိတ္တဟေတုဝသာပိ စ၊
ဘေဒါ-နန္တာ ဣဒံ တေသံ, မုခမတ္တနိဒဿနံ။

၂၅၃။ ဘာဝါဘာဝကိစ္စဝသာ-ထင်ရှားဖြစ်ပေါ်ခြင်းကြီယာ,ထင်ရှားမဖြစ်ပေါ်ခြင်းကြီယာတို့၏ အပြားအားဖြင့်လည်းကောင်း၊ စိတ္တဟေတုဝသာပိ စ-ဆန်းကြယ်သော အကြောင်းတို့၏ အပြားအားဖြင့် လည်းကောင်း၊ ဘေဒါ-ဟိတ်အထူးအပြားတို့သည်၊ အနန္တာ-အဆုံးမရှိအောင်,

---

ပဋိသန်ရဏံ၊ပေ၊ဒိတံ။ ။ဤ၂ပါဒဖြင့် ဟိတ်တို့၏ အလင်္ကာရ(တန်ဆာ) အဖြစ်ဖြင့် ဖြစ်ပုံလက္ခဏာကို ပြ၏၊ ထို၂ ပါးသော ဟိတ်တို့ကို ("ဗီဇတော အင်္ကုရော ဇာယတိ, ဓူမာယ အဂ္ဂိ အတ္ထီတိ ဉာယတိ"တို့ကဲ့သို့ ရိုးရိုးကြီး မဆိုဘဲ) အထူး ဆင်ပြင်၍ ဆိုခြင်းသည် စကားတန်ဆာ (အလင်္ကာ)တစ်မျိုး အဖြစ်ဖြင့် လောက၌ ထင်ရှား၏၊ "အထူး ပြင်ဆင်၍ ဆိုအပ်သော ဟိတ်သာ ဟေတုအလင်္ကာဂုဏ် ရှိသည်"ဟူလို၊ အထူး ဆင်ပြင်၍ ဆိုပုံမှာ ပုံစံ၌ ထင်ရှားလတ္တံ့။

ဋီကာ။ ။ဣဟ ဖလပကာသကဟေတုမှိ ဝုစ္စမာနေ (အကျိုးကို ပြသော အကြောင်းကို ဆိုအပ်သော်) ဣမိနာ ဟေတုနာ ဣဒံ ဖလံ ဇာတန္တိ သရူပကထနမတ္တံ ဝိနာ (ဤအကြောင်းကြောင့် ဤအကျိုး ဖြစ်၏ဟု သရုပ်ဖော်ခြင်းမျှမှတစ်ပါး) ဝိသေသရူပါလင်္ကာရော ဣဓ နတ္ထီတိ အာသင်္ကိယဿ (ထူးခြားသော သဘောရှိသော အလင်္ကာသည် ဤဟိတ်အရာ၌ မရှိဟု ယုံမှားရှိသူအတွက် အလင်္ကာရသရူပဝိသေသော ဧသောတိ (ဤဟိတ်သည် ထူးခြားသော အလင်္ကာတစ်မျိုးဟု) ဒဿေတုံ အပရဒ္ဓမာဟ=နောက်၂ ပါဒကို ဆိုပြီ။

ပဋိသန်ရဏံ။ ။ဝိသိဋ္ဌဘာဝေန ပကာသံ ကတွာ တတွတော ကထနံ=အထူးတလည် ပြုပြင်အပ်သည်၏ အဖြစ်ဖြင့် ထင်ရှားအောင် ပြု၍ ဟုတ်မှန်သောအားဖြင့် ဆိုခြင်း။ [အလင်္ကာရတယောတိ-ဆန္ဒံ နိဿာယ အာတ္တဟာနိ="အလင်္ကာရတာယော"ဟု ဆိုလိုလျက် ဆန်းကို မှီ၍ (ဇဂိုဏ်းရအောင်) အာ အဖြစ်၏ ယုတ်လျော့ခြင်း (တာ၌ အာကို ရဿ ပြုထားခြင်း) ဖြစ်သည်။]

http://www.dhammadownload.com

များမြောင်ကုန်၏၊ ဣဒံ-ဤဆိုအပ်လတ္တံ့ကား၊ တေသံ-ထိုဟိတ်တို့၏၊ မုခမတ္တနိဒဿနံ-အကျဉ်းအမြွက်မျှကို ပြခြင်းတည်း။

၂၅၃။ ဘာဝါတျာဒိ။ ။ဟိတ်တို့သည် ဘာဝကိစ္စဟေတု, အဘာဝကိစ္စဟေတုအားဖြင့် ၂ ပါးပြား၏၊ တစ်မျိုးတစ်မျိုးလျှင် ဇနကဟေတု, ဥပကဟေတုအားဖြင့် ၂ ပါးစီ ပြားပြန်သောကြောင့် ၄ ပါးပြား၏၊ စိတ္တဟေတုလည်း ရှိသေး၏၊ ထိုစိတ္တဟေတုလည်း ယုတ္တကာရီစိတ္တဟေတု, အယုတ္တကာရီစိတ္တဟေတုအားဖြင့် ၂ ပါးပြား၏၊ ထို့ပြင်-သမ္ပာပကဟိတ်, သဘာဝဥပကဟိက်, ကာရိယဥပကဟိတ်စသည်ဖြင့် ဟိတ်တို့သည် အဆုံးမရှိအောင် များမြောင်လှသည်။ [ဘာဝကိစ္စစသည်တို့၏ အနက်အဓိပ္ပာယ်သည် ပုံစံများ၌ ထင်ရှားလတ္တံ့။]

ဣဒံ၊ပေ၊နိဒဿနံ။ ။ထိုသို့ ဟိတ်တွေ များပြားစွာ ရှိရကား ရှိသမျှ ကုန်အောင် မပြတော့ဘဲ အနည်းငယ်မျှကိုသာ ပြတော့မည်-ဟူလို၊ မုခသဒ္ဒါသည် ဤနေရာ၌ ခံတွင်းပေါက်နှင့်တူသော လမ်းပေါက်ကို ဟော၏၊ လမ်းပေါက်သည် သွားလာသူတို့၏ ဝင်ရာဖြစ်သကဲ့သို့ မဆိုအပ်၍ ကြွင်းကျန်သော ဟိတ်တို့၏ ဝင်ရာ (အနည်းငယ်သော ပုံစံ)ကိုလည်း "မုခ"ဟု ဆိုသည်၊ မတ္တသဒ္ဒါဖြင့် အကျယ်ဆိုခြင်းကိုကန့်။ [မုခမတ္တနိဒဿနံ - အဝသေသဟေတူနံ ဩဂဟဏဒွါရမတ္တသ (သက်ဝင်ကြောင်း အပေါက်မျှကို) နိဒဿနံ ဟောတိ။]

ဝစနတ္ထ။ ။ဘာဝေါ စ+အဘာဝေါ စာတိ ဘာဝါဘာဝါ၊ ဘာဝါဘာဝါ စ+တေ+ကိစ္စာနိ စာတိ ဘာဝါဘာဝကိစ္စာနိ၊ ဘာဝါဘာဝကိစ္စာနံ+ဝသော ဘာဝါဘာဝကိစ္စဝသော။ [ဘာဝါဘာဝကိစ္စဝသာ-ဘာဝအဘာဝသခ်ါတသတ္တာအသတ္တာကြိယာဝသေန စ၊] ဘာဝကိစ္စကို "သတ္တာကြိယာ-ထင်ရှားရှိသောကြိယာ"ဟုလည်းကောင်း, အဘာဝကိစ္စကို "အသတ္တာကြိယာ"ဟုလည်းကောင်း ဖွင့်သည်၊ ["ဘူ=သတ္တာယံ" ဟူသော ဓာတ်နက်ကို ဖွင့်ခြင်းသာတည်း၊] ဝသသဒ္ဒါလည်း ဘေဒအနက်ကို ဟော၏၊ စိတ္တသဒ္ဒါသည် ဝိစိတ္တ (အဆန်းတကြယ်) အနက်ကို ဟော၏။

http://www.dhammadownload.com

ဘာဝကိစ္စောကာရကဟေတု

၂၅၄။ ပရမတ္ထပကာသေ-က-ရသာ သဗ္ဗမနောဟရာ၊ မုနိနော ဒေသနာ-ယံ မေ, ကာမံ တောသေတိ မာနသံ။

၂၅၄။ မုနိနော-မြတ်စွာဘုရား၏၊ ပရမတ္ထပကာသေကရသာ-မဖောက်မပြန် မှန်ကန်သော အနက်ကို ပြခြင်းဟူသော တစ်ခုသော ကိစ္စရှိသော၊ သဗ္ဗမနောဟရာ-အလုံးစုံသော လူအပေါင်း၏ စိတ်နှလုံးကို ယူကျုံး နှစ်သက်စေနိုင်သော၊ အယံ ဒေသနာ-ဤဒေသနာတော်သည်၊ ကာမံ-စင်စစ်အားဖြင့်၊ မေ-ငါ၏၊ မာနသံ-စိတ်ကို၊ တောသေတိ-နှစ်သက်စေနိုင်၏၊... [အယံ-ဤသည်ကား၊ ဘာဝကိစ္စော-ထင်ရှားဖြစ်ပေါ်ခြင်းကိစ္စရှိသော၊ ကာရကဟေတု-ပြုတတ်သောဟိတ်တည်း၊ ဝါ-ဇနကဟိတ်တည်း။]

၂၅၄။ ပရမတ္ထတ္ထာဒီ။ ။ဤဂါထာ၌ နှစ်သက်ခြင်းကြိယာသည် ဘာဝကိစ္စ (ထင်ရှားဖြစ်ပေါ်လာသောကြိယာ)တည်း၊ ထိုကြိယာကို ဖြစ်စေနိုင်သော ဒေသနာတော်သည် ဘာဝကိစ္စဇနကဟိတ်တည်း၊ ထို့ကြောင့် ဤဂါထာသည် ဘာဝကိစ္စဇနကဟိတ်ကို ပြသောပုံစံတည်း၊ ["တောသေတိ-နှစ်သက်စေ" ဟူသော ကာရိတ်ပစ္စည်း၏ အနက်ကိုပင် "ဟိတ်အနက်"ဟု ဆိုထားသည်၊ မှန်၏- ကာရိတ်အနက်နှင့် ဟိတ် အနက်သည် သဘောတူပင်တည်း၊] "ဓာတူဟိ ဏော ဏာယ"စသော သုတ်ကို ထောက်ပါ။ ["ဇနက-ဖြစ်စေတတ်"နှင့် "ကာရက-ပြုတတ်" လည်း သဘောတူ၏။]

အလင်္ကာရေါ်ရုပုံ။ ။"ဒေသနာယံ မေ ကာမံ တောသေတိ မာနသံ-ဤ ဒေသနာသည် ငါ၏ စိတ်ကို နှစ်သက်စေတတ်၏"ဟု အရိုးခံအတိုင်း ဆိုလျှင် ဝေဝေဆာဆာ မဟုတ်သောကြောင့် အလင်္ကာဂုဏ် မရောက်၊ ပရမတ္ထပကသေကရသာ"စသည်ဖြင့် ဂုဏ်ပုဒ်တွေ ဖော်ပြ၍ ဝေဆာလှသောကြောင့် ဟေတုအလင်္ကာဂုဏ် ရောက်သည်။

သဗ္ဗမနောဟရာ။ ။ဝေါဟာရာနုရူပေန ဝိသယဘာဝူပဂမနေန (ဘုရားရှင်က မာဂဓဘာသာဖြင့် ဟောတော်မူသော်လည်း ကြားနာသူတို့၏ စကားသုံးအတိုင်း နားအာရုံ ဖြစ်လာသဖြင့်) သဗ္ဗေသံ မနောဟရာ-အားလုံး စိတ်ကြိုက် ဖြစ်သွားသည်-ဟူလို။

http://www.dhammadownload.com

အဘာဝကိစ္စောကာရကဟေတု

၂၅၅။ ဓိရေဟိ သဟ သံဝါသာ, သဒ္ဓမ္မဿာ-ဘိယောဂတော၊
နိဂ္ဂဟေနိ-န္ဒြိယာနဉ္စ, ဒုက္ခဿူ-ပသမော သိယာ။

၂၅၅။ ဓိရေဟိ-ပညာရှိသူတော်ကောင်းတို့နှင့်၊ သဟ-အတူတကွ၊ သံဝါသာ-ပေါင်းသင်းနေထိုင်ရခြင်းကြောင့်လည်းကောင်း၊ သဒ္ဓမ္မဿ-သူတော်သူမြတ်, ပရိယတ်တရားကို၊ အဘိယောဂတော စ-နှေ့စဉ်စွဲ၍, အမြဲအားထုတ်ခြင်းကြောင့်လည်းကောင်း၊ ကြွန္ဒြိယာနံ-စက္ခုစသား,၆ ပါး သော ကြွန္ဒြေတို့ကို၊ နိဂ္ဂဟေန စ-သုဘစသား, မယူမှားအောင်, နှိမ်ထားခြင်းကြောင့်လည်းကောင်း၊ ဒုက္ခဿ-တေဘူမက, ဝဋ်ဒုက္ခ၏၊ ဥပသမော-ငြိမ်းအေးခြင်းသည်၊ သိယာ-ဖြစ်နိုင်၏။ [အယံ-ဤသည်ကား၊ အဘာဝကိစ္စော-ထင်ရှားမဖြစ်ခြင်း ကိစ္စရှိသော၊ ကာရကဟေတု-ပြုတတ်သော ဟိတ်တည်း၊ ဝါ-ဇနကဟိတ်လည်း။]

၂၅၅။ ဓိရေဟိတျာဒိ။ ။ဤဂါထာ၌ "ဝူပသမော"အရ ဒုက္ခငြိမ်းအေးခြင်းကြိယာဟူသည် အာရာဝတ္ထု ထင်ရှားမရှိ၊ ထိုသို့ ထင်ရှားပေါ်လာခြင်း မရှိသောကြောင့် အဘာဝကိစ္စ (အဘာဝကြိယာ)တည်း၊ ဓိရေဟိ သဟသံဝါသာ-စသောဟိတ် ၃ ရပ်သည် ထို အဘာဝကြိယာကို ဖြစ်စေတတ်သော ဇနကဟိတ်များတည်း၊ ထို့ကြောင့် ဤဂါထာသည် အဘာဝကိစ္စဇနကဟိတ်၏ ပုံစံဖြစ်သည်၊ ဒုက္ခငြိမ်းအေးမှုကိစ္စကို အကြောင်းတစ်ခုတည်းဖြင့် မပြီးစေနိုင်၊ အကြောင်း ၃ ပါး ပေါင်းမှ ပြီးစေနိုင်သောကြောင့် ဤအကြောင်း ၃ ပါးသည် အချင်းချင်း အပြန်အလှန် ဝိသေသနပြုသော တန်ဆာများ ဖြစ်ရကား ဟေတုအလင်္ကာ ဂုဏ် ရောက်သည်-ဟု မှတ်။

ဋီကာ။ ။သဒ္ဓမ္မဿ-ပုဒ္ဓဒေသိတဿ၊ အဘိယောဂတော-နိရန္တရဗျာသေန စ (အမြဲမပြတ် အားထုတ်ခြင်းကြောင့်လည်းကောင်း)၊ ကြွန္ဒြိယာနံ-စက္ခုအာဒီနံ၊ နိဂ္ဂဟေန-ရူပါဒိအာရမဏေသု သုဘာဒိဂဟဏဿ နိဝါရဏေန စ။ [ဤ"ကြွန္ဒြိယာနံ နိဂ္ဂဟေန"ဖြင့် ပဋိပတ်ကိုလည်းကောင်း, "ဒုက္ခဿူ-ပသမော"ဖြင့် ပတိဝေဓကိုလည်းကောင်း ယူသောကြောင့် သဒ္ဓမ္မဿ၌ ပရိယတ္တိသဒ္ဓမ္မကိုသာ ယူရတော့သည်။]

http://www.dhammadownload.com

ဘာဝကိစ္စောဉာပကဟေတု

၂၅၆။ မုနိန္ဒ စန္ဒသံဝါဒိ–ကန္တာဘာဝေါ•ပသောဘိနာ၊
မုခေနေဝ သုဗောဓံ တေ, မနံ ပါပါဘိနိဿဋ္ဌံ။

၂၅၆။ မုနိန္ဒ-အိုမြတ်စွာဘုရား၊ ... စန္ဒသံဝါဒိကန္တာဘာဝေါပသောဘိနာ-လ၏နှစ်သက်ဖွယ်နှင့်တူသော နှစ်သက်ဖွယ်ဖြင့် တင့်တယ်ခြင်း ရှိတော်မူသော၊ မုခေနေဝ-မျက်နှာတော်ကြောင့်ပင်၊ တေ-ရှင်တော်ဘုရား၏၊ မနံ-စိတ်တော်သည်၊ ပါပါဘိနိဿဋ္ဌံ-မကောင်းမှုကိလေသာတို့မှ ကင်းလွတ်ပြီ၊ (ကွတိ-ဤသို့၊) သုဗောဓံ-လွယ်ကူစွာသိအပ် သိနိုင်ပါ၏၊ [အယံ-ဤသည်ကား၊ ဘာဝကိစ္စော-ထင်ရှားဖြစ်ပေါ်ခြင်းကိစ္စရှိသော၊ ဉာပကဟေတု-ဉာပကဟိတ်တည်း၊ ဝါ-သိစေတတ်သော အကြောင်းတည်း။]

၂၅၆။ မုနိန္ဒတျာဒိ။ ။"မုခေနေဝ"ဟူသောဟိတ်ကို "သုဗောဓံ"၌ စပ်၊ "မျက်နှာတော်ကြောင့်ပင်+သိနိုင်ပါသည်"ဟူလို၊ ဤ၌သိခြင်းကြိယာသည် အထင်အရှားဖြစ်သော ဘာဝကိစ္စတည်း၊ ထို ထင်ရှားဖြစ်ခြင်းကြိယာကို သိစေတတ်သောကြောင့် "မုခေန"သည် "ဘာဝကိစ္စဉာပကဟိတ်"မည်၏၊ ထိုဟိတ်လည်း အရိုးခံ သာမန်ဟိတ် မဟုတ်၊ "စန္ဒ၊ ပေဉပသောဘိနာ-လ၏ နှစ်သက်ဖွယ်နှင့်တူသော နှစ်သက်ဖွယ်ဖြင့် တင့်တယ်ခြင်း ရှိသောမျက်နှာ"ဟု ဝေဝေဆာဆာရှိအောင် တန်ဆာဆင်မှု ဝိသေသန ပြုထားသောကြောင့် အလင်္ကာဂုဏ်ရောက်သော ဟိတ်တည်း။

တေ မနံ ပါပါဘိနိဿဋ္ဌံ။ ။ဤစကားရပ်ကား သိပုံ အခြင်းအရာကို ပြသော အာကာရဝါကျတည်း၊ "အရှင်မြတ်၏ စိတ်တော်သည် မကောင်းမှုကိလေသာတို့မှ လွတ်ပြီ"ဟု (ခက်ခက်ခဲခဲ တွေးမနေရဘဲ) လွယ်လွယ်ကလေးနှင့် သိနိုင်ပါသည်-ဟူလို၊ ဘာ့ကြောင့် သိနိုင်သနည်း-ဟု မေးလျှင် "လက္ခဏသို့ နှစ်သက်စဖွယ် တင့်တယ်သော မျက်နှာတော်ကြောင့် သိနိုင်ပါသည်"ဟု ဖြေ။ [လူတစ်ယောက်၏ မျက်နှာအနေအထားကို မြင်၍ သူ၏အတွင်းစိတ်ဓာတ်ကို သိနိုင်ခြင်းမျိုးတည်း၊] ပါပါဘိနိဿဋ္ဌံ-ရာဂါဒိဟိကိလေသေဟိ နိက္ခန္တံတိ၊ ဤသို့ ဖွင့်သောကြောင့် ဂါထာ၌ "ကွတိ ကျေသည်"ဟု သိပါ။

http://www.dhammadownload.com

အယုတ္တကာရီ စိတ္တဟေတု

၂၅၇။ သာဓုဟတ္ထာ-ရဝိန္ဒာနံ, သင်္ကော်စယတိ တေ ကထံ၊
မုနိန္ဒ စရဏဒ္ဒန္ဒ, ရာဂဇာလာ-တပေါ ဖုသံ။

၂၅၇။ မုနိန္ဒ-အိုမြတ်စွာဘုရား၊...တေ-ရှင်တော်မြတ်ဘုရား၏၊ စရဏဒ္ဒန္ဒရာဂဇာလာတပေါ-ခြေတော်အစုံ၏ နီမြန်းသော တက်သစ်စ နေရောင်သည်၊ သာဓုဟတ္ထာရဝိန္ဒာနံ-သူတော်များ၏, လက်နှစ်ဖက် အစုံ, ကြာပဒုံတို့ကို၊ ဖုသံ-တွေ့ထိနှံ့စပ်, အရောင်ဟပ်လျက်၊ ကထံ-အဘယ့်ကြောင့်၊ သင်္ကော်စယတိ-ချင်းချင်းယှက်ရုံ,တွန့်ဝိုင်စေပါသနည်း၊ [အယံ-ဤသည်ကား၊ အယုတ္တကာရီ-အသင့်ယုတ္တိ မရှိသည်ကို ပြုလေ့ရှိသော၊ စိတ္တဟေတု-ဆန်းကြယ်သော အကြောင်းတည်း။]

၂၅၇။ သာဓုတ္ထာဒီ။ ။ဘုရားရှင်၏ ခြေဖဝါးတော် နီမြန်းပုံ, ထိုနီသော အရောင်ကို မြင်ရ၍ သူတော်ကောင်းများ လက်အုပ်ချီသောအားဖြင့် လက်တည်းဟူသော ပဒုမ္မာကြာပန်းများ ငုံသွားပုံကို ဖွဲ့သောဂါထာတည်း၊ "စရဏ၊ပေ၊တပေါ"သည် ဟေတုကတ္တား ဖြစ်၍ ဟိတ်အနက်ကို ဟော၏၊ ထို့ကြောင့် "ခြေတော်အစုံ၏ နီမြန်းသော ထွက်သစ်စ နေအရောင်ကြောင့် + ငုံကြသည်"ဟု မှတ်ပါ။

ကထံ သင်္ကော်စယတိ။ ။လောကထုံးစံမှာ-နေအရောင်ကြောင့်နှင့် တွေ့သောအခါ ပဒုမ္မာကြာပန်းတို့သည် ပွင့်ကြရိုးတည်း၊ ယခုသော် မပွင့်သည့် အပြင်, ငုံ၍ သွားကြရသောကြောင့် ဟိတ်အနက်သည် လောကထုံးစံနှင့် မသင့်လျော်အောင် ပြုတတ်ရကား "အယုတ္တကာရီ" အမည်ရ၍, လက်နှစ်ဖက်ကို ကိုင်၍ ငုံအောင် မလုပ်ရာဘဲ အရောင်ဟပ်ရုံဖြင့် ငုံနိုင်စေရကား အံ့သြစဖွယ် ဆန်းကြယ်သောအကြောင်း ဖြစ်သောကြောင့် "စိတ္တဟေတု"အမည် ရသည်။

မှတ်ချက်။ ။"ဘုရား့ခြေဖဝါးတော်အစုံ၏ နီမြန်းသော အရောင်ကို တက်သစ်စ နေ၏ အရောင်"ဟုလည်းကောင်း, သူတော်ကောင်းတို့၏ လက်နှစ်ဖက်ကိုလည်း "ပဒုမ္မာကြာပန်း"ဟု လည်းကောင်း, နီမြန်းသော ခြေဖဝါးတော်ကို သူတော်ကောင်းများ ဖူးမြင်ရသောအခါ ချီကြသော လက်အုပ်ကိုလည်း "ပဒုမ္မာကြာများ၏ ငုံခြင်း"ဟုလည်းကောင်း ရူပက ပြုသည်။

http://www.dhammadownload.com

ယုတ္တကာရီစိတ္တဟေတု

၂၅၈။ သင်္ကော်စယန္တိ ဇန္တူနံ, ပါဏိပင်္ကေရုဟာနိ·ဟ၊
မုနိန္ဒစရဏာဒ္ဒန္ဒ–နခစန္ဒာန·မံသဝေါ။

၂၅၈။ မုနိန္ဒစရဏာဒ္ဒနခစန္ဒာန်-ဘုရာ့ခြေစုံ, ပေါ်ထွက်ကုန်သား, ခြေသည်းတော် လအမျှားတို့၏၊ အံသဝေါ-အရောင်တို့သည်၊ ကွဟ-ဤလောကၠ၌၊ ဇန္တူနံ-သတ္တဝါတို့၏၊ ပါဏိပင်္ကေရုဟာနိ-လက်နှစ်ဖက် အစုံ, ကြာပဒုံတို့ကို၊ သင်္ကော်စယန္တိ-ချင်းချင်းယှက်ရုံ, တွန့်ငုံစေကုန်၏၊ အယံ-ဤသည်ကား၊ ယုတ္တကာရီ-အသင့်ယုတ္တိကို ပြုလေ့ရှိသော၊ စိတ္တဟေတု-ဆန်းကြယ်သော အကြောင်းတည်း။]

၂၅၈။ သင်္ကော်စယန္တိတျာဒိ။ ။ဘုရားရှင်၏ ခြေတော်အစုံဝယ် ခြေသည်းတော် ၁၀ ပါးတည်းဟူသော လ ၁၀ စင်းတို့၏ အရောင်တို့သည် ဤလောကၠ သူတော်ကောင်းတို့၏ လက်နှစ်ဖက်ကြာပဒုံကို (လက်အုပ်ချီသောအားဖြင့်) ငုံစေနိုင်ကုန်၏။---ဤဂါထာ၌လည်း "မုနိန္ဒ၊ပေ၊အံသဝေါ" သည် ဟေတုကတ္တား ဖြစ်၍ ဟိတ်အနက်ဟောတည်း၊ လောကၠ လရောင် ထွက်လာလျှင် ပဒုမ္မာကြာပန်းတို့ ငုံရရိုးဖြစ်၍ လောကနှင့်သင့်လျော်အောင် (ငုံစေမှုကို) ပြုတတ်သောကြောင့်လည်းကောင်း, အရောင်ဟပ်ရုံဖြင့် ငုံစေနိုင်သည့်အတွက် အုံ့ဩဖွယ်ရာ ထူးဆန်းသောအကြောင်းဖြစ်သောကြောင့်လည်းကောင်း ထိုဟေတုကတ္တားဖြစ်သောဟိတ်ကို "ယုတ္တကာရီစိတ္တဟေတု"ဟု မှတ်။

ဋီကာ။ ။မုနိန္ဒစရဏာဒ္ဒနခစန္ဒာန်-သမ္မဒ္ဒဿ+ပါဒဒွန္ဒ+နခါဝဋ္ဋိသခီတာန်+စန္ဒာန်။ [ဤအဖွင့်ကို ထောက်၍လည်းကောင်း, တေ-ဟု မပါသောကြောင့်လည်းကောင်း, မုနိန္ဒကို အာလုပ်အနက် မပေးရ၊ ဋီကာမဖွင့်သော်လည်း အာလုပ်အနက် ပေးလိုလျှင် "တေ"ဟု ထည့်ရမည်၊] ကရပုဋ္ဌာကာရေန (လက်အုပ်အခြင်းအရာ-လက်အုပ်ပုံသဏ္ဌာန်ဖြင့်) သင်္ကော်စယန္တိ-မကုဋ္ဌ ကရောန္တိ (ငုံအောင် ပြုနိုင်ကုန်၏၊) ဘုရာ့ခြေသည်းတော်များကို "လအမျှား"ဟုလည်းကောင်း, ခြေသည်းတော်၏ ဖြူသောအရောင်ကို "လရောင်"ဟုလည်းကောင်း, သူတော်ကောင်းတို့၏ လက်နှစ်ဖက်တို့ကို "ပဒုမ္မာကြာတို့"ဟုလည်းကောင်း, ဘုရာ့ခြေသည်းတော် အရောင်တို့ကို ဖူးရ၍ ချီကြသော လက်အုပ်ကို "ငုံခြင်း"ဟုလည်းကောင်း ရှုပကပြုသည်။

http://www.dhammadownload.com

ကမအလင်္ကာ၏လက္ခဏာ

၂၅၉။ ဥဒ္ဒိဋ္ဌာနံ ပဒတ္ထာနံ, အနုဒ္ဒေသော ယထာက္ကမံ၊
သချ်ာနမိတိ နိဒ္ဒိဋ္ဌံ, ယထာသချ်ံ ကမောပိ စ။

၂၅၉။ ဥဒ္ဒိဋ္ဌာနံ-ရှေးဦးစွာ ပြအပ်ကုန်ပြီးသော၊ ပဒတ္ထာနံ-ပုဒ်နက်တို့ကို၊ ယထာက္ကမံ-အစဉ်အတိုင်း၊ အနုဒ္ဒေသော-နောက်ထပ်ရွတ်ဆိုခြင်းကို၊ သချ်ာနံ ဣတိ စ-သချ်ာနအလင်္ကာဟူ၍လည်းကောင်း၊ ယထာသချ်ံတိ စ-ယထာသချ်ံအလင်္ကာဟူ၍လည်းကောင်း၊ နိဒ္ဒိဋ္ဌံ-ညွှန်ပြအပ်၏၊ ကမောတိပိ စ-ကမအလင်္ကာဟူ၍လည်း၊ (နိဒ္ဒိဋ္ဌော-ညွှန်ပြအပ်၏)။ [ဦးကာအတိုင်း ပေးသည်။]

၂၅၉။ ဥဒ္ဒိဋ္ဌာနံတျာဒိ။ ။ပထမပြဆိုအပ်ပြီးသော ပုဒ်နက်တို့ကို အစဉ်အတိုင်း (အနက်တစ်မျိုးအားဖြင့်) နောက်ထပ်ပြဆိုခြင်းကို "သချ်ာနအလင်္ကာ" ဟူ၍လည်းကောင်း, "ယထာသချ်အလင်္ကာ" ဟူ၍လည်းကောင်း, "ကမအလင်္ကာ"ဟူ၍လည်းကောင်း နာမည် ၃ မျိုး တပ်၍ ညွှန်ပြအပ်၏။ [ဒေါသခန်း၌ ပြခဲ့သော ကမစ္ဆရိတဒေါသမှ လွတ်လျှင် "ကမအလင်္ကာဖြစ်သည်"ဟု ရှေးနိဿယတို့ ဆိုကြ၏၊ သို့သော် ရှေ့နောက် အစဉ်တည့်ရုံမျှဖြင့် ကမစ္ဆရိတဒေါသမှ လွတ်နိုင်သော်လည်း တန်ဆာဆင်၍ ဆိုအပ်သောအရာမဟုတ်လျှင် ကမအလင်္ကာဂုဏ် မရောက်၊ ဥပမာ-"ကွဝဏ္ဏာဝဏ္ဏာ စျလာ"ဟု ဆိုရာ၌ ရှေ့နောက် အစဉ်တည့်သောကြောင့် ကမစ္ဆရိတဒေါသမှ လွတ်၏၊ စကားတန်ဆာဆင်၍ မဆိုအပ်သောကြောင့် ကမအလင်္ကာဂုဏ် မရောက်သကဲ့သို့တည်း။]

ဝစနတ္ထ။ ။ဥဒ္ဒိသီယိသူတိ ဥဒ္ဒိဋ္ဌာ=ပထမပြအပ်, ဆိုအပ်ပြီးသော ပုဒ်အနက်တို့၊ [ဥပုဗ္ဗ ဒိသဓာတ်သည် ဥစ္စာရဏ (ဆိုခြင်း)အနက်ကို ဟော၏၊ ထို့ကြောင့် ဦးကာတို့၌ "ဥဒ္ဒိဋ္ဌာနံ ပဌမကထိတာနံ"ဟု ဖွင့်ကြ၏။] အနု (ပုန)+ဥဒ္ဒေသော အနုဒ္ဒေသော=နောက်ထပ်ဆိုခြင်း၊ ပထမပြအပ်ပြီးသော အနက်တို့ကို (အနက်အဓိပ္ပာယ်တစ်မျိုး လွဲ၍) နောက်ထပ်ပြခြင်း၊ ကမံ+အနတိက္ကမ္မ (မလွန်မူ၍တည်း)၊ ယထာက္ကမံ-အစဉ်ကို မလွန်မူ၍၊ ဝါ-အစဉ်အတိုင်း၊ သချ်ာယတိ ဇတေနာတိ သချ်ာနံ-ရေတွက်ကြောင်း သချ်ာ။ [ဤနေရာ၌ကား "သချ်ာအစဉ်" တိုင်အောင် "သချ်ာန"ဟု ခေါ်၊] သချ်ာယ + အနတိက္ကမော

http://www.dhammadownload.com

ကမအလင်္ကာ၏ ပုံစံ

၂၆၀။ အာလာပဟာသလီဠာဟိ, မုနိန္ဒ ဝိဇယာ တဝ၊
ကောကိလာ ကုမုဒါနိဝေါ-ပသေဝန္တေ ဝနံ ဇလံ။

၂၆၀။ မုနိန္ဒ-အိုမြတ်စွာဘုရား၊.... **တဝ**-ရှင်တော်မြတ်ဘုရား၏၊ **အာလာပဟာသလီဠာဟိ** - တရားတော်သံ, ပြိုးတော်မူဟန်တို့၏ **စံပယ်ခြင်း**တို့ဖြင့်၊ **ဝိဇယာ** - ကရဝိတ်ငှက်, **ကုမုဒြာကြာပန်း**တို့ကို

ယထာသင်္ချံ၊ ကမသဒ္ဒါလည်း "အစဉ်" အနက်ကိုသာ ဟော၏၊ ဤနေရာ၌ကား "အစဉ်အတိုင်း"ဟူသော ယထာက္ကမအနက်တိုင်အောင် ယူ။

မှတ်ချက်။ ။"ဥဒ္ဒေသော သင်္ချာနမိတိ ယထာသင်္ချံ ဣတိ နိဒ္ဒိဋ္ဌံ"၌ ဥဒ္ဒေသောဟူသော ပုလ္လိင်္ကံပုဒ်ကို မငဲ့ဘဲ, သင်္ချာနံ ဣတိ ယထာသင်္ချံ ဣတိ ဟူသော နပုလ္လိင်္ကအာကာရကို ငဲ့၍ "နိဒ္ဒိဋ္ဌံ"ဟု ဆိုသည်၊ ထိုသို့ ဆိုရာ၌ "သင်္ချာနံ"ဟူသော နာမည်, "ယထာသင်္ချံ"ဟူသော နာမည်ကို ပြသောအရာဖြစ်၍ ထိုသင်္ချာနံပုဒ်, ယထာသင်္ချံပုဒ်တို့က ပမာနဖြစ်သောကြောင့် ပမာနပုဒ်ကို ငဲ့၍ ဆိုသည်ဟု မှတ်၊ ဥပမာ—"ဥပေါသထဿ ဧတာနိ ပုဗ္ဗကရဏာန္တိ ဝုစ္စတိ"၌ ဧတာနိကို မငဲ့ဘဲ "ပုဗ္ဗကရဏာန္တိ"ဟူသော အာကာရကို ငဲ့၍ "ဝုစ္စတိ"ဟု ဧကဝုစ်ချသကဲ့သို့တည်း၊ "ကမောတိ"ကို ငဲ့ဆ၌ကား "နိဒ္ဒိဋ္ဌော"ဟု ပြင်၍ ထားရမည်။ [နိဒ္ဒိဋ္ဌန္တိ (နိဒ္ဒိဋ္ဌံပုဒ်သည်) သင်္ချာနံ ယထာသင်္ချန္တိ ဒွယံ အပေက္ခာယ (ရှုငဲ့၍) တဿ ပမာနတ္တာ နပုံသကံ ဟောတိ၊ ကမောတိ အပေက္ခာယ "နိဒ္ဒိဋ္ဌော"တိ ပုလ္လိင်္ဂေါ ဟောတိ၊ အပ္ပမာနော အနုဒ္ဒေသောတိ (ပမာနမဟုတ်သော အနုဒ္ဒေသောဟူသော ပုဒ်ကို) နာပေက္ခတိ-မငဲ့၊—ဋီကာသစ်။]

၂၆၀။ အာလာပတျာဒိ။ ။"အာလာပဟာသလီဠာဟိ၌ (၁) အာလာပလီဠာ, (၂) ဟာသလီဠာ"ဟု ၂ မျိုးခွဲ၊ ဤ ၂ မျိုးသည် ပထမပြဆိုအပ်သောကြောင့် ဥဒ္ဒိဋ္ဌပဒတ္ထတည်း၊ (၁) "ကောကိလာ (၂) ကုမုဒါနိ"ဟု ၂ မျိုးခွဲ၊ ဤ၂ မျိုးကား အစဉ်အတိုင်း နောက်ထပ် ပြဆိုအပ်သော အနက်ဖြစ်သောကြောင့် "အနုဒ္ဒေသတည်း၊ ဘုရားရှင်သည်

http://www.dhammadownload.com

အောင်တော်မူခြင်းကြောင့်၊ ကောကိလာ စ-ကရဝိက်ဉက်တို့သည်လည်းကောင်း၊ ကုမုဒါနိ စ-ကုမုဒြာကြာဖြူပန်းတို့သည်လည်းကောင်း၊ ဝနံ စ - တောသို့လည်းကောင်း၊ ဇလံ စ - ရေသို့လည်းကောင်း၊ ဥပသေဝန္တေ ကွဝ-မှီခိုကုန်သကဲ့သို့ ထင်ရပါသည် ဘုရား။

အာလာပလီဋ္ဌာ (တင့်တယ်စံပယ်သော တရားသံတော်)ဖြင့် အသံကောင်းသော ကရဝိက်ဉက်များကို အောင်တော်မူ၏၊ ဟာသလီဋ္ဌာ (စံပယ်စွာ ပြုံးတော်မူသောအခါ ထွက်ပေါ်လာသော ဖြူဖွေးသော သွားတော်ရောင်)ဖြင့် ဖြူဖွေးသော ကုမုဒြာကြာဖြူပန်းတို့ကို အောင်တော်မူသည်-ဟူလို။

ဥပသေဝန္တေ ဝနံ ဇလံ။ ။"(၁) ဝနံ (၂) ဇလံ"ဟု ၂ မျိုး ခွဲ၊ ဤ ၂ မျိုးကိုလည်း အစဉ်ကို မလွန်ဘဲ နောက်ထပ် ပြဆိုခြင်းဖြစ်သောကြောင့် "အနုဒ္ဒေသ" ပင်တည်း၊ ဤ အနုဒ္ဒေသကို ထောက်၍ "ကောကိလာ, ကုမုဒါနိ" တို့ကို "ဥဒ္ဒိဋ္ဌ" ဟုလည်း ဆိုနိုင်ပြန်၏။ [ဤသို့လျှင် အစဉ် ဖြစ်ရုံမျှ မကဘဲ, ဘုရားရှင်၏ အသံတော်နှင့် ပြုံးတော်မူပုံကိုလည်းကောင်း, ကရဝိက်ဉက် ကုမုဒြာကြာတို့၏ တောရေသို့ ပြေးရပုံကိုလည်းကောင်း တန်ဆာဆင်၍ ဆိုသောကြောင့် ကမအလင်္ကာဂုဏ် ရောက်သည်။]

ဋ္ဌီကာ။ ။"ကောကိလာ-ကရဝိကာ စ"ဟု ဖွင့်၏၊ "ကောကိလ-ဥဩဉက်"ဟု ပေးရိုးရှိသော်လည်း ဋ္ဌီကာအတိုင်း "ကရဝိက်ဉက်"ဟု ပေးလိုက်သည်၊ ဥပသေဝန္တေ ကွဝကို "နိဿယံ ကရောန္တိ မညေ"ဟု ဖွင့်သောကြောင့် "ကောကိလာ ကုမုဒါနိဝေါ-ပသေဝန္တေ ဝနံ ဇလံ"ဟု ပါဠိမှန် ရှိစေ၊ "ကုမုဒါနိ+ကွဝ+ဥပသေဝန္တေ"ဟု ပုဒ်ဖြတ်၊ ကွဝကို "မညေ"ဟု ဖွင့်သည်၊ ဤသို့ ကွဝ-ပါသောကြောင့် ပရိကပ္ပနာအလင်္ကာပါနေသော်လည်း ကမအလင်္ကာကို ဆိုသောအရာဖြစ်၍ ပမာနအားဖြင့် ကမအလင်္ကာ၏ ပုံစံဟုသာ မှတ်။ [၈ဝံ ပရိကပ္ပနာ အလင်္ကာရသံသဂ္ဂေ သတိပိ ဥဒ္ဒေသကွာမေန ဒဿိတဿ အနုဒ္ဒေသဿ (နောက်ထပ် ပြအပ်သော အနက်၏) မုခတ္တာ (ပမာန၏ အဖြစ်ကြောင့်) အယံ ကမာလင်္ကာရော နာမ။

http://www.dhammadownload.com

ပိယတရအလင်္ကာ၏ လက္ခဏာ

၂၆၁။ သိယာ ပိယတရံ နာမ, အတ္ထရူပဿ ကဿစိ၊
ပိယဿာ·တိသယေနေ·တံ, ယံ ဟောတိ ပဋိပါဒနံ။

၂၆၁။ အတိသယေန-အလွန်အကြူး အထူးအားဖြင့်၊ ပိယဿ-ချစ်မြတ်နိုးအပ်သော၊ ကဿစိ-တစ်စုံတစ်ခုသော၊ အတ္ထရူပဿ-အနက်သဘောကို၊ ယံ ပဋိပါဒနံ-အကြင်ထင်စွာ ပြောပြခြင်းသည်၊ ဟောတိ-ဖြစ်၏၊ တံ-ဤထင်စွာပြောပြခြင်းသည်၊ ပိယတရံ နာမ-ပိယတရအလင်္ကာမည်သည်၊ သိယာ-ဖြစ်၏။

၂၆၂။ ပီတိယာ ဧမ သမုပ္ပန္နာ, သဲန္တ သန္ဒဿနာ တဝ၊
ကာလေနာ·ယံ ဘဝေ ပီတိ၊ တဝေ·ဝ ပုန ဒဿနာ။

၂၆၂။ သန္တ-အိုမြတ်စွာဘုရား၊ တဝ-ရှင်တော်ဘုရားကို၊ သန္ဒဿနာ-ယခုခါတွင်, ဖူးမြင်ရခြင်းကြောင့်၊ မေ-တပည့်တော်၏၊ ယာ ပီတိ-အကြင်ပီတိသည်၊ သမုပ္ပန္နာ-ကောင်းစွာဖြစ်ပါ၏၊ ကာလေန-သင့်လျော်သော အခါ၌၊ တဝေဝ-ရှင်တော်ဘုရားကိုပင်၊ ပုန-တစ်ဖန်၊ ဒဿနာ-ဖူးမြင်ရခြင်းကြောင့်၊ အယံ ပီတိ-ဤပီတိသည်၊ ဘဝေ-ဖြစ်ရာပါ၏။

၂၆၁။ သိယာတျာဒိ။ ။အလွန်ချစ်အပ် မြတ်နိုးအပ်သောအနက်တစ်စုံတစ်ရာကို ပြဆိုခြင်းသည် ပိယတရအလင်္ကာတည်း၊ ဂါထာ၌ "ပိယဿ+အတိသယေန"ဖြင့် ပိယတရပုဒ်၏ အနက်ကို ပြ၏၊ အတိသယေန+ပိယံ ပိယတရံ (အတ္ထရူပံ)၊ အတိသယ (ဝိသေသ)အနက်၌ တရပစ္စည်းသက်၊ ဤ"ပိယတရ"အရ အလွန်ချစ်အပ်သော အနက်သဘောကိုသာ မုချရသော်လည်း ထိုအနက်ကို သဒ္ဒါ၌ တင်စား၍ ဖလူပစာရအားဖြင့် အဖွဲ့အနွဲ့ကိုလည်း "ပိယတရအလင်္ကာ"ဟု မှတ်။

၂၆၂။ ပီတိတျာဒိ။ ။အိုမြတ်စွာဘုရား..ရှင်တော်ဘုရားကို ဖူးမြင်ရခြင်းကြောင့် အကြင်ပီတိသည် ယခုအခါ ဖြစ်ပါပြီ၊ ဤကဲ့သို့ အခါကောင်းမျိုး၌ ရှင်တော်ဘုရားကို နောက်ထပ် ဖူးရခြင်းကြောင့်သာ ဤပီတိမျိုး ဖြစ်စရာ ရှိပါတော့သည် ဘုရား၊ "အခြားသူကို မြင်ရလို့တော့ ဤပီတိမျိုး မဖြစ်နိုင်တော့ပါ" ဟူလို၊ ဤစကားအရ "ဘုရားရှင်သည်

http://www.dhammadownload.com

အတုမရှိအောင် အလွန်အမင်း မြတ်နိုးစရာကောင်းသော ပိယတရဖြစ်သည်"ဟု ဝက်ဝုတ္တိ(သွယ်ဝိုက်သောနည်း)အားဖြင့် ဆိုသောကြောင့် "ဤဂါထာသည် ပိယတရအလင်္ကာဂုဏ်ရောက်သော ဂါထာဖြစ်သည်" ဟု မှတ်။

ဋီကာ။ ။အယံ ပိတိ-သည်၊ ကာလေန (ဤဒိသေန ခဏေန)-ဤကဲ့သို့ အခွင့်ကောင်း အခါကောင်း၌၊ တယာ သဒိသဿ အညဿ အဘာဝါ တဝေဝ-အရှင်ဘုရားနှင့်တူသူ အခြားတစ်ယောက် မရှိတော့သဖြင့် အရှင့်ကိုသာ၊ ပုန ဒဿနာ (ဒဿနတော) ဘဝေ၊ ဧတ္ထ-ဤဂါထာ၌၊ ပီတိယာ + အတိသယဟေတုဘူတံ - ပီတိလွန်ကဲခြင်း၏ အကြောင်းဖြစ်၍ ဖြစ်သော၊ အတိက္ကဌာရမဏတဉ္စ ဒဿနေန-ဘုရားရှင်၏ အတိက္ကဌာရုံအဖြစ်ကို ပြသဖြင့်လည်းကောင်း၊ အတိဂေဓဉ္စ ပကာသနေန-မိမိ၏ အလွန်စွဲလမ်းပုံကို ထင်ရှားပြသဖြင့်လည်းကောင်း၊ အတိပိယက္ကတိပဒတ္ထံ-အလွန်ချစ်မြတ်နိုးအပ်ဟူသော ပုဒ်နက်ကို၊ ပကာသိတံ ဟောတိ။ ["ပဒတ္ထော ပကာသသိတော"ဟု ပုံလိန်ရှိလျှင် ကောင်း၏။]

အယံ ပိတိ ဘဝေ။ ။ပုဗ္ဗကာလေ ဥပ္ပန္နပိတိယာ ပုန အသမ္ဘဝတော-ရှေးကာလ၌ ဖြစ်ပြီးသော ပိတိ၏ နောက်ထပ် မဖြစ်နိုင်သောကြောင့်၊ တံသဒိသာယေဝ ပိတိ ဂဟိတာ-ထိုဖြစ်ပြီးပိတိနှင့် အလားတူဖြစ်သော နောက်ပိတိကိုသာ(သဒိသူပစာရနည်းအားဖြင့်)"အယံ ပိတိ" ဟု ဆိုထားသည်-ဟူလို၊ ဥပမာ-သောယေဝ ဝဋ္ဋကော-(ငုံးငှက်ချင်းတူသောကြောင့်) ထိုငုံးပင်တည်း"ဟု ဆိုခြင်း,"တာနိ ယေဝ သြသမာနိ-(ဆေးချင်းတူသောကြောင့်) ထိုဆေးတို့ပင်"ဟု ဆိုခြင်းမျိုးတည်း။

ယတော သရာမိ အတ္တာနံ, ယတော ပတ္တောသ္မိ ဝိညုတံ၊
နာစာဟံ အဘိဇာနာမိ, အညံ ပိယတရံ တယာ။

အဋ္ဌကနိပါတ်, သုလသာဇာတ်လာ ဤဂါထာသည် (မိမိ အထူးသဖြင့် ချစ်ခင်မြတ်နိုးကြောင်းကို ပြဆိုသောကြောင့်) ပိယတရအလင်္ကာဂုဏ်ရောက်သည်ဟု ဆိုကြ၏၊ သို့သော် ဝက်ဝုတ္တိအလင်္ကာတွင် ပါဝင်သော ပိယတရအလင်္ကာကို "အလွန်ချစ်အပ်"ဟု တိုက်ရိုက်ဆိုရာ၌ [illegible] ထို့ကြောင့် ထိုစကားကို စဉ်းစားပါလေ။

http://www.dhammadownload.com

သမာသဝုတ္တိလက္ခဏာ

၂၆၃။ ဝဏ္ဏိတေနောပမာနေန, ဝုတ္တာဓိပ္ပေတဝတ္ထုနော၊
သမာသဝုတ္တိ နာမာယ, မတ္ထသန်ဒေါပရူပတော။

၂၆၃။ ဝဏ္ဏိတေန-ချီးမွမ်းအပ်သော၊ ဥပမာနေန-ဥပမာနဝတ္ထုဖြင့်၊ အဓိပ္ပေတဝတ္ထုနော-အလိုရှိအပ်သော ဥပမေယျဝတ္ထုကို၊ ဝုတ္တာ-ဆိုခြင်းအားဖြင့်၊ အတ္ထသန်ဒေါပရူပတော-အနက်ကို အကျဉ်းချုံးခြင်းသဘောရှိသည်၏အဖြစ်ကြောင့်၊ အယံ-ဤအလင်္ကာသည်၊ သမာသဝုတ္တိနာမ-သမာသဝုတ္တိအလင်္ကာ မည်၏။ [ဋီကာတို့၌ "ဝုတ္တာ ကထနေန"ဟု ဖွင့်သည့်အတိုင်း ပေးသည်။]

၂၆၃။ ဝဏ္ဏိတေနတျာဒိ။ ။တိုက်ရိုက်စကားအသုံးအားဖြင့် ဥပမာနဝတ္ထုကို ချီးမွမ်းထား၏၊ ဆိုလိုအပ်သော အနက်ကား ဥပမာနဝတ္ထု မဟုတ်, ဥပမေယျဝတ္ထုတည်း၊ ဤသို့ ဥပမာနတစ်ပိုင်းကိုသာ ပြဆို၍ ဥပမေယျကို မပြဆိုခြင်းသည်(ထိုဥပမေယျအနက်ကို) အကျဉ်းချုံးသော အလင်္ကာတစ်မျိုးပင်တည်း၊ [သမာသေန-အကျဉ်းအားဖြင့်+ဝုတ္တိ-ဆိုခြင်းတည်း၊ သမာသဝုတ္တိ-ခြင်း၊] မိန်းကလေးတစ်ယောက်ကို ချီးမွမ်းလိုရာဝယ် ထိုမိန်းကလေးအနားမှာ ရှိသော ပန်းကလေးကို "ဒီပန်းကလေးက လှလဲ လှ, မွှေးလဲ မွှေးတယ်"ဟု ပြောသောစကားမျိုးပင်တည်း၊ ဤစကားမျိုးကို"ချိတ်၍စောင်း၍ပြောသည်"ဟု ဆိုကြ၏။

ဋီကာ။ ။ဝတ္တုံ ကုစ္ဆိတတ္ထံ သင်္ဂဟေတွာ မနသိကတွာ-ဆိုလိုအပ်သော အနက်ကို အကျဉ်းချုံး၍ (ထုတ်ဖော်၍ မပြောဆိုဘဲ စိတ်ထဲ၌ထား၍) တဿ (ထိုစိတ်၌ ထားအပ်သော ဥပမေယျဝတ္ထု၏) ဥပမာနဘူတတ္ထဿ ဝဏ္ဏနာယ-ဥပမာနဖြစ်သော အနက်ကို ချီးမွမ်းခြင်းအားဖြင့်၊ မနသိကတဿပကာသနတော-စိတ်ထဲ၌ ထားအပ်သော အနက်ကို ထင်ရှားပြခြင်းကြောင့်၊ အယံ သမာသဝုတ္တိ နာမ၊ ဇာတဿာ-၏၊ ပဒါဘိဟိတော-ပုဒ်တို့သည် တိုက်ရိုက်ဟောအပ်သော၊ သကတ္ထော-ဥပမာနဖြစ်သော သကတ်အနက်သည်၊ အပ္ပမာနော-ဆိုလိုရင်းမဟုတ်၊ ဂမ္မမာနတ္ထော ပန-တိုက်ရိုက်မပြသဖြင့် မှန်းဆ၍ သိအပ်သော ဥပမေယျအနက်သည်သာ၊ ပမာနော ဟောတိ။

http://www.dhammadownload.com

သမာသဝုတ္တိ ၂ မျိုး

၂၆၄။ သာ.ယံ ဝိသေသျမတ္တေန, ဘိန္နာ.ဘိန္နဝိသေသနာ၊
အတ္ထေ.ဝ အပရာပျ.တ္ထိ၊ ဘိန္နာ.ဘိန္နဝိသေသနာ။

၂၆၄။ သာယံ (သမာသဝုတ္တိ)-ထိုဆိုအပ်ပြီးသော သမာသဝုတ္တိသည်၊ ဝိသေသျမတ္တေန-ဝိသေသျမျဖင့်၊ ဘိန္နာ-ကွဲပြားသည်၊ ဟုတ္တာ-ဖြစ်၍၊ အဘိန္နဝိသေသနာ-မကွဲပြားသော ဝိသေသနရှိသော သမာသဝုတ္တိသည်၊ အတ္ထိ ဧဝ-ရှိသည်သာ၊ အပရာ-အခြားတစ်မျိုးသော၊ ဘိန္နာဘိန္နဝိသေသနာပိ-ကွဲပြားသော ဝိသေသန, မကွဲပြားသော ဝိသေသနရှိသော သမာသဝုတ္တိသည်လည်း၊ အတ္ထေဝ - ရှိသည်သာတည်း။ [ဝိသေသျအနက်သာ ကွဲပြား၍ ဝိသေသနဝုဏ်အားလုံး မကွဲပြားသော အဘိန္နဝိသေသန, ဝိသေသျအနက်သာ ကွဲပြား၍ ဝိသေသနဝုဏ်များ ကွဲပြား-မကွဲပြား ၂ မျိုးပါသော ဘိန္နာဘိန္နဝိသေသန၊ ဤသို့ ၂ မျိုးပြားသည်-ဟူလို။]

အဘိန္နဝိသေသနသမာသဝုတ္တိ

၂၆၅။ ဝိသုဒ္ဓါ.မတသန္ဒာယီ, ပသတ္ထရတနာ.လယော၊
ဂမ္ဘီရော စာ.ယ.မမ္ဟောဓိ, ပုညေနာ.ပါဒိတော မယာ။

၂၆၅။ ဝိသုဒ္ဓါမတသန္ဒာယီ-အထူးသန့်ရှင်းသော အမြဲကြံအရသာကို ပေးတတ်ထသော၊ ပသတ္ထရတနာလယော-ချီးမွမ်းထိုက်သော ရတနာတို့၏ တည်ရာလည်းဖြစ်ထသော၊ ဂမ္ဘီရော စ-နက်လည်းနက်ထသော၊ အယံ အမ္ဟောဓိ-ဤနို့ဓမ်းသမုဒ္ဒရာကို၊ (နှုတ်ဖြင့် မမြွက်ဘဲ စိတ်ထဲ၌ မှန်းအပ်သော အနက်ကား "အယံ အမ္ဟောဓိ-ဤသူတော်ကောင်းတရားကို") မယာ-ငါသည်၊ ပုညေန-ရွှေးကစီမံ, ကုသိုလ်ကံကြောင့်၊ အာပါဒိတော-မျက်ဝါးထင်ထင်, တွေ့မြင်ပေါက်ရောက်အပ်ပေသည်တကား။

၂၆၅။ ဝိသုဒ္ဓါတျာဒိ။ ။ဤဂါထာ၌ ဝိသေသျသည် "အယံ အမ္ဟောဓိ"တည်း၊ ဝိသုဒ္ဓါမတသန္ဒာယီ-စသော ၃ ပုဒ်ကား ဂုဏ်ကိုပြသော ဝိသေသနပုဒ်များတည်း၊ ဤဂါထာဖြင့် တိုက်ရိုက် ချီးမွမ်းအပ်

http://www.dhammadownload.com

(ထုတ်ဖော်ပြောဆိုအပ်သော) ဥပမာနအနက်သည် သမုဒြာတည်း၊ စိတ်ထဲ၌ မှန်းထားအပ်သော ဥပမေယျကား သဒ္ဓမ္မတည်း၊ ဤသို့ "အမ္ဘောဓိ"ဟူသော ဝိသေသျ၏ အနက်သည် "သမုဒြာ-သူတော်ကောင်းတရား"အားဖြင့် ၂ မျိုးကွဲပြား၏။ ထိုသို့ ကွဲပြားမှုကို "ဝိသေသျ မတ္တေန ဘိန္နာ"ဟု ရှေ့ဂါထာ၌ ဆိုခဲ့သည်၊ ဝိသုဒ္ဓါမတသန္နာယီစသော ဝိသေသန ၃ ပုဒ်ကား သမုဒ္ဒရာနှင့် စပ်သည်ဖြစ်စေ, သဒ္ဓမ္မနှင့်စပ်သည်ဖြစ်စေ မကွဲပြားတော့၊ ထိုသို့ မကွဲပြားခြင်းကို "အဘိန္နဝိသေသန"ဟု ဆိုခဲ့သည်၊ ဆိုလိုအပ်သော သဒ္ဓမ္မအနက်ကို ဖော်မပြဘဲ ချုံး၍ ဆိုသောကြောင့် သမာသဝုတ္တိလည်း ဖြစ်သည်။

ဝိသုဒ္ဓါမတသန္နာယီ။ ။လောကီလူတို့၏ အပြောအားဖြင့် နတ်နှင့်အသုရာတို့ သမုဒ္ဒရာမွှေရာဝယ်(စစ်ဖြစ်သည် ဆိုဟန်တူသည်) ဝိသေနအမိဿတ္တာ-အဆိပ်နှင့် မရောသောကြောင့်၊ ဝိသုဒ္ဓဘူတပီယူသဒါယကော-အထူးသန့်ရှင်းသော အမြိုက်သုဓာဘုတ်ကို ပေးတတ်ထသော၊ ဤကား နို့ဓမ်းသမုဒ္ဒရာအတွက် အဖွင့်။

ဥပမာဘူတသမုဒ္ဒဝဏ္ဏနာယ-ဥပမာဖြစ်သော သမုဒ္ဒရာကို ချီးမွမ်းခြင်းဖြင့်၊ ဗုဒ္ဓိယာဝတ္တာမာနဿ သဒ္ဓမ္မဿပကာသနတော-စိတ်ထဲ၌ဖြစ်သော သူတော်ကောင်းတရားကို ထင်ရှားပြနိုင်ခြင်းကြောင့်၊ ဝိသုဒ္ဓါမတသန္နာယီ-ကာမာမိသာဒိ ဒေါသလဝေနပိ အမိဿိတတ္တာ-ကာမဂုဏ်အာမိသဟူသော အပြစ်အနည်းငယ်နှင့်လည်း မရောသည့် အဖြစ်ကြောင့်၊ အတိနိမ္မလံ (ဝိသုဒ္ဓံအဖွင့်) ဇရာမရဏဂဟိတံ နိဗ္ဗာနံ (အမတံ အဖွင့်) ဥပဒေသဒါနေန ဝေနေယျာနံ ဒါယကော-နိဗ္ဗာန်ရကြောင်းနည်းလမ်းကောင်းကို ညွှန်ပြသောအားဖြင့် ဝေနေယျတို့အား ပေးတတ်ထသော၊..... ဤကား သဒ္ဓမ္မအတွက် အဖွင့်။

ပသတ္ထရတနာ.လယော ဂမ္ဘီရော။ ။နိဒ္ဒေါသတ္တာပသတ္ထာနံ-အကွဲအနာ အပြစ်အဆာ မရှိသည့်အတွက် ချီးမွမ်းအပ်ကုန်သော၊ မုတ္တာမဏိအာဒီနံ ရတနာနံ ပဝတ္တိဌာနဘူတော။ ["ရတနာနံ+အာလယော-တည်ရာတည်း၊ ရတနာလယော"ဟု ပြုစေလိုသည်၊] ဤကား သမုဒ္ဒရာနှင့်ဆိုင်သော အနက်အဖွင့်၊ ပသတ္ထရတနာလယော-ဗုဒ္ဓါဒီဟိ ပသတ္ထာနံ သတ္တတ္တိံသ ဗောဓိပက္ခိယဓမ္မသခ်ါတရတနာနံ

http://www.dhammadownload.com

ပဝတ္တိဒေသဘူတော၊ ဤကား သဒ္ဒမ္မနှင့်ဆိုင်သောအဖွင့်၊ ပကတိယာယေဝ အဂါဓော-ပင်ကိုအားဖြင့်ပင် ထောက်၍ မမှီနိုင်အောင်နက်သော၊ [သမုဒ္ဒရာအတွက်၊] ဧကတ္တနယာဒိ စတုဋ္ဌဓနယေဟိ ဂမ္ဘီရော-ဧကတ္တနည်းစသော လေးပါးသောနည်းတို့ဖြင့်နက်သော၊[သဒ္ဒမ္မအတွက် အဖွင့်၊ ထိုနည်းလေးပါးကို သဂြိုဟ်-ပဋ္ဌိစ္စသမုပ္ပဒ်အဖွင့်မှာ ရှု။]

မှတ်ချက်။ ။ဤကာ၌ သမုဒ္ဒရာနှင့်ဆိုင်သော အနက်တစ်မျိုး, သဒ္ဒမ္မနှင့်ဆိုင်သော အနက်တစ်မျိုးအားဖြင့် အနက် ၂ မျိုး ဖွင့်ထားခြင်းမှာ အဓိပ္ပာယ်ပေါ်အောင် ဖွင့်ခြင်းသာတည်း၊ နိဿယ၌ ထိုအဖွင့်အတိုင်းသာ ပေးလျှင် သမုဒ္ဒရာနှင့်ဆိုင်သော အနက်သည် သဒ္ဒမ္မနှင့် မဆိုင်, သဒ္ဒမ္မနှင့် ဆိုင်သော အနက်လည်း သမုဒ္ဒရာနှင့် မဆိုင်ရကား "ဝိသုဒ္ဓါမတသန္ဒာယီ-စသော ဝိသေသန ၃ ပုဒ်သည် အဘိန္နဝိသေသနများ ဖြစ်ကြ၏"ဟူသော စကားနှင့် မသင့်ဘဲ ရှိရာ၏၊ ထို့ကြောင့် နိဿယ၌ ဝိသေသန ၃ ခုကို အဓိပ္ပာယ်ပေါ်အောင် အကျယ်မပေးဘဲ သဒ္ဒါနက် ထိမိရုံ ပေးမှသာ သမုဒ္ဒရာ-သဒ္ဒမ္မ နှစ်မျိုးလုံး၏ အဘိန္နဝိသေသန ဖြစ်နိုင်ကြသည်-ဟု မှတ်၊ မှန်၏-သိလေသအလင်္ကာမဟုတ်လျှင် ပုဒ်တစ်ခု၌ အနက်နှစ်ထပ် မပေးနိုင်ပါ။ သို့သော် ဋီကာဖွင့်အတိုင်း အဓိပ္ပာယ်ပေါ်လွင်အောင် အနက်အကျယ်ကိုလည်း မှတ်သားပါဦး။

သမုဒ္ဒရာအတွက် ဝိသုဒ္ဓါမတသန္ဒာယီ- အဆိပ် ကင်း၍, သန့်ရှင်းလှစွာ, အမြဲကြံသုမာကို, ကောင်းစွာ ပေးတတ်ပေထသော၊ ပသတ္ထရတနာလယော-ချီးမွမ်းထိုက်စွာ, ပုလဲစသော ရတနာတို့၏, တည်ရာလည်း ဖြစ်ပေထသော၊ ဂမ္ဘီရော-ယူဇနာပေါင်း, ရှစ်သောင်းလေးထောင်, တိုင်အောင်ဆက်ဆက်, နက်လည်း နက်ဝမ်းပေထသော၊ အယံ အမ္ဘောဓိ-ဤနို့မြေမ်းသမုဒ္ဒရာကို၊ မယာ-ငါသည်၊ ပုညေန-ရှေးကစီမံ, ကုသိုလ်ကံကြောင့်၊ အာပါဒိတော-မျက်ဝါးထင်ထင်, တွေ့မြင်ပေါက်ရောက်အပ်ပေပြီတကား။

သဒ္ဒမ္မအတွက် ဝိသုဒ္ဓါမတသန္ဒာယီ - ကာမာမိသ, စသည် ကင်း၍, သန့်ရှင်းစွာမှန်, မြို့က်နိဗ္ဗာန်ကို, ဧကန်ပေးတတ်ပေထသော၊ ပသတ္ထရတနာလယော-ချီးမွမ်းထိုက်စွာ, ဗောဓိပက္ခိယတရားရတနာတို့၏, တည်ရာလည်း ဖြစ်ပေထသော၊ ဂမ္ဘီရော-ဧကတ္တနယ, စသည်လေးချက်, နည်းစုံထွက်၍, နက်နဲလည်း နက်နဲပေထသော၊ အယံ အမ္ဘောဓိ-ဤပိဋကသုံးဖြာ, သမုဒ္ဒရာကို၊ မယာ-ငါသည်၊ ပုညေန-ရှေးကစီမံ, ကုသိုလ်ကံကြောင့်၊ အာပါဒိတော-မျက်ဝါးထင်ထင်, တွေ့မြင်ပေါက်ရောက်အပ်ပေပြီတကား။

http://www.dhammadownload.com

ဘိန္နာဘိန္နဝိသေသနသမာသဝုတ္တိ

၂၆၆။ ကမ္ဗိတတ္ထပဒေါ သာရော, ဖလပုပ္ဖေါ.ပသောဘိတော၊
သစ္ဆာယော.ယ.မပုဗ္ဗော.ဝ, ကပ္ပရုက္ခော သမုဒ္ဓိတော။

၂၆၆။ ကမ္ဗိတတ္ထပဒေါ-အလိုရှိအပ်သော အကျိုးကို ပေးနိုင်ထသော၊ သာရော-ကောင်းမြတ်ထသော၊ ဖလပုပ္ဖောပသောဘိတော-အသီး အပွင့်တို့ဖြင့် တင့်တယ်ထသော၊ သစ္ဆာယော-အရိပ်အရောင်နှင့် တကွဖြစ်ထသော၊ အယံ ကပ္ပရုက္ခော-ဤပဒေသာပင်သည်၊ [နှုတ်မမြွက်ဘဲ စိတ်ထဲ၌ မှန်းဆအပ်သော အနက်ကား "အယံ ကပ္ပရုက္ခော-ဤ ဘုရားရှင်သည်"] အပုဗ္ဗော - မဖြစ်စဖူး, အထူးအဆန်းသည်၊ (ဟုတွာ)ဝ-ဖြစ်၍ သာလျှင်၊ သမုဒ္ဓိတော-ငါတို့ကံအလျောက်, ပေါက်ရောက်လာပြီတကား။

၂၆၆။ ဤဂါထာ၌ ကပ္ပရုက္ခောသည် ဝိသေသျတည်း၊ ထိုဝိသေသျ၌ "ပဒေသာပင်"ဟု နှုတ်မြွက်ပြောဆိုအပ်သော ဥပမာနအနက်, "ဘုရား"ဟု စိတ်ဖြင့် မှန်းထားအပ်သော ဥပမေယျအနက်ဟု အနက်နှစ်ချက် ရှိ၏၊ ဤသို့ ဝိသေသျအနက် နှစ်မျိုးပြားသည်ကို "ဝိသေသျမတ္တေန ဘိန္နာ"ဟု ဆိုခဲ့သည်၊ ကမ္ဗိတတ္ထပဒေါ-စသော ဝိသေသနလေးပုဒ်တွင် "ဖလပုပ္ဖောပသောဘိတော"ဟူသော ဝိသေသနဂုဏ်သည် "ဘုရား"တည်းဟူသော ဝိသေသျနှင့် မစပ်၊ "ပဒေသာပင်"ဟူသော ဝိသေသျနှင့်သာ စပ်၏၊ ကျန်ဝိသေသနဂုဏ် ၃ ပါးကား "ပဒေသာပင်နှင့် ဘုရားရှင်"ဟူသော ဝိသေသျ နှစ်မျိုးနှင့် စပ်၏၊ ဤသို့ ကွဲပြားသော ဝိသေသန, မကွဲပြားသော ဝိသေသနအားဖြင့် ဝိသေသနနှစ်မျိုးရှိသောကြောင့်လည်းကောင်း, ပဒေသာပင်ဟူသော ဥပမာနတစ်ဖက်ကိုသာ ဖော်ပြ၍, ဘုရားရှင်ဟူသော ဥပမေယျကို ဖော်မပြဘဲ အကျဉ်းချုံး၍ ဆိုခြင်းကြောင့်လည်းကောင်း ဤဂါထာသည် ဘိန္နာဘိန္နဝိသေသနသမာသဝုတ္တိပုံစံ ဖြစ်သည်။

ကမ္ဗိတတ္ထပဒေါ။ ။[ကမ္ဗိတတ္ထေ+ပဒါတိတိ ကမ္ဗိတတ္ထပဒေါ။] သတ္ထေဟိ ကမ္ဗိတာနံ လောကိယအဝိညာဏကဝတ္ထာဘရဏာဒီနံ ဒါယကော=သတ္တဝါတို့ အလိုရှိအပ်သော လောကီဖြစ်သော သက်မဲ့အဝတ်တန်ဆာ စသည်တို့ကို ပေးတတ်သော၊ ကပ္ပရုက္ခအတွက်

http://www.dhammadownload.com

အဓိပ္ပာယ်နက်၊ [ကပ္ပရုက္ခသည် လောကုတ္တရာကျိုး-သင်္ဂရှိအကျိုးကို မပေးနိုင်၊] စိတ္တေ ပတိဋ္ဌိတဿ ဇိနပဒတ္ထဿ ကထေတုကာမတာယ-နှုတ်ဖြင့် မမြွက်ဘဲ စိတ်၌သာ တည်သော ဘုရားရှင်အနက်ကို ဆိုလိုရာ၌ကား၊ ဣန္ဒိတတ္ထပဒေါ်-သတ္တေဟိ ပတ္ထိတာနံ လောကိယလောကုတ္တရာနံ သကလတ္ထာနံ (ဣန္ဒိတတ္ထအဖွင့်) အနုရူပဝသေန တေသံ တေသံ သတ္တာနံ ဒါယကော-ထိုထို သတ္တဝါတို့အား လျော်စွာပေးတော်မူတတ်သော၊ ဤကား ဘုရားရှင်အတွက် အဓိပ္ပာယ်နက်။

သာရော၊ပေ၊ဘိတော၊။ ။ရုက္ခေသု ဤဒိသရုက္ခဿ အဘာဝတော ဥတ္တမော၊ (ကပ္ပရုက္ခအတွက်အနက်)၊ သာရော-သဒေဝကာဒိ သတ္တလောကေသု တာဒိသသတ္တဝိသေသဿ အဘာဝတော ဥတ္တမော၊ (ဘုရားရှင်အတွက် အနက်ဖွင့်)၊ ကပ္ပဒုမာနုရူပဖလေဟိ ပုဗ္ဗေဟိ စ သောဘိတော-ပဒေသာပင်အားလျော်သော အသီးအပွင့်တို့ဖြင့် တင့်တယ်သော။ [ဤ"ဝိသေသန"ကား ဘုရားအတွက် မရ။]

သစ္ဆာယော အပုဗ္ဗော၊ ။[သဟ+ဆာယာယ ယော ဝတ္တတီတိ သစ္ဆာယော၊] စန္ဒသူရိယာ လောကေဟိ အာဝရဏီယရုက္ခစ္ဆာယာယ သမန္နာဂတော-လအရောင် နေအရောင်တို့မှ တားဆီးနိုင်သော သစ်ပင်အရိပ်နှင့် ပြည့်စုံသော၊ (ပဒေသာပင်အတွက်)၊ သစ္ဆာယော-နီလပီတာဒိ ဆဗ္ဗိဓရံသိဇာလေဟိ သမန္နာဂတော-ရောင်ခြည်တော် ၆ လက်, ဇာကွန်ယှက်တို့နှင့် ပြည့်စုံသော၊ (ဘုရားရှင်အတွက်)၊ [ဆာယာ ဃဒ္ဒါ သည် "အရောင်"ဟူသော အနက်ကိုလည်း ဟော၏၊ အဘိဓာန် (၉၅၄) ကြည့်ပါ။] ပုဗ္ဗေ+အသဒ္ဒါတော-ရှေးဦး မဖြစ်ခဲ့ဘူးသော၊ [ပုဗ္ဗေ+ဇာတော ပုဗ္ဗော၊ န+ပုဗ္ဗော အပုဗ္ဗော၊] ရှေ့ဝိသေသနပုဒ် ၄ ပုဒ်သာ ကပ္ပရုက္ခော၏ ဂုဏ်ထူးကို ပြသော ဝိသေသနဖြစ်သည်၊ ဤ"အပုဗ္ဗော"ကား ဂုဏ်ထူးကို မပြသော သာမညဝိသေသနတည်း၊ ဤအဖွင့်အတိုင်း အောက်ပါအနက်ကိုလည်း မှတ်ပါ။

ပဒေသာပင် အတွက် ဣန္ဒိတတ္ထပဒေါ်-လောကီနှင့်စပ်, လိုလားအပ်သည့်, အဝတ်တန်ဆာ, သက်မဲ့ဥစ္စာကိုလည်း ပေးတတ်ထသော၊ သာရော-အနှစ်ပြည့်လတ်, ကောင်းမြတ်ပေထသော၊ ဖလပုပ္ဖောပသောဘိတော - သုံးစွဲ မကုန်, သီး ပွင့် စုံဖြင့်,

http://www.dhammadownload.com

ဆိုပြီးအတွက် ရှင်းလင်းခြင်း

၂၆၇။ သာဂရတ္တေန သဒ္ဓမ္မော, ရုက္ခတ္တေနော-ဒိတော ဇိနော၊ သဗ္ဗေ သာဓေရဏာ ဓမ္မာ, ပုဗ္ဗတြာ-ညတြ တုတ္တယံ။

၂၆၇။ သဒ္ဓမ္မော - သူတော်ကောင်းတရားကို၊ သာဂရတ္တေန-သမုဒ္ဒရာ၏အဖြစ်ဖြင့်၊ ဝါ-သမုဒ္ဒရာသဏ္ဌာန်, ပုံဟန်ပြုသဖြင့်၊ ဥဒိတော-ဆိုအပ်ပြီ၊ ဇိနော-မြတ်စွာဘုရားကို၊ ရုက္ခတ္တေန-ပဒေသာပင်၏အဖြစ်ဖြင့်၊ ဝါ-ပဒေသာပင်သဏ္ဌာန်, ပုံဟန်ပြုသဖြင့်၊ ဥဒိတော-ဆိုအပ်ပြီ၊ ပုဗ္ဗတြ-ရှေ့ဂါထာ၌၊ သဗ္ဗေ-အလုံးစုံကုန်သော၊ ဓမ္မာ-ဝိသေသနဂုဏ်ပုဒ်တို့သည်၊ သာဓာရဏာ-ဥပမာန,ဥပမေယျနှစ်ပါးလုံးနှင့် ဆက်ဆံကုန်၏၊

ဖုံဖုံမြိုင်ကြွယ်, တင့်တယ်ပေထသော၊ သစ္စာယော-နေရှိန်မဟပ်, မိုးမစွပ်သဖြင့်, ကောင်းမြတ်သော အရိပ်လည်း ရှိထသော၊ အယံ ကပ္ပရုက္ခော-ဤပဒေသာပင်ကြီးသည်၊ အပုဗ္ဗောဝ-ရှေးရှေးခေတ်က, မဖြစ်စဖူး, အထူးအဆန်း ဖြစ်၍သာလျှင်၊ သမုဒ္ဒတော-ငါတို့ကံအလျောက်, ပေါ်ပေါက်လာပြီတကား။

ဘုရားရှင်အတွက်

ဣစ္ဆိတတ္ထပဒေါ-လောကုတ် လောကီ, နှစ်လိနှင့်စပ်, လိုအပ်သောအကျိုးကိုလည်း ပေးတတ်ပေထသော၊ သာရော-အနှစ်ပြည့်လတ်, လွန်မြတ်ပေထသော၊ ["ဖလ၊ပေ၊တော"အတွက် အနက်မပေးရ၊] သစ္စာယော-ရောင်ခြည်တော် ခြောက်သွယ်, လွန်သပ္ပာယ်သဖြင့်, တင့်တယ်သော အရောင်လည်း ရှိပေထသော၊ အယံ ကပ္ပရုက္ခော-ဤဘုရားမြတ်စွာ, ပဒေသာပင်ကြီးသည်၊ အပုဗ္ဗောဝ-ရှေးရှေးခေတ်က, မဖြစ်စဖူး, အထူးအဆန်း ဖြစ်၍သာလျှင်၊ သမုဒ္ဒတော-ငါတို့ကံအလျောက်, ပေါ်ပေါက်တော်မူလာပေပြီတကား။

၂၆၇။ သာဂရတ္တေန၊ပေ၊ဇိနော။ ။ဤဂါထာသည် ဆိုအပ်ပြီးနှစ်ဂါထာကို ရှင်းပြသော ဂါထာတည်း၊ ပထမဂါထာ၌ သူတော်ကောင်းတရားတော်ကို သမုဒ္ဒရာအဖြစ်ဖြင့် (သမုဒ္ဒရာကဲ့သို့ ပုံသဏ္ဌာန်ပြု၍) ဆိုအပ်၏၊ ဒုတိယဂါထာ၌ ဘုရားရှင်ကို ပဒေသာပင်အဖြစ်ဖြင့် (ပဒေသာပင်ကဲ့သို့ ပုံသဏ္ဌာန်ပြု၍) ဆိုအပ်၏၊ ထို့ကြောင့် ရှေ့ဂါထာ၌

http://www.dhammadownload.com

အညတြ တု-ရှေ့ဂါထာမှတစ်ပါးသော နောက်ဂါထာ၌ကား၊ တယံ-ဖလပုပ္ဖောပသောဘိတောမှ တစ်ပါးသော ဝိသေသန ၃ ခုအပေါင်း သည်၊ (သာဓာရဏာ-ဥပမာန, ဥပမေယျ နှစ်ပါးလုံးနှင့် ဆက်ဆံ၏။)

သမုဒ္ဒရာကို နှုတ်မြွက် ပြောဆိုအပ်သော်လည်း အရကောက်သောအခါ စိတ်ဖြင့် မှန်းဆအပ်သော "သဒ္ဓမ္မ"ကိုသာ အရကောက်ရမည်ဟုလည်း ကောင်း, နောက်ဂါထာ၌ ပဒေသာပင်ကို နှုတ်မြွက်ပြောဆိုအပ်သော်လည်း အရကောက်သောအခါ စိတ်ဖြင့်မှန်းဆအပ်သော "ဘုရားရှင်" တည်းဟူသော အနက်ကိုသာ အရကောက်ရမည်ဟုလည်းကောင်း မှတ်ပါ။

သဗ္ဗေ၊ပေ၊တယံ။ ။ရှေ့ပုံစံဂါထာ၌ ဝိသုဒ္ဓါမတသန္ဒာယီ-စသော ဝိသေသနအားလုံးသည်ပင် "အမ္ဘောဓိ-သဒ္ဓမ္မ"ဟူသော ဝိသေသျနှစ်ပါးနှင့် ဆက်ဆံကြ၏၊ နောက်ပုံစံဂါထာ၌ကား ကျစ်ဆိတထ္ထပဒေါ, သာရော, သစ္ဆာယောဟူသော ဝိသေသန ၃ ပုဒ်သာ ကပ္ပရုက္ခ-ဇိန ဟူသော ဝိသေသျ ၂ ပါးလုံးနှင့် ဆက်ဆံ၏၊ "ဖလပုပ္ဖောပသောဘိတော" ဟူသော ဝိသေသနကား "ဇိန"ဟူသော ဝိသေသျနှင့် မဆက်ဆံ။ [တယံ ကျစ်ဆိတထ္ထပဒေါ, သာရော, သစ္ဆာယောတိ ဝိသေသနတ္တယံ၊ သာဓာရဏံ၊ ဖလပုပ္ဖောပသောဘိတော ပန ရုက္ခာဝေနိကော-ကပ္ပရုက္ခ၏ သီးခြား ဝိသေသနတည်း။]

အပုဗ္ဗော။ ။အပုဗ္ဗော ကျစ္ဆာဒိကံ-အပုဗ္ဗော အစရှိသည်ကား (ကျစ္ဆာဒိဖြင့် သမုဒ္ဒတောကို ယူစေလိုဟန် တူသည်)၊ ဝိသေသနမေဝ-ဝိသေသနသာမညသာတည်း၊ တထာဟိ (ထိုစကား မှန်၏)၊ ကျမိနာ-ဤအပုဗ္ဗော စသည်ဖြင့်၊ ယုတ္တမ္မဘူတော-သင့်လျော်သောသဘော ရှိသည် ဖြစ်၍ဖြစ်သော၊ ကောစိ ဝိသေသော-တစ်စုံတစ်ခု ဂုဏ်အထူးကို၊ ပကာသိတော-ပြအပ်သည်၊ န ဟောတိ၊ ကျတိ-ထို့ကြောင့်၊ ဝိသေသနတ္တံ-ဝိသေသနအဖြစ်ကို၊ အညေသုယေဝ ဝုတ္တံ-ကျစ္ဆိတထ္ထပဒေါ စသော အခြားပုဒ်တို့၌သာ ဆိုအပ်ပြီ။ [အပုဗ္ဗော, သမုဒ္ဒတော တို့သည် ဂုဏ်ထူးကို ဖော်ပြသော ဝိသေသနများ မဟုတ်, သာမန် ဝိသေသနမျှသာ ဖြစ်သည်-ဟူလို။]

http://www.dhammadownload.com

ပရိကပ္ပနာ၏ လက္ခဏာ

၂၆၈။ ဝတ္ထုနော-ညပ္ပကာရေန, ဋီတာ ဝုတ္တိ တဒ-ညထာ၊ ပရိကပ်ိယတေ ယတ္ထ, သာ ဟောတိ ပရိကပ္ပနာ။

၂၆၈။ ယတ္ထ-အကြင်အလင်္ကာ၌၊ ဝတ္ထုနော-တစ်စုံတစ်ခုသော ဝတ္ထု၏၊ ဝုတ္တိ-ဖြစ်ခြင်းသည်၊ အညပ္ပကာရေန-ကြံဆအပ်သည်မှတစ်ပါးသော အပြားအားဖြင့်၊ ဋီတာ-တည်ရှိ၏၊ တဒညထာ-ထိုတည်ရှိတိုင်းသော အခြင်းအရာမှ တစ်ပါးသော အပြားအားဖြင့်၊ (ဝတ္ထုဋ္ဌိတိ-ဝတ္ထု၏ တည်ရှိပုံကို၊) ပရိကပ်ိယတေ-ကြံကြံဖန်ဖန် ပြောဆိုအပ်၏၊ သာ-ထိုအလင်္ကာသည်၊ ပရိကပ္ပနာ-ပရိကပ္ပနာအလင်္ကာ မည်သည်၊ ဟောတိ-ဖြစ်၏။

၂၆၈။ သက်ရှိဝတ္ထုဖြစ်စေ, သက်မဲ့ဝတ္ထုဖြစ်စေ တစ်စုံတစ်ခုသော အရာဝတ္ထု၏ အမှန်ဖြစ်သော သဘောမှ တစ်ပါးသော အခြင်းအရာအားဖြင့် ကြံကြံဖန်ဖန် ပြောဆိုအပ်ရာ အလင်္ကာသည် ကရိကပ္ပနာအလင်္ကာ မည်၏။ [ဖြစ်တာက တစ်မျိုး, ပြောတာက တစ်မျိုးဖြစ်အောင် ကြံဆောင်ထားအပ်ရာ အလင်္ကာ-ဟူလို။]

ဝတ္ထုနော၊ပေ၊ဋီတာ။ ။ဝတ္ထုနော-ယသ ကဿစိ သဝိညာဏက အဝိညာဏကပဒတ္ထဿ၊ ဝုတ္တိ-ပဝတ္တိ။ [ဝုတ္တိကို "ဆိုခြင်း" ဟု အနက်ပေးမည်စိုး၍ "ပဝတ္တိ" ဟု ဖွင့်သည်၊] ဝတ္ထုနောဝုတ္တိ-သက်ရှိဖြစ်စေ, သက်မဲ့ဖြစ်စေ တစ်စုံတစ်ခုသော ဝတ္ထု၏ဖြစ်ခြင်း၊ ကပ္ပနီယပ္ပကာရတော (အညု၏အပါဒါန်ကို ထည့်သည်) အညေန ဝိဇ္ဇမာနပ္ပကာရေန၊ ဋီတာ-ပဝတ္တမာနာ (ဖြစ်တည်နေ၏)၊ "ကြံကြံဖန်ဖန် ပြောအပ်သောအပြားမှ တစ်ပါးသော ထင်ရှားရှိသော အပြားအားဖြင့် တည်ရှိနေသည်" ဟူလို။

တဒ-ညထာ ပရိကပ်ိယတေ။ ။တတော ဝိဇ္ဇမာနပ္ပကာရတော (တ၏ အဖွင့်) အညေန အဝိဇ္ဇမာနပ္ပကာရေန (အညထာအဖွင့်) ယတ္ထဝုတ္တိယံ (အကြင်အလင်္ကာ၌) ပရိကပ်ိယတေ-ကြံစည်အပ်၏၊ သာ ပရိကပ္ပနာ နာမ ဟောတိ၊ [ပရိကပ်ိယတေ ယတ္ထာတိ ပရိကပ္ပနာ၊] ကြံကြံဖန်ဖန် ပြောဆိုပုံမှာ ပုံစံ၌ ထင်ရှားပါလိမ့်မည်။

http://www.dhammadownload.com

ပရိကပ္ပနာအပြားနှင့်ပဋိညာဉ်

၂၆၉။ ဥပမာ·ဇာန္တရတ္တေန, ကိရိယာဒိဝသေန စ၊
ကမေနော.ဒါဟရိဿာမိ, ဝိဝိဓာ ပရိကပ္ပနာ။

၂၆၉။ ဥပမာ· ဇာန္တရတ္တေန-အတွင်း၌ ဥပမာရှိသည်၏အဖြစ်ဖြင့်လည်းကောင်း၊ ကိရိယာဒိဝသေန စ-ကိရိယာ စသည်တို့၏ အစွမ်းအားဖြင့်လည်းကောင်း၊ ဝိဝိဓာ-အထူးထူး အပြားပြား များကုန်သော၊ ပရိကပ္ပနာ-ပရိကပ္ပနာတို့ကို၊ ကမေန-အစဉ်အားဖြင့်၊ ဥဒါဟရိဿာမိ-ထုတ်ဆောင်ပေအံ့။ [အတွင်း၌ ဥပမာရှိသော ဥပမာဇာန္တရပရိကပ္ပနာ, ကြိယာ စသည်ပါရှိသော ကြိယာဒိပရိကပ္ပနာအားဖြင့် ပရိကပ္ပနာ ၂ မျိုးပြား၏၊ ကြိယာဒိ၌ အာဒိဖြင့် ဒဗ္ဗ, ဂုဏ, ဇာတိ စသည်ကို ယူ၊ "ထိုပရိကပ္ပနာတို့ကို အစဉ်အတိုင်း ဥဒါဟရုဏ် ထုတ်ပြတော့မည်"ဟု ပဋိညာဉ် ပြုသည်။]

ဥပမာဇာန္တရပရိကပ္ပနာ

၂၇၀။ ဣစ္ဆာဘဂိါတုရာ·သိနာ, တာ·တိနိစ္စလ·မစ္ဆရာ၊
ဝသံ နေန္တိ·ဝ ဓိရံ တံ, တဒါ ယောဂါ·ဘိယောဂတော။

၂၇၀။ ဣစ္ဆာဘဂိါတုရာ-အလို၏ ပျက်စီးခြင်းကြောင့် နာကျည်းခံခက်ကြကုန်သော၊ အတိနိစ္စလ-လွန်စွာမလှုပ်, ငုတ်တုတ်မို့ငင်တွေလျက်၊ အာသိနာ-ထိုင်နေကြကုန်သော၊ တာအစ္ဆရာ-ထိုမာရ်မင်း သမီးတော်, ညီမသုံးဖော်တို့သည်၊ တဒါ-အကြိတုံး၌, ရှုံးခဲ့လေရာ, ထိုအခါ၌၊ ယောဂါဘိယောဂတော-ဂါထာမန္တာန်ကို အဖန်ဖန်အားထုတ်, မန်းမှုတ်ခြင်းအားဖြင့်၊ တံ ဓိရံ-လှုပ်ရှားမယိုင်, မြဲခိုင်တည့်မတ်, ထိုဘုရားရှင်ကိုယ်တော်မြတ်ကို၊ ဝသံ-မိမိတို့ အလိုသို့၊ နေန္တိဝ-တနဲဆင်၍, ဆွဲငင်ကြလေယောင်တကား။

၂၇၀။ ဣစ္ဆာဘဂိါတုရာ၊ပေ၊မစ္ဆရာ။ ။အလိုဆန္ဒ၏ ပျက်ခြင်းသည် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ (ငြိမ်သက်စွာ) ထိုင်နေကြကုန်သော မာရ်နတ်၏ သမီးတော် ညီမသုံးဖော်တို့သည် ဘုရားရှင်မှ ရှုံးခဲ့ကြရာ ထိုအခါ၌ ဘုရားရှင်ကို ပိယမန္တာန် စုတ်သောအားဖြင့် မိမိတို့ အလိုပါအောင် ဆွဲဆောင်နေကြသည်ဟု ထင်၏။

http://www.dhammadownload.com

ဝတ္ထုရုင်း။ ။ဤဂါထာဖြင့် ဆိုအပ်သော ကိစ္စ၌ အကြောင်းရင်း ဝတ္ထုကို ရှေးဦးစွာ နားလည်သင့်၏၊ ဘုရားဖြစ်တော်မူပြီးနောက် ဗောဓိပင်အနီး အဇပါလညောင်ပင်ဝယ် ထိုင်နေတော်မူသော ဘုရားရှင်ကို မာရ်နတ်သမီးသုံးယောက်တို့သည် အမျိုးမျိုးသော နည်းဖြင့် ဖြားယောင်းလာကြ၏၊ ဘုရားရှင်သည် ထိုဖြားယောင်းမှုကို လုံးဝ ဂရုစိုက်တော်မမူဘဲ တရားကိုသာ အာရုံပြု၍ နေတော်မူ၏၊ ထိုသို့ ဖြားယောင်း၍ မရခြင်းကြောင့် မိမိတို့ လိုအင်ဆန္ဒ ပျက်သဖြင့် စိတ်ထဲ၌ မခံချည့် မခံသာဖြစ်လျက် နတ်ပြည်သို့ တက်သွား၍ တစ်နေရာ၌ မှီငြိတွေကာ ထိုင်နေကြလေသည်။ [၈၂ ဂါထာ၏ အဓိပ္ပာယ်၌လည်း ဤဝတ္ထုပါခဲ့ပြီ။]

မှတ်ချက်။ ။မာရ်နတ်သမီး ၃ ယောက်ဟူသော သက်ရှိဝတ္ထုတို့၏ ဘုရားကို ဖြားယောင်းမရသဖြင့် မလှုပ်မယှက် ငြိမ်သက်စွာ ထိုင်နေကြခြင်းသည် "ဝတ္ထုနောညပ္ပကာရေန ဌိတာ ဝုတ္တိ"နှင့် အညီ ကြံကြံဖန်ဖန် ပြောဆိုအပ်သော အခြင်းအရာမှ တစ်ပါးသော အခြင်းအရာအားဖြင့် အမှန်ဖြစ်နေ၏၊ ထိုသို့ ဖြစ်နေပုံကို ရှေ့နှစ်ပါဒဖြင့် ပြသည်၊ ထိုသို့ ငြိမ်သက်စွာ ထိုင်နေခြင်းကိုပင် "တဒညထာ ပရိကပ္ပိယတေ"နှင့်အညီ "ဘုရားရှင်ကို မိမိတို့ အလိုပါအောင် ဆွဲဆောင်လို၍ ပီယမန္တာန်စုတ်နေကြသည်"ဟု (တစ်ပါးသောအခြင်းအရာအားဖြင့်)ကြံကြံဖန်ဖန် ပြောဆိုလေသည်၊ ထိုကြံကြံဖန်ဖန် ပြောဆိုပုံကို နောက်နှစ်ပါဒဖြင့် ပြသည်။

ဆိုလိုရင်းကား–"ဘုရားရှင်ကို ဖြားယောင်း၍ မရသဖြင့် မာရ်နတ်သမီးသုံးယောက်တို့၏ ငြိမ်သက်စွာ ထိုင်နေပုံမှာ ဘုရားရှင်ကို မိမိတို့ အလိုပါအောင် ဆွဲဆောင်လို၍ ဇော်ဂနီစုန်းမတို့ ပီယမန္တာန်စုတ်နေကြခြင်းနှင့် တူပါပေသည်"ဟု ဥပမာပြု၍ ဆိုလိုသော်လည်း ထို ဥပမာကို တိုက်ရိုက်မပြဘဲ အတွင်းမြှုပ်၍ ပြထားသောကြောင့် ဤဂါထာသည် ဥပမာဗ္ဘန္တရုပရိကပွနာအလင်္ကာဂုဏ်ရောက်သောဂါထာဖြစ်သည်-ဟူလို။

ဋီကာ။ ။မာရဏ်နာနံ-မာရ်နတ်သမီးတို့၏၊ နိစ္စလနိသဇ္ဇာယ-မလှုပ်မလှုက် ငြိမ်သက်စွာ ထိုင်နေခြင်း၏၊ ယောဂိနီနံ - ဇော်ဂနီ (စုန်းမ) တို့၏၊ မန္တဇ္ဈယနသဒိသတ္တာ-မန္တာန်စုတ်ခြင်းနှင့် တူသည်၏

http://www.dhammadownload.com

အဖြစ်ကြောင့်၊ မာရင်္ဂနာနံ-တို့၏လည်းကောင်း၊ ယောဂိနီနံ-တို့၏လည်းကောင်း၊ ဥပမာနဥပမေယျတ္တံ-ကို၊ သာမတ္ထိယာ-တစ်ဂါထာလုံး၏ ဟောစွမ်းနိုင်သော သတ္တိအားဖြင့်၊ ဂမျတေ-သိအပ် သိနိုင်၏၊ ဣတိ ဧသာ ဥပမာဗ္ဘန္တရပရိကပ္ပနာ နာမ၊-ဋီကာ။ [အားထုတ်အပ်သော မန္တာန် အတတ် ရှိသူမကို "ယောဂိနီ"ဟု ခေါ်၏၊ ယကို ဇသံဖတ်၍ "ဇောဂိနီ"မှ "ဇော်ဂနီ"ဖြစ်လာသည်ဟု ကြံကြသည်။]

ဋီကာ။ ။အဇပါလနိဂြောဓမူလေ နိသိန္နံ ဘဂဝန္တံ ပလော ဘေဿာမာတိ အတ္တနာယေဝ ကတာယ ဣစ္ဆာယ အနိပ္ဖတ္တိယာ (ဘဂိါကို အနိပ္ဖတ္တိယာ ဟု ဖွင့်) ပီဋိတာ နာသိကဂ္ဂေ ပတိတဒိဋ္ဌေဟိ သမန္နာဂတာ-နှာသီးအဖျား၌ ကျရောက်သော မျက်လုံးတို့နှင့် ပြည့်စုံကုန်သည်ဖြစ်၍၊ (နာညတြဝုတ္တိယာ ကြိယာန္တရဝိရဟတော-အခြား အာရုံ၌ မဖြစ်ခြင်းအားဖြင့် ကြိယာတစ်ပါးမှ ကင်းခြင်းကြောင့်၊) [မျက်လုံးကို အောက်စိုက်ထားမှုကို "နှာသီးအဖျား၌ ကျသော မျက်လုံးရှိသည်"ဟု ဆိုသည်၊] **အာသိနာ** ၊ပေ၊ **ပဇ္ဇာယမာနာ နိသိန္နာ**-မလှုပ်မလှက်ဘဲ မှိုင်လျက် ထိုင်နေကြကုန်သော၊ တာ အစ္ဆရာယော - ဂိနိသဒိသာ (မီးတောက် မီးလျှံကဲ့သို့ ဝင်းထိန်နေကုန်, စုန်းတောက်သလို တောက်နေကုန်သော) တဏ္ဍာရတိရဂါသခ်ါတာ မာရင်္ဂနာယော။

သိင်္ဂရာဓိပ္ပာယေန-ချစ်ကြိုက်စေလိုသဖြင့်၊ ကတာနေကလ်လာဝိလာသေနာပိ-ပြုအပ်သော များစွာသော (အမျိုးမျိုးသော) တင့်တယ်စံပယ်သော အမူအရာဖြင့်လည်း၊ အကမ္ပမာနံ-မတုန်လှုပ်ဘဲ ခိုင်မြဲတော်မူသော (ဓီရံ အဖွင့်) တံ ဘဂဝန္တံ၊ မန္တဇပ္ပနသခ်ါတယောဂါ နုယုဥ္ဇနေန-မန္တာန်စုတ်ခြင်းဟု ဆိုအပ်သော ယောဂကို အဖန်ဖန် အားထုတ်(မန်းမှုတ်)ခြင်းအားဖြင့်၊ ယုဥ္ဇိတဗ္ဗောတိ ယောဂေါ=အားထုတ်အပ်သော မန္တာန်၊ အဘိယုဥ္ဇနံ အဘိယောဂေါ၊ ယောဂဿ+အဘိယောဂေါ ယောဂါဘိယောဂေါ၊] အတ္တနော ဝသံ (မိမိတို့၏အလိုသို့)၊ တဒါ-အတ္တနော ပရာဇယကာလေ၊ နေန္တိဝ-ပါပေန္တိမညေ။ [ဤသို့ "နေန္တိ"ဟု ကြိယာပါသော်လည်း ကြိယာပဓာန မဟုတ်ဘဲ ဥပမာသာလျှင် ပဓာနဖြစ်သောကြောင့် "ဥပမာဗ္ဘန္တရပရိကပ္ပနာ"ဟုသာ ခေါ်ရသည်။]

~~~~~~~~~~
~~~~~~~~~~

http://www.dhammadownload.com

ကြိယာပရိကပ္ပနာပုံစံ

၂၇၁။ ဂဇံ မာရော သမာရုဠ္ဎော, ယုဒ္ဓါယ·စ္ဆန္တော·မုန္နတံ၊
မဂ္ဂ·မန္ဓေသတိ နူန, ဇိနဘီတော ပလာယိတုံ။

၂၇၁။ ယုဒ္ဓါယ-စစ်ထိုးခြင်းငှာ၊ အစ္ဆန္တံ ဥန္နတံ-အလွန်တရာ, မြင့်လှစွာသော၊ ဂဇံ-ဂိရိမေခလာ, သညာမည်ဟီး, ဆင်ပြောင်ကြီးကို၊ သမာရုဠ္ဎော-ကောင်းစွာတက်စီးသော၊ မာရော-မာရ်နတ်မင်းသည်၊ ဇိနဘီတော-ဘုရားမှ ကြောက်သည်၊ (ဟုတ္တွာ-ဖြစ်၍၊)ပယာယိတုံ-ထွက်ပြေးခြင်းငှာ၊ မဂ္ဂံ-ဘေးဘယာမသန်း, ပြေးစရာလမ်းကို၊ အန္ဓေသတိနူန-ရှာမှီးလေယောင်တကား။

၂၇၁။ ဂဇံတျာဒိ။ ။ဤဂါထာ၌ မာရ်နတ်၏ ဘုရားအလောင်းကို စစ်ထိုးဖို့ရန် အလွန်မြင့်သော ဂိရိမေခလာဆင်ပြောင်ကြီးကို စီးခြင်းကြိယာသည် ဝတ္ထုနော အညပ္ပကာရေန ဌိတာ ဝုတ္တိ (မာရ်နတ်မင်း ဟူသော သက်ရှိဝတ္ထု၏ အမှန်ဖြစ်တည်သော ကြိယာ)တည်း၊ ထိုသို့ အလွန်မြင့်သောဆင်ကို စီးခြင်းကိုပင် "ဘုရားမှ ကြောက်လို့ အမြင့်ကြီးကတက်ပြီး ပြေးစရာလမ်းပေါက် ရှာတာ ထင်တယ်"ဟု စီးခြင်း ကြိယာကို (အမှန်ဖြစ်သော အခြင်းအရာမှ တစ်ပါးသော အခြင်းအရာအားဖြင့်) ကြံကြံဖန်ဖန် ပြောဆိုသောကြောင့် ကြိယာပရိကပ္ပနာ အလင်္ကာဂုဏ်ရောက်သော ပုံစံဖြစ်သည်။

ဋီကာ။ ။အစ္ဆန္တံ-အတိသယေန၊ ဥန္နတံ-ဒိယျသတယောဇနာ ယာမာနုရူပဥစ္စဂုဏသမန္နာဂတံ-အလျားယူဇနာတစ်ရာ့ငါးဆယ် အရှည်အားလျော်အောင် အမြင့်ဂုဏ်နှင့် ပြည့်စုံသော၊ (အမြင့်ကို "မည်မျှ မြင့်သည်"ဟု မပြဘဲ အလျားနှင့်တန်အောင်မြင့်သည်-ဟု ဆိုသည်၊) ယုဒ္ဓတ္ထံ ကုရုမာနော ဂဇာရောဟဏံ-စစ်တိုက်ဖို့ရာ ဆင်ကို စီးခြင်းကြိယာကို၊ မဂ္ဂံ အန္ဓေသတ္ထံ ဣတိလမ်းရှာဖို့ရန် စီးခြင်းဟု၊ ပရိကပ္ပိတတ္တာ ဧသော ကိရိယာပရိကပ္ပနာ နာမ။

အစ္ဆန္တံ။ ။[အစ္ဆန္တမိတိ-အစ္ဆန္ဒံပုဒ်၏၊ အသဒ္ဓါသဒ္ဓါဘာဝေပိ-သဒ္ဓါအပြားမရှိသော အဗျယိဘော, သဒ္ဓါအပြားရှိသော တပ္ပုရိသ်အဖြစ်သည်၊ သတိပိသော်လည်း၊ ပကရဏတော-အရာအားဖြင့်၊ အာဓိက္ကေဓေ-အလွန်အကဲဟူသော အနက်၌သာ၊ ဝတ္တတိ-ဖြစ်၏၊ အာဓိက္က (အလွန်အကဲ) အနက်ဟော နိပါတ်ပုဒ်ဟု ဆိုလိုဟန် တူသည်။]

http://www.dhammadownload.com

ဂုဏာပရိကပ္ပနာပုံစံ

၂၇၂။ မုနိန္ဒ ပါဒဒွန္ဒေ တေ, စာရုရာဇိဝသုန္ဒရေ၊
မညေ ပါပါ·ဘိသမ္ဗုဒ္ဓ–ဇာတသောဏ္ဏေန သောဏိမာ။

၂၇၂။ မုနိန္ဒ-အိုမြတ်စွာဘုရား၊ တေ-ရှင်တော်မြတ်ဘုရား၏၊ စာရုရာဇိဝသုန္ဒရေ-လွန်စွာတင့်ဆန်း, ပဒုမ္မာကြာပန်းကဲ့သို့, နီမြန်းကောင်းမြတ်စွာသော၊ ပါဒဒွန္ဒေ-ခြေတော်အစုံ၌၊ သောဏိမာ-နီမြန်းသည်၏အဖြစ်သည်၊ ဝါ - အနီရောင်သည်၊ ပါပါဘိသမ္ဗုဒ္ဓဇာတသောဏ္ဏေန မညေ-မကောင်းမှုတို့ကို နင်းချေခြင်းကြောင့် ဖြစ်ပေါ်လာသော သွေးကြောင့်ဖြစ်သော အရောင်ဟု မှတ်ထင်ပါသည် ဘုရား။

၂၇၂။ မုနိန္ဒတျာဒိ။ ။ဤဂါထာ၏ အနက်၌ အမှန်ဖြစ်နေသည်ကား ရွေးကံတော်ကြောင့် ဖဝါးတော်နီခြင်း (အနီရောင်)ဂုဏ်တည်း၊ ထိုအနီရောင်ဂုဏ်ကို "မကောင်းမှုကို နင်းချေသတ်ဖြတ်ခြင်းကြောင့် သွေးစွန်းနေသော အနီရောင်"ဟု ကြံကြံဖန်ဖန် ပြောဆိုအပ်သောကြောင့် ဂုဏာပရိကပ္ပနာအလင်္ကာ၏ ပုံစံ ဖြစ်သည်။

ဋီကာ။ ။စာရုရာဇိဝသုန္ဒရေ-မနုညပဒုမသုန္ဒရေ ပါဒဒွန္ဒေ၊ [စာရုကို "မနုည" ရာဇိဝကို "ပဒုမ"ဟု ဖွင့်သည်၊ ထောမနိဓိ၌ ရာဇိဝသဒ္ဒါ၏ အနက်များစွာတွင် ပဒုမအနက်လည်း ပါ၏။] သောဏိမာ-ရတ္တဝဏ္ဏော၊ [သောဏသ-နိသော ခြေဖဝါးအစုံ၏+ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာ အနီရောင်တည်း၊ သောဏိမာ။] သပရသန္တာနဂတပါပါနံ သမ္မဒ္ဒနေန ဇာတေန ရုဓိရေန မညေ-နင်းချေခြင်းကြောင့်ဖြစ်သော သွေးကြောင့် (ဖြစ်သည်)ဟု ထင်ပါသည် ဘုရား။

မှတ်ချက်။ ။"အတိသယံ သမ္ဓိသနေန (ကြိတ်ချေခြင်းကြောင့်) ဇာတံ သောဏံ ရုဓိရံ၊ တေန ဇာတောတိ မညေ"ဟူသော ဋီကာဟောင်းကို နည်းမှီး၍ ဋီကာသစ်ကို ပြင်လိုက်သည်၊ ဤဋီကာဟောင်းအလို "ဇာတသောဏ္ဏေန သောဏိမာ"ဟု ဂါထာ၌ ပါဠိရှိရမည်။ [ယခုစာတို့၌ "ဇာတသောဏိတ သောဏိမာ"ဟု ရှိသည်ကား "ဇာတသောဏိတံ မညေ-ဖြစ်သောသွေးဟု ထင်ပါသည် ဘုရား"ဟု ဆိုရာရောက်၏၊ အမှန်ကား-"သွေးဟု မထင်၊ သွေးစွန်းသော အနီရောင်"ဟု ထင်ခြင်းသာတည်း။

f 28

http://www.dhammadownload.com

ပရိကပွနာ ၂ မျိုး

၂၇၃။ မညေသင်္ကေဓုဝံနူန–မိဝမိစ္စေဝမာဒိဟိ၊
သာ·ယံ ဗျဉ္ဇိယတေ ကွာပိ, ကွာပိ ဝါကျေန ဂမျတေ။

၂၇၃။ မညေသင်္ကေဓုဝံနူနမိဝမိစ္စေဝမာဒိဟိ-မညေသဒ္ဒါ, သင်္ကေသဒ္ဒါ, ဓုဝံသဒ္ဒါ, နူနသဒ္ဒါ, ဣဝသဒ္ဒါ ဤသို့ အစရှိသောသဒ္ဒါတို့ဖြင့်၊ ကွာပိ-အချို့အရာ၌၊ သာယံ-ထိုပရိကပွနာအလင်္ကာကို၊ ဗျဉ္ဇိယတေ-ပြအပ်၏၊ ကွာပိ-အချို့အရာ၌၊ ဝါကျေန-ဝါကျတစ်ခုလုံး၏အနက်ဖြင့်၊ ဂမျတေ-သိအပ်၏။

၂၇၃။ မညေတျာဒိ။ ။ဝေါဟာရသုခတ္ထံ-ပြောရှ်လွယ်ခြင်း အကျိုးငှာ၊ ပရိကပွနာပကာသတေ-ပရိကပွနာအနက်ကို ပြတတ်ကုန်သော၊ သဒ္ဒေ-တို့ကို၊ ဒဿေတိ မညေ ဣစ္စာဒိနာ၊ မညေ၊ပေ၊ဧဝမာဒီဟိ သဒ္ဒေဟိ-တို့ဖြင့်၊ သာယံ ပရိကပွနာ-ကို၊ ကွာပိ-ဧတ္ထ ဝိယ ကတ္ထစိ (မုနိန္ဒပါဒဒွန္ဒေ တေ-စသော) ဤ ဂါထာ၌ကဲ့သို့ အချို့ပုံစံ၌၊ ဗျဉ္ဇိယတေ-ပကာသီယတေ။ [ဣစ္စေဝမာဒီဟိ၌ အာဒိဖြင့် "တဣေမိ, ပရိကပေမိ, စိန္တယာမိ, ယထာ"စသည်တို့ကို ဋီကာ ယူသည်။]

ကွာပိ ဝါကျေန ဂမျတေ။ ။ကွာပိ-ကတ္ထစိ၊ ဝါကျေန-ကြိယာကာရက သမ္ဗန္ဓပဒသမုဒါယေန ဂမျတေ၊ [ဝါကျဟူသည် ကြိယာနှင့်ကာရကတို့ ဆက်စပ်လျက်ရှိသောပုဒ်အပေါင်းတည်း၊ ထို့ကြောင့် ဝါကျေနကို "ကြိယာ၊ပေ၊ သမုဒါယေန"ဟု ဖွင့်သည်၊] ဣဝါဒိသဒ္ဒယောဂါဘာဝေပိ ကေဝလံ ဝါကျ သာမတ္ထိယေနေဝ ဂမျတေ-ဥပမာဇောတက ဣဝါဒိဂိုဏ်းသဒ္ဒါ မပါသော်လည်း သက်သက်ဝါကျ၏ အစွမ်းဖြင့်သာ သိအပ်သည်။

မှတ်ချက်။ ။ဣဝါဒိသဒ္ဒါဖြင့် သိအပ်သော ပရိကပွနာကို "သဒ္ဒဂမ္မပရိကပွနာ"ဟု နာမည်တပ်သင့်၏၊ ဥပမာအလင်္ကာ၌ "သဒ္ဒဂမ္မူပမာ"ဟု နာမည်တပ်ခဲ့သကဲ့သို့တည်း၊ [ရှေးနိဿယများ၌ "ဝစ္စပရိကပွနာ"ဟုလည်းကောင်း, သဒ္ဒပရိကပွနာ"ဟုလည်းကောင်း နာမည်တပ်သည်။] ဝါကျအနက်၏အစွမ်းဖြင့် သိအပ်သော ပရိကပွနာကို "ဝါကျတ္ထဂမ္မပရိကပွနာ"ဟု နာမည်တပ်သင့်၏၊ ဥပမာအလင်္ကာ၌ ("ဝါကျတ္ထဝိသယူပမာ"ဟု တပ်ခဲ့သည်၊) [ရှေးနိဿယများ၌ "ပတီယမာနပရိကပွနာ, အတ္ထပရိကပွနာ"ဟု နာမည်တပ်သည်။]

http://www.dhammadownload.com

ဝါကျတ္ထဂမ္ဘပရိကပ္ပနာ

၂၇၄။ ဒယာသဗ္ဗာရသရသာ, ဒေဟာ နိက္ခန္တကန္တိယော၊
ပီဏေန္တာ ဇိန တေ သာဓု-ဇနံ သရသတံ နယုံ။

၂၇၄။ ဇိန-အိုမြတ်စွာဘုရား၊ တေ-ရှင်တော်ဘုရား၏၊ ဒယာသဗ္ဗာရသရသာ-မဟာကရုဏာတော်၏ အဖန်ဖန်ဖြစ်ခြင်းကြောင့် ချစ်မေတ္တာအစေးနှင့်တကွဖြစ်သော၊ ဒေဟာ-ကိုယ်တော်မှ၊ နိက္ခန္တကန္တိယော-အမြဲထွက်ပေါ်, ရောင်ခြည်တော်တို့သည်၊ သာဓုဇနံ-သူတော်ကောင်း လူအပေါင်းကို၊ ပီဏေန္တာ-နှစ်သက်စေကုန်လျက်၊ သရသတံ-ချစ်မေတ္တာရှိသည်၏အဖြစ်သို့၊ နယုံ-ဆောင်ပါကုန်ပြီဘုရား။

၂၇၄။ ဒယာတျာဒိ။ ။ဝါကျတစ်ခုလုံး၏အနက်ဖြင့် ပရိကပ္ပနာသိရပုံကား-ဘုရားရှင်၏ကိုယ်တော်မှ ထွက်သောရောင်ခြည်ထွော်တို့က သူတော်ကောင်းတို့ကို နှစ်သက်စေနိုင်ခြင်းသည် ဝတ္ထုနော ဋ္ဌိတာဝုတ္တိ=သက်မဲ့ရောင်ခြည်တော်ဟူသော ဝတ္ထု၏ တည်နေသော သဘောမှန်တည်း၊ ထိုအမှန်သဘောကိုပင် (တစ်ပါးသော အခြင်းအရာအားဖြင့်) ကြံကြံဖန်ဖန်လုပ်၍ "သူတော်ကောင်းတို့ကို ချစ်မေတ္တာရှိအောင် ရောင်ခြည်တော်များက ဆွဲဆောင်နေကြသည်"ဟု ပြောသောစကားဖြစ်သည်၊ ထို့ကြောင့် ဤဂါထာ၌ ဥပမာဘူတရ-ဣဝါဒိသဒ္ဒါတို့ မပါဘဲ ဝါကျတစ်ခုလုံး၏ အနက်ဖြင့် ပရိကပ္ပနာကို သိရသည်၊ ဒယာယ+သဗ္ဗာရော (ပုနပ္ပုနံ ပဝတ္တိ)၊ သဟ+ရသေန (သွေ့ဟေန) ဝတ္တမာနော။ [ဤအဖွင့်ကို ထောက်၍ "ဒယာသဗ္ဗာရ"ဟု ရှိစေ။]

ဋီကာ။ ။ကရုဏာသိနေဟသောမ္မဒေဟသံသဂ္ဂတော-ကရုဏာ, ချစ်မေတ္တာတို့ဖြင့် အေးမြသော ကိုယ်တော်နှင့် ရောနှောမိခြင်းကြောင့်၊ ကန္တိယော-ရောင်ခြည်တော်တို့သည်၊ သယမ္ပိ-မိမိတို့ ကိုယ်တိုင်လည်း၊ နိဿယဂုဏတော-မှီရာဂုဏ်အားဖြင့်၊ သောမ္မဘူကအတ္တာနံ-အေးမြသည် ဖြစ်၍ဖြစ်သော မိမိကို၊ ဝိသယံ ကတွာ-အာရုံပြု၍၊ ပဝတ္တဇနေပိ မုဒုံ ကရောန္တေဝ၊ [နူးညံ့အောင်ပြု-ဟူသည် "ချစ်မေတ္တာဖြစ်အောင် ပြုခြင်း"တည်း၊] ဣတိ ဣဝါဒိနံ အဘာဝေပိ ဝါကျဂမ္ဘပရိကပ္ပနာ။

http://www.dhammadownload.com

သမာဟိတအလင်္ကာ၏လက္ခဏာ

၂၇၅။ အာရဗ္ဘန္တဿ ယံကိဉ္စိ, ကတ္တုံ ပုညဝသာ ပုန၊
သာဓန-န္တရလာဘော ယော, တံ ဝဒန္တိ သမာဟိတံ။

၂၇၅။ ယံကိဉ္စိ-အမှတ်မရှိ တစ်စုံတစ်ခုသော အကျိုးကို၊ ကတ္တုံ-ပြုခြင်းငှာ၊ အာရဗ္ဘန္တဿ-အားထုတ်သော ပုဂ္ဂိုလ်၏၊ ပုညဝသာ-ဘုန်းကံ၏အစွမ်းကြောင့်၊ ပုန-တစ်ဖန်၊ ဝါ-ထပ်၍၊ ယောသာဓနန္တရလာဘော-အကြင်ပြီးစေတတ်သော အကြောင်းတစ်မျိုးကို ရခြင်းသည်၊ အတ္ထိ-ရှိ၏၊ တံ-ထို ပြီးစေတတ်သော အကြောင်းတစ်မျိုး ရခြင်းကို၊ သမာဟိတံ-သမာဟိတအလင်္ကာဟူ၍၊ ဝဒန္တိ-ဆိုကြကုန်၏။

၂၇၅။ အာရဗ္ဘန္တဿတျာဒိ။ ။ရန်သူကို အောင်နိုင်ခြင်းစသော အကျိုးတစ်စုံတစ်ခုကို ပြုလုပ်ရန် အားထုတ်နေသော ပုဂ္ဂိုလ်မှာ ထို အကျိုးပြီးစေဖို့ အရေး၌ ကျေးဇူးများသော အကြောင်းတစ်မျိုး ထပ်၍ ရခြင်းကို "သမာဟိတအလင်္ကာ"ဟု ဆိုကြသည်။ [ယံကိဉ္စိ-အမိတ္တ ဝိဇယာဒိကံ ကတ္တုံ အာရဗ္ဘန္တဿ ယဿ ပုညဝသာ-ကုသလဗလေန၊ ယော သာဓနန္တရလာဘော-တဿေဝ (ထိုသူ၏ပင်) ကာရိယသိဒ္ဓိယာ ဥပကာရကဿ (အကျိုးပြီးခြင်းငှာ ကျေးဇူးပြုတတ်သော) အညဿ သာဓနဿ (အခြား ပြီးစေတတ်သော အကြောင်းကို၊) ယော လာဘော အတ္ထိ၊ တံ ကာရဏလာဘံ သမာဟိတံ ဝဒန္တိ တဿေဝ ကာရိယဿ (ထိုအကျိုးကိုပင်) သမာဓာနတ္တာ (ကောင်းစွာထားတတ်သည်၏အဖြစ်ကြောင့်) ပတိဋ္ဌိတတ္တာ (ခိုင်မြဲစွာ တည်ကြောင်း၏အဖြစ်ကြောင့်) သမာဟိတံ ဣတိ ကဝိနော ဝဒန္တိ။

ဝစနတ္ထ။ ။သာဓီယတေ အနေနာတိ သာဓနံ၊ အနေန-ဤ အကြောင်းသည်၊ သာဓီယတေ-အကျိုးကို ပြီးစေအပ်၏၊ ဣတိ-ထိုသို့ အကျိုးကို ပြီးစေတတ်သည်၏အဖြစ်ကြောင့်၊ တံ-ထိုအကြောင်းသည်၊ သာဓနံ-မည်၏၊ [အဝုတ္တကတ္တုသာဓန၊] သာဓနဥ္စ+တံ+အန္တရံ စ (တစ်ပါး တခြားလည်း ဟုတ်၏) ဣတိ သာဓနန္တရံ၊ သာဓနန္တရဿ+လာဘော သာဓနန္တရလာဘော၊ သမ္မာ-အကျိုးပြီးအောင် ကောင်းစွာ+အာဓာနံ - ထားခြင်းတည်း၊ သမာဟိတံ - ကောင်းစွာ ထားခြင်း၊

http://www.dhammadownload.com

သမာဟိတပုံစံ

၂၇၆။ မာရာရိဘင်္ဂါဘိမုခ–မာနသော တဿ သတ္ထုနော၊ မဟာမဟီ မဟာရဝံ, ရဝိ·ယ·မုပကာရိကာ။

၂၇၆။ မာရာရိဘင်္ဂါဘိမုခမာနသော-ရန်သူမာရ်နတ်ကို ဖြိုဖျက်မှု၌ ရှေးရှုသောစိတ် ရှိတော်မူသော၊ တဿ သတ္ထုနော-ထိုမြတ်စွာဘုရားအား၊ ဥပကာရိကာ-ထောက်ပံ့သမှု ကျေးဇူးပြုလျက်၊ အယံ မဟာမဟီ-ဤမြေကြီးသည်၊ မဟာရဝံ-ပြင်းပြင်းထန်ထန်, မြည်ဟိန်းသံကို၊ ရဝိ-မြည်ဟိန်းလေပြီ။

"အကျိုးပြီးအောင် ကောင်းစွာထားခြင်း"ဟူသည် ကျေးဇူးပြုခြင်း, အကူအညီ ပေးခြင်းတည်း။ [သမာဟိတံ၌ သံ+အာပုဗ္ဗ ဓာဓာတ်, တ ပစ္စည်း, အာကို ဂ္ဂါပြု, ဓကို ဟပြု။]

၂၇၆။ မာရာရိတျာဒိ။ ။ရန်သူမာရ်နတ်ကို နှိပ်နင်းခြင်းသည် ဘုရားရှင်၏ အားထုတ်အပ်သော ကိစ္စတည်း၊ ထိုကိစ္စကို ပြုတော်မူသော ဘုရားရှင်အား ရှေးဘုန်းကံကြောင့် မဟာပထဝီမြေကြီးသည် ပြင်းထန်စွာ မြည်ဟီးလျက် ကျေးဇူးပြုကာ ကူညီလာရလေသည်၊ ဤဂါထာ၌ "မြေကြီး၏ ကျယ်စွာ မြည်ဟီးခြင်းကို အကြောင်းတစ်မျိုးရခြင်း"ဟု မှတ်။ [ဧတ္ထ ဟိ မာရာရိဘင်္ဂဇနနံ သတ္ထုနော အာရဒ္ဓကာရိယံ၊ တသ္မေဝ သိဒ္ဓိယာ ဟေတုဘူတံ အညကာရဏံ နာမ မဟီရဝေါ-မြေကြီး၏ မြည်ဟီးခြင်းတည်း။]

ဋီကာ။ ။အာရဒ္ဓမာရဝိဇယဿ (အားထုတ်အပ်သော မာရ်အောင်မှုကို) ဥပတ္ထမ္ဘိကာ (ထောက်ပံ့တတ် ကူညီတတ်သော) အယံ မဟာမဟီ မာရဿ ဟဒယဝတ္ထုံ မဒ္ဒန္တီဝိယ (မာရ်နတ်၏ နှလုံးသားဝတ္ထုကို နှိပ်နယ်လိုက်သကဲ့သို့) သဟိတုံ အသက္ကုဏေယျံ မဟာနာဒံ (သည်းမခံနိုင်လောက်အောင် ပြင်းထန်သော အသံကြီးကို) ရဝိ-အကာသိ။ [မာရော ဧဝ+အရိ မာရာရိ၊ မာရာရိနော+ဘင်္ဂေါ မာရာရိဘင်္ဂေါ။ မာရာရိဘင်္ဂေ+အဘိမုခံ မာနသံ ယဿာတိ မာရာရိဘင်္ဂါဘိမုခမာနသော၊ မဟန္တီ စ+သာ+မဟီ စာတိ မဟာမဟီ။]

http://www.dhammadownload.com

ပရိယာယဝုတ္တိ၏လက္ခဏာ

၂၇၇။ အဝတွာ-ဘိမတံ တဿ, သိဒ္ဓိယာ ဒဿန-ညထာ၊
ဝဒန္တိ တံ ပရိယာယ-ဝုတ္တီ-တိ သုစိဗုဒ္ဓယော။

၂၇၇။ အဘိမတံ-အလိုရှိအပ်သော အကြောင်းအရာကို၊ အဝတွာ-တိုက်ရိုက် မပြောမူ၍၊ တဿ-ထိုအလိုရှိအပ်သော အကြောင်းအရာ၏၊ သိဒ္ဓိယာ-ပြီးစီးအောင်မြင်ခြင်းငှာ၊ အညထာ-တစ်ပါးသော အပြားအားဖြင့်၊ ယံ ဒဿနံ-အကြင်ပြခြင်း, ပြောဆိုခြင်း သည်၊ အတ္ထိ-ရှိ၏၊ တံ-ထိုပြခြင်း, ပြောဆိုခြင်းကို၊ ပရိယာယဝုတ္တီတိ-ပရိယာယဝုတ္တိ အလင်္ကာဟူ၍၊ သုစိဗုဒ္ဓယော-သန့်စင်သော ပညာရှိတို့ သည်၊ ဝဒန္တိ-ပြောဆိုကြကုန်၏။

ပရိယာယဝုတ္တိပုံစံ

၂၇၈။ ဝိဝဋ္ဋင်္ဂဏနိက္ခိတ္တံ, ဓန-မာရက္ခဝဇ္ဇိတံ၊
ဓနကာမ ယထာကာမံ, တုဝံ ဂစ္ဆ ယဒိစ္ဆသိ။

၂၇၈။ ဓနံ-ဥစ္စာကို၊ ဝိဝဋ္ဋင်္ဂဏနိက္ခိတ္တံ-အမိုးအကာမထင်, ဟင်းလင်းအပြင်၌ ထားအပ်၏၊ အာရက္ခဝဇ္ဇိတံ-အစောင့်အရှောက်သည်လည်းကြဉ်အပ်၏၊ ဝါ - အစောင့်အရှောက်မှလည်း ကင်း၏၊ ဓနကာမ -

---

၂၇၇။ ။အဘိမတံ - ဣဋ္ဌံ (အလိုရှိအပ်သော, ဆိုလိုအပ်သော) ဓနဒါနာဒိသရူပံ (ပုံစံဂါထာ၌ ပြမည့် "ဥစ္စာကို ပေးခြင်း အစရှိသော သဘောရှိသော") ယံကိဉ္စိ အတ္ထံ(တစ်စုံတစ်ခုသောအနက်အဓိပ္ပာယ်ကို၊ ဝါ-အကြောင်းအရာကို)၊ အဝတွာ-ဥဇုကံ အကထေတွာ (တိုက်ရိုက်မဆိုဘဲ)၊ တဿ အဘိမတတ္ထဿ သိဒ္ဓိယာ-နိပ္ဖတ္တိယာ၊ (ထိုဆိုလိုအပ်သော အကြောင်းအရာ၏ ပြီးစီးခြင်းငှာ) အညထာ-ဝတ္တုံ၊ ဣစ္ဆိတတ္ထဿ အနုရူပေန အညပ္ပကာရေန၊ (ဆိုလိုအပ်သော အကြောင်းအရာအားလျော်သော တခြားအပြားအားဖြင့်၊) ယံ ဒဿနံ-ယံကိဉ္စိ ဒဿနံ၊ ကထနံ အတ္ထိ။ [ဒဿနံကို "ကထနံ"ဟု အဓိပ္ပာယ်ဖွင့်သည်၊] သုစိ+ဗုဒ္ဓိ ယေသံတိ သုစိဗုဒ္ဓယော၊ ပရိယာယေန-ပရိယာယ်အားဖြင့်၊ ဝါ-သွယ်ဝိုက်၍၊ ဝုတ္တိ-ပြောဆိုခြင်းတည်း၊ ပရိယာယဝုတ္တိ-ခြင်း။

http://www.dhammadownload.com

အို ဥစ္စာကို အလိုရှိသူ၊ တုဝံ-သင်သည်၊ ယဒိ ဣစ္ဆသိ-အကယ်၍ အလိုရှိအံ့၊ ဧဝံသတိ-ဤသို့ အလိုရှိလတ်သော်၊ ယထာကာမံ-အလိုရှိတိုင်း၊ ဂစ္ဆ-သွားပါလော့။

၂၇၈။ ။ဤဂါထာ၌ ဥစ္စာကို ခိုးစေလိုခြင်းသည် "အဘိမတ-အလိုရှိအပ်သောအနက် (အကြောင်းအရာ)"တည်း၊ ထိုသို့ ခိုးစေလိုသော်လည်း "ခိုးချေလော"ဟု တိုက်ရိုက်မပြော၊ "အကာအရံ မရှိ၍ အလွယ်တကူ သွားနိုင်သော မည်သည့်နေရာမှာ ဥစ္စာတွေ ထားတယ်၊ အစောင့်အရှောက်လည်း မရှိ၊ ဥစ္စာကို လိုချင်လျှင် (သို့မဟုတ်-သွားချင်လျှင်) အလိုရှိတိုင်း သွားပါလား"ဟု သွယ်ဝိုက်၍ ပြောသည်။

ဋီကာ။ ။ဣတိ (ဤဂါထာ၌) စိတ္တေန ဣစ္ဆိတဓနာဝဟရဏဝိဓာနံ-စိတ်ဖြင့် အလိုရှိအပ်သော ဥစ္စာကို ခိုးယူစေလိုသော အစီအရင်ကို၊ "ဓနံ အဝဟရာတိ ဥဇုံ အဝတွာ-ဥစ္စာကို ခိုးယူချေ"ဟု တိုက်ရိုက်မပြောဘဲ၊ ဧဝံ ဗျာဇေနဝုတ္တတ္တာ-ဤသို့ သွယ်ဝိုက်၍ ပြောအပ်သည်၏ အဖြစ်ကြောင့်၊ ဣဒံ ပရိယာယဝုတ္တံ နာမ။[ဝိဝဋ္ဌ+တံ+အင်္ဂဏဉ္စာတိ ဝိဝဋ္ဌင်္ဂဏံ၊ တသ္မိံ+နိက္ခိတ္တံ ဝိဝဋ္ဌင်္ဂဏနိက္ခိတ္တံ၊ ဓနံ+ကာမေတီတိ ဓနကာမော၊ ကာမံ (အလိုတဏ္ဍာကို၊ ဝါ-အလိုရှိသော စိတ်ကို)+ အနတိက္ကမ္မ-မလွန်မူ၍တည်း၊ ယထာကာမံ-၍။]

ယော မေ ဟတ္ထေ စ ပါဒေ စ, ကဏ္ဏနာသဉ္စ ဆေဒယိ၊
စိရံ ဇီဝတု သော ရာဇာ, နဟိ ကုဇ္ဈန္တိ မာဒိသာ။

ခန္တိဝါဒီဇာတ်တော်လာ ဤဂါထာကိုလည်း "ကလာဗုမင်းကို စိတ်မဆိုးကြောင်း သွယ်ဝိုက်၍ ပြောသော ပရိယာယဝုတ္တိအလင်္ကာဟု ဆိုကြ၏၊ သို့သော် "နဟိ ကုဇ္ဈန္တိ မာဒိသာ"ဟု စိတ်မဆိုးကြောင်းကို တိုက်ရိုက်ဆိုသောကြောင့် ထိုစကားကို စဉ်းစားသင့်၏၊ သုတသောမဇာတ်၌ လာသော "ပဿေယျံ တံ ဝဿသတံ အရောဂံ"ဟု ဆိုသော စကားသာ ပရိယာယဝုတ္တိအလင်္ကာ ဖြစ်နိုင်သည်၊ မှန်၏-ထိုဂါထာ၌ သုတသောမမင်းသည် မိမိအသက် မသတ်ဖို့ရန် တိုက်ရိုက်မပြောဘဲ "အသင်ပေါရိသာဒကို အသက်တစ်ရာ အနာကင်းနေတာ မြင်လိုသည်"ဟု ပြောသည်။

http://www.dhammadownload.com

ဗျာဇဝဏ္ဏနာ၏ လက္ခဏာ

၂၇၉။ ထုတိ ကရောတိ နိန္ဒန္တော–ဝိယ တံ ဗျာဇဝဏ္ဏနံ၊
ဒေါသာဘာသာ ဂုဏာ ဧဝ, ယန္တိ သန္နိဓိမတြ ဟိ။

၂၇၉။ နိန္ဒန္တော ဝိယ-ကဲ့ရဲ့သကဲ့သို့၊ ထုတိ-ခြီးမွမ်းခြင်းကို၊ ယံ ကရောတိ-အကြောင်ပြု၏၊ တံ-ထိုကဲ့ရဲ့ဟန်ဖြင့် ခြီးမွမ်းခြင်းသည်၊ ဗျာဇဝဏ္ဏနံ-ဗျာဇဝဏ္ဏနာအလင်္ကာ မည်၏၊ ဟိ-မှန်၏၊ အတြ-ဤဗျာဇဝဏ္ဏနာအလင်္ကာ၌၊ ဒေါသာဘာသာ-အပြစ်ကဲ့သို့ ထင်ရသောအရာတို့သည်၊ ဂုဏာဧဝ-ဂုဏ်တို့ချည်းသာ၊ (ဟုတ္တာ-ဖြစ်၍၊) သန္နိဓိ-ကောင်းစွာတည်ခြင်းသို့၊ ယန္တိ-ရောက်ကုန်၏။

၂၇၉။ ထုတိ တျာဒိ။ ။ကဲ့ရဲ့သလိုလိုနှင့် ဂုဏ်ကို ပြောဆိုခြင်းသည် "ဗျာဇဝဏ္ဏနာ"မည်၏၊ ဤအလင်္ကာ၌ (စကားအသံကို ကြားရလျှင်) အပြစ်ပြောနေသကဲ့သို့ ထင်ရ၏၊ ထိုသို့ စကားသံအလိုက် ထင်ရသော အပြစ်တို့သည် (အမှန်အားဖြင့်) ဂုဏ်တို့ချည်းသာ ဖြစ်ကုန်၏၊ ထောမနိဓိ၌ "ဗျာဇထုတိ"ဟု နာမည်တပ်၍ "ကပဋ္ဌထုတိ-ကွေ့ကောက်သောအားဖြင့် ခြီးမွမ်းခြင်း"ဟု ဖွင့်သည်၊ "ခြီးမွမ်းလိုသည်ကို တိုက်ရိုက်မခြီးမွမ်းဘဲ ကဲ့ရဲ့ဟန်ဆောင်၍ ခြီးမွမ်းသည်"ဟူလို၊ [ဗျာဇေန (ကပဋ္ဌေန)-ကွေ့ကောက်သဖြင့်၊ ဝါ-သွယ်ဝိုက်၍ +ဝဏ္ဏနံ-ခြီးမွမ်းခြင်းတည်း၊ ဗျာဇဝဏ္ဏနံ-ခြင်း။]

ဒေါသာ၊ပေ၊အတြဟိ။ ။အတြ-အသို့ ဝုတ္တိဝိသေသေ (ဤအလင်္ကာအထူး၌) ဒေါသာဘာသာ-ဒေါသာ ဝိယ ပဋိဘာသမာနာ (အပြစ်ကဲ့သို့ ထင်ရသော အရာတို့သည်) ["ဒေါသာ ဝိယ+အာဘာသာ ဒေါသာဘာသာ"ဟု ပြု။] ဂုဏာ ဧဝ-တာဒိသပဒပယောဂေန (ထိုကဲ့သို့ အပြစ်တင်သံပါသော ပုဒ်ကို အသုံးပြုခြင်းအားဖြင့်) ကဒ္ဒိမန္တတာဒယော ဂုဏာဝ (ပုံစံ၌ လာလတ္တံ့အတိုင်း-တန်ခိုးကြီးခြင်း စသော ဂုဏ်တို့ချည်းသာ ဖြစ်၍) သန္နိဓိ-ဂုဏသဘာဝါဝဋ္ဌာနံ (ဂုဏ်သဘောအားဖြင့် စုဝေးတည်နေခြင်းသို့) ယန္တိ-ပါပုဏန္တိ။

http://www.dhammadownload.com

ဗျာဇဝဏ္ဏနာပုံစံ

၂၈၀။ သဥ္စာလေတုဲ့မလံ တွံ့သိ, ဘုသံ ကုဝလယာ့ခိလံ၊
ဝိသေသံ တာဝတာ နာထ, ဂုဏာနံ တေ ဝဒါမ ကိံ။

၂၈၀။ နာထ-အိုမြတ်စွာဘုရား၊... တွံ-ရှင်တော်ဘုရားသည်၊ အခိလံ-အလုံးစုံသော၊ ကုဝလယံ-ကြာညိုတောကို၊ ဝါ-တစ်မြေပြင်လုံးကို၊ ဘုသံ-ပြင်းစွာ၊ သဥ္စာလေတုံ-ကောင်းစွာလှုပ်စေခြင်းငှာ၊ အလံ-စွမ်းနိုင်သည်၊ အသိ-ဖြစ်ပါပေ၏၊ တာဝတာ-ထိုမျှလောက် စွမ်းနိုင်ရုံမျှဖြင့်၊ တေ-ရှင်တော်မြတ်ဘုရား၏၊ ဂုဏာနံ-ဂုဏ်တော်တို့၏၊ ဝိသေသံ-အထူးကို၊ ကိံ ဝဒါမ-အဘယ်မှာ ဆိုနိုင်ပါကုန်အံ့နည်း၊ (နဝဒါမ ဧဝ-မဆိုနိုင်ပါကုန်သေးသည်သာ။)

၂၈၀။ သဥ္စာလေတုတျာဒိ။ ။ဤဂါထာ၌ "ကုဝလယ"သဒ္ဒါသည် "ကြာညိုတော"ဟူသော အနက်, "မြေအဝှမ်း"ဟူသော အနက်, ဤ အနက်နှစ်မျိုးကို ဟော၏၊ ထိုတွင် "ကြာညိုတောတစ်ခုလုံးကို ပြင်းစွာ လှုပ်စေနိုင်၏"ဟု ဆိုလျှင် တန်ခိုးရှင်ကို အထင်သေးစရာ ဖြစ်၍ အမှန် ကဲ့ရဲ့သော စကားပင်တည်း၊ "တစ်မြေပြင်လုံးကို လှုပ်စေနိုင်ရုံဖြင့် ဂုဏ်ထူးကို မဆိုနိုင်သေးပါ"ဟူသော စကားသာ ကဲ့ရဲ့သလို ထင်ရသော စကားတည်း၊ ဤ စကားဖြင့် "သည့်ထက် ကြီးကျယ်သော ဂုဏ်များ ရှိပါသေးသည်"ဟူသော အဓိပ္ပာယ်ကို သိရသည်။

ဋီကာ။ ။ကုဝလယသဒ္ဒဿ ဥပ္ပလဝိသေသဝါစကတ္တာ (ကြာအထူးဟူသော အနက်ဟော၏ အဖြစ်ကြောင့်) ပဌမံ နိန္ဒာဝ (ကဲ့ရဲ့တာ အမှန်ပင်)၊ တဿေဝ သဒ္ဒဿ ပထဝီမဏ္ဍလဝါစကတ္တာ ဣဒ္ဓိမတော တဝ ဣဒံ ကိံ ဝိသေသံတိ (တစ်မြေပြင်လုံး လှုပ်စေနိုင်ခြင်းသည် မထူးဆန်းသေးပါဟု) ဥတ္တမဂုဏဝဏ္ဏနာ (မြတ်သောဂုဏ်ဖြင့် ချီးမွမ်းမှုကို) ကတာ ဟောတိ၊ သာစ သဗ္ဗထာ သိလေသံ နိဿာယ ပဝတ္တတီတိ-ထိုချီးမွမ်းခြင်းလည်း အခါခပ်သိမ်း (ကုဝလံပုဒ်ကဲ့သို့) သိလေသအလင်္ကာကို မှီ၍ ဖြစ်၏။ [ကုယာ (ပထဝိယာ)-၏+ဝလယံ (မဏ္ဍလံ)-အဝန်းတည်း၊ ကုဝလယံ။

မှတ်ချက်။ ။ဋီကာတို့၌ "အနက်နှစ်ထပ်ရသော သိလေသပုဒ် ရှိရမည်" ဟု ဆိုသော်လည်း ကာဗျဒဿ၌ကား ပုံစံနှစ်ခု ပြရာဝယ် သိလေသပုဒ်မပါသော ပုံစံကို ပထမ ပြ၏၊ ထိုပုံစံကား---

http://www.dhammadownload.com

ဝိသေသအလင်္ကာ၏လက္ခဏာ

၂၈၁။ ဝိသေသိ.စ္ဆာယံ ဒဗ္ဗဿ, ကြိယာဇာတိဂုဏဿ စ၊
ဝေကလ္လဒဿနံ ယတြ, ဝိသေသော နာမ.ယံ ဘဝေ။

၂၈၁။ ယတြ-အကြင်အလင်္ကာ၌၊ ဝိသေသိစ္ဆာယံ-ဂုဏ်အထူးကို ဆိုလိုသည်ရှိသော်၊ ဝါ-ဂုဏ်အထူးကို ဆိုလိုရာ၌၊ ဒဗ္ဗဿ-ဒြဗ်၏လည်းကောင်း၊ ကြိယာဇာတိဂုဏဿ စ-ကြိယာ,ဇာတ်,ဂုဏ်၏လည်းကောင်း၊ ဝေကလ္လဒဿနံ-ချို့တဲ့သည်၏အဖြစ်ကို ပြခြင်းသည်၊ ဟောတိ-ဖြစ်၏၊ အယံ-ဤထူးကဲပုံကို ဆိုလိုရာဝယ် ချို့တဲ့သည်၏ အဖြစ်ကို ပြရာ အလင်္ကာသည်၊ ဝိသေသော နာမ-ဝိသေသအလင်္ကာ မည်သည်၊ ဘဝေ-ဖြစ်၏။

တာပသေနာပိ ရာမေန, ဇိတာ.ယံ ဘူတရဏီ၊
တွယာ ရညာပိ သေဝါ.ယံ, ဇိတာ မာဘူ မဒေါ တဝ။

ရာမေန-ပရသုရာမသည်၊ တာပသေနာပိ-ရသေ့ဖြစ်ပါလျက်လည်း၊ အယံ ဘူတရဏီ-ဤမြေကြီးကို၊ ဇိတာ-အောင်အပ်ပြီ၊ တွယာ-အရှင်သည်၊ ရညာပိ-(ရာမထက် သာလွန်၍ အောင်စရာကောင်းသော) ရှင်ဘုရင်ဖြစ်ပါလျက်လည်း၊ သေဝ(သာ ဧဝ)အယံ-ထိုရာမမင်း အောင်အပ်သော ဤမြေပြင်ကိုသာ၊ ဇိတာ-ရာမနှင့် တန်းတူရုံမျှ အောင်အပ်ပြီ၊ တဝ-အရှင်မင်း၏၊ မဒေါ-မာန်တက်ကြွခြင်းသည်၊ မာ အဘူ-အဖြစ်ပါစေလင့်။ [ဤဂါထာ၌ စကားသုံးပုံမှာ ကဲ့ရဲ့သလို ထင်ရသော်လည်း ရှင်ဘုရင်၏ တစ်မြေပြင်လုံး အောင်သော စကြဝတေးမင်း ဖြစ်ပုံကို ချီးမွမ်းသောစကား ဖြစ်သည်။]

၂၈၁။ လောကဌ် ရသင့်သော အကူအညီကို မရရှိဘဲ တစ်ယောက်တည်းဖြင့် အကျိုးပြီးအောင် ရွက်ဆောင်နိုင်သူကို "ထူးခြားသူ=စွမ်းရည်သတ္တိရှိသူ"ဟု ခေါ်ရသကဲ့သို့, ထို့အတူ ဒြဗ်စသော အကူအညီ မပါဘဲ ဆိုင်ရာ အကျိုးပြီးအောင် ဆောင်ရွက်နိုင်သည့် သတ္တိထူးကို ဖော်ပြသော အလင်္ကာကိုလည်း "ဝိသေသအလင်္ကာ" ဟု ခေါ်ရသည်၊ [ဝိကလသ-ချို့တဲ့သော ဒြဗ်စသည်၏+ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာ (ချို့တဲ့ခြင်း, မပါခြင်း, မရှိခြင်း)သည်၊ ဝေကလ္လ-မည်၏။ ဂါထာကို ကြည့်၍ "ဒဗ္ဗဝိသေသဝုတ္တိ"စသည်ဖြင့် ၄ မျိုးပြားကြောင်းကို သိပါ။]

http://www.dhammadownload.com

ဒဗ္ဗဝိသေသဝုတ္တိ

၂၈၂။ နာ ရထာ နာ စ မာတင်္ဂါ, နာ ဟယာ နာ ပဒါတယော၊
ဇိတော မာရာရိ မုနိနာ, သမ္မာရာ·ဝဇ္ဇနေနဟိ။

၂၈၂။ ရထာ-တပ်တစ်စီတ်ဖွဲ့လောက်သော ရထားတို့သည်၊ နာ-မရှိကုန်၊ မာတင်္ဂါ စ-တပ်တစ်စီတ်ဖွဲ့လောက်သော ဆင်တို့သည်လည်း၊ နာ-မရှိကုန်၊ ဟယာ-တပ်တစ်စီတ်ဖွဲ့လောက်သော မြင်းတို့သည်လည်း၊ နာ-မရှိကုန်၊ပဒါတယော-တပ်တစ်စီတ်ဖွဲ့လောက်သော ခြေလျင်စစ်သားတို့သည်လည်း၊ နာ-မရှိကုန်၊ မုနိနာ-မြတ်စွာဘုရားသည်၊ သမ္မာရာ·ဝဇ္ဇနေနဟိ-ပါရမီတော် အဆောက်အဦတို့ကို ဆင်ခြင်တော်မူခြင်းဖြင့် သာလျှင်၊ မာရာရိ-မာရ်နတ်တည်းဟူသော ရန်သူကို၊ ဇိတော-အောင်တော်မူအပ်ပြီ။ [အယံ-ဤအလင်္ကာသည်၊ ဒဗ္ဗဝိသေသဝုတ္တိ-ဒဗ္ဗဝိသေသဝုတ္တိအလင်္ကာတည်း။]

၂၈၂။ ရန်သူကို အောင်မြင်ရာဝယ် စစ်တပ်အကူအညီရဖို့ အရေးကြီး၏၊ သို့သော် "ဘုရားကား ထိုစစ်တပ်အကူအညီ မပါဘဲ ပါရမီတော်များကို ဆင်ခြင်တော်မူခြင်းဖြင့်သာ မာရ်နတ်ရန်သူကို အောင်မြင်တော်မူသည်"ဟူရာ၌ ပါရမီခြင်ဆင်တော်မူခြင်း၏ စွမ်းရည်သတ္တိအထူး(ဝိသေသ)ကို ပြလိုခြင်းသည် ဝိသေသိစ္စာတည်း၊ ထိုသို့ ပြလိုရာဝယ် "နာ ရထာ"စသည်ဖြင့် ရထားစသော အထည်ဝတ္ထုဖြစ်များ၏ ချို့တဲ့ပုံ(မပါပုံ)ကို ပြသောကြောင့် "ဒဗ္ဗဝေကလ္လဒဿန"တည်း၊ ထို့ကြောင့် ဤဂါထာသည် "ဒဗ္ဗဝိသေသဝုတ္တိ"ပုံစံပြဂါထာဖြစ်သည်၊[ပဒါတိသဒ္ဒါသည် အဂ္ဂိကဲ့သို့ ပုလ္လိန်တည်း၊ "ပဒါတိ ပတ္တိ တု ပုမေ" အဘိဓာန်(၃၇၇)။]

ဋီကာဟောင်း။ ။အတြ-ဤဂါထာ၌၊ ဝိဇယောပကရဏစတုရင်္ဂိနီကလက္ခဏဒဗ္ဗာဘာဝေန-အောင်မြင်ခြင်း၏အဆောက်အဦဖြစ်သော စစ်အင်္ဂါလေးပါးလျှင် အမှတ်အသားရှိသော ဒြပ်၏ မရှိခြင်းဖြင့်၊ သမတ္တိံသပါရမိတာသခ်ါတသမ္မာရာဝဇ္ဇနသေဝ-ပါရမီသုံးဆယ်ဟူသော အဆောက်အဦကို ဆင်ခြင်တော်မူခြင်း၏သာလျှင်၊ မာရာရိဝိဇယလက္ခဏော ဝိသေသော ဝုတ္တော-မာရ်နတ်ရန်သူကို အောင်မြင်ခြင်း လက္ခဏာရှိသော အထူးကို ဆိုအပ်ပြီ။ [ဝိသေသသ-ကို+ဝုတ္တိ-

http://www.dhammadownload.com

ဆိုခြင်းတည်း၊ ဝိသေသဝုတ္တိ-ခြင်း၊ ဒဗ္ဗေန-တားမြစ်အပ်သောဒြဗ်ဖြင့်+ဝိသေသဝုတ္တိ-သမ္ဘာရာဝဇ္ဇန၏ ထူးခြားပုံကို ဆိုခြင်းတည်း၊ ဒဗ္ဗဝိသေသဝုတ္တိ-ခြင်း၊ ဒဗ္ဗေန (ဒဗ္ဗပဋိသေဓနတော)-ဒြဗ်ကို တားမြစ်ခြင်းအားဖြင့်+ဝိသေသကထနံ၊ (ဋီကာသစ်)။]

မှတ်ချက်။ ။"ရထာ"စသည်ဖြင့် ဗဟုဝုစ်ဆိုသောကြောင့် "ရထားအများ"စသည်ပါသော စုစ်တပ်ကို ဆိုလိုကြောင်း သိသာ၏၊ အခြံအရံနှင့်တကွသော ရထား ၃ စီး, ဆင် ၃ စီး, မြင်း ၃ စီးသည် အငယ်ဆုံးရထားတပ်, ဆင်တပ်, မြင်းတပ် မည်၏၊ ခြေလျင်စစ်သား အနည်းဆုံး ၄ ယောက်ဘည် ခြေလျင်တပ်စိတ် တစ်စိတ် မည်၏၊ ထိုတပ်စိတ် ၄ ခုကို "စစ်အင်္ဂါ ၄ ပါး"ဟု ခေါ်သည်၊ ရထားတစ်စီးလျှင် ယောကျ်ား ၄ ယောက် ခြံရံရ၏၊ ဆင်တစ်စီးလျှင် ယောကျ်ား ၁၂ ယောက် ခြံရံရ၏၊ မြင်းတစ်စီးလျှင် ယောကျ်ား ၃ ယောက် ခြံရံရ၏။

နဂရထာ နဂစမာတင်္ဂါ, နဟယာ နဂစပတ္တယော၊
ထိနမပင်္ဒိဋ္ဌော, ဇိယတေ ဇဂတိတ္တယံ။

ထိနံ-မိန်းမတို့သည်၊ဝါ-မိန်းမတို့မှာ၊ ရထာ-တပ်စိတ်ဖွဲ့လောက်သော ရထားတို့သည်၊ နဂ-မရှိကုန်၊ပေ၊ပတ္တယော-တပ်စိတ်ဖွဲ့လောက်သော ခြေလျင်စစ်သားတို့သည်၊ နဂ-မရှိကုန်၊အပင်္ဒိဋ္ဌော-မျက်ထောင့်ကလေးနှင့် ကြည့်ရုံမျှဖြင့်ပင်၊ ဝါ-မျက်စောင်းကလေးနှင့် ထိုးလိုက်ရုံဖြင့်ပင်၊ ဇဂတိတ္တယံ-လောကသုံးဘုံ အလုံးစုံကို၊ ဇိယတေ-အောင်အပ် အောင်နိုင်၏။ [ဤကာဗျဒဿပုံစံလည်း ဒဗ္ဗဝေကလ္လကို ပြလျက် မာတုဂါမတို့၏ သတ္တိထူးကို ပြဆိုသော ဒဗ္ဗဝိသေသဝုတ္တိအလင်္ကာတည်း။]

ဒဇ္ဈောနေကေ ဒမယန္တိ, အက္ခံသေဟိ ကသာဟိ စ၊
အဒဇ္ဈောန အသတ္ထေန, နာဂေါ ဒန္တော မဟေသိနာ။

စူဠဇဝဂ္ဂလာ ဤဂါထာကိုလည်း ဒဗ္ဗဝိသေသဝုတ္တိအလင်္ကာဂုဏ် ရောက်သော ဂါထာဟု ဆိုကြ၏၊ [လောကဥ်လည်း တစ်စုံတစ်ယောက်၏ စွမ်းရည်သတ္တိကို ခြီးကျူးလိုသောအခါ "ဒီလူက၊ တစ်စလယ်ချက်လောက်တော့ ဟင်းတောင်မလိုဘူး, ထမင်းချည်း ကုန်အောင် စားနိုင်တယ်" ဤသို့ စသည်ဖြင့် ဆိုင်ရာဒြဗ်၏ ချို့တဲ့မှုကို ပြ၍ ခြီးမွမ်းတတ်ကြသည်။]

http://www.dhammadownload.com

ကြိယာဝိသေသဝုတ္တိ

၂၈၃။ နာ ဗဒ္ဓါ ဘူကုဋိ္ဌ နေဝ-ဖုရိတော ဒသနစ္ဆဒေါ၊
မာရာရိဘင်္ဂာ-ကာသိ, မုနိဝီရော ဝရော သယံ။

၂၈၃။ ဘူကုဋိ္ဌ-မျက်မှောင်ကုပ်ခြင်းကိုလည်း၊ နာ ဗဒ္ဓါ-မဖွဲ့အပ်၊ ဝါ-မပြုအပ်၊ ဒသနစ္ဆဒေါ-နှုတ်ခမ်းတော်ကိုလည်း၊ နေဝ ဖုရိတော-မလှုပ်ရှားစေအပ်၊ စ-ထိုသို့ပင် ကျွန်ုပ် မပျက်ပါသော်လည်း၊ ဝရော-အမြတ်ဆုံးဖြစ်တော်မူသော၊ မုနိဝီရော-ရဲစွမ်းသတ္တိ, လုံ့လရှိတော်မူမူသော မြတ်စွာဘုရားသည်၊ သယံ-ကိုယ်တော်တိုင်၊ မာရာရိဘင်္-ရန်သူတော် မာရ်နတ်ကို ဖျက်ဆီးမှုကို၊ အကာသိ-ပြုတော်မူပြီ။ [အယံ-ဤ အလင်္ကာသည်၊ ကြိယာဝိသေသဝုတ္တိ-ကြိယာဝိသေသဝုတ္တိ အလင်္ကာတည်း။]

၂၈၃။ နာ ဗဒ္ဓါတျာဒိ။ ။လောကဋ္ဌ ရုန်သူကို အနိုင်သတ်ရာဝယ် ဒေါသအတွက်ကြောင့် မျက်မှောင်ကုပ်လျက်လည်း ရှိတတ်၏၊ ဒေါသ ပြင်းထန်လှသဖြင့် နှုတ်ခမ်းလည်း တလှုပ်လှုပ် ဖြစ်နေတတ်၏၊ ရဲရင့်လှသော ဘုရားရှင်ကား မျက်မှောင်တော်လည်း မကုပ်, နှုတ်ခမ်းတော်လည်း မလှုပ်ဘဲ ကိုယ်တော်တိုင်သာ ရန်သူတော်မာရ်နတ်ကို တွန်းလှန်ဖျက်ဆီးတော်မူလေပြီ။ [ဤ ဂါထာဋ္ဌ မျက်မှောင်ကုပ်ခြင်းကြိယာ, နှုတ်ခမ်းလှုပ်ခြင်းကြိယာတို့ကို တားမြစ်၍ ကျွန်ုပ်မပျက် ငြိမ်သက်စွာဖြင့် မာရ်နတ်အောင်ခြင်း အထူးကို ပြဆိုသောကြောင့် ကြိယာဝိသေသဝုတ္တိ အလင်္ကာဝုဏ် ရောက်သည်။]

ဋီကာ။ ။ဧတ္ထ ဘမုဘင်္ဂရုစနာဒိကံ (မျက်မှောင်ကုပ်မှုကို ပြုခြင်းအစရှိသော) ကြိယံ အကတွာ နိဗ္ဗိကာရံ (အထူးပြုခြင်း မရှိဘဲ) မာရဘင်္ဂသ (မာရ်နတ်နှိပ်နင်းခြင်းကို) ဝုတ္တတ္တာ ဧသော ကြိယာဝိသေသဝုတ္တိ နာမ၊-[ကြိယာယ-တားမြစ်အပ်သောကြိယာဖြင့်+ ဝိသေသဝုတ္တိ-ရန်သူမာရ်နတ်ကို အောင်နိုင်ခြင်းဂုဏ်ထူးကို ပြဆိုခြင်းတည်း၊ ကြိယာဝိသေသဝုတ္တိ-ခြင်း၊ ဒသနစ္ဆဒေါ-ဒန္တာဝရဏော၊ နေဝ ဖုရိတော-န ကမ္မာပိတော။] "ဒီလူက ပထမပြန်လောက်တော့ စာမကျက်ဘဲ အောင်နိုင်တယ်"ဟု ဆိုရာဋ္ဌလည်း ဤအလင်္ကာပင်တည်း။

http://www.dhammadownload.com

ဇာတိဝိသေသဝုတ္တိ

၂၈၄။ နဒိသာသု ဗျာတ္တာ ရံသိ, နာ-လောကော လောကပတ္ထဋ္ဌော၊ တထာ-ပျန္ဓတမဟရံ, ပရံ သာဓုသုဘာသိတံ။

၂၈၄။ ဒိသာသု-အရပ်မျက်နှာတို့၌၊ ဗျတ္တာ-ပျံ့နှံ့သော၊ ရံသိ-အရောင်သည်၊ နမရှိ၊ လောကပတ္ထဋ္ဌော-တစ်လောကလုံး၌ ပျံ့နှံ့သော၊ အာလောကော-အလင်းသည်၊ နမရှိ၊ တထာပိ-ထိုသို့ပင် အရောင်အလင်း မရှိပါသော်လည်း၊ သာဓုသုဘာသိတံ-သူတော်ကောင်းတို့ ကောင်းစွာဟောအပ် တရားမြတ်သည်၊ ပရံ-လွန်စွာ၊ အန္ဓတမဟရံ-အမိုက်မှောင်ကို ပယ်ဖျောက်နိုင်ပါပေ၏။ [အယံ-ဤအလင်္ကာသည်၊ ဇာတိဝိသေသဝုတ္တိ-ဇာတိဝိသေသဝုတ္တိတည်း။]

၂၈၄။ နဒိသာသုတျာဒိ။ ။လောက၌ အမှောင်ကို ပယ်ဖို့ရန် နေရောင်လရောင် မီးရောင်စသော အရောင်သော်လည်း ရှိရ၏၊ အရောင်တိုက်ရိုက်မရလျှင် ဘေးပတ်ဝန်းကျင်၌ရှိသော အရောင်၏အစွမ်းကြောင့် လင်းနေသော အလင်းသော်လည်း ရှိရ၏၊ ထိုသို့ အရောင်အလင်း မပါဘဲ သူတော်ကောင်းတို့၏ တရားတော်သည် အမိုက်အမှောင်ကို အလွန်ပင် ပယ်ဖျောက်နိုင်ပါပေသည်။

ဆက်ဦးအံ့–အရောင်အလင်းဟူသည် ဇာတ်တစ်မျိုးတည်း၊ ထိုသို့ အရောင်အလင်း အမျိုးအစား မပါရှိခြင်းသည် ဇာတိဝေကလ္လ(ဇာတ်အမျိုး၏ချို့တဲ့မှု)တည်း၊ ထိုသို့ အရောင်အလင်းမျိုး မပါဘဲ တရားတော်၏ မောဟမှောင်ကို ပယ်နိုင်ခြင်းကား မဖြစ်စဖူး ထူးဆန်းသော ဝိသေသတည်း၊ ထို့ကြောင့် ဤဂါထာသည် ဇာတိဝိသေသဝုတ္တိကို ပြသောဂါထာ ဖြစ်သည်။ [ဇာတိယာ-တားမြစ်အပ်သော ဇာတ်အားဖြင့်+ဝိသေသဝုတ္တိ-တရားတော်၏ အမိုက်မှောင် ပယ်နိုင်ခြင်း သတ္တိထူးကို ဆိုခြင်းတည်း၊ ဇာတိဝိသေသဝုတ္တိ-ခြင်း။]

ဋီကာ။ ။ဒိသာသု ဗျတ္တာ ပတ္ထဋ္ဌာရံသိပိ နတ္ထိ။ [ပတ္ထဋ္ဌာဟု ဖွင့်သော ကြောင့် "ဝိပုဗ္ဗ အာပဓာတ်, တပစ္စည်းဖြင့် ဗျတ္တာ"ဟု ရှိသင့်၏၊ ကာဗျဒဿ၌ "ဗျာပ်တာ"ဟု ရှိသည်။] အန္ဓတမဟရံ-အတ္ထာနတ္ထတီရဏက္ခမဿ (အကျိုးရှိ-အကျိုးမဲ့ကို ဆုံးဖြတ်ခြင်း၌ ခံ့သော) ပညာစက္ခုဿ အန္ဓတာကရမောဟတမံ ဟရံ ဟောတီတိ။

http://www.dhammadownload.com

ဂုဏဝိသေသဝုတ္တိ

၂၈၅။ နံ ခရံ နံ ဟိ ဝါ ထဒ္ဓံ, မုနိန္ဒ ဝစနံ တဝ၊
တထာပိ ဂါဠှံ ခနတိ, နိမ္မုလံ ဇနတာမဒံ။

၂၈၅။ မုနိန္ဒ-အိုမြတ်စွာဘုရား၊ တဝ-ရှင်တော်မြတ်ဘုရား၏၊ ဝစနံ-စကားတော်သည်၊ နံ ခရံ-ကြမ်းလည်း မကြမ်းတမ်းပါ၊ နံ ဟိ ဝါ ထဒ္ဓံ-ခက်လည်း မခက်ထန်ပါ၊ တထာပိ-ထိုသို့ မကြမ်းတမ်း မခက်ထန်ပါသော်လည်း၊ ဇနတာမဒံ-သတ္တဝါအပေါင်း၏ ထောင်လွှားတက်ကြွမာန်မာနကို၊ နိမ္မုလံ-အမြစ်အရင်း မရှိအောင်၊ ဂါဠှံ-ပြင်းစွာ၊ ခနတိ-ပယ်နုတ်တော်မူနိုင်ပါပေ၏။ [အယံ-ဤအလင်္ကာသည်၊ ဂုဏဝိသေသဝုတ္တိ-ဂုဏဝိသေသဝုတ္တိအလင်္ကာတည်း။]

၂၈၅။ နံ ခရံတျာဒီ။ ။အမြစ်ပါအောင် တူးရသော ပေါက်တူး တူးရွင်းစသော အရာဝတ္ထုများသည် (ခရ)ခက်မာခြင်းဂုဏ်, ကြမ်းတမ်းခြင်းဂုဏ် ရှိစမြဲတည်း၊ ဘုရားရှင်၏ တရားစကားတော်သည်ကား ထိုသို့ ခက်မာခြင်း ကြမ်းတမ်းခြင်းဂုဏ် မရှိပါဘဲ သတ္တဝါအပေါင်း၏ မောက်မော် တက်ကြွ မာန်မာနကို အမြစ်ပါပြုတ်အောင် ပယ်နုတ်နိုင်သည်ကား လွန်စွာ ထူးဆန်းပါပေသည်။- -ဤဂါထာ၌ ခရဂုဏ် ထဒ္ဓဂုဏ် မရှိခြင်းကို တားမြစ်၍ စကားတော်၏ မဒတည်းဟူသော အမြစ်ကျွတ်အောင် တူးနိုင်သော သတ္တိထူးကို ချီးကျူးပြောဆိုသောကြောင့် ဂုဏဝိသေသဝုတ္တိအလင်္ကာဂုဏ် ရောက်သည်။ [ဂုဏောန-တားမြစ်အပ်သော ဂုဏ်အားဖြင့်+ဝိသေသဝုတ္တိ-တရားစကားတော်၏ ထူးခြားပုံကို ဆိုခြင်းတည်း၊ ဂုဏဝိသေသဝုတ္တိ-ခြင်း။]

ဋီကာ။ ။ခဏက္ခမအယောသံကုအာဒီသု-တူးခြင်း၌ ခဲ့သော သံတူးရွင်း အစရှိသည်တို့၌၊ လဗ္ဘမာနံ-ရကောင်းသော၊ ခရတ္တာဒိဂုဏ်-ခက်မာသည်၏အဖြစ် အစရှိသော ဂုဏ်ကို၊ ပဋိသေဓေတွာ-၍၊ ဗုဒ္ဓဝစနဿ-၏၊ မဒခဏာနသဘာဝသဒ္ဒါတဿ-မာန်မာနကို တူးခြင်းသဘောဟု ဆိုအပ်သော၊ ဝိသေသဿ ဝုတ္တတ္တာ အယံ ဂုဏသဘာဝဝုတ္တိ နာမ ဟောတိ။ [နတ္ထိ+မူလံ အဿ (ဤတူးခြင်း၏) ဣတိ နိမ္မူလံ၊ ဇနတာယ+မဒေါ ဇနတာမဒေါ။] ဂါဠှံ နိမ္မူလံတို့သည် ခဏနကြိယာ၏

http://www.dhammadownload.com

ရူဋ္ဌာဟ်ကာရ၏ လက္ခဏာ

၂၈၆။ ဒဿီယတေ·တိရိတ္တံ တု, သူရဝိရတ္တာနံ ယဟိ၊
ဝဒန္တိ ဝိညူ ဝစနံ, ရူဋ္ဌာဟ်ကာရ·မိဒိသံ။

၂၈၆။ ယဟိ-အကြောင်စကား၌၊ ဝါ-အကြောင်အလင်္ကာ်၌၊ အတိရိတ္တံ-အလွန်အက၊ သူရဝိရတ္တာနံ-ရဲစွမ်းသတ္တိ, လုံ့လရှိသူ၏ အဖြစ်ကို၊ ဒဿီယတေ-ပြအပ်၏၊ ဤဒိသံ-ဤကဲ့သို့ ရှုအပ်သော၊ ဝစနံ-စကားကို၊ ဝါ-အလင်္ကာကို၊ ရူဋ္ဌာဟ်ကာရံ-တက်ကြွမာန်မူခြင်းရှိသော စကားဟူ၍၊ ဝါ- ရူဋ္ဌာဟ်ကာရအလင်္ကာ ဟူ၍၊ ဝိညူ - ပညာရှိတို့သည်၊ ဝဒန္တိ-ဆိုကြကုန်၏။

ဝိသေသနဖြစ်သောကြောင့် "ဂါဠှံ (ပြင်းစွာသော) နိမ္မူလံ (အမြစ်မရှိသော) ခဏတိ ခဏနံ ကရောတိ-တူးမှုကို ပြု၏"ဟု အနက် ယောဇနာဖို့ရန် ဋီကာဖွင့်၏၊ ယခုကာလ၌ကား ထိုသို့ အနက်မပေးဘဲ "ဂါဠှံ-စွာ၊ နိမ္မူလံ-အောင်"ဟု ပေး၍ ခနတိ၌ ကြိယာဝိသေသနအဖြစ်ဖြင့် စာစပ်ကြသည်။

၂၈၆။ အလွန်အက ရဲစွမ်းသတ္တိ လုံ့လဝီရိယရှိကြောင်းကို ပြဆိုရာအလင်္ကာကို "ရူဋ္ဌာဟ်ကာရအလင်္ကာ"ဟူ၍ ပညာရှိတို့ ဆိုကြသည်၊ သူရော စ-ရဲရင့်သူလည်း ဟုတ်၏၊ သော-ထိုရဲရင့်သူဟူသည်၊ ဝီရော စ-မကြောက်မရွံ့ နောက်မတွန့်သူလည်း ဟုတ်၏၊ ဣတိ သူရဝီရော (ဝိသေသနောဘယပဒကမ္မဓာရဲ့) [ဋီကာ၌ "သူရော စ+ဝီရော စ"ဟု ဒွန်သမာသ်ပြသည်မှာ ပါဠိပျက်ဟန် တူ၏။] သူရဝီရဿ+ဘာဝေါ သူရဝီရတ္တာနံ (ရဲရင့်သော သတ္တိ, နောက်မတွန့်သော ဝီရိယကို ရစေ) ရူဋ္ဌော-တက်ကြွသော(ဝါ-ကြွားသော)+အဟံကာရော-ငါဟု ပြုခြင်း၊ ဝါ-ကြုံးဝါးခြင်းတည်း၊ ရူဋ္ဌာဟံကာရော-ခြင်း၊ တကယ် မကြုံးဝါးသော်လည်း ကြုံးဝါးသကဲ့သို့ ဖြစ်သော ရဲရင့်သော အမူအရာကိုလည်း "ရူဋ္ဌာဟံကာရ" ဟုပင် ခေါ်ရသည်၊ ထို့ကြောင့် ပုံစံ၌ ဘုရားရှင်၏ ရူဋ္ဌာဟံကာရကို ပြလတ္တံ့။

http://www.dhammadownload.com

ရူဠှာဟ်ကာရပုံစံ

၂၈၇။ ဒမေ နန္ဒောပနန္ဒဿ, ကီ မေ ဗျာပါရဒဿနာ၊
ပုတ္တာ မေ ပါဒသမ္ဘတ္တာ, သဇ္ဈာ သန္တေ.ဝ တာဒိသေ။

၂၈၇။ နန္ဒောပနန္ဒဿ-နန္ဒောပနန္ဒနဂါးမကို၊ ဒမေ-ဆုံးမခြင်း၌၊ မေ-ငါဘုရား၏၊ ဗျာပါရဒဿနာ-လုံ့လကြောင့်ကြ ဗျာပါရကို ပြတော်မူခြင်းဖြင့်၊ ကီ-ဘယ်အကျိုးရှိအံ့နည်း၊ တာဒိသေ-ထိုကဲ့သို့ ကိစ္စမျိုး၌၊ မေ-ငါဘုရား၏၊ ပါဒသမ္ဘတ္တာ-ခြေတော်ရင်း၌ ဝပ်စင်းခစားကြကုန်သော၊ သဇ္ဈာ-အဆင်သင့်ပင်, ပြင်ဆင်အပ်သော ချပ်ဝတ်တန်ဆာရှိကြကုန်သော၊ ပုတ္တာ-မောဂ္ဂလ္လာန် အစရှိသော သားတော်ကြီးတို့သည်၊ သန္တေ.ဝ-ထင်ရှားရှိကြကုန်သည်သာ။

၂၈၇။ နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမဖို့အရေး၌ ငါဘုရား ကြောင့်ကြစိုက်နေဖွယ် မလို၊ ဤကဲ့သို့ ကိစ္စမျိုးအတွက် အဆင်သင့် ပြင်ပြီးသားဖြစ်၍ ခြေရင်း၌ ခစားနေကြသော သားတော်များ ရှိကြသည်၊ "ထိုသားတော်များက ကြောင့်ကြစိုက်ကြလိမ့်မည်"ဟူလို၊ နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမခါနီး၌ ဘုရားရှင်က ကြုံးဝါးတော်မူလေဟန် ကြံဖန်၍ ဖွဲ့နွဲ့ထားသော ရူဠှာဟ်ကာရအလင်္ကာဂုဏ်ရောက်သောဂါထာ ဖြစ်သည်။

ဋီကာ။ ။ဗျာပါရဒဿနာ-ဘုဝနတ္တယေ ပဝတ္တမာနအာနုဘာဝေန စ သံပဝတ္တကိတ္တိသမူဟေန စ သမန္နာဂတဿ မယ္ပံ တာဒိသပယောဂဒဿနေန ကီ ပယောဇနံ(ဘာကြောင့်နည်း၊) ယသ္မာ မေ ပါဒသမ္ဘတ္တာ-မယ္ပံ စရဏာဝနတာ တာဒိသေ ကိစ္စေ သဇ္ဈာ-သန္နဒ္ဓါ(စစ်ပိုလ်ကြီးများကဲ့သို့ အသင့်ပြင်ပြီးသား ဖြစ်ကုန်သော) ပုတ္တာ ဗဟဝေါ သန္တိဧဝ၊ တသ္မာ (ထို့ကြောင့်တည်း၊) ဣတိ စေတောဝသိတာယ (စိတ်၏ဝသီဘော်သို့ ရောက်သည်၏ အဖြစ်ကြောင့်) သူရဝီရဘာဝေါ ဣဟ အတိရိတ္တံ (အလွန်အကဲ) ဒဿိတော ဟောတိ၊ ကုသဇာတ်တော်လာ အောက်ပါ ဂါထာလည်း ရူဠှာဟ်ကာရပင်တည်း။

ယော ဇယန္တ္ဟ ရထေ အသေ, နာနာ စိတ္တေ သမာဟိတေ၊
အထ ဒက္ခထ မေဝေဂံ, ဝိဓမေန္တသ သတ္တဝေါ။

http://www.dhammadownload.com

သိလေသ၏လက္ခဏာနှင့်အပြား

၂၈၈။ သိလေသော ဝစနာနေကာ–ဘိဓေယျေက·ပဒါယုတံ၊ အဘိန္နပဒဝါကျာဒိ–ဝသာ တေဓာ·ယ·မီရိတော။

၂၈၈။ အနေကာဘိဓေယျံ-များသော အနက်ရှိသော၊ ဧကပဒါယုတံ-တစ်ခုသောပုဒ်နှင့်ယှဉ်သော၊ ဝစနံ-သဒ္ဒါသည်၊ သ်လေသော-သိလေသမည်၏၊ အယံ-ဤသိလေသကို၊ အဘိန္နပဒဝါကျာဒိဝသာ-အဘိန္နပဒဝါကျ အစရှိသည်တို့၏ အပြားအားဖြင့်၊ တေဓာ-၃ ပါးပြား၏ဟူ၍၊ ဣရိတော-ဆိုအပ်၏။

၂၈၈။ သိလေသောတျာဒိ။ ။အပရောပိ အတ္ထော သိလိဿတိ ဧတ္ထာတိ သိလေသော-အနက်တစ်ခုကို ဟောခိုက် အခြားအနက်ကလည်း ငြိကပ်၍ ပါနေရာဖြစ်သော စကား (သဒ္ဒါ)သည် သိလေသမည်၏၊ (ဋီကာဝိဂ္ဂဟ)၊ ထိုစကားမျိုးပါရှိသော အဖွဲ့အနွဲ့သည်လည်း သိလေသအလင်္ကာဂုဏ်ရောက်သော အဖွဲ့အနွဲ့ မည်၏၊ ပုဒ်တစ်ခု၌ အနက်နှစ်ခု ရှိရာဝယ် ထိုအနက်များသည် ဥပမာန, ဥပမေယျအနက်များ ဖြစ်ရမည်-ဟု ဋီကာတို့ ဆိုကြသည်၊ ဤသိလေသသည် အဘိန္နပဒဝါကျသိလေသ, ဘိန္နပဒဝါကျသိလေသ, ဘိန္နာဘိန္နပဒဝါကျသိလေသ အားဖြင့် ၃ ပါးပြား၏။

[ဆောင်] အနက်တစ်ပါး, ဟောခိုက်ငြားဝယ်, အခြားအနက်, ကပ်လျက်ပါရာ, ထိုသဒ္ဒါ, မှတ်ပါ သိလေသ။

ဋီကာ။ ။သော ပန ယေန ကေနစိ သာဓမ္မရူပေန (တူသော သဘောရှိသည်၏အဖြစ်ဟူသော သဘောအားဖြင့်) ဥပမာနော ပမေယျဘူတာနံ အတ္ထာနံ သိလိဋ္ဌတ္တာ-အညမညံ ဖုသိတွာ ဌိတတ္တာ (အချင်းချင်း ထိစပ် ငြိကပ်၍ တည်ရာ၏အဖြစ်ကြောင့်) သိလေသော နာမ ၊ပေ၊ အဘိန္နပဒဝါကျာဒိဝသာ-အကတဝိကာရာနံ (အခြားအနက်ကို ဟောရာ၌ အထူးပြုပြင်အပ်သော ပြောင်းလွှဲမှု မရှိ, နဂိုပုဒ်အတိုင်းပင် ဟောနိုင်ကုန်သော) သျာဒျန္တတျာဒျန္တပဒသမန္နာဂတာနံ ဝါကျလက္ခဏောပေတဝါကျာနံ (သျာဒျန္တစသော ပုဒ်အများပါဝင်၍ "ပဒသမူဟော ဝါကျံ"ဟူသော ဝါကျလက္ခဏာနှင့် ပြည့်စုံကုန်သော) ဝါကျာနံ (ရိုးရာဝါကျတို့၏) ပဘေဒေန။--ဋီကာသစ်။

http://www.dhammadownload.com

အဘိန္နပဒဝါကျသိလေသော

၂၈၉။ အန္ဓတမဟရော ဟာရီ, သမာရုဠ္ဟော မဟောဒယံ၊
ရာဇတေ ရံသိမာလီ·ယံ, ဘဂဝါ ဗောဓယံ ဇနေ။

၂၈၉။ မဟောဒယံ-ကြီးကျယ်မြင့်ခေါင်, ဥဒယ်တောင်သို့၊ သမာရုဠ္ဟော-ကောင်းစွာ တက်ရောက်သော၊ အန္ဓတမဟရော-ပကတိအမှောင်ကို, ပယ်ဆောင်ဖျက်ဆီးနိုင်သော၊ ဟာရီ-စိတ်နှလုံးကို, ယူကျုံးဆွဲဆောင်နိုင်သော၊ ဝါ-နှစ်သက်ဖွယ်ရှိသော၊ ရံသိမာလီ-ရောင်ခြည်ပန်းကုံးရှိသော၊ အယံ ဘဂဝါ-ဤ ကျက်သရေဘုန်းရှိန်, ထိန်ထိန်တောက်လင်း, အရှင်နေမင်းသည်၊ ဇနေ-သတ္တဝါတို့ကို၊ ဗောဓယံ-နိုးစေလျက်၊ ရာဇတေ-တင့်တယ် တောက်ပ၏။

တစ်နည်း။ ။မဟောဒယံ-ကြီးကျယ်ပွားစီး, သဗ္ဗညုတဉာဏ်တည်းဟူသော ဥဒယ်တောင်သို့၊ သမာရုဠ္ဟော-ကောင်းစွာ တက်ရောက်တော်မူထသော၊ အန္ဓတမဟရော-မောဟအမှောင်ကို, ပယ်ဆောင်ဖျက်ဆီးတော်မူနိုင်ထသော၊ ဟာရီ-စိတ်နှလုံးကို, ယူကျုံး ဆွဲဆောင်နိုင်ထသော၊ ဝါ-နှစ်သက်ဖွယ်ရှိတော်မူထသော၊ ရံသိမာလီ-တရားတည်းဟူသော ရောင်ခြည်ပန်းကုံးရှိတော်မူထသော၊ အယံ ဘဂဝါ-ဤဘုန်းတော်ကြီးမား, ရှင်တော်မြတ်ဘုရားသည်၊ ဇနေ-ကျွတ်ထိုက်ကြသူ, နတ် လူဗြဟ္မာ, သတ္တဝါတို့ကို၊ ဗောဓယံ-ကိလေသာအိပ်ပျော်ခြင်းမှ နိုးစေလျက်၊ ရာဇတေ-တင့်တယ်တော်မူပါပေ၏။ [အယံ-ဤသိလေသအလင်္ကာသည်၊ အဘိန္နပဒဝါကျသိလေသော - အဘိန္နပဒဝါကျသိလေသတည်း။]

၂၈၉။ မဟောဒယံ။ ။မဟန္တော-ကြီးကျယ်သော+ဥဒယော-နေထွက်ရာ ဥဒယ်တောင်တည်း၊ (ဥပမာန နေနှင့် ဆိုင်သောအနက်) ဝါ-တိုးပွားခြင်းတည်း၊ (ဥပမေယျဘုရားရှင်နှင့် ဆိုင်သောအနက်) မဟောဒယော-ခြင်း၊ "တိုးပွားခြင်း"ဟူသည် သဗ္ဗညုတဉာဏ်တော်တည်း၊ ထို့ကြောင့် ဋီကာ၌ "သဗ္ဗညုပဒဝိသဒ်ါတံ မဟာဘိဝုဒ္ဓိ-သဗ္ဗညုဘုရားရှင်၏ လမ်းကြောင်းဟု ဆိုအပ်သော ကြီးကျယ်သော တိုးပွားခြင်းသို့"ဟု ဖွင့်သည်။

http://www.dhammadownload.com

အန္ဓတမဟာရော။ ။အန္ဓတမံ-စက္ခြဝဠာတစ်တိုက်လုံး၌ ပျံ့နှံ့သော ပကတိအမိုက်မှောင်ကို (နေအတွက်)၊ ဝါ-ဉာဏ်စက္ခုကို ကန်းအောင် ပြုတတ်သော မောဟမှောင်ကို (ဘုရားအတွက်)၊ ဟရတိ-ပယ်ဆောင်တတ်၏၊ ဣတိ အန္ဓတမဟာရော၊ [စက္ခဝါဠဂတ္တေ ပထ္ထတပကတိဃနန္ဓကာရသဒိသ (နေအတွက်)၊ ဉာဏလောစနသ-ဉာဏ်စက္ခုကို၊ အန္ဓကရဏတော-ကန်းအောင် ပြုတတ်သည့်အတွက်၊ အန္ဓကာရောတိ ဝုတ္တမောဟသဒိသ ဝါ (ဘုရားရှင်အတွက်) ဝိဒ္ဒံသကော။]

ဟာရီ, ရံသိမာလီ။ ။တေနေဝ မနုညော-ထိုသို့ အမိုက်မှောင်ကို ပယ်နိုင်သောကြောင့်ပင် နှစ်သက်ဖွယ်ကောင်းသော၊ [ဟာရော-စိတ်နှလုံးကို ယူကျုံးဆွဲငင်နိုင်ခြင်းသည်၊ အသ အတ္ထိတိ ဟာရီ။] ရံသိမာလာ-အရောင်ပန်းကုံးသည် (နေဖို့) တရားရောင်ခြည်ပန်းကုံးသည် (ဘုရားရှင်ဖို့) အသ အတ္ထိတိ ရံသိမာလီ။

ဇနေ ဗောဓယံ ဘဂဝါ။ ။ပကတိနိဒ္ဒါယ-ပကတိအိပ်ခြင်းနှင့် (နေဖို့)၊ ကိလေသနိဒ္ဒါယ-ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းနှင့်၊ သမန္နာဂတေ သတ္တေ-တို့ကို၊ ဗောဓေတိ-နိုးစေတတ်၏၊ ဣတိ ဗောဓယံ၊ ဘဂါ ယဿ အတ္ထိတိ ဘဂဝါ-ဘုန်းရှိသော နေမင်း၊ ဘုန်းတော် ၆ ပါး ရှိတော်မူသော ဘုရားရှင်။

အဘိန္နပဒဝါကျသိလေသ။ ။တစ်ပုဒ် တစ်ပုဒ်လျှင် နေကို အရကောက်ရသောအနက်, ဘုရားရှင်ကို အရကောက်ရသော အနက်အားဖြင့် အနက် နှစ်ထပ် ပါ၏၊ ထိုသို့ အနက်နှစ်ထပ်ရသော်လည်း ပထမအနက်ကို ဟောသောပုဒ်သည် နဂိုအတိုင်း မပျက်ဘဲ ဒုတိယအနက်ကိုလည်း ဟောနိုင်သောကြောင့် "အဘိန္နပဒ"များ ဖြစ်ကြ၏၊ ထိုအဘိန္နပဒများ ပါရှိရာ ဝါကျသည်ပင် သိလေသဝါကျ ဖြစ်သောကြောင့် အဘိန္နပဒဝါကျသိလေသအမည်ရသည်။ [ဘိဇ္ဇန္တေတိ ဘိန္နာနိ၊ န+ဘိန္နာနိ အဘိန္နာနိ၊ အဘိန္နာန်+ပဒါနိ ယသ္မိံတိ အဘိန္နပဒ-မပျက်သော ပုဒ်များပါရှိရာ ဝါကျ၊ အဘိန္နပဒဝါကျသဒ်ါတော+သိလေသော အဘိန္နပဒဝါကျသိလေသော။- ဋီကာသုစ်၏ရှေ့ဂါထာအဖွင့်နှင့် ပေါင်းထားသည်။]

http://www.dhammadownload.com

ဘိန္နပဒဝါကျသိလေသော

၂၉၀။ သာရဒါ.မလကာဘာသော, သမာနီတပရိက္ခယော၊
ကုမုဒါကရသမ္ဘောဓော, ပီဏော တိ ဇနတံ သုခီ။

၂၉၀။ သာရဒေါ-သရဒဉတုဠ်ဖြစ်ထသော၊ အမလကာဘာသော-အညစ်ကြေးကင်း, သန့်ရှင်းသော အရောင်လည်းရှိထသော၊ သမာနီတပရိက္ခယော-လဆုတ်ပက္ခ, တစ်ရက်မှလျှင်, နေ့စဉ်ကုန်ဆုတ်, ကလာ၏ယုတ်လျော့ခြင်းသို့လည်း ဆောင်တတ်ထသော၊ ကုမုဒါကရသမ္ဘောဓော-ကုမုဒြာကြာဖြူတော၏ ပွင့်လန်းခြင်းလည်း ရှိထသော၊ သုခီ-အမြိုက်သုဓာ, နတ်ဩဇာရှိသော လမင်းသည်၊ ဇနတံ-သတ္တဝါအပေါင်းကို၊ ပီဏော တိ-နှစ်သက်စေနိုင်၏။

တစ်နည်း။ ။သာရဒေါ-မြတ်သောနိဗ္ဗာန်ကို ပေးတော်မူတတ်ထသော၊ အမလကာဘာသော-အညစ်ကြေးကင်းသော ကေတုမာလာအရောင်လည်းရှိတော်မူထသော၊ သမာနီတပရိက္ခယော-အေးနိဗ္ဗာန်သို့, ဆောင်ပို့အပ်သည့်, ကိလေသာရန်၏ ကုန်ခန်းခြင်းလည်း ရှိတော်မူထသော၊ ကုမုဒါကရသမ္ဘောဓော-တစ်မြေပြင်လုံး, ရွှင်ပြုံးပြုတတ်, လေးရပ်သစ္စာကို သိခြင်းလည်း ရှိတော်မူထသော၊ သုခီ-တင့်တယ်စွာဘိ, သဗ္ဗညုတဉာဏ် ရှိတော်မူသော မြတ်စွာဘုရားသည်၊ ဇနတံ-သတ္တဝါအပေါင်းကို၊ ပီဏော တိ-နှစ်သက်စေနိုင်၏။ [အယံ-ဤသိလေသသည်၊ ဘိန္နပဒဝါကျသိလေသော-ဘိန္နပဒဝါကျသိလေသတည်း။]

၂၉၀။ သာရဒေါ။ ။သရဒေ-သရဒဉတုဠ်+ဘဝေါ-ဖြစ်သော လတည်း၊ သာရဒေါ-သရဒဉတုဠ် ဖြစ်သော လ။ [တော်သလင်းလပြည့်ကျော် တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ၂ လကို "သရဒဉတု"ဟု ခေါ်သည်။] (တစ်နည်း) သာရံ-နိဗ္ဗာန်တရားအနှစ်ကို+ဒဒါတိ-(ဝေနေယျတို့အား) ပေးတော်မူတတ်၏၊ ဣတိ သာရဒေါ (ဘုရား)။ [လကို အရကောက်ရာ၌ ပုဒ်ပြီးပုံတစ်မျိုး, ဘုရားရှင်ကို အရကောက်ရာ၌ ပုဒ်ပြီးပုံတစ်မျိုးအားဖြင့် ပုဒ် ၂ မျိုးကွဲပြား၍ "ဘိန္နပဒ"ဖြစ်ပုံကို သတိပြုပါ၊ နောက်၌လည်း ဤနည်းအတိုင်း ကွဲပြားလိမ့်မည်။]

http://www.dhammadownload.com

အမလကာဘာသော။ ။နတ္ထိ မလံ ယဿာတိ အမလော၊ အမလော ယေဝ +အမလကော၊ အမလကော+အာဘာသော ယဿာတိ အမလကာဘာသော(စန္ဒော)၊ ကမ္မို(မတ္ထကေ)အာဘာသော ကာဘာသော=ဦးထိပ်တော်၌အရောင်။ [ထိုအရောင်ကို "ကေတုမာလာ ရောင်"ဟု ခေါ်သည်။] အမလော+ကာဘာသော ယဿာတိ အမလကာဘာသော (ဘုရား)။

တစ်နည်း။ ။သရဒပုဒ်ကို "အာဘာသော"၏ ဝိသေသနဟု ကြံ၍ ဋီကာ၌ တစ်နည်းဖွင့်သေး၏၊ သာရဒါမလကာဘာသော-သရဒဥတု၌ ဖြစ်သော အညစ်အကြေး မရှိသော အရောင်ရှိသော လ၊ ဝါ-မြတ်သော နိဗ္ဗာန်ကို ပေးတော်မူတတ်သော အညစ်အကြေး မရှိသော ကိုယ်ရောင် ရှိတော်မူသော ဘုရား၊ တစ်နည်း-ဘုရားကို အရကောက်ရသောနည်း၌ "သာရဒ+အာမလက+အာဘာသော"ဟု ပုဒ်ခွဲ၍ "မြတ်သော နိဗ္ဗာန်ကို ပေးတတ်သော လက်အပြင့်၌ ထားအပ်သော သျှိသျှားသီးကို မြင်သကဲ့သို့ ညေယျတရားတို့ကို မြင်နိုင်သော သဗ္ဗညုတဉာဏ်ရောင် ရှိတော်မူသော ဘုရား။

သမာနီတပရိက္ခယော။ ။ကဏ္ဌပက္ခေ သုဋ္ဌု ကမေန အာနီတ ပရိက္ခယော ပရိပုဏ္ဏစန္ဒော၊ "သံ+အာနီတ+ပရိက္ခယော"ဟု ခွဲ၊ သံကို "သုဋ္ဌု" သုဋ္ဌုကို "ကမေန"ဟု ဖွင့်သည်၊ ပြည့်နေသော လကို လဆုတ် ပက္ခကျလျှင် အစဉ်အတိုင်း "ကလာ"ဟု ခေါ်သော အစိတ်အစိတ်၏ ကုန်ခန်း ဆုတ်ယုတ်ခြင်းသို့ ဆောင်သည်-ဟူလို၊ ["သမ္မာ+အာနီမဟာ သမာနီတော၊ သမာနီတော+ပရိက္ခယော အနေနာတိ သမာနီတပရိက္ခယော"ဟု ပြု။] သမသဒ္ဒါတံ သန္တိံ အာနီတကိလေသပရိဟာနိသဒ္ဒါတ ပရိက္ခယော၊ "သမ+အာနီတ+ပရိက္ခယော"ဟု ခွဲ၊ သမကို "သန္တိံ-နိဗ္ဗာန်သို့"ဟု ဖွင့်၊ ပရိက္ခယကိုလည်း "ကိလေသပရိဟာန်"ဟု ဖွင့်သည်၊ နိဗ္ဗာန်သို့ ပို့ဆောင်အပ်သော ကိလေသာကုန်ခမ်းခြင်း ရှိတော်မူသော ဘုရား။ [သမံ+အာနီတော သမာနီတော၊ သမာနီတော+ပရိက္ခယော ယေနာတိ သမာနီတပရိက္ခယော။]

ကုမုဒါကရသမ္မောဓော။ ။ကုမုဒါနံ-ကုမုဒြာကြာတို့၏+အာကရော-ပေါ်ထွက်ရာကြာတောတည်း၊ ကုမုဒါကရော-တော၊ ကုမုဒါကရဿ-၏။

http://www.dhammadownload.com

သမ္မောဓော-ပွင့်ခြင်းသည်၊ ယဿ အတ္ထိတိ ကုမုဒါကရသမ္မောဓော-ကုမုဒြာကြာတော၏ ပွင့်ခြင်းရှိသော လ၊ [ကုမုဒါကရဝိကသနေန သမန္နာဂတော၊-ဋီကာ၊] ဘုရားရှင်ကို အရကောက်ရာ၌ကား "ကု"သဒ္ဒါသည် "မြေ"ဟူသော အနက်ကို ဟော၏၊ မြေပြင်၌ နေကြသော သတ္တဝါအပေါင်းကိုကား ဌာနူပစာရအားဖြင့် ဟောသည်၊ မုဒံ-နှစ်သက်ဝမ်းမြောက်ခြင်းကို+ကရောတီတိ မုဒါကရော၊ ကုယာ-မြေ၌ မှီသူလူအပေါင်း၏+မုဒါကရော ကုမုဒါကရော၊ ကုမုဒါကရော+သမ္မောဓော (သစ္စာလေးပါးကို သိခြင်း) ယဿ အတ္ထိတိ ကုမုဒါကရသမ္မောဓော။ [ကုသခ်ီတပထဝိနိဿိတာနံ ဇနာနံ ပီတိဇနနစတုသစ္စာဝဗောဓေန သမန္နာဂတော။]

သုဓီ။ ။သုဓာသခ်ီတ အမတဝန္တတာယ (အမြိုက်သုဓာရှိသည်၏ အဖြစ်ကြောင့်) တန္နာမကော စန္ဒေါ-ထိသုဓီအမည်ရှိသော လ၊ [သုဓာယဿ အတ္ထိတိ သုဓီ၊] သုန္ဒရပညဝန္တတာယ တန္နာမကော သမ္မာသမ္ဗုဒ္ဓေါ။ ["သု+ဓီ"ဟု ၂ ပုဒ်ခွဲ၊ "သောဘနာ+ဓီ (ပညာ) ယဿ အတ္ထိတိ သုဓီ"ဟု ပြု။]

ဘိန္နပဒဝါကျသ်လေသော။ ။ဤပြခဲ့သည့်အတိုင်း လကို အရကောက်ရသော ပုဒ်က၁ တစ်မျိုး, ဘုရားရှင်ကို အရကောက်ရသော ပုဒ်က တစ်မျိုး ဤသို့ နှစ်မျိုးကွဲပြားသောကြောင့် "သာရဒေါ"စသော ပုဒ်များသည် အသံတူသော်လည်း ရုပ်ပြီးပုံ ကွဲပြားသော "ဘိန္နပဒ"များဖြစ်ကြ၏၊ ထိုဘိန္နပဒများချည်း ပါရှိရာ ဖြစ်သောကြောင့် ဤဂါထာဝါကျတစ်ခုလုံး "ဘိန္နပဒဝါကျ သိလေသ"ဖြစ်၏။ [ဥဘယပက္ခေသုပဒံ ဘိန္ဒိတ္တာ (ပုဒ်ကို ဖျက်၍) အတ္ထဿ ယောဇနတော (အနက်ကို ယှဉ်စေရခြင်းကြောင့်) အယံ ဘိန္နပဒဝါကျသိလေသော။]

မှတ်ချက်။ ။"ပဒဝါကျ"၌ ဝါကျဟူသည် ဝိဂြိုဟ်ဝါကျလော, ပုဒ်အပေါင်းကို ခေါ်သော ရိုးရာဝါကျလောဟု စဉ်းစားကြ၏၊ ဝိဂြိုဟ်ဝါကျ၏ ကွဲပြား-မကွဲပြားမှုကို "ဘိန္န-အဘိန္န"သဒ္ဒါတို့က ပြပြီးဖြစ်၏၊ ထို့ကြောင့် ထိုဘိန္နပဒ-အဘိန္နပဒတို့ ပါရှိရာ (ပဒသမူဟဖြစ်သော) ရိုးရာဝါကျကိုသာ "ပဒဝါကျ" ဆိုဘ၁ည်ဟု မှတ်၊ ရှေ့ဂါထာများ အဖွင့်၌ ဋီကာဝိဂြိုဟ်များနှင့် "သျာဒျန္တ တျာဒျန္တပဒသမန္နာဂတာနံ ဝါကျလက္ခဏောပေတဝါကျာနံ"ဟူသော စကားကို ထောက်ပါ။

http://www.dhammadownload.com

ဘိန္နာဘိန္နပဒဝါကျသိလေသော

၂၉၁။ သမာဟိတတ္တာဝိနယော, အဟိနမဒမဒ္ဒနော၊
သုဂတော ဝိသဒံ ပါတု, ပါဏိနံ သော ဝိနာယကော။

၂၉၁။ သမာဟိတတ္တာဝိနယော-ကောင်းစွာထားအပ်သောကိုယ်ကို လိုရာသို့ ဆောင်သွားခြင်းလည်း ရှိထသော၊ အဟိနမဒမဒ္ဒနော-မြွေများသနင်း, နဂါးမင်း ဘို့၏ မာန်စွယ်ကို, နှိပ်နယ်ဖျက်ဆီးနိုင်ထသော၊ သုဂတော-ကောင်းသော သွားခြင်းလည်း ရှိထသော၊ သော ဝိနာယကော-ထိုင့်များသနင်း, ဂဠုန်မင်းသည်၊ ဝိသဒံ-အဆိပ်ကို ပေးတတ်သော၊ ပါဏိနံ-နဂါးသတ္တဝါအပေါင်းကို၊ ပါတု-မည်ဉီးဆဲသောအားဖြင့် စောင့်ရှောက်ပါစေသတည်း။

တစ်နည်း။ ။သမာဟိတတ္တာဝိနယော-ကောင်းစွာထားအပ်ပြီးသော စိတ်ကို ဆုံးမခြင်းရှိတော်မူထသော၊ အဟိနမဒမဒ္ဒနော-မယုတ်မငယ်, ကြီးကျယ် မြတ်စွာ, နတ်ပြဟ္မာတို့၏ မာန်ယစ်ခြင်းကို နှိပ်နင်းတော်မူနိုင်ထသော၊ သုဂတော-ကောင်းသော ဉာဏ်တော်၏ဖြစ်ခြင်း, ကိုယ်တော်၏ သွားခြင်း ရှိတော်မူထသော၊ သော ဝိနာယကော-သတ္တဝါတို့ကို ဆုံးမတော်မူတတ်သော ထိုမြတ်စွာဘုရားသည်၊ ပါဏိနံ-သတ္တဝါအပေါင်းကို၊ ဝိသဒံ-ရဲရဲဝံ့ဝံ့၊ ဝါ-သန့်ရှင်းစင်ကြယ်စွာ၊ ပါတု-စောင့်ရှောက်တော်မူပါစေသတည်း။ [အယံ-ဤသိလေသသည်၊ ဘိန္နာဘိန္နပဒဝါကျသိလေသော-ဘိန္နာဘိန္နပဒဝါကျသိလေသတည်း။]

၂၉၁။ သမာဟိတတ္တာဝိနယော။ ။အတ္တာသ-ကိုယ်ကို၊ ဝါ-စိတ်ကို၊ ဝိနယော-(ဝိပုဗ္ဗ နီဓာတ်) လိုရာသို့ ဆောင်သွားခြင်း၊ ဝါ-ဆုံးမခြင်း၊ အတ္တာဝိနယော-ခြင်း၊ "သမာဟိတော+အတ္တာဝိနယော ယဿာတိ သမာဟိတတ္တာဝိနယော"ဟု ဝစနတ္ထပြု။ ဤအနက် ၂ ပါးဌ် ပုဒ်ပြီးပုံ မကွဲပြားသောကြောင့် ဤပုဒ်သည် အဘိန္နပဒ ဖြစ်၏၊ [သမ္မာ အာဟိတာယ (ထပိတာယ) သရီရဿ သဝိသယေ ဂတိယာ သမန္နာဂတော-ပျံသွားသောအခါ ကိုယ်ကို ကောင်းစွာ ထား၍ မိမိ၏ အရာဝယ် ပျံသွားခြင်းနှင့် ပြည့်စုံသော ဂဠုန်, သမ္မာ အာဟိတေန ထပိတေန စိတ္တဒမနေန သမန္နာဂတော-ဘုရားရှင်။

http://www.dhammadownload.com

အဟီနမဒမဒ္ဒနော။ ။အဟီနံ-မြွေတို့၏၊ ဣနော-အစိုးရသော မင်းတည်း၊ အဟီနော-မြွေမင်း၊ ဝါ-နဂါးမင်း၊ န+ဟီနာ အဟီနာ-မယုတ်ညံ့သူ, မြင့်မြတ်သူတို့၊ အဟီနာနံ+မဒမဒ္ဒနော အဟီနမဒမဒ္ဒနော၊ အဟီနဒ္ဒ ပုဒ် ၂ မျိုး ကွဲသောကြောင့် ဘိန္နပဒတည်း။ [နာဂရာဇူနံ မဒမဒ္ဒနော-အဟီနာနံ (ဥတ္တမာနံ) ဗကဗြဟ္မာဒီနံပိ မဒမဒ္ဒနော။]

သုဂတော။ ။သုန္ဒရံ+ဂတံ ယဿာတိ သုဂတော၊ အနက် နှစ်ရပ်လုံးဒ္ဒပင် ပုဒ်ပြီးပုံ မကွဲပြားသောကြောင့် အဘိန္နပဒတည်း၊ [ပက္ခ ဝါတဝေဂေန-အတောင်လေဟုန်ဖြင့်၊ သမုဒ္ဒဇလံ ဒ္ဝိဓာ ကတွာ-သမုဒ္ဒရာရေကို နှစ်ဖြာခွဲ၍၊ တသ္မိံ ဇလေ အနေကဘူတေယေဝ-ထို ကွဲပြီးသောရေသည် တစ်ခုတည်းမဖြစ်မီ (ပြန်၍မစေ့သေးမီ)သာလျှင်၊ နာဂဘဝနံ ဂန္တွာ နာဂေ ဂဟေတွာ ဂမနသမတ္ထတ္တာ, သုန္ဒရဂမနော-ဂဋ္ဌုန်၊ သမန္တာဘဒ္ဒကအနေကပွကာရဂမနော-ထက်ဝန်းကျင် ကောင်းသော ကာယဂတိ ဉာဏဂတိအားဖြင့် အမျိုးမျိုးသော သွားခြင်းရှိသော မြတ်ဘုရား။]

ဝိသဒံ ပါဏိနံ။ ။ဝိသံ+ဒဒါတီတိ ဝိသဒေါ၊ ယောရဝိသတ္တာ (ကြမ်းသော အဆိပ်ရှိသည်၏အဖြစ်ကြောင့်) ဝိသဒါယကံ၊ ပါဏိနံ နာဂလောကံ၊ ဝိသဒံ-ဝိသာရဒံ ကတွာ (ရဲရင့်စွာ)၊ ဤဝိသဒံပုဒ်သည် "ဝိသ+ဒ" "ဝိသဒ"ဟု ၂ မျိုး ကွဲပြားသောကြောင့် ဘိန္နပဒတည်း။ [ဝိသဒံဒ္ဒ "ဝိသာရဒံ" ဖွင့်ခြင်းကို မနှစ်သက်ကြ၊ "ဝိသဒဉာဏ-သန့်ရှင်းသော ဉာဏ်"ဟူရာဒ္ဒကဲ့သို့ "နိမ္မလ"အနက်ကို ယူလိုကြသည်။]

ပါတု။ ။အဟိံသနဝသေန ပါလေတု၊ အဟိတာပနယနဟိတော ပနယနေန ရက္ခတု-အဟိတကို ပယ်ခြင်း, ဟိတကို ကပ်ဆောင်ခြင်းအားဖြင့် စောင့်ရှောက်တော်မူပါ၊ ဤပုဒ်နှင့်ပါဏိနံပုဒ်လည်း အဘိန္နပင်။

ဝိနာယကော။ ။ဝိနံ-ဌက်တို့၏+နာယကော-အကြီးအကဲတည်း၊ ဝိနာယကော-(ဂဋ္ဌုန်)၊ ဝိနေတိ-ဝေနေယျတို့ကို ဆုံးမတော်မူတတ်၏၊ ဣတိ ဝိနာယကော-(ဘုရားရှင်)၊ ဤပုဒ်သည် ဘိန္နပဒတည်း၊ ဤသို့ ဘိန္နပဒ-အဘိန္နပဒ ပုဒ်နှစ်မျိုး ပါရှိသော ဝါကျဖြစ်သောကြောင့် ဤဂါထာသည် ဘိန္နာဘိန္နပဒဝါကျသိလေသပုံစံ ဖြစ်သည်။

http://www.dhammadownload.com

သိလေသအပြားတစ်မျိုး

၂၉၂။ **ဝိရုဒ္ဓါဝိရုဒ္ဓါဘိန္နာ–ကမ္မာ နိယမဝါ.ပရော၊**
နိယမက္ခေပဝစနော, အဝိရောဓိ ဝိရောဓျ.ပိ။

၂၉၃။ **ဩစိတျ သမ္မောသကာဒိ–သိလေသော ပဒဇာဒိပိ၊**
ဧသဲ နိဒဿနေသွေဝ, ရူပ.မာဒိ ဘဝိဿတိ။

၂၉၂, ၂၉၃။ ဝိရုဒ္ဓါဝိရုဒ္ဓါဘိန္နကမ္မာ-ဝိရုဒ္ဓကမ္မသိလေသ, အဝိရုဒ္ဓကမ္မသိလေသ, အဘိန္နကမ္မသိလေသတို့လည်းကောင်း၊ နိယမဝါ-နိယမဝန္တသိလေသလည်းကောင်း၊ အပရော-တစ်ပါးသော၊ နိယမက္ခေပဝစနော-နိယမက္ခေပဝစနသိလေသလည်းကောင်း၊ အဝိရောဓိ-အဝိရောဓိသိလေသလည်းကောင်း၊ ဝိရောဓျပိ(ဝိရောဓိ+အပိ)-ဝိရောဓိသိလေသလည်းကောင်း၊ ပဒဇာဒိ-ပုဒ်ကြောင့်ဖြစ်သော ပဒဇ အစရှိသော၊ ဩစိတျသမ္မောသကာဒိသိလေသောပိ-ဩစိတျသမ္မောသကအစရှိသော သိလေသလည်းကောင်း၊ (ကွတိ-ဤသို့၊) ဧသဲ-ဤသိလေသတို့၏၊ ရူပ်-သရုပ်သဘောသည်၊ နိဒဿနေသွေဝ-ဥဒါဟရဏ်တို့၌ပင်၊ အာဝိဘဝိဿတိ-ထင်စွာ ဖြစ်လတ္တံ့။

၂၉၂, ၂၉၃။ ဘိန္နပဒဝါကျသိလေသ-စသော ၃ မျိုး အပြားအပြင်, အခြားနည်းအားဖြင့် သိလေသအပြားကို ပြပြန်လိုသောကြောင့် "ဝိရုဒ္ဓါဝိရုဒ္ဓါဘိန္နာ" စသော ၂ ဂါထာကို မိန့်၊ ဂါထာအတိုင်း ခေါင်းစဉ် မာတိကာကိုသာ မှတ်သားနှင့်ပါ။

အာဒိ ၂ ပုဒ်။ ။"ပဒဇာဒိ, ဩစိတျသမ္မောသကာဒိ"ဟု အာဒိ ၂ ပုဒ် ရှိ၏၊ ပဒဇာဒိ၌ အာဒိဖြင့် ဝါကျဇကို ယူ၊ သမ္မောသကာဒိ၌ အာဒိဖြင့် ဥပမာသိလေသစသော (အခြားအလင်္ကာများ၌ ပါသော) သိလေသများကို ယူပါ။ [ပဒတော+ဇာတော ပဒဇော၊ ပဒဇော+အာဒိ ယဿ ဝါကျဇဿာတိ ပဒဇာဒိ၊ ဩစိတျံ+သမ္မောသေတီတိ ဩစိတျသမ္မောသကော၊ သော-အာဒိ ယဿ ဥပမာသိလေသာဒိနောတိ ဩစိတျသမ္မောသကာဒိ၊ (ဋီကာသစ်ဝဂ္ဂဟ)၊ ဋီကာဟောင်း၌ "သော+အာဒိ ယဿ အလင်္ကာရန္တရဂေါစရဿ သိလေသဿာတိ ဩစိတျသမ္မောသကာဒိ"ဟု ပြု၏၊ "အလင်္ကာရန္တရဂေါစရဿ-ဥပမာအလင်္ကာစသော အလင်္ကာတစ်ပါးလျှင် ကျက်စားရာရှိသော၊ ယဿ သိလေသဿ-၏"ဟု ပေး၊ အဓိပ္ပာယ်မှာ ဋီကာသစ်နှင့် သဘောတူပင်တည်း။]

http://www.dhammadownload.com

ဝိရုဒ္ဓကမ္မသိလေသပုံစံ

၂၉၄။ သဝသေ ဝတ္တယဲ လောက–မခိလံ ကလ္လဝိဂ္ဂဟော၊ ပရာဘဝတိ မာရာရိ, ဓမ္မရာဇာ ဝိဇမ္ဘတေ။

၂၉၄။ အခိလံ- အလုံးစုံသော၊ လောကံ- သတ္တဝါအပေါင်းကို၊ သဝသေ-မိမိအလိုဠ်၌၊ ဝတ္တယဲ-လိုက်စေနိုင်သော၊ ကလ္လဝိဂ္ဂဟော-နှစ်သက်ဖွယ် စစ်ထိုးခြင်းရှိသော၊ ဝါ-စစ်တိုက်ကောင်းသော၊ မာရာရိ-ရန်သူမာရ်နတ်သည်၊ ပရာဘဝတိ-မြတ်စွာဘုရားမှ ရှုံး၏၊ သဝသေ-မိမိအလိုဠ်၌၊ ဝတ္တယဲ-လိုက်စေနိုင်သော၊ ကလ္လဝိဂ္ဂဟော-နှစ်သက်ဖွယ် ခန္ဓာကိုယ် ရှိတော်မူသော၊ ဓမ္မရာဇာ-တရားမင်းဘုရားသည်၊ ဝိဇမ္ဘတေ-အောင်သံ ကြွေးကျော်, စံပယ်တော်မူ၏။

၂၉၄။ သဝသေ ဝတ္တယဲ။ ။အခိလံ လောကံ အနတ္တေ ယောဇနတော အတ္တနော ဝသေ ဝတ္တယန္တော-လောကအားလုံးကို အကျိုးမဲ့၌ ယှဉ်စေခြင်းအားဖြင့် မိမိအလိုသို့ လိုက်ပါစေနိုင်သော (မာရာရိ)၊ သကလလောကံ ဟိတေ ယောဇနတော အတ္တနော ဝသေ ဝတ္တယန္တော (ဓမ္မရာဇာ)။

ကလ္လဝိဂ္ဂဟော။ ။မနုညကလဟော-နှစ်သက်ဖွယ် စစ်ထိုးခြင်းရှိသော, စစ်တိုက်ကောင်းသော (မာရာရိ)၊ [ဤ၌ ဝိဂ္ဂဟသဒ္ဒါသည် "ကလဟဝိဂ္ဂဟ" ပုဒ်၌ကဲ့သို့ "ငြင်းခုံခြင်း-စစ်ထိုးခြင်း"အနက်ကို ဟော၏။] မနုညသရီရသမ္ပတ္တိယုတ္တော-နှစ်သက်ဖွယ်သော ကိုယ်၏ ပြည့်စုံခြင်းနှင့်ယှဉ်သော (ဓမ္မရာဇာ)၊ [ဤ၌ ဝိဂ္ဂဟသဒ္ဒါသည် "မနုဿဝိဂ္ဂဟ"ပုဒ်၌ကဲ့သို့ "ကိုယ်"ဟူသော အနက်ကို ဟော၏။] "ကလ္လော+ဝိဂ္ဂဟော ယဿာတိ ကလ္လဝိဂ္ဂဟော"ဟု ပြု၍ ပုဒ်ပြီးပုံမှာ မကွဲပြား။

ပရာဘဝတိ ဝိဇမ္ဘတေ။ ။[ဝိဇမ္ဘတေ-လောကတ္တယေ ပတ္ထဋဇယော သဝသေန ဝိဇမ္ဘတိ=လောကသုံးဘုံ၌ ပျံ့နှံ့သွားသော (နတ် ဗြဟ္မာတို့ ကြွေးကျော်အပ်သော) အောင်သံ၏ အစွမ်းဖြင့် တင့်တယ်စံပယ်တော်မူ၏။] ဤဂါထာ၌ ရှုံးခြင်းကြိယာ, နိုင်ခြင်းကြိယာဟူ ၂ ပါးရှိ၏။ ဤကြိယာ ၂ ပါးသည် အချင်းချင်း ဆန့်ကျင်ဘက် ဖြစ်၏။ ထို့ကြောင့် ဤဂါထာသည် ဝိရုဒ္ဓကမ္မသိလေသပုံစံ ဖြစ်၏။ ကမ္မသဒ္ဒါသည် "ကရဏံ-ပြုခြင်း၊ ကမ္မံ-ခြင်း"ဟု ဝိဂ္ဂဟပြု၍ ကြိယာအနက်ကို ဟော၏။ [ပရာဘဝနဝိဇမ္ဘနကြိယာနံ အညမညဝိရုဒ္ဓတ္တာ အယံ ဝိရုဒ္ဓကမ္မသိလေသော နာမ။]

http://www.dhammadownload.com

အဝိရုဒ္ဓကမ္မသိလေသပုံစံ

၂၉၅။ သဘာဝမဓုရံ ပုည–ဝိသေသောဒယသမ္ဘဝံ၊
သုဏန္တိ ဝါစံ မုနိနော, ဇနာ ပဿန္တိ စာ-မတံ။

၂၉၅။ သဘာဝမဓုရံ-မပြုမပြင် ပင်ကိုသဘောအားဖြင့် ချိုသာနာပျော်ဖွယ်ရှိထသော၊ ပုညဝိသေသောဒယသမ္ဘဝံ-ဘုရားရှင့်သန္တာန်, ဘုန်းကံတော်အထူး၏, ပြန့်ပြူးပွားစီးခြင်းကြောင့် ကောင်းစွာဖြစ်ထသော၊ မုနိနော-မြတ်စွာဘုရား၏၊ ဝါစံ-တရားစကားသံကို၊ ဇနာ-လူတို့သည်၊ သုဏန္တိ စ-နှစ်သက်ကြည်ဖြူ, နာလည်း နာယူကြကုန်၏၊ သဘာဝမဓုရံ-မပြုမပြင် ပင်ကိုသဘောအားဖြင့် မွန်မြတ်ပေထသော၊ ပုညဝိသေသောဒယသမ္ဘဝံ-သတ္တဝါတို့သန္တာန်, နိဗ္ဗန်ရည်စူး, ကောင်းမှုထူး၏, ပြန့်ပြူးပွားစီးခြင်းကြောင့် ကောင်းစွာဖြစ်ထသော၊ အမတံ-အမြိုက်နိဗ္ဗာန်ကို၊ ပဿန္တိ စ-ဉာဏ်ဖြင့်ထင်ထင် မြင်လည်း မြင်ကြရကုန်၏။

၂၉၅။ သဘာဝမဓုရံ။ ။မဓုရံ ကရိဿာမီတိ (ချိုဆိမ့်အောင် ပြုအံ့ဟူ၍) ကတ္တုဗ္ဗပယောဂံ ဝိနာပိ မဓုရတ္တာ (ပြုအပ်သော ပယောဂမပါဘဲလည်း ချိုဆိမ့်သည်၏ အဖြစ်ကြောင့်) ပကတိမဓုရံ-ပင်ကို ချိုဆိမ့်သော တရားစကားတော်သံကို၊ ကေနစိ ပစ္စယေန အနုပ္ပန္နတ္တာ သခ်ီရဝိသေသံ ဝိနာပိ (ပြုပြင်မှုဟူသော သခ်ီရအထူး မပါဘဲလည်း) ပကတိပဏီတံ (အမတံ)။

ပုည၊ပေ၊သမ္ဘဝံ။ ။ပုညဝိသေသဒေသကဿ မုနိနော (ကောင်းမှုအထူးကို ဟောပြတော်မူတတ်သော ဘုရားရှင်၏) ကဿစိ ကုသလဝိသေသဿ အဘိဝုဒ္ဓိယာ (ဥဒယအဖွင့်) သမ္ဘူတံ (ဝါစံ)-ဘုရားရှင်၏ ကုသိုလ်အထူးတစ်မျိုးမျိုး၏ တိုးပွားပြည့်စုံခြင်းကြောင့်ဖြစ်သည့်အတွက် သာယာသောတရားအသံတော်၊ ဝေနေယျဇနာနံ နိဗ္ဗာနာဓိပ္ပာယေန ကတကုသလဝိသေသဿ အဘိဝုဒ္ဓိယာ အာရမ္မဏတ္တေန ပဋိလဒ္ဓံ (အမတံ)-ဝေနေယျတို့၏ နိဗ္ဗာန်ကို လိုလား၍ ပြုအပ်သော ပါရမီကောင်းမှု အထူး၏ တိုးပွား ပြည့်စုံမှုကြောင့် အာရုံပြုသောအားဖြင့် ရအပ်သော အမြိုက်နိဗ္ဗာန်။

သုဏန္တိ ပဿန္တိ။ ။တရားသံကို နာရခြင်း, အမြိုက်နိဗ္ဗာန်ကို သိမြင်ရခြင်းဟူသော ကြီယာနှစ်ရပ်သည် အချင်းချင်းမဆန့်ကျင်ဘဲ သဘောတူဖြစ်နေသောကြောင့်လည်းကောင်း, သဘာဝမဓုရံ စသော နှစ်ပုဒ်၌ အနက်နှစ်ထပ်ငြိကပ်သောကြောင့်လည်းကောင်း အဝိရုဒ္ဓကမ္မသိလေသပုံစံ ဖြစ်သည်။

http://www.dhammadownload.com

အဘိန္နကမ္မသိလေသပုံစံ

၂၉၆။ အန္ဓကာရပဟာရာယ, သဘာဝ မဓုရာယ စ၊
မနော ပီဏေတိ ဇန္တုနံ, ဇိနော ဝါစာယ ဘာယ စ။

၂၉၆။ ဇိနော-ငါးမာရ်အောင်မြင်, ဘုရားရှင်သည်၊ အန္ဓကာရပဟာရာယ-မောဟအမိုက်မှောင်ကို ပယ်ဆောင် ဖျက်ဆီးတော်မူနိုင်သော၊ သဘာဝမဓုရာယ စ-မပြုမပြင်, ပင်ကိုသဘောအားဖြင့် ချိုမြိန်ကောင်းမြတ်သည်လည်းဖြစ်သော၊ ဝါစာယ စ-စကားအသံတော်ဖြင့်လည်းကောင်း၊ အန္ဓကာရပဟာရာယ-ပကတိအမိုက်မှောင်ကို ပယ်ဆောင် ဖျက်ဆီးတော်မူနိုင်သော၊ သဘာဝမဓုရာယ စ-မပြုမပြင်, ပင်ကိုသဘောအားဖြင့် ချိုမြိန်ကောင်းမြတ်သည်လည်းဖြစ်သော၊ ဘာယ စ-ကိုယ်တော်ရောင်ဖြင့်လည်းကောင်း၊ ဇန္တုနံ-သတ္တဝါတို့၏၊ မနော-စိတ်ကို၊ ပီဏေတိ-နှစ်သက်စေတော်မူ၏။

၂၉၆။ အန္ဓကာရတျာဒီ။ ။မောဟန္ဓကာရံ (စကားသံအတွက်) ပကတိအန္ဓကာရံ (အရောင်အတွက်) + အပဟရတီတိ အန္ဓကာရပဟာရာ၊ သဘာဝေန-မပြုမပြင် ပင်ကိုသဘောအားဖြင့်+မဓုရာ (ကဏ္ဏသုခါ)-ကြားရသောအခါ နားကို ချမ်းသာစေတတ်၏၊ ဝါ-နားဝင်ချို၏၊ (စကားသံအတွက်)၊ မဓုရာ (နေတ္တာဘိရာမာ)-မြင်ရသောအခါ မျက်စိကို မွေ့လျော်စေတတ်၏၊ ဝါ-မျက်စိအရသာ ရှိ၏၊ (အရောင်အတွက်)၊ ဣတိ သဘာဝမဓုရာ။

ပီဏေတိ ဝါစာယ ဘာယ စ။ ။ပီဏနကြိယာတစ်ခုတည်း၌ "ဝါစာယ-ဘာယ"ဟူသော ကရိယာနှစ်ခုတို့ စပ်ရသောကြောင့်လည်းကောင်း, အန္ဓကာရပဟာရာယသဘာဝမဓုရာယတို့သည် အနက်နှစ်ထပ် ထိစပ်ငြိကပ်ရာ ဖြစ်သောကြောင့်လည်းကောင်း အဘိန္နကမ္မ (မပြားသော ကြိယာရှိသော) သိလေသပုံစံ ဖြစ်သည်၊ [ပီဏန သဘာဝါယေကာယကြိယာယ (သဘာဝါယ+ဧကာယကြိယာယ) သဒ္ဒိ ကရဏ ဟူတာနံ ဒ္ဝိန္နံ ဝါစာဘာနံ(စကား+အရောင်တို့၏) ယောဇိတတ္တာ အယံ အဘိန္နကမ္မသိလေသော။]

http://www.dhammadownload.com

နိယမဝန္တသိလေသပုံစံ

၂၉၇။ ကေသ·ကျီနံ·ဝ ကဏ္ဍတ္တံ, ဘမူနံယေဝ ဝင်္ကတာ၊ ပါဏိပါဒါဓရာနံ·ဝ, မုနိန္ဒဿာ·ဘိရတ္တတာ။

၂၉၇။ မုနိန္ဒဿ-မုနိထွတ်တင်, ဘုရားရှင်၏၊ ကေသကျီနံဝ-ဆံတော်, မျက်လုံးတော်တို့၏သာလျှင်၊ ကဏ္ဍတ္တံ-မည်းနက်ကုန်သည်၏အဖြစ်သည်၊ ဟောတိ-ဖြစ်၏၊ (မနသိ-စိတ်တော်၌၊ ကဏ္ဍတ္တံ-မည်းနက်သည်၏အဖြစ်ဟူသော အကုသိုလ်သည်၊ နဟောတိ-မဖြစ်၊) ဘမူနံယေဝ-မျက်ခုံးတော်တို့၏သာလျှင်၊ ဝင်္ကတာ-ကောက်ကွေးကုန်သည်၏အဖြစ်သည်၊ ဟောတိ-ဖြစ်၏၊ (အဇ္ဈာသယေ-အလိုဆန္ဒတော်၌၊ ဝင်္ကတာ-ကောက်ကွေးသည်၏အဖြစ်ဟူသော သာဌေယျသည်၊ နဟောတိ-မဖြစ်၊) ပါဏိပါဒါဓရာနံဝ-လက်ဖဝါး, ခြေဖဝါး, နှုတ်ခမ်းတော်တို့၏သာလျှင်၊ အဘိရတ္တတာ-အလွန်နီမြန်းကုန်သည်၏အဖြစ်သည်၊ ဟောတိ-၏၊ (စိတ္တေ-စိတ်တော်၌၊ အဘိရတ္တတာ-အလွန်တပ်မက်သူ၏အဖြစ်ဟူသော ရာဂသည်၊ နဟောတိ-မဖြစ်။) [ဋီကာသစ်၌ စိတ္တေ နေရာဝယ် "ကေသုစိ ဝတ္ထူသု"ဟု ပါ၏၊ မကောင်းလှ။]

၂၉၇။ ကေသ·ကျီနံဝ ကဏ္ဍတ္တံ။ ။[မုနိန္ဒဿကို ကေသကျီနံစသော ပုဒ်၌စပ်၊] ဘုရားရှင်၏ မည်းနက်သည်၏အဖြစ် (မည်းနက်သော ဂုဏ်)သည် ဆံတော်နှင့် မျက်လုံးတော်များအတွက်သာ ဖြစ်၏၊ စိတ်တော်၌ကား (မည်းနက်သော စိတ်၏ ဖြစ်ကြောင်း ဖြစ်ရာ) အကုသိုလ်ဟူသော ကဏ္ဍတ္တ မရှိပါ။

မှတ်ချက်။ ။ဤဝါကျ၌ "ကေသကျီနံဝ"ဟု ဧဝသဒ္ဒါ ပါရှိ၏၊ ထို ဧဝဖြင့် "နစိတ္တေ"ဟု အခြားအနက်ဝါကျတစ်ခုကို ကန့်၏၊ "ကဏ္ဍတ္တံ" ဝယ် မည်းနက်ခြင်းဂုဏ်ဟူသော အနက်အပြင်, အကုသိုလ်ဟူသော အနက်တစ်ရပ်လည်း ငြိကပ်ပါလာပြန်၏၊ ထို့ကြောင့် "ကဏ္ဍတ္တံ"သည် သိလေသပုဒ်တည်း၊ ဤသို့ ဧဝသဒ္ဒါ ပါသောကြောင့်လည်းကောင်း, သိလေသပုဒ်ပါသောကြောင့်လည်းကောင်း "နိယမဝန္တသိလေသ"ဟု အမည်တပ်သည်။ [နိယမ - အမြဲသတ်မှတ် ဆုံးဖြတ်တတ်သော ဧဝသဒ္ဒါ။]

http://www.dhammadownload.com

ဘမ္ဟုနံယေဝ ဝင်္ကံတာ။ ။ဘုရားရှင်၏ ကွေးကောက်သည်၏အဖြစ် (အကောက်ဂုဏ်)သည် မျက်ခုံးကော်အတွက်သာ ဖြစ်၏၊ အဏ္ဍာသယ ဆန္ဒတော်၌ကား ကွေးကောက်သော သာဒ္ဒေယျသဘော မရှိပါ။ [ဤ၌ ဧဝပါ၍ နိယမဝန္တဖြစ်ပုံကိုလည်းကောင်း, ဧဝကြောင့် "န အဏ္ဍာသယေ" ဟု နိဝတ္တောတဗ္ဗတ္ထ (တားမြစ်အပ်သော အနက်ရပုံ)ကိုလည်းကောင်း ဝင်္ကံတာ၌ ကွေးကောက်ခြင်းအနက်အပြင်, သာဒ္ဒေယျဟူသော အနက် တစ်ရပ် ငြိကပ်လာ၍ သိလေသ ဖြစ်ပုံကိုလည်းကောင်း သိပါ။]

ပါဏိ၊ပေ၊ဘိရတ္တာတာ။ ။ဘုရားရှင်၏ အလွန်နီမြန်းသည်၏အဖြစ် (အနီရောင်ဂုဏ်)သည် လက်ဖဝါး ခြေဖဝါး နှုတ်ခမ်းတော်များအတွက် သာ ဖြစ်၏၊ "စိတ်တော်၌ အလွန်တပ်မက်စွဲလမ်းသည်၏အဖြစ်ဟူသော ရာဂ"မရှိ။ [ဤ၌ ဧဝပါ၍ နိယမဝန္တဖြစ်ပုံကိုလည်းကောင်း, ထို့ဧဝဖြင့် "န စိတ္တေ"ဟု တားမြစ်အပ်သော အနက်ရနိုင်ပုံကိုလည်းကောင်း, အဘိရတ္တာတာ၌ အလွန်နီမြန်းဟူသော အနက်အပြင်, ရာဂ ဟူသော အနက်၏ ကပ်ငြိပါလာ၍ သိလေသဖြစ်ပုံကိုလည်းကောင်း သိပါ။]

ဋီကာသစ်။ ။ကေသက္ခိနံဝါတိ အာဒိသု နိယမသဒ္ဒါတာ အဝဓာရဏာ ပဒဿ ဝိဇ္ဇမာနတ္တာ, ကဏ္ဌဘာဝေန သဒ္ဒိံ ပါပဿ စ (မည်းနက်ခြင်း ဂုဏ်နှင့်အတူ မကောင်းမှု အကုသိုလ်၏လည်းကောင်း) ဝဏ်ဂုဏောန သဒ္ဒိံ သာဒ္ဒေယျဿ စ (ကောက်ကွေးခြင်းဂုဏ်နှင့်အတူ သာဒ္ဒေယျ-ကောက်ကျစ် စဉ်းလဲသော တရား၏လည်းကောင်း) ရတ္တဂုဏောန သဒ္ဒိံ ရာဂဿ စ သိလိဋ္ဌတ္တာ, အယံ နိယမဝန္တသိလေသော နာမ။

မှတ်ချက်။ ။"ကေသက္ခိနံဝ"စသော သမ္ဗန်ဝုဒ်နောင် ထိုင်သော ဧဝသဒ္ဒါဖြင့် "န မနသိ"စသော အာဓာရကို ကန့်ဖို့ရန် ဋီကာဖွင့်ခြင်း သည် သဒ္ဒထုံးစံ မကျ၊ ကာဗျဒဿ၌ "နိတ္တိံသတ္တံ အသိမ္မေဝ၊ အဿ-ထိုမင်း၏၊ အသိမ္မိဧဝ-သန်လျက်၌သာလျှင်၊ နိတ္တိံသတ္တံ-လက်သစ်သုံးဆယ်မှ ပိုလွန်သည်၏အဖြစ်သည်၊ ဟောတိ၊ ဟဒယေ-စိတ်နှလုံး၌၊ နိတ္တိံသတ္တံ-သနားခြင်း ကင်းသည်၏အဖြစ်သည်၊ န-မဖြစ်"ဟု အာဓာရ ချင်း ဂ်ာန့်သောကြောင့် သဒ္ဒထုံးစံ ကျ၏၊ ထို့ကြောင့်"ကေသက္ခိနံဝ" စသည်နှင့်လိုက်လျောအောင် "န မနသော, န အဏ္ဍာသယဿ"ဟု ထည့်မှ သဒ္ဒထုံးစံ ကျမည်။

http://www.dhammadownload.com

နိယမက္ခေပသိလေသပုံစံ

၂၉၈။ ပါဏိပါဒါ.ဧရေသွေ.ဝ, သာရာဂေါ တဝ ဒိဿတိ၊
ဒိဿတေ သော.ယ.မထဝါ, နာထ သာဓုဂုဏေသွ.ပိ။

၂၉၈။ နာထ-အိုမြတ်စွာဘုရား၊... တဝ-ရှင်တော်မြတ်ဘုရား၏၊ ပါဏိပါဒါဓရေသွေဝ-လက်ဖဝါးတော် ခြေဖဝါးတော် နှုတ်ခမ်းတော် တို့၌သာလျှင်၊ သာရာဂေါ-လွန်စွာတင့်ဆန်း, နီမြန်းသော ဂုဏ်ကို၊ ဒိဿတိ-တွေ့မြင်အပ်ပါ၏။ (စိတ္တေ-စိတ်တော်၌၊ သာရာဂေါ-လွန်စွာ နှစ်သက်, တပ်မက်သော ရာဂကို၊ နု ဒိဿတိ-မတွေ့မြင်အပ်ပါ။) အထ ဝါ-သည်သာမကသေး၊သောယံ သာရာဂေါ-ထိုကုသလစ္ဆန္ဒသာရာဂကို၊ သာဓုဂုဏေသွပိ-သူတော်ကောင်းတို့၏ သီလစသော ဂုဏ်တို့၌လည်း၊ ဒိဿတိ-တွေ့မြင်အပ်ပါသေး၏။

၂၉၈။ ပါဏိ၊ပေ၊သာရာဂေါ။ ။ဤ၂ ပါဒဖြင့် "ပါဏိပါဒါဓရေသွေဝ"၌ နိယမဟု ခေါ်သော ဧဝပါပုံကိုလည်းကောင်း, သာရာဂေါပုဒ်၌ အနက်နှစ်ထပ် ငြိကပ်၍ သိလေသဖြစ်ပုံကိုလည်းကောင်း ပြ၏၊ ထိုနိယမကို ပယ်ပုံ မပြသေး၊ သာရာဂေါ၌ "သံ+ရာဂေါ"ဟု ပုဒ်ဖြတ်၊ ပထမနည်း၌ သံသည် သောဘနအနက်ဟော၊ သောဘနော-တင့်တယ်သော+ရာဂေါ-နီမြန်းသော အရောင်တည်း၊ ဒုတိယနည်း၌ သံသည် သုဋ္ဌု (လွန်စွာ)အနက်ဟောတည်း၊ သုဋ္ဌု+ရာဂေါ သာရာဂေါ-လွန်စွာတပ်မက်သော ရာဂ။။။

ဒိဿတေ၊ပေ၊သွပိ။ ။ပါဏိပါဒါဓရေသွေဝ၌ ပါသော ဧဝကို "ထို၌သာမကသေး"ဟု အထ ဝါဖြင့် ပယ်ရှားသည်၊ ထို့ကြောင့် ဤဂါထာသည် နိယမက္ခေပပုံစံ ဖြစ်၏။ [သာရာဂေါ-သောဘနော ရတ္တဝဏ္ဏော ပါဏိပါဒါဓရေသွေဝ ဒိဿတိ၊ စိတ္တေ လောဘော ပန နဒိဿတိ၊ အထ ဝါ, သောယံ သာရာဂေါ-ကတ္တုကမျတာ ကုသလစ္ဆန္ဒဘူတော၊ သာဓုဂုဏေသွပိ-သဇ္ဇနာနံ သီလာဒိဂုဏေသုပိ ဒိဿတိ၊ ဧဝါတိ နိဒဿိတနိယမဿ ပဋိသေဓကေန (ပယ်ရှားတားမြစ်သော) အထ ဝါတိ ဝစနေန သမန္နာဂတတ္တာ, ရတ္တဝဏ္ဏသဒိ်တရာဂေန(နှင့်တကွ) လောဘဿ (လောဘဟူသော ရာဂ၏) သိလိဋ္ဌတ္တာ စ အယံ နိယမက္ခေပဝစနသိလေသော။]

http://www.dhammadownload.com

အဝိရောဓိသိလေသပုံစံ

၂၉၉။ သလက္ခဏော-တိသုဘဂေါ, တေဇဿီ နိယတော-ဒယော၊ လောကေသော ဇိတသံဂ္ဂေသော, ဝိဘာတိ သမဏိဿရော။

၂၉၉။ သလက္ခဏော-ယုန်ရုပ်ခတ်နှိပ်, အမှတ်တံဆိပ်နှင့်တကွဖြစ်သော လမင်းသည်၊ အတိသုဘဂေါ-လွန်တင့်တယ်ဘိ, ဘုန်းကျက်သရေရှိပါပေ၏၊ (တစ်နည်း) သလက္ခဏော-လက္ခဏာတော် ကြီး ငယ်, အသွယ်သွယ်နှင့်တကွဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ အတိသုဘဂေါ-လွန်စွာတင့်ဘိ, ဘုန်းခြောက်ပါး ရှိတော်မူပါပေ၏။

တေဇဿီ-တန်ခိုးရှိန်စော်, အာနုဘော်ရှိသော နေမင်းသည်၊ နိယတောဒယော-နေ့စဉ်မပြတ်, အမြဲသတ်မှတ်အပ်သော ကောင်းကင်ခရီးသို့ တက်သွားခြင်း ရှိပါပေ၏၊ (တစ်နည်း) တေဇဿီ-တန်ခိုးရှိန်စော်, အာနုဘော်ရှိသော မြတ်စွာဘုရားသည်၊ နိယတောဒယော-ခိုင်ခံ့မြဲမြံ, သဗ္ဗညုတဉာဏ် ရှိတော်မူပါပေ၏။

လောကေသော-လောကကို အစိုးရသော ဗြဟ္မာမင်းသည်၊ ဇိတသံဂ္ဂေသော-ဈာနရတိအစွမ်းဖြင့် အောင်အပ်ပြီးသော ကိုယ်စိတ်နှစ်ပါး၏ ပူပန်ခြင်း ရှိတော်မူပါပေ၏၊ (တစ်နည်း) လောကေသော-လူနတ်ဗြဟ္မာ, သတ္တဝါအပေါင်းကို အစိုးရသော မြတ်စွာဘုရားသည်၊ ဇိတသံဂ္ဂေသော-အရဟတ္တမဂ်ဉာဏ်ဖြင့် အောင်အပ်ပြီးသော ကိလေသာ ရှိတော်မူပါပေ၏။

သ(သော) မဏိဿရော-ပတ္တမြားတို့၏ အစိုးရဖြစ်သော ထိုပတ္တမြားရတနာသည်၊ ဝိဘာတိ-ထွန်းလင်းတောက်ပပါပေ၏၊ (တစ်နည်း) သမဏိဿရော-ရဟန်းတို့၏ အစိုးရဖြစ်သော မြတ်စွာဘုရားသည်၊ ဝိဘာတိ-ထွန်းလင်းတောက်ပတော်မူပါပေ၏။

၂၉၉။ သလက္ခဏော-တိသုဘဂေါ။ ။သဟ+လက္ခဏေန ယော ဝတ္တတီတိ သလက္ခဏော-ယုန်ရေးအမှတ်တံဆိပ်နှင့် တကွဖြစ်သော လ၊ အတိသုန္ဒရော+ဘဂေါ ယဿာတိ အတိသုဘဂေါ-အလွန်ကောင်းသော ကျက်သရေရှိသော လ၊ ဤသို့ လကို ဟောရာ၌ "သလက္ခဏော"

http://www.dhammadownload.com

ပုဒ်နှင့် "အတိသုဘဂေါ"ပုဒ်တို့ ဆန့်ကျင်ဘက် မဖြစ်သောကြောင့် အဝိရောဓိအမည် ရကြသည်၊ သဟ+လက္ခဏောဟိ ယော ဝတ္တာတီတိ သလက္ခဏော-၃၂ ပါးသော ယောက်ျားမြတ်၏ လက္ခဏာတော်တို့နှင့် တကွဖြစ်သော ဘုရား၊ အတိသုဘဂေါ-အလွန်ကောင်းသော ဘုန်းတော် ခြောက်ပါးရှိတော်မူသော ဘုရား၊ ဤသို့ ဘုရားရှင်ကို အရကောက်ရာ ၌လည်း ထိုနှစ်ပုဒ်တို့ ဆန့်ကျင်ဘက် မဖြစ်ကြ၊ "လ-ဘုရား"ဟူသော အနက်နှစ်ရပ်လည်း ဆိစပ်ငြိကပ်လျက် ရှိ၏၊ ထို့ကြောင့် ထိုနှစ်ပုဒ်တို့ အဝိရောဓိသိလေသ မည်သော ပုဒ်များ ဖြစ်ကြသည်။

တေဇဿီ နိယတောဒယော။ ။တေဇော အဿ အတ္ထီတိ တေဇဿီ-အမိုက်မှောင်ကို ပယ်ဖျောက်နိုင်သဖြင့် ကြီးစွာသော တန်ခိုး ရှိသော နေ၊ နိရန္တရပဝတ္တဗုဒ္ဓတေဇယုတ္တော-အမြဲမပြတ် ဖြစ်နေသော တန်ခိုးရှိတော်မူသော ဘုရားရှင်၊ နိယတော+ဥဒယော (မြဲသော+ ကောင်းကင်သို့ တက်ခြင်း, သဗ္ဗညုတညာဏ်ဟူသော တိုးပွားခြင်း) ယဿာတိ နိယတောဒယော၊ ပတိဒိန်-နေ့စဉ်၊ ပုဗ္ဗဏှကာလေ နိယမိတဂဂနုဂ္ဂမနော - နံနက်အခါ၌ အမြဲ သတ်မှတ်အပ်သော ကောင်းကင်သို့ တက်သွားခြင်း ရှိသော နေ၊ ဓိရသဗ္ဗညုပဒဝိသခီတာ ဘိဝမိုယာ သမန္နာဂတော - ခိုင်မြဲသော သဗ္ဗညုလမ်းစဉ် ဟူသော သဗ္ဗညုတာညာဏ်တော်၏ တိုးပွားခြင်း ရှိတော်မူသော ဘုရား၊ ဤသို့ နေနှင့် ဘုရား ဟူသော အနက်နှစ်ရပ် ငြိကပ်ရာဖြစ်သောကြောင့်လည်း ကောင်း, ရှေ့ပုဒ်နှင့် နောက်ပုဒ်တို့ အနက်အားဖြင့် မဆန့်ကျင်သော ကြောင့်လည်းကောင်း အဝိရောဓိသိလေသပုံစံတစ်မျိုး ဖြစ်သည်။

လောကေသော ဇိတသံ္ကလ္ပေသော။ ။လောကဿ-ကမ္မာလောက ၏ + ဣသော (ဣဿရော) - အစိုးရသော အရှင်ဗြဟ္မာတည်း၊ လောကဿ-လောကသုံးပါး၏+ဣသော-အစိုးရတော်မူသော ဘုရား တည်း၊ လောကေသော၊ ဇိတော+သံလ္ပေသော (ပူလောင်ခြင်း, ဝါ-ကိလေသာ) ယေနာတိ ဇိတသံလ္ပေသော၊ ဈာန ပီတိယာ ဝိဇိတကာယ စိတ္တဒရထော-ကိုယ်စိတ်နှစ်ပါးတို့၏ ပူလောင်ခြင်းကို ဈာနပီတိဖြင့် အောင်တော်မူပြီးသော ဗြဟ္မာမင်း၊ စတုတ္ထမဂ္ဂဉာဏေန ဟတဒသဝိဓ

http://www.dhammadownload.com

သံကိလေသော-ကိလေသာ ဆယ်တန်ကို အရဟတ္တမဂ်ဉာဏ်ဖြင့် သတ်ဖြတ်ပြီး အောင်မြင်တော်မူပြီးသော ဘုရား၊ ဤသို့ ဗြဟ္မာနှင့် ဘုရားဟူသော အနက်နှစ်ရပ် ငြိကပ်ရာ ဖြစ်၍ ထိုနှစ်ပုဒ်လည်း ဆန့်ကျင်ခြင်း မရှိသောကြောင့် အဝိရောဓိသိလေသပုံစံတစ်မျိုး ဖြစ်သည်။

ဝိဘာတိ သမဏိဿရော။ ။မဏိ စ+သော+ဣဿရော စာတိ မဏိဿရော-ပတ္တမြားတို့၏+အစိုးရဖြစ်သော မြတ်သော ပတ္တမြား၊ စကြာမင်း၏ ပတ္တမြားရတနာ ဟု ဆိုကြသည်၊] သမဏာနံ+ဣဿရော သမဏိဿရော-ရဟန်းမင်း ဘုရား၊ ဤသို့ ဝိဘာတိ၌ (တောက်ပခြင်း) အနက်နှစ်ထပ်, သမဏိဿရော၌ (ထိုပတ္တမြားမြတ်နှင့် ရဟန်းမြတ်) ဟု အနက်နှစ်ရပ် ငြိကပ်ရာ ဖြစ်၍ ရှေ့နောက်လည်း မဆန့်ကျင်သော ကြောင့် ဝိဘာတိ သမဏိဿရောလည်း အဝိရောဓိသိလေသပုံစံ တစ်မျိုး ဖြစ်သည်၊ ထို့ကြောင့် ဤဂါထာ၌ အဝိရောဓိသိလေသပုံစံ လေးမျိုး ဟု မှတ်။

ဋီကာ။ ။သလက္ခဏော အတိသုဘဂေါ ဣစ္စာဒိကာနံ ဒွိန္နံ ပဒါနံ (ရှေ့နောက်နှစ်ပုဒ်တို့၏) အဝိရုဒ္ဓတ္တာ စ (မဆန့်ကျင်ကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း) ပဌမဒွယေ (ပထမနှစ်ပုဒ်၌) စန္ဒေန, ဒုတိယေ သူရိယေန, တတိယေ ဗြဟ္မုနာ, စတုတ္ထေ မဏိနာ စ (နှင့် လည်းကောင်း) သဗ္ဗညုပဒတ္ထဿ (သဗ္ဗညုဘုရားဟူသော ပုဒ်နက်၏) သိလိဋ္ဌတ္တာ စ အယံ အဝိရောဓိသိလေသော နာမ။

မှတ်ချက်။ ။ဤဋီကာအဖွင့်ကို ထောက်၍ နှစ်ပုဒ်စီ ရှေ့နောက် မဆန့်ကျင်ခြင်းကို အဝိရောဓိဟုလည်းကောင်း, လ စသောအနက်နှင့် ဘုရားရှင် အနက်တို့ ငြိကပ်ရာ ဖြစ်သည်ကို သိလေသဟုလည်းကောင်း မှတ်ပါ။ [အားလုံးပုဒ်တွေ မဆန့်ကျင်ခြင်းကို "အဝိရောဓိ"ဟု မမှတ် လင့်၊] နောက်ဂါထာ၌လည်း "အသမောနှင့် သမော" စသည်ဖြင့် ပုဒ်နှစ်ခုတို့၏ အနက်ချင်း ဆန့်ကျင်ဘက် ဖြစ်ပုံကို "ဝိရောဓိ" ဟု ပြလိမ့်မည်။

http://www.dhammadownload.com

ဝိရောဓိလေသပုံစံ

၃၀၀။ အသမောပိ သမော လောကေ, လောကေသောပိ နရုတ္တမော၊ သဒယော-ပျဒယော ပါပေ, စိတ္တာ-ယံ မုနိနော ဂတိ။

၃၀၀။ အသမောပိ-အတူမရှိသူဖြစ်ပါလျက်လည်း၊ လောကေ-လောက၌၊ သမော-အတူ ရှိပြန်၏၊ (တစ်နည်း) အသမောပိ-ပြိုင်ဖက်ရည်တူ ရှိတော်မမူသော ဘုရားရှင်ဖြစ်၍သာလျှင်၊ လောကေ-သတ္တလောက၌၊ သမော-မုန်း ချစ် မဟူ, တူမျှတော်မူပါပေ၏။

လောကေသောပိ-လောကကို အစိုးရသော ဗြဟ္မာမင်းဖြစ်ပါလျက်လည်း၊ နရုတ္တမော-မြတ်သောလူ ဖြစ်ပြန်၏၊ (တစ်နည်း) လောကေသောပိ-လူနတ်ဗြဟ္မာ, သတ္တဝါအပေါင်းကို အစိုးရသော ဘုရားရှင်ဖြစ်၍သာလျှင်၊ နရုတ္တမော-လူတွင်ဥက္ကဋ္ဌ, အမြတ်ဆုံး ဖြစ်တော်မူပါပေ၏။

သဒယောပိ-စွန့်ကြဲပေးကမ်း, လှူဒါန်းခြင်းရှိသူဖြစ်ပါလျက်လည်း၊ ပါပေ-လူယုတ်မာအပေါ်၌၊ အဒယော-စွန့်ကြဲပေးကမ်း, လှူဒါန်းခြင်းမရှိချေ၊ (တစ်နည်း) သဒယောပိ-သနားကြင်နာ, ကရုဏာသခင်, ဘုရားရှင်ဖြစ်၍သာလျှင်၊ ပါပေ-မကောင်းမှုအကုသိုလ်အပေါ်၌၊ အဒယော-သနားကြင်နာ, ကရုဏာရှိတော်မမူနိုင်၊ မုနိနော-မြတ်စွာဘုရား၏၊ အယံ ဂတိ-ဤဖြစ်ပုံသည်၊ စိတ္တာ-အံ့ဩဖွယ်ရာ, ဆန်းကြယ်ပါပေ၏။

၃၀၀။ အသမောပိ သမော။ ။အတုလျောပိ ကောစိ ရာဇာဒိကော လောကေ သမော တုလျော-ရှင်ဘုရင်စသော တစ်စုံတစ်ယောက်သည်မင်းကျင့်တရား စသည်အားဖြင့် အတူမရှိသူ ဖြစ်ပါသော်လည်း လောက၌ မိမိကဲ့သို့ မင်းကျင့်တရားစသည်နှင့်ပြည့်စုံနေသူ(အခြားတစ်နေရာမှာ)အတူရှိပြန်၏၊ ဤနည်း၌ ပိသဒ္ဒါသည် အသမကို ခိုးမြောက်သော သမ္ဘာဝနာဇောတကတည်း၊ ဋီကာ၌ "ဝိရောဓိဇောတက"ဟု ဆိုသည်၊ ဤ၌ အသမနှင့် သမသည် ဆန့်ကျင်ဘက် ဝိရောဓိ ဖြစ်၏။

ဘုရားရှင်။ ။သဒိသ ပုဂ္ဂလရဟိတော ဧဝ (အသမောပိအဖွင့်) ရာဟုလဘဒ္ဒဒေဝဒတ္တာဒိ သတ္ဌလောကေ အနုနယပဋိဃာ-ဘာဝေန သမော ဟောတိ = အတူမဲ့ ဘုရားရှင် ဖြစ်တော်မူသောကြောင့်ပင်

http://www.dhammadownload.com

ရာဟုလာမင်းသားနှင့် ရန်သူ အရှင်ဒေဝဒတ်စသော သတ္တလောကဌ် ချစ်ခြင်း မုန်းခြင်း မရှိဘဲ တန်းတူ ဖြစ်တော်မူပါပေသည်။ [ဤနည်းဌ် ပိသဒ္ဒါသည် အဝဓာရဏအနက်ကို ဟော၏။] အသမောနှင့် သမော အရလည်း ဆန့်ကျင်ဘက် မဖြစ်။

လောကေသောပိ နရုတ္တမော။ ။[လောကဿ+ကွသော (အစိုးရသူတည်း) လောကေသော၊] ငြဟ္မဘူတောပိ နရုတ္တမော (နရဝရော) ဟောတိ-လောကကို အစိုးရသော ငြဟ္မာဖြစ်ပါလျက်လည်း လူထူး လူမြတ် ဖြစ်ပြန်၏၊ ဤပုံစံဌ် "ငြဟ္မာ"ဟူသော စကားနှင့် "လူမြတ်" ဟူသော စကားသည် ဆန့်ကျင်ဘက် ဖြစ်၏၊ သကလလောကာဓိပတိ ဟုတွာ ဧဝ နရုတ္တမော-တစ်လောကလုံး၏ အကြီးအကဲ ဖြစ်၍ သာလျှင် လူတို့ထက် မြင့်မြတ်သော ဘုရား ဖြစ်ပါပေ၏။

သဒယောပိ အဒယော ပါပေ။ ။သဒယောပိ ယာစကေသု ဒယ သခီတေန ဒါနေန ယုတ္တောပိ ပါပေ-ပါပိဋ္ဌေ အဒယော ဒါနရဟိတော-တောင်းလာသူတို့ဌ် ပေးကမ်းစွန့်ကြဲခြင်းရှိသူ ဖြစ်ပါလျက်လည်း အထူး ယုတ်မာသူဌ် ပေးကမ်းခြင်း မရှိ၊ [သဒယနှင့် အဒယ (ပေး+ မပေး)သည် ရှေ့နောက်ဝိရောဓိဖြစ်၏၊ ဒယသဒ္ဒါလည်း ဒါနအနက်ကို ဟော၏၊ ဓာတ်ကျမ်း ကြည့်ပါ။] ဘုရားရှင်ကား သနားကြင်နာ ကရုဏာ ရှိတော်မူသည် ဖြစ်၍သာ (သတ္တဝါတို့ကို မကောင်းကျိုး ပေးမည့် အကုသိုလ်အပေါ်ဌ်) သနားတော် မမူနိုင်၊ ဤနောက်နည်းဌ် ဒယာ သဒ္ဒါသည် ကရုဏာအနက်ကို ဟော၏။

စိတ္တာယံ မုနိနော ဂတိ။ ။မုနိနော အယံ ဂတိ (ပဝတ္တိ) စိတ္တာ ဝိစိတ္တာ။ [ရာဇဒိနော အသမသမတာ (အတူမရှိဘဲ အတူရှိဖြစ်ခြင်း) ငြဟ္မာ ဟုတွာ ဥတ္တမနရဘာဝေါ (ငြဟ္မာဖြစ်လျက် လူမြတ်ဖြစ်ခြင်း) ဒါနသဟိတဿ ကဿစိ ပုရိသဿ ဒါနရဟိတဘာဝေါ စ ဝိရုဒ္ဓေါ ဟောတိ၊ တသ္မာ (ထို့ကြောင့်လည်း ကောင်း) ရာဇငြဟ္မပုရိသေဟိ (တို့နှင့်တကွ) မုနိနော သိလိဋ္ဌတ္တာ စ (ဘုရားရှင် ဟူသော အနက်၏ ထိစပ် ငြိကပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း) အယံ ဝိရောဓိသိလေသော နာမ။]

အမှာ။ ။ဤဂါထာဌ် ပထမအနက်များသည် ရှေ့နောက် ဆန့်ကျင်ဘက် ချည်း ဖြစ်၏၊ ဘုရားကို ရအောင် ပေးရသော နောက်အနက်ကား ရှေ့နောက် မဆန့်ကျင်၊ ဝိရဒ္ဓတ္ထန္တရဒေါသ အဖြေဌ် ပြခဲ့သော "ဝိနာယကောပိ နာဂေါသိ" စသော ဂါထာလည်း ဤ ဝိရောဓိသိလေသပုံစံပင် ဖြစ်သည်။

http://www.dhammadownload.com

ဩဒိတျသမ္မောသကပဒဇသိလေသပုံစံ

၃၀၁။ သံသာရဒုက္ခော•ပဟာတာ–ဝနတာ ဇနတာ တွယိ၊
သုခ•မိစ္ဆိတ•မစ္ဆန္တ–မမတန္ဒဒ ဝိန္ဒတိ။

၃၀၁။ အမတန္ဒဒ-အမြိုက်သုဓာ, နတ်ဩဇာကို ပေးတော်မူတတ်သော အရှင်နတ်မင်း၊ (တစ်နည်း) အမတန္ဒဒ-အမြိုက်နိဗ္ဗာန်ကို ပေးတော်မူတတ်သော ရှင်တော်မြတ်ဘုရား၊ သံသာရဒုက္ခောပဟာတာ-သံသရာဒုက္ခသည် နှိပ်စက်အပ်သည်၊ (ဟုတွာ-ဖြစ်၍၊) တွယိ-အရှင်နတ်မင်း၌၊ ဝါ-ရှင်တော်မြတ်ဘုရား၌၊ အဝနတာ-ကိုင်းညွှတ်ရိုကျိုးရှိခိုးသော၊ ဇနတာ-သတ္တဝါအပေါင်းသည်၊ ဣစ္ဆိတံ-လိုလားတောင့်တအပ်သော၊ သုခံ-ကိုယ်စိတ်နှစ်ဖြာ, ချမ်းသာခြင်းကို၊ အစ္ဆန္တံ-စင်စစ်ဇောန်, အမှန်အားဖြင့်၊ ဝိန္ဒတိ-ရနိုင်ပါ၏။

၃၀၁။ အမတန္ဒဒ။ ။အမတသဒ္ဒါသည် အမြိုက်သုဓာ နတ်ဩဇာကိုလည်းကောင်း, အမြိုက်နိဗ္ဗာန်ကိုလည်းကောင်း ဟော၏၊ "အမတံ+ဒဒါတီတိ အမတန္ဒဒေါ-အမြိုက်သုဓာကို ပေးတတ်သော နတ်မင်း၊ အမြိုက်နိဗ္ဗာန်ကို ပေးတတ်သော ဘုရား"ဟု အနက်နှစ်ရပ် ငြိကပ်သောကြောင့် "အမတန္ဒဒ" ဟူသော အာလုပ်ပုဒ်သာ သိလေသပုဒ်တည်း။

ဩဒိတျဖြစ်ပုံ။ ။အမတကို ပေးနိုင်သူ ဟူသမျှသည် ဒုက္ခရောက်နေသူများကို သုခရောက်အောင် ပြုစွမ်းနိုင်ရိုးတည်း၊ ထို့ကြောင့် "သံသာရဒုက္ခရောက်နေသူများသည် အမတကို ပေးနိုင်သော ဘုရား၌ ညွှတ်ကိုင်းကြသည့်အတွက် သုခကို ရကြသည်"ဟူသော စကားသည် လောကဓ္ဓ အသင့်ယုတ္တိရှိသောကြောင့် ဩဒိတျသမ္မောသက ဖြစ်၏၊ ထို့ကြောင့် ဤဂါထာသည် "ဩဒိတျသမ္မောသကပဒဇသိလေသပုံစံ" ဖြစ်သည်။ [ဩဒိတျံ-ကို+သမ္မောသေတိ-ကောင်းစွာ တိုးပွားစေတတ်၏၊ ဣတိ ဩဒိတျသမ္မောသကော (သိလေသော)။]

မှတ်ချက်။ ။"ပဒဇာဒိ"၌ အာဒိဖြင့် ဩဒိတျသမ္မောသကဝါကျဇသိလေသကို ယူဖို့ရန် ဋီကာသစ်ဖွင့်ခဲ့၏၊ ပုံစံမှာ-"မုနိန္ဒ ဝဒနမ္ဘောဇဂါထာ"ပင် ဖြစ်၍ အထူး မပြကြ၊ ဩဒိတျသမ္မောသကာဒိ၌ အာဒိဖြင့်ကား "သုဂန္ဓိ သောဘာသမ္ပန္နိ"စသော သိလေသောပမာ စသည်ကို ယူရသည်။ [အာဒိ သဒ္ဒေန၊ပေ၊ ဥပမာသိလေသာဒယော သံဂဟိတာ၊-(ဋီကာဟောင်း)။]

http://www.dhammadownload.com

တုလျယောဂိတာ၏ လက္ခဏာ

၃၀၂။ ဂုဏယုတ္တေဟိ ဝတ္ထူဟိ, သမံ ကတ္တာန ကဿစိ၊
သဲ့ကိတ္တန် ဘဝတိ ယံ, သာ မတာ တုလျယောဂိတာ။

၃၀၂။ ဂုဏယုတ္တေဟိ-ကောင်း, မကောင်းဂုဏ်နှင့် ယှဉ်ကုန်သော၊ ဝတ္ထူဟိ-ဝတ္ထုတို့နှင့်၊ သမံ-တူမျှသည်ကို၊ ကတ္တာန-ပြု၍၊ ကဿစိ-တစ်စုံတစ်ယောက်ကို၊ ယံ သဲ့ကိတ္တန်-အကြင်ပြောဆိုခြင်းသည်၊ ဘဝတိ-ဖြစ်၏၊ သာ-ထိုပြောဆိုခြင်းကို၊ တုလျယောဂိတာ-တုလျယောဂိတာ အလင်္ကာဟူ၍၊ မတာ-သိအပ်၏။

၃၁၂။ ဂုဏယုတ္တေဟိတျာဒိ။ ။ကောင်းသောဂုဏ်, မကောင်းသောဂုဏ်ရှိသော ဝတ္ထုတို့နှင့် တန်းတူညီမျှ ပြု၍ တစ်စုံတစ်ယောက်ကို ချီးမွမ်းခြင်း, သို့မဟုတ် ကဲ့ရဲ့ခြင်းကို တုလျယောဂိတာအလင်္ကာဟု သိအပ်၏၊ ဆိုလိုရင်းကား-တစ်စုံတစ်ယောက်ကို ချီးမွမ်းလို, နှိပ်ချလို ရာဝယ် "မည်သည့် အရာဝတ္ထုနှင့် တူသည်"ဟု ဥပမာန ဥပမေယျ အဖြစ်ဖြင့် မခွဲခြားဘဲ နှစ်ပါးစုံ တွဲ၍ ပြောဆိုခြင်းကို တုလျယောဂိတာ အလင်္ကာ ဟု ဆိုလိုသည်။

ဋီကာ။ ။ဂုဏယုတ္တေဟိ-သုန္ဒရာသုန္ဒရေဟိ ယေဟိကေဟိစိ ဂုဏေဟိ ယုတ္တေဟိ ဝတ္ထူဟိ၊ သမံ ကတ္တာန တတ္တတော (အမှန်အားဖြင့်) အသမာနေသုပိ သမာနတ္တံ ဗုဒ္ဓိယာ အာရောပနံ ကတ္တာ-မတူကုန်သော်လည်း တူသည့်အဖြစ်ကို စိတ်ဖြင့် တင်စား၍၊ ကဿစိ ပုရိသာဒိနော-ကို၊ ထုတိ နိန္ဒံ ဝါ နိဿာယ၊ ယံ ကိတ္တနံ ဂုဏာဂုဏ ကထနံ ဘဝတိ၊ သာ တုလျယောဂိတာတိ မတာ။ [တုလ္လေန-တူသော ကောင်း မကောင်းသောဂုဏ်နှင့်+ယောဂေါ-ယှဉ်ခြင်းတည်း၊ တုလ္လယောဂေါ-ခြင်း၊ တုလ္လယောဂေါ ယေသံ (အကြင် နေ, ဘုရား စသည်တို့၏) အတ္ထိတိ တုလျယောဂိနော၊ တုလျယောဂိနံ+ဘာဝေါ တုလျယောဂိတာ=တူသောဂုဏ်နှင့် ယှဉ်ခြင်းရှိသော နေ-ဘုရား စသည်တို့၏ ဖြစ်ကြောင်းဖြစ်ရာ အတူတကွ ယှဉ်ကြောင်းဂုဏ်။]

မှတ်ချက်။ ။ဤပြခဲ့သော ဝိဂ္ဂဟနှင့်အညီ အတူယှဉ်တွဲကြောင်းဂုဏ်ကို "တုလျယောဂိတာ"ဟု ဆိုရသော်လည်း ထိုတုလျယောဂိတာကို ပြသောစကား (အဖွဲ့ဗန္ဓ) ကိုလည်း အနက်၏ အမည်ကို အဖွဲ့ဗန္ဓဋ္ဌ

http://www.dhammadownload.com

တုလျယောဂိတာပုံစံ

၃၀၃။ သမ္မတ္တသမ္မဒေါ လောကော, သမ္မတ္တာလောကသမ္မဒေါ၊ ဥဘောဟိ ရဲသိမာလီ စ, ဘဂဝါ စ တမောနုဒေါ။

၃၀၃။ တမောနုဒေါ - ပကတိအမှောင် မောဟအမှောင်ကို ပယ်ဖျောက်ဖျက်ဆီးနိုင်သော၊ ရဲသိမာလီ စ-နေမင်းလည်းကောင်း၊ ဘဂဝါ စ-မြတ်စွာဘုရားလည်းကောင်း၊ (ကွတိ-ဤသို့၊) ဥဘောဟိ-နေနှင့် မြတ်ဘုရား နှစ်ပါးတို့ဖြင့်၊ ဝါ-တို့ကြောင့်၊ လောကော-တစ်လောကလုံးသည်၊ သမ္မတ္တသမ္မဒေါ-ကောင်းစွာရအပ်သော ရွှင်လန်းဝမ်းမြောက်ခြင်း ရှိ၏၊ သမ္မတ္တာလောကသမ္မဒေါ-ကောင်းစွာ ရအပ်သော အရောင်အလင်း၏ ပြည့်စုံခြင်းလည်း ရှိ၏။

တင်းစား၍ဖလူပစာရအားဖြင့် တုလျယောဂိတာအလင်္ကာ ခေါ်သည်ဟု မှတ်၊ ထို့ကြောင့် ဂါထာ၌ "ယံ သံကိတ္တနံ၊ သာ တုလျယောဂိတာ-ပြောဆိုခြင်းစကားကို တုလျယောဂိဟာ"ဟု ဆိုသည်။ [ဧတ္ထ, တုလျဂုဏာယုတ္တပဒတ္ထာနံ-တူသောဂုဏ်နှင့် ယှဉ်ကြသော နေနှင့် ဘုရားစသော ပုဒ်နက်တို့၏၊ တဂ္ဂုဏသမ္ပန္နဿ-ထိုအတူယှဉ်ကြောင်းဂုဏ်ဟူသော သမ္ပန်၏၊ တုလျယောဂိတာဘာဝတော-တုလျယောဂိတာမည်သည်၏ အဖြစ်ကြောင့်၊ ဥတ္တိဝိသေသေ-စကားအထူး၌၊ တဒတ္ထိယေန-ထိုအနက်ရှိသောအားဖြင့်၊ ဝါ-အနက်၏ အမည်ကို တင်စားသောအားဖြင့်၊ တုလျယောဂိတာတိ ဥပယျာ။]

၃၀၃။ သမ္မတ္တတျာဒိ။ ။အမိုက်မှောင်ကို ပယ်နိုင်သော နေနှင့် မောဟမှောင်ကို ပယ်တော်မူနိုင်သော ဘုရား, ဤနှစ်ပါးတို့ကြောင့် သတ္တလောကသည် နှစ်သက်ဝမ်းမြောက်ခြင်း (ပီတိ)ကိုလည်း ရနိုင်၏၊ ဤနှစ်ပါးတို့ဖြင့် သတ္တလောကသည် အရောင်အလင်း၏ ပြည့်စုံခြင်းကိုလည်း ရပေသည်၊ ဤဂါထာဖြင့် ပီတိကို ပေးစွမ်းနိုင်သော ဂုဏ်, အရောင်အလင်းကို ပြုစွမ်းနိုင်သော ဂုဏ်နှင့် ယှဉ်သော နေတည်းဟူသောဝတ္ထုနှင့် တူမျှသည်ကို ပြု၍ ဘုရားရှင်ကို ချီးမွမ်းသည်။ [ဧတ္ထ ပီတိဒါနအာလောကကရဏသဒ္ဒါတဂုဏယုတ္တေန သူရိယေန တုလျံ-ကတ္တာ ဘဂဝတော ထုတိဝသေန ဂုဏကထနံ ဟောတိ။]

http://www.dhammadownload.com

ဝိဂ္ဂဟ။ ။သမ္မတ္တော (ကောင်းစွာ ရောက်အပ်, ရအပ်သော) သမ္မဒေါ (ပီတိ) ယေနာတိ သမ္မတ္တသမ္မဒေါ။ သမ္မတ္တာ အာလောက သမ္မဒါ ယေနာတိ သမ္မတ္တာလောကသမ္မဒေါ။ (သတ္တလောကော)။ [ဥဘောဟီတိ ကရဏဘူတေဟိ, ဟေတုဘူတေဟိ ဝါ။ ကရိဏ်းပေးခိုက် "အရောင်ကို ရ"၌ စပ်၊ ဟိတ်ပေးခိုက် "ပီတိကို ရ"၌ စပ်။]

အဟဉ္စ မဒ္ဒိဒေဝီ စ, ဇာလိကဏှာဇိနာစုဘော၊
အညမညံ သောကနုဒါ, ဝသာမ အဿမေ တဒါ။

ငါ ဝေဿန္တရာမင်းသည်လည်းကောင်း, မဒ္ဒီမိဖုရားသည်လည်းကောင်း, ဇာလီ-ကဏှာဟူသော သားတော် သမီးတော်နှစ်ပါးတို့သည်လည်းကောင်း အချင်းချင်း သောကကို ပယ်ဖျောက်ကြကုန်လျက် ထိုအခါ၌ ဝက်တောင် သခ်မ်းကျောင်း၌ နေခဲ့ကြသည်။ ["ဤ၌ သောကကင်းဝေးမှု ဂုဏ်ချင်းတူသောကြောင့် ထုတိတုလျယောဂိတာ မည်၏" ဟု ဆိုကြ၏၊ သို့သော် တူရုံမျှကို မဆိုလို၊ "ကဿစိ သံကိတ္တနံ" အရ တစ်စုံတစ်ယောက်ကို ပြောလိုမှ ဤအလင်္ကာဂုဏ်ရောက်နိုင်သည်။]

မှတ်ချက်။ ။မကောင်းဂုဏ်နှင့် ယှဉ်သော ဝတ္ထုဖြင့် အတူပြု၍ တစ်စုံတစ်ယောက်ကို ဆိုသောပုံစံ မပါ၊ ထို့ကြောင့် စံကျောင်းနိဿယ၌ အသီတိနိပါတ် သုဓာဘောဇနဇာတ်တော်လာ အောက်ပါဂါထာကို ထုတ်ပြသည်။

ထီယာတကာ ယေစိ•မေ ပရဒါရိကာ,
မိတ္တဒုဒ္ဒုနော ယေ စ သပန္တိ သုဇ္ဇတေ၊
သဗ္ဗေဝ တေ မစ္ဆရီ ပဥ္စမာ•ဓမာ,
တသ္မာ အဒတ္တာ ဥဒကမ္ပိ န သ္နီယေ။

မိန်းမကို သတ်ဖြတ်တတ်သူများ, သူတစ်ပါးမယားကို သွားလာတတ်သူများ, မိတ်ဆွေကို ဖျက်ဆီးတတ်သူများ, သူတော်ကောင်းတို့ကို ကျိန်ဆဲတတ်သူများ ဤလေးမျိုးသော လူစားတို့သည် ဝန်တိုသူလျှင် ငါးယောက်မြောက်ရှိကုန်သော ယုတ်မာသူများ ဖြစ်ကြ၏၊ ထို့ကြောင့် ရေကိုပင် မလျှဉ်ဘဲ မသောက်ပါ။ [ဤ၌ ထီယာတက စသူတို့၌ ယုတ်မာမှု မကောင်းဂုဏ်ချင်း တူသည်ကို ပြ၍ မစ္ဆရီပုဂ္ဂိုလ်ကို ကဲ့ရဲ့သောကြောင့် နိန္ဒာတုလျယောဂိတာ မည်၏။]

http://www.dhammadownload.com

နိဒဿန၏လက္ခဏာ

၃၀၄။ အတ္ထန္တရံ သာဓေတာ, ကိဉ္စိ တံ သဒိသံ ဖလံ၊
ဒဿီယတေ အသန္တံ ဝါ, သန္တံ ဝါ တံ နိဒဿနံ။

၃၀၄။ အတ္ထန္တရံ-ညွှန်ပြထိုက်သော အကျိုးမှ တစ်ပါးသောကိစ္စကို၊ သာဓေတာ-ပြီးစေတတ်သော ဝတ္ထုဖြင့်၊ ကိဉ္စိ-တစ်စုံတစ်ခုသော၊ တံ သဒိသံ-ထို အတ္ထန္တရနှင့် သဘောတူသော၊ အသန္တံ ဝါ-မကောင်းသည်မူလည်းဖြစ်သော၊ သန္တံ ဝါ-ကောင်းသည်မူလည်းဖြစ်သော၊ ယံ ဖလံ-အကြောင်အကျိုးကို၊ ဒဿီယတေ-ပြအပ်၏၊ တံ-ထိုပြအပ်သောအကျိုးသည်၊ နိဒဿနံ-နိဒဿန မည်၏။

၃၀၄။ အတ္ထန္တရံတျာဒိ။ ။ညွှန်ပြထိုက်သော အကျိုးမှ တစ်မျိုးတခြားဖြစ်သော ကိစ္စကို ပြီးစေတတ်သော အကြောင်းဝတ္ထုဖြင့် ထိုကိစ္စနှင့် တူသော မကောင်းသော အကျိုးကို ဖြစ်စေ, ကောင်းသော အကျိုးကို ဖြစ်စေ ပြအပ်၏။ ထိုပြအပ်သော အကျိုးကို "နိဒဿန"ဟု ဆိုအပ်၏။ [အတ္ထန္တရံ-နိဒဿိတဗ္ဗတော အညံ ဥစိတကိစ္စသဒ်ါတံ အတ္ထံ။ -ဤအဖွင့်ကို ကြည့်၍ အတ္ထသဒ္ဒါသည် ကိစ္စအနက်ဟော၊ အန္တရသဒ္ဒါကား အညအနက်ဟောတည်းဟု သိပါ။ "အန္တရော-ညွှန်ပြထိုက်သော အကျိုးမှ တစ်ပါးတခြားသော + အတ္ထော-ကိစ္စတည်း၊ အတ္ထန္တရော"ဟု ပြု။]

သာဓေတာစသည်။ ။သာဓေန္တေန ကေနစိ ဝတ္ထုနာ။ [ဤအဖွင့်အတိုင်း နိဿယ၌ "သာဓေတာ"ကို အနက်ပေးသည်။] တံ သဒိသံ-တေန အတ္ထန္တရေန သမာနံ၊ အသန္တံ-အနိဋ္ဌံ ဝါ၊ သန္တံ-ဣဋ္ဌံ ဝါ၊ ကိဉ္စိဖလံ ဒဿီယတေ။ [ဤအဖွင့်ကို ကြည့်၍ သန္တသဒ္ဒါသည် "ချီးမွမ်းအပ် ကောင်းမြတ်"ဟူသော အနက်ဟောဟု သိပါ။] တံ တာဒိသံ ဖလံ နိဒဿနံ နာမ။ [ဤအဖွင့်နှင့်အညီ "နိဒဿနအရ ညွှန်ပြအပ်သော အကျိုးကို ရ၏"ဟု သိပါ။ "နိဒဿီယတေတိ နိဒဿနံ"ဟု ပြု။ ထိုအကျိုးကို ပြသော အဖွဲ့အစွဲ့ကိုကား ဖလူပစာရအားဖြင့် "နိဒဿနအလင်္ကာ"ဟု ခေါ်ရသည်။] ဤဂါထာဖြင့် "အသန္တဖလ နိဒဿန, သန္တဖလနိဒဿန"ဟု နိဒဿန နှစ်မျိုးကို မှတ်ပါ။

http://www.dhammadownload.com

အသန္တဖလနိဒဿနပုံစံ

၃၀၅။ ဥဒယာ သမဏိန္ဒဿ, ယန္တိ ပါပါ ပရာဘဝံ၊
ဓမ္မရာဇိရုဒ္ဓါနံ, သူစယန္တာ ဒုရန္တတံ။

၃၀၅။ သမဏိန္ဒဿ-ရဟန်းမင်းဘုရား၏၊ ဥဒယာ-ဖြစ်ပေါ်လာခြင်းကြောင့်၊ ပါပါ-မကောင်းမှု အကုသိုလ်တို့သည်၊ ဓမ္မရာဇိရုဒ္ဓါနံ-တရားသဖြင့် မင်းပြုသူတို့နှင့် ဆန့်ကျင်ဘက် ဖြစ်သူတို့၏၊ ဝါ-တရားမင်းဘုရားနှင့် ဆန့်ကျင်ဘက် ဖြစ်သူတို့၏၊ ဒုရန္တတံ-ဖောက်ပြန်သော ဆုံးရှုံးခြင်း ရှိကုန်သည်၏ အဖြစ်ကို၊ သူစယန္တာ-ထင်ရှားပြကုန်လျက်၊ ပရာဘဝံ-ပျက်စီးခြင်းသို့၊ ယန္တိ-ရောက်ကုန်၏။

၃၀၅။ ဥဒယာတျာဒိ။ ။ဤဂါထာဝယ် ရွေ့နှစ်ပါဒ (ပုဗ္ဗဒ္ဓ)ဖြင့် ဘုရားပွင့်တော်မူလာခြင်းကြောင့် မကောင်းမှု အကုသိုလ်တရားတို့၏ ပျက်စီးခြင်းဟူသော အတ္ထန္တရကို ပြ၏၊ ထိုအတ္ထန္တရကို ပြီးစေသော ဝတ္ထုကား ဘုရား ပွင့်တော်မူလာခြင်းတည်း၊ နောက် နှစ်ပါဒဖြင့် မကောင်းမှု အကုသိုလ်တရားများ ပျက်စီးရခြင်းနှင့် အလားတူစွာ ဓမ္မရာဇာနှင့် ဆန့်ကျင်ဘက် ဖြစ်သူတို့၏ ဆုံးရှုံးပျက်စီးရခြင်းကို ပြ၏၊ ဤဆုံးရှုံးပျက်စီးခြင်းသည် နိဒဿန-ညွှန်ပြအပ်သော အကျိုးတည်း၊ ထိုဆုံးရှုံးပျက်စီးခြင်းအကျိုးသည် မကောင်းကျိုး ဖြစ်ရကား အသန္တဖလတည်း၊ ထို့ကြောင့် ဤဂါထာသည် အသန္တဖလနိဒဿနပုံစံ ဖြစ်သည်။

ဓမ္မရာဇိရုဒ္ဓါနံ။ ။ရာဇမမ္မေဟိ သမန္နာဂတရာဇူဟိ၊ ဤအလိုမင်းကျင့်တရားနှင့် ပြည့်စုံသော လူမင်းများကို "ဓမ္မရာဇာ"ဟု ဆိုသည်၊ ဓမ္မာဓိပတိနာ (တရားကြောင့် သတ္တဝါတို့၏ အကြီးအကဲဖြစ်သော) မုနိန္ဒေန ဝါ၊ ဤအလို ဘုရားရှင်ကို "ဓမ္မရာဇာ"ဟု ဆိုသည်။

ဒုရန္တတံ။ ။ဒုကို ဒုဋ္ဌု, ဒုဋ္ဌကို "ဝိရူပေါ"ဟုလည်းကောင်း, အန္တကို အဝသာန (အဆုံး)ဟုလည်းကောင်း ဋီကာဖွင့်၏၊ ပျက်စီးခြင်းကို "ဆုံးခြင်း"ဟု ဆိုသည်၊ လူတစ်ယောက်၏ သေခြင်းကို "ဆုံးခြင်း"ဟု ခေါ်သကဲ့သို့တည်း၊ ဒုဋ္ဌု+အန္တော ယေသံတိ ဒုရန္တာ-ဖောက်ဖောက်ပြန်ပြန် ဆုံးရှုံးပျက်စီးရခြင်း ရှိသူများ၊ ဒုရန္တာနံ+ဘာဝေါ ဒုရန္တတာ။

http://www.dhammadownload.com

သန္တဖလနိဒဿနပုံစံ

၃၀၆။ သိရောနိက္ခိတ္တစရဏော–စ္ဆရိယာန·မ္ဗုဇာန·ယံ၊
ပရမဗ္ဘုတတံ လောကေ, ဝိညာပေတ·တ္တနော ဇိနော။

၃၀၆။ အယံ ဇိနော-ဤမြတ်စွာဘုရားသည်၊ အစ္ဆရိယာနံ-အံ့သြဖွယ် ကောင်းကုန်သော၊ အမ္ဗုဇာနံ-ခြေတော်ကို ခံဖို့အတွက် မြေမှ ထွက်လာကုန်သော ပဒုမ္မာကြာတို့၏၊ သိရောနိက္ခိတ္တစရဏော-ဦးထိပ်၌ ချထားအပ်သော ခြေတော်ရှိသည်၊ (ဟုတွာ-ဖြစ်၍၊) လောကေ-လောက၌၊ အတ္တနော-ကိုယ်တော်၏၊ ပရမဗ္ဘုတတံ-လွန်စွာ အံ့သြဖွယ်၏ အဖြစ်ကို၊ ဝိညာပေတိ-သိစေတော်မူ၏။

၃၀၆။ သိရောနိက္ခိတ္တစရဏော။ ။အံ့သြဖွယ်ပဒုမ္မာကြာတို့၏ အထက်၌ ခြေတော်ကို ချထားတော်မူခြင်းသည် ဤဂါထာဖြင့် ညွှန်ပြထိုက်သော အကျိုးမှ တစ်မျိုးတခြားကိစ္စ(အတ္ထန္တရ)တည်း၊ ထိုအတ္ထန္တရကို ပြီးစေတတ်သော အကြောင်းဝတ္ထုကား ဘုရားရှင်တည်း၊ လောက၌ ကိုယ်တော်မြတ်၏ အလွန်အံ့သြဖွယ် အဗ္ဘုတဂုဏ်ကို သိစေခြင်းကား တံသဒိသသန္တဖလတည်း၊ ထိုအကျိုးသည် ဤဂါထာ၌ ညွှန်ပြထိုက်-ညွှန်ပြလိုရင်းဖြစ်သော နိဒဿနတည်း၊ ထို့ကြောင့် ဤဂါထာသည် သန္တဖလနိဒဿနပုံစံ ဖြစ်သည်။ [ပဒုမ္မာကြာထိပ်၌ ခြေတော်ကို ချထားခြင်းဟူသော အတ္ထန္တရနှင့် အံ့သြဖွယ်ကောင်းခြင်း တူသည်ကို "တံသဒိသ"ဟုလည်းကောင်း, ထိုပရမအဗ္ဘုတ-အလွန်အံ့သြဖွယ်၏ ကောင်းသောအကျိုးဖြစ်ခြင်းကို"သန္တဖလ"ဟုလည်းကောင်း ဆိုသည်။]

ဋီကာ။ ။အစ္ဆရိယာနံ-အတ္တနော ပါဒပဋိဂ္ဂဟဏတ္ထံ ပထဝိဘိန္ဒိတွာ ဥဂ္ဂတတ္တာ အစ္ဆရာယောဂ္ဂါနံ၊ပေ၊ဧတ္ထ အစ္ဆရိယပဒုမာနံ မတ္ထကေ စရဏနိက္ခေပသင်္ခါတေန အတ္ထန္တရေန ပရမဗ္ဘုတတံ ဝိညာပေတီတိ (ထို့ကြောင့်) အယံ (ဤဂါထာသည်) သဒိသသန္တဖလံ (နိဒဿေတိ)။

အမှာ။ ။ဤနိဒဿနအလင်္ကာ၌ "အကြောင်းတစ်ခုတည်းဖြင့် မူလအကျိုး, ထိုအကျိုးနှင့်တူသော သဒိသအကျိုးအားဖြင့် အကျိုးနှစ်ပါး ရှိရမည်"ဟု ရှေးနိဿယတို့ မှာထားကြ၏၊ ထိုအယူသည် ပထမပုံစံဂါထာကို ကြည့်လျှင်

http://www.dhammadownload.com

မဟန္တတ္တအလင်္ကာ၏ လက္ခဏာ

၃၀၇။ ဝိဘူတိယာ မဟန္တတ္တ.မဓိပ္ပာယဿ ဝါ သိယာ၊ ပရ.မုက္ကံသတံ ယာတံ, တံ မဟန္တတ္တ.မီရိတံ။

၃၀၇။ ဝိဘူတိယာ-တင့်တယ်ရိပ်ငြိမ်, စည်းစိမ်ချမ်းသာ၏လည်းကောင်း၊ အဓိပ္ပာယဿ ဝါ-အလိုဆန္ဒ အဏ္ဏာသယ၏လည်းကောင်း၊ ပရံ-လွန်စွာ၊ ဥက္ကံသတံ-လွန်ကဲသည်၏အဖြစ်သို့၊ ယာတံ-ရောက်သော၊ (ယံ) မဟန္တတ္တံ-အကြင်ကြီးကျယ်မြင့်မြတ်သည်၏ အဖြစ်သည်၊ သိယာ-ဖြစ်၏၊ တံ (မဟန္တတ္တံ)-ထိုကြီးကျယ်မြင့်မြတ်သည်၏ အဖြစ်ကို၊ မဟန္တတ္တံ-မဟန္တတ္တအလင်္ကာဟူ၍၊ ဤရိတံ-ဆိုအပ်၏။

သင့်သလို ရှိသော်လည်း ဒုတိယဂါထာကား "ပဒုမ္မာကြာပေါ်၌ ခြေတော်ကို ချထားခြင်းသည် အကျိုးမဟုတ်, အတ္ထန္တရ-ကိစ္စတစ်မျိုးသာ" ဖြစ်၏၊ ထို့ကြောင့်လည်း "အတ္ထန္တရံ သာယေတာ"စသော ဂါထာ၏ ဋီကာ၌ "အတ္ထန္တရံ-ကိစ္စသခ်ါတံ အတ္ထံ"ဟု ဖွင့်ခဲ့သည်၊ ထို့ကြောင့် ဤ ဒုတိယပုံစံဂါထာ၌ အကျိုးနှစ်ပါး ရအောင် ကောက်ပြသော ရှေးနိဿယများကို စဉ်းစားကြပါလေ။

၃၀၇။ ဝိဘူတိယာတျာဒိ။ ။စည်းစိမ်ချမ်းသာ၏ ကြီးကျယ်ခမ်းနားခြင်းသည်လည်းကောင်း, အလိုဆန္ဒ (အဏ္ဏာသယ)၏ ကြီးမားမြင့်မြတ်ခြင်းသည်လည်းကောင်း မဟန္တတ္တ မည်၏၊ ထို မဟန္တတ္တကို ပြသော အဖွဲ့အနွဲ့လည်း ဖလူပစာရအားဖြင့် မဟန္တတ္တ အမည်ရသည်။ [မဟန္တသ-ကြီးကျယ်သော စည်းစိမ်၏၊ ဝါ-မြင့်မြတ်သော အဏ္ဏာသယ၏+ဘာဝေါ မဟန္တတ္တံ။] ဝိဘူတိမဟန္တတ္တ, အဏ္ဏာသယမဟန္တတ္တအားဖြင့် မဟန္တတ္တ ၂ မျိုး ပြား၏။

သဘာဝ, အတိသယ, မဟန္တတ္တ။ ။"သဘာဝဝုတ္တိအလင်္ကာသည် ပင်ကို သဘောအတိုင်း တန်ဆာဆင်၍ ဆို၏၊ အတိသယဝုတ္တိအလင်္ကာသည် ထို့ထက် လွန်သောသဘောကို တန်ဆာဆင်၍ ဆို၏၊ မဟန္တတ္တအလင်္ကာသည် အလွန်အကျူး အံ့သြဖွယ်ကောင်းသော သဘောကို တန်ဆာဆင်၍ ဆို၏"ဟု စံကျောင်းနိဿယ၌ ထို ၃ မျိုး အထူးကို ပြထားသည်။

http://www.dhammadownload.com

ဝိဘူတိမဟန္တတ္ထပုံစံ

၃၀၈။ ကိရီဋ္ဌရတနစ္ဆာယာ–နုဝိဒ္ဓါတပဝါရဏော၊
ပုရာ ပရံ သိရိ ဝိန္ဒိ, ဗောဓိသတ္တော·ဘိနိက္ခမာ။

၃၀၈။ ဗောဓိသတ္တော-သာကီနွယ်ဖွား,ဘုရားအလောင်းတော်သည်၊ အဘိနိက္ခမာ-တောသို့ရှေးရှု့, ထွက်တော်မူရာအခါမှ၊ ပုရာ-ရှေးအခါ၌၊ ကိရီဋ္ဌရတနစ္ဆာယာနုဝိဒ္ဓါတပဝါရဏော-မကိုင်၌၌တပ်, နဝရတ်ရောင်, ပြောင်ပြောင်ပြိုးပြိုး, ထိုးအပ်သော ထီးဖြူတော်ရှိသည်၊ (ဟုတွာ-ဖြစ်၍၊) ပရံ-လွန်စွာ၊ သိရိ-အသရေကို၊ ဝိန္ဒိ-ရတော်မူပြီ။

၃၀၈။ ကိရီဋ္ဌတျာဒိ။ ။ဘုရားအလောင်း သိဒ္ဓတ်မင်းသား၏ ဦးထိပ်ထက်၌ မကိုင်ရသဖူကို ဆောင်းပြီးလျှင် ထိုမကိုင်မှ ထွက်သော ရတနာရောင်တို့က အရောင်ဟပ်နေသော ထီးဖြူတော်ကြီး ဆောင်းမိုးထားပုံကို ပြသော ဂါထာတည်း၊ ဤသို့ ပြသဖြင့် ဘုရားအလောင်း၏ စည်းစိမ်ကြီးကျယ်ပုံကိုလည်း (ဝက်ဝုတ္တိအလင်္ကာမျိုး ဖြစ်သည်အား လျော်စွာ) သွယ်ဝိုက်၍ ပြပြီး ဖြစ်တော့၏၊ ထို့ကြောင့် ဤဂါထာသည် ဝိဘူတိမဟန္တအလင်္ကာ၏ပုံစံ ဖြစ်သည်၊ ဘုန်းတော်ဘွဲ့သီချင်းတို့လည်း (များသောအားဖြင့် ဟုတ်မှန်လျှင်) ဝိဘူတိမဟန္တတ္တဂုဏ် ရောက်ကြ၏၊ မဟုတ်မမှန်ဘဲ ချီးကျူးလျှင်ကား အတိဝုတ္တဒေါသ သင့်ရောက်ဖွယ်ရှိသေးသည်။

ဝစနတ္ထ။ ။ကိရီဋ္ဌေ-မကိုင်၌၌+ရတနာနိ ကိရီဋ္ဌရတနာနိ၊ တေသံ+ဆာယာ (အရောင်တို့တည်း) ကိရီဋ္ဌရတနစ္ဆာယာ-တို့၊ တာဟိ+အနုဝိဒ္ဓေါ-အစဉ်မပြတ် ထိုးအပ်သည်တည်း၊ ကိရီဋ္ဌရတနစ္ဆာယာနုဝိဒ္ဓေါ (ထီးဖြူ၌ ရတနာရောင် ဟပ်နေသည်ကိုပင် "ထီးဖြူ၌ အရောင်ထိုးအပ်" ဟု ဆိုသည်၊) အာတပံ+ဝါရေတီတိ အာတပဝါရဏော-နေရောင်ကို တားမြစ် ကာကွယ်တတ်သော ထီး (ထီးဖြူတော်)၊ ကိရီဋ္ဌရတနစ္ဆာယာနုဝိဒ္ဓေါ+အာတပဝါရဏော ယဿာတိ ကိရီဋ္ဌရတနစ္ဆာယာနုဝိဒ္ဓါတပဝါရဏော။

http://www.dhammadownload.com

အဏ္ဏာသယယမဟန္တတ္တပုံစံ

၃၀၉။ သတ္တော သမ္မောဓိယံ ဗောဓိ–သတ္တော သတ္တဟိတာယ သော၊ ဟိတ္တာ သ္နေဟရသာဗန္ဓ, မပိ ရာဟုလမာတရံ။

၃၀၉။ သော ဗောဓိသတ္တော-ထိုသာကီနွယ်ဖွား, ငါတို့ ဘုရားအလောင်းတော်သည်၊ သတ္တဟိတာယ-သတ္တဝါတို့၏ စီးပွားအလို့ငှာ၊ သ္နေဟရသာဗန္ဓံ-ချစ်မေတ္တာအစေးဖြင့် ဖြစ်သော သိဂ်ီရရသဖြင့် ဖွဲ့စပ်အပ်သော၊ ရာဟုလမာတရံ-ရာဟုလမယ်တော်-ယသော်ဓရာမိဖုရားကိုသော်လည်း၊ ဟိတ္တာ-စွန့်တော်မူ၍၊ သမ္မောဓိယံ-သဗ္ဗညုတာဉာဏ်တော်၌၊ သတ္တော-ငြိကပ်တော်မူ၏။

၃၀၉။ သတ္တောတျာဒိ။ ။"သိဒ္ဓတ္ထမင်းသား ဘုရားအလောင်းတော်သည် သတ္တဝါတို့၏ လောကီ လောကုတ္တရာ နှစ်ဖြာသော စီးပွားအကျိုးငှာ မိန်းမအပေါင်း၏ထိပ်ထား မိဖုရားရတနာ ယသော်ဓရာကိုသော်မှ စွန့်တော်မူကာ သဗ္ဗညုတာဉာဏ်တော်၌ ငြိကပ်တော်မူပါပေသည်"ဟု တိုက်ရိုက်ပြသဖြင့် သတ္တဝါတို့၏ စီးပွားကို ဆောင်လိုသော အဏ္ဏာသယ (ဆန္ဒတော်၏) ကြီးမားပုံကိုလည်း သွယ်ဝိုက်၍ ပြပြီးဖြစ်၏၊ ထို့ကြောင့် ဤဂါထာသည် အဏ္ဏာသယမဟန္တတ္တပုံစံ ဖြစ်သည်။

ဋီကာ။ ။တာဒိသကွတ္ထိရတနေပိ အလဂ္ဂတာကထနေန ဗောဓိသတ္တဿ ဥက္ကဋ္ဌဏ္ဏာသယမဟန္တတ္တံ ဝုတ္တံ ဟောတိ၊ သမ္မာ ဗုဇ္ဈတီတောယာတိ သမ္မောဓိ၊ ဗောဓိယံ-သဗ္ဗညုတာဉာဏ်တော်၌+သတ္တော(လဂ္ဂေါ)-ငြိကပ်သောပုဂ္ဂိုလ်တည်း၊ ဗောဓိသတ္တော-သဗ္ဗညုတာဉာဏ်တော်၌ ငြိကပ်သောပုဂ္ဂိုလ်။ (ဘုရားအလောင်း)၊ သ္နေဟေန-ချစ်မေတ္တာအစေးဖြင့်+ဇာတော-ဖြစ်သော+ရသော-သိဂ်ီရရသတည်း၊ သ္နေဟရသော၊ တေန+အာဗန္ဓာ-ဖွဲ့စပ်အပ်သည်တည်း၊ သ္နေဟရသာဗန္ဓာ။

ဇာလီ ကဏှာဇိနံ ဓီတံ, မဒ္ဒိဒေဝိ ပတိဗ္ဗတံ၊
စဇမာနော န စိန္တေသိ, ဗောဓိယာယေဝ ကာရဏာ။

ဤစရိယာပိဋကပါဠိတော်ဂါထာလည်း ဒါနဏ္ဏာသယ လွန်ကဲပုံကို ပြသောကြောင့် အဏ္ဏာသယမဟန္တတ္တအလင်္ကာဂုဏ် ရောက်၏။

http://www.dhammadownload.com

ဝဉ္စနာလက္ခဏာနှင့်အပြား

၃၁၀။ ဂေါပေတွာ ဝဏ္ဏနီယံ ယံ-ကိဉ္စိ ဒဿီယတေ ပရံ၊
အသမံ ဝါ သမံ တဿ, ယဒိ သာ ဝဉ္စနာ မတာ။

၃၁၀။ (ယာယ-အကြောင်အဖွဲ့အနွဲ့ဖြင့်) ဝဏ္ဏနီယံ-ချီးမွမ်းအပ်သော ဝတ္ထုကို၊ ဂေါပေတွာ-လုံခြုံစေ၍၊ ဝါ-ဝှက်ထား၍၊ ပရံ-ချီးမွမ်းအပ်သော ဝတ္ထုမှ တစ်ပါးသော၊ တဿ-ထိုဝတ္ထု၏၊ အသမံ ဝါ-အတူမဟုတ်သည်မူလည်းဖြစ်သော၊ သမံ ဝါ-အတူမူလည်းဖြစ်သော၊ ယံကိဉ္စိ-အမှတ်မရှိတစ်စုံတစ်ခုသော ဝတ္ထုကို၊ ယဒိ ဒဿီယတေ-အကယ်၍ ပြအပ်ငြားအံ့၊ သာ-ထိုအဖွဲ့အနွဲ့ကို၊ ဝဉ္စနာ-ဝဉ္စနာအလင်္ကာဟူ၍၊ မတာ-သိအပ်၏။

အသမဝဉ္စနာပုံစံ

၃၁၁။ ပုရတော နု သဟသေသု, နု ပဉ္စေသု စ တာဒိနော၊
မာရော ပရေသု တသေ•သံ, သဟသံ ဒသဝဏ္ဏိတံ။

၃၁၁။ မာရော-မာရ်နတ်သည်၊ တာဒိနော-တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏၊ ပုရတော-ရှေ့တော်မှောက်၌၊ သဟသေသု (သဟဿ+ဎ္ဌသု)-တစ်ထောင်သော မြားရှိသူသည်လည်း၊ နု-မဖြစ်နိုင်၊ ပဉ္စေသုစ(ပဉ္စ+ဏ္ဌသုစ)-ငါးစင်းသောမြားရှိသူသည်လည်း၊

၃၁၀။ ဂေါပေတွာတျာဒိ။ ။ချီးမွမ်းလိုအပ်သောဝတ္ထုကို မဖော်ပြဘဲ ဝှက်ထား၍ ထိုဝတ္ထု၏ အတူမဟုတ်သော, သို့မဟုတ် အတူဖြစ်သော တစ်စုံတစ်ခုကို ဖော်ပြသောအားဖြင့် လှည့်စားကြောင်း အဖွဲ့အနွဲ့ကို ဝဉ္စနာအလင်္ကာဟုခေါ်သည်။[ဝဉ္စေတိ ဝဏ္ဏနီယံ ဧတာယာတိ ဝဉ္စနာ၊ ဧတာယ (ဝုတ္တိယာ)-ဤအဖွဲ့အနွဲ့စကားအစဉ်ဖြင့်၊ ဝဏ္ဏနီယံ-ကို၊ ဝဉ္စေတိ-လှည့်ပတ် ဝှက်ထားတတ်၏၊ ဣတိ သာဝုတ္တိ ဝဉ္စနာ။] "အသမံ ဝါ သမံ တဿ"ကို ကြည့်၍ အသမဝဉ္စနာ, သမဝဉ္စနာ-ဟု ၂ မျိုးပြားကြောင်း သိပါ။

~~~~~~~~~~~~

၃၁၁။ ပုရတောတျာဒိ။ ။ဤဂါထာကို ကြည့်လျှင် "မာရ်နတ်၏ မြားတွေကိုပင် ရှေ့တက်ပြသော ဂါထာ"ဟု ထင်ရ၏၊ အမှန်ကား --
~~~~~~~~~~~~

http://www.dhammadownload.com

နဲ-မဖြစ်နိုင်၊ ပရေသု-ဘုရားမှတစ်ပါး, အခြားသူတို့၌ကား၊ တဿ-ထိုမာရ်နတ်၏၊ ဧသံ-ထိုမြားတို့၏၊ ဒသဝမိုတံ-ဆယ်ခုဖြင့် မြှောက်အပ်သော၊ သဟဿံ-တစ်ထောင်သည်၊ (တစ်နည်း) ဒသဝမိုတံ သဟဿံ-တစ်သောင်းသည်၊ ဟောတိ-ဖြစ်နိုင်၏။

မြားကို ရေတွက်၍ပြသောဂါထာ မဟုတ်ပါ၊ ဘုရားမှတစ်ပါး အခြားပုထုဇဉ်များအပေါ်၌ မာရ်နတ်၏ အစွမ်းသတ္တိကို ပြလျက် မာရ်နတ်ကို ချီးမွမ်းသောဂါထာ ဖြစ်သည်၊ ဤသို့လျှင် ချီးမွမ်းလိုအပ်သော မာရ်နတ်ကို ဝှက်ထား၍ မြားအရေအတွက် တစ်သောင်းကို ပြသောကြောင့်လည်းကောင်း,မာရ်နတ်နှင့်မြားတို့ပုံသဏ္ဌာန်စသောအားဖြင့် မတူသောကြောင့်လည်းကောင်း ဤဂါထာကို အသမဝဥ္စနာပုံစံဂါထာဟု မှတ်။

နဲ သဟဿေသု။ ။ဣသုသဒ္ဒါသည် "မြား"ဟူသော အနက်ကို ဟော၏၊ သဟဿံ+ဣသဝေါ ယဿာတိ သဟဿေသု၊ ဘုရားဖြစ်ခါနီး၌ လက်ရုံးတစ်ထောင် ဖန်ဆင်း၍လာသော မာရ်နတ်၏ ထိုလက်ရုံးဖြင့် ထိုမြားတို့ကို မှန်အောင် မပစ်နိုင်ပုံကို ရည်ရွယ်၍"နဲ သဟဿေသု" ဟု ဆိုဟန်တူသည်၊ "မာရ်နတ်သည် ဘုရားရှင်၏ ရှေ့တော်မှောက်၌ မြားတစ်ထောင် ရှိသူသည် မဖြစ်နိုင်"ဟူလို။

နဲ ပဥ္စေသု။ ။မာရ်နတ်၏ မြားငါးစင်း ဟူသည်ကား "သမ္မောဟနောမ္မာဒနာ စ, သောသနာ တာပနာ တထာ၊ ထမ္ထနာ စေတိကာမဿ, ပဥ္စဝါဏာ ပကိတ္တိတာ"ဟူသော အမရကောသနှင့်အညီ, သမ္မောဟနာ(တွေဝေစေခြင်း), ဥမ္မာဒနာ(ရူးသွပ်စေခြင်း), သောသနာ (သွေးသား ခန်းခြောက်စေခြင်း), တာပနာ (ပူပန်စေခြင်း), ထမ္ဘနာ (ကိုယ်ကို တောင့်တင်းစေခြင်း, ဝါ-တုန်လှုပ်စေခြင်း)တည်း၊ ယောနိဿယ၌ကား "သေစေခြင်း မာရဏ, မေးခိုင်စေခြင်း ထမ္ဘန, ချစ်စေခြင်း ဟဿနှင့်, သောသနဥမ္မာဒနကို မြားငါးစင်း"ဟု ဆို၏၊ "ဘုရားရှေ့တော်မှောက်၌ မာရ်နတ်သည် ထိုမြားငါးစင်းကိုလည်း အသုံးမပြုနိုင်သောကြောင့် မြားငါးစင်းရှိသူ မဖြစ်နိုင်"ဟူလို။

ဒသဝမိုတံ။ ။ရာဂမကင်းသော အခြားသူများ ရှေ့မှောက်၌ကား ထိုမြားတစ်ထောင်ကို တစ်ဆယ်ဖြင့် မြှောက်၍ မြားတစ်သောင်းရှိသူလည်း ဖြစ်နိုင်ပါသည်၊ သာသနာတော်ကျမ်း၌ ကာမဂုဏ် ငါးပါးကို

http://www.dhammadownload.com

သမဝဉ္စနာပုံစံ

၃၁၂။ ဝိဝါဒ-မနုယုဉ္ဇန္တော, မုနိန္ဒဝဒနိန္ဒုနာ၊
သမ္ဗုဇ္ဈော စန္ဒိမာ နာ-ယံ, ဆတ္တ-မေတံ မနောဘုနော။

၃၁၂။ မုနိန္ဒဝဒနိန္ဒုနာ-မြတ်စွာဘုရား၏ မျက်နှာတော်လမင်းနှင့်၊ ဝိဝါဒ်-ဆန့်ကျင်ဘက် ပြိုင်ဆိုင်မှုကို၊ အနုယုဉ္ဇန္တော-အားထုတ်သော၊ သမ္ဗုဇ္ဈော-ပြည့်ဝန်းသော၊ အယံ-ဤအရာကား၊ စန္ဒိမာ-လသည်၊ နမဟုတ်၊ ဧတံ-ဤဝဏ္ဏကား၊ မနောဘုနော-မာရ်နတ်၏၊ ဆတ္တံ-ထီးဖြူတည်း။

မြားငါးစင်းဟု ဆိုရကား ကာမဂုဏ်ငါးပါးကို အာသဝလေးပါးစသည်ဖြင့် သံယောဇဉ်ဆယ်ပါးတိုင်အောင် မြောက်မှားလျှင် အထောင်အသောင်းမက များသော မြားရှိသူလည်း ဖြစ်နိုင်၏ဟု စံကျောင်းနိသယ မိန့်၏။

၃၁၂။ ဝိဝါဒံတျာဒိ။ ။"ဘုရားမျက်နှာတော်နှင့် ဆန့်ကျင်ဘက်ပြိုင်ဆိုင်မှုကို ပြုနေသော ဤပြည့်ပြည့်ဝန်းဝန်းကြီးကား လ မဟုတ်ပါ၊ မာရ်နတ်၏ ထီးဖြူပါတည်း"ဟူရာ၌ လပြည့်ဝန်းကို ခိုးမွမ်းလိုသော်လည်း ထိုလပြည့်ဝန်းကို "နှ+စန္ဒိမာ"ဟု ဝှက်ထား၍ ထိုလပြည့်ဝန်းနှင့်တူသော ထီးဖြူကို ဖော်ပြသောကြောင့် သမဝဉ္စနာပုံစံ ဖြစ်သည်။ [မနော-သတ္တဝါတို့စိတ်ကို+ဘဝတိ အဘိဘဝတိ-လွှမ်မိုးတတ်၏၊ ဣတိ မနောဘူ-မာရ်နတ်၊ ဋီကာ၌ "မနော + ဘုနာတိ"ဟု ဝိဂြိုဟ်ပြု၏။]

သရူပေါပမာ မခေါ်။ ။ဣဝါဒိဂိုဏ်း၌ "တေန သဒ္ဒိ"ဟု ဆိုခဲ့၏၊ ထို့ကြောင့် "ဝိဝါဒ"ကို ဥပမာဇောတကဟု မှတ်၊ သို့ဖြစ်လျှင် "ပြည့်ပြည့်ဝိုင်းဝိုင်း အရာဝတ္ထုသည် (လ)မဟုတ်, မာရ်နတ်၏ ထီးဖြူတည်း"ဟူသော စကားသည် "ဤအရာတို့ကား ပိတုန်းတို့ မဟုတ်ကြ, မျက်လုံးတို့သာ"ဟူသော သရူပေါပမာနှင့် အသွားတူနေရကား "သရူပေါပမာအတွင်း သွင်းထိုက်သည် မဟုတ်လော၊ အဘယ့်ကြောင့် "ဝဉ္စနာအလင်္ကာ"ဟု ဆိုပါသနည်း-ဟု မေးဖွယ်ရှိ၏၊ အဖြေကား-ဥပမာန ဥပမေယျ အဖြစ်ကို ခွဲခြား၍ ပြဆိုရာ၌သာ သရူပေါပမာဖြစ်၏၊ ဤသို့ကား ဥပမာန ဥပမေယျကို မဆိုလိုဘဲ ဝှက်ခြင်းကို ပမာနထား၍ ဆိုသောကြောင့် "ဝဉ္စနာ"ဟု သီးခြားအလင်္ကာတစ်ခု ပြုရသည်။

[ဆောင်] ဥပမာန-ဥပမေယျကို, မပြလိုဘူ, ကွယ်ဝှက်မှုမျှ, ပမာနဟော, ပြလိုသောကြောင့်, သရူပေါပမာ, မခေါ်သာ, ဝဉ္စနာပင် ခေါ်။

http://www.dhammadownload.com

အပ္ပကတတ္ထုတိလက္ခဏာ

၃၁၃။ ပရာနုဝတ္တနာဒီဟိ, နိဗ္ဗန္ဒေနိ.ဟ ယာ ကတာ၊
ထုတိ.ရပ္ပကတေ သာ.ယံ, သိယာ အပ္ပကတတ္ထုတိ။

၃၁၃။ ဣဟ-ဤလောကဌ်၊ ပရာနုဝတ္တနာဒီဟိ-သူတစ်ပါး၏ အလိုသို့ လိုက်ရခြင်း အစရှိသည်တို့ကြောင့်၊ နိဗ္ဗန္ဒေန-ငြီးငွေ့သူသည်၊ အပ္ပကတေ-မျက်မြင်မဟုတ်, စိတ်ဖြင့်သာ ကြံစည်အပ်သောအရာဌ်၊ ယာ ထုတိ-အကြင်ချီးမွမ်းခြင်းကို၊ ကတာ-ပြုအပ်၏၊ သာယံ-ထိုချီးမွမ်းခြင်းသည်၊ အပ္ပကတတ္ထုတိ-အပ္ပကတတ္ထုတိမည်သည်၊ သိယာ-ဖြစ်၏။

၃၁၃။ ပရာနုတ္ထဒီ။ ။သူတစ်ပါးအလို လိုက်ရဖန်များသည့် အတွက် စိတ်ပျက် ငြီးငွေ့နေသော (အထက်တန်းအရာရှိ စသူသည်) မိမိကိုယ်တိုင် မသိ မတွေ့အပ်-စိတ်ကူးဖြင့် မှန်းဆအပ်သောအရာဌ် ချီးမွမ်းသောအားဖြင့် ငြီးတွားပြောဆိုခြင်းကို "အပ္ပကတတ္ထုတိအလင်္ကာ" ဟု ခေါ်သည်။ [ပရာနုဝတ္တနာဒီဟိ-အညဿ ယဿ ကဿစိ အနုဝတ္တနာဒီဟိ၊ အာဒိဖြင့် ပရပိဋ္ဌန-သူတစ်ပါး၏ အနှိပ်စက်ခံရခြင်းစသည်ကို ယူ၊ နိဗ္ဗိန္ဒေန-ဥဒ္ဗေဂံ ပတ္တေန (ငြီးငွေ့ခြင်းသို့ ရောက်သော-မင်းအလိုလိုက်ရသော မင်းခစား, ဆရာ့အလို လိုက်ရသော တပည့်, လင့်နှိပ်စက်ခံရသော မယား စသူသည်။)]

အပ္ပကတတ္ထုတိ။ ။သမင်ကလေးတွေ မျက်စား၍ လွတ်လွတ်လပ်လပ် သွားလာ နေထိုင်ကြပုံသည် ငြီးတွားချိန်မှာ အနီးဌ် တည်ရှိသည် မဟုတ်-မျက်မြင်မဟုတ်ဘဲ စိတ်ဖြင့် မှန်းဆအပ်သောအရာဖြစ်၏၊ ထိုအရာကို "အပ္ပကတ"ဟု ဆိုသည်။ [အ+ပ္ပကတေ-အရာမဟုတ်သော၊ အနဓိဂတေ-မသိအပ်သော၊ ဗုဒ္ဓိဝိသယေ၀ေ-စိတ်ကူးဖြင့် ကြံ၍ သိအပ်သော အရာဌ်သာ၊ ဋီကာဟောင်းဌ်ကား-အပ္ပကတေကို "အသံနိဟိတေ-အနီးဌ် တည်ရှိသည် မဟုတ်သော၊ ဗုဒ္ဓိဝိသယေ ၀ေ" ဟု ဖွင့်၏။]

နှ+ပကတော အပ္ပကတော-အပြားအားဖြင့် ပြုအပ်သောအရာမဟုတ်၊ ဝါ-မျက်မြင်မဟုတ်၊ အပ္ပကတေ-ဌ်+ကတာ-ပြုအပ်သော+ထုတိ-ချီးမွမ်းခြင်းတည်း၊ အပ္ပကတတ္ထုတိ-ခြင်း၊ ဤကား ဋီကာများ

http://www.dhammadownload.com

အပ္ပကတတ္ထုတိပုံစံ

၃၁၄။ သုခံ ဇီဝန္တီ ဟရိဏာ, ဝနေသု.ပရသေဝိနော၊
အနာယာသော.ပလာဘေဟိ, ဇလဒုဗ္ဘကုံရာ.ဒိဘိ။

၃၁၄။ ဝနေသု-တောတို့၌၊ အပရသေဝိနော-သူတစ်ပါးကို မှီခိုလေ့မရှိကုန်သော၊ ဟရိဏာ-သမင်တို့သည်၊ အနာယာသောပလာဘေဟိ-မပင်မပန်း, ချမ်းချမ်းသာသာ ရအပ်ကုန်သော၊ ဇလဒုဗ္ဘကုံရာဒိဘိ-ရေ, နေဇာမြက်ညွှန့် အစရှိသည်တို့ဖြင့်၊ သုခံ-ချမ်းချမ်းသာသာ၊ ဇီဝန္တိ-အသက်မွေးကြရကုန်၏။

ဖွင့်တိုင်း အဓိပ္ပာယ်တည်း၊ ကာဗျဒဿဒ္ဓကား ဤအလင်္ကာကို "အပြည့္ဆုတပသံသာ-မချိုးမွမ်းထိုက်သောအရာကို ချိုးမွမ်းခြင်း"ဟု အမည်ပေးသည်၊ ထိုအလိုကို "အပ္ပကတ-ချိုးမွမ်းထိုက်သောအရာမဟုတ်သည်၌၊ ထုတိ-ချိုးမွမ်းခြင်း"ဟု အနက်မှတ်။

၃၁၄။ သုခံတျာဒိ။ ။ဘယ်သူ့ကိုမျှ မှီ၍ မနေရဘဲ တောအမျိုးမျိုးတို့၌ လွတ်လပ်စွာ နေကြရသော သမင်တို့သည် (သူတစ်ပါးကို မှီခိုခြင်းမရှိခြင်းမှ ရအပ်သည် မဟုတ်ဘဲ) အလွယ်တကူ ရနိုင်သော ရေ-နေဇာမြက်ညွှန့်, သစ်ပင်ခြုံနွယ် ရွက်ညွှန့်တို့ဖြင့် ချမ်းချမ်းသာသာ အသက်မွေးနိုင်ကြပါပေတယ်နော်၊ [ဧတ္ထ ရာဇသေဝါ ဗျသနပ္ပတ္တေန ကေနစိ (မင်းကို ခစားရခြင်းကြောင့် ပျက်စီးခြင်းသို့ ရောက်သော တစ်စုံတစ်ယောက်သည်) အနဓိဂတာပိ (မသိ မတွေ့အပ်ပါသော်လည်း) မိဂဇိဝိကာ (သမင်တို့၏ အသက်မွေးချောင်ပုံကို) ပသံသိတာ ဟောတိ၊ အာယာသဿ-ပင်ပန်းခြင်း၏+အဘာဝေါ အနာယာသော၊ တေန+ဥပလာဘော အနာယာသောပလာဘော။]

ဇလဒုဗ္ဘကုံရာဒိဘိ။ ။အဘိဓာန်၌ နေဇာမြက်ကို ဟောသော ဒုဗ္ဘသဒ္ဒါ ပါရှိ၏၊ ထို့ကြောင့် "ဇလဒုဗ္ဘကုံရာဒိဘိ"ဟု ပါဠိမှန် ရှိသင့်၏၊ အာဒိဖြင့် ရုက္ခလတာပလ္လဝါ (သစ်ပင်၏ ရွက်ညွှန့်) စသည်တို့ကို ယူ။ [စံကျောင်းနိဿယ၌ "ဒုဥပတာပေ အဇ္ဇော ဒဇ္ဇော"ဟု အဘိဓေနပ္ပဒီပိကာကို သာဓကပြု၍ "ဒဇ္ဇ-သမန်းမြက်"ဟု အနက်ပေး၏၊ သမန်းမြက်ကား ရှုတတ်သဖြင့် စား၍ ဖြစ်နိုင်ပါမည်လော။]

http://www.dhammadownload.com

ကောဝဋ္ဋိ၏လက္ခဏာနှင့်အပြား

၃၁၅။ ဥတ္တရံ ဥတ္တရံ ယတ္ထ, ပုဗ္ဗပုဗ္ဗဝိသေသနံ၊
သိယာ ကောဝဋ္ဋိ သာ-ယံ, ဒ္ဝိဓာ ဝိဓိနိသေဓတော။

၃၁၅။ ယတ္ထ-အကြောင်အလင်္ကာ၌၊ ဥတ္တရံ ဥတ္တရံ-နောက်နောက်ပုဒ်သည်၊ ပုဗ္ဗပုဗ္ဗဝိသေသနံ-ရှေးရှေးပုဒ်၏ ဝိသေသနသည်၊ ဟောတိ-ဖြစ်၏၊ သာ-ထိုအလင်္ကာသည်၊ ကောဝဋ္ဋိ-ကောဝဋ္ဋိအလင်္ကာသည်၊ သိယာ-ဖြစ်၏၊ အယံ-ဤအလင်္ကာသည်၊ ဝိဓိနိသေဓတော-ဝိဓိကောဝဋ္ဋိ, နိသေဓကောဝဋ္ဋိတို့၏ အပြားအားဖြင့်၊ ဒ္ဝိဓာ-၂ ပါးပြား၏။

ဝိဓိကောဝဋ္ဋိပုံစံ

၃၁၆။ ပါဒါ နခါဋ္ဌရုစိရာ, နခါဋ္ဌိ ရံသီဟာသုရာ၊
ရံသီ တမောပဟာနေ-က-ရသာ ဧသာဘန္တိ သတ္ထုနော။

၃၁၆။ သတ္ထုနော- မြတ်စွာဘုရား၏၊ ပါဒါ- ခြေတော်တို့သည်၊ နခါဋ္ဌရုစိရာ- ခြေသည်းတော် အစဉ်တို့ဖြင့် နှစ်သက်စဖွယ် တင့်တယ်ပါပေကုန်၏၊ နခါဋ္ဌိ-ခြေသည်းတော် အစဉ်တို့သည်၊ ရံသိဘာသုရာ-

---

၃၁၅။ ဥတ္တရံတျာဒိ။ ။အကြောင်အဖွဲ့အနွဲ့၌ နောက်နောက်ပုဒ်သည် ရှေးရှေးပုဒ်၏ ဝိသေသန ဖြစ်၏၊ ထို့အဖွဲ့အနွဲ့သည် ကောဝဋ္ဋိအလင်္ကာမည်၏၊ ဝိဓိကောဝဋ္ဋိ, နိသေဓကောဝဋ္ဋိအားဖြင့် ၂ ပါး ပြား၏။ [အာဝဋ္ဋိသဒ္ဒါသည် မာလာ (အစဉ်အတန်း) အနက်ကို ဟော၏-ဟု ထောမနိဓိဖွင့်၏၊ ကော+အာဝဋ္ဋိ ယတ္ထာတိ ကောဝဋ္ဋိ-ဝိသေသန ဝိသေသျ အဖြစ်ဖြင့် သံကွင်းဆက်သကဲ့သို့ တစ်စဉ်တတန်းကြီး ဆက်သွယ်နေသော အစဉ်အတန်းရှိသော အဖွဲ့အနွဲ့-ဟူလို၊ ဋီကာ၌ "ကေတော+အာဝလိယန္တိ သံဝလိယန္တိ ဧတာယ ပဒါနီတိ ကောဝဋ္ဋိ (လကို ဋ္ဌပြု)=ပုဒ်တို့ကို တပေါင်းတည်း ဆက်ထားသောအားဖြင့် စောင့်ရှောက်တတ်သော အလင်္ကာ"ဟု ဆိုသည်။]

၃၁၆။ ပါဒါ နခါဋ္ဌရုစိရာ။ ။"ပါဒါ-တို့သည်၊ နခါဋ္ဌရုစိရာ-ကုန်၏"ဟု ပေးသော်လည်း"နခါဋ္ဌရုစိရာ"ဟူသော နောက်ပုဒ်သည်"ပါဒါ"ဟူသော ရှေ့ပုဒ်၏ ဝိသေသနတည်း၊ "ခြေသည်းအစဉ်တို့ဖြင့် နှစ်သက်စဖွယ်

http://www.dhammadownload.com

အရောင်တို့ဖြင့် တောက်ပပါပေကုန်၏၊ ရံသီ-အရောင်တို့သည်၊ တမော ပဟာနေကရသာ-အမိုက်မှောင်ကို ပယ်ခြင်းဟူသော တစ်ခုသောကိစ္စ ရှိကုန်သည်၊ (ဟုတွာ-ဖြစ်၍၊) သောဘန္တိ-တင့်တယ်ပါပေကုန်၏။

တင့်တယ်ကြပေသော+ခြေတော်များ"ဟု ဆိုလိုသည်၊ ထို့ကြောင့် ဋီကာ၌ "သတ္ထုနော ပါဒါ နခါဠိရုစိရာ-နခပန္တိဟိ မနုညာ"ဟု သောဘန္တိ၌ မစပ်ဘဲ ဖွင့်သည်၊ "သော"ဟု ပေးမှ "ဝိသေသန"ဟု ထင်နေကြသဖြင့် "နခါဠိရုစိရာ-ကုန်သော၊ ပါဒါ-တို့သည်၊ သောဘန္တိ-ကုန်၏"ဟု ပေးမှားကြသည်။

နခါဠိ၊ပေ၊သောဘန္တိ။ ။နခါနံ+အာဠိ-အစဉ်တို့တည်း၊ နခါဠိ-တို့၊ ဘာသဓာတ်+ယုရတ်ပစ္စည်းဖြင့် "ဘာသုရ"ဟု ထောမနိဓိ ရှိ၏၊ "ဒိတ္တသီလ-ထွန်းပခြင်းအလေ့ရှိသောအရာ"ဟုလည်း အနက်ဖွင့်၏၊ "ရံသီဟိ+ဘာသုရာ ရံသိဘာသုရာ"ဟု ပြုပါ၊ "ရံသီ၊ပေ၊သောဘန္တိ" ဟူသော ဝါကျ၌ကား "ရံသီ-ကန္တိယော၊ တမောပဟာနေကရသာ-အန္ဓကာရဝိဓမနေ အသဟာယကိစ္စာ ဟုတွာ သောဘန္တိ"ဟု ဟုတွာ ထည့်၍ သောဘန္တိ၌ စပ်ဖို့ရန် ဋီကာဖွင့်၏။ [ဧတ္ထ ပါဒါဒီနံ ပုဗ္ဗပဒါနံ-တို့၏၊ နခါဠိရုစိရတ္တာဒိ ဝိဓာယကေဟိ-နခါဠိရုစိရအဖြစ် အစရှိသည်ကို စီရင်တတ်ကုန်သော၊ ဥတ္တရဥတ္တရဝိသေသနေဟိ ဝိသေသိတတ္တာ အယံ ဝိဓိဧကာဝဠိ နာမ။]

မှတ်ချက်။ ။ဤဋီကာ၌"ဝိဓာယကေဟိ"ကို ကြည့်၍ "ဝိဒဓာတိ-ရုစိရတ္တ စသောဂုဏ်ကို ပြုစီရင်တတ်၏၊ ဣတိ ဝိဓိ-မည်၏"ဟု ဝစနတ္ထ ပြု၊ "ပါဒ စသည်တို့၏ ရုစိရတ္တ စသောဂုဏ်ကို ပြုစီရင်တတ်"ဟူသည်လည်း ထိုဂုဏ်ဖြင့် ပါဒစသည်ကို အထူးပြုခြင်းပင်တည်း၊ ထိုသို့ အထူးပြုရာဝယ် ပထမဝါကျ၌ နခါဠိရုစိရာသည် ဒုတိယဝါကျ၌ နခါဠိဟု ဆက်လာ၏၊ ဒုတိယဝါကျ၌ ရံသီဘာသုရာသည် တတိယဝါကျ၌ ရံသီဟု ဆက်လာ၏၊ ထို့ကြောင့် "ဝိဓိဧကာဝဠိ"ပုံစံ ဖြစ်သည်။ ["သီလသည် အဝိပ္ပဋိသာရကို ပြု၏၊ အဝိပ္ပဋိသာရသည် ပါမောဇ္ဇကို ပြု၏၊ ပါမောဇ္ဇသည် ပီတိကို ပြု၏"ဟု ဆိုလျှင် ဤအစဉ်အတန်းလည်း ဝိဓိဧကာဝဠိအလင်္ကာပင်တည်း။]

http://www.dhammadownload.com

နိသေဓကောဝဋ္ဋပုံစံ

၃၁၇။ အသန္တ္ဂုဏ္ဌော ယတိ နေဝ, သန္တောသော နာ-လယာဟတော၊ နာ-လယော ယော သ ဇန္တုနံ, နာ-နန္တဗျသနာဝဟော။

၃၁၇။ အသန္တ္ဂုဏ္ဌော-ရသမျှဖြင့် မျှတရောင့်ရဲခြင်း မရှိသူသည်၊ ယတိ-ရဟန်းအစစ်သည်၊ နေဝ ဟောတိ- မဟုတ်၊ အာလယာဟတော-ကပ်ငြိ တွယ်တာ တဏှာသည် နှိပ်စက်အပ်သော ရောင့်ရဲခြင်းသည်၊ သန္တောသော-ရောင့်ရဲခြင်း အစစ်သည်၊ န ဟောတိ-မဟုတ်၊ ယော-အကြင်တရားသည်၊ ဇန္တုနံ-သတ္တဝါတို့၏၊ နာ အနန္တဗျသနာဝဟော-အဆုံးမရှိသော ပျက်စီးခြင်းကို မဆောင်နိုင်၊ သ (သော)-ထိုတရားသည်၊ အာလယော-တဏှာအာလယသည်၊ န ဟောတိ-မဟုတ်။

၃၁၇။ အသန္တ္ဂုဏ္ဌော ယတိ နေဝ။ ။ဆွမ်းစသောပစ္စည်းလေးပါးတွင် တစ်ပါးပါး၌ ယထာလာဘ (ရသမျှနှင့်ရောင့်ရဲခြင်း), ယထာဗလ (မိမိခွန်အားဗလအားလျော်စွာ ရောင့်ရဲခြင်း), ယထာသာရုပ္ပ (မိမိနှင့်လျော်ကန်သော ပစ္စည်းဖြင့် ရောင့်ရဲခြင်း) ဤသို့ ၃ ပါးစီ ပြားရကား သန္တောသ ၁၂ ပါး ပြား၏၊ ထိုသန္တောသ ၁၂ ပါးတွင် တစ်ပါးပါးဖြင့် တင်းတိမ်ရောင့်ရဲခြင်း မရှိသူသည် ရဟန်းမဟုတ်။ [အသန္တ္ဂုဏ္ဌော-စီဝရာဒီသု စတူသု ပစ္စယေသု ဒဿိတဒ္ဓါဒသဝိဓသန္တောသာနံ အညတရေန အသန္တ္ဂုဏ္ဌော။]

မှတ်ချက်။ ။"အသန္တ္ဂုဏ္ဌော"အရ လူ-ရဟန်းစသော မရောင့်ရဲနိုင်သူ မှန်သမျှနှင့် ဆက်ဆံသောကြောင့် သာမညဖြစ်နေရကား "ယတိ နေဝ" ဟု ပဋိသေဓနှင့်တကွ ဝိသေသနပြုရသည်၊ နောက်ဝါကျများ၌လည်း ဤနည်းပင်။ [အသန္တ္ဂုဏ္ဌပဒံ ယတိသဟိတ (ရဟန်းနှင့်တကွသော) သကလသတ္တသမုဒါယဿ (သတ္တဝါအားလုံးအပေါင်းနှင့်) သာဓာရဏဘာဝေန ဌိတံ၊ ယတိ န ဘဝတီတိ-ယာဒိတော အညေသု သကလသတ္တသခ်ီတေသု အဝယဝေသု ပတိဋ္ဌာပနတော အသန္တ္ဂုဏ္ဌောတိ ဝိသေသျော၊ ယတိ န ဣတိ ဣဒံ ဝိသေသနံ။]

http://www.dhammadownload.com

သန္တောသော နာလယာဟတောဝေ။ ။အာလယေန-ကပ်ငြိတတ်သော တဏှာသည် + အာဟတော-ထိပါး နှိပ်စက်အပ်သည်တည်း၊ အာလယာဟတော-သည်၊ "ရသမျှနှင့် မျှတရောင့်ရဲခြင်း"ဟု ဆိုရသော်လည်း မရှိလို့သာ (ကိုယ် နှုတ်အားဖြင့်) ရောင့်ရဲရခြင်း ဖြစ်သည်၊ စိတ်အလိုအားဖြင့်ကား "ဘယ်ဟာကလေး ဝတ်ရ, စားရ, နေရလျှင် ကောင်းမှာပဲ"ဟု တဏှာဖြင့် တောင့်တနေတတ်သေး၏။ "ထိုသို့ တဏှာ နှိပ်စက်အပ်သော သန္တောသသည် သန္တောသအစစ် မဖြစ်ပါ"ဟူလို။ ["သန္တောသ"အရ တဏှာ နှိပ်စက်အပ်သော သန္တောသ, မနှိပ်စက်အပ်သော သန္တောသ" ဟု နှစ်မျိုးနှင့် ဆက်ဆံနေသောကြောင့် "န+အာလယာဟတော"ဟု တားမြစ်သော ဝိသေသနကို ပြုသည်၊ "သန္တောသ အစစ် မှန်လျှင် တဏှာသည် မနှိပ်စက်အပ်ပါ"ဟူလို။]

နာလယော၊ပေ၊ဝဟော။ ။သတ္တဝါတို့၏ အဆုံးမရှိအောင် ပျက်စီးခြင်းကို ဆောင်တတ်မှ တဏှာ အာသယအစစ် ဖြစ်သည်၊ ထိုသို့ မဆောင်တတ်သော တရားကား တဏှာ အာလယ မဟုတ်၊ "တဏှာ သမုဒယကြောင့် မဆုံးနိုင်သော ဒုက္ခ ဖြစ်၏၊ ထိုဒုက္ခကို မဖြစ်စေလျှင် တဏှာ သမုဒယ အာလယ မဟုတ်"ဟူလို၊ ["အာလယ"အရ အနန္တ ဗျသနကို ဆောင်နိုင်သော အာလယအစစ်, မဆောင်နိုင်သော အာလယအတုဟု နှစ်မျိုးရှိသောကြောင့် "န+အနန္တဗျသနာဝဟော"ဟု တားမြစ်သော ဝိသေသနကို ပြုသည်၊ နိဗ္ဗာန်ကို လိုလားသော ဆန္ဒ, ကုသိုလ်ကောင်းမှု ပြုလို၍ ပစ္စည်းဥစ္စာ တောင့်တမှုဆန္ဒမျိုးကို "အာလယ" အတုဟု မှတ်။]

မှတ်ချက်။ ။ပထမဝါကျ၌ "အသန္တုဋ္ဌော"ကို ဒုတိယဝါကျ၌ "သန္တောသော"ဟု ဆက်၏၊ ဒုတိယဝါကျ၌ "အာလယာဟတော"ကို တတိယဝါကျ၌ "အာလယော"ဟု ဆက်၏၊ ဤသို့ တစ်ဝါကျနှင့် တစ်ဝါကျကို သံကွင်းဆက်သလို ဆက်၍ နောက်နောက်ပုဒ်က ရှေးရှေးပုဒ်ကို တားမြစ်သောအားဖြင့် ဝိသေသန ပြုသောကြောင့် "နိသေဓကာဝဋ္ဋိ"ပုံစံ ဖြစ်သည်ဟု မှတ်။

http://www.dhammadownload.com

အညမညဝိဘူသန၏လက္ခဏာ

၃၁၈။ ယဟိ ဘူသိယဘူသတ္တံ, အညမညံ တု ဝတ္ထုနံ၊
ဝိနာ၁ဝ သဒိသတ္တံ တံ, အညမညဝိဘူသနံ။

၃၁၈။ ယဟိ–အကြောင်အလင်္ကာ၌၊ ဝတ္ထုနံ-နှစ်ပါးသော ဝတ္ထုတို့၏၊ သဒိသတ္တံ-တူကုန်သည်၏ အဖြစ်ကို၊ ဝါ-ဥပမာန ဥပမေယျအဖြစ်ကို၊ ဝိနာဝ-ကြဉ်၍သာလျှင်၊ အညမညံ-အချင်းချင်း၏၊ ဘူသိယဘူသတ္တံ-တန်ဆာဆင်အပ်သည်၏အဖြစ်, တန်ဆာဆင်တတ်သည်၏အဖြစ်သည်၊ ဟောတိ-ဖြစ်၏၊ တံ-ထိုအလင်္ကာသည်၊ အညမညဝိဘူသနံ-အညမညဝိဘူသနအလင်္ကာ မည်၏။

အညမညဝိဘူသနပုံစံ

၃၁၉။ ဗျာမံသုမဇ္ဇုလံ တေန, မုနိနာ လောကဗန္ဓုနာ၊
မဟန္တိံ ဝိန္ဒတိ ကန္တိံ, သောပိ တေနေဝ တာဒိသိံ။

၃၁၉။ ဗျာမံသုမဇ္ဇုလံ-တစ်လံမျှလောက်သော ကိုယ်ရောင်တော်အဝန်းသည်၊ လောကဗန္ဓုနာ-သတ္တဝါအားလုံးဟူသော မိတ်ဆွေရှိတော်မူသော၊ တေန မုနိနာ-ထို မြတ်စွာဘုရားဖြင့်၊ ဝါ-ကြောင့်၊ မဟန္တိံ-ကြီးကျယ်သော၊ ကန္တိံ- နှစ်သက်ဖွယ်ကို၊ ဝိန္ဒတိ- ရ၏၊ သောပိ-ထို

၃၁၈။ ယဟိ တျာဒိ။ ။အရာဝတ္ထုနှစ်မျိုးတို့၏ အပြန်အလှန် တန်ဆာဆင်အပ်, တန်ဆာဆင်တတ်သည်၏ အဖြစ်ကို ပြဆိုရာ အလင်္ကာသည် အညမညဝိဘူသန မည်၏၊ "ထိုသို့ အပြန်အလှန် တန်ဆာဆင်ရာ၌ ဥပမာန ဥပမေယျသဘောလည်း မဟုတ်စေရ"ဟု ပြလိုရှိ၍ "ဝိနာဝသဒိသတ္တံ"ဟု မိန့်သည်၊ ဥပမာန ဥပမေယျသဘော ဖြစ်လျှင် အညမညောပမာ ဖြစ်သွားလိမ့်မည်-ဟူလို။

ဝစနတ္ထ။ ။ဘူသိယဒ္ဓ-တန်ဆာဆင်အပ်သောအရာလည်း+ဘူသာစ-တန်ဆာဆင်တတ်သောအရာလည်း၊ ဘူသိယဘူသာယော-တို့၊ တာသံ+ဘာဝေါ ဘူသိယဘူသတ္တံ၊ အညမညံ-တစ်ပါးတစ်ပါး၏၊ ဝါ-အပြန်အလှန်၊ ဝိဘူသနံ (တန်ဆာတည်း) အညမညဝိဘူသနံ၊ အဖွဲ့အနွဲ့ကိုလည်း ဖလူပစာရအားဖြင့် အညမညဝိဘူသနဟု ခေါ်သည်။

http://www.dhammadownload.com

မြတ်စွာဘုရားသည်လည်း၊ တေနေဝ-ထိုတစ်လံမျှလောက်သော ကိုယ်ရောင်တော် အဝန်းဖြင့်ပင်၊ ဝါ-ကြောင့်ပင်၊ တာဒိသိ-ထိုကဲ့သို့သော နှစ်သက်ဖွယ်ကို၊ ဝိန္ဒတိ-ရတော်မူ၏။

၃၁၉။ ဗျာမံသု၊ပေ၊ကန္တိ။ ။ဘုရားရှင်မှ ထွက်တော်မူသော တစ်လံမျှလောက်သော ကိုယ်ရောင်တော်အဝန်းသည် ဘုရားရှင်ဖြင့် ကြီးကျယ်စွာသော နှစ်သက်ဖွယ်ကို ရ၏၊ ဤဝါကျ၌ တစ်လံမျှလောက်သော ကိုယ်ရောင်တော် အဝန်းသည် တန်ဆာဆင်အပ်သော အလင်္ကာရိယ၊ ဘုရားရှင်သည် အရောင်တော်ကို တန်ဆာဆင်တတ်သော အလင်္ကာရတည်း။ ["ဘုရား၏+အရောင်"ဟု ဆိုသောကြောင့် အရောင်တော်သည် သာ၍ တင့်တယ်သွား၏၊ အခြားသူ၏+အရောင် ဆိုလျှင် ထိုမျှလောက် မတင့်တယ်နိုင်-ဟူလို။]

သောပိ တေနေဝ တာဒိသိ။ ။ဤဝါကျ၌ကား ဘုရားရှင်သည် တန်ဆာဆင်အပ်သော အလင်္ကာရိယ၊ ကိုယ်ရောင်တော်အဝန်းကား တန်ဆာဆင်တတ်သော အလင်္ကာရတည်း၊ ဘုရားရှင်လည်း ရောင်ခြည်တော်ထွက်သောဘုရား ဖြစ်သောကြောင့် သာ၍ တင့်တယ်တော်မူသည်၊ "ရောင်ခြည်တော် မထွက်လျှင် လူအများ၏ အရေးတယူပူဇော်လောက်အောင် တင့်တယ်မည် မဟုတ်ပါ"ဟူလို၊ ဤသို့ အပြန်အလှန် တန်ဆာဆင်အပ်, တန်ဆာဆင်တတ် ဖြစ်သောကြောင့် အညမညဝိဘူသနပုံစံ ဖြစ်သည်၊ လောက၌ "ရွှေနှင့်မြ, ဘုရားနှင့်တံခွန်"ဟူသော စကားများလည်း အညမညဝိဘူသနပင် ဖြစ်ကြသည်။

ဋီကာ။ ။အညမညံ အသဒိသာနံ ဗျာမံသုမဏ္ဍလ-မုနိသဒ္ဒါတာနံ ဒွိန္နံ ဝတ္ထူနံ (တို့တွင်) ဗျာမံသုမဏ္ဍလံ ပဌမဝါကျေ အလင်္ကာရိယံ ဟောတိ၊ မုနိပဒတ္ထော (မုနိပုဒ်၏ အနက်ဖြစ်သော ဘုရားရှင်သည်) အလင်္ကာရော ဟောတိ၊ အပရဝါကျေ ဂ္ဂမေ ဒွေ (ဤ နှစ်နက္ခတ်တို့သည်) ဝိပလ္လာသေန (ပြောင်းပြန် ပြန်သောအားဖြင့်) အလင်္ကာရိယ အလင်္ကာရာ ဟောန္တိ။ [အံသူနံ-ကိုယ်ရောင်တော်တို့၏+မဏ္ဍလံ အံသုမဏ္ဍလံ၊ ဗျာမံ ဧဝ-တစ်လံမျှလောက်သာလျှင်ဖြစ်သော+အံသုမဏ္ဍလံ ဗျာမံသုမဏ္ဍလံ။]

http://www.dhammadownload.com

သဟဝုတ္တိ၏လက္ခဏာနှင့်အပြား

၃၂၀။ ကထံ သဟဘာဝဿ, ကြိယာယ စ ဂုဏဿ စ၊
သဟဝုတ္တီတိ ဝိညေယျံ, တဒုဒါဟရဏံ ယထာ။

၃၂၀။ ကြိယာယစ-ကြိယာ၏လည်းကောင်း၊ ဂုဏဿ စ-ဂုဏ်၏လည်းကောင်း၊ သဟဘာဝဿ-တကွ၏အဖြစ်ကို၊ ကထံ-ပြောဆိုခြင်းကို၊ သဟဝုတ္တီတိ-သဟဝုတ္တိဟူ၍၊ ဝိညေယျံ-သိအပ်၏၊ တဒုဒါဟရဏံ-ထိုဥဒါဟရဏ်သည်၊ ယထာ-အဘယ်နည်း။....

ကြိယာသဟဝုတ္တိပုံစံ

၃၂၁။ ဇလန္တိ စန္ဒရံသီဟိ, သမံ သတ္ထု နခံသဝေါ၊
ဝိဇမ္ဘတိ စ စန္ဒေန, သမံ တမ္မုခစန္ဒိမာ။

၃၂၁။ သတ္ထု-မြတ်စွာဘုရား၏၊ နခံသဝေါ-ခြေသည်းတော်ရောင်တို့သည်၊ စန္ဒရံသီဟိ-လရောင်တို့နှင့်၊ သမံ-အညီအမျှ၊ ဇလန္တိ-တောက်ပကြကုန်၏၊ တံမုခစန္ဒိမာ စ-ထိုမျက်နှာတော်လမင်းသည်လည်း၊ စန္ဒေန-ပကတိလမင်းနှင့်၊ သမံ-အညီအမျှ၊ ဝိဇမ္ဘတိ-တင့်တယ်စံပယ်တော်မူ၏။

၃၂၀။ ကထံတျာဒိ။ ။အရာဝတ္ထုနှစ်ခုတို့၏ကြိယာ, သို့မဟုတ် ဂုဏ်၏ အတူတကွဖြစ်ပုံကို ပြဆိုသော အဖွဲ့သည် သဟဝုတ္တိ မည်၏၊ သဟ-တကွ (အတူတွဲ၍)+ဝုတ္တိ-ဆိုခြင်းတည်း၊ သဟဝုတ္တိ-ခြင်း၊ "ကြိယာယ စ ဂုဏဿ စ"ကို ကြည့်၍ ကြိယာသဟဝုတ္တိ , ဂုဏသဟဝုတ္တိအားဖြင့် နှစ်မျိုးပြားကြောင်းကို သိပါ။ [ဤသို့ အညီအမျှ တကွဖြစ်ပုံကို သဒ္ဒါကျမ်းတို့၌ "သမဝါယ"ဟု ခေါ်သည်။]

၃၂၁။ ဇလန္တိ ။ပေ။ နခံသဝေါ။ ။ဤနှစ်ပါဒဖြင့် ခြေသည်းတော်အရောင်နှင့် လအရောင်ဟူသော ဝတ္ထုနှစ်ရပ်တို့၌ ရှိသော တောက်ပခြင်း ကြိယာ၏ ညီတူညီမျှ (သမဝါယ)ဖြစ်ပုံကို ပြဆို၏။

ဝိဇမ္ဘတိ။ပေ။စန္ဒိမာ။ ။ဤနှစ်ပါဒဖြင့် "မျက်နှာတော်လ, ပကတိလဟူသော ဝတ္ထုနှစ်ရပ်တို့၌ ရှိသော စံပယ်ခြင်းကြိယာ၏ အတူတကွ သမဝါယ ဖြစ်ပုံကို ပြ၏။ [ဧတ္ထ ဥဘယပဒတ္ထာနံ - ပုဒ်နက်ဖြစ်သော

http://www.dhammadownload.com

ဂုဏသဟဂုတ္တိပုံစံ

၃၂၂။ ဇိနောဒယေန မလိနံ, သဟ ဒုဇ္ဇနစေတသာ၊
ပါပံ ဒိသာ သုဝိမလာ, သဟ သဇ္ဇနစေတသာ။

၃၂၂။ ဇိနောဒယေန-ဘုရားမြတ်စွာ, ပွင့်တော်မူလာခြင်းကြောင့်၊ ပါပံ-မကောင်းမှု အကုသိုလ်သည်၊ ဒုဇ္ဇနစေတသာ-လူယုတ်မာတို့၏ စိတ်နှင့်၊ သဟ-အတူတကွ၊ မလိနံ-ညစ်နွမ်းသည်၊ ဟောတိ-ဖြစ်၏၊ ဒိသာ-အရပ်မျက်နှာတို့သည်၊ သဇ္ဇနစေတသာ-သူတော်ကောင်းတို့၏ စိတ်နှင့်၊ သဟ-အတူတကွ၊ သုဝိမလာ-လွန်စွာသန့်ရှင်း, ညစ်ကြေးကင်းကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏။

ဝတ္ထုနှစ်ရပ်တို့၏၊ သာမာရဏီဘူတဇလနဝိဇ္ဇနကြိယာနံ (ဆက်ဆံသည် ဖြစ်၍ ဖြစ်သော တောက်ပခြင်း, စံပယ်ခြင်းကြိယာတို့၏) သဟဘာဝဿ ဝုတ္တတ္တာ ဧသော ကြိယာသဟဂုတ္တိနာမ။

၃၂၂။ ဇိနော၊ပေ၊ပါပံ။ ။ဤနှစ်ပါဒဖြင့် မကောင်းမှုအကုသိုလ်ဓမ္မဟူသော ဝတ္ထု, သူယုတ်မာဟူသော ဝတ္ထုနှစ်ခုတို့၌ ရှိသော ညစ်ပေခြင်းဂုဏ်၏ အတူတကွ(ဂေါဏော ဂေါဏောကဲ့သို့) ရောနှောပုံကို ပြသည်၊ [ဤ၌ "ဂုဏ"ဟူသည်မှာ ဂုဏီဖြစ်ကို ထင်ရှားပြနိုင်သော ဝိသေသနတစ်မျိုးတည်း၊ "အတ္ထနော ဒဗ္ဗံ ဂုဏောတိ ပကာသေတီတိ ဂုဏော= မိမိတည်ရာဖြစ်ကို ထင်ရှားပြသော သဘောကို ဂုဏ်"ဟု ခေါ်သည်၊ ထို့ကြောင့် ညစ်ပေခြင်း=မည်းနက်ခြင်းကိုပင် ဂုဏ်ခေါ်သည်ဟု မှတ်။]

ဒိသာ၊ပေ၊သဇ္ဇနစေတသာ။ ။ဤနှစ်ပါဒဖြင့် အရပ်မျက်နှာတည်းဟူသော ဝတ္ထု, သူတော် သူမြတ်တည်းဟူသော ဝတ္ထု နှစ်ရပ်တို့၌ ရှိသော သန့်ရှင်းခြင်းဂုဏ်၏ အတူတကွ (သမဏောန သမဏောကဲ့သို့) ရောနှောပုံကို ပြသည်။

ဋီကာ။ ။ဣမိနာ နယေန ဇိနောဒယေန ဒိသာ-ဒသ ဒိသာယော သဇ္ဇနစေတသာ သဟ သုဝိမလာ၊ သဇ္ဇနသန္တာနတော ပါပါနံ အပဂမနေန (သူတော်ကောင်းသန္တာန်မှ မကောင်းမှုများ ကင်းသွားသည့် အတွက်) ကိတ္တိမာလာယ (ကျော်စောခြင်း အစဉ်၏) ဘုဝနတ္တယေ

http://www.dhammadownload.com

ဝိရောဓိတာအလင်္ကာ၏လက္ခဏာ

၃၂၃။ ဝိရောဓိနံ ပဒတ္ထာနံ, ယတ္ထ သံသဂ္ဂဒဿနံ၊
သမုက္ကံသာ-ဘိဓာနတ္ထံ, မတာ သာ-ယံ ဝိရောဓိတာ။

၃၂၃။ ယတ္ထ-အကြောင်အလင်္ကာ၌၊ သမုက္ကံသာဘိဓာနတ္ထံ-ခြိုးမွမ်းအပ်သော ဝတ္ထု၏ လွန်ကဲပုံကို ပြောဆိုခြင်းအကျိုးငှာ၊ ဝိရောဓိနံ-ဆန့်ကျင်ခြင်းရှိကုန်သော၊ ပဒတ္ထာနံ-ပုဒ်နက်တို့၏၊ သံသဂ္ဂဒဿနံ-ရောနှောခြင်းကို ပြခြင်းသည်၊ ဟောတိ-ဖြစ်၏၊ သာယံ-ထိုအလင်္ကာကို၊ ဝိရောဓိတာ-ဝိရောဓိတာအလင်္ကာဟူ၍၊ မတာ-သိအပ်၏။

ဝိရောဓိတာပုံစံ

၃၂၄။ ဂုဏာ သဘာဝမဂုဏာ–အပိ လောကေ-ကဗန္ဓုနော၊
သေဝိတာ ပါပသေဝီနံ, သမ္မဒူသန္တီ မာနသံ။

၃၂၄။ လောကေကဗန္ဓုနော-လောက၏ တစ်ပါးတည်း မိတ်ဆွေဖြစ်တော်မူသော မြတ်စွာဘုရား၏၊ ဂုဏာ-အရဟတာ အစရှိသော ဂုဏ်တော်တို့သည်၊ သဘာဝမဂုဏာ-ပင်ကိုသဘောအားဖြင့် ချို့ဆိုမ့်ကုန်သည်၊ (သမာနာ)အပိ-ဖြစ်ပါကုန်သော်လည်း၊ (ပါပသေဝီဟိ-သူယုတ်မာတို့ကို မှီဝဲဆည်းကပ်လေ့ရှိသူတို့သည်၊) သေဝိတာ-မှီဝဲအပ်ကုန်သည်၊ (သမာနာ-ဖြစ်ကုန်လတ်သော်၊) ပါပသေဝီနံ-သူယုတ်မာတို့ကို

ပတ္ထဒ္ဒတ္တာ အတိနိမ္မလာ ဣတိ ဥဘယပဒတ္ထာနံ သာဓာရဏီဘူတ မလိနဘာဝသုဝိမလဘာဝသခ်ိတဿ ဂုဏဿ သဟဘာဝဿ ဝုတ္တတ္တာ ဧသော ဂုဏာသဟဝုတ္တိနာမ။

၃၂၃။ ဝိရောဓိနံတျာဒိ။ ။ခြိုးမွမ်းလိုအပ်သောဝတ္ထု၏ လွန်ကဲသည်၏ အဖြစ်ကို ပြခြင်းငှာ ဆန့်ကျင်ဘက်ဖြစ်ကြသော ဂုဏ် ကြီးပွားစသော ပုဒ်နက်တို့၏ ရောစပ်ခြင်းကို ပြဆိုရာ အလင်္ကာသည် ဝိရောဓိတာအလင်္ကာ မည်၏။ ဤဂါထာ၏ အဓိပ္ပာယ်မှာ ပုံစံဂါထာ၌ ထင်ရှားလတ္တံ့။ [ဝိရောဓော ဧတေသံ အတ္ထီတိ ဝိရောဓီ-ဆန့်ကျင်ခြင်းရှိသော ကြီးပွား-ဂုဏ်စသော အနက်တို့၊ သံသဂ္ဂဿ (သန္နိဓာနဿ)-ပေါင်းဆုံ တည်နေပုံကို+ဒဿနံ သံသဂ္ဂဒဿနံ။]

http://www.dhammadownload.com

မှီဝဲဆည်းကပ်လေ့ ရှိသူတို့၏၊ မာနသံ-စိတ်ကို၊ သမ္ဗဒူသန္တိ-လွန်စွာ ဖျက်ဆီးနိုင်ကုန်၏။

၃၂၄။ ဂုဏာတျာဒိ။ ။သတ္တလောက၏ ပြိုင်ဘက်မရှိ တစ်ပါးတည်း ဆွေမျိုး ဖြစ်တော်မူသော မြတ်စွာဘုရား၏ အရဟတာစသော ဂုဏ်တော်တို့သည် အစစ်အမှန်အားဖြင့် ချိုဆိမ့်ပါပေကုန်၏၊ သို့သော် တိတ္ထိဆရာကြီးစသော ယုတ်မာသူတို့ကို မှီဝဲဆည်းကပ်သူတို့သည် ထိုဂုဏ်များကို ကြားသိရသောအားဖြင့် မှီဝဲအပ်ကုန်သည်ရှိသော် ထိုသူတို့၏ စိတ်ကို အလွန် ဖျက်ဆီးကုန်၏၊ ထိုသူတို့မှာ "အလွန်စိတ်ဆိုးကြ-အလွန် မကြားလိုသော ဣဿာ ဖြစ်ကြသည်"ဟူလို။ [ဧဝံ ဟိနာဓိမုတ္တိကေဟိ (ယုတ်ညံ့သော အဇ္ဈာသယ ရှိသူတို့သည်) သဟိတုံ အသက္ကုဏေယျ (သည်းမခံနိုင်လောက်အောင်) တဿ (ထိုဘုရားရှင်၏) ဂုဏာတိသယော ဝတ္တတိ။]

ထင်ရှားစေအံ့။ ။"ဥူးသီလနှင့် ဥူးဓမ္မတို့ နှစ်ဖက် ကွဲနေကြပြီ"ဟု ဆိုကြစို့၊ ဥူးသီလ၏ သီလ,သမာဓိ,ပညာဂုဏ်သည် အမှန်ကောင်းသော ဂုဏ်များပေတည်း၊ သို့သော် ထိုဂုဏ်များကို ဥူးဓမ္မဘက်သားတို့ ကြားရသိရလျှင် ထိုဂုဏ်များက ဥူးဓမ္မဘက်သားတို့၏ စိတ်ကို တမင်တကာ မဖျက်ဆီးသော်လည်း ဖျက်ဆီးရာ ရောက်သဖြင့် ဥူးဓမ္မဘက်သားတို့သည် စိတ်အပျက်ကြီး ပျက်စီးကြ-စိတ်အဆိုးကြီး ဆိုးကြ၏၊ ဤသို့ တစ်ဖက်သားတို့ မခံနိုင်ကြခြင်းသည်ပင် ဥူးသီလဂုဏ်တို့၏ အလွန်ကြီးမားကြောင်း အထိမ်းအမှတ် ဖြစ်၏၊ "ဂုဏ်တို့က ကြီးလို့သာ မခံနိုင်ခြင်း ဖြစ်သည်၊ သာမန်ဂုဏ်ဆိုလျှင် ခံနိုင်ကြတာပေါ့"ဟူလို။

မှတ်ချက်။ ။ဤဂါထာ၌ သဘာဝမဓုရဂုဏ်များနှင့် ဖျက်ဆီးခြင်းကြိယာသည် ဆန့်ကျင်ဘက် ဖြစ်ကြ၏၊ ဤသို့ ဆန့်ကျင်ဘက် ပုဒ်နက်နှစ်ခုကို "ဝိရောဓိနံ ပဒတ္ထာနံ"ဟု သုတ်၌ဆိုခဲ့သည်၊ ထိုသို့ဆန့်ကျင်ဘက်ဖြစ်ကြသော အရဟတာ စသော ဂုဏ်တော်များနှင့် သမ္ဗဒူသနကြိယာကို ရောစပ်၍ ပြထားခြင်းကို "သံသဂ္ဂဒဿနံ"ဟု ဆိုခဲ့သည်၊ ထိုသို့ဆန့်ကျင်ဘက် အနက်နှစ်ခုကို ရော၍ ပြခြင်းသည် အရဟတာစသော ဂုဏ်တော်များ၏ (လူယုတ်မာများ မခံနိုင်လောက်အောင်) လွန်ကဲကြောင်းကို ပြရခြင်း (သမုက္ကံသာဘိဓာန)အကျိုး ရှိ၏-ဟု မှတ်။

http://www.dhammadownload.com

ပရိဝုတ္တိအလင်္ကာ

၃၂၅။ ယဿ ကဿစိ ဒါနေန, ယဿ ကဿစိ ဝတ္ထုနော၊
ဝိသိဋ္ဌဿ ယမာဒါနံ, ပရိဝုတ္တိတိ သာ မတာ။

၃၂၅။ ယဿ ကဿစိ-တစ်စုံတစ်ယောက်အား၊ ယဿ ကဿစိ-တစ်စုံတစ်ခုသော၊ ဝတ္ထုနော-ဝတ္ထုကို၊ ဒါနေန-ပေးခြင်းကြောင့်၊ ဝိသိဋ္ဌဿ-ထူးမြတ်သောဝတ္ထုကို၊ ယံ အာဒါနံ-အကြင်ပြန်ယူခြင်းသည်၊ အတ္ထိ-ရှိ၏၊ သာ-ထိုပြန်ယူခြင်းကို၊ ပရိဝုတ္တိတိ-ပရိဝုတ္တိဟူ၍၊ ဝါ-ပေးခြင်း ယူခြင်းအားဖြင့် လဲလှယ်ခြင်းဟူ၍၊ မတာ-သိအပ်၏။

၃၂၆။ ပုရာ ပရေသံ ဒတ္တွာန, မနုညံ နယနာဒိကံ၊
မုနိန္ဒ သမနုပ္ပတ္တော, ဒါနိ သဗ္ဗညုတာသိရိံ။

၃၂၆။ မုနိန္ဒ-အို...မြတ်စွာဘုရား၊ (တွံ-ရှင်တော်မြတ်ဘုရားသည်) ပုရာ-ရှေးအခါ၌၊ ပရေသံ-သူတစ်ပါးတို့အား၊ မနုညံ-နှစ်သက်စဖွယ်, လွန်တင့်တယ်သော၊ နယနာဒိကံ-မျက်လုံးတော် အစရှိသည်ကို၊ ဒတ္တွာန-ပေးလှူတော်မူခဲ့ပြီး၍၊ ဝါ-ပေးလှူတော်မူခဲ့ခြင်းကြောင့်၊ ဒါနိ-

---

၃၂၅။ ယဿ ကဿစိတ္ထာဒိ။ ။ရမည့်အကျိုးနှင့် နှိုင်းမှာလျှင် ကြီးကျယ်၏ဟု မဆိုလောက်သော တစ်စုံတစ်ခုဝတ္ထုကို တစ်စုံတစ်ယောက်သောအလှူခံပုဂ္ဂိုလ်အား ပေးခြင်းကြောင့် ထူးကဲသာလွန်သော (အကျိုးဖြစ်သော) ဝတ္ထုကို လဲလှယ်၍ယူခြင်းသည် ပရိဝုတ္တိမည်၏။

ဋီကာ။ ။ယဿ ကဿစိ ဝတ္ထုနော-ခုဒ္ဒကဝတ္ထုနော၊ ယဿ ကဿစိ ပဋိဂ္ဂါဟကဿ၊ ဒါနေန ဟေတုဘူတေန၊ ဝိသိဋ္ဌဿ-ဥတ္တမ ဝတ္ထုနော၊ ယံ အာဒါနံ ဂဟဏံ အတ္ထိ၊ သာ ပရိဝုတ္တိတိ မတာ၊ ဒါနဂ္ဂဟဏပရိဝုတ္တတ္တာ (ပေးခြင်း ယူခြင်းဟူသော ပရိဝုတ္တ၏ အဖြစ်ကြောင့်) ပရိဝုတ္တိနာမ။ [ပရိဝတ္တနပုဒ်ကဲ့သို့ ပရိဝုတ္တိပုဒ်လည်း လဲလှယ်ခြင်းအနက်ကို ဟော၏။]

၃၂၆။ ပုရာတ္ထာဒိ။ ။"ပုရာ၊ပေ၊နယနာဒိကံ"ဖြင့် ပေးခြင်းကို ပြ၏၊ ထိုသို့ ပေးရာ၌ မျက်လုံးကို, အာဒိဖြင့် ဦးခေါင်းတော်ကို ပေးခြင်း, အသက်ကို စွန့်လှူခြင်း စသည်ကို ယူ၊ ထို ပေးအပ်သော ဝတ္ထုသည်

http://www.dhammadownload.com

ယခုအခါ၌၊ သဗ္ဗညုတာသိရီ-သဗ္ဗညုတာဉာဏ် တည်းဟူသော အသရေတော်ကို၊ သမနုပ္ပတ္တော-ကောင်းစွာ ရတော်မူပါပေပြီ။

အဖိုးတန်ဖြစ်၍ ကြီးကျယ်သော်လည်း အစားယူမည့် သဗ္ဗညုတာဉာဏ်တော်ကို ထောက်စာလျှင် သေးငယ်သောဝတ္ထုပင် ဖြစ်သည်၊ "ဒါနိ သဗ္ဗညုတာသိရိ" ပါဠိဖြင့် သဗ္ဗညုတာဉာဏ်တော်ကို အစားပြန်၍ ယူတော်မူပုံကို ပြသည်။

မှတ်ချက်။ ။လောကဌ် အကြင်သူ့အား ပေး၏၊ ထိုသူ့ထံမှသာ တစ်စုံတစ်ခုကို အစားပြန်၍ ယူရ၏၊ ဤသို့သော အပေးအယူကိုသာ ပရိဝုတ္ထိ (ပရိဝတ္တန)သဒ္ဒါတို့က ဟောပုံထင်ရှား၏၊ ဤဂါထာဌ်ကား ပေးစဉ်ကလည်း ခံယူသူထင်ရှားမရှိ, ပေးရာပုဂ္ဂိုလ်ထံမှလည်း သဗ္ဗညုတာဉာဏ်တော်ကို ရသည်မဟုတ်၊ သို့သော်တစ်စုံတစ်ခုပေး၍ တစ်စုံတစ်ခုကို အစားပြန်ယူသော လောကထုံးစံကို အတုလိုက်၍ "ပရိဝုတ္တိ"ဟု ဆိုထားသည်၊ ကာဗျဒဿဌ်ကား ပေးရာပုဂ္ဂိုလ်အထံမှ ပြန်၍ယူသောပုံစံကို ပြသောကြောင့် သာ၍ သဘာဝကျ၏။

သတ္ထပ္ပဟာရံ ဒတ္ဝာန, ဘုဇေန တဝ ရာဇုနံ၊
စိရစ္စိတံ ဟတံ တေသံ, ယသော ကုမုဒပဏ္ဍရံ။

တဝ-သင်မင်းမြတ်၏၊ ဘုဇေန-လက်ရုံးဖြင့်၊ သတ္ထပ္ပဟာရံ-လက်နက်ဖြင့် ပုတ်ခတ်ခြင်းကို၊ ဒတ္ဝာန-ပေးပြီး၍၊ တေသံ ရာဇုနံ-ထိုရန်သူမင်းတို့၏၊ စိရစ္စိတံ-ကြာမြင့်စွာ ဆည်းပူးအပ်သော၊ ကုမုဒပဏ္ဍရံ-ကုမုဒြာကြာကဲ့သို့ဖြူသော၊ ယသော-စည်းစိမ်ကို၊ ဟတံ-ဆောင်အပ်ပြီ။ [ဤ၌ မင်းတို့အား ပုတ်ခတ်ခြင်းကို ပေး၍ ထိုမင်းတို့ထံမှ စည်းစိမ်ကို ယူခြင်းကြောင့် လောကထုံးစံနှင့် ကိုက်ညီ၏။]

အဇရံ ဇိရမာနေန, တပမာနေန နိဗ္ဗုတိ၊
နိမေယျံ ပရမံ သန္တိ, ယောဂက္ခေမံ အနုတ္တရံ။

ဇိရမာနေန-ဆွေးမြေ့တတ်သော၊ တပမာနေန-ပူလောင်တတ်သော၊ ဣမိနာ-ပစ္စည်းဥစ္စာ, ကိုယ်ခန္ဓာဟူသော ဤဝတ္ထုဖြင့်၊ အဇရံ-ဆွေးမြေ့ခြင်းမရှိသော၊ နိဗ္ဗုတိ-ငြိမ်းအေးခြင်းသဘောရှိသော၊ ပရမံ-မြတ်သော၊ ယောဂက္ခေမံ-ယောဂတို့၏ကုန်ရာဖြစ်သော၊ အနုတ္တရံ-အတုမရှိ မြတ်သော၊ သန္တိ-နိဗ္ဗာန်ကို၊ နိမေယျံ (စေတာပေယျံ)-လဲလှယ် ဝယ်ယူလိုက်တော့အံ့။ [ဤ၌ ခန္ဓာကိုယ်ကို ပေး၍ ထိုကိုယ်ထက် မြတ်သောနိဗ္ဗာန်ကို ယူခြင်းကြောင့် ပရိဝုတ္တိမည်၏။]

http://www.dhammadownload.com

ဘမအလင်္ကာ၏ လက္ခဏာ

၃၂၇။ ကိဉ္စိ ဒိသွာန ဝိညာတာ, ပဋိပဇ္ဇတိ တံသမံ၊
သံသယာပဂတံ ဝတ္ထုံ၊ ယတ္ထ သော ယံ ဘမော မတော။

၃၂၇။ ယတ္ထ-အကြောင်းအလင်္ကာ၌၊ ဝိညာတာ-တတ်သိ နားလည်သူသည်၊ ကိဉ္စိ-တစ်စုံတစ်ခုသော ဝတ္ထုကို၊ ဒိသွာ-မြင်ရ၍၊ ဝါ-မြင်ရသည်ရှိသော်၊ တံ သမံ-ထိုဝတ္ထုနှင့် အလားတူသော၊ ဝတ္ထုံ-တစ်စုံတစ်ခုသော ဝတ္ထုကို၊ သံသယာပဂတံ-ကင်းသော ယုံမှားခြင်းရှိသည် ဖြစ်၍၊ ဝါ-ယုံမှားသံသယမှ ကင်းရှင်းစွာ၊ ပဋိပဇ္ဇတိ-သိ၏၊ သောယံ-ထိုအလင်္ကာကို၊ ဘမော-ဘမအလင်္ကာဟူ၍၊ ဝါ-ဝတ္ထုတစ်ခုဌ် မတည်တံ့ခြင်းဟူ၍၊ မတော-သိအပ်၏။

၃၂၇။ ကိဉ္စိတ္ထာဒိ။ ။မြင်အပ်သောအရာကို သိတတ်သူတစ်ယောက်သည် တစ်စုံတစ်ခုသော (အရုပ်မျက်နှာတို့၏ လင်းနေခြင်း စသည်ကို) မြင်ရသည်ရှိသော် ထိုလင်းနေသော အရာဝတ္ထုနှင့် တူသော အခြားဝတ္ထုကို သိ၏၊ အခြားအရာဝတ္ထုဟု မှတ်ထင်၏၊ ထိုသို့ မှတ်ထင်ရာ၌ ယုံမှားသံသယ မရှိဘဲ တကယ်ပင် မှတ်ထင်ခြင်း ဖြစ်၏၊ ဤသို့ မြင်ရသော အရာဝတ္ထု၌ စိတ်မတည်ဘဲ အခြားဝတ္ထု၌ လည်၍ သွားပုံကို ပြသော အလင်္ကာသည် "ဘမအလင်္ကာ" မည်၏၊ တံလျှပ်ကို ရေထင်သော သင်္ဘောများနှင့် ပေါက်ပွင့်ကို သားတစ်ထင်သော မြေခွေးများ၏ စိတ်လည်ပုံမျိုးတည်း။

ဋီကာ။ ။ဝိညာတာ-အဝဗောဓကာရကော (မြင်သောအာရုံ၌ သိမှုကို ပြုလုပ်သူသည်) ကိဉ္စိ ဒိသာဝိရောစနာဒိကံ ဒိသွာန (အရုပ်မျက်နှာတို့၏ တင့်တယ်ကောက်ပခြင်းအစရှိသော တစ်စုံတစ်ခုကို မြင်ရ၍) တံ သမံ-တေန ဒိဿမာနဝတ္ထုနာ တုလျံ အညံ ဝတ္ထုံ (ထိုမြင်အပ်ဆဲဝတ္ထုနှင့် တူသော အခြားဝတ္ထုကို) သံသယာပဂတံ-နိဿံသယံ ကတွာ၊ ပဋိပဇ္ဇတိ-ဇာနာတိ၊ "ဘမုအနဝဋ္ဌနေ"ဟူသော ဓာတ်ကျမ်းနှင့်အညီ မြင်အပ်သောဝတ္ထု၌ မတည်ဘဲ အခြားဝတ္ထုသို့ စိတ်လည်၍ သွားခြင်းကို "ဘမ"ဟု ဆို၏၊ ထို ဘမကို ပြသော အဖွဲ့အနွဲ့လည်း ဖလူပစာရအားဖြင့် "ဘမအလင်္ကာ"မည်၏၊ ဘမနံ-မရုပ်မတည် လည်ခြင်း၊ ဘမော-ခြင်း၊ သံသယော+အပဂတော ယသ္မာတိ သံသယာပဂတံ၊ သံသယာပဂတန္တိ-ကြိယာဝိသေသနံ၊ ကြိယာဝိသေသနပုဒ်။

http://www.dhammadownload.com

ဘမအလင်္ကာ၏ ပုံစံ

၃၂၈။ သမံ ဒိသာသုဇ္ဇလာသု, ဇိနပါဒနခံသုနာ၊
ပဿန္တာ အဘိနန္ဒန္တိ, စန္ဒာတပမနာ ဇနာ။

၃၂၈။ ဇိနပါဒနခံသုနာ-မြတ်စွာဘုရား၏ ခြေသည်းတော်အရောင်ဖြင့်၊ ဒိသာသု-အရပ်မျက်နှာတို့သည်၊ သမံ-တစ်ပြိုင်နက်၊ ဥဇ္ဇလာသု-တောက်ပကုန်သည်ရှိသော်၊ပဿန္တာ-ထိုအရောင်တို့ကို မြင်ရကုန်သော၊ ဇနာ-လူတို့သည်၊ စန္ဒာတပမနာ-လရောင်ဟု မှတ်ထင်သော စိတ်ရှိကုန်သည်၊ (ဟုတွာ-ဖြစ်၍၊) အဘိနန္ဒန္တိ-လွန်စွာ နှစ်သက်ကြကုန်၏။

၃၂၈။ သမံတျာဒိ။ ။ဘုရားရှင်၏ ခြေသည်းတော်မှ ထွက်သော အရောင်တော်များဖြင့် အရပ်မျက်နှာတွေ တစ်ပြိုင်နက် လင်းနေသည်ကို မြင်ရသော လူတို့သည် လရောင်ဟု ထင်မှတ်ကုန်လျက် အလွန်နှစ်သက်ကြလေသည်။ [ဇိနပါဒနခံသုနာ ကရဏဘူတေန၊ပေါတာ ဥဇ္ဇလာ ဒိသာ (တို့ကို) ပဿန္တာ ဇနာ စန္ဒာတပမနာ-စန္ဒတပေါတိ (လရောင်ဟူ၍) ပဝတ္တစိတ္တာ အဘိနန္ဒန္တိ။]

မှတ်ချက်။ ။စက္ခုဝိညာဉ်စိတ်ဖြင့် အမှန်မြင်ရသော အရာဝတ္ထုကား ခြေသည်းတော်ရောင်များတည်း၊ သို့သော် စိတ်က "ခြေသည်းတော်ရောင်"ဟု မထင်ဘဲ လရောင်ဟု ထင်ခြင်းသည် စိတ်လည်နေသော ဘမသဘောပင်တည်း။ [ဝိဇ္ဇမာနနခမရီစိယံ ဗုဒ္ဓိ အကတွာ (စိတ်ဖြင့် သိမှု မပြုဘဲ) စန္ဒာတပေ ဗုဒ္ဓိယာ ပဝတ္တနတော ဘမော နာမ၊....စန္ဒာတပေါ ဣတိ+မနော ယေသံတိ စန္ဒာတပမနာ။]

အသာတံ သာတရူပေန, ပိယရူပေန အပ္ပိယံ၊
ဒုက္ခံ သုခဿ ရူပေန, ပမတ္တမတိဝတ္တတိ။

မှတ်ချက်။ ။သုတ္တနိပါတ်ပါဠိတော်လာ ဤဂါထာသည် မသာယာအပ်မသော အာရုံတွေက သာယာဖွယ်ယောင်ဆောင်၍, ချစ်ဖွယ်မဟုတ်သော သားမယား စသည်က ချစ်ဖွယ်ဟန်ဆောင်၍, ဒုက္ခတွေက သုခယောင်ဆောင်၍ မေ့လျော့သူကို လွှမ်းမိုးနေကြောင်းကို ပြသောကြောင့် တိုက်ရိုက်အားဖြင့် "ဘမ"အလင်္ကာ မဟုတ်၊ "သာယာဖွယ် မဟုတ်သည်ကို သာယာဖွယ်ဟု ထင်နေ၏"စသည်ဖြင့် စကားအသုံးပြု၍ ဆိုမှ "ဘမအလင်္ကာ"ဖြစ်နိုင်မည်။

http://www.dhammadownload.com

ဘာဝအလင်္ကာ၏လက္ခဏာ

၃၂၉။ ပဝုစ္စတေ ယံ နာမာဒိ, ကဝိနံ ဘာဝဗောဓနံ၊
ယေန ကေနစိ ဝဏ္ဏေန, ဘာဝေါနာမာ.ယ.မီရိတော။

၃၂၉။ ကဝိနံ-ကဗျာတတ်သို့, ပညာရှိတို့သည်၊ [ပဝုစ္စတေ၌ စပ်၊] ဝါ-ပဗျာတတ်သို့, ပညာရှိတို့၏၊ [ဘာဝ၌ စပ်၊] ဘာဝဗောဓနံ-အလိုကို သိစေတတ်သော၊ ယံ နာမာဒိ-အကြင်နာမ်ပုဒ်အစရှိသည်ကို၊ ယေန ကေနစိ ဝဏ္ဏေန-အမှတ်မထား, တစ်ပါးပါးသော အခြင်းအရာအားဖြင့်၊ ပဝုစ္စတေ-ဆိုအပ်၏၊ အယံ-ဤနာမ်ပုဒ်အစရှိသည်ကို၊ ဘာဝေါ နာမ-ဘာဝမည်၏ဟူ၍၊ ဤရိတော-ဆိုအပ်၏။

၃၂၉။ ပဝုစ္စတေတျာဒိ။ ။ဤဂါထာ၏ တိုက်ရိုက်အဆိုအတိုင်း ယူလျှင် နာမ်ပုဒ်စသည်ကို "ဘာဝ"ဟု ယူရလိမ့်မည်၊ အမှန်မှာ-"ဘာဝ" ဟူသည် နာမ်ပုဒ်စသည် မဟုတ်၊ ကဝိစာဆို၏ ဆိုလိုရင်း အဓိပ္ပာယ်တည်း၊ ဤမိန်းကန်တို့၌ "ဤမိန်းဆရာ၏အာဘော်"မျိုးပင် ဖြစ်သည်၊ ထို ဆိုလိုရင်းအဓိပ္ပာယ်ကို ပြသော အဖွဲ့အနွဲ့ဂါထာကိုကား အနက်၏ အမည်ကို တင်စားသော ဖလူပစာရအားဖြင့် ဘာဝဟု ခေါ်ရ၏။ [ကဝိနံ အဓိပ္ပာယပ္ပကာသကော ဥတ္တိဝိသေသော (အဖွဲ့အနွဲ့ဟူသော စကားအထူးသည်) တဒတ္ထေန ဘာဝေါ နာမ။]

ဂါထာ၌ပါသော နာမ်ပုဒ်စသော ပုဒ်အစဉ်ကား ထိုအဖွဲ့အနွဲ့ဟူသော ဘာဝ၏ မှီရာနိဿယ (ဌာန)ဖြစ်သောကြောင့် နိဿိတ(ဌာနီ) ဖြစ်သော အဖွဲ့၏အမည်ကို တင်စားသော ဌာနူပစာရအားဖြင့် ဘာဝ မည်၏၊ ထို့ကြောင့် "ယံ နာမာဒိ ပဝုစ္စတေ။ အယံ ဘာဝေါ နာမ ဤရိတော"ဟု ဂါထာ၌ နာမ်ပုဒ်စသည်ကို ဘာဝဟု ဆိုရာဝယ် ဥပစာ အားဖြင့် ဆိုအပ်သောအမည်ဟု မှတ်။ [တဿ (ထိုဘာဝ၏) နိဿယ ဘူတံ နာမာဒိ ပဒသန္တာနံ (နာမ်စသော ပုဒ်အစဉ်) ဣဟ နိဿိတော ပစာရေန ဘာဝေါနာမာတိ ဤရိတံ။] နာမာဒိဒ္ဒ အာဒိဖြင့် ဝိသေသန ဝါကျများကို ဋီကာယူသည်။ [နာမံ+အာဒိ ယဿ (ဝိသေသန, ဝါကျဒွယဿာတိ) နာမာဒိ။]

ယေန ကေနစိ ဝဏ္ဏေန။ ။အာကာရေန၊ သာဂရာဒိ အတ္ထန္တရံ ပဋိသေဓေတွာဝါ နောဝါ(ပကတိသမုဒ္ဒရာစသည်ကို တားမြစ်၍ဖြစ်စေ,

http://www.dhammadownload.com

ဘာဝအလင်္ကာ၏ ပုံစံ

၃၃၀။ နနု တေယေဂ သန္တာနော–သာဂရာ နု ကုလာစလာ၊ မနမွိ မရိယာဒံ ယေ, သံဝဋ္ဋေပိ ဇဟန္တိ နော။

၃၃၀။ သာဂရာ-ကမ္မာပျက်က, ပျက်စီးရသဖြင့်, ကမ်းကို လွန်ကြကုန်သော ပကတိသမုဒ္ဒရာတို့သည်၊ နော (သာဂရာ)-သမုဒ္ဒရာအစစ် မဟုတ်ကြကုန်၊ ကုလာစလာ-ကမ္ဘာပျက်က, ပျက်စီးရသဖြင့်, မလှုပ်ရှားခြင်းဟူသော အပိုင်းအခြားကို လွန်ကြကုန်သော ပကတိတောင်တို့သည်၊ နု (ကုလာစလာ)-ကုလတောင်တို့ မဟုတ်ကြကုန်၊ [အဘိဓာန်နိဿယသစ်၌ ကုလာစလာကို "ကုလတောင်"ဟု ပေးသည်၊] ယေ-အကြင်သူတော်ကောင်းတို့သည်၊ သံဝဋ္ဋေပိ-ကမ္ဘာပျက်ရာ အခါ၌သော်မှလည်း၊ မရိယာဒံ-ကောင်းစွာကျင့်ခြင်းဟူသော အပိုင်းအခြားကို၊ မနမွိ-အနည်းငယ်မျှလည်း၊ နော ဇဟန္တိ-မစွန့်ကြကုန်၊ တေယေဝ သန္တာ-ထိုသူတော်ကောင်းတို့သည်သာ၊ (သာဂရာ-သမုဒ္ဒရာအစစ်တို့သည်၊) ဟောန္တိ နနု-ဖြစ်ကြသည် မဟုတ်ပါလော၊ (ကုလာစလာ-ကုလတောင်တို့သည်၊) ဟောန္တိ နနု-ဖြစ်ကြသည် မဟုတ်ပါလော။

မတားမြစ်ဘဲ ဖြစ်စေ) ပဝုစ္စတေ။ [ဝတ္ထေနကို "ဒါကာရေန"ဟု ဖွင့်၏၊ ထိုအာကာရကို "သာဂရာဒိ အတ္ထန္တရံ"စသည်ဖြင့် လာလတ္တံ့ပုံစံကို ကြည့်၍ ဖွင့်သည်၊ တားမြစ်သည်ဖြစ်စေ, မတားမြစ်ဘဲဖြစ်စေ မည်သည့် အခြင်းအရာအားဖြင့်ဆိုဆို, အလိုကို ဖော်ပြလျှင် "ဘာဝအလင်္ကာပင် မည်သည်"ဟု ဆိုလိုသည်။]

၃၃၀။ နောသာဂရာ။ ။ရေ၏ တည်ရာချင်းတူသော်လည်း မြစ်ချောင်း စသည်တို့မှ ထူးခြားအံ့၍ "သမုဒ္ဒရာ"ဟု အမည်ရခြင်းမှာ ကမ်းဟူသော အပိုင်းအခြားကို ရေက မလွန်ခြင်းဟူသော ဂုဏ်ကြောင့်သာ ဖြစ်၏၊ သို့သော် ကမ္ဘာပျက်ရာ အခါ၌ကား ရေတွေ့ ပွက်ပွက်ဆူလျက် ကမ်းကို လွန်တက်သဖြင့် သမုဒ္ဒရာဟူသော နာမည် ပျက်တော့ရကား သာဂရအစစ် မဟုတ်ကြတော့ချေ။ [သံဝဋ္ဋကာလေ တီရမရိယာဒံ အတိက္ကမန္တာ ပကတိသမုဒ္ဒါ သာဂရာ နု ဘဝန္တိ။]

http://www.dhammadownload.com

နှ ကုလာစလာ။ ။ယုဂန္ဓိုရ်စသော တောင်ကြီး ၇ လုံးတို့သည် မလှုပ်မယိုင် မြဲခိုင်သောကြောင့် "အစလ"ဟူသော အမည်ကို ရကြကုန်၏၊ သို့သော် ကမ္ဘာပျက်သောအခါ၌ကား လှုပ်ရှား ယိမ်းယိုင် မခိုင်ပျက်စီးကြသောကြောင့် "အစလ"အမည် ပျက်ရသဖြင့် အစလအစစ် မဖြစ်ကြတော့ချေ။ [ကုလာစလာ-တာဒိသကာလေ (ထိုသို့ ကမ္ဘာပျက်ရာအခါ၌) အစလသခ်ိတမရိယာဒံ အတိက္ကမန္တာ သတ္တကုလ ပဗ္ဗတာ (ကုလတောင်တို့သည်) ကုလာစလာ နာမ နဘဝန္တိ။]

နနု တေယေဝ သန္တာ။ ။သူတော်ကောင်းတို့ကား ကမ္ဘာပျက်သော်လည်း မိမိ၏ ကောင်းသောအကျင့်ဟူသော အပိုင်းအခြား (စည်းကမ်း)ကို အနည်းငယ်မျှ မလွန်ကျူးကြသောကြောင့် သာဂရအစစ်, အစလအစစ် ဖြစ်ကြပါပေသည်။ [ကိန္တုခဲ့ဟိ သာဂရာဒယော-ပကတိသမုဒ္ဒရာနှင့် ကုလတောင်တို့က သာဂရအစစ်, ကုလတောင်အစစ် မဟုတ်ကြလျှင်, သာဂရ-ကုလပဗ္ဗတ အစစ်တို့က ဘယ်ဟာလဲ၊ တေယေဝ သာဓဝေါ သံဝဋ္ဋေပိ-သဗ္ဗဝတ္ထုဝိနာသကကပ္ပဝိနာသကာလေပိ မရိယာဒံ အတ္တနော အာစာရမရိယာဒံ မနမ္မိ (ဤသကမ္မိ) နော ဇဟန္တိ၊ သန္တာ တေ သာဂရာဒယော နာမ ဟောန္တိ နနု။]

မှတ်ချက်။ ။ဤဂါထာကို ဖွဲ့စီသော ပညာရှိ၏ သိစေလိုရင်း (ဘာဝ)ကား-"ပညာရှိသူတော်ကောင်း မှန်လျှင် ဆင်းရဲဒုက္ခ (ဗျသနသို့) ရောက်ရသော်လည်း တုန်လှုပ်ဖောက်ပြားခြင်း မရှိ"ဟု သူတော်ကောင်းတို့၏ ဂုဏ်ကို (ဤဂါထာ ကြည့်သူတို့အား) သိစေလိုခြင်းတည်း၊ ထိုသို့ သိစေရာ၌ "နော သာဂရာ"စသော ပဋိသေဓ အခြင်းအရာဖြင့် ဆိုအပ်သောကြောင့် ပဋိသေဓဘာဝအလင်္ကာတည်း။ [ကောစိ (အချို့သော ပညာရှိသည်) ဗျသနံ ပတ္တော အနညသာဓာရဏာ (လူသာမန်တို့နှင့် မဆက်ဆံသော) ဓိရတ္တံ (ခိုင်မြဲသည့် အဖြစ်ကို) ပကာသေတိ (ထင်ရှားပြ၏)၊ ဣတိ ဣဟ (ဤဂါထာ၌) သာဂရာဒိ အတ္ထန္တရပဋိသေဓရူပေန ဒဿိတသာဂရာဒိနာ ဝတ္တုနော (ဝဒန္တပုဂ္ဂိုလ်၏) အကမ္မနာဓိပ္ပာယံ (သူတော်ကောင်းမှန်သမျှ၏ မတုန်လှုပ်ခြင်း-ဟူသော အလိုဘာဝကို) အဝဘောဓေတီတိ အယံ ဘာဝအလင်္ကာရော နာမ။]

http://www.dhammadownload.com

မိဿ၏လက္ခဏာနှင့်အပြား

၃၃၁။ အင်္ဂီဘာဝါ သဒိသ–ဗလဘာဝါ စ ဗန္ဓနေ၊
သံသဂ္ဂေါ·လင်္ကံတိနံ ယော, တံ မိဿန္တိ ပဝုစ္စတိ။

၃၃၁။ ဗန္ဓနေ-အဖွဲ့အနွဲ့အစီအကုံး၌၊ အင်္ဂီဘာဝါ-အစိတ်အပေါင်း၏ အဖြစ်ကြောင့်သော်လည်းကောင်း၊ ဝါ-ပြီးစေတတ်, ပြီးစေအပ်၏ အဖြစ်ကြောင့်သော်လည်းကောင်း၊ သဒိသဗလဘာဝါ စ- တူမျှသော အားရှိကုန်သည်၏ အဖြစ်ကြောင့်သော်လည်းကောင်း၊ အလင်္ကာတိနံ-အလင်္ကာတို့၏၊ ယော သံသဂ္ဂေါ-အကြင်ရောစပ်ခြင်းသည်၊ ဟောတိ-ဖြစ်၏၊ တံ-ထိုရောစပ်ခြင်းကို၊ မိဿန္တိ-မိဿအလင်္ကာဟူ၍၊ ပဝုစ္စတိ-ဆိုအပ်၏။

၃၃၁။ အင်္ဂီဘာဝါတျာဒိ။ ။အလင်္ကာ နှစ်မျိုး သုံးမျိုး စသည် ရောခြင်းကို "မိဿ"ဟု ခေါ်၏၊ ထိုသို့ ရော၍ ဖွဲ့အပ်သော အဖွဲ့အနွဲ့ကား အနက်၏ အမည်ကို တင်စား၍ (ဖလူပစာရ)အားဖြင့် "မိဿ"မည်၏၊ ထိုသို့ ရောရာ၌...

အင်္ဂီဘာဝါ။ ။အင်္, အင်္ဂီ အဖြစ်ကြောင့် ရောခြင်းလည်း ရှိ၏၊ လင်္ကာခြေအစိတ်အပိုင်းကို "အင်္"ဟု ခေါ်၍ ထိုအစိတ်အပိုင်းရှိသော ကိုယ်ကို "အင်္ဂီ"ဟု ခေါ်ရသကဲ့သို့, အဖွဲ့အနွဲ့၏ အထည်ကိုယ်ဖြစ်သော ပဓာနအလင်္ကာကို "အင်္ဂီ"ဟု ခေါ်၍ ထိုအထည်ကိုယ်အလင်္ကာ၏ အကူအညီဖြစ်သော အပဓာနအလင်္ကာကို "အင်္"ဟု ခေါ်သည်၊ ဋီကာ၌ ဥပကာရ-ပဋိပါဒက စသော အဖွင့်လည်း ဤသဘောပင်တည်း။

ဋီကာ။ ။ဥပကာရကဥပကာရိယသခ်ါတပဋိပါဒကပဋိပါဒနံယသဘာဝေန (ဟေတုဘူတေန)၊ ဤဋီကာ၌ အင်္ကို "ဥပကာရက, ပဋိပါဒက"ဟု ဖွင့်၏၊ အင်္ဂီကို "ဥပကာရိယ, ပဋိပါဒနီယ"ဟု ဖွင့်၏၊ ကျေးဇူးပြုတတ်, ပြီးစေတတ်သော အကူအညီ အပဓာနအလင်္ကာကို "အင်္"ဟုလည်းကောင်း, ကျေးဇူးပြုအပ်, ပြီးစေအပ်သော မူလပဓာနအလင်္ကာကို "အင်္ဂီ"ဟုလည်းကောင်း ဆိုလိုသည်၊ "သဘာဝေန"သည် ဘာဝ၏ အဖွင့်၊ "ဟေတုဘူတေန"ကား နာဝိဘတ်၏ အနက်ဖွင့်၊ "အင်္ဂီနံ+ဘာဝေါ အင်္ဂီဘာဝေါ"ဟု ပြု၊ ဘာ့ကြောင့် အလင်္ကာတို့ကို ရော၍ ဖွဲ့နွဲ့ရသနည်း-ဟု မေးလျှင် "တစ်ခုက အင်္, တစ်ခုက အင်္ဂီ ဖြစ်၍ သဘောတူသောကြောင့် ရော၍ ဖွဲ့ရသည်"ဟု ဖြေပါ။

http://www.dhammadownload.com

အင်္ဂီဘာဝပုံစံ

၃၃၂။ ပသတ္ထာ မုနိနော ပါဒ–နခရံသိ မဟာနဒီ၊
အဟော ဂါဠှံ နိမုဂ္ဂေပိ, သုခယတျေဝ တေ ဇနေ။

၃၃၂။ မုနိနော-မြတ်စွာဘုရား၏၊ ပသတ္ထာ-ချီးမွမ်းအပ်သော၊ ပါဒနခရံသိမဟာနဒီ-ခြေသည်းတော်ရောင်တည်းဟူသော မြစ်ကြီးသည်၊ ဂါဠှံ-ပြင်းပြင်းထန်ထန်၊ နိမုဂ္ဂေပိ-နစ်မြုပ်ငုပ်သည်လည်းဖြစ်ကုန်သော၊ တေ ဇနေ-ထိုသတ္တဝါတို့ကို၊ သုခယတျေဝ-ချမ်းသာစေနိုင်သည်သာလျှင် ဖြစ်သည်ကား၊ အဟော-ဩော်...အံ့ဩဖွယ် ရှိပါပေစွ။

သဒ်သဗလဘာဝေါ စ။ ။သာဓိယသာဓနဘာဝံ ဝိနာ သမာနဗလဝန္တ ဘာဝေန စ၊ အင်္ဂီကို "သာဓိယ-ပြီးစေအပ်"ဟုလည်းကောင်း, အင်္ဂကို "သာဓန-ပြီးစေတတ်"ဟုလည်းကောင်း ဖွင့်၏၊ ရှေ့၌ ပြခဲ့သော ပဋိပါဒနီယ-ပဋိပါဒန နှင့် သဘောတူပင်တည်း၊ ထိုသို့ အင် အင်္ဂီ မဟုတ်ဘဲ အလင်္ကာ နှစ်ခုသုံးခုတို့ အားချင်း တူမျှသောကြောင့်လည်း ရောရှိ ဖွဲ့နိုင်သည်-ဟူလို။ [သဒိသံ+ဗလံ ယေသံ အလင်္ကာရာနံတိ သဒိသဗလာ၊ တေသံ+ဘာဝေါ။] ဤစကားအရ အင်္ဂီဘာဝမိဿ, သဒိသဗလဘာဝမိဿအားဖြင့် မိဿအလင်္ကာ နှစ်မျိုးပြား၏-ဟု မှတ်။

၃၃၂။ ပသတ္ထာတျာဒီ။ ။ပကတိမြစ်သည် မိမိ၌ နစ်မြုပ်သူတို့ကို ဆင်းရဲစေ၏၊ ဘုရားရှင်၏ ခြေသည်းတော်အရောင်ဟူသော မြစ်ကား မိမိ၌ နစ်မြုပ်သူကို ချမ်းသာစေသောကြောင့် အံ့ဩဖွယ်ရာ ထူးဆန်းပါပေသည်-ဟူလို၊ ဤဂါထာ၌ "နိမုဂ္ဂေပိ သုခယတိဧဝ"သည် လိုရင်းပဓာနအင်္ဂီ ဖြစ်၏၊ "နိမုဂ္ဂေ"သည် သမာဓိအလင်္ကာတည်း။ [သမာဓိ အလင်္ကာ၌ ဒြဝယုတ္တ (အရည်နှင့် ယှဉ်သော) ဝတ္ထု၏ သဘောကို အရည် မရကောင်းသော အနက်၌ တင်စားခြင်းတစ်မျိုး ပါရှိ၏၊ ဤ၌လည်း "ငုပ်ခြင်း"သဘောသည် အရည် (ရေ) ၌ ရအပ်သော သဘောတည်း၊ ထို သဘော မရှိသော ရောင်ခြည်တော်၌ တင်စားထားသည်။]

http://www.dhammadownload.com

သဒိသဗလဘာဝပုံစံ

၃၃၃။ ဝေသော သဘာဝမဓုရော, ရူပံ နေတ္တရသာယနံ၊
မရူ.ဝ မုနိနော ဝါစာ, နာ သမ္မိဏောတိ ကံ ဇနံ။

၃၃၃။ မုနိနော-မြတ်စွာဘုရား၏၊ သဘာဝမဓုရော-မပြုမပြင် ပင်ကို သဘောအားဖြင့် ချိုမြိန့်ကောင်းမြတ်သော၊ ဝေသော-အသွင်အပြင် တော်သည်လည်းကောင်း၊ နေတ္တရသာယနံ-မျက်လုံး၏ ရသာယနဆေး

နဓရံသိမဟာနဒီ။ ။“ခြေသည်းတော်အရောင်မြစ်ကြီး”ဟူသော စကားသည်ကား ထိုအဂီကို ကျေးဇူးပြုသော အပဓာနအဂီ ဖြစ်၏၊ ရူပကအလင်္ကာတည်း၊ ဤသို့ အင်္ဂအဂီ အဖြစ်ဖြင့် သမာဓိအလင်္ကာနှင့် ရူပကအလင်္ကာတို့ ရောနေသောကြောင့် “မိဿအလင်္ကာ”ပုံစံ ဖြစ်သည်။

ဋီကာ။ ။ဇတ္ထ သာဓနီယဘာဝေန အဂီနော နိမုဂ္ဂေတိ သမာဓိအလင်္ကာရဿ (အဂီဖြစ်သော နိမုဂ္ဂေဟူသော သမာဓိအလင်္ကာ၏) ပါဒနခရံသိမဟာနဒီတိ ရူပကအလင်္ကာရော သာဓနဘာဝေန အင်္ဂီတိ ကတွာ အင်္ဂီဘာဝေန ဂ္ဂမေသံ အလင်္ကာရာနံ မိဿတ္တံ။

၃၃၃။ ဝေသော သဘာဝမဓုရော။ ။ဤစကားဖြင့် သမာဓိအလင်္ကာကို ပြ၏။ [“နိရသေ သရသဿ”ဟူသော သမာဓိအလင်္ကာ၏ ပုံစံကို ပြန်ကြည့်ပါ။] သဘာဝေန+မဓုရော သဘာဝမဓုရော-ချိုဆိမ့်အောင် မပြုပြင်ရဘဲ ပင်ကိုအားဖြင့် ချိုဆိမ့်ကောင်းမြတ်သည်-ဟူလို။

ရူပံ နေတ္တရသာယနံ။ ။ဤစကားဖြင့် ရူပကအလင်္ကာကို ပြ၏၊ ရူပ်အဆင်းတော်ကို “မျက်လုံး၏ ရသာယနဆေး”ဟု ပုံသဏ္ဌာန်ပြုသည်၊ ဘုရားရှင်၏ ရုပ်ပုံတော်ကို ကြည့်ရှု ဖူးမြော်နေရသည်မှာ မျက်လုံး အားတိုးလာသကဲ့သို့ အရသာ ရှိလှသည်-ဟူလို။ [ရသော+အယနံ (ဂတိ ပဝတ္တိ) အဿာတိ ရသာယနံ = အရသာဟူသော ဖြစ်ခြင်းရှိသော ဆေး၊ အလွန် အရသာကောင်းသော ဆေး၊ “ရသဝတ္ထု-

http://www.dhammadownload.com

ဖြစ်သော၊ ရူပ်-ရူပ်ပုံတော်သည်လည်းကောင်း၊ မဓု၀-ပျားသကာကဲ့သို့သော၊ ၀ါစာ-စကားတော်သည်လည်းကောင်း၊ ကံ ဇနံ-အဘယ်မည်သူ, နတ်နှင့် လူကို၊ န သမ္မိဏောတိ-မနှစ်သက်စေဘဲ ရှိပါတော့အံ့နည်း၊ (သမ္မိဏောတိ ဧ၀-နှစ်သက်စေနိုင်သည်သာ။)

အရသာ၏ တည်ရာ (အလွန် အရသာရှိသော) ၀တ္ထု"ဟု ဋီကာသစ်ဖွင့်သည်၊ ထို ရသာယနဆေးကိုပင် "အားတိုးဆေး-အာယု၀ဍ္ဎနဆေး" ဟုလည်း ဆိုကြ၏၊ ထိုရသာယနဆေးကို ဘာ၀ပွကာသကျမ်း၌ ဤသို့ ဆိုသတတ်။

ယံ ဇရာဗျာဓိဝိဒ္ဓံသိ, ၀ယသော ထမ္ဘကံ တထာ၊
စက္ခုဿံ ဗြူဟနံ ၀ဿံ, ဘေသဇ္ဇံ တံ ရသာယနံ။

အကြင်ဆေးသည် အိုနေခြင်း, နာနေခြင်းကို (မအို မနာအောင်) ဖျက်ဆီးနိုင်၏၊ (သေခြင်းကိုကား မဖျက်နိုင်၊) အရွယ်ကိုလည်း မအို အောင် ထောက်ပံ့ထားနိုင်၏၊ မျက်စိ၏ စီးပွား ဖြစ်၏၊ (မျက်စိ မမွဲစေနိုင်-ဟူလို၊) ဗြူဟနံ-အသားအရေများကို ၀ဖြိုးစေနိုင်၏၊ ၀ဿံ-သုက်အား ကောင်းစေနိုင်၏၊ ထိုဆေးသည် ရသာယနဆေး မည်၏။

မဓု၀ ၀ါစာ။ ။ဤစကားဖြင့် ဥပမာအလင်္ကာကို ပြ၏၊ စကားသံတော်ကား ပျားသကာနှင့် တူ၏၊ ပျားသကာကဲ့သို့ ချိုမြ၏- ဟူလို၊ ဤသို့ အလင်္ကာ သုံးမျိုး ရောထားသောကြောင့်လည်းကောင်း, ထိုသို့ ရောရာ၌ (အချင်းချင်း ကျေးဇူးပြုသောအားဖြင့် အထောက်အကူ မပြုဘဲ) သမ္မိဏန ဖြစ်စေမှ၀ယ် ကိုယ်စီကိုယ်ငြ အားချင်း တူမျှသော ကြောင့်လည်းကောင်း သဒိဗလဘာ၀မိဿပုံစံ ဖြစ်သည်။ [ကမေ တယော (ဤအလင်္ကာ သုံးမျိုးတို့သည်) ပီဏနေ အညမညာပေက္ခ ရဟိတတ္တာ-နှစ်သက်စေခြင်း၌ အချင်းချင်း ငဲ့မှု ကူညီမှုမှ ကင်းခြင်းကြောင့်၊ တုလျဗလာ-တူသောအား ရှိကုန်၏၊ ကတိ-ဤသို့ တူသောအား ရှိကုန်သည်၏ အဖြစ်ဖြင့်၊ ကမေသံ မိဿတ္တံ ဟောတိ။]

http://www.dhammadownload.com

အာသီလက္ခဏာနှင့်ပုံစံ

၃၃၄။ အာသီနာမ သိယာ·တ္ထဿ, ဣဋ္ဌဿာ·သီသနံ ယထာ၊
တိလောကေ·ကဂတိ နာထော, ပါတု လောက·မပါယတော။

၃၃၄။ ဣဋ္ဌဿ-အလိုရှိအပ်သော၊ အတ္ထဿ-အကျိုးကို၊ အာသီသနံ-တောင့်တခြင်းသည်၊ အာသီနာမ-အာသီအလင်္ကာ မည်သည်၊ သိယာ-ဖြစ်၏၊ ယထာ-ဥဒါဟရုဏ်ကား၊ တိလောကေက၊ပေ၊မပါယတော-တိလောကေက၊ပေ၊မပါယတော ဟူသည်တည်း၊ တိလောကေကဂတိ-လူ နတ် ဗြဟ္မာ, သုံးဖြာလောက၏ တစ်ပါးတည်း လည်းလျောင်းရာ ဖြစ်တော်မူသော၊ နာထော-မြတ်စွာဘုရားသည်၊ လောကံ-သတ္တဝါအပေါင်းကို၊ အပါယတော-အပါယ်ဘေးမှ၊ ပါတု-စောင့်ရှောက်တော်မူပါစေသတည်း။

ရသီအလင်္ကာ၏လက္ခဏာ

၃၃၅။ ရသပွတီတိဇနကံ, ဇာယတေ ယံ ဝိဘူသနံ၊
ရသဝန္တန္တိ တံ ဥေယျံ, ရသဝန္တဝိဓာနတော။

၃၃၅။ ယံ ဝိဘူသနံ-အကြင်အလင်္ကာသည်၊ ရသပွတီတိ ဇနကံ-အရသာသိခြင်းကို ဖြစ်စေတတ်သည်၊ ဇာယတေ-ဖြစ်၏၊ တံ(ဝိဘူသနံ)-

---

၃၃၄။ သဒ္ဒါကျမ်းတို့၌ အာသီသနတ္ထကဲ့သို့ အလိုရှိအပ်သော အကျိုးကို တောင့်တခြင်းသည် "အာသီ" မည်၏၊ ထိုအာသီကို ပြသော အဖွဲ့ဗန္ဓလည်း ဖလူပစာရအားဖြင့် "အာသီအလင်္ကာ" မည်၏၊ "တိလောကေကဂတိ" စသည်ကား ပုံစံတည်း၊ "လောကသုံးပါး၏ အတုမဲ့ တစ်ပါးတည်းသော ကိုးကွယ်ရာ ဘုရားရှင်သည် သတ္တဝါအပေါင်းကို အပါယ်ဘေးမှ စောင့်ရှောက်တော်မူပါစေ" ဟု တောင့်တသော ပုံစံ ဖြစ်သည်။ [တိလောကဿ+ဧကဂတိ-တိလောကေကဂတိ။]

~~~~~~~~~~~~

၃၃၅။ ရသပွတီတိတျာဒိ။ ။ဆိုအပ်ခဲ့သော အလင်္ကာတို့တွင် မည်သည့် အလင်္ကာ မဆို သိဂ်ါရစသော အရသာကို ထင်ရှားသိသာအောင် ဖြစ်စေနိုင်လျှင် ရသီအလင်္ကာ-ဟုလည်းကောင်း, ရသဝန္တ
~~~~~~~~~~~~

http://www.dhammadownload.com

ထိုအလင်္ကာကို၊ ရသဝန္တဝိဓာနတော-အရသာရှိသည်၏အဖြစ်ကို စီရင်ခြင်းကြောင့်၊ ရသဝန္တနှင့်-ရသဝန္တအလင်္ကာဟူ၍၊ ဥယျ-သိအပ်၏။

အလင်္ကာဟုလည်းကောင်း ခေါ်အပ်၏၊ ဘာ့ကြောင့် ထိုသို့ ခေါ်အပ်သနည်း၊ ရသဝန္တဝိဓာနတော (အရသာရှိအောင် စီမံတတ်သော)ကြောင့်တည်း။)

မှတ်ချက်။ ။မာတိကာ ခေါင်းစဉ်၌ "မိဿမာသီရသီက္ကတိ"ဟု နာမည်တပ်၏၊ ဤသို့ သဒ္ဒါကွဲနေသော်လည်း "ရသော+ယဿ အတ္ထိ" ဟု ဝိဂ္ဂဟပြု၍ အဿတ္ထိအနက်၌ ဤပစ္စည်းသက်လျှင် ရသီဟု ဖြစ်၏၊ ဝန္တုပစ္စည်းသက်လျှင် "ရသဝန္တ"ဟု ဖြစ်၏၊ အနက်အဓိပ္ပာယ်မှာ အတူပင်တည်း။ [အနက်သိခြင်းကို ဖြစ်စေတတ်သော သဒ္ဒါကို "အတ္ထဝါ-အနက်ရှိသောသဒ္ဒါ"ဟု ခေါ်ရသကဲ့သို့ အရသာသိခြင်းကို ဖြစ်စေတတ်သော အလင်္ကာကိုလည်း "ရသီ"ဟုလည်းကောင်း, "ရသဝန္တ"ဟုလည်းကောင်း ခေါ်ရသည်။]

ရသပွတီတိဇနကံ။ ။ပတီတိ၌ ပတိ ပုဗ္ဗ+ကွဓာတ်, တိပစ္စည်း၊ "ပတိယတေ-သိအပ်၏"ဟူရာ၌ကဲ့သို့ သိခြင်းအနက်ကို ဟော၏၊ ပတိယနံ-သိခြင်း၊ ပတိတိ-သိခြင်း၊ ရသဿ+ပတိတိ ရသပတိတိ၊ ရသပတိတိယာ-အရသာကို သိခြင်းကို၊ ဝါ-သိအောင်၊ ဇနကံ-ဖြစ်စေတတ်သည်တည်း၊ ရသပွတီတိဇနကံ (ဝိဘူသနံ)။

ဋီကာ။ ။ရသပတိတိ ဇနကံ-သိဂ်ါရာဒိ နဝဝိဓရသေသု ဧကေကဿ ရသဿ ဝါ (ရသတစ်ပါးပါးကို ဖြစ်စေ) တဿေဝ ရသဿ (ထိုရသတစ်ခုခု၏ပင်) ဘာဝဿ ဝါ (ဌာယီဘာဝ စသည်ကို ဖြစ်စေ) အဝဗောဓနံ (ကြည့်ရှုနာယူသူတို့၏ သိခြင်းကို) သမ္မာဒေန္တော ဇာယတေ (ပြီးစေလျက် ဖြစ်၏၊) တံ ဝိဘူသနံ ရသဝန္တဝိဓာနတော (မိမိ၏ ရသနှင့်တကွ ဖြစ်သည်၏ အဖြစ်ကို ထင်ရှားပြတတ်သောကြောင့်) ရသဝန္တနှင့်-ရသီတိ ဥယျ။ [ရသသဟိတဘာဝဿကို ကြည့်၍ "ရသဝန္တဝိဓာနတော"ဝယ် ရသဝန္တ၌ ဘာဝပုဒ် ကျေသည်ဟု သိပါ။]

http://www.dhammadownload.com

ရသီအလင်္ကာ၏ပုံစံ

၃၃၆။ ရာဂါနတဗ္ဘူတသရောဇမုခံ ဓရာယ,
ပါဒါ တိလောကဂုရုနော·ဓိကဗန္ဓရာဂါ၊
အာဒါယ နိစ္စသရသေန ကရေန ဂါဠ္ဠံ,
သဥ္စုမ္ဗယန္တိ သတတာ·ဟိတသမ္ဘမေန။

၃၃၆။ ဓရာယ-ကြွလှမ်းရာမြေ, ကညာမေ၏၊ ရာဂါနတဗ္ဘူတ သရောဇမုခံ-တပ်မက်သမှု, ရှေးရှုညွှတ်ကာ, အံ့ဖွယ်ရာဆန်း, ပဒုမ္မာ ကြာပန်းတည်းဟူသော မျက်နှာကို၊ တိလောကဂုရုနော-ဗြဟ္မာ နတ်လူ, သုံးဘုံသူတို့, ကြည်ဖြူလေးစား, မြတ်ဘုရား၏၊ အဓိကဗန္ဓရာဂါ-လွန်စွာ ဖွဲ့အပ်, ချစ်မြတ်နိုးယောင် ဖြစ်ကုန်သော၊ ပါဒါ-လုလင်ပျိုပုံ, ခြေတော် အစုံတို့သည်၊ နိစ္စသရသေန-အမြဲမပြတ်, တပ်မက်ခြင်း သိင်္ဂါရရသ၏ အရိပ်အရောင်နှင့် တကွဖြစ်သော၊ ကရေန-လက်တော်ဖြင့်၊ ဂါဠ္ဠံ-တင်းတင်းကြပ်ကြပ်၊ အာဒါယ-ပွေ့ယူဟန်ဖြင့်၊ သတတံ-အမြဲမပြတ်၊ အာဟိတသမ္ဘမေန-ပြုစီမံအပ်သော လေးစားခြင်းဖြင့်၊ သဥ္စုမ္ဗယန္တိ-ကောင်းစွာ နမ်းရှုပ်, စုပ်ကြလေကုန်ယောင်တကား။

[၀သန္တတိလကာဂါထာ။]

၃၃၆။ ရာဂါတျာဒိ။ ။ဤဂါထာသည် ပဥ္စမပိုင်း၌ ပြအပ်လတ္တံ့သော ရသကိုးပါးတို့တွင် သိင်္ဂါရရသကို (သိင်္ဂါရရသသုံးပါးတွင်လည်း သမ္ဘောဂသိင်္ဂါရရသကို) သိသာ ထင်ရှားအောင် ဖြစ်စေတတ်သဖြင့် "ရသီ"အလင်္ကာ၏ ပုံစံတည်း၊ ဘုရားရှင်၏ ကြွလှမ်းရာ မြေကို အပျိုကညာယောင် ဆောင်၍လည်းကောင်း, ထိုမြေမှ ပေါ်ထွက်လာသော ပဒုမ္မာကြာပန်းတို့ကို (အနားသို့ ညွှတ်ပေးသော)မျက်နှာကလေးယောင် ဆောင်၍လည်းကောင်း, ဘုရားရှင်ခြေတော်များကို လုလင်ပျိုယောင် ဆောင်၍လည်းကောင်း, ခြေတော်များ၏ ပဒုမ္မာကြာပန်းတို့အပေါ်၌ နင်းသွားခြင်းကို လက်ဖြင့် ပွေ့ကာ မျက်နှာကို နမ်းစုပ်လေယောင် ပုံဆောင်၍လည်းကောင်း ပြသောဂါထာ ဖြစ်သည်။

ရာဂါနတဗ္ဘူတသရောဇမုခံ။ ။ရာဂေန (အနုရာဂေန)-တပ်မက်ခြင်းကြောင့်၊ အာနတံ-ရှေးရှုညွှတ်လာသည်တည်း၊ ရာဂါနတံ၊ အဗ္ဘူတံ-မြေကို ခွဲကာ ပေါ်ထွက်လာသဖြင့် အံ့ဖွယ်ရာကောင်းသော+သရောဇံ-

http://www.dhammadownload.com

အတ္ထာလင်္ကာရနိဂုံး

၃၃၇။ ဣစ္စာ-နုဂမ္မ ပုရိမာစရိယာ-နုဘာဝံ,
သခေ်ပတော နိဂဒိတော-ယ-မလင်္ကတီနံ၊
ဘေဒေါ-ပရူပရိ ကဝီဟိ ဝိကပ္ပိယာနံ,
ကော နာမ ပဿိတု-မလံ ခလု တာသ-မန္တံ။

၃၃၇။ ဣတိ-ဤဆိုအပ်ပြီးသော အစဉ်ဖြင့်၊ ပုရိမာစရိယာနုဘာဝံ-ရှေးဆရာအကျော်, အာနုဘော်ဟု, ခေါ်ဝေါ်ရတောင်း, အလင်္ကာကျမ်းအပေါင်းကို၊ အနုဂမ္မ-ဥဏ်ဖြင့် အစဉ်လျှောက်၍၊ အလင်္ကတီနံ-အလင်္ကာတို့၏၊ အယံ ပဘေဒေါ-ဤအထူးအပြားကို၊ သခေ်ပတော-အကျဉ်းချုပ်အားဖြင့်၊ (မယာ-သည်၊) နိဂဒိတော-ပြဆိုအပ်ပြီ၊ (ကသ္မာ-အဘယ့်ကြောင့်၊ သခေ်ပတော-အားဖြင့်၊ နိဂဒိတော-သနည်း၊ ယသ္မာ-အကြင့်ကြောင့်၊) ဥပရူပရိ-အဆက်ဆက်၊ ကဝီဟိ-ကာလီဒါသ, ဒဏ္ဍီစသည့်, ပညာရှိတို့သည်၊ ဝိကပ္ပိယာနံ-အသီးသီး အဖုံဖုံ, စီရင်အပ်ကုန်သော၊ တာသံ-ထိုအလင်္ကာတို့၏၊ အန္တံ-အဆုံးကို၊ ကော နာမ-အဘယ်မည်သည့်, ပညာရှိသည်၊ ခလု-စင်စစ်၊ ပဿိတုံ-မြင်ခြင်းငှာ၊ အလံ-

---

ကြာတည်း၊ အဗ္ဘုတသရောဇံ၊ မုခံ ဝိယာတိ မုခံ၊ ရာဂါ၊ပေ၊သရောဇဥ္စ+တံ+မုခဥ္စာတိ ရာဂါ၊ ပေ ၊မုခံ။

အဓိကဗန္ဓရာဂါ။ ။အဓိကံ-လွန်လွန်ကဲကဲ+ဗန္ဓော-ဖွဲ့အပ်သည်တည်း၊ အဓိကဗန္ဓော၊ အဓိကဗန္ဓော+ရာဂေါ ယေသံ (ပါဒါနံ)တိ အဓိကဗန္ဓရာဂါ၊ ရသေန (အနုရာဂေန-အဖန်ဖန် တပ်မက်ခြင်းနှင့်)+သဟ ဝတ္တတီတိ သရသော (ကရော)၊ အာဟိတော (ဝိဟိတော)စ+သော+သမ္ဘမော (အာဒရော)စာတိ အာဟိတသမ္ဘမော။ [သဥ္စုမ္ဗယန္တိဉ် သံပုဗ္ဗ စုဗ (စုဗိ)ဓာတ်သည် ဝဒနသံယောဂ-နှုတ်ခမ်းချင်း ငုံမှု, စုပ်မှု, ကိုက်မှု အားလုံးကို ဟော၏။]

~~~~~~~~~~

၃၃၇။ ဣစ္စာနုဂမ္မတျာဒိ။ ။ဤဂါထာဖြင့် ဆိုအပ်ပြီးသော အတ္ထာလင်္ကာရတို့၏ နိဂုံးကို ပဓာနထား၍ အလင်္ကာရတို့၏ မကုန်နိုင်အောင် များမြောင်ကြောင်းကို ပြသည်။
~~~~~~~~~~

http://www.dhammadownload.com

စွမ်းနိုင်ပါအံ့နည်း၊ (နာလံယေဝ-မစွမ်းနိုင်သည်သာ၊ တသ္မာ-ထို့ကြောင့်၊ သခ်ေပတော - အကျဉ်းချုပ်အားဖြင့်၊ နိဂဒိတော - ပြဆိုအပ်ပြီ။) [၁၄ လုံးဖွဲ့ ဝသန္တတိလကာဂါထာ။]

သံယ'ရက္ခိတမဟာသာမိဝိရစိတေ-သော၊ သုဗောဓာလင်္ကာရေ-၌၊ အတ္ထာလင်္ကာရာဝဗောဓနာမ - အတ္ထာလင်္ကာရတို့ကို သိရာသိကြောင်း၏ အဖြစ်ကြောင့် အတ္ထာလင်္ကာရာဝဗောဓ မည်သော၊ စတုတ္ထော-သော၊ ပရိစ္ဆေဒေါ-သည်၊ ဣတိ-ပြီးပြီ။

ပုရိမာစရိယာနုဘာဝံ။ ။ရှေးဆရာတို့၏ အလင်္ကာကျမ်းဟောင်းများကို (ရှေးဆရာတို့ အစွမ်းသတ္တိဖြင့် ပြုအပ်သောကြောင့် သတ္တိ၏ အမည်ကို ကျမ်းပေါ်တင်စားသောကာရဏူစာရအားဖြင့်)"ပုရိမာစရိယ အာနုဘာဝ"ဟု ခေါ်သည်။ [ပုရိမာစရိယာနံ-တို့၏+ အာနုဘာဝေါ-အစွမ်းသတ္တိဖြစ်သောကျမ်းတည်း၊ ပုရိမာစရိယာနုဘာဝေါ-ကျမ်း။] ထို့ကြောင့် ဋီကာဌ "ဒဏ္ဍီဘဒ္ဒပါဏာဒီနံ-ဒဏ္ဍီဆရာ, ဘဒ္ဒပါဏာဆရာ အစရှိသူတို့၏၊ အလင်္ကာရသတ္ထသဒ်ါတ+အာနုဘာဝံ"ဟု ဖွင့်သည်။

ဥပရူပရိဝိကပ္ပိယာနံ။ ။(ကသ္မာတိ-စေ) ဥပရူပရိ-ဒီယကာလတော ပဋ္ဌာယ ယာဝဇ္ဇတနာ-ရှေးအထက်ကျော် ကာလမှ စ၍ ယနေ့တိုင်အောင်၊ ကဝိဟိ (ဝစနကတ္တာရေဟိ)-စကားတန်ဆာ ဆင်တတ်သော ပညာရှိတို့သည်၊ ဝိကပ္ပိယာနံ-(အနေကပ္ပကာရတော ကပ္ပိယမာနတ္တာ-များသော အပြားအားဖြင့် စီရင်အပ်ကုန်သည်၏ အဖြစ်ကြောင့်) ပုထက္ကရိယာနံ-အသီးသီး ပြုစီရင်အပ်ကုန်သော။ [ဝိကို ပုထ, ကပ္ပိယကို "ကရိယ"ဟု ဖွင့်သည်။] တာသံ အလင်္ကာရာနံ အန္တံ (ပရိယန္တံ) ပသိတုံ ခလု (ကေန္တေန) ကောနာမ ပုဂ္ဂလော အလံ (သမတ္ထော)၊ ဣတိ-ထို့ကြောင့် အကျဉ်းမျှသာ ဆိုအပ်ပါသည်-ဟူလို။

အတ္ထာလင်္ကာရာဝဗောဓ စတုတ္ထပိုင်းအဖွင့် ပြီး၏။

http://www.dhammadownload.com

ရသာဝဟောဒအခန်း

ကဝိ၏အင်္ဂါ ၃ ပါး

၃၃၈။ ပဋိဘာနဝတာ လောက-ဝေါဟာရ-မနုသာရိနာ၊ တတော-စိတ္တသမုလ္လာသ-ဝေဒိနာ ကဝိနာ ပရံ။

၃၃၈။ ပဋိဘာနဝတာ-ပင်ကိုပဋိဘာန်, ကဝိဉာဏ်ရှိသော၊ လောက ဝေါဟာရံ-လောကပြောထုံး, အသုံးအနှုန်းကို၊ အနုသာရိနာ-လျော်စွာ လိုက်လေ့ရှိသော၊ (ယတော-အကြင့်ကြောင့်၊ ဩစိတျံ နာမ-သင့်လျော်သည်၏အဖြစ် မည်သည်ကို၊ ဝါ-အသင့်ယုတ္တိ မည်သည်ကို၊ ဗန္ဓတော-အဖွဲ့အနွဲ့မှ၊ နု ဝိယောဇနီယံ-မကင်းစေထိုက်၊) တတော-ထို့ကြောင့်၊ ပရံ-လွန်စွာ၊ ဩစိတျသမုလ္လာသဝေဒိနာ-သင့်လျော်သည်၏အဖြစ်ဖြင့် ဆိုလိုရာ အနက်၏ ထင်ရှားမည့် အချက်ကို သိလေ့ရှိသော၊ ကဝိနာ-ကဝိစာဆို, ကဗျာခိုရ်သည်။ [နိဗန္ဓာဌ် စပ်။]

၃၃၈။ ပဋိဘာနဝတာတျာဒိ။ ။ အတ္ထာလင်္ကာရတို့ကို ပြရာဝယ် "ရသဝန္တ (ရသီ)"မည်သောအလင်္ကာကို နောက်ဆုံးထား၍ ဆရာပြခဲ့၏၊ ထိုအလင်္ကာနှင့်စပ်၍ သိမှတ်ထိုက်သော"ရသ"တို့ကား အဘယ်တို့ပါနည်း-ဟု မေးဖွယ်ရှိသောကြောင့် ထိုရသတို့ကို ပြလိုသော အရှင် သံဃရက္ခိတ ဆရာသည် "ပဋိဘာနဝတာ"စသော နှစ်ဂါထာကို မိန့်၊ ထိုနှစ်ဂါထာ၌ လိုရင်းကား-"ကဝိနာ နိဗန္ဓာ သမ္မဒ္ဒန္တိ ရသဿာဒါယ သာဓုနံ"တည်း၊ ကဝိစာဆို ကဗျာခိုရ်သည် ဖွဲ့နွဲ့စီကုံးအပ်သော အဖွဲ့အနွဲ့တို့မှာ သာယာဖွယ် အရသာများ ပါရှိကြ၏၊ ရသဝန္တအလင်္ကာ၌ "ရသ"ဟူသည်မှာ ထိုသာယာဖွယ်အရသာများပင် ဖြစ်သည်"ဟူလို။

ပထမဂါထာ၏ လိုရင်း။ ။ထို နှစ်ဂါထာတွင် ပထမဂါထာ၌ ပဋိဘာနဝတာ-စသော ဝိသေသနသုံးပုဒ်သည် ကဝိနာ၌ စပ်ရသော ဝိသေသနများ ဖြစ်ရကား ထိုဂါထာဖြင့် ကဝိ၏ ဂုဏ်အင်္ဂါကို ပြသည်ဟု မှတ်၊ ကဝိစာဆို ကဗျာခိုရ်လုပ်မည့် ပုဂ္ဂိုလ်သည် (၁) **ပဋိဘာနဝန္တတာ**-ပင်ကိုပဋိဘာန် ကဗျာဉာဏ်ရှိခြင်း၊ (၂) **လောကဝေါဟာရမနုသရဏ**-လောကအသုံးအနှုန်းသို့ လိုက်၍ (အများသုံး အများသိ စကားဖြင့်)

http://www.dhammadownload.com

ဌာယီဘာဝစသည်တို့၏ ခေါင်းစဉ်

၃၃၉။ ဌာယီသမ္မန္ဓိနော ဘာဝ-ဝိဘာဝါ သာနုဘာဝကာ၊ သမ္ပဇ္ဇန္တိ နိဗန္ဓာ တေ, ရသဿာဒါယ သာဓုနံ။

၃၃၉။ နိဗန္ဓာ-ဖွဲ့နွဲ့စီကုံးအပ်ကုန်သော၊ ဌာယီသမ္မန္ဓိနော-ဌာယီပုဒ်နှင့် စပ်ခြင်းရှိကုန်သော၊ သာနုဘာဝကာ-အနုဘာဝနှင့်တကွ ဖြစ်ကုန်သော၊ တေ ဘာဝဝိဘာဝါ-ထိုဘာဝ ဝိဘာဝတို့သည်၊ သာဓုနံ-အဘိဇ္ဈာကင်း, ဣဿာရှင်းသည့်, ဝမ်းတွင်းစိတ်ကောင်း, သူတော်အပေါင်းတို့၏၊ ရသဿာဒါယ-အရသာကို သာယာခြင်းငှာ၊ သမ္ပဇ္ဇန္တိ-ဖြစ်ကုန်၏။

ရေးသား စီကုံးလေ့ရှိခြင်း၊ (၃) ဩစိတျသမုလ္လာသဝေဒန-ဆိုလိုအပ်သော အနက်အဓိပ္ပာယ်၏ အသင့်ယူတို့ရှိရှိနှင့် ပေါ်လွင်ထင်ရှားအောင် ရေးပုံ ရေးနည်းကို နားလည်ခြင်း ဤသို့အားဖြင့် ဂုဏ်အင်္ဂါသုံးပါးနှင့် ပြည့်စုံသူ ဖြစ်စေရမည်-ဟူလို။ [ကဗျာ-ဟူရာ၌ "ကဝိနော+ကွဒံ ကာဗျံ" အရ "ဂါထာ-တေးသီချင်း အမျိုးမျိုးသာမက အလင်္ကာဂုဏ်ရောက်အောင် ရေးသားအပ်သော စုဏ်းတိုယ-မြန်မာစကားပြေ စာပေးစာယူ၌ အသုံးပြုအပ်သော စာများလည်း ပါဝင်သည်"ဟု မှတ်။]

၃၃၉။ ဌာယီ၊ပေ၊သမ္ပဇ္ဇန္တိ။ ။ပြခဲ့သော ဂုဏ်အင်္ဂါနှင့်ပြည့်စုံသော ကဝိစာဆို ကဗျာဓိုရ်သည် ဖွဲ့နွဲ့ စီကုံးအပ်ကုန်သော ဌာယီဘာဝ, ဝိဘာဝ, အနုဘာဝတို့သည် လူကောင်းသူကောင်းတို့အတွက် အရသာကို သာယာဖို့ရာ ပြည့်ပြည့်စုံစုံ ဖြစ်ကြပါပေသည်-ဟူလို။ [ထိပ်တန်းအကျော်ဆုံး ကဝိစာဆို ကဗျာဓိုရ် ဖွဲ့စီအပ်သော အဖွဲ့အနွဲ့ပင် ဖြစ်ပါသော်လည်း ထိုကဝိအပေါ်၌ ဣဿာဖြစ်နေသူတို့ကား ထိုအဖွဲ့အနွဲ့၏ အရသာကို မခံစားနိုင်ကြသောကြောင့် "သာဓူနံ-ဣဿာဒိ ဒေါသ ရဟိတာနံ သဇ္ဇနာနံ"ဟု ဋီကာဖွင့်သည်။]

ဤဒုတိယဂါထာဖြင့် ဌာယီဘာဝ, ဗျဘိစာရီဘာဝ, ကေဝလဘာဝ, ဝိဘာဝ, အနုဘာဝ, ရသ-ဟူသော ၆ ပါးသော အနက်များကို အကျဉ်းချုပ် ခေါင်းစဉ်အနေအားဖြင့် ပြထား၏။ [ဣမာယ ဂါထာယ-

http://www.dhammadownload.com

ဌာယီဘာဝေါ, ဗျဘိစာရီဘာဝေါ, ကေဝလဘာဝေါ, ဝိဘာဝေါ, အနုဘာဝေါ, ရသော စာတိ ကွမေ ဥဒ္ဒိဋ္ဌာ ဘဝန္တိ] ကေဝလော-ဌာယီ ဗျဘိစာရီ ဟူသော ဝိသေသနတို့မဖက် သက်သက်သော+ဘာဝေါ-ဘာဝတည်း၊ ကေဝလဘာဝေါ၊ နောက် အကျယ်ပြရာ၌ကား ဤ ကေဝလဘာဝကို "သတ္တိကဘာဝ"ဟု နာမည်တပ်လိမ့်မည်။]

[ဆောင်] **ဌာယီ-ဗျဘိ, နောက်သတ္တိဝယ်, ထည့်ဖွယ် ဘာဝ, သုံးမျိုးရ၍, ဝိဘာဝနှော, နုဘာဝေါနှင့်, ထပ်လောရသ, ခေါင်းစဉ်ပြသည်, မှတ်ကြ ဤဂါထာတွင်တည်း။**

အမှာ။ ။**ဤအဖွင့် အစဉ်ဖြင့် ဤနှစ်ဂါထာ၏ ဆိုလိုရင်းအဓိပ္ပာယ်များ ပြည့်စုံပြီ၊ သို့သော် ဉာဏ်ကြီးသူများ စဉ်းစားဖို့ရာ ဋီကာဖွင့်ပုံကို ပြပါဦးမည်။**

ဋီကာ။ ။ဧဝံ ယထာ ပဋိညာတာန•မလင်္ကာရာနံ ဒဿနာဝသရေ-ဤသို့ဝန်ခံအပ်တိုင်းသော အတ္ထာလင်္ကာရတို့ကို ပြခွင့်ရောက်ရာ စတုတ္ထပိုင်း၌၊ ရသဝန္တာလင်္ကာရပွသင်္ဂဟဝိဂတေ နဝဝိဓသိဂ်ါရာဒိရသေ-ရသဝန္တအလင်္ကာနှင့် စပ်လျဉ်းသဖြင့် ရအပ်ကုန်သော သိဂ်ါရစသော ရသ ၉ ပါးတို့ကို၊ (ဒဿေတုကာမော၌ စပ်။)

သကလသံသာရဒုက္ခနိဿရဏာအသဟာယကရဏာဘူတေန ဝိမုတ္တိရသေန ဧကရသဘူတေ အတိပဏီတေ သဒ္ဓမ္မာ•မတရသေယေဝ လုဒ္ဓါနံ သဒ္ဓါ ဗာဟုလ္လသုဒ္ဓသံယမာနံ ဝိမုခေပိ-သံသရာဒုက္ခ ဟူသမျှ၏ လွတ်မြောက်ခြင်းကို ပြုရာ၌ ပြိုင်ဘက်ကင်းသော ဝိမုတ္တိ (အရဟတ္တဖိုလ်) အရသာအားဖြင့် အရသာ တစ်ပါးတည်းသာ ရှိ၍ အလွန်မွန်မြတ်သော သူတော်ကောင်းတရားတည်းဟူသော အမြိုက်အရသာ၌သာ လွန်စွာမက်မောကြကုန်, သဒ္ဓါတရားကြီးမားကြကုန်-သက်သက်စောင့်စည်းမှု သံယမတရား ပြည့်ဝကြကုန်သော ပုဂ္ဂိုလ်မြတ်တို့၏ မျက်နှာလွှဲရာ (မကြည့်မရှု-ဂရုမစိုက်ရာ) ဖြစ်ပါကုန်သော်လည်း... [သူတော်ကောင်းတရားကို လိုက်စားနေကြသော သူတော်ကောင်း စစ်စစ်တို့က ထိုသိဂ်ါရစသော ရသ ၉ ပါးတို့ကို မကြည့်ရှုလိုကြကုန်သော်လည်း-ဟူလို။]

http://www.dhammadownload.com

လက္ခဏာမတ္တပရိညာဏေန-သုတ်ဟူသော လက္ခဏာမျှကို ပိုင်ပိုင်နိုင်နိုင် သိရခြင်းအားဖြင့်၊ [ဤစကားဖြင့် ထိုရသတို့၏ ဌယီဘာဝသုတ်လောက်ကိုသာ ပြလိမ့်မည်၊ ပြယုဂ်ပုံစံကိုကား ပြမည် မဟုတ်ဟု သိစေ၏။] **လောကဝေါဟာရေသု အသမ္မောဟတ္ထံ**-ထိုသုဒ္ဓသံယမဖြစ်ကြသော သူတော်ကောင်း ရဟန်းတော်များလည်း လောကအသုံးအနှုန်း ထုံးဥပဒေတို့၌ မတွေဝေခြင်း အကျိုးငှာ၊ သခ်ေပတော ဒသေတုကာမော ဣဒါနိ ပဋိဘာနဝတာ ဣစ္စာဒိမာဟ။

ပဋိဘာနဝတာ။ ။သရသရစနာယ အစ္စန္တော-ပကာရဋ္ဌာနော စိတပညာဝိသေသဝတာ၊ အဖွဲ့အနွဲ့တို့၌ အရသာ ပေါ်အောင် ရေးစီခြင်းအားဖြင့် စင်စစ်ကျေးဇူးများသော+အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသော ဉာဏ်အထူးကို "ပဋိဘာန်"ဟု ခေါ်၍ , ထိုဉာဏ်ထူးရှိသူကို"ပဋိဘာနဝန္တ"ဟု ခေါ်သည်-ဟူလို။ [အစ္စန္တောပကာရဋ္ဌာနော စိတပညာ၌ "အစ္စန္တဥပကာရ+ဌာနဥစိတ"ဟု ဝိသေသနနှစ်မျိုး မှတ်၊ ဌာနောစိတပညာ-ဟူသည် အရှင်ဝဏ်သတို့ ဉာဏ်ကဲ့သို့ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသော လတ်တလော ဉာဏ် "တခ်ဏုပ္ပတ္တိဉာဏ်"တည်း၊ ထိုဉာဏ်သည် ဖွဲ့နွဲ့စီကုံးရာ၌ အလွန်ကျေးဇူးများ၏။]

ဆက်ဦးအံ့–"ပဋိဘာတိ-ထိုထိုအကြောင်းသို့ ရှေးရှုထင်လာတတ်၏၊ ဣတိ ပဋိဘာနံ"ဟု ပြု၍ ဉာဏ်ကို "ပဋိဘာန"ဟု ခေါ်၏၊ အဖွဲ့အနွဲ့ကိုကား ကာရဏူပစာရအားဖြင့် "ပဋိဘာန"ဟု ခေါ်၊ ထို့ကြောင့် ဘုရားရှင်လက်ထက်တော်၌ အကြောင်းဝတ္ထုပေါ်လျှင် ထိုအကြောင်းနှင့် ဆိုင်သောဂါထာကို ချက်ချင်းရွတ်ပြနိုင်လောက်အောင် တခ်ဏုပ္ပတ္တိဉာဏ်ကောင်းသော အရှင်ဝဏ်သထေရ်ကို ပဋိဘာနဝန္တဧတဒဂ် ထားတော်မူခဲ့ပေသည်။ [ပဋိဘာနန္တိ-ပညာယေတံ နာမံ၊ တတော ဇာတကဗ္ဗသာပိ ပဋိဘာနန္တိ ဝုစ္စမာနတ္တာ အယံ ပညာဝိသေသော ရစနာယ အစ္စန္တောပကာရောတိ ဉာတဗ္ဗော။]

လောကဝေါဟာရမနုသာရိနာ။ ။သကလလောကဝေါဟာရံ အနုရုပ် အနုဂတေန=တစ်လောကလုံး၏ အခေါ်အဝေါ် အသုံးအနှုန်းသို့ (လျော်စွာ) လိုက်လေ့ရှိသော၊ "ရေးသား စီကုံးရာ၌ ထိုခေတ်, ထိုဒေသ၌ အများ အသုံးအနှုန်းကို လိုက်၍ ရေးသားသော (အများ

http://www.dhammadownload.com

အသုံးအနှုန်းနှင့် ဆန့်ကျင်ဘက် မဖြစ်စေသော) ကဒိ"ဟူလို။[လောက ဝေါဟာရ+အနုသရတိ (အနုဂစ္ဆတိ) သီလေနာတိ လောကဝေါဟာရ နုသာရီ။] မှန်၏-"မိမိ၏အဖွဲ့အစွဲသည် မည်မျှလောက်ပင် ကောင်းမွန်သည်"ဟု ထင်ထားသော်လည်း အများအသုံးအနှုန်းနှင့် ဆန့်ကျင်ဘက် အကြောင်းအရာများကို သုံးနှုန်းဖွဲ့စီထားလျှင် ကြည့်ရှုသူတို့မှာ အရသာ မပေါ်သဖြင့် ရသဝန္တဂုဏ်ကို မရနိုင်ချေ။

တတော။ ။ယသ္မာ သြစိတျ နာမ (ဟဒယတော အဗဟိကာတဗ္ဗံ ရဟာသမိဝ) ဗန္ဓတော ဝိယောဇနီယံ န ဟောတိ၊ [ဤစကားဖြင့် တသဒ္ဒါ၏ စွဲနက်ဖြစ်သော အနိယမကို ထည့်၍ ပြသည်။] တသ္မာ-လျှို့ဝှက်အပ်သော ကိစ္စကို စိတ်နှလုံးမှ အပြင် မထုတ်ဖော်ထိုက်-စိတ်နှင့် မကွဲမကွာ တည်စေထိုက်သကဲ့သို့ သြစိတျမည်သည်ကိုလည်း အဖွဲ့ဗန္ဓမှ မကွဲစေထိုက်၊ ထို့ကြောင့် ကဝိစာဆို ကဗျာခိုရိပုဂ္ဂိုလ်သည် သြစိတျသမုလ္လာသဝေဒီပုဂ္ဂိုလ် ဖြစ်စေရမည်-ဟူလို။ [သြစိတျ၏ အဓိပ္ပာယ်ကို သြစိတျဟီနဒေါသနှင့် ထို၏ အဖြေခန်း၌ ပြခဲ့ပြီ။]

ပရံ သြစိတျသမုလ္လာသဝေဒီနာ။ ။ပရံ-အတိသယေန၊ ဥစိတ ဘာဝေန-သင့်လျော်သည်၏အဖြစ်ဖြင့်၊ (ဝတ္တုံ၊ ကုစ္ဆိတတ္ထာသ ဥဒ္ဒီပန ဿေဝ အနုရူပပကာရေန-ဖွဲ့စီသောပုဂ္ဂိုလ်၏ ဆိုလိုအပ်သော အနက် အဓိပ္ပာယ်ကို ထင်ရှားပြခြင်းအား လျော်သည်သာဖြစ်သော အပြားအား ဖြင့်) [ဥစိတဘာဝေနကို ထပ်ဖွင့်သောစကား] ကုဋ္ဌတ္ထာသ သမုလ္လသန်-ဒိတ္တိ ဇာနန္တေန-ဆိုလိုအပ်သော အနက်အဓိပ္ပာယ်၏ ထင်ရှားလောက်သော အချက်အလက်ကို သိသော၊ "မည်သည့်နည်းဖြင့် ရေးရလျှင် မိမိဆိုလိုအပ်သော အဓိပ္ပာယ်သည် သြစိတျ (အသင့်ယုတ္တိ) ရှိရှိဖြင့် ထင်ရှားနိုင်၏၊ ထိုထင်ရှားနိုင်မည့်နည်းကို သိသော ကဝိ"ဟူလို။ [သြစိတျေန-အသင့်ယုတ္တိရှိသည်၏ အဖြစ်ဖြင့်+သမုလ္လာသော-ဆိုလိုအပ်သော အနက်အဓိပ္ပာယ်၏ ထင်ရှားခြင်း၊ သြစိတျသမုလ္လာသော-ခြင်း၊ တံ+ဝိဒတိ(ဇာနာတိ) သီလေနာတိ သြစိတျသမုလ္လာသဝေဒီ။]

ဌာယီသမ္မန္ဓိနောဘာဝ။ ။"ဌာယီသမ္မန္ဓိနောဘာဝ=ဌာယီပုဒ်နှင့် စပ်ခြင်းရှိသော ဘာဝ"ဟု ဆိုသဖြင့် "ဌာယီဘာဝ"ဟူသော နာမည်ကို ပထမသိရ၏။ဌာယီသဒ္ဒါသည် "တည်တံ့ခိုင်မြဲလေ့ရှိ"ဟူသောအနက်ကို

http://www.dhammadownload.com

ဟော၏၊ ဗျဘိစာရိသဒ္ဒါကား - "တည်တံ့ခိုင်မြဲလေ့ မရှိ" ဟူသော ပြောင်းပြန်အနက်ကို ဟော၏၊ "ဟိုဘက်ကမ်း+ဤဘက်ကမ်း"ဟု ခေါ်ကြရာ၌ "ဟိုဘက်ရှိသေးသောကြောင့်သာ "ဤဘက်"ဟူသော ဝိသေသန ဖြစ်ပေါ်ရသကဲ့သို့, ထို့အတူ "ဗျဘိစာရီ"ရှိသေးသောကြောင့် "ဌာယီ"ဟူသော ဝိသေသန ဖြစ်ပေါ်ရ၏၊ "ဤဘက်"ဟူသောစကားသည် "ဟိုဘက်"ဟူသော အမည်ကို ဗျတိရေက-အဝုတ္တသိဒ္ဓိ (မပြောဘဲ ပြီးသော) နည်းဖြင့် ပြစွမ်းနိုင်သကဲ့သို့ "ဌာယီ"ဟူသော ပုဒ်သည်လည်း (သူ၏ ပြောင်းပြန်ဖြစ်သော) "ဗျဘိစာရီ"ဟူသော အမည်ကို ပြစွမ်းနိုင်သည်၊ ထို့ကြောင့် "ဌာယီသမ္မန္ဓိနောဘာဝ"ဟူသော ပုဒ်ဖြင့်ပင် "ဗျဘိစာရီဘာဝ" ဟူသော နာမည်ကိုလည်း ဒုတိယ သိရပြန်သည်။

ဋီကာ–ဘာဝဿ-ဘာဝ၏၊ ဌာယီ စ+သော+ဘာဝေါ စာတိ-ဟူ၍၊ ဌာယီပဒေန သမ္မန္ဓတ္တာ ဌာယီဘာဝေါ စ၊ ပုန ဗျဘိစာရိဘာဝေ သတိ (ဗျဘိစာရိဘာဝရှိလျှင်) ဌာယီဘာဝေါတိ ဣမဿ သာဓကတ္တာ (ဌာယီဘာဝဟူသော ဤအမည်ကို ပြီးစေတတ်သည့်အတွက်) ဣမဿေဝ ဌာယီဘာဝပဒဿ ပယောဂသာမတ္ထိယေန ဂမ္မမာနော (ဌာယီဘာဝပုဒ်ကိုပင် သုံးစွဲခြင်း၏အစွမ်းဖြင့် သိအပ်သော) ဗျဘိစာရိဘာဝေါ စ။

ဘာဝ–ဝိဘာဝ။ ။ထို့နောက် ဌာယီပုဒ်နှင့် သမာသ်မတွဲဘဲ ဘာဝသဒ္ဒါသက်သက်ဖြင့် ပြအပ်သော (ကေသလဘာဝ-ဟု နာမည်တပ်ခဲ့သော) "ဘာဝ" နာမည်ကို တတိယ သိရ၏၊ ဌာယီပုဒ်၏ ဟောနက်သည် "ရတိ-ဟာသ"စသည်တို့တည်း၊ [နောက်၌ အကျယ်လာလတ္တံ့။] ထို ရတိ စသည်တို့ကို ဥပ္ပတ္တိ-ဖြစ်ပေါ်လာအောင်, ဥဒ္ဒိပန-တိုးပွား ထကြွလာအောင် အသင့် ပြင်ဆင်ပြီးဖြစ်သော "ဝိဘာဝ"ကိုလည်း ဝိဘာဝ သဒ္ဒါဖြင့် စတုတ္ထ သိရပြန်သည်။ [ပုန ဌာယီပဒေန သမာသံ အကတွာ, ဝိသုံ ဒဿိတဘာဝသဒ္ဒသုတိယာ (သီးခြားပြအပ်သော ဘာဝ သဒ္ဒါဖြင့်) ဌာယီဘာဝ ဗျဘိစာရိဘာဝေဟိ အညော ဘာဝေါ စ (ကေဝလဘာဝလည်းကောင်း), တထာ ဧဝ-(ထို့အတူ, ဌာယီပုဒ်နှင့် သမာသ် မတွဲဘဲပင်) ဌာယီပဒေန ဝါစ္စရတိဟာသာဒိ အတ္ထဿ ဥပ္ပတ္တိဥဒ္ဒိပနဒ္ဓယံ ပန ဝိဘူတံ ကတွာ သဇ္ဇေတွာ ဌိတတ္တာ တေဟိ ရတိဟာသာဒိ အတ္ထေဟိ သမ္မန္ဓနော (အနက်တို့နှင့်

http://www.dhammadownload.com

ဘာဝ၏ဝစနတ္ထနှင့်အရကောက်

၃၄၀။ စိတ္တဝုတ္တိဝိသေသာ တု, ဘာဝယန္တိ ရသေ ယတော၊ ရတျာဒယော တတော ဘာဝ–သဒ္ဒေန ပရိကိတ္တိတာ။

၃၄၀။ တု-ဘာဝသဒ္ဒါ၏ဝစနတ္ထ အရကောက်ကို ပြဦးအံ့၊ ယတော-အကြင့်ကြောင့်၊ စိတ္တဝုတ္တိဝိသေသာ-ပျော်မွေ့ခြင်းစသော စိတ်၏ဖြစ်ပုံအထူးတို့သည်၊ ရသေ-သိဂီရစသော ရသတို့ကို၊ ဘာဝယန္တိ-ဖြစ်စေနိုင်ကုန်၏၊ (တစ်နည်း) ရသေ-သိဂီရစသော ရသအရာ၌၊ ဘာဝယန္တိ-ပညာရှိတို့ စိတ်ကို ပျံ့နှံ့စေနိုင်ကုန်၏၊ (တစ်နည်း) ရသေ-သိဂီရစသော ရသအရာ၌၊ ဘာဝယန္တိ-ကဝိ၏ အလိုကို သိစေနိုင် ကုန်၏၊ တတော-ထို့ကြောင့်၊ ရတျာဒယော-ပျော်မွေ့ခြင်းစသော စိတ်၏ ဖြစ်ပုံအထူးတို့ကို၊ ဘာဝသဒ္ဒေန-ဘာဝသဒ္ဒါဖြင့်၊ (ဘာရတာဒီဟိ-ဘာရတ စသော ပညာရှိတို့သည်) ပရိကိတ္တိကာ-ပြောဆိုအပ်ကုန်၏။

ဆက်သွယ်ခြင်း ရှိကုန်သော) အာလမ္ဗန-ဥဒ္ဒိပနသခ်ီတဝိဝိဓဝိဘာဝါစ (အာလမ္ဗနဝိဘာဝ, ဥဒ္ဒိပနဝိဘာဝဟူသော အထူးထူး အပြားပြားသော ဝိဘာဝတို့လည်းကောင်း)။]

သာနုဘာဝကာ။ ။အနုဘာဝသဒ္ဒါဖြင့် "အနုဘာဝ"ဟူသော ပဉ္စမနာမည်ကို သိရ၏၊ ရသဿာဒါယ၌ ရသသဒ္ဒါဖြင့် "ရသ"ဟူသော ဆဋ္ဌနာမည်ကိုလည်း သိရပြန်သည်။ [၉၀မေဝ (ဤအတူ ဌာယီပုဒ်နှင့် သမာသ် မတွဲဘဲသာ) သာနုဘာဝကပုဒေန သမာယောဂေန (ကောင်းစွာ ယှဉ်စပ် သုံးစွဲအပ်သော သာနုဘာဝပုဒ်ဖြင့်) ဒဿိတာနုဘာဝေါ စ, ရသဿာဒါယာတိ ဣမိနာ ဥဒ္ဒိဋ္ဌရသော စာတိ ဧဝံ (ဤသို့လျှင်) ဣမေ ဌာယီဘာဝါဒယော ဥဒ္ဒိဋ္ဌာ ဟောန္တိ။]

၃၄၀။ စိတ္တတျာဒီ။ ။ဌာယီဘာဝ-စသော ၆ မျိုးတွင် ဌာယီ-ဗျဘိစာရီ-သတ္တိကတို့နှင့် ဆက်ဆံသော ဘာဝသဒ္ဒါ၏ ဝစနတ္ထကို ရှေးဦးစွာ ပြလိုသောကြောင့် "စိတ္တဝုတ္တိဝိသေသာ တု"စသည် မိန့်၊ "တုသဒ္ဒေါ ဝိသေသေ"ဟု ဋီကာဟောင်း ဖွင့်သော်လည်း ဌာယီဘာဝ စသော ၆ မျိုး၏ အထူးကို ပြသောအရာ မဟုတ်၊ အဋ္ဌကထာများ၌

http://www.dhammadownload.com

ဤနေရာမျိုးဝယ် ထိုအားလုံးကို ချဲ့သော ဝိတ္ထာရဝါကျသာ ဖြစ်၏၊ သို့သော် တုသဒ္ဒါ၏ ဝိတ္ထာရဇောတကအသုံးလည်း မထင်ရှားရကား ပန၏ အနက်ကြံ၍ အနက်ပေးလိုက်သည်။

စိတ္တဝုတ္တိဝိသေသာ တု။ ။"စိတ္တဝုတ္တိ-စိတ်၏ ဖြစ်ပုံ"ဟူသည် ပျော်မွေ့ခြင်း ရတိ, ရယ်ရွှင်ခြင်း ဟာသ, ဝမ်းနည်းခြင်း သောက စသည်နှင့် ငြီးငွေ့ခြင်း စသည်တည်း၊ ထိုဖြစ်ပုံသည် တစ်မျိုးနှင့်တစ်မျိုး ရောယှက်ခြင်း မရှိဘဲ (မတူဘဲ) ထူးခြားသောကြောင့် "ဝိသေသ"လည်း ဖြစ်ကြ၏၊ စိတ္တဝုတ္တိယော ဧဝ+ဝိသေသာ စိတ္တဝုတ္တိဝိသေသာ။ [စိတ္တသဉပရိ ဝက္ခမာနာ (အထက်၌ ဆိုအပ်လတ္တံ့ကုန်သော) ရမဏာဟသနသောစနာဒီဟိ (ဌာယီဘာဝကို ရည်ရွယ်သည်) နိဗ္ဗေဒါဒီဟိ စ (ဗျဘိစာရီဘာဝ, သတ္တိကဘာဝတို့ကို ရည်ရွယ်သည်) အာကာရေဟိ ပဝတ္တိသခ်ါတာ (ဝုတ္တိအဖွင့်) အညမညံ အသင်္ကရသခ်ါတာ (ဝိသေသအဖွင့်) ဝိသေသာ ပန ဌာယီ ဗျဘိစာရိသတ္တိကာ-ဌာယီဘာဝ, ဗျဘိစာရီဘာဝ, သတ္တိကဘာဝတို့တည်း။

ရတျာဒယော။ ။အာဒိဖြင့် ဟာသ, သောက စသော ဌာယီဘာဝတို့ကိုလည်းကောင်း, နိဗ္ဗေဒစသော ဗျဘိစာရီဘာဝတို့ကိုလည်းကောင်း, ထမ္ဘ စသော သတ္တိကဘာဝတို့ကိုလည်းကောင်း ယူ၊ ထိုရတိစသည်တို့သည် ထိုဌာယီဘာဝစသည်တို့ ဖြစ်ရာ၌ ဇာတ်လိုက်ပုဂ္ဂိုလ်တို့၏ စိတ်ဖြစ်ပုံအထူးများတည်း၊ ထို့ကြောင့် စိတ္တဝုတ္တိဝိသေသာနှင့်ရတျာဒယောကို အရတူဟု မှတ်ပါ၊ [ရတျာဒယောတိ ဧတ္ထ အာဒိသဒ္ဒေန ဟာသာဒယော ဌာယီဘာဝါ စ, နိဗ္ဗေဒါဒယော ဗျဘိစာရိဘာဝါ စ, ထမ္ဘပလယာဒယော သတ္တိကဘာဝါ စ သင်္ဂဟိတာတိ ဒဋ္ဌဗ္ဗာ။] ဤစကားအရ "ရသေ ဘာဝယန္တီတိ ဘာဝါ"ဟု ဝစနတ္ထပြု၍ "ဘာဝပုဒ်၏ အရဒ္ဓ (နောက်ဒ္ဓလာမည့်) ရတိစသော ဌာယီဘာဝ, နိဗ္ဗေဒစသော ဗျဘိစာရီဘာဝ, ထမ္ဘစသော သတ္တိဘာဝတို့ကို ကောက်ပါ။

ဘာဝယန္တီ ရသေ။ ။ဤနှစ်ပုဒ်၌ ဋီကာတို့ ၃ နည်းဖွင့်ကြ၏၊ ထိုသို့ ဖွင့်ခြင်းမှာလည်း "ဘာဝ"အရဝယ် ဌာယီဘာဝ, ဗျဘိစာရီဘာဝ, သတ္တိကဘာဝ ဟု ၃ မျိုး ရှိသောကြောင့် ဖြစ်ဟန်တူသည်၊ ထိုတွင် -

http://www.dhammadownload.com

"ရသေ-သိဂ်ါရာဒိ ရသေ ဘာဝယန္တိ နိပ္ဖာဒေန္တိ ကရောန္တိ"ဟု ပထမ ဖွင့်၏၊ ထိုအဖွင့်ဖြင့် ကာရိတ်ပစ္စည်းနှင့်တကွသော ဘူဓာတ်သည် နိပ္ဖာဒန (ဖြစ်စေခြင်း)အနက်ဟောတည်း-ဟု သဒ္ဒတ္ထကိုလည်းကောင်း, ထိုဖြစ်စေခြင်းကိုပင် "ပြုခြင်း"ဟု အဓိပ္ပာယတ္ထကိုလည်းကောင်း သိစေသည်၊ ဆိုလိုရင်းမှာ-"စိတ္တဝုတ္တိဝိသေသာ ရတျာဒယော ရသေ ဘာဝယန္တိ=ထိုထိုကိစ္စတွင် ဇာတ်လိုက်အဖြစ်ဖြင့် ပါဝင်သော ပုဂ္ဂိုလ်များ၏ ပျော်မွေ့ခြင်း, ရယ်ရွှင်ခြင်းစသော စိတ်ဖြစ်ပုံ အထူးတို့သည် ထိုဇာတ်ကို ကြည့်ရှုရသူ, စာကို ဖတ်ရသူတို့၏ သန္တာန်၌ သိဂ်ါရ (ကာမ) စသော အရသာကို ဖြစ်ပေါ်စေနိုင်ကြသည်-ဟူလို။

ဒုတိယနည်း။ ။နော စေ (ပထမနည်း မဟုတ်လျှင်)၊ ရသေ သိဂ်ါရာဒိ ရသဝိသယေ ပဏ္ဍိတာနံ စိတ္တံ ဘာဝယန္တိ ဗျာပနံ ကရောန္တိ၊ ဤနည်းဖြင့် ဘာဝယသဒ္ဒါသည် "ဓာတူနံ အနေကတ္ထတ္တာနှင့်အညီ ဗျာပနအနက်ဟောဟုလည်းကောင်း, ရသေလည်း သတ္တမီ ဧကဝစနန္တ ဟုလည်းကောင်း သိစေ၏၊ [ဤနည်းသည် ဗျဘိစာရီဘာဝ၌ပါသော ဘာဝ၏အနက်ကို ရည်ရွယ်ဟန်တူသည်၊ ထို့ကြောင့် "စိတ္တဝုတ္တိဝိသေသာ (နိဗ္ဗေဒါဒယော ရသေ ဘာဝယန္တိ-နိဗ္ဗေဒ(ငြီးငွေ့ခြင်း)စသော မ်ိတ်ဖြစ်ပုံအထူးတို့သည် သိဂ်ါရစသော ရသအရာဝယ် ကဗျာပညာရှိကို့၏ စိတ်ကို ရသတစ်ခု အပေါ်မှာ မတည်စေဘဲ ပျံ့နှံ့၍ သွားစေကြသည်၊ ပျံ့နှံ့အောင် ရေးသားစီကုံးစေကြသည်-ဟူလို။

တတိယနည်း။ ။နော စေ, တသ္မိံယေဝ ရသဝိသယေ ကဝိနော လောကသဘာဝံ ဝိသယံ ကတ္တာ ပဝတ္တာဉာလက္ခဏံ အဓိပ္ပာယံ ဘာဝယန္တိ ပတိပါဒနံ ကရောန္တိ၊ ဤနည်းဖြင့် ဘာဝယသဒ္ဒါသည် ပတိပါဒန (သိစေခြင်း)အနက်ဟောဟု သိစေ၏၊ သတ္တိကဘာဝကို ရည်ရွယ်၍ ဖွင့်ဟန်တူသည်၊ ထို့ကြောင့် "စိတ္တဝုတ္တိဝိသေသာ (ထမ္ဘာဒယော) ရသေ ဘာဝယန္တိ=ထမ္ဘစသော စိတ်ဖြစ်ပုံ အထူးတို့သည် သိဂ်ါရ စသော ရသအရာဝယ် (စီကုံးဖွဲ့နွဲ့သော) ကဗျာပညာရှိ၏ လောကသဘောကို အာရုံပြု၍ ဖြစ်သော အသိဉာဏ်လက္ခဏာ ပါရှိသော အလိုကို သိစေနိုင်ကြသည်၊ ကဗျာပညာရှိ၏ အလိုကို ပေါ်လွင်အောင် ရေးသားနိုင်စေကြသည်-ဟူလို။

http://www.dhammadownload.com

ဌာယီဘာဝ၏ သဘောနှင့် ဝစနတ္ထ

၃၄၁။ ဝိရောဓိနာ-ညဘာဝေန, ယော ဘာဝေါ နတိရောဟိတော၊ သီလေန တိဋ္ဌတိ-စ္ဆေသော, ဌာယီဘာဝေါတိ သဒ္ဒိတော။

၃၄၁။ ယော ဘာဝေါ-အကြင်ဘာဝကို၊ ဝိရောဓိနာ-ဆန့်ကျင်ဘက်ဖြစ်သော၊ အညဘာဝေန-တစ်ပါးသောဘာဝသည်၊ နတိရောဟိတော-မဖုံးကွယ်အပ်, မဖုံးကွယ်နိုင်၊ ဝါ-မဖျက်ဆီးအပ်,မဖျက်ဆီးနိုင်၊ သီလေန-ပင်ကိုအလေ့အားဖြင့်၊ တိဋ္ဌတိ-တည်တံ့နိုင်၏၊ ဣတိ-ထို့ကြောင့်၊ ဧသော-ဤဘာဝကို၊ ဌာယီဘာဝေါတိ-ဌာယီဘာဝဟူ၍၊ သဒ္ဒိတော-ဆိုအပ်၏။

၃၄၁။ ဝိရောဓိနာတျာဒီ။ ။ဌာယီ, ဗျဘိစာရီ, သတ္တိက ၃ မျိုးသော ဘာဝတို့တွင် ဌာယီဘာဝ၏ သဘောနှင့် ဌာယီ၏ ဝစနတ္ထကို ပြလိုသဖြင့် "ဝိရောဓိနာ" စသည်ကို မိန့်၊ ဆန့်ကျင်ဘက်ဖြစ်သော အခြားဘာဝတစ်ခုက ဖုံးကွယ်၍ (ဖျက်ဆီး၍) မရနိုင်လောက်အောင် ခိုင်မြဲတည်တံ့လေ့ရှိသော သဘောသည် ဌာယီဘာဝ၏ သဘောတည်း၊ "သီလေန တိဋ္ဌတိ ဣတိ"ကို ကြည့်၍ "တိဋ္ဌတိ သီလေနာတိ ဌာယီ"ဟု ဝစနတ္ထပြု၊ ထို့နောက် ပြခဲ့ပြီးသော ဘာဝနှင့် "ဌာယီ စ+သော+ဘာဝေါ စာတိ ဌာယီဘာဝေါ"ဟု သမာသ်တွဲပါ။

[ဆောင်] ဆန့်ကျင်ဘက်ငြား, ဘာဝ တစ်ပါးကြောင့်, ပျက်ပြား မလည်, မြဲစွာတည်, ဌာယီဘာဝခေါ်။

ဝိရောဓိနာ၊ပေ၊နတိရောဟိတော။ ။ချစ်ကြိုက်နေသော လုလင်ပျိုမိန်းမပျိုတို့၏ ပျော်မွေ့ခြင်းကို "ရတိ" ဟု ခေါ်၏၊ ထို ရတိ၏ ဆန့်ကျင်ဘက် ဝိရောဓိကား ဇိဂုစ္ဆာ-စက်ဆုပ်ရွံရှာခြင်းတည်း၊ လုလင်ပျိုမိန်းမပျိုတို့ အိပ်စက် ပျော်မွေ့နေရာဝယ် ရွံစရာ တစ်ခုခုကို တွေ့မြင်ကြားသိရလျှင် ဇိဂုစ္ဆာ ဖြစ်တတ်၏၊ ရွံစရာတွေ့သော်လည်း ဇိဂုစ္ဆာမဖြစ်ဘဲ ပျော်မြဲ ပျော်နိုင်လျှင် ထိုဇိဂုစ္ဆာဘာဝဖြင့် ဖျက်၍ မရသောကြောင့် ထိုရတိသည် ဌာယီဘာဝ မည်၏။

များသောအားဖြင့် ဟာသနှင့်သောက-ကောဓ, ဥဿာဟနှင့်ဘယ, တခြို့ ဝိမှယနှင့်သမတို့ အပြန်အလှန် ဆန့်ကျင်ဘက် ဝိရောဓိဖြစ်ကြ၍

http://www.dhammadownload.com

ဌာယီဘာဝအပြား

၃၄ ၂။ ရတိဟာသော စ သောကော စ, ကောဓုဿာဟဘယမွိ စ၊ ဇိဂုစ္ဆာဝိမှယာ စေဝ, သမော စ နဝ ဌာယိနော။

၃၄ ၂။ ရတိ စ-ရတိဌာယိဘာဝလည်းကောင်း၊ ဟာသော စ-ဟာသဌာယိဘာဝလည်းကောင်း၊ သောကော စ-သောကဌာယိဘာဝလည်းကောင်း၊ ကောဓုဿာဟဘယမွိ စ-ကောဓဌာယိဘာဝ, ဥဿာဟဌာယိဘာဝ, ဘယဌာယိဘာဝလည်းကောင်း၊ ဇိဂုစ္ဆာဝိမှယာ စေဝ-ဇိဂုစ္ဆာဌာယိဘာဝ, ဝိမှယဌာယိဘာဝတို့လည်းကောင်း၊ သမော စ-သမဌာယိဘာဝလည်းကောင်း၊ (ဣတိ-ဤသို့) ဌာယိနော-ဌာယိဘာဝတို့သည်၊ နဝ-၉ ပါးတို့တည်း။

ဟာသကို သောက ကောဓတို့က မဖုံးကွယ်နိုင် မဖျက်နိုင်လျှင် ဟာသသည် ဌာယီဘာဝ မည်၏၊ ဤသို့ စသည်ဖြင့် ဌာယီဘာဝ ဟူသမျှ၌ အခြားသော ဆန့်ကျင်ဘက် ဘာဝတို့က ဖျက်၍ မရနိုင်လောက်အောင် ခိုင်မြဲပုံကို သိပါ၊ ဤဌာယီဘာဝကိုပင် နောက် "သဝိဘာဝါနုဘာဝေဟိ" စသော ဂါထာ၌ "ရသ"ဟုလည်း နာမည်တပ်လတ္တံ့။ [တိရော-ကွယ်ပျောက်အောင်+ဓိယတေ-ထားအပ်၏၊ ဣတိ တိရောဟိတော၊ တိရော သဒ္ဒူပပဒ မာ ဓာတ်, တ ပစ္စည်း၊ ဓ ကို ဟ ပြု, အာ ကို ဣ ပြု၍ "တိရောဟိတော"ဟု ပြီးသည်။]

---

၃၄ ၂။ ဤဂါထာဖြင့် ဌာယီဘာဝ ၉ ပါး သရုပ်ကိုသာ ခေါင်းစဉ်အတိုင်း မှတ်သားနှင့်ပါဦး၊ အနက်နှင့် သဘောကို အကျယ်ပြခန်းကျမှ ပြပါမည်။ [တချို့စာ၌ ဟာသောနေရာဝယ် "ဟဿော"ဟု ရှိ၏၊ "ဟသနံ ဟာသော"ဟု ဝိဂြိုဟ်ပြု၍ ရယ်ရွှင်ခြင်းဟူသော စိတ်ဖြစ်ပုံအထူးကို "ဟာသ"ဟု ခေါ်ရသောကြောင့် "ရတိဟာသော"ဟု ရှိမှကောင်းမည်၊ "ဇိဂုစ္ဆာ စ+ ဝိမှယော စေတိ စ ဝါကျံ"ဟု ဦးကာ၌ ဝိဂြိုဟ်ဝါကျပြသောကြောင့် "ဇိဂုစ္ဆာဝိမှယာ"ဟု သမာသ် ရှိစေ၊ "စိတ်ဖြစ်ပုံ အထူး"ဟူရာဝယ် စိတ်ကြောင့်ဖြစ်သော စတ္တဇရုပ်နှင့် ကိုယ်နှုတ်ဖြစ်ပုံအထူးကိုလည်း ကာရဏူပစာရအားဖြင့် ယူ။]

http://www.dhammadownload.com

ဗျာဘိစာရီဘာဝ၏ လက္ခဏာ, ဝစနတ္ထ

၃၄၃။ တိရောဘာဝါဝိဘာဝါဒိ-ဝိသေသေနာ-ဘိမုချတော၊ ယေ တေ စရန္တိ သီလေန, တေ ဟောန္တိ ဗျာဘိစာရိနော။

၃၄၃။ ယေ တေ ဘာဝါ-အကြင်ဘာဝတို့သည်၊ တိရောဘာဝါဝိဘာဝါဒိ ဝိသေသေန-ကွယ်ပျောက်၍ ဖြစ်ခြင်း, ထင်ရှားစွာဖြစ်ခြင်း အစရှိသော အထူးအားဖြင့်၊ အာဘိမုချတော-ရွေးရှုသည်၏အဖြစ်အားဖြင့်၊ သီလေန-အလေ့အားဖြင့်၊ စရန္တိ-ဖြစ်တတ်ကုန်၏၊ ဣတိ-ထို့ကြောင့်၊ တေ-ထိုဘာဝတို့သည်၊ ဗျာဘိစာရိနော-ဗျာဘိစာရီဘာဝတို့သည်၊ ဟောန္တိ-ဖြစ်ကုန်၏။

၃၄၃။ တိရောဘာဝါတျာဒီ။ ။ဗျာဘိစာရိကို "ဝိ+အဘိ+စာရိ"ဟု ပုဒ်ခွဲ၊ "တိရောဘာဝါဝိဘာဝါဒိဝိသေသေန"သည် ဝိ၏အနက်၊ "အာဘိမုချတော"သည် အဘိ၏အနက်၊ "စရန္တိ သီလေန"သည် စာရိ၌ တဿီလတ္ထ ဏီပစ္စည်း၏ အနက်၊ ဤအားလုံးကို ကြည့်၍ "ဝိသေသေန+ အာဘိမုချတော+စရန္တိ သီလေနာတိ ဗျာဘိစာရိနော" ဟု ဝစနတ္ထပြု၊ ဤ ဝစနတ္ထ၏ အနက်ကို ကြည့်လျှင် ဗျာဘိစာရီဘာဝ၏ သဘောကိုလည်း သိနိုင်၏။

တိရော၊ပေ၊ဝိသေသေန။ ။နိဗ္ဗေဒ-တက္က စသော ဗျာဘိစာရီဘာဝတို့သည် ရတိစသော ဌာယီဘာဝတို့ကဲ့သို့ ခိုင်မြဲစွာ မတည်တံ့နိုင်ကြ၊ တိရောဘာဝ-တချို့ဌာယီဘာဝနှင့် တွေ့ရသောအခါ ကွယ်ပျောက် သွားလိုက်, အာဝိဘာဝ-တချို့ဌာယီဘာဝနှင့် တွေ့ရသောအခါ အထင်အရှား ပေါ်လာလိုက်၊ ဤသို့ စသောအားဖြင့် ဝိသေသ (အထူးထူး အဖုံဖုံ အမျိုးစုံ) ဖြစ်လေ့ရှိကြသည်။ [ဤစကားကို ကြည့်လျှင် "ဌာယီဘာဝသည် တည်တံ့၏၊ ဗျာဘိစာရီဘာဝကား မတည်တံ့"ဟု သိနိုင်ပြီ၊ မတည်တံ့ခြင်းကို ဗျာဘိစာရီဟု ခေါ်သောကြောင့်ပင် မိန်းမတစ်ယောက်၏ လင်ငယ်နေမှုကို အိန္ဒိယနိုင်ငံ၌ "ဗျာဘိစာရီ ကျင့်သည်" ဟု ပြောလေ့ရှိကြသတတ်။]

ဋီကာ။ ။ဗျာဘိစာရိဘာဝါနံ အတ္တနော (မိမိဟူသော ဗျာဘိစာရီဘာဝ၏) အနေကရသံ နိဿာယ ပဝတ္တတ္တာ (ဌာယီဘာဝကဲ့သို့ ဆိုင်ရာရသတစ်ခုကိုသာ မှီသည် မဟုတ်ဘဲ, များစွာသော ရသကို မှီ၍ ဖြစ်ကုန်သည်၏အဖြစ်

http://www.dhammadownload.com

ကြောင့်လည်းကောင်း) လောကဿ ဘိန္နရုစိကတ္တာ စ (လူအပေါင်းက အကြိုက် အမျိုးမျိုး ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း) ကိသွိ်စိဌာယိဘာဝေ ဗျဘိစာရိဘာဝါနံ အတ္တနော ဂုဏဿ လိနတ္တဉ္စ ကိသွိ်စိ တဿေဝ ဂုဏဿ ပါကဋ္ဌတ္တဉ္စ (တချို့ဌာယီ ဘာဝ၌ ဗျဘိစာရီဘာဝတို့မှာ မိမိဂုဏ်သဘော၏ မြုပ်ကွယ်သွားခြင်း, တချို့ဌာယီဘာဝ၌ ဂုဏ်သဘော၏ ပေါ်လာခြင်း) ဣတိ အာဒိကေန ဝိသေသေန-ဤသို့စသော အထူးအားဖြင့်။ [ဤအဖွင့် ကြည့်၍ "တိရောဘာဝ အာဝိဘာဝ" စသော ဖြစ်ပုံသည်ပင် "ဝိသေသ"ဟု မှတ်။]

ကွယ်ပျောက်ပုံနှင့် ထင်ရှားပုံ။ ။ဗျဘိစာရီဘာဝတို့၌ မောပန်းခြင်း ဟူသော "သမ"ပါ၏၊ ထိုသမသည် ယောက်ျား မိန်းမတို့ ပျော်ပါးခြင်း ဟူသော ရတိဌာယီဘာဝတွင် ပါဝင်ရသောအခါ မောပန်းသော်လည်း မောပန်းမှုမထင်ရှားဘဲ မြုပ်ကွယ် ပျောက်သွား၍ သုခသဘောသို့ ရောနှော ပါဝင်လေတော့၏၊ သောကဌာယီဘာဝတွင် ပါဝင်ရလျှင်ကား ပင်ပန်းခြင်းသဘောသည် ထင်ရှားပေါ်လာ၏၊ ထို့ကြောင့်ပင် သောက ဖြစ်၍ ပင်ပန်းအားကြီးသူများသည် မေ့သွားတတ်လေသည်၊ ဤ အတူပင် "ဂိလာနိ"စသော ဗျဘိစာရီဘာဝတို့လည်း မိမိ၏သဘောကို ရတိဌာယီဘာဝ၌ တင်ပေးတတ်ကြသည်၊ "ဂိလာနိ"ဟူသည် အားကုန် ညှိုးနွမ်းခြင်းတည်း၊ ပျော်ပါးခြင်း ရတိ၌ ဂိလာန်သည် မိမိ၏ အားကုန် ညှိုးနွမ်းခြင်းသဘောကို တင်ပေး၏၊ အပျော်အားကြီး၍ အားကုန်သွား သည်-ဟူလို၊ ဂိလာနိအာဒိ၌ အာဒိဖြင့် ပျော်ပါးသည်ကို လူမိ၍ ထိတ်လန့်ခြင်း တာသ, ရောဂါရခြင်း ဗျာဓိများကို ယူ၊ ထိုသို့ မိမိသဘောကို ဌာယီဘာဝသို့ တင်ပေးခြင်းသည် မိမိသဘော၏ ထင်ရှားခြင်း အာဝိဘာဝပင်တည်း။

ဋီကာ။ ။ဧဝံ ဧတေသု (ဤသို့လျှင် ထိုဗျဘိစာရီဘာဝတို့တွင်) ပီဠာသရူပေန (ပင်ပန်းခြင်း သဘောအားဖြင့်) ဧကော ပရိသမသခီါတ ဗျဘိစာရိဘာဝေါ ရတိယံ သဂုဏော (မိမိ၏ မောပန်းခြင်း ဂုဏ်သဘောအားဖြင့်) လိနော (တိမ်မြုပ်-ဝုပ်ကွယ်သည်)သုခါနုဝိဒ္ဓေါ ဟုတွာ (သုခသို့ ထွင်းဖောက်သက်ရောက်သည် ဖြစ်၍) သောကေ သဂုဏော ပါကဋ္ဌော ဒုက္ခာနုဝိဒ္ဓေါ စ ဟုတွာ ပဝတ္တတေ၊ ဧဝမေဝ (ဤ့အတူပင်) သုခသဘာဝရတိယံ (သုခသဘောရှိသော ရတိဌာယီဘာဝ၌) ဂိလာနျာဒယော ဗျဘိစာရိနော (ဂိလာနိ

http://www.dhammadownload.com

စသော ဗျဘိစာရီဘာဝ တို့သည်) သကိယဲ ဒုက္ခရူပံ အာရောပေန္တိ (မိမိနှင့် စပ်သော ဆင်းရဲခြင်း သဘောကို တင်ပေးကြကုန်၏။)

အာဒိ၏အနက်။ ။တိရောဘာဝါဝိဘာဝါဒိဒ္ဓ အာဒိဖြင့် ဌာယိဘာဝ၌ ရှိသော သုခဒုက္ခသဘောကို မိမိ (ဗျဘိစာရီဘာဝ)က ယူခြင်း (မိမိ၌တင်ခြင်း) ကို ယူ၊ အာဒိသဒ္ဒေန ဌာယိဓမ္မဿ သုခဒုက္ခာနံ ဂဟဏံ (ဋီကာဟောင်း)၊ တေ+အာဒယော ယဿ ဌာယိဘာဝေသု ဝိဇ္ဇမာနာနံ သုခဒုက္ခသဘာဝါနံ အတ္တနိ အာရောပနဿ၊ (ဋီကာသစ်)၊ "အတ္တနိ အာရောပန-မိမိ၌ တင်ခြင်း" ဟူသည်နှင့် "သုခဒုက္ခတို့ကို မိမိက ယူခြင်း"ဟူသည် သဘောတူပင်တည်း၊ ထို့ကြောင့် ဋီကာနှစ်စောင်လုံး အာဒိဖြင့် ယူပုံမှာ သဘောတူဟု မှတ်၊ ဤစကားဖြင့် "တက္က"ဟူသော ဗျဘိစာရီဘာဝသည် ကာမဂုဏ်နှင့် ဆိုင်ရာကို ကြံတွေးရာ၌ ရတိဌာယီ ဘာဝ၏ သဘောကို မိမိက ယူခြင်း, မိမိသို့ တင်ပေးခြင်းတည်း၊ ရယ်ဖွယ်ကို ကြံတွေးရာ၌ ဟာသဌာယီဘာဝ၏ သဘောကို, သောက ဖြစ်ဖွယ်ကို ကြံတွေးရာ၌ သောကဌာယီဘာဝ၏ သဘောကို မိမိက ယူခြင်း, မိမိသို့ တင်ပေးခြင်းတည်း၊ ဤသို့ စသည်ဖြင့် ဗျဘိစာရီဘာဝတို့က ဌာယီဘာဝ၏ သဘောကို ယူပုံသိပါ။

အာဘိမုချတော။ ။အာဘိမုခါနံ - ဌာယိဘာဝသို့ ရှေးရှုသော ဗျဘိစာရီဘာဝတို့၏+ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာ ရှေးရှုခြင်းကြီယာသည်၊ အာဘိမုချံ - မည်၏၊ ပြခဲ့သည့်အတိုင်း ဌာယိဘာဝသို့ ရောက်လျှင် မြုပ်ကွယ်ခြင်း ပေါ်လာခြင်းသည်လည်းကောင်း, ဌာယိဘာဝ၏ သဘောကို မိမိ၌ တင်ပေးခြင်း (မိမိက ယူခြင်း) မိမိ၏သဘောကို ဌာယိဘာဝသို့ တင်ပေးခြင်းသည်လည်းကောင်း (ဌာယိဘာဝနှင့် စပ်၍ ဖြစ်ရကား) ဌာယိဘာဝသို့ ရှေးရှုခြင်း မည်၏၊ [အာဘိမုချတော-ဌာယိ ဘာဝါနံ သုခဒုက္ခရူပံ အတ္တနိ စ (မိမိဟူသော ဗျဘိစာရီဘာဝ၌လည်း ကောင်း), အတ္တနော သုခဒုက္ခရူပံ ဌာယိဘာဝေသု စ အာရောပနသဒ်္ဒါတေန အဘိမုခဘာဝေန။] ဤသို့လျှင် တိရောဘာဝ အာဝိဘာဝ စသော အထူးအားဖြင့် ဌာယိဘာဝသို့ ရှေးရှုလျက် ဖြစ်ပေါ်ရှိသော ဘာဝများကို ဗျဘိစာရီဘာဝ-ဟု ခေါ်ရသည်။

http://www.dhammadownload.com

ဗျဘိစာရိဘာဝ ၃၃ ပါး

၃၄၄။ နိဗ္ဗေဒေါ တက္ကသက်ာ
သမဓိတိဇ္ဇတာ ဒီနတုဂ္ဂါလသတ္တွ,
သုတ္တံ တာသော ဂိလာနသုက
ဟရိသသတိဿာ ဝိသာဒါ.ဗဟိတ္ထာ၊

စိန္တာဂဗ္ဘာ.ပမာရော
မရိသမဒမတုမ္ဘာဒမောဟာ ဝိဗောဓော,
နိဒ္ဒါဝေဂါသဗိဠံ
မရဏာသစပလဲဗျာဓိ တေတ္တိံသ မေတေ။

၃၄၄။ နိဗ္ဗေဒေါ-မိမိကိုယ်ပင် အထင်သေးခြင်း ငြီးငွေ့ခြင်းလည်းကောင်း၊ တက္ကသက်ာ-တွေးတောကြံစည်ခြင်း, ယုံမှားခြင်းတို့လည်းကောင်း၊ သမဓိတိဇ္ဇတာ-ကိုယ်ပင်ပန်းခြင်း, တင်းတိမ်ရောင့်ရဲခြင်း, ညံ့ဖျင်းတွေဝေခြင်းတို့လည်းကောင်း၊ [ဒီနတုဂ္ဂါလသတ္တံကို "ဒီနတာ+

၃၄၄။ နိဗ္ဗေဒေါတျာဒိ။ ။ဗျဘိစာရီဘာဝအပြား ၃၃ ပါးကို ပြသောဂါထာတည်း၊ တစ်ပါဒလျှင် ၂၁ လုံး ရှိ၏၊ ရ လုံးတစ်ရပ် ယတိပြတ်ရသောကြောင့် ယတိ ၃ ချက် ပါသော သဒ္ဒရာဂါထာ (ပကတိဆန်း)ဟု ဆို၏၊ သို့သော် တချို့နေရာ၌ ၇ လုံးတစ်ရပ် ယတိဖြတ်၍ မရပါ၊ ဤဂါထာ၌ နိဗ္ဗေဒစသော ဗျဘိစာရီဘာဝတို့၏ ဝိဘာဝ-အနုဘာဝများကို ထည့်သွင်း၍ ဦးကာတို့ ဖွင့်ကြသော်လည်း ဝိဘာဝ-အနုဘာဝသဘောကို နောက်၌ တိုက်ရိုက်ပြလတ္တံ့ ဖြစ်သောကြောင့်လည်းကောင်း, ထိုသဘောကို မသိသေးမီ အဓိပ္ပာယ်၌ ထည့်သွင်း ဖွင့်ပြသဖြင့် နားလည်မည် မဟုတ်သောကြောင့်လည်းကောင်း, ထို ဝိဘာဝ-အနုဘာဝတို့ကို သီးခြား နားမလည်တပ်၍ မပြတော့ဘဲ ပုဒ်နေနှင့် အဓိပ္ပာယ်ကို ပြရင်းပင် ဝိဘာဝ အနုဘာဝတို့ကို ပါဝင်တန်သမျှ ပါဝင်အောင် ရေးသွားပါမည်။

(၁) နိဗ္ဗေဒ။ ။နိုပုဗ္ဗ, ဝိဒဓာတ်, ဏပစ္စည်း၊ နိဗ္ဗေဒေါအတ္တာဝမာနနံ-မိမိကိုယ်ကို အထင်သေးခြင်းသည် နိဗ္ဗေဒ မည်၏၊ မိမိကိုယ်ကို အထင်သေးခြင်းသည် မိန်းမ, သို့မဟုတ်-စိတ်နေအောက်ကျသူများ၏ ဥစ္စာမဲ့မွဲ ဆင်းရဲသောအခါ မျက်ရည် ကျလာအောင်ပင် မိမိကိုယ်ကို စိတ်ကြီး မဝင်နိုင်တော့ဘဲ) အထင်သေးခြင်း, ယောဂီပုဂ္ဂိုလ်များ၏တရားဖြင့် ဆင်ခြင်သောအခါ

http://www.dhammadownload.com

ဥဂ္ဂ+အလသတ္တံ"ဟု ခွဲ၊] ဒီနတာ-စိတ်၏ အဆီသြဇာမရှိလောက်အောင် ဆင်းရဲပင်ပန်းသူ၏အဖြစ်လည်းကောင်း၊ ဥဂ္ဂါလသတ္တံ-ကြမ်းတမ်းသူ၏ အဖြစ်, ပျင်းရိသူ၏အဖြစ်လည်းကောင်း၊ သုတ္တံ-အိပ်ပျော်ခြင်းလည်း ကောင်း၊ တာသော-စိတ်၏ ထိတ်လန့်ခြင်းလည်းကောင်း၊ [ဂိလာနုဿုကာ ကို "ဂိလာနိ+ဥဿုကာ"ဟု ခွဲ၊] ဂိလာနိ-အားအင်ကုန်ခမ်း,

---

ခန္ဓာကိုယ်၏ အနိစ္စတုံး, ဒုက္ခတုံး, အနတ္တတုံးကြီး ဖြစ်နေပုံကို မြင်နေရသော ကြောင့် မိမိခန္ဓာကိုယ်ကို အထင်မကြီးနိုင်တော့ဘဲ အထင်သေးခြင်း ဤသို့ ၂ မျိုး ရှိ၏၊ ယောဂီတို့၏ အထင်သေးမှုကိုပင် ငြီးငွေ့ခြင်း နိဗ္ဗိဒါဉာဏ်ဟု ခေါ်ရသည်။

[ဆောင်] ကုတ္ထိ-နီစ, ပဂ္ဂလတို့, ဒုက္ခရောက်ငြား, ယောဂီများလည်း, တရားဖြင့် မျှော်, ကိုယ်အပေါ်တွင်, အထင်သေးကြ, ငြီးငွေ့က, နိဗ္ဗေဒဟုခေါ်။

(၂) တက္ကာ။ ။တက္ကော (ဝိတက္ကန်)-တစ်စုံတစ်ခုသော အကြောင်းအရာပေါ်၌ ယုံမှားသံသယ ဖြစ်နေသောကြောင့် "ဒီလို ဖြစ်စရာရှိရဲ့, အင်း...ဟိုလို ဖြစ်စရာ ရှိရဲ့"ဟု ဦးခေါင်းကို ညိတ်ကာ ညိတ်ကာ တွေးတော ကြံစည်ခြင်း သည် တက္က မည်၏။

[ဆောင်] ယုံမှားဖွယ်ဟု, တစ်ခုခုကို, အနုစိတ်ကာ, ကြံတွေးရာ, မှတ်ပါ တက္က ခေါ်။

(၃) သင်္ကာ။ ။အနတ္တပဋိဘာ သင်္ကာ-မိမိကို သူတစ်ပါးက မကောင်း ကြံလေမည်လား, သို့မဟုတ် ဤအလုပ် လုပ်လျှင် မကောင်းကျိုး ဖြစ်လေ မည်လား-ဤသို့ တုန်လှုပ် ချောက်ချားလျက် အကျိုးမဲ့၌ ယုံမှားသံသယ ဖြစ်နေခြင်း, အကျိုးမဲ့ ဖြစ်ဖို့ရန် ထင်နေခြင်းတည်း။

[ဆောင်] အကျိုးမဲ့မှု, တစ်ခုခုကို, ပြုလေမည်လော, ဖြစ်မည်လောဟု, တွေးတောယုံမှား, စိတ်ချောက်ချား, မှတ်သား သင်္ကာခေါ်။

(၄) သမ။ ။သမော (ခေဒေါ်)-ခရီးသွားခြင်း, အပျော်အပါး အားကြိုးခြင်း စသည်တို့ကြောင့် မောဟိုက် ချွေးကျလာအောင် ပင်ပန်းခြင်းသည် သမ မည်၏။

[ဆောင်] ခရီးသွား များ, ပျော်အပါးကြောင့်, ကိုယ်အား မောလျက်, ချွေးလည်းထွက်မှု, ပင်ပန်းက, သမ ဟူ၍ ခေါ်။

http://www.dhammadownload.com

ကိုယ်နွမ်းခြင်းလည်းကောင်း၊ ဥဿုကဟရိသသတိဿာ-အခ္ခိန်ကာလကို မစောင့်နိုင်လောက်အောင် အားထုတ် ဗျာများခြင်း, ရွှင်လန်းဝမ်းမြောက်ခြင်း, အောက်မေ့အမှတ်ရခြင်း, ငြူစူခြင်းတို့လည်းကောင်း၊ [ဝိသာဒ+အဗဟိတ္ထာဟု ခွဲ] ဝိသာဒါဗဟိတ္ထာ-စိတ်၏ပင်ပန်းခြင်း, အပြင်မထွက်အောင် သိပ်သိပ်သည်းသည်း စောင့်စည်းခြင်းတို့လည်းကောင်း၊

---

(၅) မိတိ။ ။မိတိ သန္တောသော-အဝတ်အစား အိပ်ရာ နေရာ စသည်များကို ဉာဏ်ဖြင့် စဉ်းစား၍ သုံးစွဲသူမှာ သုံးစွဲ စားသောက်ရာ၌ လျှပ်ပေါ်လော်လီမှု မရှိတော့ဘဲ "သန္တောသ(သန္တုဋ္ဌိ)"ဟု ခေါ်သော တင်းတိမ်ရောင့်ရဲမှု ဖြစ်ပေါ်လာ၏၊ ထို ရောင့်ရဲမှုကို မိတိ ဟု ခေါ်သည်။

[ဆောင်] သုံးဆောင် သောက်စား, ပစ္စည်းများ၌, စဉ်းစား ဉာဏ်မျှော်, မလျှပ်ပေါ်ဘဲ, သင့်တော်ရုံမျှ, ရောင့်ရဲက, မှတ်ကြ မိတိခေါ်။

(၆) ဇဠုတာ။ ။သက္ကတ၌ "ဇဋ-(ကွဋ္ဌာနိဋ္ဌာနဘိညေ)-ကွဋ္ဌာရုံ-အနိဋ္ဌာရုံ(အကောင်း-အဆိုး) ခွဲခြား၍ မသိတတ်အောင် ဖျင်းသူ (အ)သူ"ဟု ရှိ၏၊ ဇဋသ+ဘာဝေါ ဇဋတာ၊ ဒုကို ဠပြု၍ "ဇဠတာ"ဟု ဖြစ်၏၊ ဖျင်း(အ)သူ၏ဖြစ်ကြောင်း အကောင်းအဆိုးကို နားမလည်ခြင်း, ဖျင်းအခြင်း၊ ဤနေရာ၌ကား ထိုနားမလည်မှုကို အကြောင်းခံလျက် ရောက်လာသော ကိစ္စကို မျက်လုံးပြူး၍ ကြည့်ကာ ဘာမျှ မလုပ်တတ်ခြင်း, တွေဝေနေခြင်းကို "ဇဠတာ"ဟု မှတ်။ [အပတိပတ္တိ-မပြုကျင့်ခြင်း (မပြုတတ်ခြင်း)သည် ဇဠတာ။]

[ဆောင်] ကောင်း ဆိုး အရှိ, ခွဲ မသိ၍, မျက်စိ ပြူးကာ, ကြုံလာကိစ္စ, တွေဝေက, ဇဠတာဟု ခေါ်။

(၇) ဒီနတာ။ ။ဒီနတာ စေတသော အနောဇတာ-ဥစ္စာမဲ့မွဲ ဆင်းရဲခြင်းကြောင့် အဝတ်အစား ညစ်ညစ်နွမ်းနွမ်းနှင့် မရွှင်မလန်း မချမ်းမသာဖြစ်၍ စိတ်၏ အဆီသြဇာဖြစ်သော ရွှင်လန်းမှု မရှိခြင်း, သြဇာမရှိခြင်းကို ဒီနတာဟု ခေါ်သည်။

[ဆောင်] ဥစ္စာ မဲ့လျှင်း, ဆင်းရဲခြင်းကြောင့်, စိတ်တွင်း ခြောက်ခန်း, လွန်ညှိုးနွမ်းက, မှတ်ကုန်ကြ, ဒီနတာ ဟု ခေါ်။

http://www.dhammadownload.com

စိန္တာဂဗ္ဘာ-ကြံမှိုင်ခြင်း, မာန်တက်ခြင်းတို့လည်းကောင်း၊ အပမာရော-ဘီလူးစသည် ဖမ်းသဖြင့် ရူးနှမ်းခြင်းလည်းကောင်း၊ [အမရိသ+မဒ+မတိ+ဥမ္မာဒ ဟု ခွဲ၊] အမရိသမဒမတုမ္မာဒမောဟာ-သည်းမခံနိုင်ခြင်း, မူးယစ်ခြင်း, သိခြင်း, သည်းခြေ သွေးရူး ရူးခြင်း, မိန်းမောတွေဝေခြင်းတို့လည်းကောင်း၊ ဝိဗောဓော-အိပ်ရာမှ နိုးခြင်းလည်းကောင်း၊ နိဒ္ဒါဝေါဂါ-

---

(၈) ဥဂ္ဂတ္တံ။ ။ဥဂ္ဂတ္တံ-(ဒါရုဏာတ္တံ) ကြမ်းတမ်းသည်၏ အဖြစ်သည် ဥဂ္ဂတ္တ မည်၏၊ သူတစ်ပါးက မိမိအပေါ်၌ အပြစ်တစ်ခုကို ပြုထားသည့် အတွက် လက်စားချေလို, ပြန်၍ နှိပ်စက်လိုသောကြောင့် ခက်ထန် ကြမ်းတမ်းခြင်း(ရန်ဖြစ်ရာဝယ် ပြန်၍ မချရလျှင် မကျေနိုင်သည့်အတွက် ဆွဲငင်လို့ မရလောက်အောင် အကြမ်းပတမ်း ဖြစ်ခြင်းမျိုး)သည် ဥဂ္ဂတ္တ မည်၏။ [ဥဂ္ဂသ-ကြမ်းတမ်းသူ၏ + ဘာဝေါ ဥဂ္ဂတ္တံ (ဥဂ္ဂတာ)။]

[ဓောင်] အပြစ်တစ်ခု, သူက ပြုသဖြင့်, သူ့ကို တစ်ဖန်, ကိုယ်က ပြန်၍, ပြုရန် ကြမ်းလှ, မိုက်ဒေါသ, ဥဂ္ဂတ္တဟု ခေါ်။

(၉) အလသတ္တံ။ ။အလသဿ-ပျင်းသူ၏+ဘာဝေါ အလသတ္တံ၊ တစ်စုံတစ်ခု ပြုခွင့်ကြုံရာ၌ ပင်ပန်းမည်မှ ကြောက်ခြင်းကြောင့် ပျင်းရိခြင်းသည် အလသတ္တ မည်၏။ ထိုသို့ ပျင်းရိသောအခါ ထိုအလုပ်ကို မလုပ်ရအောင် နေမကောင်းဟန် ဆောင်ခြင်း စသော ကောက်ကျစ်သော အမူအရာ ဖြစ်လာတတ်သည်။

[ဆောင်] ပြုရေးပြုရာ, ပေါ်ပေါက်လာလျှင်, ပန်းမှာကြောက်ဘိ, ပျင်းရိရိ, မှတ်သိ အလသတ်ခေါ်။

(၁၀) သုတ္တ။ ။အိပ်ချင်မှု ငိုက်မည်းမှုကို အကြောင်းပြု၍ အိပ်ပျော်ခြင်းသည် သုတ္တ မည်၏။ ထိုသို့ အိပ်ပျော်မှုကိုပင် သာယာဖွယ် ချမ်းသာတစ်ခုဟု အသိအမှတ် ပြုကြသည်။

[ဆောင်] ငိုက်မည်း၍လာ, အိပ်ပျော်ခါ, မှတ်ပါ သုတ္တခေါ်။

(၁၁) တာသ။ ။ တာသော စိတ္တက္ခောဘော = ရန်သူ စသည်တို့က ခြိမ်းခြောက်မှုကြောင့် တစ်ကိုယ်လုံး တုန်လှုပ်လာအောင် စိတ်၏ ထိတ်လန့် ချောက်ချားခြင်းသည် တာသ မည်၏။

[ဆောင်] ရန်သူ စသည့်, ခြိမ်းခြောက်ဘိမူ, စိတ်၏ ဖောက်ပြား, ထိတ်လန့်ခြား, မှတ်သား တာသ ခေါ်။

http://www.dhammadownload.com

ငိုက်မျဉ်းခြင်း, ပျာပျာသလဲဖြစ်ခြင်းတို့လည်းကောင်း၊ သဗီဋ္ဌံ-ရှက်ခြင်းနှင့် တကွ ဖြစ်ခြင်းလည်းကောင်း၊ မရဏံ-သေခြင်းလည်းကောင်း၊ သစပလံ-လျှပ်ပေါ်လော်လီ မတည်ခြင်းနှင့် တကွဖြစ်ခြင်းလည်းကောင်း၊ ဗျာဓိ-ဖျားနာခြင်းလည်းကောင်း၊ (ကျတိ-ဤသို့) တေတ္တိသ-၃၃ ပါးသော၊ ဧတေ-ဤဘာဝတို့သည်၊ (ဗျဘိစာရိနော-ဗျဘိစာရီဘာဝတို့တည်း။

---

(၁၂) **ဂိလာနိ။** ။သက္ကတ၌ဂ္လါနိကို ပါဠိ၌ "ဂိလာနိ"ဟု ပြန်ထားသည်၊ ဗလဿာ•ပစယော ဂိလာနိ-အားအင် ကုန်ခန်း ညှိုးနွမ်းခြင်းသည် ဂိလာနိ မည်၏၊ ပင်ပန်းမှု မွတ်သိပ်ဆာလောင်မှု စသည်ကြောင့် အားအင်ကုန်ခန်း မရွှင်လန်းခြင်းကို "ဂိလာနိ"ဟု ခေါ်သည်။ ["ဂိလာန"သဒ္ဒါကား မကျန်းမာသူကို ဟော၏၊ ထို့ကြောင့် "ဂိလာနိ"ဟု ရှိစေ။]

[ဆောင်] မွတ်သိပ်ပင်ပန်း, အားကုန်ခန်းလျက်, ညှိုးနွမ်းလေဘိ, ကိုယ်မချိ, ဂိလာနိဟု ခေါ်။

(၁၃) **ဥဿုက္ကံ။** ။ကာလက္ခမတာ ဥဿုက္ကံ-မိမိနှစ်သက်ဖွယ် အရာကို တွေ့လို မြင်လိုခြင်းကြောင့် ပျာယီးပျာယာ ဗျာများလာလောက်အောင် (ကာလ+အက္ခမတာ) သင့်လျော်သော အချိန်အခါကို မစောင့်ဆိုင်းနိုင်ခြင်းသည် ဥဿုက္က မည်၏။ [ဥပုဗ္ဗ သူဓာတ်, ကွိပစ္စည်း, က-လာ, ဥုကို ရဿ ပြု၍ ပြီးသော "ဥဿုက"သဒ္ဒါသည် အလွန် ဗျာများ၍ ကြိုးစားအားထုတ်သူကို ဟော၏၊ ဤနေရာ၌ကား ထိုပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ အမူအရာကို ယူဖို့ရန် "ဥဿုကဿ+ဘာဝေါ ဥဿုက္ကံ"ဟု ရှိသင့်၏၊ သို့သော် ဆန်းကြောင့် ကတစ်လုံး ချေထားသည်။]

[ဆောင်] မိမိနှစ်သက်, မြင်လိုချက်ကြောင့်, ငံ့လျက် ချိန်တိုင်, မစောင့်နိုင်အား, လွန်ဗျာများ, မှတ်သား ဥဿုက္ကခေါ်။

(၁၄) **ဟရိသ။** ။စေတောပသာဒေါ ဟရိသော=ပွဲသဘင်ကို မြင်ရခြင်း, ချစ်ခင်သူကို မြင်ရခြင်း စသည်ကြောင့် စိတ်၏ ကြည်လင် ရွှင်ပျခြင်းသည် ဟရိသ မည်၏။

[ဆောင်] ပွဲလမ်းသဘင်, ချစ်သူ မြင်၍, ကြည်လင် ရွှင်ပျ, ဝမ်းမြောက်က, ဟရိသ ဟု ခေါ်။

http://www.dhammadownload.com

(၁၅) သတိ။ ။ရှေးဦး တွေ့ဖူး ကြုံဖူး ခံစားအပ်ဖူးသော အရာဝတ္ထုနှင့် တူသော တစ်စုံတစ်ခုကို မြင်ရခြင်း စသည်ကြောင့် ရှေးက တွေ့ဖူး ကြုံဖူး ခံစားအပ်ဖူးသော အရာကို ပြန်၍ အမှတ်ရခြင်း, အောက်မေ့ခြင်းသည် သတိ မည်၏။

[ဆောင်] ရှေးကတွေ့ကြုံ, ထိုအာရုံနှင့်, ပုံတူခုတွေ့, ရှေ့ပြန်၍, အောက်မေ့ သတိခေါ်။

(၁၆) ဣဿာ။ ။ပရေသံ ဥက္ကံသာ-သဟနတာ ဣဿာ-စိတ်နေယုတ်ညံ့သူ, (၇ဗွ) မာန်မာန ကြီးသူတို့သည် သူတစ်ပါးတို့ကို ကိုယ့်ထက်သာသွားခြင်းကို သည်းမခံနိုင်အောင် မနာလိုတတ် ငြူစူတတ်ကြ၏၊ ထိုမနာလိုခြင်း ငြူစူခြင်းသည် ဣဿာ မည်၏။ [ဣဿာကို "ဥသူယာ, အသူယာ"ဟုလည်း ခေါ်ကြ၏။]

[ဆောင်] ကိုယ့်ထက်သာကို, မခံလို၍, စိတ်ညိုမုန်းထား, ငြူစူငြာ, မှတ်သား ဣဿာ ခေါ်။

(၁၇) ဝိသာဒ။ ။ခေဒေါ (ဝိသာဒေါ)-ပင်ပန်းခြင်းသည် ဝိသာဒ မည်၏၊ မိမိအားထုတ်အပ်သော ကိစ္စ၏ အကျိုးမပြီးခြင်း (စာမေးပွဲ မအောင်ခြင်း), (အကျိုးမပြီးရုံတွင်မက) အကျိုးပျက်စီးခြင်း (ကုန်ရှုံးခြင်း)တို့ကြောင့် စိတ် ပင်ပန်းခြင်းသည် ဝိသာဒ မည်၏။ [ရှေ့၌ ကိုယ်ပင်ပန်းခြင်းကို "သမ"ဟု ဆိုခဲ့၏၊ ဤနေရာ၌ စိတ်ပင်ပန်းမှုကို "ဝိသာဒ"ဟု ဆိုသည်။]

[ဆောင်] ကိစ္စသီးသီး, ကျိုးမပြီးနှင့်, တစ်နည်းကျိုးပျက်, သို့အတွက်ကြောင့်, စိတ်စက်ပန်းက, ဝိသာဒဟု, မှတ်ကြပြီးခါ, ကိုယ်ပန်းမှာ, ခွဲပ်၊ သမ ခေါ်။

(၁၈) အဗဟိတ္ထာ။ ။ထောမနိမိ၌ "န+ဗဟိ+တိဋ္ဌတီတိ အဗဟိတ္ထာ"ဟု ရှိ၏၊ ဋ္ဌကို ထ္ထပြု၊ "စိတ်၌ တည်သော သဘော"ဟုလည်း အနက်ဖွင့်၏၊ "ဘယဂါရဝလဇ္ဇာဒီဟိ-ကြောက်ခြင်း, ရိုသေခြင်း, ရှက်ခြင်း စသည်တို့ကြောင့်၊ ဟဿာဒိ အာကာရဂုတ္တိ-ရယ်ခြင်း စသော အခြင်းအရာကို (မရယ်မိအောင် စသည်ဖြင့်) စောင့်စည်းခြင်းသည်၊ အဗဟိတ္ထာ-မည်၏"ဟု ဒပ္ပဏ၌လည်း သရုပ်ဖော်ထား၏၊ ထိုအားလုံးကို ထောက်၍ ရှက်ကြောက်ရိုသေခြင်းကြောင့် အပြောအဆို အမူအရာ သိပ်သိပ်သည်းသည်း ရှိအောင် ထိန်းသိမ်းစောင့်စည်း ခြင်းကို အဗဟိတ္ထာ-ဟု မှတ်။

[ဆောင်] ရိုသေသမှု, ရှက်ကြောက်မှုကြောင့်, ပြုမူပြောသမျှ, စောင့်စည်းက, အဗဟိတ္ထ ခေါ်။

http://www.dhammadownload.com

(၁၉) စိန္တာ။ ။"ဟိတာပတ္တိယာ-လိုလားတောင့်တအပ်သော စီးပွား၏ မရောက်ခြင်း-မရခြင်းကြောင့်၊ ဗျာနံ-ကြံစည် မှိုင်ကွေခြင်းသည်၊ စိန္တာ မည်၏" ဟူသော ဒပ္ပဏနှင့်အညီ လိုတာကို မရ၍ ကြံစည်မှိုင်တွေခြင်းသည် စိန္တာ မည်၏၊ ထိုစိန္တာဖြစ်သောအခါ အမကုဋ္ဌိတနယနာဒိ (မပွင့်သော-မွေးသော မျက်စိရှိခြင်း) အဓောခိတ္တစက္ခာဒိ(မျက်လွှာအောက်ချခြင်း)စသော အကျိုးများ ဖြစ်တတ်သည်-ဟု စိန္တာ၏ အနုဘာဝ (အကျိုး)ကို ဋီကာသဲစ် ဖော်ပြသည်။

[ဆောင်] **လိုရာအခင်း, မရခြင်းကြောင့်, ကြံရင်း မှိုင်ကာ, တွေးတောရာ, စိန္တာဟူ၍ ခေါ်။**

(၂၀) ဂဗွ။ ။ရာထူးဂုဏ်သိရ် စည်းစိမ် ပညာ အရာရာကြောင့် ငါသာ မြတ်၏ဟု ထင်မှတ် တက်ကြွ, မာန်မာန ဖြစ်ခြင်းသည် ဂဗွ မည်၏၊ ထိုအခါ သူတစ်ပါးကိုကား အထင်သေးတတ်လေသည်။

[ဆောင်] **ရာထူးဂုဏ်သိရ်, စည်းစိမ် ပညာ, အရာရာကြောင့်, ငါသာအမြတ်, ငါသာ တတ်ဟု, ထင်မှတ် တက်ကြွ, မာန်မာန, ဂဗွဟူ၍ ခေါ်။**

(၂၁) အပမာရ။ ။ဂါဟာဒိ အာဝေသနာဒိဇော-ဖမ်းစားတတ်သော ဘီလူး (သရဲ-စုန်း) စသည်တို့၏ ပူးဝင်ခြင်း စသည်ကြောင့် ဖြစ်သော၊ စိတ္တက္ခေပေါ - စိတ်ပျံ့လွင့်ခြင်း, ရူးခြင်းသည်၊ အပမာရော - မည်၏။ ["အပသ္မာရ"ဟု သက္ကတ ရှိ၏။]

[ဆောင်] **သားရဲ ဘီလူး, စသည်ပူးသဖြင့်, စိတ်ပျံ့လွင့်က, မှတ်ကုန်ကြ, အပမာရ ခေါ်။**

(၂၂) အမရိသ။ ။အမရိသော အက္ခမတာ-သူတစ်ပါးက မိမိကို ကဲ့ရဲ့ခြင်း, အထင်သေးခြင်းကြောင့် သည်းမခံနိုင်ခြင်းသည်လည်းကောင်း, သူဌေးသား ဖြစ်ခဲ့သော ရှင်သုဒိန်၏ ပုပ်သိုးနေသော အစာ-စားနေသည်ကို အဘ သူဌေးကြီး မြင်သောအခါ မခံချို့ မခံသာ ဖြစ်ခြင်းမျိုးကဲ့သို့ မိမိနှင့် စပ်ဆိုင်သူ၏ အထင်သေးဖွယ် ကိစ္စကို မြင်ရခြင်းကြောင့် မခံချို့ မခံသာ ဖြစ်ခြင်းသည်လည်းကောင်း အမရိသ မည်၏။ [ထောမနီဓိဋ္ဌ "မြိသ (မရိသ)-ခမာယံ"ဟု ဓာတ်ရှိ၏။]

[ဆောင်] **လူသူများဖျင်, အထင်သေးသံ, ကဲ့ရဲ့သံနှင့်, တစ်ဖန်ဆိုင်ရာ, မခံသာအောင်, ကြိုလာလေဘိ, မခံချို့, အမရိသ ခေါ်။**

http://www.dhammadownload.com

(၂၃) မဒ။ ။မဒေါ ပမာဒဥက္ကံသော-သေရည်အရက်သောက်ခြင်း, ဘိန်းစားခြင်းကြောင့် မေ့မူးခြင်း၏ လွန်ကဲခြင်း (အလွန်အကျူး မူးယစ်ခြင်း) သည် မဒ မည်၏။ ထိုမဒဖြစ်သောအခါ ကိုယ်အင်္ဂါ၏ ချွတ်ချော်ခြင်း, နှုတ်အပြော၏ ချွတ်ချော်လွဲမှားခြင်း, အသွားအလာ ချွတ်ချော်ယိမ်းယိုင်ခြင်း ဟူသော အကျိုးများ ဖြစ်တတ်၏။ အထက်တန်းကျသူတို့က အိပ်နေတတ်, အလတ်တန်းစားတို့က ရယ်မောနေတတ်, အောက်တန်းစားတို့က ငိုနေတတ်၏-ဟု ဒဿရူပဒ္ဒ ဆိုသတတ်။

[ဆောင်] ယစ်မျိုးသောက်စား, မူးယစ်ငြား, မှတ်သား မဒ ခေါ်။

(၂၄) မတိ။ ။မတိ ကခ်ဏ္ဍေဒေါ-နီတိကျမ်း, ဘုရားဟောကျမ်းစသည် တို့၌ ညွှန်ပြအပ်သော နည်းလမ်းဥပဒေသကြောင့် ယုံမှားသံသယကို ဖြတ်နိုင်လောက်အောင် အသိဉာဏ်ဖြစ်ခြင်းသည် မတိ မည်၏။

[ဆောင်] ဘုရားဟောကျမ်း, နီတိကျမ်းမှ, နည်းလမ်း ညွှန်ပြ, ဥပဒေရ၍, သံသယကင်းဘိ, အမှန်သိ, မတိဟူ၍ ခေါ်။

(၂၅) ဥမ္မာဒ။ ။အသမက္ခိတကာရိတာ ဥမ္မာဒေါ-သည်းခြေပျက်ခြင်း စသည်ကြောင့် မစူးမစမ်း အရမ်းပြုလေ့ရှိသူ၏အဖြစ် (အရမ်းပြုအောင် ရူးခြင်း)သည် ဥမ္မာဒ မည်၏။ [ထိုသို့ ရူးသောအခါ အကြောင်းမဲ့ ငိုမှ ရယ်မှ သီချင်းဆိုမှုများ ဖြစ်တတ်သော ဟူ၏။ ဘီလူးစသည် ဖမ်းစား၍ ရူးလျှင် အပမာရ, သည်းခြေရူး သွေးရူး ရူးလျှင် ဥမ္မာဒ ဟုခွဲ။]

[ဆောင်] သည်းခြေ သွေးကြွ, ရူးလေက, ဥမ္မာဒဟု ခေါ်။

(၂၆) မောဟ။ ။ဘီတိ ဒုက္ခုဗ္ဗေဂါနုစိန္တနာ-ကြောက်ခြင်း, ဆင်းရဲဒုက္ခ ရောက်ခြင်း, ထိတ်လန့်ခြင်း, ကြံမိုင်ခြင်းကြောင့်၊ ဝိစိတ္တာ-ပကတိစိတ် ကင်းကွာသူ၏ အဖြစ်ဟူသော မိန်းမောခြင်း (သေငယ်ဇောဖြင့်) မြောမေ့ခြင်း သည် မောဟ (မုဠှ) မည်၏။ [အဘိဓမ္မာ မောဟ စေတသိက်သာမက, မေ့မြောခြင်းတိုင်အောင် ယူရသည်။]

[ဆောင်] ကြောက်လန့်မိုင်ခြင်း, ဆင်းရဲခြင်းကြောင့်, စိတ်ကင်းတွေဝေ, မိန်းမောချေ, မှတ်လေ မောဟခေါ်။

http://www.dhammadownload.com

(၂၇) ဝိဗောဓ။ ။နိုးဖို့ရန် အခွိန်ကျမှု, အလင်းရောင်မြင်မှု စသည်ကြောင့် အိပ်ရာမှ နိုးခြင်းသည် ဝိဗောဓ မည်၏။ [လောကီလူတို့က အိပ်ပျော်နေသောအခါ စိတ် စေတနာ မဖြစ်-ဟု ယူဆ၍ စိတ် စေတနာ ပေါ်လာခြင်းကို "နိုးခြင်း-ဝိဗောဓ"ဟု ယူဆကြ၏။ အဘိဓမ္မာသဘောအားဖြင့် ဘဝင်အစဉ်ချည်း ဖြစ်နေခြင်းကို အိပ်ပျော်ခြင်း, ဝီထိစိတ် ဖြစ်ပေါ်ခြင်းကို နိုးခြင်းဟု ယူရသည်။]

[ဆောင်] နိုးဖို့ခွိန်ခါ, လင်းရောင်ဖြာ၍, အိပ်ရာစက်မှ, နိုးလေက, ဝိဗောဓ ဟု ခေါ်။

(၂၈) နိဒ္ဒါ။ ။စိန္တာအာလသျကိလမာဒီဟိ-ကြံမှိုင်ခြင်း, ပျင်းရိခြင်း, အလုပ်ပင်ပန်းခြင်း စသည်တို့ကြောင့်၊ မနောသမွိလန်-စိတ်၏ တွန့်ဆုတ်ခြင်းသည်၊ နိဒ္ဒါ-ငိုက်မျဉ်းခြင်း မည်၏။ [ထိုအခါ မျက်စိ ့်ဟ်တုပ် မှိတ်တုပ် ဖြစ်ခြင်းနှင့် ခန္ဓာကိုယ် ကွေးညွှတ်ခြင်းဟူသော အက်ိုးများ ဖြစ်တတ်၏၊ ဤစကားအရ နိဒ္ဒါသည် ငိုက်မျဉ်းခြင်း, သုတ္တသည် အိပ်ပျော်ခြင်းဟု အထူးကို မှတ်ပါ။]

[ဆောင်] ကြံမှိုင်ပျင်းရိ, ပင်ပန်းဘိကြောင့်, စိတ်၏ လျော့ခိုက်, ဘဝင်ဆိုက်, အိပ်ငိုက် နိဒ္ဒါ ခေါ်။

(၂၉) အာဝေဂ။ ။ဘေးရန် အန္တရာယ်ကို မြင်ရခြင်းစသည်ကြောင့် ပျာယီးပျာယာ (ပျာပျာသလဲ) ဖြစ်ခြင်းသည် အာဝေဂ မည်၏။ ထို့ကြောင့် ကျမ်းစာတို့၌ "မာ ဝေဂါယိ-မပျာစမ်းပါနှင့်" စသည်ဖြင့် ဆိုလေ့ရှိသည်။

[ဆောင်] ဘေးရန် ဖြစ်မည့်, အကြောင်းသိ၍, ပျာယီပျာယာ, ဖြစ်မှုသာ, အာဝေဂါ ဟု ခေါ်။

(၃၀) ဗိဠ။ ။ဒုရာစာရာဒီဟိ (ဒု+အာစာရာဒီဟိ)-မကောင်းမှုကို ပြုကျင့်မိခြင်း စသည်တို့ကြောင့် (သုတစ်ပါးတို့ သိသွားသဖြင့်) လဇ္ဇာ-ရှက်ခြင်းသည်၊ ဗိဠာ-မည်၏။ ထိုသို့ ရှက်သောအခါ သူတစ်ပါးက ကြည့်မှာစိုး၍ သူတစ်ပါးကို မကြည့်ဝံ့၍ မျက်နှာကို အောက်ချခြင်း စသော အက်ိုးများ ဖြစ်တတ်၏။

[ဆောင်] မကောင်းအကျင့်, ပြုမိလင့်က, အသင့်သူများ, မိ၍သွား, ရှက်ငြား ဗိဠခေါ်။

http://www.dhammadownload.com

(၃၁) မရဏ။ ။သရာဒီဟိ-မြားမှန်ခြင်း စသည်တို့ကြောင့် (ရောဂါ အမျိုးမျိုး ဖြစ်ခြင်း, ကံကုန်ခြင်း, အသက်တမ်းကုန်ခြင်း စသည်ကို အာဒိဖြင့် ယူ)၊ ဇီဝစာဂေါ-အသက်စွန့်ရခြင်းသည်၊ မရဏ-မည်၏။

[ဆောင်] အာယုက္ခယ, စသည်ကြောင်းရင်း, ပေါ်လာလျှင်း, သေခြင်း မရဏ ခေါ်။

(၃၂) စပလ။ ။မစ္ဆေရဒေဿရာဂေဟိ-ဝန်တိုခြင်း, မုန်းခြင်း, ချစ်ခြင်း တို့ကြောင့်၊ အနဝဋ္ဌိတိ-လျှပ်ပေါ်လော်လီ မတည်ခြင်းသည်၊ စပလ-မည်၏။ ["စပလဿ - လျှပ်ပေါ်လော်လီ မတည်ကြည်သူ၏ + ဘာဝေါ စာပလျံ (စာပလ္လံ)"ဟု ရှိသင့်သော်လည်း ဆန်းကြောင့် "စပလံ"ဟု ရှိသည်] ထိုစာပလျ ဖြစ်သောအခါ ကိုယ်သွားချင်ရာ သွားခြင်းစသော အကျိုးများ ဖြစ်တတ်သည်။

[ဆောင်] ဝန်တို မုန်း ချစ်, အကြောင်းဖြစ်၍, စင်စစ် မတည်, လျှပ်လော်လီ, နာမည် စာပလ္လ ခေါ်။

(၃၃) ဗျာဓိ။ ။အနိလာဒီဟိ - လေ စသည်တို့ကြောင့် (သွေး လေ စသည်တို့ ဖောက်ပြန်ခြင်းတို့ကြောင့်)၊ ဇရော-ဖျားနာခြင်းသည်၊ ဗျာဓိ-မည်၏၊ ထိုအခါ လှဲ၍ အိပ်ခြင်း, ကိုယ်တုန်လှုပ်ခြင်း စသော အကျိုးများ ပေါ်လာတတ်၏။

[ဆောင်] သွေးလေ ချောက်ချား, ဓာတ်ဖောက်ပြား၍, နာဖျားလေဘိ, ရောဂါရှိ, ဗျာဓိဟူ၍ ခေါ်။

မှတ်ချက်။ ။ဤ ၃၃ ပါးတို့တွင် တက္ကနှင့် စိန္တာ, သမနှင့် ဝိသာဒ, ဇဋတာနှင့် မောဟ, အပမာရနှင့် ဥမ္မာဒ, ဂိလာနိနှင့် ဗျာဓိ - ဤ ၅ စုံ တို့သည် အနက်အားဖြင့် တူသကဲ့သို့ ထင်ရသော်လည်း အရကောက်သဘောသွားမှာ မတူကြကြောင်းကို ပြခဲ့ပြီး အဓိပ္ပာယ်နှင့် ဆောင်ပုဒ်များကို ကြည့်၍ သိနိုင်လောက်ပြီ။

http://www.dhammadownload.com

သတ္တိကဘာဝ၏ သဘော

၃၄၅။ သမာဟိတတ္တပ္ပဘဝံ, သတ္တံ့ တေနော.ပပါဒိတာ၊
သတ္တိကာပျ.နဘာဝတ္တေ, ဝိသုံ ဘာဝါ ဘဝန္တိ တေ။

၃၄၅။ သမာဟိတတ္တပ္ပဘဝံ-ကောင်းစွာ တည်ကြည်သော စိတ်ကြောင့် ဖြစ်သော သဘောသည်၊ သတ္တံ့-သတ္တ မည်၏၊ တေန-ထိုသတ္တဂုဏ်သည်၊ ဥပပါဒိတာ-ဖြစ်စေအပ်သော ဘာဝတို့သည်၊ သတ္တိကာ-သတ္တိကတို့ မည်၏၊ တေ-ထိုသတ္တိကဘာဝတို့သည်၊ အနုဘာဝတ္တေ-ဘာဝ၏ အကျိုးတို့၏ အဖြစ်သည်၊ (သတိ)ပိ-ဖြစ်ပါသော်လည်း၊ ဝိသုံ-ဌာယိဘာဝ ဘာဝိစာရီဘာဝတို့မှ သီးခြား၊ ဘာဝါ-ဘာဝ တစ်မျိုးတို့သည်၊ ဘဝန္တိ-ဖြစ်ကုန်၏။

၃၄၅။ သမာဟိတတ္တ၊ပေ၊သတ္တံ့။ ။ဌာယိဘာဝ, ဘာဝိစာရီဘာဝတို့ကို ပြုပြီး၍ သတ္တိကဘာဝကို ပြလိုသောကြောင့် "သမာဟိတတ္တ" စသည်မိန့်၊ သမာဟိတတ္တ ပဘဝံသည် သတ္တ၏ အဖွင့်တည်း၊ "သ+အတ္တ"ဟု ခွဲ၊ သကို "သမာဟိတ"ဟု ဖွင့်သည်၊ သလည်း သန္တ၏ ကာရိယတည်း၊ သန္တော-ငြိမ်သက်တည်ကြည်သော+အတ္တာ-စိတ်တည်း၊ သတ္တာ-ငြိမ်သက်တည်ကြည်သောစိတ်၊ သတ္တတော+ပဘဝံ သတ္တံ့=ငြိမ်သက်တည်ကြည်သောစိတ်ကြောင့်+ဖြစ်သော(ခိုင်မြဲခြင်း) သတ္တိထူး၊ "တေန+ဥပပါဒိတာ"ကို ကြည့်၍ "သတ္တေန ဥပပါဒိကာ သတ္တိကာ"ဟု ပြု၊ "သတ္တေန=ငြိမ်သက် တည်ကြည် သော စိတ်ကြောင့် ဖြစ်သော သတ္တိထူးသည်+ဥပပါဒိတာ-ဖြစ်စေအပ် သော ထမ္ဘ စသည်တို့တည်း၊ သတ္တိကာ-တို့၊ [သက္ကတ၌ သတ္တကို "သတ္ဝ"ဟု ရေး၍ သတ္တိကကို "သာတ္ဝိက"ဟု ရေးသည်။]

ဋီကာ။ ။သမာဟိတတ္တပဘဝံ+ဧကဂ္ဂတာဘာဝါပါဒနေန (တည်ကြည်သည်၏အဖြစ်သို့ ရောက်စေခြင်း=ရောက်အောင်ကြိုးစားခြင်းဖြင့်) ကတသမာဓာနစိတ္တတော (ပြုအပ်သော တည်ကြည်သောစိတ်ကြောင့်၊ သမာဟိတတ္တအဖွင့်၊) သမ္ဘူတံ (ကောင်းစွာဖြစ်သော သဘောသည်၊ ပဘဝံ အဖွင့်) သတ္တံ့ နာမ၊ တေန လာဘာလာဘာဒီသု ဧကာကာရသဟေတုနာ ထိရဘာဝေန (လာဘ်ရခြင်း, မရခြင်း စည်တို့၌ မထူးခြားပဲ

http://www.dhammadownload.com

တစ်မျိုးတည်း သဘောထားသော အခြင်းအရာ၏ အကြောင်းဖြစ်သော ထိုခိုင်မြဲသည်၏ အဖြစ်ဟူသော သတ္တိထူးသည်) ဥပပါဒိတာထမ္ဘာဒယော သတ္တိကာ နာမ။

မှတ်ချက်။ ။ကျွန်ုပ် ဋီကာသစ်ဆရာသည် လောကဓံကြောင့် မတုန်လှုပ်ဘဲ ခိုင်မြဲခြင်းသတ္တိထူးကြောင့် ဖြစ်သော ထမ္ဘ စသည်ကို "သတ္တိက"ဟု ဖွင့်သော်လည်း ကြက်သီးထခြင်း, မျက်ရည်, တုန်လှုပ်ခြင်း စသည်တို့သည် ခိုင်မြဲခြင်းသတ္တိထူးကြောင့် မဖြစ်နိုင်၊ ခိုင်မြဲခြင်း သတ္တိထူး ရှိလေ, ကြက်သီးထခြင်း, မျက်ရည်, တုန်လှုပ်ခြင်းတို့ မဖြစ်နိုင်လေတည်း၊ ထို့ကြောင့် "သမာဟိတတ္တ-တည်ကြည်သောစိတ်"ဟူရာ၌ ကုသိုလ်အရာ ဖြစ်စေ, အကုသိုလ်အရာ ဖြစ်စေ လေးလေးနက်နက် တွေး၍ သမာဓိဖြစ်နေသော စိတ်တည်း၊ ထိုသို့ အတွေးနက်သောအခါ စိတ်မှာ သတ္တိထူးတစ်မျိုး ပေါ်လာ၏၊ ထိုသတ္တိထူးကို "သမာဟိတတ္တ ပဘဝ=သတ္တ"ဟု မှတ်၊ ထိုသို့ အတွေးနက်သောစိတ်၏ သတ္တိထူးကြောင့်သာ ကိုယ်၏ တောင့်မာခြင်း, ကြက်သီးထခြင်း စသော (လာလတ္တံ့) သတ္တိကဘာဝတို့ ဖြစ်နိုင်စရာ ရှိသည်။

အနုဘာဝတ္တောပိ။ ။စိတ္တဝုတ္တိဝိသေသ-စိတ်ဖြစ်ပုံ အထူးကိုသာ "ဘာဝ"ဟု ရှေးဦး ဆိုခဲ့ပြီ၊ ဤထမ္ဘ-ပလယ စသည်တို့ကား စိတ်ဖြစ်ပုံ အထူး မဟုတ်ကြ၊ "သတ္တောန+ဥပပါဒိတာ-စိတ်ဖြစ်ပုံ အထူးသည်+ဖြစ်စေအပ်ကုန်သော (စိတ်ဖြစ်ပုံ အထူးမှ တစ်ဆင့်ပေါ်လာကုန်သော) အကျိုးများ ဖြစ်၍ အနုဘာဝဟု ဆိုသင့်သော်လည်း၊ ဝိသုံ ဘာဝါ-ဌာယီ-ဗျဘိစာရီဘာဝတို့မှ သီးခြားဘာဝများ ဖြစ်ကြ၏-ဟူလို။

မှတ်ချက်။ ။ရှေးအလင်္ကာဆရာတို့သည် လောကီကျမ်းဆရာများ ဖြစ်ကြ၍ စိတ်နှင့် စိတ္တဇရုပ်ကို ခွဲခြားလေ့ မရှိကြ၊ စိတ်ကြောင့် ဖြစ်သော ထမ္ဘ-ပလယ စသည်တို့ကိုလည်း "စိတ္တဝုတ္တိဝိသေသ-စိတ်ဖြစ်ပုံအထူး"၌ပင် သွင်းယူကြ၏၊ ထို့ကြောင့် "စိတ္တဝုတ္တိဝိသေသာ ဘာဝယန္တိ ရသေ"ဟု ဆိုခဲ့သည့်အတိုင်း ထမ္ဘစသော သတ္တိကတို့ကိုလည်း သီးခြား ဘာဝတစ်မျိုးဟု ယူဆကြသည်။

သတ္တိကဘာဝ အနုဘာဝ။ ။ကျွန်စကားအရ စိတ်၏ထူးခြားသော အမူအရာဟု ဆိုရလောက်အောင် ကိုယ်တွင်း၌ဖြစ်သော ချွေး, မျက်ရည်

http://www.dhammadownload.com

သတ္တိကဘာဝအပြား

၃၄၆။ ထမ္ဘော ပလယရောမဉ္စာ, တထာ သေဒဿု ဝေပထူ၊
ဝေဝဏ္ဏိယံ ဝိသရတာ, ဘာဝ-ဒ္ဝေ-တေ တု သတ္တိကာ။

၃၄၆။ တု-သတ္တိကဘာဝ၏ သရုပ်ကို ပြဦးအံ့၊ ထမ္ဘော-ကိုယ်စိတ်တို့၏ တောင့်တင်း ခိုင်မာခြင်းသည်လည်းကောင်း၊ ပလယရောမဉ္စာ-ထွက်သက် ဝင်သက်မျှ ကြွင်းကျန်လေအောင် တွေဝေအိပ်ပျော်ခြင်း, ကြက်သီးမွေးညင်း ထခြင်းတို့သည်လည်းကောင်း၊ တထာ-ထိုမှတစ်ပါး၊ သေဒဿုဝေပထူ-ချွေး, မျက်ရည်, ကိုယ်တုန်လှုပ်ခြင်းတို့သည်လည်းကောင်း၊ ဝေဝဏ္ဏိယံ-ဖောက်ပြန်သောအဆင်းရှိသူ၏အဖြစ်သည်လည်းကောင်း၊ ဝိသရတာ-ဖောက်ပြန်သော အသံရှိသူ၏အဖြစ်သည်လည်းကောင်း၊ ဒ္ဝေတေ အဋ္ဌ-ဤရှစ်ပါးတို့သည်၊ သတ္တိကဘာဝါ-သတ္တိကဘာဝတို့တည်း။

စသည်ကို သတ္တိကဘာဝ, ကိုယ်မှ အပြင်ထွက်ကျသော ချွေး,မျက်ရည်စသည်တို့ကို အနုဘာဝဟု နှစ်မျိုးခွဲခြားရာ၏၊ ထို့ကြောင့် ဋီကာသစ်၌ "ဣမေ သတ္တိကာဘာဝါနုဘာဝဝသေန ဒုဝိဓာ ဟောန္တိ"ဟု မိန့်သည်၊ ထို့ကြောင့်ပင် ဤဂါထာ၌ သေဒကို သတ္တိကဘာဝဟု ဆို၍ နောက် (၃၅၁)ဂါထာ၌ အပြင်ထွက်သော ချွေးများကို "ဗဟိနိဿဋ္ဌသေဒါဒိအနုဘာဝေဟိ"ဟု အနုဘာဝအဖြစ်ဖြင့် ဆိုသည်။

၃၄၆။ ထမ္ဘ။ ။ထောမနိဓိ၌ "ထမ္ဘ-ဇဋ္ဌိဘာဝေ (ထိုင်းမှိုင်း ဖျင်းအသူကဲ့သို့ ဖြစ်ခြင်း)"ဟု အနက်ဖော်၏၊ ထိုသို့ ဖြစ်ခြင်းဟူသည် ဘာမျှမလုပ်နိုင်တော့ဘဲ ကိုယ်လက်တောင့်တင်း ခိုင်မာခြင်းတည်း၊ ထို့ကြောင့် ဋီကာတို့၌ "အဝိသာရကာယစိတ္တတာ-မပြန့်ပြူးသော ကိုယ်စိတ်ရှိသူ၏အဖြစ်"ဟု ပါဠိရှိသင့်၏၊ ကိုယ်လက်တောင့်တင်းနေသောကြောင့် (ထိုထိုကိစ္စ၌) ကိုယ်ရောစိတ်ပါ ကျယ်ကျယ်ပြန့်ပြန့် မလုပ်နိုင် မကြံနိုင်ခြင်း-ဟူလို။

ပလယ။ ။[ပပုဗ္ဗ လီဓာတ်, အပစ္စည်း၊] "ပလီယတေ အသ္မိံတိ ပလယော-အပြားအားဖြင့် ကိန်းအောင်းရာအခါ"ဟု ထောမနိဓိ ဝဂ္ဂဟာပြု၏၊ ထိုအခါဟူသည် အချို့နေရာ၌ သေကြေ ပျက်စီးရာအခါတည်း၊

http://www.dhammadownload.com

ဤနေရာ၌ကား ရှုသက် ရှိုက်သက်လောက်မျှသာ ကျန်သော (အခြားကိစ္စ ဘာမျှမရှိအောင် ကိန်းအောင်းသကဲ့သို့ဖြစ်သော) အိပ်ပျော်နေရာ အခါတည်း၊ ထို့ကြောင့် ဋီကာသစ်၌ "နိဒ္ဒါယ ဥပဂ္ဂမာနာ=ငိုက်မျဉ်းခြင်းကြောင့် ဖြစ်သော၊ အဿာသပဿာသမတ္တာ တိရိတ္တသုတ္တာဝတ္ထာ= ရှုသက် ရှိုက်သက်မျှ ကြွင်းကျန်အောင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာ အခိုက်အတန့်"ဟု ဖွင့်သည်။

ရောမဠ္ဟ။ ။ရောမ-လောမသဒ္ဒါသည် "အမွေး"ဟူသောအနက်ကို ဟော၏၊ ရောမာနံ-အမွေးတို့၏+အဠ္ဟော-အထက်၌တက်ခြင်း၊ ဝါ-ထောင်ခြင်းသည်၊ ရောမဠ္ဟော-အမွေးတို့၏ ထောင်ခြင်း၊ ဝါ-ကြက်သီးမွေးညင်း ထခြင်း၊ [ပသာဒါဒိ သမ္ဘဝါ-တရားနာရင်း ကြည်ညိုခြင်းစသည်တို့၏ ဖြစ်ခြင်းကြောင့်၊ ရောမုဂ္ဂမော-အမွေးတို့၏ ထောင်ကြွ(ကြက်သီးထ)ခြင်း။]

သေဒသုဝေပထူ။ ။ဘယာဒီဟိ-ကြောက်ခြင်း အစရှိသည်တို့ကြောင့်၊ ဥပဂ္ဂမာနဒါဟော-ဖြစ်သော ပူလောင်ခြင်း၊ (ဤကား သေဒ၏ အဖွင့်၊) [ကြောက်ခြင်း စသည်တို့ကြောင့် အတွင်းမှာ ပူအိုက်၍ စို့နေသော အတွင်းချွေးကို ဆိုလိုဟန် တူသည်၊ အပြင်သို့ ထွက်သောချွေးကိုကား အနုဘာဝဟု (၃၅၁)ဂါထာ၌ ဆိုလတ္တံ့၊] သန္တောသာဒီဟိ-နှစ်သက်အားရခြင်း အစရှိသည်တို့ကြောင့်၊ ဥပဂ္ဂမာနအဿု-ဖြစ်သော မျက်ရည်၊ [မိမိနှင့် စပ်သူတို့ ဝမ်းသာစရာ ဖြစ်လာလျှင်လည်း ဝမ်းသာမှုကြောင့် မျက်ရည်ဖြစ်တတ်သည်၊] ဝေပန်-တုန်လှုပ်ခြင်း၊ ဝေပထု-ခြင်း၊ ဤ ၃ ပုဒ်လုံးသည် ဒွန်သမာသ်ဖြစ်သောကြောင့် "ဝေပထူ"ဟု ရှိသင့်သည်။

ဝေဝဏ္ဏိ+ယ်, ဝိသရတာ။ ။ဝိဝဏ္ဏသ-ဖောက်ပြန်သော အဆင်းရှိသူ၏၊ ဘာဝေါ ဝေဝဏ္ဏိယံ၊ [ဝိသာဒမဒရောသာဒီဟိ-ပင်ပန်းခြင်း, ယစ်မူးခြင်း, စိတ်ဆိုးခြင်း စသည်တို့ကြောင့်၊ ဝဏ္ဏညတ္တံ-အဆင်း၏ တစ်မျိုးတစ်ဖုံ၏အဖြစ် (အဆင်းဖောက်ပြန်ခြင်း)သည်၊ ဝေဝဏ္ဏိယံ-မည်၏၊ -ဒပွဏ္ဏ၊] ဝိရူပသဒ္ဒတာ-ဖောက်ပြန်သော အသံရှိသည်၏ အဖြစ် (အသံပျက်ခြင်း)သည်၊ ဝိသရတာ-မည်၏။ [ဝိရူပေါ+သရော ယဿာတိ ဝိသရော၊ ဝိသရဿ+ဘာဝေါ ဝိသရတာ။]

http://www.dhammadownload.com

ဌာယီမဖြိလျှင် ဗျဘိစာရီ

၃၄၇။ ယဒါ ရတျာဒယော ဘာဝါ, ဌိတိသီလာ နု ဟောန္တိ စေ၊
တဒါ သဗ္ဗေပိ တေ ဘာဝါ, ဘဝန္တိ ဗျဘိစာရိနော။

၃၄၇။ ယဒါ-အကြောင်အခါ၌၊ ရတျာဒယော-ရတိအစရှိကုန်သော၊ ဘာဝါ-ဌာယီဘာဝတို့သည်၊ ဌိတိသီလာ-တည်တံ့ခြင်းအလေ့ ရှိကုန်သည်၊ စေ နု ဟောန္တိ-အကယ်၍ မဖြစ်ကုန်အံ့၊ (ဧဝံသတိ-ဤသို့ မတည်တံ့ကုန်လတ်သော်၊) တဒါ-ထိုအခါ၌၊ သဗ္ဗေပိ-အလုံးစုံလည်း ဖြစ်ကုန်သော၊ တေ ဘာဝါ-ထိုဌာယီဘာဝတို့သည်၊ ဗျဘိစာရိနော-ဗျဘိစာရီဘာဝတို့သည်၊ ဘဝန္တိ-ဖြစ်ကုန်၏။

၃၄၇။ ယဒါတျာဒိ။ ။ဤဂါထာကား ပြခဲ့သော ဌာယီဘာဝတို့သည် မိမိသဘော၌ ခိုင်မြဲတည်တံ့ခြင်း မရှိသောအခါ "ဗျဘိစာရီဘာဝ"ဟု အမည် ပြောင်းလာပုံကို ပြသော ဂါထာတည်း၊ ဤစကားအရ နဂို ဗျဘိစာရီဘာဝ ၃၃ ပါးတွင် ဌာယီဘာဝမှ ပြောင်းလာသော ဗျဘိစာရီ ဘာဝ ၉ ပါးကို ထည့်လျှင် ဗျဘိစာရီဘာဝပေါင်း ၄၂ ပါးဟု မှတ်။

ထင်ရှားစေအံ့။ ။ဘုရားညီတော် မင်းနန္ဒသည် ရဟန်းဘဝတိုင် အောင် ဇနပဒကလျာဏီ၏ အပေါ်၌ ရတိဌာယီဘာဝ ဖြစ်နေ၏၊ ဘုရားရှင်က နတ်ပြည်သို့ ခေါ်တော်မူ၍ လမ်းခရီးအကြား၌ မျောက်အို မကြီးကို ပြခဲ့ပြီးမှ နတ်ပြည်သို့ ရောက်၍ နတ်သမီးများကို ပြသောအခါ ဇနပဒကလျာဏီ အပေါ်၌ ရတိဌာယီဘာဝ မတည်တော့ဘဲ မျောက်မ ကြီးကဲ့သို့ ရွံမုန်းသော ဇိဂုစ္ဆာဌာယီဘာဝသို့ ပြောင်းသွားလေ၏၊ ပဘာဝတီသည် ကုသမင်းအပေါ်၌ ရွံမုန်းခြင်း ဇိဂုစ္ဆာဌာယီဘာဝ ဖြစ်နေပြီးမှ ၇ ပြည်ထောင်မင်းတို့ ဝိုင်းသောအခါ ကုသမင်းအပေါ် အမုန်းပျောက်၍ အားကိုးခြင်း ချစ်ခြင်း ရတိဌာယီဘာဝ ရောက်လေသည်၊ တကယ် ရယ်စရာကို မြင်၍ အားရပါးရ ရယ်ခြင်း ဟာသဌာယီ ဘာဝ ဖြစ်နေရာမှ ဆရာသမားတို့က ငေါက်သဖြင့် ကြောက်ခြင်း ဘယသို့ ပြောင်းသွားပုံ, စသည်ကိုပါ ခဲ့၍ ကြည့်ပါလေ။

http://www.dhammadownload.com

ဝိဘာဝ, အနုဘာဝ

၃၄၈။ ဝိဘာဝေါ ကာရဏံ တေသု-ပွတ္တိယုဒ္ဒိပနေ တထာ၊
ယော သိယာ ဗောဓကော တေသ-မနုဘာဝေါ·ယမီရိတော။

၃၄၈။ တေသံ-ထိုဌာယီဘာဝ, ဗျဘိစာရီဘာဝ, သတ္တိကဘာဝတို့၏၊ ဥပ္ပတ္တိယာ-ဖြစ်ခြင်း၌လည်းကောင်း၊ ဥဒ္ဒိပနေ-ထင်ရှားပြခြင်း, တိုးပွားစေခြင်း၌လည်းကောင်း၊ ကာရဏံ-အကြောင်းသည်၊ ဝိဘာဝေါ-ဝိဘာဝမည်၏၊ တထာ-ထိုမှတစ်ပါး၊ ယော-အကြင်ဗျာပါရသည်၊ တေသံ-ထိုဌာယီဘာဝ, ဗျဘိစာရီဘာဝ, သတ္တိကဘာဝတို့ကို၊ ဗောဓကော-သိစေတတ်သည်၊ သိယာ-ဖြစ်၏၊ အယံ-ဤဗျာပါရကို၊ အနုဘာဝေါ-အနုဘာဝဟူ၍၊ ဣရိတော-ဆိုအပ်၏။

၃၄၈။ ဝိဘာဝေါ၊ပေ၊ယုဒ္ဒိပနေ။ ။ဌာယီ, ဗျဘိစာရီ, သတ္တိက ဘာဝ ၃ ပါးတို့ကို ပြုပြီး၍ ဝိဘာဝ အနုဘာဝတို့ကို ပြလိုသောကြောင့် "ဝိဘာဝေါ ကာရဏံ"စသည် မိန့်၊ ဌာယီဘာဝ စသော ဘာဝ ၃ မျိုးတို့၏ ဖြစ်ခြင်း၌လည်းကောင်း, ထိုဘာဝတို့ကို တိုးပွားစေခြင်း၌လည်းကောင်း အကြောင်းသည် ဝိဘာဝ မည်၏။ [ဝိသေသေန ဘာဝေတိ (ဝမေါတိ)-အထူးသဖြင့် ဘာဝတို့ကို ဖြစ်စေတတ်, တိုးပွားစေတတ်၏၊ ဣတိ ဝိဘာဝေါ။]

ဝိဘာဝအပြား။ ။ထိုဝိဘာဝသည် အာလမ္ဗနဝိဘာဝ, ဥဒ္ဒိပနဝိဘာဝဟူ နှစ်မျိုး ပြား၏၊ ထိုတွင် ဘာဝတည်းဟူသော စိတ်ဖြင့် အာရုံပြုအပ်သော ပဓာနအကြောင်းသည် အာလမ္ဗနဝိဘာဝတည်း၊ ဆိုင်ရာဘာဝကို တိုးပွားလာအောင် ဆွ၍ပေးသကဲ့သို့ဖြစ်သော အခြံအရံ အကြောင်းသည် ဥဒ္ဒိပနဝိဘာဝတည်း၊ ဥပ္ပတ္တိယာကာရဏံဖြင့် အာလမ္ဗနဝိဘာဝကို ပြ၏၊ ဥဒ္ဒိပနေ ကာရဏံဖြင့် ဥဒ္ဒိပနဝိဘာဝကို ပြသည်။

ယော သိယာ၊ပေ၊အနုဘာဝေါ။ ။မီး၏ အကျိုးဖြစ်သော မီးခိုးသည် (မိမိကို မြင်သူတို့အား) မီးဖိုမှာ မီးရှိကြောင်းကို သိစေသကဲ့သို့, ထိုဘာဝ၏ အကျိုးဖြစ်သော ကိုယ်အမူအရာ (ကာယိကဗျာပါရ), နှုတ်အမှုအရာ (ဝါစသိကဗျာပါရ)လည်း အတွင်းက ဘာဝကို သိစေတတ်သောကြောင့် အနုဘာဝ (ဘာဝ၏အကျိုး) မည်၏။ [အနုဘာဝေတိ ဗောဓေတိ-ဘာဝတို့ကို သိစေတတ်၏၊ ဣတိ အနုဘာဝေါ။]

http://www.dhammadownload.com

ဝိဘာဝ အနုဘာဝပါအောင်ဖွဲ့.

၃၄၉။ နေကဟေတုံ မနောဝုတ္တိ–ဝိသေသဉ္စ ဝိဘာဝိတုံ၊
ဘာဝံ ဝိဘာဝါ.နုဘာဝါ, ဝဏ္ဏိယာ ဗန္ဓနေ ဖုဠ္ဍံ။

၃၄၉။ နေကဟေတုံ-များသောအကြောင်းလည်းရှိသော၊ မနောဝုတ္တိ ဝိသေသံ စ-စိတ်၏ဖြစ်ပုံ အထူးလည်းဖြစ်သော၊ ဘာဝံ-ဘာဝကို၊ ဝိဘာဝိတုံ-ထင်ရှားပြခြင်းငှာ၊ ဝိဘာဝါနုဘာဝါ-ဝိဘာဝ အနုဘာဝတို့ကို၊ ဗန္ဓနေ-အဖွဲ့.အနွဲ့.၌၊ ဖုဠ္ဍံ-ထင်ရှားစွာ၊ ဝဏ္ဏိယာ-ဖွင့်ပြထိုက်ကုန်၏။

၃၄၉။ နေကဟေတုံတျာဒိ။ ။ကွဒါနိ အနုသာသန္တော အာဟ-နေကကွစ္စာဒိ=ယခုအခါ၌ ဖွဲ့နွဲ့စီကုံးရာဝယ် နည်းပေးလမ်းပြ ပြုလို သောကြောင့် "နေကဟေတုံ"စသည်ကို မိန့်၊ အကြောင်းအမျိုးမျိုး ကြောင့် ဖြစ်သော စိတ်ဖြစ်ပုံ အမျိုးမျိုးကို "ဘာဝ"ဟု ခေါ်၏၊ ထိုဘာဝ ကို "မည်သည့်အကြောင်းကြောင့် မည်သည့်စိတ် ဖြစ်သည်"ဟု စာရှုသူ တို့ နားလည်အောင် ဝိဘာဝ-အနုဘာဝတို့ကို (မသိမသာ မဟုတ်ဘဲ) ထင်ရှားသိသာစွာ ရေးသားစီကုံးကြပါ-ဟူလို။

နေကဟေတုံ။ ။ဌာယိဘာဝဖြစ်စေ, ဗျဘိစာရီဘာဝဖြစ်စေ, သတ္တိကဘာဝ ဖြစ်စေ အကြောင်း အမျိုးမျိုး ရှိသောကြောင့် ထို အကြောင်း ဝိဘာဝကို မဖော်ပြဘဲ ဖွဲ့နွဲ့စီကုံးထားလျှင် မည်သည့် အကြောင်းကြောင့် ဖြစ်သော ဘာဝ-ဟု မသိနိုင်၊ ဥပမာ-"ဒေဝဒတ်၏ မျက်လုံးတို့သည် မျက်ရည် ပြည့်နေကုန်၏"ဟု "အဿု"ဟူသော သတ္တိကဘာဝမျှကိုသာ ပြထားလျှင် "ဉာတိဗျသန စသည်ဖြစ်၍ သောကကြောင့်လား, မိမိအရေးပါသူ၏ အစွမ်းသတ္တိကို မြင်ရ၍ နှစ်သက်ဝမ်းမြောက်မှု သန္တောသကြောင့်လား, ရောဂါကြောင့်လား"ဟု မသိနိုင်၊ သို့ဖြစ်၍ "သောကကြောင့်+မျက်စိ၌ မျက်ရည် ပြည့်ကုန်၏" စသည်ဖြင့် အကြောင်း ဝိဘာဝ ပါအောင် ဖွဲ့စီမှ ထို "အဿု"ဖြစ်ပုံ ထင်ရှားသည်။

မနောဝုတ္တိဝိသေသံ။ ။"ဘာဝ"ဟူသည် စိတ်ဖြစ်ပုံ အထူးတည်း၊ ရတိ၌ ချစ်ကြိုက်မှုစိတ် ဖြစ်၏၊ (လောဘမူစိတ်တည်း၊) ဟာသ၌

http://www.dhammadownload.com

ရွှင်ပျသောစိတ် ဖြစ်၏၊ ပုထုဇန်, သေက္ခ, ရဟန္တာတို့အားလျော်စွာ လောဘမူ သောမနဿ, ဟသိတုပ္ပာဒ်, မဟာကုသိုလ် ကြိယာဟူသော သောမနဿစိတ်များတည်း၊ ဤသို့ စသည်ဖြင့် စိတ်ဖြစ်ပုံ (ဘာဝ)က အမျိုးမျိုးရှိရကား မည်သည့်အကြောင်း ဝိဘာဝကြောင့် မည်သည့်စိတ် (ဘာဝ)ဖြစ်သည်ဟု ထင်ရှားဖို့ရာ ဝိဘာဝပါအောင် ဖွဲ့စီပါ-ဟူလို။ [မနသော+ဝုတ္တိ မနောဝုတ္တိ၊ မနောဝုတ္တိယာ+ဝိသေသော မနောဝုတ္တိ ဝိသေသော။]

အနုဘာဝလည်းပါစေ။ ။ဘာဝပါအောင် ဖွဲ့စီရသကဲ့သို့ အနုဘာဝ ပါအောင်လည်း ဖွဲ့စီရသည်၊ ဥပမာ-ဒေဝဒတ်၏ မျက်စိ၌ မျက်ရည် ပြည့်နေခြင်းသည် ဝမ်းနည်းစကားပြောခြင်း, ဝမ်းနည်းသံပါအောင် ငိုခြင်းဟူသော အကျိုးအနုဘာဝကို ထောက်ဆ၍ "သောကကြောင့် ပြည့်သော မျက်ရည်"ဟု သိနိုင်၏၊ လုလင်သည် မိန်းကလေးကို စေ့စေ့ကြည့်၏၊ စေ့စေ့ ကြည့်ပြီးလျှင် "လက်ကို ဆွဲ၍ ရိုက်လေ၏"ဟု ကြည့်ခြင်း၏ အကျိုး အနုဘာဝကို ပြလိုက်လျှင် "ချစ်ကြည့် မဟုတ်, စိတ်ဆိုးကြည့် ကြည့်သော ကောဓဌာယီဘာဝ"ဟု သိနိုင်၏၊ ဤသို့လျှင် ဘာဝကို ထင်ရှားစေဖို့ရာ အနုဘာဝပါအောင်လည်း ဖွဲ့စီပါ။

ထင်ရှားစေအံ့။ ။ရတိဌာယီဘာဝ ဖြစ်ဖို့ရန် လုလင်ပျို မိန်းမပျိုတို့သည် အချင်းချင်း အာလမ္ဗနဝိဘာဝ ဖြစ်ကြ၏၊ [လုလင်ပျိုက မိန်းမပျိုကို အာရုံပြု, မိန်းမပျိုက လုလင်ပျိုကို အာရုံပြုသည်-ဟူလို၊] ပျော်မွေ့စရာ ကောင်းသော လရောင်, ဥယျာဉ်, သီချင်းဆိုသံတို့သည် (ပျော်မြူးခြင်း) ရတိကို တိုးပွားစေတတ်, ဆွ၍ပေးတတ်သော ဥဒ္ဒီပနဝိဘာဝတို့တည်း၊ ထိုအာလမ္ဗန ဥဒ္ဒီပနဝိဘာဝတို့ကို အကြောင်းပြု၍ ပျော်မွေ့ခြင်းသည် ရတိဌာယီဘာဝတည်း၊ ပျော်မွေ့၍ တစ်ယောက်နှင့် တစ်ယောက် ပွေ့ဖက်ခြင်း စသော ကာယိကဗျာပါရ, ချစ်စကားပြောခြင်းစသော ဝါစသိကဗျာပါရတို့ကား ထိုရတိဌာယီဘာဝကြောင့် ဖြစ်ပေါ်လာသော အကျိုး အနုဘာဝတို့တည်း၊ ဤသို့ စသည်ဖြင့် နောက်၌ အကျယ်လာလတ္တံ့အတိုင်း ဝိဘာဝ, အနုဘာဝတို့ကို ဘာဝတိုင်း၌ ထင်ရှားစွာ ပါရှိစေရသည်။

http://www.dhammadownload.com

ယုတ္တိရှိအောင် ဘာဝတို့ကို ဖွင့်ရန်

၃၅၀။ သဝိဘာဝါ·နုဘာဝေဟိ, ဘာဝါ တေ တေ ယထာရဟံ၊ ဝဏ္ဏနီယာ ယထော·စိတျံ, လောကရူပါ·နုဂါမိနာ။

၃၅၀။ လောကရူပါနုဂါမိနာ-လောက၏သဘောကို အစဉ် လိုက်လေ့ ရှိသော ပညာရှိသည်၊ သဝိဘာဝါနုဘာဝေဟိ-ဝိဘာဝနှင့်တကွ ဖြစ်သော အနုဘာဝတို့ဖြင့်၊ တေ တေ ဘာဝါ-ထိုထိုဘာဝတို့ကို၊ ယထာရဟံ-ထိုက်သည်အား လျော်စွာ၊ ယထောစိတျံ-အသင့်ယုတ္တိကို မလွန်မူ၍၊ ဝဏ္ဏနီယာ-ဖွင့်ပြထိုက်ကုန်၏။

၃၅၀။ သဝိဘာဝါတျာဒီ။ ။"ကွဒါနိ ဝိဘာဝါနုဘာဝေ နိဿာယ ဝဏ္ဏနီယာ တေ ဘာဝါ လောကသဘာဝံ အနတိက္ကမ္မ ကာတဗ္ဗာတိ အနုသာသန္တော အာဟ-သဝိဘာဝါ ကွစ္စာဒိ=ရှေ့ဂါထာ၌ ပြခဲ့သည့် အတိုင်း ဝိဘာဝနှင့် အနုဘာဝတို့ကို မှီ၍ ဘာဝတို့ကို ဖွင့်ပြသောအခါ လောကထုံးစံကို မလွန်ဘဲ ဖွင့်ပြကြပါလေ"ဟု ဘာဝဖွင့်နည်းကို ပြလိုသောကြောင့် "သဝိဘာဝါ"စသည်ကို မိန့်သည်၊ "လောကသဘောကို အစဉ်လိုက်သော ကဝိစာဆို ကဗျာမိုရ်သည် ဌာယီဘာဝ စသော ထိုထို ဘာဝတို့ကို ဝိဘာဝနှင့်တကွ အနုဘာဝတို့ဖြင့် ဖွင့်ပြရာ၌ အသင့်ယုတ္တိရှိအောင်လည်း ထိုက်သလို ဖွင့်ပြကြပါလေ-ဟူလို။ [ဝိဘာဝေဟိ+သဟ ယေ ဝတ္တန္တီတိ သဝိဘာဝါ၊ သဝိဘာဝါ စ+တေ+အနုဘာဝါစာတိ သဝိဘာဝါနုဘာဝါ၊ "တေဟိ သဝိဘာဝါနုဘာဝေဟိ"ဟု ဝိဘတ္တျန္တ ပြု။]

ယထာရဟံ။ ။ဤပုဒ်ကို ဝဏ္ဏနီယာ၌ စပ်၊ "ထိုက်သည်အား လျော်စွာ ဖွင့်ပြထိုက်ကုန်၏"ဟူရာ၌ မိန်းမပျိုဟူသော အာလမ္ဗန ဝိဘာဝ, မွေ့လျော်ဖွယ် အရပ်ဒေသစသော ဥဒ္ဒီပနဝိဘာဝတို့အား လျော်စွာလည်းကောင်း, အချင်းချင်း လွမ်းဆွတ်ခြင်း, စာပေးခြင်း စသော အနုဘာဝတို့အားလျော်စွာလည်းကောင်း ရတိဌာယီဘာဝကို ဖွင့်ပြထိုက်၏, ဖွင့်ပြပါလေ၊ ရန်သူစသော အာလမ္ဗနဝိဘာဝ, ရန်သူ၏ ခြိမ်းခြောက်မှုစသော ဥဒ္ဒီပနဝိဘာဝတို့အား လျော်စွာလည်းကောင်း,

http://www.dhammadownload.com

ကိုယ်တုန်လှုပ်ခြင်း, ထွက်ပြေးခြင်းစသော အနုဘာဝတို့အား လျော်စွာ လည်းကောင်း ဘယဌာယီဘာဝကို ဖွင့်ပြထိုက်၏, ဖွင့်ပြပါလေ၊ ဝိဘာဝ အနုဘာဝတို့နှင့် မလျော်အောင် ယုတ္တိ မရှိအောင် ဘာဝတို့ကို မဖွင့်ပြပါနှင့်-ဟူလို။

ယထောစိတ္တံ။။ ။"ဥစိတသ-သင့်လျော်သည်၏+ဘာဝေါ ဩစိတ္တံ့" ဟု ဝစနတ္ထ ပြုခဲ့ပြီ၊ ဩစိတ္တံ့-သင့်လျော်သည်၏အဖြစ် (အသင့်ယုတ္တိရှိခြင်း)ကို+အနတိကမ္မ-မလွန်မူ၍တည်း၊ ယထောစိတ္တံ့-အသင့်ယုတ္တိရှိခြင်းကို မလွန်မူ၍၊ ဝိဘာဝ အနုဘာဝတို့ဖြင့် ထိုက်သည်အား လျော်စွာ ဘာဝတို့ကို ဖွင့်ပြရာ၌လည်း လောကဝိရောဓိဒေါသ (လောက၌ ဖြစ်ရိုးထုံးစံနှင့် ဆန့်ကျင်ဘက်) မဖြစ်စေဘဲ အသင့်ယုတ္တိရှိအောင် (လောကထုံးစံနှင့် လျော်စွာ ဩစိတျဂုဏ်ရောက်အောင်) ဖွင့်ပြပါလေ၊ ဥပမာ-"ရန်သူဟူသော အာလမ္ဗနဝိဘာဝကို မြင်၍ ချစ်ကြိုက်ခြင်း ရတိဌာယီဘာဝ ဖြစ်ပုံကို ဖွင့်ပြလျှင် ယုတ္တိ မရှိ၍" ဩစိတျဟီနဒေါသ ရောက်သည်-ဟူလို။

အကယ်၍ ရန်သူကို ချစ်ကြိုက်နေလျှင် ထိုချစ်ကြိုက်စိတ် ဖြစ်ခိုနှင်မှာ ရန်သူဟု အမှတ်မရှိတော့၊ တစ်စုံတစ်ခုသော အကြောင်းကို မြင်၍ ချစ်စရာ ထင်နေပေလိမ့်မည်။ [သီဟဗာဟု၏ မယ်တော် ကေသရီမိဖုရားသည် ခြင်္သေ့လိုက်သောအခါ မကြောက်ဘဲ ခြင်္သေ့ကို ကြိုက်၏၊ သူခိုး ဓားရိုးကမ်းသော ပဉ္စကနိပါတ် စူဠဓနုဂ္ဂဟဇာတ်၌ ကြောက်စရာ ဓားပြကို တက္ကသိုလ်ဆရာ့သမီးက ကြိုက်၏၊ ဤသို့ စသည်ဖြင့် စိတ် အမျိုးမျိုး ဖြစ်ပုံကို ကြည့်၍ ယုတ္တိရှိအောင် ဝိဘာဝ အနုဘာဝများကို ထည့်သွင်း၍ စီကုံးကြပါလေ-ဟူလို။]

လောကရူပါနုဂါမိနာ။။ ။လောကရူပံ-လောကသဘော (လောကထုံးစံ)ကို+အနုဂစ္ဆတိ-(ဆန့်ကျင်ဘက်မလုပ်ဘဲ) လျော်စွာလိုက်တတ်၏၊ ဣတိ လောကရူပါနုဂါမိ။ [ဤပဥ္စမပိုင်း၏ အစ၌ "လောကဝေါဟာရ မနုဿာရိနာ"နှင့် အဓိပ္ပာယ်တူပင်တည်း။]

http://www.dhammadownload.com

သတ္တိကဘာဝဖွင့်ပုံအထူး

၃၅၁။ စိတ္တဝုတ္တိဝိသေသတ္တာ, မာနသာ သတ္တိက-ဂံတော၊ ဗဟိနိဿဋ္ဌသေဒါဒိ-အနုဘာဝေဟိ ဝဏ္ဏိယာ။

၃၅၁။ စိတ္တဝုတ္တိဝိသေသတ္တာ-စိတ်၏ဖြစ်ပုံ အထူးရှိကုန်သည်၏ အဖြစ်ကြောင့်၊ မာနသာ-စိတ်၌ ဖြစ်ကုန်သော၊ သတ္တိကာ-သတ္တိက ဘာဝတို့ကို၊ အဂံတော- ကိုယ်အင်္ဂါမှ၊ ဗဟိနိဿဋ္ဌသေဒါဒိအနု ဘာဝေဟိ-ပြင်ပသို့ ထွက်သော ချွေးအစရှိသော အနုဘာဝတို့ဖြင့်၊ ဝဏ္ဏိယာ-ဖွင့်ပြထိုက်ကုန်၏။

၃၅၁။ စိတ္တဝုတ္တိတျာဒိ။ ။ပြခဲ့သော ဂါထာသည် ဘာဝ ၃ မျိုးလုံး ဖွင့်နည်းကို ပြသောဂါထာတည်း၊ ဤဂါထာကား သတ္တိကဘာဝအတွက် ဖွင့်နည်းအထူးကို ပြသောဂါထာ ဖြစ်၏။။ [၉၀ သာမညေန (ဘာဝ ၃ မျိုးလုံးနှင့် ဆက်ဆံသောအားဖြင့်) ဘာဝဝဏ္ဏနာက္ကမံ (ဘာဝဖွင့်ပုံ အစဉ်ကို) ဒဿေတွာ က္ကဒါနိ ဝိသေသေန သတ္တိကဘာဝဝဏ္ဏနာ (သတ္တိကဘာဝကို ဖွင့်နည်းသည်) ဤဒိသာ (ဤသို့ သဘောရှိ၏) က္ကတိ ဒဿေတိ စိတ္တက္ကစ္ဆာဒိနာ။]

စိတ္တဝုတ္တိဝိသေသတ္တာ။ ။စိတ္တသ-၏+ဝုတ္တိ-ဖြစ်ခြင်းတည်း၊ စိတ္တဝုတ္တိ-ခြင်း၊ စိတ္တဝုတ္တိ ဧဝ+ဝသေသော ယေသံ (သတ္တိကာနံ)တိ စိတ္တဝုတ္တိဝိသေသာ၊ ဤသို့ ဋီကာ၌ သတ္တိကဘာဝရအောင် ဗဟုဗ္ဗီဟိ သမာသ်ပြု၏၊ ထိုသို့ပြုခြင်းကြောင့် ထမ္ဘ, ပလဃစသော သတ္တိကဘာဝ တို့သည် စိတ်ဖြစ်ပုံ အထူး မဟုတ်ကြ၊ စိတ်ဖြစ်ပုံ အထူးရှိသော စိတ္တဇ ရုပ်တို့၏ အခြင်းအရာများသာ ဖြစ်ကြသည်-ဟု မှတ်။ ["မာနသာ-စိတ်၌ ဖြစ်ကုန်သော"ဟူရာ၌လည်း ဤအတိုင်းပင်တည်း၊ အဘိဓမ္မာ အလိုအားဖြင့် "မာနသ"ဆိုလျှင် စိတ်၌ ဖြစ်သော စေတသိက်သာ ရသော်လည်း ဤ၌ကား စိတ္တဇရုပ်များ၏ အခြင်းအရာဖြစ်သော် ထမ္ဘ စသည်ကို ယူရသည်။

ဗဟိနိဿဋ္ဌ၊ပေ၊အနုဘာဝေဟိ။ ။သတ္တိကဘာဝ၌ သေဒ-အသူ တို့လည်း ဘာဝအဖြစ်ဖြင့် ပါရှိရကား ထိုသတ္တိကဘာဝတို့ကို အဘယ် အနုဘာဝတို့ဖြင့် ဖွင့်ပြရပါမည်နည်း-ဟု မေးဖွယ်ရှိသောကြောင့် "ဗဟိ ၊ပေ၊ အနုဘာဝေဟိ" ဟု မိန့်သည်၊ သတ္တိကဘာဝ ဖြစ်သော သေဒ-

http://www.dhammadownload.com

ရသ၏ဝစနတ္ထနှင့်အရကောက်

၃၅၂။ သာမာဇိကာန.မာနဇ္ဈာ, ယော ဗန္ဓတ္ထာ.နုသာရိနံ၊
ရသီယတီတိ တညူဟိ, ရသော နာမာ.ယ.မီရိတော။

၃၅၂။ ဗန္ဓတ္ထာနုသာရိနံ - အဖွဲ့အနွဲ့၏ အနက် အဓိပ္ပာယ်ကို ညွှန်ပြခြင်း အစဉ်လိုက်ကုန်သော၊ သမာဇိကာန်-အဘိဇ္ဈာကင်း, ဣဿာရှင်း၍, ဝမ်းတွင်းစိတ်ကောင်း, လူအပေါင်းတို့၏၊ ယော အာနဇ္ဈော-အကြောင် နှစ်သက်ခြင်းသည်၊ အတ္ထိ-ရှိ၏၊ အယံ-ဤနှစ်သက်ခြင်းကို၊ ရသီယတီတိ-ရသီယတိဟူသော ဝစနတ္ထကြောင့်၊ ရသော နာမ-ရသမည်၏ဟူ၍၊ တညူဟိ-ထိုရသမြင်သိ, ပညာရှိတို့သည်၊ ဤရိတော-ဆိုအပ်ပြီ။

အသုတို့သည် အတွင်း၌ စိုနေသော ချွေး, မျက်တွင်း၌ လည်နေသော မျက်ရည်များဖြစ်ရကား အပြင်၌ ထွက်လာသော ချွေး, မျက်ရည်တို့ကို ထိုဘဝတို့၏ အနုဘာဝ အဖြစ်ဖြင့် ဖွင့်ပြပါ။ "အတွင်း ချွေးသည် သတ္တိကဘာဝ, အပြင်ထွက်လာသော ချွေးသည် အနုဘာဝ၊ မျက်တွင်း၌ လည်နေသော မျက်ရည်သည် သတ္တိကဘာဝ, အပြင်၌ ထွက်လာသော မျက်ရည်သည် အနုဘာဝ၊ ဤသို့ ခွဲခြားပါ"ဟူလို။ [သေဒါဒိ၌ အာဒိဖြင့် မျက်ရည်, တံထွေး, နှပ် စသည်တို့ကို ယူ။]

၃၅၂။ သာမာဇိကာနံတျာဒိ။ ။ဘာဝ ၃ မျိုး, ဝိဘာဝ, အနုဘာဝ, ရသဟု ပြခဲ့သော ခေါင်းစဉ်တို့တွင် ရှေ့ ၅ ပါးကို ပြပြီး၍ ယခုအခါ၌ ရသကို ပြလိုသောကြောင့် "သမာဇိကာန"စသည်ကို မိန့်, အစီအကုံး အနှုန်းအဖွဲ့၏ အနက်အဓိပ္ပာယ်ကို ညွှန်ဖြင့် လိုက်ကုန်, စဉ်းစားကုန်သော လူကောင်းသူကောင်းတို့၏ နှစ်သက်ခြင်းကို "ရသ"ဟု ခေါ်၏၊ "ရသီယတိ-သာယာအပ်၏၊ ဣတိ ရသော"ဟု ဝိဂွဟပြုပါ-ဟူလို။

သာမာဇိကာနံ။ ။သမာဇသဒ္ဒါသည် အစည်းအဝေးတွင် ပါဝင်ခြင်း အနက်ကို ဟော၏၊ သမာဇော+ပယောဇနံ ယဿာတိ သာမာဇိကော= အစည်းအဝေး၌ ပါဝင်ရခြင်း + အကျိုးရှိသူ၊ အစည်းအဝေး၌

http://www.dhammadownload.com

ပါဝင်ထိုက်သူ၊ အစည်းအဝေး၌ ပါဝင်ထိုက်လောက်အောင် အဘိဇ္ဈာ ကျွဿာ မစ္ဆရိယ ကင်း၍ စိတ်ရင်းကောင်းသော လူကောင်းသူကောင်း တစ်ယောက် ဖြစ်သူ-ဟူလို။

သင်္ဃ။ ။သာမာဇိကာနံကို "သင်္ဃာနံ"ဟု ဋီကာတို့ ဖွင့်ကြသည်၊ သဘာယံ-အစည်းအဝေးသဘင်၌+သာဓု-ကောင်းသူတည်း၊ သင်္ဃော-အစည်းအဝေး၌ ကောင်းသူ၊ အစည်းအဝေး၌ ပါဝင်ရလောက်အောင် အဘိဇ္ဈာ-ကျွဿာ-မစ္ဆရိယ ကင်း၍ စိတ်ရင်းကောင်းသူ- ဟုပင် အဓိပ္ပာယ်ရ၏၊ မှန်၏-သူတစ်ပါး ဂုဏ်သိရှိကို ကိုယ့်ဟာဖြစ်စေလိုသော အဘိဇ္ဈာ, ကိုယ့်ထက်သာလျှင် မနာလိုတတ်သော ကျွဿာ, သူတစ်ပါး ဂုဏ်ရှိသွားမည်ကို သဝန်တိုသော မစ္ဆရိယ ရှိသူတို့သည် အစည်းအဝေးတွင် သူ့ဂုဏ်ကို ကိုယ့်ဂုဏ် လုပ်ချင်တတ်, ဟိုလူ့ မနာလို ဒီလူ့ ဝန်တို ဖြစ်တတ်ရကား အပြုသဘောအားဖြင့် မပြောဘဲ အဖျက်သဘော အားဖြင့် မကန့်ကွက်သင့်သည်ကိုလည်း ကန့်ကွက်နှောင့်ယှက်တတ် သောကြောင့် အစည်းအဝေး၌ မကောင်းသော (မပါဝင်ထိုက်သော) အသင်္ဃ-အသာမာဇိကပုဂ္ဂိုလ်များတည်း၊ ထို့ကြောင့် ဤ၌ "သာမာဇိကာနံ"ပုဒ်နှင့် "ရသဿာဒါယ သာဓုနံ"ဟု ဆိုခဲ့သော ဂါထာဝယ် "သာဓုနံ"ပုဒ်ကို အဓိပ္ပာယ်တူဟု မှတ်ပါ။

မူကွဲ။ ။တချို့စာအုပ်များ၌ "သမဇ္ဇိကာနံ"ဟု ရှိ၏၊ "သမဇ္ဇာယံ+နိယုတ္တာ"ဟု ဋီကာ၌ "သမဇ္ဇိကာ"၏ ဝစနတ္ထကို တွေ့ရသောကြောင့် ထိုပါဌ်လည်း အသင့်ပင်တည်း၊ သို့သော် သမဇ္ဇာ-သဘာပုဒ်တို့သည် အများ ထင်နေကြသော ကပွဲသဘင်အနက်ကို မဟောပါ၊ "အစည်းအဝေး" အနက်ကိုသာ ဟောပါသည်၊ အဘိဓာန်နိဿယသစ် (၄၁၄) ဂါဇာကို ကြည့်ပါ၊ ထိုဂါထာ၌ "သဘျော (သင်္ဃော) သာမာဇိကော-သင်္ဃ (သဘျ) သာမာဇိကကို ပရိယာယ်"ဟုလည်း ဆိုထားသည်၊ ထို သာမာဇိကပုဒ်၏ ဆိုလိုရင်းမှာလည်း အစည်းအဝေး ဝင်ရောက်နေမှ မဟုတ်၊ စိတ်ကောင်း နှလုံးကောင်း ရှိလျှင် "သာမာဇိက-သင်္ဃ"ဟု ခေါ်နိုင်သည်သာ။

ဗန္ဓတ္ထာနုသာရိနံ။ ။အဖွဲ့ဗန္ဓ၏ အနက် အဓိပ္ပာယ်ကို ဉာဏ်ဖြင့် အစဉ်လိုက်သူ-ထိုအဖွဲ့၏ အနက် အဓိပ္ပာယ်ကို စဉ်းစားတတ်သူကို "ဗန္ဓတ္ထံ + အနုသရန္တီတိ ဗန္ဓတ္ထာနုသာရီ"ဟု ခေါ်သည်၊ ဤပုဒ်သည်

http://www.dhammadownload.com

"သာမာဇိကာနံ"၏ ဝိသေသနတည်း၊ ဤဝိသေသနကို ကြည့်၍လည်း "သာမာဇိက"အရ အဖွဲ့ဗန္ဓ၏ အနက် အဓိပ္ပာယ်ကို စဉ်းစားတတ်သော လူကောင်းသူကောင်းများကို ယူစေလိုကြောင်း ပွဲကြည့်သူကို မယူစေလိုကြောင်း သာ၍ထင်ရှားသည်၊ မှန်၏-အရှင်သံဃရက္ခိတထေရ်သည် ဤအလင်္ကာတစ်ကျမ်းလုံးဖြင့် အဖွဲ့ဗန္ဓ၏ အကြောင်းအရာ (ဂုဏ ဒေါသ ရသ)တို့ကိုသာ ပြ၏၊ ကပွဲသဘင်၏ ဂုဏ ဒေါသ ရသတို့ကို ပြသည် မဟုတ်။

အာနန္ဒော ရသော။ ။"ယော အာနန္ဒော, အယံ ရသော နာမ"ကို ကြည့်၍ "အာနန္ဒနှင့် ရသသည် အရတူ၏"ဟု သိနိုင်၏၊ ပညာရှိတို့ ဖွဲ့စီအပ်သော အဖွဲ့ဗန္ဓကို ကြည့်ရကြားရသောအခါ အဘိဇ္ဈာ ဣဿာ မစ္ဆရိယ ကင်းသော လူကောင်း သူကောင်းတို့၏ စိတ်၌ (အာနန္ဒ) နှစ်သက်မှု သဘောကျမှု ဖြစ်၏၊ တရားကိုယ်မှာ ပီတိသောမနဿ တည်း၊ထိုနှစ်သက်မှုကိုပင် အလွန်သာယာကြ၏၊ သာယာသောကြောင့် ထိုပျို့ ကဗျာ ဂါထာကို ထပ်ကာ ထပ်ကာ ကြည့်ကြ ရွတ်ကြ၏၊ ထို့ကြောင့် နှစ်သက်မှုကို ရသ(သာယာအပ်သော အရသာ)ဟု ခေါ်ရသည်၊ဥပမာ-ထမင်းဟင်းလျာတစ်ခုခု နှစ်သက်မှုအရသာပေါ်လာလျှင် ထိုထမင်း ဟင်းလျာကို အရသာရှိသည်ဟု ခေါ်ကြသကဲ့သို့တည်း။

နာဋ္ဌရသ။ ။ထိုအရသာရှိသော အဖွဲ့အနွဲ့ကို ကချေသည်တို့ သိဆိုအပ် သရုပ်ပေါ်အောင် ကပြအပ်သောကြောင့် "နဋ္ဌာနံ+ကမ္မံ နာဋ္ဌံ"ဟု ခေါ်၍ ပွဲကြည့်သူတို့ သာယာအပ်သောကြောင့် ရသဟု လည်း ခေါ်၏၊ နှစ်ခုပေါင်းစပ်၍ "နာဋ္ဌမေဝ+ရသော နာဋ္ဌရသော"ဟု ဝစနတ္ထပြု။[ကွမေ ဌာယိဘာဝါ-တို့သည်၊ နဋ္ဌာဘိနယေဟိ-ကချေသည်တို့၏ (ပွဲကြည့်သူတို့ စိတ်ကို) ဆွဲဆောင်ကြောင်းဖြစ်သော အမျိုးမျိုးသော ကပြခြင်း, သိဆိုခြင်းတို့ဖြင့်၊ ဗျဉ္ဇိတတ္တာ စ-ပြအပ်ကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ သဗ္ဘာနံ-(အဘိဇ္ဈာ ဣဿာ မစ္ဆရိယ ကင်း၍ စိတ်ရင်းကောင်းစွာဖြင့် ပွဲကြည့်သူ လူကောင်း သူကောင်းတို့၏၊ သန္တောသသခ်ါတရသဿ-နှစ်သက်ခြင်းဟု ဆိုအပ်သော ရသ၏၊ ဟေတုတ္တာ စ-အကြောင်း၏အဖြစ်ကြောင့်လည်းကောင်း၊ နဋ္ဌရသာတိပိ ဝုစ္စန္တိ-ဋီကာ။ "နဋ္ဌာနံ+ရသာ နဋ္ဌရသာ"ဟု ဝိဂ္ဂဟပြု။]

http://www.dhammadownload.com

ရသ၏သဘောနှင့်သရုပ်

၃၅၃။ သဝိဘာဝါ·နုဘာဝေဟိ, သတ္တိကာဗျဘိစာရိဘိ၊
အဿာဒိယတ္တာ·မာနိယ–မာနော ဌာယေ·ဝ သော ရသော။

၃၅၃။ သော ရသော-ထိုရသဟူသည်၊ သဝိဘာဝါနုဘာဝေဟိ-ဝိဘာဝနှင့်တကွဖြစ်ကုန်သော အနုဘာဝတို့ဖြင့်လည်းကောင်း၊ သတ္တိကဗျဘိစာရိဘိ-သတ္တိကဘာဝ, ဗျဘိစာရီဘာဝတို့ဖြင့်လည်းကောင်း၊ အဿာဒိယတ္တံ-သာယာအပ်သည်၏အဖြစ်သို့၊ အာနိယမာနော-ဆောင်အပ်သော၊ ဌာယေဝ-ဌာယီဘာဝပင်တည်း။

၃၅၃။ သဝိဘာဝါတျာဒိ။ ။ကွဒါနိ ဌာယီဘာဝါနမေဝ ရသသရူပဿ (ရသ၏သရုပ်သကောင်အဖြစ်သို့) ပါပုဏာနတ္တံ (ရောက်ကုန်သည်၏ အဖြစ်ကို) ဝိဘာဝေတိ သဝိဘာဝါ ဣတ္ထာဒိနာ=ယခုအခါ သဝိဘာဝါ အစရှိသော ဂါထာဖြင့် ဌာယီဘာဝတို့ကို ရသခေါ်ကြောင်း ထင်ရှားစေ၏၊ ဤဂါထာ၌ လိုရင်းကား-"ဌာယေဝ သော ရသော" တည်း၊ "ရှေ့ဂါထာ၌ ပြအပ်ခဲ့သော ထိုရသဟူသည် တခြားမဟုတ်, ဌာယီဘာဝပင် ဖြစ်သည်"ဟူလို။ [သော ရသော၌ သော သဒ္ဒါဖြင့် ရှေ့ဂါထာ၌ ဆိုခဲ့သည်ကို ပြန်၍ ညွှန်းသည်။]

အဿာဒိယတ္တံ အာနိယမာနော။ ။"ဌာယီဘာဝ"ဟူသည်လည်း သာမညဌာယီဘာဝ မဟုတ်၊ ကဝိစာဆို ကဗျာမိုရ်တို့က အဖွဲ့အနွဲ့၌ အရသာပေါ်အောင် ဝိဘာဝ,အနုဘာဝတို့ဖြင့်လည်းကောင်း,ထိုက်သင့်သော သတ္တိကဘာဝ ဗျဘိစာရီဘာဝတို့ဖြင့်လည်းကောင်း သိုင်းသိုင်းဝိုင်းဝိုင်း ဆောင်ပြအပ်သော (ဖွဲ့နွဲ့စီကုံးအပ်သော) ဌာယီဘာဝမျိုးမှ ရသအမည် ရနိုင်သည်၊ ဌာယီဘာဝဖြစ်တိုင်း "ရသ"မဟုတ်-ဟူလို။

ဋီကာ။ ။အဿာဒိယတ္တံ အာနိယမာနော-ကဝိနော သာမတ္ထိယာ (ကဝိ၏ ဉာဏ်စွမ်းသတ္တိဖြင့်) ပါပဏီယမာနော (သာယာဖွယ်သို့ ရောက်စေအပ်သော) ဌာယီဝ ဌာယီဘာဝေါ ဧဝ၊ ဣတိ ကာရိယော ပစာရေန ရသော နာမာတိ ဝေဒိတဗ္ဗော၊.... ဤဋီကာ၌ ကာရိယော ပစာရဟူသည် ဖလူပစာရတည်း၊ ခဲ့ပြီးအံ့-အဖွဲ့အနွဲ့ကို ဖတ်ရှုရ, ကြားရခြင်းတည်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော နှစ်သက်မှု

http://www.dhammadownload.com

ပီတိ သောမနဿသည် အကျိုးတည်း၊ ထိုအကျိုးကို "ရသ"ခေါ်သည်ဟု ရှေ့ဂါထာ၌ ပြခဲ့ပြီ၊ အဖွဲ့အနွဲ့ကို "ရသ"ဟု ခေါ်ရာ၌ကား အကျိုးဖြစ်သော နှစ်သက်မှု၏ အမည်ကို အကြောင်း အဖွဲ့အနွဲ့အပေါ်၌ တင်စားထားသော ဖလူပစာနာမည် ဖြစ်သည်။ [ဌာယီဘာဝဟူသည် တရားကိုယ်အားဖြင့် စိတ္တဝုတ္တိဝိသေသ-စိတ်ဖြစ်ပုံအထူး ဖြစ်ရကား အဖွဲ့ကို ဌာယီဘာဝအမည် တပ်ရာ၌လည်း ဤ ဖလူပစာပင် ဖြစ်သင့်သည်။]

မှတ်ချက်။ ။ဤဂါထာ၌ "သတ္တိကာဗျဘိစာရီဘိ"ကို ထောက်၍ ဌာယီဘာဝ-ရသတို့ကို ထုတ်ပြသောအခါ တချို့အဖွဲ့၌ ရထိုက်သော သတ္တိကဘာဝ, ဗျဘိစာရီဘာဝတို့ကိုလည်း ထုတ်ပြရမည်ဟု မှတ်၊ [အဖွဲ့၌ တိုက်ရိုက် မပါလျှင် အနုမာနနည်းအားဖြင့် "မှန်းဆ၍သိရ၏" ဟု ဆို၍ ထုတ်ပြကြသည်၊] ဌာယီဘာဝ မပါဘဲ သတ္တိကဘာဝချည်း သက်သက်, ဗျဘိစာရီဘာဝ သက်သက် ထုတ်ပြရသော အဖွဲ့လည်း ရှိသေး၏၊ ထိုအဖွဲ့မျိုး၌ကား ဌာယီဘာဝနှင့်သာ တွဲရသော ရသကို ထုတ်ပြဖွယ် မလို၊ ထို့ကြောင့် ဗျဘိစာရီဘာဝတို့ကို ပြသော ဋီကာ၌ "နိဗ္ဗေဒေါ အတ္တာဝမာနနံ၊ တဿ စ ဣတ္ထိနံ နိစာနဉ္စ ဒါလိဒ္ဒိယံ ဝိဘာဝေါ၊ အဿုစိန္ဟာဒယော ဧတ္ထ အနုဘာဝါ"စသည်ဖြင့် ရသကို မပြဘဲ ဘာဝ ဝိဘာဝ အနုဘာဝတို့ကိုသာ ပြသည်။

ထို့ပြင်- "အဿာဒိယတ္တမာနီယမာနော" ဟူသော စကားကို ထောက်၍ ဖွဲ့နွဲ့စီကုံးသော ကဝိကိုယ်တိုင်က တမင်တကာ အရသာပေါ်အောင် ကြိုးစားမင်းစား စီကုံးထားအပ်သော အဖွဲ့များ၌သာ ဌာယီဘာဝစသည်ကို ကောက်ယူ၍ ရနိုင်၏၊ ရိုးရိုးအကြောင်းအရာကို ပြသော မြန်မာ ပါဠို စကားပြေ စုဏ္ဏိယ ဂါထာများ၌ကား ဌာယီဘာဝစသည်ကို ကောက်ယူ၍ မရနိုင်ဟုလည်း မှတ်ပါ။ [စာမေးပွဲများ၌ စုဏ္ဏိယ-ဂါထာ တစ်ခုခုကို ထုတ်၍ ဌာယီဘာဝ စသည်ကို အကောက်ခိုင်းကြ၏၊ ကျမ်းဆရာကိုယ်တိုင်က အရသာပေါ်အောင် ရေးသားအပ်သော အရာ မဟုတ်လျှင် ထိုသို့ အကောက်မခိုင်းသင့်ပါ။]

http://www.dhammadownload.com

ရသအပြား ၉ ပါး

၃၅၄။ သိင်္ဂါရဟဿကရုဏာ, ရုဒ္ဒဝီရဘယာနကာ၊
ဗီဘစ္ဆ-ဗ္ဘုတသန္တာ စ, ရသာ ဌာယီန-နုက္ကမာ။

၃၅၄။ သိင်္ဂါရဟဿကရုဏာ-ချစ်ကြိုက်ခြင်း, ရယ်ရွှင်ခြင်း, သနားခြင်းတို့လည်းကောင်း၊ ရုဒ္ဒဝီရဘယာနကာ-ကြမ်းကြုတ်ခြင်း, ရဲရင့်ခြင်း, ကြောက်ရွံ့ခြင်းတို့လည်းကောင်း၊ ဗီဘစ္ဆ-ဗ္ဘုတသန္တာ စ-စက်ဆုပ်ခြင်း, အံ့သြခြင်း, ငြိမ်သက်ခြင်းတို့လည်းကောင်း၊ (ဣတိ-ဤသို့၊ ဣမေ-ဤ ၉ ပါးတို့သည်၊ ဌာယီနံ-ဌာယီဘာဝတို့၏၊ အနုက္ကမာ-အစဉ်အားဖြင့်၊ ရသာ-ရသ ၉ ပါးတို့တည်း။

၃၅၄။ သိင်္ဂါရတျာဒိ။ ။ဤဂါထာကား ပြခဲ့သော ဌာယီဘာဝ ၉ ပါးကိုပင် အစဉ်အတိုင်း ဖက်စပ်၍ "ရသ ၉ ပါး"ဟု နာမည်တစ်မျိုးတပ်ပြသော ဂါထာတည်း။ [ရသာဝတ္ထသမ္ပတ္တရတိဟာသာဒီနံ ဌာယီဘာဝါနံ (ရသအခိုက်အတန့်သို့ ရောက်သော ရတိ ဟာသ အစရှိသော ဌာယီဘာဝတို့၏) ဣဒါနိ ကမေန နာမန္တရံ (နာမည်တစ်မျိုးကို) ဒဿေတိ သိင်္ဂါရဣစ္စာဒိနာ။]

သိင်္ဂါရ။ ။ထောမနိဓိ၌ သိင်္ဂသဒ္ဒူပပဒ ရိဓာတ် အဏ် ပစ္စည်းဖြင့် ရိကို အာရပြု၍"သိင်္ဂါရ"ဟု ပြီးစေ၏၊ "သိင်္ဂ (ကာမ+ဥဒြေကံ)ရိစ္ဆတိ ရယတိ အနေနာတိ သိင်္ဂါရော"ဟုလည်း ဝစနတ္ထပြု၍ "နာဋ္ဌျကျမ်း၌ ဆိုအပ်သော ရသအထူး"ဟုလည်း အဘိဓေယျ ပြ၏၊ [အနေန-ဤ ရသဖြင့်၊ သိင်္ဂ-ကာမ၏တိုးပွားခြင်းသို့+ရိစ္ဆတိ ရယတိ-ရောက်၏၊] "ပေါသဿ နာရိယံ ပေါသေ, ဣတ္ထိယာ သင်္ဂမံ ပတိ၊ ယာ ပိယာ ဧသ သိင်္ဂါရော, ရတိကီဋ္ဌာဒိကာရဏော" ဟု အဘိဓာန်ဆိုရကား ယောက်ျားနှင့်မိန်းမတို့၏ ချစ်ကြိုက်ခြင်းကို သိင်္ဂါရရသ-ဟု မှတ်။

အဘိဓာန်ဋီကာ။ ။သိင်္ဂ-နာမဓာတု၊ ဝိဇ္ဇနဌေန သိင်္ဂ၊ နာဂရိက ဘာဝသခ်ါတဿ ကိလေသသိင်္ဂဿေတံ နာမံ=မြို့သူ မြို့သားတို့၏ ထုံးစံ သဘာဝဖြစ်သော (ထိုးဆွတတ်သော) ကိလေသာဦးချိုကို "သိင်္ဂ" ဟု ခေါ်၏၊ ထို ကိလေသာဦးချိုကို ပြုတတ်သောကြောင့်

http://www.dhammadownload.com

"သိင်္+ကရောတိတိ သိဂီရော"ဟု ပြု၍ သိင်္ဟသော နာမဓာတ်နောင် ကရောတိ အနက်၌ အာရပစ္စည်း သက်၏ဟု ဆိုသည်။

ဟသနံ-ရယ်ရွှင်ခြင်း၊ ဟသော-ခြင်း၊ ဟသဓာတ်, ဏျု ပစ္စည်း၊ သိဂီရော စ+ဟသော စ+ကရုဏာ စ သိဂီရဟသကရုဏာ-တို့၊ ရုဒ္ဒေါ စ+ဝီရော စ+ဘယာနကော စ ရုဒ္ဒဝီရဘယာနကာ၊ [ရုဒ္ဓ-ဟု ရှိသည်ကား ပိတ်ဆို့ တားမြစ်ခြင်း အနက်ဟော ဖြစ်၍ မကောင်း။] ဗီဘစ္ဆာ စ+အဿုတော စ+သန္တော စ ဗီဘစ္ဆဿုတသန္တာ-တို့၊ [ဝိဘစ္ဆ မဟုတ်၊ ဗီဘစ္ဆသာ မှန်ကြောင်းကို မောဂ္ဂလ္လာန်နိဿယ ခါဒိကဏ္ဍ (၃) သုတ်မှာ ရှု။] ရတိဌာယီဘာဝနှင့် သိဂီရရသ တွဲစပ်၊ ဤသို့ တွဲစပ်ရပုံကို အကျယ်၌ သိရလတ္တံ့။

ရသ ၈ ပါး။ ။အမရကောသအဘိဓာန်၌ သန္တရသကို သိဂီရသို့ သွင်း၍ ရသ ၈ ပါးဟု ဆို၏၊ [သန္တရသော-သည်၊ ဓမ္မသိဂီရတ္ထာ-တရားကို ချစ်ခြင်း၏အဖြစ်ကြောင့်၊ သိဂီရရသော ဧဝ-တည်း၊ ဣတိ-ထို့ကြောင့်၊ ပုထု-သီးခြား၊ နုတ္တော-မဆိုအပ်၊-အမရကောသဋ္ဌိကာ၊] ထို အမရကောသဆရာ အလိုအားဖြင့်သာ ကမ္မဋ္ဌာန်းဆိုင်ရာ အဖွဲ့အနွဲ့များ၌ "ဓမ္မရတိဌာယီဘာဝ, ဓမ္မသိဂီရရသ"ဟု ကောက်ရမည်၊ ဤအလင်္ကာကျမ်းအလိုအားဖြင့်ကား ဓမ္မရတိဌာယီဘာဝ, ဓမ္မသိဂီရရသဟု မရှိ၊ ကမ္မဋ္ဌာန်းအရာ, တရားအရာတို့၌ "သမဌာယီဘာဝ, သန္တရသ" တို့သာ ဖြစ်သည်။

ရသ ၁၀ ပါး။ ။ရသဘက္ခမ်း၌ကား-ဤကျမ်းလာ ၉ ပါးတွင် "ဝစ္ဆလျရသ"ထည့်၍ "ရသဆယ်ပါး"ဟု ဆိုသတတ်၊ သားငယ်စသည်၌ ချစ်ခြင်းကို "ဝစ္ဆလျရသ"ဟု ဆို၏၊ ဤ ဝစ္ဆလျရသလည်း ကရုဏာသဘော သက်သောကြောင့် အမရကောသ၌ မယူ ဟု-ထိုဋ္ဌိကာဖွင့်၏၊ [ဝစ္ဆံ-သားငယ်ကို+လာတိ ဂဏှာတီတိ ဝစ္ဆလော၊ ဝစ္ဆလဿ+ဘာဝေါ ဝစ္ဆလျံ-သားငယ်ကို ယူသူ၏ဖြစ်ကြောင်း ချစ်ခင်မှု သနားမှု၊] အညေ ဆရာတို့ကား-"သိဂီရနှင့် ဟဿ, ကရုဏာနှင့် ရုဒ္ဒ, ဝီရနှင့် အဿုတ, ဗီဘစ္ဆနှင့် ဘယာနကကို သဘောတူသည်-ဟု ယူဆ၍ ရသ ၄ ပါး ကိုသာ ပြကြသတတ်။

http://www.dhammadownload.com

ကရဏာ စသည်၌ နှစ်သက်ပုံ

၃၅၅။ ဒုက္ခရူပေ.ယ.မာနန္ဒော, ကထံ နု ကရဏာဒိကေ၊
သိယာ သောတူန.မာနန္ဒော, သောကော ဝေဿန္တရဿ ဟိ။

၃၅၅။ ဒုက္ခရူပေ-ဒုက္ခသဘောရှိသော၊ ကရဏာဒိကေ-ကရဏာအစရှိသော ရသ၌၊ အယံ အာနန္ဒော-ဤနှစ်သက်ခြင်းသည်၊ ကထံနု (သိယာ)- အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း၊ ဟိ- ဖြစ်နိုင်သည်သာ၊ ဝေဿန္တရဿ-ဝေဿန္တရာမင်း၏၊ သောကော-သားတော် သမီးတော်အတွက်, ဝမ်းနည်းချက်သည်၊ သောတူန်-ဝေဿန္တရာဇာတ်ကို နာယူသူတို့၏၊ အာနန္ဒော-နှစ်သက်ခြင်းသည်၊ သိယာ-ဖြစ်နိုင်ရာ၏။

၃၅၅။ ဒုက္ခ ।ပ। ကရဏာဒိကေ။ ။ဤကား အမေးတည်း၊ [ကရဏာဒိ၌ အာဒိဖြင့် ရုဒ္ဒ, ဘယာနက, ဗီဘစ္ဆာ တို့ကို ယူ၊] ရှေ့၌ "အာနန္ဒော ရသော=နှစ်သက်ခြင်းကို ရသ"ဟု ဆိုခဲ့၏၊ ထိုရသတို့ကို ပြရာ ရှေ့ဂါထာ၌လည်း ကရုဏာ, ရုဒ္ဒ, ဘယာနက, ဗီဘစ္ဆာတို့ကိုပါ ရသ၏ သရုပ်အဖြစ်ဖြင့် ပြထား၏၊ ထိုရသတို့၏ တရားကိုယ်မှာ ဒုက္ခဒေါမနဿတို့သာတည်း၊ [ကရုဏာဆိုသော်လည်း အဘိဓမ္မာ၌ပါသော ကရုဏာအစစ် မဟုတ်, ကရုဏာအတုကို ဆိုလိုသည်၊ ထို့ကြောင့် "ဒုက္ခရူပေ" ဟု ဆိုသည်၊] အာနန္ဒအရဏား နှစ်သက်မှု ပီတိသောမနဿတည်း၊ ထို့ကြောင့် ဒုက္ခ မကင်းသော (သနားစရာကြောက်စရာ ရွံစရာကောင်းသော) ကရုဏာ စသော ရသ အရာဝယ် အဘယ်နည်းဖြင့် နှစ်သက်မှု ဖြစ်နိုင်ပါသနည်း၊ ဒုက္ခ ဒေါမနဿဖြစ်သော ကရုဏာစသည်နှင့် ပီတိသောမနဿဖြစ်သော အာနန္ဒသည် ဖြောင့်ဖြောင့်ဆန့်ကျင်နေသည် မဟုတ်ပါလော-ဟူလို။

သိယာ।ပေ।ဝေဿန္တရဿ ဟိ။ ။ဤကား အဖြေတည်း၊ "နှစ်သက်" ဟူရာ၌ "တကယ် ဖြစ်ပျက်နေသည်ကို နှစ်သက်ခြင်း" မဟုတ်၊ ထို အကြောင်းအရာကို ဖွဲ့စီထားသော ပို့ကဗျာ ဂါထာတို့ကို နှစ်သက်ခြင်းတည်း၊ ထို့ကြောင့် ကရုဏာ စသည်ကို "ရသ - အာနန္ဒ" ဟု ဆိုခြင်းသည် မဆန့်ကျင်ပါ - ဟူလို၊ ချဲ့ပါဦးအံ့- ဝေဿန္တရာဇာတ်၌

http://www.dhammadownload.com

ဇူဇကာပုဏ္ဏားက သားတော် သမီးတော်များအား ရိုက်နေသည်ကို မြင်ရ၍ ဝေဿန္တရာမင်းမှာ သောက ဖြစ်ရှာ၏၊ သောက ဖြစ်လွန်းလှသဖြင့် ကျောင်းသခင်မ်းသို့ ဝင်၍ ငိုကြွေးတော်မူရှာ၏၊ ထိုသို့ တကယ် သောက ဖြစ်နေသည်ကို မြင်ရသော လူကောင်းသူကောင်း တစ်ယောက်မှာ "နှစ်သက်မှု အာနန္ဒ ဖြစ်သည်"ဟု မဆိုလိုပါ။

အမှန်ဆိုလိုရင်းကား– ဝေဿန္တရာဇာတ်၌ ထိုသောကဖြစ်ခန်း အဖွဲ့အနွဲ့ကို နားထောင်ရသော လူကောင်းသူကောင်းတို့မှာ "အို... အလွန်သနားစရာ ကောင်းတာပဲ"ဟု အဖွဲ့အနွဲ့ကို နှစ်သက်မှု, သဘောကျမှု ဖြစ်၏၊ ထိုအဖွဲ့အနွဲ့ကို "ကရုဏာရသပါရှိသော အဖွဲ့အနွဲ့"ဟု ခေါ်ရ၏၊ ထိုသို့ နှစ်သက်မှု အရသာရှိသောကြောင့်ပင် သနားစရာကောင်းသော အခန်းကို ထပ်တလဲလဲ နားထောင်လိုကြ၏၊ တရားနာသူတို့ မျက်ရည်ကျလောက်အောင် ဝေဿန္တရာဇာတ်ကို အဟောကောင်းသော ဓမ္မကထိက၏ အပြောအဟောကိုလည်း ကရုဏာရသ ပါသောကြောင့်ပင် မျက်ရည်ကျလျက် နှစ်သက်ကြလေသည်။

သောကော အာနန္ဒော။ ။သောကသည်လည်းကောင်း, သောက ဖြစ်ပုံကို ပြသော အဖွဲ့အနွဲ့သည်လည်းကောင်း နှစ်သက်ခြင်း၏ အကြောင်းဖြစ်သောကြောင့် အကျိုး၏ အာနန္ဒ အမည်ကို အကြောင်း၌ တင်စား၍ ဖလူပစာရအားဖြင့် "သောကော အာနန္ဒော-သောကသည် နှစ်သက်ခြင်း ဖြစ်၏"ဟု ဆိုထားသည်။ [အာနန္ဒော သိယာ-အာနန္ဒသ ကာရဏာတ္တာ ကာရိယောပစာရေန သန္တောသော နာမ (နှစ်သက်ခြင်း မည်သည်) ဘဝေယျ။]

ရုဒ္ဒရသ စသည်။ ။ရုဒ္ဒရသ၌လည်း မင်းသားကြမ်းတို့၏ မင်းသမီး ကလေးအား နှိပ်စက်ခန်းကို အလွန်ကြည့်လိုကြပုံ, အကြမ်းမင်းသား တို့ (အနှိပ်စက် ကောင်းသဖြင့်) လူကြိုက်များပုံကိုလည်းကောင်း, ဘယာနကဒ္ဓလည်း ကြောက်စရာကောင်းသော တစ္ဆေသရဲပုံပြင် ပြဇာတ်များကို ကြောက်လျက်နှင့်ပင် နားထောင်လိုကြ-ကြည့်ရှုလိုကြ ပုံကိုလည်းကောင်း, ဗီဘစ္ဆရသ၌လည်း တစ်ယောက်နှင့်တစ်ယောက် ရွံမုန်းနေသော အကြောင်းအရာ, ရွံစရာကောင်းပုံကို ဖွဲ့နွဲ့ထားသော

http://www.dhammadownload.com

ပျို့ကဗျာများကို နားထောင်လိုကြပုံကိုလည်းကောင်း ကြည့်၍ ထို အပြောအဆို သီချင်းအဖွဲ့အနွဲ့များ၌ ဆိုင်ရာအရသာများပါရှိကြောင်း, နားထောင်ရသူတို့မှာ နှစ်သက်မှုအရသာကို ခံစားရကြောင်း သိပါလေ။

အမှာ။ ။ရှေးနိဿယများ၌ အာနန္ဒ-ရသတို့ကို သုဒ္ဓကတ္တုသာဓ်, ဟေတုကတ္တုသာဓ်, ကမ္မသာဓ် ဝစနတ် ၃ မျိုးပြု၍ "နှစ်သက်တတ်-သာယာတတ်သောစိတ်, နှစ်သက်စေတတ်-သာယာစေတတ်သော အကြောင်းအရာ အဖွဲ့ဗန္ဓ, နှစ်သက်အပ်-သာယာအပ်သော အရသာ" ဟု ၃ မျိုး ခွဲခြား၍ အဓိပ္ပာယ် ရေးကြသေး၏။ ထိုအဓိပ္ပာယ်များ၌ "အာနန္ဒဿ ကာရဏာတ္တာ"စသည်ဖြင့် ဥပစာကို ဖွင့်သော ဋီကာနှင့် လည်းကောင်း "ရသီယတီတိ တည္ဆုတိ"ဟူသော (၃၅၃) ဂါထာ၏ ကမ္မသာဓနဝိဂြိုဟ်နှင့်လည်းကောင်း ညီ မညီကို စိစစ်ကြပါလေ။

ရှေ့နောက်အစဉ်။ ။ဤပြခဲ့သော စကားအစဉ်ဖြင့် ဌာယီဘာဝ စသည်တို့၏ သဘောများကို ပြ၍ ပြီးပြီ၊ ဌာယီဘာဝ စသည်တို့ကို ထုတ်ရာ၌ ဝိဘာဝနှစ်ပါးသည် ဌာယီဘာဝဖြစ်ခြင်း၏အကြောင်း ဖြစ်ရကား ထိုဝိဘာဝနှစ်ပါးကို ရှေးဦးစွာ ပြပါ၊ ထို့နောက် ဌာယီဘာဝကို ပြ၍, ထို့နောက်မှ ဌာယီဘာဝ၏အခြံအရံဖြစ်သော ဗျဘိစာရီဘာဝ, သတ္တိကဘာဝတို့ကို ရသင့်လျှင် ထုတ်ပါ၊ ထို့နောက် ဘာဝ၏အကျိုး ဖြစ်သော အနုဘာဝတို့ကို ထုတ်ပါ၊ ဝိဘာဝ အနုဘာဝ သတ္တိက ဗျဘိစာရီဘာဝတို့ဖြင့် တိုးပွားလာသော ဌာယီဘာဝကို ရသဟု ခေါ်ရကား ထိုဝိဘာဝစသော အားလုံး၏ နောက်ဆုံးမှ ရသကို ထုတ်ပြပါ။ [ဤကား များသောအားဖြင့် ထုတ်ရိုးအစဉ်တည်း၊ တစ်ရံတစ်ခါ၌မူ ထိုအစဉ်မကျဘဲလည်း ထုတ်ထားသည်ကို တွေ့ရသေး၏။]

[ဆောင်] နှစ်မျိုးကွဲကြ, ဝိဘာဝကို, အစရှေ့ဖျား, ထုတ်ကာထားလျက်, နောက်ပါးဌာယီ, ဆက်ဆက်မှီလော၊ စာရီဗျဘိ, နောက်သတ္တိလည်း, ရှိလျှင် ရှိထိုက်, ဆက်ပြထိုက်၏၊ သိုက်မြိုက်နောက်မှ, နုဘာဝကို, ပြ၍ပြီးသော်, ရသပေါ်သည်, စာတော်ပြန်တို့ မှတ်ဖွယ်ကို။

http://www.dhammadownload.com

ရတိဋ္ဌာယီဘာဝ၏သဘော

၃၅၆။ ရမ္မဒေသကလာကာလ–ဝေသာဒိ ပဋိသေဝနာ၊ ယုဝါန·ညောညရတ္တာနံ, ပမောဒေါ ရတိရုစ္စတေ။

၃၅၆။ ရမ္မဒေသကလာကာလဝေသာဒိ ပဋိသေဝနာ-မွေ့လျော်ဖွယ်ကောင်းသောအရပ်, သီဆိုတီးမှုတ်ခြင်း အစရှိသော ကလာ, မိုးဥတု အစရှိသော ကာလ, ပန်းပန်ခြင်း စသော အသွင်အပြင် အမူအရာ အစရှိသည်တို့ကို အဖန်ဖန် မှီဝဲရခြင်းကြောင့်၊ အညောညရတ္တာနံ-အချင်းချင်း ချစ်ကြိုက်ကြကုန်သော၊ ယုဝါနံ-လုလင်ပျို မိန်းမပျိုတို့၏၊ ပမောဒေါ-ဝမ်းမြောက်ကြည်နူး, ပျော်မြူးခြင်းကို၊ ရတိ-ရတိဟူ၍၊ ဥစ္စတေ-ဆိုအပ်၏။

၃၅၆။ ရမ္မဒေသ၊ပေ၊သေဝနာ။ ။ရမ္မပုဒ်ကို ဒေသ, ကလာ, ကာလ, ဝေသ ပုဒ်တိုင်း၌ စပ်၊ ရမ္မဒေသကို "ရမဏီယနိရာဝရဏသုစိပဝိတ္တဝါသာရဟဒေသော"ဟု ဖွင့်၏၊ [ရမဏီယ-မွေ့လျော်ဖွယ်ကောင်းသော+နိရာဝရဏ-သွားလိုရာ သွားနိုင်လောက်အောင် ပိတ်ဆို့တားဆီးခြင်းလည်း မရှိသော+သုစိ-သန့်ရှင်းစင်ကြယ်သော+ပဝိတ္တ-ဖြူစင်သော+ဝါသာရဟဒေသ-(ပြခဲ့သော ဂုဏ်များကြောင့်) နေထိုက်သော အရပ်၊] မွေ့လျော်ဖွယ်ကောင်းသော အိမ်, ဥယျာဉ်, ပန်းခြံ, ရေကန်, တော တောင်များကို "ရမ္မဒေသ"ဟု ဆိုလိုသည်။

ကလာ, ကာလ, ဝေသ။ ။ရမ္မဂီတိကာဒိ ကလာ-မွေ့လျော်ဖွယ် (နားထောင်ချင်ဖွယ်) ကောင်းသော သီချင်းစသော ကလာ၊ [တီးမှုတ်သံလည်း ကလာပင်တည်း၊] ရတိဇနနဝသန္တာဒိ အနုရူပကာလ-ပျော်မွေ့ခြင်းကို ဖြစ်စေတတ်သော မိုးဥတုစသော လျောက်ပတ်သော ကာလ၊ မာလာဂန္ဓာဒိ ဥပသောဘိတကိရိယာဒိ မနုညဝေသော-ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း စသော နှစ်သက်ဖွယ် အဆင်အပြင်, တင့်တယ်သော အပြုအမူစသော နှစ်သက်ဖွယ် အမူအရာ။ [ဤ၌ အဆင်အပြင်ကိုလည်းကောင်း, အမူအရာကိုလည်းကောင်း "ဝေသ"ဟု ဖွင့်ထားသည်၊] ဝေသာဒိ၌ အာဒိဖြင့် ချစ်စရာကောင်းသော သွားပုံ, ကြည့်ပုံ, ပြုံးပုံ, စကားပြောပုံ အမူအရာများကို ယူပါ။

http://www.dhammadownload.com

ပဋိသေဝနာ။ ။ကြမေသံ ဒိဋ္ဌသုတမုတာဒီသု ဒိဋ္ဌာဒိမတ္တံ အကတ္တာ-ဤရမ္မဒေသစသည်တို့ကို မြင်ရ, ကြားရ, ယာန ဇိဝှာ ကာယဝိညာဉ်တို့ဖြင့် နမ်း၍လျက်၍ ထို၍သိရ, မနောဝိညာဉ်ဖြင့် သိရသောအခါတို့၌ မြင်ကာမတ္တ, ကြားကာမတ္တ, သိကာမတ္တ မပြုဘဲ (မြင်ရုံတွင် မရပ်ဘဲ) ပညာယ တေန တေနာကာရေန ပုနပ္ပုနာနုဘဝနေန-စိတ်ကူးဉာဏ်ပညာဖြင့် ထိထို အခြင်းအရာအားဖြင့် အဖန်ဖန် ခံစားခြင်းကြောင့်၊ ပဋိသေဝနာ၌ ပဋိကို "ပုနပ္ပုနံ"ဟု ဖွင့်၍ သေဝနာကို "အနုဘဝနေန"ဟု အဓိပ္ပာယ်ဖွင့်သည်၊ ရမ္မဒေသ စသည်ကို တွေ့ကာမတ္တဖြင့် စိတ်ကို ရပ်မထားဘဲ ဆက်လက်၍ တွေးတောခြင်း-ဟူလို။

မှတ်ချက်။ ။ပါဠိတော်များ၌ လာသော နိမိတ္တဂ္ဂါဟ-ယောက်ျား၏ ပုံသဏ္ဌာန်, မိန်းမ၏ပုံသဏ္ဌာန်ကို "ဘယ်နည်း ဘယ်ပုံ လှသည်" စသည်ဖြင့် ရာဂစိတ်ဖြင့် ယူခြင်း၊ အနုဗျဉ္ဇနဂ္ဂါဟ-"မျက်လုံးက ဘယ်လို, မျက်ခုံးက ဘယ်နည်း"စသည်ဖြင့် ကိုယ်အင်္ဂါ အစိတ် အစိတ်ကို ရာဂစိတ်ဖြင့် ယူခြင်းကိုလည်း "တေန တေနာကာရေန"၌ သွင်းယူပါ။ [ဤပြခဲ့သော ရမ္မဒေသ စသော စကားရပ်ဖြင့် ရတိစိတ်ကို ထကြွစေတတ်သော ဥဒ္ဒီပနဝိဘာဝကို ပြ၏။]

ယုဝါ၊ပေ၊ရတိရုစ္စတေ။ ။ဤပါဠိ၌ ယုဝါန•ညောညရတ္တာနံဖြင့် အာလမ္ဗနဝိဘာဝကို ပြ၏၊ ယုဝသည် ယုဝတီ၏ အာလမ္ဗနဝိဘာဝ, ယုဝတီသည် ယုဝ၏ အာလမ္ဗနဝိဘာဝ ဖြစ်သည်-ဟူလို၊ ပမောဒေါ ရတိ ဖြင့် ရတိဌာယီဘာဝကို ပြ၏၊ ထိုရမ္မဒေသ စသည်ကို တွေ့ရခြင်း၏ လှုံ့ဆော်မှုကြောင့် အချင်းချင်း ရာဂစိတ် ဖြစ်နေကြသော လူလင်ပျိုနှင့် မိန်းမပျိုတို့၏ အလွန်နှစ်သက်မှု ပီတိကို "ရတိဌာယီဘာဝ"ဟု ခေါ်သည်-ဟူလို။

ဆက်ဦးအံ့။ ။များသောအားဖြင့် ယုဝ ယုဝတီတို့၏ ချစ်ကြိုက်မှုကလောကဌ ထင်ရှားသောကြောင့် "ယုဝါနံ"ဟု ဆိုသည်၊ မည်သည့် အရွယ်မဆို ယောက်ျား မိန်းမတို့၏ ချစ်ကြိုက်မှုကို "ရတိဌာယီဘာဝ"ဟု ဆိုနိုင်၏၊ ရမ္မဒေသ စသည်ဖြင့် မွေ့လျော်ဖွယ်ကို ပြထားခြင်းမှာလည်း ထိုဒေသ စသည်တို့က ရတိကို လှုံ့ဆော်တတ်သောကြောင့်တည်း၊ ဆိတ်ကွယ်ရာသို့ ရောက်ကြလျှင် ယောက်ျား မိန်းမတို့မှာ အချိန်မရွေး ချစ်ကြိုက်မှု ဖြစ်တတ်သည်သာ။

http://www.dhammadownload.com

သိင်္ဂါရရသဖြစ်ပုံနှင့်အပြား

၃၅၇။ ယုတျာ ဘာဝါနုဘာဝါ တေ, နိဗန္ဓာ ပေါသယန္တိ နံ၊
သောပျ·ယောဂဝိပွယောဂ–သမ္ဘောဂါနံ ဝသာ တိဓာ။

၃၅၇။ ယုတျာ-အသင့်ယုတ္တိအားဖြင့်၊ နိဗန္ဓာ-ဖွဲ့နွဲ့စီကုံးအပ်ကုန်သော၊ တေ ဘာဝါနုဘာဝါ-ထိုဗျဘိစာရီဘာဝ အနုဘာဝတို့သည်၊ နံ-ထိုရတိဌာယီဘာဝဟု ဆိုအပ်သော သိင်္ဂါရရသကို၊ ပေါသယန္တိ-တိုးပွားစေနိုင်ကုန်၏၊ သောပိ - ထို သိင်္ဂါရရသသည်လည်း၊ အယောဂ ဝိပွယောဂသမ္ဘောဂါနံ-မပေါင်းရသေးခိုက်, ချစ်ကြိုက်ခြင်းဟူသော အယောဂ, ချစ်ကြိုက်ပြီးမှ ကွေကွင်းရခြင်းဟူသော ဝိပွယောဂ, အတူတကွ ခံစားရခြင်းဟူသော သမ္ဘောဂတို့၏၊ ဝသာ-အပြားအားဖြင့်၊ တိဓာ- ၃ပါး ပြား၏။

၃၅၇။ ယုတျာ၊ပေ၊နံ။ ။ဤပုဗ္ဗဒ္ဓ ၂ ပါဒဖြင့် သိင်္ဂါရရသဖြစ်ပုံကို ပြ၏၊ မှန်၏၊-"ပေါသယ-တိုးပွားစေ"ဟူသည် ရသအဖြစ်သို့ ရောက်စေခြင်းတည်း၊ "ရတိဌာယီဘာဝနှင့် သင့်လျော်အောင် ကဝိစာဆိုတို့ ဖွဲ့စီအပ်-ယှဉ်တွဲ၍ ပြအပ်ကုန်သော ဗျဘိစာရီဘာဝနှင့် အနုဘာဝတို့သည် ထို ရတိဌာယီဘာဝကို သိင်္ဂါရအရသာ ပေါ်သည့်တိုင်အောင် တိုးပွားစေနိုင်ကြသည်"ဟူလို။

ယုတျာ။ ။["ရတျာ-ရတ္တိယာ"တို့ကဲ့သို့ ယုတ္တိယာနှင့်ယုတျာလည်း သဘောတူ၏၊] ထိုယုတ္တိဟူသည် သိင်္ဂါရရသနှင့် ယှဉ်စပ်တွဲဖက်ဖို့ရန် သင့်လျော်ခြင်းတည်း၊ မှန်၏-ဗျဘိစာရီဘာဝတို့တွင် အာလသိယ, ဥဂ္ဂတာ, ဇိဂုစ္ဆာတို့သည် သိင်္ဂါရရသနှင့် တွဲဖက်ဖို့ရန် မသင့်လျော်ကုန်၊ ပျင်းရိခြင်း, ထိတ်လန့်ခြင်း, ရွံရှာခြင်းတို့ ပါဝင်နေလျှင် ကိလေသာ မဖြစ်နိုင်-ဟူလို၊ သံကာ-"ငါချစ်သလို ချစ်မှ ချစ်ပါ့မလား"ဟု ယုံမှားခြင်း, ဥဿုက္က-ချစ်သူနှင့်တွေ့ဖို့ရန် အားထုတ်ခြင်း စသည်ကား ထို သိင်္ဂါရရသနှင့် ယှဉ်တွဲဖို့ရန် အသင့်ယုတ္တိရှိသော ဗျဘိစာရီဘာဝတို့တည်း၊ အနုဘာဝကို ဤနေရာ၌ ဋီကာတို့ မပြသော်လည်း ပြခဲ့သော ဘာဝအလင်္ကာ၏ ပုံစံ၌ "သဉ္စုမ္ဗယန္တိ သတတာဟိတသမ္ဘမေန"ဟု ပြခဲ့သည့်အတိုင်း ချစ်ကြိုက်၍ နမ်းစုပ်ခြင်း စသည်ကို အနုဘာဝ-ဟု ယူသင့်၏။

http://www.dhammadownload.com

မှတ်ချက်။ ။"ဘာဝါနုဘာဝါ"ဟု ဘာဝသာမည ဆိုထားသော်လည်း "နိဒ္ဒိဋ္ဌဗျဘိစာရီဘာဝေသု ရတ္တာနုရူပဗျဘိစာရီဘာဝါ"ဟူသော ဋီကာဖွင့်ကို ထောက်၍ ရတိဌာယီဘာဝနှင့် သင့်လျော်သော (သိင်္ဂါရရသကို တိုးပွားအောင် အားပေးသော) ဗျဘိစာရီဘာဝကိုသာ ဤဂါထာ၌ "ဘာဝ"ဟု ယူရသည်၊ သိင်္ဂါရရသကို မတိုးပွားစေနိုင်သော ထမ္ဘပလယ စသော သတ္တိကဘာဝတို့ကို မယူရ၊ အထည်ကိုယ်ဖြစ်သော ဌာယီဘာဝကိုကား "နံ"ဟူသော ကံပုဒ်ဖြင့် ယူထားသောကြောင့် "ဘာဝါနုဘာဝါ"ဟူသော ဤကတ္တားပုဒ်၌ ဘာဝအရ ဌာယီဘာဝကို ယူဖွယ် မလို-ဟု မှတ်။

နိဗန္ဓာ ပေါသယန္တိ နံ။ ။ယုတျာနိဗန္ဓာ-သိင်္ဂါရရသနှင့် သင့်လျော်အောင် (ယုတ္တိရှိအောင်) ဖွဲ့စီအပ်သော ထို ဗျဘိစာရီဘာဝ အနုဘာဝတို့သည် ထိုအဖွဲ့ကို မြင်ရ ကြားရသူ့အတွက် ဌာယီဘာဝကို တိုးပွားစေကုန်၏၊ "တိုးပွားစေ"ဟူသည်ကား ရတိဌာယီဘာဝကို သိင်္ဂါရအရသာ ပေါ်လာအောင် တိုးတက် ပွားများစေခြင်းတည်း၊ ထိုကဲ့သို့ တိုးပွားလာသော ရတိဌာယီဘာဝသည်သာ သိင်္ဂါရရသ ဖြစ်သည်-ဟူလို၊ ဤစကားဖြင့် ဌာယီဘာဝသာမည၌ အရသာ မပေါ်သေး, ထို ဌာယီဘာဝကို ဗျဘိစာရီဘာဝ သတ္တိကဘာဝ အနုဘာဝတို့ဖြင့် ဆင်ပြင်လိုက်မှ ဆိုင်ရာ အရသာ ပေါ်လာသည်-ဟု မှတ်။

ဋီကာ။ ။နိဗန္ဓာ-ကဝိဟိ ဗန္ဓာ၊ နံ-ရတိ၊ ပေါသယန္တိ-ယထာ (အကြောင်နည်းဖြင့် ဆင်ပြင်အပ်သည်ရှိသော်) တပ္ပကာသနေန (ထို ရတိကို ထင်ရှားပြခြင်းအားဖြင့်) ပူရေန္တိ သဒ္ဒေန္တိ၊ ဧဝံ (ဤပြည့်စေနိုင်, ဆင်ပြင်နိုင်လောက်အောင်သော အခြင်းအရာအားဖြင့်) သဒ္ဓိတော (ဆင်ပြင်အပ်သည်၊ သမာနော-ဖြစ်လတ်သော်၊ ဝါ-ဖြစ်မှ၊) ရတိ-သည်၊ သိင်္ဂါရော နာမ ရသော ဟောတိ-သိင်္ဂါရရသ ဖြစ်၏။

သောဗျ၊ပေ၊တိဓာ။ ။ဤ ၂ ပါဒဖြင့် သိင်္ဂါရရသ၏ "အယောဂ, ဝိပ္ပယောဂ, သမ္ဘောဂ"အားဖြင့် ၃ မျိုး ပြားကြောင်း ပြ၏၊ ထိုတွင် သမီးရည်းစားဘဝ၌ မပေါင်းရသေးသော (ပေါင်းဖို့ရန် မျှော်လင့်နေသော) ချစ်ကြိုက်ခြင်းသည် အယောဂ မည်၏၊ [အယောဂ-မယှဉ်ရ မပေါင်းရသေးသော ချစ်ကြိုက်ခြင်း၊) ထိထိရောက်ရောက် ပေါင်းသင်းဆက်ဆံလျက် ချစ်ကြိုက်ခြင်းသည် သမ္ဘောဂ မည်၏၊ မပေါင်းရမီ

http://www.dhammadownload.com

ဖြစ်စေ, ပေါင်းပြီးမှ ဖြစ်စေ (မုန်းကွဲ မဟုတ်) ချစ်ကွဲ-ကွဲနေရခြင်းသည် ဝိယောဂ မည်၏။ [ဋီကာဋ္ဌကား ပေါင်းပြီးမှ ကွဲရခြင်းသာ "ဝိယောဂ" ဟု ဆိုသည်၊ အဘိဓာန်ဋ္ဌ "အယောဂ" မပါ၊ သမ္ဘောဂ-ဝိပ္ပယောဂ နှစ်မျိုးသာ ပါ၏။]

အမှာ။ ။အရှင်သံဃရက္ခိတထေရ်သည် "သူတော်ကောင်းတရားတည်းဟူသော အမတရသဋ္ဌ မက်မောကြကုန်, စိတ်ထားစင်ကြယ်ကြကုန်, အကျင့်သာလျှင် ဥစ္စာဟု အယူရှိကြကုန်သော/ ယောဂီသူမွန် သီလဝန်ပုဂ္ဂိုလ်များအတွက် အမတရသမှတစ်ပါးသော သိဂ်ီရရသစသော ရသများကို သိရခြင်းဖြင့် အကျိုးမရှိ"ဟု ယူဆ၍ အကျယ်ပုံစံများကို မပြဘဲ ရသ၏ သဘောလက္ခဏာကို ပြသော သုတ်မျှကိုသာ ပြခဲ့ပေသည်၊ သို့သော် ပြယုဂ်ပုံစံမပါလျှင် အဓိပ္ပာယ် မသိသာသောကြောင့် ဋီကာ-နိဿယဆရာတို့ ပြယုဂ်ပုံစံ ထုတ်ပြခဲ့ကြသည်အားလျော်စွာ ဤဘာသာဋီကာဋ္ဌလည်း ထိုဋီကာ-နိဿယတို့မှ ယူ၍ ပြယုဂ်ပုံစံကို ထုတ်ပြပါဦးအံ့။

အယောဂသိဂ်ီရရသပုံစံ

အစ္ဆရာနံ ဒဿနေန, ရာဂဂ္ဂိ အဇ္ဇ ဒယ္ဟတိ၊
ကာမပင်္ကေ သံသီဒါမိ, ဓေယျံ နတ္ထိ မဟာမုနေ။

မဟာမုနေ-မုနိထွတ်တင်, အို...ရှင်တော်မြတ်ဘုရား၊ အစ္ဆရာနံ-နတ်သမီးတို့ကို၊ ဒဿနေန-မြင်ရခြင်းကြောင့်၊ အဇ္ဇ-ယခု၊ ရာဂဂ္ဂိ-ရာဂမီးသည်၊ ဒယ္ဟတိ-လောင်နေပါ၏၊ ကာမပင်္ကေ-ကာမတည်းဟူသော ညွှန်ဋ္ဌ၊ သံသီဒါမိ-နစ်မြုပ်နေပါ၏၊ ဓေယျံ-တည်ကြည်ခြင်းသည်၊ နတ္ထိ-မရှိတော့ပါ ဘုရား။ [အရှင်နန္ဒ က ဘုရားရှင်ကို လျှောက်သောဂါထာဖြစ်သည်၊ မူလက ဥပဇ္ဈာတိဂါထာကြီးကို ရွတ်၍ ချောအောင် ဝတ္တဂါထာ ပြင်လိုက်သည်။]

ဤဂါထာဋ္ဌ "အစ္ဆရာနံ ဒဿနေန"ပါဋ္ဌဖြင့် အာလမ္ဗနဝိဘာဝကို ပြ၏၊ နတ်သမီးသည် အရှင်နန္ဒ၏ အာရုံ ဖြစ်သည်-ဟူလို၊ နတ်သမီးတို့၏ အဆင်တန်ဆာ, ဥယျာဉ်, ရေကန်, ဘုံဗိမာန်ဟူသော ဥဒ္ဒိဝနဝိဘာဝကိုကား (ဂါထာဋ္ဌ တိုက်ရိုက်မပြသောကြောင့်) မှန်းဆ၍ သိအပ်၏၊ "ရာဂဂ္ဂိ အဇ္ဇ ဒယ္ဟတိ, ကာမပင်္ကေ သံသီဒါမိ"ပါဋ္ဌတို့ဖြင့် ရတိဌာယီဘာဝကို ပြ၏၊ "ဓေယျံ နတ္ထိ" ဟူသော ပါဋ္ဌဖြင့် စပလ

http://www.dhammadownload.com

(လျှပ်ပေါ်လော်လီခြင်း) ဗျဘိစာရီဘာဝကို ပြ၏၊ ["ဝေပထု-သတ္တိက ဘာဝတို့ကို ပြ၏"ဟု ဆိုကြသေးသည်ကား ထိုအချိန်၌ ဝေပထု မဖြစ်သောကြောင့် စဉ်းစားသင့်၏။] ဤစကားအားလုံးကို မြတ်စွာဘုရားအား လျှောက်ထား တိုင်တည်ခြင်းဟူသော ဝါစသိကဗျာပါရသည် အနုဘာဝ မည်၏၊ ဤသို့ ဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ရတိဌာယီဘာဝသည်ပင် ဤဂါထာကို ကြားနာရသူတို့၏ နှစ်သက်ဖွယ်ဟူသော သိဂ်ါရရသ ဖြစ်၏။

သုဝဏ္ဏစီရဝသနေ, ဇာတရူပသုမေခလေ၊
သုသောဏိ တဝ ကာမေဟိ, နာဟံ ရဇ္ဇေန မတ္ထိကော။

သုဝဏ္ဏစီရဝသနေ-ရွှေချည် ရွှေကြိုယ်တို့ဖြင့် စီခြယ်အပ်သော ခါးဝတ်ကိုလည်း ဝတ်ထသော၊ ဇာတရူပသုမေခလေ-ရွှေခါးပတ်ကိုလည်း ပတ်ထသော၊ သုသောဏိ-ကောင်းသော တင်ရှိသော အို... ပဘာဝတီ၊ တဝ-သင့်ကို၊ ကာမေဟိ-ချစ်ကြိုက်ခြင်းတို့ကြောင့်၊ အဟံ-ငါသည်၊ ရဇ္ဇေန-ကုသဝတီနိုင်ငံဖြင့်၊ န အတ္ထိကော-အလိုမရှိတော့ပြီ။ [ကုသမင်းက ပဘာဝတီကို ပြောသော ဂါထာ ဖြစ်သည်။]

ဤဂါထာ၌"သုဝဏ္ဏစီရဝသနေ, ဇာတရူပသုမေခလေ၊ သုသောဏိ" ပါဌ်တို့ဖြင့် ပဘာဝတီအပေါ်၌ အချစ်စိတ် တိုးစေတတ်သော ဥဒ္ဒီပန ဝိဘာဝကို ပြ၏၊ ဤ အဆင်တန်ဆာတို့ဖြင့် ဆင်ယင်အပ်သော ပဘာဝတီမင်းသမီးဒြပ်သည် အာလမ္ဗနဝိဘာဝတည်း၊ "ကာမေဟိ" ဟူသော ပါဌ်ဖြင့် ရတိဌာယီဘာဝကို ပြ၏၊ ဟရိသ (စိတ်ရွှင်လန်းခြင်း) စသော ဗျဘိစာရီဘာဝတို့ကိုလည်း မှန်းဆ၍ သိအပ်၏၊ "နာဟံ ရဇ္ဇေန မတ္ထိကော"ဟူသော ဝါစာသိကဗျာပါရဖြင့် အနုဘာဝကို ပြ၏၊ ဤသို့ ဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ရတိဌာယီဘာဝသည် သိဂ်ါရရသ ဖြစ်၏။

မှတ်ချက်။ ။ဤသုဝဏ္ဏစီရဝသနေ စသော ဂါထာကို ယောနိသယဉ် "အယောဂသိဂ်ါရရသ"ဟု ပုံစံထုတ်ပြသော်လည်း ကုသမင်းနှင့် ပဘာဝတီတို့ သမ္ဘောဂ ဖြစ်ပြီးနောက် ကွဲသွားပြီးမှ ပဘာဝတီနှင့် ခေတ္တခဏမျှ မျက်နှာချင်း ဆုံရာဝယ် ရွတ်ဆိုအပ်သောကြောင့် "သမ္ဘောဂပုံစံ"ဟု ဆိုလျှင် သာ၍ သင့်မည်ထင်သည်။

http://www.dhammadownload.com

ဝိယောဂ၏ ဝိဘာဝ, အနုဘာဝ။ ။"ဝိယောဂသဿ တု ပိယာနံ အဒဿနံ ဝိဘာဝေါ"ဟူသော စကားနှင့်အညီ ချစ်သူကို မမြင်ရ မတွေ့ရခြင်းသည် ဝိယောဂသိဂ်ီါရရသ၏ ဝိဘာဝဖြစ်၏၊ "အဘိလာပေါ တထာ စိန္တာ"စသော ဂါထာနှင့်အညီ အဘိလာပ, စိန္တာ, ဂုဏ်ကိတ္တန, ဥဒ္ဒေဂ, ဝိလာပ, ဥမ္မာဒ, ဗျာဓိ, ဇလတာ, မရဏ တို့သည် ဝိယောဂသိဂ်ီါရရသ၏ အနုဘာဝတို့တည်း။

ချဲ့ဦးအုံ–ချစ်သူနှင့် ကွဲရသောအခါ ချစ်သူ၏ ကျန်းမာ ချမ်းသာကြောင်းကို နှုတ်ဖြင့် ဆုတောင်းမှု-အဘိလာပ၊ နေရေးထိုင်ရေးစသည်တို့ကို တွေးတော စဉ်းစားမှု-စိန္တာ၊ စကားစပ်မိ၍ အခြားသူများနှင့် စကားပြောတိုင်း ချစ်သူ၏ စွမ်းရည်သတ္တိ ဂုဏ်များကို အားပါးတရ ထုတ်ဖော်၍ ပြောပြမှု-ဂုဏ်ကိတ္တနာ၊ ချစ်သူ့အတွက် အလွန်ဗျာများမှု-ဥဒ္ဒေဂ၊ လွမ်းဆွတ်လွန်းမက လွမ်းဆွတ်လှလျှင် စိတ်ထင်ရာ ဂယောင်ဂတမ်း မြည်တမ်းမှု-ဝိလာပ၊ အချို့ကား ပြန်၍ ပေါင်းရမည့် အခြေကို မမြင်ရတော့သဖြင့် ရူးသွပ်မှု-ဥမ္မာဒ၊ [မယားတ-ရူး, လင်တ-ရူးမျိုးတည်း၊] မရူးသော်လည်း ပိန်ခြုံး ကြုံလှို၍ မအီမသာ တရှောင်ရှောင် နှင့် မကျန်းမာ ဖြစ်နေမှု-ဗျာဓိ၊ တချို့ကား မှိုင်၍ မှိုင်၍ နေမှု-ဇလတာ၊ တချို့ကား စောင့်မျော်ရင်းနှင့် မျော်လင့်ချက် မရှိသောအခါ သေမှု-မရဏ၊ ဤအကျိုး (အနုဘာဝ)တို့ တစ်ပါးဖြစ်စေ, နှစ်ပါး သုံးပါး အများဖြစ်စေ ဖြစ်တတ်ကြလေသည်။

အဘိလာပေါ တထာ စိန္တာ, တဿ စ ဂုဏကိတ္တနာ၊
ဥဒ္ဒေဂေါ စ ဝိလာပေါ စ, ဥမ္မာဒေါ ဗျာဓိယေဝ စ၊
ဇလတာ မရဏဉ္စေဝ, ဒသာဝေတ္ထ ပကိတ္တိတာ။

(ကွတိ-ဤသို့) ဧတ္ထ-ဤဝိယောဂသိဂ်ီါရရသ၌၊ ဒသာဝ-ဆယ်ပါးသော အနုဘာဝတို့ကိုသာ၊ ပကိတ္တိတာ-ပြောပြအပ်ကုန်၏၊ [အနုဘာဝ ၁၀ ပါးဟု ဆိုသော်လည်း တစ်ပါး ရှာ၍ မတွေ့၊ စေ့စုံအောင် ကျမ်းရင်းသို့ လိုက်ကြပါကုန်၊] "ဇရာမရဏံ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ"ဟူသော ဒေသနာတော်နှင့်အညီ ဇရာမရဏစသည်တို့လည်း ဝိပ္ပယောဂသိဂ်ီါရရသ၏ အနုဘာဝများပင် ဖြစ်ကြသည်။

http://www.dhammadownload.com

ဝိယောဂသိဂ်ါရရသပုံစံ

သာ တတ္ထ ပရိဒေဝေသိ, ရာဇပုတ္တီ ယသသိနီ၊
သမ္မုလာ ဥတုမတ္တက္ခာ, ဝနေ နာထံ အပဿန္တီ။

ယသသိနီ-မိမိလင်ကို ပြုစုတတ်သဖြင့် ကောင်းမြတ်သတင်း ကျော်စောခြင်းရှိသော၊ သမ္မုလာ-သမ္မုလာမည်သော၊ သာ ရာဇပုတ္တီ-ထိုမင်းသမီးသည်၊ တတ္ထ ဝနေ-ထိုတော၌၊ နာထံ-မိမိကြင်ဖက် သောတ္ထိသေနကို၊ အပဿန္တီ-မတွေ့ရသည်ဖြစ်၍၊ ဥတုမတ္တက္ခာ-သောကလှိုက်ဆူ, မျက်ရည်ပူပြည့်, တွေဝေသော မျက်စိရှိသည်ဖြစ်၍၊ ပရိဒေဝေသိ-ငိုကြွေးရှာလေပြီ။

ဤဂါထာ၌ "နာထံ"ဟူသော ပါဠ်ဖြင့် အာလမ္မနဝိဘာဝကို ပြ၏၊ "အပဿန္တီ"ဟူသော ပါဠ်ဖြင့် ဥဒ္ဒီပနဝိဘာဝကို ပြ၏၊ "ပရိဒေဝေသိ" ဟူသော ပါဠ်ဖြင့် အနုဘာဝကို ပြ၏၊ သောတ္ထိသေနနှင့် သမ္မုလာ မင်းသမီးတို့၏ ချစ်ခြင်းကား ရတိဌာယီဘာဝတည်း၊ ထိုရတိဌာယီ ဘာဝသည် ဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားသောအခါ ချစ်ကွဲ-ကွဲရခြင်းဟူသော ဝိယောဂသိဂ်ါရရသ ဖြစ်၏။

ဒိသွာ ဘတ္တု ဘူသဏာနိ, ဝသနာနိ ဝီဏံပိ စ၊
ပရောဒိ ကန္တိကာနန္ဒာ, ဝိယောဂါ ကန္တနန္ဒတော။

ကန္တိကာနန္ဒာ- ချစ်ဖက်ကြင်ယာ, ရူပနန္ဒာသည်၊ ကန္တနန္ဒတော-ကြင်ဖက်တော် နန္ဒမင်းနှင့်၊ ဝါယောဂါ-ကွေကွင်းရခြင်းကြောင့်၊ ဘတ္တု-ကြင်ဖက်တော်နန္ဒမင်း၏၊ ဘူသဏာနိ-တန်ဆာတို့ကိုလည်းကောင်း၊ ဝသနာနိ-ဝတ်လဲတော်တို့ကိုလည်းကောင်း၊ ဝီဏံပိစ-တီးနေကျ စောင်းကိုလည်းကောင်း၊ ဒိသွာ-ကြည့်၍၊ ပရောဒိ-ငိုကြွေးရှာလေပြီ။[စံကျောင်းနိဿယလာ ဥပဇာတိဂါထာကို ပြင်ထားသော ဝတ္တဂါထာဖြစ်သည်။]

ဤဂါထာ၌ "ဘတ္တု-ကန္တနန္ဒတော"ပါဠ်တို့ဖြင့် အာလမ္မနဝိဘာဝကို ပြ၏၊ "ဝိယောဂါ, ဘူသဏာနိ, ဝသနာနိ, ဝီဏံ"ဟူသော ပါဠ်တို့ဖြင့် ဥဒ္ဒီပနဝိဘာဝကို ပြ၏၊ "ပရောဒိ"ဟူသော ပါဠ်ဖြင့် အနုဘာဝကို ပြ၏၊ ရူပနန္ဒာနှင့် နန္ဒမင်းသားတို့ ချစ်ခြင်းသည် ရတိဌာယီဘာဝတည်း၊ ဤသို့လျှင် ဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားမေအပ်သော ရတိဌာယီဘာဝသည် ဝိယောဂသိဂ်ါရရသ ဖြစ်၏။

http://www.dhammadownload.com

မှတ်ချက်။ ။ကျုပ်စံများသည် ရှေးနိဿယများ၌ လာသော ပုံစံများတည်း၊ ကျုပ်စံများ၌ ငိုရသော အခန်းများချည်း ဖြစ်၏၊ ထို့ကြောင့် မိမိဉာဏ်အမြင်အားဖြင့် သိဂီရရသ မထင်၊ သနားဖွယ်သာ ဖြစ်သောကြောင့် ကရုဏာရသသာ ထင်နေပါသည်၊ ထို့ကြောင့် ကွဲကွာ၍ နေစဉ် ချစ်သူ၏ဓာတ်ပုံ အိပ်ရာနေရာ အဝတ်တန်ဆာတို့ကို ကြည့်၍ သာယာနှစ်သက်မှုကိုသာ ဝိယောဂသိဂီရရသဟု ဆိုသင့်မည် ထင်သည်။

သမ္ဘောဂ၏ ဝိဘာဝ, အနုဘာဝ

ရမ္မဒေသ ကလာ ကာလ-စသည်ကို ဥဒ္ဒိပနဝိဘာဝ, ဣတ္ထိ-ပုရိသ-အချင်းချင်းကို အာလမ္ဗနဝိဘာဝဟု ဆိုခဲ့ပြီ၊ မိန်းမ ယောကျ်ားတို့၌ ရရှိမြဲဖြစ်သော အဆင်း, အသံ, မွှေးကြိုင်လှသော အနံ့, ချက်ပြုတ်ကျွေးသော အရသာ, အထိအတွေ့ဟူသော အာရုံငါးပါး ကာမဂုဏ်များလည်း အချစ်ကို တိုးပွားစေတတ်သော ဥဒ္ဒိပနဝိဘာဝပင်တည်း၊ အနုဘာဝတို့ကား-လောစနစာတုရ (မျက်စိ၏ ရွှင်လန်းကြည်လင်ခြင်း) ဘမုက္ခေပ (မျက်ခုံးမြှောက်ခြင်း=မျက်စပစ်ခြင်း) သိတ (ပြုံးရယ်ခြင်း) ဝိဇ္ဇမ (တင့်တယ်သော အမူအရာ) စိတ္တ (စိတ်၏ကြည်လင်ခြင်း) အင်္ဂ (ကိုယ်လက်အင်္ဂါကို ပြုပြင်ခြင်း) ဟာရိဝါကျ (ချစ်နှစ်သက်ဖွယ်စကားကို ပြောခြင်း) စသည်တို့တည်း၊ မှန်၏-ချစ်သူနှစ်ယောက်တို့ ပေါင်းဆုံမှု သမ္ဘောဂကို ပြုရသောအခါ ထိုအကျိုး အနုဘာဝတို့ ဖြစ်တတ်ကြလေသည်။

တဿ လောစနစာတုရ-ဘမုက္ခေပသိတဝိဇ္ဇမာ၊
စိတ္တင်္ဟာရိဝါကျာဒီ, အနုဘာဝေါ ပကိတ္တိတာ။

တဿ-ထိုသမ္ဘောဂ၏ သိဂီရရသ၏၊ လောစနစာတုရဘမုက္ခေပသိတဝိဇ္ဇမာ-မျက်စိ၏ ရွှင်လန်းကြည်လင်ခြင်း, မျက်စပစ်ခြင်း, ပြုံးရယ်ခြင်း, တင့်တယ်သော အမူအရာတို့ကိုလည်းကောင်း၊ စိတ္တင်္ဟာရိဝါကျာဒီ-စိတ်နှလုံးကို ကြည်လင်စေခြင်း, ကိုယ်လက်အင်္ဂါတို့ကို ပြုပြင်ခြင်း, ချစ်ဖွယ်စကားကို ပြောခြင်း အစရှိသည်တို့ကိုလည်းကောင်း၊ အနုဘာဝေါ-အနုဘာဝဟူ၍၊ ပကိတ္တိတာ-ဆိုအပ်ကုန်ပြီ။

http://www.dhammadownload.com

ထို့ပြင်-ကုဏ္ဍာလဇာတ်တော်၌ လာသော (လင်ကြီး အနားမှာ နေလျက် အခြား ယောကျ်ားကို မြူလိုသော သဘောဖြင့် ပြုအပ်သော) အမူအရာတို့ကို ယောနိဿယ၌ အနုဘာဝအဖြစ်ဖြင့် ပြထားသေး၏၊ ထိုအမူအရာတို့ကို **"မာယာလေးဆယ်"**ဟုလည်း ပြောစမှတ် ပြုကြ၏၊ ထိုမာယာတို့ကား-

ဝိဇ္ဇမတိ-တင့်တယ်စံပယ်သော အမူအရာကို ပြု၏၊ ဝိနမတိ-တစ်စုံတစ်ခုကို တမင်ချ၍ ကျောပြင်ကို မြင်စေခြင်းငှာ ကုန်းညွတ်၍ ကောက်၏၊ ဝိလာသတိ-ကိုယ်အမူအရာ, အဆင်တန်ဆာတို့ဖြင့် တင့်တယ်အောင် ပြု၍ ပြ၏၊ ဝိလဇ္ဇတိ-ရှက်ဟန်ပြု၏၊ နခေန နခံ ဃဋ္ဋေတိ-လက်သည်းတစ်ခုဖြင့် တစ်ခုကို (လက်သည်း အချင်းချင်း) ပွတ်တိုက်၏၊ ပါဒေန ပါဒံ အက္ကမတိ-ခြေတစ်ဖက်ဖြင့် ခြေတစ်ဖက်ကို နင်း၏၊ ကဋ္ဌေန-တုတ်ချောင်းဖြင့်၊ ပထဝိံ လိခတိ-မြေကြီးကို ခြစ်၏၊ ဒါရကံ-ကလေးကို၊ ဥလ္လဃ်တိ-ချီ၏၊ သိဃ်တိ-နှမ်း၏၊ သိဃ်ာပေတိ-အနမ်းခိုင်း၏။

ကီဠတိ-မိမိကိုယ်တိုင် ကလေးကို ကစား၏၊ ကီဠာပေတိ-ကလေးကို ကစားစေ၏၊ စုမ္ဗတိ-ကလေး၏ ပါးပြင်စသည်ကို စုပ်၏၊ ဘုဉ္ဇတိ-စားဟန်ပြု၏၊ ဘုဉ္ဇာပေတိ-ကလေးကို အစားခိုင်း၏၊ ဒဒါတိ-တစ်စုံတစ်ခုကို ကလေးအား ပေး၏၊ ယာစတိ-ကလေးလက်၌ ရှိသော တစ်စုံတစ်ခု အရာဝတ္ထုကို တောင်း၏၊ ကတမနုကရောတိ-ကလေးပြုအပ်သော အမူအရာအတိုင်း အတုလိုက်၍ပြု၏၊ ဥစ္စံ ဘာသတိ-ကျယ်သော အသံ (တစ်နည်း-ချီးမွမ်းစကား)ကို ပြောဆို၏။

နီစံ ဘာသတိ-တိုးတိုးတိတ်တိတ်အသံ (တစ်နည်း-ရှုတ်ချသော စကား)ကို ပြောဆို၏၊ အဝိဝိစ္စံ ဘာသတိ-မဖုံးမကွယ် တိုက်ရိုက်(တဲ့တိုး) ပြောဆို၏၊ ဝိဝိစ္စံ ဘာသတိ-လျှို့ဝှက် လှည့်ပတ်အပ်သောစကားကို ပြောဆို၏၊ နစ္စေန-ကခြင်းဖြင့်လည်းကောင်း၊ ဂီတေန-သီချင်းဆိုခြင်းဖြင့်လည်းကောင်း၊ ရောဒိတေန-ငိုခြင်းဖြင့်လည်းကောင်း၊ နိမိတ္တံ-ချစ်ကြိုက်ခြင်း၏အမှတ်အသား အရိပ်နိမိတ်ကို၊ ကရောတိ-ပြု၏၊ ဇဃတိ-အသံကျယ်စွာ ရယ်၏၊ ပေက္ခတိ-စူးစူးစိုက်စိုက် ကြည့်၏၊ ကဋ္ဌံ စာလေတိ-ခါးကို နွဲ့၍, လှုပ်ပြ၏၊ ဂုယှဘဏ္ဍကံ-လျှို့ဝှက်အပ်သော ဘဏ္ဍာကို၊ သဉ္စာလေတိ-လှုပ်၍ ပြ၏၊ ဥရုံ ဝိဝရတိ-ပေါင်ကို ဖော်၏၊ ဥရုံ ပိဒဟတိ-ပေါင်ကို ဖုံး၏။

http://www.dhammadownload.com

ထနံ ဒသေတိ-သားမြတ်ကို ဖော်ပြ၏၊ ကစ္ဆံ ဒသေတိ-လက်ကတီး (ခိုင်းကြား)ကို မြွောက်ပြ၏၊ အက္ခိံ နိမေသတိ-မျက်စိကို မှိတ်ပြ၏၊ ဘမုကံ ဥက္ခိပတိ-မျက်စပစ်၏၊ သြဋ္ဌံ ဥပလိခတိ-နှုတ်ခမ်းကို သွားဖြင့် ကိုက်၍ ပြ၏၊ ဇိဝှံ နိလ္လာဠေတိ-လျှာထုတ်ပြ၏၊ ဒုဿံ မုဉ္စတိ-အဝတ် ကျွတ်ဟန်ပြု၏၊ ဒုဿံ ပတိဗန္ဓတိ-အဝတ်ကို ပြင်၍ ဝတ်၏၊ သိရသံ မုဉ္စတိ-ဆံထုံးကို ဖြေ၏၊ သိရသံ ဗန္ဓတိ-ဆံပင်ကို ပြင်၍ ထုံး၏။

မှတ်ချက်။ ။ပြခဲ့သော အမူအရာ လေးဆယ်ကို ချစ်ကြိုက်ခြင်း၏ အကျိုးကို ပြသော အနုဘာဝများဟု ဆိုထားသော်လည်း ထိုအမူအရာ များကို ပြုတိုင်း "ငါ့ကို ချစ်နေပြီ"ဟု မမှတ်သင့်၊ အကြောင်းအားလျော်စွာ သူ့ဘာသာ ပြုနေသည်လည်း ရှိတတ်သေး၏၊ မိန်းမတို့၏ အတွင်း သဘောကို (သာမန်လူကို မဆိုထားဘိ) ကမ္မဋ္ဌာန်းပေါက်ပြီး ယောဂီကြီး များပင် မသိနိုင်ကြဟု ဟိတောပဒေသ၌ ဆိုသည်။

ယဒန္တော နု တဇ္ဇီဝှာယံ, ယဇ္ဇီဝှာယံ နု တံ ဗဟိ၊
ယဒ္ဓိတံ တံ နု ကုဗ္ဗန္တိ, ဝိစိတ္တစရိတာ ထိယော။

ယံ-အကြောင်စိတ်ကူးချက်သည်၊ အန္တော-စိတ်တွင်း၌၊ (ဟောတိ-ဖြစ်၏၊) တံ-ထိုစိတ်ကူးချက်သည်၊ နု ဇိဝှာယံ-လျှာပေါ်၌ မရောက်လာ၊ ယံ-အကြောင်အကြောင်းအရာသည်၊ ဇိဝှာယံ-လျှာပေါ်၌ ရောက်လာ၏၊ တံ-ထိုလျှာပေါ်၌ ရောက်လာသောအကြောင်းအရာကို၊ နု ဗဟိ-အပြင်ဘက်၌ အသံမထုတ်ကြကုန်၊ ယံ-အကြောင်အကြောင်းအရာကို၊ ဓိတံ-အသံဖြင့် ထုတ်ဖော်ပြောပြအပ်ပြီ၊ တံ-ထိုပြောပြအပ်သော အကြောင်းအရာကို၊ နု ကုဗ္ဗန္တိ-ပြောတိုင်း မလုပ်ကြကုန်၊ ထိယော-မိန်းမတို့သည်၊ ဝိစိတ္တ စရိတာ-ဆန်းကြယ်သောအကျင့် ရှိကြကုန်၏။

သမ္ဘောဂသိဂ်ါရရသပုံစံ

ဂိတသရေန ကမိုယ, ဗန္ဓံ ကရီဝံ ဝိဝသံ၊
ယာ မံ ဒုက္ကရေ နိယော ဇေသိ, လဒ္ဓါ သေရန္ဒတီ မယာ။

ဂိတသရေန-သီချင်းသံဖြင့်၊ ကမိုယ-အနီးသို့ ဆွဲငင်၍၊ ဗန္ဓံ-ကြိုးဖြင့် ဖွဲ့ချည်အပ်သော၊ ဝါ-ကြိုးဖြင့် ဖွဲ့ချည်ခံရသည်ဖြစ်၍၊ ဝိဝသံ-မိမိ အလိုမ့ကင်းသော၊ ဝါ-မိမိ အလိုအတိုင်း မဖြစ်ရသော၊ ကရီဝံ-ဆင်ပြောင်ကြီး ကိုကဲ့သို့၊ ယာ - အကြင် ဣရန္ဒတီသည်၊ (ဂိတသရေန - သီချင်းသံဖြင့်၊

http://www.dhammadownload.com

ကမိုယ-၍၊ ဗန္ဓံ-ကာမနှောင်ကြိုးဖြင့် ဖွဲ့ချည်အပ်သော၊ ဝါ-ကာမနှောင်ကြိုးဖြင့် ဖွဲ့ချည်ခံရသည်ဖြစ်၍၊ ဝိဝသံ-သော၊) မံ-ငါ့ကို၊ ဒုက္ကရေ-ပြုနိုင်ခဲသောအမှုဌ၌၊ [ဝိဝုရသုခမိန်ကို ဆောင်ယူမှုဌ၌၊] နိယောဇေသိ-စေခိုင်းပြီ၊ သာ ကျရန္ဒတီ-သိုက္ကရန္ဒတီမည်သော နဂါးပျိုမကို၊ မယာ-ငါသည်၊ လဒ္ဓါ-ရအပ်ပြီ။ [ဤဂါထာကား ဋ္ဌီကာသစ်လာ ၁၄ လုံးဖွဲ့ဝသန္တတိလကာ ဂါထာကို ပြင်ထားသော ဝတ္တဂါထာ ဖြစ်သည်။]

ဤဂါထာ၌ "ဂီတသရေန"ပါဌ်ဖြင့် ဥဒ္ဒိပနဝိဘာဝကို ပြ၏၊ "သာ ကျရန္ဒတီ မယာ"ပါဌ်ဖြင့် အာလမ္ဗနဝိဘာဝကို ပြ၏၊ "ကမိုယ, ဗန္ဓံ, ဝိဝသံ" ပါဌ်တို့ဖြင့် ရတိဌာယီဘာဝကို ပြ၏၊ "ဒုက္ကရေ နိယောဇေသိ"ပါဌ်တို့ဖြင့် ဥဿုက္က စသော ဗျဘိစာရီဘာဝ၊ "လဒ္ဓါ မယာ"ပါဌ်ဖြင့် ဟရိသ စသော ဗျဘိစာရီဘာဝတို့ကို ပြ၏၊ ရတိဌာယီဘာဝ၏ ထင်ရှားတိုးပွားစေခြင်းငှာ "ဂီတသရေန" အစရှိသည်ဖြင့် ဖွဲ့နွဲ့ရွတ်ဆိုကြကုန်သော ကဗျာဆရာတို့၏ ဝါစသိကပယောဂ, ကချေသည်တို့၏ ကပြမှုဟူသော ကာယိကဗျာပါရတို့သည်ကား အနုဘာဝတို့ မည်၏၊ ဤသို့ ဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ရတိဌာယီဘာဝသည် သမ္ဘောဂသိဂ်ါရရသ ဖြစ်၏။

သော စ ဇပဂေန နိက္ခမ္မ, ဆေတ္တာ ဒန္ဓပဒက္ကမ်၊
တ•မုတ္တမာသု ဝေဏီသု, အဇ္ဈပတ္တော ပရာမသိ။

တ•မုဒါဝတ္တ ကလျာဏီ, ပလိဿဇို သုသောဘိနီ၊
စဝိ တမှာ ဗြဟ္မစရိယာ, ယထာ တံ အထ တောသိတာ။

သော စ-ထိုက္ကသိသိဂ်ရသ္မေကလေးသည်လည်း၊ ဒန္ဓပဒက္ကမ်-ဖြေးနှေးသော ခြေလှမ်းကို၊ ဆေတ္တာ-ဖြတ်၍၊ ဝေဂေန-အလျင်အမြန်အားဖြင့်၊ နိက္ခမ္မ-ထွက်ခါ လိုက်၍၊ တံ-ထို အလမ္ဗုသာ နတ်သမီးအနီးသို့၊ အဇ္ဈပတ္တော - ရောက်သည် ဖြစ်၍၊ ဥတ္တမာသု - ကောင်းမြတ်ကုန်သော၊ ဝေဏီသု- ဆံအစုတို့၌၊ ပရာမသိ- သုံးသပ် ကိုင်ဆွဲပြီ၊ ကလျာဏီ- ကောင်းခြင်းငါးပါးရှိသော၊ သုသောဘိနီ-လှပတင့်တယ်သော အလမ္ဗုသာ နတ်သမီးသည်၊ တံ-ထို က္ကသိသိဂ်ရသ္မေကလေးကို၊ ဥဒါဝတ္တ-ပြန်လည်၍၊ ပလိဿဇို-ပွေ့ဖက်ပြီ၊ ယထာ-အကြင်အခြင်းအရာအားဖြင့်၊ (သက္ကေန-

http://www.dhammadownload.com

သိကြားသည်၊ အာသိတာ-တောင့်တအပ်ပြီ၊ တထာ-ထိုတောင့်တိုင်းသော အခြင်းအရာအားဖြင့်) တမှာ ဗြဟ္မစရိယာ-ထိုရအပ်ပြီးသောစျာန်မှ၊ စဝိ-ရွှေ့လျောလေပြီ။ [တံ-အနက်မရှိ] အထ-ရသေ့ကလေး စျာန်လျောရာ, ထိုအခါ၌၊ တောသိတာ-အလမ္ဘုသာနတ်သမီး နှစ်သက်အားရလေပြီ။

ဤဂါထာ၌ "ဥတ္တမာသု ဝေဏီသု"ပါဠိတို့ဖြင့် ချစ်ခြင်းကို တိုးစေတတ်သော ဥဒ္ဒိပနဝိဘာဝကို ပြ၏၊ "သော, ကလျာဏီ သုသောဘိနိ"ပါဠိတို့ဖြင့် အာလမ္ဗနဝိဘာဝကို ပြ၏၊ "ဝေဂေန နိက္ခမ္မ, ဆေတွာ ဒန္ဓပဒဏ္ဍမံ" ပါဠိတို့ဖြင့် ဥဿုကဗျဘိစာရီဘာဝကို ပြ၏၊ "ပရာမသိ, ပလိဿဇိ"ပါဠိတို့ဖြင့် ရတိဌာယီဘာဝကို ပြ၏၊ "စဝိ တမှာ ဗြဟ္မစရိယာ"ပါဠိတို့ဖြင့် အနုဘာဝကို ပြ၏၊ ထိုရတိဌာယီဘာဝသည် ဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သောအခါ သင်္ဂောဂသိဂ်ါရရသ ဖြစ်၏၊ တစ်နည်း-ထိုအဖွဲ့ဗန္ဓကို အစဉ်လိုက်၍ စဉ်းစားသူတို့၌ နှစ်သက်မှု ပီတိသည် မုချ သင်္ဂောဂသိဂ်ါရရသတည်း၊ ထိုရသကို အကြောင်းပြု၍ အဖွဲ့ဗန္ဓလည်း ဖလူပစာရအားဖြင့် သိဂ်ါရရသ မည်၏။

ပိဏ်ပယောဓရံ ကန္တိ, ပဿံ ကင်္ခေန သုန္ဒရိ၊
န တပ္ပေ နန္ဒော ဧကေန, ဇလံ ပိဝံဝ ပါဏိနာ။

ပိဏ်ပယောဓရံ-ပြည့်ဖြိုးသော သားမြတ်ရှိသော၊ ကန္တိ-နှစ်သက်ဖွယ်ကောင်းသော၊ သုန္ဒရိ-သုန္ဒရီမင်းသမီးကို၊ ကင်္ခေန-သေးငယ်သော မျက်လုံးဖြင့်၊ [ထူး၍ သေးငယ်သည် မဟုတ်ပါ၊ မျက်စိဖြင့် ကြည့်ရတာ အားမရသောကြောင့် "မျက်လုံးကလေးဖြင့်" ဟု ဆိုသည်၊] ပဿံ (ပဿန္တော)-ကြည့်ရသော၊ နန္ဒော-နန္ဒမင်းသားသည်၊ ဧကေန ပါဏိနာ-လက်တစ်ဖက်ဖြင့်၊ ဇလံ-ရေကို၊ ပိဝံ (ပိဝန္တော) ဂ္ဂဝ-သောက်ရသကဲ့သို့၊ န တပ္ပေ-တင်းမတိမ် အားမရနိုင်။ [စံကျောင်းနိဿယလာ "အာချာနကီ" ဟုလည်း အမည်ရ, "ဥပဇာတိ" ဟုလည်း အမည်ရသော ဂါထာကို ပြင်ထားသည်။]

ဤဂါထာ၌ "ပိဏ်ပယောဓရံ, ကန္တိ"ဖြင့် ဥဒ္ဒိပနဝိဘာဝကို ပြ၏၊ သုန္ဒရီဖြင့် အာလမ္ဗနဝိဘာဝကို ပြ၏၊ "ပဿံ"ဟူသော ပါဠိဖြင့် ရတိဌာယီဘာဝကို ပြ၏၊ "န တပ္ပေ"ဟူသောပါဠိဖြင့် အနုဘာဝကို ပြ၏၊

http://www.dhammadownload.com

ဤသို့ ဘာဝ, ဝိဘာဝ, အနုဘာဝ တို့ဖြင့် တိုးပွားစေအပ်သော ရတိ ဌာယီဘာဝသည် သင်္ဂောဂသိဒ္ဓိရရသ ဖြစ်၏။ [ရှေးနည်းအတိုင်း တစ်နည်း ပြင်၍လည်း ရသကို ဆို။]

အမှာ။ ။"မည်သည့် ပါဠိဖြင့် မည်သည့် အရာကို ပြ၏"ဟု ဆို၍ ဝိဘာဝ စသည်ကို ထုတ်ခြင်းသည် "ကွမာဟိ ပဒါဝဋ္ဌိဟိ (.....) ဒဿိတော"ဟူသော ဋီကာကို လိုက်၍ ပြခြင်းတည်း၊ ထိုသို့ မဆိုဘဲ "ပြည့်ဖြိုးသော သားမြတ်, ချစ်ဖွယ်ကောင်းသော အမူအရာသည် ဥဒ္ဒိပန ဝိဘာဝ၊ သုန္ဒရီမင်းသမီးသည် အာလမ္ဗနဝိဘာဝ၊ ကြည့်ခြင်းသည် ရတိ ဌာယီဘာဝ၊ ကြည့်၍ အားမရခြင်းသည် အနုဘာဝ" ဤသို့လည်း သရုပ်သကောင် ပေါ်အောင် ဝိဘာဝ စသည်ကို ထုတ်ပြနိုင်ပါသည်။

ဓမ္မသိဒ္ဓိရရသ။ ။"ဓမ္မယုဒ္ဓကာမတ္တေန တိဝိဓော ဟိ သိဒ္ဓိရော= သိဒ္ဓိရသည် ဓမ္မသိဒ္ဓိရ, ယုဒ္ဓသိဒ္ဓိရ, ကာမသိဒ္ဓိရ အားဖြင့် ၃ ပါး အပြားရှိ၏"ဟူသော မာဂဓအဘိဓာန်ဋီကာ အလိုအားဖြင့် ပြခဲ့သော သိဒ္ဓိရတို့သည် ကာမသိဒ္ဓိရရသများသာတည်း၊ ဓမ္မသိဒ္ဓိရအတွက် အောက်ပါပုံစံကို စံကျောင်းနိဿယ၌ ထုတ်ပြထား၏။

နီလ•ဗ္ဘကူဋ္ဌသဒိသာ, ကူဋ္ဌာဂါရဝရူပမာ၊
ဝရဏာဘိရူဒါ ရမ္မာ, တေ သေလာ ရာမယန္တိ မံ။

န ပဗ္ဗတိကေန တူရိယေန, ရတိ မေ ဟောတိ တာဒိသီ၊
ယထာ ဧကဂ္ဂစိတ္တဿ, သမ္မ ဓမ္မံ ဝိပဿတော။

နီလဗ္ဘကူဋ္ဌသဒိသာ-ညိုညိုမျောင်မျောင်, တိမ်တောင် တိမ်ထွတ်နှင့် အလားတူကုန်ထသော၊ ကူဋ္ဌာဂါရဝရူပမာ-စုလစ်မွန်းခွန် အထွတ်တပ်သည့်, ကောင်းမြတ်သော အိမ်ကြီးတို့နှင့်လည်း တူကုန်ထသော၊ ဝရဏာဘိရူဒါ-တောဆင်ကြီးတို့, မြည်ဟီးရာလည်း ဖြစ်ကုန်ထသော၊ ရမ္မာ-နှလုံးမွေ့လျော်, ပျော်ဖွယ်ရာ ကောင်းကုန်ထသော၊ တေ သေလာ-ထို တောင်ကြီးတို့သည်၊ မံ-ငါ့ကို၊ ရာမယန္တိ-မွေ့လျော်စေကြကုန်၏။

ဧကဂ္ဂစိတ္တဿ - တည်ကြည်သော စိတ်ရှိသည် ဖြစ်၍၊ သမ္မာ - ကောင်းစွာ၊ ဓမ္မံ- ရုပ်နာမ်တရားကို၊ ဝိပဿတော - ဝိပဿနာ ရှုသော၊

http://www.dhammadownload.com

မေ-ငါ့၏၊ ဝါ-ငါ့မှာ၊ ရတိ-မွေ့လျော်ခြင်းသည်၊ ဟောတိ ယထာ-ဖြစ်သကဲ့သို့၊ (တထာ-ထို့အတူ၊) မေ-ငါ၏၊ တာဒိသီ-ထိုကဲ့သို့ သဘော ရှိသော၊ ရတိ-မွေ့လျော်ခြင်းသည်၊ ပဋိကေန-အင်္ဂါငါးပါး ရှိသော၊ တူရိယေန-တူရိယာကြောင့်၊ န ဟောတိ-မဖြစ်။

ဤဂါထာ၌ "တောင်ကြီးတို့သည် အာလမ္ဗနဝိဘာဝ၊ ညို့ညို့မှိုင်းမှိုင်း အဆင်းအရောင်, ကူဋာဂါရနှင့် တူသော ပုံသဏ္ဌာန် အခြင်းအရာ, တောဆင်ကြီးတို့၏ မြည်ဟီးသံတို့သည် ဥဒ္ဒိပနဝိဘာဝတို့တည်း၊ အရှင်မဟာကဿပထေရ်၏ တောမြိုင်ထဲ၌ မွေ့လျော်တော်မူခြင်းသည် ဓမ္မရတိဌာယီဘာဝတည်း၊ ရွှင်လန်းခြင်း စသော ဗျဘိစာရီဘာဝကိုကား တိုက်ရိုက် မပါသောကြောင့် မှန်းဆ၍ သိအပ်ကုန်၏၊ ထိုသို့ မွေ့လျော်သည့်အတွက် ဧကဂ္ဂတာစိတ်ဖြင့် ဝိပဿနာအာရုံပြု၍ နေနိုင်ခြင်းသည် အနုဘာဝတည်း၊ ထိဘာဝ, ဝိဘာဝ, အနုဘာဝ တို့ဖြင့် တိုးပွားစေအပ်သော ရတိဌာယီဘာဝသည် ဓမ္မသိဂ်ါရရသ ဖြစ်၏။

အမှာ။ ။စံကျောင်းနိဿယ၌ "တောင်ကြီးတို့သည် ဥဒ္ဒိပနဝိဘာဝ၊ သမထ၏အာရုံဖြစ်သော ကမ္မဋ္ဌာန်း ၄၀, ဝိပဿနာ၏အာရုံဖြစ်သော လောကီ ခန္ဓာ ၅ ပါး, မဂ် ဖိုလ်၏ အာရုံဖြစ်သော နိဗ္ဗာန်တို့သည် အာလမ္ဗနဝိဘာဝ၊ မွေ့လျော်ခြင်းသည် ဓမ္မရတိဌာယီဘာဝ၊ ဤဓမ္မရတိကို သိကြောင်းဖြစ်သော ကမ္မဋ္ဌာန်းစီးဖြန်းသော အရှင်မဟာကဿပ ထေရ်၏ ကာယပယောဂ, ဝစီပယောဂ တို့သည် အာနုဘာဝမည်၏"ဟု ကောက်ပြ၏၊ နှစ်သက်ရာ ယူကြပါလေ။

မှတ်ချက်။ ။သမဋ္ဌာယီဘာဝ, သန္တရသကို သီးခြားမပြသော ကျမ်းများ၏ အလိုအားဖြင့်သာ ပြခဲ့သော ပုံစံကို ဓမ္မသိဂ်ါရရသ၏ ပုံစံဟု ဆိုသင့်၏၊ သမဋ္ဌာယီဘာဝ, သန္တရသကို သီးခြားပြသော ဤအလင်္ကာကျမ်း အလိုအားဖြင့်ကား ထိုပုံစံသည် သန္တရသ၏ ပုံစံသာ ဖြစ်သင့်၏၊ ယုဒ္ဓသိဂ်ါရရသ ဟူသည်လည်း လာလတ္တံ့သော ယုဒ္ဓဝီရပင်တည်း။

http://www.dhammadownload.com

ဟာသဌာယီဘာဝ, ဟဿရသ

၃၅၈။ ဝိကာရာကတိအာဒီဟိ, အတ္တနောထ ပရဿ ဝါ၊
ဟာသော နိဒ္ဒါသမာလသျ-မုစ္ဆာဒီဗျဘိစာရိဘိ၊
ပရိပေါသေ သိယာ ဟဿော, ဘိယျောတ္ထိပ္ပဘုတိနံ သော။

၃၅၈။ ဝိကာရာကတိအာဒီဟိ-ပင်ကိုသဘောမှ ထူးခြားသော အမူအရာ အစရှိသည်တို့ကြောင့်၊ အတ္တနော ဝါ-မိမိ၏လည်းကောင်း၊ အထ-ထိုမှတစ်ပါး၊ ပရဿ ဝါ-သူတစ်ပါး၏လည်းကောင်း၊ ဟာသော-ရယ်ရွှင်ခြင်းဟူသော ဟာသဌာယီဘာဝသည်၊ နိဒ္ဒါသမာလသျမုစ္ဆာဒီဗျဘိစာရိဘိ-ငိုက်မြည်းခြင်း, ပင်ပန်းခြင်း, ပျင်းရိသူ၏အဖြစ်, တွေဝေခြင်း အစရှိသော အနုဘာဝ, နိဒ္ဒါ အစရှိသော ဗျဘိစာရီဘာဝတို့ဖြင့်၊

၃၅၈။ ဝိကာရာကတိအာဒီဟိ။ ။ဝိကရိယတေ-ပင်ကိုသဘောမှ ထူးခြားစွာ ပြုအပ်၏၊ ဣတိ ဝိကာရာ၊ အာကရိယတေ-ထင်ရှားစွာ ပြုအပ်၏၊ ဣတိ အာကတိ၊ ဤအာကတိပုဒ်သည် အာကာရပုဒ်နှင့် အနက်တူ၏၊ ဝိကာရာ စ+သာ+ အာကတိ စာတိ ဝိကာရာကတိ၊ ပင်ကို သဘောမှ ထူးခြားသော အပြုအမူ အခြင်းအရာတည်း၊ ထို "အခြင်းအရာ" ဟူသည် မတော်တဆ ရယ်စရာ ဖြစ်သွားသော အပြုအမူ အပြောအဆိုများ, သူတစ်ပါး ရယ်ရအောင် တမင်တကာ ပြုလုပ်ပြောဆို၍ ပြတတ်သော လူပြက် လူပြောင်များ၏ ဝတ်စားဆင်ပြင်ပုံ-ကပြပုံ ဟူသော ကိုယ်အမူအရာ, ပြက်လုံးထုတ်ပုံ သီချင်းဆိုပုံ ဟူသော နှုတ်အမူအရာများတည်း။

ဋီကာ။ ။ဒေသဝယောလိင်္ဂါဒိနံ ဝိပရီတေဟိ ကေသဗန္ဓဂတိဋ္ဌိတိအာဒိကေဟိ-အရပ်ဒေသနှင့်လည်းကောင်း, မိမိအရွယ်နှင့်လည်းကောင်း, ပုံသဏ္ဌာန်စသည်တို့နှင့်လည်းကောင်း ပြောင်းပြန်ဖြစ်ကုန်သော ဆံထုံးပုံ, သွားပုံ, ရပ်ပုံ အစရှိသည်လည်း ဖြစ်ကုန်သော။ [အရပ်ဒေသစသည်နှင့် မလိုက်အောင် ဆံပင်ထုံးခြင်း စသည်တို့ကြောင့် ရယ်စရာ ဖြစ်တတ်သည်-ဟူလို၊] နစ္စဂီတအာဒိကေဟိ စ- ရယ်စရာကောင်းအောင် ကပုံ, သီချင်းဆိုပုံ အစရှိသည်လည်း ဖြစ်ကုန်သော၊ ဒုဝိဓေဟိ အာကတိသဒ္ဒါတေဟိ ဟေတူဟိ။

http://www.dhammadownload.com

ပရိပေါသေ-တိုးပွားခြင်းသည်၊ (သတိ-ဖြစ်လတ်သော်၊) ဟသော-ဟသရသသည်၊ သိယာ-ဖြစ်၏။ သော-ထိုဟသရသသည်၊ ဘိယျော-များသောအားဖြင့်၊ ဣတ္ထိပဘုတီနံ-မိန်းမ အစရှိသူတို့၏ (သန္တာန်၌)၊ ဟောတိ-ဖြစ်တတ်၏။

အတ္ထာနော၊ပေ၊ဟာသော။ ။မိမိဘာသာ ရယ်ဖွယ် အပြုအမူများကို မတော်တဆ ပြုမိသောအခါ, သို့မဟုတ် သူတစ်ပါးအား လုပ်ပြဖို့ရန် လေ့ကျင့်နေသောအခါ မိမိတစ်ယောက်တည်းလည်း ရယ်ရွှင်မှု ဖြစ်တတ်၏၊ သူတစ်ပါးအား ပြုလုပ်၍, ပြောဆို၍ ပြသောအခါ (မိမိက မရယ် မပြုံးဘဲ အတည်နေလျှင်) သူတစ်ပါး၌ ရယ်ရွှင်မှု ဖြစ်တတ်၏၊ ထိုသို့ ရယ်စရာ လုပ်ပြရင်း မိမိလည်း ရယ်, သူတစ်ပါးလည်း ရယ်သောအခါ နှစ်ဦးလုံးမှာလည်း ရယ်ရွှင်မှု ဖြစ်တတ်၏၊ ထိုရယ်ရွှင်မှုသည် ဟာသဌာယီဘာဝတည်း။

နိဒ္ဒါ၊ပေ၊ဗျဘိစာရိတိ။ ။ရယ်ရင်းပင် တချို့မှာ အိပ်ငိုက်မှု နိဒ္ဒါ ဖြစ်တတ်၏၊ တချို့ကား အရယ်အားကြီး၍ ပင်ပန်းမှု သမ ဖြစ်တတ်၏၊ တချို့မှာလည်း နောက်ထပ် မရယ်ရ၍ ပျင်းရိမှု အာလသျ ဖြစ်တတ်၏၊ တချို့ကား အရယ်လွန်၍ တက်သွားတဲတတ်သဖြင့် မူးမေ့မှု မုဋ္ဌာ ဖြစ်တတ်၏၊ အာဒိဖြင့် တချို့မှာ မျက်စိလှုပ်ရှားမှု အက္ခိဖန္ဒန ဖြစ်တတ်၏။ [ဋီကာသစ်၌ ဤအားလုံးကို အနုဘာဝဟု ဆို၍, ထိုနိဒ္ဒါ စသည်ကိုပင် ဗျဘိစာရီဘာဝဟုလည်း ဆိုသည်။]

ဋီကာ။ ။နိဒ္ဒါသမအာလသျမုဋ္ဌာအက္ခိဖန္ဒနာဒီဟိ အနုဘာဝေဟိ သုတသမ္ဘန္ဓေန (ကြားအပ်ပြီးသော နိဒ္ဒါ အစရှိသည်တို့နှင့် ဆက်သွယ်သဖြင့်)၊ ["သုတာနုမိတေသု သုတသမ္ဘန္ဓော ဗလဝါ-တိုက်ရိုက်ကြားသိအပ်ပြီးသောအရာ, မှန်းဆ၍ သိအပ်သော အရာတို့တွင် တိုက်ရိုက်ကြားသိအပ်ပြီးသော အရာနှင့်စပ်သော အနက်သည် အားရှိ၏" ဟူသော ပရိဘာသာနှင့်အညီ ဤနေရာဝယ် ကြားအပ်ပြီးသော နိဒ္ဒါ စသည်တို့နှင့် စပ်သဖြင့်-ဟူလို၊] တဟေဝ နိဒ္ဒါသမအာလသျမုဋ္ဌာသခီါတဗျဘိစာရီဟိ ကရဏဘူတေဟိ။ ဤအဖွင့်ကို ထောက်၍ နိဒ္ဒါ စသည်တို့ကို အနုဘာဝဟုလည်းကောင်း, ဗျဘိစာရီဘာဝဟုလည်းကောင်း ဋီကာယူသည်ဟု ဆိုခဲ့သည်။ နိဒ္ဒါသမာလသျမုဋ္ဌာ + အာဒိ

http://www.dhammadownload.com

ယေသံ (အနုဘာဝါနံ)တိ နိဒ္ဒါသမာလသျမုစ္ဆာဒယော၊ ဤသို့ ဗဟုဗ္ဗီဟိ ပြုပြီးလျှင် "နိဒ္ဒါသမာလသျမုစ္ဆာဒယော စ+ဗျဘိစာရိနော စာတိ နိဒ္ဒါသမာလသျမုစ္ဆာဒိဗျဘိစာရိနော"ဟု ဋီကာ၌ ဒွန်သမာသ် ပြုသည်။]

ပရိပေါသေ ဟာသော။ ။ဟာသသည် ဌာယီဘာဝဖြစ်ရုံ (ပြုံးရယ်ရုံ)မျှကို ပျို့ကဗျာ ဖွဲ့ထားလျှင် နားထောင်ရသူတို့မှာ အရသာမပေါ်၍ ရသအဖြစ်သို့ မရောက်သေး၊ ထိုပြခဲ့သော ဗျဘိစာရီဘာဝ, အနုဘာဝတို့ဖြင့် သိုင်းသိုင်းဝိုင်းဝိုင်း ဖွဲ့စီ၍ အနက်အဓိပ္ပာယ် တိုးပွားမှသာ ဟဿရသအဖြစ်သို့ ရောက်လောက်အောင် အရသာ ရှိသည်-ဟူလို၊ ဤဟဿရသသည် များသောအားဖြင့် မိန်းမ စသူတို့ သန္တာန်၌ ဖြစ်တတ်၏၊ ပဘုတီနံဖြင့် နီစပကတိက-ယုတ်နိမ့်သောသဘောရှိသော အောက်တန်းစား လူများကို ယူပါ၊ ဘိယျောဟု ဆိုသောကြောင့် "အထက်တန်းကျသူတို့မှာလည်း အနည်းငယ် ဖြစ်တတ်သေး၏"ဟု သိနိုင်သည်၊ ထို့ကြောင့်လည်း တစ်ရံတစ်ခါ လူကြီးလူကောင်း ဆရာတော်ကြီး စသော ပုဂ္ဂိုလ်များ၏ ရယ်ခြင်း ဟာသကိုလည်း တွေ့ကြရသည်။

ဝိဘာဝ–အနုဘာဝများ။ ။ပင်ကိုအနေမှ ထူးခြားသော အမူအရာ အပြောအဆို အသံများကို "ဝိဘာဝ"ဟု ပြခဲ့ပြီ၊ ရှေ့နောက်မညီအောင် ပြောဆို ပြုလုပ်ခြင်းများလည်း ရယ်ဖွယ်ကောင်းသော အကြောင်း ဝိဘာဝပင်တည်း၊ အာလမ္ဗန-ဥဒ္ဒီပန နှစ်မျိုးတွင်ကား ထိုပြခဲ့သော ဝိဘာဝတို့သည် ရယ်ခြင်းကို ထင်ရှားပြတတ်သော ဥဒ္ဒီပနဝိဘာဝတို့တည်း၊ ထိုရယ်ဖွယ်အမူအရာ ရှိနေသော (လူပျက်စသော) ပုဂ္ဂိုလ်ကား အာလမ္ဗနဝိဘာဝတည်း၊ နိဒ္ဒါစသည်ကို အနုဘာဝဟုလည်းကောင်း, ဗျဘိစာရီဘာဝဟုလည်းကောင်း ဋီကာအလို ယူရမည်၊ ဒပ္ပဏ၌ကား-

"အနုဘာဝေါ·ကွိသင်္ကော စ-ဝဒနသ္မေရတာဒိကံ၊
နိဒ္ဒါလသျာဗဟိတ္ထာဒီ-တြ သိယုံ ဗျဘိစာရိနော"။

ဟု အနုဘာဝနှင့် ဗျဘိစာရီဘာဝကို ခွဲခြား၍ ဆို၏၊ [အကွသင်္ကောစ ဝဒနသ္မေရတာဒိကံ-မျက်စိမှိတ်ခြင်း, နှုတ်ခမ်းလှုပ်ခြင်း အစရှိသော ပယောဂသည်၊ အတြ-ဤဟဿရသ၌၊ အနုဘာဝေါ-တည်း၊ နိဒ္ဒါလသျာ

http://www.dhammadownload.com

ဗဟိတ္ထာဒီ-နိဒ္ဒါ, အာလသျ, အဝဟိတ္ထ (ဣန္ဒြေလုပ်ခြင်း) အစရှိသည်တို့ကား၊ ဗျဘိစာရိနော-တို့တည်း။...သတ္တိကဘာဝကို မပြကြသည်ကား ထမ္ဘ စသည်တို့က ဤဟာသဌာယီဘာဝနှင့် မလျော်သောကြောင့် ဖြစ်ဟန်တူသည်။]

ရှေ့နောက် မညီသော ဟသ

ယော နာဂရာဇာ ပူဇေသိ, မဏိနာ ဝိဓုရ ဓုရံ၊
ဟန္တုံ တံ ဣတ္ထိဝါကျေန, ဘတ္တိံ အကာသိ သော မယိ။

ယော နာဂရာဇာ-အကြင်နဂါးမင်းသည်၊ ဓုရံ-တိုင်းပြည်၏အမတ်ချုပ်ကြီးဖြစ်သော၊ ဝိဓုရံ-ဝိဓုရသုခမိန်ကို၊ မဏိနာ-လည်ရွဲတန်ဆာဖြစ်သော ပတ္တမြားဖြင့်၊ ပူဇေသိ-ပူဇော်ခဲ့ဖူးပြီ၊ သော-ထိုပူဇော်ခဲ့သော နဂါးမင်းသည်၊ ဣတ္ထိဝါကျေန-သူ့မိဖုရား၏ စကားကြောင့်၊ တံ-ထိုဝိဓုရသုခမိန်ကို၊ ဟန္တုံ-သတ်ခြင်းငှာ၊ မယိ-ငါပုဏ္ဏက၌၊ ဘတ္တိံ-ဆည်းကပ်ခြင်းကို၊ အကာသိ-ပြုပြန်ပြီ။ [ဤဂါထာကား ဋီကာသစ်လာ ၁၄ လုံးဖွဲ့ ဝသန္တတိလကာဂါထာကို ပြင်ထားသော ဝတ္တဂါထာဖြစ်သည်။]

ဤဂါထာ၌ နဂါးမင်းသည် အာလမ္ဗနဝိဘာဝ, ဝိဓုရအမတ်ကြီးကို ရှေးအခါက လည်ရွဲတန်ဆာဖြင့် ပူဇော်ခဲ့၍ ယခုအခါ ထိုအမတ်ကြီးကိုပင် မိန်းမစကားကြောင့် သတ်ဖို့ရန် ပုဏ္ဏကကို ဆည်းကပ်ခြင်းဟူသော ရှေ့နောက် မညီသော အမူအရာသည် ဥဒ္ဒီပနဝိဘာဝတည်း၊ ထိုသို့ ရှေ့နောက် မညီသောကြောင့် ပုဏ္ဏက၏ ပြုံးခြင်းဟူသော ဟာသဌာယီဘာဝကို ဝါကျတစ်ခုလုံးဖြင့် မှန်းဆ၍ သိအပ်၏၊ ထိုဟာသဌာယီဘာဝဖြင့် ဆက်သွယ်၍ ပါလာသော နိဒ္ဒါစသော ဗျဘိစာရီဘာဝတို့ကိုလည်း မှန်းဆ၍ သိအပ်ကုန်၏၊ ထိုအကြောင်းအရာကို ဖွဲ့စီသော ကဝိတို့၏ ဝစီပယောဂ ဂါထာဗန္ဓသည် အနုဘာဝတည်း၊ ထိုအဖွဲ့ကို နားထောင်ကြသူတို့၏ သာယာခြင်းသည် မုချ ဟဿရသတည်း၊ ထိုရသကို အဖွဲ့၌ တင်စား၍ အဖွဲ့ဗန္ဓလည်း ဖလူပစာရအားဖြင့် ဟဿရသပင် ဖြစ်၏။ ["ယော ဗန္ဓတ္ထာနုသာရိနံ ရသီယတီတိ ရသော"နှင့် အညီ ကောက်ပြခြင်းတည်း။

~~~~~~~~~~~~
~~~~~~~~~~~~

http://www.dhammadownload.com

ရယ်ဖွယ်အမှုအရာဟသ

ကော နု ဝဒ္ဓိတဘတ္တောဝ, ပူရဟတ္ထောဝ ဗြာဟ္မဏောဝ၊
ကဟံ နု ဘိက္ခဲ့ အစရိ, ကံ သဒ္ဓံ ဥပသင်္ကမိ။

ကော နု-အသူနည်း၊ ဝဒ္ဓိတဘတ္တောဝ-ခူးအပ်ပြီးသော ထမင်းပွဲကို ရခဲ့သူလိုပါတကား၊ ပူရဟတ္ထော ဗြာဟ္မဏောဝ-ဗြာဟ္မဏတို့ကို ထမင်းကျွေးရာဝယ် လက်ထဲ၌ အပြည့်ရလာသော ပုဏ္ဏားလိုပါတကား၊ ကဟံ-အဘယ်အရပ်၌၊ ဘိက္ခဲ့ အစရိ နု-ဆွမ်းခံ လှည့်လည်ခဲ့သနည်း၊ ကံ သဒ္ဓံ-အဘယ် သဒ္ဓါတရားကောင်းသော အိမ်သို့၊ ဥပသင်္ကမိ နု-ချဉ်းကပ်ခဲ့ပါသနည်း။ [တိကနိပါတ် - ကစ္စာပဇာတ်။]

ဂါထာ၏အဓိပ္ပာယ်ကား–ဘုရားအလောင်းသည် ရသေ့ ရဟန်း ပြုလုပ်၍ ဟိမဝန္တာ၌ ဥပေက္ခာပါရမီ ဖြည့်လျက် နေ၏၊ ကျောင်းသခ်ိမ်း အနီး၌နေသော မျောက်တစ်ကောင်သည် အလောင်းတော်ကို ပြောင်၍ လှောင်၍ ဆော့တတ်၏၊ တစ်နေ့သ၌ကား ထိုမျောက်သည် နေစာ လှူနေသော လိပ်၏ ပါးစပ်၌ သူ့အင်္ဂါဇာတ်ကို သွင်း၍ ဆော့၏၊ လိပ်ခဲတည်းလည်း ဖြစ်နေသဖြင့် သူ့အင်္ဂါဇာတ်ကို သူ ပြန်၍ မနှုတ်နိုင်၊ ထမင်းပွဲကို မ-၍ ယူလာသူကဲ့သို့ လက်နှစ်ဖက်ဖြင့် လိပ်ကို မ-၍ အလောင်းတော်ထံ သူ့အင်္ဂါဇာတ်ကို နှုတ်ပေးပါရန် တောင်းပန်သော အနေအားဖြင့် ရောက်လာသော မျောက်ကို ဘုရားအလောင်းက ပြက်ရယ်ပြုသောအားဖြင့် မေးသောဂါထာတည်း။

ဤဂါထာ၌ မျောက်သည် အာလမ္ဗနဝိဘာဝတည်း၊ အင်္ဂါဇာတ်ကို ခဲထားသော လိပ်ကြီးကို မ-ယူလာသောအမှုအရာ (ဝိကာရ အာကတိ) သည် ဥဒ္ဒိပနဝိဘာဝတည်း၊ ဘုရားလောင်း၏ ရယ်ခြင်းသည်ကား ဟာသဌာယီဘာဝတည်း၊ ဘုရားလောင်း၏ ရွှင်ခြင်းဟူသော ဟရိသ, နောက်ထပ် မရယ်မိအောင် ကွန်ခြေဆယ်ခြင်းဟူသော အဗဟိတ္ထတို့သည် ဗျဘိစာရီဘာဝတို့တည်း၊ ဤဂါထာကို ရွတ်ဆို၍ မေးမြန်းခြင်းဟူသော ဝါစသိကဗျာပါရသည် အနုဘာဝတည်း၊ ဤဂါထာကို နားထောင်သော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ နှစ်သက်သဘောကျမှုသည် မုချ ဟဿရသ ဖြစ်၏၊ ထိုဂါထာ အဖွဲ့သည်လည်း ဟဿရသရှိသော ဂါထာအဖွဲ့ ဖြစ်ရလေသည်။

http://www.dhammadownload.com

ရယ်ရွှင်ခြင်း ၆ မျိုး

၃၅၉, ၃၆၀။ သိတမိဟဝိကာသိနယနံ,
ကိစ္စာလင်္ကိယဒိဇံ တု တံ ဟသိတံ၊
မဓုရဿရံ ဝိဟသိတံ,
အံသသိရောကမွ.မုပဟသိတံ။

အပဟသိတံ သဇလင်္ကိ,
ဝိင်္ကိတ္တင်္ဂံ ဘဝတျတီဟသိတံ၊
ဒွေ ဒွေ ကထိတာ စေ.သံ,
ဇေဋ္ဌေ မဇ္ဈေ.ဓမေ ကမသော။

၃၅၉, ၃၆၀။ ဣဟ-ဤဟသရသဒ္ဒ၊ ဝိကာသိနယနံ-ပွင့်သော မျက်လုံးရှိသော ပြုံးရယ်ခြင်းသည်၊ ဝါ-မျက်စိပွင့်ရုံ ပြုံးရယ်ခြင်းသည်၊ သိတံ-သိတ မည်၏၊ ယံ-အကြင်ပြုံးရယ်ခြင်းသည်၊ ကိစ္စာလင်္ကိယဒိဇံ-စဉ်းငယ်မှတ်သားအပ်သော သွားရှိသည်၊ ဝါ-စဉ်းငယ် သွားဖျားပေါ်ရုံမျှသည်၊ ဟောတိ-ဖြစ်၏၊ တံ-ထိုပြုံးရယ်ခြင်းသည်၊ ဟသိတံ-ဟသိတ မည်၏၊ (တု-အနက်မဲ့) မဓုရဿရံ-သာသာညှင်းညှင်း အသံရှိသော ပြုံးရယ်ခြင်းသည်၊ ဝိဟသိတံ-ဝိဟသိတ မည်၏၊ အံသသိရောကမွံ-ပခုံး ဦးခေါင်းတို့၏ လှုပ်ခြင်းရှိသော ပြုံးရယ်ခြင်းသည်၊ ဥပဟသိတံ-

---

ပွဲကရာဒ္ဒိ ဟဿရသ။ ။ပွဲကရာဝယ် လူပြက်များ၏ အမူအရာကို မြင်ရ၍လည်းကောင်း, ပြက်လုံးထုတ်သံ ကြားရ၍လည်းကောင်း ပွဲကြည့်သူများ ရယ်ကြရာ၌ကား လူပြက်သည် အာလမ္ဗနဝိဘာဝ၊ လူပြက်၏ အမူအရာ, ပြက်လုံးထုတ်ပုံ စကားသံတို့သည် ဥဒ္ဒီပနဝိဘာဝ၊ ပွဲကြည့်သူတို့၏ ရယ်ခြင်းသည် ဟာသဌာယီဘာဝ၊ ထိုရယ်သည့်အခိုက်မှာပင် တချို့မိန်းမတို့၏ (အရယ်မလွန်အောင်) ကွန်ဖြေဆယ်မှု အဗဟိတ္ထ, ပင်ပန်းလာမှု သမ စသည်တို့ကား ဗျဘိစာရီဘာဝတို့တည်း၊ ချွေးစို့လာခြင်း, မျက်ရည်ဝဲခြင်း၊ (သေဒ အသူ) စသည်တို့သည် သတ္တိကာဘာဝတို့တည်း၊ ထိုနိဒ္ဒါ စသည်တို့သည်လည်းကောင်း၊ လက်ခုပ်လက်ဝါးတီးခြင်း, ကွန်ဖြေ ပျက်အောင် ပက်လက်လန်၍ လဲခြင်း စသည်သည်လည်းကောင်း, ချွေးယိုခြင်း စသည်တို့သည်လည်းကောင်း အနုဘာဝများဖြစ်ကြ၏၊ ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ဟာသဌာယီဘာဝသည် ဟဿရသ ဖြစ်၏။

http://www.dhammadownload.com

ဥပဟသိတ မည်၏၊ သ ဇလကို့-မျက်ရည်နှင့်တကွသော မျက်လုံးရှိသော ပြုံးရယ်ခြင်းသည်၊ ဝါ-မျက်ရည်ထွက်အောင် ပြုံးရယ်ခြင်းသည်၊ အပဟသိတံ-အပဟသိတ မည်၏၊ ဝိကို့တ္တဂီ-အထူးထူး အပြားပြား ပစ်လွှတ်အပ်သော ကိုယ်အင်္ဂါရှိသောပြုံးရယ်ခြင်းသည်၊ အတိဟသိတံ-အတိဟသိတ မည်သည်၊ ဘဝတိ-ဖြစ်၏၊ စ-ဆက်ဦးအံ့၊ ဧသဲ-ဤပြုံးရယ်ခြင်းတို့တွင်၊ ဒွေ ဒွေ-နှစ်မျိုး နှစ်မျိုးတို့ကို၊ ကမသော-အစဉ်အားဖြင့်၊ ဇဇ္ဇေ-အမြတ်စားပုဂ္ဂိုလ်၌လည်းကောင်း၊ မဇ္ဈေ-အလတ်စားပုဂ္ဂိုလ်၌လည်းကောင်း၊ အဓမေ-အညံ့စားပုဂ္ဂိုလ်၌လည်းကောင်း၊ ကထိတာ-ဆိုအပ်ကုန်ပြီ။

၃၅၉, ၃၆၀။ ဤဂါထာတို့ကား ဟာသဌာယီဘာဝနှင့်စပ်၍ သိထိုက်သော ဟာသအပြားကို ပြသော ပထျာအရိယာဂါထာတို့တည်း။ ဝိကာသနံ-ပွင့်လင်းခြင်း၊ ဝိကာသော-ခြင်း၊ ဝိကာသော ဧတေသံ အတ္ထိတိ ဝိကာသီနိ၊ ဝိကာသီနိ+နယနာနိ ယဿာတိ ဝိကာသိနယနံ (သိတံ)၊ ကိစ္စာလက္ခိယ ကို "ကိစ္စ+အာလက္ခိယ"ဟု ပုဒ်ဖြတ်၊ ဒိဇသဒ္ဒါ "သွား"ဟူသောအနက် ဟောတည်း၊ ကိစ္စ (ဤသက်) အာလက္ခိယာ ကိစ္စာလက္ခိယာ၊ ကိစ္စာလက္ခိယာ+ဒိဇာ ယဿာတိ ကိစ္စာလက္ခိယဒိဇံ၊ မဓုရော+သရော ယဿာတိ မဓုရဿရံ၊ အံသသိရာနံ ကမ္မော ယဿာတိ အံသသိရောကမ္မံ၊ သဟ+ဇလေန ယာနိ ဝတ္ထာနိ့တိ သဇလာနိ၊ သဇလာနိ+အက္ခီနိ ယဿာတိ သဇလက္ခိ။ ["သဇလက္ခိ"ဟု ဆိုသင့်သော်လည်း ဆန္ဒာနုရက္ခဏအကျိုးငှာ နိဂ္ဂဟိတ်လာစေရသည်၊ ထို့ကြောင့်ပင် ဋီကာသစ်၌ "အနုသ္သရာဂမော"ဟု မိန့်သည်။]

ဝိကို့တ္တာနိ + အင်္ဂါနိ ယဿာတိ ဝိကို့တ္တင်္ဂံ = ကိုယ်ကို ပစ်လွှဲ၍ မျောက်ထိုး မျောက်လန်ရယ်ခြင်း၊ [ပထျာအရိယာဂါထာဖြစ်သောကြောင့် ဒွေ ဒွေနောက်၌ "ဟာသာ"ဟု မရှိသင့်, ဇဇ္ဇေ မဇ္ဈေနောက်၌ "ဇမ္မေ"ဟု ပါဠိပျက်လျက် ရှိတတ်သည်၊ "ဓမေ"ဟု ရှိမှ ဆန်းတည့်သည်၊ ဋီကာ၌လည်း မဇ္ဈေဓမေကို "မဇ္ဈေ + အဓမေ"ဟု ပုဒ်ဖြတ်၍ "အပဟသိတ အတိဟသိတဒွယံ အဓမေ ဝတ္တတေ"ဟု ရှိ၏၊ "ဓမေ" နောက်၌ "ပိစ"ပါဠိလည်း မလို၊ ဤဂါထာနှင့်စပ်၍ မှတ်ဖွယ်ကို သင်္ဂြိဟ်ဘာသာဋီကာ ဖာသိတုပဒီပနီ၌ ပြထားပြီ။]

http://www.dhammadownload.com

သောကဌာယီဘာဝ, ကရုဏာရသ

၃၆၁။ သောကရူပေါ တု ကရုဏော, နိဋ္ဌပ္ပတ္တိဋ္ဌနာသတော၊
တတ္ထာ-နုဘာဝါ ရဒိတ-ပလယတ္ထမ္ဘကာဒယော၊
ဝိသာဒါလသျမရဏာ-စိန္တာဒီ ဗျဘိစာရိနော။

၃၆၁။ သောကရူပေါ-သောကသဘောရှိသော၊ ဝါ-သောကဌာယီဘာဝဖြစ်သော၊ ကရုဏော-ကရုဏာရှိသော ရသသည်၊ အနိဋ္ဌပ္ပတ္တိဋ္ဌနာသတော-အလိုမရှိအပ်သော အနိဋ္ဌာရုံသို့ ရောက်ခြင်း, အလိုရှိအပ်သော ကဌာရုံ၏ ပျက်စီးခြင်းကြောင့်၊ (ဟောတိ-ဖြစ်၏၊) တတ္ထ-ထို ကရုဏာရသ၌၊ ရဒိဒယပလယထမ္ဘကာဒယော-ငိုကြွေးခြင်း, ထွက်သက်ဝင်သက်မျှ ကြွင်းကျန်အောင် တွေဝေခြင်း, ကိုယ်စိတ်နှစ်ပါးတို့၏ တောင့်တင်း ခိုင်မာခြင်း အစရှိသည်တို့သည်၊ အနုဘာဝါ-အနုဘာဝတို့တည်း၊ ဝိသာဒါလသျမရဏာစိန္တာဒီ-ပင်ပန်းခြင်း, ပျင်းရိသူ၏အဖြစ်, သေခြင်း, ထိုထို့ကဲ့သို့ ကြံစည်ခြင်းအစရှိသည်တို့သည်၊ ဗျဘိစာရိနော-ဗျဘိစာရိဘာဝတို့တည်း။

၃၆၁။ သောကရူပေါ ကရုဏော။ ။အဘိဓမ္မာ၌ လာသော ကရုဏာစစ်စစ်သည် ကုသိုလ် ကြိယာတရား ဖြစ်၍ မျက်ရည်မကျစေနိုင်၊ ဤနေရာ၌ မျက်ရည်ကျလောက်အောင်ဖြစ်သော ကရုဏာကား ကရုဏာအစစ်မှ လွန်သွားသော "သောက"ဟု ခေါ်ရသော ဒေါမနဿတည်း၊ ထို့ကြောင့် "သောကရူပေါ-သောကသဘောရှိသော"ဟု ဆိုသည်၊ ["သောကဿ+ရူပံ သောကရူပံ၊ သောကရူပံ အဿ အတ္ထီတိ သောကရူပေါ"ဟု ပြု၊ ရူပံဟု မထားဘဲ "ရူပေါ"ဟု ထားသောကြောင့် ဗဟုဗ္ဗိဟိ ပြုရသည်၊] ဤသောကရူပဟူသည် သောကဌာယီဘာဝပင်တည်း၊ ကရုဏာပုဒ်သည် ကွတ္ထိလိင်ဖြစ်သော်လည်း ရသောကို ငဲ့၍ "ကရုဏော"ဟု ပုလ္လိန် ထား၏၊ ထို့ကြောင့် "ကရုဏာ+ယဿ အတ္ထီတိ ကရုဏော"ဟု ဝိဂ္ဂဟပြု။

နိဋ္ဌ၊ပေ၊နာသတော။ ။[အနိဋ္ဌဟု ဆိုလိုလျက် (အ)ကို ချေထားသည်၊] အနိဋ္ဌဿ-သား သမီးတို့နှင့် ကွဲရခြင်း, ပြည်နှင်ဒဏ်ခတ်၍ မိမိနေရပ်ဒေသကို စွန့်ခွာရခြင်းစသော အလိုမရှိအပ်သော မကောင်းကျိုးသို့+ပတ္တိ-ရောက်ခြင်း, ရခြင်းတည်း၊ အနိဋ္ဌပ္ပတ္တိ-ခြင်း၊ ကွဋ္ဌဿ-

http://www.dhammadownload.com

သီလစသော ဥစ္စာစသော အလိုရှိအပ် နှစ်သက်အပ်သော ဝတ္ထု၏+ နာသော-ပျက်စီးခြင်းတည်း၊ ကွဋ္ဌနာသော-ခြင်း၊ ဤပါဠိဖြင့် ကရုဏာ ရသ ဖြစ်ခြင်း၏ အကြောင်း ဝိဘာဝကို ပြသည်။

မှန်၏–အထက်တန်းကျသော ဥတ္တမပုဂ္ဂိုလ်တို့မှာ သားသမီးစသော ချစ်သူတို့နှင့် ကွဲရခြင်း, သီလစသည် ပျက်ခြင်းကြောင့် သောကဖြစ်ရတတ်၏၊ [ဤ ဥတ္တမပုဂ္ဂိုလ်တို့မှာ ကိုယ့်နေရာကို စွန့်ခွာရခြင်း, ဥစ္စာစသည် ပျက်စီးခြင်းများ မဖြစ်တတ်ချေ၊ လုံးလုံး မဖြစ်နိုင်ဟုကား မဆိုလို၊ ရှင်ဘုရင်သော်မှ ထီးနန်းကို စွန့်ခွာရတတ်ရသေး၏။] သူတစ်ပါး လက်အောက်ခံဖြစ်သော နီစပုဂ္ဂိုလ်တို့မှာ သူတစ်ပါးက နှိပ်စက်၍ ကိုယ့်ဒေသကို စွန့်ခွာရခြင်း, ရှိသမျှ ဥစ္စာများ ပျက်စီးဆုံးပါးခြင်းကြောင့် သောက ဖြစ်ရတတ်သည်။ [တတ္ထ ဥတ္တမာနံ သောကော ပုတ္တဝိယောဂါဒိ အနိဋ္ဌပ္ပတ္တိတော ဓနာဒိကွဋ္ဌနာသတော စ ဇာယတေ၊ နီစာနံ တု ဒေသနိက္ကမုနာဒိ အနိဋ္ဌပ္ပတ္တိတော ဓနာဒိကွဋ္ဌနာသတော စ။]

ဤပြခဲ့သော အကြောင်းတို့ကား ကိုယ်ရေးအတွက် သောကဖြစ်ကြောင်း ဝိဘာဝတို့တည်း၊ "တစ်ရံတစ်ခါ၌မူ ကရုဏာရှင်ကြီး ဖြစ်ကြသော အထက်တန်းပုဂ္ဂိုလ်တို့မှာ (ကိုယ်ရေးကိုယ်တာ မဟုတ်ဘဲ) သူတစ်ပါး၏ စီးပွားပျက်ခြင်း စသော ဒုက္ခကို မြင်ရသဖြင့် (စိတ်ကို ထိခိုက်လောက်အောင်) သောက ဖြစ်တတ်သေး၏"ဟု ဋီကာဆို၏၊ ရတနကောသဋ္ဌလည်း-

"ကွဋ္ဌနာသ-ဂ်နာသာယ, ဝဓဗန္ဓနတာဠနာ၊
သာပိဏ္ဏော သော-ပတာပေဟိ, ဇာယတေ ကရုဏော ရသော။"

ဟု သဘောတူပင် ဆိုသည်။ [ကွဋ္ဌနာသဂ်နာသာယ-ကွဋ္ဌအကျိုး၏ ပျက်စီးခြင်း, ကိုယ်လက်အင်္ဂါ ပျက်စီးခြင်းကြောင့်လည်းကောင်း၊ ဝဓဗန္ဓနတာဠနာ-အသတ်ခံရ, အချုပ်အနှောင်ခံရ, အနှိပ်စက်ခံရခြင်းကြောင့်လည်းကောင်း၊ သာပိဏ္ဏော-မိမိဆွေမျိုးထဲ၌၊ သ+ဥပတာပေဟိ-ပူပန်ဖွယ်နှင့်တကွဖြစ်သော အကြောင်းတို့ကြောင့်လည်းကောင်း၊ ကရုဏော-ကရုဏာရှိသော၊ (ဝါ-သနားဖွယ်ကောင်းသော၊) ရသော-ရသသည်၊ ဇာယတေ-ဖြစ်၏။]

http://www.dhammadownload.com

တတ္ထာ၊ပေ၊ထမ္ဘကာဒယော။ ။သောက ဖြစ်သောအခါ ငိုခြင်း ရှဒိတ, သညာကင်းခြင်း သတိလစ်ခြင်း ပလယ, (သောကဖြစ်လွန်း၍) တောင့်တင်းခြင်း ထမ္ဘတို့သည် ယခုအခါ၌ မျက်မြင်တွေ့ရသော အကျိုး အနုဘာဝတို့တည်း၊ ဒပွဏာ၌ကား—

"အနုဘာဝါ ဒေဝနိန္ဒာ, ဘူပါတကန္ဒိတာဒယော၊
ဝေဝဏ္ဏျ-ဿာသနိဿာသ-ထမ္ဘပလာပနာနိ စ"

ဟု အနုဘာဝကို အကျယ်ပြ၏၊ [ဒေဝနိန္ဒာ-"ရှေးက မကောင်းလို့ ဒီလို ဒုက္ခတွေ့ရသဟဲ့"ဟု ရှေးကံကို ကဲ့ရဲ့ခြင်းသည်လည်းကောင်း၊ ဘူပါတကန္ဒိတာဒယော-မြေ၌ လဲကျသွားခြင်း, ငိုကျွေးမြည်တမ်းခြင်းတို့သည်လည်းကောင်း၊ ဝေဝဏ္ဏ-အဆင်းပျက်ခြင်း၊ ဥဿာသ-ပင့်သက်ရှူခြင်း (အထက်ပင့်၍အသက်ရှူရခြင်း) နိဿာသ-အသက်မရှူနိုင်ဖြစ်ခြင်း၊ ထမ္ဘပလာပနာနိ စ-ကိုယ်လက် တောင့်တင်းခြင်း, ဂယောင်ကတမ်း ပြောခြင်းတို့သည်လည်းကောင်း၊ အနုဘာဝါ-တို့တည်း။] ဤကျမ်း၌ တိုက်ရိုက်မပါသော ဒေဝနိန္ဒာ စသည်တို့ကို ထမ္ဘကာဒယော၌ အာဒိဖြင့် ယူပါ။

ဝိသာဒါ၊ပေ၊ဗျဘိစာရိနော။ ။စိတ်ပင်ပန်း ကိုယ်ပင်ပန်း ဖြစ်မှု, ချစ်ခင်သူတို့နှင့် ကွဲသဖြင့် ပျင်းရိမှု, သောက အားကြီး၍ သေမှု, တောင်တောင် ဤဤ ကြံစည် မှီငြိတွေမှု စသည်တို့ကား သောကနှင့် ထွေးရောယှက်တင် ဆက်စပ်၍ ဖြစ်တတ်သော ဗျဘိစာရီဘာဝတို့တည်း၊ စိန္တာဒိ၌ အာဒိဖြင့် ဤ၌ တိုက်ရိုက် မပြဘဲ ဒပွဏာ၌လာသော နိဗ္ဗေဒ စသည်ကို ယူ။

နိဗ္ဗေဒမောဟာပသ္သာရ-ဗျာဓိလ္လိနိ သတိဿမာ၊
ဝိသာဒဇဋတုမ္ဘာဒ-စိန္တာဒီ ဗျဘိစာရိနော။

"ဆင်းရဲလေလေ-သံဝေရရ"ဟု ဆိုကြသည့်အတိုင်း သောကဖြစ်သော အခါ လောကကြီး၌ ငြီးငွေ့မှု နိဗ္ဗေဒ, မိန်းမောတွေဝေမှု မောဟ, ရူးနှမ်းနှမ်းဖြစ်မှု အပသ္မာရ, ဖျားနာမှု ဗျာဓိ, ကိုယ်လက် မသယ်ချင်အောင် နွမ်းနယ်မှု လ္လိနိ, ကွဲသွားသူ ပျက်သွားသောဥစ္စာတို့ကို အောက်မေ့မှု သတိ, အားအင်ကုန်ခန်း ပင်ပန်းမှု သမ, ဝိသာဒ, ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေမှု ဇဋတာ, သည်းခြေပျက်၍ ရူးမှု ဥမ္မာဒ, စိန္တာ-စသော ဗျဘိစာရီဘာဝများ ဖြစ်တတ်ကြသည်။

http://www.dhammadownload.com

ကရဏာရသပုံစံ

အလင်္ကရိ ယော ဓမ္မေန, အာသန် ရာဇဝါရိတော၊
ကိ ကရော ဝိဓုရော ယက္ခ-နီတော ဝါလဲ ဝလမ္မိယ။

ယော-အကြင် ဝိဓုရသုခမိန်သည်၊ ရာဇဝါရိတော-မင်းအများတို့ ခြံရံအပ်သည်၊ (ဟုတွာ-ဖြစ်၍၊) ဓမ္မေန-တရားဖြင့်၊ အာသနံ-တရားဟော ပလ္လင်ကို၊ အလင်္ကရိ-တန်ဆာဆင်ခဲ့ပြီ၊ ဝါလဲ-မြင်း၏အမြီးကို၊ အဝလမ္မိယ-ဆွဲကိုင်စေ၍၊ ယက္ခနီတော-ပုဏ္ဏကနတ်ဘီလူးသည် ဆောင်ယူအပ်သော၊ (သော) ဝိဓုရော-ထိုဝိဓုရသုခမိန်သည်၊ ကိံ ကရော-အဘယ်ကို ပြုနိုင်ရှာတော့မည်နည်း။ [ဤကာသစ်လာ ဝဿန္တ တိလကဂါထာကို ပြင်ထားသော ဝတ္တဂါထာ ဖြင့်သည်။]

ဤဂါထာကား ဝိဓုရသုခမိန်၏ နှလုံးသည်းပွတ်ကို အလိုရှိသော ပုဏ္ဏကနတ်ဘီလူးက သုခမိန်ကို မြင်းအမြီး ဆွဲစေ၍ ကောင်းကင်ခရီးဖြင့် ဆောင်ယူသွားရာဝယ် ရှင်ဘုရင်နှင့်တကွ တိုင်းသူပြည်သားလူအများတို့ ချီးချီးချီးချ၍ ဝိုကြွေးပုံကို ပြသောဂါထာ ဖြစ်သည်၊ "သုခမိန်ကြီးသည် ရှေးကဆိုလျှင် တစ်ရာ့တစ်ပါး မင်းအများတို့ ခြံရံလျက် တရားပလ္လင်ထက်ဝယ် တင့်တယ်စွာ တရားဟောလျက် တရားပလ္လင်တန်ဆာဆင်မှုကို ပြုနိုင်၏၊ ယခုအခါ၌ကား တစ်ဦးတည်း မြင်းမြီးကိုကိုင်၍ လိုက်ရသဖြင့် ဘာတစ်ခုမျှ မပြုနိုင်ရှာတော့ပါတကား" ဟူလို။

ဤဂါထာ၌ ဝိဓုရသုခမိန်သည် အာလမ္ဗနဝိဘာဝ၊ ထိုသုခမိန်၏ မြင်းမြီးဆွဲ၍ ဆင်းရဲစွာ လိုက်ရသော သနားဖွယ် အမူအရာစသည်တို့သည် ဥဒ္ဒီပနဝိဘာဝ၊ ရှင်ဘုရင်နှင့်တကွ တိုင်းသူပြည်သားတို့ ဝမ်းနည်းပူဆွေးရခြင်းသဲ့သည် သောကဌာယီဘာဝ၊ သောကလို့က်ဆူ၍ "အလင်္ကရိ ယော ဓမ္မေန" စသည် ရွတ်ဆို ဝိုကြွေးခြင်း ဝစီပယောဂသည် အနုဘာဝ၊ ပင်ပန်းမှု, ကြံ့မိုင်မှု, ငြီးငြူမှု စသော ဗျဘိစာရီဘာဝတို့ကိုလည်းကောင်း, ချွေး မျက်ရည်ဝဲခြင်းစသော သတ္တိကဘာဝတို့ကိုလည်းကောင်း မှန်းဆ၍ သိအပ်ကုန်၏။ ဤဇာတ်ကို သင်ယူ နားထောင်ကြသူတို့၏ သန္တာန်၌ သနားခြင်းသဲ့သည် မုချ ကရုဏာရသ ဖြစ်၏၊ ထိုကရုဏာရသကို ဂါထာအဖွဲ့၌ တင်စား၍ ထိုဂါထာအဖွဲ့သည်လည်း ကရုဏာရသရှိသော ဂါထာအဖွဲ့ ဖြစ်သည်။

http://www.dhammadownload.com

တတော ဝေဿန္တရော ရာဇာ, ဒါနံ ဒတ္ဝာန ခတ္တိယေ၊
ပဏ္ဏာသာလံ ပဝိသိတ္ဝာ, ကလုနံ ပရိဒေဝယိ။
ဓနံ ဟာဏံ ဂဟေတ္ဝာန, ခဂ္ဂံ ဗန္ဓိယ ဝါမတော၊
အာနေသာမိ သကေပုတ္တေ, ပုတ္တာနံ ဟိ ဝဓော ဒုခေါ။

တတော-ထိုမှနောက်၌၊ ဝေဿန္တရော ရာဇာ-ဝေဿန္တရာမင်းသည်၊ ခတ္တိယေ ဒါနံ-သားတော် သမီးတော်ဟူသော ခတ္တိယအလှူကို၊ ဒတ္ဝာန-ပေးလှူပြီး၍၊ ပဏ္ဏာသာလံ-သစ်ရွက်ကာလွှမ်း, ကျောင်းသခ်မ်းသို့၊ ပဝိသိတ္ဝာ-ဝင်တော်မူ၍၊ ကလုနံ-သနားစဖွယ်၊ ပရိဒေဝယိ-ငိုကြွေးတော်မူရှာလေပြီ။

ဓနံ-လေးကိုလည်းကောင်း၊ ဟာဏံ-မြားကိုလည်းကောင်း၊ဂဟေတ္ဝာန-ယူပြီး၍၊ ဝါမတော-လက်ဝဲပခုံးထက်၌၊ ခဂ္ဂံ-သဲလျက်ကို၊ ဗန္ဓိယ-လွယ်၍၊ သကေပုတ္တေ-မိမိသားတော် သမီးတော်တို့ကို၊ အာနေသာမိ-ပြန်၍ ဆောင်ယူအံ့၊ ဟိ-ပြန်၍ဆောင်ယူရန် ကြံသင့်၏၊ ပုတ္တာနံ-သားတော် သမီးတော်တို့ကို၊ ဝဓော-ညှဉ်းဆဲနှိပ်စက်ခြင်းသည်၊ ဒုခေါ-ဆင်းရဲလှ၏။

ဤ၌—ဇာလီသားတော်, ကဏှာဇိန်သမီးတော်တို့သည် အာလမ္ဗန ဝိဘာဝ၊ ပုဏ္ဏား၏ ညှာတာမှု ကင်းမဲ့စွာ ရိုက်နှက်ခေါ်ပုံ, သားတော် သမီးတော်တို့၏ ငိုကြွေးကြပုံ စသည်တို့ကား ဥဒ္ဒီပနဝိဘာဝ၊ ဝေဿန္တရာမင်း၏ ပူဆွေး ဝမ်းနည်းမှုကား သောကဌာယီဘာဝ၊ ဝေဿန္တရာမင်း၏ ပူဆွေး ငိုကြွေးရခြင်းကြောင့် ပင်ပန်းမှု သမ စသော ဗျဘိစာရီဘာဝတို့ကိုကား ဆ၍ သိအပ်ကုန်၏၊ ဝေဿန္တရာမင်း၏ ငိုကြွေး မြည်တမ်းခြင်း, လေး မြားကို ဆွဲ၍ သားတော် သမီးတော်တို့ကို ပြန်၍ လုယူရန် ကြံစည်ခြင်းတို့ကား အနုဘာဝတည်း၊ ဤအကြောင်းအရာကို ဇာတ်ပွဲ အဖြစ် ကပြရာ၌ ပွဲကြည့်သူ, ဇာတ်တော်ကို သင်ယူ နားထောင်သူတို့၏ သန္တာန်၌ ဖြစ်သော သနားလာခြင်းသည် မုချ ကရုဏာရသ ဖြစ်၏၊ ထိုရသကို အကြောင်းပြု၍ အဖွဲ့ဗန္ဓသည်လည်းကောင်း,ဝေဿန္တရာမင်း၏ သောကဌာယီဘာဝသည်လည်းကောင်း ဖလူပစာအားဖြင့် ကရုဏာရသ ဖြစ်ရသည်။ [ဤသို့ သနားခြင်း၏ သာယာဖွယ် ရသ ဖြစ်ပုံကို (၃၅၅) ဂါထာ၌ ဖွင့်ပြခဲ့ပြီ။]

http://www.dhammadownload.com

ကောဓဌာယီဘာဝ, ရုဒ္ဒရသ

၃၆၂။ ကောဓောမစ္ဆရိယာဒီဟိ, ပေါသေ တာသမဒါဒိဘိ၊
နယနာ·ရုဏတာဒီဟိ, ရုဒ္ဒေါ နာမ ရသော ဘဝေ။

၃၆၂။ မစ္ဆရိယာဒီဟိ-ဝန်တိုခြင်းအစရှိသော ဝိဘာဝတို့ကြောင့်၊ (ဥပ္ပဇ္ဇမာနော-ဖြစ်သော၊) ကောဓော-အမျက်ဒေါသ, ကောဓဌာယီ ဘာဝသည်၊ တာသမဒါဒိဘိ-ခြိမ်းခြောက်ခြင်း, မာန်ယစ်ခြင်း အစရှိသော ဗျဘိစာရီဘာဝတို့ဖြင့်လည်းကောင်း၊ နယနာရုဏတာဒီဟိ-မျက်စိနီခြင်း အစရှိသော အနုဘာဝတို့ဖြင့်လည်းကောင်း၊ ပေါသေ-တိုးပွားခြင်းသည်၊ (သတိ-ဖြစ်လတ်သော်၊) ရုဒ္ဒေါ နာမ-ရုဒ္ဒ မည်သော၊ ဝါ-ကြမ်းကြုတ်ခြင်းသဘောရှိသော၊ ရသော-ရသသည်၊ ဘဝေ-ဖြစ်၏။

၃၆၂။ ကောဓော မစ္ဆရိယာဒီဟိ။ ။ကောဓ၏ တရားကိုယ်မှာ ဒေါသတည်း၊ လူတစ်ယောက်အပေါ်၌ နဂိုကပင် သူ၏ လာဘ်ပေါ မည်ကို ဝန်တိုမှု, ဂုဏ်ရှိမည်ကို ဝန်တိုမှုစသော မစ္ဆရိယဖြစ်နေလျှင် ထိုမစ္ဆရိယကြောင့် ထိုသူ့အပေါ်၌ ရန်သူလို သဘောထားလျက် ကောဓ (ဒေါသ) ဖြစ်နေတတ်၏၊ မစ္ဆရိယာဒိ၌ အာဒိဖြင့် မိမိကို ပစ်ပယ်ထားခြင်း (အဖက်မလုပ်ခြင်း)ဟူသော အဝကွေပ, မိမိကို ပြောင်လှောင်ခြင်းဟူသော ဥပဟာသတို့ကို ဦကာယူ၏၊ ထိုထို ကိစ္စ၌ မိမိကို အဖက်မလုပ်ဘဲ ဖယ်ထားခြင်း, မိမိကို ပြောင်လှောင်ခြင်းကြောင့်လည်း ဒေါသ ဖြစ်တတ်သည်မှာ အထင်အရှားပင်တည်း။

ရတနကောသ။ ။"တဉ္စ သံဂါမဟေတုကံ-ထိုရုဒ္ဒသည် စစ်တိုက်ရခြင်း၏ အကြောင်းဖြစ်၍၊ ဥဂ္ဂကမ္မ, ဥပယာတ, မုသာဝါဒါဒိဖရုသ ဝစနာဒီဟိ ဘဝတိ-ရန်သူ၏ ကြမ်းတမ်းသော ကိုယ်အမူအရာ, မိမိကို နှိပ်စက်ခြင်း, လိမ်လည်ညာဖြန်းခြင်းစသော စကား, ကြမ်းတမ်းသော စကား စသည်တို့ကြောင့် ဖြစ်၏"ဟု ဥဂ္ဂကမ္မ စသည်ကို ဝိဘာဝအဖြစ်ဖြင့် ဆို၏၊ ဒပ္ပဏ၌လည်း "မုဋ္ဌိပ္ပဟာရပါတန-ရန်သူက လက်သီးဖြင့် ထိုး၍ လဲကျစေခြင်း, ဝိကတစ္ဆေဒါဝဒါရဏ-အရုပ်အဆင်းပျက်အောင်ဖြတ်ခြင်း, ရိုက်ခွဲခြင်းကိုလည်းကောင်း, စစ်တိုက်ရာဝယ် သိဂ်ါမသမ္ဘမာဒိ-စစ်မြေပြင်၌ မငြိမ်မသက်လှုပ်ရှားခြင်း, စစ်ချီတက်ခြင်း, စိတ်ဓာတ်

http://www.dhammadownload.com

တက်ကြွအောင် စစ်သီချင်းဆိုခြင်း, စစ်တိုက်ဖို့ရန် ကြွေးကြော်ခြင်း စသည်တို့ကိုလည်းကောင်း ဝိဘာဝ"ဟု ဆို၏၊ အဆိုကွဲသော်လည်း ရတနကောသ ဆိုပုံနှင့် သဘောတူပင်တည်း။

တာသမဒါဒီဟိ။ ။ဤစကားဖြင့် ဗျဘိစာရီဘာဝကို ပြ၏၊ သူတစ်ပါးက ခြိမ်းခြောက်လျှင်လည်းကောင်း, မိမိဘာသာ မာန်ယစ်နေလျှင်လည်းကောင်း သာ၍ စိတ်ဆိုးတတ်ရကား တာသစသည်သည် ကောဓ၏အခြံအရံဗျဘိစာရီဘာဝတည်း၊ အာဒိဖြင့် ဥဂ္ဂတာ (ကြမ်းတမ်းသူ၏အဖြစ်ဟူသော အမူအရာ) သမ္ဘမ (မရပ်မတည် လှုပ်ရှားခြင်း) စသည်ကို ဋီကာတို့ ယူကြ၏၊ ဒပွဏ၌ကား-"မောဟာမရိသအာဒီ-ဒေါသကြီးမား၍ အမှားအမှန် မသိအောင် တွေဝေခြင်း မောဟ, သည်းမခံနိုင်ခြင်း အမရိသ စသည်ကို ဗျဘိစာရီဘာဝ"ဟု ဆိုလေသည်။

နယနာရုဏတာဒီဟိ။ ။နယနဿ-မျက်လုံး၏+အရုဏတာ-အရုဏ်ရောင်ကဲ့သို့ နီသည်၏အဖြစ် (ဒေါသအားကြီးခြင်း၏ အထိမ်းအမှတ် ဖြစ်သော မျက်စိနီရဲခြင်း)၊ ဤစကားဖြင့် အနုဘာဝကို ပြ၏၊ အာဒိဖြင့် ဘူဘင်္ဂ-မျက်မှောင်ကုတ်ခြင်း, ဩဋ္ဌပီဋ္ဌန-နှုတ်ခမ်းနှစ်ခုကို ကြပ်ကြပ်စေ့ထားသောအားဖြင့် နှိပ်စက်ခြင်း, သို့မဟုတ် နှုတ်ခမ်းကို သွားဖြင့် ကိုက်၍ နှိပ်စက်ခြင်း စသည်ကို ဋီကာတို့ ယူကြ၏၊ ဒပွဏ၌လည်း—

> **" ဘူဝိဘင်္ဂေါဌနိဒံသ-ဗာဟုဖောဋနတဇ္ဇနာ၊**
> **အတ္တာဝဒါနကထန, မာယုဓုက္ခေပနာနိ စ၊**
> **ဥဂ္ဂတာဝေဂရောမဥ္စ, သေဒဝေပထဝေါ မဒေါ။"**

ဟု အနုဘာဝတို့ကို များစွာပြ၏။ [ဘူဝိဘင်္ဂ, ဩဋ္ဌနိဒံသ, ဗာဟုဖောဋန, တဇ္ဇနာ-မျက်မှောင်ကုတ်ခြင်း, နှုတ်ခမ်းကိုက်ခြင်း, လက်ခမောင်းခတ်ခြင်း, ခြိမ်းခြောက်ခြင်းတို့သည်လည်းကောင်း၊ အတ္တာဝဒါန(အတ္တ+အဝဒါန=ဩဒါန) ကထနံ စ-မိမိက ဖြူစင်မြင့်မြတ်ကြောင်း (သူနှင့်ငါဟာ အဖက်မဟုတ်ကြောင်းကို) ပြောဆိုခြင်းသည်လည်းကောင်း၊ အာယုဓဥက္ခေပနာနိ-ဓားစသောလက်နက်ကို (မကြောက်ဘူးဟူသော အထိမ်းအမှတ်ဖြင့်) မြှောက်ခြင်း, ဝင့်ခြင်းတို့သည် လည်းကောင်း၊ ဥဂ္ဂတာ+အာဝေဂရောမဥ္စ, သေဒဝေပထဝေါ-ကြမ်းတမ်းသည်၏အဖြစ်, ပျာပျာသလဲ ဖြစ်ခြင်း, ကြက်သီးထခြင်း,

http://www.dhammadownload.com

ချွေးထွက်ခြင်း, ကိုယ်တုန်လှုပ်ခြင်းတို့သည်လည်းကောင်း၊ မဒေါ စ-မာန်ယစ်ခြင်းသည်လည်းကောင်း၊ အနုဘာဝါ-တို့တည်း။]

မှတ်ချက်။ ။ဥဂ္ဂတာကို ဦးကာတို့၌ ဗျဘိစာရီဘာဝတွင် သွင်း၍, ရတနကောသ၌ ဝိဘာဝတွင် သွင်း၏၊ မဒကိုလည်း ဗျဘိစာရီဘာဝ၌ စာကိုယ်မှာပင် သွင်းထား၏၊ ဤသို့လျှင် ကျမ်းဆရာတို့ ကိုယ်တိုင်ပင် ဝိဘာဝ ဗျဘိစာရီဘာဝ အနုဘာဝတို့ကို အမျိုးမျိုး ယူထားကြသောကြောင့် ဝိဘာဝ စသည် ကောက်ပြရာဝယ် အကြောင်းအကျိုး စိစစ်ကာ ဖြစ်သင့်ရာကိုသာ ထည့်သွင်းကြပါလေ။

ရုဒ္ဒရသပုံစံ

ယက္ခေန နရဘက္ခေန, လဒ္ဓေါ ပုရာ·ဝလောကယ၊
ဝေရမ္ဘစုဏ္ဏိတော မစ္ဆော, လောကံ ပဿေ ကထံ ပုနော။

နရဘက္ခေန-လူသားစားသော၊ ယက္ခေန-ငါပုဏ္ဏကဘီလူးသည်၊ လဒ္ဓေါ-အပိုင်ရအပ်ပြီ၊ ပုရံ-သင်၏နေပြည်တော်ကို၊ အဝလောကယ-ကြည့်လိုက်လော့၊ ဝေရမ္ဘစုဏ္ဏိတော-ဝေရမ္ဘလေသည် မှုန့်မှုန့်ညက်ညက် ကြိတ်ချေအပ်သော၊ မစ္ဆော-လူသတ္တဝါသည်၊ လောကံ-ဤလူ့ပြည်ကို၊ ပုနော-တစ်ဖန်၊ ကထံ ပဿေ-အဘယ်မှာ မြင်ရတော့အံ့နည်း။ [ဦးကာလာ ဂါထာကို ပထျာဝတ္တ ပြင်ထားသည်။]

ဤဂါထာ၌ မစ္ဆရိယ စသော ဝိဘာဝ, ကောဒ္ဓဿီဘာဝတို့ကို ဝါကျကစ်ခုလုံး၏ အစွမ်းသတ္တိဖြင့် ပြ၏၊ ဝေရမ္ဘစုဏ္ဏိတော စသော စကားဖြင့် ဝိဓုရအမတ်ကြီးကို ထိတ်လန့်အောင် ခြိမ်းခြောက်ခြင်း တာသ, မိမိ၏ မာန်ယစ်ခြင်း မဒ, ကြမ်းတမ်းခြင်း ဥဂ္ဂတာ စသော ဗျဘိစာရီဘာဝတို့ကို ပြ၏၊ ဤဝါကျတစ်ခုလုံးဖြင့် မျက်လုံး နီခြင်း-စသော အနုဘာဝတို့ကို မှန်းဆ၍ သိအပ်ကုန်၏ဟု ဦးကာ၌ ကောက်ပြသည်။ [ဤသို့ ဦးကာကောက်ပြပုံကို ကြည့်၍ ဝိဘာဝ စသည်ကို ထင်ရှားစွာ မပြအပ်သော ဂါထာ-စုဏ္ဏိယ-ပျို့ကဗျာတို့၌ ဤနည်းကို မှီး၍ ဝါကျတစ်ခုလုံးဖြင့် ရထိုက်သော ဝိဘာဝ စသည်တို့ကို ကောက်ပြကြပါလေ၊ ထို့ပြင် - တာသ အရလည်း ကြောက်လန့်စေခြင်း ခြိမ်းခြောက်ခြင်းကို ယူမှ ပုဏ္ဏကသန္တာန်၌ ဖြစ်သော ကောဒ္ဓဿီဘာဝ၏ ဗျဘိစာရ ဖြစ်နိုင်မည်။]

http://www.dhammadownload.com

န ဟိ နူန·ယံ သာခုဇ္ဇာ, လဘိ ဇိဝှာယဆေဒနံ၊
သုနိသိတေန သတ္ထေန, ဧဝံ ဒုဇ္ဇာသိတံ ဘဏ်။

ဧဝံ-ဤသို့ ကုသကို သနားချစ်ရမည်ဟူ၍၊ ဒုဇ္ဇာသိတံ-မကောင်းသော စကားကို၊ ဘဏ်း (ဘဏန္တိ)-ပြောလာသော၊ အယံ သာခုဇ္ဇာ-ဤခုဇ္ဇာ အကောင်မသည်၊ သုနိသိတေန သတ္ထေန-ထက်စွာသွေးအပ်သော ဓားဖြင့်၊ ဇိဝှာယဆေဒနံ-လျှာဖြတ်ခြင်းကို၊ န ဟိ နူန လဘိ-မရလိုက်လေချင်းဟဲ့နော်။ [သန်းရှာဟန်ဆောင်ရင်း ကုသမင်းကို ချစ်ဖို့ရန် အောင်သွယ်စကားပြောသော ခုဇ္ဇာကို ကပျာကယာ ထ၍ ရိုက်နှက်မည်ဟု လိုက်သောအခါ ခုဇ္ဇာ ပြေး၍ တံခါးပိတ်ထားသဖြင့် မရိုက်လိုက်ရသော ပဘာဝတီ၏ ဒေါသထွက်ပုံကို ပြသော ဂါထာတည်း။]

ဤဂါထာ၌ ခုဇ္ဇာသည် အာလမ္ဗနဝိဘာဝ၊ ခုဇ္ဇာ၏ အောင်သွယ်စကား, တံခါးပိတ်ထားသော အမူအရာများသည် ဒေါသကို ထင်ကြွစေသော ဥဒ္ဒီပနဝိဘာဝတို့တည်း၊ ပဘာဝတီ၏ စိတ်ဆိုးခြင်းသည် ကောဓဌာယီဘာဝတည်း၊ ရိုက်ရအောင် လိုက်သော လုံ့လဗျာပါရ, ခက်ထန်ကြမ်းကြုတ်သော အမူအရာတို့ကား ဥဿုက-ဥဂ္ဂတာဗျဘိစာရီဘာဝတို့တည်း၊ ဤဂါထာကို ရွတ်ဆိုသော ပဘာဝတီ၏ ဝစီပယောဂသည် အနုဘာဝတည်း၊ ထိုဝိဘာဝ ဗျဘိစာရီဘာဝ အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ကောဓဌာယီဘာဝသည် (ဤဂါထာကို ကြည့်ရသူတို့မှာ ကြမ်းတမ်းပုံအရသာ ပေါ်လာသော) ရုဒ္ဓရသတည်း။

သိရော တေ ဗဇ္ဈယိတ္ဝာန, ဟဒယံ ဆေတ္ဝာ သဗန္ဓနံ၊
ဗန္ဓသကုနံ ယဇိဿာမိ, တုယ့ံ မံသေန ဗြာဟ္မဏာ။

ဝေဿန္တရာဇာတ်၌ ဇူဇကာပုဏ္ဏားနှင့် မုဆိုးတွေ့ခန်းဝယ် "ဟဲ့ပုဏ္ဏား...နင့် ဦးခေါင်းကို ချည်နှောင်၍ နှလုံးသားကို အတွဲလိုက်ဖြုတ်ပြီးလျှင် ငှက်ကောင်ကလေးချည်၍ ယဇ်ပူဇော်သလို နင့်အသားဖြင့် ယဇ်ပူဇော်မည်"ဟု မုဆိုးက ကြိမ်းဝါးသော ဂါထာလည်း ဤရုဒ္ဓရသ ပါဝင်သော စကားပင် ဖြစ်သည်။

http://www.dhammadownload.com

ဉဿာဟဌာယီဘာဝ, ဝိရရသ

၃၆၃။ ပတာပဝိက္ကမာဒီဟု–ဿာဟော ဝိရောတိ သညိတော၊
ရဏဒါနဒယာယောဂါ, ဝိရော·ယံ တိဝိဓော ဘဝေ၊
တေဝ အနုဘာဝါ ဓိတိ–မတျာဒယော ဗျဘိစာရိနော၊

၃၆၃။ ပတာပဝိက္ကမာဒီဟိ-ရန်သူတို့က ပူပန်စေခြင်း, မိမိတို့ နယ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်ခြင်း အစရှိသော ဝိဘာဝတို့ကြောင့်၊ (ဥပဓိဇမာနော-ဖြစ်သော၊) ဉဿာဟော-အားထုတ်ခြင်း ဉဿာဟဌာယီဘာဝကို၊ ဝိရောတိ-ဝိရရသဟူ၍၊ သညိတော-ပညာရှိတို့ သိမှတ်အပ်၏၊ အယံ ဝိရော-ဤဝိရရသသည်၊ ရဏဒါနဒယာယောဂါ-စစ်တိုက်မှုနှင့်ယှဉ်ခြင်း, စွန့်ကြဲပေးကမ်း လှူဒါန်းမှုနှင့် ယှဉ်ခြင်း, သနားစောင့်ရှောက်မှုနှင့် ယှဉ်ခြင်းအားဖြင့်၊ တိဝိဓော-၃ ပါး အပြားရှိသည်၊ ဘဝေ-ဖြစ်၏၊ တေဝ-ထို စစ်တိုက်ခြင်း, ပေးကမ်းခြင်း, သနားစောင့်ရှောက်ခြင်းတို့သည်ပင်၊ အနုဘာဝေါ-အနုဘာဝတို့တည်း၊ ဓိတိမတျာဒယော-တည်ကြည်ခြင်း, သိခြင်း အစရှိသည်တို့သည်၊ ဗျဘိစာရိနော-ဗျဘိစာရီဘာဝတို့တည်း။

၃၆၃။ ပတာပဝိက္ကမာဒီဟိ။ ။"ပဘာဝေါ ဒဏ္ဍဇော တေဇော, ပတာပေါပိ စ ကောသဇော"ဟူသော အဘိဓာန် (၃၅၁)နှင့် အညီ, ဥစ္စာ အင်အား တန်ခိုး ဒဏ်ထားခြင်းကြောင့် ဖြစ်သော တန်ခိုးသည် ပတာပ မည်၏၊ [ပတာပ-ရန်သူကို ပူပန်စေတတ်သော တန်ခိုး၊] သူတစ်ပါး၏ နိုင်ငံနယ်ပယ်တွင်းသို့ ချဉ်းနင်းဝင်ရောက် ကျူးကျော်ခြင်းသည် ဝိက္ကမ မည်၏၊ ["အညရာဇူနံ-အခြားမင်းတို့၏၊ ဒဏ္ဍဇတေဇ သခီါတပတာပေါ, တေသမေဝ-ထိုအခြားမင်းတို့၏ပင်၊ ပရမဏ္ဍလာဝက္ကမ (အဝက္ကမ-သြက္ကမ) သခီါတဝိက္ကမော - သူတစ်ပါးနိုင်ငံသို့ သက်ရောက်ခြင်း ဝိက္ကမလည်းကောင်း, ဗလဘေဒေါ စ-အထူးထူးသော အင်အားလည်းကောင်း"ဟု ဋီကာဆို၏၊ အာဒိဖြင့် ဗလဘေဒကိုလည်းကောင်း, ဝိနယ-ရန်သူက မိမိကို ဆုံးမခြင်းတို့ကိုလည်းကောင်း ယူ၊ ဝိဘာဝါ တဿ ဝိနယ-ပတာပ ဗလဝိက္ကမာ။-ရတနကောသ။]

အချုပ်မှာ– "ပတာပ"ဟူသည် ဥစ္စာအင်အား-နှိပ်ကွပ်နိုင်သော ဒဏ်အားတို့တည်း၊ ယခုခေတ်၌ စစ်ရှုံးသော နိုင်ငံက စစ်လျော်ကြေး

http://www.dhammadownload.com

ပေးနေရခြင်းသည် ဒဏ္ဍဇတန်ခိုးဖြင့် အနှိမ်ခံနေရခြင်းတည်း၊ ရန်သူ၏ ထိုအစွမ်းကို မြင်ရသော မိမိမှာ အေးစက်စက်နေ၍ မဖြစ်တော့ဘဲ လုံ့လဝီရိယ ဉဿာဟ ထုတ်ရတော့၏၊ ရန်သူက မိမိနယ်ကို ကျူးကျော် စော်ကားခြင်းကြောင့်လည်း ငုံ၍ ခံမနေနိုင်တော့ဘဲ စွမ်းအားရှိသမျှ ခုခံသောအားဖြင့် ဉဿာဟ ပြုရတော့သည်-ဟူလို၊ ဤ၌ ရန်သူမင်း စသော ပုဂ္ဂိုလ်သည် အာလမ္ဗနဝိဘာဝ, ထိုပုဂ္ဂိုလ်၏ ပတာပ ဝိကွာမ စသော အစွမ်းသတ္တိသည် ဥဒ္ဒီပနဝိဘာဝတည်း။ [အောက်ဂါထာ၌ "ဝိဇေတဗ္ဗာဒယော-နိုင်လိုအပ်သော ရန်သူမင်းစသည်တို့ကို"ဟုလည်းကောင်း, ဝိဇေတဗ္ဗာဒိ စေဋ္ဌာဒိ-နိုင်လိုအပ်သော ရန်သူမင်းစသည်တို့၏ အမူအရာစသည်တို့သည်"ဟုလည်းကောင်း ပေး။]

အာလမ္ဗနဝိဘာဝါတု, ဝိဇေတဗ္ဗာဒယော မတာ၊
ဝိဇေတဗ္ဗာဒိစေဋ္ဌာဒိ, တဿုဒ္ဒီပနရူပိနော၊။

ဉဿာဟော ဝီရော။ ။ဉဿာဟ-ဝီရ နှစ်မျိုးလုံးပင် တရားကိုယ်အားဖြင့် ဝီရိယချည်းတည်း၊ ["ဉ-ဒုက္ခလာဘေ+သဟနံ=ဉဿာဟော" နှင့်အညီ ဒုက္ခကို သည်းခံ၍ တက်တက်ကြွကြွ ကြိုးစားမှု ဝီရိယကို "ဉဿာဟ"ဟု ခေါ်၍ တွေ့ကြုံလာသော ဘေးဒုက္ခကြောင့် မကြောက်မရွံ့ ရဲဝံ့သော ဝီရိယကို ဝီရဟု ခေါ်သင့်၏၊ ဉဿာဟဌာယိဘာဝသည် ပြအပ်လတ္တံ့သော ဗျဘိစာရိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားလာသော အခါ ကဗျာဗန္ဓဖြစ်အောင် ဖွဲ့နွဲ့စီကုံးထားသောအခါတို့၌ သာယာဖွယ် ဝီရ အရသာ ပေါ်လာသည်-ဟူလို။

ရဏ၊ပေ၊တိဝိဓော။ ။စစ်တိုက်မှုနှင့်ယှဉ်သော (စစ်တိုက်ဖို့ရန် ရဲရင့်သော) ဝီရိယသည် ရဏဝီရ၊ ပေးကမ်းလျှဒါန်းမှုနှင့် ယှဉ်သော (ပေးလှူဖို့ရန် ရဲရင့်သော) ဝီရိယသည် ဒါနဝီရ၊ သနားကရုဏာနှင့် ယှဉ်သော (သနားစရာသတ္တဝါကို စောင့်ရှောက်ဖို့ရန် ရဲရင့်သော) ဝီရိယသည် ဒယာဝီရ မည်၏။ ["ဒယ-ရက္ခဏေ"ဟု ဓာတ်ကျမ်းရှိ၏။] ဤကျမ်း၌ ဝီရ သုံးမျိုးသာ ပြသော်လည်း ဒပွဏ်၌ ဓမ္မဝီရ ထည့်၍ လေးပါး ပြား၏-ဟု ဆိုသည်။

တေဝ အနုဘာဝါ။ ။စစ်တိုက်ဖို့ရန် ရဲရင့်သောဝီရကြောင့် စစ်တိုက်ခြင်းအမူအရာ အကျိုး ဖြစ်၏၊ ပေးလှူဖို့ရန် ရဲရင့်သော ဝီရကြောင့်

http://www.dhammadownload.com

ပေးလှူခြင်းအမှုအရာ အကျိုးဖြစ်၏၊ သနားစောင့်ရှောက်လိုခြင်း ညှာတာလိုခြင်း ကရုဏာကြောင့် စောင့်ရှောက်မှု ညှာတာမှု အကျိုးဖြစ်၏၊ ထို့ကြောင့် "တေဝ-အနုဘာဝါ"ဟု ဆိုသည်၊ ဒပ္ပဏ္ဍကား- "သူတစ်ပါး၏ နှိပ်စက်စော်ကားခြင်းကို ခံရသဖြင့် မျက်ရည်ကျခြင်း, ပြန်၍ လက်စားချေရအောင် အဖော်ရှာခြင်းတို့ကို အနုဘာဝ"ဟု ဆို၏။ [သဟာယာန္တေသန-အဖော်ရှာခြင်း။]

အနုဘာဝါတု တတြ•ဿု-သဟာယာ•န္တေသနာဒယော၊
သ စ ဒါနဓမ္မယုဒ္ဓ-ဒယာဟိ စတုဓာ ဘဝေ။

မှတ်ချက်။ ။ယုဒ္ဓသည် ရဏနှင့်တူ၏၊ ဓမ္မဝီရဟူသည် ဒါန ဒယာ ဝီရတို့မှ တစ်ပါးသော သီလစောင့်မှုခြင်း ရဲရင့်ခြင်း (သီလပါရမီ), ကာမဂုဏ်ကို စွန့်ခွာ၍ တောထွက်မှုခြင်း ရဲရင့်ခြင်း နေကွမ္မပါရမီစသော တရားစုပင် ဖြစ်စရာရှိ၏။ [သ စ-ထိုဝီရသည်လည်းဟု ပေး။]

ရဏဝီရရသပုံစံ

ဟတ္ထိခန္ဓဋ္ဌ အာရုယှ, အာရောပေတွာ ပဘာဝတိံ၊
သဂ်ိမံ ဩတရိတွာန, သီဟနာဒံ နဒီ ကုသော။

ကုသော-ကုသမင်းသည်၊ ဟတ္ထိခန္ဓံ-ဆင်ကျောက်ကုန်းသို့ အာရုယှ-တက်ပြီး၍၊ ပဘာဝတိံ-ပဘာဝတီကို၊ အာရောပေတွာ-တင်ပြီး၍၊ သဂ်ိမံ-စစ်မြေပြင်သို့၊ ဩတရိတွာန-သက်ဝင်ပြီး၍၊ သီဟနာဒံ-မခ္ခံ့မကြွော်, ခြင်္သေ့ဟောက်သို့, ရဲရဲတောက်အသံကို၊ နဒီ-ကြုံးဝါးပြု။

ဤ ဂါထာ၌ ခုနစ်ပြည်ထောင်မင်းတို့သည် အာလမ္ဗနဝိဘာဝ၊ ထို မင်းတို့က ပဘာဝတီ ခမည်းတော်၏ နိုင်ငံသို့ ကျူးကျော်ခြင်း, ပဘာဝတီကို ပေးရမည်ဟု တောင်းဆိုခြင်းတို့သည် ဥဒ္ဒီပနဝိဘာဝ၊ ဤဝိဘာဝတို့ကို ဂါထာတစ်ခုလုံးဖြင့် မှန်းဆ၍ သိအပ်ကုန်၏၊ "သဂ်ိမံ ဩတရိတွာန"ပါဌ်ဖြင့် စစ်တိုက်ဖို့ရန် လှုံ့လဆော်ခြင်းဟူသော ဥဿာဟဌာယီဘာဝကို ပြ၏၊ "ဟတ္ထိခန္ဓဋ္ဌ အာရုယှ, အာရောပေတွာ ပဘာဝတိံ" ပါဌ်တို့ဖြင့် စိတ်ဓာတ်တည်ကြည်ခြင်း ခိတိ, စစ်တိုက်မည်ဟု ဆုံးဖြတ်ခြင်း မတိဟူသော ဗျဘိစာရီဘာဝတို့ကို ပြ၏၊ "သီဟနာဒံ နဒီ"ပါဌ်ဖြင့် အနုဘာဝကို ပြ၏၊ ဤသို့လျှင် ဝိဘာဝ အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ဥဿာဟဌာယီဘာဝသည် ရဏဝီရရသ ဖြစ်၏၊ တစ်နည်း-

http://www.dhammadownload.com

ဤအဖွဲ့ဗန္ဓကို ကြည့်ရှုနားထောင်ရသူတို့၏ သန္တာန်၌ ဖြစ်ပေါ်လာသော အရသာသည် မုချ ဝိရရသ ဖြစ်၏၊ ထိုရသကို အကြောင်းပြု၍ အဖွဲ့ဗန္ဓသည်လည်းကောင်း, ဖလူပစာရအားဖြင့် ဝိရရသ ဖြစ်၏။

အမှာ။ ။ရဏဝိရဒ္ဓ သတ္တရဏဝိရ, ကိလေသရဏဝိရဟု ဝိရရသ နှစ်မျိုး ခွဲကြ၏၊ ဤပြခဲ့သော ပုံစံသည် သတ္တဝါကို စစ်တိုက်ပုံပြသော သတ္တရဏဝိရပုံစံတည်း၊ ကိလေသာကို စစ်တိုက်ရာ၌ ရဲရင့်မှုလည်း ကိလေသရဏဝိရ မည်၏-ဟု ဆိုကြသေး၏။

ဒါနဝိရရသပုံစံ

ဧကံ တေ ယာစမာနဿ, ဥဘယာနိ ဒဒါမဟံ၊
သစက္ခုမာ တုဝံ ဂန္ဓ, မဟာဇနဿ ပေက္ခတော။

အဟံ-ငါ သိဝိမင်းသည်၊ ဧကံ-တစ်ဖက်သော မျက်လုံးကို၊ ယာစမာနဿ-တောင်းသော၊ တေ-သင်ပုဏ္ဏားအား၊ ဥဘယာနိ-နှစ်ဖက်သော မျက်လုံးတို့ကို၊ ဒဒါမိ-ပေးအံ့၊ မဟာဇနဿ-များစွာသော လူအပေါင်းသည်၊ ပေက္ခတော-ကြည့်နေစဉ်၊ သစက္ခုမာ-မျက်စိနှင့် ပြည့်စုံသည်၊ ဟုတ္ဝာ-၍၊ တုဝံ-သင်သည်၊ ဂန္ဓ-သွားပါလော့။ [သိဝိဇာတ်လာ ဂါထာများကို ချုံးထားသည်။]

ဤဂါထာ၌ မျက်စိကို အလှူခံလာသော ပုဏ္ဏားသည် အာလမ္ဗနဝိဘာဝ၊ ပုဏ္ဏား၏ မျက်စိမမြင်ပုံ အခြင်းအရာသည် သိဝိမင်း၏ အလွန်ပေးကမ်းလှူဒါန်းလိုသော သဒ္ဓါတရားကို ထင်ကြစေနိုင်သောကြောင့် ဥဒ္ဒီပနဝိဘာဝ၊ "ဧကံ တေ ယာစမာနဿ, ဥဘယာနိ ဒဒါမဟံ"ပါဠိတို့ဖြင့် ဥဿာဟဋ္ဌာယီဘာဝကိုလည်းကောင်း, ခိုင်မြဲတည်ကြည်ခြင်း ဓိတိ, လှူမည်ဟု ဆုံးဖြတ်ခြင်း မတိဟူသော ဗျဘိစာရိဘာဝတို့ကိုလည်းကောင်း ပြ၏။ ဤဂါထာကို နှုတ်ဖြင့် ရွတ်ဆိုခြင်းကား အနုဘာဝတည်း၊ ဤသို့လျှင် ဝိဘာဝ အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ဥဿာဟဋ္ဌာယီဘာဝသည် ဒါနဝိရရသ ဖြစ်၏၊ ဤဂါထာကို ကြည့်ရှုနားထောင်ရသူတို့၏ သန္တာန်၌ ဖြစ်ပေါ်လာသော အရသာသည် မုချ ဝိရရသ ဖြစ်၏၊ ထိုရသကို အကြောင်းပြု၍ အဖွဲ့ဗန္ဓလည်း ဖလူပစာရအားဖြင့် ဝိရရသ ဖြစ်၏။

http://www.dhammadownload.com

ဒယာဝိရရသပုံစံ

ကုလာဝကာ သိမွလိမ့်, ဤသာ ဝဇ္ဇယ မာတလိ၊
စဇံပိ အသုရေ ပါဏံ, မာဟုံ ဝိဂ္ဂါလဝါ ဒိဇာ။

မာတလိ-မာတလိ၊ အသုရေ-အသုရာအပေါင်း၌၊ ပါဏံ-အသက်ကို၊ စဇံပိ-စွန့်ရသော်လည်း၊ သိမွလိမ့်-လက်ပံတောင်၌၊ ကုလာဝကာ-ဂဠုန်ငှက်သိုက်အပေါင်းမှ၊ ဤသာ (ဤသာမုခေန)-ရထား၏ လှည်းသန်ဦးဖြင့်၊ ဝဇ္ဇယ-မတိုက်မိအောင် ကွင်းရှောင်ပါလော၊ ဒိဇာ-ဂဠုန်ငှက်တို့သည်၊ ဝိဂ္ဂါလဝါ-အသိုက်မရှိကုန်သည်၊ မာဟုံ (မာ+အဟုံ)-မဖြစ်ပါစေကုန်လင့်။ [ကုလာဝကဇာတ်လာ ဥပဇာတိဂါထာကို ဝတ္တဂါထာ ပြင်ထားသည်။]

ဤဂါထာသည် သိကြားနှင့် အသုရာတို့ စစ်ဖြစ်ရာဝယ် သိကြား ရှုံး၍ ဝေဇယန္တာရထားဖြင့် တာဝတိံသာသို့ တက်ပြေးသောအခါ လက်ပံတောသို့ ရောက်လျှင် ရထားဖြင့် အသိုက်ကို တိုက်မိ၍ ဂဠုန်ငှက်ကလေးတွေ ကြောက်အားလန့်အားနှင့် အော်ရှာကြသံကို သိကြားမင်း ကြားသဖြင့် အလွန်သနားသော ဒယာဖြစ်ပုံကို ပြသော ဂါထာတည်း။

ဤဂါထာ၌ ဂဠုန်ငှက်ကလေးများသည် အာလမ္ဗနဝိဘာဝ၊ ငှက်ကလေးများ၏ကြောက်လန့်၍ အော်သံသည် ဥဒ္ဒီပနဝိဘာဝ၊ ထိုဝိဘာဝတို့ကို ဂါထာတစ်ခုလုံးဖြင့် မှန်းဆ၍ သိအပ်ကုန်၏။ နောက်မှ လုံ့လာသော အသုရာများ မီ၍ အသက်ကို စွန့်ရစေကာမူ ရထားလှည်းသန်ဦးဖြင့် မတိုက်ရအောင် ငှက်သိုက်မှ ရှောင်၍ မောင်းပါ-ဟု သိကြားမင်း၏ သနားခြင်းကြောင့် မာတလိကို ဗျာပါရကြီးစွာဖြင့် အမိန့်ပေးခြင်းသည် ဥဿာဟဌာယီဘာဝတည်း၊ စိတ်၏ မကြောက်မရွံ့ တည်ကြည်ခြင်း ဓိတိ, အသေခံဖို့ရန် ဆုံးဖြတ်ခြင်း မတိစသော ဗျဘိစာရီဘာဝကိုလည်းကောင်း, ဤဂါထာဖြင့် ပြောဆိုရာဝယ် သနားသံပါနေသော (ဖောက်ပြန်သော အသံဟူသော) ဝိဿရတာ သတ္တိကဘာဝကိုလည်းကောင်း ဂါထာတစ်ခုလုံးဖြင့် မှန်းဆ၍ သိအပ်၏၊ ငှက်ငယ်တို့ကို စောင့်ရှောက်ခြင်း ဒယာသည်လည်းကောင်း, ဤဂါထာကို ပြောဆိုခြင်း ဝစီဗျာပါရသည်လည်းကောင်း အနုဘာဝတို့တည်း၊ ထိုဝိဘာဝ အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော သနားခြင်း၌ ရဲရင့်ပုံသည် ဒယာဝိရရသ ဖြစ်၏။

http://www.dhammadownload.com

ဓမ္မဝီရရသပုံစံ

ကိဉ္စိ မေ ပဟိတတ္တာဿ, လောဟိတံ နုပသုဿယေ၊
လောဟိတေ သုဿမာနမ္ပိ, ပိတ္တံ သေမ္ဟဉ္စ သုဿတိ၊
မံသေသု ခီယမာနေသု, ဘိယ္ယော စိတ္တံ ပသီဒတိ။

ပဟိတတ္တာဿ-နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသော၊ မေ-ငါ၏၊ ကိဉ္စိ-တစ်စုံတစ်ခုသော၊ ဟောဟိတံ-သွေးသည်၊ ဥပသုဿယေ-ခြောက်ရာ၏၊ [နအာဂုံ] လောဟိတေ-သွေးသည်၊ သုဿမာနမ္ပိ-ခြောက်လတ်သော်၊ ပိတ္တံ-သည်းခြေသည်လည်းကောင်း၊ သေမ္ဟဉ္စ-သလိပ်သည်လည်းကောင်း၊ သုဿတိ-ခြောက်၏၊ မံသေသု-အသားတို့သည်၊ ခီယမာနေသု-ကုန်ခန်းကုန်လတ်သော်၊ ဘိယ္ယော-လွန်စွာ၊ စိတ္တံ-စိတ်သည်၊ ပသီဒတိ-ကြည်လင်၏။

ဤဂါထာ၌ နိဗ္ဗာန်သည်လည်းကောင်း, ကမ္မဋ္ဌာန်းအာရုံသည်လည်းကောင်း အာလမ္ဗနဝိဘာဝ၊ စိမ်းစိုသော တော တောင် ချောက်ကမ်းပါးယံကျောင်းသစ်မ်းတို့သည် ဥဒ္ဒီပနဝိဘာဝ၊ အားထုတ်ခြင်းသည် ဥဿာဟဌာယီဘာဝ၊ သွေးသား စသည်တို့ ခြောက်သွေ့ခြင်းသည် အနုဘာဝ၊ စိတ် ကြည်လင်ခြင်းသည် ဟရိသဗျဘိစာရီဘာဝ၊ ဤသို့ ဝိဘာဝ အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ဥဿာဟဌာယီဘာဝသည် ဓမ္မဝီရရသ ဖြစ်၏။

ဝီရ (၄) မျိုးလုံးပုံစံ

အဇိတ္တာ သဏ္ဌာဝံ ဥပ္ပိ, အယဇ္ဈ ဝိဝိဓေ မခေ၊
အဒတ္တာ စတ္ထ-မတ္ထိနော, ဘဝေယျံ ပတ္ထဝေါ ကထံ။

သဏ္ဌာဝံ (သ+ အဏ္ဌာဝံ)-သမုဒ္ဒရာနှင့်တကွဖြစ်သော၊ ဥပ္ပိ-မြေကို၊ အဇိတ္တာ-မအောင်မြင်မူ၍၊ ဝိဝိဓေ-အထူးထူးအပြားပြား များကုန်သော၊ မခေ-ယဇ်ပူဇော်ခြင်းတို့ဖြင့်၊ ဝါ-တရားကျင့်ခြင်းတို့ဖြင့်၊ အယဇ္ဈ-မပူဇော်မူ၍၊ ဝါ-မကျင့်မူ၍၊ အတ္ထံ-စီးပွားကို၊ အတ္ထိနော-အလိုရှိသူအား၊ အဒတ္တာ-မပေးမူ၍၊ ပတ္ထဝေါ-မင်းသည်၊ ကထံ ဘဝေယျံ-အဘယ်မှာ ဖြစ်ရာအံ့နည်း။

ဤဂါထာ၌ "အဇိတ္တာ သဏ္ဌာဝံ ဥပ္ပိ" ဖြင့် ယုဒ္ဓဝီရကို ပြ၏၊ "အယဇ္ဈ ဝိဝိဓေ မခေ" ဖြင့် ဓမ္မဝီရကို ပြ၏၊ "အဒတ္တာ စတ္ထမတ္ထိနော" ဖြင့် သူတောင်းစားတို့ကို သနားလွန်ခြင်း ဒယာဝီရ, ပေးလှူခြင်း ဒါနဝီရတို့ကို ပြ၏၊ ဝိဘာဝ, ဗျဘိစာရီဘာဝ, အနုဘာဝတို့ကို ရှေ့နည်းမှီး၍ ကောက်ပါ။

http://www.dhammadownload.com

ဘယဋ္ဌာယီဘာဝ, ဘယာနကရသ

၃၆၄။ ဝိကာရိဿနသတ္တာဒိ-ဘယုက္ကံသော ဘယာနကော၊ သေဒါဒယော နုဘာဝေတ္ထ, တာသာဒီ ဗျဘိစာရိနော။

၃၆၄။ ဝိကာရိဿနသတ္တာဒိဘယုက္ကံသော - ပင်ကို သဘောမှ ထူးခြားခြင်းရှိသော အသံ, ထူးခြားခြင်းရှိသော သတ္တဝါ အစရှိသော ဝိဘာဝတို့ကြောင့်ဖြစ်သော ကြောက်ခြင်း၏ လွန်ကဲခြင်းသည်၊ ဘယာနကော-ဘယာနကရသ မည်၏၊ တ္ထ-ဤဘယာနကရသ၌၊ သေဒါဒယော-ချွေးအစရှိသည်တို့သည်၊ အနုဘာဝါ-အနုဘာဝတို့တည်း၊ တာသာဒီ - ထိတ်လန့်ခြင်း အစရှိသည်တို့သည်၊ ဗျဘိစာရိနော - ဗျဘိစာရီဘာဝတို့တည်း။

၃၆၄။ ဝိကာရိ ၊ပေ၊ ဘယုက္ကံသော။ ။ဝိကာရော ဧတေသံ အတ္ထီတိ ဝိကာရိနော၊ ဝိကာရိနော စ+တေ+ဿနသတ္တာ စာတိ ဝိကာရိဿနသတ္တာ၊ [သက္ကတ၌ "သ္မန"ဟု "အသံ"အနက်ဟောပုဒ် ရှိ၏၊ ပါဠိ၌၌ ဝပ္ပျောက်၍ ဒွေဘော်ရောက်သည်၊] အာဒိဖြင့် တိတ်ဆိတ်သော တောကြီးသို့ ရောက်ခြင်း, သတ်ပုတ် ချုပ်နှောင်သည်ကို မြင်ရခြင်း, မိန်းမတို့အတွက် မြေခွေးမြည်သံ, ခင်ပုတ်ဥက်သံ ကြားရခြင်းများကို ယူ၍, မြင့်မြတ်သော ဥတ္တမပုဂ္ဂိုလ်တို့အတွက် အလေးဂရုပြုအပ်သော ဥပဇ္ဈာယ်ဆရာကြီးများကိုလည်း ဋ္ဌီကာ၌ ဝိဘာဝ အဖြစ်ဖြင့် ယူ၏။ [ကွတ္ထိနိ စ ပကတိကာနံ ဘယဟေတုဝိကာရိဿနသတ္တာဒိ၊ ဥတ္တမာနံ ဂုရုအာဒိ၊] ဝိကာရိဿနသတ္တာ+အာဒီ ယေသံ (သုညာရညာဒီနံ)တိ ဝိကာရိဿနသတ္တာဒယော။]

ဤပါဌ်ဖြင့် ဝိဘာဝကို ပြ၏၊ မိုးကြိုးသံ, ဘီလူးစသော သတ္တဝါ, ဆိတ်ငြိမ်သော တောကြီး စသည်တို့သည် အာလမ္ဗနဝိဘာဝ၊ အသံ၏ ပြင်းထန်ပုံ ဆင့်ကာ ဆင့်ကာ ထစ်ချန်းပုံသည်လည်းကောင်း, ဘီလူး၏ မျက်လုံးပြဲပြဲ သွားဖြဲဖြစသော အမူအရာသည်လည်းကောင်း ဥဒ္ဒီပန ဝိဘာဝဟု ခွဲပါ၊ ဝိကာရိဿနသတ္တာဒီဟိ+ဇာတံ+ဘယံ ဝိကာရိ ၊ပေ၊ ဒီဘယံ၊ [ဇာတအလယ်ပုဒ်ကျေ၊] တဿ+ဥက္ကံသောဝိကာရိ ၊ပေ၊ ဘယုက္ကံသော၊ ထိုဘယလည်း သာဘာဝိကဘယ, ကိတ္တိမဘယဟု

http://www.dhammadownload.com

နှစ်မျိုး ရှိ၏။ ထိုတွင် ပင်ကိုကြောက်စရာကောင်းသော အကြောင်းတို့ကြောင့်ဖြစ်သော ကြောက်ခြင်းသည် သာဘာဝိကဘယ မည်၏။ တမင်ကြောက်အောင် ခြောက်မှုကို ပြုခြင်းကြောင့်ဖြစ်သော ကြောက်ခြင်းသည် ကိတ္တိမဘယ မည်၏။

သေဒါဒယော နုဘာဝါ။ ။ကြောက်လျှင် ချွေးထွက်လာတတ်၏၊ အဆင်းပျက်ခြင်း ဝေဝဏ္ဏာ, ကွဲအက်သော အသံဖြင့် ပြောဆိုခြင်း ဂဂ္ဂဒဿရဘာသဏလည်း ဖြစ်တတ်၏။ ကြောက်လျှင် ဘာမျှ မလှုပ်ဘဲ ကုပ်၍နေခြင်းဟူသော ပလယ, ကြက်သီးထခြင်း ရောမဥ္စ, ကိုယ်တုန်လှုပ်ခြင်း ကမ္မ, ထိုဤ အရပ်ကို (အားကိုးရာ ရှာသောအားဖြင့်) ကြည့်ခြင်း ဒိသိက္ခန (ဒိသာ + က္ကခ္ခန)တို့လည်း ဖြစ်တတ်၏၊ ထို အားလုံးကို သေဒါဒိဠ္ဍ အာဒိဖြင့် ယူပါ။

အနုဘာဝေါ·တြဝေဝဏ္ဏ-ဂဂ္ဂဒဿရဘာသဏံ၊
ပလယသေဒရောမဥ္စ-ကမ္မဒိသိက္ခနာဒယော။

တာသာဒီဗျဘိစာရိနော။ ။အာဒိဖြင့် ကြောက်စရာကောင်းသော အသံ-သတ္တဝါတို့ကိုလည်းကောင်း, ရွံမုန်းခြင်း ဇိဂုစ္ဆာ, ပျာပျာသလဲဖြစ်ခြင်း အာဝေဂ, တွေဝေခြင်း ဘာမျှ မလုပ်တတ်ခြင်း သမ္မောဟ, [တာသ-ဟု ခေါ်သော သန္တာသကား မူရင်းပုဒ်တည်း၊] တချို့မှာ ဖြစ်တတ်သော ကိုယ်လက်နွမ်းနယ်ခြင်း လ္လိန, စိတ်ဆင်းရဲခြင်း ဒီနတာ, ယုံမှားခြင်း သင်္ကာ, ရှုးခြင်း အပသ္မာရ, စိတ်မတည်ခြင်း သမ္ဘန္တိ (သမ္ဘမ), သေခြင်း မစ္စု စသည်တို့ကို ယူ။

ဇိဂုစ္ဆာဝေဂသမ္မောဟ, သန္တာသလ္လိနဒီနတာ၊
သင်္ကာ·ပသ္မာရသမ္ဘန္တိ, မစ္စုဒီ ဗျဘိစာရိနော။

ဘယာနကရသပုံစံ

တဿ တံ နဒတော သုတ္တာ, သီဟသေဝိတရေမိဂါ၊
ခတ္တိယာ ဝိပ္ပလာယိံသု, ကုသသဒ္ဒဘယဋ္ဋိတာ။

သီဟသ-ခြင်္သေ့၏၊ (သဒ္ဒ်-ဟောက်သံကို၊ သုတ္တာ-ကြားရ၍၊) ဣတရေမိဂါ-အခြားသော သားကောင်တို့သည်၊ (ပလာယန္တိ ဣဝ-ထွက်ပြေးကြကုန်သကဲ့သို့၊ တဏှာ-ထို့အတူ၊) နဒတော-"ငါဟာ ကုသတဲ့"ဟု ကြုံးဝါးသော၊ တဿ-ထိုကုသမင်း၏၊ တံ-ထိုကြုံးဝါးသံကို၊ သုတ္တာ-ကြားရ၍၊ ကုသသဒ္ဒဘယ

http://www.dhammadownload.com

ဋ္ဌီတာ-ကုသမင်း၏အသံကြောင့် ကြောက်ခြင်းသည် နှိပ်စက်အပ်ကုန်သော၊ ခတ္တိယာ-ခုနစ်ပြည်ထောင် မင်းတို့သည်၊ ဝိပ္ပလာယိသု-ပြေးကြကုန်ပြီ။ [သတ္တတိနိပါတ်-ကုသဇာတ်။]

ဤပြယုဂ်၌-ကုသမင်းသည် အာလမ္ဗနဝိဘာဝ၊ နား၏ အနီး၌ ကပ်၍ ငေါက်လိုက်သကဲ့သို့ "ငါဟ ကုသတဲ့"ဟူသော ကြုံးဝါးသံသည် ဥဒ္ဒိပနဝိဘာဝ၊ ခုနစ်ပြည်ထောင်မင်းတို့၏ ကြောက်လန့်ခြင်းသည် ဘယဋ္ဌာယီဘာဝ၊ ဇောခွေးထွက်ခြင်း, ဆတ်ဆတ်တုန်ခြင်း, မျက်စိပြာခြင်း, တွေဝေခြင်းစသည်တို့သည် ဗျဘိစာရီဘာဝ၊ ထွက်ပြေးကြခြင်းသည် အနုဘာဝတည်း၊ ဤသို့လျှင် ဝိဘာဝ အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ဘယဋ္ဌာယီဘာဝသည် ဘယာနကရသ ဖြစ်၏။

သီဟော စ သီဟနာဒေန, ဒဒ္ဒရံ် အဘိနာဒယိ၊
သုတ္တာ သီဟဿ နိဂ္ဃေသံ်, သိင်္ဂါလော ဒဒ္ဒရေ ဝသံ်၊
ဘီတော သန္တာသ·မာပါဒိ, ဟဒယဥ္စဿ အဖလိ။

သီဟော စ-ခြင်္သေ့သည်လည်း၊ သီဟနာဒေန-ခြင်္သေ့တို့၏ဟောက်သံဖြင့်၊ ဒဒ္ဒရံ်-ငွေတောင်ကို၊ အဘိနာဒယိ-ပဲ့တင်ထပ်စေပြီ၊ သီဟဿ-ခြင်္သေ့၏၊ နိဂ္ဃေသံ်-ဟောက်သံကို၊ သုတ္တာ-ကြားရ၍၊ ဒဒ္ဒရေ-ငွေတောင် (ဖန်ဂူအတွင်း)၌၊ ဝသံ် (ဝသန္တော)-နေသော၊ သိင်္ဂါလော-မြေခွေးသည်၊ ဘီတော-ကြောက်သည်၊ (ဟုတ္တာ-၍၊) သန္တာသ်-ထိတ်လန့်ခြင်းသို့၊ အာပါဒိ-ရောက်ပြီ၊ အဿ-ထို မြေခွေး၏၊ ဟဒယဥ္စ-ရင်သည်လည်း၊ အဖလိ-ကွဲပြီ။

မြေခွေးသည် ခြင်္သေ့ မရှိခိုက်၌ ခြင်္သေ့၏ နှမကို လူပျိုစကား သွား၍ ပြော၏၊ ခြင်္သေ့မကလေးသည် ရှက်လှ၍ မောင်တော် ခြင်္သေ့အား တိုင်၏၊ ခြင်္သေ့သည် ဒေါသလွှတ်၍ မြေခွေး ပုန်းနေရာ ဖန်ဂူကို အပြင်က နေ၍ ဟောက်လေသည်၊ ဤပြယုဂ်၌-ခြင်္သေ့သည် အာလမ္ဗနဝိဘာဝ၊ တောင်သံ ဟိန်းသွားအောင် ဟောက်လိုက်သော ခြင်္သေ့၏ အသံသည် ဥဒ္ဒိပနဝိဘာဝ၊ မြေခွေး၏ ကြောက်ခြင်းသည် ဘယဋ္ဌာယီဘာဝ၊ ထိတ်လန့်ခြင်း တာသ, ပျာနေခြင်း အာဝေဂတို့သည် ဗျဘိစာရီဘာဝတို့တည်း၊ နှလုံးကွဲခြင်းသည် အနုဘာဝ၊ ဤ ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ဘယဋ္ဌာယီဘာဝသည် ဘယာနကရသ ဖြစ်၏။

http://www.dhammadownload.com

ဇိဂုစ္ဆာဌာယီဘာဝ, ဗီဘစ္ဆရသ

၃၆၅။ ဇိဂုစ္ဆာ ရုဓိရာဒီဟိ, ပူတျာဒီဟိ ဝိရာဂတော၊
ဗီဘစ္ဆော ခေါဘနု.ဗ္ဗေဂိ, ကမေန ကရုဏာယုတော၊
နာသာဝိကုဏာနာဒီဟိ, သင်္ကာဒီဟိ.ဿ ပေါသနံ။

၃၆၅။ ရုဓိရာဒီဟိ-သွေး အစရှိသည်တို့ကြောင့်လည်းကောင်း၊ ပူတျာဒီဟိ-အပုပ်နံ့ အစရှိသည်တို့ကြောင့်လည်းကောင်း၊ ဝိရာဂတော-မတပ်မက်ခြင်းကြောင့်လည်းကောင်း၊ (ဥပဓုမာနာ-ဖြစ်သော၊) ဇိဂုစ္ဆာ-စက်ဆုပ်ရွံရှာခြင်း ဇိဂုစ္ဆာဌာယီဘာဝသည်၊ ကမေန-အစဉ်အားဖြင့်၊ ခေါဘနော - ချောက်ချားတတ်သည်လည်း ဖြစ်သော၊ ဥဗ္ဗေဂိ -

---

၃၆၅။ ဇိဂုစ္ဆာ၊ပေ၊ဝိရာဂတော။ ။စက်ဆုတ်ခြင်း, ရွံခြင်း, မုန်းခြင်းကို ဇိဂုစ္ဆာ ဟု ခေါ်၏၊ တရားကိုယ်မှာ ဒေါသ-ဒေါမနဿတည်း။ [ရုပ်နာမ်ခမ္မအပေါ်၌ ဉာဏ်ပညာဖြင့် စက်ဆုပ်မှုလည်း ရှိပါသေး၏၊ သို့သော် ထိုစက်ဆုပ်မှုကား ဗီဘစ္ဆရသပါရှိသော စက်ဆုပ်မှု မဟုတ်၊] စက်ဆုပ်ခြင်း၏အကြောင်း ဝိဘာဝကို ရုဓိရာဒိ, ပူတိအာဒိ, ဝိရာဂဟု ၃ မျိုး ပြသည်၊ ထိုတွင် ရုဓိရာဒိ၌ အန္တဂုဏ (အူသိမ်) စသည်ကိုလည်းကောင်း, ပူတျာဒိ၌ အာဒိဖြင့် ကိမိ (ပိုးလောက်) အစရှိသည်ကိုလည်းကောင်း ဦးကာ ပြ၏၊ ဒပွဏာ၌ကား ဤသို့ ၃ မျိုး မခွဲဘဲ "မကောင်းသော အနံ့ရှိသော အသား အသွေး အဆီတို့ကို အာလမ္ဗနဝိဘာဝ၊ ထိုအသား စသည်၌ ပိုးလောက်ကျခြင်း စသည်ကို ဥဒ္ဒိပနဝိဘာဝဟု ခွဲ၏။

ဒုဂ္ဂန္ဓမံသရုဓိရ-မေဒါ အာလမ္ဗနံ မတံ၊
တတြော ကိမိပါတာဒီ, ဥဒ္ဒိပနမုဒါဟဋံ။

ဗီဘစ္ဆော၊ပေ၊ကရုဏာယုတော။ ။ခုဘဓာတ်သည် သဒ္ဓလန (ပြင်းစွာလှုပ်ရှားခြင်း)အနက်ကို ဟော၏၊ ကိုယ်စိတ်တို့၏ မငြိမ်မသက်တုန်လှုပ်ချောက်ချားခြင်းကို "ခေါဘ"ဟု ခေါ်သည်၊ ခေါဘတိတိ ခေါဘနော၊ ဥဗ္ဗေဂေါ (ပြင်းစွာထိတ်လန့်ခြင်း) ယဿာတိ ဥဗ္ဗေဂိ၊ ကရုဏာသည် (ဤနေရာ၌) သောကသဘော ရှိ၏၊ ကရုဏာယ+အာယုတော ကရုဏာယုတော၊ [ကရုဏာယုတော-သောကရှုပေန သဟိတော စ၊- (ဦးကာ)၊ [" ကမေန " ဟု ဆိုသောကြောင့် ရုဓိရ

http://www.dhammadownload.com

ထိတ်လန့်ခြင်း ရှိသည်လည်းဖြစ်သော၊ ကရုဏာယုတော-ကရုဏာနှင့် ယှဉ်သည်လည်းဖြစ်သော၊ ဗီဘစ္ဆော-ဗီဘစ္ဆရသသည်၊ ဟောတိ-ဖြစ်၏၊ နာသာဝိကုနနာဒီဟိ-နှာခေါင်းရှုံ့ခြင်း အစရှိသော အနုဘာဝတို့ဖြင့် လည်းကောင်း၊ သင်္ကာဒီဟိ-ယုံမှားခြင်း အစရှိသော ဗျဘိစာရီဘာဝ တို့ဖြင့်လည်းကောင်း၊ အဿ-ထိုဗီဘစ္ဆရသ၏၊ ပေါသနံ-တိုးပွားခြင်း သည်၊ ဟောတိ-ဖြစ်၏။

စသည်ကြောင့် ဇိဂုစ္ဆာဖြစ်လျှင် ခေါဘနဗီဘစ္ဆရသ ဖြစ်၏၊ ပူတိစသည် ကြောင့် ဇိဂုစ္ဆာဖြစ်လျှင် ဥဇ္ဇေဂိဗီဘစ္ဆရသ ဖြစ်၏၊ ဝိရာဂကြောင့် ဇိဂုစ္ဆာဖြစ်လျှင် ကရုဏာယုတဗီဘစ္ဆရသ ဖြစ်၏ဟု အစဉ်အတိုင်း တွဲစပ်ပါ။

နာသာဝိကုနနာဒီဟိ။ ။[နာသာယ-၏+ဝိကုနနံ-တွန့်ရှုံ့ခြင်း၊] စက်ဆုပ်ဖွယ်ကို မြင်ရ, ကြားရ, မိမိက သူတစ်ပါးအား ပြောပြသော အခါ နှာခေါင်းရှုံ့တတ်ကြ၏၊ ထိုနှာခေါင်းရှုံ့မှုသည် အကျိုးအနုဘာဝ တည်း၊ အာဒိဖြင့် စက်ဆုပ်ဖွယ်ကို မြင်ရသောအခါ မျက်စိကို ပိတ်ခြင်း မုခစ္ဆာဒန, ကြားရသောအခါ နားကို ပိတ်ခြင်း ကဏ္ဏပိဒဟန, နံရသော အခါ နှာခေါင်းကို ပိတ်ခြင်း ဃာနပိဒဟနတို့ကို ယူသင့်၏၊ ဒပွဏာဌ် တံတွေးထွေးခြင်းကိုလည်း ယူ၏၊ ရွံစရာ တွေ့၍ ရွံသော တံတွေး ထွေးမှု အနုဘာဝလည်း ဖြစ်တတ်၏၊ ရတနကောသဌ် မျက်နှာကို နောက်ဌ် ထားခြင်း, မျက်နှာလွှဲခြင်း (ပစ္ဆာနန), ခြေ လက်မောင်းတို့ကို မထင်ရှားအောင် နောက်ဆုတ်ခြင်း အဗျတ္တပါဒဗာဟုတို့ကိုလည်း ယူသည်။

သင်္ကာဒီဟိ။ ။အနုံတစ်ခုခုကို ရသောအခါ "ဘာအနုံပါလိမ့်" စသည်ဖြင့် (ယုံမှားသင်္ကာ) ဖြစ်တတ်၏၊ အာဒိဖြင့် ဒဏ္ဍာဌ် လာသော မောဟ (ဘာမှန်းမသိ၍ တွေဝေမှု), အပသ္မာရ (ထိုအနုံစသည်ကြောင့်) ကယောင်ချောက်ချားနှင့် ရှုးနှမ်းမှု, အာဝေဂ (ထိုအနုံစသည်မှ ရှောင်တိမ်းရာဝယ် ပျာပျာသလဲဖြစ်မှု), ဗျာဓိမရဏ (မကောင်းနုံ စသည် နံ၍ မကျန်းမာမှု, သေမှု)တို့ကို ယူပါ။ [မောဟာ•ပသ္မာရ အာဝေဂ, ဗျာဓျာဒီ ဗျဘိစာရိနော။]

http://www.dhammadownload.com

ရူဝိရကြောင့် ဇိဂုစ္ဆာပုံစံ

ပါယံ ပါယံ တဝါရိနံ, သောဏိတံ ပါဏိသမ္ဘဒ္ဒိုက်၊
ကောဏပါ သဟ နစ္စန္တိ, ကဗန္ဓေ·ဟ္ဟ နွှတ္တာသနာ။

ကောဏပါ-ရက္ခိုသ်တို့သည်၊ တဝါရိနံ (တဝ+အရိနံ)-အရှင့်ရန်သူတို့၏၊ သောဏိတံ-သွေးကို၊ ပါဏိသမ္ဘဒ္ဒိုက်-လက်ခုပ်တို့ဖြင့်၊ ပါယံ ပါယံ-သောက်လျက် သောက်လျက်၊ ကဗန္ဓေဟိ-ဦးခေါင်းမရှိသော ကဗန္ဓိုပြိတ္တာတို့နှင့်၊ သဟ-အတူတကွ၊ ဝါ-တွဲ၍၊ အန္တာဘူသဏာ-အူတည်းဟူသော တန်ဆာရှိကုန်သည်၊ ဝါ-အူတွေကို တန်ဆာဆင်ကုန်သည်၊ (ဟုတွာ-၍၊) နစ္စန္တိ-ကကြကုန်၏။

ဤပြယုဂ်၌ သွေး-အူတို့သည် အာလမ္ဗနဝိဘာဝ၊ လက်ခုပ်တို့ဖြင့် ယူ၍ ယူ၍ သောက်ခြင်း, ဦးခေါင်းမပါ ခန္ဓာကိုယ်ကြီးသာ ရှိသော ကဗန္ဓိုပြိတ္တာတို့နှင့် တွဲ၍ ကခြင်းတို့သည် ဥဒ္ဒိပနဝိဘာဝ၊ စက်ဆုပ်ရွံရှာခြင်းသည် ဇိဂုစ္ဆာဌာယိဘာဝ၊ နှာခေါင်းရှုံ့ခြင်းစသော အနုဘာဝတို့ကို မှန်းဆ၍ သိအပ်ကုန်၏၊ ဤသို့လျှင် ဝိဘာဝ အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ဇိဂုစ္ဆာဌာယိဘာဝသည် စိတ်၏ တုန်လှုပ်ချောက်ချားသော ဥဒ္ဂေဂိဇိဘာဋ္ဌရသ ဖြစ်၏။

ပူတိကြောင့် ဇိဂုစ္ဆာပုံစံ

အသုစိ ပူတိလောမော·သိ, ဒုဂ္ဂန္ဓော ဝါယိ သူကရ၊
သစေ ယုဗ္ဗိတုကာမော·သိ, ဇယံ သမ္မ ဒဒါမိ တေ။

သူကရ-အိုဝက်၊ (တွံ-သင်သည်၊) အသုစိ-မစင်ကြယ်သည်၊ ပူတိလောမော-ပုပ်သောအမွေးရှိသည်၊ အသိ-ဖြစ်၏၊ ဒုဂ္ဂန္ဓော-မကောင်းသော အနံ့သည်၊ ဝါယိ-လှိုင်၏၊ သမ္မ-မိတ်ဆွေ၊ ယုဗ္ဗိတုကာမော-စစ်ထိုးလိုသည်၊ သစေ အသိ-အကယ်၍ ဖြစ်အံ့၊ (ဧဝံသတိ-ဤသို့ဖြစ်လတ်သော်၊) တေ-သင့်အား၊ ဇယံ-အနိုင်ကို၊ ဒဒါမိ-ပေးပါ၏။ [ဒုက နိပါတ်-သူကရဇာတ်၊] ဝက်က ခြင်္သေ့ကို စစ်တိုက်မည်ဟု ရက်ခိုန်းပေးပြီးလျှင် ရသေ့များစွန့်ထားသော မစင်ပွက်ထဲ၌ တစ်ကိုယ်လုံး နှစ်၍ မစင်အနံ့ထုံပြီးမှ ချိန်းချက်ရာသို့ သွားသောအခါ ခြင်္သေ့က မစင်နံ့ကိုလည်းကောင်း, မစင်လူးသော ကိုယ်ကိုလည်းကောင်း စက်ဆုပ်၍ ဝက်အား အနိုင်ပေးသော ဂါထာတည်း။

http://www.dhammadownload.com

ဤပြယုဂ်၌ - မစင်လူးထားသော ဝက်သည် အာလမ္ဗနဝိဘာဝ၊ ပုပ်ဟောင်သော အနံ့သည် ဥဒ္ဓိပနဝိဘာဝ၊ ခြင်္သေ့၏ စက်ဆုပ်ရွံရှာခြင်းသည် ဇိဂုစ္ဆာဌာယီဘာဝ၊ သူနှင့် အဖက်မဟုတ်ဟု ထင်ခြင်း (၇ဗွ)သည် ဗျဘိစာရီဘာဝ၊ နှာခေါင်းရှုံ့ခြင်း, ဝက်အား အနိုင်ပေးခြင်းသည် အနုဘာဝ၊ ဤသို့လျှင် ဝိဘာဝ အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ဇိဂုစ္ဆာဌာယီဘာဝသည် မစင်နံ့မှ ထိတ်လန့်ခြင်း သဘောရှိသော ဥဗ္ဗေဂီဗီဘစ္ဆရသ ဖြစ်၏။ [မိမိ၏ မယားကို နဂို ချစ်နေရာမှ အကြောင်းတစ်စုံတစ်ရာကြောင့် မချစ်သောအခါ မုန်းခြင်းဝိရာဂကြောင့် ဇိဂုစ္ဆာဌာယီဘာဝ ဖြစ်၍ ကရုဏာသဘော မကင်းသော (ကရုဏာယုတ) ဗီဘစ္ဆရသ ဖြစ်နိုင်ပုံကိုလည်း သိပါလေ။]

တတော မံ အာသိ သံဝေဂေါ, အဗ္ဘုတော လောမဟံသနော၊
ဓိရတ္ထု ရူပံ အသုစိ, ရမန္တေ ယတ္ထ ဗာလိယာ။

တတော-ထိုမှနောက်၌၊ ယတ္ထ-အကြောင်ရုပ်၌၊ ဗာလိယာ-အမိုက်မတို့သည်၊ ရမန္တေ-မွေ့လျော်ကြကုန်၏၊ (တံ) ရူပံ-ထိုရုပ်သည်၊ အသုစိ-မစင်ကြယ်ပါတကား၊ ဓိရတ္ထု-ရွံဖွယ်အစစ် ဖြစ်ပါတကား၊ (ဣတိ-ဤသို့) မံ-ငါ၌ အဗ္ဘုတော-မဖြစ်စဖူး ထူးဆန်းသော၊ သံဝေဂေါ-ထိတ်လန့်ကြောင်း ဉာဏ်သည်လည်းကောင်း၊ လောမဟံသနော-ကြက်သီးထခြင်းသည်လည်းကောင်း၊ အာသိ-ဖြစ်ပြီ။

ဤဂါထာ၌ "ရုပ်သည် အာလမ္ဗနဝိဘာဝ၊ မစင်ကြယ်ခြင်းသည် ဥဒ္ဓိပနဝိဘာဝ၊ စက်ဆုပ်ရွံရှာခြင်းသည် ဇိဂုစ္ဆာဌာယီဘာဝ၊ ငြီးငွေ့ခြင်း နိဗ္ဗေဒ, ထိတ်လန့်ခြင်း တာသစတို့သည် ဗျဘိစာရီဘာဝ၊ ကြက်သီးမွေးညင်းထခြင်းသည် အနုဘာဝ၊ ဤသို့ ဝိဘာဝ အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ဇိဂုစ္ဆာဌာယီဘာဝသည် ဗီဘစ္ဆရသ ဖြစ်၏"ဟူ ရှေးဆရာတို့ ကောက်ပြကြ၏၊ သို့သော် "ကမေန ကရုဏာယုတော" အရ ဝိရာဂကြောင့် ဇိဂုစ္ဆာဖြစ်ရာဝယ် ကရုဏာနှင့်ယှဉ်သော ဗီဘစ္ဆရသ ဖြစ်ရမည်ဟု ဆိုခဲ့၏၊ ဤ၌ ကရုဏာယုတ မဖြစ်နိုင်၊ ဤသို့လျှင် တရားသံဝေဂနှင့် ယှဉ်ရာ၌ ကရုဏာယုတဗီဘစ္ဆရသ မရနိုင်သောကြောင့် ဤပုံစံမျိုးကို စဉ်းစားသင့်သည်။

http://www.dhammadownload.com

ဝိမုယဌာယီဘာဝ, အဗ္ဘုတရသ

၃၆၆။ အတိလောကပဒတ္ထေဟိ, ဝိမုယော-ယံ ရသော-ဗ္ဘုတော၊
တဿာ-နုဘာဝါ သေဒဿု-သာဓုဝါဒါဒယော သိယုံ၊
တာသာဝေဂဓိတိပ္ပညာ, ဟောန္တေ-တ္ထ ဗျဘိစာရိနော၊

၃၆၆။ အတိလောကပဒတ္ထေဟိ-လောကကို လွန်သော ပုဒ်နက်တို့ကြောင့်၊ (ဥပပ္ပဇ္ဇမာနော-ဖြစ်သော၊) အယံ ဝိမုယော-ဤ အံ့သြခြင်းဟူသော ဝိမုယဌာယီဘာဝသည်၊ အဗ္ဘုတော-အဗ္ဘုတဟု ဆိုအပ်သော၊ ရသော-ရသသည်၊ ဟောတိ-ဖြစ်၏၊ သေဒဿုသာဓုဝါဒါဒယော-ချွေးထွက်ခြင်း, မျက်ရည်ယိုခြင်း, သာဓုခေါ်ခြင်း အစရှိသည်တို့သည်၊ တဿ-ထိုဝိမုယဌာယီဘာဝ၏၊ အနုဘာဝါ-အနုဘာဝတို့သည်၊ သိယုံ-ဖြစ်ကုန်၏၊ ဧတ္ထ-ဤ ဝိမုယဌာယီဘာဝ၌၊ တာသာဝေဂဓိတိပ္ပညာ-ထိတ်လန့်ခြင်း, ပျာပျာသလဲ ဖြစ်ခြင်း, ငြိမ်သက်တည်ကြည်ခြင်း, သိခြင်းတို့သည်၊ ဗျဘိစာရိနော-ဗျဘိစာရီဘာဝတို့သည်၊ ဟောန္တိ-ဖြစ်ကုန်၏။

၃၆၆။ အတိလောကပဒတ္ထေဟိ။ ။လောကံ-လောကကို၊ ဝါ-လောကၥ် ဖြစ်ရိုးဖြစ်စဉ်ကို+အတိက္ကန္တာ-ကျော်လွန်ကုန်သည်တည်း၊ အတိလောကာ-ကုန်သည်၊ ပဒါနံ-ပုဒ်တို့၏+အတ္ထာ-ဟောနက်တို့တည်း၊ ပဒတ္ထာ-တို့၊ "ပုဒ်တို့၏ဟောနက်"ဟူသည် ဝိဓုရောပုဒ်၏ဟောနက်ဖြစ်သော ဝိဓုရသုခမိန်ဖြင့်, ဒေဝဝိမာနံပုဒ်၏ ဟောနက်ဖြစ်သော နတ်ဗိမာန်ဖြင့်, "သယမေဝ သြနမိတာ"ပုဒ်တို့၏ဟောနက်ဖြစ်သော "သစ်ပင်တို့၏ အလိုလို ကိုင်းညွတ်လာခြင်း" စသော အကြောင်းအရာတို့တည်း၊ လောကၥ် ဖြစ်ရိုးဖြစ်စဉ်ထက် လွန်ကဲကြသော ထိုအထူးဝတ္ထုဖြင့် အကြောင်းအရာတို့ကို "အတိလောကပဒတ္ထ" ဟု ဆိုသည်၊ ဤပါဌ်ဖြင့် ဝိဘာဝတို့ကို ပြ၏၊ လွန်ကဲသော ဝတ္ထုကို အာလမ္ဗနဝိဘာဝ, ထိုဝတ္ထု၏ မဟိမ-အလွန်ကြီးမားသည်၏အဖြစ် (ကြီးကျယ်ခြင်း)စသော ဂုဏ်ကို ဥဒ္ဒိပနဝိဘာဝဟု ခွဲပါ။

လောကဝုတ္တိ အတိက္ကန္တံ, ဝတ္ထု အာလမ္ဗနံ မတံ၊
ဂုဏော အဿ မဟိမာဒိ, မတံ ဥဒ္ဒိပနံ ပုန။

http://www.dhammadownload.com

ဝိမှယ–အဇ္ဈတ။ ။နှစ်ပုဒ်လုံးပင် အံ့သြခြင်းအနက်ကို ဟော၏။ ဝိပုဗ္ဗ မှိဓာတ်, အပစ္စည်းဖြင့် "ဝိမှယ" ပြီး၏။ အတ် အဗျယရှေးရှိသော ဘာဓာတ်, ဒုတစ် (ဥတ)ပစ္စည်းဖြင့် သက္ကတ၌ "အဒ်ဘုတ" ပါဠို၌ "အဇ္ဈတ"ဟု ပြီး၏။ တရားကိုယ်မှာ အံ့သြသော အခြင်းအရာအားဖြင့် ဖြစ်သော ပီတိသောမနဿတည်း၊ ပြခဲ့သော ဝိဘာဝတို့ကြောင့် ဖြစ်သော ဝိမှယဌာယီဘာဝသည် (ပြအပ်လတ္တံ့သော) အနုဘာဝတို့ဖြင့် တိုးပွားလာသောအခါ အဇ္ဈတရသ ဖြစ်၏။

အနုဘာဝါ၊ပေ၊ဝါဒါဒယော။ ။သာခုဝါဒါဒယော၌ အာဒိဖြင့် ဒပွဏ်၌လာသော ထမ္ဘ, ရောမဉ္စ, ဂဂ္ဂဒဿရ, သမ္ဘမ, နေတ္ထဝိကာသ (မျက်စိပွင့်ခြင်း, အံ့သြဖွယ်ကို မျက်လုံးဖြဲ၍ ကြည့်ခြင်း) စသည်ကို ယူပါ။ [ထမ္ဘ စသည် ထင်ရှားပြီ၊ ဂဂ္ဂဒဿရကို ဘယဌာယီဘာဝ အဓိပ္ပာယ်၌ ပြခဲ့ပြီ။]

ထမ္ဘော သေဒါထ ရောမဉ္စ, ဂဂ္ဂဒဿရသမ္ဘမာ၊
တထာ နေတ္ထဝိကာသာဒိ, အနုဘာဝါ ပကိတ္တိတာ။

တာသဒ်၊ပေ၊ဗျဘိစာရိနော။ ။ထိတ်လန့်စရာကောင်းသော အံ့သြဖွယ်ရာကို တွေ့ရသောအခါ လန့်ခြင်း တာသ, ပျာယိပျာယာ ဖြစ်ခြင်း အာဝေဂ, ဘုရားစသော ကြည်ညိုဖွယ်ကို တွေ့သောအခါ တည်ကြည်ခြင်း ဓိတိ, အသိဉာဏ်ဖြစ်ခြင်း ပညာ (မတိ)တို့ ဖြစ်တတ်ကြ၏၊ ထို့ပြင်-အံ့သြဖွယ်ကို မြင်ရ၍ စဉ်းစားကြံတွေးခြင်း ဝိတက်, စိတ်မတည်ခြင်း လှုပ်ရှားခြင်း (သမ္ဘမ)ခေါ် သမ္ဘန္တိ, ရွှင်မြူးခြင်း ဟာသ စသည်ကိုပင် ဗျဘိစာရီဘာဝဟု ဒပွဏ်၌ ဆိုသေး၏။ [ဝိတက္ကာ ဝေဂသမ္ဘန္တိ-ဟာသာဒီ ဗျဘိစာရိနော။]

အဇ္ဈတရသပုံစံ

ပုဏ္ဏကေန နဠေနေဝ, အာဟတေ နေကဘီသနေ၊
နိစ္စလော·စလပါတောပိ, အဟော သော မိနိ ဒိဋ္ဌယာ။

ပုဏ္ဏကေန-ပုဏ္ဏကနတ်ဘီလူးသည်၊ နဠေနေဝ ကချေသည် ဇာတ်သမားကဲ့သို့၊ အနေကဘီသနေ-တစ်ပါးမက များလှစွာသော ကြောက်မက်ဖွယ်ကို၊ အာဟတေ - ဆောင်ပြအပ်သော်၊ သော - ထို

http://www.dhammadownload.com

ဝိဓုရသုခမိန်သည်၊ နိစ္စလော-တုန်လှုပ်ခြင်း မရှိသည်၊ (ဟုတ္တွာ-ဖြစ်၍၊) အစလပါတော-ကာဠဂိရိတောင်ထိပ်မှ လျှောချအပ်သည်၊ (သမာနော) ပိ-ဖြစ်ပါသော်လည်း၊ အဟော-အံ့ဩဖွယ်ကောင်းလောက်အောင်၊ ဒိဋ္ဌိယာ-မျက်စိတည်းဟူသော တာဝါးဖြင့်၊ မိန်-တိုင်းတာလေပြီ။ [ဋီကာလာ ၁၂ လုံးဖွဲ့ ဝံသဋ္ဌဂါထာကို ပထျာဝတ္တဂါထာပြင်ထားသည်။]

ဤဂါထာ၌လိုရင်း။ ။ကချေသည်ဇာတ်သမားသည် တစ်ခုပြီးတစ်ခု ကြည့်ရှုဖွယ် အစုစုကို ပြသကဲ့သို့ ပုဏ္ဏကသည်လည်း ဘီလူးယောင်, ခြင်္သေ့ယောင်, ဆင်ကြီးယောင်, မြွေကြီးယောင် စသည်ဖြင့် အမျိုးမျိုး ပုံဆောင်၍ စားမည့် ဝါးမည့် ထိုးမည့်ဟန် ပြ၏၊ ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိမှန်း သိသောအခါ ခြေနှစ်ချောင်းကို ကိုင်၍ ကာဠဂိရိတောင်ပေါ်မှ ၁၅ ယူဇနာတိုင်အောင် တစ်ကြိမ်, ယူဇနာ ၃၀ တိုင်အောင် တစ်ကြိမ်, ယူဇနာ ၆၀ တိုင်အောင်တစ်ကြိမ် ဤသို့ ၃ ကြိမ် အောက်သို့ချ၏၊ ထိုအခါ မကြောက်သည့်အပြင် "ယူဇနာမည်မျှ ရောက်ပြီ"ဟု မျက်စိတည်းဟူသော တာဝါးဖြင့် (မျက်မှန်းဖြင့်) တိုင်းတာ၍ သွားသည်ကား အလွန် ထူးခြားအံ့ဩဖွယ် ကောင်းပါပေသည်-ဟူလို။

ဤဂါထာ၌ အလွန်ကြောက်စရာကောင်းပါလျက် မကြောက်ရုံမျှ မကဘဲ မျက်မှန်းဖြင့် တိုင်းတာ၍ သွားခြင်းသည် လောကသဘော ထုံးစံကို လွန်နေသော အတိလောကပဒတ္ထတည်း၊ ဝိဓုရသုခမိန်သည် အာလမ္ဗနဝိဘာဝ၊ မကြောက်ခြင်း, မျက်မှန်းဖြင့် တိုင်းတာခြင်းသည် ဥဒ္ဒီပနဝိဘာဝ၊ ထိုဝိဘာဝတို့ကို ဤဂါထာဖြင့် ပြ၏၊ ထိုဝိဘာဝတို့ကြောင့် ဖြစ်သော အံ့ဩဖွယ် ဝိမှယဌာယီဘာဝကို တစ်ဂါထာလုံးဖြင့် မှန်းဆ၍ သိအပ်၏၊ "အဟော"ဟူသော ပါဠိပြင့် သာဓုဝါဒဟူသော အနုဘာဝကို ပြ၏၊ ထိုအံ့ဩဖွယ်ကို မြင်ရ၍ ထိတ်လန့်ခြင်း, ပျာပျာသလဲ ဖြစ်ခြင်းစသော ဗျဘိစာရီဘာဝကိုလည်း ဂါထာတစ်ခုလုံးဖြင့် မှန်းဆ၍ သိအပ်၏၊ ထိုဝိဘာဝ စသည်တို့ဖြင့် တိုးပွားစေအပ်သော ဝိမှယဌာယီဘာဝသည် အင်္ဂါတရသ ဖြစ်၏။ [ဤဂါထာကို ကြားနာရသူတို့၌ အံ့ဩဖွယ်အရသာကို ခံစားရ၍ အင်္ဂါတရသဖြစ်၏၊ ဂါထာလည်း အင်္ဂါတရသ ပါရှိသော ဂါထာဖြစ်၏။]

http://www.dhammadownload.com

အဟော အစ္ဆရိယံ လောကေ, ဗုဒ္ဓါနံ ဂုဏမဟန္တတာ၊
ဒသသဟဿိလောကဓာတု, ဆပ္ပကာရံ ပကမ္ပိတ္ထ၊
သြဘာသော စ မဟာ အာသိ, အစ္ဆေရံ လောမဟံသနံ။

လောကေ-လောက၌၊ ဗုဒ္ဓါနံ-ဘုရားရှင်တို့၏၊ ဂုဏမဟန္တတာ-ဂုဏ်တော်တို့၏ ကြီးကျယ်ကုန်သည်၏အဖြစ်သည်၊ အဟော အစ္ဆရိယံ-သြော်...အံ့သြဖွယ် ကောင်းပါပေစွ၊ ဒသသဟဿိလောကဓာတု-တစ်သောင်းသော လောကဓာတ်သည်၊ ဆပ္ပကာရံ-၆ မျိုးအပြားအား ဖြင့်၊ ပကမ္ပိတ္ထ-ပြင်းစွာ တုန်လှုပ်ပြီ၊ မဟာ-ကြီးမား ပြန့်ကျယ်သော၊ သြဘာသော စ-အရောင်အလင်းသည်လည်း၊ အာသိ-ဖြစ်ပြီ၊ အစ္ဆေရံ-လက်ဖျောက်ခတ်တီး, အံ့ချီးထိုက်ပါပေစွ၊ လောမဟံသနံ-ကြက်သီး ထဖွယ် ကောင်းပါပေစွ။... ... [ဗုဒ္ဓဝင်ပါဠိတော်လာ ဤဂါထာ၌ လောကဓာတ် တစ်သောင်း၏ တုန်လှုပ်ခြင်း, ကြီးကျယ်စွာ အရောင် အလင်း ဖြစ်ခြင်းသည် အတိလောကပဒတ္ထတည်း။]

ဤပြယုဂ်၌-ဘုရားရှင်၏ ဂုဏ်တော်တို့သည် အာလမ္မနဝိဘာဝ၊ တစ်သောင်းသော လောကဓာတ်၏ တုန်လှုပ်ခြင်း, ကျယ်ပြန့်ကြီးမား သော အရောင်အလင်း၏ ဖြစ်ခြင်းတို့သည် ဥဒ္ဒီပနဝိဘာဝ၊ နတ် လူ ဗြဟ္မာ သတ္တဝါတို့၏ အံ့သြခြင်းသည် ဝိမှယဌာယီဘာဝ၊ ကြက်သီးထ ခြင်း ရောမဥ္စတို့သည် သတ္တိကဘာဝ၊ လက်ဖျောက်တီးခြင်း, လက်ဖျား ခါခြင်း အစရှိသည်တို့သည် အနုဘာဝ၊ ထိုအနုဘာဝတို့ကို တစ်ဂါထာ လုံးဖြင့် မှန်းဆ၍ သိအပ်ကုန်၏၊ ဤသို့လျှင် ဝိဘာဝ အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ဝိမှယဌာယီဘာဝသည် အဗ္ဘုတရသ ဖြစ်၏။ [ဤဂါထာကို ဖတ်ရှုနားထောင်သူတို့၌ အံ့သြဖွယ် အရသာ ခံစားရ၍ အဗ္ဘုတရသ ဖြစ်၏၊ ဂါထာလည်း အဗ္ဘုတရသဂါထာ ဖြစ်၏။]

အစ္ဆေရံ ဝတ လောကသ္မိံ, အဗ္ဘုတံ လောမဟံသနံ၊
ဝေဿန္တရဿ တေဇေန, သယမေဝေါ•နတာ ဒုမာ။

ဝေဿန္တရဿ - ဝေဿန္တရာမင်း၏၊ တေဇေန - တန်ခိုးကြောင့်၊ ဒုမာ- သစ်ပင်တို့သည်၊ သယမေဝ- အလိုလိုသာလျှင်၊ သြနတာ-ညွတ်လာကြကုန်ပြီ၊ လောကသ္မိံ-လောက၌၊ အစ္ဆေရံဝတ-လက်ဖျောက် ခတ်တီး, အံ့ချီးထိုက်ပါပေစွ၊ အဗ္ဘုတံ - မဖြစ်စဖူး, ထူးဆန်းပါပေစွ၊

http://www.dhammadownload.com

လောမဟံသနံ-ကြက်သီးထဖွယ် ကောင်းပါပေစွ။ [မဒ္ဒိမိဖုရား ရွှတ်ဆို အပ်သော ဂါထာတည်း။]

ဤဂါထာ၌ (သစ်သီးများကို ဆွတ်ခူးလိုသော သားတော် သမီးတော်များအတွက်) သစ်ပင်တို့၏ အလိုလိုညွတ်လာခြင်းသည် အတိလောကပဒတ္ထတည်း၊ သစ်ပင်တို့သည် အာလမ္ဗနဝိဘာဝ၊ အလိုလိုညွတ်လာကြခြင်းသည် ဥဒ္ဒိပနဝိဘာဝ၊ မဒ္ဒိမိဖုရား၏ အံ့သြခြင်းသည် ဝိမှယဌာယီဘာဝ၊ ကြက်သီးထခြင်းသည် အနုဘာဝ၊ စိတ်ကြည်လင် ရွှင်လန်းခြင်း ဟရိသစသော ဗျဘိစာရီဘာဝတို့ကို မှန်းဆ၍ သိအပ်ကုန်၏။ ဤသို့လျှင် ဝိဘာဝ အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ဝိမှယဌာယီဘာဝသည် အင်္ဂါတရသ ဖြစ်၏။ [ဤဂါထာကို ကြားနာရသူတို့၌ အံ့သြဖွယ် အရသာကို ခံစားရ၍ အင်္ဂါတရသ ဖြစ်၏၊ ဂါထာလည်း အင်္ဂါတရသ ပါရှိသောဂါထာ ဖြစ်၏။]

အံသုကာနိ ပဘာလာနိ, ပုပ္ဖံ ဟာရာဒိဘူသဏာ၊
သာခါ စ မန္ဒိရာ နေသံ, စိတ္တံ နန္ဒနသာခိနံ။

နေသံ နန္ဒနသာခိနံ-ထိုပဒေသာပင်တို့၏၊ ပဘာလာနိ-ပန်းငုံတို့သည်၊ အံသုကာနိ-အဝတ်ပုဆိုးတို့တည်း၊ ပုပ္ဖံ-အပွင့်သည်၊ ဟာရာဒိဘူသဏာ-ပုလဲသွယ်အစရှိသော တန်ဆာတည်း၊ သာခါ စ-အခက်တို့သည်လည်း၊ မန္ဒိရာ-အိမ်တို့တည်း၊ စိတ္တံ-ဆန်းကြယ်ပါပေစွ။ [ပဒေသာပင်ကို ဖွဲ့သော ဤဂါထာ၌ ပဒေသာပင်၏ အဝတ်တည်းဟူသော ပန်းငုံ, ပုလဲသွယ် စသော တန်ဆာတည်းဟူသော ပန်းပွင့်, အိမ်တည်းဟူသော အခက်တို့ဖြင့် ဆန်းကြယ်စွာသီးပွင့်ဝေဆာနေခြင်းသည် အတိလောကပဒတ္ထတည်း၊] ပဒေသာပင်သည် အာလမ္ဗနဝိဘာဝ၊ အဝတ်ဟူသော အငုံ, ပုလဲသွယ်စသော အပွင့်, အိမ်ဟူသော အခက်တို့သည် ဥဒ္ဒိပနဝိဘာဝ၊ လူအများတို့၏ အံ့သြခြင်းသည် ဝိမှယဌာယီဘာဝ၊ ဆန်းကြယ်လှ၍ စိတ်ကြည်လင် ရွှင်လန်းခြင်းဟူသော ဗျဘိစာရီဘာဝ, မျက်လုံး၏ ပွင့်ခြင်း နေတ္တဝိကာသ ဟူသော အနုဘာဝတို့ကို မှန်းဆ၍ သိအပ်ကုန်၏။ ဤဆိုအပ်ခဲ့ပြီးသော ဝိဘာဝ စသည်တို့ဖြင့် တိုးပွားစေအပ်သော ဝိမှယဌာယီဘာဝသည် အင်္ဂါတရသ ဖြစ်၏။

~~~~~~~~~~
~~~~~~~~~~

http://www.dhammadownload.com

သမဌ္ဌာယီဘာဝ, သန္တရသ

၃၆၇။ ဌာယီဘာဝေါ သမော မေတ္တာ–ဒယာမောဒါဒိသမ္ဘဝေါ၊
ဘာဝါဒိဟိ တဒုက္ကံသော, သန္တော သန္တနိသေဝိတော။

၃၆၇။ မေတ္တာဒယာမောဒါဒိသမ္ဘဝေါ-မေတ္တာ ကရုဏာ မုဒိတာ အစရှိသော ဝိဘာဝတို့ကြောင့် ကောင်းစွာ ဖြစ်ခြင်းသဘောသည်၊ သမော-ကိုယ်စိတ် နှစ်ပါးတို့၏ ငြိမ်းအေးခြင်းဟူသော၊ ဌာယီဘာဝေါ-ဌာယီဘာဝမည်၏။ ဘာဝါဒိဟိ-ဘာဝ အစရှိသည်တို့ဖြင့်၊ တဒုက္ကံသော-

---

၃၆၇။ ဌာယီဘာဝေါတျာဒိ။ ။မေတ္တာ ကရုဏာ မုဒိတာ စသော ဝိဘာဝတို့ကြောင့် ဖြစ်သော သမဌ္ဌာယီဘာဝသည် ဆိုင်ရာ ဗျဘိစာရီဘာဝ အနုဘာဝတို့ဖြင့် တိုးပွားခြင်း ရှိလတ်သော် (တိုးပွားလာသော အခါ) သူတော်ကောင်းတို့ မှီဝဲအပ်သော သန္တရသ ဖြစ်၏။ [တသ+ဥက္ကံသော ယသာတိ တဒုက္ကံသော-ဟု ဋီကာ ဝိဂ္ဂဟပြု၏။]

မေတ္တာ၊ပေ၊သမ္ဘဝေါ။ ။မောဒါကို ဋီကာ၌ "ပီတိ"ဟု ဖွင့်သော်လည်း နိဿယတို့၌ မုဒိတာကို ယူကြ၏။ မေတ္တာ ကရုဏာနှင့် တွဲ၍ ပြသောကြောင့် မုဒိတာယူခြင်းက (သဟစရဏာနည်း အရ) သာ၍ သင့်ဖွယ်ရှိ၏။ "မေတ္တာဒယာမောဒါဒိဟိ+သမ္ဘဝေါ(ဖြစ်ခြင်းသည်) ယသာတိ မေတ္တာ၊ပေ၊သမ္ဘဝေါ"ဟု ဋီကာ ဝိဂ္ဂဟပြု၏ ဤပါဠိဖြင့် ဝိဘာဝကို ပြ၏။ ဒပွဏာ၌ကား အာလမ္ဗန-ဥဒ္ဒိပန ခွဲ၍ ဆို၏။ —

အနိစ္စတာဒိနာ•သေသ-ဝတ္ထုနိဿာရတာ တု ဝါ၊
ပရမတ္ထသရူပံ ဝါ, တဿာ•လမ္ဗန•မိဿတေ။
ပုညဿမဟရိက္ခေတ္တ–တိတ္ထရမ္ဗဝနာဒယော၊
မဟာပုရိသသဂ်ီဒိ, တဿုဒ္ဒိပနရူပိနော။

အနိစ္စတာဒိနာ-အနိစ္စတာ အစရှိသော လက္ခဏာအားဖြင့်၊ အသေသဝတ္ထုနိဿာရတာ ဝါ-ကြွင်းမဲ့ဥဿုံ, အလုံးစုံသောဝတ္ထု၏ အနုစ်သာရ မရှိသည်၏ အဖြစ်ကိုလည်းကောင်း၊ ပရမတ္ထသရူပံ ဝါ-ရုပ်နာမ်နှစ်ရပ်, ပရမတ်သဘောကိုလည်းကောင်း၊ တဿ-ထိုသန္တရသ၏၊ အာလမ္ဗနံ-အာလမ္ဗနဝိဘာဝဟူ၍၊ ဣဿတေ-အလိုရှိအပ်၏၊ ပုညဿမဟရိက္ခေတ္တတိတ္ထရမ္ဗဝနာဒယော-ကောင်းမှုပြုရာ သခ်ိမ်းကျောင်း, စိမ်းစိုသောလယ်ယာ, သာယာသောဆိပ်ကမ်း, ပျော်မွေ့ဖွယ်တော အစရှိသည်တို့သည်လည်းကောင်း၊ မဟာပုရိသသဂ်ီဒိ-

http://www.dhammadownload.com

ထိုသမဌာယိဘာဝ၏ တိုးပွားခြင်းရှိသောရသသည်၊ သန္တနိသေဝိတော-သူတော်ကောင်းတို့ မှီဝဲအပ်သော၊ သန္တော-သန္တရသ မည်၏။

သူတော်ကောင်း ယောက်ျားမြတ်တို့နှင့် ပေါင်းသင်းဆက်ဆံခြင်းတို့သည် လည်းကောင်း၊ တဿ-ထိုသန္တရသ၏၊ ဥဒ္ဒိပနရူပီနော-ဥဒ္ဒိပနဝိဘာဝသဘော ရှိကုန်၏။ [ဒပွဏ္ဍ။]

ဤဂါထာအလို သင်္ဂရှိ သင်္ဂမဲ့ ဝတ္ထုအားလုံး၏ အနိစ္စတာ စသော လက္ခဏာအားဖြင့် အနှစ်သာရ မရှိခြင်းသည်လည်းကောင်း, ရုပ်နာမ်အားလုံး သည်လည်းကောင်း အာလမ္ဗနဝိဘာဝတည်း၊ ဤစကားဖြင့် ဝိပဿနာ၏ အာရုံများကိုသာ ယူထား၏၊ "မေတ္တာဒယာမောဒါဒိ" ဟု ဆိုအပ်သော အလင်္ကာကျမ်းဆရာအလိုမှာ သမထကမ္မဋ္ဌာန်းအာရုံ, ထိုအာရုံကို အာရုံပြု သော မေတ္တာစသည်ကိုလည်း အာလမ္ဗနဝိဘာဝ၌ သွင်းစေလိုသည်၊ ပုည-ကောင်းမှုပြုရာ ဖြစ်သော၊ ဝါ-စင်ကြယ်သော ကြည်နူးဖွယ်ကောင်းသော+ အဿမ- ကျောင်းသခင်မ်း စသည်တို့ကား သမကို တိုးပွားစေတတ်သော ဥဒ္ဒိပနဝိဘာဝတို့တည်း။

ဘာဝါဒီဟိ တဒုက္ကံသော။ ။ဘာဝဟူသည် ဗျဘိစာရီဘာဝ, သတ္ထိကဘာဝတို့ကည်း၊ အာဒိဖြင့် အနုဘာဝကို ယူ၊ မည်သည့် ဗျဘိစာရီဘာဝ-စသည်ဖြင့် နာမည်မပြသောကြောင့် သမဌာယိဘာဝနှင့် သင့်လျော်သောဘာဝ, အနုဘာဝများကို ယူရမည်၊ ဒပွဏ္ဍ၌ကား---

"ရောမဉ္စာဒီ အနုဘာဝါ, တထာသု ဗျဘိစာရိနော၊
နိဗ္ဗေဒဟာသသရဏ-မတိဘူတဒယာဒယော" ဟု

သရုပ်ထုတ်ပြ၏။ [ရောမဉ္စာဒီ-ကြက်သီးမွေးညင်းထခြင်း အစရှိသည် တို့သည်၊ အနုဘာဝါ-အနုဘာဝတို့တည်း၊ တထာ-ထိုမှတစ်ပါး၊ အဿု-မျက်ရည်ထွက်ခြင်းသည်လည်းကောင်း၊ နိဗ္ဗေဒ, ဟာသ, သရဏ, မတိ, ဘူတဒယာဒယော-ငြီးငွေ့ခြင်း, ရယ်ရွှင်ခြင်း, အမှတ်ရခြင်း, သိခြင်း, သတ္တဝါတို့ကို သနားခြင်း အစရှိသည်တို့သည်လည်းကောင်း၊ ဗျဘိစာရိနော-ဗျဘိစာရီဘာဝတို့တည်း။] "သမာဟိတော ယထာဘူတံ ဇာနာတိ"အရ ယထာဘူတဉာဏ် စသည်ကိုလည်း အနုဘာဝ၌ သွင်းသင့်၏။

http://www.dhammadownload.com

ပဥ္စမပိုင်းနိုဂုံး

ဣတိ သံဃရက္ခိတမဟာသာမိဝိရစိတေ သုဗောဓာလင်္ကာရေ ရသာဝဗောဓော နာမ ပဥ္စမော ပရိစ္ဆေဒေါ။

သံဃရက္ခိတမဟာသာမိဝိရစိတေ-သံဃရက္ခိတမဟာသာမိထေရ်သည် စီရင်အပ်သော၊ သုဗောဓာလင်္ကာရေ-သုဗောဓာလင်္ကာရကျမ်း၌၊ ရသာဝဗောဓော နာမ-ရသတို့ကို သိရာသိကြောင်း၏ အဖြစ်ကြောင့် ရသာဝဗောဓ မည်သော၊ ပဥ္စမော-သော၊ ပရိစ္ဆေဒေါ-အပိုင်းအခန်းသည်၊ ဣတိ-ပြီးပြီ။

သမော, သန္တော။ ။"သမု-ဥပသမေ (ငြိမ်းအေးခြင်း)"ဟူသော ဓာတ်နောင် အပစ္စည်းသက်လျှင် "သမ"တပစ္စည်းသက်လျှင် "သန္တ"ဟု ဖြစ်၏၊ ဓာတ်ရင်းမှာ သဘောတူပင်တည်း၊ ပြအပ်ခဲ့သော"ရတိ-သိဂါရ" စသော ဌာယီဘာဝ-ရသတို့သည် ငြိမ်ငြိမ်သက်သက်မရှိကြ၊ ကာမစိတ်, ရယ်ရွှင်စိတ် စသည်ဖြင့် စိတ်လှုပ်ရှားမှု ရှိကြ၏၊ ဤသမ-သန္တတို့ကား "သန္တနိသေဝိတ-သူတော်ကောင်းတို့ မှီဝဲအပ်သောတရား"ဖြစ်သည် အားလျော်စွာ ငြိမ်သက်အေးမြခြင်းသဘော ရှိပေသည်၊ ထို့ကြောင့် ပရိကမ္မ-ဥပစာရဘာဝနာ အခိုက်အတန့်၌ သမာဓိအားကောင်းလျှင်လည်းကောင်း, စာပေကြည့်ရှု၍ သမာဓိရလျက် အေးမြလျှင်လည်းကောင်း သမဌာယီဘာဝ - သန္တရသ ဖြစ်နိုင်လောက်ပေပြီ၊ ဈာန်သမာပတ် ဝင်စားမှု, နိရောဓသမာပတ် ဝင်စားမှုကို ပြုနိုင်မူကား အလွန် အရသာရှိသော သမဌာယီဘာဝ, သန္တရသ ဖြစ်ပေလိမ့်မည်၊ ထို့ကြောင့် မဟာကုသိုလ် မဟာကြိယာ ရူပ အရူပ လောကုတ္တရာစိတ်တို့၌ ရှိသော သမာဓိကိုလည်းကောင်း, နိရောဓသမာပတ် ဝင်စားခိုက်၌ စိတ် စေတသိက် စိတ္တဇရုပ်တို့၏ ချုပ်ငြိမ်းခြင်းကိုလည်းကောင်း သမ-သန္တတို့၏ တရားကိုယ်ဟု ယူသင့်၏။ [ရှေးနိဿယ၌ ပဿဒ္ဓိ စေတသိက်ကို တရားကိုယ် ကောက်၏။]

ဒဿနာ သန္တဝေသာနံ, သန္တစိတ္တာန တာဒိနံ၊
သန္တကာရဏဓမ္မာနံ, သန္တော နာမ ရသော ဘဝေ။

သန္တဝေသာနံ-ငြိမ်သက်သော အသွင်အပြင် ရှိတော်မူကြကုန်သော၊ သန္တ စိတ္တာနံ- ငြိမ်သက် တည်ကြည်သောစိတ် ရှိတော်မူကြကုန်သော၊

http://www.dhammadownload.com

တာဒိနံ-လောကဓံကရား ရှစ်ပါးတို့ကြောင့် မတုန်လှုပ်ကုန်သော ဘုရား ရဟန္တာတို့ကို၊ ဒဿနာ-ဖူးမြင်ရခြင်းကြောင့်လည်းကောင်း၊ သန္တကာရဏာ ဓမ္မာနံ-ငြိမ်သက်သော သမာဓိ၏ အကြောင်းဖြစ်သောတရားတို့ကို၊ ဒဿနာ-ကြည့်ရှုရခြင်းကြောင့်လည်းကောင်း၊ သန္တော နာမ ရသော-သန္တရသ မည်သည်၊ ဘဝေ-ဖြစ်၏။ [ရတနကောသ။]

မှတ်ချက်။ ။ဤကျမ်းအဆိုကို ကြည့်လျှင် ဘုရား ရဟန္တာ စသော သူတော်ကောင်းများကို "အာလမ္ဗနဝိဘာဝ"ဟု သိသာ၏၊ ဘုရား ရဟန္တာ ကို တိုက်ရိုက် ဖူးနေခိုက်မှာ (သတိပဓာန မဟုတ်သောကြောင့်) ဗုဒ္ဓ-သံယာနုဿတိကမ္မဋ္ဌာန်း မဟုတ်၊ ရိုးရိုး မဟာကုသိုလ်စိတ်သာတည်း၊ ထို့ကြောင့် သဒ္ဓါ ပီတိတို့ အားရှိ၍ ငြိမ်သက်နေသော ရိုးရိုးသမာဓိလည်း သမဋ္ဌာယီဘာဝ ဖြစ်၏-ဟု မှတ်ချက်တစ်မျိုး ရသည်။

သန္တရသပုံစံ

ဧန္တေသု သီဟဟတ္ထီသု, ဝေဌယန္တေ နာဂေ နဂံ၊
ဝိဓုရော သန္တိပတ္တောဝ, ယက္ခေ စာလေပိ နော စလိ။

သီဟဟတ္ထီသု-ခြင်္သေ့ ဆင်တို့သည်၊ ဧန္တေသု-အနီးသို့ လာကုန်သော်လည်းကောင်း၊ နာဂေ-မြွေ နဂါးသည်၊ ဝေဌယန္တေ-ကိုယ်ကို ရစ်ပတ်သော်လည်းကောင်း၊ ယက္ခေ-ပုဏ္ဏကနတ်ဘီလူးသည်၊ နဂံ-ကာဠဂိရိတောင်ကို၊ စာလေပိ-လှုပ်စေသော်လည်းကောင်း၊ ဝိဓုရော-ဝိဓုရသုခမိန်သည်၊ သန္တိပတ္တောဝ-နိဗ္ဗာန်ကို အာရုံပြုလျက် ဖလသမာပတ်ဝင်စားသူကဲ့သို့၊ နော စလိ-မလှုပ်မယှက်, ငြိမ်သက်၍ နေတော်မူပြီ။ [ဋီကာလာ ၁၄ လုံးဖွဲ့. ဝသန္တတိလကာဂါထာကို ဝတ္တဂါထာ ပြင်ထားသည်။]

ဤဂါထာ၌-အနီးသို့ ချဉ်းကပ်လာသော ခြင်္သေ့, ဆင်, ရစ်ပတ်သော မြွေ နဂါး အစရှိသည်တို့သည် အာလမ္ဗနဝိဘာဝ၊ ထိုသတ္တဝါတို့အပေါ်၌ ထားအပ်သော မေတ္တာ ကရုဏာ တရားတို့သည် ဥဒ္ဓိပနဝိဘာဝ၊ ထို ဝိဘာဝကြောင့် ဖြစ်သော တည်ကြည် ငြိမ်းအေးခြင်းသည် သမဋ္ဌာယီဘာဝ၊ သဘောမှ လွတ်မြောက်ချမ်းသာရာ ရခြင်းစသော အနုဘာဝကိုကား မှန်းဆ၍ သိအပ်၏၊ ဤသို့ ဝိဘာဝ အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော သမဋ္ဌာယီဘာဝသည် သန္တရသ ဖြစ်၏။

http://www.dhammadownload.com

မှတ်ချက်။ ။ဤဂါထာသည် ဝိဓုရသုခမိန်၏ ကမ္မဋ္ဌာန်းအာရုံပြုင့် သန္တာဖြစ်ပုံကို ပြသောဂါထာ မဟုတ်၊ ပင်ကိုအားဖြင့် ရဲရင့်သော ဝီရိယ အခြေခံ၍ တည်တံ့သော သမာဓိစိတ်ကြောင့် သန္တာဖြစ်ပုံကို ပြသောဂါထာ ဖြစ်၏။ ထို့ကြောင့် ကမ္မဋ္ဌာန်း မဟုတ်ဘဲ စာပေကြည့်ရှုလျက် သန္တာအရသာ ဖြစ်နေခြင်းကိုလည်း "သန္တရသ"ဟုပင် မှတ်ထိုက်သည်။

တတ္ထ ပဓာနံ ပဒဟိ, နိသဇ္ဇဌာနစင်္ကမေ၊
အဿန္တရမှိ သတ္တာဟေ, အဘိညာဗလ ပါပုဏိ။

တတ္ထ-ထိုဓမ္မိကတောင်, လျှိုမြောင်ခပင်း, တောအတွင်း၌၊ နိသဇ္ဇဌာန စင်္ကမေ-နေ ထိုင် ရပ် သွား, ဣရိယာပုတ် ၃ ပါးတို့ဖြင့်၊ ပဓာနံ-ကမ္မဋ္ဌာန်းကို၊ ပဒဟိ- အားထုတ်ခဲ့ပြီ၊ အဿန္တရမှိ သတ္တာဟေ-၇ ရက် အတွင်း၌၊ အဘိညာဗလံ-အဘိညာဉ် အစွမ်းသို့၊ ပါပုဏိ-ရောက်ခဲ့ပြီ။ [ဗုဒ္ဓဝင် ပါဠိတော်-သုမေဓကထာ။]

ဤပြဿုဒ်၌ သုမေဓာရသေ့ နှလုံးသွင်းအပ်သော တစ်စုံတစ်ခုသော ကမ္မဋ္ဌာန်းသည် အာလမ္ဗနဝိဘာဝ၊ တော သစ်ပင်ရင်းတို့သည် ဥဒ္ဒီပန ဝိဘာဝ၊ တည်ငြိမ်သော သမာဓိသည် သမဋ္ဌာယီဘာဝ၊ လျောင်းလဲမှု ဣရိယာပုတ် မပါဘဲ ထိုင်-ရပ်-သွား ၃ ပါးသော ဣရိယာပုတ်တို့ဖြင့်သာ အားထုတ်ခြင်းသည် ဥဿုက္ကဗျဘိစာရီဘာဝ၊ အဘိညာဉ်ရခြင်းသည် အနုဘာဝ၊ ဆိုအပ်ခဲ့ပြီးသော ဝိဘာဝ, ဗျဘိစာရီဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော သမဋ္ဌာယီဘာဝသည် သန္တရသ ဖြစ်၏။

ဥပဓုန္တေ စ ဇာယန္တေ, ဗုဇ္ဈန္တေ ဓမ္မဒေသနေ၊
စတုရော နိမိတ္တေ နာဒဿိ, ဗျာနရတိသမပ္ပိတော။

ဥပဓုန္တေ စ-ဘုရားအလောင်း ပဋိသန္ဓေနေတော်မူသော်လည်း ကောင်း၊ ဇာယန္တေ-ဘုရားအလောင်း ဖွားမြင်တော်မူသော်လည်းကောင်း၊ ဗုဇ္ဈန္တေ - သစ္စာလေးပါးတရားကို သိတော်မူသော်လည်းကောင်း၊ ဓမ္မဒေသနေ - ဓမ္မစကြာတရား ဟောတော်မူသော်လည်းကောင်း၊ စတုရော နိမိတ္တေ - နိမိတ်ကြီး လေးမျိုးတို့ကို၊ ဗျာနရတိသမပ္ပိတော- ဗျာန်ချမ်းသာ၌ မွေ့လျော်ခြင်းသည် သက်ရောက်အပ်သည်၊ (ဟုတ္တာ-ဖြစ်၍၊) နာဒဿိ-မသိ မမြင်လိုက်ရ။

http://www.dhammadownload.com

ဤဂါထာ၌-နှလုံးသွင်းအပ်သော ကမ္မဋ္ဌာန်းအာရုံသည် အာလမ္ဗန ဝိဘာဝ၊ ဈာန်ဝင်စားဖို့ ကောင်းသော ကျောင်းသခ်မ်း တော တောင် စသည်သည် ဥဒ္ဒီပနဝိဘာဝ၊ ဈာန်စိတ်၌ ယှဉ်လျက်ပါသော သမာဓိ (နိဿယသစ်အလို - ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ) သည် သမဋ္ဌာယီဘာဝ၊ ထိုနှင့် အတူတကွဖြစ်သော အောက်မေ့ အမှတ်ရခြင်း သတိ, တည်ကြည်ခြင်း ဓိတိ, ဆုံးဖြတ်ခြင်း မတိ တို့သည် ဗျဘိစာရီဘာဝတို့တည်း၊ ဝမ်းမြောက်၍ ကြက်သီးမွေးညင်းထခြင်းသည် သတ္တိကဘာဝ၊ ၄ ပါးသော နိမိတ်ကြီးတို့ကို မသိလိုက်ခြင်းသည် အနုဘာဝတည်း၊ ဤသို့ ဝိဘာဝ, ဗျဘိစာရီဘာဝ, သတ္တိကဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော သမဋ္ဌာယီဘာဝသည် သန္တရသ ဖြစ်၏။

ယဒ္ဓ ကာမသုခံ လောကေ, ယဒ္ဓ ဒိဗ္ဗံ မဟာသုခံ၊
တဏှက္ခယသုခဿေတေ, နာရဟန္တိ သောဠသိံ ကလံ။

လောကေ-လောကဒ်၌၊ ယဒ္ဓ ကာမသုခံ-အကြင် ကာမဂုဏ်ချမ်းသာသည်လည်းကောင်း၊ ဒိဗ္ဗံ-ဗြဟ္မာဘုံ၌ ဖြစ်သော၊ ယဒ္ဓ မဟာသုခံ-အကြင် ကြီးကျယ်သော ချမ်းသာသည်လည်းကောင်း၊ အတ္ထိ-ရှိ၏။ ဧတေ-ထိုကာမချမ်းသာ, ရူပချမ်းသာ, အရူပချမ်းသာတို့သည်၊ တဏှက္ခယသုခဿ-တဏှာကုန်ရာ, နိဗ္ဗာန်ချမ်းသာ၏၊ သောဠသိံ ကလံ-တစ်ဆယ့်ခြောက်စိတ် စိတ်၌ တစ်စိတ်သော အဖို့ကိုမျှ၊ န အရဟန္တိ-မထိုက်ကုန်။

ဤဂါထာ၌-နိဗ္ဗာန်သည် အာလမ္ဗနဝိဘာဝ၊ နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်သော လောကုတ္တရာစိတ်၌ ရှိသော သမာဓိ (နိဿယသစ်အလို-ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ) သည် သမဋ္ဌာယီဘာဝ၊ ထိုနှင့်အတူတကွဖြစ်သော မိတိ, ဟရိသ, သတိ စသော ဗျဘိစာရီဘာဝတို့ကိုလည်းကောင်း၊ ကြက်သီးထခြင်းဟူသော သတ္တိကဘာဝ, ယထာဘူတဉာဏ်စသော အနုဘာဝတို့ကိုလည်းကောင်း မှန်းဆ၍ သိအပ်ကုန်၏၊ ဤသို့ ဝိဘာဝ, ဗျဘိစာရီဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော သမဋ္ဌာယီဘာဝသည် သန္တရသ ဖြစ်၏။

ရသာဝဗောဓအဖွင့် ပဋ္ဌမပိုင်း ပြီးပြီ။

http://www.dhammadownload.com

ဘာသာဋီကာနိဂုံး

ကျမ်းပြီးခြင်း။ ။ဤမျှသော အဖွင့်အစဉ်ဖြင့် လပေါင်း ၂၀ မျှ ပို့ချရင်း ရေးသားအပ်သော အလင်္ကာဘာသာဋီကာကျမ်းလည်း ၁၃၂၁ ခု ကဆုန်လဆုတ် ၇ ရက်နေ့တွင် ပြီးစီးပြန်ပေပြီ၊ ရှေးအခါက များစွာသော ကျမ်းပြုပုဂ္ဂိုလ်များသည် မိမိကျမ်းစာကို နိဂုံးအုပ်ရာ၌ **"အနာယာသေန နိဋ္ဌာန်-မပင်မပန်း ပြီးဆုံးပေပြီ"**ဟု နိဂုံးအုပ်ကြ၏၊ မိမိကား ကျမ်းတစ်ကျမ်း ပြီးစီးဖို့ရန် အလွန်ကြိုးစားရသောကြောင့် ထိုကဲ့သို့ နိဂုံးမအုပ်နိုင်ပါ၊ ဤကျမ်းကို ပို့ချရင်း ရေးသားတုန်းမှာပင် ကခ်ီဘာသာဋီကာ, ပါရာဇိကဏ်ဘာသာဋီကာတို့ကိုလည်း ပို့ချရင်း ရေးသားလျက် ရှိသောကြောင့် ထိုသုံးဘာသာအတွက် နေ့စဉ်မှန်မှန် ပို့ချနိုင်အောင် ရေးသားရခြင်းမှာ မည်မျှ တာဝန်ကြီးမည်ကို မှန်းဆ နိုင်ပါလိမ့်မည်၊ ရေးသားတုန်း၌သာ ပင်ပန်းသည်မဟုတ်သေး၊ ပုံမရိုက်မီ ပြင်ဆင်ရသည်မှာလည်း ရေးသားရစဉ်ထက် မလျော့သော လုံ့လ ကြောင့် ပို၍ပင် ပင်ပန်းပါသည်၊ ဤမျှလောက် ကိုယ်ပန်းခံ၍ ကြိုးစားရ သော်လည်း ပြီးစီးသွားသောအခါ လွန်စွာ နှစ်ထောင်းအားရ ရှိပါရ ကား **"ပင်ပန်းရကျိုး နပ်ပေပြီ"**ဟု မှတ်ယူကာ ပိတိ သောမနဿ ဝေဝေဆာဆာဖြင့် နိဂုံးအုပ်နိုင်ပါသည်။

သိဒ္ဓိတ္ထဘော ဘာသာဋီကာ, ဒေသဘာသာယ သခ််တာ၊
သုဗောဓအလင်္ကာရဿ, ဗျာချာ သုဗောဓဂ္ဂါသနာ။

သုဗောဓအလင်္ကာရဿ-သုဗောဓာလင်္ကာရ, မည်နာမဖြင့်, ကာလ ခေတ်လွှမ်း, အလင်္ကာကျမ်း၏၊ ဗျာချာ-နိဿယည်း အဓိပ္ပာယ်, အသွယ်သွယ်ဖြင့်, အကျယ် ဖွင့်ကြောင်း, ခေတ်မီ ကောင်းသော၊ သုဗောဓဂ္ဂါသနာ-သိလွယ် မြင်လွယ်, ပို့ချလွယ်အောင်, ခြယ်လှယ် ကျစ်လစ်, တန်ဆာအသစ်ဖြစ်သော၊ ဒေသဘာသာယ-တိုင်းရင်းမြန်မာ, အမိဘာသာဖြင့်၊ သခ််တာ-တစ်သန့် တစ်သန့်, အကန့် ကန့်လျက်, ခဲ့ခဲ့ စီရရီ, တည်ကြည်စွာ စီရင်အပ်သော၊ ဘာသာဋီကာ-ဘာသာ ဋီကာ, အမည်သာသည့်, မှီရာသိပ်သည်း, နိဿယည်းသည်၊ သိဒ္ဓိတ္ထ ဘော-ထောင့်သုံးရာဖြစ်, နှစ်ဆယ်တစ်ဟူ, ဆန်းသစ်ကြဲစ, ကဆုန်လ၌, မှန်းဆသလောက်, ပြီးမြောက်ပြန်ပြီတကား။

http://www.dhammadownload.com

မိမိ၏အာသီသ။ ။ဤကျမ်းသည် ရတနာ့ဂုဏ်ရည် စသော ရှေးရှေးကျမ်းများကို ထောက်၍ ၁၈ ကျမ်းမြောက် ဖြစ်၏၊ ဤသို့ ကျမ်းစာအရပ်ရပ်ကို အထပ်ထပ် ရေးသားခြင်း၏ ရည်ရွယ်ရင်းမှာ- "ဤအလင်္ကာကျမ်းကို ကြည့်ရှုသူတို့ အလွယ်တကူ သိနိုင်ကြပါစေ, မိမိကို မှီခိုသူတို့လည်း ဤကျမ်းကို ကြည့်ရှုကာ လွယ်ကူစွာ ပို့ချနိုင်ကြပါစေ, မိမိမှာလည်း ပညာပါရမီ အဆီအနှစ် နိဗ္ဗာန်အထိ အမတေ ဖြစ်ပါစေ"ဟုပင် ဖြစ်ပါသည်၊ ထို့ကြောင့် ရှေးကျမ်းဆရာတို့သည် "သာသနာ ကွယ်သည့်တိုင်အောင် (သို့မဟုတ်-ကမ္ဘာတည်သမျှ) မိမိကျမ်းစာ တည်ရစ်ပါစေ"ဟု အာသီသ ပြုကြသော်လည်း မိမိကား ထိုသို့ မဟုတ်ပါ၊ အလင်္ကာကျမ်းနှင့်စပ်၍ ဤဘာသာဋ္ဌီကာထက် သိလွယ်သောကျမ်းစာ ပေါ်လာသောအခါ ဤဘာသာဋ္ဌီကာလည်း တိမ်ဖုံးသော လကဲ့သို့ ကွယ်ပရစ်ဖို့ရန် အမှန်ပင် ရည်စူးပါသည်။

ယဒိ အညာ ဥပ္ပဇ္ဇေထ, ဣတောပိ သုခသမ္မတာ၊
တဿော·ကာသံ ပဒါနာယ, အယံ အန္တရဓာယတံ။

ဣတောပိ-အများမှီးလောက်, ခရီးရောက်၍, ပြီးမြောက်ခဲ့ရာ, ဤဘာသာဋ္ဌီကာထက်လည်း၊ သုခသမ္မတာ-ကြည့်ရှုပို့ချ, လွယ်ကူလှသဖြင့်, အားရဖွယ်တောင်း, အကောင်းဟု သမုတ်အပ်သော၊ အညာ-ကျမ်းသုဗောဓ, လင်္ကာရ၏, ကျနကျစ်လစ်, ဋ္ဌီကာသစ်တစ်မျိုးသည်၊ ယဒိ ဥပ္ပဇ္ဇေထ-ပညာလိုလား, နောက်နောက်သားတို့, ကြိုးစားရစ်သော်, အကယ်၍ ဖြစ်ပေါ်လာအံ့၊ တဿာ-ထိုထိုဖြစ်ရစ်, ဋ္ဌီကာသစ်၏၊ သြကာသံ ပဒါနာယ-ထွန်းတောက်တင့်ရေး, အခွင့်ပေးခြင်းငှာ၊ အယံ-လပေါင်း မြားမြောက် လွန်အားဆောက်မှ, ထွန်းတောက်ထွက်လာ, ဤဋ္ဌီကာသည်၊ အန္တရဓာယတံ-ရိုးရာမတဲ့, တိုးကာင့်၍, ကပ်ဖဲ့မနေ, ကွယ်ပျောက်ရစ်ပါစေသတည်း။

ဂုရုပူဇာ။ ။ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး၌ ဥပဇ္ဈာယဝတ်, အာစရိယဝတ်နှင့် ပြည့်စုံတော်မူကြသော ဆရာသမားတိုင်းပင် မိမိ တပည့်များကို ချီးမြှောက်တော်မူလေ့ ရှိကြပါပေ၏၊ သို့သော် အချီးမြှောက်ခံရသော တပည့်တိုင်းကား ရည်ရွယ်သလောက် အထ မြောက်ဖို့ ခဲယဉ်းလှ၏၊ များသောအားဖြင့် အထမမြောက်ကြချေ၊ ထိုသို့

http://www.dhammadownload.com

အထမမြောက်သော တပည့်တို့သည်လည်း ဆရာသမား၏ဂုဏ်ကျေးဇူးကို သာမန်မျှသာ သတိရနိုင်ကြပေမည်၊ မိမိကိုကား ဆရာသမားများသည် (ရှေးဘာသာဋီကာများ၏ နိဝုံးတို့၌ ပြခဲ့သည့်အတိုင်း) ခိုးမြောက်တော်မူကြသလောက် မိမိမှာ အထမြောက်ပါပေသည်၊ ထိုသို့ အထမြောက်သည်အားလျော်စွာ ဆရာတော်များ၏ စာချနေကျ အဆက်အနွယ်ကိုလည်းကောင်း, တိုက်တာကို သာသနာ့ကျက်သရေဆောင်ဖြစ်အောင် အုပ်ချုပ်တော်မူသည့် အဆက်အနွယ်ကိုလည်းကောင်း မပျက်မပြယ်အောင် ထိန်းသိမ်းကာ ကျမ်းစာကို ရေးသားသောအားဖြင့်လည်း တန်ဆာဆင်လျက် ရှိပါသည်၊ ထိုသို့ အာစရိယ အဆက်အနွယ်ကို တန်ဆာဆင်ရသော နေ့စဉ် စေတနာ ဓမ္မပူဇာဖြင့် ထိုဆရာတော်ဘုရားတို့အား လေးစားကော်ရော် ပူဇော်ပါသည်။

သမ္မူဇယာမိ ထေရာနံ, ယေသာဟံ သမ္မလင်္ကတော၊
ဂုရုဝံသာလင်္ကာရော၀, သာသနဿာပိ လင်္ကရော။

ယေသံ ထေရာနံ-အထက်ဝေဟင်, နေအသွင်သို့, မြေပြင်ထင်ရှား, အကြင်ဆရာတော်ဘုရားတို့သည်၊ သမ္မလင်္ကတော-ကောင်းစွာပြုပြင်, တန်ဆာဆင်အပ်သည်ဖြစ်၍၊ ဂုရုဝံသာလင်္ကာရော၀-ဆရာအပေါင်း, အနွယ်ကောင်း၏, မပြောင်းမပြယ်, တန်ဆာသဖွယ် ဖြစ်၍ သာလျှင်၊ အဟံ-ငါသည်၊ သာသနဿာပိ-ဗုဒ္ဓမြတ်စွာ, သာသနာတော်မြတ်၏လည်း၊ အလင်္ကာရော-စာပေချမှု, ကျန်းဂန်ပြု၍, ယခုအနေ, တန်ဆာဖြစ်ရပေ၏၊ တေသံ ထေရာနံ-ကျေးဇူးတော်ရင်, ဂုဏ်အင်ကြီးများ, ထိုဆရာတော်ဘုရားတို့အား၊ သမ္မူဇယာမိ-ကျမ်းစာရေးသား, ကောင်းမှုများဖြင့်, လေးစားကော်ရော်, ပူဇော်ပါ၏။

ကြိုးစားမှု။ ။မိမိသည် ဤဘဝကို ပြန်၍ ကြည့်လိုက်လျှင် မိဘဘိုးဘွားကောင်း, ဆရာသမားကောင်းများနှင့် အလွန် အကြောင်းညီညွတ်ခဲ့သည်ကို တွေ့ရ၏၊ ထိုသို့ အကြောင်းညီညွတ်ခဲ့သည်အားလျော်စွာ မိဘတို့ လက်အောက်၌ သားကောင်းတစ်ယောက်ဟု ဆိုရလောက်အောင် မိဘများ၏ အလိုကျ နေထိုင်ကြိုးစားကာ မိဘတို့၏တန်ဆာ ဖြစ်နိုင်ခဲ့ပါသည်၊ ဆရာသမားများ လက်အောက်၌ နေထိုင်ခဲ့စဉ်မှာလည်း တပည့်ကောင်း တစ်ယောက် ဖြစ်နိုင်လောက်အောင်

http://www.dhammadownload.com

ဆရာသမားများ၏ ဩဝါဒကို လိုက်နာ၍ စာပေကြိုးစားကာ ဆရာသမားများ၏ တန်ဆာဖြစ်စေခဲ့ပါသည်၊ တိုက်တာအုပ်ချုပ်၍ မိမိက ဆရာလုပ်သောအခါလည်း ဆရာကောင်း ဖြစ်လောက်အောင် တပည့်များကို စောင့်ရှောက်ကာ တပည့်တို့၏ အားကိုးရာတန်ဆာ ဖြစ်စေပါသည်၊ ဒါယကာ ဒါယိကာမတို့၏ အကိုးကွယ်ကို ခံစဉ်မှာလည်း ဆရာသမားကောင်း ဖြစ်လောက်အောင် ဒါယကာ ဒါယိကာမများကို ဟောပြော ညွှန်ပြ ဆုံးမ စောင့်ရှောက်ကာ တန်ဆာသဖွယ် ဖြစ်စေပါသည်၊ ဤအားလုံးကား မိမိ၏ အတ္တသမ္မာပဏိဓိ (ပယောဂသမ္မတ္တိ) စက်ပင် ဖြစ်ရကား ဤသမ္မတ္တိစက်တန်ဆာသည် ဤရုပ် ဤနာမ် ဤခန္ဓာအစဉ်ကို အဆုံးသတ် ဇာတ်သိမ်း၍ ချုပ်ငြိမ်းသည်အထိ ဆင်ယင်သွားနိုင်ဖို့ရာ သဒ္ဓိန္ဒြေ စသား ဗိုလ်ငါးပါးဖြင့် ယောဂျကောင်းတို့ ပြုရဲရမည့် ဉာဏ် ဝီရိယကို ဘဝတိုင်း အထုံ ပါအောင် စုံလင်စွာ ကြိုးစားပေအံ့သတည်း။

စတုစက္ကံ ဝတ္ထိယာန, ယာနံ ဗလပရိဂ္ဂဟံ၊
ယာနာယ အမတံ ပါရံ, ကဿံ ပုရိသကာရိယံ။

စတုစက္ကံ=သမ္မတ္တိစက်, ၄ ချက်စုပေါင်း, စက်ခေါင်း ၄ ဖြာ, တန်ဆာလည်း ပါရှိထသော၊ ဗလပရိဂ္ဂဟံ-ရန်ပေါင်းခွင်းဖြို, ငါးဦးဗိုလ်တို့, ကိုယ်စီစောင့်ကြပ်, အုပ်ချုပ်အပ်ထသော၊ ယာနံ-အသွားလျင်လျင်, အများတင်လည်း, အားအင်ခိုင်ဖြိုး, မဂ္ဂင်တည်းဟူသော ယာဉ်ပျံတော်ကြီးကို၊ ဝတ္ထိယာန-မတိမ်းမစောင်း, လည်စေကြောင်းဖြင့်, ကောင်းစွာအစဉ်, မောင်းကာနှင်၍၊ အမတံ ပါရံ-ဤဘက်မှာနေ, အားလုံးသေလျက်, ဟိုပြေရောက်မှ, ဘေးကင်းရမည့်, အမတခေါ်, နေပြည်တော်သို့၊ ယာနာယ-ကိလေသာဟူ, ရန်သူပစ်ဖောက်, ဗုံးအမြောက်တို့, မကြောက်မနား, အရောက်သွားခြင်းငှာ၊ ပုရိသကာရိယံ-ယောဂျကမ္မနိကာ, ပြုရဲရမည့်, ကမ္မာလက်ရိုး, လုံ့လမျိုးကို၊ ကဿံ-ငါးဦးဗိုလ်ချုပ်, အဖော်လုပ်၍, မဆုတ်ရစေ, ပြုလုပ်ပေအံ့သတည်း။

အလင်္ကာဘာသာဋီကာပြီးပြီ။

